http://www.dhammadownload.com

၁၁၀၀

အဂ္ဂိတော်ပြည် - ဓမ္မာစရိယကြည်းဝိုင်း
စိရံ တိဋ္ဌတု သဒ္ဓမ္မော
ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ
အဘိဓမ္မ
သာသနာနှစ် ၂၅၄၆ ကောဇာ ၁၃၆၄
ရန်ကုန်မြို့

# အဋ္ဌသာလိနီ ဝါကျူဒယယျာချင်

## ပထမတွဲ

ဘဒ္ဒန္တသုစိတ္တာဘိဝံသ

ရေးသားပြုစုသည်။

သာသနာနှစ် ၂၅၄၉ ကောဇာ ၁၃၆၈

ဓမ္မသီတဂူစာစဉ် (၅)

http://www.dhammadownload.com

အလိုတော်ပြည့် - ဓမ္မာစရိယတက္ကသိုလ်

စိရံ တိဋ္ဌတု သဒ္ဓမ္မော

ဝိနယ သုတ္တန္တ အဘိဓမ္မ

သာသနာ ၂၅၄၆ ကောဇာ ၁၃၆၄

ရန်ကုန်မြို့

# အဋ္ဌသာလိနီ ဝါကျဥယျာဉ်

## ပထမတွဲ

ဘဒ္ဒန္တသုစိတ္တာဘိဝံသ

ရေးသားပြုစုသည်။

သာသနာနှစ် ၂၅၄၉ ကောဇာ ၁၃၆၈

ဓမ္မသီတဂူစာစဉ် (၅)

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

# အဋ္ဌသာလိနီ ဝါကျဥယျာဉ်

## ပထမတွဲ

ဘဒ္ဒန္တ သုစိတ္တာဘိဝံသ
ရေးသားပြုစုသည်

သာသနာနှစ် ၂၅၄၉ ကောဇာ ၁၃၆၈

မွေ့သီတဂူစာစဉ် (၅)

http://www.dhammadownload.com

http://www.dhammadownload.com

# “စာဂဗော”

## “ဗွာဒိ ယန္တံ ရတာနံ အဟံ ဝန္ဒာမိ”

မဟာစရိယလောင်းလျာ၊ ညီနောင်အပေါင်း အရှင်ကောင်း, အရှင်မြတ်တို့အတွက် ဤမည်သော အဋ္ဌသာလိနီဝါကျ ဥယျာဉ်ကျမ်းကို စီစဉ်ရေးသား တင်ပြလိုက်ရပါသည်။ မိမိအား ပရိယတ်ရင်နို့ တိုက်ကျွေးတော်မူခဲ့ ကြကုန်သော အနန္တဂိုဏ်းဝင် ကျေးဇူးတော်ရှင် ဆရာမြတ်တို့၏ နယူပဒေသမှတ်စုမှတ်တမ်း များနှင့်၊ ထွက်ပေါ်ပြီးဖြစ် ကြသော စာချတန်းဆိုင်ရာ ကျမ်းများစွာတို့ကို မှီငြမ်းပြုကာ ပါဠိ+အဋ္ဌကထာ၊ ဋီကာ၊ နိဿယ၊ ယောဇနာဂဏ္ဌိ ကျမ်းစုံညှိ၍ နှစ်ပေါင်းနှစ်ဆယ်ကျော် ဉာဏ်စွမ်းရှိသလောက် ပို့ချ+သင်ကြားပေးရင်း စီရင်ရေးသားခဲ့ရပါသည်။

ပါရာဇိကဏ်ဝါကျဥယျာဉ်နှင့် သီလက္ခန်ဝါကျဥယျာဉ်ကျမ်းစာအုပ်များထွက်ပေါ်လာခဲ့သည်မှာ ဆယ်နှစ်ခန့်ပင် ရှိပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဤအဋ္ဌသာလိနီဝါကျဥယျာဉ်ကျမ်းစာမှာ မရိုက်နိုပ်ဖြစ်ဘဲ ကြန့်ကြာခဲ့ရ ပါသည်။

အကြောင်းအမျိုးမျိုးဟူရာ၌– ၁။ ရန်ကုန်မြို့တွင် မဟာစရိယတန်းဝင် စာသင်သားများ သက်သက်လက်ခံ သင်ကြား ပေးသော မဟာစရိယတက္ကသိုလ်ကျောင်းတိုက်ကြီးတစ်ခု အလျင်အမြန် အကောင်အထည်ပေါ်ပေါက်နိုင်ရေး အတွက် ကြိုးပမ်းအားထုတ်နေရခြင်း။ ၂။ အလိုတော်ပြည့်ဆရာတော်ကြီး၏ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်း များ၌ လိုအပ်သလို ကူညီဆောင်ရွက်ပေးနေရခြင်းတို့ပင်ဖြစ်သည်။

တာမွေမြို့နယ်၊အလိုတော်ပြည့်ကျောင်းတိုက်တွင် ပထမအကြိမ် နွေရာသီမဟာစရိယသင်တန်းဖွင့်လှစ်သည့် ၁၉၉၉– ခုနှစ်မှာပင် ဒဂုံမြို့သစ်၊ (ဆိပ်ကမ်း)မြို့နယ်ရှိ ''မဟာစရိယတက္ကသိုလ်ကျောင်းတိုက်တည်ရှိမည့် မြေနေရာကို အလှူခံပြီး ၂၅–၆–၂၀၀၀–နေ့တွင် တက္ကသိုလ်ပင်မ စာသင်ဆောင်ကြီးကို ပန္နက်တင်မင်္ဂလာပြုလုပ်သည်။

၂၆–၄–၂၀၀၃–နေ့တွင် ပင်မစာသင်ဆောင်နှင့် သိမ်ကျောင်းဆောင်တို့ကို ရေစက်သွန်းချ လှူဒါန်းပြီး၊ ၆–၁–၂၀၀၄–ခု၊ ၁၃၆၅–ခု၊ ပြာသိုလပြည့်ကျော်ရောက်မှ နောက်ပါတပည့်ပရိသတ် (၁၁၇)ပါးနှင့်အတူ တာမွေ– အလိုတော်ပြည့်ကျောင်း တိုက်မှ မဟာစရိယတက္ကသိုလ်သို့ ပြောင်းရွှေ့ခဲ့ရသည်။

မဟာစရိယတက္ကသိုလ်တွင် ဂန္ထဓုရတာဝန်သက်သက်မျှနှင့် မပြီးစီးသေး၊ တပည့်ပရိသတ်များစွာတို့၏ စား,ဝတ်, နေရေးကိစ္စ၊ မပြီးပြတ်သေးသော ကျောင်းတိုက်တည်ဆောက်ရေးလုပ်ငန်းကိစ္စ, မိမိတို့အား ပစ္စည်းလေးပါးဖြင့် ချီးမြှောက် ထောက်ပံ့လှူဒါန်းနေကြသော ဒါယကာ+ဒါယိကာမများအား အခါအခွင့်အားလျော်စွာ မကြာခဏ တရားရေအေး တိုက်ကျွေး ပေးနေရခြင်းကိစ္စ။ ဤသို့စသော ပလိဗောဓများစွာတို့ကြောင့် ဤအဋ္ဌသာလိနီဝါကျဥယျာဉ်မှာ ရိုက်နိုပ်တော့မည်ဟု ကြေငြာပြီးမှ စာမူကြမ်းဘဝမှာပင် နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ရပါသည်။

### “အထူးမှာကြားချက်”

ဤစာအုပ်ကို ကြည့်ရှုလေ့လာရာ၌ ဤကျမ်း၏ရှေ့ဦးပထမဝါကျတွင် ရေးသားတင်ပြထားသည့် မဟာစရိယစည်းမျဉ်းဥပဒေသများကို ကျေပွန်စွာလေ့လာကျက်မှတ်ပြီးမှသာ နောက်နောက်ဝါကျများကို ကြည့်ရှု စေလိုသည်။ အမေးအဖြေသဘောမျှမထားဘဲ မှတ်ချက်, ရှင်းလင်းချက်၊ အမှာအထား သာဓကများနှင့်တကွ ကျက်မှတ်ဘွယ်ရာ နိယံကဗျာ၊ ဆိုရိုးစသည်များကို မကျော်လွှားကြစေဘဲ အလေးအနက် ဉာဏ် ဝီရိယစွက်၍ ကြိုးစားကျက်မှတ်ကြစေလိုပါသည်။

ဖင်းအပြင် အနက်မထင်လျှင် နည်းကောင်းများ ပုံသေနည်းများ မည်မျှပင် ရှင်းလင်းရေးသားထားစေကာမူ လွယ်လွယ်ကူကူသဘောပေါက်နားလည်နိုင်ကြမည်ကားမဟုတ်ပေ၊ ေ သားစီရင်ထားသမျှ လွယ်ကူစွာ သဘောပေါက်

http://www.dhammadownload.com



နားလည်စေဖို့အတွက် မိမိကြည့်ရှုမည့် အဋ္ဌကထာဝါကျပါဠိကို နိဿယအနက် ကွက်ကွက်ထင်အောင် ကျက်မှတ်ထားရမည်။ ယင်းသို့ စနစ်တကျ ကျက်မှတ်လေ့လာခြင်းဖြင့်သာ စာချတန်းအတွေ့အကြုံများစွာ ရင့်ကျက်ပြီး ကျယ်ဝန်းလှစွာသော စာချတန်းအဋ္ဌကထာဝါကို လွယ်လွယ်ကူကူဖြတ်သန်းကာ အရှင်တို့ မျှော်မှန်း ဓမ္မာစရိယအောင်ပန်းကို လျှင်မြန်စွာ ပန်ဆင်နိုင်ကြလိမ့်မည်။

**"စွန့်လွှတ်ကြည့်ရှု သတိပြု"**

ညီနောင်အပေါင်း အရှင်ကောင်းတို့ ကြုံတွေ့နေရသော အခက်အခဲများစွာကို ကျော်လွှားနိုင်ကြစေရန်နှင့် ဓမ္မာစရိယအောင်ပန်း လျှင်မြန်စွာ ဆင်မြန်းနိုင်ကြစေရန်-ဟူသော မွန်မြတ်သော စေတနာဆန္ဒဗလဝဖြင့် ရေးသားစီရင် ထုတ်ဝေလိုက်ရခြင်းသာ ဖြစ်သည်။ မိမိ၏ ဉာဏ်အား မပြည့်စုံမှုကြောင့် တစ်ချို့နေရာ၌ အနက်အဓိပ္ပါယ် ပို, လိုနေမှု၊ စာသွားစာလာ, စာနေစာထား ရှုပ်ထွေးနေမှု၊ ပုဒ်, ပါဌ်, အက္ခရာ, အယူအဆလွဲမှားနေမှုများ တွေ့ရှိခဲ့သော် ကေနပဏ္ဍိ မနောပဏိဓိရှိကြသော ဓမ္မမာမက အရှင်မြတ်များပီပီ ဒေါသ, မာန-ကင်းစင်ပ၍၊ မိမိရေးသား ကျမ်းစာလားသို့ ပို,လို၊ သင့်, မသင့်၊ ဝိစာရဏာဉာဏ်ချင့်၍၊ ပြင်ဆင် ကြည့်ရှု အသုံးတော် ပြုနိုင်ကြပါစေကုန်သတည်း။

**"ဦးနှိမ်ညွတ်လျှိုး မြတ်နိုးကော်ရော်"**

ငယ်စဉ်တောင်ကျေး ကလေးဘဝ နမော တဿ-မှ စ၍ ပရိယတ်အခြေခံသင်ကြားပေးခဲ့သော ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ သရက်တောင်ဆရာတော် ဘဒ္ဒန္တသုန္ဒရမထေရ်မြတ်နှင့် (၁၈)နှစ်အရွယ် သာမဏေဘဝမှ စ၍ ယခုအချိန်တိုင်အောင် အမြဲထာဝရ သွန်သင်ဆုံးမညွှန်ကြားပြသ, ချီးမြှောက်လျက်ရှိသော မန္တလေးမြို့ မစိုးရိမ်တိုက် ကြီး(၂)တိုက်တို့၏ အဓိပတိ မဟာနာယကဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသမထေရ်မြတ်တို့ကို အစထား၍ ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟတို့ဖြင့် ချီးမြှောက်ထောက်ပံ့ ကူညီစောင့်ရှောက်ခဲ့ကြသော ဇင်တောဆရာတော် ဘဒ္ဒန္တအာဒိစ္စ၊ စစ်တွေမြို့ သဒ္ဓမ္မဂရုကျောင်းတိုက်ဆရာတော်ကြီးနှင့် စာချနာယကဆရာတော်များ၊ အမရပူရမြို့ ဘာသာဋီကာကျမ်းပြု အကျော် မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ကြီး (၂)တိုက်မှ နာယကစာချ ဆရာတော်များ၊ ဘုရားကြီးတိုက်မှ စာချဆရာတော်များ၊ ပေါက်မြိုင် အလယ်တိုက်ကြီးဆရာတော်၊ တောင်စလင်းတိုက်သစ် ဆရာတော် ဘဒ္ဒန္တတိက္ခိန္ဒြိယ(ဓမ္မကထိက)၊ မော်လမြိုင်မြို့ သာသနဘ္မာရ်အောင်ဝဲပျံကျောင်းတိုက်၊ အဂ္ဂ-ဘိဓဇ ဆရာတော်ကြီးနှင့် ပြည်တွင်းပြည်ပသာသနာပြု အလိုတော်ပြည့် ဆရာတော်- ဤကျေးဇူးရှင် ဆရာမြတ်တို့အား မိမိကြိုးပန်း၊ ဤစာအုပ်စာတမ်း၊ စာလွှာပန်းဖြင့်၊ မြတ်နိုးကော်ရော်၊ ပူဇော်ပါ၏။ ဦးနှိမ်ညွှန်လျှိုးအကြိမ်ကြိမ်ရှိခိုးပါ၏။

**"ကတညုတာ ကတဝေဒီ"**

ဤစာအုပ်ဖြစ်ပေါ်လာစေရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ဓမ္မာစရိယတက္ကသိုလ်စာချအဖွဲ့ဝင် များဖြစ်ကြသည့် အရှင်ဓမ္မပီယ၊ အရှင်ဥတ္တမသာရ၊ အရှင်သူရိယ၊ အရှင်ပညာသာရ ၊ အရှင်သာသနာလင်္ကာရတို့နှင့် တကွ ဤကျမ်းစာ (ပထမတွဲ၊ ဒုတိယတွဲ) ရိုက်နှိပ်ထုတ်ဝေရန် ငွေပင်ငွေရင်းစိုက်ထူလှူဒါန်းခဲ့သော ဓမ္မဒါန, အမတဒါန ကုသိုလ်ရှင် ဦးဘိုကြီး (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ) + ဒေါ်သန်းသန်း (သီရိသုဓမ္မသိင်္ဂီ) ရွှေပဒေသာပြည်လုံး ချမ်းသာဆေးတိုက် မိသားစုအား အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဝမ်းမြောက်စွာ မှတ်တမ်းတင်အပ်ပါသည်။

၁၃၆၈-ခု၊ ကဆုန်လပြည့်
ဗုဒ္ဓနေ့

ဘဒ္ဒန္တသုစိတ္တာဘိဝံသ (နာယကချုပ်)
အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၊

http://www.dhammadownload.com



## မာတိကာ


| ဝါကျဥယျာဉ် အမှတ် | နိဒါနကထာ | အဋ္ဌကထာ စာမျက်နှာ | ဝါကျဥယျာဉ် စာမျက်နှာ |
|---|---|---|---|
| ၁။ | တတ္ထ ကေနဋ္ဌေန အဘိဓမ္မော | ၃ | ၃ |
| ၂။ | ဣဒါနိ ဣမဿ အဘိဓမ္မဿ | ၁၁ | ၄၆ |
| ၃။ | သော ပီတိံ ဝိက္ခမ္ဘေတွာ | ၁၂ | ၅၂ |
| ၄။ | တတ္ထ–ဝိဝိဓဝိသေသနယတ္တာ | ၁၉ | ၅၇ |
| ၅။ | ဣတရံ ပန– အတ္ထာနံ သူစနတော | ၂၀ | ၆၄ |
| ၆။ | အဘိဓမ္မဿ ဝစနတ္ထော | ၂၀ | ၇၁ |
| ၇။ | ဧကမေကသ္မိဉ္စေတ္ထ | ၂၃ | ၈၀ |
| ၈။ | အပရော နယော။ ဓမ္မောတိ ဟေတု | ၂၃ | ၈၇ |
| ၉။ | ဣဒါနိ ယသ္မာ ဧတေသု ပိဋကေသု | ၂၃ | ၉၆ |


### တိကမာတိကာပဒဝဏ္ဏနာ


| | | | |
|---|---|---|---|
| ၁၀။ | သဗ္ဗေဝ စေတေ ပဥ္စဒသဟိ | ၇၈ | ၁၀၀ |
| ၁၁။ | တတော ပရံ ဒဿနေန | ၈၀ | ၁၀၅ |
| ၁၂။ | ဣဒါနိ “ကုသလာ ဓမ္မာ”တိ အာဒီနံ | ၈၀· | ၁၀၈ |
| ၁၃။ | ဓမ္မသဒ္ဒေါ ပနာယံ ပရိယတ္တိ | ၈၁ | ၁၁၅ |
| ၁၄။ | ဝစနတ္ထော ပနေတ္ထ ကုစ္ဆိတေ | ၈၁ | ၁၂၁ |
| ၁၅။ | အတ္တနော ပန သဘာဝံ ဓာရေန္တီတိ | ၈၁ | ၁၂၈ |
| ၁၆။ | ကိံ ပနေတာနိ– ကုသလာတိဝါ | ၈၂ | ၁၃၅ |
| ၁၇။ | သုခါယ ဝေဒနာယာတိ အာဒီသု | ၈၃ | ၁၄၀ |
| ၁၈။ | ဝစနတ္ထော ပနေတ္ထ သုခယတီတိ | ၈၄ | ၁၄၄ |
| ၁၉။ | ယော ပနာယံ တီသုပိ ပဒေသု | ၈၄ | ၁၄၉ |
| ၂၀။ | ဝိပါကတ္တိကေ အညမညဝိသိဋ္ဌာနံ | ၈၄ | ၁၅၂ |
| ၂၁။ | အာရမ္မဏ ကရဏဝသေန | ၈၄ | ၁၅၇ |
| ၂၂။ | သံကိလေသေတီတိ သံကိလေသော | ၈၅ | ၁၆၄ |
| ၂၃။ | သမ္ပယောဂဝသေန ပဝတ္တမာနေန | ၈၅ | ၁၇၀ |
| ၂၄။ | ပီတိယာ သဟ ဧကုပ္ပါဒါဒိဘာဝံ | ၈၅ | ၁၇၄ |
| ၂၅။ | (ဒဿနတ္တိကေ) ဒဿနေနာတိ သောတာပတ္တိမဂ္ဂေန | ၈၅ | ၁၇၉ |
| ၂၆။ | တဒနန္တရတ္တိကေ ဒဿနေန | ၈၆ | ၁၈၆ |
| ၂၇။ | ကမ္မကိလေသေဟိ အာစိယတီတိ | ၈၆ | ၁၉၂ |
| ၂၈။ | တတော စ အာစယသင်္ခါတာ | ၈၆ | ၁၉၈ |
| ၂၉။ | သေက္ခတ္တိကေ တီသု သိက္ခာသု ဇာတာတိ | ၈၆ | ၂၀၄ |
| ၃၀။ | သမန္တတော ခဏ္ဍိတတ္တာ | ၈၇ | ၂၁၀ |
| ၃၁။ | ပရိတ္တာရမ္မဏတ္တိကေ | ၈၇ | ၂၁၆ |

http://www.dhammadownload.com



# မာတိကာ


| ဝါကျဥယျာဉ် အမှတ် | နိဒါနကထာ | အဋ္ဌကထာ စာမျက်နှာ | ဝါကျဥယျာဉ် စာမျက်နှာ |
|---|---|---|---|
| ၃၂။ | မိစ္ဆတ္တတ္တိကေ ဟိတသုခါဝဟာ | ၈၇ | ၂၂၀ |
| ၃၃။ | မဂ္ဂါရမ္မဏတ္တိကေ နိဗ္ဗာနံ | ၈၇ | ၂၂၅ |
| ၃၄။ | ဥပ္ပန္နတ္တိကေ ဥပ္ပါဒတော ပဋ္ဌာယ | ၈၈ | ၂၃၁ |
| ၃၅။ | (အဇ္ဈတ္တတ္တိကေ) ဧဝံ ပဝတ္တမာနာ | ၈၈ | ၂၃၇ |
| ၃၆။ | သနိဒဿနတ္တိကေ ဒဋ္ဌဗ္ဗဘာဝသင်္ခါတေန | ၈၉ | ၂၄၃ |
| | **ဒုကမာတိကာပဒဝဏ္ဏနာ** | | |
| ၃၇။ | ဒုကမာတိကာယံ ပန တိကေသု | ၈၉ | ၂၄၇ |
| ၃၈။ | ဧကုပ္ပါဒါဒိတာယ ဟေတုနာ | ၈၉ | ၂၅၁ |
| ၃၉။ | တတော ပရံ ပဌမဒုကံ | ၈၉ | ၂၅၅ |
| ၄၀။ | တတြ ယဒေတံ န ဟေတူ ဓမ္မာ | ၈၉ | ၂၅၈ |
| ၄၁။ | (စူဠန္တရဒုကေ) အတ္တနော နိပ္ပါဒကေန | ၉၀ | ၂၆၂ |
| ၄၂။ | လောကိယဓမ္မာတိ လောကော ဝုစ္စတိ | ၉၀ | ၂၆၇ |
| ၄၃။ | အာသဝန္တီတိ အာသဝါ | ၉၀ | ၂၇၁ |
| ၄၄။ | စိရပါရိဝါသိယဋ္ဌေန | ၉၀ | ၂၇၅ |
| ၄၅။ | အာယတံ ဝါ သံသာရဒုက္ခံ | ၉၀ | ၂၈၀ |
| ၄၆။ | (သညောဇနဂေါစ္ဆကေ) ယဿ သံဝိဇ္ဇန္တိ | ၉၁ | ၂၈၄ |
| ၄၇။ | (ဂန္ထဂေါစ္ဆကေ ) ယဿ သံဝိဇ္ဇန္တိ | ၉၁ | ၂၈၇ |
| ၄၈။ | မဟန္တရဒုကေသု အာရမ္မဏံ | ၉၂ | ၂၉၁ |
| ၄၉။ | သဟ ဘဝန္တီတိ သဟဘုနော | ၉၂ | ၂၉၄ |
| ၅၀။ | အဇ္ဈတ္တဇ္ဈတ္တံ သန္ဓာယ | ၉၂ | ၂၉၇ |
| ၅၁။ | ပိဋ္ဌိဒုကေသု ကာမေ အဝစရန္တီတိ | ၉၂ | ၃၀၁ |
| ၅၂။ | စုတိယာ ဝါ အတ္တနော ဝါ ပဝတ္တိယာ | ၉၃ | ၃၀၅ |
| | **သုတ္တန္တိကမာတိကာပဒဝဏ္ဏနာ** | | |
| ၅၃။ | သုတ္တန္တိကဒုကေသု သမ္ပယောဂဝသေန | ၉၃ | ၃၁၂ |
| ၅၄။ | သမ္ပယောဂဝသေနေဝ အဝိဇ္ဇံ ဘဇန္တီတိ | ၉၃ | ၃၁၇ |
| ၅၅။ | ပုန အနဇ္ဈောတ္ထရဏာဘာဝေန | ၉၃ | ၃၂၀ |
| ၅၆။ | ဣဓ စေဝ သမ္ပရာယေစ တပေန္တီတိ | ၉၄ | ၃၂၆ |
| ၅၇။ | နာမရူပဒုကေ နာမကရဏဋ္ဌေန | ၉၄ | ၃၃၀ |
| ၅၈။ | ဒွါဒသင်္ဂေ ပဋိစ္စသမုပ္ပါဒေ | ၉၅ | ၃၃၅ |
| ၅၉။ | အပ္ပဋိသင်္ခါနေ အကမ္ပနဋ္ဌေန | ၉၅ | ၃၃၉ |
| ၆၀။ | သောရစ္စမေဝ သီလဿ | ၆၉ | ၃၄၂ |
| ၆၁။ | သံဝေဂေါတိ ဇာတိအာဒီနိ ပဋိစ္စ | ၆၉ | ၃၄၅ |

http://www.dhammadownload.com



# မာတိကာ


| ဝါကျဥယျာဉ် အမှတ် | နိဒါနကထာ | အဋ္ဌကထာ စာမျက်နှာ | ဝါကျဥယျာဉ် စာမျက်နှာ |
|---|---|---|---|
| | ကာမာဝစရကုသလဝဏ္ဏနာ | | |
| ၆၂။ | ဣဒါနိ ယထာနိက္ခိတ္တာယ မာတိကာယ | ၉၇ | ၃၅၀ |
| ၆၃။ | တတ္ထ ဗုဒ္ဓါနံ ပုရိမာ တိဿော | ၉၈ | ၃၅၆ |
| ၆၄။ | တတ္ထ "ကတမေ"တိ ပဒေန | ၉၈ | ၃၆၂ |
| ၆၅။ | ကသ္မာ ပနေတ္ထ မာတိကာယံ ဝိယ | ၉၈ | ၃၆၄ |
| ၆၆။ | ဣဒါနိ ယသ္မိံ သမယေ ကာမာဝစရံ | ၉၉ | ၃၆၉ |
| ၆၇။ | ဣဒါနိ ယသ္မိံ သမယေတိအာဒီသု | ၉၉ | ၃၇၅ |
| ၆၈။ | ဧဝမနေကေသု သမယေသု | ၁၀၀ | ၃၈၀ |
| ၆၉။ | တေသု ပစ္စယသာမဂ္ဂီ | ၁၀၀ | ၃၈၅ |
| ၇၀။ | ဧဝံ သမယဋ္ဌ ခဏဋ္ဌ ဥတ္တာ | ၁၀၁ | ၃၉၀ |
| ၇၁။ | ဟေတူတိ ပစ္စယော ဝေတ္ထ | ၁၀၁ | ၃၉၄ |
| ၇၂။ | ကသ္မာ ပန ဧတေသု ယံ ကိဉ္စိ | ၁၀၂ | ၃၉၈ |
| ၇၃။ | တတ္ထ သိယာ ယံ ဝုတ္တံ | ၁၀၂ | ၄၀၂ |
| ၇၄။ | သမူဟသင်္ခါတော ပန | ၁၀၃ | ၄၀၆ |
| ၇၅။ | ဟေတု သင်္ခါတော ပန | ၁၀၃ | ၄၀၉ |
| ၇၆။ | တတ္ထ ယသ္မိံ သမယေတိ ကာလသင်္ခါတဿ | ၁၀၄ | ၄၁၂ |
| ၇၇။ | တတြာယံ ဝစနတ္ထော ဥဒ္ဒါနတော | ၁၀၄ | ၄၁၇ |
| ၇၈။ | ယထာ ဟိ ယသ္မိံ ပဒေသေ သသတ္တာ | ၁၀၄ | ၄၂၂ |
| ၇၉။ | ဧဝမိဒံ စိတ္တံ ဣမသ္မိံ | ၁၀၄ | ၄၂၈ |
| ၈၀။ | ကုသလန္တိ ကုစ္ဆိတာနံ သလနာဒီဟိ | ၁၀၅ | ၄၃၄ |
| ၈၁။ | ဉာဏသမ္ပယုတ္တံ တာဝ ဧဝံ ဟောတု | ၁၀၅ | ၄၄၀ |
| ၈၂။ | တဒေတံ လက္ခဏာဒိဝသေန | ၁၀၅ | ၄၄၅ |
| ၈၃။ | စိတ္တန္တိ အာရမ္မဏံ စိန္တေတီတိ | ၁၀၆ | ၄၄၉ |
| ၈၄။ | အပိစ သဗ္ဗမ္ပိ ယထာနုရူပတော | ၁၀၆ | ၄၅၆ |
| ၈၅။ | ကမ္မတော လိင်္ဂတော စေဝ | ၁၀၈ | ၄၆၀ |
| ၈၆။ | ဧဝံ ဣမာယ ကရုဏာစိတ္တတာယပိ | ၁၀၈ | ၄၆၄ |
| ၈၇။ | ဥပ္ပန္နံ ဟောတီတိ ဧတ္ထ | ၁၀၈ | ၄၆၈ |
| ၈၈။ | တတြာယံ ဝစနတ္ထော–ပုဗ္ဗန္တတော | ၁၀၉ | ၄၇၈ |
| ၈၉။ | စိတ္တံ ဥပ္ပန္နံ ဟောတီတိ ဧတံ | ၁၀၉ | ၄၈၃ |
| ၉၀။ | သောမနဿ သဟဂတန္တိ | ၁၁၁ | ၄၈၈ |
| ၉၁။ | သံသဋ္ဌသဒ္ဒေါပိ စေသ | ၁၁၂ | ၄၉၃ |
| ၉၂။ | ဉာဏသမ္ပယုတ္တန္တိ | ၁၁၂ | ၄၉၅ |
| ၉၃။ | ဧတ္တာဝတာ စ ကိံ ကထိတံ? | ၁၁၂ | ၄၉၉ |
| ၉၄။ | အသင်္ခါရိကဘာဝေါ ပန | ၁၁၃ | ၅၀၃ |
| ၉၅။ | ဣဒါနိ တမေဝ စိတ္တံ | ၁၁၃ | ၅၀၆ |

http://www.dhammadownload.com



# မာတိကာ


| ဝါကျဥယျာဉ် အမှတ် | နိဒါနကထာ | အဋ္ဌကထာ စာမျက်နှာ | ဝါကျဥယျာဉ် စာမျက်နှာ |
|---|---|---|---|
| ၉၆။ | ဣဒါနိ ပကတိယာ ဒိဋ္ဌာဒီနံ | ၁၁၆ | ၅၁၀ |
| ၉၇။ | ဣဒမ္ပိ စ မုခမတ္တမေဝ | ၁၁၆ | ၅၁၂ |
| ၉၈။ | အာရမ္မဏာဝသေန ပနေတ္ထ | ၁၁၇ | ၅၁၇ |
| ၉၉။ | တတ္ထ ယော စိတ္တသမုဋ္ဌာနိကကာယော | ၁၂၅ | ၅၂၀ |
| ၁၀၀။ | ဝိညာပနတ္တာ ပနေသာ | ၁၂၅ | ၅၂၄ |
| ၁၀၁။ | န ကေဝလဉ္စေသာ | ၁၂၆ | ၅၂၉ |
| ၁၀၂။ | ဝစီကမ္မဒွါရကထာယံ ပန | ၁၂၈ | ၅၃၃ |
| ၁၀၃။ | မနောကမ္မဒွါရကထာယံ ပန | ၁၂၉ | ၅၃၆ |
| ၁၀၄။ | ဧတ္ထာဟ ကမ္မံ နာမေတံ | ၁၃၀ | ၅၃၈ |
| ၁၀၅။ | ကိံ ဝါ ဣမိနာ ဝါဒေန | ၁၃၀ | ၅၄၂ |
| ၁၀၆။ | တတ္ထ လောကုတ္တရမဂ္ဂေါ | ၁၃၂ | ၅၄၆ |
| ၁၀၇။ | ကိံ ပန ဧဝံ မဟန္တံ နိရတ္ထကန္တိ? | ၁၃၄ | ၅၅၀ |
| ၁၀၈။ | အယံ ပေတ္ထ အတ္ထော | ၁၃၆ | ၅၅၃ |
| ၁၀၉။ | တတ္ထ ပါဏဿ အတိပါတော | ၁၄၀ | ၅၅၅ |
| ၁၁၀။ | အဒိန္နဿ အာဒါနံ | ၁၄၀ | ၅၆၁ |
| ၁၁၁။ | တတ္ထ ပဉ္စ သမ္ဘာရာ ဟောန္တိ | ၁၄၁ | ၅၆၅ |
| ၁၁၂။ | ကာမေသူတိ မေထုနသမာစာရေသု | ၁၄၁ | ၅၆၉ |
| ၁၁၃။ | မုသာတိ ဝိသံဝါဒနပုရေက္ခာရဿ | ၁၄၁ | ၅၇၂ |
| ၁၁၄။ | ပိသုဏာဝါစာတိအာဒီသု | ၁၄၂ | ၅၇၇ |
| ၁၁၅။ | အဘိဇ္ဈာယတီတိ အဘိဇ္ဈာ | ၁၄၃ | ၅၈၃ |
| ၁၁၆။ | ဟိတသုခံ ဗျာပါဒယတီတိ | ၁၄၄ | ၅၈၆ |
| ၁၁၇။ | ယထာဘုစ္စဂဟဏာဘာဝေန | ၁၁၄ | ၅၈၉ |
| ၁၁၈။ | ပါဏာတိပါတာဒီဟိ ပန ဝိရတိယော | ၁၄၅ | ၅၉၃ |

http://www.dhammadownload.com

# (၁၀)

# အဋ္ဌသာလိနီဝါကျဥယျာဉ်

## "ရတနတ္တယပဏာမ"

အဘိဓမ္မဒေသကံ ဗုဒ္ဓံ ၊ ဉာဏသာဂရသာမိကံ။
သေဝိတံ တေန ဓမ္မဉ္စ ၊ သံဃဉ္စာပိ နိရင်္ဂဏံ။

အဟံ = သုစိတ္တာဘိဝံသ၊ နာမသမုတ်၊ အကျွန်ုပ်သည်။
အဘိဓမ္မဒေသကံ= သုတ္တန်, ဝိနည်းတို့ထက်၊ အဓိကကဲချွန်၊ သာလွန်ထူးမြတ်၊ ဥက္ကဋ္ဌဒေသနာ၊ အဘိဓမ္မာကို၊ ဟောကြားတော်မူတတ်ပါပေထသော။
(ဝါ) = သဘာဝကျုံးချုံ၊ အလုံးစုံကို၊ ဖုံဖုံခွဲထား၊ ပိုင်းခြားပြရာ၊ ဒေသနာဥက္ကဋ္ဌ၊ အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားတော်မူတတ်ပါပေထသော။
(ဝါ) = သဝနဇိနုတ္တရိယ၊ ကြားအပ်သမျှတို့ထက် ကဲလွန်၊ အမွန်ခေါင်ထိ၊ အဓိပတိ–ဟု၊ အဘိဓမ္မာတရား ရတနာကို၊ ဟောကြားတော်မူတတ်ပါပေထသော။
(ဝါ) = ရုပ်နာမ်ဓမ္မ၊ သဘာဝကို၊ ကျနကုန်စင်၊ လင်းလင်းထင်သဖြင့်၊ ပညာရှင်လက်သုံး၊ ဓမ္မမျက်လုံးကြီးသဖွယ်၊ လွန်တင့်တယ်သည့်၊ ဒေသနာဥက္ကဋ္ဌ၊ တရားမြတ်ကို၊ ဟောကြားတော်မူတတ်ပါပေထသော။
ဉာဏသာဂရ–
သာမိကံ = အဆုံးမရှိ၊ ကုန်အောင်သိ၍၊ ဉာဏသာဂရ၊ နာမတွင်ခေါ်၊ သဗ္ဗညုတဉာဏ်တော်ပိုင်ရှင်လည်း ဖြစ်တော်မူပေထသော။
ဗုဒ္ဓံ = ဗုဒ္ဓနာမံ၊ ရွှေဘွဲ့ခံသည့်၊ သယမ္ဘူထွန်းထား၊ မြတ်ဘုရားကိုလည်းကောင်း။
တေန = ဗုဒ္ဓနာမံ၊ ရွှေဘွဲ့ခံသည့်၊ သယမ္ဘူထွန်းထား၊ ထိုမြတ်ဘုရားသည်။
သေဝိတံ = အမြဲမပြတ်၊ ပူဇော်မှီဝဲအပ်ပေသော။
ဓမ္မဉ္စ = မဂ်,ဖိုလ်, နိဗ္ဗာန်၊ ဓမ္မကွန်–ဟု၊ ဆယ်တန်ထင်ပေါ်၊ တရားတော်ကိုလည်းကောင်း။
နိရင်္ဂဏံ = ရာဂ,ဒေါသ၊ မောဟင်္ဂဏ၊ ကင်းစင်ပတော်မူသော။
သံဃဉ္စာပိ = ရှစ်ရပ်ထင်ပေါ်၊ အရိယာသံဃာတော်မြတ်ကိုလည်းကောင်း။
နတွာ–နမာမိ = ကာယ–ဝစီ၊ တစ်လီမန၊ သုံးဒွါရဖြင့်၊ စေတနာအမျိုးမျိုး၊ ဝေဖြာတိုးလျက်၊ ရှိခိုးဦးညွှတ်ပါ၏။

## "အာစရိယပ္ပဏာမ"

ဇိနသာသနဝံသမှိ ၊ ဂုရဝေါ ဓမ္မဝါစကာ။
တေသမှိ စရဏမ္ဘောဇေ ၊ သုနိဝါတေန စေတသာ။

http://www.dhammadownload.com



ဇိနသာသနဝံသမှိ= ဘုရားဇိနော်၊ သာသနာ့အနွယ်တော်၌။

ဓမ္မဝါစကာ = "ပရိယတ္တိ အာသယော မယုံ၊ ပရိယတ္တိ မမ ဂေါစရော"ဟူ၍ ဗုဒ္ဓဝစနာ၊ မြတ်ဓမ္မာကို၊ မှန်စွာမယုတ်၊ အားထုတ်ဆောင်ရွက်၊ ပို့ချသင်ကြားလျက်၊ ရှိတော်မူကြကုန်သော။

ယေ ဂုရုဝေါ = ကျေးဇူးမြင့်မိုရ်၊ ဆယ်ဆပိုသည့်၊ ဆရာ့ဆရာ၊ အကြင်ထေရ်မဟာတို့သည်။

သန္တိ = အထင်အရှား ရှိတော်မူကြလေကုန်၏။

တေသမ္ပိ = ကျေးဇူးမြင့်မိုရ်၊ ဆယ်ဆပိုသည့်၊ ဆရာ့ဆရာ၊ ထိုထေရ်မဟာတို့၏လည်း။

စရဏာမ္ဗုဇေ = ခြေတော်အစုံ၊ ကြာပဒုံတို့ကို။

သုနိဝါတေန = လွန်စွာနှိမ့်ချ၊ ရှိတုပ်ကွသော။

စေတသာ = သဒ္ဓါယိုဖိတ်၊ ကုသိုလ်စိတ်ဖြင့်။

နတွာ-နမာမိ = ကာယ-ဝစီ၊ တစ်လီမနေ၊ သုံးဒွါရဖြင့်၊ စေတနာအမျိုးမျိုး၊ ဝေဖြာတိုးလျက်၊ ရှိခိုးဦးညွှတ်ပါ၏။

## "ပဋိညာဉ်"

နတွာ သခေဟိ သိဿေဟိ ၊ သညာစိတော နိရန္တရံ။
ဣမံ ဂန္ထံ ကရိဿာမိ ၊ တေသ+မတ္ထာဘိပတ္ထယံ။

နတွာ = ရှိခိုးပြီး၍။

သခေဟိ = ဝေးနီးရပ်နေ၊ ချစ်မိတ်ဆွေတို့သည်လည်းကောင်း။

သိဿေဟိစ = မိမိထံမှောက်၊အနီးအောက်ဝယ်၊ ဆည်းကပ်ခစား၊ တပည့်များတို့သည်လည်းကောင်း။

အာစရိယေဟိစ = သာသနာအသက်၊ ကြာရှည်ဆက်စေဘို့၊ ပရိယတ်လမ်းမှန်၊ ပိဋကတ်အမိန့်သံကို၊ ထုတ်ပြန်သင်ကြား၊ ပေးသနားတော်မူခဲ့ကြသော အနန္တဂိုဏ်းဝင်၊ ကျေးဇူးရှင်ဆရာမြတ်တို့သည်လည်းကောင်း။

နိရန္တရံ-

သညာစိတော = စာနှင့်တစ်ဖုံ၊ လူကြုံတစ်ဆင့်၊ တွေ့လင့်ခါတိုင်း၊ ဝိုင်း၍မပြတ်၊ တိုက်တွန်းအပ်ပါလေသောကြောင့်၊ (ဝါ) တိုက်တွန်းနှိုးဆော်ခံရပေသော။

အဟံ = မစိုးရိမ်နာယက၊ ဓမ္မာစရိယတက္ကသိုလ်နာယကချုပ်၊ အကျွန်ုပ်သည်။

တေသံ = ထိုဝေးနီးရပ်နေ၊ ချစ်မိတ်ဆွေနှင့်၊ နီးနေခစား၊ တပည့်များတို့၏။

အတ္ထံ = သင်ယူပေါက်ရောက်၊ တတ်မြောက်ရန်အကျိုးကို။

အဘိပတ္ထယံ-

အဘိပတ္ထယန္တော= စေတနာပွါးတိုး၊ မျှော်ကိုးကြောင့်ကြ၊ လွန်တောင့်တလျက်။

ဣမံ ဂန္ထံ = "အဋ္ဌသာလိနီ ဝါကျဥယျာဉ်"မည်သာတင့်ဆန်း၊ ဤရွှေကျမ်းကို။

ကရိဿာမိ = ဂန္ထဝုရ၊ ကိစ္စလပ်လျား၊ ချိန်အကြား၌၊ ရေးသားပြုပြင်၊ စီရင်ပါတော့အံ့သတည်း။

http://www.dhammadownload.com

# အဋ္ဌသာလိနီဝါကျဉ်ယျာဉ်

==========

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ဓမ္မသင်္ဂဏီ–ဒုတိယနေ့ မေးခွန်းထုတ်စည်းမျဉ်း

---

❀ နက်, တက်, ဝါ–ထဝါ၊ ဗျုပ္ပတ္တာ၊ ပုဒ်, အာ, ဝေတ္တ။
❀ ကြိယာ ငါးတန်၊ လက္ခဏာ၊ ပဋ္ဌာန် ဘိဓမ္မ။

ဟူသည်နှင့် အညီ––

၁။ ခက်ခဲသော အဋ္ဌကထာဝါကျတို့ကို ထုတ်ပြ၍ အနက် ယောဇနာစေခြင်း။
၂။ လိုအပ်သော ဝါကျတို့ကို ထုတ်ပြ၍ ဥပမာ, အာသောက, အာသောကယောတ္တ, ဥပမာပဋိကွေပ, ဓောဒနာ–ဟူသော ဥပမာပဋ္ဌကဖြင့်သော်၄င်း, ဥပမာနုလောမပါပမာဒီ ကျမ်းရိုးငါးချက်ဖြင့်သော်၄င်း သုဒ္ဓကျမ်းတက်, ကျမ်းထွက် ၂–မျိုးတို့တွင် တစ်မျိုးမျိုးကိုမေးခြင်း။
၃။ ဝါ–အထဝါ အပိစ– အပရေနယော တို့၏ သဒ္ဒါ–အနက်– အကြောင်း– အကျိုး–ဝါကျ လဲလှယ်ပုံကို မေးခြင်း။ တေန, တသ္မာ, တေနေဝါဟ, တေန ဝုတ္တံ, တေန ဝုတ္တံ, ဂဟေတဗ္ဗာ, ဝတ္တဗ္ဗာ, အဓိပ္ပေတံ, ကထိတံ, သမ္ဗန္ဓော စသည်ထားပုံအဓိပ္ပါယ်ကို ဝါကျ ထုတ်ပြ၍ မေးခြင်း။
၄။ ဝိဂ္ဂဟာပြုစေ၍ ဗျုပ္ပတ္တိစသော ၄–ပါးအခွဲကို မေးခြင်း။

မှတ်ချက်။ ။ ဗျုပ္ပတ္တိစသော ၄–ပါးအခွဲကို မေးရာ၌ ဘာဒစိန္တာဒီပနီနှင့် အဘိဓာန်ဋီကာတို့ လာသော နည်း ၂–ပါးတို့တွင် မည်သည့်နည်းနှင့်မဆို ဖြေဆိုနိုင်ခွင့်ရှိသည်။

၅။ ပုဒ်တစ်ခုကို(သို့မဟုတ်)ဝါကျတစ်ခုကို လိင်, ဂဏ, ဂဏဝိမုတ်, အန္တနှင့် တကွသော သမာသပဒ စသည်ကို မေးခြင်း။
၆။ အာသောကနှင့် သံဝဏ္ဏနာတို့ကို မေးခြင်း။
၇။ ဟိ, စ, ပန စသောနိပါတ်ပုဒ်တို့၏ အနက်, ဝေဓ၏နိဝတ္တေတဗ္ဗ စသောအနက်, ယ,တ–စသည်တို့၏ စွဲရာအနက်တို့ကို မေးခြင်း။

http://www.dhammadownload.com



၈။ ပုဒ်, ဝါကျများ၌ ယထာရုပဖြစ်သင့် ဖြစ်ထိုက်သော ဒဿနတ္တ–စသည် ထုတ်နည်းကို မေးခြင်း။

မှတ်ချက်။ ။၎င်း၌ လက္ခဏာဒိ စတုက္ကနည်းဖြင့်သော်၎င်း, အခြားသော အကြောင်း, အကျိုး ဆက်စပ်၍ ထုတ်သောနည်းဖြင့်သော်၎င်း ဖြေဆိုနိုင်ခွင့် ရှိသည်။ "ဒဋ္ဌဗ္ဗံ, ဝေဒိတဗ္ဗံ, သိဒ္ဓံ" ဟု ထားသော ဝါကျများ၌ မုချတ္တ, နေယျတ္တ စသည် ကို၎င်း၊ သဒ္ဒသိဒ္ဓိ, အတ္ထသိဒ္ဓိ, သဒ္ဒတ္ထသိဒ္ဓိ, ပစ္စက္ခသိဒ္ဓိ, အနုမာနသိဒ္ဓိ, အာကပ္ပသိဒ္ဓိ, ပရိကပ္ပသိဒ္ဓိ, သိဒ္ဓေယျသိဒ္ဓိ, အတ္ထာပတ္တိသိဒ္ဓိ– အစရှိသော အနက်သဘော ကျရောက်ရာ အဓိပ္ပါယ် ယူနည်းကိုရင်း မေးနည်းများ စပ်ဆိုင်ပါဝင်သည်။

၉။ အဘိဓမ္မာအရာ၌ သိမ်မွေ့နက်နဲခက်ခဲသော သဘောအဓိပ္ပါယ် အဆုံးအဖြတ်ကို မေးခြင်း။

မှတ်ချက်။ ။ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ထုတ်ခြင်းကိုမေးခြင်း, ပရမတ္ထဓမ္မ ဖြစ်ပုံအခြင်းအရာ, ဝိထိဖြစ်ပုံစသည်ကို မေးခြင်းလည်း ပါဝင်သည်။

၁၀။ ပါဠိ အဋ္ဌကထာဝါကျ၌ သင့်ရာပုဒ်တို့၏ ပဋ္ဌာန်းပစ္စည်း စပ်နည်းနှင့်တကွ ပဋ္ဌာန်းပစ္စည်း, ပစ္စယုပ္ပန် ဖြစ်ပုံ, ပစ္စည်းပြိုင်ပုံတို့ကို မေးခြင်းတို့ ဖြစ်သည်။

---

ဥယျောဇဥ်

အဋ္ဌသာလိနီကျမ်းသည် စည်းမျဉ်းအဖြေကို ကျေပွန်စွာ လေ့လာ ကျက်မှတ်ထား နိုင်ပါက အလွယ်တကူအောင်မြင်နိုင်သော ကျမ်းဖြစ်သည်။ သောတုဇန တပည့် ပရိသတ်များ ပုံသေနည်း ကျက်မှတ်ထားနိုင်စေရေးအတွက် ဤကျမ်း၏ ပထမဆုံး ဝါကျတွင် ပါဝင်သင့် ပါဝင်ထိုက်သော စည်းမျဉ်းများကို ပြည့်စုံစွာ ထည့်သွင်း ဖော်ပြထားပါသည်။ ကြိုးစား၍ ကျက်မှတ်, ဆောင်နိုင် ကြပါစေ။

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁)

(က) တတ္ထ ကောနန္ဒေန အဘိဓမ္မော?

(ခ) ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန။

(ဂ) အတိရေက ဝိသေသတ္ထ ဒီပကော ဟေတ္ထ အဘိသဒ္ဒေါ "ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ နော ပဋိက္ကမန္တိ အဘိက္ကန္တဝဏ္ဏာ"တိ အာဒီသု ဝိယ။

(ဃ) တသ္မာ ယထာ သမုဿိတေသု ဗဟူသု ဆတ္တေသုစေဝ ဓဇေသုစ ယံ အတိရေကပ္ပမာဏံ, ဝိသေသဝဏ္ဏသဏ္ဌာနဉ္စ ဆတ္တံ၊ တံ အတိစ္ဆတ္တန္တိ ဝုစ္စတိ။

(င) ဧဝမေဝ အယမ္ပိ ဓမ္မော ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန အဘိဓမ္မောတိ ဝုစ္စတိ။

ဋ။၃။မူလဋီ။၁၂။ယောဇနာ။၉။ပြည်သူ။၂၂။ဘာသာဋီ။၂၈။ကျော်အောင်စံထားဂဏ္ဌိ-၂၇။မင်းခင်းဂဏ္ဌိသစ်။၅၂။

=========================

၁။ (က) ကိုသာ ပါဌ်သေသ စုံလင်စွာ ထည့်၍ ကျနစွာ အနက် သမ္ဗန်ပါ။

၂။ (ခ) ကို ဌပနာပဋ္ဌကပဋ္ဌာ (င) အယမ္ပိ ဓမ္မော သို့ ဌပနာဒိပဋ္ဌက စာထွက်ပြပါ။

၃။ (ခ)(ဂ) ဝါကျတို့ဖြင့် ပယ်အပ်သော ဒေါသတို့ကို အကြောင်းပြ ဖြေဆိုပြီးလျှင်၊ (ဃ)ဝါကျ၌ တသ္မာနှင့် အတိစ္ဆတ္တန္တိ ဝုစ္စတိ-၌ ဝုစ္စတိ သဒ္ဒါ ထားရခြင်းတို့ကိုလည်း ဖော်ပြပါ။

၄။ အဘိက္ကန္တဝဏ္ဏာပုဒ်ကို ဝစနတ္ထပြု၍ ဗျူဟတ္ထာဒိစတုက္က ထုတ်ပြပါ။

၅။ (က) (ခ) ဝါကျလာပုဒ်တို့ကို လိင်၊ ဂဏ၊ ကာရန္တ၊ ပဒ စိစစ်ပြပါ။

၆။ (ခ) ဝါကျလာ သံဝဏ္ဏနာပါဌ်ဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာ တို့ကို တွဲစပ် ဖော်ပြပါ။

၇။ (ဂ)ဝါကျ၌ ဟိ-၏ အတ္ထုဒ္ဓါရနှင့် ဣတာစိပ္ပေတတ္ထကို ဖော်ပြ၍ (က) (ဂ) (ဃ) ဝါကျတို့၌ ပါသော တ-တော- သဒ္ဒါတို့သည် အဘယ် ဝိသယ ဖြစ်ကြသည်ကိုလည်း အကြောင်းသွင်း၍ ဖြေရှင်းခဲ့ပါ။

၈။ (ဂ)ဝါကျ၌ အဘိက္ကမန္တိကို ရှု၍ ကြိယာငါးတန်ထုတ်ပြီးလျှင် ယင်း(ဂ)ဝါကျ၌ ရနိုင်သော သိဒ္ဓိကိုလည်း အကြောင်းသွင်း၍ ဖြေပါ။

၉။ ဒုက္ခဝေဒနာကို လက္ခဏာဒိစတုက္က ထုတ်ပြပါ။

၁၀။ အဘိက္ကမန္တိ -၌ အန္တတ္ထအရ ပစ္စည်းတရားက ဗာဟိရတ္ထအရ ပစ္စယုပ္ပန်တရားအား ပြိုင်နိုင်သော ပစ္စယ သတ္တိများကို ထုတ်ပြပါ။

=======================

၁။ (က) ဝါကျ ပါဌ်သေသ စုံလင်စွာဖြင့် အနက်ပေးပုံ

အဘိဓမ္မသဒ္ဒ အတ္ထံ ပကာသယိဿာမီတိ၊ ဟူ၍။ ယဒိဒံ ယံ ဣဒံ ဝစနံ၊ ကို။ မယာ၊ သည်။ ဝုတ္တံ၊ ပြီ။ တတ္ထ တသ္မိံ ဝစနေ၊ ငါဆိုအပ်ပြီးသော အဘိဓမ္မသဒ္ဒ အတ္ထံ ပကာသယိဿာမိ-

http://www.dhammadownload.com



ဟူသော ထိုစကား၌။ ယဿ အဘိဓမ္မဿ၊ ၏။ အတ္ထံ၊ ကို။ ပကာသယိဿာမိ၊ ပြပေအံ့။ ဣတိ၊ သို့။ ပဋိညာတံ၊ ဝန်ခံအပ်ပြီ။ သော အဘိဓမ္မော၊ သည်။ ကေနဋ္ဌေန၊ အဘယ် အနက်ကြောင့်။ အဘိဓမ္မော၊ မည်သည်။ ဟောတိ၊ နည်း။

(တနည်း) တတ္ထ "အဘိဓမ္မကထ"န္တိ ဧတသ္မိံ ဝစနေ၊ ၌။ ယော အဘိဓမ္မော၊ ကို။ ဝုတ္တော၊ ပြီ။ သော အဘိဓမ္မော၊ သည်။ ကေနဋ္ဌေန၊ ကြောင့်။ အဘိဓမ္မော၊ သည်။ ဟောတိ၊ နည်း။ (ပြည်သျှ)

● တတ္ထာတိ "အဘိဓမ္မဿ အတ္ထံ ပကာသယိဿာမီ"တိ ယဒိဒံ ဝုတ္တံ၊ တသ္မိံ။ "ယဿ အတ္ထံ ပကာသယိဿာမီ"တိ ပဋိညာတံ၊ သော အဘိဓမ္မော ကေနဋ္ဌေန အဘိဓမ္မောတိ အတ္ထော။ တတ္ထာတိ ဝါ "အဘိဓမ္မကထ"န္တိ ဧတသ္မိံ ဝစနေ ယော အဘိဓမ္မော ဝုတ္တော၊ သော ကေနဋ္ဌေန အဘိဓမ္မောတိ အတ္ထော။ (မူလဋီကာ။ ၁၂။)

---

၂။ "ကျမ်းတက်, ကျမ်းထွက် မှတ်ဘွယ် အကျဉ်း"

ကျမ်းတက်သည်--

(က) ဥပနာပဋ္ဌက (ဥပနာဘောဂါဒိပဋ္ဌက) ကျမ်းတက်။

(ခ) ပါပနာဒိပဋ္ဌက (ဥပနာနုလောမပါပနာဒိပဋ္ဌက) ကျမ်းတက်ဟု ၂-မျိုးရှိသည်။

ထိုတွင်---

(က) ဥပနာပဋ္ဌက (ဥပနာဘောဂါဒိပဋ္ဌက) ကျမ်းတက်၌ ---

၁။ ဥပနာ။ ၂။ အာဘော်။ ၃။ အာဘောဂဟောတု။

၄။ ဥပနာပဋိက္ခေပ။ ၅။ ပုစ္ဆာ-ဟူ၍ အင်္ဂါငါးချက် ပါရှိရမည်။

● ဥပနာ-အာဘော်၊ ဟိတ်ဖော်-ဥဖျက်၊ အမေးစွက်၊ ငါးချက် ပဋ္ဌက။

● ဥပနာပြ၊ ဒေါသလက္ခဏာ၊ အာဘောဂါနှင့်၊ ဟိတ်ပြဲ, ဥ-ပယ်၊ နွယဆွယ်၊ မေးဖွယ် ပဋ္ဌက။

(ခ) ပါပနာဒိပဋ္ဌက (ဥပနာနုလောမပါပနာဒိပဋ္ဌက) ကျမ်းတက်၌-

၁။ ဥပနာ။ ၂။ အနုလောမပါပနာ။ ၃။ ပဋိလောမပါပနာ။

၄။ အနုလောမရောပနာ။ ၅။ ပဋိလောမရောပနာ-ဟူ၍ အင်္ဂါငါးချက် ပါရှိရမည်။

● ဥ, အနု-ပါ၊ ပဋိ-ပါ၊ နု, ဋိ-ရောပနာ။

● ဝေဠီ-စု၊ စပ်ရာရှု၊ အနု-ပါပနာ။

● အထခေါ်-၏၊ စပ်ရာရှိ၊ ပဋိ-ပါပနာ။

● တဘွာ- စု၊ စပ်ရာရှု၊ အနု-ရောပနာ။

● နောက်ပုဒ် အရှိ၊ ပြန်လှန်ဘိ၊ ပဋိ-ရောပနာ။ (ရွှေ။ ၁၇၄-၈။)

http://www.dhammadownload.com



## (ခ)သို့ ဌပနာပဋ္ဌက (ဌပနာဘောဂါဒိပဋ္ဌက) ပုစ္ဆာတက်ပုံ

၁။ အရှင်အဋ္ဌကထာဆရာ (အာလုပ်)

၂။ ဆရာသည် (ကတ္တား)

၃။ (က) ဝါကျဖြင့် အဘိဓမ္မသြ အတ္တံ့ ပကာသယိဿာမိ–ဟူသော စကား၌ (ဝါ) အဘိဓမ္မကထံ–ဟူသော စကား၌ အဘာယ်အနက်ကြောင့် အဘိဓမ္မမည်သနည်းဟု အမေးပုစ္ဆာကို ပြဆိုတော်မူ၏။ (ဌပနာ)

၄။ ဤသို့သော ပြဆိုသည်ရှိသော် (ဒေါသလက္ခဏာ)

၅။ ယင်း၏အဖြေကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘောဂ)

၆။ ထိုသို့ ပြဆိုသင့်လေသောကြောင့် (အာဘောဂဟေတု)
(တနည်း:) ပုစ္ဆာသည် ဝိဿဇ္ဇနာနှင့် မကင်းကောင်းသည်မဟုတ်ပါလော။ (အာဘောဂ)
ထိုသို့ မကင်းကောင်းလေသောကြောင့်၊ (အာဘောဂဟေတု)
(တနည်း:) ပုစ္ဆာသာရှိ၍ ဝိဿဇ္ဇနာမရှိ ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ (အာဘောဂ)၊
ထိုသို့ ရောက်ရာလေသောကြောင့် (အာဘောဂဟေတု)

၇။ (က) ဝါကျဖြင့် အဘိဓမ္မသြ အတ္တံ့ ပကာသယိဿာမိ–ဟူသော စကား၌ (ဝါ) အဘိဓမ္မကထံ–ဟူသော စကား၌ အဘာယ်အနက်ကြောင့် အဘိဓမ္မ–မည်သနည်းဟု အမေးပုစ္ဆာကိုသာ ဆရာ မပြဆိုသင့်။ (ဌပနာပဋိက္ခေပ)

၈။ အဖြေဝိဿဇ္ဇနာကိုလည်း ပြဆိုသင့်သေး၏။ (အန္ဒယ–အနုညာတ)

၉။ အဖြေဝိဿဇ္ဇနာကား အဘာယ်ပါနည်း။ (ပုစ္ဆာ)
ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေကြားတော်မူလိုသော အဋ္ဌကထာ ဆရာသည် (ခ) ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား – (ခ)ဝါကျဖြင့် သုတ္တန်ပါဠိတို့ထက် လွန်သောပါဠိဟူသော အနက်, သုတ္တန်ပါဠိတို့ထက် ထူးပြား ဆန်းကြယ်သော ပါဠိ–ဟူသော အနက်ကြောင့် အဘိဓမ္မမည်၏–ဟု အဖြေ ဝိဿဇ္ဇနာကိုလည်း ငါပြဆိုပါ၏ဟူလိုသော်။

❀ ကိုယ့်အာဘော်ပြ၊ သူ့ဒေါသ၊ ပယ်ချ–ပရိဟာ။

---

## (ခ) သို့ ဌပနာပဋ္ဌက (ဌပနာဘောဂါဒိပဋ္ဌက) စောဒနာတက်ပုံ

၁။ အာလုပ်မှစ၍ ၈။ အန္ဒယ အနုညာတတိုင်အောင် ပုစ္ဆာကျမ်းတက်ပုံနှင့် လုံးဝ တူ၏။

၉။ အကယ်၍ ဝိဿဇ္ဇနာကို ပြဆိုသင့်လျက် မပြဆိုခဲ့သော် ဆရာအား စကားမပြန့်နှံ့သော အဗျာပိတဒေါသ, စကား မပြည့်စုံသော အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။
(ဝါ) သင့်ရောက်ရာသည် မဟုတ်ပါလော။ (ဒေါသာရောပန)

၁၀။ အဖြေ ဝိဿဇ္ဇနာကား အဘာယ်ပါနည်း။ (စောဒနာ)

http://www.dhammadownload.com



ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာလိုသော ဆရာသည် (ခ)မိန့်။
အဓိပ္ပါယ်ကား- (ခ)ဖြင့် သုတ္တန်ပါဠိတို့ထက် လွန်သော ။ပ။ ပါဠိ ဟူသော အနက်ကြောင့် အဘိဓမ္မ မည်၏- ဟု အဖြေ ဝိသဇ္ဇနာကိုလည်း ငါပြဆိုသည် ဖြစ်သောကြောင့် သင်စောဒက တင်အပ်သော အဗျာပိတ, အပရိပုဏ္ဏ ဒေါသ ငါ၌ မရောက် ကင်းစင် လွင့်ပျောက်ပါ၏ဟူလို။

---

(ခ) ဝါကျသို့ ပါပနာဒိပဋ္ဌက (ဌပနာနုလောမပါပနာဒိပဋ္ဌက)

(ကျမ်းရိုးငါးချက်) တက်ပုံ

၁။ အာလုပ် ၂။ကတ္တား ၃။ဌပနာ ၄။ဒေါသလက္ခဏာ တို့မှာ ဌပနာပဋ္ဌကကျမ်းတက်နှင့် လုံးဝတူ၏။
၅။ ယင်း၏ အဖြေဝိသဇ္ဇနာကို မပြဆိုဟူသော အနက်သည် ရောက်ရာ၏။
(တနည်း) ပုစ္ဆာသည် ဝိသဇ္ဇနာနှင့် ကင်း၍ ဖြစ်ကောင်း၏-ဟူသောအနက်သည် ရောက်ရာ၏။
(တနည်း) အမေးပုစ္ဆာသာရှိ၍ အဖြေဝိသဇ္ဇနာမရှိ-ဟူသောအနက်သည် ရောက်ရာ၏။
(အနုလောမပါပနာ)
၆။ စင်စစ်တမူကား---ထို---အနက်သည် မရောက်သင့်။ (ပဋိလောမပါပနာ)
၇။ ထိုသို့ မရောက်သင့်လေသောကြောင့် (ရောပနာပါဒကဟိတ်)
၈။ ဝိသဇ္ဇနာကိုလည်း ပြဆိုသင့်သေး၏။ (အနုလောမရောပနာ)
၉။ ဝိသဇ္ဇနာကို မပြဆိုဘဲ မနေသင့်။
၁၀။ အကယ်၍ ဝိသဇ္ဇနာကို မပြဆိုဘဲ နေချေသော် အဗျာပိတ, အပရိပုဏ္ဏ --၏။
(ဝါ) သင့်ရောက်ရာသည် မဟုတ်ပါလော။ (ဒေါသာရောပန)
၁၁။ ဝိသဇ္ဇနာကား အဘယ်ပါနည်း။ (စောဒနာ)
ဤသို့ စောဒနာဘွယ်ရှိ၍..........(ခ)မိန့်။ (အဓိပ္ပါယ်ပြန်ပုံတူ၏။)

အမှာ။ ။အထက်ပါကျမ်းတက်၌ ဒေါသာရောပန-ကို ဖြုတ်လိုက်လျှင် ပါပနာဒိပဋ္ဌကပုစ္ဆာ။ (ဌပနာနုလောမ ပါပနာဒိပဋ္ဌကပုစ္ဆာ) ကျမ်းတက် ဖြစ်လာသည်။ အဋ္ဌသာလိနီ ဒုတိယနေ့ ပုစ္ဆာ၌ ဤဆိုအပ်ခဲ့ပြီး ကျမ်းတက် (၄) မျိုးကိုသာ မေးလေ့ ရှိသည်။ အင်္ဂါအချက်အလက်များကို တိကျမှတ်သားနိုင်ရန် အထက်ပါ နမူနာ ပုံစံကျမ်းတက် (၄)မျိုးကို ကျေပွန်အောင် ကျက်မှတ်ထားပါ။

---

(ခ) ဝါကျဖြင့် အဘိဓမ္မာ၌ အဘိ-သဒ္ဒါ၏အတိရေကအနက်, ဝိသေသအနက်ကို ထွန်းပြသည်။
(ဂ) စသောဝါကျများဖြင့် (ခ)ဝါကျစကားရပ်ကို အကြောင်း+အကျိုး၊ဥပမာန+ ဥပမေယျ-တို့ဖြင့် ချဲ့ပြသည်။ ထို့ကြောင့် ဟိ-ကို ဝိတ္ထာရဇောတက ကြံသည်။ (ဘာသာဋီကာအလို)
(တစ်နည်း) အကြောင်း+ အကျိုး၊ ဥပမာန+ဥပမေယျ၊ သဒ္ဒယုတ္တိ တို့ဖြင့် ခိုင်စေလို၍ (ဂ)စသော ဝါကျများကို ရေးသည်။ ထို့ကြောင့် ဟိ-ကို ဒဠှီကရဏ ဇောတကကြံသည်။ (ယောဇနာအလို)
မှတ်ချက်။ ။ ပြည်နီသယ၌ နောက်တသွာ-ရှိသည်ကို မျှော်၍ ဟိ-ယသွာ ဟု အနက်ပေးသည်။

http://www.dhammadownload.com



(ဂ)ဝါကျ–စသည်သို့ ဌပနာဘောဂါဒိပဋ္ဌက

ဆရာ–ဆရာသည် (ခ) ဝါကျဖြင့် အဘိဓမ္မာ၌ အဘိ–သဒ္ဒါသည် အတိရေကအနက်, ဝိသေသအနက်ကို ထွန်းပြ၏ဟု ဆိုတော်မူ၏။ ဤသို့သာ ဆိုချေသော် အဘိ–သဒ္ဒါ၏ အတိရေကအနက်, ဝိသေသအနက် ထွန်းပြနိုင်ပုံကို အကြောင်း–အကျိုး၊ ဥပမာန–ဥပမေယျ၊ သဒ္ဒယုတ္တိတို့ဖြင့် အကျယ်ပြဆိုသင့်သည် မဟုတ်ပါလော။ (ဝါ) အကျယ်ရှဲ့၍ မပြဆို ဟူသော အနက် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာလေသောကြောင့် (ခ) ဖြင့် အဘိဓမ္မာ၌ အဘိ–သဒ္ဒါသည် အတိရေကအနက်, ဝိသေသအနက်ကို ထွန်းပြ၏ ဟူ၍သာ ဆရာ မဆိုသင့်။ အဘိ–သဒ္ဒါ၏ အတိရေကအနက်, ဝိသေသအနက် ထွန်းပြနိုင်ပုံကိုလည်း အကြောင်း–အကျိုး၊ ဥပမာန–ဥပမေယျ၊ သဒ္ဒယုတ္တိတို့ဖြင့် အကျယ် ပြဆို သင့်သေး၏။ အကြောင်း–အကျိုး၊ ဥပမာန–ဥပမေယျ၊ သဒ္ဒယုတ္တိတို့ဖြင့် အကျယ် ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိ၍ (ဂ) စသောဝါကျများမိန့်။

(ဤကား ဝါကျအားလုံးကို ငုံ၍ ဝိတ္ထာရကြံ တက်ပုံတည်း။ ယောဇနာအလို ဒဋ္ဌီကြံတက်။)

---

"ကျမ်းထွက် မှတ်ဖွယ်အကျဉ်း"

---

ကျမ်းထွက်သည်––– ၁။ သဒ္ဒါထွက်
၂။ ပညတ်ထွက်
၃။ ပရမတ်ထွက်–ဟူ၍ ၃–မျိုး။

ထိုတွင်– ၁။ စာစပ်နည်းအတိုင်း ထွက်ခြင်းကို သဒ္ဒါထွက် –ဟု ဆိုလိုသည်။
၂။ မြန်မာဝေါဟာရအတိုင်း မြန်မာပြန်၍ ထွက်ခြင်းကို ပညတ်ထွက်– ဟု ဆိုသည်။
၃။ ပဋ္ဌာန်းပစ္စည်း, ပစ္စယုပ္ပန်နည်းအတိုင်း စာထွက်ခြင်းကို ပရမတ်ထွက်–ဟု ဆိုသည်။
ကျမ်းထွက်ရာ၌ ဝါကျတစ်ခုလုံး၏ ပဓာနကြိယာကို ဆုပ်ကိုင်၍ ယင်းကြိယာမှ ကာရက, အကာရကပုဒ်များသို့ အစဉ်အတိုင်း စာထွက်ရသည်။

(င)ဝါကျ အယမ္ပိ ဓမ္မောသို့ (သဒ္ဒါနည်း) ဌပနာဒိပဋ္ဌကထွက်ပုံ

(င) ဝါကျ၌ ပဓာနကြိယာကား ဝုစ္စတိ–ဟူသည်တည်း။

အဓိပ္ပါယ်ကား– ဆိုအပ်၏–ဟူလိုသော်။

ဆရာ–သည် ဝုစ္စတိ–ဖြင့် ဝုတ္တကံ၏ ကြိယာကို ဆိုတော်မူ၏၊ ထိုသို့သာ ဆိုချေသော် ဝုတ္တကံ၏ ကြိယာသည် ဝုတ္တကံနှင့် ကင်း၍ ဖြစ်ကောင်း၏ ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထို့–ကြောင့် ဝုစ္စတိ–ဖြင့် ဝုတ္တကံ၏ ကြိယာကိုသာ မဆိုသင့်။ ယင်းကြိယာ၏ ဝုတ္တကံ–ကိုလည်း ပြဆိုသင့်သေး၏။ ယင်းကြိယာ၏ ဝုတ္တကံကား အဘယ်ပါနည်း။ ဤသို့မေးဘွယ် –––––ကြောင့် အယမ္ပိ ဓမ္မော–ပါဠ်ကိုမိန့်။

http://www.dhammadownload.com



ပညတ်နည်းထွက်လျှင်= ဝုစ္စတိ–ဖြင့် ဆိုအပ်၏–ဟု ဆို၏။ ထို– သော် ဆိုအပ်သော ဝတ္ထုမှမှကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။ (ဝါ) ဝတ္ထုမှမှ မရှိ–ဟူသော အနက် ရောက်ရာသည် မဟုတ်ပါလော–စသည်ဖြင့် ထွက်။

ပရမတ်နည်းထွက်လျှင်= ဝုစ္စတိ–ဟူသော အာရမ္မဏ ပစ္စယပွန်တရားကို ဆိုတော်မူ၏။ အာရမ္မဏ ပစ္စယပွန်သည် အာရမ္မဏပစ္စည်းတရားနှင့် မကင်းကောင်းသည် မဟုတ်ပါလော၊ (ဝါ) ကင်းကောင်း၏ ဟူသော အနက်ရောက်ရာသည်မဟုတ်ပါလော– စသည်ဖြင့် ထွက်။

"ပရမတ် စာစပ်, စာထွက်ရန် လင်္ကာ"

ကတ္တားနှင့် ကြိယာ၊ စပ်ပါကြ– သ, နန်, ပူ။
ကြိယာ + ကံ– စပ်ဟန်ရှိး၊ မျိုး အာရုံ တူ။
အဇ္ဈတ်, ဗဟိဒ္ဓတ်နဲ့– နှစ်ရပ်တဲ့ ကရိယာ်းမှု၊ ကတ္တားတူသုံးမျိုး။
သမ္ပဒါန်, အာရုံမျိုး ရှံခါပ။
အကြောင်းမှာ တိဒေသ၊ ဥပ–တဲ့မျိုး။
(အဇ္ဈတ်တဲ့ ကရိယာ်းမှု၊ ကတ္တားတူ သုံးမျိုး–ဟုလည်း ရှိသည်။)

"(ဃ)ဝါကျသို့ ကျမ်းတက်ရန်–ဝါကျရှင်းလင်းချက်"

(ဃ)ဝါကျတွင် တသ္မာ–ပါဝင်ခဲ့သော် ရှေ့ (ဂ)ဝါကျကား– ကာရဏဝါကျ။ တသ္မာ ယထာစသည်ကား ဖလဝါကျ။ ထို့ကြောင့် ပစ္ဆာ–ဝိဿဇ္ဇနာကဲ့သို့ ဝါကျတက်သော တက်ရမည်။ အာဘော်ထားရာ၌– "ထိုသို့သော ဆိုသည်ရှိသော် အကြောင်းသည် အကျိုးနှင့် ကင်း၍ ဖြစ်ကောင်း၏–ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော" ဟု အာဘော်ထားပါ။

(ဃ)ဝါကျ၌– ယထာစ–မှ စ–ခဲ့သော် ရှေ့(ဂ)ဝါကျသည် ဓာတ်၏ ရှေး၌ရှိသော ဥပသာရပုဒ်တို့ဖြင့် နှိုင်းယှဉ်ပြသည်။ ယထာ–အစရှိသော ဥပမာနဝါကျများကား နာမ်ပုဒ်တို့၏ ရှေး၌ရှိသော ဥပသာရပုဒ်တို့ဖြင့် နှိုင်းယှဉ်ပြသည်။ ထို့ကြောင့် (ဃ)ဝါကျကို ပက္ခန္တရဝါကျဟူ၍ ယူနိုင်သည်။ (တစ်နည်း) ဝါကျာရမ္ဘဝါကျ–ဟုလည်း ယူနိုင်သည်။

(ဃ)သို့ အနုသန္ဓေတက်ပုံ–

ဤသို့ (ဂ)ဖြင့် အဘိဓမ္မာ၌ အဘိ–သဒ္ဒါ၏ အတိရေက, ဝိသေသအနက်ထွန်းပြပုံကို ဓာတ်၏ ရှေး၌ရှိသော ဥပသာရပုဒ်ဖြင့် နှိုင်းယှဉ်ပြပြီး၍ ဤယခုအခါ၌ ယင်းအဘိ–သဒ္ဒါကို ဆက်–စသောနာမ်ပုဒ်တို့၏ ရှေး၌ရှိသော အခြားသော ဥပသာရပုဒ်တစ်မျိုးဖြင့် နှိုင်းယှဉ်ပြလိုသော ဆရာသည် (ဃ)မိန့်။

http://www.dhammadownload.com



## (ဃ) ပါပ်နာဒိပဋ္ဌက

ဆရာ – – သည် (ဂ)ဖြင့် အဘိဓမ္မာ–၌ အဘိ–သဒ္ဒါ၏ အတိရေက, ဝိသေသအနက် ထွန်းပြနိုင်ပုံကို ဓာတ်၏ ရှေ့၌ရှိသော ဥပသာရဟုဒ်ဖြင့် နှိုင်းယှဉ်ပြဆိုတော်မူ၏။ ထို–– သော် ယင်း အဘိ–သဒ္ဒါ၏ အနက်ထွန်းပြပုံကို နှိုင်းယှဉ်ပြရာဝယ် ဓာတ်၏ ရှေ့၌ရှိသော ဥပသာရဟုဒ်ဖြင့် နှိုင်းယှဉ်ပုံ ဥပမာန တစ်မျိုးသာ ရှိ၏– ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တစ်မူကား ယင်းဥပမာနတစ်မျိုးသာရှိ၏ ဟူသော အနက်သည် မရောက်သင့်။ ထို––ကြောင့် နာမ်ပုဒ်တို့၏ ရှေ့၌ရှိသော အခြားသော ဥပသာရဟုဒ်တစ်မျိုးဖြင့် နှိုင်းယှဉ်ပြပုံ ဥပမာနကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုတဲ့ မနေသင့်တန်ရာ။ နေချေသော် အဗျာပိတ, အပရိပုဏ္ဏ––၏။–––အဘာယ်ပါနည်း။ ဤသို့....ကြောင့် (ဃ)မိန့်။

အဓိပ္ပါယ်ကား––(ဃ)ဖြင့် ဆတ္တ– စသော နာမ်ပုဒ်တို့၏ ရှေ့၌ရှိသော အတိ–ဥပသာရဟုဒ်ဖြင့် အတိရေက, ဝိသေသ–အနက် ထွန်းပြနိုင်ပုံ ဥပမာနကိုလည်း ငါပြ....ဟူလို။

မူလဋီကာ ၁၂/၁၃–၌ "အညဿာပိ ဥပသဂ္ဂဿ အဓေတုသဒ္ဒါ ပုရတော ပယုဇ္ဇမာနဿ အကိရိယာယပိ အတိရေက ဝိသေသဘာဝဒီပကဿ ဒဿနတော တိ တေမတ္တံ ဝိဘာဝေတုံ "အတိစ္ဆတ္တာဒီ ဥဒါဟရဏံ ဒဿေန္တော အာဟ "ယထာ"တိ အာဒိ–ဟူ၍ တက်ပြထားသည်။

" ယင်းမူလဋီကာအလို (ဃ)သို့ ဌပနာပဋ္ဌကတက်ပုံ"

ဆရာ–သည် (ဂ)ဖြင့် ဓမ္မာ–ဟူသော နာမ်ပုဒ်၏ ရှေ့၌ရှိသော အဘိ–သဒ္ဒါ၏ အတိရေက, ဝိသေသ အနက်ကို ထွန်းပြနိုင်ပုံကို "အဘိက္ကမန္တိ အဘိက္ကန္တဝဏ္ဏာ– စသော ပါဠိရပ်တို့ဝယ် ကမုဓာတ်၏ ရှေ့၌ရှိသော အဘိ–ဥပသာရဖြင့် နှိုင်းယှဉ် ပြဆိုတော်မူ၏။ ထို––သော် ကမု–ဓာတ်၏ ရှေ့၌ရှိသော အဘိ–ဥပသာရကား အတိရေက, ဝိသေသအနက်ကို ထွန်းပြနိုင်ခြင်းသည် သင့်တန်ရာ၏။ ဓမ္မ–ပုဒ်၏ ရှေ့၌ရှိသော အဘိ–ဥပသာရကား အတိရေက, ဝိသေသအနက်ကို ထွန်းပြနိုင်၏ဟု ဆိုခြင်းသည်ကား နာမ်ပုဒ်၏ ရှေ့၌ဖြစ်၍ မသင့်ရာသည် မဟုတ်ပါလော၊ ထို့––ကြောင့် (ဂ)ဖြင့်––မဆိုသင့်။ (ဌ–ပယ်) နာမ်ပုဒ်၏ ရှေ့၌ရှိသော ဥပသာရများ၏ အတိရေက, ဝိသေသအနက် ထွန်းပြပုံကိုလည်း ဥပမာများဖြင့် ထင်ရှား ပြဆိုသင့်သေး၏။ ––––ကား အဘာယ်ပါနည်း။ ဤသို့– ကြောင့် (ဃ)မိန့်။

---

၃။ (ခ)ဖြင့် ပုစ္ဆာအားလျော်သောအဖြေကို ပြသောကြောင့် အဗျာပိတ,အပရိပုဏ္ဏ ဒေါသကို ပယ်သည်။

ရှင်း။ ။ (က)ကိုသာဆို၍ (ခ)ကိုမဆိုခဲ့လျှင် အမေးပုစ္ဆာကိုသာ သိနိုင်၍ အဖြေဝိဿဇ္ဇနာကို မသိနိုင်ရကား အလိုရှိအပ်သော အနက်အဓိပ္ပါယ် မနံ့စပ်, မပြည့်စုံသောကြောင့် အဗျာပိတ, အပရိပုဏ္ဏဒေါသ သင့်ရောက်ဘွယ်ရှိသည်။ (ခ) ဖြင့် ယင်းပုစ္ဆာအား လျော်သော အဖြေဝိဿဇ္ဇနာကို ပြဆိုလိုက်သဖြင့် အလိုရှိအပ်သော အနက် အဓိပ္ပါယ်နံ့စပ်ပြည့်စုံသောကြောင့် (ခ)ဖြင့် ၎င်းဒေါသတို့ကို ပယ်သည်။

http://www.dhammadownload.com



(တနည်း) (ခ)ဖြင့် အဘိမွှော–၌ အဘိသဒ္ဒါ၏ ဤနေရာ၌ ဖြစ်သင့်သော (အလိုရှိအပ်သော) အတိရေက, ဝိသေသအနက် တို့ကိုအတိကျ ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်သည်။

ရှင်း= (က)ကိုသာဆို၍ (ခ) ကို မဆိုခဲ့သော် အဘိသဒ္ဒါ ဟောနိုင်သမျှ အနက် အားလုံး၌ အလွန်ပြန့်နှံ့ နေသောကြောင့် အတိဗျာပိတဒေါသ သင့်ရောက်ဘွယ် ရှိသည်။

(ခ)ဖြင့် ဤနေရာ၌ ဖြစ်သင့်သော အဘိသဒ္ဒါ၏ အတိရေက, ဝိသေသ အနက်တို့ကို အတိအကျ ပြဆိုလိုက်သဖြင့် အနက်အဓိပ္ပါယ် အလွန်မပြန့်နှံ့သောကြောင့် ယင်းဒေါသကို ပယ်သည်။

◉ မဆိုလျှင်–အပြစ်တင်၊ ဆိုလျှင် အပြစ်ကင်း။

(ဂ)ဝါကျဖြင့် (ခ)ဝါကျလာ ႇ စကားရပ်ကို အကြောင်း–အကျိုး၊ ဥပမာန–ဥပမေယျ၊ ယုတ္တိ အာဂုမ်တို့ဖြင့် အကျယ်ချဲ့ ပြသောကြောင့် (သခ်ေပ+ဝိတ္ထာရ–ဆန့်ကျင်သော) ဝိရောဓိဒေါသကို ပယ်ပါသည်။

(တနည်း) မန္ဒဗုဒ္ဓိတို့အတွက် တဖန်အကျယ်ပြရိုးထုံးစံ ဖြစ်သောကြောင့် ပုနရုတ္တိဒေါသကိုပယ်သည်။

(တနည်း) (ခ)လာ စကားရပ်တို့ကို အကြောင်းယုတ္တိ–အာဂုမ်ပါဠိတို့ဖြင့် မြဲစေ ငြိးစေသောကြောင့် (ဒဠှီယ–ဒဠှီကရဏဆန့်ကျင်သော) ဝိရောဓိဒေါသ, အကြောင်း ယုတ္တိမှ ယုတ်သော ဩဇိတျဟီန ဒေါသကို ပယ်ပါသည်။

## ကျက်မှတ်ရန်–

ထိုထိုဝါကျတို့ဖြင့် ပယ်အပ်သော ဂန္ထဒေါသ (ဝါကျဒေါသ) တို့ကို အလွယ်တကူ သိနိုင်, ဖြေဆို နိုင်ရန် အောက်ပါတို့ကို ကျက်မှတ်ထားရမည်။

ဝါကျဒေါသသည်– ၁။ အဗျာပိတဒေါသ။ ၂။ အတိဗျာပိတဒေါသ။
၃။ ဝိရောဓိဒေါသ။ ၄။ ဧကတ္တဒေါသ။
၅။ ပုနရုတ္တိဒေါသ။ ၆။ ဩဇိတျဟီနဒေါသ။
၇။ နိရတ္ထကဒေါသ။ ၈။ ဂန္ထဂရုဒေါသ။
၉။ အပရိပုဏ္ဏဒေါသ–ဟူ၍–၉–ပါးအပြားရှိ၏။ ထိုတွင်––

(၁) စကား အနက် အဓိပ္ပါယ် မန့်စပ် မပြည့်စုံ သောကြောင့် သင့်ရောက်သော ဒေါသသည် ၁။ အဗျာပိတဒေါသ ၉။ အပရိပုဏ္ဏဒေါသ မည်၏။

(၂) မလိုလားအပ်သော အနက် အဓိပ္ပါယ်များ ပါဝင်လာသဖြင့် သင့်ရောက်သော ဒေါသသည် အတိဗျာပိတဒေါသမည်၏။

(၃) သံဝဏ္ဏေတဗ္ဗနှင့် သံဝဏ္ဏနာသည်၄င်း၊ ရှေ့စကားနှင့် နောက်စကားသည်၄င်း၊ ဖလနှင့် ကာရဏသည်၄င်း၊ သခ်ေပနှင့် ဝိတ္ထာရသည်၄င်း၊ ဒဠှီယနှင့် ဒဠှီကရဏသည်၄င်း၊ ဆန့်ကျင်နေသဖြင့် သင့်ရောက်သော ဒေါသသည် ဝိရောဓိဒေါသမည်၏။

(၄) သဒ္ဒါ နှစ်ခု အနက်တူပါလျက် ထပ်ဆိုရခြင်းကြောင့် သင့်ရောက်သော ဒေါသသည် ဧကတ္တဒေါသ မည်၏။

(၅) ဆိုပြီးစကားကို ထပ်မံပြခြင်းကြောင့် သင့်ရောက်သော ဒေါသသည် ပုနရုတ္တိဒေါသ မည်၏။

http://www.dhammadownload.com



(၆) အသင့်ယုတ္တိ မရှိခြင်းကြောင့် သင့်ရောက်သောဒေါသည် ဩစိတျဟီနဒေါသ မည်၏
(၇) တစုံတခု အကျိုးအနက် မရှိသဖြင့် သင့်ရောက်သော ဒေါသသည် နိရတ္ထကဒေါသ မည်၏။
(၈) ဆိုပြီးစကားကို ထပ်မံ၍ပြခြင်းကြောင့် သင့်ရောက်သော ဒေါသသည် ဂဠာဂရုဒေါသ မည်၏။
(၉) စကား အနက် အဓိပ္ပါယ် မပြည့်စုံသောကြောင့် သင့်ရောက်သော ဒေါသသည် အပရိပုဏ္ဏ ဒေါသမည်၏။

❀ အဗျာ–တိဗျာ၊ ဝိရောဓာ၊ ကေတ္တာ–ပုနရုတ်။
❀ ဩစိတျာ၊ နိရတ္ထကာ၊ ဂဠာဂရု၊ အပရိပု၊ ကိုးခု ဒေါသပြား။

မှတ်ချက်။ ။ ထို ၉–ပါးတွင်– ––ဝိရောဓိဒေါသနှင့် ဩစိတျဟီန ဒေါသ တို့သည်၄င်း၊ ကေတ္တဒေါသနှင့် ပုနရုတ္တိဒေါသ တို့သည်၄င်း အဓိပ္ပါယ် သဘောသွားတူနေရကား– စာဖြေရာ၌ ဆရာမြတ်တို့ အသုံးများသော ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသတို့ကို ဦးစားပေး၍ သုံးစွဲဖြေဆိုရမည်။

---

"ယောဘုယျအားဖြင့်–ဒေါသပယ်ပုံကို ဝါကျဖြင့်မှတ်သားခြင်း"

၁။ ယုတ္တိဒဠှိ ကရဏဝါကျဖြင့်––––––––––––ဩစိတျဟီန,ဝိရောဓိ ဒေါသကို ပယ်သည်။
၂။ အာဂမဒဠှိကရဏဝါကျဖြင့်––––––––––––ဝိရောဓိ ဒေါသကို ပယ်သည်။
၃။ ဝိသေသဝါကျဖြင့်––––––––––––––––––အတိဗျာပိတ ဒေါသကို ပယ်သည်။
၄။ ပကဏ္ဍရဝါကျဖြင့်–––––––––––––––––––အဗျာပိတ, အပရိပုဏ္ဏဒေါသကို ပယ်သည်။
၅။ ဝါကျာရမ္ဘ, ဥပန္ယာသဝါကျ တို့ဖြင့်–––––––အဗျာပိတ, အပရိပုဏ္ဏ , ပုနရုတ္တိ ကေတ္တ, ဂဠာဂရုဒေါသ တို့ကို ပယ်သည်။
၆။ ဖလဝါကျ, လဒ္ဓဂုဏဝါကျတို့ဖြင့်––––––––နိရတ္ထကဒေါသကို ပယ်သည်။
၇။ ကာရဏဝါကျဖြင့်––––––––––––––––––ဩစိတျဟီန, ဝိရောဓိ ဒေါသကို ပယ်သည်။
၈။ ဝိတ္ထာရဝါကျဖြင့်––––––––––––––––––––ဝိရောဓိ, ပုနရုတ္တိ ဒေါသတို့ကို ပယ်သည်။
၉။ အတိဒေသဝါကျဖြင့်––––––––––––––––ဂဠာဂရု, ပုနရုတ္တိ ဒေါသတို့ကို ပယ်သည်။
၁၀။ အနုသန္ဓေဝါကျဖြင့်–––––––––––––––––ပုနရုတ္တိ ဒေါသတို့ကို ပယ်သည်။
၁၁။ အတ္တုဒ္ဓေသဝါကျဖြင့်––––––––––––––––အတိဗျာပိတ ဒေါသကို ပယ်သည်
၁၂။ သမ္ဘာဝနာ, ဂရဟာဝါကျဖြင့်–– ––––––ဝိရောဓိ ဒေါသကို ပယ်သည်။

http://www.dhammadownload.com



"ဤနိယံများ+ကျက်မှတ်ထား+အဝါးဝ ပါစေ။"

၁။ ဒဋ္ဌိကရဏာ၊ ယုတ္တိပြ၊ သြစိတျပဒီနတင်။
၂။ ဒဋ္ဌိမည်ရှိ၊ ဝိရောဓိ၊ သတ်ိမြဲယှဉ်။
၃။ ဒဋ္ဌိ-အာဂမ၊ ဥပကာ၊ တင်ကြ ဝိရောဓိ။
၄။ ဝိဂ္ဂဟ-သံခိပ်၊ ဥဒ်-နိဒ်-နိဂမ၊ ပါကဋ၊ တင်ကြ ဝိရောဓိ။
၅။ ဝိဂ္ဂဟ-သံခိပ်၊ ဥဒ်-နိဒ်-နိဂမ၊ ပါကဋ၊ ပုနရုတ္တိတင်။
၆။ အနုသန္ဓေပြ၊ ယင်းဝါကျ၊ ပုနရုတ္တိတင်။
၇။ လဒ္ဓဂုဏာ၊ ကျိုးဖလ၊ နိရုတ္တကတင်။
၈။ အတ္ထုဒ္ဓါရ၊ ယင်းဝါကျ၊ နိရုတ္တကတင်။
၉။ လဒ္ဓဒေါသ၊ ယင်းဝါကျ၊ နိရုတ္တကတင်။
၁၀။ ပက္ခန္တရ၊ ဟူလတ်က၊ အဇ္ဈာပိတတင်။
၁၁။ ဝါကျာရမ္ဘ၊ ဟူလတ်က၊ အဇ္ဈာပိတတင်။
၁၂။ အတိဒေသ၊ ယင်းဝါကျ၊ ဂုဏ္ဍ အဇ္ဈာတင်။
၁၃။ ဥပန္ယာသ၊ အာရမ္ဘ၊ အဇ္ဈာပိတတင်။
၁၄။ များမဆက်ဆံ၊ ထူးဟန်ဖော်ပြ၊ ဝိသေသ၊ တင်ကြ-တိဇ္ဈာပင်။
၁၅။ အဓိဝစနံ၊ နာမံ+ဓိဗ္ဗ၊ ဂဟဏော၊ တင်လေ-တိဇ္ဈာပင်။
၁၆။ အတ္ထုဒ္ဓေသ၊ ဝိသေသ၊ တင်ကြ-တိဇ္ဈာပင်။
၁၇။ သဒ္ဒါနှစ်ခု၊ တစ်ခုအတ္ထ၊ တူနေက၊ ကေတ္တဒေါသတင်။
၁၈။ ကိဋ္ဌာ-သတိ၊ကာမံ-ထည့်၍၊ နနုယှဉ်ကာ၊ ချီတက်လာ၊တင်ပါ ဝိရောဓိ။
၁၉။ ဇှတိ-နယာ၊ ရှိလေရာ၊ တင်ပါ ဝိရောဓိ။
၂၀။ သမ္ဘာဝနာ၊ ဂရဟာ၊ တင်ပါ ဝိရောဓိ။

အမှာ။ ။နိယံ- ဆောင်ပုဒ်များ၌ ဒေါသတင်ရန် စပ်ဆိုထားသော်လည်း ဒေါသ ပယ်ရန်အတွက်ပါမှတ်သားရမည်။ ဥပမာ-ပက္ခန္တရဝါကျ များသို့ ကျမ်းတက်လျှင် ရှေ့ပက္ခဝါကျ၌ အဇ္ဈာဝိတ တင်၍ ကျမ်းတက်ရပြီး နောက်ဖြစ်သော ပက္ခန္တရဝါကျဖြင့် ယင်းဒေါသကို ပယ်ချရသည်။ အကျယ်ဖြေပုံ အဓိပ္ပါယ်ကို ဆိုင်ရာဝါကျ အဖြေများ၌ တွေ့ရလိမ့်မည်။

## (ဃ)ဝါကျ၌"တဿာ"ထားရခြင်း

အဘိဓမ္မာ-၌ အဘိသဒ္ဒါ၏ အတိရေကအနက်, ဝိသေသအနက် ဟောတတ်သည်၏အဖြစ်ကြောင့် လွန်သောတရား, ထူးသောတရားကို "အဘိဓမ္မာ" ဟူ၍ ဆိုထိုက်၏ ဟူသော အကျိုးကို ပြလိုသောကြောင့် (ဃ)၌ တဿာ-သဒ္ဒါကို ထားသည်။

http://www.dhammadownload.com



## အတိစ္ဆတ္တနှိ ဝုစ္စတိဒ္ဒ် "ဝုစ္စတိ"ထားရခြင်း

ဤမြို အတိစ္ဆတ္တ- သဒ္ဒါ၏ ကေဒေသျုပစာ, ရှိုးနည်း၏အဖြစ်ကို ပြလိုသောကြောင့် "ဝုစ္စတိ" သဒ္ဒါထားသည်။

၏ သကတ်တစ်ထွေ၊ အဖြေဥပစာ၊ အာသကိဘ၊ ထားရာ -ဝုစ္စတိ။

ဝုစ္စတိ, ဝုတ္တံ၊ နာမ်- ရှိရာ၊ ဥပစာ၊ ကျမ်းလာ မြော်ထောက်ရှု။ (တောင်တွင်း။ ၆၂)

---

## ဓမ္မသင်္ဂဏီဒုတိယနေ့ (၃) နံပါတ်မေးခွန်းထုတ်စည်းမျဉ်း၌---

(၁) ဝါ-အထဝါ- အပိစ-အပရောနယောတို့၏ သဒ္ဒါ-အနက်- အကြောင်း- အကျိုး- ဝါကျလဲလှယ် ပုံကို မေးခြင်း,

(၂) တေန, တသ္မာ, တေနေဝါဟ, တေန ဝုစ္စတိ, တေန ဝုတ္တံ, ဂယောတဗ္ဗံ, ဝတ္တဗ္ဗံ အဓိပ္ပာယ်, ကထိတံ, သမ္ဗဝတော-စသည်ထားပုံ အဓိပ္ပါယ်ကို ဝါကျထုတ်ပြ၍ မေးခြင်း။

(၃) ပုနရုတ္တိဒေါသ-စသော ဂန္ထဒေါသတို့ကို ပါဠိဝါကျထုတ်ပြ၍ မေးခြင်းတို့ ပါရှိသည်။

## "ဝါ, အထဝါ-ထားရခြင်း"

၏ ကြောင်း-ကျိုးနှစ်ခု၊ တစ်ခုခု၊ လဲမှု ဝါ-ထဝါ။ (တောင်တွင်း။ ၁၁၂-၃)

၏ ကြောင်း-ကျိုးနှစ်ပါး ၊ လဲလိုပြား၊ ထားကြ-အပရောသာ။

၏ အနက်-သဒ္ဒါ၊ မပါကြွင်းကျန်၊ ဆိုလတ်ပြန်ရာ၊ ဝါ-ထဝါ။

၏ ရှေး၌-ဓိပ္ပါယ်၊ ကျယ်၍ ချုံးရာ၊ ဝါ, ထဝါ။

၏ ရှေ့ဒ္ဒ် ဆိုလတ်၊ စကားထပ်၍၊ ထူးလတ်ဆိုရာ၊ ဝါ-ထဝါ။ (တွင်းကြီး။၁၂၄။၁၂၅။၁၂၆)

၏ အထဝါ-ကား၊ အကြောင်းတူ၊ အကျိုးမူကား အပြား။

၏ အကျိုးတူ၊ အကြောင်းမူကား အပြား။ (ရှင်တိပိဋကနာဂနိယံ။ ၆၂။) --

ဟူသော နိယံများ အရ ----

၁။ အကြောင်းကို လဲလှယ်လိုရာ၌၄င်း။

၂။ အကျိုးကို လဲလှယ်လိုရာ၌၄င်း။

၃။ အကြောင်း-အကျိုးနှစ်ပါးကို လဲလှယ်လိုရာ၌၄င်း။

၄။ အနက်ကြွင်း, အနက်ကျန်ကို လဲလှယ်လိုရာ၌၄င်း။

၅။ သဒ္ဒါကြွင်း, သဒ္ဒါကျန်ကို လဲလှယ်လိုရာ၌၄င်း။

၆။ ရှေ့အဓိပ္ပါယ် ကျယ်နေသည်ကို အကျဉ်းချုံးပြလိုရာ၌၄င်း။

၇။ ရှေ့စကားထက် ထူးသောအရာကို ပြလိုရာ၌၄င်း "ဝါ-အထဝါ" သဒ္ဒါ ထားကြသည်၊ ထိုပွင်-အကျိုးလဲရာ၌ အကြောင်းတူ၍ အကျိုးပြား ဖြစ်စေရမည်။

အကြောင်းလဲရာ၌ အကျိုးတူ၍ အကြောင်းပြား ဖြစ်စေရမည်။

အကြောင်း+အကျိုး၂-မျိုးလဲရာ၌ အကြောင်းလည်းပြား,အကျိုးလည်းပြား ဖြစ်စေရမည်၊

http://www.dhammadownload.com



" အပိစ, အပရောနယော ထားရခြင်း"

'အပိစ– အပရော နယော၊ တက်သော ဝါကျ၊ ရှေ့အတ္တမှ၊ ထူးထအနက်၊ ဆိုလျက်တက်။

အပရောနယော၊ အတ္တနောမတိ၊ မှတ်သားဘိ– (တွင်းကြီးနိုယ်။ ၆၀။ ၁၄၀။)

သဒ္ဒါ–အနက်၊ ကြောင်း–ကျိုး နှစ်ပါး၊ လဲလိုပြား၊ ထားကြ အပရော–သာ'

ဟူသည်နှင့် အညီ –

၁။ ရှေ့၌ ဆိုအပ်ခဲ့ပြီးသော အနက်မှ ထူးသောအနက်ကို ပြလိုရာ၌၄င်း၊

၂။ အတ္တနောမတိဟူသော မိမိအယူအဆဝါဒကို ပြလိုရာ၌၄င်း၊

၃။ သဒ္ဒါ–အနက်၊ အကြောင်း–အကျိုး တစ်မျိုးမျိုးကို လဲလိုရာ၌၄င်း၊

"အပိစ" သဒ္ဒါ, "အပရောနယော" သဒ္ဒါတို့ကို ထားကြသည်။

မှတ်ချက်။ ။သဒ္ဒါလဲရာ၌ အနက်တူ၍ သဒ္ဒါပြား ဖြစ်စေရမည်။
အနက်လဲရာ၌ သဒ္ဒါတူ၍ အနက်ပြား ဖြစ်စေရမည်။

"သဒ္ဒါ–အနက် ခွဲခြားပုံ"

(က) ပုဒ်, ဓာတ်, ပစ္စည်း, ဝိဘတ်များကို "သဒ္ဒါ" ဟုမှတ်။

(ခ) ပုဒ်အနက်, ဓာတ်အနက်, ပစ္စည်းအနက်, ဝိဘတ်အနက်, အရကောက်အနက်နှင့် အဓိပ္ပါယ် အနက်တို့ကို "အနက်" ဟုမှတ်။

(ဂ) ပုဒ်–ဓာတ်–ပစ္စည်း–ဝိဘတ်–ပြောင်းလဲလျှင် သဒ္ဒါလဲ (အကျိုးလဲ) ဟုမှတ်။

(ဃ) ပုဒ်အနက်, ဓာတ်အနက်, ပစ္စည်းအနက်, ဝိဘတ်အနက်, အရကောက် အနက်နှင့် ဝိဂ္ဂဟဝါကျ (ဗျုပ္ပတ်) ပြောင်းလဲလျှင် (အကြောင်းလဲ) ဟု မှတ်ရမည်။

"ဟိ, စ, ပန, ဝိ, အပိ–သဒ္ဒါများထားရခြင်း"

ဝိဂ္ဂါရဓောတက အဖြစ်ကို ပြလိုသောကြောင့် (ဝါ) ရှေ့သင်္ခေပစကားကို ချဲ့ပြလိုသောကြောင့် ဟိ–သဒ္ဒါ ထားသည်။ ဤသို့စသည်ဖြင့် ဟိ–စ–ပန–စသည်တို့၏ ယောအပ်သော အတ္တာနုရူပအားလျော်စွာ ပြောင်းလဲ ဖြေဆိုတတ်ရမည်။

(၁) "တေန, တသ္မာ–ထားရခြင်း"

"လဒ္ဒဂုဏ၊ ကျိုးဖလနှင့်၊ ကာရဏ, ဒဋ္ဌိ၊ တလီ နိဂမ၊ ပြလိုက၊ တေန–တသ္မာထား"–

ဟူသည်နှင့် အညီ– လဒ္ဒဂုဏ်ကို ပြလိုရာ၌၄င်း,
အကျိုးဖလကိုပြလိုရာ၌၄င်း,
မိမိစကားကို ခိုင်မြဲအောင် ပြလိုသော ဒဋ္ဌိကရဏကို ပြလိုရာ၌၄င်း၊
နိဂုံးကိုပြလိုရာ၌၄င်း တေန (ဝုဒ္ဓ်, အာဟ) တသ္မာ (ဝုတ္တံ) တို့ကို ထားလေ့ရှိသည်။

http://www.dhammadownload.com



(၂) "တေနေဝါဟ, တေနာဟ, တေန ဝုစ္စတိ, တေနဝုတ္တံ ထားရခြင်း

"လဒ္ဓဂုဏာ၊ နိဂမနင့်၊ အာဂမ ဒင္ဌေ၊ ပြလိုပေ၊ တေနေဝါဟထား" ဟူသည်နှင့်

အညီ- ၁။ လဒ္ဓဂုဏ်ကို ပြလိုရာ၌၄င်း၊

၂။ နိဂုံးကို ပြလိုရာ၌၄င်း၊

၃။ အာဂမဒဠှီကို ပြလိုရာ၌၄င်း "တေနေဝါဟ" စသည်ကို ထားသည်။

(၃) "ဝုစ္စတိ-(ဝုစ္စတေ)ဝုတ္တံ ထားရခြင်း

"သကတ် တစ်ထွေ၊ အဖြေ-ဥပစာ၊ အာသင်္ကာ၊ ထားရာ-ဝုစ္စတိ" ဟူသည်နှင့်

အညီ- ၁။ သကာတ်ကို ပြလိုရာ၌၄င်း၊

၂။ အဖြေဝိသဇ္ဇနာကို ပြလိုရာ၌၄င်း၊

၃။ ဥပစာကို ပြလိုရာ၌၄င်း၊

၄။ ယုံမှားအာသင်္ကာကို ပြလိုရာ၌၄င်း ဝုစ္စတိ (ဝုစ္စတေ) သဒ္ဒါကို ထားလေ့ရှိသည်။

(၄) (တနည်း) ဝုစ္စတိ, (ဝုတ္တံ)ထားရခြင်းနှင့် နာမ-ထားရခြင်း

"ဝုစ္စတိ, ဝုတ္တံ၊ နာမ-ရှိရာ၊ ဥပစာ၊ ကျမ်းလာ မြော်ထောက်ရှု" ဟူသည်နှင့် အညီ -ဥပစာအဖြစ်ကို (ယေဘုယျအားဖြင့် ဧကဒေသူပစာ အဖြစ်ကို) ပြလိုရာ၌ " ဝုစ္စတိ, ဝုတ္တံ, နာမ-"သဒ္ဒါတို့ကို ထားလေ့ရှိသည်။

(၅) ဂဟေတဗ္ဗာ, ဝတ္တဗ္ဗာ,စသည်ထားရခြင်း

(က) ဂဟေတဗ္ဗာ, ဝတ္တဗ္ဗာနှင့်၊ သတ္တာ လည်းပြ၊ သာမညမှ၊ ဌာန ဝိသေ၊ တည်သင့်ပေလှ၊ အတ္ထယုတ္တိ၊ ကြံတွေးရှိ၊ (တွင်းကြီး။ ၃၂။)

(ခ) ဂဟေတဗ္ဗာ, ဝတ္တဗ္ဗာနှင့်၊ ပန္နာတစ်ဖုံ၊ ဝတ္တုံ ယုဇ္ဇတိ၊ သတ္တာ - ရှိက၊ သာမညမှ၊ ခွဲကြ ဝိသေ၊ လျော်စွာပေ၊ စမ်းလေ အတ္ထမှာ-ဟူသည်နှင့် အညီ သာမညအနက်မှ ဝိသေသအနက်ကိုသာ ခွဲထုတ်ပြလိုရာ၌ " ဂဟေတဗ္ဗာ, ဝတ္တဗ္ဗာ, ဥပပန္နာ, ဝတ္တုံ ယုဇ္ဇတိ, သတ္တာ "-သဒ္ဒါတို့ကို ထားလေ့ရှိသည်။

(၆) "အဓိပ္ပေတာ, ကထိတာ"သဒ္ဒါ ထားရခြင်း

(က) သာမညမှ၊ အတ္ထဝိသေ၊ တစ်ထွေ စကားလှ၊ ပြလိုမှု၊ မှတ်ရှု ကထိတာ၊ အဓိပေတာ။

(ခ) အဓိပ္ပေတာ၊ နည်းတူကြံ၊ လှရန် စကားမှာ။

(ဂ) သူကလှိုင်မှု၊ စကားလှ၊ ထားမှု ကထိတာ။

(ဃ) ဥပစာရ၊ အာသင်္ကာ၊ ထားကြ ရံတစ်ခါ။ ဟူသည်နှင့် အညီ-

၁။ သာမညမှ ဝိသေသအနက်ကို ထုတ်ပြလိုရာ၌၄င်း၊

၂။ စကားလှကို ပြလိုရာ၌၄င်း အဓိပ္ပေတာ, ကထိတာ- သဒ္ဒါ ထားလေ့ရှိသည်။

http://www.dhammadownload.com



### (၇) သမ္ဘဝတိ, သမ္ဘဝါ, သမ္ဘဝတော–သဒ္ဒါထားရခြင်း

(က) သမ္ဘဝတိ၊ စသည်ရှိက၊ ဗျာဘိစာရော၊ သြစိတျ၊ အတ္ထရောက်ရာ၊ ကျမ်းတွင်လာ။ (တွင်ကြီး။၃၃။)

(ခ) အတ္ထာပန္န၊ ပြလိုက၊ သမ္ဘဝတော ထား။ ဟူသည်နှင့်အညီ–

၁။ ယုံမှားသင်္ကာရှိခြင်း– ဗျာဘိစာရအဖြစ်ကို ပြလိုရာ၌၄င်း၊

၂။ တိုက်ရိုက်လာသော ပါဠိနှင့် သင့်တင့်ညီညွတ်ခြင်းကို ပြလိုရာ၌၄င်း၊

၃။ သဒ္ဒါအားဖြင့် တိုက်ရိုက်မပြသော်လည်း အနက်အားဖြင့်ရောက်သော အတ္ထာပန္န အဖြစ်ကို ပြလိုရာ၌၄င်း "သမ္ဘဝတိ, သမ္ဘဝါ, သမ္ဘဝတော" စသည်ဖြင့် "သမ္ဘဝ" သဒ္ဒါကို ထားလေ့ရှိသည်။

### (၈) အဓိဝစနံ,နာမံ သဒ္ဒါထားရခြင်း

အဓိဝစနံ, နာမံရှိက, များလှနက်တွင်, လိုအင်နက်မို, ထင်ရှဋ္ဌိ, စွဲသည် ကေန္တ။ ဟူသည်နှင့် အညီ များစွာသော အနက်တို့တွင် ဤ၌ လိုအပ်သော အနက်ကို အထင်ရှဋ္ဌိ ကေဒေသျုပစာအားဖြင့် ပြလိုရာ၌ "အဓိဝစနံ, နာမံ" သဒ္ဒါတို့ကို ထားလေ့ရှိသည်။

### (၉) အဓိပ္ပါယော, အဓိပ္ပေတော– သဒ္ဒါ ထားရခြင်း

အဓိပ္ပါယော, အဓိပ္ပေတော ရှိက၊ ဂူဠှတ်ဖော်ပြ၊ စကားကျ– ဟူသည်နှင့် အညီ တိမ်မြုပ် ကွယ်ဝှက် ငုတ်လျှိုး နေသော အနက်ကို ဖော်ထုတ်၍ စကားကျအဓိပ္ပါယ်ကို ပြလိုရာ၌ "အဓိပ္ပါယော, အဓိပ္ပေတော"–တို့ကို ထားလေ့ရှိသည်။

### (၁၀) ဣဒံ ဝုတ္တံ ဟောတိ–ထားရခြင်း

(က) ဣဒံ ဝုတ္တံ၊ ဟောတိခံက၊ နေယျ–ဝင်္ကံ၊ ဂူဠှတ္ထကြောင့်၊ ထိုက်စွာဖြောင့်ပြ၊ ပိဏ္ဍတ္ထ၊ မှတ်ကြကျမ်းဂန်မှာ။

(ခ) ဣဒံ ဝုတ္တံ၊ ဟောတိခံ၊ မှတ်ရန်ဝါကျ၊ ပိဏ္ဍတ္ထ– ဟူသည်နှင့် အညီ နေယျတ္ထ, ဝင်္ကတ္ထ, ဂူဠှတ္ထကြောင့် တိမ်မြုပ် ကွယ်ဝှက် ကောက်ကွေးနေသော အနက်ကို ထိုက်သည့်အားလျော်စွာ အဖြောင့်–ဥဇုကတ္ထ–ဝါကျပိဏ္ဍတ္ထအားဖြင့် ပြလိုရာ၌"ဣဒံ ဝုတ္တံ ဟောတိ" သဒ္ဒါ ထားလေ့ရှိသည်။

### (၁၁) ဣတိ ဝုတ္တံ ဟောတိ, သိဒ္ဓံ–ထားရခြင်း။

ဝုတ္တံ ဟောတိ၊ သိဒ္ဓံရှိက၊ နေယျတ်သိုလှ၊ စကားကျ– ဟူသည်နှင့် အညီ ဆောင်၍သိအပ်သော နေယျတ္ထ, တိမ်မြုပ်ကွယ်ဝှက်သော ဂူဠှတ္ထ, အဓိပ္ပါယ်စကားကျတို့ကို ပြလိုရာ၌ "ဣတိ ဝုတ္တံ ဟောတိ"–သဒ္ဒါ, " သိဒ္ဓံ " သဒ္ဒါကို ထားလေ့ရှိသည်။

(တနည်း) ဣတိ ဝုတ္တံ၊ ဟောတိခံ၊ မှတ်ရန်ပဒ၊ ပိဏ္ဍတ္ထ၊ ဟူသည်နှင့် အညီ––ပဒပိဏ္ဍတ္ထကို ပြလို၍ " ဣတိ ဝုတ္တံ ဟောတိ " သဒ္ဒါ ထားလေ့ရှိသည်။

http://www.dhammadownload.com



(၁၂) သေယျထိဒံ–သင်္ကေတထားရခြင်း

သေယျထိဒံ၊ တက်လာပြန်၊ ဖော်ရန် ဂုဏ္ဍ – ဟူသည်နှင့် အညီ တိမ်မြုပ် ကွယ်ဝှက်နေသော အနက်တည်းဟူသော ဂုဏ်တွက်ကို ဖော်ထုတ်ပြလိုရာ၌ "သေယျထိဒံ" –သင်္ကေတ ထားလေ့ရှိသည်။

(၁၃) သေဝနယော, သေနယော–သင်္ကေတထားရခြင်း

လုံးစုံအတွာ၊ တူညီမျှ၊ သေဝနယောကို– ဟူသည်နှင့် အညီ ရှေ့ဆိုခဲ့ပြီး စကားရပ်နှင့် ဝစနတွာပြုနည်း, အဓိပ္ပါယ်ယူနည်း အလုံးစုံ တူညီနေသည်ကို ပြလို၍ " သေဝနယော " သင်္ကေတ ထားလေ့ရှိသည်။

တစ်စိတ်မတူ၊ တစ်စိတ်တူ၊ သုံးမူ သေနယောကို– ဟူသည်နှင့် အညီ ရှေ့ဆိုခဲ့ပြီးသော စကားရပ်နှင့် ဝိဂ္ဂဟပြုနည်း, အဓိပ္ပါယ်ယူနည်း တစ်စိတ် တစ်ဒေသအားဖြင့် တူညီနေသည်ကို ပြလို၍ " သေနယော "–သင်္ကေတ ထားလေ့ရှိသည်။

(၁၄) ဇွောဟ, ဇွေသိယာ, တတ္တောဟ, တတ္တသိယာ–ထားရခြင်း

(က) ပုဒ်ဇွောဟ၊ ရှိလတ်က၊ စောဒကစကား။ (တောင်တွင်းနိယံ)

(ခ) ဇွောဟမှာ၊ စောဒကာ၊ နှစ်ဖြာလုံးပင်၊ မဟုတ်လျှင်ဟု၊ သူပယ်စွာ။ (ရွှေ) ဟူသည်နှင့် အညီ စောဒကပုဂ္ဂိုလ်၏ အနက်၌ ယုံမှားမှု (အတ္တအာသင်္ကာ) အကျိုး၌ ယုံမှားမှု (ဖလအာသင်္ကာ) ရှေ့ကရှိဘူးသဖြင့် မေးမြန်းသော အရာမျိုးကို ထုတ်ပြလို၍ " ဇွောဟ "–သင်္ကေတ ထားလေ့ရှိသည်။

ဇွေသိယာ၊ ပုဒ်ပါ၌လာ၊ စောဒနာစကား။ (အာချာတ်သာမိ ၁၀၉) နှင့် အညီ– ယင်းသို့ မမေးမြန်းဘူးသော်လည်း သောတုဇနတို့ အကျိုးငှါ (ဤနေရာမျိုး၌ စောဒနာနိုင်သည်ဟု) အဋ္ဌကထာဆရာ၏ ပရိကပ္ပစောဒနာကို ထုတ်ပြလိုရာ၌ " ဇွေသိယာ, တတ္တသိယာ " ထားလေ့ရှိသည်။

(၁၅) ဇွေစ , စေတ္တ ထားရခြင်း

(က) ဇွေစမှာ၊ လိနတ္ထာ၊ စုဒ်လာ အဖြေပြ။

(ခ) စေတ္တပုဒ်မှာ၊ ဝိသယာ၊ ပြန်ကာ ဈတိပြ။ ဟူသည်နှင့် အညီ လိနတ္တဖြစ်သော ရှေ့ဝါကျ၌ စောဒနာဖွယ်ရှိ၍ ထိုစောဒနာ၏ အဖြေကိုပြလို၍ (ဝါ) ပြလိုရာအခါ, ပြလိုရာဌာနတို့၌ " ဇွေစ "သင်္ကေတထားသည်။

လိနတ္တဖြစ်သောရှေ့ပုဒ်၌ စောဒနာဖွယ်ရှိ၍ ထိုစောဒနာ၏အဖြေကို ပြလိုသောကြောင့် (ဝါ) ပြလိုရာအခါ, ပြလိုရာဌာနတို့၌ "စေတ္တ" ပုဒ်ကို ထားလေ့ရှိသည်။

"ယထာဟ–သင်္ကေတထားရခြင်း"

အမေးပုစ္ဆာကို (တနည်း) ဒဠှီကရဏ, အာဂမ, သာဓက, ဥာပကတို့ကို ပြလိုသောကြောင့် " ယထာဟ " သင်္ကေတ ထားသည်။

အမှာ။ ။ ဥဒါဟရဏ်ပုံစံနှင့် တကွ ရှင်းလင်းဖြေချက်များကို ဆိုင်ရာဝါကျများ၌ ရှုပါ။

==========================

http://www.dhammadownload.com



## ၄။ "ဈာနပစ္စယ စတုက္က ထုတ်ပုံ"

ဈာနပစ္စယစတုက္ကဟူသည်– ၁။ ဈာနပစ္စယ ၂။ ဈာနပစ္စယနိမိတ်
၃။ ပဝတ္တိ ၄။ ပဝတ္တိနိမိတ်– တို့တည်း။
ယင်းဈာနပစ္စယစတုက္ကခွဲရာ၌– ၁။ အဘိဓာန်ဋီကာနည်း၊
၂။ သောဒစိန္တာဒီပနီနည်းဟု ၂–မျိုးရှိသည်။
မိမိကြိုက်နှစ်သက်ရာနည်းဖြင့် ဖြေဆိုနိုင်သည်။

### အဘိဓာန်ဋီကာနည်း စတုက္ကခွဲပုံ

ပရမတ္ထောဝ ဈာနပစ္စယ ၊ တံနိမိတ္တံ တု ဓာတွာဒိ ။
ပဝတ္တိ ဟောတိ ပညတ္တိ ၊ တံနိမိတ္တံ တု ဓာတွာဒိ။ ဟူသည်နှင့် အညီ
၁။ အစိတ် အစိတ်ဖြစ်သော ပရမတ္ထသဒ္ဒါသည် ဈာနပစ္စယမည်၏။
၂။ ကိတ်ပုဒ်၌ ဓာတ်–ပစ္စည်းသည်၄င်း, ကြိယာသည်၄င်း၊
သမာသ်ပုဒ်၌ အစိတ် အစိတ်ပုဒ်သည်၄င်း, သမ္ဗန်သည်၄င်း၊
တဒ္ဓိတ်ပုဒ်၌ ပုဒ်ပစ္စည်းသည်၄င်း, သမ္ဗန်သည်၄င်း ဈာနပစ္စယနိမိတ်မည်၏။
၃။ အပေါင်း ပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။
၄။ ဓာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမ်ငါးပါးတွင် တမျိုးမျိုးသည် ပဝတ္တိနိမိတ်မည်၏။

မှတ်ချက်။ ။ ဓာတုသဒ္ဒါဖြစ်က ဓာတ်ကို ပဝတ္တိနိမိတ်ထုတ်၊
ဂုဏသဒ္ဒါဖြစ်က ဂုဏ်ကို ပဝတ္တိနိမိတ်ထုတ်၊
ကြိယာသဒ္ဒါဖြစ်က ကြိယာကို ပဝတ္တိနိမိတ်ထုတ်၊
ဒဗ္ဗသဒ္ဒါဖြစ်က ဒြပ်ကို ပဝတ္တိနိမိတ်ထုတ်၊
နာမသဒ္ဒါဖြစ်ကနာမပညတ်ကို ပဝတ္တိနိမိတ်ထုတ်၊

ကိတ်ပုဒ်အရာ၌ ယင်းကိတ်ပုဒ်သည် ကြိယာသဒ္ဒါဖြစ်ခဲ့သော်---
❁ အစိတ်ကြောင်းရှာ၊ ကြိယာ၊ မှန်စွာ ဈာနပစ္စယ။
❁ အပေါင်းကြောင်းရှာ၊ ကြိယာ၊ သညာ ပဝတ္တိ– ဟူသော
(တောင်တွင်း။ ၁၄၆။ ၁၄၇။) နိယံများနှင့် အညီ––
(က) အစိတ်ပရမတ္ထ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြိယာသည် ဈာနပစ္စယနိမိတ် မည်၏။
(ခ) အပေါင်းပညတ္တိ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကြိယာသည် ပဝတ္တိနိမိတ် မည်၏ ဟု ထုတ်။

ဂေါ–စသော တစ်လုံးတည်းသာ ရှိသော သဒ္ဒါမျိုး၌---
(က) ပဌမဝိဘတ်, ဒုတိယာဝိဘတ်၏ အာရုံဖြစ်သော ပရမတ္ထ ဂေါသဒ္ဒါသည် ဈာနပစ္စယ မည်၏။
(ခ) တတိယာဝိဘတ်, စတုတ္ထဝိဘတ်၏ အာရုံဖြစ်သော ပညတ္တိ ဂေါသဒ္ဒါသည် ပဝတ္တိ မည်၏ ဟု ထုတ်။

http://www.dhammadownload.com



## ဘာဒစိန္တာဒိပနိနည်း ဗျဉ္ဇနတ္ထိစတုက္ကခွဲပုံ

ဝိဂ္ဂဟောဇဝ ဗျဉ္ဇနတ္ထိ၊ နိပ္ဖန္နော ပဝတ္တိ မတော။
ဒွေ နိမိတ္တာဘိဓာန-ဋီကာယံ ဝုတ္တာသဒိသာ။

ဟူသည်နှင့် အညီ --

၁။ ဝိဂြိုဟ်ဝါကျသည် ဗျဉ္ဇနတ္ထိ မည်၏။

၃။ နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ မည်၏။

၂+၄။ ဗျဉ္ဇနတ္ထိနိမိတ်, ပဝတ္တိနိမိတ် ထုတ်ပုံမှာ အဘိဓာန်ဋီကာနည်းနှင့် တူ၏။

## သဒ္ဒါ ၅ မျိုး ဗျဉ္ဇနတ္ထိစတုက္ကထုတ်ပုံ (နမူနာ ပုံစံ)

### (၁) ဓာတ်သဒ္ဒါထုတ်ပုံ

အသတိ ဘက္ခတီတိ အသော။

၁။ အသ်-ဟူသော, သော-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျဉ္ဇနတ္ထိ မည်၏။

၂။ အသဓာတ်, သပစ္စည်းသည်၄င်း, စားခြင်းကြိယာသည်၄င်း ဗျဉ္ဇနတ္ထိနိမိတ် မည်၏။

၃။ အသော-ဟူသော အပေါင်း ပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ မြင်းတို့၏ တစ်ကောင်သည် တစ်ကောင်နှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ် မည်၏။ (ဤကား အဘိဓာန်ဋီကာနည်းတည်း)

### (တနည်း) ဘာဒစိန္တာဒိပနိနည်း-ထုတ်ပုံ

၁။ အသတိ ဘက္ခတိ ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျဉ္ဇနတ္ထိမည်၏။

၂+၃။ အသော ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ပဝတ္တိမည်၏။

၂+၄။ ဗျဉ္ဇနတ္ထိနိမိတ် ပဝတ္တိနိမိတ်တို့မှာ အဘိဓာန်ဋီကာနည်းအတိုင်း။

### (၂) ဂုဏသဒ္ဒါထုတ်ပုံ

မဟန္တော ပုရိသော မဟာပုရိသော

၁။ မ-ဟူသော, ဟာ-ဟူသော, ပု-ဟူသော, ရိ-ဟူသော, သော-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျဉ္ဇနတ္ထိ မည်၏။

၂။ မဟန္တပုဒ်, ပုရိသပုဒ်သည်၄င်း, မြတ်သောဂုဏ်၏ ယောက်ျားဒြဗ်နှင့် ဂုဏ်+ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၄င်း ဗျဉ္ဇနတ္ထိနိမိတ် မည်၏။

၃။ မဟာပုရိသောဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ မည်၏။

၄။ မြတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ် မည်၏။

http://www.dhammadownload.com



## (၃) ကြိယာသဒ္ဒါထုတ်ပုံ

**ပစတီတိ ပါစကော။**

၁။ ပါ–ဟူသော, စ–ဟူသော, ကော–ဟူသော အစိတ်––ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ မည်၏။

၂။ ပစ–ဓာတ်, ဏွု–ပစ္စည်းသည်၄င်း၊ ပ–ဟူသော, စ–ဟူသော, တိ–ဟူသော အစိတ် ပရမတ္ထ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ချက်ခြင်းကြိယာသည်၄င်း ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ ပါစကော–ဟူသော အပေါင်း ပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ ပါစကော–ဟူသော အပေါင်း ပညတ္တိသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ချက်ခြင်း ကြိယာသည် ပဝတ္တိနိမိတ်မည်၏။

## (၄) ဒဗ္ဗ သဒ္ဒါထုတ်ပုံ

**ဒဏ္ဍော အဿ အတ္ထီတိ ဒဏ္ဍီ။**

၂။ ဒဏ္ဍ–ပုဒ်၊ ဤ–ပစ္စည်းသည်၄င်း, တောင်ဝှေးဒြဗ်၏ လူဖြစ်နှင့် ဌာန+ဌာနီ၊ နိဿယ+နိဿိတ အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည်၄င်း ဗျုပ္ပတ္တိနိမိတ် မည်၏။

၄။ တောင်ဝှေးဒြဗ်သည် ပဝတ္တိနိမိတ်မည်၏။

## (၅) နာမသဒ္ဒါထုတ်ပုံ

**စိတ္တေတိ ဝိစိတ္တေတိ စိတ္တော။**

၂။ စိတ္တဓာတ်+အပစ္စည်းသည်၄င်း, ဆန်းကြယ်ခြင်း ကြိယာသည်၄င်း ဗျုပ္ပတ္တိနိမိတ် မည်၏။

၄။ စိတ္တ (သူကြွယ်)ဟူသော နာမပညတ်သည် ပဝတ္တနိမိတ် မည်၏။

အမှာ။ ။ ဗျုပ္ပတ္တိ စတုက္ကထုတ်ပုံမှာ ပါရာဇိကဏ် (၄)နံပါတ် ဝိဂ္ဂဟနှင့် ဉာသ်ကောက်ပုံကို သဘောပေါက်က မခက်လှပါ၊ အဘိဓာန်ဋီကာနည်းနှင့် ဆောဒစိန္တာဒီပနီနည်းတို့၏ ထူးခြားဟန်ကို မှတ်သားထားရမည် ။
ပဝတ္တိနိမိတ်ထုတ်ရာ၌ ––––––––
(မိမိဆိုထားသော ဝိဂ္ဂဟသဒ္ဒါအပေါ် ဘာဝတဒ္ဓိတ်ဆင့်ပြီးလျှင်)
ဇာတိသဒ္ဒါဖြစ်က ဇာတ်ကို, ဂုဏသဒ္ဒါဖြစ်က ဂုဏ်ကို,
ကြိယာသဒ္ဒါဖြစ်က ကြိယာကို , ဒဗ္ဗသဒ္ဒါဖြစ်ကဒြဗ်ကို ,
နာမသဒ္ဒါဖြစ်က နာမည်ပညတ်ကို အသီးသီး ပဝတ္တိနိမိတ် ထုတ်ရသည်။
ဘာဝတဒ္ဓိတ် ၅–မျိုး ဉာသ်ကောက်ပုံကို ပြန်လေ့လာပါ။
နောင်လာလတံ့သော ပုံစံများ၌ အဘိဓာန်ဋီကာနည်းကို ဦးစားပေးပြဆိုသွားမည်။
ထူးခြားမှုရှိသော (၂)ဗျုပ္ပတ္တိနိမိတ်နှင့် (၄) ပဝတ္တိနိမိတ်ကိုသာ ထုတ်ပြသွားမည်။

––––––––––––––––––––––––

http://www.dhammadownload.com



## ၄ =နံပါတ်အဖြေ။

အဘိက္ကန္တော ဝဏ္ဏော ဧတိဿာတိ အဘိက္ကန္တဝဏ္ဏာ။

၁။ အ–ဟူသော, ဘိက်–ဟူသော, ကန်–ဟူသော, တ–ဟူသော, ဝဏ်–ဟူသော, ဏာ–ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိမည်၏။

၂။ အဘိက္ကန္တပုဒ်, ဝဏ္ဏပုဒ်သည်၄င်း, အလွန်နှစ်သက်ဖွယ်ကောင်းသော အဆင်း၏+နတ်သား ဒြဗ်နှင့် ဂုဏ်+ဂုဏ်ဖော၊ ဒွာနီ+ ဒွာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၄င်း ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ အဘိက္ကန္တဝဏ္ဏာ–ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ အလွန် နှစ်သက်ဖွယ်ကောင်းသော အဆင်းတည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်မည်၏။

## "ဝစနတ္ထမှတ်ဖွယ်"

* ဓာရေတီတိ ဓမ္မော။ အတိရေစတီတိ အတိရေကော။
* အတိရေကော ဓမ္မော အတိရေကဓမ္မော။

၂။ အတိရေကပုဒ်, ဓမ္မပုဒ်သည်၄င်း၊ အတိရေကသောဂုဏ်၏ (အဘိဓမ္မ) ပါဠိနှင့် ဂုဏ်+ဂုဏဖောစပ်– ၄င်း ဗျု–နိ။

၄။ အဘိဓမ္မ၏ အတိရေကဂုဏ်သည် ပ–နိ။

* ဝိသေသေတီတိ ဝိသေသော။ ဝိသေသီယတိ အနေနာတိ ဝါ ဝိသေသော။
* ဓမ္မာတိရေကော စ ဓမ္မဝိသေသော စ ဓမ္မာတိရေကဓမ္မဝိသေသာ။

၂။ လွန်ကဲသော ပါဠိနှင့် ထူးသောပါဠိတို့၏ အချင်းချင်း ဒွံသကဲ့သို့ ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည် ဗျု–နိ။

၄။ အဘိဓမ္မာ၏ အတိရေကဂုဏ်, ဝိသေသဂုဏ်တို့သည် ပ–နိ။

* အရီယတိ ဉာယတီတိ အတ္ထော။ (အရ+ထ)
* ဓမ္မာတိရေက ဓမ္မဝိသေသာ ဧဝ အတ္ထော ဓမ္မာတိရေက ဓမ္မဝိသေသတ္ထော။

၂။ လွန်ကဲသောပါဠိ, ထူးသောပါဠိ၏ အနက်နှင့် ဂုဏ်+ဂုဏဖော ဝိသေသန+ဝိသေသျ စပ် ဗျု–နိ။

၄။ လွန်ကဲသောပါဠိ, ထူးသောပါဠိ–ဟူသော အနက်တို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည်– ပ–နိ။

* ဗဟုန္တိ ဝုဒ္ဓိံ ဂစ္ဆန္တီတိ ဗာဠှာ။ (ဗဟ+တ)
* ဗဟုံ လာတီတိ ဝါ ဗာဠှာ။ (ဗဟု–လာ+အ။)
* သမ္မာ ဥဿာဝီယတေတိ သမုဿိတံ။ (သံ,ဥ+သိ+တ) (ကောင်းစွာရိုက်ထူခြင်းကြိယာ)
* အတိရေကံ ပမာဏံ ယဿာတိ အတိရေကပမာဏံ။ (ထီး)
* ဝိသေသံ ဝဏ္ဏသဏ္ဌာနံ ယဿာတိ ဝိသေသဝဏ္ဏသဏ္ဌာနံ။ (ထီး)
* အာတပံ ဆာဒေတီတိ ဆတ္တံ။ (ဆဒ+တ) အတိရေကံ ဆတ္တံ အတိဆတ္တံ။
* ဝါရေတီတိ ဝဏ္ဏာ။ (ဝရ+ဏ) (ဏှာဒိမောက်)
* ယထာဝါတံ ဓဝတီတိ ဓဇော။ (ဓဇ+အ)

http://www.dhammadownload.com



## (၅) နံပါတ် "စည်းမျဉ်းအဖြေ သိမှတ်ဘွယ်အကျဉ်း"

---

လိင်, ဂဏ, ဂဏဝိမုတ်, အန္တနှင့် တကွသော သမာသပဒ စသည်ကို မေးခြင်း။

လိင်။ ။ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်, ဒွိလိင်, တိလိင်, အလိင်-တို့ကို ဖော်ရမည်။ ဤ၌-လုံးဝရုပ်စဉ်မရသော ဥပသာရပုဒ်, နိပါတ်ပုဒ်များ။ ရုပ်စဉ်၍ ရသော်လည်း လိင်ကြောင့် ရုပ်ထူးမရှိသော ပဉ္စအစ အဋ္ဌာရသ -အဆုံးရှိသော သချာသဒ္ဒါ, တုမ္ဟသဒ္ဒါ,အမှသဒ္ဒါတို့ကို " အလိင် " ဟု မှတ်ရမည်။

ဂဏ။ ။(က) နာမ် အတွက် ပုရိသာဒိစသည်
(ခ) အာချာတ် အတွက် ဘူဝါဒိစသည်
(ဂ) ဥပသာရ, နိပါတ် တို့အတွက် ဂဏဝိမုတ်-ဟု ဖော်ရမည်။

အန္တ။ ။ အကာရန္တ, အာ-ကာရန္တစသည်။
(ကာရန္တ - ယူရာ၌ ပကတိကာရန်ကိုသာ ယူ။ ပကတိကာရန် ဟူသည် - ရုပ်စဉ်၍ ရကောင်းသော ပုဒ်များ၌ ရုပ်တည်သောအခါ နောက်ဆုံးသရ ပင်တည်း။ အာချာတ်ပုဒ်၌ ဓာတ်ကို ကာရန်ယူ။ ဥပမာ-ဂစ္ဆတိ၌ ဂမုဓာတ်ဖြစ်၍ ဥ-ကာရန်။ ဟောတိ-၌ ဦကာရန်-စသည်။)
ဤကား-မိမိတို့၏ ဆရာစဉ်ဆက် ဝါဒတည်း။ အချို့ဆရာတို့ကား နိပ္ဖန္နပုဒ်၏ လက်ရှိကာရန်ကိုပင် ယူကြသေးသည်။ ဝါဒန္တရ-ဟုမှတ်။

ပဒ။ ။နာမ်- အာချာတ်- ဥပသာရ- နိပါတ်တို့တည်း။ ထိုတွင်- နာမ်ဖြစ်လျှင် နာမနာမ်, သဗ္ဗနာမ်, သမာသနာမ်, တဒ္ဓိတ်နာမ်, ကိတ်နာမ်-ဟု ခွဲဖြေရမည်။ နိပါတ်ဟူရာ၌-ဟိ, စ, ပန-စသောနိပါတ်ပုဒ်များသာမကနာမ်ပဋ္ဌမပိုင်းလာ တော,တြ-စသော ပစ္စည်း အဆုံးရှိသော ပုဒ်များ, တဒ္ဓိတ်ကျမ်းလာ ထာ, က္ခတ္တုံ-စသော ပစ္စည်းအဆုံးရှိသောပုဒ်များနှင့် ကိတ်ကျမ်းလာ တုန,တွာန, တွာ, တုံ, တဝေ-စသော (နာမ် မငဲ့ကောင်းသော) ပစ္စည်း အဆုံးရှိသော ပုဒ်များကိုပါထည့်သွင်းယူရမည်။ ထိုပုဒ်များသည်
နိပါတ်အမည်ရသည်နှင့် တပြိုင်နက် အလိင်,ဂဏဝိမုတ် အမည်ရကြသည် ဟုမှတ်။

ကျက်မှတ်စရာ အဗျယ ပစ္စည်းများပြဂါထာ

တုန, တွာန, တဝေ, တွာ, တုံ၊ ဓာ, သော, ထာ, က္ခတ္တုမေဝစ။
တော, ထ, တြ, ဟိဉ္စနံ, ဟိံ, ဟံ၊ ဓိ, ဟ, ဟိ, ဓ, ဓုနာ, ရဟိ။
ဒါနိ, ဝေါ, ဒါစနံ, ဒါ, ဇ္ဇု၊ ထံ, ထတ္တံ, ဇ္ဇ, ဒ္ဓ, အာဒယော။
သမာသော စာ-ဗျယီဘာဝေါ၊ ယာ-ဒေသော စာ-ဗျယံ ဘဝေ။

http://www.dhammadownload.com



### "သဗ္ဗနာမ်ပုဒ်နှင့် စပ်၍ ဂဏဝိနိစ္ဆယမှတ်ဖွယ်"

---

"သဗ္ဗနာမ်၂၇-ပုဒ်"

သဗ္ဗ, ကတရ, ကတမ, ဥဘယ, ဣတရ, အည, အညတရ, အညတမ, ပုဗ္ဗ, ပရ, အပရ, ဒက္ခိဏ, ဥတ္တရ, အဓရ, ယ, တ, ဧတ, ဣမ, အမု, ကိံ, ဧက, ဥဘ, ဒွိ, တိ, စတု, တုမှ, အမှ။ (ဣတိ သတ္တဝီသတိ သဗ္ဗနာမာနိ။)

(က) အမှ-သဒ္ဒါကို ရတ္တာဒိဂိုဏ်း၌သွင်း။

(ခ) ဥဘ, ဒွိ, တိ, စတု, တုမှ, အမှ-သဒ္ဒါတို့ကို လက္ခဏာတူသော အခြားဂိုဏ်းမရှိ၍ အခြားဂိုဏ်း၌သွင်းရန် ခဲယဉ်းသောကြောင့်"သဗ္ဗနာမ်ဂိုဏ်း" ဟုပင် ဆိုသင့်သည်။

(ဂ) ကြွင်းသော သဗ္ဗ-မှ စ၍ ဧက-အထိ သဗ္ဗနာမ်တို့ကိုကား--
ယောကျာ်းစသော ပုလ္လိင်အနက်ကိုဟောလျှင် ပုရိသာဒိဂိုဏ်း၌သွင်း။
မိန်းမစသော ဣတ္ထိလိင်အနက်ကိုဟောလျှင် ကညာဒိဂိုဏ်း၌သွင်း၊
စိတ်စသော နပုလ္လိင်အနက်ဟောလျှင် စိတ္တာဒိဂိုဏ်း၌သွင်း။

☸ သဗ္ဗနာမ၊ ဟူလတ်က၊ ဝုတ္တ, ဝုစ္စမာနလိင် ယူမြဲ။

အချို့ဆရာတို့ကား သဗ္ဗနာမ်ပုဒ်မှန်သမျှ သဗ္ဗနာမ်ဂိုဏ်းဟုချည်း ယူကြသေးသည်။

---

ဤဝါကျ မေးခွန်းနှင့် ဆိုင်သော (၅) နံပါတ် ပုစ္ဆာအဖြေ

(က) တတ္ထ-ကား အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ၊ နိပါတ်ပုဒ်။
ကေန-ကား ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) နိဂ္ဂဟိတန္တ၊ သဗ္ဗနာမ်ပုဒ်။
အတ္ထေန-ကား ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်။
အဘိဓမ္မော-ကား ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ ကမ္မဓာရယ်သမာသ်နာမ်ပုဒ်။

(ခ) ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန- ကား ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ ကမ္မဓာရယ်သမာသ်နာမ်ပုဒ်။

---

(၆) နံပါတ်ပုစ္ဆာအဖြေ

(ခ)ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန-ဟူသောသံဝဏ္ဏနာပါဌ်ဖြင့်-
အဘိဓမ္မ-၌ အဘိ=သဒ္ဒါ၏ အဘိမုချစသော အနက်ကို မဟော၊ (ဗျတိရေကာဘောဂ) အတိရေကအနက်, ဝိသေသအနက် ဟောသည်၏ အဖြစ်ကိုင်၄င်း၊ (ဥပသဂ္ဂလိင်္ဂတ္ထ) အတိရေကော ဓမ္မော အဘိဓမ္မော၊ ဝိသေသော ဓမ္မော အဘိဓမ္မော-ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကို၄င်း၊ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ) သုတ္တန်ပါဠိတို့ထက် လွန်သော ပါဠိဟူသောအနက်, သုတ္တန်ပါဠိတို့ထက် ထူးပြားဆန်းကြယ်သော ပါဠိ- ဟူသော အနက်ကြောင့် အဘိဓမ္မ မည်သည်၏ အဖြစ်ကို၄င်း (ဘာဝတ္ထ) သိစေသည်။

http://www.dhammadownload.com



(၇)နံပါတ်ပုစ္ဆာ၌- (က) ဟိ-စ-ပန-စသောနိပါတ်ပုဒ်တို့၏အနက်,
(ခ) ဝေသဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ စသောအနက်,
(ဂ) ယ,တ စသည်တို့၏ စွဲရာအနက်တို့ကိုမေးခြင်းတို့ ပါဝင်သည်။

"ကျက်မှတ်ဖွယ်ရာ အတ္ထုဒ္ဓါရပြဂါထာများ"

ဟိ-(၉) နက်။ ။ ဝါကျာရမ္ဘေ ဝိတ္ထာရေစ၊ ဒဠှီယံ ဖလယောတကေ။
တပ္ပါကဋီကရေ စေဝ၊ ဝိသေသေ အနွယေပိ စ။
ဗျတိရေကေ စ ဟိ-သဒ္ဒေါ၊ နဝတ္ထေသု ပကာသိတော။

❀ ဝါကျာရမ္ဘ၊ ဝိတ္ထာရနှင့်၊ ဖလ-ယောတ၊ ဒဠှီပြု၍၊ ထင်မှုပါကဋ၊
ဝိသေသနှင့်၊ အနွယ-ဗျတိ၊ နက်ယောရှိ၊ ဟိ-၏ကိုးအတ္ထာ။(ဂန္ထာဘရဏ။၇။)

(တစ်နည်း)-ဟိ-နက်(၄) ဟိ-ကာရဏော ဝိသေသော၀၊ ဓာရဏော ပဒပူရဏော။ (ဓာန်။၁၁၉၈။)

စ-နက် (၉) ဝါကျာရမ္ဘေ ဖလေစေဝ၊ ကာရဏေစ ဝိသေသကေ။
ဒဠှီ တပ္ပါကဋီကရေစေဝ၊ ဒဠှီယမ္ပိ ပက္ခန္တရေ။
အနွယေ ဗျတိရေကေစ၊ စသဒ္ဒေါပိ ပဝတ္တရေ။ (ဂန္ထာဘရဏ။ ၈။)

❀ ဟိ-နက် ၉-တန်၊ ပက္ခန်ထည့်စွက်၊ ဝိတ်ကိုဖျက်၊ စနက် ၉-မျိုးလာ။

(တစ်နည်း) စ-နက် (၆) သမုစ္စယေ သမာဟာရေ၊ နွာစယေစ တရီတရေ။
ပဒပူရဏ မတ္တေစ၊ စ-သဒ္ဒေါ အဝဓာရဏေ။ (ဓာန်။၁၁၈၈။)

ပန-နက်(၁၁) ဝါကျာရမ္ဘေ ဝိသေသေစ၊ ယောတု ဖလေသု အနွယေ။
ဒဠှီ တပ္ပါကဋီကရေ၊ ဗျတိရေကေ ပက္ခန္တရေ။
သမ္ဘာဝနေ ဂရဟေစ၊ ပနသဒ္ဒေါ ပကာသိတော။ (ဂန္ထာဘရဏ။ ၉။)

❀ စ-နက် ၉-ချက်၊ လောင်းစွက်သမ္ဘာဝနာ၊ ဂရဟာ၊ ယောရာ"ပန"ဆယ့်တစ်ရ။

အ(န)-နက်(၁၀) ပဋိသေဓေ၊ ဝုဒ္ဓိတဗ္ဘာဝေ၊ အညတ္တေ သဒိသေပိစ။
ဝိရုဒ္ဓေ ဂရဟေ သုညေ၊ အကာရော ဝိရဟာပ္ပကေ။

ဣတိ-နက်(၇) ဣတိ ဟေတုပ္ပကာရေသု၊ အာဒိံမှိစာ ဝဓာရဏေ။
နိဒဿနေ ပဒတ္ထဿ-ဝိပလ္လာသေ သမာပနေ။ (ဓာန်။ ၁၁၈၉။)

http://www.dhammadownload.com



| | |
|---|---|
| ပိ၊အပိ–နက်(၄) | သမုစ္စယေ အပေက္ခေစ၊ သမ္ဘာဝနေစ နိန္ဒာယံ။ |
| | ပိ–သဒ္ဒေါစ အပိ–သဒ္ဒေါ၊ စတုတ္ထေသု ပကာသိတော။(ဂန္ဓာဘရဏ။) |
| (တနည်း) | သမ္ဘာဝနေစ ဂရဟာ၊ ပေက္ခာသုစ သမုစ္စယေ။ |
| | ပဉှေ သံဝရဏေ စေဝ၊ အာသီသတ္ထေ အပိ–ရိတံ။ (ဓာန်။၁၁၈၄။) |
| ဝါ–နက် (၇) | သမုစ္စယေ ဓောပမာယံ၊ သံသယေ ပဒပူရဏေ။ |
| | ဝဝတ္ထိတ ဝိဘာသာယံ၊ ဝါ'ဝသဂ္ဂေ ဝိကပ္ပနေ။ (ဓာန်။၁၁၈၉။) |
| ဧဝံ–နက်(၁၁) | ဧဝံ နိဒဿနာ ကာရော–ပမာသု သမ္ပဟံသနေ။ |
| | ဥပဒေသေစ ဝစန–ပဋိဂ္ဂါဟေ ဝဓာရဏေ။ |
| | ဂရဟာယေ ဒမတ္ထေစ၊ ပရိမာဏေစ ပုစ္ဆနေ။ |
| ဧဝ–နက်(၄) | နိယမေစာ ဝဓာရဏေ၊ သန္နိဋ္ဌာနေစ ဝုစ္စတေ။ |
| | ပဒပူရဏမတ္တေပိ၊ ဧဝ–သဒ္ဒေါ ဝိဘာဝိနာ။ |
| တာဝ–နက်(၄) | ပဉှမတ္တေ ကမတ္တေစ၊ ဝတ္တဗ္ဗန္တရာ ပေက္ခနေ။ |
| | အနုညာတေ ဓောသုတ္တေသု၊ တာဝ–သဒ္ဒေါ ပဝတ္တတိ။ (မဏိမဉ္ဇူ။၁။၃၀။) |
| အလံ–နက်(၃) | ဘူသနေ ဝါရဏေ စာလံ၊ ဝုစ္စတေ ပရိယတ္တိယံ။ |
| အထော၊အထ–နက်(၄) | အထော၊ထာ နန္တရာ ရမ္ဘ၊ ပဉှေသု ပဒပူရဏေ။ (ဓာန်။၁၁၉၀။) |
| နာမ (၄) နူန (၃) | ပသံသာ ဂရဟာ သညာ၊ သွိ ကာရာဒေါပိ နာမ'ထ။ |
| | နိစ္ဆယေ စာ နုမာနသ္မိံ၊ သိယာ နူန ဝိတက္ကနေ။ (ဓာန်။၁၁၉၁။) |
| နနု (၅) ဝတ (၆) | ပုစ္ဆာ–ဝဓာရဏာ–နုညာ–သန္တာနာ လပနေ နနု။ |
| | ဝတေ'ကံသ ဒယာ ဟာသ–ခေဒါ လပန ဝိမှယေ။ (ဓာန်။၁၁၉၂။) |
| ဟန္ဒ (၄) | ဝါကျာရမ္ဘ ဝိသာဒေသု၊ ဟန္ဒ ဟာသေ'နုကမ္ပနေ။ |
| ယာဝ၊ တာဝ(၄) | ယာဝ၊တာဝ–တု သာကလျ–မာနာဝဓျ ဝဓာရဏေ။ (ဓာန်။၁၁၉၃။) |
| ပုရတ္ထာ(၄) | ပါစီပုရတ္ထတောတ္ထေသု၊ ပုရတ္ထာ–ပဌမေပျ'ထ။ |
| ပုရာ(၃) | ပဗန္ဓေစ စိရာတီတေ၊ နိကဋ္ဌာဂါမိကေ ပုရာ။ (ဓာန်။၁၁၉၄။) |
| ခလု–(၄) | နိသေဓေ ဝါကျာလင်္ကာရာ–ဝဓာရဏပသိဒ္ဓိသု။ |
| အဘိတော(၄) | ခလွာ–သန္နေ တု အဘိတော၊ ဘိမုခေါဘယတောဒိကေ။ (ဓာန်။၁၁၉၅။) |
| ကာမံ–(၂) | ကာမံ–ယဒျပိ သဒ္ဒတ္ထေ၊ ဧကံသတ္ထေ စ ဒိဿတိ။ |
| ပန–(၂) | အထော ပန ဝိသေသသ္မိံ၊ တထေဝ ပဒပူရဏေ။ (ဓာန်၁၁၉၆) |
| ဟိ–(၄) | ဟိ–ကာရဏေ ဝိသေသာဝ–ဓာရဏေ ပဒပူရဏေ။ |
| တု–(၃)ကု–(၃) | တု–ဟေတုဝဇ္ဇေတတ္ထာ'ထ၊ ကု–ပါပေသတ္တကုစ္ဆနေ။ (ဓာန်။၁၁၉၇။) |
| နု–(၂) နာနာ–(၂) | နု–သံသယေ စ ပဉှေ'ထ၊ နာနာ' နေကတ္တ ဝဇ္ဇနေ။ |
| ကိံ–(၂) ကံ–(၂) | ကိံ–တု ပုစ္ဆာ ဇိဂုစ္ဆာသု၊ ကံ တု ဝါရိမှိ မုဒ္ဓနိ။ (ဓာန်။၁၁၉၈။) |
| အမာ–(၂)ပုန–(၂) | အမာ–သဟာသမီပေ'ထ၊ ဘေဒေ အပဌမေ ပုန။ |

http://www.dhammadownload.com



ကိရ-(၂) ဥဒ-(၂) ကိရာ'နုဿဝါ ရုစိသု၊ ဥဒါ'ပျတ္တေ ဝိကပ္ပနေ။ (ဓာန်။၁၁၉၉။)

ပဏ္ဏာ-(၂) သာမိ-(၂) ပတိဳဝ် စရိမေ ပဏ္ဏာ၊ သာမိ တွ'ဒ္ဒွေ ဓိဂ္ဂ္ဂဏ္ဍနေ။

ပါတု-(၂)မိထော-(၂) ပကာသေ သမ္ဘဝေပါတု၊အညောညေတု ရဟော မိထော။(ဓာန်။၁၂၀၀။)

ဟာ-(၃)အဟဟာ-(၂) ပဘာ- ခေဒ သောက ဒုက္ခေသု၊ ခေဒေ တွ'ဟဟ ဝိမှယေ။

ခိ-(၂) တိရိယံ,တိရော-(၂) ဘိ'သာပနေ ခိ-နိန္ဒာယံ၊ ပိဓာနေ တိရိယံ တိရော။(ဓာန်။၁၂၀၁။)

==========================

(ဂ) ဝါကျ၌ ဟိ-၏ ဣစ္ဆာမိပွေတတ္ထကား- ကာရဏတ္ထ (ပြည်/ ဘာဋီ)
ဝိတ္ထာရတ္ထ (ဘာဋီ)
ဒဠှီကရဏတ္ထ (ယောဇနာ) ဖြစ်ပါသည်။

## "ဓဝ-သဒ္ဒါ ဝေတ္ထဖလတ္တယ-ထုတ်နည်းမှတ်ဖွယ်"

-----------

(က) ဒြဗ်ဟောနောင် ဓဝ-သဒ္ဒါ ရှိနေလျှင်---

၁။ မိမိထိုင်ရာဒြဗ်ကို ဂဟေတဗ္ဗတ္ထထုတ်။
၂။ အခြားဆန့်ကျင်ဘက်ဒြဗ်ကို နိဝတ္တေတဗ္ဗတ္ထထုတ်။
၃။ (ဂဟေတဗ္ဗတ္ထဖြစ်သော) ဒြဗ်၌ ရကောင်းသောဂုဏ်ကို အနုညာတတ္ထထုတ်။

ပုံစံ= (တိဿမိတ္တေသု) တိဿော ဓဝ ခနုဓရော ဟောတိ။
၁။ တိဿဒြဗ်သည် ဂဟေတဗ္ဗတ္ထ။
၂။ မိတ္တဒြဗ်သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ တိဿ၏-လေးအတတ်-ဟူသော ဂုဏ်သည် အနုညာတတ္ထ။

----------

(ခ) ဂုဏ်ဟောပုဒ်နောင် ဓဝ-သဒ္ဒါရှိလျှင်

၁။ မိမိထိုင်ရာ ဂုဏ်ကို ဂဟေတဗ္ဗတ္ထထုတ်။
၂။ အခြားဆန့်ကျင်ဘက် ဂုဏ်ကို နိဝတ္တေတဗ္ဗတ္ထထုတ်။
၃။ ဂဟေတဗ္ဗတ္ထဖြစ်သော ဂုဏ်၏ တည်ရာဒြဗ်ကို အနုညာတတ္ထထုတ်။

ပုံစံ = (ခနုသိပ္ပ ဟတ္ထိသိပ္ပေသု) တိဿော ခနုဓရော ဓဝ ဟောတိ။
၁။ လေးအတတ်ဟူသော ဂုဏ်သည် ဂဟေတဗ္ဗတ္ထ။
၂။ ဆင်အတတ်ဟူသော ဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ လေးအတတ်ကိုတတ်သော တိဿဒြဗ်သည် အနုညာတတ္ထ။

http://www.dhammadownload.com



(ဂ) ကြိယာပုဒ်နောင် ဓဝ-သဒ္ဒါရှိနေလျှင်---

၁။ ထိုကြိယာကိုပင် ဂဟေတဗ္ဗတွဲထုတ်။

၂။ ထို၏ ဆန့်ကျင်ဘက်ကြိယာကို နိဝတ္တေတဗ္ဗတွဲထုတ်။

၃။ ထိုကြိယာ၏ တည်ရာဒြဗ်နှင့် ထိုဒြဗ်၏ ဂုဏ်, သတ္တိ ၂-ပါးကို အနုညာတတွဲထုတ်။

ပုံစံ။ (၁) စောဒေတိယေဝ၊ န တိဋ္ဌတိ။ (ကခ်ါ-၂၀၁။)

၁။ တောင်းခြင်းကြိယာသည် ဂဟေတဗ္ဗတွဲ။

၂။ ရပ်ခြင်းကြိယာသည် နိဝတ္တေတဗ္ဗတွဲ။

၃။ တောင်းသောရဟန်းဒြဗ်နှင့် တောင်းတတ်သည်၏အဖြစ်တည်းဟူသောဂုဏ်သည် အနုညာတတွဲ။

ပုံစံ။ (၂) အတ္တေဝ ကာကော သေတောပိ။

၁။ ကျီးဖြူရှိခြင်းကြိယာသည် ဂဟေတဗ္ဗတွဲ။

၂။ ကျီးဖြူမရှိခြင်းကြိယာသည် နိဝတ္တေတဗ္ဗတွဲ။

၃။ ကျီးဒြဗ်နှင့် ဖြူသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတွဲ။

ပုံစံ။ (၃) သုဏာတိယေဝ၊ န ဓာရေတိ။ (ထုတ်လေ)

- ဓဝထိုင်ရာ၊ ပုဒ်နက်မှာ၊ မှတ်ပါ ဂဟေတဗ္ဗတွဲ။
- တားမြစ်အပ်ရာ၊ အနက်မှာ၊ မှတ်ပါ နိဝတ္တေတဗ္ဗ။
- ခွင့်ပြုအပ်ရာ၊ အနက်မှာ၊ မှတ်ပါ အနုညာတတွဲ။
- ဓဝ-သဒ္ဒါ၊ ကန့်လေရာ၊ ကံမှာ ကံချင်း၊ ကတ္တားချင်း။
- ဒြဗ်နောက်ပေ၊ ဓဝနေ၊ ကန့်လေ ဒြဗ်ချင်း။
- ဂုဏ်၏နောက်ပေ၊ ဓဝနေ၊ ကန့်လေ ဂုဏ်ချင်းချင်း။
- ကြိယာနောက်ပေ၊ ဓဝနေ၊ ကန့်လေ ကြိယာချင်း။
- နိဝတ္တေတဗ္ဗ၊ ဒြဗ်ပြ၊ ဂုဏ-အနုညာတထုတ်မြဲ။
- နိဝတ္တေတဗ္ဗ၊ ဂုဏ်ဖြစ်က၊ ဒဗ္ဗ-အနုညာတထုတ်မြဲ။
- နိဝတ္တေတဗ္ဗ၊ ကြိယာပြ၊ ဒဗ္ဗ+ဂုဏ- အနုညာတထုတ်မြဲ။

မှတ်ချက်။။ ဓဝ-သဒ္ဒါတွေ့တိုင်း ဤသုံးမျိုးမရ။ နိဝတ္တာပနာ ဝဓာရဏအနက်ရှိသော (သာလျှင်-ဟု အနက်ပြန်ရသော) ဓဝ-သဒ္ဒါ ပါရှိရာ၌သာ အနက်သုံးမျိုးလုံးထုတ်ရသည်။

http://www.dhammadownload.com



"တ–ဓတ စသောသဗ္ဗနာမ်တို့၏ ဝိသယများ ကျက်မှတ်ဘွယ်"

---

တ–သဒ္ဒါသည်-- ၁။ပက္ကန်, ပသိဒ္ဓ၊ နုဘူတ၊ သုံး၀ ဝိသယာ။
၂။ နိယမဝိသယ၊ ထည့်ပြန်က၊ လေး၀ ဝိသယာ။ဟူသည်နှင့်အညီ–
၁။ ပက္ကန္တဝိသယ။ ၂။ ပသိဒ္ဓဝိသယ။
၃။ အနုဘူတဝိသယ။ ၄။ နိယမဝိသယ–ဟူ၍လေးပါးအပြားရှိ၏။
ထိုတွင်-----

၁။ "လွန်ပြီးဒြဗ်၊ စွဲတုံလတ်၊ ခေါ်မှတ် ပက္ကန္တာ"–ဟူသည်နှင့် အညီ ရှေ့ဝါကျ၌ ဆိုခဲ့ပြီး ဒြဗ်ကို စွဲရသော တ–သည် "ပက္ကန္တဝိသယ" မည်၏။

၂။ "အစွဲတင်းလင်း၊ ရှိတုံလျှင်း၊ ခေါ်ရင်းပသိဒ္ဓါ"ဟူသည်နှင့်အညီ အစွဲတင်းလင်းပါရှိသော တ–သည် "ပသိဒ္ဓဝိသယ"မည်၏။

၃။ "ရှေ့ဝါကျမှ၊ ကြိယ၊ စွဲရနုဘူတာ" ဟူသည်နှင့်အညီ ရှေ့ဝါကျမှကြိယာကို စွဲရသော တ–သည် "အနုဘူတဝိသယ " မည်၏။

၄။ "အနိယတ်ယ၊ စွဲသမျှနှင့်၊ ထို–ယ ကြိယာ၊ ယင်းနှစ်ဖြာကို၊ ဆောင်ကာစွဲရ၊ တသဒ္ဒ၊ မှတ်ကြနိယမာ" (သမ္ဗန္ဓစိန္တာဂဏ္ဌိသစ်။၉၆။) ဟူသည်နှင့် အညီ အနိယမ ယ–သဒ္ဒါ စွဲသောအနက်ကိုသာ (ထိုအနိယမ ဝါကျရှိ ကြိယာနှင့်တကွ) စွဲရသော တ–သဒ္ဒါသည် "နိယမဝိသယ"မည်၏။

မှတ်ချက်။ ။ တ–လေးမျိုးတွင်– ရှေ့ ၃–မျိုးကား ဓာလိနီ–(၂၀၁)၌ လာ၏။
နိယမ–တ–ကား သမ္ဗန္ဓစိန္တာဂဏ္ဌိသစ် နှာ–(၉၆)၌ လာ၏။
တ, ဧတ, ဣမ– အတူတူပင်မှတ်။

===

"ဤဝါကျ (၇) နံပါတ်ပုစ္ဆာအဖြေ"

(က) ဝါကျ တဿ–၌ တ–ကား ရှေ့ဂန္ထာရမ္ဘ၌ ဆိုအပ်ပြီးသော အဘိဓမ္မဿ အတ္ထံ ပကာသယိဿာမိ–ဟူသော စကားဒြဗ်ကို (တနည်း) အဘိဓမ္မကထံ–ဟူသော စကားဒြဗ်ကို စွဲသောကြောင့် ပက္ကန္တဝိသယဖြစ်သည်။

(တနည်း) အနိယမယ–သဒ္ဒါစွဲသော အနက်ဒြဗ်ကိုပင် စွဲသောကြောင့် နိယမဝိသယ ဖြစ်သည်။

(ဂ) ဝါကျ ဟောဿ–၌ ဧတ–ကား ရှေ့(က)ဝါကျရှိ အဘိဓမ္မော–ဟူသော ပုဒ်ဒြဗ်ကို စွဲသောကြောင့် ပက္ကန္တဝိသယဖြစ်သည်။

(ဃ) ဝါကျ တသ္မာ–၌ တ–ကား (ဂ)ဝါကျရှိ ဒီပနကြိယာ, (ဟောတိ–ဟူသော ပါဋ္ဌသေသကြိယာ) ကိုစွဲသောကြောင့် အနုဘူတဝိသယဖြစ်သည်။

တံ အတိစ္ဆတ္တန္တိ ဝုစ္စတိ–၌ တ–ကား ရှေ့ဝါကျ၌ ဆိုခဲ့ပြီးသော ထီးဒြဗ်ကို စွဲသောကြောင့် ပက္ကန္တဝိသယဖြစ်သည်။

(တနည်း) အနိယမ, ယ–သဒ္ဒါစွဲသော (ဆတ္တာ–ဟူသော) အနက်ကို စွဲသောကြောင့် နိယမဝိသယဖြစ်သည်။

http://www.dhammadownload.com



မှတ်ချက်။ ။ တ–သဒ္ဒါမေးသကဲ့သို့ ယ, တ, ဧတ, ဣမ–သဒ္ဒါတို့ စွဲရာအနက်ကိုငှင်း၊ ကိံစသောအခြားသဗ္ဗနာမ်ပုဒ်တို့၏စွဲရာ အနက်ကိုငှင်း မေးနိုင်သည်ဟုမှတ်။

================

## (၈) နံပါတ် ပုစ္ဆာ

ကြိယာ ၅–တန်ထုတ်နည်းကိုမေးခြင်း။

မှတ်ချက်။ ။ ၄င်း၌ လက္ခဏာဒိစတုက္ကနည်းဖြင့်သော်၄င်း၊ အခြားနည်းဖြင့်သော်၄င်း ဖြေဆိုခွင့်ရှိသည်။ ဒဋ္ဌဗ္ဗံ, ဝေဒိတဗ္ဗံ, သိဒ္ဓံ–ဟု ထားသောဝါကျများ၌ မုချတ္ထ, နေယျတ္ထ–စသည်ကိုငှင်း၊ သဒ္ဒသိဒ္ဓိ ။ ပ ။ အတ္ထာပတ္တိသိဒ္ဓိစသော အနက်သဘောကျရောက်ရာအဓိပ္ပါယ်ယူနည်းကိုငှင်း မေးနည်းများပါဝင်သည်။ ကြိယာ ၅–တန်ကို ကတ္တား ၅–တန်ဟုလည်း ခေါ်ကြသည်။

"ကြိယာ ၅–တန်၊ ထုတ်တတ်ရန်၊ အခြေခံဆိုရိုးများ၊ ကျက်မှတ်ထား"

---

၁။ ဆတ်ဆတ်မုချ၊ တိုက်ရိုက်ပြက၊ ဒဿနဆို၊
၂။ အကြောင်းကိုပြ၊ ဒီပကမျိုး၊
၃။ ကျိုး– ပကာသန၊
၄။ မူလကြောင်းမှာ– ဝိဘာဝမှန်၊
၅။ ကျိုး ပရမ္ပရာ–နုဘာဝ၊

ကြိယာ ၅–တန်–ထုတ်နည်းတည်း။––––ဟူသည်နှင့်အညီ–

၁။ သဒ္ဒါ–ပုဒ်တို့က မုချတိုက်ရိုက်ပြအပ်သော အနက်သည် ဒဿနတ္ထမည်၏။
၂။ ဒဿနတ္ထ၏ အနီးကပ်ဆုံးအကြောင်းသည် ဒီပကတ္ထမည်၏။
၃။ ဒဿနတ္ထ၏ အနီးကပ်ဆုံးအကျိုးသည် ပကာသနတ္ထမည်၏။
၄။ ဒဿနတ္ထ၏ မူလအကြောင်းရင်းသည် (ဝါ)ဒဿနတ္ထ၏ဝေးသောအကြောင်းသည် ဝိဘာဝတ္ထမည်၏။
၅။ ဒဿနတ္ထ၏ အဆက်ဆက်သော အကျိုးသည် (ဝါ) ဝေးသော အကျိုးသည် အနုဘာဝတ္ထမည်၏။

ထုတ်ဟန်ကား– ကုသလာဓမ္မာအရ–

၁။ ကုသိုလ်သည် ဒဿနတ္ထ။
၂။ ယောနိသောမနသိကာရသည် ဒီပကတ္ထ။
၃။ ကာယိကသုခ, စေတသိကသုခသည် ပကာသနတ္ထ။
(တနည်း) အနဝဇ္ဇသုခဝိပါကသည် ပကာသနတ္ထ။
(တနည်း) ကုသလဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်သည် ပကာသနတ္ထ။
၄။ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယစသည်သည် ဝိဘာဝတ္ထ။
၅။ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။
(တနည်း) ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ စသည်သည် အနုဘာဝတ္ထ။

ဤကားအကြောင်း ၂–ချက် အကျိုး ၂–ချက်ထုတ်ပုံတည်း။

---

http://www.dhammadownload.com



(တနည်းကား) မုချယူရ၊ စကားကျ၊ ပြကြ-ဒဿနာ။
ချင်း၏ ကာရဏ၊ ဖလူ-ပြ၊ ယူကြ -ဒီပနာ။
မုချကျိုးယူ၊ ကာရဏူ၊ ပြမှု-ပကာသာ။
ကာရဏူက၊ ဆ-ယူကြ၊ ဒု-ပြ -ဝိဘာဝါ။
ဒု-ကာရဏူ၊ ဆ-၍ယူ၊ တစ်မှု-နဘာဝါ။ ဟူသည်နှင့် အညီ--

၁။ တိုက်ရိုက် မုချပြအပ်သော တရားသည် ဒဿနတ္ထမည်၏။

၂။ ထိုဒဿနတ္ထ၏ အကြောင်းသည် (ဖလူပစာအားဖြင့်ပြအပ်သော) ဒီပကတ္ထမည်၏။

၃။ ထိုဒဿနတ္ထ၏ အနီးကပ်ဆုံးအကျိုးသည် (ပထမကာရဏူပစာအားဖြင့်ပြအပ်သော) ပကာသနတ္ထမည်၏။

၄။ ထိုပကာသနတ္ထ၏အနီးကပ်ဆုံးအကျိုးသည် (ဒုတိယကာရဏူပစာရအားဖြင့်ပြအပ်သော) ဝိဘာဝတ္ထမည်၏။

၅။ ထိုဝိဘာဝတ္ထ၏ အကျိုးအဆက်ဆက်သည် (တတိယကာရဏူပစာရအားဖြင့်ပြအပ်သော) အနုဘာဝတ္ထမည်၏။

ထုတ်ဟန်ကား- ကုသလာဓမ္မာ အရ-

၁။ ကုသိုလ်သည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရ, သဒ္ဓမ္မဿဝနစသည်သည် ဒီပကတ္ထ။

၃။ ကာယိကသုခ, စေတသိကသုခသည် ပကာသနတ္ထ။
(တနည်း) အနဝဇ္ဇသုခဝိပါကသည် ပကာသနတ္ထ။

၄။ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိသည် ဝိဘာဝတ္ထ။

၅။ မဂ်, ဖိုလ်, နိဗ္ဗာန်သည် အနုဘာဝတ္ထ။

ဤကား အကြောင်းတစ်ချက်၊ အကျိုးသုံးချက်ထုတ်ပုံတည်း။

ယင်းသို့ထုတ်ရာ၌---------- ပဒဋ္ဌာဟာရနေတ္တိနည်း၊ လက္ခဏာဒိစတုက္ကနည်း၊ ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း၊ ဝီထိနည်း၊ အလင်္ကာနည်း-စသည်ဖြင့် များစွာရှိရာ အရာဌာနလိုက်၍ သင့်လျော်ဆုံးသောနည်းဖြင့် ထုတ်နိုင်သည်။

လက္ခဏာဒိစတုက္ကနည်းဖြင့်ထုတ်ဟန်ကား-
၁။ လက္ခဏ- ဒဿန၊
၂။ ဒီပက- ပဒဋ္ဌာန်၊
၃။ ရသံ သမ္ပတ္တိ -ထုတ်ဘိပကာသန်၊
၄။ ကိစ္စရသ- ဝိဘာဝမှန်၊
၅။ နဘာဝ- မှတ်ကြ ပစ္စုပဋ္ဌာန်။--ဟူသည်နှင့် အညီ --

၁။ လက္ခဏာသည် ဒဿနတ္ထမည်၏

၂။ ပဒဋ္ဌာန်သည် ဒီပကတ္ထမည်၏။

၃။ သမ္ပတ္တိရသသည် ပကာသနတ္ထမည်၏။

၄။ ကိစ္စရသသည် ဝိဘာဝတ္ထမည်၏။

၅။ ပစ္စုပ္ပဋ္ဌာန်သည် အနုဘာဝတ္ထမည်၏။

http://www.dhammadownload.com



ကုသလာဓမ္မာ-၌-- ၁။ အနဝဇ္ဇသုခဝိပါကလက္ခဏာသည် ဒဿနဋ္ဌ။
၂။ ယောနိသောမနသိကာရပဒဋ္ဌာန်သည် ဒီပကဋ္ဌ။
၃။ ဝေါဒါနဘာဝသမ္ပတ္တိရသသည် ပကာသနဋ္ဌ။
၄။ အကုသလဝိဒ္ဓံသနကိစ္စရသသည် ဝိဘာဝဋ္ဌ။
၅။ ဣဋ္ဌဝိပါကပစ္စုပဋ္ဌာန်သည် အနုဘာဝဋ္ဌ။

မှတ်ချက်။ ။ လက္ခဏာဒိစတုက္ကနည်းဖြင့် ထုတ်ရာ၌ ကုသိုလ်ဓမ္မကဲ့သို့ အကုသလဝိဒ္ဓံသနရသံ, ဝေါဒါနဘာဝရသံ, ဟု (အဋ္ဌကထာ။ ၁၀၅။) ရသ-၂-မျိုး ပြဆိုထားခြင်း မရှိဘဲ တစ်မျိုးတည်းသာ ပြဆိုထားသော ပရမတ္ထတရားတို့၌ ထိုရသကိုပင် ကိစ္စရသ, သမ္ပတ္တိရသ-ဟု ၂-မျိုးခွဲယူ၍ ထုတ်ပါ။

---

### ပဋိစ္စသမုပ္ပါဒ်နည်းထုတ်ပုံကား

၁။ ကုသိုလ်သင်္ခါရသည် ဒဿနဋ္ဌ မည်၏။
၂။ အဝိဇ္ဇာသည် ဒီပကဋ္ဌ မည်၏။
၃။ ဝိညာဏ်သည် ပကာသနဋ္ဌ မည်၏။
၄။ အာသဝစသည် ဝိဘာဝဋ္ဌ မည်၏။
၅။ နာမ်ရုပ်စသည် အနုဘာဝဋ္ဌ မည်၏။

( ပဋိစ္စသမုပ္ပါဒ်နည်း၌ - အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, ဇာတိ, ဇရာမရဏ-ဟူသော အင်္ဂါ ၁၂-ပါးကို ကြည့်၍ ရှေးရှေးအင်္ဂါကို အကြောင်း၊ နောက်နောက်အင်္ဂါကို အကျိုးယူ၍ ထုတ်)

### ပဋ္ဌာန်းနည်းအရ ထုတ်ပုံ

၁။ ပစ္စုပ္ပန်ဖြစ်ဆဲသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ဒဿနဋ္ဌ။
၂။ အနန္တရာဒိ သတ္တိရှိသော ရှေးရှေး၌ဖြစ်သော စိတ္တုပ္ပါဒ်သည် ဒီပကဋ္ဌ။
၃။ နောက်နောက်၌ဖြစ်သော စိတ်, စိတ္တဇရုပ်တို့သည် ပကာသနဋ္ဌ။
၄။ အာရုံသည် ဝိဘာဝဋ္ဌ။
၅။ ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်သည်၎င်း၊ထိုထိုကိစ္စပြီးမြောက်ခြင်းသည်၎င်း အနုဘာဝဋ္ဌ။

### ဝီထိနည်းအရ ထုတ်ပုံ

၁။ ကုသိုလ်ဇောစိတ်သည် ဒဿနဋ္ဌ။
၂။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းသည် ဒီပကဋ္ဌ။
၃။ တဒါရုံသည် ပကာသနဋ္ဌ။
၄။ သမ္ပဋိစ္ဆိုန်း, သန္တီရဏ-စသော ရှေးရှေးသောစိတ်သည် ဝိဘာဝဋ္ဌ။
၅။ ဘဝင်, စုတိ-စသော နောက်နောက်သောစိတ်သည် အနုဘာဝဋ္ဌ။

(ဝီထိနည်း၌ ရှေး+နောက် စိတ်အစဉ်ကို သိအောင်လုပ်၊ ထုတ်ပုံမခက်။
ဥပမာ= စက္ခုဒွါရဝီထိ၌-တီ, န, ဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခု, သံ, ဏ္ဍီ, ဝုဋ္ဌော, ဇော (၇)ကြိမ်, တဒါရုံ (၂)ကြိမ် ထိုနောင်ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏၊ ဤသို့စသည်ဖြင့် ဝီထိစဉ်ရှိသည်ကို လေ့လာမှတ်သား သိရှိထားရမည်။)

http://www.dhammadownload.com



ပဒဋ္ဌာနဟာရနေတ္တိနည်းဖြင့် ထုတ်ပုံ

၁။ ဒေသနာဉာဏ်တော်သည် (ဝါ) ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ် (သဗ္ဗညုတဉာဏ်၊ သကလဗုဒ္ဓဂုဏ်တော်) တို့သည် ဒီပကတ္ထ။

၃။ ဒေသနာတော်တည်းဟူသော ဝစီဘေဒသဒ္ဒါသည် ပကာသနတ္ထ။

၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်-စသည်သည် ဝိဘာဝတ္ထ။

၅။ သာဝကပုဂ္ဂိုလ်တို့အား သုတမယဉာဏ်ဖြစ်ခြင်း (ဓမ္မဿဝနကုသိုလ်ဖြစ်ခြင်း) မှစ၍ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

"ဝစီဘေဒသဒ္ဒယူ၍ ထုတ်ပုံ"

၁။ ဒေသနာတော်တည်းဟူသော ဝစီဘေဒသဒ္ဒသည် ဒဿနတ္ထ။

၂။ ဒေသနာဉာဏ်တော်သည် (ဝါ) ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။

၃။ သာဝကတို့အား သုတမယဉာဏ်ဖြစ်ခြင်း (ဓမ္မဿဝန ကုသိုလ်ဖြစ်ခြင်း) သည် ပကာသနတ္ထ။

၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, သဗ္ဗညုတဉာဏ်, သကလဗုဒ္ဓဂုဏ်တော်တို့သည် ဝိဘာဝတ္ထ။

၅။ သာဝကပုဂ္ဂိုလ်တို့အား (သုတမယဉာဏ်မှ ဆက်၍) အတ္ထဝေဒ, ဓမ္မဝေဒ, ပဋိပတ်နည်းကိုသိခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

အမှာ။ ။ ဘဂဝတာ-ဟု ကတ္တားထည့်ရသော ဝုတ္တံ,အာရဒ္ဓံ, ဒေသိတံ, ကထိတံ, ဘာသိတံ, ဝိဘတ္တံ, ပကာသိတံ, စသည်၌ အနုတ္တ (ဓာတ်) အရ ဒေသနာဉာဏ်ကို ယူ၍၄င်း၊ ဓာတွတ္ထ (ပစ္စည်း)အရ -ဝစီဘေဒ သဒ္ဒကို ယူ၍၄င်း အထက်ပါ အတိုင်းထုတ်ရသည်။

"ဆောင်ပုဒ်လင်္ကာများ"

(က) ၁။ ဒု, ရု,ဘိနီ၊ ပါရမီ၊ စာဂီ-စရိယာ။

၂။ ဗောဓိမဏ္ဍိုင်၊ စတုရင်၊ ပေါ်ထင်ဝီရိယ။

၃။ အာ-စတုရျာန်၊ ဝဇီရံ၊ အောက်ဉာဏ်, မဂ်- ဖိုလ်ပြ။

၄။ ဆုံး-မဂ်, ဖိုလ်မှန်၊ ဆင်ခြင်ရန်၊ သဗ္ဗံ ဓာနာတိ။

၅။ ဂုဏ် ဒေသနာ၊ ဝေနေယျာ၊ ဟိတာစဉ်တိုင်းသိ။

(တနည်း) ဂုဏ်ဒေသနာ၊ စီ သဒ္ဒါ၊ သုတာမယာထည့်။

(ခ) ၆။ ဝေဒ ၂-ဖြာ၊ ကျင့်နည်းသာ၊ သမ္မာ,ပဋိပတ္တိ။

၇။ စင်ကြယ်သီလ၊ ပါမောဇ္ဇ၊ ပီတျ-ပဿ်-သု-ဓိ။

၈။ ယထာဘူတာ၊ နိဗ္ဗိဒါ၊ ဝိရာ ဝိမုတ္တိ။

၉။ ဝိမုတ္တိဉာဏ်၊ ဒဿနံ၊ တက်ရန် နုပါဒိ။

http://www.dhammadownload.com



၁၀။ သမထ–ဝိပံ၊ မဂ် ဖိုလ်ဥာဏ်၊ တက်ရန်နှပါဒီ။
၁၁။ ရှေးရှေးကြောင်းသာ၊ နောက်ကျိုးဖြာ၊ မှတ်စွာထုတ်လေဘိ။

"ကုသိုလ်–အကုသိုလ် (ကြောင်း+ကျိုးထုတ်ရန် ဆောင်ပုဒ်လင်္ကာများ"

------------

၁။ ပုဗ္ဗေ–ပတိ၊ သပ္ပုရိ၊ ပဏိဓိ–ဗုဒ္ဓုပ္ပါဒ်။
၂။ သဒ္ဓမ်–ယောနိ၊ အကြောင်းရှိ၊ ဖြစ်၏စိတ္တုပ္ပါဒ်။
၃။ သမထ–ဝိပံ၊ မဂ်–ဖိုလ်ဥာဏ်၊ တက်ရန်နိဗ္ဗာန်ဓာတ်။
၄။ အကုသိုလ်မှာ၊ ပြန်ဆိုပါ၊ တက်ရာအပါယ်ရပ်၊

"အထူးမှာကြားချက်"

ကြိယာဝေါဟာရ တန်ထုတ်ရာ၌ အဓိကပဓာနကျသော ဒသနတ္ထကို မှန်ကန်စွာ ကောက်တတ်မှသာ ကျန် ၄–မျိုး မှန်မည်ဖြစ်သည်၊ ထို့ကြောင့် ဒသနတ္ထမှန်ကန်အောင် ကောက်နိုင်ရေး အတွက် ဥာသ်ကောက်ပုံကို ကျနစွာ လေ့လာရမည်။ ပုံသေထုတ်၍ ရနိုင်သည့်တရားများ၏ ကြိယာဝေါဟာရတန်ထုတ်နည်းများကိုကျေပွန်စွာကျက်မှတ်ထားရမည်၊ လက္ခဏာဒိစတုက္ကနည်းဖြင့် ထုတ်တတ်ရန် လက္ခဏာဒိစတုက္ကကို ကျက်မှတ်ထားရမည်၊ ဝီထိနည်းဖြင့်ထုတ်တတ်ရန်ရှေး+နောက်ဝီထိစိတ်အစဉ်ဖြစ်ပုံကိုလေ့လာမှတ်သားရမည် ပဋိစ္စသမုပ္ပါဒ်နည်းဖြင့်ထုတ်တတ်ရန် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂–ပါးကို ကျက်မှတ် ထားရမည် အလင်္ကာနည်းဖြင့် ထုတ်တတ်ရန် ရှေးဦးစွာ အန္တတ် + ဗာဟျတ်အရ တိကျစွာ ကောက်တတ်ရမည်။ သံသရာတစ်ခွင်၌ ဖြစ်သင့်ဖြစ်ထိုက်သောတရားများကို အကြောင်း အကျိုးထား၍ လှည့်တတ်ရမည်။ ပဋ္ဌာနဟာရနေတ္တိနည်းဖြင့် ထုတ်တတ်ရန် ဆိုခဲ့ပြီး ဆောင်ပုဒ်လင်္ကာများကို ကျေပွန်စွာ ကျက်မှတ်ထားရမည်။

----------------

"သိဒ္ဓိ အဓိပ္ပါယ်–ကျက်မှတ်ဘွယ်"

-----------

သိဒ္ဓိသည် –၁။ ပစ္စက္ခသိဒ္ဓိ။ဆ ၂။ အနုမာနသိဒ္ဓိ။
၃။ ပရိကပ္ပသိဒ္ဓိ။ ၄။ သိဒ္ဓေယျသိဒ္ဓိ။–ဟူ၍
အကျဉ်းအားဖြင့်––လေးမျိုးရှိသည်။
ထို့အပြင်– ၁။ သဒ္ဒသိဒ္ဓိ။ ၂။ အတ္ထသိဒ္ဓိ။ ၃။ သဒ္ဒတ္ထသိဒ္ဓိ။
၄။ အာကပ္ပသိဒ္ဓိ။ ၅။ အတ္ထာပန္နသိဒ္ဓိ (အတ္ထာပတ္တိသိဒ္ဓိ)ဟူ၍လည်း ရှိသေး၏။
၄င်းတို့ကား–အကျဉ်းလေးပါးတွင် အကျုံးဝင်နိုင်၏။
❀ တိုက်ရိုက်မှုချ၊ ဆိုမပြလည်း၊ ယူရမှန်စွာ၊ ဖြစ်သင့်ရာ၊ ခေါ်ပါသိဒ္ဓိတည်း။
❀ အနုမာန၊ ပစ္စက္ခနှင့်၊ တစ်ဝပရိကပ်၊ းဒိဒ္ဓေယျတ်၊ လေးရပ်–သိဒ္ဓိပြား။
❀ သဒ္ဒ၊ အတ္ထ၊ သဒ္ဒတ္ထနှင့်၊ အာကပ္ပတစ်ဖြာ၊ အာပန္နာ၊ ထည့်ကာ ကိုးမျိုးရ။

http://www.dhammadownload.com



၁။ အာရုံအားဖြင့် အာရမ္မဏိကကိုငှင်း, အကြောင်း ဟေတုဖြင့် အကျိုးဖလကိုငှင်း တိုက်ရိုက်မှုချအားဖြင့် မျက်မှောက်ဆတ်ဆတ် သိမြင်ရခြင်းသည် ပစ္စက္ခသိဒ္ဓိမည်၏။
၂။ အာရမ္မဏိကအားဖြင့် အာရုံကိုငှင်း, အကျိုးဖလဖြင့် အကြောင်း ဟေတုကိုငှင်း၊ အာရုံအကြောင်းဖြင့် အာရမ္မဏိကအကျိုးကိုငှင်း၊ သဒ္ဒါ၏ အနေအထား အရိပ်အရောင်ကို ထောက်ဆ၍ငှင်း၊ ဉာဏ်ဖြင့်မှန်းဆ သိရခြင်းသည် အနုမာနသိဒ္ဓိမည်၏။
၃။ အာရုံအားဖြင့် အာရမ္မဏိကကိုငှင်း, အကြောင်းဖြင့် အကျိုးကိုငှင်း၊ ကြံဆ၍သိရခြင်းသည် ပရိကပ္ပသိဒ္ဓိမည်၏။
၄။ အာဂုမ်, ဉာပကဟိတ်,သာဓကပေါဠ်, ယုတ္တိဒဋ္ဌိကရဏ, သဒ္ဒန္တရိတ်, သန္တာယဘာသိတ အတ္ထုပကာရဏလိင်္ဂ– စသော အရာတို့ဖြင့် ပြီးစေကြောင်း သိကြောင်းသည် သိဒ္ဓေယျ သိဒ္ဓိမည်၏။
ထို့အပြင်–––
၁။ အနက်အားဖြင့် မသိရဘဲ သဒ္ဒါအားဖြင့်သာ သိရခြင်းသည် သဒ္ဒသိဒ္ဓိမည်၏။
၂။ သဒ္ဒါအားဖြင့် မသိရဘဲ အနက်အားဖြင့် သိရခြင်းသည် အတ္ထသိဒ္ဓိမည်၏။
၃။ သဒ္ဒါ, အနက် ၂–ပါးစုံဖြင့် သိရခြင်းသည် သဒ္ဒတ္ထသိဒ္ဓိမည်၏။
၄။ နတ်ရွာနိဗ္ဗာန်ကို ကြံဆ၍ သိရခြင်းသည် အာကပ္ပသိဒ္ဓိမည်၏။
၅။ ဗျတိရေကဆိုက အန္ဝယကို သိရခြင်း, အန္ဝယဆိုက ဗျတိရေကကို သိရခြင်းသည် အတ္ထာပန္န, အတ္ထာပတ္တိသိဒ္ဓိမည်၏။

- ဗျတိရေကာ၊ အန္ဝယာ၊ န္ဝယာဗျတိ၊ ပြန်လှန်သိ ၊အတ္ထာပတ္တိနည်း။
- ဗျတိအန္ဝယ်၊ အန္ဝယ်ဗျတိ၊ ဆ၍သိ၊ အတ္ထာပတ္တိ–ဟူသည်တည်း။

## (၁) ပစ္စက္ခသိဒ္ဓိဉဒါဟရဏ်

နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ။ (သင်္ဂဟရုပ်ပိုင်း)

ဤဥဒါဟရဏ်၌ လောကုတ္တရာဟုဆိုအပ်သောနိဗ္ဗာန်ကို မဂ်ဉာဏ်ရသောအရိယာပုဂ္ဂိုလ်တို့သည်သာ မိမိတို့၏ အသီးအသီးသော မဂ်ဉာဏ်ဖြင့် တိုက်ရိုက်မှုချအားဖြင့် မျက်မှောက်ပြု၏ဟု မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်မြင်ခြင်းကို "ပစ္စက္ခသိဒ္ဓိ"ဟုဆိုသည်။

◆ "စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗ"န္တိ ဣမိနာ နိဗ္ဗာနဿ တံတံ အရိယပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတံ ဒဿေတိ။ (ဋီကာကျော်။၂၁၆။)

## (၂) အနုမာနသိဒ္ဓိဉဒါဟရဏ်

မဟဂ္ဂတာ ရမ္မဏာ ဓမ္မာ။ (ပါဠိတော်။၂။ )

ဤဥဒါဟရဏ်၌ မဟဂ္ဂတာရမ္မဏာ ဓမ္မာ–ဟူသော တိကမာတိကာပဒ၌ "မဟဂ္ဂတာရမ္မဏာ"ဟု သာမညအားဖြင့်ဆိုလျှင်ပင်ထို၏အာရုံဖြစ်သော အာကာသာနဉ္စာယတနမဟဂ္ဂုတ်စိတ်, အာကိဉ္စညာယတနမဟဂ္ဂုတ်စိတ် ၆–ခုတို့ကြောင့် အာရမ္မဏိကဖြစ်သော ဝိညာဏဉ္စာယတန, နေဝသညာ နာသညာယတန–စိတ်များကို ဉာဏ်ဖြင့်မှန်းဆ၍ သိရ၏။ ထို့ကြောင့် အနုမာနသိဒ္ဓိမည်၏။

http://www.dhammadownload.com



(၃) ပရိကပ္ပသိဒ္ဓိ ဥဒါဟရဏ်

ဣဒါနိ ယထာနိက္ခိတ္တာယ မာတိကာယ သင်္ဂဟိတော ဓမ္မော ပဘေဒတော ဒဿေတုံ "ကတမေ ဓမ္မာ ကုသလာ"တိ ပဒဘာဇနီယံ အာရဒ္ဓံ။ ( ဋ္ဌ။၉၇။)

ဤ၌ မြတ်စွာဘုရားရှင်၏ ကတမေ ဓမ္မာ ကုသလာ-စသော ပဒဘာဇနီပါဠိတော်ကို ဟောကြောင်းဖြစ်သော ဝီရိယပြဋ္ဌာန်းသော ဒေသနာဉာဏ်တော်တည်းဟူသော အကြောင်းကိုပြသဖြင့် ထို၏အကျိုးဖြစ်သော ဓမ္မပဋိဂ္ဂါဟက တို့၏ သဒ္ဓါပသန္န ကုသိုလ် စိတ္တုပ္ပါဒ်, နောင်လာနောက်သားတို့၏ အဘိဓမ္မာကို သင်ယူခြင်း, တတ်သိနားလည်ခြင်း, ရုပ်နာမ်ဓမ္မကို သိ၍ ဈာန်မဂ်ဖိုလ်ရခြင်းစသော မိမိသူတပါးနှစ်ဦးသားတို့၏ လောကီ လောကုတ္တရာအကျိုးများကိုလည်း ဥပစာအားဖြင့် ကြံဆ၍ သိအပ်သောကြောင့် ပရိကပ္ပသိဒ္ဓိမည်၏။

⊕ ကြောင်းအားလည်းကြံ၊ အာရုံ အားသိ၊ ပရိကပ္ပ၊ သိဒ္ဓေယျ။

(၄) သိဒ္ဓေယျ သိဒ္ဓိဥဒါဟရဏ်

ယထာဟ "တဇ္ဇံ တဿာရုပ္ပံ ကထံ မန္တေတိ"တိ။ (ဋ္ဌ။ ၁၈၃။)

ဤ၌ တဇ္ဇာ-သဒ္ဒါ၏ တဿာရုပ္ပအနက်၌ဖြစ်၏ဟူသော အဓိပ္ပါယ်ကို "တဇ္ဇံ တဿာရုပ္ပံ ကထံ မန္တေတိ-"ဟူသော ပါဠိတော်သာကေဖြင့် ထောက်ဆ၍ ယုံကြည်စေအပ်, ပြီးစေ အပ်သောကြောင့် သိဒ္ဓေယျသိဒ္ဓိ (ဝါ)သဒ္ဒေယျသိဒ္ဓိမည်၏။

===============

"ဒဠှဗ္ဗံ, ဝေဒိတဗ္ဗံ, သိဒ္ဓံ-ထားပုံမှတ်ဘွယ်"

ဒဠှဗ္ဗံ-ကား သန္နိဋ္ဌာန်, ဝေဒိတဗ္ဗံကား သံသယ, သိဒ္ဓံရိုက စကားကျ။ (တိပိဋကနာဂ။ ၈၄) နှင့်အညီ ---

၁။ သန္နိဋ္ဌာန်ကျ မုချတ္ထ, နီတတ္ထ, ဥဇုကတ္ထ, ဧကန္တ အားဖြင့်ယူရမည့် အနက်အဓိပ္ပါယ်ကို ပြလိုရာ၌ "ဒဠှဗ္ဗံ" ထားသည်။

၂။ မုချအားဖြင့် မယူဘဲ နှစ်လုံးနှစ်ခွ-သံသယဖြစ်လျက် ဥပစာရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကန္တအားဖြင့် ရသင့်ရာယူရမည်"ဟု ပြလိုရာ၌ "ဝေဒိတဗ္ဗံ"ထားသည်။

၃။ အတ္တာပန္န, သဒ္ဒါပန္န, သာမတ္ထိယအားဖြင့် စကားကျ စကားရောက်ကိုပြလိုရာ၌ သိဒ္ဓံ-ထားသည်။

(၁) ဒဠှဗ္ဗံ-ဥဒါဟရဏ်။

စေတသော အဝူပသမေ အယောနိသော မနသိကာရပဒဋ္ဌာနံ၊ စိတ္တဝိက္ခေပေါတိ ဒဠှဗ္ဗံ။ (ဋ္ဌ။ ၂၉၂။)

ဤ၌-ဥဒ္ဓစ္စစေတသိက်၏ သဘောကား "စိတ်၏ ပြန့်လွင့်ခြင်းပင်တည်း"ဟု "သန္နိဋ္ဌာန်ကျ, မုချတ္ထ, ဥဇုကတ္ထ, ဧကန္တအားဖြင့်ယူရမည်"ဟု ပြလို၍ "ဒဠှဗ္ဗံ" ထားသည်။

http://www.dhammadownload.com



(၂) ဝေဒိတဗ္ဗံ ဥဒါဟရဏ်။

သဟဇာတဓမ္မေသု အကမ္ပနဋ္ဌေနေဝ ဝီရိယဗလံ ဝေဒိတဗ္ဗံ။ (ဋ္ဌ ၂၉၁။)

ဤ၌-ဝီရိယစေတသိက်သည် မိမိနှင့် သဟဇာတဖြစ်သောတရားတို့၌ မတုန်လှုပ်ခြင်းဟူသောအနက်ကြောင့်သာလျှင် "ဝီရိယဗိုလ်မည်၏"ဟု "ဥပစာရဋ္ဌ, နေယျတ္ထ, ဝက်ဋ္ဌ, အနေကတ္ထအားဖြင့် ယူရမည်"ဟု ပြလို၍ "ဝေဒိတဗ္ဗံ" ထားသည်။

(၃) သိဒ္ဓံ ဥဒါဟရဏ်။

ကာယကမ္မံ ပန ကာယဒွါရမှိယေဝ ဗဟုလံ ပဝတ္တတိ၊ အပ္ပံ ဝစီဒွါရေ။ တသ္မာ ကာယဒွါရေ ဗဟုလံ ပဝတ္တိတော တေသ ကာယကမ္မဘာဝေါ သိဒ္ဓေါ၊ ဝနစရကထုလ္လကုမာရိကာဒိဂေါစရာနံ ဝနစရကာဒိဘာဝေါဝိယ။ (ဋ္ဌ။၁၂၇။)

ဤ၌ ကာယကံ,ဝစီကံ,မနောကံ ၃-ပါးတို့တွင်"ကာယဒွါရ၌ ဖြစ်သောကံသည် ကာယကံမည်၏။ ဝစီဒွါရ၌ဖြစ်သောကံသည် ဝစီကံမည်၏။ မနောဒွါရ၌ဖြစ်သောကံသည် မနောကံမည်၏။"ဟု ပြဆိုရာ ကာယကံသည် အနည်းငယ်အားဖြင့် ဝစီဒွါရ၌ဖြစ်သောကြောင့် ဝစီကံ မည်သင့်သော်လည်း ဝနစရက(တောမုဆိုး) ထုလ္လကုမာရိကဂေါစရ (အပျိုဟိုင်းမ အိမ်၌ ဆွမ်းခံသောရဟန်း)ဆိုသောစကား၌--"မုဆိုး၏ အနည်းငယ် တစ်ခါတစ်ရံမြို့တွင်း လှည့်လည်သွားလာရာအခါ, ထိုရဟန်း၏ အခြားသောအိမ်၌ ဆွမ်းခံလှည့်လည်သွားလာရာ အခါတို့၌လည်း ဝနစရက, ထုလ္လကုမာရိကဂေါစရ-အမည်ရသကဲ့သို့ ကာယဒွါရ၌သာ အများအားဖြင့်ဖြစ်သောကြောင့် "ကာယကမ္မ"ဟူသော အမည်သာရသည်ဟု ပြလိုသော ကြောင့် "သိဒ္ဓေါ" ထားသည်။

( သိဒ္ဓံ, သိဒ္ဓေါ, သိဒ္ဓါ အတူတူပင်မှတ်။)

အမှာ။။ ဤကား အစိုးရဓမ္မာစရိယ မေးခွန်းထုတ်စည်းမျဉ်း အဖြေနမူနာပုံစံ များဖြစ်သည်။

---

(ဂ) ဝါကျ ဗာဋ္ဌာမေ ဒုက္ခာဝေဒနာ အဘိက္ကမန္တိ-ကိုရှု၍ ကြိယာ ၅-တန် ထုတ်ပုံ။

၁။ အဘိက္ကမန္တိ-အရ ပြင်းထံသောဝေဒနာသည် ဒဿနတ္ထ။

၂။ သွေး-သည်းခြေ-သလိပ်စသော အဇ္ဈတ္တတရားတို့၏ ဖောက်ပြန်ပျက်စီးခြင်းသည် ဒီပကတ္ထ။

၃။ ကာယိကဒုက္ခ, စေတသိကဒုက္ခသည် ပကာသနတ္ထ။

၄။ ကံ-စိတ်-ဥတု-အာဟာရ-ဟူသော အကြောင်းတရား ၄-ပါးတို့တွင် တပါးပါးသည် ဝိဘာဝတ္ထ။

၅။ ဖြစ်ပေါ်တိုးပွါးလာသော ဒုက္ခဝေဒနာအပေါ်၌ သည်းမခံနိုင်၍ ဒေါသဖြစ်ခြင်း, ယင်းဒေါသကြောင့် ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရခြင်းစသည်သည်။ (အန္ဓဗာလပုထုဇဉ်အတွက်) (ဝါ) တိုးပွားလာသော ဒုက္ခဝေဒနာအပေါ်၌ အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ဝိပဿနာရှုမြင်ခြင်း, အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးကျိုးအဆက်ဆက်သည် (ကလျာဏပုထုဇဉ် အတွက်) အနုဘာဝတ္ထ။

http://www.dhammadownload.com



| | | |
|---|---|---|
| (တနည်း) | ဒုက္ခဝေဒနာသည် | ဒဿနတ္ထ။ |
| | ဖဿသည် | ဒီပကတ္ထ။ |
| | တဏှာသည် | ပကာသနတ္ထ။ |
| | နာမ်ရုပ်-သဠာယတနစသည်သည် | ဝိဘာဝတ္ထ။ |
| | ဉပါဒါန်-ဘဝ စသည်သည် | အနုဘာဝတ္ထ။ |

ဤသို့ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့်လည်း ထုတ်နိုင်သည်။

-----------------

(ဂ) ဝါကျ၌ ရနိုင်သော သိဒ္ဓိ-ကား "သိဒ္ဓေယျသိဒ္ဓိ" တည်း။

ရှင်း။ ။ သဒ္ဒနီတိ၊ မြန်ကြိတ်အာဂုံ၊ တွေကြံဉာပက၊ သိဒ္ဓေယျ-(တွင်းကြီး။၆၄။) နှင့်အညီ အဘိဓမ္မာ၌ အဘိသဒ္ဒါ၏ အတိရေကအနက်, ဝိသေသအနက် ပြတတ်၏-ဟူသော အနက်အဓိပ္ပါယ်ကို ဗာဠာမေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ-အစရှိသော အာဂုမ်ပါဠိ သာကေဖြင့် ယုံကြည်စေအပ်, ပြီးစေအပ်သောကြောင့် (ဝါ)အာဂုမ်ပါဠိဖြင့် ထောက်ဆ၍ သိရသောကြောင့် သိဒ္ဓေယျသိဒ္ဓိမည်၏။

==========================

(၉)နံပါတ်ပုစ္ဆာအဖြေ

| | | |
|---|---|---|
| ဒုက္ခာဝေဒနာ | = | အနိဋ္ဌဖောဋ္ဌဗ္ဗာရမ္မဏာနုဘဝနလက္ခဏာ။ |
| | | သမ္ပယုတ္တကာနံ မိလာပနရသာ။ |
| | | ကာယိကဗာဓ ပစ္စုပဋ္ဌာနာ။ |
| | | ကာယိန္ဒြိယပဒဋ္ဌာနာ။ |

================================

(၁၀)နံပါတ်ပုစ္ဆာအဖြေ

အဘိက္ကမန္တိ-၌ ------

အန္တတ္ထအရ-ဒုက္ခဝေဒနာကိုယူ။

ဗာဟျတ္ထအရ-ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ် ၁-ခု၊ဝေဒနာကြဉ်သော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၆-ခုကိုယူ။

အန္တတ္ထအရ-ပစ္စည်းတရားက-

ဗာဟျတ္ထအရ- ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်နိုင်သောပစ္စယသတ္တိကား -သဟဇာတ, အညမည, နိဿယ, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ ပေါင်း (၇) ပစ္စည်း ဖြစ်ပါသည်။

http://www.dhammadownload.com



## "ပဋ္ဌာန်းပစ္စည်းပြိုင်ရာ၌ နယူပဒေသမှတ်ဘွယ်"

၁။ ပုဒ်, ဓာတ်, ပစ္စည်း (အန္တတ်, ဗာဟျတ်) တို့၏ တရားကိုယ် (အဘိဓေယျတ္ထ)ကို မှန်ကန်စွာ ကောက်တတ်ရမည်။

၂။ ယင်းသို့ကောက်တတ်ရန် ဥာသ်ကောက်နည်း, စာစပ်နည်းတို့ကို ကျေနပ်လောက်အောင် လေ့လာထားရမည်။

၃။ အရကောက်ပြီးသည်အခါ မည်သို့မည်ပုံ ဆက်သွယ်နေပုံကိုကြည့်၍ အာရမ္မဏမျိုး, သဟဇာတမျိုး–စသည်ဖြင့် ခွဲခြားဝေဘန်တတ်ရမည်။

ဥပမာ– (က) ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့က တပြိုင်နက် အတူတကွဖြစ်နေလျှင် သဟဇာတမျိုး။

❁ ပြိုင်တူခဏ၊ ဖြစ်လတ်က၊ သဟဇာတမှတ်။

(ခ) အာရုံ+အာရမ္မဏိက သဘောရှိလျှင် အာရမ္မဏမျိုး။

❁ အာရုံ–အာရမ္မဏိက၊ ဖြစ်တုံက၊ အာရမ္မဏမှတ်။

(ဂ) ဝီထိတစ်ခုတည်း၌ ရှေ့နောက် ဆက်ဖြစ်နေလျှင် အနန္တရမျိုး။

❁ တစ်ဝီထိတည်း၊ မခြားဘဲလျက်၊ ရှေ့နောက်ဆက်မှု၊ မှတ်ယူ–အနန္တရ။

(ဃ) ဝီထိကွဲလျှက် ရှေ့နောက်ဆက်ဖြစ်နေလျှင် (ဝါ) ဘဝအားဖြင့်ဖြစ်စေ, ကာလအားဖြင့်ဖြစ်စေ, ပုဂ္ဂိုလ်အားဖြင့်ဖြစ်စေ ကွဲပြားခြားနားနေလျှင် ပကတူပမျိုး။

❁ ဝီထိကွဲလျှက်၊ ရှေ့နောက်ဆက်မှု၊ ပကတူမှတ်။

❁ (တနည်း) ဘဝ, ကာလ၊ ပုဂ္ဂလတို့၊ ကွဲပြားခြားမှု၊ ပကတူ။

(င) နိဿယ, နိဿိတ သဘောရှိလျှင် ဝတ္ထုပုရေဇာတမျိုး။

❁ နိဿယ, နိဿိတ၊ ဆက်သွယ်က၊ ဝတ္ထုပုရေဇာတမှတ်။

(စ) အကြောင်းကံ+အကျိုးဝိပါက် ဆက်နွယ်နေလျှင် ပကတူပနှင့် ကမ္မ။

❁ ကြောင်း–ကံ, ကျိုး–ဝိ၊ ဆက်စပ်လျှက်ရှိမှု၊ ပကတူပ, မျိုးကမ္မ။

(ဆ) ပစ္စည်းတရားကနောက်, ပစ္စယုပ္ပန်တရားကရှေ့ဖြစ်နေလျှင် ပစ္ဆာဇာတမျိုး။

(ဇ) ပစ္စည်းတရားက ရုပ်အာဟာရဖြစ်နေလျှင် အာဟာရမျိုး။

(ဈ) ပစ္စည်းတရားက ရုပ်ဇီဝိတိန္ဒြေဖြစ်နေလျှင် ဣန္ဒြိယမျိုး။

၄။ ဤသို့ သင့်ရာကိုရွေးချယ်ပြီးမှ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ထိုက်သော တရားကိုယ်ကို ကြည့်၍ ပြိုင်နိုင်သည့် ပစ္စည်းအရေအတွက်ကိုပါ ထုတ်တတ်ရမည်။

၅။ ယင်းသို့ မှန်ကန်စွာ ထုတ်တတ်ရန် အောက်ပါဆောင်ပုဒ်များနှင့် ဇယားဖြင့် ဖော်ပြထားသည့် ၂–ချက်စုကို ကျေပွန်စွာ ‹‹ျကျ်မှတ်ထားရမည်။

http://www.dhammadownload.com



## "အာဂုမ်ဆောင်ရန်, မျိုး ၉-တန်"

ဆယ့်ငါး-သဟ၊ အာ-ရှစ်ဝနှင့်၊
သတ္တ-အနန်၊ ခြောက်တန်-ဝတ္ထု၊
လေးခုပဏ္ဏာ ၊ သုံးဖြာ-ဟာရော ၊
တယော-ဣန္ဒြေ ၊ ဒွိ-ပကတူ၊
ကမ္မူ-ဓကော၊ မျိုးကိုးထွေကို၊
ဆောင်လေ နှုတ်တက်အာဂုံတည်း

| | | |
|---|---|---|
| ၁။ | ဆယ့်ငါး-သဟ | သဟကြီး-၄ = သဟဇာတ- နိဿယ- အတ္ထိ- အဝိဂတ။<br>သဟလတ်-၄ = အညမည -ဝိပါက- သမ္ပယုတ္တ- ဝိပ္ပယုတ္တ။<br>သဟငယ်- ၇ ≒ ဟေ- ဓိ- ကမ်-ဟာ- ဣံ- ဈာ- မဂ်။ |
| ၂။ | အာ-ရှစ်ဝနှင့် | အာရမ္မဏ, အဓိ, နိ, ဥပ, ပု, ဝိပ္ပ, အတ္ထိ, အဝိ။ |
| ၃။ | သတ္တ- အနန် | အနန်-သမနန်-ဥပ-အာသေ-(နာနက္ခဏိက)ကမ္မ-နတ္ထိ-ဝိဂတ။ |
| ၄။ | ခြောက်တန်-ဝတ္ထု | ပုရေ, နိဿယ, ဣံ, ဝိပ္ပ, အတ္ထိ, အဝိ။ |
| ၅။ | လေးခု-ပဏ္ဏာ | ပဏ္ဏာဇာတ, ဝိပ္ပ, အတ္ထိ, အဝိဂတ။ |
| ၆။ | သုံးဖြာ-ဟာရော | အာဟာရ, အတ္ထိ, အဝိဂတ။ |
| ၇။ | တယော-ဣန္ဒြေ | ရူပဇီဝိတိန္ဒြေ, အတ္ထိ, အဝိ။ |
| ၈။ | ဒွိ-ပကတူ | ပကတူပနိဿယ, ပကတူပကမ္မ။ |
| ၉။ | ကမ်မူ-ဓကော | နာနက္ခဏိကကမ္မ။ |

http://www.dhammadownload.com



(၁) သဟဇာတမျိုး ၁၅-ပစ္စည်း

| ပစ္စည်းအမည် | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| **အကြီး ၄-ပစ္စည်း** | | |
| ၁။ သဟဇာတ | (က) အချင်းချင်းနာမက္ခန္ဓာ ၄-ပါး | (က) နာမက္ခန္ဓာ ၄-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် |
| ၂။ နိဿယ | (ခ) မဟာဘုတ် ၄-ပါး | (ခ) ဥပါဒါန်နှင့်တကွမဟာဘုတ် ၄-ပါး |
| ၃။ အတ္ထိ | (ဂ) ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ | (ဂ) ဟဒယဝတ္ထု |
| ၄။ အဝိဂတ | (ဃ) ဟဒယဝတ္ထု | (ဃ) ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ |
| **အလတ် ၄-ပစ္စည်း** | | |
| ၁။ အညမည | (က) နာမက္ခန္ဓာ ၄-ပါး | (က) နာမက္ခန္ဓာ ၄-ပါး |
| | (ခ) မဟာဘုတ် ၄-ပါး | (ခ) မဟာဘုတ် ၄-ပါး |
| | (ဂ) ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ | (ဂ) ဟဒယဝတ္ထု |
| | (ဃ) ဟဒယဝတ္ထု | (ဃ) ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ |
| ၂။ သမ္ပယုတ္တ | နာမက္ခန္ဓာ ၄-ပါး | နာမက္ခန္ဓာ ၄-ပါး |
| ၃။ ဝိပ္ပယုတ္တ | (က) ပဋ္ဌဝေါကာရဘုံ၌ဖြစ်နိုက်အရူပဝိပါက်၊ ဒွေးပဥ္စ၊ရဟန္တာ-စုတိကြဉ်၊ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး | (က) စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ် |
| | (ခ) ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ | (ခ) ဟဒယဝတ္ထု |
| | (ဂ) ဟဒယဝတ္ထု | (ဂ) ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ |
| ၄။ ဝိပါက | ဝိပါက်နာမက္ခန္ဓာ ၄-ပါး | ဝိပါက်နာမက္ခန္ဓာ ၄-ပါး၊စိတ္တဇရုပ်၊ ပဋိ-ကမ္မဇရုပ် |
| **အငယ် ၇-ပစ္စည်း** | | |
| ၁။ ဟေတု | ဟိတ် ၆-ပါး | သဟိတ်စိတ်-စေတသိက်၊ သဟိတ်စိတ္တဇရုပ်၊သဟိတ်ပဋိသန္ဓေကမ္မဇရုပ် |
| ၂။ အဓိပတိ | အဓိပတိတရားကိုယ် ၃-ပါး၊ ၄-ပါးတို့တွင်တစ်ပါးပါး | တရားကိုယ်ကြဉ် သာဓိပတိနာမက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်။ |
| ၃။ အာဟာရ | ဖဿ၊စေတနာ၊ဝိညာဏ် | စိတ် ၈၉၊ စေ ၅၂၊စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် |
| ၄။ ကမ္မ | စိတ်(၈၉)ခု၌ရှိသော စေတနာ | စိတ် ၈၉၊ စေတနာကြဉ် စေ ၅၁၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် |
| ၅။ မဂ္ဂ | မဂ္ဂင်တရားကိုယ် ၉-ပါး | သမ္ပယုတ္တက္ခန္ဓာ၊သဟိတ်စိတ္တဇရုပ်၊သဟိတ်ပဋိ-ကမ္မဇရုပ် |
| ၆။ ဣန္ဒြိယ | နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး | သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် |
| ၇။ ဈာန | ဈာနင်တရားကိုယ် ၅-ပါး | သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် |

- ဟေ, ဓိ, အာ, ကမ်၊ မဂ်, ဣန်, ဈာန်၊ မှတ်ရန် ငယ်-သတ္တ။
- နာမ်ချင်း-ခြောက်ပါး၊ နာမ်ရုပ်-ငါး၊ နာမ်ကား နာမ်ရုပ်-လေး။

(နာမ်အချင်းချင်းဖြစ်လျှင်= အကြီး ၄၊ အညမည၊ သမ္ပယုတ္တ ပေါင်း ၆-ပစ္စည်း။
နာမ်ပစ္စည်း ရုပ်ပစ္စယုပ္ပန်ဖြစ်လျှင်= အကြီး ၄၊ ဝိပ္ပယုတ္တ ပေါင်း ၅-ပစ္စည်း။
နာမ်ပစ္စည်း နာမ်ရုပ်ပစ္စယုပ္ပန်ဖြစ်လျှင်=အကြီး ၄-အနည်းဆုံးရနိုင်သည်ဟုဆိုလိုသည်။ အခြားရသင့်ရာများဖြည့်စွက်ရန်ဖြစ်ပါသည်။)

http://www.dhammadownload.com



၂။ အာရမ္မဏမျိုး (၈) ပစ္စည်း

| | ပစ္စည်းအမည် | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|---|
| ၁။ | အာရမ္မဏ | ကာလသုံးပါး၌ဖြစ်သော စိတ်, စေတသိက်, ရုပ်,<br>ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်, အာရုံ ၆-ပါး | စိတ် ၈၉၊စေ၅၂၊ |
| ၂။ | အဓိပတိ | ဒေါ,မော, ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ် စိတ် ၈၄၊ စေ-၄၇<br>ကာလသုံးပါး၌ဖြစ်သော ဣဋ္ဌ နိပ္ဖန္နရုပ်၊ နိဗ္ဗာန် | လောဘမူ ၈၊ မဟာကု ၈၊<br>မဟာကြိယာဉာဏသမ္ပယုတ် ၄၊<br>လောကုတ်စိတ် ၈၊ စေ ၄၅၊ |
| | | တနည်း | |
| | အဓိပတိ<br>ဥပနိဿယ | (က) ဒေါ, မော, ဒုက္ခ-ကာယဝိညာဏ်ကြဉ် လောကီစိတ် ၇၆၊<br>စေ ၄၇၊ ဣဋ္ဌနိပ္ဖန္နရုပ် | (က) လောဘမူ ၈၊စေတသိက်၂၂၊ |
| | | (ခ) လောကီကုသိုလ် ၁၇၊ စေ ၃၈၊ | (ခ) မဟာကုသိုလ် ၈၊ စေ ၃၈ |
| | | (ဂ) အောက်မဂ်,ဖိုလ်၊ စေ ၃၆၊ နိဗ္ဗာန် | (ဂ) မဟာကုဉာဏ် ၄၊ စေ ၃၈ |
| | | (ဃ)အရဟတ္တမဂ်,ဖိုလ်၊ စေ ၃၆၊ နိဗ္ဗာန် | (ဃ)မဟာကြိဉာဏ် ၄၊စေ ၃၅ |
| | | (င) နိဗ္ဗာန် | (င) လောကုတ္တရာစိတ် ၈၊ စေ ၃၆ |
| ၄။<br>၅။<br>၆။ | ပုရေဇာတ<br>အတ္ထိ<br>အဝိဂတ | ပစ္စုပ္ပန်ဖြစ်သောနိပ္ဖန္နရုပ် အဋ္ဌာရသ | ကာမစိတ် ၅၄၊ ဒိဗ္ဗစက်,သော<br>အဘိညာဉ်၊ စေ ၅၂ |
| ၇။<br>၈။ | နိဿယ<br>ဝိပ္ပယုတ္တ | မရဏာသန္နအခါ စုတိစိတ်တွေ့ပရိသတ္တရသမစိတ်နှင့်<br>အတူဥပါဒ်သော ဟဒယဝတ္ထု | မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္န<br>ကာမဇော ၂၉၊ တဒါရုံ ၁၁၊ စေ ၄၄ |

♦ အာ, ဓိ, ဥပ၊ နိဿယ, ပုရေ၊ ဝိပ္ပေ, အတ္ထိ၊ အဝိဂတ၊ ဤရှစ်ဝ၊ မှတ်ကြအာရုံမျိုး။

အနန္တရမျိုး (၇) ပစ္စည်း

| | | | |
|---|---|---|---|
| ၁။<br>၂။<br>၃။<br>၄။<br>၅။ | အနန္တရ<br>သမနန္တရ<br>ဥပနိဿယ<br>နတ္ထိ<br>ဝိဂတ | ရဟန္တာတို့စုတိကြဉ်သော<br>ရှေးရှေးစိတ် ၈၉၊ စေ၅၂ | ရဟန္တာတို့၏စုတိစိတ်နှင့်တကွ<br>နောက်နောက်သောစိတ် ၈၉၊စေ ၅၂ |
| ၆။ | ကမ္မ | မဂ်စေတနာ | ဖိုလ်စိတ္တုပ္ပါဒ် |
| ၇။ | အာသေဝန | ဇာတ်တူအဆုံးဇောကြဉ်ရှေးရှေးသော<br>လောကီဇော ၄၇၊ စေတသိတ် ၅၂ | ပထမဇော,ဖိုလ်ဇောကြဉ်<br>နောက်နောက်သော ဇော ၅၁၊ စေ ၅၂ |

http://www.dhammadownload.com



❀ အနန်နှစ်ဝ၊ ဥပ, အာသေ၊ ကမ္မေ, ဝိဂတ၊ နတ္ထိပြ၊ သတ္တ–အနန်မျိုး။
❀ ရှေ့နောက်နှစ်တန်၊ စိတ်သာမန်၊ မှတ်ရန် ငါးပစ္စယ။
❀ မဂ်က ဖိုလ်အား၊ ကမ္မထား၊ ဓောကား အာသေဝန။
(ရှေ့နောက် စိတ်သာမန်ဖြစ်လျှင် ၁–မှ ၅–အထိ ပစ္စည်းများသေချာပေါက်ရသည်။
မဂ်ပစ္စည်း, ဖိုလ်ပစ္စယုပ္ပန်ဖြစ်လျှင် ကမ္မထည့်၍ ၆–ပစ္စည်း။
ပစ္စည်းပစ္စယုပ္ပန်ဇောချည်းဖြစ်လျှင် အာသေဝန–ထည့်ပါဟုဆိုလိုသည်။
အနန္တရမျိုးဖြစ်လျှင် အနည်းဆုံး ၅–ပစ္စည်းရနိုင်သည်ဟုမှတ်ပါ။)

၄။ ဝတ္ထုပုရေဇာတမျိုး (၆)

| | | | |
|---|---|---|---|
| ၁။ | ပုရေဇာတ | | |
| ၂။ | နိဿယ | ပဝတ္တိအခါ ဝတ္ထုရုပ် (၆)ပါး (ဆဝတ္ထုရုပ်) | ပဝတ္တိအခါသတ္တဝိညာဏဓာတ် (စိတ် ၈၉–ပါး) စေတသိက် ၅၂–ပါး |
| ၃။ | ဝိပ္ပယုတ္တ | | |
| ၄။ | အတ္ထိ | | |
| ၅။ | အဝိဂတ | | |
| ၆။ | ဣန္ဒြိယ | မစ္ဆိမာယုကဖြစ်၍အတီတဘဝင်နှင့် ဥပ္ပါဒ်ပြိုင်၍ဖြစ်သော ပဥ္စဝတ္ထု | ဒွေပဉ္စဝိညာဉ် ၁၀၊ သဗ္ဗစိတ္တသာဓာရဏစေ ၇ |

၅။ ပစ္ဆာဇာတ (၄) ပစ္စည်း

| | | | |
|---|---|---|---|
| ၁။ | ပစ္ဆာဇာတ | ပဥ္စဝေါကာရဘုံ၌ဖြစ်ခိုက်အရူပဝိပါက်ကြဉ် ပထမဘဝင်အစရှိသော နောက်နောက်စိတ် ၈၅၊ စေတသိက် ၅၂ | ပဋိသန္ဓေအစရှိသောရှေးရှေးသော စိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇ ဒွိဇ တိဇ စတုဇကာယ |
| ၂။ | ဝိပ္ပယုတ္တ | | |
| ၃။ | အတ္ထိ | | |
| ၄။ | အဝိဂတ | | |

၆။ အာဟာရမျိုး (၃) ပစ္စည်း

| | | | |
|---|---|---|---|
| ၁။ | ရူပါဟာရ | (က) ဗဟိဒ္ဓသြဇာ | (က) အာဟာရဇရုပ် |
| ၂။ | အတ္ထိ | (ခ) အဇ္ဈတ္တစတုသမုဋ္ဌာနိကသြဇာ နှင့်ဗဟိဒ္ဓဥတုဇသြဇာ | (ခ) ကလာပ်တူသြဇာကြဉ် ကလာပ်တူ ကလာပ်ပြားဖြစ်သောစတုသမုဋ္ဌာနိကရုပ် |
| ၃။ | အဝိဂတ | | |

၇။ ရူပဇီဝိတိန္ဒြိယမျိုး (၃ ) ပစ္စည်း

| | | | |
|---|---|---|---|
| ၁။ | ရူပဇီဝိတိန္ဒြိယ | ပဝတ္တိပဋိသန္ဓေဖြစ်သော ရုပ်ဇီဝိတိန္ဒြေ (ဇီဝိတရုပ်) | ဇီဝိတကြဉ်ကလာပ်တူ ကမ္မဇရုပ် ၉–ခု။ |
| ၂။ | အတ္ထိ | | |
| ၃။ | အဝိဂတ | | |

၈။ ပကတူပနိဿယမျိုး (၂ )ပစ္စည်း

| | | | |
|---|---|---|---|
| ၁။ | သုဒ္ဓပကတူပနိဿယ | ရှေးရှေးသောစိတ်၊ စေ၊ ရုပ်၊ ပညတ် | နောက်နောက်သောစိတ် စေတသိက် |
| ၂။ | မိဿကပကတူပနိဿယ နာနက္ခဏိကကမ္မ | ဗလဝဖြစ်သောကံ (စေတနာ) | ဝိပါက်နာမက္ခန္ဓာ |

၉။ နာနက္ခဏိက ကမ္မမျိုး

| | | | |
|---|---|---|---|
| ၁။ | ကမ္မ | (က) အတိတ်ဖြစ်သောဒုဗ္ဗလကံ<br>(ခ) ဗလဝ, ဒုဗ္ဗလကံ (စေတနာ) | ကာမဝိပါက်နာမက္ခန္ဓာ<br>ကဋတ္တာရုပ် |

http://www.dhammadownload.com



"ပဋ္ဌာန်းစာစပ်, ပဋ္ဌာန်းပစ္စည်းပြိုင် ဆောင်ပုဒ်"

---

၁။ ကတ္တားနှင့်ကြိယာ၊ စပ်ပါကြ၊ သ, နန်, ပူ။
၂။ ကြိယာကံ စပ်ဟန်ရှိး၊ မျိုး အာရုံတူ။
၃။ အဇ္ဈတ်တဲ့၊ ကရိုဏ်းမူ၊ ကတ္တားတူ–သုံးမျိုး။
၄။ သမ္ပဒါန်၊ အာရုံမျိုး၊ ရုံခါပ။
၅။ အကြွင်းမှာ တိဒေသ၊ ဥပတဲ့မျိုး။

အဓိပ္ပါယ်။ ။၁။ ကတ္တားနှင့်ကြိယာ စပ်,ပြိုင်လျှင် သဟဇာတ, အနန္တရ, ပုရေဇာတ–မျိုးတို့တွင် ဖြစ်သင့်ရာပစ္စည်းမျိုးဖြင့် စပ်,ပြိုင်ရသည်။
၂။ ကံနှင့်ကြိယာ စပ်,ပြိုင်လျှင် အာရမ္မဏမျိုး,
၃။ အဇ္ဈတ္တိကကရိုဏ်းနှင့် ကြိယာစပ်ပြိုင်လျှင် သဟဇာတ,အနန္တရ, ပုရေဇာတ,
၄။ သမ္ပဒါန်နှင့် ကြိယာ စပ်ပြိုင်လျှင် အာရုံမျိုး,
၅။ ကျန်ကာရကများနှင့် ကြိယာတို့ စပ်ပြိုင်လျှင် ပကာဘူပမျိုး, သမ္ဗန်,ဟိတ်စသော အကာရကတို့ကို စပ်ပြိုင်လျှင်လည်း ပကတူပမျိုး စပ်,ပြိုင်ရသည်။
ဆိုခဲ့ပြီးသည်ကား–ယေဘုယျသာတည်း။ အချို့နေရာ၌ ဤအတိုင်း မဖြစ်နိုင်သည်လည်းရှိ၏။ ပုံစံများ၌တွေ့ရလတ္တံ့။

---

လေ့ကျက်ရန်၊–––ကာရက ၆–ပါးနှင့် ကြိယာပုံစံများ

| | | |
|---|---|---|
| ကတ္တားနှင့် ကြိယာ | အဟံ (ဗုဒ္ဓံ) ဝန္ဒာမိ | သ, နန်, ပူ |
| ကံနှင့် ကြိယာ | (အဟံ) ဗုဒ္ဓံ ဝန္ဒာမိ | အာရမ္မဏ |
| အဇ္ဈတ္တိကကရိုဏ်းနှင့်ကြိယာ | စက္ခုနာ ရူပံ ပဿတိ | သ, နန်, ပူ |
| ဗာဟိရကရိုဏ်းနှင့်ကြိယာ | ဒတ္တေန ဝီဟိံ လုနာတိ | ပကတူ |
| သမ္ပဒါန်နှင့် ကြိယာ | သမဏာသ စီဝရံ ဒေါတိ | အာရမ္မဏ |
| အပါဒါန်နှင့် ကြိယာ | ဂါမာ အပေန္တိ မုနယော | ပကတူ |
| သြကာသနှင့် ကြိယာ | ဘူမိသု မနုဿာ စရန္တိ | ပကတူ |

စာစပ်ပုံကား။ ။ အဟံ–ကား ဝန္ဒာမိ–၌ သဟဇာတပစ္စည်း။ ဝန္ဒာမိကား သဟဇာတပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်အပ်၏ (ဤသို့စသည်ဖြင့် ပဋ္ဌာန်းပရမတ် စာစပ်ပုံကို သိ။)

http://www.dhammadownload.com



"ပစ္စည်းပြိုင်ပုံ"

၁။ ကတ္တားနှင့် ကြိယာ (အဟံ ဗုဒ္ဓံ ဝန္ဒာမိ)

အဟံ+ဝန္ဒာမိ ၂-ပုဒ်လုံးအရ ပဏာမစေတနာပြဋ္ဌာန်းသော မဟာကုသိုလ် (ကြိယာ) ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ဝိညတ်နှင့် တကွဖြစ်သောစိတ္တဇရုပ်များရ၏။

အမှာ။ ။ ကတ္တားဟောဝါကျ၌ ကတ္တားနှင့်ကြိယာတို့အရတူကြသည်။

ထိုတွင်-အဟံ-အရ ပဏာမစေတနာပစ္စည်းတရားသည်-

ဝန္ဒာမိ-အရ ထိုစေတနာကြဉ်သော သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်နိုင်သောပစ္စယသတ္တိများကား - သဟဇာတကြီး ၄၊ အညု၊ သမ္ပ၊ ဝိပ္ပယုတ္တ၊ အာဟာရ၊ ကမ္မ။

(၉)ပစ္စည်း။ (တပြိုင်နက်ယထာရဟ)

အစိတ်အစိတ်ပြိုင်ပုံကား---

၁။ အဟံ-အရ ပဏာမစေတနာပစ္စည်းတရားသည်-

ဝန္ဒာမိ-အရ ထိုစေတနာကြဉ် သမ္ပယုက္ခန္ဓာ ပစ္စယုပ္ပန်တရားအား- သဟကြီး ၄၊ အညု၊ သမ္ပ၊ အာဟာရ၊ ကမ္မ။ (၈)ပစ္စည်း။

၂။ ပဏာမစေတနာပစ္စည်းတရားသည် စိတ္တဇရုပ်ပစ္စယုပ္ပန်တရားအား သဟကြီး ၄၊ ဝိပ္ပယုတ္တ၊ အာဟာရ၊ ကမ္မ။ (၇) ပစ္စည်း။

၃။ ပဏာမစေတနာပစ္စည်းတရားသည် ကြွင်းသမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်ပစ္စယုပ္ပန် -အား သဟကြီး ၄၊ အာဟာရ, ကမ္မ။(၆) ပစ္စည်း။

အမှာ။ ။ သဟဇာတမျိုးပြိုင်ရာ၌ ပစ္စည်းဘက်ကိုကြည့်၍ ပြိုင်နိုင်သည့် ပစ္စယသတ္တိများကို ထုတ်ရသည်။

(တနည်း) အဟံ-အရ ရှေးရှေးသော မဟာကုသိုလ်ဇောပစ္စည်းတရားသည်-

ဝန္ဒာမိ-အရ နောက်နောက်သော မဟာကုသိုလ်ဇောပစ္စယုပ္ပန်တရားအား အနန္တရပစ္စယသတ္တိဖြင့်ကျေးဇူးပြုသည်။

ပြိုင်နိုင်သောပစ္စယသတ္တိများကား - အနန္တရ, သမနန္တရ, ဥပ, အာသေ, နတ္ထိ, ဝိဂတ။ (၆)ပစ္စည်း။

၂။ ကံ နှင့် ကြိယာ (ဗုဒ္ဓံ + ဝန္ဒာမိ)

ဗုဒ္ဓံ-အရ ဘုရားရှင်၏ ရုပ်ပါရုံပစ္စည်းတရားသည်-

ဝန္ဒာမိ-အရ ပဏာမစေတနာပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏဖြင့်ပြုသည်။

ပြိုင် = အာရမ္မဏ, ပုရေ, အတ္ထိ, အဝိ။ (၄)ပစ္စည်း။

( ဗုဒ္ဓံ-အရ ဘုရားရှင်၏ ဂုဏ်တော်တည်းဟူသော ဓမ္မာရုံကိုယူ၍လည်း ထုတ်နိုင်သည်။)

http://www.dhammadownload.com



၃။ အဇ္ဈတ္တိက ကရိုဏ်းနှင့်ကြိယာ (စက္ခုံနှာ ရူပံ ပဿတိ)

စက္ခုံနှာ–အရ စက္ခုဝိညာဏ်ပစ္စည်းတရားသည်–

ပဿတိ–အရ ယင်းနှင့်ယှဉ်သော သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) ပါး ပစ္စယုပ္ပန်တရားအား သဟဇာတဖြင့်––ပြု။

ပြိုင်။ ။ ကြီး ၄၊ အညာ၊ သမ္ပယုတ္တ၊ အာဟာရ၊ ဣန္ဒြိယ။ (၈)ပစ္စည်း။

(တစ်နည်း) စက္ခုံနှာ–အရ စက္ခုပသာဒ (စက္ခုဝတ္ထု) ပစ္စည်းတရားသည်–

ပဿတိ–အရ စက္ခုဝိညာဏ် စိတ္တုပ္ပါဒ်ပစ္စုပ္ပန်တရားအား ဝတ္ထုပုရေဇာတဖြင့်––ပြု။

ပြိုင်။ ။ ပုရေဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိ (၆) ပစ္စည်း။

ဗာဟိရကရိုဏ်းနှင့်ကြိယာ (ဒတ္တေန ဝိဟိံ လုနာတိ)

ဒတ္တေန–အရ တံစဉ်ဒြဗ်တည်းဟူသော ပစ္စည်းတရားသည်–

လုနာတိ–အရ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ပစ္စုယုပ္ပန်တရားအား ပကတူပဖြင့်––ပြု။

၄။ သမ္ပဒါန်နှင့် ကြိယာ (သမဏဿ စီဝရံ ဒဒါတိ)

သမဏဿ–အရ ရဟန်းဒြဗ်တည်းဟူသောရူပါရုံ ပစ္စည်းတရားသည်–

ဒဒါတိ–အရ သဒ္ဓါ, ပညာ, စေတနာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ – ပြု။

ပြိုင်။ ။ အာရမ္မဏ, ပုရေ, အတ္ထိ, အဝိ (၄) ပစ္စည်း။

၅။ အပါဒါန် နှင့် ကြိယာ (ဂါမာ အပေန္တိ မုနယော)

ဂါမာ–အရ ရွာတည်းဟူသောအာရုံပစ္စည်းတရားသည်–

အပေန္တိ–အရ ဝီရိယပြဋ္ဌာန်းသောစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏဖြင့် ––ပြု။ (ပြိုင် မရှိ)

(တနည်း) ပကတူပ –– ပြု။ (ပြိုင် မရှိ)

၆။ ဩကာသ နှင့် ကြိယာ (ဘူမိသု မနုဿာ စရန္တိ)

ဘူမိသု–အရ မြေတည်းဟူသောပစ္စည်းတရားသည်–

စရန္တိ–အရ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏဖြင့်––ပြု။ (ပြိုင် မရှိ)

(တနည်း) ပကတူပ –––– ပြု။ (ပြိုင် မရှိ)

အကာရက ပုံစံ

၁။ သမ္ဗန်နှင့် သမ္ဗန္ဓီ (ကုသလာ ကုသလာနံ + ပါကာ)

ကုသလာ ကုသလာနံ–အရ ဗလဝဒုဗ္ဗလဖြစ်သော ကုသိုလ် အကုသိုလ်ကံစေတနာပစ္စည်းတရားသည်–

ပါကာ–အရ ဝိပါက်စိတ်ဆတ္တိံသနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား နာနက္ခဏိက ကမ္မသတ္တိဖြင့် –––ပြု။

ပြိုင်။ ။ နာနက္ခဏိက, ပကတူပ (၂)ပစ္စည်း။

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၂)

၁၃၄၆–ခု၊ သကျသီဟ

(က) လ္လာဒါနိ လ္လာမသာ အဘိဓမ္မသာ ဂမ္ဘီရဘာဝဝိဘာဝနတ္ထံ စတ္တာရော သာဂရာ ဝေဒိတဗ္ဗာ သံသာရသာဂရော, ဇလသာဂရော, နယသာဂရော, ဉာဏသာဂရောတိ

(ခ) တတ္ထ သံသာရသာဂရော နာမ––

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတီတိ

ဧဝံ ဝုတ္တံ သံသာရဝဋ္ဋံ။

(ဂ) သွာယံ ယသ္မာ လ္လာမေသံ သတ္တာနံ ဥပ္ပတ္တိယာ ပုရိမာ ကောဋိ န ပညာယတိ။

(ဃ) ဧတ္တကာနဉ္ဟိ ဝဿသတာနံ ဝါ ဝဿသဟဿာနံ ဝါ ဝဿသတသဟဿာနံ ဝါ ကပ္ပသတာနံဝါ ကပ္ပသဟဿာနံ ဝါ ကပ္ပသတသဟဿာနံ ဝါ မတ္ထကေ သတ္တာ ဥပ္ပန္နာ၊ တတော ပုဗ္ဗေ နာဟေသုန္တိ ဝါ, အသုကဿနာမ ရညော ကာလေ ဥပ္ပန္နာ၊ အသုကဿ ဗုဒ္ဓဿ ကာလေ ဥပ္ပန္နာ၊ တတော ပုဗ္ဗေ နာဟေသုန္တိ ဝါ အယံ ပရိစ္ဆေဒေါ နတ္ထိ။

(င) "ပုရိမာ ဘိက္ခဝေ ကောဋိ န ပညာယတိ အဝိဇ္ဇာယ လ္လာတော ပုဗ္ဗေ အဝိဇ္ဇာ နာဟောသိ၊ အထ ပစ္ဆာ သမဘဝီ"တိ လ္လာမိနာ ပန နယေန သံသာရသာဂရော အနမတဂ္ဂေါဝ။

ဋ္ဌ။၁၁။ မူလဋီ။၁၈။ ပြည်သျ၊၁။ ၄၇။ ဘာသာဋီ၊၁။ ၆၁။ ယောဇနာ။၁၈။ ဂဏ္ဍိဟောင်း။၆၄။ ဂဏ္ဍိသစ်။၇၇။

---

၁။ (င)ဝါကျကိုသာ လ္လာမိနာ နယေန–၌ သရူပတ္ထ၊ အနမတဂ္ဂေါ–၌ သဒ္ဒတ္ထ၊ဝေါဟာရတ္ထထင်စေလျက် ဝါကျ ပရိဝတ္တနနည်းဖြင့် အနက်ပေးခဲ့ပါ။

၂။ (က)ဝါကျသို့ အနုသန္ဓေ၊ (င)ဝါကျသို့ ဋ္ဌပနာအာဘောဂါဒိ ပဋ္ဌကစောဒနာကျမ်းတက်ခဲ့ပါ။

၃။ (ခ)စသောဝါကျတို့၏ အမည်များကိုရေးနောက်ထောက်ဆ အကြောင်းများဖော်ပြပြီး၊ ယသ္မာ–၏ စပ်ရာပုဒ်ကိုလည်း ညွှန်ပြခဲ့ပါ။

၄။ ပဋိပါဋိ–ကို ဝစနတ္ထပြ၍ ဉာသ်နည်းကောက်ပြပါ။

၅။ ဂမ္ဘီရဘာဝ–၌ ဂမ္ဘီရကို နာမပဒမာလာ၊ ယင်း၌ ဓာတ်ကိုယူ၍ သတ္တမီပရဿပုဒ် ဝိဘတ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ပြခဲ့ပါ။

၆။ အောက်ပါဝါကျတို့၌ အဋ္ဌကထာဆရာ၏ အာဘော်ကို ဗျတိရေက, အန္ဝယ, အားဖြင့် ဖော်ပြ၍ သံဝဏ္ဏနာအမည်ပေးပါ။

(က) တတ္ထ ဥဒ္ဒုမာတကသညာသဟဂတန္တိ အာဒိသု ဘဿ္တာဝိယ ဝါယုနာ ဥဒ္ဓံ ဇီဝိတပရိယာဒါနာ ယထာနုက္ကမံ သမုဂ္ဂတေန သူနဘာဝေန ဓုမာတတ္တာ ဥဒ္ဒုမာတံ၊ ဥဒ္ဒုမာတမေဝ ဥဒ္ဒုမာတကံ။ (ဋ္ဌ၊၂၄၂)

(ခ) ကိရိယာပထံ ပစ္ဆိန္ဒတီတိ အကိရိယာ။ (ဋ္ဌ။ ၂၆၃။)

၇။ (ခ) ဝါကျ၌ အဗ္ဗောစ္ဆိန္နံ / အဗ္ဗောစ္ဆိန္နာ (င)ဝါကျ၌ အယံ သံသာရသာဂရော / သံသာရသာဂရော–တို့ကို သာဓကပြ၍ ပါဌ်မှား / ပါဌ်မှန် ဆုံးဖြတ်ပြခဲ့ပါ။

၈။ ဝေဒိတဗ္ဗာ–၌ အဗ္ဘတ္တအရ ကို ကိုယ်ပြ၍ ဒဿနတ္ထစသည် ကြိယာ ငါးတန် စုံလင်အောင် ထုတ်ပြပါ။

http://www.dhammadownload.com



၁၀။ သုခဋ္ဌ ကာယေန ပဋိသံဝေဒေတိ–၌ သုခံကို ပဌာန်းစာစပ်၍ ပစ္စည်း, ပစ္စယုပ္ပန်တရားများကို ဖြစ်သင့်သမျှ ကောက်ပြပြီးလျှင် ကျေးဇူးပြုနိုင်သော ပစ္စည်းသရုပ်ကိုလည်း စုံလင်စွာ ထုတ်ပြခဲ့ပါ။

---

(၁)

ဣမိနာ နယေန–ဤပုဂ္ဂလာဓိဋ္ဌာန်ဓမ္မာဓိဋ္ဌာန်ဒေသနာတော် နည်းအားဖြင့်။(သရူပတ္ထ)(ပြည်သျှ၊ ၄၈)

အနမတဂ္ဂေါဝ–သိအပ်သော အစအပိုင်းအခြား မရှိသည်သာ၊

(ဝါ) မသိအပ်သော အစအပိုင်းအခြား ရှိသည်သာ။

(တနည်း)အနမတဂ္ဂေါဝ–(အန+အမတဂ္ဂေါဝ)–နှစ်ရာထောင်လောက်၊ ဉာဏ်ဖြင့်လျှောက်လည်း၊ မဖောက်မပြန်၊ ဧကန်မသိအပ်သော အစအပိုင်းအခြားရှိသည်သာ။

(ဝါ)နှစ်ရာထောင်လောက်၊ ဉာဏ်ဖြင့်လျှောက်လည်း၊မဖောက်မပြန်၊ ဧကန်သိအပ်သောအစအပိုင်းအခြား မရှိသည်သာ။

ရှင်းလင်းချက်။ ။ အနမတဂ္ဂေါတိ အညာတဂ္ဂေါ–ဟု ဋီကာဖွင့်၏။ ထို့ကြောင့် "မညတေတိ မတော၊ မတောယေဝ အမတော"ဟု တဒ္ဓာဝဂုတ္တိကမ္မဓာရည်းကြံ၊ ထို့နောက်မှ "အမတော+အဂ္ဂေါ အမတဂ္ဂေါ–သိအပ်သော အပိုင်းအခြား။ နတ္ထိ+အမတဂ္ဂေါ+ ယဿာတိ အနမတဂ္ဂေါ–ဟုပြု၊ သိအပ်သော အစအပိုင်းအခြားမရှိသော သံသရာ။ (တနည်း) န+အမတော အနမတော။ အနမတော အဂ္ဂေါ ယဿာတိ အနမတဂ္ဂေါ"ဟု ပြုလျှင် "မသိအပ်သော အစအပိုင်းအခြားရှိသော သံသရာ"ဟု အနက်ဖြစ်၏။ (တနည်း) "အန+ အမတဂ္ဂ"ဟု ပုဒ်ဖြတ်၍ "န+မတော အမတော၊ အမတော+အဂ္ဂေါ ယဿာတိ အမတဂ္ဂေါ၊ အနုဂန္တာ+ အမတဂ္ဂေါ အနမတဂ္ဂေါ–ဟုပြု။ (ဘာသာဋီ၊ ၁။ ၆၃၊၆၄။)

- ❖ အနမတဂ္ဂေါတိ အနမတဂ္ဂေါ၊ ဝဿသတံ ဝဿသဟဿံ ဉာဏေန အနုဂန္တွာပိ အမတဂ္ဂေါ အဝိဒိတဂ္ဂေါ၊ နာဿ သက္ကာ ဣတောဝါ ဧတ္တောဝါ အဂ္ဂံ ဇာနိတုံ၊ အပရိစ္ဆိန္နပုဗ္ဗာပရကောဋိ။ (နိဒါနဝဂ္ဂ, အနမတဂ္ဂသံယုတ်အဋ္ဌကထာ။)

"ဝါကျပရိဝတ္တနပေးပုံ"

ဣမိနာ နယေန–ဖြင့်။ သွာယံ သော အယံ သံသာရသာဂရော– သည်။ ယသ္မာ– ကြောင့်။ အနမတဂ္ဂေါ–သာလျှင်တည်း။ တသ္မာ–ကြောင့်။ သံသာရဝဋ္ဋ–သည်။ သံသာရသာဂရောနာမ–မည်၏။ (ဂဏ္ဌိသစ်၊ ၇၈၊ ၇၉။ ယောဇနာ။)

---

(၂)

(က) သို့ အနုသန္ဓေ

ဤသို့ တတ္ထ ဓမ္မသင်္ဂဏီပကရဏေ ။ပ။ မဟာပကရဏံ နာမ–ဟူသော (၄။၆၊၇၊၈၊၉၊၁၀၊၁၁။) စကားရပ်တို့ဖြင့် ပါဠိသန္နိဝေသကို ပြပြီး၍ ဤယခုအခါ၌ အဘိဓမ္မာတို့၏ နက်နဲသည်၏အဖြစ်ကို သိစေခြင်းငှါ သံသာရသာဂရ, ဇလသာဂရနှင့် တကွ နယသာဂရ, ဉာဏသာဂရကို စိစစ်လိုရကား (ဝါ) စိစစ်ပြလိုသော အဋ္ဌကထာဆရာသည် ဣဒါနိ – စသော (က)ဝါကျကိုမိန့်။ (ပြည်သျှ)

http://www.dhammadownload.com



### (င) သို့ ဋ္ဌပနာဘောဂါဒိပဥ္စကစောဒနာ

ဆရာ–သည် (ဂ) (ဃ) နှစ်ဝါကျဖြင့် ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာနည်းအားဖြင့် သံသာရသာဂရ၏ အနမတဂ္ဂဖြစ်ပုံကို ပြဆိုတော်မူ၏။ ထိုသို့သာ–––သော် သံသာရသာဂရ၏ အနမတဂ္ဂဖြစ်ပုံကို ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာတော် နည်းအားဖြင့်သာ သိအပ်၏ဟူသောအနက်သဘော သက်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့––ကြောင့် (ဂ) (ဃ) နှစ်ဝါကျဖြင့် ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာတော်နည်းအားဖြင့် သံသာရသာဂရ၏ အနမတဂ္ဂဖြစ်ပုံကိုသာ ဆရာမဆိုသင့်။ ဓမ္မာဓိဋ္ဌာန် ဒေသနာတော်နည်းအားဖြင့် သံသာရသာဂရ၏ အနမတဂ္ဂဖြစ်ပုံကိုလည်း ပြဆိုသင့်သေး၏။ အကယ်၍––မပြဆိုခဲ့သော်–အဗျာပိတ, အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ဓမ္မာဓိဋ္ဌာန် ဒေသနာတော်နည်းအားဖြင့် သံသာရသာဂရ၏ အနမတဂ္ဂဖြစ်ပုံကား အဘယ်ပါနည်း။ စုဒ်ကြောင့် ––(င)မိန့်။

အဓိပ္ပါယ်ကား= "ပုရိမာ ဘိက္ခဝေ (ပ) အထ ပစ္ဆာ သမဘဝိ"ဟူ၍ ဓမ္မာဓိဋ္ဌာန်ဒေသနာတော် နည်းအားဖြင့် အနမတဂ္ဂဖြစ်ပုံကို ငါပြဆိုသည်ဖြစ်သောကြောင့်––––––ဟူလို။

◈ ပန–ပုဂ္ဂလာဓိဋ္ဌာန်မှတပါး ဓမ္မာဓိဋ္ဌာန်ကို ဆိုဦးအံ့။ (ပြည်သျှ)

### (ဂ) သို့ ဋ္ဌပနာနုလောမာဒိပဥ္စက

ဆရာ–သည် (ခ)ဖြင့် သံသရာဝဋ္ဋဒုက္ခ–ဟု ဆိုအပ်သော ခန္ဓာ, အာယတန, ဓာတ်တို့၏ ဖြစ်စဉ်သည် သံသရာသာဂရမည်၏–ဟု ဆိုတော်မူ၏။ ထို––သော် ခန္ဓာ, အာယတန, ဓာတ်တို့၏ ဖြစ်စဉ်ဟုဆိုအပ်သော သံသရာကို သာဂရ–ဟု ဆိုခြင်း၏ အကြောင်းကို မပြဆိုတော့–ဟူသောအနက် သဘောသည် သင့်ရောက်ရာ၏။ စင်စစ်တမူကား–မပြဆိုတော့–ဟူသော အနက်သဘောမရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် သံသရာကို သာဂရဟုဆိုရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့်။ မပြဆိုဘဲ နေချေသော်–ဖလ+ကာရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ, အကြောင်းမှယုတ်သော ဟီနတ္တဒေါသ– သင့်–၏။ သံသရာကို သာဂရဟုဆိုရခြင်း၏ အကြောင်းကား အဘယ်နည်း။ စုဒ်ကြောင့် (ဂ)မိန့်။

အဓိပ္ပါယ်ကား= ပုဂ္ဂလာဓိဋ္ဌာန်– ဓမ္မာဓိဋ္ဌာန် ဒေသနာတော်နည်းအားဖြင့် ဤသံသာရသာဂရ သည် မသိအပ်, မသိနိုင်သော အစအပိုင်းအခြားရှိသောကြောင့်––––––ဟူလို။

◈ ယေန ကာရဏေန သံသာရော သာဂရောနာမ၊ တံ ကာရဏံ ဥာပေန္တော "သွာယ"န္တိ အာဒိမာဟ။ (ယောဇနာ။ ၁၈။)

### (ဃ)သို့ အာဘောဂါဒိပဥ္စက

ဆရာ–သည် (ဂ)ဖြင့် ဤသတ္တဝါတို့၏ ဖြစ်ခြင်း၏ ရှေးဦးဖြစ်သော အစွန်းသည် မထင် (သို့မဟုတ်) သတ္တဝါတို့၏ ဖြစ်ပုံ ရှေးအစွန်းအစကို မသိအပ်ဟု ဆိုတော်မူ၏။ ထို–––သော် သတ္တဝါတို့၏ ဖြစ်ပုံ ရှေးအစွန်းအစ မထင်ပုံကို (ဝါ) မသိအပ်ပုံကို အကြောင်းယုတ္တိဖြင့် ပြဆိုခဲ့သော် သင့်တန်ရာ၏။ အကြောင်းယုတ္တိဖြင့် မပြဆိုခဲ့သော် မသင့်တန်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (ဂ)ဖြင့် သတ္တဝါတို့၏ ဖြစ်ပုံ ရှေးအစွန်းအစကို မသိအပ်ဟူ၍သာ ဆရာမဆိုသင့်။ သတ္တဝါတို့၏ဖြစ်ပုံ ရှေးအစွန်းအစကို မသိနိုင်ခြင်း၏ အကြောင်းယုတ္တိကိုလည်း ပြဆိုသင့်သေး၏။ ––အကြောင်း, ယုတ္တိ စကားရပ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

http://www.dhammadownload.com



(၃)

(က) ဝါကျသည်- အပရာနုသန္ဓေဝါကျ။
(ခ) စသည်ကား---သာဂရလေးပါးကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။
ထို့တွင်- သွာယံ ယသ္မာ-မှ အနမတဂ္ဂေါဝ- တိုင်အောင်သော (ဂ+ဃ+င)စကားရပ်သည် သံသာရသာဂရ မည်ခြင်းအကြောင်းကို ပြသောကြောင့် ကာရဏ။ ထိုကို ထောက်၍(ခ)သည် ဖလ။
(ဃ) ဝါကျသည် ကာရဏဝါကျ (တနည်း) ယုတ္တိဒဋ္ဌီကရဏဝါကျ။
ထိုကို ထောက်၍ (ဂ) ဝါကျသည် ဖလဝါကျ။ (တနည်း) ယုတ္တိဒဋ္ဌီယဝါကျ။
(င) ဝါကျသည် ပုဂ္ဂလာဓိဋ္ဌာန်မှတပါး ဓမ္မာဓိဋ္ဌာန်ကိုပြသောကြောင့် ပက္ခန္တရ (တနည်း)ဝါကျာရမ္ဘ။
ထိုကိုထောက်၍ (ဂ)(ဃ)တို့ကား ပက္ခ (တနည်း) အာရဒ္ဓဝါကျ။

ဝစပ်= ယသ္မာ၏စပ်ရာကား - ပညာယတိ, အနမတဂ္ဂေါဝ-ပုဒ်တို့ ဖြစ်သည်။
❖ ယသ္မာတိပဒံ "ပညာယတိ, အနမတဂ္ဂေါဝါ"တိ ပဒဒွယေန သမ္ဗန္ဓိတဗ္ဗံ။ (ယောဇနာ)

---

(၄)

* ပတိရူပကေန ပတန် ပဋိပါဋိ။ ပတ-ဂမနေ၊ ဥဘယတြာပိ တဿ ဋ္ဌော၊ ဏ္ဏ။ (ဓာန်ဋီ။၄၂၉။)
✔ ပဋိ-ဟူသော ဝိသေသနပုဒ်အရကား- ပတိရူပဘောဂုဏ်သည် မုချအားဖြင့် ရ၏။
✔ ထို၏ ဖြစ်ခြင်းနှင့် ဂုဏ်+ ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။
✔ ပဋိပါဋိ-ဟူသော သမာသ်ပုဒ်လုံးအရကား - ထိုမုချ+ ဌာနူပစာရတ္ထတို့ဖြင့် မှတ်အပ်သော အစဉ်အားဖြင့် ဖြစ်ခြင်း (ဝါ) ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်ဖြစ်နေခြင်း အစဉ်ရ၏။

"ဝစနတ္ထမှတ်ဖွယ်"

* သဟ+ဂရေန (ဝိသေန) ယော ဝတ္တတီတိ သာဂရော။ (ဘာသာဋီကာ)
✔ မွေးဖွားစဉ်က အဆိပ်နှင့်တကွ မွေးဖွားလာသော မင်းသားရ၏။
* သာဂရေဟိ ရာဇကုမာရေဟိ+ ခတော သာဂရော။ (ဓာန်ဋီ။ ၆၁၉။)
* သာဂရေဟိ ရာဇကုမာရေဟိ+ နိဗ္ဗတ္တော သာဂရော။
✔ သာဂရမင်းသားတို့သည် ဖြစ်စေအပ်, တူးအပ်သော ဆားငံသမုဒ္ဒရာရ၏။
တနည်း) သာနံ ဓနာနံ + အာကရော သာဂရော။ ကဿ + ဂေါ။ (ဓာန်ဋီ။ ၆၁၉။)
✔ ရတနာ (၇)ပါးတို့၏ တည်ရာဖြစ်သော ပကတိသမုဒ္ဒရာရ၏။
* သာဂရော ဝိယာတိ သာဂရော။ (ဘာသာဋီကာ)
✔ ပကတိ သမုဒ္ဒရာ၏ + သံသရာနှင့် သဒိသ+ သဒိသီ အဖြစ်ဖြင့် စပ်ခြင်းသည်လည်းကောင်း၊ သာဂရပုဒ်+ ဏ -ပစ္စည်းသည်လည်းကောင်း ဈူပ္ပတ္တိနိမိတ်။
✔ ပကတိသမုဒ္ဒရာ၏+သံသရာနှင့် အပ္ပမေယျ- အနန္တအဖြစ်ဖြင့် တူသောဂုဏ်သည် ပဝတ္တိနိမိတ်။
✔ သံသရဏံ သံသာရော။ သံ+ သရ+ဏ။ (ဘာသာဋီ)
✔ ခန္ဓာ အာယတန ဓာတ်တို့၏ အစဉ်မပြတ် ဖြစ်ခြင်းကြိယာ ရ၏။

http://www.dhammadownload.com



* သံပုနပ္ပုနံ သရန္တိ ပဝတ္တန္တိ ဧတ္ထ သတ္တာတိ သံသာရော။
  ခန္ဓာဒီနံ အာယတနာနံ ပဋိပါဋိ။ (မဏိမဉ္ဇူ။ ၂။ ၂၆၀။)
* သံသာရ သဒ္ဒါတော + သာဂရော သံသာရသာဂရော။
* ဝဋ္ဋတိ အာဝဋ္ဋတီတိ ဝဋ္ဋံ။ သံသရ သဒ္ဒါတံ ဝဋ္ဋံ သံသာရဝဋ္ဋံ။
* ဖလတိ သန္ဓတီတိ ဖလံ။ ဖလ+အ။ (သူစိ)
* ဖေတံ ပရိမာဏံ ဧတေသန္တိ ဧတ္တကာနိ။ (ပရိမာဏတဒ္ဓိတ်+တကပစ္စည်း)

---

(၅)

✔ ဂမ္ဘီရော ဂမ္ဘီရာ- စသည်ဖြင့် ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းစဉ်။
ဂမ္ဘီရ-ကား ဂမုဓာတ်+ ဤရပစ္စည်း။

✔ သတ္တမီပရဿပုဒ်ဖြင့်--ဂစ္ဆေယျ၊ ဂစ္ဆေယျုံ၊
ဂစ္ဆေယျာသိ၊ ဂစ္ဆေယျာထ၊
ဂစ္ဆေယျာမိ၊ ဂစ္ဆေယျာမ-ဟု ပဒမာလာစဉ်။

✔ ဆ-မပြုရာ၌--- ဂမေ၊ ဂမုံ၊ ဂမေယျုံ။
ဂမေ၊ ဂမေယျာသိ၊ ဂမေယျာထ။
ဂမေ၊ ဂမေယျာမိ၊ ဂမေယျာမ-ဟု စဉ်။

✔ သမဘာဝိ =ကား သံ+ ဘူ+ အစ္စတ္ထနီ ဤဝိဘတ်။

---

(၆)

(က) ဥဒ္ဒံ စုမာတတ္တာ-ဖြင့် ဥဒ္ဓုမာတက-၌ ဥ-၏ ဥဒ္ဓံအနက်ဟော-လည်းကောင်း၊ (ဥပသဂ္ဂလိင်္ဂတ္ထ) စုမာတံ-၌ တ-ပစ္စည်း၏ ကတ္တုသာဓန အနက်၌သက်-လည်းကောင်း၊ (ဒု-ပစ္စယတ္ထ) စုမာယတီတိ စုမာတံ-ဟု ကတ္တုသာဓနဝစနတ္ထပြု-လည်းကောင်း၊ (အဘိဓာနတ္ထ) ဥနှင့်စုမာတပုဒ်ကို ဥဒ္ဓံ+ စုမာတံ ဥဒ္ဓုမာတံ-ဟု သတ္တမီတပ္ပုရိသ် ဝစနတ္ထပြု-လည်းကောင်း၊ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ) သိစေသည်။

သူနဘာဝေန-ဖြင့် အထက်သို့ကြွတက်၏ ဟူသည် အကောင်ပုပ်၏ အဖြစ်ဖြင့် ကြွတက်ခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

သမုဂ္ဂတေန-ဖြင့် စုမာတသဒ္ဒါ ကြွတက်ဖူးရောင်သော အနက်ဟော၏-ဟု သိစေသည်။ (ဂဏှိဟောင်း)

ယထာက္ကမံ-ဖြင့် သေသည်၏ အခြားမဲ့၌ ချက်ချင်း ဖူးရောင်ကြွတက်သည်ကား မဟုတ်၊ တဖြေးဖြေး အစဉ်အတိုင်းသာလျှင် ဖူးရောင်ကြွတက်၏ဟု သိစေသည်။ (ဘာဝတ္ထ)

ဇီဝိတပရိယာဒါနာဖြင့် ဥဒ္ဓံ-၏ အပါဒါန်ကား ဇီဝိတပရိယာဒါနာပင်တည်းဟု သိစေသည်။

(ဝါ) ဥဒ္ဓံ-၌ အထက်-ဟူသည် အသက်ကုန်ပြီးသည်မှ အထက်ဟု သိစေသည်။ (ဘာဝတ္ထ)

ဘသ္တာ ဝိယ ဝါယုနာ-ဖြင့် အသက်ကုန်ပြီးသည်မှ ကြွတက်၏-ဟူသည် လေဖြင့် ပြည့်သော ဖားဖိုကဲ့သို့ ဖူးရောင်ကြွတက်၏ဟု သိစေသည်။ (ဘာဝတ္ထ)

ဥဒ္ဓုမာတမေဝ-ဖြင့် ဥဒ္ဓုမာတက၌ က-ပစ္စည်း၏ သောတ္ထအနက်၌ သက်-လည်းကောင်း၊ (ပစ္စယတ္ထ) ဥဒ္ဓုမာတမေဝ ဥဒ္ဓုမာတကံ-ဟု သောတ္ထတဒ္ဓိတ်ဝစနတ္ထပြု-လည်းကောင်း (အဘိဓာနတ္ထ) သိစေ။

http://www.dhammadownload.com



(ခ) ကိရိယာပဓာ ပဋ္ဌိနှုတိ-ဖြင့် အကိရိယာ-၌ ကိရိယာပုဒ်ကို ကရောတိ ဒုစ္စရိတာနိ စေတယာတိ ကိရိယာ-ဟု ဝစနတ္ထပြ၍ ကိရိယာ-အရ မုသာဝါဒ စသော အမှုကို ပြုခြင်း၏ အကြောင်းဖြစ်သော စေတနာကို ယူရမည်ကိုလည်းကောင်း၊ (သရုပ်ကြား- အဘိဓေယျတ္ထ) အ-၏ ပဋိသေဓ-အနက်ဟောသည်ကို လည်းကောင်း၊ (နိပါတလိင်္ဂတ္ထ) သိစေ။

(ခ) ဂါထာ။ အာဘော်- သံဝဏ္ဏနာ

အဗ္ဘောစ္ဆိန္နံ ဝတ္တမာနာ-ဖြင့် သံသာရော-၌ သံ-၏ အဗ္ဘောစ္ဆိန္နအနက်ဟော- လည်းကောင်း၊ (ဥပ-တ္ထ) သရဓာတ်၏ ဝတ္တမာနအနက် ဟောသည်ကိုလည်းကောင်း၊ (ဒု-ဓာတွတ္ထ) သိစေ။

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာနစ-ပါဌ်ဖြင့် သံသာရအရ- ခန္ဓာ, အာယတန,ဓာတ်တို့၏ မပြတ်ဖြစ်ခြင်း အစဉ်ကို ယူရမည်ဟု သိစေ။ (ကြား-ဘိ)

---

(၇)

အဗ္ဘောစ္ဆိန္နံ / အဗ္ဗောစ္ဆိန္နံ

(န-ပုဒ်+ဝေါစ္ဆိန္နပုဒ်။) ဝေါစ္ဆိန္န-ဝိ+ အဝ+ ဆိဒိဓာတ်+ တပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း၊ "အဗ္ဘောစ္ဆိန္နံ ဝတ္တမာနာတိ အဝိစ္ဆေဒေန ပဝတ္တမာနာ"-ဟု (ဒီ၊ ဋီ၊ ၂။ ၉၁။) ဖွင့်ဆိုထားသောကြောင့် လည်းကောင်း။ "သံ၊ ၠ, သံ၊ ဋီ တို့၌ အဗ္ဗောစ္ဆိန္နံ-ဟု ပျက်လျက်ရှိသည်"-ဟု တိပိဋက ပါဠိမြန်မာ အဘိဓာန်။ အတွဲ-၁။ ၈၄၃။ ဆိုသောကြောင့်၄င်း "အဗ္ဘောစ္ဆိန္နံ"ဟု ရှိသော ပါဌ်သာ သင့်ပါသည်။

(င) အယံ သံသာရသာဂရော/ သံသာရ သာဂရော။

(ဂ)ဝါကျမှ သွာယံ-ပုဒ်ဖြင့် လိုက်၍ အနက်ပေးရမည် ဖြစ်သောကြောင့် (င) ဝါကျ၌ အယံ-ပုဒ် မလိုအပ်ရကား အယံပုဒ် မပါသော သံသာရ သာဂရော-ပါဌ်သာ သင့်၏။ (ပြည်သျှ။၁။၄၈။)

(ဂ) သွာယံ-၌ တ, ဣမ-တို့ကား ရှေးဝါကျရှိ သံသာရသာဂရော-ကို ပြန်၍စွဲသောကြောင့် ပဋ္ဋနိဝိသယ။

(င) ဣမိနာ ပန နယေန-၌ ပန-ကား -ဥပန္ယာသဇောတက။ (ဘာသာဋီကာ)ပက္ခန္တရဇောတက။(ပြည်သျှ)

---

(၈)

ဝေဒိတဗ္ဗော-၌ အန္တတ္ထအရ- ပညာရှိ သူတော်ကောင်းတို့၏ သန္တာန်၌ ဉာဏ်ပြဓာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်ကို ယူ၍- ✔ ထိုသည်.. ဒဿနတ္ထ။

✔ ဥဂ္ဂဟ, ဓာရဏ စသည်၏ အစွမ်းဖြင့် ဖြစ်သော သုတမယ, စိန္တာမယဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။

✔ အဘိဓမ္မာ၏ ဂမ္ဘီရဘာဝ အဖြစ်ကို သိရခြင်း အကျိုးသည် ပကာသနတ္ထ။

✔ သပ္ပုရိသူပနိဿယ, စတုစက္ကသမ္ပတ္တိ စသော အကြောင်းတရားများသည် ဝိဘာဝတ္ထ။

✔ အဘိဓမ္မာ-၏ ဂမ္ဘီရဘာဝအဖြစ်ကို ဆင်ခြင်မှုကြောင့် ဗလဝပီတိ ဖြစ်၏။ ယင်းပီတိကို ခွါ၍ ဝိပဿနာရှုသည့်အခါ ဉာဏ်စဉ် အဆင့်ဆင့်တက်၍ မဟာဂတိ ဂမိယတိဿဒတ္တမထေရ် ရဟန္တာ ဖြစ်ခြင်း အခြားသောပုဂ္ဂိုလ်များလည်း ယင်းမထေရ်ကဲ့သို့ အဆင့်ဆင့်သော တရားထူး ရရှိခြင်း၊ သုဂတိဘဝသို့ ရောက်ရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အဆက်ဆက်သော အကျိုးသည် အနုဘာဝတ္ထ။

http://www.dhammadownload.com



## (၁၀)

သုခဥ္စ ကာယေန ပဋိသံဝေဒေတိ–ကို ---

(က) နာမကာယေန သမ္ပယုတ္တံ သုခံ–ဟု၄င်း, (ရှာန်ဝင်စားခိုက်)

(ခ) ယံ ဝါ တံ နာမကာယသမ္ပယုတ္တံ သုခံ။ပ။ ဈာနာ ဝုဋ္ဌိတောပိ သုခံ ပဋိသံဝေဒေယျ–ဟု၄င်း (ရှာန်မှထခိုက်)

ဤသို့ အဋ္ဌကထာ (၂၁၉) နှစ်မျိုးဖွင့်ပြရာတွင် သမ္ပယုတ္တံ သုခံ–ကို ထောက်၍ သဟဇာတမျိုး ပြိုင်ရမည်။

စာစပ်။ ။ သုခံ–ကား ကို ဟူ၍…ကြောင့် ပဋိသံဝေဒေတိ–၌ ပဋိ +သံ+ဝိဒ ဓာတ်ဝယ် သဟဇာတပစ္စည်း၊ ပဋိ+သံ+ဝိဒ–ဓာတ်ကား သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်စပ်။

✔ သုခံ–အရ စေတသိကသုခကိုယူခိုက် ယင်းပစ္စည်းတရားက–

✔ ပဋိ+ သံ+ ဝိဒဓာတ်အရ ယင်းစေတသိကသုခနှင့် ယှဉ်သော တတိယဈာန် စိတ္တုပ္ပါဒ်–ဟူသော နာမကာယပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ပြိုင်= သဟကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ ဣန္ဒြိယ၊ ဈာန၊ ဤ(၈) ပစ္စည်းတည်း။

(တစ်နည်း)✔ သုခံ–အရ ကာယိကသုခ–ကို ယူခိုက် ယင်းပစ္စည်းတရားက–

✔ ပဋိ+သံ+ ဝိဒ–ဓာတ်အရ–သုခသဟဂုတ် ကာယဝိညာဏ်စိတ္တုပ္ပါဒ်ဟူသော နာမကာယ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ပြိုင်= သဟကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ ဣန္ဒြိယ။ ဤ(၇)ပစ္စည်းတည်း။

==========================

## ဝါကျဥယျာဉ် (၃)

(က) သော ပီတိ ဝိက္ခမ္ဘေတွာ ဝိပဿနံ ဝဍ္ဎေတွာ ယထာနိသိန္နောဝ သဗ္ဗကိလေသေ ခေပေတွာ အဂ္ဂဖလေ အရဟတ္တေ ပတိဋ္ဌာယ ဥဒါနံ ဥဒါနေသိ––

အတ္ထေဝ ဂမ္ဘီရဂတံ သုဒုဗ္ဗုဓံ၊
သယံ အဘိညာယ သဟေတုသမ္ဘဝံ။
ယထာနုပုဗ္ဗံ နိခိလေန ဒေသိတံ၊
မဟေသိနာ ရူပဂတံဝ ပဿတီတိ။

အယံ နယသာဂရော နာမ။

(ခ) ကတမော ဉာဏသာဂရော? သဗ္ဗညုတဉာဏံ ဉာဏသာဂရော နာမ။

၆။ (ခ) ဝါကျသံဝဏ္ဏနာပါဠိတို့ဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို တွဲစပ်ဖော်ပြပါ။

၇။ (ခ) တဿာယေဝတ္ထော–၌ ဝေ–၏ ဝေတ္တ ဖလတ္တယကို ထုတ်ပြ၍၊ (က) ဧတ္ထ၊ (ခ) တတ္ထ၊ တဿာယေဝတ္ထော၊ တဿာ မနသာတို့၌ သဗ္ဗနာမ်ပုဒ်တို့၏ စွဲရာအနက်နှင့် ဝိသယအမည်ကို လည်းဖော်ပြပါ။

၈။ ဓမ္မတ္ထဒေသနာ ပဋိဝေဓ ဂမ္ဘီရဘာဝေါ–၌ ဒေသနာ–အရကို ကိုယ်ပြ၍ ကြိယာငါးတန်ထုတ်ပြီးလျှင် (က)(ခ) တို့၌ ဝေဒိတဗ္ဗော ထားရခြင်းကိုလည်းဖြေဆိုပါ။

၉။ ဓမ္မတ္ထဒေသနာ ပဋိဝေဓတို့၌ ဓမ္မနှင့် ဒေသနာတို့၏ ထူးခြားဟန်ကိုပြဆိုပါ။

၁၀။(ခ) ဝါကျ၌ တန္တိယာ–အရ ပစ္စည်းတရားက အဝဗောဓော–အရ ပစ္စယုပ္ပန် တရားအား မည်သည့် ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း၊ ပြိုင်နိုင်သော ပစ္စယသတ္တိများကိုလည်း ထုတ်ပြပါ။

=======================

(၁)

စ–ပါး။ (ဝါ) ဆက်။ တီသုပိ၊ ကုန်သော။ ဧတေသု ပိဋကေသု၊ တို့၌။ ဧတေဓမ္မတ္ထ ဒေသနာ ပဋိဝေဓာ၊ တို့သည်။ ယသ္မာ၊ ကြောင့်။ သသာဒီဟိ၊ တို့သည်။ မဟာသမုဒ္ဒေါ၊ ကို။(ဝါ)သည်။ ဒုက္ခောဂါဟော ဝိယစ၊ သို့လည်းကောင်း။ အလဗ္ဘနေယျ ပတိဋ္ဌော ဝိယစ၊ ၎င်း။ တထာ၊ တူ။ မန္ဒဗုဒ္ဓီဟိ၊ တို့သည်၊ ဒုက္ခောဂါဟာစ၊ အပ်ကုန်၏။ အလဗ္ဘနေယျ ပတိဋ္ဌာစ၊ ရှိကုန်၏။ တသ္မာ၊ကြောင့်။ ဂမ္ဘီရာ၊ ကုန်၏။

(၂)

(က) ဌပနာဘောဂါဒိ ပဉ္စက။

ဆရာ–သည် တထာဟိ ဝိနယပိဋကေ ဝိသေသေန အဓိသီလသိက္ခာ ဝုတ္တာ အစရှိသည်ဖြင့် သိက္ခာ၊ ပဟာန်တို့ကိုပြဆိုတော်မူ၏။ ထို––––သော်–ဂမ္ဘီရဘာဝ ကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။ ထို့ကြောင့် တထာဟိ–စသည်ဖြင့် သိက္ခပဟာန်တို့ကိုသာ မပြဆိုသင့်၊ ဂမ္ဘီရဘာဝကိုလည်း ပြဆိုသင့်သေး၏။ ဂမ္ဘီရဘာဝ–ကား အဘယ်ပါနည်း၊ စုဒ်ကြောင့် (က)မိန့်။

**ဤကား "စ–သိက္ခာပဟာန်မှ တစ်ပါး ဂမ္ဘီရဘာဝပက္ခကိုဆိုအံ့" ဟု အနက်ပေးသော ပြည်သျှနှင့် ဂဏ္ဌိဟောင်းတို့အလို ကျမ်းတက်ပုံတည်း။**

**မအူသျှ–၌ "စ–တီဏိ ပဟာနာနိ–၏ အကျယ်မှ တစ်ပါး စတုဗ္ဗိဓော စ ဂမ္ဘီရဘာဝေါ၏ အကျယ်ကို ဆိုဦးအံ့" ဟု အနက်ပေးသည်။**

**ယင်း– မအူသျှ–အလို––––**

ဆရာ–သည်– ဝိနယ ပိဋကေ စ ဝီတိက္ကမပ္ပဟာနံ အစရှိသည်ဖြင့် တီဏိပ္ပဟာနာနိ–အကျယ်ကို ပြဆိုတော်မူ၏။ ထို–––––သော်–စတုဗ္ဗိဓော စ ဂမ္ဘီရဘာဝေါ၏ အကျယ်ကိုလည်းပြဆိုသင့်သည် မဟုတ်ပါလော––စသည်ဖြင့် တက်လေ။

(ခ) သို့ အနုသန္ဓေ

ဤသို့ (က) ဖြင့် စတုဗ္ဗိဓ–ဟူသော သချာ၏အရ–သင်္ချေယျကိုပြပြီး၍၊ ဤယခုအခါ၌ ထိုသင်္ချေယျ ဖြစ်ကုန်သော ဓမ္မအစရှိကုန်သော လေးပါးတို့အရ–သရုပ်ကို ပြလို၍ တတ္ထ–စသော (ခ) မိန့်။
(မအူသျှ၊ ၁။ ၁၈၂)

http://www.dhammadownload.com



(ဂ) ပါပနာဒီပဋ္ဌကစောဒနာ။

ဆရာ–သည် (ခ)ဖြင့် ဓမ္မ,အတ္ထ,ဒေသနာ,ပဋိဝေဓတို့၏ သရုပ်ကို ပြဆိုတော်မူ၏။ ထို–––သော် ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓတို့၏–သရုပ်ကိုသာ သိရ၍– ဓမ္မအတ္ထဒေသနာပဋိဝေဓ တို့၏ ဂမ္ဘီရဘာဝကို မသိအပ်, မသိနိုင်ဟူသောအနက်သည် ရောက်ရာ၏။ စင်စစ်တမူကား––ထိုအနက်သည်မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့်–ဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓတို့၏–ဂမ္ဘီရဘာဝကိုလည်း ပြဆိုသင့်သေး၏။ အကယ်၍–––ဂမ္ဘီရဘာဝကို မပြဆိုဘဲ နေချေသော်–အဗျာပိတ၊အပရိပုဏ္ဏ––၏။ ဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓတို့၏ ဂမ္ဘီရဘာဝကား အဘယ်ပါနည်း။ စုဒ်ကြောင့်(ဂ)မိန့်။(မအူသျှ။၁၈၂။ဂဏ္ဌိသစ်။၁၂၁)

(ဃ) အနုသန္ဓေ။

ဤသို့(ခ)(ဂ) တို့ဖြင့် သုံးပါးကုန်သော ပိဋကတို့တွင် တစ်ပါး တစ်ပါးသော ပိဋက ၌ ဓမ္မတ္ထ, ဒေသနာ, ပဋိဝေဓတို့ နက်နဲကုန်သည်တို့၏ အဖြစ်ကို အကျယ်အားဖြင့် ပြဆိုပြီး၍၊ ဤယခုအခါ၌ အကျဉ်းချုံး၍–နိဂုံး အုပ်ပြလို၍–(ဃ)မိန့်။ (မအူသျှ။၁၈၄။)

(၃)

(က) ပက္ခန္တရ။ ယင်းဖြင့်–အဗျာပိတ၊ အပရိပုဏ္ဏ ကို ပယ်သည်။

(ခ) ဝိတ္ထာရ။ ယင်းဖြင့်–ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသကို ပယ်သည်။
ယင်း(ခ)ဝါကျ၌–အစိတ်, အစိတ်–ရှေးနောက်ထောက်ဆ–ပက္ခ, ပက္ခန္တရ ခွဲ။

(ဂ) ဓမ္မအတ္ထဒေသနာပဋိဝေဓတို့၏–သရုပ်မှတစ်ပါး ဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓတို့၏ ဂမ္ဘီရဘာဝကိုပြ –ပက္ခန္တရ။ (တနည်း) ဝါကျာရမ္ဘ။ ယင်းဖြင့် အဗျာပိတ၊ အပရိပုဏ္ဏဒေါသကိုပယ်သည်။

(တနည်း:)(ဂ) ဖြင့် ဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓတို့၏ ဂမ္ဘီရဘာဝ–ဖြစ်ပုံကို မဟာသမုဒ္ဒရာ ယှန်သူငယ်ဥပမာတို့ဖြင့်ပြဆိုသောကြောင့် ဩစိတျဟီနဒေါသ, ဝိရောဓိဒေါသတို့ကို ပယ်သည်။

(ဃ) ကား–နိဂမနဝါကျ။ ယင်းဖြင့် ဝိရောဓိ, ပုနရုတ္တိတို့ကို ပယ်သည်။

(က) ၌–စ–သဒ္ဒါထားရခြင်း။

သိက္ခာပဟာန်ပက္ခမှ တစ်ပါး ဂမ္ဘီရဘာဝပက္ခကိုပြလိုသောကြောင့် (ပြည်သျှ–အလို) တနည်း––တီကာပွဟာနာနိ၏ အကျယ်မှတစ်ပါး စတုဗ္ဗိဓောစ ဂမ္ဘီရဘာဝေါ–၏ အကျယ်ကိုပြလိုသောကြောင့် (မအူသျှ၊အလို)။ (ဝါ) ပက္ခန္တရဇောတကအဖြစ်ကို ပြလိုသောကြောင့် (က)စေတ္ထ–၌–စ–သဒ္ဒါကို ထားပါသည်။

http://www.dhammadownload.com



(၄)

- ဒုက္ခယတီတိ ဒုက္ခံ။
- ဒုဋ္ဌု သုခံ ခါဒတီတိ ဒုက္ခံ။ ဒုဋ္ဌု သုခံ ခနတီတိ ဒုက္ခံ။ (နီတိဓာတု)
- ဩဂါဟေတဗ္ဗာတိ ဩဂါဟာ။ ဒုက္ခေန ဩဂါဟာ ဒုက္ခောဂါဟာ။

✔ဒုက္ခပုဒ်၊ ဩဂါဟပုဒ်သည်၄င်း၊ ဆင်းရဲ ငြိုငြင်ခြင်းဂုဏ်၏ ဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓ တို့နှင့် ဂုဏ်+ဂုဏောအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၄င်း–ဗျုပ္ပတ္တိနိမိတ်။

✔ ဆင်းရဲငြိုငြင်သဖြင့် သက်ဝင်အပ်သည်၏အဖြစ်ဟူသောဂုဏ်သည် ပဝတ္တိနိမိတ်။

- (တနည်း) ဩဂါဟနံ ဩဂါဟော။
- ဒုက္ခော ဩဂါဟော ဧတေသု ဓမ္မတ္ထဒေသနာပဋိဝေဓေသူတိ ဒုက္ခောဂါဟာ။ (ဗဟုဗ္ဗီဟိ)

## “ဝစနတ္ထမှတ်ဘွယ်”

- ဧတိ ဝတ္တတီတိ ဧကံ။
- ဧကဋ္ဌ ဧကဋ္ဌ ဧကမေကံ။
- စတ္တာရော ဝိဓာ ပကာရာ ဧတဿ ဓမ္မတ္ထဒေသနာပဋိဝေဓဂမ္ဘီရ ဘာဝဿာတိ စတုဗ္ဗိဓော။

✔လေးပါးကုန်သောအပြားတို့၏+ ဓမ္မတ္ထဒေသနာ ပဋိဝေဓဂမ္ဘီရဘာဝနှင့် ဂုဏ်+ဂုဏောစပ်--- ဗျု–နိမိတ်။

✔လေးပါးအပြားရှိသည်၏အဖြစ်တည်းဟူသောဂုဏ်သည် ပဝတ္တိနိမိတ်။

- ဓာရေတီတိ ဓမ္မော။ (ဓရ+ရမ္မ)
- အရီယတိ ဉာယတီတိ အတ္ထော။ (အရ+ထ)
- ဒေသီယတိ သမုဋ္ဌာပီယတိ သဒ္ဒေါ ဧတေနာတိ ဒေသနာ။ (ယောဇနာ)
- ပဋိဝိဇ္ဈတီတိ ပဋိဝေဓော။
- ပဋိဝိဇ္ဈတိ ဧတေနာတိ ဝါ ပဋိဝေဓော။
- ပဋိဝိဇ္ဈနံ ဝါ ပဋိဝေဓော။ (ပဋိ+ဝိဓ+ဏ)
- ဓမ္မော စ အတ္ထော စ ဒေသနာ စ ပဋိဝေဓော စ ဓမ္မတ္ထဒေသနာပဋိဝေဓာ။
- ဂမ္ဘီရာနံ ဘာဝေါ ဂမ္ဘီရဘာဝေါ။
- ဓမ္မတ္ထဒေသနာပဋိဝေဓာနံ + ဂမ္ဘီရဘာဝေါ-----ဘာဝေါ။
- ဂံ (ပထဝိံ) ဘိန္ဒိတွာ ဂစ္ဆတိ ပဝတ္တတီတိ ဂမ္ဘီရော။ (ဂေါ+ဘိဒိ+ဤရ)
- ဂမ္ဘီရော ဝိယာတိ ဂမ္ဘီရော။ ဂမ္ဘီရဿ ဘာဝေါ ဂမ္ဘီရဘာဝေါ။
- တနီယတေ ဝိတ္ထာရီယတေတိ တန္တိ။ (တနု+တိ)
- ဘူတဿ အနုရူပံ ယထာဘူတံ။
- အဝဗုဇ္ဈတီတိ အဝဗောဓော။
- အဝဗုဇ္ဈတိ ဧတေန ဉာဏေနာတိ ဝါ အဝဗောဓော။
- အဝဗုဇ္ဈနံ ဝါ အဝဗောဓော။ ယထာဘူတံ အဝဗောဓော ယထာဘူတာဝဗောဓော။
- သသတိ ပ္လုတံ ဂစ္ဆတီတိ သသော။(သသ+အ) (ခုန်ဆွ ခုန်ဆွ သွားခြင်းကြိယာ)
- မဟန္တော သမုဒ္ဒေါ မဟာသမုဒ္ဒေါ။

* မန္ဒာ ဗုဒ္ဓိ ဧတေသံ ပုဂ္ဂလာနန္တိ မန္ဒဗုဒ္ဓိနော။
✔ နုသောအသိဉာဏ်၏ ပုဂ္ဂိုလ်တို့နှင့် ဌာနီ ဌာနစပ် ဗျူ--နိ။
✔ နုသောအသိဉာဏ်သည် ပဝတ္တိနိမိတ်။
* န လဘိတဗ္ဗောတိ အလဗ္ဘနီယော။
* အလဗ္ဘနီယော ဧဝ အလဗ္ဘနေယျော။
* ပတိဋ္ဌဟန္တိ ဧတ္ထ ဩကာသေတိ ပတိဋ္ဌော။
* အလဗ္ဘနေယျော ပတိဋ္ဌော ဧတေသု ဓမ္မတ္ထဒေသနာပဋိဝေဓေသူတိ အလဗ္ဘနေယျပတိဋ္ဌာ။
✔ မရအပ်သောထောက်တည်ရာ၏ (ဝါ) ထောက်တည်ရာကို မရခြင်း၏ +
ဓမ္မ,အတ္ထ,ဒေသနာ,ပဋိဝေဓတို့နှင့် ဂုဏ်+ဂုဏီစပ်--- ဗျူ- နီ။
✔ ထောက်တည်ရာမရနိုင်ခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။
(တနည်း) * လဘိတဗ္ဗောတိ လဗ္ဘနီယော။ လဗ္ဘနီယော ဧဝ လဗ္ဘနေယျော။
* လဗ္ဘနေယျော ပတိဋ္ဌော လဗ္ဘနေယျပတိဋ္ဌော။
* နတ္ထိ လဗ္ဘနေယျ ပတိဋ္ဌော ဧတေသု ဓမ္မတ္ထဒေသနာပဋိဝေဓေသူတိ အလဗ္ဘနေယျပတိဋ္ဌာ။
အနက်။ ။ အလဗ္ဘနေယျပတိဋ္ဌာစ–မရအပ်သောတည်ရာလည်းရှိကုန်၏။ (ဝါ) ရအပ်သော တည်ရာလည်းမရှိကုန်။ (သဒ္ဒတ္ထ) (ဝါ) တည်ရာကိုလည်း မရနိုင်ကုန်။ (ဘာဝတ္ထ) (မအူသျှ၊ ၁၈၃၊၁၈၄။)

(၅)

✔ တန္တိ = ကိတ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ။
✔ မန္ဒ = ကိတ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။
✔ ဗုဒ္ဓိ = ကိတ်နာမ်၊ ထိ၊ ရတ္တာဒိ၊ ဣကာရန္တ။
✔ သမုဒ္ဒ = သံ–ဥန္ဒဓာတ်+ဒက်။
* သမ္မာ ဥန္ဒတိ ကိလေဒတီတိ သမုဒ္ဒေါ။
✔ ဝဝတ္ထာပိတာယ = ဝိ–အဝ–ထပဓာတ်+တ။
(တနည်း) ဝိ–အဝ ထာဓာတ်+ဏာပေပစ္စည်း+ တပစ္စည်း။

✔ ဒုက္ခ = ဒုက္ခ+အ။ (တနည်း) ဒု–ခါဒ+ကွိ။ (တနည်း) ဒု–ခနု+ ကွိ။
* ဒုက္ခဓာတုဝသာဓာပိ၊ ဒုပုဗ္ဗခါဒတော ဝိ ဝါ။
ဒု–ပုဗ္ဗ ခနတော ဝါပိ၊ ဒုက္ခသဒ္ဒဂတိ ဝဒေ။ (နီတိ၊ ဓာတု။ ၃၇၈။)

(၆)

(ခ) တန္တိ-ဖြင့် ဓမ္မတ္ထဒေသနာပဋိဝေဓတို့၌ ဓမ္မသဒ္ဒါသည် သဘာဝစသောအနက်တို့ကိုမဟော၊ ပရိယတ္တိအနက်ကိုဟော၏ဟုသိစေသည်။ (ဝါ) ဓမ္မ–အရ စိတ်နှလုံးတော်ဖြင့် မှတ်အပ်သော ပါဠိတော်ကို ယူရမည်ဟု သိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

http://www.dhammadownload.com



တဿာယေဝတ္ထော–ဖြင့် ဓမ္မတ္ထဒေသနာပဋိဝေဓတို့၌ အတ္ထ သဒ္ဒါသည် ပယောဇန အနက်ကိုမဟော၊သဒ္ဒါဘိဓေယျ ဟူသောအနက်ဟော၏ဟုသိစေသည်။(ဝါ)အတ္ထ–အရ ဆိုအပ်ပြီးသော စိတ်နှလုံးတော်ဖြင့်မှတ်အပ်သောပါဠိတော်၏အနက်ကို ယူရမည်ဟု သိစေသည်။(အဘိဓေယျတ္ထ)

တဿာ မနသာ ဝဝတ္ထာပိတာယ တန္တိယာ ဒေသနာ–ဖြင့် ဓမ္မတ္ထ ဒေသနာ ပဋိဝေဓတို့၌ ဒေသနာ–အရ စိတ်နှလုံးတော်ဖြင့် မှတ်အပ်သော ပါဠိတော်ကို နှုတ်တော်တွတ်တွတ် ရွတ်ဆိုတော်မူခြင်း၊ (ဝါ) နှုတ်တော်တွတ်တွတ် ရွတ်အပ်သော သဝိညတ္တိဝိကာရ ဝစီဘေဒသဒ္ဒကို ယူရမည်ဟု သိစေသည်။ တန္တိယာ, တန္တိအတ္ထဿ ယထာဘူတာဝဗောဓော–ဖြင့် ဓမ္မတ္ထ ဒေသနာ ပဋိဝေဓ–အရ – စိတ်နှလုံးတော်ဖြင့်မှတ်အပ်သော ပါဠိတော်နှင့် ထိုပါဠိတော်၏အနက်ကို ထိုးထွင်း၍ သိတတ်သော, သိကြောင်းဖြစ်သော, သိခြင်းဟူသော ဉာဏ်ကိုယူရမည်ကိုလည်းကောင်း၊ (ကြား) ပဋိဝေဓော–၌ ပဋိဥပသာရ၏ ဓာတွတ္ထဝိသေသကာ၏အဖြစ်ကိုလည်းကောင်း၊ ပဋိရှေး+ဝိဓ–ဓာတ်၏ အဝဗောဓန အနက်ဟောသည်ကိုငှင်း၊(ဒုဓာတွတ္ထ) ဏာပစ္စည်း၏ ကတ္တု၊ ကရဏ၊ ဘာဝသာဓနအနက်၌ သက်သည်ကိုငှင်း၊ (ဒုပစ္စယတ္ထ) ပဋိဝိဇ္ဈတီတိ ပဋိဝေဓော၊ ပဋိဝိဇ္ဈတိ ဧတေနာတိ ဝါ ပဋိဝေဓော၊ ပဋိဝိဇ္ဈနံ ဝါ ပဋိဝေဓော–ဟုဝစနတ္ထပြုရမည်ကိုငှင်း၊ (အဘိဓာနတ္ထ) သိစေသည်။

(၇)

(ခ) တဿာယေဝတ္ထော–၌“ဧဝ–၏ဧဝတ္ထဖလတ္ထယ ထုတ်ပုံ”

✔ စိတ်နှလုံးတော်ဖြင့် မှတ်အပ်သောပါဠိတော်သည် ဂဟေတဗ္ဗတ္ထ။

✔ နှုတ်တော်တွတ်တွတ်ရွတ်ဆိုအပ်သောသဝိညတ္တိဝိကာရဝစီဘေဒသဒ္ဒ(တရားသံ) ဟူသောပါဠိတော် ဓမ္မသည် နိဝတ္တေတဗ္ဗတ္ထ။

✔ စိတ်နှလုံးတော်ဖြင့်မှတ်အပ်သော ပါဠိတော်၏ဂမ္ဘီရဘာဝဂုဏ်သည် အနုညာတတ္ထ။

“ဝိသယနာမည်”

(က) ဧတ္ထ–၌ ဧတ–သည် လွန်ပြီး ပိဋကတ်သုံးပုံကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

(ခ) တတ္ထ–၌ တ–သည် (က)၌ ဆိုခဲ့ပြီးသော ဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓ ဟူသော ဂမ္ဘီရ–၄–ပါးကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယဖြစ်သည်။

တဿာယေဝ–၌ တ–ကား ရှေး၌ဆိုအပ်ပြီးသော တန္တိဟူသော (နှလုံးတော်ဖြင့်မှတ်သားအပ်သော) ပါဠိတော်ဒြဗ်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

တဿာ–မနသာ စသည်၌ တ–သည် တဿာတန္တိယာ–ဟု အစွဲ တိုက်ရိုက် ရှိသောကြောင့် ပသိဒ္ဓဝိသယဖြစ်သည်။

http://www.dhammadownload.com



(၈)

"ကြိယာငါးတန်"

✔ ဒေသနာ-အရ စိတ်တော်ဖြင့်ပိုင်းခြား မှတ်သားအပ်ပြီးသော ပါဠိတော်ကို နှုတ်တော် တွတ်တွတ် ရွတ်ဆိုအပ်သော သဒ္ဒပညတ္တိဝိကာရဝစီဘေဒသဒ္ဒသည် ဒဿနတ္ထ။

✔ ဒေသနာဉာဏ်တော်သည် ဒီပကတ္ထ။

✔ ဝေနေယျတို့အား ဓမ္မာဘိသမယကုသိုလ်ဖြစ်ခြင်းသည် ပကာသနတ္ထ။

✔ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည် ဝိဘာဝတ္ထ။

✔ ဒိဋ္ဌဓမ္မိက, သမ္ပရာယိက, ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိစသည်သည် အနုဘာဝတ္ထ။

(တစ်နည်း) ဒေသနာ အရ (ဝါ) ဒီသီ-ဓာတ်အရ

✔ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

✔ မဂ်ဉာဏ် ဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ်တို့သည် ဒီပကတ္ထ။

✔ နှုတ်တော်တွတ်တွတ်ရွတ်ဆိုအပ်သော သဒ္ဒပညတ္တိဝိကာရဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။

✔ မဟာကရုဏာဉာဏ်,ပါရမီဉာဏ်,ဝိပဿနာဉာဏ်တို့သည် ဝိဘာဝတ္ထ။

✔ ဓမ္မာဘိသမယကုသိုလ်ဖြစ်ခြင်း, ဒိဋ္ဌဓမ္မိက,သမ္ပရာယိက, ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိ စသည်သည် အနုဘာဝတ္ထ။

(က)(ဃ) ဝေဒိတဗ္ဗောထားရခြင်း

ပိဋကတ်သုံးပုံတို့တွင် တစ်ပါးတစ်ပါးသော ပိဋကတ်၌ ၄-ပါးအပြားရှိသော ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓတို့၏ နက်နဲသည်၏အဖြစ်ကို နှလုံးနှခွသံသယဖြစ်လျက် ဥပစာရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကတ္ထအားဖြင့် ရသင့်ရာယူမည်, သိရမည်ဟုပြလိုသောကြောင့် (က) (ဃ) တို့၌ ဝေဒိတဗ္ဗော သဒ္ဒါထားသည်။

(၉)

ဓမ္မ နှင့် ဒေသနာအထူး

သဒ္ဒါပဗန္ဓဖြစ်၍ ပညတ္တိသဒ္ဒါသည် ဓမ္မ မည်၏။

တစ်လုံးတစ်လုံးသော အက္ခရာစာလုံးဟုဆိုအပ်သော ပရမတ္ထသဒ္ဒါသည် ဒေသနာ မည်၏။

(ပြည်သျှ။၈၈။)

(၁၀)

(ခ)၌ တန္တိယာ-အရ မနသာဝဝတ္ထပိတ အက္ခရပ္ပဗန္ဓဖြစ်သော ပညတ္တိသဒ္ဒါကို ယူ၍ အဝဗောဓော-အရ မြတ်စွာဘုရား၏ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကို ယူ၍ တန္တိယာ-အရ ပစ္စည်းတရားက အဝဗောဓော-အရ ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်နိုင်သော ပစ္စည်းမရှိ။)

တန္တိအတ္ထဿ-အရ ပါဠိတော်၏အနက်ဟူသောအတ္ထပညတ်ကိုယူ၍ တန္တိအတ္ထဿ-အရ ပစ္စည်းတရားက အဝဗောဓော-အရ ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်နိုင်သော ပစ္စည်းမရှိ။)

http://www.dhammadownload.com



ဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော–၌–

ဂမ္ဘီရဘာဝ–အရ ဂမ္ဘီရဘာဝဟူသော ပညတ်ဓမ္မာရုံ ပစ္စည်းတရားသည် ဝေဒိတဗ္ဗော–၌ ဝိဒဓာတ်–အရ ဉာဏ်ပြဋ္ဌာန်းသော မဟာကု, ကြိ, ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန် တရားအား အာရမ္မဏ––ဖြင့် ကျေးဇူးပြုသည်။ (ပြိုင် ပစ္စည်းမရှိ။)

==================================

## ဝါကျဥယျာဉ် (၈)

(က) အပရော နယော။ ဓမ္မောတိ ဟေတု၊

(ခ) ဝုတ္တဉှေတံ "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"တိ။

(ဂ) အတ္ထောတိ ဟေတု ဖလံ၊

(ဃ) ဝုတ္တဉှေတံ "ဟေတုဖလေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ"တိ။

(င) ဒေသနာတိ ပညတ္တိ၊

(စ) ယထာဓမ္မံ ဓမ္မာဘိလာပေါတိ အဓိပ္ပါယော။

(ဆ) အနုလောမပဋိလောမသင်္ခေပဝိတ္ထာရာဒိဝသေန ဝါ ကထနံ။

(ဇ) ပဋိဝေဓောတိ အဘိသမယော။

(ဈ) သော စ လောကိယလောကုတ္တရော ဝိသယတော,အသမ္မောဟတော စ အတ္ထာနုရူပံ ဓမ္မေသု, ဓမ္မာနုရူပံ အတ္ထေသု, ပညတ္တိပထာနုရူပံ ပညတ္တိသု အဝဗောဓော။

(ည) တေသံ တေသံ ဝါ တတ္ထ တတ္ထ ဝုတ္တဓမ္မာနံ ပဋိဝိဇ္ဈိတဗ္ဗော သလက္ခဏသင်္ခါတော အဝိပရီတသဘာဝေါ။

ဋ္ဌ၊၂၃။ မူလဋီ၊၂၁။ပြည်သူ၊၈၈။ ဘာသာဋီ၊၁၀၆။ မူလဋီ၊၂၁။ မင်းခင်းဂဏ္ဌိ၊၁၂၁။ ကျော်–ဂဏ္ဌိ၊၁၀၃။ ယောဇနာ၊၂၈။

==================================

၁။ (က) ကို အပရောနယော၏အပါဒါန်ထည့်၍ (စ)ကို ဗျတိရေကဝါကျထည့်၍အနက်ပေးပါ။

၂။ (က) ကို ပါပနာဒိပဥ္စကစောဒနာ (ဈ)ကို ဌပနာဘောဂါဒိပဥ္စက ပုစ္ဆာတက်ပါ။

၃။ (စ) ဝါကျ၌ အဓိပ္ပါယောသဒ္ဒါ ထားရခြင်းနှင့် (ဆ)ဝါကျ၌ ဝါသဒ္ဒါထားရခြင်းတို့ကိုအကြောင်း သွင်းဖြေပါ။

၄။ (စ) ဓမ္မာဘိလာပေါကို အစိတ်အပေါင်းဝစနတ္ထပြု၍ အပေါင်းကိုသာ ဗျု–စတုက္ကထုတ်ပါ။

၅။ (ခ) ဝါကျရှိ ပုဒ်တို့ကို ပဒ၊ လိင်္ဂ၊ ဂဏ၊ ကာရက စိစစ်ပြပါ။

၆။ (ဇ+ည) ဝါကျတို့ဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ (ခ) ဝုတ္တဉှေတံ (ဈ) သော စ (ည) တေသံ တေသံ၊ တတ္ထ တတ္ထ–တို့၌ သဗ္ဗနာမ်ပုဒ်တို့၏ ဝိသယနှင့် ပညတ္တိ ယထာဓမ္မံ၊ အနုလောမ၊ ပဋိလောမ၊ သင်္ခေပ၊ ဝိတ္ထာရ–တို့၌ ဥပသာရ, နိပါတ်ပုဒ်တို့၏ အနက်တို့ကို ဖော်ပြပါ။

၈။ (ခ) ဝုတ္တဉှေတံ–၌ ဓာတ်အရကို ကြိယာငါးတန်ထုတ်၍ (ခ)(စ)တို့၌ ရနိုင်သော သိဒ္ဓိတို့ကို လည်း အကြောင်းသွင်း၍ဖြေပါ။

၉။ (ဇ) ပဋိဝေဓော–ကို လက္ခဏာဒိစတုက္ကထုတ်ပါ။

၁၀။ (ခ) ဝါကျ ဟေတုမှိ ဉာဏံ–၌ ဟေတုမှိ–အရက ဉာဏံ–အရအား အဘယ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။ ပြိုင်နိုင်သော ပစ္စယသတ္တိများကိုလည်း ထုတ်ပြပါ။

==========================

http://www.dhammadownload.com



# အဋ္ဌသာလိနီ ဝါကျဥယျာဉ်

## (၁)

### (က) အပရောနယော–၏ အပါဒါန်

ဓမ္မောတိ တန္တိတိ အာဒိကော–ဓမ္မောတိ တန္တိ–ဤသို့အစရှိသော။ ယော ပုဗ္ဗနယော–အကြင်ရှေးနည်းကို။ မယာ–သည်။ ဝုတ္တော–ပြီ။ တတော ပုဗ္ဗနယတော–ထိုရှေးနည်းမှ။ အပရော–သော။ နယော–ကို။ မယာ–သည်။ ဝုစ္စတေ–အံ့။

(ခ)(ဂ) ဝုတ္တံ–၏ ကတ္တားကို "ဓမ္မသေနာပတိနာ–သည်" ဟုထည့်။

### (ဃ)ဝါကျကို ဇျာတိရေကထည့်၍ အနက်

ယထာဓမ္မံ၊ အကြင်အကြင် အဝိဇ္ဇာ–စသော အကြောင်း၊ သင်္ခါရ–စသော အကျိုးတရားသည်။ အတ္ထိ။ (တသ္မိံတသ္မိံ–ထိုထို အဝိဇ္ဇာ–စသော အကြောင်း သင်္ခါရ–စသောအကျိုးတရား၌။ ပဝတ္တော၊ သော။) ဓမ္မာဘိလာပေါ၊ မဖောက်မပြန် နှုတ်တော်တွတ်တွတ် ရွတ်အပ်သော သဘိညတ္တိဝိကာရ ဝစီဘေဒသဒ္ဒသည်။ ပညတ္တိ၊ ပညတ်မည်၏။ ဣတိ အယံ၊ ကို။ န အဓိပ္ပါယော–အဓိပ္ပေတော၊ မလိုအပ်။ (ဇျာတိရေက) (ပြည်သျှ၊ ၈၈)

## (၂)

### (က) ပါပနာဒိပဥ္စကဓောဒနာ

ဆရာ–သည် ဓမ္မောတိ တန္တိ အစရှိသည်ဖြင့် ဓမ္မ–သဒ္ဒါသည် (ပါဠိတော်ဟူသော)ပရိယတ္တိ အနက်ကိုဟော၏ စသည်ဖြင့် ဖွင့်ပြဆိုတော်မူ၏။ ထို–––သော် ဓမ္မသဒ္ဒါသည် ပရိယတ္တိအနက်ကိုသာ ဟော၏ ဟူသော အနက်သည် ရောက်ရာ၏။ စင်––ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ဓမ္မသဒ္ဒါ၏ အခြားဖြစ်သင့်သော အနက်တစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော်–––အဗျာပိတ––၏။ ဓမ္မသဒ္ဒါ၏ အခြားဖြစ်သင့်သော အနက်တစ်မျိုးကား အဘယ်ပါနည်း။ စုဒ်ကြောင့် (က) မိန့်။

### (ခ) ဋ္ဌပနာဘောဂါဒိပဥ္စက

ဆရာ–သည် (က)ဝါကျ ဓမ္မောတိ ဟေတု–ဖြင့် ဓမ္မသဒ္ဒါသည် ဟေတု–အနက်ကို ဟော၏ဟု ဖွင့်ပြဆိုတော်မူ၏။ ထို –––သော် ယင်းသို့ ဖွင့်ဆိုသော ဆရာ့စကားသည် သကဝစနမျှသာ ဖြစ်၍ ပရဝစနဖြစ်သော အာဂုမ်ပါဠိသာကေနှင့်ကင်း၍ မယုံကြည်အပ်, မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ (ပ) ထိုစကားကို ယုံကြည်ကြောင်းဖြစ်သော ပရဝစန ယုတ္တိသာဓက အာဂမဒဠှီကရဏစကားကိုလည်း ပြဆိုသင့်သေး၏။––အာဂမဒဠှီကရဏကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။

### (ဓ) ဋ္ဌပနာဒိကပဥ္စက

ဆရာ–သည် (င)ဖြင့် ဒေသနာပုဒ်ကို ပညတ္တိဟု ဖွင့်ပြဆို၏။ ထို––သော် ပညတ္တိဟူသော သံဝဏ္ဏနာဖြင့် ဒေသနာအရ သဘာဝနိရုတ္တိမှလွတ်သော အက္ခရာဝလိဟုဆိုအပ်သော နာမပညတ်ကို အလိုရှိအပ်၏ဟု ဆရာဆိုလိုပါသလော။ (ကျမ်းဆရာ၏ အနိစ္ဆိတဗ္ဗတ္တ၊ ဇျာတိရေက–ကို အာဘော်ထားသည်။) ထို့ကြောင့် (င)ဖြင့် ဒေသနာတိ ပညတ္တိဟူ၍သာ သာမညမဖွင့်ဆိုသင့်။

http://www.dhammadownload.com



ဒေသနာအရ မည်သည့်တရားကို ယူရပါမည်ဟူသောစကားကျ အဓိပ္ပာယ်ကိုလည်း ပြဆိုသင့်သေး၏။ ယင်းစကားရပ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (စ)မိန့်။

အဓိပ္ပာယ်ကား။ ။(စ)ဖြင့် ဒေသနာ–အရ သဘာဝနိရုတ္တိမှလွတ်သော အက္ခရာဝလိဟုဆိုအပ်သော နာမပညတ္တိကိုမလိုအပ်။ မဖောက်မပြန် နှုတ်တော်ဖြင့် ရွတ်ဆိုအပ်သော သဝိညတ္တိဝိကာရဝစီဘေဒ ပရမတ္ထသဒ္ဒါကို ယူရမည်ဟူသော စကားကျအဓိပ္ပာယ်ကို ငါပြဆို၏ဟူလို။

◆ အဓိပ္ပာယော၊ အတ္ထောရှိက ဂူဠှတ်ဖော်ပြ၊ စကားကျ။

## (ဆ) ဌပနာနုလောမာဒိပဋ္ဌကစောဒနာ

ဆရာ–သည် (င)(စ)ဝါကျတို့ဖြင့် ဒေသနာ–အရ မဖောက်မပြန်နှုတ်တော်ဖြင့်ရွတ်အပ်သော သဝိညတ္တိဝိကာရ ဝစီဘေဒသဒ္ဒါကို ယူရမည်ဟု ပြဆိုတော်မူ၏။ ထို––သော် ဒေသနာ–အရ နှုတ်တော်ဖြင့် ။ပ။ ဝစီဘေဒသဒ္ဒါ တစ်မျိုးသာ ယူသင့်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်မူကား––––––––မရောက်သင့်၊ ထို့ကြောင့် ဒေသနာ–အရ တစ်ခြား ဖြစ်သင့်သော အဘိဓေယျတ္ထအရကောက် တစ်မျိုးကိုလည်း ပြဆိုသင့်သေး၏ ။ပ။ အဗျာပိတာ–၏ ။ပ။ စုဒ်ကြောင့် ဒေသနာအရ မည်သည့် တရားကို ယူရပါမည်နည်းဟူသော စကားကျအဓိပ္ပါယ်ကိုလည်း ပြဆိုသင့်သေး၏။ ယင်းစကားရပ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (စ)မိန့်

အဓိပ္ပာယ်ကား။ ။ (ဆ)ဖြင့် ဒေသနာ–အရ ယင်းဒေသနာကို ဟောကြောင်းဖြစ်သော ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုလည်း ယူရမည်ဟု အဘိဓေယျတ္ထတစ်မျိုးကို ငါပြ–––––ဟူလို။

## (ဇျ) ဌပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် (ဆ) ဖြင့် ပဋိဝေဓော–ကို အဘိသမယော–ဟုဖွင့်ဆို၏။ ထိုသော် ပဋိဝေဓဟုဆိုအပ်သော အဘိသမယကို ပဘေဒအားဖြင့်လည်းကောင်း, ပကာရအားဖြင့် လည်းကောင်း, အာရမ္မဏ အားဖြင့်လည်းကောင်း, သဘာဝ အားဖြင့်လည်းကောင်း ထင်ရှားစွာမပြဆို ဟူသော အနက်သဘောရောက်ရာသည်မဟုတ်ပါလော။ ထို့–––ကြောင့် (ဆ) ဖြင့် ပဋိဝေဓောကို အဘိသမယော ဟူ၍သာ မဖွင့်ပြဆိုသင့်။ ပဋိဝေဓဟုဆိုအပ်သော အဘိသမယကို ပဘေဒအားဖြင့်လည်းကောင်း။ပ။ သဘာဝအားဖြင့်လည်းကောင်း ထင်ရှားစွာ ပြဆိုသင့်သေး၏။ ထင်ရှားစွာပြဆိုပုံ စကားရပ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဇျ) မိန့်။

အဓိပ္ပါယ်ကား။ ။(ဇျ)ဖြင့် ပဋိဝေဓ–ဟုဆိုအပ်သော အဘိသမယကို လောကီ, လောကုတ္တရာဟူသော ဘေဒ, ဝိသယ, အသမ္မောဟ–ဟူသော ပကာရ၊ ဓမ္မ, အတ္ထ, ပညတ်–ဟူသော အာရမ္မဏ၊ အတ္ထာနုရူပ, ဓမ္မာနုရူပ, ပညတ္တိပထာနုရူပ–ဟူသော သဘာဝအားဖြင့် ထင်ရှားစွာ ငါပြဆိုပါ၏ဟူလိုသော်။

✔ ဣဒါနိ အဘိသမယပ္ပဘေဒတော အဘိသမယပ္ပကာရတော အာရမ္မဏတော သဘာဝတော စ ပါကဋံ ကာတုံ "သော စ လောကိယလောကုတ္တရော"တိ အာဒိမာဟ။ (သာရတ္ထ၊ ၁၊ ၈၀။)

## (ည) ဌပနာနုလောမာဒိကျမ်းတက်ပုံ

ဆရာ–သည် (ဓ)(ဇျ) ဝါကျတို့ဖြင့် ပဋိဝိဇ္ဈန် ပဋိဝေဓော, ပဋိဝိဇ္ဈတီတိဝါ ပဋိဝေဓော, ပဋိဝိဇ္ဈတိ ဓောနာတိ ဝါ ပဋိဝေဓော –ဟုဝစနတ္ထပြ၍၊ ပဋိဝေဓအရ ဉာဏ်ကိုယူရမည်ဟု ပြဆိုတော်မူ၏။

http://www.dhammadownload.com



ထို--သော် ပဋိဝေဓပုဒ်ကို ယင်းသို့ ကတ္တု,ကရဏ,ဘာဝသာဓနသော ဝစနတ္ထပြု၍ ပဋိဝေဓ-အရ ဉာဏ်ကိုသာ အရကောက်သင့်၏ ဟူသော အနက်သည်ရောက်ရာ၏ ။ပ။ အဗျာပိတာ အပရိပုဏ္ဏာ--၏။ စုဒ်ကြောင့် (ည) မိန့်။

အဓိပ္ပါယ်ကား။ ။ပဋိဝိဇ္ဈိတဗ္ဗောတိ ပဋိဝေဓောဟု ဝစနတ္ထပြု၍ ပဋိဝေဓ-အရ အဝိပရိတ သဘာဝကိုလည်း ယူသင့်၏ဟု ငါပြဆို၏ဟူလို။

(၃)

(စ)၌ အဓိပ္ပါယောသဒ္ဒါထားရခြင်း

အဓိပ္ပါယော၊ အတ္တနောမတိ၊ မှတ်ဘိဝါကျ၊ စကားကျ။ ဟူသော (တွင်းကြီးနိယံ။၃၄။)နိယံအရ အတ္တနောမတိကိုပြရာ၌လည်းကောင်း၊ မကျမနဖြစ်နေသော စကားကျကို ကျနအောင်ဖွင့်ဆိုသောအရာ၌လည်းကောင်း အဓိပ္ပါယော-သဒ္ဒါ ထားမြဲဖြစ်သည်။

ထို့တွင်--ဒေသနာ ဟူသော ပညတ္တိ-အရ သဝိညတ္တိဝိကာရဝစီဘေဒသဒ္ဒကိုပါယူရမည်။ သဘာဝနိရုတ္တိမှ လွတ်သော အက္ခရာဝလိ ဟုဆိုအပ်သော နာမပညတ်ကို မယူရဟူသောအတ္တနောမတိကိုပြလိုသောကြောင့် (စ)၌ အဓိပ္ပါယော-သဒ္ဒါ ထားသည်။

(တနည်း) ဒေသနာကို ပညတ္တိ-ဟု သာမညဖွင့်ဆိုထားရာ ဒေသနာအရ ပရမတ္ထ-ပညတ္တိ နှစ်မျိုးတွင်မည်သည့်တရားကိုယူရမည်ဟု တိကျမှုမရှိ၊ မတင်မကျဖြစ်နေရကား ယင်းစကားရပ်ကို ကျနအောင် ဖွင့်ပြလိုသောကြောင့် (ဝါ) သဝိညတ္တိဝိကာရ ဝစီဘေဒသဒ္ဒကို ယူရမည်ဟူသော စကားကျအဓိပ္ပါယ်ကို ပြလိုသောကြောင့် (ခ)၌ အဓိပ္ပါယော-သဒ္ဒါ ထားသည်။

"ဝုတ္တဥ္စေတံ သဒ္ဒါထားရပုံ"

ဝုတ္တဥ္စေတ၊ အာဂမ၊ ယူကြဒဋ္ဌိရင်း-ဟူသည်နှင့် အညီ အာဂမဒဋ္ဌိကရဏ သာဓကေ ဉပကတို့ကို ပြလိုသောကြောင့် (ခ)(ဃ)တို့၌ ဝုတ္တဥ္စေတံ-သဒ္ဒါ ထားပါသည်။

"(ဆ)၌ ဝါသဒ္ဒါထားရခြင်း"

ဒေသနာအရ သဝိညတ္တိဝိကာရ ဝစီဘေဒသဒ္ဒကိုယူရသည်မှတစ်ပါး ထိုဒေသနာတော်ကို ဟောကြောင်းဖြစ်သော စိတ္တုပ္ပါဒ်ကိုယူရမည်ဟူသော အဘိဓေယျတ္ထ တစ်မျိုးကို လဲလှယ်လိုသောကြောင့် (ဆ)၌ ဝါ-သဒ္ဒါ ထားပါသည်။

(တနည်း) ဒေသနာသဒ္ဒါ၏ ဒေသီယတိ ကထီယတိ အတ္ထော ဧတာယာတိ ဒေသနာ-ဟူသော သဒ္ဒကရဏသာဓနဝစနတ္ထမှတစ်ပါး ဒေသီယတိ သမုဋ္ဌာပိယတိ သဒ္ဒေါ ဧတေနာတိ ဒေသနာ-ဟူသော ကာရိတန္တောဂဓ ကရဏသာဓနဝစနတ္ထ-ဟူသော အဘိဓာနတ္ထ တစ်မျိုးကိုလဲလှယ်ပြလိုသောကြောင့် (ဆ)၌ ဝါ-သဒ္ဒါ ထားပါသည်။

(ည) ဝါကျ ဝါသဒ္ဒါထားပုံကို ကျမ်းတက်ကိုမှီး၍ အထက်ပါအတိုင်း ၂-နည်းဖြေ။

http://www.dhammadownload.com



"ဒေါသပယ်ပုံ"

(ခ) (ဃ)တို့ဖြင့် ဝိရောဓိဒေါသ-ကို ပယ်သည်။ (အကျယ်ဖြေပါ။)

(၄)

* ဓာရေတီတိ ဓမ္မော။
* အဘိလပ္ပတိ ဥစ္စာရီယတီတိ အဘိလာပေါ။ (အဘိ+လပ+ဏ)
* ဓမ္မော (အဝိပရီတော) အဘိလာပေါ ဓမ္မာဘိလာပေါ။

✔ အဝိပရီတဘောဂုဏ်၏ သဝိညတ္တိဝိကာရ ဝစီဘေဒသဒ္ဒနှင့် ဂုဏ်+ဂုဏီစပ်ခြင်း သမ္ဗန်သည်လည်းကောင်း, ဓမ္မပုဒ်၊ အဘိလာပပုဒ်သည်လည်းကောင်း ဗျု-နိမိတ်။

✔ သဝိညတ္တိဝိကာရဝစီဘေဒသဒ္ဒ၏ အဝိပရီတဂုဏ်သည် ပဝတ္တိနိမိတ်။

"ဝစနတ္ထမှတ်ဘွယ်"

* အတ္ထနော ဖလံ ဒဟာတိ ဝိဒဟာတီတိ ဓမ္မော။ (ယောဇနာ။၂၈။)
  (ဓာ+ရမ္မ။ စီရင်ခြင်း၊ ဆောင်ခြင်းကြိယာ။)
* ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု။ (ယောဇနာ။၆၁။)
  (ဟိ+တု။ ဖြစ်ခြင်းကြိယာ။)
* ပဋိသမ္ဘိဇ္ဇတီတိ ပဋိသမ္ဘိဒါ။
* ဓမ္မေ ပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ။

✔အကြောင်းတရား၏+ဉာဏ်နှင့် အာရုံ+အာရမ္မဏိကစပ် ဗျု-နိ။

✔အကြောင်းကို ခွဲခြမ်းစိတ်ဖြာသိခြင်းသည် ပဝတ္တိနိမိတ်။

ဟေတာနုသာရေန အရီယတိ အဓိဂမီယတိ သမ္ပာပုဏီယတီတိ အတ္ထော။ (သာရတ္ထ)
  (အရ+ထ။ သိခြင်း-ရောက်ခြင်းကြိယာ)
* (တနည်း:) ဟေတာနုရူပံ အသတိ ဘဝတီတိ အတ္ထော။ (မအူသျှ)
  (အသ+ထ။ ဖြစ်ခြင်းကြိယာ)
* ဟေတုတော ဖလတိ နိပ္ဖဇ္ဇတီတိဖလံ။ (ဖလ+အ။ ပြီးခြင်းကြိယာ။)
* ဟေတုနော ဖလံ ဟေတုဖလံ။ (အကြောင်း+အကျိုးစပ်)
* ဒေသီယတိ ကထီယတိ အတ္ထော ဧတာယာတိ ဒေသနာ။
* ဒေသီယတိ သမုဋ္ဌာပီယတိ အတ္ထော ဧတေနာတိ ဝါ ဒေသနာ။
* ပကာရေန ဉာပီယတိ ဧတေနာတိ ပညတ္တိ။ (ပ+ဉပ+တိ)
* ပကာရတော (ပ+ဉာ+တိ။ အပြားအားဖြင့် သိစေခြင်းကြိယာ။)
  * ယော ယော ဓမ္မော ယထာဓမ္မံ။

✔ ဓမ္မ-အရ အဝိဇ္ဇာစသောအကြောင်း သင်္ခါရစသောအကျိုး၏ ယထာ-အရ ဝိစ္ဆာဘောဂုဏ်နှင့် ဂုဏီ+ဂုဏ်စပ် ဗျု-နိ။

✔ ဝိစ္ဆာဘောဂုဏ်သည် -ပ-နိ။

http://www.dhammadownload.com



(တနည်း) ဓမ္မဿ အနုရူပံ ယထာဓမ္မံ။
✔အဝိစ္စာ စသောအကြောင်း, သင်္ခါရ စသောအကျိုး၏ အနုရူပဘောဂုဏ်နှင့်
ဂုဏေး+ဂုဏ်စပ် ဗျူ-နိ။
✔အနုရူပဘောဂုဏ်သည် -ပ-နိ။
• အဓိပ္ပါယတော ဣစ္ဆိယတေတိ အဓိပ္ပါယော။
• ကထိယတိ ဧတေနာတိ ကထနံ။ (ရွတ်ဆိုခြင်းကြိယာ။)
• အဘိသမေတီတိ အဘိသမယော။
• အဘိသမေန္တိ ဧတေနာတိ ဝါ အဘိသမယော။ (သာဓုတ္တ။)
(အဘိ+သံ+ဣ+ဏ။ ထိုးထွင်း၍ သိခြင်းကြိယာ။)

(၅)

✔ ဝုတ္တံ-ကိတ်နာမ်၊ နပုံ၊ စိတ္တာဒိ၊ အကာရန္တ။
✔ ဟိ-နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ။
✔ တေ-သဗ္ဗနာမ်၊ နပုံ၊ စိတ္တာဒိ(သဗ္ဗနာမ်)၊ အကာရန္တ။
✔ ဟေတုမှိ-ကိတ်နာမ်၊ ပုံ၊ ရတ္တာဒိ၊ ဥကာရန္တ။
✔ ဉာဏံ-ကိတ်နာမ်၊ နပုံ၊ စိတ္တာဒိ၊ အကာရန္တ။
✔ ဓမ္မပဋိသမ္ဘိဒါ-သမာသ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။
✔ ဣတိ-နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ။
✔ ယထာဓမ္မံ-သမာသ်နာမ်၊ နပုံ၊ စိတ္တာဒိ၊ အကာရန္တ။

(၆)

(က) ဟေတု-ဖြင့် ဓမ္မသဒ္ဒါသည် ဟေတုသဒ္ဒါ၏ ပရိယာယ်တည်း၏-ဟု သိစေ။ (တနည်း) ဓမ္မသဒ္ဒါ-သည် ဟေတု(ကာရဏ)အနက်ဟော-ဟု သိစေ၊ (တနည်း) ဓရတိ အတ္တနော ဖလံ ဧတေနာတိဓမ္မော (မင်းခင်းဂဏ္ဌိ။၁၂၂။) (တစ်နည်း) အတ္တနော ဖလံ ဒဟတိ ဝိဒဟတီတိ ဓမ္မော(သာဓုတ္တ) -ဟု ဝစနတ္ထပြုရမည် ဟုသိစေ။

(ခ) ဟေတုမှိ ဉာဏံ-ဖြင့် ဓမ္မပဋိသမ္ဘိဒါ-၌ ဓမ္မသဒ္ဒါသည် ဟေတု သဒ္ဒါ၏ပရိယာယ် (ဝါ) ဟေတုအနက်ဟော--၄င်း၊ ပဋိသမ္ဘိဇ္ဇတီတိ ပဋိသမ္ဘိဒါဟု ဝစနတ္ထပြု၍ ပဋိသမ္ဘိဒါ-အရ ဉာဏ်ကိုယူရမည်ကို၄င်း၊ ဓမ္မေ+ပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း သိစေသည်။

(ခ)တစ်ဝါကျလုံးဖြင့် ဓမ္မော-ကို ဟေတု-ဟုဖွင့်ရာ၌ အာဂမ သာဓကဥပက အဖြစ်ကို သိစေသည်။

(ဂ) ဟေတုဖလံ-ဖြင့် အတ္ထသဒ္ဒါသည် ဖလသဒ္ဒါ၏ပရိယာယ်။ (တနည်း) အတ္ထသဒ္ဒါသည်ဖလ (ပယောဇန) အနက်ဟော။ (တနည်း) ကာရဏာနုရူပံ အသတိ ဘဝတီတိ အတ္ထော-ဟု ဝစနတ္ထပြု--သိစေ။ (မင်းခင်းဂဏ္ဌိ။၁၂၃။) (တနည်း) ဟေတာနုသာရေန အရီယတိ အဓိဂမီယတိ သမ္ပာပုဏီယတီတိ အတ္ထော-ဟုပြု သိစေ။ (သာဓုတ္တ)

(ဃ) အာဘောဂ်သံဝဏ္ဏနာ၊ (ခ)နှင့် အတူဖော်။

http://www.dhammadownload.com



(င) ပညတ္တိ-ဖြင့် ဒေသနာ-ပုဒ်ကို ဒေသိယတိ ကထိယတိ အတ္ထော ဧတာယာတိ ဒေသနာ-ဟု ဝစနတ္ထပြု၍ ဒေသနာ-အရ သဝိညတ္တိဝိကာရ ဝစီဘေဒသဒ္ဒကို ယူရမည်ဟု သိစေသည်။

(စ) ယထာဓမ္မံ ဓမ္မာဘိလာပေါတိ အဓိပ္ပါယော-ဖြင့် ဒေသနာအရ, ပညတ္တိအရ, (ပညတ္တိဝါဒီတို့ယူ ဆသော) သဘာဝနိရုတ္တိ မှလွတ်သော အက္ခရာဝလိ ဟုဆိုအပ်သော နာမပညတ်ကို မယူရ၊ မဖောက်မပြန် နှုတ်တော်တွတ်တွတ် ရွတ်ဆိုအပ်သော သဝိညတ္တိဝိကာရဝစီဘေဒသဒ္ဒကို ယူရမည်ဟု သိစေသည်။ ဤကား (ပရမတ္ထ) သဒ္ဒဝါဒီတို့ အလိုတည်း။

(ပညတ္တိဝါဒီတို့အလို) ဖော်ပုံကား ---

(စ)ဖြင့် ဒေသနာ-အရ သဝိညတ္တိဝိကာရ ဝစီဘေဒသဒ္ဒကို မုချ၊ ထိုသဒ္ဒအား လျော်စွာ အက္ခရာဝလိဟု ဆိုအပ်သော နာမပညတ်ကိုလည်း ကာရဏူပစာ အားဖြင့် ယူရမည်ဟု သိစေ။

(တနည်း) "ဓမ္မာဘိလာပေါတိအတ္ထော" ဟု မဆိုဘဲ "ဓမ္မာဘိလာပေါတိ အဓိပ္ပါယော" ဟုဆိုသော ကြောင့် ဒေသနာဟူသည် ပရမတ္ထသဒ္ဒမဟုတ်၊ အက္ခရာဝလိဖြစ်သော နာမပညတ်ပင်တည်း ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (သာရတ္ထ။၁။၇၉။)

(ဆ) ဖြင့် ဒေသိယတိ သမုဋ္ဌာပိယတိ သဒ္ဒေါ ဧတေနာတိ ဒေသနာ-ဟု ဝစနတ္ထပြု၍၊ ဒေသနာ-အရ အနုလုံ, ပဋိလုံ အကျဉ်း, အကျယ် စသည်၏အစွမ်းဖြင့် ဟောကြောင်းဖြစ်သော စိတ္တုပ္ပါဒ်ကို ယူရမည်ဟု သိစေသည်။

(ဇ) အဘိသမယော- ဖြင့် ပဋိဝေဓော ကို ပဋိဝိဇ္ဈတီတိ ပဋိဝေဓော၊ ပဋိဝိဇ္ဈန္တိ ဧတေနာတိ ဝါ ပဋိဝေဓော၊ပဋိဝိဇ္ဈနံ ဝါ ပဋိဝေဓောဟု ဝစနတ္ထပြု၍ ပဋိဝေဓအရ ဉာဏ်ကို ယူရမည်ကိုလည်းကောင်း၊ ပဋိရှေး ဝိဓေတ်၏ထိုးထွင်း၍သိခြင်းအနက်ဟော--လည်းကောင်း၊ ဏပစ္စည်း၏ ယင်းသာဓနအနက်တို့၌သက်-လည်းကောင်း သိစေသည်။ (တနည်း) ပဋိဝေဓ-သည် အဘိသမယအနက်ကိုဟော၏ဟု သိစေသည်။

(ဈ)သောစလောကိယလောကုတ္တရော-ဖြင့် ထိုပဋိဝေဓဉာဏ်သည် လောကီလောကုတ္တရာ အားဖြင့်-၂-နှစ်ပါးရှိ၏ဟု သိစေ။(သရူပတ္ထ၊အဘိဓေယျတ္ထ။)

ဝိသယတောအသမ္မောဟတော-ဖြင့် ထို ပဋိဝေဓဉာဏ်သည် ဓမ္မ အတ္ထ ဒေသနာ-တို့ကို အာရုံပြုသော အားဖြင့်၄င်း၊ မတွေဝေသောအားဖြင့်၄င်း သိတတ်၏ဟု သိပုံအခြင်းအရာ ကို သိစေသည်။

ဓမ္မေ သုအတ္ထေသု ပညတ္တီသု-ဖြင့်-ထိုပဋိဝေဓဉာဏ်သည် ဓမ္မအတ္ထဒေသနာ-တို့ကိုသိ၏ဟု ထို ပဋိဝေဓဉာဏ်၏ အာရုံကို သိစေသည်။

အတ္ထာနုရူပံ,ဓမ္မာနုရူပံ,ပညတ္တိပထာနုရူပံ-ဖြင့် အကျိုးအားလျော်စွာအကြောင်းကိုသိသည်၊ အကြောင်း အားလျော်စွာ အကျိုးကို သိသည်၊ ပညတ်ခြင်း၏အကြောင်းအားလျော်စွာ ဒေသနာ (ပညတ္တိ)ကို သိသည်ဟု-ပဋိဝေဓဉာဏ်၏သဘောကို သိစေသည်။

(ည)ဖြင့် ပဋိဝေဓ-ကို ပဋိဝိဇ္ဈတဗ္ဗောတိ ပဋိဝေဓော-ဟုဝစနတ္ထပြု၍ ပဋိဝေဓ-အရ ထိုထိုပိဋကတ်တို့၌ ဟောကြားအပ်သော ပထဝီဖဿ-စသောပရမတ္ထဓမ္မတို့၏ကက္ခဠ,ဖုသန စသောမဖောက်မပြန်သော အဝိပရိတသဘော-လက္ခဏာကို ယူရမည်ကို၄င်း၊ ဏ-ပစ္စည်း၏ကမ္မသာဓနအနက်၌သက်--၄င်း၊ သိစေသည်။

http://www.dhammadownload.com



(၇)

သဗ္ဗနာမ်ပုဒ်တို့၏ဝိသယ

(ခ) ဝုတ္တဗျေတံ–၌ ဧတံ–ကား ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ–ဟူသော အစွဲ တိုက်ရိုက် ပါရှိသော ကြောင့် ပသိဒ္ဓဝိသယ။

(ဈ) သောစ–၌ –သော–ကား ရှေးဝါကျမှ–အဘိသမယ–ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

(ည) တေသံတေသံ–ကား ဝုတ္တမေွာနံ–ဟု အစွဲတိုက်ရိုက် ပါရှိသောကြောင့်––ပသိဒ္ဓဝိသယ။

တတ္ထတတ္ထ–ကား ဆိုခဲ့ပြီးပိဋကတ်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

ပညတ္တိ–၌ ပ–ကား–ပကာရတ္ထ။

ယထာဓမ္မံ–၌ ယထာ–ကား ဝိစ္ဆာအနက်၊ အနုရူပတ္ထ။

အနုလောမ–၌ အနု–ကား အနုရူပတ္ထ,ကမတ္ထ။

ပဋိလောမ–၌ ပဋိ–ကား ပဋိပက္ခတ္ထ, ဝိရုဒ္ဓဇျတိရေကတ္ထ။

သခေ်ပ–၌ သံ–ကား ဓာတွတ္ထဝိသေသက။

ဝိတ္ထာရ–၌ ဝိ–ကား ဓာတွတ္ထဝိသေသက။

(၈)

(ခ) ဝုတ္တဗျေတံ–၌ ဝုတ္တံ–ဝယ် ဝစ–ဓာတ်အရ–အရှင်သာရိပုတ္တရာ၏ ဒေသနာဉာဏ်တော်ကို ယူ၍–

✔ ထိုသည် ၊ ဒဿနတ္ထ။

✔ မဂ်ဉာဏ်,ဖိုဉာဏ်,ပစ္စဝေက္ခဏာဉာဏ်တို့သည် ဒီပကတ္ထ။

✔ ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ–ဟူသောဝစီဘေဒသဒ္ဒ–သည် ပကာသနတ္ထ။

✔ မဟာကရုဏာဉာဏ်,ပါရမီဉာဏ်,ဝိပဿနာဉာဏ်စသည် ဝိဘာဝတ္ထ။

✔ ဝေနေယျသာဝကတို့အား–သုတမယဉာဏ်ဖြစ်ခြင်း(ဓမ္မဿဝနကုသိုလ်ဖြစ်ခြင်း)အစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

ဝုတ္တံ–၌ တ–ပစ္စည်းအရ ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ ဟူသော ဝစီဘေဒသဒ္ဒကိုယူ၍ ထိုသည် ဒဿနတ္ထ စသည်ထုတ်။

ဓမ္မော–အရ အဝိဇ္ဇာစသော အကြောင်းတရားကိုယူ၍––

✔ ထိုသည် ဒဿနတ္ထ။

✔ အာသဝစသည်သည် ဒီပကတ္ထ။

✔ သင်္ခါရစသောအကျိုးတရားများသည် ပကာသနတ္ထ။

✔ အတိတ်ဘဝ၌ဖြစ်ခဲ့ပြီးသော အဝိဇ္ဇာ တဏှာ ကံ အာဟာရ ဖဿ အာရုံစသော အကြောင်း တရားများသည် ဝိဘာဝတ္ထ။

✔ ဝိဉာဏ်စသော နောက်နောက်အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

အတ္တော–အရ သင်္ခါရစသော အကျိုးတရားကို ယူ၍ ပဋိစ္စသမုပ္ပါဒ်နည်း အတိုင်းထုတ်လေ။

http://www.dhammadownload.com



(ခ) ဝါကျ၌ သိဒ္ဓေယျသိဒ္ဓိ

(ခ) ၌ ဓမ္မ–သဒ္ဒါသည် ဟေတုသဒ္ဒါ၏ပရိယာယ်အဖြစ်ကို (ဝါ)ဓမ္မသဒ္ဒါ၏ ဟေတုအနက်ဟောသည်၏ အဖြစ်ကို "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"ဟူသော အာဂုမ်,သာကေ, ပါဠိတော်ဖြင့် ယုံကြည်စေအပ်, ပြီးစေအပ်သောကြောင့် သိဒ္ဓေယျသိဒ္ဓိ ရပါသည်။

(ဃ) ၌ အတ္ထ–သဒ္ဒါသည် ဖလသဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို (ဝါ) အတ္ထသဒ္ဒါ၏ အကျိုးအနက်ကိုဟောသည်၏အဖြစ်ကို "ဟေတု ဖလေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ" ဟူသော အာဂုမ်,သာကေ,ပါဠိတော်ဖြင့် ယုံကြည်စေအပ်, ပြီးစေအပ်သောကြောင့် သိဒ္ဓေယျသိဒ္ဓိ ရပါသည်။

(စ)ဝါကျ၌ အတ္ထာပန္နသိဒ္ဓိ

(စ) ၌ မဖောက်မပြန် နှုတ်တော် တွတ်တွတ် ရွတ်ဆိုအပ်သော သဝိညတ္တိဝိကာရဝစီဘေဒသဒ္ဒသည် ပညတ်မည်၏ဟူသောအနက်ကိုလိုအပ်၏ဟု အနွယကိုဆိုသဖြင့် ထိုသဘာဝနိရုတ္တိမှလွတ်သော အက္ခရာဝလိ ဟုဆိုအပ်သော နာမပညတ်သည် ပညတ်မည်၏ ဟူသော အနက်ကို မလိုအပ်ဟု ဗျတိရေကအနက်အဓိပ္ပါယ်ကိုသိရသောကြောင့် အတ္ထာပန္နသိဒ္ဓိ(အတ္ထာပတ္တိသိဒ္ဓိ)ရပါသည်။

(၉)

ပဋိဝေဓ-အရ ဉာဏ်ကိုယူ၍ ယင်း၏ လက္ခဏာဒိစတုက္ကကား––

ပညာ – ဩဘာသနလက္ခဏာ၊ ပဇာနနလက္ခဏာဝါ၊ ယထာသဘာဝပဋိဝေဓလက္ခဏာဝါ၊ အက္ခလိတပ္ပဋိဝေဓလက္ခဏာဝါ၊ ဝိသယောဘာသရသာ၊ အသမ္မောဟ ပစ္စုပဋ္ဌာနာ၊ ဝိညာဏပဒဋ္ဌာနာ၊ ယောနိသောမနသိကာရပဒဋ္ဌာနာ ဝါ။ ယထာဉပဋ္ဌိတဝိသယပဒဋ္ဌာနာ ဝါ၊ သမာဓိပဒဋ္ဌာနာဝါ။(ဋ္ဌ။၁၆၅။၁၆၆)

ပဋိဝေဓဉာဏ် (၂) မျိုး

၁။ လောကီပဋိဝေဓ = မဟာကု+ကြိဉာဏသမ္ပယုတ်နှင့်ယှဉ်သောဉာဏ်။

၂။ လောကုတ္တရာပဋိဝေဓ = မဂ်စိတ်နှင့်ယှဉ်သောဉာဏ်။

(၁၀)

ဟေတုမှိ ဉာဏံ –၌ ဟေတုမှိ အရ အဝိဇ္ဇာစသောအကြောင်းတရားများကို ယူ။
ဉာဏံ– အရ ထိုတရားများကိုသိသော မဟာကု+ကြိဉာဏသမ္ပယုတ်နှင့်ယှဉ်သော ဉာဏ်ကိုယူ။
ဟေတုမှိ–အရ ပစ္စည်းတရားက ဉာဏံ အရ ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့်ကျေးဇူးပြုသည်။ (ယထာရဟပြိုင် ၈–ပစ္စည်း။)

(တနည်း) ဟေတုမှိ–အရ အဝိဇ္ဇာစသောအကြောင်းတရားကိုယူ။ ဉာဏံ–အရ မဂ်ဉာဏ်ကိုယူလျှင် ဟေတုမှိအရက ဉာဏံအရအား ပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြုသည်။ (ပြိုင်းပစ္စည်းမရှိ။)

ဟေတုဖလေ ဉာဏံ ၌ဟေတုဖလေ–အရ သင်္ခါရစသောအကျိုးတရားကိုယူ။ ဉာဏံ–အရ ထို––ကိုသိသောမဟာကု+ကြိ ဉာဏသမ္ပယုတ်နှင့်ယှဉ်သော ဉာဏ်ကိုယူ။(ဟေတုမှိ ဉာဏံအတူ ၂–ပစ္စည်းပြိုင်။)

http://www.dhammadownload.com



ဒေသနာတိပညတ္တိ-၌ ဒေသနာ-ဝယ် ဒိသီ-ဓာတ်အရ ဘုရားရှင်၏ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုယူ။ ယုပစ္စည်း-အရ ပိဋကတ်သုံးပုံဟူသော သဝိညတ္တိဝိကာရ ဝစီဘေဒသဒ္ဒကိုယူ။ ဒိသီ-ဓာတ်အရ-က ယုပစ္စည်းအရအား-သဟဇာတသတ္တိ ဖြင့် ကျေးဇူးပြုပါသည်။

သဟကြီး-၄၊ ဝိပ္ပယုတ္တ၊ သဟယ်-၇၊ (၁၂) ပစ္စည်းဖြိုင်။

(တနည်း) ဒေသနာဝယ် ဒိသီဓာတ်-အရ မြတ်စွာဘုရား၏နှုတ်တော်မှဖြစ်ပေါ်လာသော ပိဋကတ်သုံးပုံ ဟူသော ဝစီဘေဒသဒ္ဒကိုယူ၍ ယုပစ္စည်းအရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုယူ၍ ယုပစ္စည်းအရ-က ဒိသီ-ဓာတ်အရ-အား သဟဇာတပစ္စယသတ္တိ ဖြင့်ကျေးဇူးပြုသည်။

(အထက်ပါအတိုင်း (၁၂) ပစ္စည်းဖြိုင်။)

*အမှာ။ ။ ပထမနည်းကား (စ) ဝါကျနှင့်အညီဖြစ်သည်။*

*ဒုတိယနည်းကား (ဆ)ဝါကျနှင့်အညီဖြစ်သည်။*

ဝုတ္တခွေတ်-၌ ဝုတ္တံ-ဝယ်---ဝစဓာတ်-အရ အရှင်သာရိပုတ္တရာ၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ် ပစ္စည်း တရားက တပစ္စည်း-အရ *ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ* ဟူသော ဝစီဘေဒသဒ္ဒအား သဟဇာတပစ္စယသတ္တိ ဖြင့်ကျေးဇူးပြုသည်။

---

## ဝါကျဥယျာဉ် (၉)

(က) ဣဒါနိ ယသ္မာ ဇာတေသု ပိဋကေသု ယံယံ ဓမ္မဇာတံဝါ အတ္ထဇာတံဝါ။

(ခ) ယာ စာယံ ယထာ ယထာ ဉာပေတဗ္ဗော အတ္ထော သောတူနံ ဉာဏဿ အဘိမုခေါ ဟောတိ၊ တထာ တထာ တဒတ္ထဇောတိကာ ဒေသနာ။

(ဂ) ယော စေတ္ထ အဝိပရီတာဝဗောဓသင်္ခါတော ပဋိဝေဓော။

(ဃ) တေသံ တေသံ ဝါ ဓမ္မာနံ ပဋိဝိဇ္ဈိတဗ္ဗော သလက္ခဏသင်္ခါတော အဝိပရီတသဘာဝေါ။

(င) သဗ္ဗမ္ပေတံ အနုပစိတကုသလသမ္ဘာရေဟိ ဒုပ္ပညေဟိ သသာဒီဟိ ဝိယ မဟာသမုဒ္ဒေါ ဒုက္ခောဂါဟံ, အလဗ္ဘနေယျပတိဋ္ဌဉ္စ။ တသ္မာ ဂမ္ဘီရံ။

(စ) ဧဝမ္ပိ ဧကမေကသ္မိံ ဧတ္ထ စတုဗ္ဗိဓောပိ ဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော။

ဋ၊၂၃။မူလဋီ၊၂၂။ ပြည်သျှ၊၉၀။ ဘာသာဋီကာ၊၁၀၈။ မင်းခင်းဂဏ္ဌိ၊၁၂၁။ ကျော်ဂဏ္ဌိ၊၁၀၄။ ယောဇနာ၊၂၉။

---

၁။ (င) ကို ပမာ+ပမေထင်းရှားစေလျက် အနက်ပေးပါ။

၂။ (က) ကို ဥပနာနုလောမာဒိပဉ္စကနည်းဖြင့် စောဒနာတက်ပါ။

၃။ (စ) ဖြင့် ပယ်အပ်သောဒေါသနှင့် စတုဗ္ဗိဓောပိ-၌ ပိသဒ္ဒါထားရခြင်း၏အကြောင်းကိုဖော်ပြပါ။

၄။ ဒုပ္ပညေဟိကို ဝစနတ္ထပြ၍၊ ဗျုပ္ပတ္တျာဒိစတုက္ကထုတ်ပါ။

၅။ သမုဒ္ဒ၊ ပိဋက၊ ဝိပရီတ၊ သောတူနံ-တို့ကို ဓာတု+ပစ္စယ ဝေဘန်ပါ။

၆။ (ဂ)(ဃ)ဝါကျသံဝဏ္ဏနာပါဌ်ဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ အထက်ပါဝါကျတို့၌ပါရှိသော သဗ္ဗနာမ်ပုဒ်တို့၏ ဝိသယကို ဖော်ပြပါ။

၈။ (က)၌ အတ္ထဇာတ်-အရကို ကိုယ်ပြု၍ ကြိယာငါးတန်ထုတ်ပါ။

http://www.dhammadownload.com



၉။ ဒေသနာ–အရကို အဘိဓေယျတ္ထအားလျော်စွာ လက္ခဏာဒိစတုက္က ထုတ်ပါ။
၁၀။ (ခ)သောတူနံ ဉာဏာသ အဘိမုခေါ–၌ အဘိမုခေါ–အရ ပစ္စည်းတရားက ဉာဏသ–အရ ပစ္စယုပ္ပန်တရားအား အဘယ်ပစ္စယသတ္တိဖြင့်ကျေးဇူးပြုပါသနည်း။ ပြိုင်နိုင်သောပစ္စယသတ္တိများ ကိုလည်း ထုတ်ပြပါ။

==============================

(၂)

ဓမ္မ,အတ္ထ,ဒေသနာ,ပဋိဝေဓ–တို့၏ သရုပ်ကိုပြပြီး၍ ထိုဓမ္မ,အတ္ထ,ဒေသနာ ပဋိဝေဓတို့၏ ဂမ္ဘီရအဖြစ်ကိုပြလိုရကား တိသုပိ–စသည်မိန့်။ (မင်းဂင်းဂဏ္ဍိ။၁၂၁။)

### (က) ဥပနာနုလောမာဒိပဥ္စက

ဆရာ–သည် အပရော နယော ဓမ္မောတိ ဟေတု–စသည်ဖြင့် ဓမ္မ, အတ္ထ, ဒေသနာ,ပဋိဝေဓတို့၏ သရုပ်ကို ပြဆိုတော်မူ၏။ ထို–––သော် ဓမ္မ,အတ္ထ,ဒေသနာ ပဋိဝေဓတို့၏ သရုပ်ကိုသာ သိအပ်၏ ဟူသောအနက်သည်ရောက်ရာ၏။ စင်––ကား ထိုအနက်သည်မရောက်သင့်။ ထို––ကြောင့် ဓမ္မ,အတ္ထ, ဒေသနာ,ပဋိဝေဓတို့၏ ဂမ္ဘီရဘာဝ (နက်နဲသည်၏အဖြစ်)ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေရှေသော် အဗျာပိတ––၏။ ဓမ္မ, အတ္ထ, ဒေသနာ ပဋိဝေဓတို့၏ ဂမ္ဘီရဘာဝကား အဘယ်ပါနည်း။ စုဒ်ကြောင့် (က) မိန့်။

### (စ)အနုသန္ဓေ

ဤသို့ ဓမ္မောတိဟေတု–စသည်ဖြင့် ပိဋကတ်တို့၌ ဓမ္မ,အတ္ထ,ဒေသနာ,ပဋိဝေဓတို့၏ နက်နဲ ကုန်သည်တို့၏ အဖြစ်ကို အကျယ်အားဖြင့်ပြပြီး၍၊ ယခုအခါ၌ အကျဉ်းချုံး၍ နိဂုံးကိုပြလို၍ –ဓဝမ္ဓိ–စသော (စ) မိန့်။ (မအူသျှ။၁၉၀။)

(၃)

(က) သည်ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓတို့၏ သရုပ်မှတစ်ပါး ထိုဓမ္မ, အတ္ထ, ဒေသနာ,ပဋိဝေဓတို့ ၏ဂမ္ဘီရဘာဝကို ပြသောကြောင့် ပက္ခန္တရ။ ယင်းဖြင့်အဗျာပိတ၊အပရိပုဏ္ဏဒေါသကိုပယ်သည်။
(ခ)(ဂ)(ဃ) တို့ကား ပက္ခန္တရ။ အဗျာပိတကို ပယ်သည်။
(စ) သည် ရှေးဆိုခဲ့ပြီးစကားရပ်တို့ကို အကျဉ်းချုံး၍ နိဂုံးအုပ်ပြသောကြောင့် ပုနရုတ္တိဒေါသ, ဝိရောဓိ– ဒေါသကို ပယ်သည်။

### စတုဗ္ဗိဓောပိ–၌ ပိ–ထားရခြင်း

ဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓ ဟူသော လေးပါးပေါင်းမှသာ ဂမ္ဘီရဖြစ်သည် မဟုတ်သေး၊ တစ်ပါး တစ်ပါးသည်လည်း ဂမ္ဘီရဖြစ်၏ဟု–အဓိပ္ပာယ်ကိုဆည်းသည့် အဝယဝသမုစ္စယတ္ထကို ပြလို သောကြောင့် စတုဗ္ဗိဓောပိ– ၌ ပိ–သဒ္ဒါထားသည်။

ဓဝမ္ဓိ–၌–ပိ–ကား ဝုတ္တသမ္ပိဏ္ဍနတ္ထ တည်း။

*ဓဝမ္ဓိတိ ပိသဒ္ဒေါ ဝုတ္တပ္ပကာရန္တရံ သမ္ပိဏ္ဍေတိ။ (သာရတ္ထ။၈၀။)*

http://www.dhammadownload.com



# အဋ္ဌသာလိနီ ဝါကျဥယျာဉ်

(၄)

* နတ္ထိ ပညာ ဧတေသံ ပုဂ္ဂလာနန္တိ ဒုပ္ပညာ။ (တေဟိ)
✔ ပညာမရှိခြင်း၏+ဒုပ္ပည-ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေးစပ်-ဗျု-နိ။
✔ ပညာမရှိခြင်းဂုဏ်သည် --ပ-နိ။

"ဝစနတ္ထမှတ်ဘွယ်"

* ဓမ္မောယေဝ ဓာတု ကာရဏံ ဓမ္မဓာတု။ (ဓာတသဒ္ဒါ ကာရဏတ္ထ)
* (တနည်း) ဓမ္မောယေဝ ဓမ္မာဓာတု။ (ဓာတသဒ္ဒါ တဗ္ဘော)
* သောယေဝ ဥာပေတဗ္ဗော အတ္ထော ဉာတဗ္ဗော။
* ဓာတေတီတိ ဓာတုကာ။
* တဒတ္ထဿ ဓာတုကာ တဒတ္ထဓာတုကာ။
* ဝိပရိယာယတီတိ ဝိပရိတော။ (ဝိ+ပရိ+ဣ+တ) ဖောက်ပြန်စွာဖြစ်ခြင်းကြိယာ။
* န+ဝိပရီတော အဝိပရိတော။
* သဿ အတ္တနော လက္ခဏံ သလက္ခဏံ။
* ဥပစိယိတ္ထာတိ ဥပစိတော။
* ကုသလမေဝ သမ္ဘာရော ကုသလသမ္ဘာရော။
* ဥပစိတော ကုသလသမ္ဘာရော ဥပစိတကုသလသမ္ဘာရော။
* နတ္ထိ ဥပစိတကုသလသမ္ဘာရော ဧတေသံ ပုဂ္ဂလာနန္တိ အနုပစိတကုသလသမ္ဘာရာ။ (တေဟိ)
✔ ဆည်းပူးအပ်ပြီးသောကုသိုလ်အဆောက်အဦးမရှိခြင်း၏+ဒုပ္ပညပုဂ္ဂိုလ်တို့နှင့် ဂုဏ်+ဂုဏေးစပ် ဗျု-နိ။
✔ ဆည်းပူးအပ်ပြီးသော ကုသိုလ်အဆောက်အဦး မရှိခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။
* (တနည်း) န+ဥပစိတော အနုပစိတော။
* အနုပစိတော+ ကုသလသမ္ဘာရော ယေဟီတိ အနုပစိတကုသလသမ္ဘာရာ။

အနက်။ ။အနုပစိတကုသလသမ္ဘာရေဟိ-ဆည်းပူးအပ်ပြီးသောကုသိုလ်ဟုဆိုအပ်သော အဆောက်အဦးမရှိကြကုန်သော(မအူ) (တနည်း)မဆည်းပူးအပ်သောကုသိုလ်သမ္ဘာရ ရှိကုန်သော(ပြည်)

* သမံ ဥဒကေန လောဏံ ဗ္ဘောတိ သမုဒ္ဒေါ။
✔ ရေနှင့်ညီမျှသောဆား၏+သမုဒ္ဒရာနှင့် ဌာနီ-ဌာနစပ် ဗျု-နိ။
✔ ရေနှင့်ညီမျှသောဆားရှိခြင်းသည် ပ-နိ။
* မဟန္တော သမုဒ္ဒေါ မဟာသမုဒ္ဒေါ။
* စတ္တာရော ဝိဓာ ယဿာတိ စတုဗ္ဗိဓော။

(၅)

✔သမုဒ္ဒ= သံရေး+ဥဒိဓာတ်၊ ဒ-ပစ္စည်း။
✔ဝိဋ္ဌက = ဝိဋ္ဌ+ ဏ္ဍု။
✔ဝိပရီတ= ဝိ+ပရိ+ ဣ+ တ။
✔သောတုနံ= သု+ တု။

http://www.dhammadownload.com



(၆)

(ဂ) ဖြင့် ပဋိဝိဇ္ဈတီတိ ပဋိဝေဓော၊ ပဋိဝိဇ္ဈန္တိ ဧတေနာတိ ဝါ ပဋိဝေဓော၊ ပဋိဝိဇ္ဈနံဝါ ပဋိဝေဓော-ဟု ဝစနတ္ထပြ၍ ပဋိဝေဓ-အရ ဓမ္မ, အတ္ထ, ဒေသနာတို့ကို ဟုတ်တိုင်းမှန်စွာသိတတ်သော ဉာဏ်ကိုယူရမည်ကိုင်း၊(ကြား+ဘိ) ဏာ-ပစ္စည်း ယင်းသာဓန အနက်တို့၌ သက်သည်ကိုင်း၊ (ဒု=ပစ္စယတ္ထ) သိစေသည်။

(ဃ) ဖြင့် ပဋိဝိဇ္ဈိတဗ္ဗောတိ ပဋိဝေဓော-ဟု ဝစနတ္ထပြ၍ ပဋိဝေဓ-အရ ထိုးထွင်း၍ သိအပ်သော ရုပ္ပန, နမန, ဖုသန-စသောလက္ခဏာတို့ကို ယူရမည်ကိုင်း၊ ဏာ-ပစ္စည်း၏ကမ္မသာဓနအနက်၌သက်--သည်ကိုင်း သိစေသည်။

(၇)

(က) ဧတေသု-ကား ပိဋကေသု-ဟုအစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ။

ယံ ကား-ဓမ္မဇာတံဝါ,အတ္ထဇာတံဝါဟုအစွဲတင်း-----ပသိဒ္ဓဝိသယ။

(ခ) ယာ-အယံ-ကား ဒေသနာဟု အစွဲတင်းလင်းရှိ-----ပသိဒ္ဓဝိသယ။

(ဂ) ယော-ကား ပဋိဝေဓောဟု အစွဲတင်းလင်းရှိ-----ပသိဒ္ဓဝိသယ။

ဧတ္ထ-ကား ဆိုခဲ့ပြီးဓမ္မအတ္ထဒေသနာတို့ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ဃ) တေသံ တေသံ-ကား ဓမ္မာနံ-ဟု အစွဲတင်းလင်းရှိ-----ပသိဒ္ဓဝိသယ။

(င) ဧတံ ကား ဆိုခဲ့ပြီး ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓ-ဟူသော လေးခုအပေါင်းကို စွဲသောကြောင့် ပက္ကန္တဝိယယ။

တဿာ-ကား အနုဘူတဝိသယ။

(စ) ဧတ္ထ-ကား ဆိုခဲ့ပြီးပိဋကတ်သုံးပုံကို စွဲရသောကြောင့် ပက္ကန္တဝိသယ။

(၈)

အတ္ထဇာတ်-အရ ကြိယာငါးတန်ထုတ်ပုံ

အတ္ထဇာတ်-အရ သခါရစသောအကျိုးတရားကိုယူ၍ -----

✔ ထိုသည် ဒဿနတ္ထ။

✔ အဝိဇ္ဇာသည် ဒီပကတ္ထ။

✔ ပိဉာဏ်စသော အကျိုးတရားများသည် ပကာသနတ္ထ။

✔ အာသဝစသည်သည် ဝိဘာဝတ္ထ။

✔ နာမ်ရုပ်-သဠာယတနစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

"ကြိယာငါးတန်အတွက် အဘိဓေယျတ္ထမှတ်ဖွယ်"

ဓမ္မဇာတ်-အရ အဝိဇ္ဇာ စသောအကြောင်းတရားကိုယူ။

ဒေသနာ-အရ သဝိညတ္တိဝိကာရဝစီဘေဒသဒ္ဒ ကိုယူ။

(တနည်း) ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုယူ။

ပဋိဝေဓ-အရ ဉာဏ်ကိုယူ။

http://www.dhammadownload.com



(၉)

ဒေသနာ–အရ သဝိညတ္တိဝိကာရဝစီဘေဒသဒ္ဒကိုယူ။ ယင်း၏လက္ခဏာဒိစတုက္ကကား–– သဒ္ဒေါ–သောတပဋိ ဟနနလက္ခဏော၊ သောတဝိညာဏဿ ဝိသယဘာဝရသော။

တဿေဝ ဂေါစရ ပစ္စုပဋ္ဌာနော။ စတုမဟာဘူတ ပဒဋ္ဌာနော။

(တနည်း) ဒေသနာ–အရ ဒေသနာဉာဏ်ကိုယူ၍––ပညာ၏လက္ခဏာဒိစတုက္က အတိုင်းထုတ်။

ရှေးဝါကျဥယျာဉ် ( ၈ ) ၌ ထုတ်ခဲ့ပြီ။

(၁၀)

သောတုနံ ဉာဏဿ အဘိမုခေါ ဟောတိ–၌ ဉာဏဿအရ– သောတုဇနတို့၏ သန္တာန်၌ဖြစ်သောဉာဏ်ကိုယူ။ အဘိမုခေါ–အရ ထိုထိုအဝိဇ္ဇာစသောအကြောင်း, သင်္ခါရ စသော အကျိုးတရားကိုယူ။

အဘိမုခေါအရက ဉာဏဿ–အရအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်––အာရမ္မဏ,အဓိပတိ, ဥပနိဿယ, ပုရေဇာတ, အတ္ထိ, အဝိဂတ (၆) ပစ္စည်း။

==============================

## ဝါကျဥယျာဉ် (၁၀)

(က) သဗ္ဗေဝ စေတေ ပဋ္ဌဒသဟိ ပရိစ္ဆေဒေဟိ ဝဝတ္ထိတာ။

(ခ) တိကာနဥ္စ ဧကော ပရိစ္ဆေဒေါ၊ ဒုကာနံ စတုဒ္ဒသ။

(ဂ) "ဟေတူ ဓမ္မာ၊ နဟေတူ ဓမ္မာ"တိအာဒယော ဟိ ဆ ဒုကာ ဂန္ထတော စ အတ္ထတော စ အညမညသမ္ဗန္ဓေန ကဏ္ဏိကာ ဝိယ ဃဋာ ဝိယ ဟုတွာ ဌိတတ္တာ "ဟေတုဂေါစ္ဆကော" တိ ဝုစ္စတိ။

(ဃ) တတော အပရေ "သပ္ပစ္စယာ ဓမ္မာ၊ အပ္ပစ္စယာ ဓမ္မာ"တိ အာဒယော သတ္တ ဒုကာ အညမညံ အသမ္ဗန္ဓာ ကေဝလံ ဒုကသာမညတော ဥစ္စိနိတွာ ဥစ္စိနိတွာ ဝိသုံ ဝိသုံ ဂေါစ္ဆကန္တရေ ဌပိတတ္တာ, အညေဟိစ မဟန္တရဒုကေဟိ စူဠကတ္တာ "စူဠန္တရဒုကာ" တိ ဝေဒိတဗ္ဗာ။

ဋ္ဌ၊၇၉။ ပြည်။၂၆။ ဘာသာဋီ။၂၆၉။ မင်းခင်းဂဏ္ဌိ။၂၂၅။ ယောဇနာ။၅၉။

==============================

၁။ အညေဟိ–ကို ကာကောလောကန နည်းဖြင့် အည အပါဒါန်နှင့် ဝိဘတျတ္ထ မှန်ကန်စေလျက် (ဃ)ကို အနက်ပေးပါ။

၂။ (က)ဝါကျ ဧတေ ပုဒ်သို့ ပါပနာဒိပဋ္ဌကနည်းဖြင့် ကျမ်းထွက်ပြ၍၊(ခ)သို့ ဌပနာဘောဂါဒိပဋ္ဌက နည်းဖြင့် ကျမ်းတက်ပြပါ။

၃။ အထက်ပါ ဝါကျအသီးသီးတို့ဖြင့် ပယ်အပ်သောဒေါသတို့ကိုဖော်ပြ၍၊ (ဂ)ဝါကျ၌ ဝုစ္စတိသဒ္ဒါ ထားရခြင်းကိုလည်း ဖြေဆိုပါ။

၄။ (ဂ)ဝါကျ ဂန္ထတောကို ဝစနတ္ထပြ၍ ဗျုပ္ပတျာဒိစတုက္ကထုတ်ပါ။

၅။ (က)ဝါကျလာ ပုဒ်တို့ကို ပဒ၊ လိင်္ဂ၊ စိစစ်ပြပါ။

၆။ (ဂ)(ဃ) အာ/ သံ။

၇။ (က)(ခ)(ဂ)တို့၌ နိပါတ်ပုဒ်တို့၏ ဇောတကများနှင့် (က)(ဃ)တို့၌ သဗ္ဗနာမ်ပုဒ်တို့၏ ဝိသယ တို့ကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



၈။ (က) ဝဝတ္ထိတာ–၌ ကတ္တုဋ္ဌအရကိုရှု၍ ကြိယာငါးတန်ထုတ်ပါ။
၉။ (ဃ)၌ အပ္ပစ္စယာ ဓမ္မာ၌ အပ္ပစ္စယဓမ္မ–အရကို လက္ခဏာဒိစတုက္က ထုတ်ပါ။
၁၀။(က)၌ ဓတေ–အရက ဝဝတ္ထိတာ၌ အန္တတ္ထအရအား မည်သည့်ပစ္စည်းဖြင့် ကျေးဇူးပြုပါသနည်း။
ပြိုင်နိုင်သော ပစ္စယသတ္တိများကိုလည်း ဖော်ပြပါ။

==================================

(၁)

(ဃ) တတော၊ ထိုဟေတုဂေါစ္ဆကမှ။ အပရေ၊ ကုန်သော။ "သပ္ပစ္စယာ ဓမ္မာ အပ္ပစ္စယာ ဓမ္မာ"တိ အာဒယော–ကုန်သော။ သတ္တ–ကုန်သော။ ဒုကာ၊ ဒုက်တို့ကို။ အညမည်၊ ချင်း။ အသမ္ဗန္ဓာ၊ မစပ်ကုန်သည်။ ဟုတွာ၊ ၍။ ကေဝလံ–သက်သက်။ အညေဟိ၊ စူဠန္တရဒုက်မှ တစ်ပါးကုန်သော။ (ဟေတုဒုကာဒီဟိ–တို့နှင့်) ဒုကသာမညတော၊ ကြောင့်။ ဥစ္စိနိတွာ ဥစ္စိနိတွာ–၍။ ဝိသုံဝိသုံ၊ ခြား။ ဂေါစ္ဆကန္တရေ၊ ၌။ဌပိတတ္တာစ–ကြောင့်ငှင်း။ အညေဟိ၊ စူဠန္တရဒုက်မှတစ်ပါးကုန်သော။ မဟန္တရဒုကေဟိ၊ တို့အောက်။ စူဠကတ္တာစ၊ ကြောင့်ငှင်း။ စူဠန္တရဒုကာ၊ မည်ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ကုန်၏။ (ပြည်။၂၆၁။)

(၂)

(က) ဓတေ–ပုဒ်သို့ ပါပနာဒိပဋ္ဌကနည်းဖြင့်ကျမ်းထွက်ပုံ

ဆရာ၊ ဆရာသည် ဝဝတ္ထိတာဟု ကမ္မိကိုဆိုတော်မူ၏။ ထို––သော် ကမ္မိသာရှိ၍ ကမ္မမရှိ ဟူသောအနက်သည်ရောက်ရာ၏။ စင်စစ်တမူကား ကမ္မ မရှိဟူသောအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ကမ္မကိုလည်း ပြဆိုသင့်သေး၏။ ကမ္မကို မပြဆိုဘဲမနေသင့် တန်ရာ။ ဆိုသင့်လျက် မဆိုချေသော် အပရိပုဏ္ဏဒေါသ အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ကမ္မကား အဘယ်ပါနည်း။ စုဒ်ကြောင့် "ဓတေ" ဟူသောပါဠ်ကို မိန့်။

### ပညတ်ထွက်ပုံ

ဆရာ–သည် ဝဝတ္ထိတာဖြင့် ပိုင်းခြားမှတ်သားခြင်း ဝဝတ္ထိတာကိုဆို၏။ ထို––သော် ဝဝတ္ထိတာ သည် ဝဝတ္ထာပေတဗ္ဗနှင့် ကင်း၍ဖြစ်ကောင်း၏ ဟူသောအနက်သည် ရောက်ရာ၏ ––စသည်ဖြင့်တက်လေ။

### ပရမတ်ထွက်ပုံ

ဆရာ–သည် ဝဝတ္ထိတာဖြင့် အာရမ္မဏိက ကိုဆိုတော်မူ၏။ ထို––––သော် အာရမ္မဏိကသည် အာရမ္မဏနှင့် ကင်း၍ဖြစ်ကောင်း၏ ဟူသောအနက်သည် ရောက်ရာ၏ စသည်ဖြင့်တက်။

### (ခ)သို့ ဋ္ဌပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် (က)ဖြင့် အလုံးစုံသော တိက်, ဒုက်တို့ကို ၁၅–ပါးသောအပိုင်းအခြားတို့ဖြင့် ပိုင်းခြားသတ်မှတ်အပ်ကုန်၏ဟု အကျဉ်းသခံပအားဖြင့် ပြဆိုတော်မူ၏။ ထို––သော် တိက်တို့၏ အပိုင်းအခြားကား ဤမျှသာဟည်း, ဒုက်တို့၏ အပိုင်းအခြားကား ဤမျှသာတည်း–ဟူ၍

http://www.dhammadownload.com



အကျယ်ဝိဂ္ဂဟရအားဖြင့် မသိအပ်, နိုင်ရာသည်မဟုတ်ပါလော့။ ထို---ကြောင့် (က)ဖြင့် အလုံးစုံသော တိက်ဒုက်တို့ကို ၁၅-ပါးသော အပိုင်းအခြားတို့ဖြင့် ပိုင်းခြားမှတ်သားအပ်ကုန်၏ဟု အကျဉ်းသခေ်ပမျှကိုသာ မဆိုသင့်။ တိက်တို့၏ အပိုင်းအခြားကား ဤမျှသာတည်း, ဒုက်တို့၏ အပိုင်းအခြားကား ဤမျှသာတည်းဟူ၍ အကျယ်ဝိဂ္ဂဟရကိုလည်း ပြဆိုသင့်သေး၏။ အကျယ်ဝိဂ္ဂဟရကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။

*မှတ်ချက်။ ။ ဤကား ပြည်သျှအလို ဝိဂ္ဂဟရယူ၍တက်ပုံတည်း။ ဘာသာဋီကာအလို ယုတ္တိဒဋ္ဌိယူ၍တက်လေ။*

## (ဂ) ဝါကျ

ဆရာ-သည် (ခ)ဝါကျ ဒုကာနံ စတုဒ္ဒသပါဌ်ဖြင့် ဒုက်တို့၏ဆယ့်လေးပါးအပိုင်းအခြားရှိသည်ကိုဆို၏။ ထို--သော် ဆရာ့စကားသည် ယုတ္တိကင်းပ ဒဋ္ဌိယမျှသာဖြစ်၍ ဒဋ္ဌိကရဏနှင့်ကင်း၍ မသင့်ရာသည်မဟုတ်ပါလော။ ထို့ကြောင့် ဒုကာနံ စတုဒ္ဒသ ဟူ၍ ဒုက်တို့၏ ဆယ့်လေးပါးအပိုင်းအခြားရှိသည်၏အဖြစ်မျှကိုသာ မဆိုသင့်။ ထိုစကားကို ခိုင်မြဲစေတတ်သော ယုတ္တိဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သေး၏ ယုတ္တိဒဋ္ဌိကရဏကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

*အမှာ။ ။ ဤကား ပြည်သျှအလို ဒဋ္ဌိကရဏ ယူ၍ တက်ပုံတည်း ဘာသာဋီကာ၌ ဟိ-ကား ဝိဂ္ဂဟရဇောတကကြံသည်။ (ဒုကာစ စတုဒ္ဒသ အရကို ချဲ့ပြသည်။)*

## (၃)

(က) ကား ဝါကျာရမ္ဘ။ ယင်းဖြင့် အဗျာပိတ ကို ပယ်သည်။

(ခ) ကား ပြည်နိသျှ အလို ဝိဂ္ဂဟရဝါကျ။ ယင်းဖြင့် ဝိရောဓိဒေါသ၊ ပုနရုတ္တိဒေါသ တို့ကို ပယ်သည်။

(တနည်း) ဘာသာဋီကာအလို ယုတ္တိဒဋ္ဌိကရဏ။ ယင်းဖြင့် ဝိရောဓိဒေါသ၊ ဩဓိတျဟီနဒေါသ တို့ကို ပယ်သည်။

(ဂ)ကား ပြည်သျှအလို ယုတ္တိဒဋ္ဌိကရဏဝါကျ။ ဝိရောဓိ၊ ဩဓိတျဟီနဒေါသ-တို့ကို ပယ်သည်။

(တနည်း) ဘာသာဋီကာအလို ဝိဂ္ဂဟရ ဝါကျ။ ဝိရောဓိဒေါသ၊ ပုနရုတ္တိဒေါသ-တို့ကို ပယ်သည်။

(ဃ)ကား ပေတုဂေါစ္ဆက အမည်ရပုံမှတပါး စူဠန္တရဒုက အမည်ရပုံကိုပြသော ပကၡန္တရဝါကျ။ ယင်းဖြင့် အဗျာပိတ၊ အပရိပုဏ္ဏဒေါသ- တို့ကိုပယ်သည်။

## (၄)

* တိဏ္ဏံ သမူဟော တိကော။

✔အစိတ်အစိတ်သောပုဒ်တို့၏+အပေါင်းဖြစ်သောပုဒ်နှင့်အဝယ၀+ အ၀ယဝီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ် မည်၏။

✔တိက်တို့၏ တစ်ခုသည်တစ်ခုနှင့်တူသောအခြင်းအရာဟုဆိုအပ်သောဓာတ်သည်...ပ-နိ။

http://www.dhammadownload.com



- ဂန္ထီယတီတိ ဂန္ထော။ (တတော ဂန္ထတော) (ဘာသာဋီကာ)

✔ ဂန္ထဓာတ်+အပစ္စည်းသည် လည်းကောင်း, အစိတ်ဟူသော ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော သီကုံး ဖွဲ့ထုံးခြင်း ကြိယာသည်လည်းကောင်း ဗျုပ်...နိ။

✔ အပေါင်း ပညတ္တိ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော သီကုံး ထုံးဖွဲ့ခြင်း ကြိယာသည် ပဝတ္တိနိမိတ် မည်၏

"ဝစနတ္ထမှတ်ဖွယ်"

- သမာနာနံ ဘာဝေါ သာမည်။
- ဒုကေန (ဒုကဘာဝေန) သာမည် ဒုကသာမည်။
- အန္တရေ ဌပိတာ ဒုကာ အန္တရဒုကာ။
- မဟန္တာစ တေ အန္တရဒုကာစာတိ မဟန္တရဒုကာ။

(၅)

✔ သဗ္ဗေ–ကား သဗ္ဗနာမ်ပုဒ်၊ ပုံလိင်။
✔ ဓေ/စ တို့ကား နိပါတ်၊ အလိင်။
✔ ပဋ္ဌဒသ–ကား သချ်ာတဒ္ဓိတ်ပုဒ်၊ အလိင်။
✔ ပရိစ္ဆေဒေဟိ–ကား ကိတ်နာမ်ပုဒ်၊ ပုံလိင်။
✔ ဝဝတ္ထိတာ–ကား ကိတ်နာမ်ပုဒ်။

(၆)

(ဂ)ဝါကျဖြင့် ဟေတုဂေါစ္ဆကော–၌ ဂေါစ္ဆသဒ္ဒါ၏သမူဟ အနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ ဟေတုကာနံ+ဂေါစ္ဆော သမူဟော ဟေတုဂေါစ္ဆော၊ ဟေတု ဂေါစ္ဆေန+ သမ္မန္တာ ဟုတွာ ဋ္ဌိတာ+ဟေတုဂေါစ္ဆကာ –ဟု မဇ္ဈေလောပတတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြု.လည်းကောင်းသိစေသည်။ (အဋ္ဌသာ ယောဇနာ။ ၅၉) (တစ်နည်း) (ဂ)ဖြင့် ဟေတုဂေါစ္ဆကော–၌ ဂေါစ္ဆက ပုဒ်ကို ဂေါပိယတီတိ ဂုစ္ဆော၊ ဂုစ္ဆောဝိယာတိ ဂေါစ္ဆကော–ဟု ဝစနတ္ထပြု၍ ဂေါစ္ဆက– အရ သဒိသူပစာအားဖြင့် ၆ ဒုက်ကို ယူရမည်ကိုလည်း ကောင်း (အဘိဓာနတ္ထ၊ သရုပ်ကြား အဘိဓေယျတ္ထ) ဟေတုဂေါစ္ဆက–မည်ခြင်း၏ အကြောင်းသကတ်ကို လည်းကောင်း(သကတ္ထ) သိစေသည်။

(ဃ) ဂေါစ္ဆကန္တရေ ဌပိတတ္တာ–ဖြင့် စူဠန္တရဒုကံ–၌ အန္တရသဒ္ဒါသည် (ဂေါစ္ဆကတို့၏) အကြားဟူသော အနက်ဟောသည်ကိုငင်း၊ (နာမလိင်္ဂတ္ထ) အန္တရဒုက–ပုဒ်ကို ဂေါစ္ဆကာနံ အန္တရေ ဌပိတာ ဒုကာ အန္တရဒုကာဟု မဇ္ဈေလောပ သတ္တမီတပ္ပုရိသ်ဝစနတ္ထပြုရမည်ကိုငင်း၊ ဂေါစ္ဆကတို့၏အကြား၌ ထား အပ်သောကြောင့် အန္တရဒုကမည်သည်၏အဖြစ်ကိုငင်း သိစေ။

အဉ္ဉေပိ စ မဟန္တရဒုကေဟိ စူဠကတ္တာ–ဖြင့် စူဠန္တရဒုကာ–၌ စူဠသဒ္ဒါ၏ ငယ်သော (ဝါ) နည်းသော အနက်ကို ဟောသည်၏ အဖြစ်ကိုငင်း, သာရမ္မဏာဒဒွေ–အစရှိသော မဟန္တရ ဒုက်တို့ အောက် ငယ်ကုန်သည်၏အဖြစ်ကြောင့်(ဝါ)နည်းကုန်သည်၏အဖြစ်ကြောင့် စူဠမည်သည်၏ အဖြစ် ကိုငင်း သိစေသည်။

http://www.dhammadownload.com



(ဃ)တစ်ဝါကျလုံးဖြင့် ရူဋ္ဌာ စ တေ အန္တရဒုကာ စာတိ ရူဋ္ဌန္တရဒုကာ–ဟု ဝစနတ္ထပြုရမည်ဟု သိစေသည်။

(၇)

✔(က) ဝါကျ၌ စ–နိပါတ်ကား ဝါကျာရမ္ဘဇောတက။

✔(ခ) ၌ ဟိ–ကား ဝိတ္ထာရဇောတက (တနည်း) ယုတ္တိဒဠီကရဏဇောတက။

✔(ဂ) ၌ ဟိ–ကား ယုတ္တိဒဠီကရဏဇောတက။ (တနည်း) ဝိတ္ထာရဇောတက။

✔ ဂန္ထတောစ အတ္ထတောစ–တို့၌ စ–ကား သမုစ္စယဇောတက။ ဝိယ–ကား ဥပမာဇောတက။

✔(က) ၌ စတေ–ကား ဆိုခဲ့ပြီး တိကဒုကတို့ကို စွဲယူ––ပဋ္ဌန္တဝိသယ။

✔(ဃ) ဝါကျ တတော–၌ တ–ကား ဆိုခဲ့ပြီး ဟေတုဂေါစ္ဆကကို စွဲယူ ပဋ္ဌန္တဝိသယ။

✔ အပရေ–ကား ပသိဒ္ဓဝိသယ။

✔ အညေဟိ–ကား ပသိဒ္ဓဝိသယ။

(၈)

ဝဝတ္ထိတာ–၌ ဝိ–အဝ+ဌာ ဓာတ်–အရ တိကဒုကဒေသနာတော်လျှင် အာရုံရှိသော (နောက်နောက်သော ပညာရှိတို့၏ သန္တာန်၌ဖြစ်သော) သုတမယဉာဏ်ပြဌာန်းသော စိတ္တုပ္ပါဒ် (ကုသိုလ်ကြိယာ) ကိုယူ၍–––––––

✔ ထိုသည် ဒဿနတ္ထ။

✔ ယောနိသောမနသိကာရစသည်သည် ဒီပကတ္ထ။

✔ တိက်ဒုက်တို့ကို သိရခြင်းသည် ပကာသနတ္ထ။

✔ ဗုဒ္ဓုပ္ပါဒ နဝမခဏ စတုစက္ကသမ္ပတ္တိသည် ဝိဘာဝတ္ထ။

✔ ပရမတ္ထဓမ္မတို့၌ မတွေဝေဘဲ မှန်ကန်စွာကျင့်ကြံနိုင်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(ဃ)၌ ဝေဒိတဗ္ဗာ–ထားရခြင်း

"ဒဋ္ဌဗ္ဗံ –ကား သန္နိဋ္ဌာန်၊ ဝေဒိတဗ္ဗံကား သံသယ၊ သိခ္ခံရှိက စကားကျ"ဟူသည်နှင့်အညီ သပ္ပစ္စယာ–ဟူသောပါဌ်ဖြင့် ရူဋ္ဌန္တရဒုက–ဟုတိုက်ရိုက် မသိအပ်၊ ထိုသို့ မသိအပ်သော်လည်း "သပ္ပစ္စယဒုက်စသော ၇–ဒုက်တို့သည် တစ်ဒုက်နှင့်တစ်ဒုက် အချင်းချင်းဆက်စပ်မှုမရှိဘဲ ဒုကအဖြစ်အားဖြင့် တူညီနေရကား ဂေါစ္ဆကတို့မှ သီးခြား၊ ဂေါစ္ဆကတို့၏ အလယ်အကြား၌ ထားအပ်သောကြောင့်၄င်း၊ မဟန္တရဒုက်တို့အောက် သေးငယ်သည်၏ အဖြစ်ကြောင့်၄င်း၊ ရူဋ္ဌန္တရဒုကမည်၏"ဟု အရာဌာနအားလျော်စွာ သံသယ အနေကန္တအားဖြင့် ယူရမည်ဟုပြလို၍ (ဃ)၌ ဝေဒိတဗ္ဗာ ထားသည်။

(၉)

အပ္ပစ္စယာ ဓမ္မအရ နိဗ္ဗာန်ကိုယူ၍–––

နိဗ္ဗာနံ––––သန္တိလက္ခဏံ၊ အစ္စုတိရသံ၊ အနိမိတ္တပစ္စုပဋ္ဌာနံ၊ နလဗ္ဘတိ ပဒဋ္ဌာနံ။ ဟုထုတ်။ (၄ မပါ။)

http://www.dhammadownload.com



(၁၀)

(က) သဗ္ဗေ၀ စေတေ---၀၀တ္ထိတာ။

ဧတေ–အရ တိကဒုက ဒေသနာတော်ကိုယူ၍၊ ၀၀တ္ထိတာ–၌ ၀ိ, အ၀–ဌာဓာတ်–အရ ပညာရှိတို့၏ သန္တာန်၌ဖြစ်သောသုတမယဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍---

ဧတေ–အရ ပစ္စည်းတရားက ၀၀တ္ထိတာ–၌ ၀ိ,အ၀–ဌာဓာတ်–အရ ပစ္စယုပ္ပန်တရားအား အာရမ္မဏာသတ္တိ ဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်ပစ္စည်းမရှိ။

၀၀တ္ထိတာ–၌ တ–ပစ္စည်းအရ တိက ဒုကဒေသနာတော် ပစ္စည်းတရားက ၂ ၀ိ–အ၀–ဌာဓာတ်–အရ သုတမယဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏာ ဖြင့် ကျေးဇူး ပြုသည်။

==========================

## ၀ါကျဥယျာဉ် (၁၁)

(က) တတော ပရံ ဒသသနေနပဟာတဗ္ဗဒုကာဒယော အဋ္ဌာရသ ဒုကာ အဘိဓမ္မမာတိကာယ ပရိယောသာသနေ ဌပိတတ္တာ ပိဋ္ဌိဒုကာ နာမ။

(ခ) "ဝိဇ္ဇာဘာဂိနော ဓမ္မာ၊ အဝိဇ္ဇာဘာဂိနော ဓမ္မာ" တိအာဒယော ပန ဒွါစတ္တာလီသ ဒုကာ သုတ္တန္တိကဒုကာ နာမ။ ဧ၀ံ သဗ္ဗေပေတေ ပဉ္စဒသဟိ ပရိစ္ဆေဒေဟိ ၀၀တ္ထိတာတိ ဝေဒိတဗ္ဗာ။

(ဂ) ဧ၀ံ ၀၀တ္ထိတာ ပနေတေ သပ္ပဒေသနိပ္ပဒေသ၀သေန ဒွေ ကောဋ္ဌာသာ ဟောန္တိ။

(ဃ) တေသု ဟိ နဝ တိကာ, ဧကသတ္တတိ စ ဒုကာ သပ္ပဒေသာနံ ရူပါရူပဓမ္မာနံ ပရိဂ္ဂဟိတတ္တာ–သပ္ပဒေသာနာမ။

(င) အ၀သေသာ တေရသ တိကာ, ဧကသတ္တတိ စ ဒုကာ နိပ္ပဒေသာ နာမ။

ဋ။၈၀။ မူလဋီ။၂၇။ ပြည်။၂၆၂။ ဘာသာဋီ။၂၇၁။ မင်းခင်းဂဏ္ဌိ။၂၂၇။ ယောဇနာ။၆၀။ မအူဋီ။၂၇။

==========================

၁။ (က)(ဂ)တို့ကို သဗ္ဗနာမ် အစွဲ မလွဲစေဘဲ အနက်ပေးပါ။

၂။ (င)ကို ဌပနာဘောဂါဒိ ပဋ္ဌကနည်းဖြင့် ပုစ္ဆာတက်ပါ။

၃။ အထက်ပါ၀ါကျ အသီးသီးဖြင့် ပယ်အပ်သော ဒေါသတို့ကို ဖော်ပြပါ။

၄။ သပ္ပဒေသ ပုဒ်ကို သံ၀ဏ္ဏနာနှင့်အညီ အစိတ်အပေါင်း၀စနတ္တပြု၍ အပေါင်း၀စနတ္တကိုသာ ဥာသ်နည်းကောက်ပြပါ။

၅။ (ဃ) ၀ါကျလာ ပုဒ်တို့ကို ပဒ၊ လိင်္ဂ၊ ဂဏ၊ ကာရန္တ စိစစ်ပြပါ။

၆။ (က)(င)(စ) အာဘော်+သံ၀ဏ္ဏနာ။

၇။ (ဂ)၀ါကျရှိ နိပါတ်ပုဒ်တို့၏ အနက်နှင့် ဧတေပုဒ်၏ ဝိသယကိုလည်း ဖော်ပြပါ။

၈။ (က)၀ါကျ ဌပိတတ္တာဝယ် ဘာ၀ယောဂပုဒ်၏ ကတ္တုဒြဗ္ဗကိုယူ၍ ကြိ[illegible]ါးတန်ထုတ်ပါ၊

၉။ (ခ)အဝိဇ္ဇာဘာဂိနော ဓမ္မာ–၌ အဝိဇ္ဇာအရ တရားကိုလက္ခဏာဒိစတုက္က[illegible]ဘ်ပါ။

၁၀။အဝိဇ္ဇာဘာဂိနော ဓမ္မာ၌ အဝိဇ္ဇာက အဝိဇ္ဇာဘာဂီအရအား မည်သည့်ပစ္စည်းဖြင့် ကျေးဇူးပြုသည်ကို ဖော်ပြ၍၊ ပစ္စယသတ္တိမည်မျှပြိုင်နိုင်ကြောင်းကိုလည်း ပြဆိုပါ။

==========================

http://www.dhammadownload.com



(၂) (င) "ဠပနာဘောဂါဒိပဋ္ဌက"

ဆရာ–သည် (ဂ) ဖြင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ပိုင်းခြား မှတ်သားအပ် ကုန်သော တိက်ဒုက်တို့သည် သပ္ပဒေသ နိပ္ပဒေသ၏ အစွမ်းဖြင့် နှစ်ပါးကုန်သော အဖို့အစုတို့၌ ဖြစ်ကြကုန်၏ ဟု(အကျဉ်းသခေ်ပ)ကို ပြဆိုတော်မူ၏။ ထို–––သော် သပ္ပဒေသတိက်ဒုက်တို့ကား ဤရွေ့ဤမျှတည်း, နိပ္ပဒေသတိက်ဒုက်တို့ကား ဤရွေ့ ဤမျှတည်းဟူ၍ အကျယ်ဝိတ္ထာရအားဖြင့် မသိအပ်မသိ နိုင်သည်မဟုတ်ပါလော့။ ထို့–––ကြောင့် (က) ဖြင့် ––––အကျဉ်းသခေ်ပမျှကိုသာ မဆိုသင့်။ သပ္ပဒေသတိက်ဒုက်တို့ကား ဤရွေ့ ဤမျှတည်း, နိပ္ပဒေသတိက်ဒုက်တို့ကား ဤရွေ့ ဤမျှတည်းဟူ၍ အကျယ်ဝိတ္ထာရကိုလည်း ပြဆိုသင့်သေး၏။ ––––––အကျယ်ဝိတ္ထာရကား အဘယ်ပါနည်း။ စုဒ်ကြောင့် (င)မိန့်။

*အမှာ။ ။ ဤကား ပြည်သျှအလိုတည်း။ ဘာသာဋီကာအလို "ထိုသို့သာ ဆိုရှေးသော် ဆရာ့စကားသည် ဒဋ္ဌိယမျှသာဖြစ်၍ ဒဋ္ဌိကရဏနှင့် ကင်း၍ မသင့်ရာသည် မဟုတ်ပါလော" ဟု အာဘော်ထား၍ ကျမ်းတက်။*

(၃)

"ပယ်အပ်သောဒေါသများ"

(က) သည် ကိလေသဂေါစ္ဆကမှတပါး ဝိဋ္ဌိဒုက–ကိုပြ––ပက္ခန္တရ။ ယင်းဖြင့် အဗျာပိတ,အပရိပုဏ္ဏဒေါသ–ပယ်သည်။

(ခ) သည် အဘိဓမ္မမာတိကာမှတပါး သုတ္တန္တမာတိကာကိုပြ–ပက္ခန္တရ။ ယင်းဖြင့် အဗျာပိတ–ပယ်သည်။ (ဘာသာဋီကာ) * ပြည်–သျှ–၌၊ ပန–အထူးဟု ဝိသေသဇောတက ကြံသေးသည်။

(ဂ) သည်–နိဂမန။ ယင်းဖြင့် ပုနရုတ္တိ,ဝိရောဓိ ပယ်သည်။

(ဃ) သည် ပြတ်ပြီးစကားကို သပ္ပဒေသ,နိပ္ပဒေသ–စသည်ဖြင့် ဆက်ပြ––ဝါကျာရမ္ဘ။(ဘာသာဋီ) (တနည်း) ပက္ခန္တရ။ (ပြည်သျှ)။ ယင်းဖြင့် အဗျာပိတ,အပရိပုဏ္ဏ–ပယ်သည်။

(င) သည် ဝိတ္ထာရ။(ပြည်)။ ယင်းဖြင့်–ဝိရောဓိ,ပုနရုတ္တိ ပယ်သည်။(တနည်း)ယုတ္တိဒဋ္ဌိ။(ဘာသာဋီ)။ ယင်းဖြင့် ဝိရောဓိ, ဩဓိတျဟီနဒေါသ––ပယ်သည်။

(စ) သည် သပ္ပဒေသ တိက်ဒုက်တို့၏ သရုပ်သချိုပြ––ပက္ခန္တရ။ ယင်းဖြင့် အဗျာပိတ–အပရိပုဏ္ဏ ပယ်သည်။

(၄)

* ပဒိဿတိ တေန သမုဒါယောတိ ပဒေသော။ အဝယဝေါ။ (အနုဋီ။၂၇။)
* အသင်္ဂဟိတော ပဒေသော ယေသံ အတ္ထီတိ သပ္ပဒေသာ။
* ✔ တိက်ပုဒ်, ဒုက်ပုဒ်တို့ဖြင့် မရေတွက်အပ်သော ကြွင်းကျန်သောအစိတ်၏+တိက်ဒုက်တို့နှင့် အကြောင်း အကျိုး, လက္ခဏာ+လက္ခိတဗ္ဗ၊ ဂုဏ်+ဂုဏော စပ် ဗျု––နိ။
* ✔ ထိုတိက်ဒုက်တို့၏ သပ္ပဒေသ ဟူသောအမည်နာမသည်––ပ––နိ။

http://www.dhammadownload.com



## ဝစနတ္ထမှတ်ဘွယ်

* အသင်္ဂဟိတော ပဒေသော ယေသံ နတ္ထီတိ နိပ္ပဒေသော ။
* သုတ္တန္တေဟိ သမောဓာနေတွာ ဌပိတာ သုတ္တန္တိကာ ။ (ယောဇနာ)

### (၅)

✔ ဓဝံ–ကား နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ။
✔ ဝဝတ္ထိတာ–ကား ကိတ်နာမ်၊ ပုံ၊ ပုရိသာဒိ၊အကာရန္တ။
✔ ပန–ကား နိပါတ်၊အလိင်၊ဂဏဝိမုတ်၊ အကာရန္တ။
✔ ဧတေ–ကား သဗ္ဗနာမ်၊ပုံလိင်၊ ပုရိသာဒိ၊ (သဗ္ဗနာမ်ဂိုဏ်း) အကာရန္တ။
✔ သပ္ပဒေသ နိပ္ပဒေသဝသေန–ကား သမာသ်နာမ်၊ ပုံ၊ ပု၊ အကာရန္တ။
✔ ဒွေ–ကား သဗ္ဗနာမ်၊ ပုံ၊ ပုရိသာဒိ၊ ဧကာရန္တ။
✔ ကောဋ္ဌာသာ–သမာသ်နာမ်၊ ပုံ၊ ပုရိသာဒိ၊ အကာရန္တ။
✔ ဟောန္တိ–အာချာတ်ပုဒ်၊ အလိင်၊ ဘူဝါဒိ၊ ဦကာရန္တ။

### (၆)

(က)ဖြင့် ပိဋကဒုကာ–၌ ပိဋက–သဒ္ဒါ ကျောက်ကုန်း ဟူသော အနက်ကိုမဟော၊ ကျောက်ကုန်းနှင့် တူသော အဆုံး (ပရိယောသာန) ဟူသောအနက် ဟောသည်ကို လည်းကောင်း၊ ပိဋက–အရ အဘိဓမ္မမာတိကာ၏ အဆုံးကို ယူရမည်ကိုငင်း၊ ပိဋကံယံ ဌပိတာ ဒုကာ ပိဋကဒုကာ–ဟု မဇ္ဈေလောပသတ္တမီ တပ္ပုရိသ် ဝစနတ္ထ ပြုရမည်ကိုငင်း၊ ပိဋကဒုက–အရ ဒသနေန ပဟာတဗ္ဗဒုက် အစရှိသော ၁၈–ဒုက်တို့ကို ယူရမည်ကိုငင်–သိစေသည်။

(င)ပရိဂ္ဂဟိတတ္တာ–ဖြင့် ပဒီယတိ ဧတေန သမုဒါယောတိ ပဒေသော၊ အသင်္ဂဟိတော ပဒေသော ယေသံ အတ္ထီတိ သပ္ပဒေသာ –ဟု ဝစနတ္ထပြု၍ သပ္ပဒေသ–အရ တိကပုဒ် ဒုက်ပုဒ်တို့ဖြင့် မရေတွက်အပ်သော ကြွင်းကျန်သောအစိတ်ရှိသော တိက် ၉–တိက်နှင့် ဒုက် ၇၁–ဒုက်တို့ကို ယူရမည်ဟု သိစေသည်။

(စ)ဖြင့် အသင်္ဂဟိတော ပဒေသော ယေသံ နတ္ထီတိ နိပ္ပဒေသာ–ဟု ဝစနတ္ထပြု၍ နိပ္ပဒေသ–အရ တိကပုဒ် ဒုက်ပုဒ်တို့ဖြင့် မရေတွက်အပ်သော ကြွင်းကျန်သော အစိတ်မရှိသော တိက် ၁၃–တိက်နှင့် ဒုက် ၇၁–ဒုက်တို့ကိုယူရမည်ဟု သိစေသည်။

### (၇)

(ဂ) ဓဝံ–ကား အာကာရတ္ထ။
အပိ–ကား အဝယဝသမုစ္စယတ္ထ။
ဣတိ–ကား နိဒဿနတ္ထ။
✔ ဧတေ–ကား ဆိုခဲ့ပြီးသော တိက်ဒုက်တို့ကို ဆွဲသောကြောင့် ပစ္စက္ခဝိသယ တည်း။

http://www.dhammadownload.com



(၈)

(က) ဋ္ဌပိတတ္တာ–ဝယ် ဋ္ဌပိတ–ဟူသော ဘာဝယောဂပုဒ်၏ ကတ္တုဋ္ဌ–အရ (ဒသနေနပဟာတဗ္ဗ အစရှိသည့်လျှင် အာရုံရှိသော) ဘုရားရှင်၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏ သမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ၍---

✔ ထို--သည် ဒသနတ္တ။

✔ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် သဗ္ဗညုတဉာဏ်သကလဗုဒ္ဓဂုဏ်တော်တို့သည် ဒီပကတ္တ။

✔ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ အစရှိသော ဒေသနာတော်တည်းဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္တ။

✔ ပါရမီ စာဂ စရိယာဂုဏ်စသည်သည် ဝိဘာဝတ္တ။

✔ ပြဟ္မာနတ်လူ ခပ်သိမ်းသူတို့အား သုတမယဉာဏ်ဖြစ်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္တ။

(၉)

အဝိဇ္ဇာဘာဂိနော ၌ အဝိဇ္ဇာ–အရ မောဟကိုယူ။

မောဟော – စိတ္တဿ အန္ဓဘာဝလက္ခဏော။ အညာဏ လက္ခဏော ဝါ။

အသမ္ပဋိဝေဓရသော၊ အာရမ္မဏသဘာဝစ္ဆာဒန ရသော ဝါ။

အသမ္မာပဋိပတ္တိ ပစ္စုပဋ္ဌာနော၊ အန္ဓကာရပစ္စုပဋ္ဌာနော ဝါ။

အယောနိသော မနသိကာရပဒဋ္ဌာနော။ (ဋ္ဌ။၂၉၁။)

(၁၀)

အဝိဇ္ဇာဘာဂိနော ဓမ္မာ–၌----

အဝိဇ္ဇာ–အရ မောဟပစ္စည်း တရားသည် အဝိဇ္ဇာဘာဂီ–အရ မောဟမှ ကြွင်းသော အကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား -- သဟဇာတာဒိသတ္တိဖြင့် ကျေးဇူးပြုသည်။

ဖြိုင် = သဟကြီး၊ ၄။ အညမည၊ သမ္ပယုတ္တ၊ ဟေတု၊ မဂ္ဂ။ (၈) ပစ္စည်းဖြိုင်။

==========================

ဝါကျဥယျာဉ် (၁၂)

(က) ဣဒါနိ "ကုသလာ ဓမ္မာ" တိ အာဒီနံ မာတိကာပဒါနံ အယမနုပုဗ္ဗပဒဝဏ္ဏနာ။

(ခ) ကုသလသဒ္ဒေါ တာဝ အာရောဂျ, အနဝဇ္ဇ, ဆေက, သုခဝိပါကေသု ဒိဿတိ။

(ဂ) အယဉှိ"ကစ္စိနုဘောတော ကုသလံ၊ ကစ္စိ ဘောတော အနာမယ"န္တိ အာဒီသု အာရောဂျေ ဒိဿတိ။ ကတမော ပန ဘန္တေ ကာယသမာစာရော ကုသလော၊ ယော ခေါ မဟာရာဇ ကာယသမာစာရော အနဝဇ္ဇော"တိ စ "အပရံ ပန ဘန္တေ ဧတဒါနုတ္တရိယံ၊ ယထာ ဘဂဝါ ဓမ္မံ ဒေသေတိ ကုသလေသု ဓမ္မေသူ"တိ စ ဧဝမာဒီသု အနဝဇ္ဇေ။ "ကုသလော တွံ ရထဿ အင်္ဂပစ္စင်္ဂါနံ၊ ကုသလာ နစ္စဂီတဿ၊ သိက္ခိတာ စာတုရိတ္ထိယော"တိ အာဒီသု ဆေကော။ "ကုသလာနံ ဘိက္ခဝေ ဓမ္မာနံ သမာဒါနဟေတု၊ ကုသလဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ"တိ အာဒီသု သုခဝိပါကေ။

(ဃ) သွာယမိဓ အာရောဂျေပိ အနဝဇ္ဇေပိ သုခဝိပါကေပိ ဝတ္တတိ။

ဋ္ဌ၊၈၀။ ပြည်သျှ၊၂၆၄။ ဘာသာဋီ၊၂၇၄။ မူလဋီ၊၂၈။ ယောဇနာ၊၆၀။ မင်းခင်းဂဏ္ဌိ၂၂၈။

================================

http://www.dhammadownload.com



(၁)

ကတမော ပန ဘန္တေ ။ပ။ အနုဝဏ္ဏော–ကိုထည့်သင့်သောပါဌ်များထည့်၍အနက်ပေးပုံ။ ဘန္တေ–အာနန္ဒ–နှာ။ ဘဂဝတော–၏။ ကတမောပန–အဘယ်သို့သော။ ကာယသမာစာရော–ကာယဒွါရ၌ဖြစ်သောသမာစာရသည်။ ကုသလော–မည်သနည်း။ မဟာရာဇ–မြတ်သောပသေနဒီ ကောသလမင်းကြီး။ ဘဂဝတော–၏။ ယောကာယသမာစာရော–သည်။ အနုဝဏ္ဏော–မပြစ်မရှိ။ သော ကာယသမာစာရော–သည်။ ကုသလော–ကုသိုလ်မည်၏။ (ပြည်သျှ။)

(၂)

(က) စသည်သို့ ဌပနာဘောဂါဒီပဋ္ဌကပုစ္ဆာ။

ဆရာ–သည် တတ္ထ ကေနဋ္ဌေန အဘိဓမ္မော–အစရှိသည်ဖြင့် အဘိဓမ္မာ အဋ္ဌကထာ၏ အခြေပါဒ ဥပစာရစကားကို ဆိုတော်မူ၏။ထို–––သော် အဘိဓမ္မာ၏အဋ္ဌကထာကိုလည်း ဆိုသင့်, ပြုသင့်သည် မဟုတ်ပါလော။ ထိုသို့ ဆိုသင့်ပြုသင့်လေသောကြောင့် တတ္ထကေနဋ္ဌေန အဘိဓမ္မော– စသည်ဖြင့် အဘိဓမ္မာအဋ္ဌကထာ၏ အခြေပါဒ ဥပစာရစကားကိုသာ မဆိုသင့်။ အဘိဓမ္မာ၏ အဋ္ဌကထာကိုလည်း ဆိုသင့်, ပြုသင့်သေး၏။ အဘိဓမ္မာ အဋ္ဌကထာကား အဘယ်ပါနည်း။ စုဒ်ကြောင့် (က)စသည်မိန့်။

မင်းခင်းဂဏ္ဌိအနုသန္ဓေတက်ပုံ

အဘိဓမ္မာ၏ အဋ္ဌကထာကို ပြုလိုသော အဋ္ဌကထာဆရာသည် ရှေးစွာ အဘိဓမ္မာအဋ္ဌကထာ၏ အခြေပါဒစကားကိုဆိုပြီး၍ ထိုအခြေပါဒစကား၏ အခြားမဲ့၌ အဘိဓမ္မာအဋ္ဌကထာကို ပြုအံ့သောငှါ "ကုသလာ ကုသလာဓမ္မာ"တိ အာဒီနံ စသည်ကို မိန့်။ (ဂဏ္ဌိသစ်။၂၂၈။)

ဝါကျမှတ်ဘွယ်

(က)သည်ဖွင့်တော့မည်ဖြစ်၍ အခြေခံဖြစ်သော ပါဒကဝါကျတည်း။ နောက်ဝါကျတို့ကို ထောက်၍ သခေ်ပ ဝါကျဟုလည်း ဆိုနိုင်၏။ (ခ)မှစ၍ အဘိဓမ္မာအဋ္ဌကထာအားလုံးကား ပါဒကဝဏ္ဏဝါကျ။ ဝိတ္ထာရဝါကျတည်း။

(ခ) သို့ ဌပနာဘောဂါဒီစောဒနာ။

ဆရာ–သည် (က) ဖြင့် ဤဆိုလတ္တံ့သည်ကား ကုသလာဓမ္မာစသော မာတိကာပုဒ်တို့၏ အနုပုဗ္ဗပဒဝဏ္ဏနာတည်းဟု အကျဉ်းသခေ်ပကို ဆိုတော်မူ၏။ ထို–––သော် ထို––သခေ်ပ၏ အကျယ် ဝိတ္ထာရကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။ (တနည်း) ထိုသခေ်ပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အနက်အဓိပ္ပါယ်ရောက်ရာသည်မဟုတ်ပါလော့ ။ပ။ သခေ်ပ ဝိတ္ထာရဆန့်ကျင်သော ဝိရောဓိ––၏ ။ စုဒ်ကြောင့် (ခ)မိန့်။

*မှာ။ ။ ပါပနာဒီကျမ်းတက်လိုလျှင်"အကျယ်ဝိတ္ထာရမရှိ–ဟူသော အနက်သည် ရောက်ရာ၏" စသည်ဖြင့်တက်။*

http://www.dhammadownload.com



(ဂ) အာဘောဂါဒိပဋ္ဌက။

ဆရာ–သည် (ခ) ဖြင့် ကုသလ–သဒ္ဒါသည် အာရောဂျ အနဝဇ္ဇ ဆေက သုခဝိပါက အနက်တို့၌ထင်သော (ဝါ) ဖြစ်သော–ဟု ဆို၏။ ထို–––သော် ဆရာ့စကားသည် သဓေပဋ္ဌ, ဂုဋ္ဌ မျှသာဖြစ်၍ မန္ဒဗုဒ္ဓိ–တို့ ခွဲခြားတော်၍ အကျယ်မသိနိုင်သေးသည်မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာ သော ကြောင့် (က) ဖြင့် ကုသလသဒ္ဒါ၏ အနက်ကို အကျဉ်းသခေ်ပအားဖြင့်သာ မဆိုသင့်။ မန္ဒဗုဒ္ဓိတို့ သိခြင်းအကျိုးငှါ ခွဲခြားဝေဘန်၍ အကျယ်ဝိတ္ထာရကိုလည်းဆိုသင့်သေး၏။ ယင်း၏ အကျယ်ဝိတ္ထာရ ကား အဘာယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။

အဓိပ္ပါယ်ကား။ ။ ခွဲခြားဝေဘန်၍ အကျယ်ဝိတ္ထာရကိုလည်း ငါဆိုပါ၏ ဟူလို။

(တနည်း) ဥပနာတဋ္ဌ။ ထို––သော် ယင်း (ခ) ဝါကျစကားရပ်သည် သကာဝစနမျှသာ ဖြစ်၍ ပရဝစနဖြစ်သော ဥဒါဟရဏ် အာဂုမ်ပါဠိသာဓကတို့နှင့် ကင်း၍ မယုံကြည်အပ်, မယုံကြည်နိုင် ရာသည် မဟုတ်ပါလော။ ထို–––ကြောင့် (ခ)ဖြင့် ကုသလသဒ္ဒါသည်–––တို့၌ ထင်၏ဟူ၍ သကာဝစနကိုသာ မဆိုသင့်။ ထိုစကားကို ယုံကြည်စေကြောင်းဖြစ်သော ပရဝစန ဥဒါဟရဏ် အာဂုမ်ပါဠိ သာဓကကို လည်း ပြဆိုသင့်သေး၏။–––ပရဝစန ဥဒါဟရဏ် အာဂုမ်သာဓက ကား အဘာယ်ပါနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

*အမှာ။ ။ ဤ (ဂ)ဝါကျကား "အတ္တုဒ္ဒါရ–ပြသည့်နောက်တွင်၊ ဟိကိုမြင်၊ ရဲ့ထင်ဒဋ္ဌိစွဲ–ဟူသည်နှင့် အညီ ဝိတ္ထာရ,တပ္ပါကဋီ,ဒဋ္ဌီ အမည် ၃–မျိုးရသည်။ ဤဝါကျမျိုးကား အဋ္ဌကထာ၌ များစွာ တွေ့ရှိမည်။ ပုံသေနည်းရအောင်ကျက်မှတ်ထား။*

(ဃ) ပါပနာဒိပဋ္ဌက စောဒနာ။

ဆရာ–သည် (ခ)(ဂ) တို့ဖြင့် ကုသလသဒ္ဒါသည် အာရောဂျ စသော အနက်တို့၌ ထင်သောဟုဆို၏။ ထို–––သော် ဤကုသလာဓမ္မာ၌ ကုသလသဒ္ဒါသည်လည်း အာရောဂျ စသော အနက်အားလုံး၌ဖြစ်၏ဟူသော အနက်သည်ရောက်ရာ၏။ စင်–––ကား။ ထိုအနက် အားလုံး(သာမည) သည် မဖြစ်သင့်။ ထို–––ကြောင့် ဤကုသလာဓမ္မာ၌ လိုအပ်သော ကုသလ သဒ္ဒါ၏ အနက်ထူးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်တန်ရာ။ –––အတိဗျာပိတ––၏ ။ပ။ စုဒ်ကြောင့် (ဃ)မိန့်။

*အမှာ။ ။ (ခ) ကား အတ္တုဒ္ဒါရ အကျဉ်းပြ။*

*(ဂ) ကား အတ္တုဒ္ဒါရ အကျယ်ပြဝိတ္ထာရ။ (တနည်း)တပ္ပါကဋီ။ (တနည်း)ဒဋ္ဌီ။*

*(ဃ) ကာ အတ္တုဒ္ဓေသပြ။*

*ဤဝါကျမျိုးကား အဋ္ဌကထာ၌ အလွန်ကျယ်ပြန့်၏၊ ကျမ်းတက်ပုံကို ပုံသေနည်း တမူကျက်မှတ်ထား။*

(၃)

(က) ဖြင့် အဗျာပိတ, အပရိပုဏ္ဏ ပယ်သည်။

(ခ) ဖြင့် သခေ်ပ, ဝိတ္ထာရဆန့်ကျင်သော ဝိရောဓိ ပယ်သည်။

http://www.dhammadownload.com



(ဂ) ဖြင့် သခေ်ပ,ဝိတ္ထာရဆန့်ကျင်သော ဝိရောဓိ, ဒဠှီယ,ဒဠှီကရဏဆန့်ကျင်သော ဝိရောဓိ, အပါကဋ္ဌ, ပါကဋ္ဌဆန့်ကျင်သော ဝိရောဓိ–နှင့် မန္ဒဗုဒ္ဓိတို့အတွက် အကျယ် ပြဆိုသောကြောင့် ပုနရုတ္တိဒေါသ–ကို ပယ်သည်။

(ဃ) ဖြင့် ဤကုသလာဓမ္မာဒိ လိုအပ်သော ကုသလသဒ္ဒါ၏ အနက်ထူးကို အတိအကျ ပြဆိုသောကြောင့် အတိဗျာပိတဒေါသ ကိုပယ်သည်။

(တနည်း) အတ္ထုဒ္ဓါရ–မှတစ်ပါး အတ္ထုဒ္ဒေသဝိသေသ–ကိုပြသော ပကရဏရဖြစ်၍ အဗျာပိတ အပရိပုဏ္ဏ ကိုပယ်သည်။

- ◆ အတ္ထုဒ္ဒေသ၊ ပြလတ်က၊ ဣဓပေန–ထားမြဲသာ။
- ◆ ပကရဏရ၊ ဝိသေသ၊ နှစ်ဝယူလေပါ။
- ◆ အတ္ထုဒ္ဒေသ၊ ဝိသေသ၊ ပယ်ကြ–တိဗျာပင်။
- ◆ များမဆက်ဆံ၊ ထူးဟန်ဖော်ပြ၊ ဝိသေသ၊ တင်ကြ–တိဗျာပင်။

"နိပါတဇောတကများ"

(ဂ)ဝါကျ ဟိ–ကား ဝိတ္ထာရဇောတက, တပ္ပါကဋီကရဏဇောတက, အာဂမဒဠှီကရဏဇောတက။

◆ အတ္ထုဒ္ဓါရ၊ ပြသည့်နောက်တွင်၊ နိပါတ်မြင်၊ ချဲ့,ထင်,ဒဠှီ–စွဲ။

(၄)

* ဓမ္မေန ပုတ္တံ မာနေတီတိ မာတာ။ မာန+ရာတု။

* မာတာဝိယာတိ မာတိကာ။

✓မာတုသဒ်+ဣကပစ္စည်းသည်၄င်း၊ အမိ၏ မာတိကာနှင့် ဥပမာန+ဥပမေယျစပ် သမ္ဗန်သည်၄င်း ဗျု–နိ။

✓အမိနှင့် တူသည်၏ အဖြစ်တည်းဟူသော (ဥပမာ,သဒိသဘော) ဂုဏ်သည် ပ–နိ။

* ပဒ္ဓတေ ဥာယတေ အတ္ထော ဧတေဟီတိ ပဒါနိ။

* မာတိကာစ သာ ပဒါနိ စာတိ မာတိကာပဒါနိ။ (တေသံ)

* ပဌမံ အာဒီယတီတိ အာဒိ။ (အာ+ဒါ+ဣ)

* ပုဗ္ဗံ+အနုဂတာနိ အနုပုဗ္ဗံ။ (အဗျယီဘော)

* အနုပုဗ္ဗံစ တာနိ ပဒါနိစာတိ အနုပုဗ္ဗပဒါနိ။

* တေသံ+ဝဏ္ဏနာ အနုပုဗ္ဗပဒဝဏ္ဏနာ။

အနက်။ ။ အနုပုဗ္ဗပဒဝဏ္ဏနာ––ရှေးပုဒ်သို့ အစဉ်လိုက်သော ပုဒ်တို့၏ အဖွင့်တည်း။

(ဝါ) အစဉ်အတိုင်းသော ပုဒ်တို့၏ အဖွင့်တည်း။

✓ အစဉ်ဖြစ်သောပုဒ်တို့၏ ဖွင့်ဆိုကြောင်း သံဝဏ္ဏနာနှင့် သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာစပ် ဗျု–နိ။

✓ အစဉ်ဖြစ်သောပုဒ် တို့ကို ဖွင့်ဆိုခြင်းသည်၄င်း, အစဉ်ဖြစ်သော ပုဒ်အဖွင့်တို့၏ ကစ်ခုသည်တစ်ခုနှင့် တူသောအခြင်းအရာ ဇာတ်သည်၄င်း ပ–နိ။

http://www.dhammadownload.com



- ✱ ရုဇ္ဇတီတိ ရောဂေါ။ ရုဇ+ဏ။
- ✱ နတ္ထိ ရောဂေါ ဧတဿာတိ အရောဂေါ။
- ✔ ကိလေသာ အနာရောဂါမရှိခြင်း၏+ကုသိုလ်နှင့် ဂုဏ်+ဂုဏေားစပ်။
- ✱ တဿ+ဘာဝေါ အာရောဂျံ။ အရောဂ+ဏ။
- ✔ ကုသိုလ်၏+အနာရောဂါမရှိခြင်းနှင့် ဂုဏေး+ဂုဏ်စပ် ဗျူ-နီ။
- ✔ အနာရောဂါမရှိခြင်းဂုဏ်သည် ပ-နီ။
- ✱ ဝဇ္ဇိတဗ္ဗံ ဂရဟိတဗ္ဗန္တိ ဝဇ္ဇံ။ ဝဇ္ဇမေဝ အဝဇ္ဇံ။
- ✱ နတ္ထိ အဝဇ္ဇံ ဧတဿာတိ အနဝဇ္ဇော။
- ✔ အပြစ်မရှိခြင်း၏+ကုသိုလ်နှင့် ဂုဏ်+ဂုဏေးစပ်။
- ✱ ဆိန္ဒတီတိ ဆေကော။
- ✱ သုခယတီတိ သုခေါ။ ဝိပစ္စတီတိ ဝိပါကော။
- ✱ သုခေါ (ဣဋ္ဌော) ဝိပါကော ဧတဿာတိ သုခဝိပါကော။
- ✔ အလိုရှိအပ်သောအကျိုး၏+ကုသိုလ်နှင့် ဂုဏ်+ဂုဏေးစပ် ဗျူ-နီ။
- ✔ အလိုရှိအပ်သည်၏အဖြစ်တည်းဟူသောဂုဏ် ပ-နီ။
- ✱ (တနည်း) ဝိပစ္စနံ ဝိပါကော။ သုခဿ ဝိပါကော ယဿာတိ သုခဝိပါကော။
- ✱ အာမယတိ ရုဇ္ဇတီတိ အာမယော။ (အမ+ယ)
- ✱ နတ္ထိ အာမယော ဧတဿာတိ အနာမယော။
- ✔ ရောဂါကင်းခြင်း၏+ရောဂါကင်းသူနှင့် ဂုဏ်+ဂုဏေးစပ်။
- ✱ ကာယေ+ပဝတ္တော+သမာစာရော ကာယသမာစာရော။
- ✔ ကာယဒွါရ၏+အကျင့်နှင့် ဌာန+ဌာနီ စပ်။
- ✱ နတ္ထိ+ဥတ္တရော ယဿာတိ အနုတ္တရော။
- ✔ သာလွန်သူမရှိခြင်း၏+ မြတ်စွာဘုရားနှင့် ဂုဏ်+ဂုဏေးစပ်။
- ✱ အနုတ္တရဿ+ဘာဝေါ အနုတ္တရိယံ။ (အနုတ္တရ+ဏျ)
- ✔ သာလွန်သူမရှိသောမြတ်စွာဘုရား၏+သာလွန်သူမရှိခြင်းနှင့် ဂုဏေး+ဂုဏ်စပ်။
- ✱ အင်္ဂီယတိ ဉာယတိ လက္ခီယတိ ဝါ ဧတေနာတိ အင်္ဂံ။ (အဂ်ီ (တနည်း) အဂိ+အ။)
- ✱ ပဋိရူပဒ္ဒကာ အင်္ဂံ ပစ္စင်္ဂံ။
- ✱ အင်္ဂဥ ပစ္စင်္ဂဥ အင်္ဂပစ္စင်္ဂါ။
- ✔ ကြီးသောအင်္ဂါနှင့် ငယ်သောအင်္ဂါတို့၏ အချင်းချင်းငဲ့ သကဲ့သို့ဖြစ်သော အညမညာပေက္ခ သမွန်သည် ဗျူ-နီ။
- ✔ အင်္ဂါကြီးငယ်တို့၏ တစ်ခုသည် ---ဓာတ်သည် ပ-နီ။

(၅)

(က) အယ်-ကား သဗ္ဗနာမ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိ (သဗ္ဗနာမ်ဂိုဏ်း)

(ဂ) ကစ္စိ,နု-တို့ကား နိပါတ်၊ အလိင်၊ ဂဏဝိမုတ်။

ဘောတော-ကား ကိတ်နာမ်၊ ပုံလိင်၊ ဂစ္ဆန္တာဒိ။

http://www.dhammadownload.com



(ဃ) သွာယမိစ-၌--

သော-ကား သဗ္ဗနာမ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိ (သဗ္ဗနာမ်ဂိုဏ်း)

အယံ-ကား သဗ္ဗနာမ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိ (သဗ္ဗနာမ်ဂိုဏ်း)

ဣစ-ကား နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်။

ဆေက-ကား ဆိဒိ+ဏာပစ္စည်း။ ဒ-ကို က-ပြု။

(၆)

(ခ)ဖြင့် သာမညဖြစ်သော ကုသလသဒ္ဒါသည် အာရောဂျ အနဝဇ္ဇ ဆေက သုခ ဝိပါက ဟူသော အနက်တို့ကို ဟောသတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ၊ သဒ္ဒါဟောအဘိဓေယျတ္ထ။) (ဃ) ဖြင့် ဤကုသလာဓမ္မာ-၌ ကုသလ-သဒ္ဒါကား အာရောဂျ အနဝဇ္ဇသုခဝိပါက အနက်တို့ကို ဟောသတည်း-ဟု သိစေသည်။ (နာမလိင်္ဂတ္ထ၊ သဒ္ဒါဟော-ဘိ)
(တနည်း) (ဃ)ဖြင့် သာမညဖြစ်သော ကုသလ-သဒ္ဒါသည် အာရောဂျစသောအနက် ၄-ပါးလုံးနှင့် ဆက်ဆံသော်လည်း ဤကုသလာဓမ္မာ ၌ ကုသလ-အရ အာရောဂျ အနဝဇ္ဇသုခဝိပါက ဟူသော အနက်(၃)ပါးကိုသာ လိုအပ်သတည်းဟု သိစေသည်။ (အဓိပ္ပေတတ္ထသံဝဏ္ဏနာ)

◆ ထင်ရှန်တစ်ပါး၊ အနက်များထဲ၊ ဖွင့်တုံက၊ အဓိပ္ပေတသာ။ (သမ္ဗန္ဓစိန္တာဂဏ္ဌိနိယံ)

(၇)

(က) ဣဒါနိ-၌ ဣမ-ကား လွန်ပြီးကာလဒြဗ်ကိုစွဲ ပဏ္ဏတ္တိ။

(ဂ) အယံ-ကား ဆိုခဲ့ပြီး ကုသလသဒ္ဒေါကိုစွဲ ပဏ္ဏတ္တိ။

(ဃ) သော-အယံ-တို့ကား ဆိုခဲ့ပြီး ကုသလသဒ္ဒေါကိုစွဲ ပဏ္ဏတ္တိ။

(က) ဣဒါနိ-ကား ကာလသတ္တမျတ္ထ။

အနုပုဗ္ဗ-၌ အနု-ကား အနုဂတတ္ထ။

တာဝ-ကား ပဌမတ္ထ။

## (ဃ) ၌ အပိ (ပိ) သဒ္ဒါထားရခြင်း

ကုသလ-သဒ္ဒါသည် အာရောဂျ အနက်၌သာဖြစ်သည်မဟုတ်သေး၊ အနဝဇ္ဇ,သုခဝိပါက အနက်၌လည်းဖြစ်သေး၏ ဟူသော သမုစ္စည်း အနက်ကို ပြလိုသောကြောင့် အာရောဂျေပိ-၌ အပိ(ပိ) သဒ္ဒါထားသည်။

*အမှာ။ ။ အနဝဇ္ဇေပိ, သုခဝိပါကေပိ-၌ အပိ (ပိ) သဒ္ဒါထားပုံကိုလည်း နည်းမှီ၍ သိလေ။*

http://www.dhammadownload.com



(၈)

(ဂ) ဝါကျ ကုသလေသု ဓမ္မေသု–အရ ဗောဓိပက္ခိယဓမ္မ ၃၇–ပါးကိုယူ၍---

✔ ထို--သည် ဒဿနဋ္ဌ။

✔ ယောနိသောမနသိကာရသည် ဒီပကဋ္ဌ။

✔ သမ္မာသမ္ဗောဓိဉာဏ်ကို ရခြင်းသည် ပကာသနဋ္ဌ။

✔ သဒ္ဓမ္မသဝန, သပ္ပုရိသူပနိဿယ–စသည်သည် ဝိဘာဝဋ္ဌ။

✔ အလွန်မြင့်မြတ်သူဖြစ်ရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သောအကျိုး အဆက်ဆက်သည် အနုဘာဝဋ္ဌ။

(က) ကုသလာ ဓမ္မာတိ အာဒီနံ –အရ

ကုသလာ ဓမ္မာ အစရှိသော မာတိကာပုဒ်တည်းဟူသော ဝစီဘေဒသဒ္ဒ–ကိုယူ။

(ဂ) ဝါကျ ဓမ္မံ ဒေသေတိ–၌ ဒိသိဓာတ်–အရ

ဘုရားရှင်၏ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကို ယူ၍ထုတ်။

(ဂ) ဝါကျ သိဒ္ဓေယျသိဒ္ဓိ။

ကုသလ သဒ္ဒါ၏ အာရောဂျ–စသော အနက်များဟောနိုင်သည်၏အဖြစ်ကို ကစ္စိနုဓေါ ဘောတော ကုသလံ– အစရှိသော အာဂုမ် ပါဠိ အသီးသီးတို့ဖြင့် ယုံကြည်စေအပ်, ပြီးစေအပ်သောကြောင့် (ဝါ)အာဂုမ်ပါဠိအသီးသီးကိုထောက်ဆ၍ သိရသောကြောင့် (ဂ)ဝါကျ၌ သိဒ္ဓေယျသိဒ္ဓိ ဖြစ်ပါသည်။

(ဃ) ဝါကျ အတ္ထာပန္န (အတ္ထာပတ္တိ) သိဒ္ဓိ။

ဤကုသလာ ဓမ္မာ၌ ကုသလ–သဒ္ဒါသည် အာရောဂျ,အနဝဇ္ဇ,သုခဝိပါက (၃)ပါး၌သာဖြစ်၏ ဟု အန္ဓယ ကိုဆိုသဖြင့် ဆေကအနက်၌မဖြစ်ဟု ဗျတိရေကကိုလည်းသိရသောကြောင့် အတ္ထာပန္န (အတ္ထာပတ္တိ)သိဒ္ဓိ မည်၏။

*မှတ်ချက်။ ။ အာဂမဒဋ္ဌိဝါကျ မှန်သမျှ သိဒ္ဓေယျသိဒ္ဓိရ၏။ အတ္ထုဒ္ဒေသဝါကျမှန်သမျှ အတ္ထာပန္န (အတ္ထာပတ္တိ) သိဒ္ဓိရသည်ချည်းမှတ်။*

◆ ဗျတိဆိုက၊ န္ဓယသိ၊ န္ဓယဆိုက၊ ဗျတိသိ၊ သိဒ္ဓိအတ္ထာပတ်။

(၉)

(ဂ)ကာယသမာစာရော ကုသလော–၌ ကာယ--အရ ကာယဝိညတ်ကိုယူ၍ လက္ခဏာဒိစတုက္ကထုတ်။

(၁၀)

(ဂ) ဓမ္မံ ဒေသေတိ–၌ ဓမ္မ–အရ ဗောဓိပက္ခိယ–တရားဟူသော ဒေသေတဗ္ဗဓမ္မာရုံပစ္စည်းတရားက ဒေသေတိ–အရ ဘုရားရှင်၏ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား–အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်။ အာရမ္မဏ၊ အဓိပတိ၊ ဉပနိဿယ၊ (၃) ပြိုင်။

http://www.dhammadownload.com



ဘဂဝါ ဒေသေတိ-၌ ဘဂဝါ-အရ ဘုရားရှင်၏ ဒေသနာဉာဏ် ပစ္စည်းတရားက ဒေသေတိ-အရ တံသမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိ ဖြင့်----ပြု။

ပြိုင်။ ကြီး--၄၊ အညာ၊ သမ္ပယုတ္တ၊ ဟော၊ မိ၊ ဣံ၊ မဂ် (၁၀)ပစ္စည်း။

(ခ) သုခဝိပါကေ-၌ ဗာဟုဇ္ဈ-အရ ကုသိုလ်ကံစေတနာ ပစ္စည်းတရားက အန္တတ္တ-အရ ဝိပါကံနာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားအား ပကတူပ---ဖြင့် ကျေးဇူးပြုသည်။

ပြိုင်။ ပကတူပနိဿယ၊ နာနက္ခဏိကကမ္မ၊ (၂) ပစ္စည်း။

*အမှာ။ ။ သုခဝိပါက-ပုဒ်ကား ဗဟုဗ္ဗီဟိသမာသ်ပုဒ်ဖြစ်၍ အညပုဒ်အရကား ဗာဟုဇ္ဈဖြစ်သည်။ သမာသ်ပုဒ်လုံးအရကား အန္တတ္တ ဖြစ်သည်။ (၄-နံပါတ်၌ ဝိဂ္ဂဟ ဖော်ပြပြီးဖြစ်သည်။)*

(ဂ) ကာယသမာစာရော ကုသလော-ကာယသမာစာရော အနဝဇ္ဇော-တို့၌--ကာယ-အရ ကာယဝိညတ္တိပစ္စည်းတရားက သမာစာရ-အရ မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိ-ဖြင့် ကျေးဇူးပြုသည်။

==============================

## ဝါကျဥယျာဉ် (၁၃)

(က) ဓမ္မသဒ္ဒေါ ပနာယံ ပရိယတ္တိဟေတုဂုဏနိဿတ္တနိဇ္ဇီဝတာဒီသု ဒိဿတိ။

(ခ) အယဉှိ "ဓမ္မံ ပရိယာပုဏာတိ သုတ္တံ ဂေယျ"န္တိအာဒီသု ပရိယတ္တိယံ ဒိဿတိ။

(ဂ) "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"တိအာဒီသု ဟေတုမှိ။

(ဃ) "န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။

အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိ"န္တိအာဒီသု ဂုဏေ။

(င) "တသ္မိံ ခေါ ပန သမယေ ဓမ္မာ ဟောန္တိ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ"တိ အာဒီသု နိဿတ္တနိဇ္ဇီဝတာယံ။

(စ) သွာယမိဓာပိ နိဿတ္တနိဇ္ဇီဝတာယမေဝ ဝတ္တတိ။

ဋ္ဌ၊၈၁။မူလဋီ၊၂၈။ ပြည်၊၂၆၇။ ဘာသာဋီ၊၂၇၈။ ယောဇနာ။၆၀။ ဂဏ္ဌိ၊၁၈၀။

==========================

## (၂)

### (က) အနုသန္ဓေ။

ကုသလသဒ္ဒါတာဝ စသည်ဖြင့် ကုသလာ ဓမ္မာ-၌ ကုသလသဒ္ဒါ၏ အတ္ထုဒ္ဓါရ အတ္ထုဒ္ဒေသ-ကို ပြဆိုပြီး၍ ဤယခုအခါ၌ ဓမ္မသဒ္ဒါ၏ အတ္ထုဒ္ဓါရ အတ္ထုဒ္ဒေသကို ပြလို၍ ဓမ္မသဒ္ဒေါ ပနာယ-စသော (က) စသည်မိန့်။ (ပဌက တက်ပုံ လွယ်ပြီ။)

http://www.dhammadownload.com



(ဂ) ပါပနာဒီပဋ္ဌက

ဆရာ–သည် (ခ) ဖြင့် ဓမ္မ–သဒ္ဒါ ပရိယတ္တိအနက်၌ ထင်ပုံ ဥဒါဟရဏ် အာဂုမ်သာဓကေ ကို ပြဆိုတော်မူ၏။ ထို––သော်။ ဓမ္မသဒ္ဒါ ပရိယတ္တိအနက်၌ ထင်သည့် ဥဒါဟရဏ် အာဂုမ်သာဓကေ ကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်–––ကား ထိုအနက်သည် မရောက်သင့်။ ထို့––ကြောင့် ဓမ္မ–သဒ္ဒါ ဟေတုအနက်၌ထင်ပုံ–ဥဒါဟရဏ် အာဂုမ်သာဓကေကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်တန်ရာ။––– အဗျာပိတ, အပရိပုဏ္ဏ–၏။ စုဒ်ကြောင့် (ဂ) မိန့်။

အဓိပ္ပာယ်ကား––(ဂ)ဖြင့် ဓမ္မ–သဒ္ဒါ ဟေတု–အနက်၌ ထင်ပုံ ဥဒါဟရဏ် အာဂုမ်သာဓကေ–ကိုလည်း ငါပြ–––ဟူလို။

*မှတ်ချက်။ ။ ဤဝါကျ၌ (ခ) မှ (င)တိုင်အောင် အတ္ထုဒ္ဒါရအကျယ်ပြသည်။ (စ)ကား အတ္ထုဒ္ဓေသကိုပြသည်။ ရှေးကုသလအဖွင့်ကိုမှီး၍ ကျမ်းတက်ပုံကိုသိလေ။ (ဃ)(င)တို့ကိုလည်း (ဂ)ဝါကျ နည်းမှီတက်လေ။*

အစမ္မော နိရယံ နေတိ–၌ ကံပုဒ်သို့ ပါပနာဒီကျမ်းရိုးထွက်

ဆရာ–သည် နေတိ–ဖြင့် သကမ္မကကြိယာကို ဆိုတော်မူ၏။ ထို––သော်။ သကမ္မကကြိယာ သာ–ရှိ၍ ကံပုဒ်မရှိ–ဟူသော အနက်သည် ရောက်ရာ၏။ စင်––ကား။ ကံပုဒ်မရှိ–ဟူသောအနက် မရောက် သင့်။ ထို့ကြောင့် ကံပုဒ်ကိုလည်း ပြဆိုသင့်သေး၏။ ကံပု ်ကို မပြဆိုဘဲမနေသင့်။ နေရျေသော် ကမ္မ+ ကမ္မိ ဆန့်ကျင်သော ဝိရောဓိ–၏။ ကံပုဒ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် နိရယံ ပါဠ်ကိုမိန့်။

အဓိပ္ပါယ်ကား။ ။ နိရယံ–ဟူသောကံပုဒ်ကို ငါပြဆိုသောကြောင့် ဝိရောဓိဒေါသငါ၌ မရောက်၊ ကင်းစင်လွင့်ပျောက်၏ဟူလို။

(၃)

(က) ပက္ခန္တရ။ အဗျာပိတ အပရိပုဏ္ဏ ပယ်သည်။
(ခ) ဝိတ္ထာ။ တပ္ပါကဋီ ဒဠှီ။ ဝိရောဓိ, ပုနရုတ္တိ ပယ်သည်။
(ဂ) ပက္ခန္တရ။ အဗျာပိတ, အပရိပုဏ္ဏ ပယ်သည်။
(ဃ) ပက္ခန္တရ။ အဗျာပိတ, အပရိပုဏ္ဏ ပယ်သည်။
(င) ပက္ခန္တရ။ အဗျာပိတ, အပရိပုဏ္ဏ ပယ်သည်။
(စ) ပက္ခန္တရ။ ဝိသေသ။ အဗျာပိတ, အပရိပုဏ္ဏ, အတိဗျာပိတ ပယ်သည်။
(က) ပန–ကား ပက္ခန္တရဇောတက။
(ခ) ဟိ–ကား ဝိတ္ထာရ။ တပ္ပါကဋီ, ဒဠှီဇောတက။

(စ) ဝါကျ ဂုဏ–သဒ္ဒါ ထားရခြင်း

"ဂုဏသဒ္ဒါ၊ ရှိလေရာ၊ အတ္ထာပကရဏ၊ စသည်စမ်းမြဲ။" ဟူသည်နှင့်အညီ အနက်, အရာ, ဩစိတျ အားဖြင့် ဓမ္မသဒ္ဒါ၏ နိဿတ္တနိဇ္ဇီဝအနက် ယူသင့်, ဖြစ်သင့်သောကြောင့် ဂုဏ သဒ္ဒါကို ထားသည်။

http://www.dhammadownload.com



(၄)

* ပရိယာပုဏာတိ တဗ္ဗာတိ ပရိယတ္တိ။

✔ ပရိ-အပဓာတ်+တိ-ပစ္စည်း။ သင်ယူခြင်းကြိယာသည် ဗျု-နိ။

✔ သင်ယူအပ်သော ပါဠိဓမ္မ၏ တစ်ခုသည် တစ်ခုနှင့် တူ--ဓာတ်--ပ-နိ။

## ဝစနတ္ထမှတ်ဘွယ်

* ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု။ (ဟိ+တု)

* ဂုဏာတိ အတ္ထနာ သဒ္ဓိံ ဝိပါကံ ဗန္ဓတီတိ ဂုဏော။ (ဂုဏ+အ)

* ရူပါဒီသု သဇ္ဇတီတိ သတ္တော။

* သတ္တတော+ ဝိရဟိတော နိဿတ္တော။

✔ သတ္တာ၏ ကင်းဆိတ်ခြင်းကြိယာနှင့် ဂုဏေး+ဂုဏ်စပ်။

* ဇီဝန္တိ သတ္တာ ယေနာတိ ဇီဝေါ။

* ဇီဝတော ဝိရဟိတော နိဇ္ဇီဝေါ။

* နိဿတ္တောစ သော နိဇ္ဇီဝေါစာတိ နိဿတ္တနိဇ္ဇီဝေါ။

* တဿ+ဘာဝေါ နိဿတ္တနိဇ္ဇီဝတာ။

* သမော+ဝိပါကော ဧတေသန္တိ သမဝိပါကိနော။ (ယောဇနာ)

* နိဂ္ဂတော အယော (ဣဋ္ဌဖလံ) အသ္မာတိ နိရယော။

* (တနည်း) အယတော သုခတော နိဂ္ဂတောတိ နိရယော။

* အနုပဿတိ သီလေနာတိ အနုပဿီ။

* ဓမ္မေ+အနုပဿီ ဓမ္မာနုပဿီ။

✔ (သဒ္ဒါရတာရားတို့၏+ယောဂီပုဂ္ဂိုလ်နှင့် ဌာနီ+ဌာနစပ်)

(၅)

✔ ဂေယျ-ကား ဂေဓာတ်+ ဏျပစ္စည်း။

✔ သမယေ-ကား သံ+ဣဓာတ်+ဏ။

✔ ဟေတု-ကား ဟိ+တု။

✔ ပဋိသမ္ဘိဒါ-ပဋိ သံ+ဘိဒိ+ဏ။

✔ သတ္တ-ကား သန္န (တစ်နည်း) သဇ္ဇ (တစ်နည်း) သဇ္ဇ+တ။

(၆)

(က) ဖြင့် ဓမ္မ-သဒ္ဒါသည် သာမညအားဖြင့် ပရိယတ္တိ, ဟေတု, ဂုဏ, နိဿတ္တနိဇ္ဇီဝတာ-ဟူသောအနက်တို့ကို ဟောသတည်းဟု သိစေ။ (နာမလိင်္ဂတ္ထ၊ သဒ္ဒါဟော-ဘိ)

(ခ) ဖြင့် ဓမ္မ-သဒ္ဒါသည် သာမညအားဖြင့် ပရိယတ္တိစသော အနက်အားလုံးနှင့် ဆက်ဆံသော်လည်း ဤကုသလာဓမ္မာ-၌ ဓမ္မ-သဒ္ဒါကား နိဿတ္တနိဇ္ဇီဝတာ အနက်ကိုသာ ဟောသတည်းဟုသိစေ။ (နာမလိင်္ဂတ္ထ၊ သဒ္ဒါဟော-ဘိ) (တနည်း) ဤကုသလာဓမ္မာ-၌ ဓမ္မ-အရ နိဿတ္တနိဇ္ဇီဝတာအနက်ကိုသာ လိုအပ်သတည်းဟုသိစေ။ (အဓိပ္ပေတတ္ထ)

http://www.dhammadownload.com



(၇)

(စ) နိဿတ္တနိဇ္ဇီဝတာယေဝ–၌ ဝေ၏ ဝေတ္တဖလတ္တယထုတ်ပုံ။

၁။ နိဿတ္တနိဇ္ဇီဝတာ–အနက်သည် ဂဟေတဗ္ဗတ္တ။

၂။ ပရိယတ္တိ, ဟေတု, ဂုဏ–အနက်တို့သည် နိဝတ္တေတဗ္ဗတ္တ။

၃။ သဘာဝ–အနက်သည် အနုညာတတ္တ။

သွာယမိစာပိ–၌ အပိ–သဒ္ဒါထားရခြင်း

(င) ဝါကျ တသ္မိံခေါပန သမယေ–စသော အာဂုမ်ပါဠိတော်၌သာ ဓမ္မ–သဒ္ဒါ နိဿတ္တနိဇ္ဇီဝအနက်ကိုဟောသည်မဟုတ်သေး၊ ဤကုသလာဓမ္မာ–ပုဒ်၌လည်း ဓမ္မ–သဒ္ဒါ–နိဿတ္တ,နိဇ္ဇီဝတာ အနက်ကိုဟော၏–ဟု သမုစ္စယတ္တ သမ္ဘိဏ္ဍနတ္တကို ပြလိုသောကြောင့် အပိ–သဒ္ဒါ ထားသည်။

(တနည်း) တသ္မိံ ခေါ ပန သမယေ ဓမ္မာ ဟောန္တိ–စသော အာဂုမ် ပါဠိတော်တို့၌ ဓမ္မ–သဒ္ဒါကို ငဲ့သော အပေက္ခနတ္တ–ကိုပြသောကြောင့် အပိ–သဒ္ဒါ ထားသည်။

*သာဓက။ ။ ဣစာပိ အပိသဒ္ဒေါ "ဓမ္မာ ဟောန္တိ"တိ အာဒီသု ဓမ္မသဒ္ဒံ အပေက္ခတိ။ (ယောဇနာ။ဖြေ။)*

"သဗ္ဗနာမ်တို့၏ ဝိသယအမည်"

(က) ဓမ္မသဒ္ဒေါ ပနာယံ–၌ အယံ–ကား ပသိဒ္ဓဝိသယ။

(ခ) အယဥ္စ–၌ အယံ–ကား ပစ္စက္ခဝိသယ။

(ဂ) တသ္မိံ–၌ တ–ကား ပသိဒ္ဓဝိသယ။

(ဃ) သွာယံ–၌ တ–ဣမ–ကား ပစ္စက္ခဝိသယ။

(၈)

ကြိယာငါးတန်

ဓမ္မံ ပရိယာပုဏာတိ–၌ ပရိ+အပ ဓာတ်–အရ ပရိယတ်ကို သင်ယူကြသောသူတို့၏ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို၍----

✔ ထို--သည် ဒဿနတ္တ။

✔ ယောနိသောမနသိကာရသည် ဒီပကတ္တ။

✔ ပရိယတ္တိဓမ္မ၌ တတ်သိလိမ္မာခြင်းသည် ပကာသနတ္တ။

✔ သဒ္ဓမ္မဿဝန သပ္ပုရိသူပနိဿယ စသည်---ဝိဘာဝတ္တ။

✔ သိသဖြင့်ကျင့်ခြင်း, ပိဟိပါမောဇ္ဇဖြစ်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်တို့သည် အနုဘာဝတ္တ။

http://www.dhammadownload.com



အစမ္မော နိရယံ နေတိ–၌ အစမ္မော–အရ–––

အပါယ်ပဋိသန္ဓေကို ဖြစ်စေတတ်သော ဥဒ္ဓစ္စ စေတနာကြဉ်သော အကုသိုလ်စေတနာ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍––––––

✔ ထို––သည် ဒဿနတ္ထ။

✔ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

✔ ငရဲဘုံ၌ ပဋိသန္ဓေနေရခြင်းသည် ပကာသနတ္ထ။

✔ ဗာလူပသေဝန, အသဒ္ဓမ္မဿဝနစသည် ဝိဘာဝတ္ထ။

✔ နေရယိကဒုက္ခကို အဆက်မပြတ်ခံစားရခြင်းစသည် အနုဘာဝတ္ထ။

ဓမ္မာနုပဿီ ဝိဟရတိ–၌

ဓမ္မာနုပဿီ–ဝယ် ဒိဿီဓာတ်–အရ (သို့မဟုတ်) ဝိဟရတိ–၌ ဝိ–ဟရ ဓာတ်–အရ–– ဝိပဿနာဉာဏ် ကိုယူ၍–––

✔ ထို––သည် ဒဿနတ္ထ။

✔ ယောနိသောမနသိကာရသည် ဒီပကတ္ထ။

✔ သောတာပတ္တိမဂ်သည် ပကာသနတ္ထ။

✔ စက္ကုသမ္ပတ္တိစသည် ဝိဘာဝတ္ထ။

✔ သောတာပန်ဖြစ်ရခြင်းမှစ၍ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

"သိဒ္ဓိ"

(ခ)(ဂ)(ဃ)(င) တို့၌ သိဒ္ဓေယျသိဒ္ဓိ ရသည်။

(စ) ဝါကျ၌ အတ္ထာပန္န, အတ္ထာပတ္တိသိဒ္ဓိ ရသည်။

(၁၀)

အစမ္မော + နေတိ (ကတ္တား+ကြိယာ)

အစမ္မော–အရ လောဘ ဒေါသ မောဟ တို့ကို ပစ္စည်းယူ၍ နေတိ–အရ ကြွင်းသော အကုသိုလ်စိတ္တုပ္ပါဒ်နာမက္ခန္ဓာတို့ကို ပစ္စယုပ္ပန်ယူ၍ အစမ္မော–အရက နေတိ–အရအား သဟဇာတ –––ပြုသည်။

ပြိုင် သဟကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု၊ ယထာရဟ (၇) ပစ္စည်း။

(တနည်း) အစမ္မော–အရ အကုသိုလ် စေတနာပစ္စည်းတရားသည် နေတိ–အရ ထိုစေတနာ နှင့်ယှဉ်သော အကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတ–––ပြု။

ပြိုင် သဟကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ အာဟာရ၊ ကမ္မ။ (၈) ပစ္စည်း။

http://www.dhammadownload.com



## နိရယံ နေတိ (ကံ + ကြိယာ)

နေတိ–အရ (ဥဒ္ဓစ္စကြဉ်သော) အကုသိုလ်ကံ စေတနာပစ္စည်းတရားက နိရယံ–အရ (ငရဲဘုံသားတို့၏ပဋိသန္ဓေဖြစ်သော) အကုသလဝိပါက် နာမက္ခန္ဓာ၊ ကဋတ္တာရုပ်ပစ္စယုပ္ပန်တရားအား နာနက္ခဏိကကမ္မ––ပြု။

ပြိုင်– ပကတူပနိဿယ၊ နာနက္ခဏိကကမ္မ၊ (၂) ပစ္စည်း။

*မှတ်ချက်။ ။ ဝုတ္တကတ္တားနှင့် ဝုတ္တကြိယာပုဒ်တို့အရတူကြသည်။ ကုသိုလ်ကံ,အကုသိုလ်ကံကြောင့် သုဂတိဘုံ, ဒုဂ္ဂတိဘုံဘဝသို့ရောက်၏ဟုဆိုရာ၌ ကုသိုလ်အကုသိုလ်အရ–စေတနာ (ကံ) ကိုယူရသည်။ ဘုံဘဝအရ ထိုဘုံသားသတ္တဝါတို့၏ ပဋိသန္ဓေစိတ္တုပ္ပါဒ်ကိုယူရသည်။ ကာရက၊ အကာရကပုဒ်တို့နှင့် ကြိယာပုဒ်တို့ ပစ္စည်းပြိုင်ရာ၌ ယေဘုယျအားဖြင့် ကာရက၊ အကာရကပုဒ်တို့က ပစ္စည်းဖြစ်၍ ကြိယာပုဒ်တို့က ပစ္စယုပ္ပန်ဖြစ်ကြသည်။ ဤနေရာ၌ကား နေတိ–ကြိယာကပစ္စည်း။ နိရယံ(ကံ)ပုဒ်က ပစ္စယုပ္ပန်ဖြစ်နေသည်။ "ကြိယာကံ +စပ်ဟန်ရိုး+မျိုးအာရုံတူ" ဟုဆိုသော်လည်း ဤနေရာ၌ နာနက္ခဏိကကမ္မမျိုးသာဖြစ်သည်။ ထို့ကြောင့် နိယံ–ဟူက၊ ယေဘုယျ၊ မုချမမှတ်ရာ။*

## ဓမ္မော+ပါပေတိ

ဓမ္မော–အရ ကုသိုလ်ဟိတ် ၃–ပါး ပစ္စည်းတရားသည် ပါပေတိ–အရ ထိုဟိတ် ၃–ပါး ကြဉ်သော လောကီကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတ–ပြုသည်။

ပြိုင်။ ကြီး ၄၊ အညာ၊ သမ္ပယုတ္တ၊ ဟေ၊ ဓိ၊ လ္လံ၊ မဂ္ဂ (၁၀)

## "သုဂတိံ+ပါပေတိ"

ပါပေတိ–အရ လောကီကုသိုလ်စေတနာပစ္စည်းတရားသည် သုဂတိံ–အရ (သုဂတိဘုံသားတို့၏) ပဋိသန္ဓေ နာမက္ခန္ဓာ၊ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားအား နာနက္ခဏိကကမ္မ ဖြင့်––ပြုသည်။

ပြိုင်– ပကတူပ၊ နာနက္ခဏိကကမ္မ (၂) ပစ္စည်း။

## (ခ) ဓမ္မံ ပရိယာပုဏာတိ သုတ္တံ ဂေယျံ။ (ကံ+ကြိယာ)

ဓမ္မံ သုတ္တံ ဂေယျံ– အရ သုတ္တဂေယျပရိယတ္တိဓမ္မ–ဟူသော အာရုံပစ္စည်း တရားက ပရိယာပုဏာတိ–အရ မဟာကုသိုလ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ– ပြု။

ပြိုင်၊ အာ–ဓိ–ဥ (၃) ပစ္စည်း။

## (ဃ) တသ္မိံ ခေါပန သမယေ ဓမ္မာ ဟောန္တိ။ (ကတ္တား+ကြိယာ)

ဓမ္မာ–အရ ဖဿစသော စေတသိကဓမ္မ ပစ္စည်းတရားက ဟောန္တိ–အရ မဟာကုသိုလ် စိတ္တုပ္ပါဒ်ပစ္စယုပ္ပန် တရားအား သဟ–ပြု။

ပြိုင်၊ သဟကြီး–၄၊ အညမည၊ သမ္ပယုတ္တ၊ သဟငယ် (၇) ယထာရဟ (၁၃)ပစ္စည်း။

## (င) ဓမ္မေသု ဓမ္မာနုပဿီ+ဝိဟရတိ။

ဓမ္မ –၂ ပုဒ်–အရ စိတ်စေတသိက်စသော သဘာဝဓမ္မ အာရုံပစ္စည်းတရားက။ အနုပဿီ–အရ (တနည်း) ဝိဟရတိ–အရ မဟာကုသိုလ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ ပြု။

ပြိုင်။ အာ–ဓိ–ဥ–ပုရေ–အတ္ထိ၊ အဝိ၊ ယထာရဟ (၆) ပစ္စည်း။

==============================

F 16 A

http://www.dhammadownload.com



## ဝါကျဉယျာဉ် (၁၄)

(က) ဝစနတ္ထော ပနေတ္ထ ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္ပေန္တိ ဝိဒ္ဓံသေန္တီတိ ကုသလာ။
(ခ) ကုစ္ဆိတေန ဝါ အာကာရေန သယန္တီတိ ကုသာ၊ တေ အကုသလသင်္ခါတေ ကုသေ လုနန္တိ ဆိန္ဒန္တီတိ ကုသလာ။
(ဂ) ကုစ္ဆိတာနံ ဝါ သာနတော တနုကရဏတော ဩသာနကရဏတော ဉာဏံ ကုသံ နာမ၊ တေန ကုသေန လာတဗ္ဗာတိ ကုသလာ။
(ဃ) ဂဟေတဗ္ဗာ ပဝတ္တေတဗ္ဗာတိ အတ္ထော။
(င) ယထာ ဝါ ကုသာ ဥဘယဘာဂဂတံ ဟတ္ထပ္ပဒေသံ လုနန္တိ၊ ဧဝမိမေပိ ဥပ္ပန္နာနုပ္ပန္နဘာဝေန ဥဘယဘာဂဂတံ ကိလေသပက္ခံ လုနန္တိ၊ တသ္မာ ကုသာ ဝိယ လုနန္တီတိပိ ကုသလာ။

ဋ္ဌ၊၈၁။ မူလဋီ၊ ၂၈။ ပြည်၊၂၆၈။ ဘာသာဋီ၊၂၅၁။ ယောဇနာ၊ ၆၁။ မင်းခင်းဂဏ္ဌိ၊၁၈၀။

==============================

### (၁)

### (က) ကြိယာပုဒ်များကို သမာနတ္ထ၊ ဘိန္နတ္ထ ကြံ၍အနက်ပေး

သလယန္တိ–စလယန္တိ–ကမ္ပေန္တိ ဝိဒ္ဓံသေန္တိ–ဖျက်ဆီးတတ်ကုန်၏။ (တနည်း) သလယန္တိ–စလယန္တိ–တဒင်္ဂပဟာန်အားဖြင့် ပြင်းစွာ တုန်လှုပ်စေတတ်ကုန်၏။ သလယန္တိ ကမ္ပေန္တိ–ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပြင်းစွာတုန်လှုပ်စေတတ်ကုန်၏။ သလယန္တိ ဝိဒ္ဓံသေန္တိ–သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ဖျက်ဆီးတတ်ကုန်၏။ (ပြည်သျှ)

### (ခ) ဟေတာလင်္ကာရနည်းဖြင့် ထည့်ပါဌ်များထည့်ပေး။

ယေဓမ္မာ–တို့သည်၊ ရာဂါဒိအသုစိသမ္ပယောဂတော–မစင်ပမာ ပညာရှိတို့သည် စက်ဆုပ်အပ်သော ရာဂအစရှိသော သံကိလေသအသုစိတို့နှင့် ယှဉ်ခြင်းကြောင့်၄င်း။ နာနာဝိဓဒုက္ခဟေတုတော စ–အထူးထူးသောအပြားရှိသော ဒုက္ခ၏ အကြောင်း၏ အဖြစ်ကြောင့်၄င်း။ ကုစ္ဆိတေန–ပညာရှိတို့သည် ကဲ့ရဲ့အပ်စက်ဆုပ်အပ်သော။ အာကာရေန–ဖြင့်။ သတ္တာနေ–သတ္တဝါတို့၏ စိတ်အစဉ်၌ (ထည့်) သယန္တိ–ဖြစ်တတ်ကုန်၏။ပ။ (ပြည်သျှ။ မူလဋီကာ။ ၂၈။)

### (၂)

### (က)သို့ အနုသန္ဓေ

ဤသို့ ကုသလသဒ္ဒေါ တာဝ– စသည်ဖြင့် ကုသလသဒ္ဒါ၏ အတ္ထုဒ္ဓါရ,အဓိပ္ပါယ်သတို့ကို ပြဆိုတော်မူပြီး၍၊ ဤယခုအခါ၌ ယင်း ကုသလ–သဒ္ဒါ၏ ဝစနတ္ထ အဘိဓာနတ္ထကိုပြလိုသော ဆရာသည် (က)မိန့်။

### (ခ) ဋ္ဌပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် (က) ဖြင့် ကုသလ–သဒ္ဒါကို ကုစ္ဆိတေ သလယန္တီတိ ကုသလာ–ဟု ကိတန္တဒုတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထ–ပြုရမည်ဟု ပြဆိုတော်မူ၏။ ထို––သော် ကုသလာ–ပုဒ်၌ ယင်းအဖွင့် သံဝဏ္ဏနာ ဝစနတ္ထတမျိုးသာရှိ၍ အခြားဖြစ်သင့်သော ဝစနတ္ထမရှိဟူသော အနက်သည် ရောက်

http://www.dhammadownload.com



ရာသည် မဟုတ်ပါလော။ ထို--ကြောင့် (က) ဖြင့်---ဝစနတ္ထကိုသာ မဆိုသင့်။ အခြားဖြစ်သင့်သော ကုသလသဒ္ဒါ၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ အခြားဖြစ်သင့်သော ကုသလ-သဒ္ဒါ၏ ဝစနတ္ထကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။

အဓိပ္ပါယ်ကား။ ။ကုသေ လုနန္တီတိ ကုသလာဟုလည်း ဝစနတ္ထပြုနိုင်သေး၏-ဟု ငါပြ--ဟူလို။

## (ဂ) ပါပနာဒိပဋ္ဌက

ဆရာ-သည် (ခ) ဖြင့် ကုသလာ၌ ကုသ-အရ အကုသိုလ်ဓမ္မကိုယူ၍ ကုသလာ-ပုဒ်ကို ကုသေ လုနန္တီတိ ကုသလာ-ဟု ဝစနတ္ထပြုရမည်-ဟု ပြဆိုတော်မူ၏။ ထို--သော် ကုသ-အရ အကုသိုလ်ကိုသာယူ၍ ကုသလာ-ပုဒ်ကိုလည်း ကုသေ လုနန္တီတိ ကုသလာ-ဟူ၍သာ ဝစနတ္ထပြုရမည် ဟူသော အနက်သည်ရောက်ခဲ့ရာ၏။ စင်---ကား ထိုအနက်သည်မရောက်သင့်။ ထို့-ကြောင့် ကုသလာ-၌ အခြားဖြစ်သင့်သော ကုသ-သဒ္ဒါ၏ အဘိဓေယျတ္ထနှင့် ကုသလ-သဒ္ဒါ၏ ဝစနတ္ထတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့်။ အဗျာပိတ အပရိပုဏ္ဏ--၏။ ကုသလာ-၌ အခြားဖြစ်သင့်သော ကုသ-သဒ္ဒါ၏ အဘိဓေယျတ္ထနှင့် ကုသလ-သဒ္ဒါ၏ ဝစနတ္ထကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

ကား။ ။ကုသ-အရ ဉာဏ်ကိုယူ၍၊ ကုသေန လာတဗ္ဗာတိ ကုသလာ-ဟုလည်း ဝစနတ္ထ ပြုနိုင်သေး၏---ဟူလို။

## (ဃ) ပါပနာဒိပဋ္ဌက

ဆရာ-သည် (ဂ)ဖြင့် ကုသလာ-ပုဒ်ကို ကုသေန လာတဗ္ဗာတိ ကုသလာ ဟု ဝစနတ္ထပြုရမည် ဟု ဆိုတော်မူ၏။ ထို---သော် လာတဗ္ဗာ၌ လာ-ဓာတ်၏ ငုတ်နေသော ဓာတွတ္ထနှင့် အဓိပ္ပါယတ္ထ ကို အကျယ် မသိအပ် မသိနိုင်ဟူသော အနက်သည်ရောက်ရာ၏ စသည်ဖြင့်တက်လေ။

## (၃)

## (ခ) ဝါ-သဒ္ဒါ ထားရခြင်း

ကုစ္ဆိတေ သလယန္တီတိ ကုသလာ-ဟူသော ဝစနတ္ထအကြောင်းမှတပါး ကုသေ လုနန္တီတိ ကုသလာ ဟူသော ဝစနတ္ထအကြောင်း တစ်မျိုးကို လဲလှယ်လိုသောကြောင့်၄င်း, ကုပုဗ္ဗ-သလဓာတ်+ အပစ္စည်းဖြင့်ပြီးသော ကုသလာပုဒ်၏ အဖွင့်မှတစ်ပါး ကုသသဒ္ဒူပပဒ+လူဓာတ် အပစ္စည်းဖြင့် ပြီးသော ကုသလာပုဒ်၏ အဖွင့်ဟူသော သံဝဏ္ဏနာတမျိုးကို လဲလှယ်လိုသောကြောင့်၄င်း, စက်ဆုတ်ဖွယ်ကောင်းသော အကုသိုလ်တရားတို့ကို တုန်လှုပ်စေတတ် ဖျက်ဆီးတတ်သောကြောင့် ကုသလမည်၏ဟူသော အကြောင်းသကတ်မှတပါး အကုသိုလ်တို့ကို ရိတ်ဖြတ်တတ်သောကြောင့် ကုသလမည်၏ဟူသော အကြောင်းသကတ်မျိုးကို လဲလှယ်လိုသောကြောင့်၄င်း (ခ) ဝါကျ၌ ဝါ-သဒ္ဒါ ထားပါသည်။

*အမှာ။ ။(ဂ)(ဃ)ဝါကျ ဝါသဒ္ဒါထားရပုံကို အာဘော် သံဝဏ္ဏနာကို ရှု၍ အထက်ပါအတိုင်းနည်း မှီး၍ဖြေ။ မခက်။*

## "ဒေါသပယ်"

(က) ကုသလသဒ္ဒါ၏ အတ္ထုဒ္ဓါရ အတ္ထုဒ္ဒေသမှတပါး ကုသလသဒ္ဒါ၏ ဝစနတ္ထကိုပြသော ကြောင့် (ပက္ခန္တရ) အဗျာပိတ ပယ်။

(ခ) ကုစ္ဆိတေ သလယန္တီတိ ကုသလာ-ဟူသော ဝစနတ္ထမှတပါး ကုသေ လုနန္တီတိ ကုသလာ

http://www.dhammadownload.com



ဟူသော ဝစနတ္ထတမျိုးကိုပြသောကြောင့် (ပက္ခန္တရ) အဗျာပိတ, အပရိပုဏ္ဏ–ပယ်။

*အမှာ။ ။ကျန်ဝါကျများ နည်းမှီးဖြေ။ မခက်။*

(၄)

* တနံ ကရောတီတိ တနုကရဏံ။

✔ ခေါင်းပါးအောင်ပြုခြင်းကြိယာသည်၄င်း၊ တနုသဒ္ဒူပပဒ+ကရဓာတ် ယုပစ္စည်းသည်၄င်း ဗျု–နိ။

✔ ခေါင်းပါးအောင်ပြုတတ်သောဉာဏ်၏ တစ်ခုသည် တစ်ခုနှင့်တူသောအခြင်းအရာ ဟုဆိုအပ်သောဓာတ်သည် ပ–နိ။

ဝစနတ္ထမှတ်ဖွယ်

* ဝုစ္စတိ အနေနာတိ ဝစနံ။ (ဝစ+ယု။ ဆိုခြင်းကြိယာ)

* ဝစနဿ အတ္ထော ဝစနတ္ထော။ (ယောဇနာ)

✔ သဒ္ဒါ၏ အနက်နှင့် အကြောင်းအကျိုးစပ် သမ္ဗန်သည်၄င်း။ ဝစနပုဒ်+အတ္ထပုဒ်သည်၄င်း ဗျု–နိ။

✔ ဝစနတ္ထတို့၏ တစ်ခုသည် တစ်ခုနှင့်---ဓာတ်သည် ပ–နိ။

* ကုစ္ဆိယန္တေတိ ကုစ္ဆိတာ။ (ကုစ္ဆ + တ၊ စက်ဆုတ်ခြင်းကြိယာ)

* (တနည်း) ကုစ္ဆာ သဉ္ဇာတာ ယေသံ အတ္ထီတိ ကုစ္ဆိတာ။ (ဓာန်ဋီ)

✔ ဖြစ်သောစက်ဆုပ်ခြင်း၏ အကုသိုလ်ဓမ္မတို့နှင့် ဂုဏ်+ဂုဏေးစပ်– သမ္ဗန်သည်၄င်း။ ကုစ္ဆပုဒ်+ဣတပစ္စည်းသည်၄င်း ဗျု–နိ။

✔ အကုသိုလ်ဓမ္မတို့၏ တစ်ခုသည်----ဓာတ်သည် ပ–နိ။

* ပါပေန္တီတိ ပါပကာ။ (ပ+အပဓာတ်+ဏွု။ ရောက်စေခြင်းကြိယာ)
(င) ဝါကျ ကုသ–သမန်းမြက်။

* ကဝန္တိ ဝါတေန နဒန္တီတိ ကုသာ။ (ဏွာဒိ။ ၂၁၄။)
(ကုဓာတ်+သက်ပစ္စည်း။ လေကြောင့်မြည်ခြင်းကြိယာ)

* (တနည်း) ကုယံ (ပထဝိယံ) သယန္တိ ဓာယန္တီတိ ကုသာ။ (ကု+သိ+အ)

* ဟသန္တိ အနေနာတိ ဟတ္ထော။ (ဟသ+တ) (ဏွာဒိ။၈၈။)

* ဟရန္တိ အနေနာတိ ဟတ္ထော။ (ဟရ+ထ)

* ဟတ္ထဿ ပဒေသော ဟတ္ထပ္ပဒေသော။

(၅)

ကုစ္ဆိတာနံ = ကိတ် (တနည်း) တဒ္ဓိတ်၊ ပုလိင်၊ ပုရိသာဒိ၊ အကာရန္တ။
သာန = ကိတပဒ၊ နပုံ၊ စိတ္တာဒိ၊ အကာရန္တ။

http://www.dhammadownload.com



တနုကရဏာ = ကိတန္တသမာသပဒ၊ နပုံ၊ စိတ္တာဒိ၊ အကာရန္တ။
ဩဿာနုကရဏာ = ကိတန္တသမာသပဒ၊ နပုံ၊ စိတ္တာဒိ၊ အကာရန္တ။
ဉာဏံ= ကိတပဒ၊ နပုံ၊ စိတ္တာဒိ၊ အကာရန္တ။
နာမ = နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ။

၆။ (က)ကုစ္ဆိတေ သလယန္တီ-ဖြင့် ကုသလာ-၌ ကု-ပုဒ် သလဓာတ်၏အဖြစ်ကိုင်း၊(ဒု-ဓာတုပဒ) ကာရိတ်ပစ္စည်းကျေနေသည်၏အဖြစ်ကိုင်း၊ (ဒုပစ္စယပဒ) အ-ပစ္စည်း၏ ဟေတုကတ္တုသာဓန အနက်၌သက်--၄င်း၊(ဒုပစ္စယတ္ထ) ကု-နိပါတ်ပုဒ်၏ ကုစ္ဆိတအနက်ဟောသည်၏အဖြစ်ကိုင်း၊ (နိပါတလိင်္ဂတ္ထ) ကုစ္ဆိတေ သလယန္တီတိ ကုသာ-ဟု ဟေတုကတ္တုသာဓန ကိတန္တဒုတိယာ တပ္ပုရိသ် ဝစနတ္ထ ပြုရမည်ကိုင်း၊ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ) သိစေသည်။ ပါပကေ ဓမ္မေ-ဖြင့် ကုသလာ-၌ ကု-အရ ကုစ္ဆိတဘောဂဏ်ကိုအကြောင်းပဝတ္တနိမိတ်ပြု၍ အကုသိုလ်တရားတို့ကို ယူရမည်ဟုသိစေ။

စလယန္တိ-ဖြင့် သလယန္တိ-၌ သလဓာတ်သည် ဂတိစသောအနက်တို့ကိုမဟော၊ စလနအနက် ဟော--သိ။ (ဓာတွတ္ထ) (တနည်း) စလယန္တိ-ဖြင့် သလယန္တိ၌ တုန်လှုပ်စေ၏-ဟူသည် (ကာမာဝစရကုသိုလ်က) အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်ဖြင့် တုန်လှုပ်စေခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကို သိစေသည်။

ကမ္ပေန္တိ-ဖြင့် စလယန္တိ-၌ စလဓာတ်သည် ဝိလာသ, ဂတိအနက်တို့ကိုမဟော၊ စလနအနက် ဟော၏ ဟုသိစေ။

(တနည်း) ကမ္ပေန္တိ-ဖြင့် စလယန္တိ-၌ တုန်လှုပ်စေ၏ဟူသည် (မဟဂ္ဂုတ်ကုသိုလ်က)အကုသိုလ် တရားတို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့်ပြင်းစွာတုန်လှုပ်စေခြင်းပင်တည်းဟူသောအဓိပ္ပါယ်ကိုသိစေသည်။

ဝိဒ္ဓံသေန္တိ-ဖြင့် ကမ္ပေန္တိ-၌ ကပိ(ကမ္ပ) ဓာတ်သည် တက္ကလဂန္ဓအနက်တို့ ကိုမဟော၊ ဟိံသန (ဝိဒ္ဓံသန) အနက်ဟော၏-ဟု သိစေသည်။

(တနည်း) ဝိဒ္ဓံသေန္တိ-ဖြင့် သလယန္တိ-၌ တုန်လှုပ်စေ၏ဟူသည် (မဂ်ကုသိုလ်က) အကုသိုလ် တရားတို့ကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ဖျက်ဆီးခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေသည်။

*သလယန္တိ ။ပ။ ဝိဒ္ဓံသေန္တီတိ ဧတ္ထ ပုရိမဿ ပုရိမဿ ပစ္ဆိမံ ပစ္ဆိမံ အတ္ထဝစနံ။ အထဝါ သလနဿ အတ္ထဒီပနာနိ စလနာဒီနိ တီဏိ တဒင်္ဂပ္ပဟာနာဒီဟိ ယောဇေတဗ္ဗာနိ။ (မူလဋီကာ။ ၂၈။)*

(ခ) ကုစ္ဆိတေန အာကာရေန သယန္တီတိ-ဖြင့် ကုသလာ-၌ ကုသ-ဝယ် ကု-သဒ္ဒူပပဒ+ သိဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ အပစ္စည်း၏ကတ္တုသာဓန-အနက်၌ သက်----၄င်း၊ ကု-နိပါတ်ပုဒ်၏ ကုစ္ဆိတအနက်ဟော--၄င်း၊ ကု-အရ ကုစ္ဆိတဘောကိုအကြောင်းပဝတ္တနိမိတ် ပြု၍ အခြင်းအရာ အာကာရကို (ဝါ) အဖို့အစုကိုယူ---၄င်း၊ ကုစ္ဆိတေန+ သယန္တီတိ ကုသာ-ဟု ကတ္တုသာဓန ကိတန္တတတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု----၄င်း၊ (တနည်း) သယန္တီတိ သာ၊ ကုစ္ဆိတေန+သာ ကုသာဟု တတိယာ တပ္ပုရိသ်ဝစနတ္ထပြု-----၄င်း၊ သိစေသည်။

http://www.dhammadownload.com



တေ အကုသလာသဓါတေ ကုသေ လုနန္တိ-ဖြင့် ကုသလာ-၌ ကုသ-သဒ္ဒူပပဒ လူဓာတ်၏အဖြစ်ကိုငင်း၊ အပစ္စည်းကတ္တုသာဓနအနက်၌သက်သည်ကိုငင်း၊ ကုသေ+လုနန္တိတိ ကုသလာ-ဟု ကတ္တုသာဓနကိတန္တ ဒုတိယာတပ္ပုရိသ်ပြု---ငင်း၊ (တနည်း)လုနန္တိ ဆိန္ဒန္တီတိ လာ။ ကုသေ+လာ ကုသလာ-ဟု ဒုတိယာတပ္ပုရိသ်ပြု-----ငင်း၊ ကုသ-အရအကုသိုလ်ဓမ္မကို ယူရမည်ကိုငင်း သိစေသည်။ ဆိန္ဒန္တိ-ဖြင့် လုနန္တိ-၌ လူဓာတ် (သို့မဟုတ်) လုဓာတ်သည်ဖြတ်တောက်ခြင်း ဆေဒနအနက်ကိုဟော၏ဟုသိစေသည်။

(ဂ) ကုစ္ဆိတာနံ သာနတော တနုကရဏတော ဉြာသနကရဏတော ဉာဏံ ကုသံနာမ-ဖြင့် ကုသလာ-၌ ကုသ-ဝယ် ကုသဒ္ဒူပပဒ သာဓာတ်၏ အဖြစ်ကိုငင်း၊ အပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်သည်ကိုငင်း၊ သာ-ဓာတ်၏ တနုကရဏအနက်, ဉြာသနကရဏအနက် ဟောသည်ကိုငင်း၊ ကုစ္ဆိတေ+သာတိ တနံ ကရောတိ ဉြာသနံ ကရောတီတိ ကုသံ-ဟု ကိတန္တ ဒုတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကိုငင်း၊ (တနည်း) သာတိ တနံ ကရောတိ ဉြာသနံ ကရောတီတိ သံ။ ကုစ္ဆိတေ+သံ ကုသံ-ဟု ဒု---တပ္ပုရိသ်ပြု---ငင်း၊ ကုသ-အရ ဉာဏ်ကို ယူရမည်ကိုငင်း သိစေသည်။

တေန ကုသေန လာတဗ္ဗာ-ဖြင့် ကုသလာ-၌ ကုသ သဒ္ဒူပပဒလာဓာတ် အဖြစ်ကိုငင်း၊ အ ပစ္စည်း ကမ္မသာဓနအနက်၌သက်-ငင်း၊ ကုသေန လာတဗ္ဗာတိ ကုသလာ-ဟု ကိတန္တတတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်ကိုငင်း၊ (တနည်း) လာတဗ္ဗာတိ လာ၊ ကုသေန+လာ ကုသလာ-ဟု ကတိယာတပ္ပုရိသ်ပြု--ငင်း သိစေသည်။

(ဃ) ဂဟေတဗ္ဗာ-ဖြင့် လာတဗ္ဗာ-၌ လာ-ဓာတ်သည် ယူခြင်းအနက်ဟော၏-ဟု သိစေ။ ပဝတ္တေတဗ္ဗာ-ဖြင့် ဂဟေတဗ္ဗာ-၌ ယူအပ်၏ဟူသည် ဖြစ်စေခြင်းပင်တည်း။ ယင်း"ဖြစ်စေ"ဟူသည်လည်း ကုသ-အရ ဉာဏ်က လာ-အရ ဉာဏသမ္ပယုတ် ကုသိုလ်စိတ်တို့အား သဟဇာတသတ္တိဖြင့် ဖြစ်စေခြင်း၊ ဉာဏဝိပ္ပယုတ်ကုသိုလ်စိတ်တို့အား ပကတူပနိဿယသတ္တိ-ဖြင့် ဖြစ်စေခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကို သိစေသည်။

◆*ဉာဏဝိပ္ပယုတ္တာနမ္ပိ ဉာဏံ ဥပနိဿယပစ္စယော ဟောတီတိ သဗ္ဗေပိ ကုသလာ ဓမ္မာ ကုသေန ဉာဏေန ပဝတ္တေတဗ္ဗာတိ ကုသလာ။* (မူလဋီကာ။ ၂၈။) (ဘာသာဋီ။၂၈၂။)

(င) ယထာဝါ ။ပ။ ကိလေသပက္ခံ လုနန္တိ-ဖြင့် ကုသိုလ်တရားတို့၏ သမန်းမြက်နှင့်တူပုံကို သိစေသည်။

တသ္မာ ကုသာဝိယ လုနန္တိ-ဖြင့် ကုသလာ-၌ ကုသ-ဝယ် (ကုသပုဒ်+အပစ္စည်း)ယင်း အပစ္စည်း၏ ဥပမာတဒ္ဓိတ် အနက်၌ သက်သည်ကိုငင်း၊ ကုသာ ဝိယာတိ ကုသာ-ဟု ဥပမာတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုငင်း၊ ကုသလာ-၌ လာ-ဝယ် လူဓာတ်၏အဖြစ်ကိုငင်း၊ အပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်--ငင်း၊ လုနန္တီတိ လာ-ဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်ကိုငင်း၊ အပေါင်းပုဒ်ကို ကုသာ စ+ တေ+လာစာတိ ကုသလာ--ဟု ဥပမာပုဗ္ဗပဒ ကမ္မဓာရယ်သမာသ်ဝစနတ္ထပြု--ငင်း၊ (တနည်း) ကုသာ ဝိယ လုနန္တီတိ ကုသလာ ဟု ကတ္တုသာဓန ကိတန္တ ကမ္မဓာရယ်သမာသ်ပြု---သိစေ။

## ၇။ အဩွောသဒ္ဒါထားရခြင်း

ကုသေန လာတဗ္ဗာတိ ကုသလာ-၌ လာဓာတ်၏ ဂဟဏဓာတွတ္ထ အဓိပ္ပါယတ္ထကိုပြလို၍ (ဃ)၌ အဩွော-သဒ္ဒါ ထားသည်။

http://www.dhammadownload.com



(င) ဣမေပိ–၌ အပိ–ကား ကုသိုလ်ကိုင်သော အပေက္ခနတ္ထတည်း။

◆ *ဣမေပိတိ အပိ သဒ္ဒေါ ကုသလံ အပေက္ခတိ။ (ယောဇနာ–၆၂။)*

လုန္တိပိပို၌ အပိ ကား ဆိုခဲ့ပြီးသောကုသိုလ်မည်ခြင်း၏အကြောင်းများကိုင်သောအပေက္ခနတ္ထတည်း။

◆ *ဣတိပိတိ အပိသဒ္ဒေါ ပုဗ္ဗေ ဝုတ္တဟေတုံ အပေက္ခတိ။ (ယောဇနာ–၆၂။)*

"သဗ္ဗနာမ် ဝိသယ"

(ခ) ဝါကျ တေ ကား ပသိဒ္ဓဝိသယ။

(ဂ) ဝါကျ တေန ကုသေန–၌ တေန ကား ပသိဒ္ဓဝိသယ။

(င) တသ္မာ–ကား လွန်ခဲ့ပြီး ဆိုခဲ့ပြီးသော လုနန္တိ ကြိယာနှင့်တကွ တစ်ဝါကျလုံးကို စွဲ---
အနုဘူတဝိသယ။

ဣမေ–ကား ဆိုခဲ့ပြီးသော ကုသိုလ်တရားကိုစွဲ---ပဏ္ဏတ္တိဝိသယ။

၈။ "ကြိယာငါးတန်"

သလယန္တိ စလယန္တိ အရ--

✔ ကာမာဝစရ ကုသိုလ်သည် ဒဿနတ္ထ။

✔ ယောနိသောမနသိကာရသည် ဒီပကတ္ထ။

✔ အနဝဇ္ဇ သုခဝိပါကသည် ပကာသနတ္ထ။

✔ သဒ္ဓမ္မဿဝန,သပ္ပုရိသူပနိဿယစသည်သည် ဝိဘာဝတ္ထ။

✔ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ စသည်သည် အနုဘာဝတ္ထ။

သလယန္တိ ကမ္ပေန္တိ–အရ

✔ မဟာဂ္ဂုတ် ကုသိုလ်သည် ဒဿနတ္ထ။

✔ ပရိကံ ဥပစာ အနုလုံ ဂေါတြဘု–ဟူသော ဥပစာရကာမာဝစရသမာဓိဇောသည် ဒီပကတ္ထ။

✔ ဈာနသမာပတ္တိသုခကိုရခြင်းသည် ပကာသနတ္ထ။

✔ တိဟိတ်ပဋိသန္ဓေနေခဲ့ခြင်း ပဥ္စာနန္တရိယကံမှကင်းခြင်း သဒ္ဓမ္မဿဝန သပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။

✔ ဗြဟ္မာဘုံဘဝသို့လားရောက်ရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်အကျိုး အဆက်ဆက်သည် အနုဘာဝတ္ထ။

သလယန္တိ ဝိဒ္ဓံသေန္တိ–အရ–

✔ လောကုတ္တရာကုသိုလ်သည် ဒဿနတ္ထ။

✔ ဂေါတြဘု, ဝေါဒါန်တို့သည် ဒီပကတ္ထ။

✔ မဂ္ဂါနန္တရဖိုလ်တို့သည် ပကာသနတ္ထ။

✔ တိဟိတ်ပဋိသန္ဓေနေခဲ့ခြင်းမှစ၍ ပရိကံ ဥပစာ အနုလုံတိုင်အောင်အကြောင်းတရားများသည် ဝိဘာဝတ္ထ။

✔ ပစ္စဝေက္ခဏာဉာဏ် ဖလသမာပတ္တိသုခအစ အနုပါဒိသေသနိဗ္ဗာန်ကိုင်အောင်--
အနုဘာဝတ္ထ။

http://www.dhammadownload.com



(၉)

ကုသလာ–၌ ကုအရ အကုသိုလ်ဓမ္မကိုယူ၍ထုတ် (က+ဂ)နှင့်အညီ–

ကုသ–အရ (ခ)အလို အကုသိုလ်ကိုယူ။(ဂ) အလို ဉာဏ်(ပညာ)ကိုယူ၍ လက္ခဏာဒိစတုက္ကထုတ်။

(၁၀)

(က) ဝါကျ ကုစ္ဆိတေ+သလယန္တိ (ကု+သလ)

ကုစ္ဆိတေ–အရ အကုသိုလ်ပစ္စည်းတရားသည် သလယန္တိ–အရ မဟာကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ ပြု။ (တနည်း) ပကတူပပြု။ (ပြိုင်မရှိ)

ကုစ္ဆိတေအရ အကုသိုလ် ---သည် သလယန္တိ–အရ မဟဂ္ဂုတ်, လောကုတ္တရာကုသိုလ် စိတ္တုပ္ပါဒ်အား ပကတူပပြု။ ပြိုင်မရှိ။

(ခ) ဝါကျ ကုသေ+လုနန္တိ (ကုသ+လာ)

ကုသေ–အရ အကုသိုလ်---သည် လုနန္တိ–အရ မဟာကုသိုလ်စိတ္တုပ္ပါဒ်အား အာရမ္မဏ။ (တနည်း) ပကတူပ---ပြု။

ကုသေ–အရအကုသိုလ်သည် လုနန္တိ–အရ မဟဂ္ဂုတ် လောကုတ္တရာကုသိုလ်စိတ္တုပ္ပါဒ်အား ပကတူပ--၏

(ဂ) ဝါကျ ကုစ္ဆိတာနံ သာနတော။ (ကု+သ)

ကုစ္ဆိတာနံ–အရ အကုသိုလ်---သည် သာနတော–အရ ဉာဏ်အား အာရမ္မဏ။ (တနည်း) ပကတူပ--ပြု။

ကုသေန+ လာတဗ္ဗာ (ကုသ+လာ)

ကုသေန–အရ ဉာဏ် ပစ္စည်းတရားသည် လာတဗ္ဗာ–အရ ဉာဏသမ္ပယုတ်ကုသိုလ်စိတ္တုပ္ပါဒ် အား သဟဇာတ ပြု--၏။

ပြိုင်–သဟကြီး–၄၊ အညျ၊ သမ္ပယုတ္တ၊ ဟေ၊ ဣ၊ ဈာ၊ မဂ်၊ ယထာရဟ (၁၀)

(တနည်း) ကုသေန–အရ ဉာဏ်ပစ္စည်းတရားသည် လာတဗ္ဗာအရ ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ္တုပ္ပါဒ်အား ပကတူပ။ (ပြိုင် မရှိ)

◆ *ဉာဏဝိပ္ပယုတ္တာနမ္ပိ ဉာဏံ ဥပနိဿယပစ္စယော ဟောတီတိ သဒ္ဓေပိ ကုသလာ ဓမ္မာ ကုသေန ဉာဏေန ပဝတ္တေတဗ္ဗာတိ ကုသလာ။ (မူလဋီ။ ၂၈။)*

◆ *ဉာဏံ ဟိ တိဟေတုကကုသလံ သဟဇာတဘာဝေန စေဝ, ဥပနိဿယဘာဝေန စ ဒုဟေတုကကုသလံ ဥပနိဿယဘာဝေနေဝ သန္တာနေ ပဝတ္တတိ။ (အဘိဓမ္မာဝတာရ ဋီကာ။) (ကျော်အောင်စံထားဂဏ္ဌိ။ ၁၈၂။)*

http://www.dhammadownload.com



(ဃ) ကုသာ ဟတ္ထပဒေသံ+ လုနန္တိ

ကုသာ–အရ သမန်းမြက်၌ရှိသော မဟာဘုတ် ၄–ပါး ပစ္စည်းတရားသည် လုနန္တိ–အရ သမန်းမြက်၌ရှိသော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဥပါဒါရုပ်တို့အား သဟဇာတ–––ပြု။

ဖြိုင်၊ သဟ၊ နိ၊ အတ္ထိ၊ အဝိဂတ (၄)

==========================

ဝါကျဥယျာဉ် (၁၅)

(က) အတ္တနော ပန သဘာဝံ ဓာရေန္တီတိ ဓမ္မာ။

(ခ) ဓာရီယန္တိ ဝါ ပစ္စယေဟိ,

(ဂ) ဓာရီယန္တိ ဝါ ယထာသဘာဝတောတိ ဓမ္မာ။

(ဃ) န ကုသလာ အကုသလာ၊

(င) မိတ္တပဋိပက္ခာ အမိတ္တာ ဝိယ, လောဘာဒိပဋိပက္ခာ အလောဘာဒယော ဝိယ စ ကုသလပဋိပက္ခာ တိ အတ္ထော။

(စ) န ဗျာကတာတိ အဗျာကတာ၊

(ဆ) ကုသလာကုသလဘာဝေန အကထိတာတိ အတ္ထော။

(ဇ) တေသု ပန အနဝဇ္ဇသုခဝိပါကလက္ခဏာ ကုသလာ၊ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ အကုသလာ၊ အဝိပါကလက္ခဏာ အဗျာကတာ။

ဋ္ဌ၊၈၁။ ပြည်သျ၊၂၇၀။ ဘာသာဋီ၊၂၈၀။ မူလဋီ၊၂၈။ ယောဇနာ၊ ၆၀။ ကျော်–စံထားဂဏ္ဌိ၊၁၈၃။

==========================

၂။

(ခ) ဋ္ဌပနာပဥ္စကပုစ္ဆာ။

ဆရာ–သည် (က)ဖြင့် ဓမ္မာပုဒ်ကို ကတ္တုသာဓနဝစနတ္ထပြု၍ ဓမ္မာ–အရ သဉ်တ, အသင်္ခတ ဓမ္မနှစ်မျိုးကိုယူရမည်ဟုပြဆိုတော်မူ၏။ ထို––သော် ဓမ္မာပုဒ်၌ယင်းဆိုခဲ့ပြီးဝစနတ္ထနှင့် အရကောက် တစ်မျိုးသာဖြစ်သင့်၏–ဟူသောအနက်သည် ရောက်ရာသည်မဟုတ်ပါလော။ ထို့–––––ကြောင့် (က)ဖြင့် ဓမ္မာပုဒ်ကို–––ဟုသာ မပြဆိုသင့်။ ဓမ္မာပုဒ်၌ အခြားဖြစ်သင့်သောဝစနတ္ထနှင့် အရကောက်အဘိဓေယျတ္ထ ကိုလည်း ပြဆိုသင့်သေး၏'။ ဓမ္မာပုဒ်၌––––ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။

အဓိပ္ပါယ်ကား။ ။ ဓမ္မာပုဒ်ကို ကမ္မသာဓနဝစနတ္ထပြု၍ ဓမ္မအရ သင်္ခတဓမ္မကို ယူရမည်ဟု အခြားဖြစ်သင့်သောဝစနတ္ထနှင့် အရကောက်အဘိဓေယျတ္ထကိုလည်း ငါပြ–––ဟူလို။

(ဂ)ဖြင့် ဓမ္မာကို ဓာရီယန္တိ ယထာသဘာဝတောတိ ဓမ္မာဟု ဝစနတ္ထပြု၍ ဓမ္မ–အရ သင်္ခတ, အသင်္ခတ, ပညတ္တိဓမ္မ ၃–မျိုးလုံးကိုယူရမည်ဟုပြသည်။ ပက္ခန္တရ။ ကျမ်းတက်လွယ်ပြီ။

✦ တေ့ စ ပဌမော အတ္ထော သင်္ခတာသင်္ခတဓမ္မဝသေန ဝုတ္တော။ ဒုတိယော သင်္ခတဝသေန၊ တတိယော သင်္ခတာသင်္ခတပညတ္တိဓမ္မဝသေနာတိ ဒဋ္ဌဗ္ဗံ။ (အနုဋီ။ ၂၈။)

http://www.dhammadownload.com



(င) ဥပနာဘောဂါဒိပဋ္ဌကစောဒနာ

ဆရာ-သည် (ဂ) ဖြင့် အကုသလာ-ကို ဥဘောတပ္ပုရိသ်သမာသ် ဝစနတ္တ ပြုရမည်ဟု ပြဆိုတော်မူ၏။ ထို---သော် (အ-သဒ္ဒါသည် ပဋိသေဓ-ဝုဒ္ဓိတတ္ထာဝစသောအနက်များစွာနှင့်ဆက်ဆံရကား) အကုသလာ၌ အသဒ္ဒါ၏ဖြစ်သင့်သောအနက်ကို ထင်ရှားစွာ မသိနိုင်ရာသည်မဟုတ်ပါလော။

ထို-----ကြောင့် (ဂ) ဖြင့်--သာမပြဆိုသင့်။ အကုသလာ-၌ အသဒ္ဒါ၏ဖြစ်သင့်သော အနက်ကိုလည်း ပြဆိုသင့်သေး၏။ အကယ်၍ အကုသလာ-၌ အ-သဒ္ဒါ၏ဖြစ်သင့်သော အနက်ကို တိကျစွာ မပြဆိုသည်ရှိသော် အ-သဒ္ဒါ ဟောနိုင်သမျှ အနက်အားလုံး၌ ပြန့်နှံ့သော အတိဗျာပိတဒေါသ-၏။ အကုသလာ၌ အသဒ္ဒါသည် မည်သည့်အနက်ကို ဟောပါသနည်း။ စုဒ်ကြောင့် (င)မိန့်။

အဓိပ္ပါယ်ကား။ ။အကုသလာ၌ အ-သည် ပဋိပက္ခ(ဝိရုဒ္ဓ) အနက်ကိုဟော၏ဟု ငါပြ--ဟူလို။

အမှာ။ ။(င) ၌ ဥပမာ ၂-ပိုင်းပါရှိရာတွင်· ရှေးပိုင်းဖြင့် လောကူပမာကိုပြသည်။ နောက်ပိုင်းဖြင့် သာသနူပမာကိုပြသည်။ ပက္ကန္တရယူ။ ကျမ်းတက်လွယ်ပြီ။

(ဆ) အာဘောဂါဒိပဋ္ဌက

ဆရာ-သည် (စ)ဖြင့် န ဗျာကတာ အဗျာကတာဟု ဝစနတ္တပြုရမည်ဟု ဆိုတော်မူ၏။ ထို--သော် အဗျာကတာ၌ အ-သဒ္ဒါနှင့် ဝိ-ရှေး, အာစ-ရှေးရှိသော ကရဓာတ်တို့၏ ဖြစ်သင့်သော အနက်ကို ထင်ရှားစွာ မသိနိုင်သေးသည် မဟုတ်ပါလော့ (တနည်း) အဗျာကတာ၌ အသဒ္ဒါနှင့် ဗျာကတသဒ္ဒါတို့၏ ဖြစ်သင့်သောအနက်ကို ထင်ရှားစွာ မသိနိုင်ရာသည်မဟုတ်ပါလော။ စသည်ဖြင့်တက်။

အဓိပ္ပါယ်ကား။ ။ အဗျာကတာ၌ အသည် အညအနက်ကိုဟော၏။ ဗျာကတသဒ္ဒါသည် ကထိတအနက်ကိုဟော၏။ (တနည်း) ဝိ-အာ-ကရဓာတ်သည် ကထနအနက်ကိုဟော၏-----ဟူလို။

(ဇ) ဝါကျကား ကုသိုလ် အကုသိုလ် အဗျာကတတို့၏လက္ခဏာကိုပြသော ပက္ခန္တရတည်း။

(၃)

(ခ)ဝါကျ ဝါ-သဒ္ဒါ

ဓမ္မာပုဒ်၏ကတ္တုသာဓနဝစနတ္တမှတစ်ပါး ကမ္မသာဓနဝစနတ္တ ဟူသော ဝစနတ္တအကြောင်းတစ်ပါးကို လဲလှယ်လိုသောကြောင့်၄င်း၊ ဓမ္မ-အရ သခ်ီတ, အသခ်ီတဓမ္မ-ဟူသော အဘိဓေယျတ္တမှတစ်ပါး သခ်ီတဓမ္မ-ဟူသော အဘိဓေယျတ္တတစ်မျိုးကို လဲလှယ်လိုသောကြောင့်၄င်း၊ မိမိတို့၏သဘောကိုဆောင်တတ်သောကြောင့် ဓမ္မ-မည်၏ ဟူသောသကတ်အနက်မှတစ်ပါး အကြောင်းတရားတို့သည်ဆောင်အပ်သောကြောင့် ဓမ္မမည်၏ဟူသော သကတ်အနက်တစ်မျိုးကို လဲလိုသောကြောင့်၄င်း (ခ)၌ ဝါသဒ္ဒါ ထားပါသည်။

(ဂ) ဝါကျ ဝါသဒ္ဒါထားရခြင်း

ဓမ္မာပုဒ်၌ ဓရဓာတ်၏ ဓာရဏအနက်မှတစ်ပါး လက္ခဏအနက်ကို လဲလိုသောကြောင့်၄င်း၊ ဓမ္မ-အရ သခ်ီတဓမ္မဟူသော အဘိဓေယျတ္တမှတစ်ပါး သခ်ီတ, အသခ်ီတ, ပညတ္တိဓမ္မ ဟူသော အဘိဓေယျတ္တကို လဲလိုသောကြောင့်၄င်း၊ အကြောင်းတရားတို့သည် ဆောင်အပ်သောကြောင့်

http://www.dhammadownload.com



ဓမ္မမည်၏ဟူသောသကတ်အနက်မှတစ်ပါး မိမိငဲ့၏ သဘောအားလျော်စွာ မှတ်သားအပ်သော ကြောင့် ဓမ္မ–မည်၏ဟူသော သကတ်အနက်တမျိုး ဒိ လဲလိုသောကြောင့်ငင်း(ဂ)၌ ဝါ–သဒ္ဒါထားသည်။

(က)(ခ)(ဂ)(ဃ)တို့ကား ပကတိ္တရ။ အဗျာပိတ အပရိပုဏ္ဏဒေါသကိုပယ်သည်။

(င) ဝိတ္ထာရ။ အတိဗျာပိတဒေါသ၊ ဝိရောဓိဒေါသ–ပယ်သည်။

(စ) ပကတိ္တရ။ အဗျာပိတ၊ အပရိပုဏ္ဏ–ပယ်သည်။

(ဆ) ဝိတ္ထာရ။ အတိဗျာပိတ၊ ဝိရောဓိဒေါသကို–ပယ်သည်။

(ဇ) ပကတိ္တရ။ အဗျာပိတ၊ အပရိပုဏ္ဏ–ပယ်သည်။

အမှာ။ ။ ကျမ်းတက်နှင့် အာဘော်တို့ကို ရှု၍ အကြောင်းပြ၍ အကျယ်ဖြေ။

(၄)

* န+ကုသလာ အကုသလာ။
✔ နအရ ဝိရုဒ္ဓပဋိပက္ခဘောဂုဏ်၏+ကုသလအရ အကုသိုလ်နှင့် ဂုဏ်+ဂုဏောစပ်–––ငင်း၊ နပုဒ် ကုသလပုဒ်သည်ငင်း ဗျု–နိ။
✔ အကုသိုလ်ဓမ္မတို့၏ ဝိရုဒ္ဓပဋိပက္ခဘောဂုဏ်သည် (ဝါ) အကုသိုလ်ဓမ္မတို့၏ တစ်ခုသည် ––––ဓာတ်သည် ပ–နိ။

* ဗျာကရိယန္တိ ကထိယန္တီတိ ဗျာကတာ။ (ဝိ+အာ+ကရ+တ)
* န +ဗျာကတာ အဗျာကတာ။
✔ နအရ အညဘောဂုဏ်၏+ဗျာကတအရ အဗျာကတဓမ္မတို့နှင့် ဂုဏ်+ဂုဏောစပ်––ငင်း၊ န–ပုဒ်, ဗျာကတ–ပုဒ်သည်ငင်း ဗျု–နိ။
✔ အညဘောဂုဏ်သည်(ဝါ) အဗျာကတဓမ္မတို့၏တစ်ခုသည်–––ဓာတ်သည် ပ–နိ။

* မိဇ္ဇန္တိ သိနေဟန္တီတိ မိတ္တာ။ မိဒ+ တ။
* န မိတ္တာ အမိတ္တာ။
✔ န–အရ ဝိရုဒ္ဓပဋိပက္ခဘောဂုဏ်၏+မိတ္တာအရ ရန်သူတို့ဒြပ်နှင့် ဂုဏ်ဂုဏောစပ် ဗျု–နိ။
✔ ဝိရုဒ္ဓပဋိပက္ခဘောဂုဏ်သည် (ဝါ) ရန်သူတို့၏ တယောက်သည်––ဓာတ်သည် ပ–နိ။

* ဝမ္မိတဗ္ဗံ ဂရဟိတဗ္ဗန္တိ ဝဇ္ဇံ။
* ဝဇ္ဇမေဝ အဝဇ္ဇံ။ (အပြစ်)
* နတ္ထိ အဝဇ္ဇံ ဧတေသန္တိ အနဝဇ္ဇာ။
✔ အပြစ်မရှိခြင်းဂုဏ်၏ ကုသိုလ်နှင့် ဂုဏ်+ဂုဏောစပ်––ဗျု–နိ။
✔ အပြစ်မရှိခြင်းဂုဏ်သည် (ဝါ) ကုသိုလ်၏တစ်ခုသည်––ဓာတ်–––ပ–နိ။

http://www.dhammadownload.com



(တနည်း) * သာဓူဟိ ဝဋ္ဋိတဗ္ဗာ ပရိဝဇ္ဇေတဗ္ဗာ ပရိစ္စဇိတဗ္ဗာ ဂရဟိတဗ္ဗာ အနိဋ္ဌဖလတ္တာတိ ဝဇ္ဇာ။
* ဝဇ္ဇာဧဝ အဝဇ္ဇာ။ (ရာဂါဒယော ကိလေသာ)
* န-ဝဇ္ဇာ အဝဇ္ဇာ။ (တေသံ ပဋိပက္ခာတိ အတ္ထော)
✔န-အရ ပဋိပက္ခဝိရုဒ္ဓဘောဂုဏ်၏ အဝဇ္ဇာ-အရ ကုသိုလ်တို့နှင့် ဂုဏ်ဂုဏေးစပ်-ဗျု-နီ။
✔ ပဋိပက္ခဝိရုဒ္ဓဘောဂုဏ်သည် (ဝါ)ကုသိုလ်တရားတို့၏ တစ်ခုသည်--ဓာတ်သည်--ပ-နီ။

(ပြည်သျှ-မှတ်ချက်) အဝိဇ္ဇာ ဟူသောပုဒ်သည် န-သဒ္ဒါကိုမငဲ့ သူချည်းသက်သက်ဖြစ်မှု ရာဂ စသော ကိလေသာကို ဟောသည်။ နသဒ္ဒါနှင့်ယှဉ်တွဲ၍ န+အဝိဇ္ဇာဟူသော ဝါကျအနိုက် ကုသိုလ်ကိုဟော၍ န-သဒ္ဒါနှင့် တုလျာဓိကရဏဖြစ်၍ ကမ္မဓာရယ်သမာသ်မည်သတည်း။ ဤအထူးကို ပညာရှိတို့ နှလုံးမူရာသည်။ (ပြည်သျှ။ ၂၇၂။)
နနိပါတပုဗ္ဗပဒကမ္မဓာရယ် (ဥဘောတပ္ပုရိသ်, မိဿကတပ္ပုရိသ်ဝစနတ္ထမျိုးကို အထက်ပါ နယူပဒေသအတိုင်း ထုတ်ရသည်။ ၎င်းသမာသ်အကြောင်းကို ရူသိဒ္ဓိ၊ နှာ-၁၈၇/၁၈၈-တို့၌ အပြောဟူဏောပုဒ် ပုံစံထုတ်၍ ရှင်းပြထားသည်။ ရှုလေ။

* သုခေါ ဝိပါကော ဧတေသန္တိ သုခဝိပါကာ။
* အနဝဇ္ဇာစ တေ သုခဝိပါကာစာတိ အနဝဇ္ဇသုခဝိပါကာ။
* လက္ခီယန္တိ ဧတေနာတိ လက္ခဏံ။
* အနဝဇ္ဇသုခဝိပါကာ လက္ခဏံ ဧတေသန္တိ အနဝဇ္ဇသုခဝိပါကလက္ခဏာ။
✔ အနဝဇ္ဇသုခဝိပါကလက္ခဏာ၏ ကုသိုလ်တို့နှင့် လက္ခဏာ+လက္ချ အဖြစ်ဖြင့်စပ်-ဗျု-နီ။
✔ အနဝဇ္ဇသုခဝိပါကလက္ခဏာသည် (ဝါ)ကုသိုလ်တရားတို့၏တစ်ခုသည်--ဓာတ်သည်-ပ-နီ။

(၅)

(က) ✔ အတ္တနော = ကိတ်နာမ်ပုဒ်၊ ပုလ္လိင်၊ ရာဇာဒိဂိုဏ်း၊ အကာရန္တ။
✔ သုခ ဒုက္ခံ အဒတိ ဘက္ခတီတိ အတ္တာ။ (တဿ အတ္တနော)
✔ သဘာဝံ = ကား သမာသ်နာမ်၊ ပုလ္လိင်၊ ပုရိသာဒိ။
✔ အတ္တီတိ သန္တော။ ဘဝနံ ဘာဝေါ။ သန္တော ဘာဝေါ သဘာဝေါ-ဟုပြု။
✔ ယော ယော သဘာဝေါ ယထာသဘာဝံ။
✔ သဘာဝဿ အနုရူပံ ယထာသဘာဝံ-ဟုပြု။

(၆)

(က) ဖြင့် ဓမ္မာ-၌ ဓရဓာတ်--၎င်း၊ ရမ္မပစ္စည်း ကတ္တုသာဓနအနက်၌သက်--၎င်း၊ ဓာရေန္တီတိ ဓမ္မာဟု ကတ္တုသာဓ်ဝစနတ္ထပြု--၎င်း၊ ဓာရေန္တိ၌ဆောင်၏ဟူသည် မိမိ မိမိတို့၏ သဘောလက္ခဏာကို ဆောင်ခြင်းပင်တည်းဟူသောအဓိပ္ပါယ်ကို၎င်း၊ ဓမ္မ-အရ သခ်တ, အသခ်တဓမ္မကိုယူ---၎င်း သိစေသည်။

http://www.dhammadownload.com



(ခ) ဖြင့် ဓမ္မာ၌ ဓရ-ဓာတ်---၄င်း၊ ရမ္မပစ္စည်း ကမ္မသာဓနေအနက်၌သက်---၄င်း၊ ဓာရီယန္တီတိ ဓမ္မာဟု ကမ္မသာဓနဝစနတ္ထပြု---၄င်း၊ဓာရီယန္တီ၌ ဆောင်အပ်၏ဟူသည် သတ္တဇီဝစသည်တို့၏ ဆောင်ခြင်းမဟုတ်၊ ကံစသော အကြောင်းတရားတို့၏ ဆောင်ခြင်းပင်တည်းဟူသောအဓိပ္ပါယ်ကို၄င်း၊ ဓမ္မ-အရ သံခတဓမ္မကို ယူ--၄င်း သိစေသည်။

(ဂ) ဖြင့် ဓမ္မာ-၌ ဓရဓာတ်---၄င်း၊ ရမ္မပစ္စည်း ကမ္မသာဓနေအနက်၌သက်--၄င်း၊ ဓာရီယန္တိ (လက္ခီယန္တိ)တိ ဓမ္မာ-ဟုကမ္မသာဓနဝစနတ္ထပြု--၄င်း၊ ဓာရီယန္တိ-၌ မှတ်အပ်၏ဟူသည် မိမိ မိမိတို့၏သဘောအားလျော်သဖြင့် မှတ်ခြင်းပင်တည်းဟူသောအဓိပ္ပါယ်ကို၄င်း၊ ဓမ္မ-အရ သခ်တ,အသခ်တ, ပညတ္တိဓမ္မ တို့ကိုယူ---၄င်း သိစေသည်။

(ခ)(ဂ)တို့၌ပါသော ဝါ-ဖြင့် နယန္တရ, ဝိကပ္ပနတ္ထဇောတက အဖြစ်ကို သိစေသည်။ (ဝါကျဇောတက ဝါ-အထဝါတွေ့တိုင်း ဤနည်းချည်းမှတ်။)

(ဃ)ဖြင့် အကုသလာ-၌ အ-သဒ္ဒါ၏ န-နိပါတ်ပုဒ်၏ ကာရိယအဖြစ်ကို၄င်း၊ (နိပါတလိင်္ဂပဒ) န ကုသလာ အကုသလာဟု နနိပါတပုဗ္ဗပဒကမ္မဓာရယ်(ဥဘောတပ္ပုရိသ်၊ မိဿကတပ္ပုရိသ်)သမာသ်ဝစနတ္ထပြု--၄င်း သိစေသည်။

(င) ဝါကျ မိတ္တပဋိပက္ခာ အမိတ္တာဝိယ-ဖြင့် ကုသိုလ်၏ ဆန့်ကျင်ဘက်တရား၏ အကုသိုလ်မည်ပုံ အဓိပ္ပါယ်ကို လောကူပမာဖြင့်သိစေ။

လောဘာဒိပဋိပက္ခာ အလောဘာဒယော ဝိယစ-ဖြင့် ကုသိုလ်၏ဆန့်ကျင်ဘက်တရား၏အကုသိုလ်မည်ပုံ အဓိပ္ပါယ်ကို သာသနူပမာအားဖြင့် သိစေသည်။

ကုသလပဋိပက္ခာ-ဖြင့် အကုသလာ-၌ အ-သည် သဒိသ,အညအနက်တို့ကိုမဟော၊ ပဋိပက္ခ (ဝိရုဒ္ဓ) အနက်ကိုဟော၏ဟု သိစေသည်။

(စ)ဖြင့် အဗျာကတာ-၌ အသဒ္ဒါ၏ နနိပါတ်ပုဒ်၏ကာရိယအဖြစ်ကို ၄င်း၊ န ဗျာကတာ အဗျာကတာ ဟု နနိပါတပုဗ္ဗပဒကမ္မဓာရယ်သမာသ်ဝစနတ္ထပြု---သိစေသည်။

(ဆ)ဖြင့် အဗျာကတာ-၌ ဗျာကတသဒ္ဒါ၏ ကထိတအနက်ဟော---၄င်း၊ (တနည်း) အဗျာကတာ ၌ ဗျာကတဝယ် ဝိရေး အာရေးရှိသောကရဓာတ်သည် အာစိက္ခဏ,ဝိဿဇ္ဇနအနက်တို့ကိုမဟော၊ ကထနအနက် ဟော--၄င်း၊ တပစ္စည်း၏ ကမ္မသာဓနေအနက်၌သက်---၄င်း၊ ဗျာကရီယန္တိ ကထီယန္တီတိ ဗျာကတာ-ဟု ကမ္မသာဓနေ ဝစနတ္ထပြုရမည်ကို၄င်း၊ အ-၏ အညအနက်ဟော---၄င်း၊ အကထိတာ-၌ မဟောကြားအပ် ဟူသည် ကုသိုလ်အကုသိုလ်အဖြစ်ဖြင့် (ဝါ) ကုသိုလ်အကုသိုလ် အမည်ဖြင့် မဟောကြားအပ်သည်၏ အဖြစ်ကို၄င်း သိစေသည်။

(၇)

အ-အတ္တဒ္ဒါရ = ပဋိသေဓေ ဝုဒ္ဓိတဏှာဝေ၊ အညတ္တေ သဒိသေပိစ။

ဝိရုဒ္ဓေ ဂရဟေ သုညေ၊ အကာရော ဝိရဟာပ္ပကေ။

အကုသလာ-၌ အ-ကား ဝိရုဒ္ဓ။ အဗျာကတာ-၌ အ-ကား အညတ္ထ။

(ဈ)ဝါကျ တေသု-၌ တ-ကား ပဏ္ဏတ္တိဝိသယ။

http://www.dhammadownload.com



(၈)

(ဃ) အဓိဋ္ဌာ-အရ ရန်သူတို့၏ သန္တာန်၌ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍--

✔ ထို---သည် ဒဿနတ္ထ။

✔ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

✔ မိမိ, သူတပါးအကျိုးမဲ့ကိစ္စများကို ပြုမူခြင်းသည် ပကာသနတ္ထ။

✔ တာလုပဿေဝန စသည်သည် ဝိဘာဝတ္ထ။

✔ ပစ္စက္ခဘဝ၌ အခြံအရံနည်းပါးခြင်း-စသည်သည်၄င်း, တမလွန်၌ ဒုဂ္ဂတိဘုံဘဝသို့ရောက်ရခြင်း-စသည်သည်၄င်း အနုဘာဝတ္ထ။

(ခ) ပစ္စယေဟိ-အရ ကုသိုလ်ကံ အကုသိုလ်ကံ သင်္ခါရကိုယူ။

✔ ထို---သည် ဒဿနတ္ထ။

✔ အဝိဇ္ဇာသည် ဒီပကတ္ထ။

✔ ဝိညာဏ်သည် ပကာသနတ္ထ။

✔ အာသဝေါတရားတို့သည် ဝိဘာဝတ္ထ။

✔ နာမ်ရုပ် သဠာယတနစသည်သည် အနုဘာဝတ္ထ။

အဗျာကတာ-၌ ဗျာကတ-ဝယ် ဝိ+အာ+ကရ-ဓာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ထုတ်။

တ-ပစ္စည်းအရ ကုသလာ အကုသလာ ဟူသောဝစီဘေဒသဒ္ဒါကို ယူ၍ထုတ်။

## (ဆ) ဝါကျ အတ္ထာပန္နသိဒ္ဓိ

ကုသိုလ်အကုသိုလ်အဖြစ်ဖြင့်မဟောကြားကုန်ဟု ဗျတိရိက်ဆိုသဖြင့် တပါးသော အဖြစ်အားဖြင့် သာ ဟောကြားအပ်၏ဟု အနက်ရောက်သောအားဖြင့် အနွယအဓိပ္ပါယ်ကို သိရသောကြောင့် အတ္ထာပန္န (အတ္ထပတ္တိသိဒ္ဓိ) ရသည်။

## (ဇ) ဝါကျ ပစ္စက္ခသိဒ္ဓိ

ကုသိုလ်သည် အနဝဇ္ဇသုခဝိပါကလက္ခဏာရှိ၏။ အကုသိုလ်သည် သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ ရှိ၏။ အဗျာကတသည် အဝိပါကလက္ခဏာ ရှိ၏ဟု ကုသိုလ် အကုသိုလ် အဗျာကတဓမ္မတို့၏ သဘာဝလက္ခဏာကို မုချအားဖြင့် မျက်ဝါးထင်ထင် သိရမြင်ရသောကြောင့် ပစ္စက္ခသိဒ္ဓိ။

မှတ်ချက်။ ။ရုပ်နာမ်ဓမ္မတို့၏ သဘာဝအလျောက်ဖြစ်ခြင်းကို သိရခြင်းမှန်သမျှ ပစ္စက္ခသိဒ္ဓိ-ဟုမှတ်။

## (၉)

## "ဓမ္မ ပုဒ်၏ အဘိဓေယျတ္ထ"

ဓမ္မ-အရ (က) ဝါကျ (ပထမဝိကပ်) အလို-စိတ်, စေတသိက်, ရုပ်-ဟူသော သင်္ခတဓမ္မနှင့် နိဗ္ဗာန်ဟူသော အသင်္ခတဓမ္မ ရ၏။

http://www.dhammadownload.com



(ခ) ဝါကျ (ဒုတိယဝိကပ်အလို) စိတ်, စေတသိက်, ရုပ်–ဟူသော သခ်တဓမ္မရ၏။

(ဂ) ဝါကျ (တတိယဝိကပ်) အလို သခ်တဓမ္မ, အသခ်တဓမ္မ, ပညတ္တိဓမ္မ ၃–ပါးလုံးရ၏။

*အနုဋီကာသာစကေ– (၂)နံပါတ် ပြန်ကြည့်။ (ကျော်အောင်စံထား–၁၈၄။)*

**အနုဝဇ္ဇသုခဝိပါကလက္ခဏာ–၌ "သုခဝိပါက"သဒ္ဒါထည့်ဆိုရခြင်း**

ကုသိုလ်မှတစ်ပါးကုန်သော အပြစ်မရှိကုန်သော အဗျာကတတရားတို့လည်း ရှိကြကုန်သော ကြောင့် အနဝဇ္ဇ–သဒ္ဒါမျှဖြင့် ထိုအဗျာကတတရားတို့၏ ကုသိုလ်အဖြစ်သို့ ရောက်ခြင်းဟူသော အပြစ်ကိုမြင်၍ ထိုအပြစ်ကို ပယ်ခြင်းအကျိုးငှါ (အဗျာကတကို တားမြစ်ခြင်းအကျိုးငှါ) သုခဝိပါက–သဒ္ဒါကိုဆိုသည်။ (မူလဋီကာ။ ၃၁။)

(၁၀)

(က) အတ္တနော သဘာဝံ ဓာရေန္တိ

နှစ်ပုဒ်လုံး အရတူ၏။ ပရမတ်တရား ၄–ပါးရ၏။

(အရတူသော်လည်း အတ္တနော သဘာဝံက ဝိညာတ။ ဓာရေန္တိ–က အဝိညာတ။ ဤသို့ကွဲပြား ထူးခြားနေရကား ကံပုဒ်+ကြိယာပုဒ်အဖြစ် ခွဲဆိုသည်။)

သဘာဝံ အရ ဝေဒနာပစ္စည်းတရားက၊ ဓာရေန္တိ–အရ သမ္ပယုတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်အား သဟ–––ပြု။

ပြိုင်– သဟကြီး–၄၊ အညာ၊ သမ္ပ၊ ဝိပါက၊ ဣံ၊ ဈာန (၉)

ဓာရေန္တိ–အရ ကြွင်းသောနာမက္ခန္ဓာ၊ စိတ္တဇရုပ်အား သဟကြီး၊ သဟလတ်–၄၊ ဣံ၊ ဈာန။ ယထာရဟ (၁၀) ပစ္စည်းပြိုင်။

ဓာရေန္တိ–အရ နိဗ္ဗာန်အား ပကတူပ။

အမှာ။ ။သညာ–သင်္ခါရ–ဝိညာဏ်တို့ကို ပစ္စည်းတရားယူ၍လည်း လဲလှယ်ပြိုင်ပါ။

(ခ) ဓာရိယန္တိဝါ+ပစ္စယေဟိ

၁။ ပစ္စယေဟိ–အရ ကံ–စိတ်–ဥတု–အာဟာရ–ပစ္စည်းတရားသည်၊ ဓာရိယန္တိ–အရ စိတ်–စေတသိက်–ရုပ်– ပစ္စယုပ္ပန်တရားအား ပကတူပ–––ပြု။

ခွဲ–ပြိုင်ပုံ

ပစ္စယေဟိ–အရ အတိတ်–––ကု, အကု စေတနာ(ကံ)သည်၊ ဓာရိယန္တိ–အရ ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ်အား နာနက္ခဏိကကမ္မ–––ပြု။

ပြိုင်–နာနက္ခဏိကကမ္မ၊ ပကတူပ (၂) ပစ္စည်း။

ပစ္စယေဟိ–အရ စိတ် (ဝိညာဏက္ခန္ဓာ) ပစ္စည်းတရားသည်၊ ဓာရိယန္တိ–အရ ကြွင်းသော နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားအား သဟ–––ပြု။

ပြိုင်–သဟကြီး–၄၊ သဟလတ်–၄၊ အဓိပတိ၊ အာဟာရ၊ ဣံ၊ ယထာရဟ (၁၁)ပစ္စည်း။

http://www.dhammadownload.com



ပစ္စယေဟိ-အရ သီတဥတု, ဥဏှဥတု-ဟုဆိုအပ်သော တေဇောဓာတ်သည်၊ ဓာရိယန္တိ-အရ စိတ်, စေတသိက်, ရုပ် (ပွန်) အား ပကတူပ ပြု။ (သုတ္တန်နည်း)

(တနည်း) ဥတုဇ, ဥပါဒါရုပ်အား သဟ---ပြု။ (အဘိဓမ္မာနည်း) ပြိုင်-သဟကြီး-၄။

ပစ္စယေဟိ-အရ (ဗဟိဒ္ဓသြဇာ) အာဟာရ ပစ္စည်းသည်၊ ဓာရိယန္တိ-အရ အာဟာရဇရုပ် (ပွန်)အား ရုပ်အာဟာရပစ္စယသတ္တိ---ပြု။ ပြိုင်-အာဟာရ၊ အတ္ထိ၊ အဝိဂတ၊ (၃)ပစ္စည်း။

(တနည်း) ပစ္စယေဟိ-အရ နာမ်အာဟာရ (ဖဿ-စေတနာ-ဝိညာဏ်)သည် ဓာရိယန္တိ-အရ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်(ပွန်) အား သဟဇာတ---ပြု။

ပြိုင်-သဟကြီး-၄၊ အဓိပတိ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ (၈) ပစ္စည်း။

==================================

## ဝါကျဥယျာဉ် (၁၆)

(က) ကိံ ပနေ တာနိ"ကုသလာတိ ဝါ ဓမ္မာတိ ဝါ"တိ အာဒီနိ ကေတ္တာနိ, ဥဒါဟု နာနတ္တာနီတိ?

(ခ) ကိဉ္စေတ္ထ ယဒိ တာဝ ဧကတ္တာနိ၊ "ကုသလာ ဓမ္မာ"တိ ဣဒံ "ကုသလာ ကုသလာ"တိ ဝုတ္တသဒိသံ ဟောတိ။

(ဂ) အထ နာနတ္တာနိ၊ တိကဒုကာနံ ဆက္ကစတုက္ကဘာဝေါ အာပဇ္ဇတိ၊

(ဃ) ပဒါနဉ္စ အသမ္ဗန္ဓော။

(င) ယထာဟိ "ကုသလာ ရူပံ စက္ခုမာ"တိ ဝုတ္တေ အတ္ထဝသေန အညမညံ အနောလောကေန္တာနံ ပဒါနံ န ကောစိ သမ္ဗန္ဓော၊ ဧဝမိဓာပိ ပဒါနံ အသမ္ဗန္ဓော အာပဇ္ဇတိ။

ဋ္ဌ၊၈၂။ ပြည်သျှ၊၂၇၄။ ဘာသာဋီကာ၊၂၈၈။ မူလဋီကာ၊၃၂။ ယောဇနာ၊၆၃။ ကျောင်းစံထားဂဏ္ဌိ၊၁၈၇။

==================================

### (၁)
### ကိဉ္စေတ္ထအနက်ပေးနည်း

ဧတ္ထ-ဝေါဿ ကေတ္တ နာနတ္တတာယံ-ဤတူသောအနက်ရှိသည်၏အဖြစ်, ထူးသောအနက်ရှိသည်၏အဖြစ်၌။ ဟယာ-သည်။ ကိဉ္စိ-စိုးစဉ်းသော၊ ဝစနံ-ကို။ ဝတ္တဗ္ဗံ-ဆိုသင့်သေး၏။ (တနည်း) ကိဉ္စိ-သော။ ဝတ္တဗ္ဗံ-ဆိုသင့်သော။ ဝစနံ-သည်။ အတ္ထိ-ရှိရာသေး၏။ (သဒ္ဒတ္ထ) တေ-၏။ စောဒနာ-သည်။ အသမတ္တာ-မပြည့်စုံသေး။ တသ္မာ-ထိုသို့မပြည့်စုံသည်၏အဖြစ်ကြောင့်။ အဝသိဋ္ဌံ-ကြွင်းကျန်သောစောဒနာကို။ တွံ-သည်။ တာဝပြူဟိ-ဆိုဘိလတ်သေး။ (ပြည်သျှ။ ၂၇၄။)

◆ *ကိဉ္စေတ္ထာတိ ဧတ္ထ ကေတ္တနာနတ္တတာယံ ကိဉ္စိ ဝတ္တဗ္ဗံ အသမတ္တာ တေ စောဒနာ၊ အဝသိဋ္ဌံ တာဝပြူဟီတိ ဝုတ္တံ ဟောတိ။ (မူလဋီကာ။ ၃၃)*

နိယံ။ ။ ကိဉ္စေတ္ထပုဒ်၊ ထုတ်၍ရှိမှု၊ ကိဉ္စိနောက်မှ၊ အဝသိဋ္ဌ၊ ယံ အတ္ထိနှင့်၊ တံ ပြူဟိ ကို၊ ဆိုလှည့်မမှား၊ ရှေ့ဖျားကမှာ၊ တဝ စောဒနာ၊ အသမတ္တာကို၊ ဆောင်ကာစွက်၍၊ အနက်သမ္ဗန်မြဲ။ (ဘုရားကြီးနိယံ။)

http://www.dhammadownload.com



### ဘာသာဋီကာအနက်ပေးပုံ

ဧတ္တ–ဤကောဋ္ဌာ၏အဖြစ်,နာနတ္တ၏အဖြစ်၌။ တယာ–သင်စောဒကသည်။ ကိဥ္စိ–တစုံတခုသော အပြစ်တင်စကားကို။ ဝတ္တဗ္ဗံ–ဆိုသင့်သေး၏။ တေ–၏။ စောဒနာ–သည်။ အသမတ္တာ–အပြီးသို့ မရောက်သေး။ (မပြည့်စုံသေး) အဝသိဋ္ဌ–ကြွင်းကျန်သော အပြစ်တင် စကားကို။ တာဝဖြူဟိ–ဆိုပါဦးလော။

ဆောင်။ ။ကိဥ္စေတ္ထပုဒ်၊ ထုတ်၍ရှိက၊ ကိဉ္စိစပ်ရန်၊ ဝတ္တဗ္ဗံကို၊ ကေန်မုချ၊ ထည့်ပြီးမှလျှင်၊ တဝ–စောဒနာ၊ အသမတ္တာနှင့်၊ ဆက်ကာတဝ၊ သိဋ္ဌပြ၍၊ တာဝဖြူဟိ၊ မိပ္ပါယ်ဖြည့်သည်၊ ကျမ်းရှိမူလဋီကာတည်း။ (ဘာသာဋီကာ၊ ၂၈၈–၉။)

### (၂)

### (က) သို့ ပါပနာဒိပဋ္ဌက။

ဆရာ–သည် ဝစနတ္ထောပနေတ္ထ– ကုစ္စိတေ ပါပကေဓမ္မေ–စသည်ဖြင့် ကုသလာဓမ္မာ စသော ပုဒ်တို့၏ ဝစနတ္ထနှင့်လက္ခဏာတို့ကို ပြဆိုတော်မူ၏။ ထို–––သော် ယင်းကုသလာဓမ္မာ–စသော ပုဒ်တို့၏ ဝစနတ္ထနှင့် လက္ခဏာတို့သာရှိ၍ ၄င်းပုဒ်တို့နှင့်ဆက်စပ်၍ ဖြစ်သင့်သော စောဒကပုဂ္ဂိုလ်၏ အမေးပုစ္ဆာ စောဒနာစကားမရှိဟူသောအနက်သည်ရောက်ရာ၏။ စသည်ဖြင့်တက်။

### (ခ) ဋ္ဌပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် (က) ဖြင့် ကုသလာဓမ္မာ–၌ ကုသလနှင့်ဓမ္မတို့ တူကြသလော, သို့မဟုတ် ထူးကြသလောဟူ၍ စောဒကပုဂ္ဂိုလ်၏ အမေးပုစ္ဆာစောဒနာကို ပြဆိုတော်မူ၏။ ထိုသို့ဆိုသော်လည်း စောဒကဆရာ၏ ပုစ္ဆာ စောဒနာ စကားသည် မပြည့်စုံဘဲ ကျန်နေသေးသည် မဟုတ်ပါလော။ ထို့ကြောင့် (က)ဖြင့်––––ကိုသာ မပြဆိုသင့်။ မပြည့်စုံဘဲ ကျန်နေသေးသော စောဒနာစကားရပ် ကိုလည်း ပြဆိုသင့်သေး၏။–––ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ခ) ဖြင့် စောဒကပုဂ္ဂိုလ်အလိုအားဖြင့် ပုနရုတ္တိဒေါသ သင့်ရောက်ပုံကို ပြသည်။
(ဂ) ဖြင့် စောဒကပုဂ္ဂိုလ်အလိုအားဖြင့် ဆက္ကစတုက္ကာပတ္တိဒေါသ သင့်ရောက်ပုံကို ပြသည်။
(ဃ) ဖြင့် စောဒကပုဂ္ဂိုလ်အလိုအားဖြင့် အသမ္ဗန္ဓာပတ္တိဒေါသ သင့်ရောက်ပုံကို ပြသည်။
(ကျော်အောင်စံထား။ ၁၈၈။)
(င) ဖြင့် အသမ္ဗန္ဓာပတ္တိဒေါသ သင့်ရောက်ပုံကို ဥပမာဖြင့်ထင်ရှား ပြသည်။

### (င) အာဘောဂါဒိပဋ္ဌက

ဆရာ–သည် (ဃ) ဖြင့် ကုသလနှင့်ဓမ္မ–အရ မတူကြလျှင် ရှေးပုဒ်နောက်ပုဒ်တို့ အနက် အဓိပ္ပါယ်မဆက်စပ်ခြင်းဟူသော အသမ္ဗန္ဓာပတ္တိဒေါသ အပြစ်ဖြစ်၏ဟု (အပါကဋ္ဌအားဖြင့်) ဆိုတော် မူ၏။ ထို––သော် ဆရာ့စကားသည် ဥပမာဥဒါဟရဏ်နှင့်ကင်း၍ အနက်အဓိပ္ပါယ် မထင်ရှားသည် မဟုတ်ပါလော–––စသည်။

http://www.dhammadownload.com



(၃)

(ခ) "ကိစ္စေဝ္တ္တ သဒ္ဒါဆိုရခြင်း"

ဆူးကို ဆူးချင်းထွင်းသကဲ့သို့ စောဒနာတဲ့ စောဒနာလို၍ ကိစ္စေဝ္တ္တ ကို ဆိုသည်။
(တနည်း) စောဒကဆရာ၏ စောဒနာကို ဆရာ စောဒနာဖြင့် ထုတ်လို၍ ကိစ္စေဝ္တ္တ-ကိုဆိုသည်။
(တနည်း) ကေတ္တနာနတ္တအဖြစ်၌ အပြစ်တင်လိုသည်ဖြစ်၍ ဤစောဒကသည်ငါ့အား မေးလတ်သည် တကား-ဟု သိ၍ စောဒကအားအပြစ်တင်လို၍ (ပရိဟာရဆရာက) ကိစ္စေဝ္တ္တ-ကိုဆိုသည်။ (ကျော်အောင်စံထားဂဏ္ဌိ၊ ၁၈၈။)

"ဒေါသပယ်"

(က)(ခ)(ဂ)(ဃ)တို့ကား ပက္ခန္တရ။ အဗျာပိတ-ပယ်။
(င) ကား တပ္ပါကဋ္ဌိကရဏ။ ဝိရောဓိဒေါသ ကို-ပယ်သည်။

(၄)

ကေတ္တာနိ= ဧတိ ပဝတ္တတီတိ ဧကော။
အရိယတိ ဥာယတီတိ အတ္ထော။
ဧကော အတ္ထော ဧတေသန္တိ ကေတ္တာနိ။

✔ တူသောအနက်၏+ကုသလာဓမ္မာစသောပုဒ်တို့နှင့် အကျိုး+အကြောင်း၊ ဝါစ္စ+ဝါစက စပ်--ရင်း၊ ဧကပုဒ်၊ အတ္တပုဒ်၊ ဧတအညပုဒ်သည်ရင်း ဗျု-နိ။
✔ တူသောအနက်ရှိသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် ပ-နိ။

ဗျုပ္ပတ္တျာဒိစတုက္ကမှတ်ဘွယ်

* နာနာ+အတ္ထော ဧတေသန္တိ နာနတ္တာနိ။ (ကေတ္တာနိ-နည်းတူ)
* ပဇ္ဇတေ ဥာယတေ အတ္ထော ဧတေဟီတိ ပဒါနိ။ (တေသံ)
* သမ္ဗန္ဓနံ သမ္ဗန္ဓော။ (သံ+ဗန္ဓ+ဏ) န သမ္ဗန္ဓော အသမ္ဗန္ဓော။

✔ န-အရ ပဋိသေဓေဘောဂုဏ်၏+ သမ္ဗန္ဓ-အရ မစပ်ခြင်းဟူသော အသမ္ဗန္ဓဘောဂုဏ်နှင့် ဂုဏ်+ဂုဏေးစပ်---ဗျု-နိ။
✔ အသမ္ဗန္ဓဘောဂုဏ်သည် ပ-နိ။

* စက္ခတိ သမဝိသမံ ပဿတီတိ စက္ခု။ (စက္ခ+ဥ)
* စက္ခု အဿ အတ္ထီတိ စက္ခုမာ။

✔ မျက်စိ၏+ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေး၊ ဥာနီ+ဥာနစပ်---ရင်း၊ စက္ခုပုဒ်+မန္တုပစ္စည်းသည်ငှင်း ဗျု-နိ။
✔ မျက်စိရှိသည်၏အဖြစ်ဟူသောဂုဏ်သည်၊ (ဝါ)မျက်စိရှိသူတို့၏------ဇာတ်သည် ပ-နိ။

http://www.dhammadownload.com



(၅)

ကိံ = ပုစ္ဆနတ္ထနိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟီတန္တ။

ဥဒါဟု = နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ ဥကာရန္တ။

ကိဉ္စိ = နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ။

ဧတ္ထ = နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ။

စက္ခုမာ = တဒ္ဓိတ်နာမ်၊ ပုံ၊ ဂုဏဝါဒီ၊ ဥကာရန္တ။

အာပဇ္ဇတိ = အာချာတ်၊ အလိင်၊ ဒိဝါဒိ၊ အကာရန္တ။

စက္ခု = ကိတ်နာမ်၊ နပုံ၊ ရတ္တာဒိ၊ ဥကာရန္တ။

အနောလောကေန္တာနံ= သမာသ်နာမ်၊ နပုံ၊ ဂစ္ဆန္တာဒိ၊ အကာရန္တ။

ကောစိဒ္ဓကော-ကား = သဗ္ဗနာမ်၊ ပုံလိင်၊ ပုရိသာဒိ (သဗ္ဗနာမ်ဂိုဏ်း)၊ နိဂ္ဂဟီတန္တ။

(၇)

(က) တောနီ-ကား ကုသလာတိဝါ မေ့ာတိဝါတိ အာဒီနိ-ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ခ)၌ ဣဒံ-ကား ကုသလာမေ့ာတိ ဣဒံဟု အစွဲတိုက်ရိုက်ရှိ - ပသိဒ္ဓဝိသယ။
ဧတ္ထ-၌ တေ-ကား ကေတ္ထ, နာနတ္တ-ကိုစွဲ ပက္ကန္တဝိသယ။

(င) ဣဓာပိ-၌ ဣမ-ကား ကုသလာမေ့ာ-စသောပုဒ်ဒြဲကိုစွဲ ပက္ကန္တဝိသယ။

နိပါတ်ပုဒ် ဇောတကများ

(က) ကိံ-ကား ပုစ္ဆာဇောတက။
ပန-ကား ပက္ခန္တရဇောတက (ပရိဟာရပက္ခမှ စောဒကပက္ခပြု)
ဝါ-ကား ဝိကပ္ပနတ္ထဇောတက။
ဥဒါဟု-ကား ဝိကပ္ပနတ္ထဇောတက (တနည်း) ပက္ခန္တရဇောတက။

(ဃ) ပဒါနဥ္ဍ-၌ စ-ကား သမုစ္စယတ္ထဇောတက။ (ရှေးဆိုခဲ့ပြီးအပြစ်ကိုပြန်ဆည်း)

(င) ၌ ဟိ-ကား တပ္ပါကဋီကရဏဇောတက။ ယောဇနာ၌ ဟိ-သစ္စံ-ဟု ဒဠှီဇောတက ယူသည်။

(၈)

ကြိယာငါးတန်

(င) ဝါကျ ဝုတ္တေ-၌ ဝစတတ်အရ--

- ✔ သတိ-ဝီရိယ-ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။
- ✔ ယောနိသောမနသိကာရသည် ဒီပကတ္ထ။
- ✔ ကုသလာ ရုပ် စက္ခုမာစသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။
- ✔ သဒ္ဒမှသဿဝန,သပ္ပုရိသူပနိဿယစသည်သည် ဝိဘာဝတ္ထ။
- ✔ ကုသလာ ရုပ် စက္ခုမာစသော သဒ္ဒါကို သောတဇနတို့ ကြားနာမှတ်သားရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

◆ *"ကုသလာ ရုပ် စက္ခုမာ" တိ ဝစနေ အာစရိယေန ဝုတ္တေ။ (ယောဇနာ။ ၆၄။)*

http://www.dhammadownload.com



(၉)

(င) ရုပ် အရ ရူပါရုံရ၏။ ၄င်း၏ စတုက္ကကား--

စက္ခုပဋိဟနနလက္ခဏံ ရူပံ၊ စက္ခုဝိညာဏဿ ဝိသယဘာဝရသံ။

တဿေဝ ဂေါစရပစ္စုပ္ပဋ္ဌာနံ၊ စတုမဟာဘူတ ပဒဋ္ဌာနံ။ (ဋ္ဌ။ ၃၅၅။)

(၁၀)

(င) ကုသလာ ရုပ် စက္ခုမှာတိ ဝုတ္တေ-၌

ဝစဓာတ်အရ သတိ-ဝီရိယ-ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ပစ္စည်းတရားသည် တ-ပစ္စည်းအရ

(ဝါ) ကုသလာ ရုပ် စက္ခုမှာတိ-ဟူသော အာကာရပုဒ်အရ ကုသလာ ရုပ် စက္ခုမှာ-ဟူသော ဝစီဘေဒသဒ္ဒပစ္စယုပ္ပန်တရားအား သဟဇာတ- ပြု။

ပြိုင်-သဟကြီး-၄၊ ဝိပ္ပယုတ္တ၊ ဟေ၊ မိ၊ ကမ္မ၊ အာဟာရ၊ ဣံ၊ ဈာန၊ မဂ္ဂ၊ ယထာရဟ(၁၂)ပစ္စည်း။

(တနည်း) ဝုတ္တေ-၌ တ-ပစ္စည်းအရ (ဝါ) ကုသလာ ရုပ် စက္ခုမှာတိ-အရ ကုသလာ ရုပ် စက္ခုမှာ-ဟူသော နာမပညတ္တိသဒ္ဒါသည် ဝစဓာတ်အရ သတိ-ဝီရိယ-ဉာဏ်ပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု။

ကုသလာ + ရုပ်

ကုသလာ အရ ကုသိုလ်ပစ္စည်းတရားသည်၊ ရုပ် အရ ရူပါရုံပစ္စယုပ္ပန်တရားအား ပကတူပ-၏။

*(ပဒါနဋ္ဌ အသမ္ဗန္ဓော=ပုဒ်အချင်းချင်းမငဲ့စပ်ကြသောကြောင့်တည်း။)*

ကေတ္တာနိ-၌

အန္တတ္ထ အရ တူသောအနက်ဒြဗ်ဟူသော အတ္ထပညတ်ပစ္စည်းသည် ဗာဟျတ္ထ (အညပုဒ်)-အရ ကုသလာစမွာ-စသော သဒ္ဒပညတ် ပစ္စယုပ္ပန်အား ပကတူပ---၏။

စက္ခုမှာ-၌

အန္တတ္ထ(စက္ခု) အရ စက္ခုပသာဒ ပစ္စည်းတရားသည် ဗာဟျတ္ထ(မန္တပစ္စည်း) အရ (မျက်စိရှိသူ၏သန္တာန်၌ဖြစ်သော) စက္ခုဒွါရိက စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ဝတ္ထုပုရေဇာတ ပစ္စည်းဖြင့် ကျေးဇူးပြု။

ပြိုင်-နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပ၊ အတ္ထိ၊ အဝိဂတ၊ (၆) ပစ္စည်း။

========================

http://www.dhammadownload.com



## ဝါကျဉယျာဉ် (၁၇)

(က) သုခါယ ဝေဒနာယာတိအာဒီသု သုခသဒ္ဒေါ တာဝ သုခဝေဒနာ သုခမူလသုခါရမ္မဏ သုခဟေတုသုခပစ္စယဋ္ဌာန အဗျာပဇ္ဈနိဗ္ဗာနာဒီသု ဒိဿတိ။

(ခ) အယဉှိ "သုခဿ စ ပဟာနာ"တိ အာဒီသု သုခဝေဒနာယံ ဒိဿတိ။

(ဂ) "သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ။ သုခါ ဝိရာဂတာ လောကေ"တိ အာဒီသု သုခမူလေ။

(ဃ) "ယသ္မာ စ ခေါ မဟာလိ ရူပံ သုခံ သုခါနုပတိတံ သုခါဝက္ကန္တ"န္တိအာဒီသု သုခါရမ္မဏေ။ "သုခဿေတံ ဘိက္ခဝေ အဓိဝစနံ ယဒိဒံ ပုညာနီ"တိအာဒီသု သုခဟေတုမှိ။ "ယာဝဉ္စိဒံ ဘိက္ခဝေ န သုကရံ အက္ခာနေန ပါပုဏိတုံ, ယာဝ သုခါ သဂ္ဂါ။ န တေ သုခံ ပဇာနန္တိ၊ ယေ န ပဿန္တိ နန္ဒန"န္တိအာဒီသု သုခပစ္စယဋ္ဌာနေ။ "ဒိဋ္ဌဓမ္မသုခဝိဟာရာ ဧတေ ဓမ္မာ"တိ အာဒီသု အဗျာပဇ္ဇေ။ "နိဗ္ဗာနံ ပရမံ သုခ"န္တိ အာဒီသု နိဗ္ဗာနေ။

(င) ဣဓ ပနာယံ သုခဝေဒနာယမေဝ ဒဋ္ဌဗ္ဗော။

(စ) ဝေဒနာသဒ္ဒေါ "ဝိဒိတာ ဝေဒနာ ဥပ္ပဇ္ဇန္တီ"တိအာဒီသု ဝေဒယိတသ္မိံယေဝ ဝတ္တတိ။

ဋ္ဌ၊ ၈၃။ ပြည်၊ ၂၈၁။ ဘာသာဋီ၊ ၂၉၉။ မူလဋီ၊၃၆။ ယောဇနာ၊၆၅။ ကျော်–စံထားဂဏ္ဌိ၊ ၁၉၁။

---

### (၂)

### (က) "အနုသန္ဓေ"

ဤသို့ ကုသလသဒ္ဒေါ တာဝ (ဋ္ဌ၊၈၀) အစရှိသည်ဖြင့် ကုသလာ ဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ–ဟူသော ကုသလတိက် မာတိကာပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာကိုပြဆိုတော်မူပြီး၍၊ ဤယခုအခါ၌ သုခါယ ဝေဒနာယ သမ္ပယုတ္တာ–အစရှိသော ဝေဒနာတိက် မာတိကာပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာကိုပြလိုသောဆရာသည် ရှေးဦးစွာ သုခ–သဒ္ဒါ၏ အတ္ထုဒ္ဓါရကိုပြလိုရကား (က)မိန့်။

(က) ဖြင့် သုခသဒ္ဒါ၏ အတ္ထုဒ္ဓါရကိုပြသည်။

(ခ)(ဂ)(ဃ)တို့ဖြင့် (က)ကိုပင် ဥဒါဟရဏ် အာဂုမ်ပါဠိ အသီးသီးတို့ဖြင့် ချဲ့ပြသည်။ ထင်ရှားပြသည်။ ခိုင်မြဲစေသည်။ ထိုတွင် (ခ) ဖြင့် သုခ–သဒ္ဒါ၏ သုခဝေဒနာ အနက်၌ထင်ပုံ ဥဒါဟရဏ် အာဂုမ်သာဓကကို ပြသည်။

(ဂ) ဖြင့် သုခသဒ္ဒါ၏ သုခမူလအနက်၌ထင်ပုံ ဥဒါဟရဏ် အာဂုမ်သာဓကကိုပြသည်။

(ဃ) ဖြင့် သုခါရမ္မဏ, သုခဟေတု, သုခပစ္စယဋ္ဌာန, အဗျာပဇ္ဇ နိဗ္ဗာန အနက်တို့၌ ထင်ပုံ ဥဒါဟရဏ် အာဂုမ်သာဓကကို ပြသည်။ (ရှေ့နောက်ထောက်ဆ၊ ပက္ခ+ပက္ခန္တရ။)

(င) ဖြင့် ဤသုခါယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ ပုဒ်၌ လိုအပ်သော သုခသဒ္ဒါ၏ အတ္ထုဒ္ဓေသ ဝိသေသကိုပြသည်။

အထက်ဆိုခဲ့ပြီး ဝါကျများ ကျမ်းတက်ပုံနှင့် ဒေါသပယ်ပုံတို့မှာ ဝါကျဉယျာဉ်အမှတ် (၁၂)(၁၃)တို့နှင့် အတူတူပင်ဖြစ်သည်။

http://www.dhammadownload.com



### (၈) "အနုသန္ဓေ"

ဤသို့(င)ဖြင့် သုခါယ ဝေဒနာယ သမ္ပယုတ္တာ စေ့မှာ–၌ လိုအပ်သော သုခ–သဒ္ဒါ၏ အတ္ထုဒ္ဓေ သ–ကို ပြဆိုပြီး၍ ဤယခုအခါ၌ ဝေဒနာသဒ္ဒါ၏ အတ္ထုဒ္ဓေသကိုပြလိုသောဆရာသည် (၈)မိန့်။

◆ ဝိတက္ကေတီတိ ဝိတက္ကော။
ဝိတက္ကနံ ဝါ ဝိတက္ကော။ (ဝိ+တက္က+အ)

◆ အာရမ္မဏေ တေန စိတ္တံ ဝိစရတီတိ ဝိစာရော။
ဝိစရဏံ ဝါ ဝိစာရော။ (ဋ္ဌ။၁၅၇။၁၅၈။)

◆ သဝိတက္ကာ စ တေ သဝိစာရာစာတိ သဝိတက္ကသဝိစာရာ။

✔ သဝိတက္ကတရားတို့၏+သဝိစာရတရားတို့နှင့် ဝိသေသန+ဝိသေသျ စပ်---ဗျု–နိ။

✔ သဝိတက္က သဝိစာရတရားတို့၏ တစ်ပါးသည်---ဓာတ်--ပ–နိ။

http://www.dhammadownload.com



◆ ဥဘယေဟိ ရဟိတာ ဥဘယရဟိတာ။

✔ နှစ်ပါးစုံသော ဝိတက်, ဝိစာရတို့၏ ကင်းကုန်သောတရားတို့နှင့် ဝိသေသန+ဝိသေသျစပ် - ဗျု-နိ။

✔ နှစ်ပါးစုံသောဝိတက်ဝိစာရတို့မှကင်းကုန်သောတရား(အဝိတက္က အဝိစာရဓမ္မ)တို့၏တခုသည်--ဓာတ်သည်(ဝါ)နှစ်ပါးစုံသော ဝိတက်ဝိစာရတို့မှ ကင်းကုန်သည်၏ အဖြစ်တည်းဟူသော ဝိရဟာဘောဂုဏ်သည် ပ-နိ။

◆ နတ္ထိ ဝိတက္ကော ဧတေသန္တိ အဝိတက္ကာ။

✔ ဝိတက်မရှိခြင်းအဘာဝဘောဂုဏ်၏+အဝိတက္ကဓမ္မတို့နှင့် ဂုဏ်+ဂုဏီစပ် ဗျု-နိ။

✔ ဝိတက်မရှိခြင်းဂုဏ်သည် ပ-နိ။

◆ နတ္ထိ ဝိစာရော ဧတေသန္တိ အဝိစာရာ။ (အဝိတက္ကနည်းတူထုတ်)

(၅)

ပဝတ္တမာနေန-ကား ကိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ-ကာရန္တ။

ဥတ္တရိ-ကား နိပါတ် (အဗျယ) အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ။

သန္ဓိ-ကား နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ။

(၆)

(က) သမ္ပယောဂဝသေန ပဝတ္တမာနေန-ဖြင့် တကွဖြစ်၏ဟူသည် အာရုံစသည်တို့၏အစွမ်းဖြင့် တကွဖြစ်သည်မဟုတ်၊ သမ္ပယုတ်၏အစွမ်းဖြင့် တကွဖြစ်၏ဟူသော အဓိပ္ပါယ်ကိုသိစေသည်။ (တနည်း) သဝိတက္က-၌ ဝိတက္က-အရ သမ္ပယုတ်ဖြစ်သော ဝိတက်ကို ယူရမည်ဟု သိစေသည်။

သဟ ဝိတက္ကေန-ဖြင့် သဝိတက္ကာ-၌ သ-သဒ္ဒါသည် သမာန-သဒ္ဒါ၏ ကာရိယမဟုတ်၊ သဟ-သဒ္ဒါ၏ကာရိယ-ငှ်း, ယင်း သ-သဒ္ဒါ၏ သဟ-အနက်ဟော--ငှ်း၊ သဟ ဝိတက္ကေန ယေ ဝတ္တန္တီတိ သဝိတက္ကာ-ဟု သဟပုဗ္ဗပဒ ပဌမာဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု--ငှ်း သိစေသည်။

သဟဝိစာရေန-ဖြင့် (သဟ ဝိတက္ကေန-နည်းမှီးဖော်)

(ဂ) ဥဘယရဟိတာ-ဖြင့် အဝိတက္ကအဝိစာရာ-၌ အ-သဒ္ဒါတို့၏ ဝိရဟအနက်ဟော--ငှ်း၊ နတ္ထိ ဝိတက္ကော ဧတေသန္တိ အဝိတက္ကာ၊ နတ္ထိ ဝိစာရော ဧတေသန္တိ အဝိစာရာ၊ အဝိတက္ကာစ တေ အဝိစာရာ စာတိ အဝိတက္ကအဝိစာရာ-ဟု ပြု--ငှ်း, အဝိတက္ကအဝိစာရ-အရ ဝိတက်ဝိစာရကင်းသော တရားတို့ကို ယူ--ငှ်း သိစေ။

(ဃ) ဖြင့် ဝိစာရမတ္တာ-၌ မတ္တာသဒ္ဒါသည် ပမာဏအနက်ဟော--ငှ်း၊ ဝိစာရောဝ မတ္တာ ဧတေသန္တိ ဝိစာရမတ္တာ-ဟု ပြု--ငှ်း, ဝိစာရမတ္တာ-ပုဒ်ကို အဝဓာရဏ အတွင်းငုတ်လျက် အနက်သမ္ပန် ရမည်ကိုငှ်း သိစေသည်။

(င)ဖြင့် ဝိစာရောဝ-၌ ဧဝ-၏ ဝေတ္တဖလ (ဝါ) နိဝတ္တေတဗ္ဗတ္တကို သိစေသည်။ (နေယျတ္ထ) (တနည်း) (င)ဖြင့် ဝိစာရသာ အတိုင်းအရှည်ရှိ၏-ဟူသည် ဝိစာရထက်အလွန် ဝိတက်နှင့်တကွယှဉ် ခြင်းသို့မရောက်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

(စ)ဖြင့် သမာသလိင်္ဂပဒတ္ထ, အဘိဓာနတ္ထ သိစေပါသည်။

http://www.dhammadownload.com



(၇)

(ဃ) ဝိစာရော စ မတ္တာ-၌ ဓဝ-၏ ဂဟောတဗ္ဗတ္ထစသည်---

✔ ဝိစာရသည် ဂဟောတဗ္ဗတ္ထ။

✔ ဝိတက်သည် နိဝတ္တေတဗ္ဗတ္ထ။

✔ ဝိစာရ၏ သမ္ဘယုတ္တဓမ္မတို့သည် အနုညာတတ္ထ။

ဥတ္တရိ-နိပါတ်ကား အဓိကအနက်။
သဒ္ဒိ-ကား သမဝါယအနက်။

(၈)

(ဃ)(င)ဝါကျ အတ္ထာပတ္တိ (အတ္ထာပန္န) သိဒ္ဓိ

(င)ဝါကျသည် (ဃ)ဝါကျဖြင့် ပြအပ်သော အလျော်အနွယအနက်မှ အပြန်-ဗျတိရေကအားဖြင့် ကျရောက်သော အနက်ကိုဆ၍ သိရသောကြောင့် အတ္ထာပတ္တိသိဒ္ဓိ-ဖြစ်သည်။

ဝိတက်ကြိယာငါးတန်

✔ အာရမ္မဏေ စိတ္တဿ အဘိနိရောပန လက္ခဏာသည် ဒဿနတ္ထ။

✔ ဝိညာဏပဒဋ္ဌာန်သည်(ဝါ) အာပါထဂတ ဝိသယပဒဋ္ဌာန်သည် ဒီပကတ္ထ။

✔ အာဟနနပရိယာဟနန သမ္ပတ္တိရသသည် ပကာသနတ္ထ။

✔ အာဟနနပရိယာဟနန ကိစ္စရသသည် ဝိဘာဝတ္ထ။

✔ အာရမ္မဏေ စိတ္တဿ အာနယနပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

(၉)

အဝိတက္က ဝိစာရမတ္တာ-၌ အဝိတက္ကသဒ္ဒါဆိုရခြင်း

ဝိစာရမတ္တသဒ္ဒါဖြင့်- ဝိစာရမျှသာရှိ၏ဟုဆိုလျှင် ဝိတက်မပါဟူသောအနက်အဓိပ္ပါယ်သည် ပြီးပြီးဖြစ်သော်လည်း ဝိစာရမဟုတ်သော အဝိတက္က တတိယရာသိတရားများလည်း ရှိကုန်သေး၏ဟု ပြခြင်းအကျိုးငှါ "အဝိတက္က"ဟူသော ဝိသေသနကို ထည့်ဆိုရသည်။

◆ ဝိစာရမတ္တဝစနေန အဝိတက္ကတ္တေ သိဒ္ဓေ အဝိတက္ကနံ အညေသမ္ပိ အတ္ထိဘာဝဒဿနတ္ထံ အဝိတက္ကဝစနံ။ (မူလဋီ။ ၄၀။)

ဝိစာရမတ္တာ အဝိတက္ကာ-ဟုပုဒ်အစဉ်ပြုထိုက်လျက် အဘယ်အကျိုးငှါ "အဝိတက္က ဝိစာရမတ္တာ"ဟု ပုဒ်အစဉ်ပြုရသနည်း-? ဝိသေသန ဝိသေသျ၏အဖြစ်သည် ဝတ္တုပုဂ္ဂိုလ်ဆိုလိုသည့် အတိုင်းဖြစ်နိုင်သောကြောင့် သာမညဖြစ်သော အဝိတက္က၏အဖြစ်နှင့်တကွ ဝိစာရမျှသာ ရှိခြင်း၏ ဓမ္မ-သဒ္ဒါ၏ဝိသေသန၏ အဖြစ်ကိုလည်းပြခြင်းငှါ "အဝိတက္က ဝိစာရမတ္တာ" ဟူ၍ ပုဒ်အစဉ်ပြုတော်မူသည်။

◆ ဝိသေသန ဝိသေသိတဗ္ဗဘာဝေါ ပန ယထာကာမံ ဟောတီတိ သာမညေန အဝိတက္ကဘာဝေန သဟ ဝိစာရမတ္တတာယ ဓမ္မဝိသေသနဘာဝံ ဒဿေတုံ "အဝိတက္ကဝိစာရမတ္တာ"တိ ပဒါနုက္ကမော ကတော။ (မူလဋီကာ။ ၄၀။)

http://www.dhammadownload.com



(၁၀)

သဟ ဝိတက္ကေန သဝိတက္ကာ–၌–
ဝိတက္ကေန–အရ ဝိတက် ပစ္စည်းတရားသည်–
သဝိတက္က–အရ သဝိတက္ကစိတ်–၅၅၊ ဝိတက်ကြဉ်–စေ–၅၁ပစ္စယုပ္ပန်–အား သဟဇာတ–ပြု၊
ဖြိုင်–သဟကြီး–၄၊ အညာ၊ သမ္ပယုတ္တ၊ ဈာန၊ မဂ္ဂ၊ (၈) ပစ္စည်း။
(သဝိတက္ကာ–၌ အန္တတ္ထ(သမာသ်ပုဒ်)နှင့် ဗာဟုဗ္ဗီ (အညပုဒ်တို့)ဖြိုင်လျှင်လည်း နည်းတူပင်။)

သဟ ဝိစာရေန သဝိစာရာ–၌
ဝိစာရေန–အရ ဝိစာရပစ္စည်းတရားသည်–
သဝိစာရာ–အရ သဝိစာရစိတ်–၆၆၊ ဝိစာရကြဉ်–စေတသိက်–၅၁–အား သဟဇာတ–ပြု။
ဖြိုင်–သဟကြီး–၄၊ အညာ၊ သမ္ပယုတ္တ၊ ဈာန (၇) ပစ္စည်း။

==============================

## ဝါကျဥယျာဉ် (၂၄)

(က) ပီတိယာ သဟ ဂေဟပွါဒါဒိဘာဝံ ဂတာတိ ပီတိသဟဂတာ။
(ခ) ပီတိသမ္ပယုတ္တာတိ အတ္ထော။
(ဂ) သေသပဒဒ္ဓယေပိ ဧသေဝ နယော။
(ဃ) ဥပေက္ခာတိ စေတ္ထ အဒုက္ခမသုခါ ဝေဒနာ ဝုတ္တာ။
(င) သာ ဟိ သုခဒုက္ခာကာရပ္ပဝတ္တိံ ဥပေက္ခတိ, မဇ္ဈတ္တာကာရသဏ္ဌိတတ္တာ တေနာကာရေန ပဝတ္တတီတိ ဥပေက္ခာ။
(စ) ဣတိ ဝေဒနာတ္တိကတော ပဒဒ္ဓယမေဝ ဂဟေတွာ နိပ္ပီတိကဿ သုခဿ သပ္ပီတိကသုခတော ဝိသေသဒဿနဝသေန အယံ တိကော ဝုတ္တော။

ဌ။၈၅၊ မူလဋီ။၄၁။ ယောဇနာ။၆၇။ ပြည်။၂၉၀။ ဘာသာဋီ။၃၁၄။ ကျော်–စံ။၁၉၉။ မင်းခင်းဂဏ္ဍိ။၂၇၃။

==============================

(၁)

(ဃ) စ–အထူးကိုဆိုဦးအံ့။ (ပြည်) စ–ဆက်။ (ဘာသာဋီ) ဧတ္ထ–ဤသေသပဒဒ္ဓယ၌ (ဝါ) ဥပေက္ခာသဟဂတာ–ဟူသော တတိယပုဒ်၌။ ဥပေက္ခာတိဣမိနာ–ပါဠ်ဖြင့်။ အဒုက္ခမသုခါ ဝေဒနာ–ကို။ (ဘဂဝတာ–သည်) ဝုတ္တာ–၏။ (မင်းခင်းဂဏ္ဍိ၌–"စ–ဥပေက္ခာ၏ သရုပ်ကိုဆိုဦးအံ့။ ဧတ္ထ–ဤပီတိတိက်၌"–ဟု ပေးသည်။)

(င)ဟိ–မှန်။ သာ–ထိုအဒုက္ခမသုခဝေဒနာသည်။ သုခဒုက္ခာကာရပ္ပဝတ္တိံ–ဣဋ္ဌအဖို့ အနိဋ္ဌအဖို့တို့၏ ဖြစ်ခြင်းကို။ (တနည်း) အာရမ္မဏာဿ–၏။(ထည့်) သုခဒုက္ခာကာရပ္ပဝတ္တိံ–ဣဋ္ဌအဖို့ အနိဋ္ဌအဖို့၏ အစွမ်းဖြင့် ဖြစ်ခြင်းကို။ မဇ္ဈတ္တာ–သုခဒုက္ခတို့၏အလယ်၌တည်သောသဘောရှိသည်။ ဟုတွာ–၍။(ထည့်)ဥပေက္ခတိ ဣက္ခတိ ဩလောကေတိ–ရှုတတ်၏။(ဥပ–ကား–ဓာတွတ္တာနုဝတ္တက–ဟူလို)

http://www.dhammadownload.com



(တနည်း:) မဇ္ဈတ္တဘာဝေန-သုခဒုက္ခတို့၏ အလယ်၌တည်သော သဘောရှိသည်၏ အဖြစ်ဖြင့်။ ဥပေက္ခတိ ဥပေတာ သမန္နာဂတာ ဟုတွာ ဣက္ခတိ ဩလောကေတိ-ပြည့်သည်ဖြစ်၍ ရှုတတ်၏။ (ဥပ-ကား ဥပေတတ္ထ-ဟူလို။) မဇ္ဈတ္တာကာရသဏ္ဌိတတ္တာ-သုခဒုက္ခတို့၏ အလယ်၌ တည်သော သဘော ဟူသောအဖို့၌ ကောင်းစွာတည်သည်၏အဖြစ်ကြောင့် ။ပ။ ဥပေက္ခာ-မည်၏။ (ပြည်သျှ)

(၂)

(က) ဖြင့် ဝစနတ္ထကိုပြသည်။

(ခ) ဖြင့် ဥဇုကတ္ထ အဓိပ္ပါယတ္ထကိုပြသည်။

(ဂ) ဖြင့်ကြွင်းသောသုခသဟဂတာ, ဥပေက္ခာသဟဂတာ-ပုဒ်တို့၏အဖွင့်သံဝဏ္ဏနာကိုပြသည်။
(အတိဒေသဝါကျ၊ ပက္ခန္တရ၊ ဝါကျာရမ္ဘ။)

(ဃ) ဋ္ဌပနာဘောဂါဒိစောဒနာ။

ဆရာ-သည် (ဂ) ဖြင့် ဒုတိယပဒ, တတိယပဒနှစ်ခုတို့၏ ဝစနတ္ထ, အဓိပ္ပါယတ္ထကို (အတိဒေသ သံဝဏ္ဏနာနည်းဖြင့်) ပြဆိုတော်မူ၏။ ထို---သော် ယင်းပုဒ် ၂-ခုတို့၏ ဝစနတ္ထ, အဓိပ္ပါယတ္ထကိုသာ သိရ၍ ဤတိက်၌ (ဝါ) ဥပေက္ခာသဟဂတာ-ဟူသော တတိယပဒ-၌ ဥပေက္ခာ၏ သရုပ် (အရကောက် အဘိဓေယျတ္ထ)ကို မသိနိုင်ရာသည် မဟုတ်ပါလော။ ထို့ကြောင့်-ဝစနတ္ထ, အဓိပ္ပါယတ္ထကိုသာမပြဆိုသင့်၊ဤ-၌ ဥပေက္ခာ၏ သရုပ်(အရကောက်အဘိဓေယျတ္ထ)ကိုလည်းပြဆိုသင့် သေး၏။--ကား အဘယ်ပါနည်း။ (ဤ၌ ဥပေက္ခာ-၏ သရုပ် အရကောက်အဘိဓေယျတ္ထ) ကို မပြဆိုခဲ့သော် ဥပေက္ခာ ၁၀-ပါးလုံး၌ ပြန့်နှံ့သော အတိဗျာပိတ-၏။ စုဒ်ကြောင့်(ဃ)မိန့်။

(င) ဝါကျဋ္ဌပနာဘောဂါဒိ

ဆရာ-သည် (ဃ)ဖြင့် ဥပေက္ခာ၏သရုပ်ကို ဆိုတော်မူ၏။ (ဝါ) ဥပေက္ခာသဟဂတာ ဓမ္မာ-၌ ဥပေက္ခာ-အရ အဒုက္ခမသုခဝေဒနာ-ဟူသော ဝေဒနုပေက္ခာကို ယူရမည်ဟုဆိုတော်မူ၏။ ထို--သော် ဥပေက္ခာ ၁၀-မျိုးရှိပါလျက် ဤ---၌ ဥပေက္ခာ-အရ အဒုက္ခမသုခဝေဒနာ-ဟူသော ဝေဒနုပေက္ခာကို ယူရမည်ဟုဆိုသော ဆရာ့စကားသည် ယုတ္တိသဘာဝဒဋ္ဌိကရဏာနှင့်ကင်း၍ မယုံကြည်အပ်, မယုံကြည်နိုင်ရာ သည်မဟုတ်ပါလော။ ထို့ကြောင့် --မဆိုသင့်။ ယုတ္တိသဘာဝဒဋ္ဌိကရဏာကိုလည်း ပြဆိုသင့်သေး၏။ ---ကား အဘယ်ပါနည်း။ ဤသို့---(င)မိန့်။

(စ) ဋ္ဌပနာနုလောမာဒိ (လီနတ္ထရ)

ဆရာ-မြတ်စွာဘုရားသည် ပီတိတိက်ကိုဟောတော်မူ၏။ (ဝါ) ပီတိတိက်၌ သုခသဟဂတာ ဓမ္မာ, ဥပေက္ခာသဟဂတာ ဓမ္မာ-ဟု နှစ်ပုဒ်ကို ဟောတော်မူ၏။ ထိုသော်--ဤပီတိတိက်၏ သုခသဟဂတာဓမ္မာ, ဥပေက္ခာသဟဂတာ ဓမ္မာ ၂-ပုဒ်သည် ဟောခဲ့ပြီးသော ဝေဒနာတိက် ပထမပဒ, တတိယပဒတို့နှင့် အဓိပ္ပါယ်အရကောက်မတူ ထူးခြားကွဲပြား၏ဟူသော အနက်အဓိပ္ပါယ်ရောက်ရာ၏။ စင်စစ်-ကား မတူထူးခြားကွဲပြား သည် မဟုတ်ပါ။ ထို့ကြောင့်-- ယင်းပဒ ၂-ပါး တဖန်ဟောရခြင်း၏ အကျိုးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဒေသကဘုရားရှင်အား--ပုနရုတ္တိ-၏။ (ပ) ။ ဤသို့--(စ)မိန့်။

http://www.dhammadownload.com



( ၃ )

(ခ) ဖြင့် အဗျာပိတ, ဝိရောစိ–ပယ်သည်။

(ဂ) ဖြင့် အဗျာပိတ, ဂုဏဂရုဒေါသ, ပုနရုတ္တိ, (အတိဒေသ–ဝါကျ)။

(ဃ) ဖြင့် ဥပေက္ခာသဟဂတာ၌ ဥပေက္ခာအရ အဒုက္ခမသုခါဝေဒနာဟူသော ဝေဒနုပေက္ခာကိုသာ ယူရမည်ဟု အတိအကျပြဆိုသောကြောင့် အတိဗျာပိဒေါသ–ပယ်သည်။

(င) ဖြင့် ဥပေက္ခာ–အရ ဝေဒနုပေက္ခာကို ကောက်ယူနိုင်ခြင်း၏ ယုတ္တိအကြောင်းကို ပြသောကြောင့် ––ဝိရောစိ၊ ဩစိတျဟီန–ပယ်သည်။

(စ) ဖြင့် ပုနရုတ္တိဒေါသ–ပယ်သည်။

(ဂ) ဧသေဝနယော ထားရခြင်း

"လုံးစုံအတွေ၊ တူညီက၊ ဧသေဝနယောကို"ဟူသည်နှင့်အညီ ဒုတိယပဒ, တတိယပဒတို့သည် ပဌမပဒနှင့် ဝစနတ္ထ,အဓိပ္ပါယတ္ထ ဖွင့်ဆိုပုံဖွင့်ဆိုနည်းအလုံးစုံတူညီနေသည်ဟု ပြလို၍ (ဂ)၌ ဧသေဝနယော–ထားသည်။

(ဃ) ဝုတ္တာ–သဒ္ဒါထားရခြင်း။

ဤ––၌ ဥပေက္ခာ–ပုဒ်၏ အထင်ရှားဆုံး, ဓကဒေသျူပစာအဖြစ်ကို ပြလို၍ (ဃ)၌ ဝုတ္တာ–သဒ္ဒါထားသည်။

(၄)

◆ ဓကော ဥပ္ပါဒေါ ဓတဿာတိ ဓကုပ္ပါဒေါ။

◆ ဓကုပ္ပါဒေါ အာဒိ ယေသန္တိ ဓကုပ္ပါဒါဒယော။

◆ ပီတိယာ သမ္ပယုတ္တာ ပီတိသမ္ပယုတ္တာ။

◆ သုခေါ (ဣဋ္ဌော) အာကာရော (ကောဋ္ဌာသော) သုခါကာရော။

◆ ဒုက္ခော(အနိဋ္ဌော)အာကာရော (ကောဋ္ဌာသော)ဒုက္ခာကာရော။

◆ သုခါကာရောစ+ဒုက္ခကာရောစ သုခဒုက္ခာကာရာ။(ပုဗ္ဗပဒေ–ဥတ္တရပဒလောပေန။)

◆ ပဝတ္တနံ ပဝတ္တိ။ သုခဒုက္ခာရာနံ+ပဝတ္တိ သုခဒုကာရပ္ပဝတ္တိ။

◆ (အထဝါ)(အာရမ္မဏဿ) သုခဒုက္ခာကွာရဝသေန + ပဝတ္တိ သုခဒုက္ခာကာရပဝတ္တိ။

✓ဣဋ္ဌအဖို့အနိဋ္ဌအဖို့တို့၏+ဖြစ်ခြင်းနှင့် ဂုဏ်+ဂုဏေးစပ် ဗျူ–နိ။

✓ဣဋ္ဌအဖို့အနိဋ္ဌအဖို့တို့၏ ဖြစ်ခြင်းကြိယာသည် ပ–နိ။

◆ကျော်အောင်စံထားဂဏ္ဌိ၌– သုခဿ ဣဋ္ဌာရမ္မဏဿ အာကာရော ကောဋ္ဌာသော သုခါကာရော–စသည်ဖြင့် ဝိဂ္ဂဟပြုသည်။

◆ မဇ္ဈေ ဋ္ဌိတော အတ္တာ အာကရော (ကောဋ္ဌာသော) မဇ္ဈတ္တာကာရော။

◆(တနည်း) မဇ္ဈေ ဋ္ဌိတော အတ္တာ မဇ္ဈတ္တာ။ မဇ္ဈတ္တာ အာကာရော မဇ္ဈတ္တာကာရော။

◆ မဇ္ဈတ္တာကာရေ သဏ္ဌိတာ မဇ္ဈတ္တာကာရသဏ္ဌိတာ။

◆ တာယ+ဘာဝေါ မဇ္ဈတ္တာကာရသဏ္ဌိတတ္တံ။ (ဤကားပြည်သျှဝစနတ္ထများဖြစ်သည်။)

(ဘာသာဋီကာ၌ မဇ္ဈေ ဋ္ဌိတော အတ္တာ(သဘာဝေါ) ယဿာတိ မဇ္ဈတ္တာ–ဟု ဗဟုဗ္ဗီဟိပြုသည်)

◆ နတ္ထိ ပီတိ ဓတဿာတိ နိပ္ပီတိကံ။

✓ ပီတိမရှိခြင်း ဂုဏ်၏+နိပ္ပီတိကသုခနှင့် ဂုဏ်+ဂုဏေးစပ်–၄င်း၊ နိပုဒ်+ပီတိပုဒ်, ဓတပုဒ် သည်၄င်း ဗျူ–နိ။

✓ ပီတိမရှိခြင်း နိပ္ပီတိကဘောဂုဏ်သည် ပ–နိ။

http://www.dhammadownload.com



◆ သဟ ပီတိယာ ယံ ဝတ္တတီတိ သပ္ပီတိကံ။

✔ ပီတိနှင့်တကွဖြစ်ခြင်းဂုဏ်၏ + သပ္ပီတိကသုခနှင့် ဂုဏ်+ဂုဏေးစပ် – ဗျု–နိ။

✔ သပ္ပီတိကဘောဂုဏ်သည် ပ–နိ။

◆ သပ္ပီတိကံ + သုခံ သပ္ပီတိကသုခံ။

✔ သပ္ပီတိကဘောဂုဏ်၏ + သုခနှင့် ဂုဏ် + ဂုဏေးစပ်။

(၅)

ပီတိယာ = ကိတ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။

ကေုပ္ပါဒိဘာဝံ= သမာသ်နာမ်၊ ပုလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။

ဥပေက္ခတိ = အာချာတ်၊အလိင်၊ ဘူဝါဒိ၊ အ–ကာရန္တ။

ဧသောဝနယော (ဧသော+ဣဝ+နယော)၌–

ဧသော = သဗ္ဗနာမ်၊ ပုလိင်၊ ပုရိသာဒိ၊ (သဗ္ဗာနာမ်) အ–ကာရန္တ။

ဣဝ = နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ အ–ကာရန္တ။

နယော = ကိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။

(၆)

(က) ကေုပ္ပါဒါဒိဘာဝံ ဂတာ–ဖြင့် ပီတိသဟဂတာ–၌ ဂတသဒ္ဒါသည် ပဝတ္တိအနက်ကိုမဟော၊ ပတ္တိ–အနက်ကိုဟော––ငှင်း၊ (တနည်း) ဂတာ–၌ ဂမုဓာတ်သည်ပဝတ္တနဂတိကိုမဟော၊ပါပုဏနဂတိ အနက်ကိုဟော–– ငှင်း၊ ယင်းဂမုဓာတ်၏ သကမ္မကဓာတ်၏အဖြစ်ကို–ငှင်း၊ တ–ပစ္စည်း၏ ကတ္တုသာဓန အနက်၌သက်––ငှင်း၊ ကေုပ္ပါဒါဒိဘာဝံ ဂစ္ဆန္တိ ပါပုဏန္တီတိ ဂတာ–ဟု ကတ္တုသာဓနပြု––ငှင်း၊ ရောက် ကုန်၏ဟူသည် အာရုံ၏အဖြစ်သို့ ရောက်ကုန်သည်မဟုတ်၊ ကေုပ္ပါဒတာ–စသောအဖြစ်သို့ ရောက်သတည်း– ဟူသောအဓိပ္ပါယ်ကိုငှင်း သိစေ။ (ဆင်တဲဂဏ္ဌိ–၂၇၃၊ ရှ)

◆ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ–ကံဟောအဝုတ္တ၊ ဒုတိယန္တနှင့်ဖွင့်၍ပြ၊ ကတ္တုသာဓနကြံ။

ပီတိယာ သဟဂတာ–ဖြင့် ပီတိသဟဂတာ–၌ သဟဂတပုဒ်ကို သဟ (သဒ္ဓိံ) ဂတာ သဟဂတာ–ဟု ဒုတိယာတပ္ပုရိသ်သမာသ် (တနည်း) ကမ္မဓာရယသမာသ်ဝစနတ္ထပြု––ငှင်း၊ အပေါင်းပုဒ်ကို ပီတိယာ+သဟဂတာ ပီတိသဟဂတာ–ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြု––ငှင်း သိစေ။

(ခ) ဖြင့် ပီတိနှင့်တကွ ကေုပ္ပါဒစသည်အဖြစ်သို့ရောက်၏ဟူသည် (ဥဇုကတ္ထအားဖြင့်)ပီတိနှင့် ယှဥ်ခြင်းပင်းတည်းဟူသော အဓိပ္ပါယ်ကိုသိစေ။

(ဃ) ဖြင့် ဥပေက္ခာသဟဂတာ–၌ ဥပေက္ခာ–အရ ဥပေက္ခာ ၁၀–မျိုးလုံးကိုမယူရ၊ အဒုက္ခ မသုခါ ဝေဒနာ–ဟူသော ဝေဒနုပေက္ခာကိုယူရမည်ဟု သိစေ။

(င) သာ သုခဒုက္ခာကာရပ္ပဝတ္တိံ ဥပေက္ခတိ–ဖြင့် ဥပေက္ခာ–၌ ဥပရှေးရှိသော ဣက္ခဓာတ်––ငှင်း၊ ဏ–ပစ္စည်း ကတ္တုသာဓနအနက်၌သက်–ငှင်း၊ ဥပ–ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက (အနုတ္တက)၏ အဖြစ်ကိုငှင်း၊ (တနည်း) ဥပ–ဥပသာရပုဒ်၏ ဥပေတအနက်ဟော(သာတ္ထက)၏ အဖြစ်ကိုငှင်း၊ ယင်းဆိုခဲ့ပြီး အနက်အားလျော်စွာ “ဥပေက္ခတိ ဣက္ခတိ ဩလောကေတီတိဥပေက္ခာ၊(တနည်း)ဥပေက္ခတိ ဥပေတာ သမန္နာဂတာ ဟုတွာ ဣက္ခတိ ဩလောကေတီတိ ဥပေက္ခာ” ဟု ဝစနတ္ထ ပြုရမည်ကိုငှင်း၊ ဥပေက္ခာ–အရ အဒုက္ခမသုခဝေဒနာ–ဟုဆိုအပ်သော ဝေဒနုပေက္ခာကိုယူ––ငှင်း၊ ဥပေက္ခတိ–၌ရှု၏ ဟူသည် ဣဋ္ဌအဖို့၊ အနိဋ္ဌအဖို့၏အစွမ်းဖြင့်ဖြစ်ခြင်းကိုရှုသတည်းဟူသော အဓိပ္ပါယ်ကိုငှင်း သိစေ ။ ကြွင်းဘာဝတ္ထဖော်။

http://www.dhammadownload.com



(၇)

(ဂ) ဝေသေနယော–၌ ဝေ–၏ ဂဟေတဗ္ဗတ္ထ–စသည်။

✔ ပီတိယာ သဟ ဧကုပ္ပါဒါဒိဘာဝံ ဂတာတိ ပီတိသဟဂတာ၊ ပီတိသမ္ပယုတ္တာတိ အတ္တော–ဟူသောနည်းသည် ဂဟေတဗ္ဗတ္ထ။

✔ ယင်း၏ဆန့်ကျင်ဘက်ဖြစ်သောနည်းသည် နိဝတ္တေတဗ္ဗတ္ထ။

✔ သုခါယ သဟ ဧကုပ္ပါဒါဒိဘာဝံ ဂတာတိ သုခသဟဂတာ၊ သုခသမ္ပယုတ္တန္တိအတ္တော၊ ဥပေက္ခာယ သဟ ဧကုပ္ပါဒါဒိဘာဝံ ဂတာတိ ဥပေက္ခာသဟဂတာ၊ ဥပေက္ခာ သမ္ပယုတ္တန္တိ အတ္တော–ဟု ခွင့်ပြုခြင်းသည် အနုညာတတ္ထ။

(တနည်း:) သုခသဟဂတာ ဓမ္မာ–၌ သုခနှင့် ယှဉ်သောတရား, ဥပေက္ခာသဟဂတာ ဓမ္မာ–၌ ဥပေက္ခာနှင့် ယှဉ်သောတရားတို့ကို တိက်ပုဒ်အားလျော်စွာ ကွဲပြားခြားနားစွာ ကောက်ယူနိုင်ခြင်းသည် (ခွင့်ပြုအပ်သော) အနုညာတတ္ထ။

(စ) ပဒဒွယ မေဝ–၌ ဝေ–၏ ဂဟေတဗ္ဗတ္ထ–စသည်–

✔ ဝေဒနာတိက်လာ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ, အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ–ဟူသောပုဒ်၂–ပါးသည် ဂဟေတဗ္ဗတ္ထ။

✔ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ–ပုဒ်ကား နိဝတ္တေတဗ္ဗတ္ထ။ (အနုညာတမရသင့်)

(ဂ)ဝေသေနယော–၌ ဝေ–သည် နယော–ဟု အစွဲတိုက်ရိုက် ပါရှိသောကြောင့် ပသိဒ္ဓ။

(တနည်း:) ပထမပုဒ်၌ ဆိုအပ်ပြီးသောနည်းကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ဃ)တ္တေ–၌ တေ–သည် ဆိုခဲ့ပြီး သေသပဒဒွယကို(တနည်း:) ဥပေက္ခာသဟဂတာ–ဟူသော (တတိယ) ပုဒ်ကိုစွဲသောကြောင့်။ (ပြည်သျှ)

(တနည်း:)ဆိုခဲ့ပြီး ပီတိတိက္ကေ–ပုဒ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။ (မင်းခင်းဂဏ္ဍိ)

(င) သာ–ကား ဆိုခဲ့ပြီး အဒုက္ခမသုခါဝေဒနာ–ကိုစွဲသောကြောင့် ပက္ကန္တဝိသယ။

(၈)

✔ ပီတိသည် ဒဿနတ္ထ။

✔ ပါမောဇ္ဇသည် ဒီပကတ္ထ။

✔ ပဿဒ္ဓိသည် ပကာသနတ္ထ။

✔ သံဝရသီလ,အဝိပ္ပဋိသာရသည် ဝိဘာဝတ္ထ။

✔ သုခ–သမာဓိ–ယထာဘူတ–နိဗ္ဗိဒါစသည်သည် အနုဘာဝတ္ထ။

◆ စင်ကြယ်သီလ၊ ပါမောဇ္ဇ၊ ပီတျ–ပဿ်–သု–ဓိ။
ယထာဘူတာ၊ နိဗ္ဗိဒါ၊ ဝိရာ–ဝိမုတ္တိ။
ဝိမုတ္တိဉာဏ်၊ ဒဿနံ၊ တက်ရန် နုပါဒိ။
ရေးရှုးကြောင်းသာ၊ နောက်ကျိုးဖြာ၊ မှန်စွာ ထုတ်လေဘိ။

(ဃ)ဝါကျ ဝုတ္တာ–၌ အန္တတ္တအရ–ဘုရားရှင်၏ ဒေသနာဉာဏ်ကိုယူ။

ဗာဟျတ္ထ–အရ–ဥပေက္ခာ–ဟူသော ဝစီဘေဒသဒ္ဒကိုယူ။

(ဓ)ဝါကျ ဝုတ္တော–၌ အန္တတ္ထ–အရ–ဘုရားရှင်၏ဒေသနာဉာဏ်ကိုယူ။

http://www.dhammadownload.com



ဇာဟျတ္တ-အရ-ပီတိသဟဂတာ ဓမ္မာ, သုခသဟဂတာ ဓမ္မာ, ဥပေက္ခာသဟဂတာ ဓမ္မာ-ဟူသောဝစီဘေဒသဒ္ဒကိုယူ၍ ဒဿနတ္ထ-စသည်ထုတ်။

(ဂ)ဝါကျ အတ္ထာပန္နသိဒ္ဓိ။

ဥပေက္ခာ အရ အဒုက္ခ မသုခဝေဒနာ-ဟူသော ဝေဒနုပေက္ခာကို ယူရမည်ဟု(အနွယ)ဆိုသဖြင့် တတြ မဇ္ဈတ္တုပေက္ခာ-စသည်တို့ကို မယူရ-ဟူသော ဗျတိရိက်အနက်ရောက်သောအားဖြင့် သိရသောကြောင့် အတ္ထာပန္နသိဒ္ဓိ-ရသည်။

(၉)

သပ္ပီတိကသုခနှင့် နိပ္ပီတိကသုခ

ပီတိသဟဂုတ်စိတ် ၅၁-ခုဒ္ဓရှိသော သုခသည် သပ္ပီတိကသုခ။

သုခသဟဂုတ်ကာယဝိညာဏ်, စတုတ္ထဈာန်ဇကာဒသဒ္ဒရှိသော သုခသည် နိပ္ပီတိကသုခ။

(၁၀)

(က) ပီတိယာ+သဟ ဂတာ-၌

ပီတိယာ-အရ ပီတိပစ္စည်းတရားသည်-

သဟဂတာ-အရ ပီတိသဟဂုတ်စိတ်-၅၁၊ ပီတိ-ဒေါသ-ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ-ဝိစိကိစ္ဆာကြဉ် စေတသိက် ဆစတ္တာလီသ ပစ္စယုပ္ပန်တရားအား သဟဇာတ-ဖြင့်--ပြုသည်။

ပြိုင်-သဟကြီး-၄၊ အညာ၊ သမ္ပယုတ္တ၊ ဈာန၊ (၇) ပစ္စည်း။

အမှာ။ ။ သံဝဏ္ဏေတဗ္ဗ-ပီတိသဟဂတာ-၌ ပီတိ-အရ သဟဂတာ-အရတို့ကိုငှင်း,(ခ)ပီတိသမ္ပယုတ္တာ-၌ ပီတိ-အရ, သမ္ပယုတ္တာ-အရတို့ကိုငှင်း ပီတိယာ+သဟဂတာနည်းတူပြိုင်။

(ဃ) အဒုက္ခမသုခါ ဝေဒနာ+ဝုတ္တာ-၌--

အဒုက္ခမသုခါ-အရ အဒုက္ခမသုခဝေဒနာ သည်-

ဝုတ္တာ-၌ ဝစ-ဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ-ပြု။

ပြိုင်-အာ-ဓိ-ဥ။ (၃) ပစ္စည်း။ (ယထာရဟ)

===================

## ဝါကျဥယျာဉ် ( ၂၅ )

(က) ဒဿနတ္တိကေ ဒဿနေနာတိ သောတာပတ္တိမဂ္ဂေန။

( ခ ) သော ဟိ ပဌမံ နိဗ္ဗာနံ ဒဿနတော "ဒဿန"န္တိ ဝုတ္တော။

( ဂ ) ဂေါတြဘု ပန ကိဉ္စာပိ ပဌမတရံ ပဿတိ၊ ယထာ ပန ရညော သန္တိကံ ကေနစိဒေဝ ကရဏီယေန အာဂတော ပုရိသော ဒူရတောဝ ရထိကာယ စရန္တံ ဟတ္ထိက္ခန္ဓဂတံ ရာဇာနံ ဒိသွာပိ "ဒိဋ္ဌော တေ ရာဇာ"တိ ပုဋ္ဌော ဒိသွာပိ ကတ္တဗ္ဗကိစ္စဿ အကတတ္တာ "န ပဿာမီ"တိ အာဟ၊ ဧဝမေဝ နိဗ္ဗာနံ ဒိသွာပိ ကတ္တဗ္ဗဿ ကိလေသပ္ပဟာနဿာဘာဝါ န "ဒဿန"န္တိ ပုစ္စတိ။

http://www.dhammadownload.com



(ဃ) တဉ္စိ ဉာဏံ မဂ္ဂသ္သ အာဝဇ္ဇနဋ္ဌာနေ တိဋ္ဌတိ။

(င) ဘာဝနာယာတိ သောတာပတ္တိမဂ္ဂဿ္ဘာယေန၊

(စ) သောတာပတ္တိမဂ္ဂဿ္သယဉ္စိ ပဌမမဂ္ဂေန ဒိဋ္ဌသ္မိံယေဝ ဓမ္မေ ဘာဝနာဝသေန ဥပ္ပဇ္ဇတိ၊ အဒိဋ္ဌပုဗ္ဗံ ကိဉ္စိ န ပဿတိ၊ တသ္မာ "ဘာဝနာ"တိ ဝုစ္စတိ။

ဋ၊ ၈၅။ မူလဋီ၊၄၁။ ပြည်သျှ။၂၉၂။ ဘာသာဋီ၊၃၁၅။ ယောဇနာ၊၆၇။ ကျော်စံထားဂဏ္ဌိ။၁၉၉။ မင်းခင်းဂဏ္ဌိ။၂၇၄။

=========================

(၁)

(ခ) ဟိ-သစ္စံ၊ သော-ထိုသောတာပတ္တိမဂ်ကို။ ပဌမံ-သကဒါဂါမိမဂ်စသည်တို့မှ (ဝါ)တို့၏ ရှေးဦးစွာ။ (အပါဒါန် သမ္ဗန်-လာမြဲ။) ။ပ။ (ဘဂဝတာ-သည်။) ဝုတ္တော-၏။

(ဂ) ပန-ဗျတိရိက်ကား။ (ပြည်) ပန-ဆက်။ (ဘာသာဋီ) ဂေါတြဘု-သည် (ဝါ)ကို၊ ပဌမတရံ-သောတာပတ္တိမဂ်ထက်သာ၍ ရှေးဦးစွာ။ (နိဗ္ဗာနံ-ကို။)

(ဃ) ဟိ-သစ္စံ။

(စ) ဟိ-သစ္စံ၊ (ဝါ) ဟိ-ယသ္မာ-ကြောင့်။ပ။

(၂)

(က) ပါပနာဒိပဥ္စက

ဆရာ-မြတ်စွာဘုရားသည် ဒဿနေန ပဟာတဗ္ဗာ-ဟုဟောတော်မူ၏။ ထို့--သော် ဤ--၌ ဒဿနသဒ္ဒါသည် ဉာဏစသောအနက်တို့ကိုလည်း ဟော၏ဟူသောအနက်ရောက်ရာ၏။ (ဝါ)ဒဿန-အရ မြင်တတ်သောတရားအားလုံးကို ယူရမည်ဟူသောအနက်သည်ရောက်ရာ၏။စင်စစ်--ကား ထိုအနက်သည် မရောက်သင့်။ ထို့--ကြောင့် ဒဿန-အရ ဤ၌ဖြစ်သင့်သော အနက်ကိုလည်း ပြဆိုသင့်သေး၏။ --မနေသင့်တန်ရာ။ --နေချေသော် အတိဗျာပိတ--၏ ။ပ။ ဤသို့--(က)မိန့်။

ကား-ဒဿန-သဒ္ဒါသည် ဤသောတာပတ္တိမဂ်ဟူသောအနက်ကိုသာ ဟော၏။ (ဝါ)ဒဿန-အရ သောတာပတ္တိမဂ်ကိုသာ ယူရမည်ဟု---ဟူလို။

◆ ဒိဋ္ဌာဒိမဂ္ဂေ ဉာဏကိစ္စကရဏလဒ္ဓိသု ဒဿနံ။ (ဓာန်။ ၈၈၈။)

(ခ) ဋ္ဌပနာဘောဂါဒိ

ဆရာ-သည် (က) ဖြင့် ဒဿနေန-အရ သောတာပတ္တိမဂ်ကို ယူရမည်ဟု ဖွင့်ဆိုတော်မူ၏။ ထိုသော် (ဒဿနသဒ္ဒါသည် "ဒိဋ္ဌာဒိမဂ္ဂေ ဉာဏကိစ္စကရဏလဒ္ဓိသု ဒဿနံ" ဟူသည်နှင့်အညီ စက္ခုဝိညာဏ်စသော အနက်များစွာနှင့် ဆက်ဆံရကား) ဒဿန-အရ သောတာပတ္တိမဂ်ကို ယူရမည်ဟု ဖွင့်ဆိုသော ဆရာ့စကားသည် ယုတ္တိသဘာဝဒဋ္ဌိကရဏနှင့်ကင်း၍မယုံကြည်အပ် မယုံကြည်နိုင်ရာသည်မဟုတ်ပါလော။ ။ပ။ ယုတ္တိသဘာဝဒဋ္ဌိကရဏကား အဘယ်ပါနည်း။ ဤသို့မေး------(ခ)မိန့်။

(တနည်း)ထို--သော် ယင်းသောတာပတ္တိမဂ်၏ဒဿနမည်ခြင်းအကြောင်းကို မသိနိုင်ရာသည် မဟုတ်ပါလော၊ ထို့ကြောင့် ။ပ။ ယင်းသောတာပတ္တိမဂ်၏ဒဿနမည်ခြင်းအကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ်ကြောင့် သောတာပတ္တိမဂ်ကို "ဒဿန"-ဟူ၍ ဆိုအပ်ပါသနည်း။ (ခ)မိန့်။

http://www.dhammadownload.com



## (ဂ)ဥပနာဘောဂါဒိပဋ္ဌက

ဆရာ--သည် (ခ) ဖြင့် နိဗ္ဗာန်ကို ရှေးဦးစွာမြင်တတ်သောကြောင့် သောတာပတ္တိမဂ်ကို "ဒဿန" ဟူ၍ဆိုအပ်သောဟုဆို၏။ ထို--သော်လည်း မဂ္ဂဝီထိ၌ပါသော ဂေါတြဘုသည်-(ဂေါတြဘု ပန နိဗ္ဗာနမာလမ္ဗိတွာ-ဟူသောသင်္ဂဟစကားအရ) သောတာပတ္တိမဂ်ထက် ရှေးဦးစွာ နိဗ္ဗာန်ကိုမြင်သည် မဟုတ်ပါလော။ (ဝါ) ရှေးဦးစွာနိဗ္ဗာန်ကိုမြင်သောကြောင့်--ဂေါတြဘုကိုသာ "ဒဿန"ဟူ၍ ဆိုသင့်သည် မဟုတ်ပါလော။ ထို--ကြောင့် (ခ) ဖြင့်---မဆိုသင့်။ ဂေါတြဘုကို"ဒဿန"ဟူ၍ မဆိုရခြင်း၏အကြောင်း ကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် ဂေါတြဘုကို"ဒဿန"ဟူ၍ မဆိုပါသနည်း။ ဤသို့.-(ဂ)မိန့်။

## (၃)

(က) ဖြင့် အဗ္ဗာပိတ-ပယ်သည်။

(ခ) ဖြင့် ဝိရောဓိ, ဩစိတျဟီနဒေါသ-ကို ပယ်သည်။

(ဂ) ဖြင့် ပြည်သျ-အလို ဗျတိရေကယုက အန္ဒယ+ဗျတိရေက ဆန့်ကျင်သော ဝိရောဓိကို

(တနည်း) ဘာသာဋီကာ-အလို ဝါကျာရမ္ဘ-ယုက အဗ္ဗာပိတ+အပရိပုဏ္ဏကို ပယ်သည်။

(ဃ) ဖြင့် (သဘာဝယုတ္တိပြ) ဝိရောဓိ, ဩစိတျဟီနဒေါသ-ပယ်သည်။

(င) ဖြင့် အထက်မဂ် ၃-ပါးကို ဘာဝနာဟုဆိုရခြင်း၏အကြောင်းယုတ္တိကိုပြသောကြောင့် ဝိရောဓိဒေါသ, ဩစိတျဟီနဒေါသ-ပယ်သည်။

## (ဂ)ဝါကျ ကိဥ္စာပိသဒ္ဒါထားရခြင်း

"ကိဥ္စာပိလုမ်း၊ တစ်ခြမ်းဝန်ခံ၊ ပယ်လှန်တစ်ဝ၊ ဖြေဖို့ပြ။

ကိဥ္စာပိနှင့်၊ ယဒိ ကာမဥ္စ၊ တွေ့လေက၊ ဒေါသအလျောက် ဖြေ "ဟူသည်နှင့်အညီ ဂေါတြဘုသည် နိဗ္ဗာန်ကိုရှေးဦးစွာ မြင်သည်ကား မှန်၏။ ယင်းသို့ရှေးဦးစွာမြင်သော်လည်း ပြုအပ်သော ကိလေသပ္ပဟာနကိစ္စ မရှိသောကြောင့် "ဒဿန"ဟူ၍မဆိုရ။ ဤသို့စောဒကပုဂ္ဂိုလ်၏စကားကို တစ်စိတ်တစ်ဒေသဝန်ခံ၍ ထိုစောဒကစကားကို ပယ်လှန်တွန်း၍ အဖြေကို ပြလိုသောကြောင့် (ဂ) ၌ ကိဥ္စာပိ-သဒ္ဒါထားသည်။

(တနည်း) "ကိဥ္စာပိ ကာမဥ္စနှင့်၊ တကွတက်မှု၊ အနက်ဝါစ္စ၊ ကျိုးဖလဝယ်၊ မုချမနှစ်သက်၍ တက်ရာသော်" ဟူသည်နှင့်အညီ (ခ) ဝါကျပါ ပဌမံ နိဗ္ဗာနံ ဒဿနတော-ဟူသော စကားကိုမနှစ်သက် သောကြောင့် (ဂ)၌ ကိဥ္စာပိ-သဒ္ဒါထားသည်။

## (ဂ) ရာဇာနံ ဒိသွာပိ-၌ ပိ-ထားရခြင်း

"အမြွတ်,အများ၊ နောက်ထိုင်ငြား၍ ၊ ပိ-ကား သမ္ဘာဝနာ၊ ဖြစ်တုံပါလည်း၊ ယင်းတို့စပ်ရာ၊ ယုတ်+နည်းပါမူ၊ မှတ်ယူဂရဟာ"ဟူသည်နှင့်အညီ ဒိသွာပိ-၌ ပိ-ကား ဘုရင်ကိုမြင်ရသော်လည်း သွားရင်းကိစ္စ မပြီးစီးရကား "နပဿာမိ-မဖြစ်ပါ"ဟု (ပဋိသေဓ န-နှင့်) ဆိုထားရကား ဂရဟာဇောတက အဖြစ်ကို ပြလိုသောကြောင့် ပိ-သဒ္ဒါထားပါသည်။

http://www.dhammadownload.com



**နိဗ္ဗာနံ ဒိသွာဝိ-၌ ပိ(အပိ)ထားရခြင်း**

ဒိသွာပိ-၌ ပိ-ကား ဂေါတြဘုသည် နိဗ္ဗာန်ကိုရှေးဦးစွာမြင်သော်လည်း ကိလေသပ္ပဟာန ကိစ္စကို မပြုနိုင်ရကား "ဒဿန" ဟူ၍ မဆိုရဟု ဂရဟာဇောတကအဖြစ်ကို ပြလိုသောကြောင့် ထားသည်။

**(စ) တသ္မာ-ထားရခြင်း**

အကျိုးဖလကို ပြလိုသောကြောင့် တသ္မာ-သဒ္ဒါထားသည်။

(၄)

* ဂေါပိယတီတိ ဂေါတ္တံ။ (ဂုပ+တ)
* ဂဝံ သဒ္ဒံ တာယတီတိ ဝါ ဂေါတ္တံ။ (ဂေါ+တာ+တ)
* ဂေါတ္တံ ဘဝတိ အဘိဘဝတီတိ ဂေါတြဘု။

✔ဂေါတ္တ သဒ္ဒူပပဒ ဘူဓာတ်+ကွိပစ္စည်းသည်၄င်း၊ ကာမအနွယ်ပုထုဇ္ဇဉ်အနွယ်ကိုလွှမ်းမိုးခြင်း ကြိယာသည်၄င်း၊ ကာမအနွယ်ပုထုဇ္ဇဉ်အနွယ်၏လွှမ်းမိုးတတ်သော ဂေါတြဘုဉာဏ်နှင့် အဘိဘဝိတဗ္ဗ+ အဘိဘဝနအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည်၄င်း ဗျု-နိ။

✔ဂေါတြဘုဉာဏ်၏တစ်ခုသည်--ဓာတ်သည် (တနည်း) ကာမအနွယ် ပုထုဇ္ဇဉ်အနွယ်ကို လွှမ်းမိုးတတ်သည်၏အဖြစ်တည်းဟူသောဂုဏ်သည် ပ-နိ။

(တနည်း) * ဂေါတ္တံ ဘာဝေတိ ဝဍ္ဎေတိ နိဗ္ဗတ္တေတီတိ ဂေါတြဘု။

✔ဂေါတ္တ+ဘူ+ကွိ-ပစ္စည်းသည်၄င်း၊ မဟဂ္ဂုတ်အနွယ်, လောကုတ္တရာအနွယ်ကို ဖြစ်စေခြင်း ကြိယာသည်၄င်း၊ မဟဂ္ဂုတ်အနွယ်, လောကုတ္တရာအနွယ်၏+ဂေါတြဘုဉာဏ်နှင့် အကျိုး+ အကြောင်း စပ်-၄င်း ဗျု-နိ။

✔ဂေါတြဘုဉာဏ်၏ တစ်ခုသည်---ဓာတ်သည် (တနည်း) မဟဂ္ဂုတ် လောကုတ္တရာအနွယ် ကိုဖြစ်စေတတ်,တိုးပွါးစေတတ်သည်၏အဖြစ်တည်းဟူသောဂုဏ်သည် ပ-နိ။

**"ဝစနတ္ထမှတ်ဘွယ်"**

* နိဗ္ဗာနံ ဒဿတီတိ ဒဿနံ။ (ဒိသ+ယု။ မြင်ခြင်းကြိယာ။)
* သဝတိ သန္ဒတီတိ သောတော။ (သု+တ။ စီးခြင်းကြိယာ။)
* သောတော ဝိယာတိ သောတော။ (သောတပုဒ်+အ။)

(ရေအလျဉ်၏+ အရိယာမဂ်နှင့် သဒိသ+သဒိသီစပ်)

* အာဒိတော ပဇ္ဇနံ အာပတ္တိ။
* သောတဿ + အာပတ္တိ သောတာပတ္တိ။
* နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတီတိ မဂ္ဂေါ။
* သောတာပတ္တိယာ + အဓိဂတော + မဂ္ဂေါ သောတာပတ္တိမဂ္ဂေါ။

(ရေအလျင်နှင့်တူသော အရိယာမဂ်သို့ ရှေးဦးစွာရောက်ခြင်း၏+ရအပ်သော (သောတာပတ္တိ) မဂ်နှင့် ဂုဏ်+ဂုဏေးစပ်)

* ပဋိယတိ ဥစ္စာရီယတိ ဥတ္တမဘာဝေနာတိ ပဋ္ဌမံ။ (ဏွာဒိ)
* ဘဝါဘဝံ ဝိနတိ သံသိဗ္ဗတီတိ ဝါနံ။
* ဝါတိ သတ္တေသု ဂစ္ဆတိ ပဝတ္တတီတိ ဝါ ဝါနံ။

http://www.dhammadownload.com



* ဝါနတော နိက္ခန္တံ နိဗ္ဗာနံ။ ( နိ+ဝါန တဏှာမရှိရာနိဗ္ဗာန်။)
(တနည်း) နတ္ထိ+ဝါနံ ဧတ္ထာတိ နိဗ္ဗာနံ။ ( နိ+ဝါန+ဧတ။ တဏှာမှ ထွက်ရာနိဗ္ဗာန်။)
(တနည်း) နိဗ္ဗာတိ ရာဂဂ္ဂိအာဒိကော ဧတေနာတိ နိဗ္ဗာနံ။ (နိ+ဝါ+ယု။ ငြိမ်းအေးခြင်းကြိယာ။)
* သဟ အန္တေန ယံ ဝတ္တတီတိ သန္တိကံ။
(အဆုံးနှင့်တကွဖြစ်ခြင်း၏+အနီးအရပ်နှင့် ဂုဏ်+ဂုဏေးစပ်)
* ဟတ္ထိသ္သ ခန္ဓော ဟတ္ထိက္ခန္ဓော။ တသ္မိံ+ဂတော ဟတ္ထိက္ခန္ဓဂတော။
* အာဝဇ္ဇနံ ဝိယ ဌာနံ အာဝဇ္ဇနဋ္ဌာနံ။ (ယောဇနာ)
(တနည်း) အာဝဇ္ဇသ္သ+ဌာနံ အာဝဇ္ဇနဋ္ဌာနံ။
* မင်္ဂါနံ+ တယံ မဂ္ဂတ္တယံ။ သေသံ+မဂ္ဂတ္တယံ သေသမဂ္ဂတ္တယံ။
* ပုဗ္ဗေ အဒိဋ္ဌံ အဒိဋ္ဌပုဗ္ဗံ။

(၅)

သန္တိက = သမာသ်နာမ်၊ နပုံ၊ စိတ္တာဒိ၊ အ–ကာရန္တ။
ဂေါတြဘု = ကိတန္တသမာသ်၊ နပုံ၊ ရတ္တာဒိ၊ ဥ–ကာရန္တ။
◆ ဂေါတြဘုဉာဏ်ကို ရသလ္လက္ခဏာ ကထိတံ ပဒံ၊ နပုံသကဋ္ဌ ဝိဥ္ဉေယျံ၊ ဥာဏ်စိတ္တာဒိပေက္ခကံ၊ (နီတိ၊ ပဒ၊ ၁၁၆၊)
ရထိကာ = တဒ္ဓိတ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ–ကာရန္တ။
◆ *ရထသ္သ ဣကာ ရထိကာ။ ဣကော၊ ဣတ္ထိယံ။ အာ။ (သူစိ)*
ပထမတရံ = တဒ္ဓိတ်နာမ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ–ကာရန္တ။

(၆)

(က)သောတာပတ္တိမဂ္ဂေန–ဖြင့် ဒဿနေန–၌ ဒဿနသဒ္ဒါသည် ဥာဏ်စသောအနက်တို့ကို မဟော၊ အာဒိမဂ္ဂ–ဟုဆိုအပ်သော သောတာပတ္တိမဂ်ကိုဟော၏ဟု သိစေ။
(တနည်း) ဒဿန–အရ စက္ခုဝိဉာဏ်စသည်ကို မယူရ၊ သောတာပတ္တိမဂ်ကို ယူရမည်ဟုသိစေ။
(ခ)ဖြင့် ဒဿန–အရ သောတာပတ္တိမဂ်ကိုယူရမည်ကိုငှင်း , ပဌမံ နိဗ္ဗာနံ ပဿတီတိ ဒဿနံ–ဟု–ပြု––ငှင်း၊ ယု–ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–ငှင်း၊ မြင်၏–ဟူသည် ရူပါရုံ–စသည်ကို မြင် သည်ကား မဟုတ်၊ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့်မြင်၏–ဟူသော အဓိပ္ပါယ်ကိုငှင်း သိစေသည်။
(ဂ) သေသမဂ္ဂတ္တယေန–ဖြင့် ဘာဝနာယ–၌ ဘာဝနာ–အရ သမထ, ဝိပဿနာ ဘာဝနာကို မယူရ၊ သောတာပတ္တိမဂ်မှ ကြွင်းသော အထက်မဂ် ၃–ပါးကို ယူရမည်ကိုငှင်း, အာယ–သည် သ–ဝိဘတ် စသည်တို့၏ ကာရိယမဟုတ်၊ နာ–ဝိဘတ်၏ ကာရိယအဖြစ်ကိုငှင်း သိစေသည်။
(ဃ)ဖြင့် ဘာဝနာ–၌ ဘူ–ဓာတ်––ငှင်း, ယု–ပစ္စည်း ဟေတုကတ္တုသာဓနအနက်၌ သက်–– ငှင်း, ပဌမမဂ္ဂေန ဒိဋ္ဌဓမ္မေ ဘာဝေတီတိ ဘာဝနာ–ဟု ပြု––ငှင်း၊ ဘာဝနာ–အရ အထက်မဂ် ၃–ပါ ကို ယူ––ငှင်း သိစေသည်။

(၇)

(စ) ဒိဋ္ဌသ္မိံယေဝ ဓမ္မေ–၌ ဝေတ္တဗ္ဗလတ္တယ

✔ သောတာပတ္တိမဂ် မြင်အပ်ပြီးသော သစ္စာတရားသည် ဂဟေတဗ္ဗတ္တ။
✔ သောတာပတ္တိမဂ် မမြင်အပ်သောတရားသည် နိဝတ္တေတဗ္ဗတ္တ။

http://www.dhammadownload.com



✔ သောတာပတ္တိမဂ် မြင်အပ်ပြီးသော သစ္စာလေးပါးတရား၏ ပရိညေယျ, ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗဘောဂုဏ်သည် အနုညာတတ္ထ။

(၀၁) သစ္စာတို့၏ အဝိသံဝါဒန သဘောလက္ခဏာရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

(ခ) သော–၌ တ–ကား ဆိုခဲ့ပြီး သောတာပတ္တိမဂ်ကိုစွဲ––ပက္ကန္တဝိသယ။

(ဃ)တဋ္ဌိ ဉာဏံ–၌ တ–ကား ဉာဏ်–ဟု အစွဲတိုက်ရိုက်ပါရှိ––ပသိဒ္ဓဝိသယ။

(စ)တသ္မာ–၌ တ–ကား သေသမဂ္ဂတ္တယံ။ပ။ ဥပ္ပဇ္ဇတိ–ဟူသော ရှေးဆိုခဲ့ပြီးတစ်ဝါကျလုံးကိုစွဲ–အနုဘူတဝိသယ။

(ဂ) ကိဋ္ဌာဝိ–ကား သမ္ဘာဝနာဇောတက, အနုဂ္ဂဟတ္ထ။

ယထာ ပန–၌ ပန–ကား ဂရဟာဇောတက, အရုစျတ္ထ။

- ◆ ပနစပ်ရာ၊ ယုတ်နည်းပါ၊ ယူပါ–အရုစိ။
- ◆ ယင်းတို့စပ်ရာ၊ များမြွတ်ပါ၊ နုဂ္ဂဟာ–ဟုသိ။
- ◆ ပန–နုဂ္ဂဟာ၊ ထွန်းတုံပါ၊ ကိဋ္ဌာ–အရုစိ။ ◆ ကိဋ္ဌာဝိ–က၊ နုဂ္ဂဟ၊ ပန–အရုစိ။

(၈)

(က) သောတာပတ္တိမဂ္ဂေန–အရ––

✔ သောတာပတ္တိမဂ်သည်–– ဒဿနတ္ထ။

✔ ဂေါတြဘုသည် ဒီပကတ္ထ။

✔ သောတာပတ္တိဖိုလ်သည် ပကာသနတ္ထ။

✔ ပရိကံ, ဥပစာ, အနုလုံတိုင်အောင် ရှေးရှေးသော အကြောင်းတရားများသည် ဝိဘာဝတ္ထ။

✔ ဘဝင်, ပစ္စဝေက္ခဏာဉာဏ်စသည်သည် အနုဘာဝတ္ထ။

(ဂ) ✔ ဂေါတြဘုဉာဏ်သည် ဒဿနတ္ထ။

✔ အနုလုံသည် ဒီပကတ္ထ။

✔ သောတာပတ္တိမဂ်သည် ပကာသနတ္ထ။

✔ ပရိကံ, ဥပစာတိုင်အောင်သော ရှေးရှေးသောအကြောင်းတရားများသည် ဝိဘာဝတ္ထ။

✔ သောတာပတ္တိမဂ္ဂါနန္တရဖိုလ်–မှစ၍ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

အမှာ။ ။ ဘာဝနာ–အရ အထက်မဂ်သုံးပါးလုံးကိုယူ၍ ဝိထိနည်းဖြင့် အသီးသီးထုတ်။ ဒီပကတ္ထထုတ်ရာ၌ ဂေါတြဘု အစား ဝေါဒါန်ကိုထုတ်။

(၉)

(ခ)နိဗ္ဗာနံ ဒဿနတော–၌ ဒဿန–အရ အာရမ္မဏဒဿနကိုသာယူ။ ပဋိဝိဇ္ဈနဒဿနကိုမယူရ။ (ကျော်အောင်စံထားဂဏ္ဌိ။ ၁၉၉)

- ◆ နိဗ္ဗာနံ ဒဿနတောတိ နိဗ္ဗာနာရမ္မဏတော် သန္ဓာယာဟ။ (မူလဋီကာ)
- ◆ နိဗ္ဗာနာရမ္မဏတော် သန္ဓာယာဟ, န နိဗ္ဗာနပဋိဝိဇ္ဈနံ။ (အနုဋီ။ ၄၅။)

http://www.dhammadownload.com



**"နိဗ္ဗာနာရမ္မဏ, နိဗ္ဗာနပဋိဝိဇ္ဈန ၂-ပါးအထူး"**

အားနည်းသော ယောကျာ်းသည် တောင်ဝှေးစသည်ကို ကိုင်သကဲ့သို့ စိတ်, စေတသိက်တို့၏ နိဗ္ဗာန်ကိုအာရုံပြုကာမျှ,ယူကာမျှသည် နိဗ္ဗာနာရမ္မဏ မည်၏။

သမ္မာဒိဋ္ဌိဟု ဆိုအပ်သော တစ်ခုသောမဂ္ဂင်၏ နိရောဓသစ္စာ-ဟုဆိုအပ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် ထိုးထွင်း၍သိခြင်းသည် နိဗ္ဗာနပဋိဝိဇ္ဈနမည်၏။ ဤသို့ထူးသည်။(မင်း‌ခင်းဂဏ္ဌိ။၂၇၄။)

နိဗ္ဗာန်ကိုမြင်းခြင်းတူပါလျက် သောတာပတ္တိမဂ်ကိုသာ ဒဿနဟူ၍ဆိုရခြင်း။

သောတာပတ္တိမဂ်နှင့် ဂေါတြဘုသည် နိဗ္ဗာန်ကိုမြင်ခြင်းတူသော်လည်း သောတာပတ္တိမဂ်က ကိလေသာ ပယ်ခြင်းကိစ္စကိုပြု၍မြင်သောကြောင့် ဂေါတြဘုထက်သာလွန်ရကား ဒဿနကိစ္စ၌သာ၍ ထင်ရှားသောကြောင့် အထင်ရှဋ္ဌ, အတိသယနည်းဖြင့် သောတာပတ္တိမဂ်ကိုသာ "ဒဿန"ဟူ၍ခေါ်ဆိုရသည်။ (ဘာသာဋီကာ။၃၁၆။)

အာဝဇ္ဇနဋ္ဌာနေ-၌ အာဝဇ္ဇနအရ မနောဒွါရဝဇ္ဇန်းကိုယူ။

(၁၀)

(ခ) နိဗ္ဗာနံ + ဒဿနတော-၌-

နိဗ္ဗာနံ-အရ နိဗ္ဗာန်ပစ္စည်းတရားက-

ဒဿနတော-၌ ဒဿန-အရ (ဝါ) ဒိသ-ဓာတ်အရ သောတာပတ္တိမဂ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ-ပြု။

ပြိုင်-အာရမ္မဏ, အဓိပတိ, ဥပနိဿယ (၃) ပစ္စည်း။

သော + နိဗ္ဗာနံ ဒဿနတော-၌-

သော-အရ သောတာပတ္တိမဂ်ဉာဏ်သည်-

ဒဿနတော-၌ ဒဿန-အရ ထိုနှင့်ယှဉ်သော သောတာပတ္တိမဂ် စိတ္တုပ္ပါဒ်အား သဟဇာတ-ပြု။

ပြိုင်။ ကြီး-၄, အညာ, သမ္ပယုတ္တ, ဟေ, မိ, ဣံ, မဂ် (၁၀) ပစ္စည်း။

သော ဒဿနန္တိ ဝုစ္စော-၌-

သော-အရ (တနည်း) ဝုစ္စော-၌ တ-ပစ္စည်းအရ သောတာပတ္တိမဂ်သည်-

ဝစ-ဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ-ပြု။

ပြိုင်-အာ, မိ, ဥပ (၃) ပစ္စည်း။

(ဂ) ဂေါတြဘု ပဌမတရံ ပဿတိ-၌-

ဂေါတြဘု-အရ ဂေါတြဘုဉာဏ်သည်-

ပဿတိ-အရ ထိုနှင့်ယှဉ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟဇာတ-ပြု။

ပြိုင်-သဟကြီး-၄, အညာ, သမ္ပယုတ္တ, ဟေ, မိ, ဣံ, မဂ် (၁၀) ပစ္စည်း။

ရာဇာနံ +ဒိသွာပိ-၌-

ရာဇာနံ-အရ မင်းတည်းဟူသောရူပါရုံပစ္စည်းတရားသည်

ဒိသွာ-၌ ဒိသဓာတ်အရ စက္ခုဝိညာဏ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ---ပြု။

ပြိုင်-အာရမ္မဏ, ပု, အတ္ထိ, အဝိဂတ (၄) ပစ္စည်း။

http://www.dhammadownload.com



(ဃ) တဠိဉာဏံ မဂ္ဂဿ အာဝဇ္ဇနဋ္ဌာနေ တိဋ္ဌတိ-၌-
တံဉာဏံ-အရ ဉာဏ်ပစ္စည်းတရားသည်-
မဂ္ဂဿ-အရ သောတာပတ္တိမဂ်ပစ္စယုပ္ပန်တရားအား အနန္တရ-ပြု။
ပြိုင်-အနန္တရ, သမနန္တရ, ဥပ, အာသေ, နတ္ထိ, ဝိဂတ (၆) ပစ္စည်း။

(စ) သေသမဂ္ဂတ္တယဠိ ပဋ္ဌမမဂ္ဂေန ဒိဋ္ဌသိဒ္ဓိယော စမ္မေ ဘာဝနာဝသေန ဥပ္ပဇ္ဇတိ-၌-
❖ သေသမဂ္ဂတ္တယံ-အရ အထက်မဂ် ၃-ပါး ပစ္စည်းတရားသည်-
ဥပ္ပဇ္ဇတိ-အရ ထိုနှင့်ယှဉ်သော သမ္ပယုတ္တက္ခန္ဓာစိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား သဟဇာတ-ပြု။
ပြိုင်-ဟကြီး-၄, အည့, သမ္ပယုတ္တ, ဟေ, မိ, ဣံ, မဂ် (၁၀) ပစ္စည်း။
❖ ပဋ္ဌမမဂ္ဂေန-အရ သောတာပတ္တိမဂ်ပစ္စည်းတရားသည်-
သေသမဂ္ဂတ္တယံ-အရ အထက်မဂ် ၃-ပါး ပစ္စယုပ္ပန်တရားအား ပကတူပ-ပြု။
❖ ဒိဋ္ဌသိဒ္ဓိယော စမ္မေ-အရ နိရောဓသစ္စာပစ္စည်းတရားသည်-
ပဋ္ဌမမဂ္ဂေန-အရ သောတာပတ္တိမဂ် ပစ္စယုပ္ပန်အား အာရမ္မဏ-ပြု။
ပြိုင်-အာ, မိ, ဥ (၃) ပစ္စည်း။

ဒိဋ္ဌသိဒ္ဓိယော စမ္မေ+ဥပ္ပဇ္ဇတိ-၌
ဒိဋ္ဌသိဒ္ဓိယောစမ္မေ-အရ ဒုက္ခ,သမုဒယသစ္စာ ၂-ပါးပစ္စည်းတရားသည်-
ဥပ္ပဇ္ဇတိ-အရ အထက်မဂ် ၃-ပါးပစ္စယုပ္ပန်တရားအား ပကတူပ---ပြု။
(တနည်း) ဒိဋ္ဌသိဒ္ဓိယော စမ္မေ-အရ နိရောဓသစ္စာပစ္စည်းတရားသည် -
ဥပ္ပဇ္ဇတိ-အရ အထက်မဂ် ၃-ပါး ပစ္စယုပ္ပန်အား အာရမ္မဏ-ပြု။
ပြိုင်-အာ, မိ, ဥ (၃) ပစ္စည်း။
❖ ဒိဋ္ဌသိဒ္ဓိယော စမ္မေ-အရ မဂ္ဂသစ္စာတရားသည်-
ဥပ္ပဇ္ဇတိ-အရ ထိုနှင့် ယှဉ်ဘက်မဂ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား သဟဇာတ--ပြု။
ပြိုင်-သဟကြီး-၄, အညှ, သမ္ပ, ဟေ, မိ, ဣံ, မဂ်, ရှာ (၁၁)။

========================

## ဝါကျဥယျာဉ် (၂၆)

(က) တာဒန္တရတ္တိကေ ဒဿနေန ပဟာတဗ္ဗာ ဟေတု ဧတေသန္တိ ဒဿနေနပဟာတဗ္ဗဟေတုကာ။
(ခ) ဒုတိယပဒေပိ ဧသေဝ နယော။
(ဂ) တတိယပဒေ "နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗော ဟေတု ဧတေသ"န္တိ ဧဝမတ္ထေ အဂ္ဂဟေတွာ "နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗော ဟေတု ဧတေသံ အတ္ထိ"တိ ဧဝမတ္တော ဂဟေတဗ္ဗော။
(ဃ) ဣတရထာ ဟိ အဟေတုကာနံ အဂ္ဂဟဏံ ဘဝေယျ။
(င) ဟေတုယေဝ ဟိ တေသံ နတ္ထိ၊ ယော ဒဿနဘာဝနာဟိ ပဟာတဗ္ဗော သိယာ။
(စ) သဟေတုကေသုပိ ဟေတုဝဇ္ဇာနံ ပဟာနံ အာပဇ္ဇတိ၊ န ဟေတူနံ။
(ဆ) ဟေတုယေဝ ဟိ ဧတေသံ နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗောတိ ဝုတ္တော၊ န တေ ဓမ္မာ။

http://www.dhammadownload.com



(ဓ) ဥဘယမ္ပိ စေတံ အနုမိပွေတံ။

(ဈ) တသ္မာ နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ ဟေတု ဧတေသံ အတ္ထီတိ နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာတိ အယမတ္ထော ဂဟေတဗ္ဗာ။

ဋ္ဌ။ဝဓ။မူဋီ-၄၂။ ယောဇနာ-၆၈။ ပြည်သျ-၂၉၃။ကျော်အောင်စံထားကဏ္ဍိ-၁၉၉။ မင်းခင်းဂဏ္ဍိ-၂၇၆။

=================================

## (၁)

## သံဝဏ္ဏနာနှင့် အညီအနက်ပေးပုံ

ဒဿနေန ပဟာတဗ္ဗဟေတုကာ- သောတာပတ္တိမဂ်သည် ပယ်အပ်သောဟိတ်ရှိကုန်သော။
ဘာဝနာယ ပဟာတဗ္ဗဟေတုကာ- အထက်မဂ်သုံးပါးသည်ပယ်အပ်သောဟိတ်ရှိကုန်သော။
နေဝဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ-သောတာပတ္တိမဂ်သည်ပယ်အပ်သော ဟိတ်ရှိသည် လည်းမဟုတ်, အထက်မဂ်သုံးခုအပေါင်းသည်ပယ်အပ်သော ဟိတ်ရှိသည်လည်းမဟုတ်ကုန်သော။

(ဃ)ဟိ-ဗျတိရိက်ကိုဆိုအံ့။ ဣတရထာ-(ဧတေသံ အတ္ထေ) ဤစတုတ္ထီဗဟုဗ္ဗိဟိမှတပါး ဆဋ္ဌီဗဟုဗ္ဗိဟိ အနက်သည်။ သတိ-သော်။ အဟေတုကာနံ-တို့ကို။ တတိယပဒေန-ဖြင့်။ ဘဂဝတာ-သည်။ အဂ္ဂဟဏံ-သည်။ ဘဝေယျ-၏။ (ကသ္မာ-ကြောင့်။ အဟေတုကာနံ-တို့ကို။ တတိယပဒေန-ဖြင့်။ ဘဂဝတာ-သည်။ အဂ္ဂဟဏံ-သည်။ ဘဝေယျ-နည်း။)

(င)ဟိ-ယသ္မာ-ကြောင့်။ ယော ဟေတု-ကို။ ဒဿနဘာဝနာဟိ-တို့သည်။ ပဟာတဗ္ဗော-သည်။ **သိယာ-၏**။ သော တာဒိသော-ထိုသို့ပယ်အပ်သောသဘောရှိသော။ ဟေတုယေဝ-ပင်လျှင်။ တေသံ အဟေတုကာနံ-တို့အား။ နတ္ထိ-မရှိ။ (တသ္မာ-ကြောင့်။ အဟေတုကာနံ-။ တတိယပဒေန-။ ဘဂဝတာ- အဂ္ဂဟဏံ-။ဘဝေယျ-၏။)

- ဣတရထာ၊ အညထာပုဒ်၊ ထုတ်၍ရှိက၊ လက္ခဏာနှင့်၊ လက္ခဏာဝန်၊ ဤနှစ်တန်ကို၊ အမှန်သွင်းလျက်၊ အနက်သမွန်၊ အပါဒါန်မှာ၊ အနွယာကို၊ ခံကာမလွဲ၊ ထားလေမြဲ။ (ဘုရားကြီး-၆၂)

ဘာသာဋီကာ၌-" ဟိ-လဒ္ဓဒေါသထင်ရှားပြအံ့။ ဣတရထာ-အတ္ထိသဒ္ဒါပါရှိခြင်းဟူသောအခြင်း အရာမှတပါး, အတ္ထိ သဒ္ဒါမပါရှိခြင်းဟူသောအခြင်းအရာအားဖြင့်။ (အဋ္ဌေ-ကို၊ ဂယှမာနေ-ယူအပ်သော်၊)' ဟု ယောဇနာသည်။

## ( ၂ )

## (ဂ)ဠပနာဘောဂါဒိပဋ္ဌက

ဆရာ-သည်(က)(ခ)ဝါကျတို့ဖြင့် ပထမပုဒ်, ဒုတိယပုဒ်တို့၌ စတုတ္ထီ, ဆဋ္ဌီဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထ နှစ်မျိုးပြုရမည်ဟု ပြဆိုတော်မူ၏။ ထို--သော် တတိယပုဒ်၌လည်း စတုတ္ထီ, ဆဋ္ဌီဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထနှစ်မျိုးလုံးပြုရမည်-ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ ထို--ကြောင့်-သာမဆိုသင့်။ ဤတတိယပုဒ်၌ ဖြစ်သင့်,ယူသင့်သော ဝစနတ္ထနှင့် မဖြစ်သင့် မယူသင့်သော ဝစနတ္ထကိုလည်း တိကျစွာ ခွဲခြား-ပြဆိုသင့်သေး၏။ ဤတတိယပုဒ်၌ ဖြစ်သင့်,ယူသင့်သော ဝစနတ္ထကား အဘယ်ပါနည်း။ (ဤတတိယ ပုဒ်၌-မဖြစ်သင့်, မယူသင့်သော ဝစနတ္ထကား အဘယ်ပါနည်း) ဤသို့-----(ဂ)မိန့်။

(ဓာဒနာတက်လိုက "အတိဗျာပိတဒေါသ"တင်၍တက်)

http://www.dhammadownload.com



## (ဃ) ဌပနာနုလောမာဒိ

ဆရာ–သည် (ဂ) ဝါကျဖြင့် တတိယပုဒ်၌ ဆင္ခြိဗဟုဗ္ဗိဟိသမာသ်ဝစနတ္တကို မယူအပ်၊ စတုတ္ထိဗဟုဗ္ဗိဟိသမာသ်ဝစနတ္တကိုသာ ယူအပ်၏ဟုဆို၏။ ထို––သော် (တတိယပဒ၌ ဆင္ခြိဗဟုဗ္ဗိဟိသမာသ်ဝစနတ္တ ယူသဖြင့်) ရရှိအပ်သော (သင့်ရောက်နိုင်သော)အပြစ်ဒေါသများကို ဗျတိရိက်အားဖြင့် ထင်စွာမပြဆိုတော့ဟူသော အနက်ရောက်ရာ၏။ စင်–ကား ထိုအနက်သည်မရောက်သင့်။ ထို–သောကြောင့် တတိယ ပုဒ်၌ ဆင္ခြိဗဟုဗ္ဗိဟိသမာသ် ဝစနတ္တကို ယူအပ်သည်ရှိသော် သင့်ရောက်နိုင်သော, ရအပ်သော အပြစ်တို့ကို လည်း ဗျတိရိက်အားဖြင့် ထင်ရှားပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့်။––သော် အန္ဝယ+ဗျတိရေက, ဒဠှိယ+ဒဠှိကရဏာဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။–အပြစ်တို့ကားအဘယ်ပါနည်း။ ဤသို့–(ဃ) မိန့်။

အဓိပ္ပါယ်ကား...တတိယပဒ၌ ဆင္ခြိဗဟုဗ္ဗိဟိသမာသ်ဝစနတ္တကို ယူအပ်သည်ရှိသော် အဟိတ်တရားတို့ကို မယူနိုင်ခြင်း, ဟိတ်သည်ကြဉ်အပ်ကုန်သော သဟိတ်တရားတို့ကို ပယ်ခြင်း–ဟူသော အပြစ်နှစ်မျိုးရောက်နိုင်၏ဟု သင့်ရောက်သောအပြစ်တို့ကို ဗျတိရိက်အားဖြင့် ထင်ရှားစွာ ငါပြဆို–ဟူလို။

- (ဃ)ဣတရထာ–ကား (ဆ)ဝါကျ န တေဓမ္မာ–တိုင်အောင် သက်ဆိုင်၏။ ထို့ကြောင့် (ဃ)မှ (ဆ)ဝါကျတိုင်အောင် ဝါကျအားလုံးကို မျှော်၍ ကျမ်းတက်ထားသည်။
- (ဃ)မှ(ဆ)တိုင်အောင်ဝါကျများကို "ဣတရထာ၊ အညထာနောက် ဟိ–ပနနှင့်၊ စ–လုံးရောက်သော်၊ လဒ္ဓဒေါသ ဗျတိရိက်ဟု၊ အမည်ပေးမြဲ" (ဘုရားကြီးနိယံ။ ၆၁။)–အရ ဗျတိရေက လဒ္ဓဒေါသဟု အမည်ပေးရသည်။
- ဓဝမတ္ထော ဂဟေတဗ္ဗောတိ ဝုတ္တမတ္တံ ဗျတိရေကေန ပါကဋံ ကာတုံ "ဣတရထာ"တိ အာဒိ ဝုတ္တံ။ (ယောဇနာ။ ၆၈)

## (င)သို့ ဌပနာဘောဂါဒိ

ဆရာ–သည် (ဃ) ဖြင့် တတိယပုဒ်၌ ဆင္ခြိဗဟုဗ္ဗိဟိသမာသ်ဝစနတ္တကို ယူအပ်သည်ရှိသော် တတိယပုဒ်–အရ အဟိတ်တရားတို့ကို မယူနိုင်ခြင်းဟူသော အပြစ်ရောက်၏ဟုဆို၏။ ထို–သော် ယင်းအဟိတ်တရားတို့ကို မယူနိုင်ခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သည်မဟုတ်ပါလော ။ပ။ မယူနိုင်ခြင်း၏အကြောင်းကား အဘယ်ပါနည်း။ ဤသို့–(င) မိန့်။

## (စ) ပါပနာဒိပဋ္ဌက

ဆရာ–သည့် (ဃ)(င) ဝါကျဖြင့် တတိယပုဒ်၌ ဆင္ခြိဗဟုဗ္ဗိဟိသမာသ်ဝစနတ္တကို ယူအပ်သည်ရှိသော် တတိယပုဒ်–အရ အဟိတ်တရားတို့ကို မယူနိုင်ခြင်းဟူသော အပြစ်သင့်ရောက်ရာ၏ဟု ဆို၏။ ထို–––သော် တတိယပဒကို ဆင္ခြိဗဟုဗ္ဗိဟိသမာသ်ဝစနတ္တပြုရာ၌ ယင်းအပြစ်တစ်မျိုးသာ သင့်ရောက်၏–ဟူသောအနက်ရောက်ရာ၏ ။ပ။ အခြားသင့်ရောက်နိုင်သော အပြစ်တစ်မျိုးကား အဘယ်ပါနည်း။ ဤသို့––(စ) မိန့်။

http://www.dhammadownload.com



## (ဈ)ဝါကျ ပါပနာဒီပဋ္ဌက

ဆရာ–သည် (ဇ)ဝါကျဖြင့် ဆိုအပ်ပြီးသော အဟိတ်တရားတို့ကို မယူခြင်း, ဟိတ်သည်ကြဉ်အပ်သောတရားတို့ကို ပယ်ခြင်း–ဟူသော ဤအနက်နှစ်ပါးကို အလိုမရှိအပ် ဟုဆို၏။ ထို––သော်ယင်းအနက်နှစ်ပါး (ဝါ) အပြစ်နှစ်မျိုးကို တတိယပဒ–၌ အလိုမရှိအပ်ဟု ဆိုသဖြင့် တစုံတခု ရအပ်သော အကျိုးဂုဏ်မရှိဟူသော အနက်သဘောသည် ရောက်ရာ၏။ စင်–ကား– မရောက်သင့်။ ထို့–ကြောင့် တစ်စုံတစ်ခု ရအပ်သော အကျိုးဂုဏ်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် နိရတ္ထက–၏။ ဤသို့ (ဈ) မိန့်။

- သီးခြားတသွာ၊ ရှိလေရာ၊ ယူပါ–လဒ္ဓဂုဏ်။
- တသွာအတွေ့၊ ဒွန္ဒဗွေ့ (ဝေဒိတဗွေ့,ဂဟေတဗွေ့) မှတ်လော့–လဒ္ဓဂုဏ်။
- လဒ္ဓဂုဏ၊ ထိုဝါကျ၊ ကမ္ဘ–ဆုံးထားစေ။
- လဒ္ဓဂုဏ၊ ကျိုးဖလ၊ နိရတ္ထက–တင်။

## (၃)

## (က)ဝါကျ ဂဟေတဗွေ့–ထားရခြင်း

"ဂဟေတဗ္ဗ၊ ဝတ္တဗ္ဗာနှင့်၊ သဏ္ဍာလည်းပြ၊ သာမညမှ၊ ဌာနဝိသေ၊ တည်သင့်ပေလှ၊ အတ္ထယုတ္တိ၊ ကြံတွေးရှိ" (တွင်းကြီး။ ၃၂။)–ဟူသည်နှင့်အညီ နေဝဒဿနေန န ဘာဝနာယ ပဟာတဗ္ဗော ဟေတု ဧတေသန္တိ နေဝ ဒဿနေန နဘာဝနာယ ပဟာတဗ္ဗဟေတုကာ–ဟူသော ဝစနတ္ထသည် စတုတ္ထီ, ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ် အနက်နှစ်မျိုးလုံး ဆက်ဆံနေရကား သာမညစကားရပ်ဖြစ်နေသည်။ (ဆဋ္ဌီဗဟုဗ္ဗီဟိယူခဲ့သော် "အဟိတ်တရားတို့ကို မယူနိုင်ခြင်း, ဟိတ်သည်ကြဉ်အပ်သော တရားတို့ကို ပယ်ခြင်း"ဟူသော အပြစ်နှစ်မျိုး ရောက်နိုင်သည်။) စတုတ္ထီဗဟုဗ္ဗီဟိသမာသ်အနက်ယူမှသာ ဆိုခဲ့ပြီး အပြစ်နှစ်မျိုး မရောက်ဘဲ အကြောင်း+အကျိုး၊ ပဟာယက+ပဟာတဗ္ဗတန်၍ အတ္ထယုတ္တိရှိရကား ဤတတိယပဒသည် စတုတ္ထီဗဟုဗ္ဗီဟိသမာသ်အနက်ဟူသော ဝိသေသအရာ၌သာ တည်သင့်၏ဟု ပြလိုသောကြောင့်(ဂ)၌ ဂဟေတဗ္ဗော–သဒ္ဒါထားသည်။

## (ဃ)ဝါကျ ဉာတရထာ–ထားရခြင်း

"ဉာတရထာ၊ အညထာနောက်၊ ဟိ–ပနနှင့်၊ စ–လုံးရောက်သော်၊ လဒ္ဓဒေါသ၊ ဗျတိရိက်ဟု အမည်ပေးမြဲ" (ဘုရားကြီးနိယံ။၆၁။) ဟူသည်နှင့်အညီ တတိယပဒကို ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်အနက်ယူခဲ့သော် သင့်ရောက်သောလဒ္ဓဒေါသကို ဗျတိရိက်အားဖြင့် ထင်ရှားပြလိုသောကြောင့် "ဉာတရထာ" ထားသည်။

(ဟနည်း) "ဉာတရထာ၊ အညထာ ယဒိ၊ ဓဝံသတိ၊ ကျမ်း၌ရှိငြား၊ ရှေ့စကားကို၊ မြဲစေလို" (တွင်းကြီးနိယံ။၆၂)ဟူသည်နှင့်အညီ တတိယပဒကို စတုတ္ထီဗဟုဗ္ဗီဟိသမာသ်အနက်ယူရမည်ဟု ရှေးဝါကျ၌ ဖွင့်ဆိုထားသောစကားရပ်ကို ဗျတိရေကအားဖြင့် ပြလျက် မြဲစေလိုသောကြောင့် "ဉာတရထာ"ထားသည်။

http://www.dhammadownload.com



### (ဖ)ဝါကျ အဓိပ္ပေတံ–ထားရခြင်း

"အဓိပ္ပေတံ၊ နည်းတူကြံ၊ လုရန်စကားမှာ"ဟူသည်နှင့်အညီ စောဒကပုဂ္ဂိုလ်က "အဟိတ်တရားတို့ကို မယူနိုင်ခြင်း၊ ဟိတ်သည်ကြွင်အပ်သော သဟိတ်တရားတို့ကိုပယ်ခြင်း"ဟူသော အနက် ၂–မျိုးကို ဤတတိယပဒ၌ အလိုရှိအပ် (ယူအပ်)၏ ဟုဆိုသည်။ ပရိဟာရ (ကျမ်းဆရာ) ပုဂ္ဂိုလ်က ယင်းအနက်နှစ်မျိုးကို ဤတတိယပဒ၌ အလိုမရှိအပ် (မယူအပ်)ဟုဆိုသည်။ ဤသို့စောဒကနှင့် ပရိဟာရပုဂ္ဂိုလ်တို့စကားနှစ်ခု ပြိုင်လျက်ရှိရာ ပရိဟာရ (ကျမ်းဆရာ) ပုဂ္ဂိုလ်၏ စကားလှ၍ အချက်ကျကျဆုံးဖြတ်ပုံကို ပြလိုသောကြောင့် (ဖ) ၌ "အဓိပ္ပေတံ (အနဓိပ္ပေတံ)"ထားသည်။

### (ဗ) တဿာ–ထားရခြင်း

"လဒ္ဒဂုဏ၊ ကျိုးဖလနှင့်၊ ကာရဏဒဦး၊ တလီနိဂမန၊ ပြလိုက၊ တေန–တဿာထား" ဟူသည်နှင့်အညီ ရှေးအကျိုးမှဆက်၍ တဆင့်ရအပ်သော အကျိုးဂုဏ်ကို ပြလိုသောကြောင့် "တဿာ"ထားသည်။

"ဒေါသပယ်"

(ခ) အဗျာပိတ၊ အပရိပုဏ္ဏ၊ ဂန္ထဂရု–ပယ်သည်။

(ဂ) အတိဗျာပိတပယ်သည်၊ တနည်း–အဗျာပိတ–ပယ်သည်။

(ဃ) ဝိရောဓိ–ပယ်သည်။

(င) ဝိရောဓိဒေါသ, ဩစိတျဟီန–ပယ်သည်။

(စ) အဗျာပိတ၊ အပရိပုဏ္ဏ–ပယ်သည်။

(ဆ) ဝိရောဓိ၊ ဩစိတျဟီန–ပယ်သည်။

(ဇ) အဗျာပိတ၊ အပရိပုဏ္ဏ–ပယ်သည်။

(၄)

* ပဋ္ဌမံ နိဗ္ဗာနံ ပဿတီတိ ဒဿနံ။ (သောတာပတ္တိမဂ်)

* ပဟီယတီတိ ပဟာတဗ္ဗော။ (ပ+ဟာ+တဗ္ဗ၊ ပယ်ခြင်းကြိယာ)

* ဒဿနေန+ပဟာတဗ္ဗော ဒဿနေန ပဟာတဗ္ဗော။ (အလုတ္တတတိယာတပ္ပုရိသ်)
(သောတာပတ္တိမဂ်၏+ပယ်အပ်သောဟိတ်နှင့် ပဟာယက+ပဟာတဗ္ဗစပ်)

* ဟိနောတီတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု။

* ဟိနောတီတိ ဖလံ ဧတဿာတိ ဟေတု။ (အနုဋီကာ။ ၁၇၂။)

* ဒဿနေန ပဟာတဗ္ဗော+ဟေတု ဧတေသန္တိ ဒဿနေန ပဟာတဗ္ဗဟေတုကာ။
(သောတာပတ္တိမဂ်သည် ပယ်အပ်သောဟိတ်၏+အကုသိုလ်ဓမ္မတို့နှင့် ဂုဏ်+ဂုဏောစပ်။)

* သဟ+ဟေတုနာ ယေ ဝတ္တန္တီတိ သဟေတုကာ။ (ဋ္ဌ။ ၈၉။)
(ဟိတ်နှင့်တကွဖြစ်ခြင်းသဟဝတ္တနသောဂုဏ်၏+သဟိတ်တရားတို့နှင့် ဂုဏ်+ဂုဏောစပ်။)

* နတ္ထိ ဟေတု ဧတေသန္တိ အဟေတုကာ။
(ဟိတ်မရှိခြင်းအဘာဝသောဂုဏ်၏+အဟိတ်တရားတို့နှင့် ဂုဏ်+ဂုဏောစပ်။)

* အဓိပ္ပိယတေ ဣစ္ဆီယတေတိ အဓိပ္ပေတံ။ (အဓိ+အပိ+ဣ+တ)

http://www.dhammadownload.com



(၅)

ဟေတု = ကိတ်နာမ်၊ ပုလိင်၊ရတ္တာဒိ၊ ဥ–ကာရန္တ။
အဂ္ဂဟေတွာ = ကမ္မဓာရည်းသမာသ်၊ အလိင်၊ ဂဏာဝိမုတ်၊ အာကာရန္တ။
အတ္ထိ = အာချာတ်ပုဒ်၊ အလိင်၊ ဘူဝါဒိ၊ အ–ကာရန္တ။
(တနည်း) = နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဣ–ကာရန္တ။
နတ္ထိ = နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဣ–ကာရန္တ။
ဣတရထာ = အဗျယတဒ္ဓိတ် (နိပါတ်) အလိင်၊ ဂဏာဝိမုတ်၊ အာ–ကာရန္တ။
သိယာ = အာချာတ်၊ အလိင်၊ ဘူဝါဒိ၊ အ–ကာရန္တ။
အာပဇ္ဇတိ = အာချာတ်၊ အလိင်၊ ဒိဝါဒိ၊ အ–ကာရန္တ။

(၆)

(က) ဒသသနေန ပဟာတဗ္ဗဟေတုကာ–ပုဒ်ကို စတုတ္ထီ, ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု–
–၄င်း၊ က–၏ သမာသန္တ က–၏အဖြစ်ကို၄င်း သိစေ။

(ဂ)ဖြင့် နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ–ဟူသော တတိယပုဒ်ကို ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ မပြုရ၊ စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု–––၄င်း၊ က–၏ သမာသန္တ က–၏ အဖြစ်ကို၄င်း သိစေပါသည်။

(ဃ)ဝါကျဖြင့် တတိယပုဒ်ကို ဆဋ္ဌီဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုခဲ့သော် ယင်းတတိယပုဒ်ဖြင့် အဟိတ်ရားတို့ကို မယူနိုင်ခြင်း အပြစ် (လဒ္ဓဒေါသ) ရောက်နိုင်၏ဟု–သိစေ။

(၇)

(င)ဝါကျ ဟေတုယော–၌ ဝေ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ လောဘ၊ ဒေါသ၊ မောဟ–ဟူသော ဟိတ် ၃–ပါးသည် ဂဟေတဗ္ဗတ္ထ။

✔ ဇနကဟိတ်–စသည်တို့ကား နိဝတ္တေတဗ္ဗတ္ထ။

♦ ဟေတုယောဝါတိ ဝေသဒ္ဒေန လောဘဒေါသမောဟသင်္ခါတာ ဟေတူ အဟေတုကာနံ နတ္ထိ ဇနကဟေတု အာဒယော အတ္ထောဝါတိ ဉာပေတိ။ (ယောဇနာ။၆၈)

(ခ) ဝေသေဝနယော–၌ ဝေ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ ဒုတိယပုဒ်၌ စတုတ္ထီ, ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထတို့သည် ဂဟေတဗ္ဗတ္ထ။

✔ ကမ္မဓာရယ, ဒွန်–စသော ဝစနတ္ထတို့သည် နိဝတ္တေတဗ္ဗတ္ထ။

(ဃ) ဣတရထာ–၌ ဣတရ–ကား ဆိုခဲ့ပြီး ဆဋ္ဌီဗဟုဗ္ဗီဟိ အနက်ဒြပ်ကိုစွဲ–ပဋ္ဌက္ကန္တဝိသယ။
( င ) တေသံ–၌ တ–ကား ဆိုခဲ့ပြီး အဟေတုကာနံကိုစွဲ–ပဋ္ဌက္ကန္တဝိသယ။
( ဇ ) တော်–၌ တေ–ကား ဥဘယံ–ဟု အစွဲတိုက်ရိုက်ပါရှိသော–ပသိဒ္ဓဝိသယ။
(ဈ) တဿာ–၌ တ–ကား ဆိုခဲ့ပြီး ဝါကျအားလုံးကိုစွဲ–အနုဘူတဝိသယ။

( ၈ )

ဒဿနေန–အရ သောတာပတ္တိမဂ်ကိုယူ။
ဘာဝနာယ–အရ အထက်မဂ်–၃ပါး ကိုယူ၍ ဝိထိနည်းဖြင့်ထုတ်။

http://www.dhammadownload.com



ဂဟေတဗ္ဗော,အနုမိယ္ပေတံ–တို့၏ ကတ္တားကို–ပဏ္ဍိတေန–ဟုထည့်။

ယင်းပုဒ်တို့၌ ဓာတ်အရ–ပညာရှိတို့၏သန္တာန်၌ဖြစ်သော သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ဒသနဋ္ဌ–စသည်ထုတ်။

( ၉ )

(င)ဝါကျ ဟေတုယေဝ–၌ ဧဝ–သဒ္ဒါဖြင့် အဟိတ်တရားတို့အား လောဘ,ဒေါသ,မောဟ ဟိတ်–၃–ပါး မရှိကုန်၊ ဇနကဟိတ်စသည်တို့ကား ရှိကုန်သေး၏–ဟူသောအဓိပ္ပာယ်ကို သိစေသည်။ (ယောဇနာ–သာစကေ ၇–နံပါတ်ရှု။)

ယင်းဟေတုယေဝ–၌ ဟေတု–အရ သောတာပတ္တိမဂ်, အထက်မဂ် ၃–ပါးတို့သည် ပယ်အပ်သော လောဘ,ဒေါသ,မောဟ ၃–ပါးကို ယူ၍ လက္ခဏာဒိစတုက္က အသီးသီးထုတ်။

(၁၀)

(က) ဒဿနေန ပဟာတဗ္ဗော ဟေတု ဓေတေသန္တိ–၌

✔ဒဿနေနပဟာတဗ္ဗောဟေတု–အရ–သောတာပတ္တိမဂ်, အထက်မဂ် ၃–ပါးတို့ ပယ်အပ်သော–လော,ဒေါ, မောဟိတ် (၃)ပါးပစ္စည်းတရားသည်–

ဓေတေသံ–အရ–သောတာပတ္တိမဂ် (အကြွင်းမဲ့, တနကရ အားဖြင့်)ပယ်အပ်သော ဥဒ္ဓစ္စသဟဂုတ်ကြဉ်သော–အကုသိုလ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား–သဟဇာတ–ပြု။

ပြိုင်။ ။ သဟကြီး–၄၊ အညမည, သမ္ပယုတ္တ, ဟေတု (၇) ပစ္စည်း။

✔ဒဿနေန–အရ သောတာပတ္တိမဂ်ပစ္စည်းတရားသည်–

ပဟာတဗ္ဗော–အရ လောဘ,ဒေါသ,မောဟဟိတ်–၃–ပါးပစ္စယုပ္ပန်တရားအား ပကတူပ–ပြု။

✔ နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗော ဟေတု ဓေတေသံ အဗျတိတိ ဟေတုကာ–၌

အန္တတ္ထဖြစ်သော သမာသ်ပုဒ်–အရ အလောဘ, အဒေါသ, အမောဟ ဟိတ် (၃)–ပါးသည် –

ဗာဟျတ္ထဖြစ်သော အညပုဒ်–အရ ကုသိုလ်,ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်,ရုပ်အဋ္ဌဝိသအား သဟဇာတ–ပြု။

ပြိုင်–ကြီး–၄, လတ်–၄, ဟေ, ဓိ, ဣံ, မဂ် (၁၂)ပစ္စည်း။

ဓေတေသံ–အရ နိဗ္ဗာန်တရားကို ပစ္စယုပ္ပန်ယူလျှင်––အာ, ဓိ, ဥ–ပြိုင်။

========================

## ဝါကျဥယျာဉ် (၂၇)

(က) ကမ္မကိလေသေဟိ အာစိယတီတိ အာစယော။

( ခ ) ပဋိသန္ဓိစုတိဂတိပဝတ္တနံ တော် နာမံ။

( ဂ ) တဿ ကာရဏံ ဟုတွာ နိဗ္ဗာနနဘာဝေန တံ အာစယံ ဂစ္ဆန္တိ။

(ဃ) ယဿ ဝါ ပဝတ္တန္တိ၊ တံ ပုဂ္ဂလံ ယထာ ဝုတ္တမေဝ အာစယံ ဂမေန္တီဟိပိ အာစယဂါမိနော။

( င ) သာသဝကုသလာကုသလာနံ တော် အဓိဝစနံ။

ဋ၊ ဓဓ။ မူလဋီ။ ၄၃။ ယောဇနာ။၆၈။ ပြည်သျှ။၂၉၅။ ဘာသာဋီ။၃၂၁။ ကျော်အောင်စံထားဂဏ္ဍိ။၂၀၀။ ပင်းခင်းဂဏ္ဍိ။၂၈၀။

==========================

http://www.dhammadownload.com



(၁)

အဋ္ဌကထာအဖွင့်နှင့်အညီ–သံဝဏ္ဏေတဗ္ဗ အနက်ပေးပုံ

အာစယဂါမိနော–ကံကိလေသာတို့သည် ပွါးစေအပ်သော ပဋိသန္ဓေ,စုတိ,ဂတိဟုဆိုအပ်သော ဝဋ်တရားသို့ ရောက်တတ်ကုန်သော။ (ဝါ) ကံ ကိလေသာတို့သည်ပွါးစေ အပ်သော ပဋိသန္ဓေ, စုတိ, ဂတိ–ဟုဆိုအပ်သော ဝဋ်တရားသို့ ရောက်စေ တတ်ကုန်သော။

(၂)

(ခ)ဌပနာဘောဂါဒိပဥ္စက။

ဆရာ–သည် (က)ဖြင့် ကံကိလေသာတို့သည် ပွားစေအပ်သည်၏အဖြစ်ကြောင့် အာစယမည် သော ဟုဆို၏။ ထို––သော် လောကီကုသိုလ်,အကုသိုလ်တရားတို့လည်း (ကံ,ကိလေသာတို့သည် သဟဇာတ သတ္တိဖြင့် ပွားစေအပ်သည်ဖြစ်၍) အာစယမည်ကောင်းရာသည် မဟုတ်ပါလော။ ထို့ကြောင့် (က) ဖြင့် -သာမဆိုသင့်။ ဤ၌လိုအပ်သော အနက်ဝိသေသ အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ ဤ၌ လိုအပ်သော အနက်ဝိသေသ အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့–(ခ)မိန့်။

(တနည်း) အဘိဓေနတ္ထမှတပါး အဘိဓေယျတ္ထပြ ပက္ခန္တရထုံးစံအတိုင်းလည်း ကျမ်းတက်နိုင်သည်။

(တနည်း) ဆရာ–သည် (က) ဖြင့် ကံကိလေသာတို့သည် စီထားအပ်သည်၏ အဖြစ်ကြောင့် အာစယ မည်၏ဟုဆို၏။ ထို––သော် ကုသိုလ်စသောဇောများလည်း(ယောနိသောမနသိကာရစသောအကြောင်းတို့က စီအပ်ရာရောက်သောကြောင့်) အာစယမည်သည် မဟုတ်ပါလော။ စသည်ဖြင့်တက်။(ဘာသာဋီ။၃၂၁။)

(ဂ) အနုသန္ဓေ

ဤသို့ (က)(ခ)တို့ဖြင့် အာစယ–ဟူသော အစိတ်ပုဒ်၏ဝစနတ္ထ,အဘိဓေယျတ္ထ–အဖွင့်သံဝဏ္ဏ နာကို ပြပြီး၍၊ ယခုအခါ၌ အာစယဂါမိနော–ဟူသော အပေါင်းပုဒ်၏ဝစနတ္ထအဖွင့်သံဝဏ္ဏနာကို ပြလို၍ (ဂ) မိန့်။ (ပဥ္စကတက်လွယ်ပြီ။ ပက္ခန္တရထုံးစံအတိုင်း။)

(ဃ) ဌပနာဘောဂါဒိ

ဆရာ–သည် (ဂ) ဖြင့် အာစယဂါမိနော–၌ ဂါမိနော–ပုဒ်ကို ဂစ္ဆန္တီတိ ဂါမိနော–ဟု သုဒ္ဓ ကတ္တုသာဓ်ဝစနတ္ထပြ၍ ရှေးပုဒ်နှင့် ဒုတိယာတပ္ပုရိသ်သမာသ်တွဲစပ်ရမည်ဟု ပြဆိုတော်မူ၏။ ထို––သော် ဂါမိနော–ပုဒ်ကို သုဒ္ဓကတ္တုသာဓနဝစနတ္ထတစ်မျိုးသာ ပြသင့်၏ဟူသော အနက်ရောက်ရာသည် မဟုတ် ပါလော ။ပ။ (ဃ)မိန့်။

ကား– ဂမေန္တီတိ ဂါမိနော–ဟု ဟေတုကတ္တုသာဓနဝစနတ္ထလည်း ပြနိုင်သေး၏ဟူလို။

(င) ပါပနာဒိပဥ္စက

ဆရာ–သည် (ဂ)(ဃ)တို့ဖြင့် ပဋိသန္ဓိစုတိဂတိဟုဆိုအပ်သော ဝဋ်တရားသို့ ရောက်တတ်, ရောက်စေတတ်သည်၏အဖြစ်ကြောင့် အာစယဂါမိမည်၏ဟုဆို၏။ ထို––သော် ဘေသါနီး(ကာလ)၌ ထင်လာသော အာရုံ, နိမိတ်များလည်း ပဋိသန္ဓိ,စုတိ,ဂတိ–ဟုဆိုအပ်သော ဝဋ်တရားသို့ရောက်တတ်,

http://www.dhammadownload.com



ရောက်စေတတ်. သည်ဖြစ်ရကား အာစယဂါမိမည်၏ဟူသော အနက်ရောက်ရာ၏။ စင်စစ်-ကား-မရောက်ဘ‌ောင်။ ထို့ကြောင့်-ဤ၌လိုအပ်သော အနက်ဝိသေသကိုလည်း ပြဆိုသင့်သေး၏။ အတိဗျာပိတ--၏။ပ။ ဤသို့-(င) မိန့်။

ကား။ ဤ၌ အာစယဂါမိနော-အရ ဆိုခဲ့ပြီး အာရုံ့နိမိတ်ကို မယူရ၊ အာသဝေါတရားတို့၏ အာရုံဖြစ်သော လောကီကုသိုလ်, အကုသိုလ်တရားတို့ကို ယူရမည်ဟုဂါပြ-ဟူလို။

(တနည်း) အဘိဓာနတ္ထမှတပါး အဘိဓေယျတ္ထပြ-အနေဖြင့် ဝါကျတက်လည်း တက်နိုင်သည်။

( ၃ )

( ခ ) ဖြင့် အတိဗျာပိတ (တနည်း)အဗျာပိတ၊အပရိပုဏ္ဏ-ပယ်သည်။

( ဂ ) ဖြင့် အဗျာပိတ၊အပရိပုဏ္ဏ-ပယ်သည်။

(ဃ) ဖြင့် အဗျာပိတ၊အပရိပုဏ္ဏ-ပယ်သည်။

( င ) ဖြင့် အတိဗျာပိတ (တနည်း) အဗျာပိတ, အပရိပုဏ္ဏ-ပယ်သည်။

### နာမံ, အဓိဝစနံ-ထားရခြင်း

အာစယ-သဒ္ဒါ၏ အထင်ရှဋ္ဌိ,ကေဒေသျူပစာသဒ္ဒါအဖြစ်ကိုပြလို၍ (ခ)၌ နာမံ-ထားသည်။

အာစယဂါမိနော-ပုဒ်၏ အထင်ရှဋ္ဌိ,ကေဒေသျူပစာသဒ္ဒါအဖြစ်ကို ပြလို၍ (င)၌ အဓိဝစနံ-ထားသည်။

### (ဃ) ဝါသဒ္ဒါထားရခြင်း

အာစယဂါမိနော-၌-ဂါမိနော-ဝယ်-ဏီ-ပစ္စည်း၏ သုဒ္ဓကတ္တုသာဓနအနက်မှ ဟေတုကတ္တုသာဓန အနက်ကို လဲပြလိုသောကြောင့် (ဃ)၌ ဝါ-သဒ္ဒါထားသည်။

### ဝိ(အဝိ)သဒ္ဒါ-ထားရခြင်း

သုဒ္ဓကတ္တုသာဓနဝစနတ္ထကြောင့်သာ အာစယဂါမိ-မည်သည်မဟုတ်သေး၊ ဟေတုကတ္တုသာဓနဝစနတ္ထကြောင့်လည်း အာစယဂါမိမည်သေး၏-ဟူသောသမုစ္စယတ္ထ, သမ္ဘိဏ္ဍနတ္ထကို ပြလို၍ (ဃ)၌ ဝိ(အဝိ)-သဒ္ဒါထားသည်။

(၄)

* အာသဝန္တီတိ အာသဝါ။ (အာ+သု+ဏ။ ယိုစီးခြင်းကြိယာ)
* သဟ+အာသဝေဟိ+ယေ ဝတ္တန္တီတိ သာသဝါ။ (သဟ+အာသဝ+ယ)

✔ အာသဝေါတို့နှင့်တကွဖြစ်ခြင်း၏+ကုသိုလ်အကုသိုလ်တို့နှင့် ဂုဏ်+ဂုဏောစပ်- ဗျု-နိ။

(တနည်း) တကွဖြစ်သောအာသဝေါတရားတို့၏+ကုသိုလ်,အကုသိုလ်တို့နှင့်အာရမ္မဏိက, အာရုံစပ်-ဗျု-နိ။

✔ အာသဝေါတရားတို့၏ အာရုံ၏အဖြစ်တည်းဟူသောဂုဏ်သည်

(ဝါ) အာသဝေါတရားတို့နှင့်တကွ ဖြစ်ခြင်းသဟဝတ္တနဘောဂုဏ်သည်

(ဝါ) (သာသဝ)ကုသိုလ်,အကုသိုလ်တို့၏ တစ်ခုသည်---ဇာတ်သည် ပ--နိ။

http://www.dhammadownload.com



"ဝဇနတ္ထမှတ်ဖွယ်"

* ကရီယတီတိ ကမ္မံ။ ကိလေသေတီတိ ကိလေသော။
* ကမ္မဉ္စ ကိလေသောစ ကမ္မကိလေသာ။

✔ ကံနှင့် ကိလေသာတို့၏ ပွါးစေခြင်းကြိယာကို အကြောင်းပြု၍ အချင်းချင်း ငုံသကဲ့သို့ ဖြစ်သော အညမညာပေက္ခသမ္ဗန္ဓသည်--ဗျု-နိ။

* ပဋိသန္ဓာနံ ပဋိသန္ဓိ။ (ဋီကာကျော်-၁၂၅။)
* ပဋိသန္ဓဟနံ ပဋိသန္ဓိ။ (မဏိမဥ္ဇူ - ၃၈၄။)
* ပဋိသန္ဓဟတီတိ ပဋိသန္ဓိ။ (ပဋိ+သံ+ဓာ+ဣ။ ရှေ့ဘဝနှင့် နောက်ဘဝကို ဆက်စပ်ခြင်းကြိယာ။)
* စဝနံ စုတိ။ (စု+တိ။ ရွေ့လျောခြင်းကြိယာ)
* ဂန္တဗ္ဗာတိ ဂတိ။ (ဂမု+တိ။)
* ပဝတ္တတီတိ ပဝတ္တံ။ (ပ+ဝတု+တ)
* ဂတိယံ+ပဝတ္တံ ဂတိပ္ပဝတ္တံ။
* ပဋိသန္ဓိစ စုတိစ ဂတိပ္ပဝတ္တဉ္စ ပဋိသန္ဓိစုတိဂတိပ္ပဝတ္တံ။
* အထဝါ ပဋိသန္ဓိစုတိ ဧဝ+ဂတိပ္ပဝတ္တံ ပဋိသန္ဓိစုတိဂတိပ္ပဝတ္တံ။ (ယောဇနာ။၆၉။)

(တနည်း) * ပဋိသန္ဓိစ စုတိစ ဂတိစ ပဋိသန္ဓိစုတိဂတိ။

* ပဋိသန္ဓိစုတိဂတိဧဝ+ပဝတ္တံ ပဋိသန္ဓိစုတိဂတိပ္ပဝတ္တံ။ (ကျော်အောင်စံထားဂဏ္ဌိ။ ၂၀၁။)

✔ပဋိသန္ဓိစုတိဂတိတို့၏+ဝဋ်တရားနှင့် ဂုဏ်+ဂုဏီဆေးစပ် ဗျု-နိ။

✔ပဋိသန္ဓိစုတိဂတိဟုဆိုအပ်သောဝဋ်တရား၏ တစ်ခုသည်--ဓာတ်သည် ပ-နိ။

(၅)

ပဋိသန္ဓိစုတိဂတိပ္ပဝတ္တာနံ-ကား သမာသ်နာမ်, နပုံ, ဓိတ္တာဒိ, အ-ကာရန္တ။
ဧတ- ကား သဗ္ဗနာမ်, နပုံ, ဓိတ္တာဒိ, အ-ကာရန္တ။
နာမံ- ကား နာမ်ပုဒ်, နပုံ, ဓိတ္တာဒိ, အ-ကာရန္တ။

(၆)

(က) အစိယတိ-ဖြင့် အာစယော-၌ အာရှေး+စိဓာတ်အဖြစ်ကိုငင်း, ဏာပစ္စည်း ဟေတုကမ္မသာဓနအနက်၌သက်၊ (ပြည်သျှ) ၊ုဒ္ဓကမ္မသာဓနအနက်၌သက် (ဘာသာဋီကာ) ငင်း, အစိယတီတိ အာစယော-ဟု ပြု--ငင်း, အာ-၏ ဓာတွတ္ထာနုဝတ္တက--ငင်း သိစေ။

ကမ္မကိလေသေဟိ-ဖြင့် ဘာဝတ္ထ သိစေ။

(ခ)ဖြင့် အာစယဂါမိနော-၌ အာစယ-အရ လောကီကုသိုလ် အကုသိုလ်တို့ကိုမယူရ၊ ပဋိသန္ဓိစုတိဂတိဟုဆိုအပ်သော (ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်ဟူသော) ဝဋ်တရားကိုသာ ယူရမည်ဟု သိစေ။

(ဂ) တံ အာစယံ ဂစ္ဆန္တိ-ဖြင့် အာစယဂါမိနော-၌ ဂါမိနော-ဝယ် ဂမုဓာတ်-ငင်း၊ ဏီပစ္စည်း၏ သုဒ္ဓကတ္တုသာဓနအနက်၌သက်--ငင်း, ဂစ္ဆန္တီတိ ဂါမိနော-ဟု ပြု--ငင်း, အပေါင်းပုဒ်ကို အာစယံ ဂါမိနော အာစယဂါမိနော-ဟု ဒု-တပ္ပုရိသ်သမာသ်ဝဇနတ္ထပြု-ငင်း သိစေ။

http://www.dhammadownload.com



တဿ ကာရဏံ ဟုတွာ–ဖြင့် အာစယသို့ရောက်၏ဟူသည် အာရုံပြုသောအားဖြင့်ရောက်သည်ကားမဟုတ်၊ ကုသိုလ်အကုသိုလ်တို့က အာစယမည်သောပဋိသန္ဓေစသည်တို့၏ အကြောင်းများဖြစ်ရကား–ထိုအကျိုးတရားကိုဖြစ်စေတတ်သောအားဖြင့် အာစယသို့ရောက်ခြင်းပင်တည်းဟု သိစေ။ (ဘာဋီ)

(ဃ) အာစယံ ဂမေန္တိ–ဖြင့် ဟေတုကတ္တုသာဓနမျှသာထူးသည်။ အာစယံ ဂစ္ဆန္တိနှင့်အတူဖော်။

ယထာဝုတ္တမေဝ–ဖြင့် အာစယ–အရ ရှေး၌ဆိုအပ်ပြီးသောပဋိသန္ဓိစုတိဂတိဟုဆိုအပ်သောဝဋ္ဋတရားကိုပင်ယူရမည်ဟုသိစေ။

တံ ပုဂ္ဂလံ–ဖြင့် ဂမေန္တိ–၌ ကာရိတ်ကောပစ္စည်း၏ ကံအဖြစ်ကို သိစေ။

ယဿ ပဝတ္တန္တိ–ဖြင့် တံ ပုဂ္ဂလံ–၌ တံ–ဟူသောနိယတ်၏ အနိယတ်အဖြစ်ကို သိစေ။

(င)ဖြင့် အာစယဂါမိနော–အရ သေခါနီးကာလ၌ ထင်လာသော အာရုံနိမိတ်တို့ကို မယူရ၊ အာသဝေါတို့နှင့်တကွဖြစ်သော (ဝါ) အာသဝေါတို့၏ အာရုံဖြစ်သော လောကီကုသိုလ်, အကုသိုလ်တရားတို့ကိုယူရမည်ဟု သိစေ။

(၇)

ယထာ ဝုတ္တမေဝ အာစယံ–၌ ဓဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ ဆိုအပ်ပြီးသောကံကိလေသာတို့သည် ပွားစေအပ်သောပဋိသန္ဓိစုတိဂတိဟူသောဝဋ္ဋတရားသည် ဂဟေတဗ္ဗတ္ထ။

✔ မဆိုအပ်သေးသော ကံကိလေသာတို့သည် ပွားစေအပ်သော ပဋိသန္ဓေစုတိဂတိဟုဆိုအပ်သောဝဋ္ဋတရားမှ တပါးသော တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။

(တနည်း) ကံ, ကိလေသာတို့ကြောင့် ဖြစ်သော စေတနာသမ္ပယုတ္တဓမ္မနှင့် ကိလေသသမ္ပယုတ္တဓမ္မ, ယောနိသောမနသိကာရစသောအကြောင်းကြောင့်ဖြစ်သောဓောတို့သည် နိဝတ္တေတဗ္ဗတ္ထ။

(ခ) တေ–ကား ဆိုခဲ့ပြီး အာစယ–ဟူသောအမည်ကိုစွဲ–––ပက္ကန္တဝိသယ။

(တနည်း) နာမံ–ဟု အစွဲတိုက်ရိုက်ပါရှိ–––ပသိဒ္ဓဝိသယ။

(ဂ) တဿ–၌ တ–ကား ဆိုခဲ့ပြီး အာစယဒြဗ်–ကိုစွဲ – ပက္ကန္တဝိသယ။

တံ–ကား အာစယံဟု အစွဲတိုက်ရိုက်ပါရှိ – ပသိဒ္ဓဝိသယ။

(ဃ) တံ–ကား ပုဂ္ဂလံ–ဟု အစွဲတိုက်ရိုက်ပါရှိ – ပသိဒ္ဓဝိသယ။

(င) တေ–ကား ဆိုခဲ့ပြီး အာစယဂါမိကိုစွဲ – ပက္ကန္တဝိသယ။

(တနည်း) အမိဝစနံ–ဟု အစွဲတိုက်ရိုက်ပါရှိ – ပသိဒ္ဓဝိသယ။

(၈)

အာစယ–အရ–

✔ ပဋိသန္ဓိစုတိဂတိဟုဆိုအပ်သော လောကီဝိပါက်နာပက္ခန္ဓာကဋတ္တာရုပ်သည် ဒဿနတ္ထ။

✔ ကုသိုလ် အကုသိုလ် သင်္ခါရသည် ဒီပကတ္ထ။

✔ သဥ္စာယတနသည် ပကာသနတ္ထ။

http://www.dhammadownload.com



✔ အဝိဇ္ဇာ, အာသဝ–စသည်သည် ဝိဘာဝတ္ထ။
✔ ဖဿ, ဝေဒနာ–စသည်သည် အနုဘာဝတ္ထ။

အမှာ။ ။ အာစယ–အရ ဝိညာဏ်, နာမ်ရုပ် ၂–ပါးကိုယူ၍ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ထုတ်သည်။ အခြားနည်းတို့ဖြင့်လည်း ထုတ်နိုင်သည်။

အပစယဂါမိနော–အရ–
✔ လောကီ ကုသိုလ် အကုသိုလ်သည် ဒဿနတ္ထ။
✔ ယောနိသောမနသိကာရ, အယောနိသောမနသိကာရသည် ဒီပကတ္ထ။
✔ ပဋိသန္ဓိ စုတိဂတိဟူသော ဝဋ်တရားသည် ပကာသနတ္ထ။
✔ ဝတ္ထု,အာရုံ, အဝိဇ္ဇာ, တဏှာ စသည်သည် ဝိဘာဝတ္ထ။
✔ ပဋ္ဌပ္ပဝတ္တိ၌သုခ, ဒုက္ခခံစားရခြင်း, တမလွန်၌ သုဂတိ, ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရခြင်းစသည်သည် အနုဘာဝတ္ထ။

(၉)

(င) သာသဝ–၌ အာသဝဟု လောဘ+ဒိဋ္ဌိ မောဟကိုယူ၍ လက္ခဏာဒိစတုက္ကထုတ်။

(၁၀)

ကမ္မကိလေသေဟိ+အာစိယတိ–၌

ကမ္မ–အရ လောကီကုသိုလ်, အကုသိုလ် စေတနာပစ္စည်းတရားသည်–
အာစိယတိ–အရ လောကီဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်အား နာနက္ခဏိကကမ္မ–ပြု။
ပြိုင်–နာနက္ခဏိကကမ္မ, ပကတူပနိဿယ (၂)ပစ္စည်း။

အစိတ်စိတ်ခွဲပြိုင်ပုံ

- ကမ္မ–အရ ဗလဝဖြစ်သော လောကီကုသိုလ်, အကုသိုလ်စေတနာသည်–
  အာစိယတိ–အရ–လောကီဝိပါက်နာမက္ခန္ဓာအား ပကတူပ, နာနက္ခဏိကကမ္မ–ပြု။
- ကမ္မ–အရ ဒုဗ္ဗလဖြစ်သော ကာမကုသိုလ်, အကုသိုလ်စေတနာသည်–
  အာစိယတိ–အရ ကာမဝိပါက် ဇောဝီသ, နာမက္ခန္ဓာအား နာနက္ခဏိကကမ္မ–ပြု။
- ကမ္မ–အရ ဗလဝဒုဗ္ဗလဖြစ်သော လောကီကုသိုလ်, အကုသိုလ်စေတနာသည်–
  အာစယတိ–အရ ကဋတ္တာရုပ်အား နာနက္ခဏိကကမ္မ–ပြု။
- ကိလေသေဟိ–အရ–လောဘစသောကိလေသာတရားကိုယ်ဆယ်ပါးသည်–
  အာစိယတိ–အရ ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်အား ပကတူပ–ပြု။

(ဂ) ဝါကျ တံ အာစယံ+ဂစ္ဆန္တိ–၌

ဂစ္ဆန္တိ–အရ–အတိတ်ဖြစ်သော စေတနာပစ္စည်းတရားသည်–
တံ အာစယံ–အရ–ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်အား နာနက္ခဏိကကမ္မ–ပြု။
ပြိုင်– နာနက္ခဏိကကမ္မ၊ ပကတူပ (၂)ပစ္စည်း။

(ဃ) အာစယံ+ဂမေန္တိ–သည်(အာစယံ+ဂစ္ဆန္တိနှင့်တူ၏။)

http://www.dhammadownload.com



ပဋိသန္ဓိစုတိဂတိပွဝတ္တာခန်း-၌-
စုတိ-အရ စုတိစိတ္တုပ္ပါဒ်ပစ္စည်းတရားသည်-
ပဋိသန္ဓိ-အရ ပဋိသန္ဓေစိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အနန္တရ-ပြု။
ပြိုင်-အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ (၅)-ပစ္စည်း။

========================

## ဝါကျဥယျာဉ်(၂၈)

(က) တတော ဓဝ အာစယသင်္ခါတာ စယာ အပေတတ္တာ နိဗ္ဗာနံ အပေတံ စယာတိ အပစယော။
(ခ) တံ အာရမ္မဏံ ကတွာ ပဝတ္တနတော အပစယံ ဂစ္ဆန္တီတိ အပစယဂါမိနော။
(ဂ) အရိယမဂ္ဂါနမေတံ အဓိဝစနံ။
(ဃ) အပိ စ ပါကာရံ ဣဋ္ဌကဝဍ္ဎကီ ဝိယ ပဝတ္တံ အာစိနန္တာ ဂစ္ဆန္တီတိ အာစယဂါမိနော။
(င) တေန စိတံ စိတံ ဣဋ္ဌကံ ဝိဒ္ဓံသယမာနော ပုရိသော ဝိယ တဒေဝ ပဝတ္တံ အပစိနန္တာ ဂစ္ဆန္တီတိ အပစယဂါမိနော။

ဌ။ ၈၆။ မူလဋီ။ ၄၃။ ယောဇနာ။ ၉၆။ ပြည်သျှ။ ၂၉၅။ ဘာသာဋီ။ ၃၂၂။ ကျော်စံထာဂဏ္ဌိ။ ၂၀၁။ မင်းခင်းဂဏ္ဌိ။ ၂၈၁။

========================

(၁)

### အဋ္ဌကထာအဖွင့်နှင့်အညီ သံဝဏ္ဏေတဗ္ဗအနက်ပေးပုံ

အပစယဂါမိနော-ကံကိလေသာတို့သည်ပွါးစေအပ်သော ပဋိသန္ဓိ, စုတိ, ဂတိဟု ဆိုအပ်သော ဝဋ်တရားမှ ကင်းသော နိဗ္ဗာန်သို့ရောက်တတ်ကုန်သော။
(ဝါ) ကံကိလေသာတို့သည် ပွါးစေအပ်သော ပဋိသန္ဓိ, စုတိ, ဂတိ-ဟုဆိုအပ်သော ဝဋ်တရားကို ဖျက်ဆီးလျက် သွားတတ်ကုန်သော။

### (က)အနုသန္ဓေ

အာစယဂါမိနောပုဒ်၏ဝစနတ္ထ, အဘိဓာနတ္ထ,အဘိဓေယျတ္ထကိုပြပြီး၍၊ ယခုအခါ၌ အပစယ ဂါမိနောပုဒ်၏ ဝစနတ္ထ, အဘိဓာနတ္ထ, အဘိဓေယျတ္ထကိုပြလို၍ တတောဓဝ အစရှိသော (က) စသည်မိန့်။

### (ခ)သို့အနုသန္ဓေ

အပစယ-ဟူသော အစိတ်ပုဒ်၏အဖွင့်သံဝဏ္ဏနာမှတပါး အပစယဂါမိနော-ဟူသော အပေါင်း ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြလို၍ (ခ) မိန့်။

### (ဂ) သို့ ပါပနာဒိပဋ္ဌက

ဆရာ-သည် (ခ)ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်တတ်သည်၏အဖြစ်ကြောင့် အပစယဂါမိ မည်သောဟု ဆို၏။ ထို-သော် နိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သော ဂေါတြဘု,ဖိုလ်,ပစ္စဝေက္ခဏာဉာဏ်စသည်တို့ သည်လည်း အပစယဂါမိမည်၏ဟူသောအနက်သည်ရောက်ရာ၏။ စင်-ကား ထိုအနက်သည် မရောက် သင့်။ ထို-ကြောင့် အပစယဂါမိ-အရ ဤ၌လိုအပ်သော အရကောက်အဘိဓေယျတ္ထကိုလည်း ပြဆိုသင့် သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် အတိဗျာပိတ-၏။ အပစယဂါမိ-အရ ဤ၌လိုအပ်သော အရကောက် အဘိဓေယျတ္ထကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

http://www.dhammadownload.com



◆ တံ အာရမ္မဏံ ကတ္វာတိ ဣဒံ စတုကိစ္စသာဓနဝသေန အာရမ္မဏကရဏံ သန္ဓာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ အညထာ ဂေါတြဘုဖလပစ္စဝေက္ခဏာဒီနမ္ပိ အပစယဂါမိတာ အာပဇ္ဇေယျာတိ။ (မူလဋီ။၄၃။)

(တနည်း) အဘိဓာနတ္ထမှတစ်ပါး အဘိဓေယျတ္ထပြအနေဖြင့် ဝါကျတက်လည်း တက်နိုင်သည်။

## (ဃ)(င) သို့ ဥပနာဘောဂါဒိပဒတ္ထ

ဆရာ–သည် ရှေးဆိုခဲ့ပြီးဝါကျတို့ဖြင့် အာစယဂါမိနော, အပစယဂါမိနောပုဒ်တို့ကို ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု ဖွင့်ပြဆို၏။ ထို––သော် အာစယဂါမိနော, အပစယဂါမိနောပုဒ်တို့၌ ယင်းဆိုခဲ့ပြီးဝစနတ္ထတစ်မျိုးသာ ဖြစ်သင့်၏ဟူသောအနက်သည်ရောက်ရာသည်မဟုတ်ပါလော။ ထို့ကြောင့်–မဆိုသင့်။ ––တခြားဖြစ်သင့်သောဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ ကား––အဘယ်ပါနည်း။ ဤသို့––(ဃ)(င) မိန့်။

ကား–ရှေးပုဒ်နောက်ပုဒ်အတူကြံ၍ (အာစိနန္တာ ဟုတွာ ဂါမိနော အာစယဂါမိနော၊ အပစိနန္တာ (ဟုတွာ)+ဂါမိနော အပစယဂါမိနော)–ဟူ၍ ကမ္မဓာရယသမာသ်ဝစနတ္ထလည်း ဖြစ်သင့်သေး၏–ဟု ငါပြဆိုပါ၏ဟူလို။

(တနည်း) ဆရာ–သည် ရှေးဆိုခဲ့ပြီးသောဝါကျတို့ဖြင့် ဝဋ္ဋတရားသို့ရောက်တတ်, ရောက်စေတတ်သောကြောင့် အာစယဂါမိမည်၏, နိဗ္ဗာန်ကို (အာရုံပြုသောအားဖြင့်) ရောက်တတ်သောကြောင့် အပစယဂါမိမည်၏ဟုဖွင့်ဆို၏။ ထို–သော် ယင်းဆိုအပ်ပြီးသောအကြောင်းတို့ကြောင့်သာ အာစယဂါမိ, အပစယဂါမိမည်၏ဟူသောအနက်သည် ရောက်ရာသည်မဟုတ်ပါလော––စသည်ဖြင့်တက်လေ။

## (င) အနုသန္ဓေ

ဤသို့ (ဃ)ဖြင့် အာစယဂါမိနောပုဒ်၏ ဝစနတ္ထ, အဘိဓာနတ္ထကိုပြပြီး၍ ယခုအခါ၌ အပစယဂါမိနောပုဒ်၏ ဝစနတ္ထ, အဘိဓာနတ္ထကိုပြလို၍ (င) မိန့်။

## (၃)

(က) ဖြင့် အဗျာပိတ, အပရိပုဏ္ဏ–ပယ်သည်။
( ခ ) ဖြင့် အဗျာပိတ, အပရိပုဏ္ဏ–ပယ်သည်။
( ဂ ) ဖြင့် အတိဗျာပိတဒေါသ၊ (တနည်း)–အဗျာပိတ,အပရိပုဏ္ဏ–ပယ်သည်။
(ဃ) ဖြင့် အဗျာပိတ, အပရိပုဏ္ဏ–ပယ်သည်။
( င ) ဖြင့် အဗျာပိတ, အပရိပုဏ္ဏ–ပယ်သည်။

## (ဃ) အပိစ–ထားရခြင်း

အာစယဂါမိနော, အပစယဂါမိနော–ပုဒ်တို့၏ ဒုတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထမှ တပါး ကမ္မဓာရယ်သမာသ်ဝစနတ္ထကို လဲလိုသောကြောင့် (ဃ) ၌ အပိစ–ါထားသည်။

(တနည်း) ဝဋ္ဋတရားသို့ရောက်တတ်, ရောက်စေတတ်သောကြောင့် အာစယဂါမိမည်၏, နိဗ္ဗာန်သို့

http://www.dhammadownload.com



ရောက်တတ်သောကြောင့် အပစယဂါမိမည်၏–ဟူသောအကြောင်းသကတ်အနက်မှ တပါး ဝဋ်တရားကို စီကုန်လျက် သွားတတ်သောကြောင့် အာစယဂါမိ–မည်၏, ဝဋ်တရားကိုဖျက်ဆီးလျက်သွားတတ်သောကြောင့် အပစယဂါမိမည်၏–ဟူသော အကြောင်းသကတ်အနက် တစ်မျိုးကို လဲလိုသောကြောင့် (ဃ) ၌ အပိစ–ထားသည်။

(ဂ) အဓိဝစနံ–ထားရခြင်း

အပစယဂါမိ–အရ နိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်သော ဂေါတြဘု–စသည်တို့ကို မယူရ၊ အရိယာမဂ်ကိုသာ ယူရမည်ဟု ဤ–၌ လိုအပ်သောအနက်ကို အထင်ရှဋ်၊ ကေဒေသျှူပစာအားဖြင့် ပြလိုသောကြောင့် (ဂ) ၌ အဓိဝစနံ– ထားသည်။

(၄)

(ခ) အပစယံ+ဂါမိနော အပစယဂါမိနော။

✔ ဝဋ်မှကင်းသောနိဗ္ဗာန်၏+အရိယာမဂ်တို့နှင့် အာရုံ အာရမ္မဏိကစပ် ဈူ–နိ။

✔ အရိယာမဂ်တို့၏တစ်ခုသည်––ဓာတ်သည် ပ–နိ။

(တနည်း) နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်ခြင်းဂုဏ်သည် ပ–နိ။

(င) အပစိနန္တာ ဟုတွာ ဂါမိနော အပစယဂါမိနော။

✔ ဝဋ်တရားတို့ကိုဖျက်ဆီးခြင်းဂုဏ်၏+အရိယာမဂ်တို့နှင့် ဂုဏ်ဂုဏောစပ် ဈူ–နိ။

✔ ဝဋ်တရားတို့ကို ဖျက်ဆီးတတ်သည်၏ အဖြစ်တည်းဟူသောဂုဏ်သည် ပ–နိ။

(တနည်း) အရိယာမဂ်တို့၏ တစ်ခုသည်–––ဓာတ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်

* အပေတာဿ ဘာဝေါ အပေတတ္တံ။
(နိဗ္ဗာန်၏+ဝဋ်မှကင်းခြင်းနှင့် ဂုဏေး+ဂုဏ်စပ်)

* အာစိနန္တီတိ အာစိနန္တာ။ (အာ+စိ+နာ+အန္တ။)

* အပစိနန္တီတိ အပစိနန္တာ။ (အပ+စိ+နာ+အန္တ)

* စီယတေတိ စိတာ။ (စိ+တ။ စီခြင်းကြိယာ)

* ဝိဒ္ဓံသယတီတိ ဝိဒ္ဓံသယမာနော။ (ဝိ+ဓံသု+ဏယ+မာန)

* ပရိသမန္တတော+ကရီယတေတိ ပါကာရော။ (ပ+ကရ+ဏ။ ပြုခြင်းကြိယာ။)

* ဣစ္ဆီယတီတိ ဣဋ္ဌကာ။ (ဣသု+ဋ္ဌက။ အလိုရှိခြင်းကြိယာ)

* ဝမုယတိ ဆိန္ဒတီတိ ဝမုကီ။ (ဝမု+အ။ သုတ္တ–က။ ဖြတ်ခြင်းကြိယာ။)

* ဣဋ္ဌကာယ (ကရောန္တော) ဝမုကီ ဣဋ္ဌကဝမုကီ။

* မဂ္ဂဖလဓမ္မေ အရန္တိ အဓိဂစ္ဆန္တီတိ အရိယာ။

* နိဗ္ဗာနံ မဂ္ဂန္တိ ဂဝေသန္တီတိ မဂ္ဂါ။

* အရိယာနံ မဂ္ဂါ အရိယမဂ္ဂါ။

* အရိယေဟိ အဓိဂတာ မဂ္ဂါ အရိယမဂ္ဂါ။

http://www.dhammadownload.com



(၅)

တတော = အဗျာယနိပါတ်, အလိုင်, ဂဏာဝိမုတ်, ဩ–ကာရန္တ။
စယာ = ကိတ်နာမ်, ပုံ, ပုရိသာဒိ, အ–ကာရန္တ။
အပေတတ္တာ= ဘာဝတဒ္ဓိတ်, နပုံ, စိတ္တာဒိ, အ–ကာရန္တ။
စိတံ = ကိတ်နာမ်, ဣတ္ထိလိုင်, ကညာဒိ, အ–ကာရန္တ။
အစိနန္တာ, အပစိနန္တာ = ကိတ်နာမ်, ပုံလိင်, ဂစ္ဆန္တာဒိ, အ–ကာရန္တ။

(၆)

(က)တတောဓေ အာစယသဒ္ဒါတာ–ဖြင့် အပစယော–၌ စယော–ကို စိယတီတိ စယော–ဟု ဟောတု ကမ္မသာဓန (တနည်း:) သုဒ္ဓကမ္မသာဓနေ၀စနတ္ထပြု–၄င်း, ဏ–ပစ္စည်း၏ ယင်းသာဓနေအနက်၌ သက်–၄င်း, စယ–အရ ကံကိလေသာတို့သည် ပွါးစေအပ်သော (ဝါ)စီအပ်သော ပဋိသန္ဓိ,စုတိ,ဂတိ–ဟု ဆိုအပ်သော ဝဋ်တရားကို ယူ–၄င်း သိစေသည်။

စယာ အပေတတ္တာ နိဗ္ဗာနံ အပေတံ စယာ–ဖြင့် အပစယော–၌ အပ+ဉပသာရပုဒ်၏ အပေတ–ကင်းခြင်းအနက်ဟော–၄င်း, စယာ အပေတံ အပစယော–ဟု ပဥ္စမီအဗျယီဘောသမာသ် ဝစနတ္ထပြု–၄င်း, အပ–အရ (ဝါ)အပေတ–အရ (ဝါ)အပစယ–အရ နိဗ္ဗာန်ကိုယူ–၄င်း, ပဋိသန္ဓိ, စုတိ,ဂတိ–ဟု ဆိုအပ်သော ဝဋ်တရားမှကင်းသည်၏အဖြစ်ကြောင့် နိဗ္ဗာန်သည် အပစယမည်သည်ကို၄င်း သိစေ။

(ခ) အပစယံ ဂစ္ဆန္တိ–ဖြင့် အပစယဂါနိနော–၌ ဂါမိနော–ဝယ် ဂမုဓာတ်–၄င်း, ဏီပစ္စည်း၏ ကတ္တုသာဓနေအနက်၌သက်–၄င်း, ဂစ္ဆန္တီတိ ဂါမိနော–ဟု ပြု–၄င်း, အပေါင်းပုဒ်ကို အပစယံ ဂါမိနော အပစယဂါမိနော–ဟု ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြု–၄င်း သိစေ။

တံ အာရမ္မဏံ ကတွာ ပဝတ္တနတော–ဖြင့် ဘာဝတ္ထ သိစေ။

(ဂ) ဖြင့် အပစယဂါမိနော–၌ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်ကြသော ဂေါတြဘု, ဖိုလ်, ပစ္စဝေက္ခဏာ ဉာဏ်စသည်တို့ကို မယူရ, အရိယာမဂ် ၄–ပါးကိုသာ ယူရမည်ဟု သိစေ။

(ဃ) ဖြင့် အာစယဂါမိနော–၌ အာစိနန္တပုဒ်+ဂါမိနောပုဒ်။ အာစိနန္တ–၌ အာ–ပုဗ္ဗ+စိဓာတ်+နၩ ပစ္စည်း+အန္တပစ္စည်းအဖြစ်ကို၄င်း, ယင်းအန္တပစ္စည်း၏ ကတ္တုသာဓနေအနက်၌သက်––၄င်း၊ အာစိနန္တီတိ အာစိနန္တာ–ဟု ပြု––၄င်း, ဂါမီ–၌ ဂမုဓာတ်–၄င်း, ဏီပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်–၄င်း, ဂစ္ဆန္တီတိ ဂါမိနောဟု ပြု––၄င်း, အပေါင်းပုဒ်ကို အာစိနန္တာ (ဟုတွာ) ဂါမိနော အာစယဂါမိနော–ဟု ကမ္မဓာရယသမာသ်ဝစနတ္ထပြု––၄င်း, အာစိနန္တဂါမိနော–ဟုဆိုလိုလျက် ဓာတ်၏ အစိတ်–ဣကို အ–ပြု, နၩပစ္စည်းကို ယပြု, နန္တ–ကို အံပြု, ထိုအံကိုချေ၍ အာစယဂါမိနော–ဟု ရုပ်ပြီး နေသည်ကို၄င်း, (မင်းခင်းဂဏ္ဍိ။၂၈၁။) အစယနှင့် ဂါမိ ၂–ပုဒ်လုံး–အရ လောကီကုသိုလ်, အကုသိုလ်တရားတို့ကိုယူ–၄င်း, အုတ်ပန်းရံလက်သမားသည် အုတ်တံတိုင်းကို စီသွားသကဲ့သို့ လောကီကုသိုလ်,အကုသိုလ်တို့ သည်လည်း ပဋိသန္ဓေစုတိဂတိဟုဆိုအပ်သော ဝဋ်တရားကိုစီလျက် သွားတတ်သောကြောင့်အာစယဂါမိမည် သည်၏အဖြစ်ကို၄င်း သိစေ။

(တနည်း:) အာစိနန္တာ ဂစ္ဆန္တိ–ဖြင့် အာစယဂါမိနော–၌ အာစယပုဒ်ဝယ် အာ–ရှေး+စိဓာတ် ၄င်း, ဏ–ပစ္စည်း ကတ္တုသာဓနေအနက်၌သက်––၄င်း, အာစိနန္တီတိ အာစယာ–ဟု ပြု ––၄င်း, ဂါမိနော–၌ ဂမုဓာတ်–

http://www.dhammadownload.com



–၄င်း, ဏီပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–၄င်း, ဂစ္ဆန္တီတိ ဂါမိနော–ဟု ပြု–၄င်း, အပေါင်းပုဒ်ကို အာစယာ (ဟုတ္ဂာ) ဂါမိနော အာစယဂါမိနော–ဟု ကမ္မဓာရယဝစနတ္တပြု–၄င်း စသည်–––သိစေသည်။

◆ ဒုတိယေ အတ္ထဝိကပ္ပေ "အာစယံ ဂါမိနော"တိ ဝတ္တဗ္ဗေ အနုနာသိကလောပေါ ကတောတိ ဒဋ္ဌဗ္ဗော။ အာစိနန္တီတိ ဝါ အာစယာ၊ အာစယာ ဟုတွာ ဂစ္ဆန္တိ ပဝတ္တန္တီတိပိ အတ္ထော ဒဋ္ဌဗ္ဗော။ (မူလဋီကာ။၄၃။)

(င) တဒေဝ ပဝတ္တံ အပစိနန္တာ ဂစ္ဆန္တိ–ဖြင့် အပစယဂါမိနော–၌ အပစိနန္တပုဒ်+ဂါမိနောပုဒ်။ အပစိနန္တာ–၌ အပ+စိ+နာပစ္စည်း–အန္တပစ္စည်း အဖြစ်ကို၄င်း, ယင်းအန္တပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကို၄င်း, အပစိနန္တီတိ အပစိနန္တာ–ဟုပြု–၄င်း, အပ–ဥပသာရ၏ဓာတွတ္ထဗာဓက၏အဖြစ်ကို၄င်း, အပရေး+စိ ဓာတ်၏ဖျက်ဆီးခြင်းအနက်ဟော––၄င်း, ဂါမိနောဝယ် ဂမုဓာတ်–၄င်း ဏီ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–၄င်း, ဂစ္ဆန္တီတိ ဂါမိနော–ဟု–ပြု–၄င်း, အပေါင်းပုဒ်ကို အပစိနန္တာ(ဟုတွာ) ဂါမိနော အပစယဂါမိနော–ဟုကမ္မဓာရယ်သမာသ်ဝစနတ္တပြု–၄င်း, အပစိနန္တဂါမိနော–ဟုဆိုလိုလျက်–ဓာတ်၏အစိတ် ဣ–ကို အ–ပြု၊ နာ–ပစ္စည်းကို ယ–ပြု၊ နန္တ–ကို အံ–ပြု၊ထို–အံ–ကိုချေ၍ "အပစယဂါမိနော"ဟု ပြီးနေသည်ကို၄င်း သိစေသည်။

(တနည်း) တဒေဝ ပဝတ္တံ အပစိနန္တာ ဂစ္ဆန္တိ–ဖြင့် အပစယဂါမိနော–၌ အပစယ–ရှေ့ပုဒ်ဝယ် အပရေး+စိဓာတ်–၄င်း,ဏပစ္စည်း၏ကတ္တုသာဓနအနက်၌သက်–၄င်း, အပစိနန္တီတိ အပစယာ–ဟု–ပြု–၄င်း,ဂါမိနော–၌ဂမု–ဓာတ်––၄င်း၊ ဏီ–ပစ္စည်း၏ကတ္တုသာဓန အနက်၌သက်–၄င်း, ဂစ္ဆန္တီတိ ဂါမိနော–ဟု–ပြု–၄င်း, အပေါင်းပုဒ်ကို အပစယာ (ဟုတွာ) ဂါမိနော အပစယဂါမိနော–ဟု–ကမ္မဓာရယ်သမာသ် ဝစနတ္တပြု–၄င်း–သိစေ။

(ဒုတိယေ အတ္ထဝိကပ္ပေ–စသော မူလဋီ အဖွင့်နှင့် မင်းခင်းဂဏ္ဌိ–၂၈၁။ တို့နှင့်အညီဖော်သည်။)
တေန စိတ်စိတ် ဣဋ္ဌကံ ဝိဒ္ဓံသယမာနော ပုရိသောဝိယ–ဖြင့် ဥပမာနအဖြစ်ကို သိစေ။

(၇)

(က) တတော ဓေ အာစယသင်္ခါတာ–၌ ဓေ–၏ ဂဟေတဗ္ဗတ္တစသည်–

✔ အာစယဟုဆိုအပ်သော ပဋိသန္ဓိစုတိဂတိဟူသော ဝဋ်တရားသည် ဂဟေတဗ္ဗတ္တ။

✔ ပဋိသန္ဓေစုတိဂတိဟူသောဝဋ်တရားမှ တစ်ပါးသောတရားတို့သည် နိဝတ္တေတဗ္ဗတ္တ။

(တနည်း) ကံကိလေသာတို့ကြောင့်ဖြစ်သော စေတနာသမ္ပယုတ္တဓမ္မ, ကိလေသသမ္ပယုတ္တဓမ္မတို့သည် နိဝတ္တေတဗ္ဗတ္တ။

(င) ဝါကျ တဒေဝ ပဝတ္တံ–၌ ဓေ–ကို တတော ဓေနှင့်အတူထုတ်။

(က) ဝါကျ တတော–၌ တ–ကား စယာဟု အစွဲတိုက်ရိုက်ပါ ပသိဒ္ဓဝိသယ။

(ခ) တံ–၌ တ–ကား ဆိုခဲ့ပြီးသော အပစယကိုစွဲ ပက္ကန္တဝိသယ။

(ဂ) ဇတံ–၌ တေ–ကား ပက္ကန္တဝိသယ၊ (တနည်း) ပသိဒ္ဓဝိသယ။

(င) တေန–၌ တ–ကား ရှေးဆိုခဲ့ပြီး ဣဋ္ဌကဝဍ္ဍကီကိုစွဲ ပက္ကန္တဝိသယ။
တဒေဝ–၌ တ–ကား ပဝတ္တံဟုအစွဲတိုက်ရိုက်ပါ ပသိဒ္ဓဝိသယ။

http://www.dhammadownload.com



(၈)

အပစယဂါမိနော–အရ အရိယာမဂ် ၄–ပါးကိုယူ၍–––

✔ ထိုသည် ဒဿနတ္ထ။

✔ ဂေါတြဘု, ဝေါဒါန်သည် ဒီပကတ္ထ။

✔ မဂ္ဂါနန္တရဖိုလ်သည် ပကာသနတ္ထ။

✔ ပရိကံ,ဥပစာ,အနုလုံတိုင်အောင်သောရှေးရှေးသော ပါရမီဉာဏ်, ဝိပဿနာဉာဏ်စသည် သည် ဝိဘာဝတ္ထ။

✔ ပစ္စဝေက္ခဏာဉာဏ် ဖလသမာပတ္တိသုခမှစ၍ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(က)စယာ–အရ ပဋိသန္ဓိ,စုတိ,ဂတိ–ဟုဆိုအပ်သော လောကီဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ကိုယူ။

(ဃ) အာစိနန္တာ, ဂစ္ဆန္တိ ၂–ပုဒ်လုံး–အရ လောကီကုသိုလ် အကုသိုလ်ကိုယူ။

(င) အပစိနန္တာ ဂစ္ဆန္တိ–အရ အရိယာမဂ် ၄–ပါးကိုယူ။ (ဒဿနတ္ထစသည် အသီးသီးထုတ်လေ။)

(၉)

(ခ) ဝါကျ တံ အာရမ္မဏံ ကတွာ–ဟူသောစကားကို (ပရိညာ, ပဟာန, သစ္ဆိကိရိယ, ဘာဝနာဟူသော) ကိစ္စလေးပါးကို ပြီးစေတတ်သည်၏ အစွမ်းဖြင့် အာရုံပြုခြင်းကို ရည်ရွယ်၍ ဆိုခြင်း ဖြစ်သည်။ ဿမညဖြစ်သော အာရမ္မဏမတ္တ အာရုံပြုကာမျှကိုရည်ရွယ်၍ ဆိုသည်ကားမဟုတ်။

အကယ်၍ သာမည အာရမ္မဏကရဏမတ္တ–ကို ရည်ရွယ်၍ဆိုပါက "ဂေါတြဘု,ဝေါဒါန်,ဖိုလ် ပစ္စဝေက္ခဏာဉာဏ်–စသည်တို့လည်း နိဗ္ဗာန်ကိုအာရုံပြုကြသောကြောင့် အပစယဂါမိ–မည်ခဲ့ရာ၏"ဟူသော အပြစ်ရောက်ရာ၏။ (မူလဋီ–သာဂေ ၂–နံပါတ် ကျမ်းတက်၌ ဖော်ပြခဲ့ပြီ။)

(၁၀)

(ခ) တံ အာရမ္မဏံ+ကတွာ ပဝတ္တနတော–၌–

တံ အာရမ္မဏံ–အရ နိဗ္ဗာန်ပစ္စည်းတရားသည်–

ကတွာ ပဝတ္တနတော–အရ မဂ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု။

ပြိုင်–အာ, ဓိ, ဥ (၃) ပစ္စည်း။

အပစယံ+ ဂစ္ဆန္တိ–၌–

အပစယံ–အရ နိဗ္ဗာန်သည်–

ဂစ္ဆန္တိ–အရ မဂ်–၄–ပါး စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။ ပြိုင်–အာ, ဓိ, ဥ (၃)ပစ္စည်း။

(ဃ)အာစိနန္တာ + ဂစ္ဆန္တိ–၌–

အာစိနန္တာ–အရ လောကီကုသိုလ်, အကုသိုလ် စိတ္တုပ္ပါဒ်ဟူသော နာမက္ခန္ဓာ ၁–ပါး, ၂–ပါး, ၃–ပါး ပစ္စည်းတရားသည်–

ဂစ္ဆန္တိ–အရ ယင်းစိတ္တုပ္ပါဒ်တည်းဟူသော ၃–ပါး,၂–ပါး,၁–ပါး ပစ္စယုပ္ပန်တရားအား သဟဇာတ–ပြု။

ပြိုင်–သဟကြီး–၄, အည, သမ္ပယုတ္တ (၆)ပစ္စည်း။

http://www.dhammadownload.com



(င) အပစိနန္တာ ဂစ္ဆန္တိ–၌လည်း အထက်ပါအတိုင်း မဂ်စိတ္တုပ္ပါဒ်တည်းဟူသောနာမက္ခန္ဓာ အချင်းချင်းယှဉ်၍ ပြိုင်နိုင်သည်။

(တနည်း) အပစိနန္တာ–အရ မဂ္ဂင်ရှစ်ပါးပစ္စည်းတရားသည်–

ဂစ္ဆန္တိ–အရ ကျန်မဂ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရား အား သဟဇာတ–ပြု၊ ပြိုင်–သဟကြီး–၄, အညာ, သမ္ပယုတ္တ, ဟေ, ဓိ, ဣံ, မဂ် (၁၀)ပစ္စည်း။

တဒေဝ ပဝတ္တံ အပစိနန္တာ ဂစ္ဆန္တိ–၌–

ပဝတ္တံ–အရ ပဋိသန္ဓိ, စုတိ, ဂတိဝင်္ခတရား (ပစ္စည်းတရား) သည်–

အပစိနန္တာ ဂစ္ဆန္တိ–အရ မဂ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား ပကတူပ–ပြု၊ ပြိုင်–ပစ္စည်းမရှိ။

အမှာ။ ။ပစ္စည်း, ပစ္စယုပ္ပန် အပြန်အလှန်ပြောင်း၍လည်း ပြိုင်နိုင်သည်။

========================

## ဝါကျဥယျာဉ် ( ၂၉ )

(က) သေက္ခတ္တိကေ တီသု သိက္ခာသု ဇာတာတိ သေက္ခာ။

(ခ) သတ္တန္နံ သေက္ခာနံ ဧတေတိပိ သေက္ခာ။

(ဂ) အပရိယောသိတသိက္ခတ္တာ သယမေဝ သိက္ခန္တီတိပိ သေက္ခာ။

(ဃ) ဥပရိ သိက္ခိတဗ္ဗာဘာဝတော န သေက္ခာတိ အသေက္ခာ။

(င) ဝုဍ္ဎိပ္ပတ္တာ ဝါ သေက္ခာတိပိ အသေက္ခာ။

(စ) အရဟတ္တဖလဓမ္မာနံ ဧတံ အဓိဝစနံ။

ဋ္ဌ။စ၆။ မူလဋီ။၄၃။ ယောဇနာ။၆၉။ ဉာဏ်သျှ။၂၉၆။ ဘာသာဋီ။၃၂၅။ ကျော်စံထားဂဏ္ဌိ။၂၀၂။ မင်းခင်းဂဏ္ဌိ။၂၈၂။

========================

(၁)

### ထည့်သင့်သော ကတ္တား, ကံပုဒ်များထည့်၍ ပေးပုံ

(က)သေက္ခတ္တိကေ–၌။ သိက္ခာသိက္ခာသမ္ပယုတ္တာ–သိက္ခာ,သိက္ခာနှင့်ယှဉ်ကုန်သော။ ယေဓမ္မာ–အကြင်အရဟတ္တဖိုလ်ကြဉ်သော လောကုတ္တရာစိတ်–၇–ခု, စေတသိက်ဆတ္တိံသ တရားတို့သည်။ တီသု–ကုန်သော။ သိက္ခာသု–အဓိသီလသိက္ခာ,အဓိစိတ္တသိက္ခာ,အဓိပညာသိက္ခာပင့်၌။ ဇာတာ–ကုန်၏။ပ။

(ခ) (သိက္ခာသိက္ခာသမ္ပယုတ္တာ–ကုန်သော။ ယေ ဓမ္မာ–တို့သည်။) သတ္တန္နံ–ကုန်သော။ သေက္ခာနံ–တို့၏။ ဧတေ–တို့တည်း။–။ပ။–

(ဂ)အပရိယောသိတသိက္ခတ္တာ–ကြောင့်။ (သိက္ခာသိက္ခာသမ္ပယုတ္တာ–ကုန်သော။ ယေ ဓမ္မာ–တို့သည်။) သယမေဝ–တို့သည်ပင်။(ဥပရိ–၌။ သိက္ခိတဗ္ဗေ–သင်အပ်,ကျင့်အပ်,ဖြည့်အပ်သောတရားတို့ကို) သိက္ခန္တိ–ကုန်၏။–ပ–။

http://www.dhammadownload.com



(၂)

### (ခ) ပါပနာဒိပဋ္ဌက

ဆရာ–သည် (က)ဖြင့် သေက္ခာ–ပုဒ်ကို ဓာတတတ္ထိတ်ဝစနတ္တပြုရမည်ဟု ဆို၏။ ထို––သော် သေက္ခ–ပုဒ်၌ ဓာတတတ္ထိတ်ဝစနတ္တတမျိုးသာ ဖြစ်သင့်၏ဟူသော အနက်သည် ရောက်ရာ၏။ (တနည်း:) (က)ဖြင့် အဓိသီလ,အဓိစိတ္တ,အဓိပညာသိက္ခာသုံးပါးတို့၌ ဖြစ်တတ်သည်၏အဖြစ်ကြောင့် သေက္ခမည်၏ဟု ဆို၏။ ထို–သော် ယင်းအကြောင်းသကတ် တစ်မျိုးကြောင့်သာ သေက္ခ–မည်၏ဟူသော အနက်သည် ရောက်ရာ၏။–––စသည်တက်။

(က) ဖြင့် သေက္ခာ ဓမ္မာ–၌ သေက္ခပုဒ်ကို ဓာတတတ္ထိတ် ဝစနတ္တပြုရမည်ဟုပြ၏။

( ခ ) ဖြင့် ဣဒံ–တဒ္ဓိတ် ဝစနတ္တပြုရမည်ဟုပြ၏။

( ဂ ) ဖြင့် တဿီလကတ္တုသာဓန ,ဝစနတ္တပြုရမည်ဟုပြ၏။

ရှေ့နောက်ထောက်ဆ–ပက္ခ+ပက္ခန္တရ။ ထုံးစံအတိုင်း ဓဝ–အာဘော်ထား၍–ကျမ်းတက်လေ။

### (ဃ)သို့ အနုသန္ဓေ။

ဤသို့ (က)(ခ)(ဂ)ဝါကျတို့ဖြင့် သေက္ခာ–ဟူသော–ပထမပဒ၏ အဖွင့်သံဝဏ္ဏနာ အတ္ထဝိနိစ္ဆယကို ပြပြီး၍ ယခုအခါ၌ အသေက္ခာ –ဟူသော ဒုတိယပဒ၏ အဖွင့်သံဝဏ္ဏနာ အတ္ထဝိနိစ္ဆယကို ပြလို၍ (ဃ)မိန့်။ (ဠပနာပဋ္ဌကတက်လွယ်ပြီ)

### (င)သို့ ဠပနာဘောဂါဒိ

ဆရာ–သည် (ဃ)ဖြင့် အသေက္ခာ–ကို န+သေက္ခာ အသေက္ခာဟု ဝစနတ္တပြု၍ အသေက္ခာ–၌ အ–သဒ္ဒါ ပဋိသေဓအနက်ကိုဟော၏ဟု ဆို၏။ ထို–သော် အသေက္ခာ–၌ အ–သဒ္ဒါသည် ပဋိသေဓ အနက်တစ်မျိုးကိုသာ ဟော၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ စသည်တက်။

အဓိပ္ပါယ်ကား။ ။ အ–သဒ္ဒါ ဝုဒ္ဓိအနက်ကိုလည်း ဟော၏–ဟူလို။

### (စ)သို့ ပါပနာဒိပဋ္ဌက

ဆရာ–သည် (ဃ)ဖြင့် နဲ့ သေက္ခာ အသေက္ခာဟုဝစနတ္တပြု၍ သေက္ခ မဟုတ်သော တရားတို့သည် အသေက္ခ–မည့်ကုန်၏ဟုဆို၏။ ထို––သော် သေက္ခမဟုတ်သော လောကီတရားများနှင့် နိဗ္ဗာန်တို့သည်လည်း အသေက္ခမည်၏–ဟူသော အနက်သဘော သင့်ရောက်ရာ၏။ စင်–ကား မရောက်သင့်။ ထိုသို့––ကြောင့် အသေက္ခာ–အရ ဤ၌လိုအပ်သော အရကောက်အဘိဓေယျတ္တကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် အတိဗျာပိတ––၏။ အသေက္ခာ–အရ ဤ၌လိုအပ်သော အရကောက်အဘိဓေယျတ္တကား အဘယ်ပါနည်း။ စုဒ်ကြောင့် (စ) မိန့်။

အဓိပ္ပါယ်ကား။ ။ အသေက္ခာ–အရ သေက္ခမဟုတ်သော လောကီတရားများနှင့် နိဗ္ဗာန်ကို မယူရ။ အရဟတ္တဖိုလ်ဓမ္မကိုသာ ယူရမည်ဟု ငါပြ––ဟူလို။

◆ သေက္ခာတိ ငါ အပရိယောသိတသိက္ခာ ဒဿိတာ။ အနန္တရမေဝ "အသေက္ခာ"တိ ဝစနံ ပရိယောသိတသိက္ခာနံ ဒဿနတ္ထံ န လောကိယနိဗ္ဗာနံ အသေက္ခတာပတ္တိ။ (မူလဋီ။၄၄။)

http://www.dhammadownload.com



(တနည်းတက်ပုံ)

ဆရာ–သည် (င)ဝါကျဖြင့် ကြီးပွါးခြင်းသို့ရောက်ကုန်ပြီးသော သေက္ခတရားတို့သည် အသေက္ခမည်ကုန်၏ဟုဆို၏။ ထို––သော် (သေက္ခတရားတို့တွင် အကြီးပွါးဆုံး, အရင့်ကျက်ဆုံးဖြစ်သော) အရဟတ္တမဂ်သည်လည်း အသေက္ခမည်၏ဟူသော အနက်သဘောသင့်ရောက်ရာ၏။ ပ ။အသေက္ခ–အရ ဤ၌လိုအပ်သော အရကောက်အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့––(င) မိန့်။

- ◆ ဝုဒ္ဓိပ္ပတ္တာ ဝါ သေက္ခာတိ ဧတသ္မိံ အတ္ထေ သေက္ခဓမ္မေသု ဧဝ ကေသဉ္စိ ဝုဒ္ဓိပ္ပတ္တာနံ အသေက္ခတာ အာပဇ္ဇတိ။ တေန အရဟတ္တမဂ္ဂဓမ္မာ ဝုဒ္ဓိပ္ပတ္တာစ ယထာဝုတ္တေဟိစ အတ္ထေဟိ သေက္ခာတိ ကတွာ အသေက္ခာ အာပန္နာတိ? နှ, တံ သဒိသေသု တဗ္ဗောဟာရော။(မူလဋီ။၄၄။)

အမှာ။ ။(ဃ)(င)တို့ဖြင့် အသေက္ခာပုဒ်၏ အဘိဓာနတ္ထ ကိုပြပြီး၍ အဘိဓေယျတ္ထကိုပြလို၍ (စ)မိန့်။ ဤသို့ ပက္ခန္တရ ဝါကျတက်လည်း တက်နိုင်သည်။

ဝိ (အဝိ) ဝါ–ထားရခြင်း

ဓာတတ္ထိတ်ဝစနတ္ထကြောင့်သာ သေက္ခမည်သည်မဟုတ်သေး၊ ဣဒံ တတ္ထိတ်ဝစနတ္ထကြောင့်လည်း သေက္ခမည်သေး၏ဟူသောသမုစ္စည်းအနက်, သမ္ပိဏ္ဍနအနက်ကိုပြလို၍ (ခ)၌ ဝိ(အဝိ)–ထားသည်။

ဓာတတ္ထိတ်, ဣဒံတတ္ထိတ်ဝစနတ္ထကြောင့်သာ သေက္ခမည်သည်မဟုတ်သေး၊ တဿီလကတ္တု သာဓန ဝစနတ္ထကြောင့်လည်း သေက္ခမည်သေး၏ဟူသော သမုစ္စည်းအနက်,သမ္ပိဏ္ဍနအနက်ကို ပြလို၍ (ဂ)၌ ဝိ(အဝိ) သဒ္ဒါထားသည်။

သင်ဆဲ–ကျင့်ဆဲ–ဖြည့်ဆဲတို့မဟုတ်ကုန်သည်၏အဖြစ်ကြောင့်သာ အသေက္ခမည်သည်မဟုတ်သေး၊ ကြီးပွါးခြင်းသို့ရောက်ကုန်ပြီးသော သေက္ခတရားတို့၏ အဖြစ်ကြောင့်လည်း အသေက္ခမည်သေး၏ ဟူသော သမုစ္စည်းအနက်,သမ္ပိဏ္ဍနအနက်ကို ပြလို၍ (င)၌ ဝိ(အဝိ)–သဒ္ဒါထားသည်။

အသေက္ခာ–၌ အ–သဒ္ဒါ၏ ပဋိသေဓအနက်မှတပါး ဝုဒ္ဓိအနက်ဟူသောအနက်တစ်မျိုးကို လဲလိုသောကြောင့် (င)၌ ဝါ–သဒ္ဒါထားသည်။

အဓိပ္ပါယ်–သဒ္ဒါထားရခြင်း

(ဃ)(င)သံဝဏ္ဏနာ–အရ လောကီတရားများ, နိဗ္ဗာန်, အရဟတ္တမဂ်တို့လည်း အသေက္ခမည် လေသလော–ဟု ယုံမှားသံသယရှိရကား ဤ၌ အသေက္ခ–အရ အထင်ရှဍ္ဍ်, ကေဒေသျူပစာအားဖြင့် အရဟတ္တဖိုလ်ကိုသာ ယူရမည်ဟု ပြလိုသောကြောင့် (တနည်း) အသေက္ခ–အရ သဒိသူပစာ, အတိသယနည်းအားဖြင့် အရဟတ္တဖိုလ်ကိုသာ ယူရမည်ဟု ပြလိုသောကြောင့် (စ)၌ အဓိပ္ပါယ်–သဒ္ဒါထားသည်။

(က) (ခ)(ဂ)(ဃ)(င)တို့ဖြင့် အဗျာပိတ, အပရိပုဏ္ဏဒေါသ–ကို ပယ်သည်။

(စ) ဖြင့် အတိဗျာပိတ (တနည်း) အဗျာပိတ အပရိပုဏ္ဏ–ကို ပယ်သည်။

http://www.dhammadownload.com



(၄)

* အဝသယန် ဩသော။ ဩသောဇေ ပရိယောသော။
* ပရိယောသံ ဣတာ ဂတာ ပတ္တာတိ ပရိယောသိတာ။
* န+ပရိယောသိတာ အပရိယောသိတာ။
* သိက္ခန် သိက္ခာ။
* အပရိယောသိတာ သိက္ခာ ဧတေသန္တိ အပရိယောသိတသိက္ခာ။
✔ အပြီးအဆုံးသို့ မရောက်သေးသော သင်ခြင်း,ကျင့်ခြင်း,ဖြည့်ခြင်း၏+သေက္ခတရား–၇–ပါးနှင့် ဂုဏ်+ဂုဏေးစပ် ဗျု–နီ။
✔ အပြီးအဆုံးသို့မရောက်သေးသောသင်ခြင်း၊ ကျင့်ခြင်း၊ ဖြည့်ခြင်းဟူသောဂုဏ်သည်
(တနည်း) သေက္ခတရား ၇–ပါးတို့၏တစ်ခုသည်–––ဓာတ်သည် ပ–နီ။

* အပရိယောသိတသိက္ခာနံ+ဘာဝေါ အပရိယောသိတသိက္ခတ္တံ။
(အပြီးအဆုံးသို့မရောက်သေးသောသင်ခြင်း,ကျင့်ခြင်း,ဖြည့်ခြင်းရှိသော သိက္ခာတို့၏+သင်ခြင်း, ကျင့်ခြင်း, ဖြည့်ခြင်းနှင့် ဂုဏေး+ဂုဏ်စပ်။)

"ဝစနတ္ထမှတ်ဖွယ်"

(က) * သိက္ခိတဗ္ဗာတိ သိက္ခာ။ (တာသု)
* သိက္ခာသု+ဇာတာ သေက္ခာ။ (သိက္ခ+ဏ)
(သိက္ခာသုံးပါး၏+သေက္ခတရား ၇–ပါးနှင့် ဌာန+ဌာနီစပ်။)
* ဇာယန္တီတိ ဇာတာ။ (ဇန+တ)
(ဃ) န+သေက္ခာ အသေက္ခာ။ (ပဋိသေဓဘောဂုဏ်၏+အသေက္ခဓမ္မတို့နှင့် ဂုဏ်+ဂုဏေးစပ်။)
(င) န+သေက္ခာ အသေက္ခာ။ (ဝုဒ္ဓိဘောဂုဏ်၏+ အသေက္ခဓမ္မတို့နှင့် ဂုဏ်+ဂုဏေးစပ်။)
ဝဍ္ဎနံ ဝုဒ္ဓိ။ ဝဍ္ဎိယတေ ဝါ ဝုဒ္ဓိ။ ပဇ္ဇန္တိ ပါပုဏန္တီတိ ပတ္တာ။
* ဝုဒ္ဓိ+ပတ္တာ ဝုဒ္ဓိပ္ပတ္တာ။

(၅)

(က) တီသု = သဗ္ဗနာမ်၊ ဣတ္ထိလိင်၊ သဗ္ဗနာမ်၊ ဣ–ကာရန္တ။
သိက္ခာသု=ကိတ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ–ကာရန္တ။
(ခ) အပရိယောသိတသိက္ခတ္တာ= တဒ္ဓိတ်နာမ်၊ နပုံ၊ စိတ္တာဒိ၊ အ–ကာရန္တ။
သယံ = တတိယန္တ နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟီတန္တ။
(ဃ) ဥပရိ = နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ ဣ–ကာရန္တ။

(၆)

(က)သိက္ခာသု ဇာတာ–ဖြင့် သေက္ခာ–၌ သိက္ခပုဒ်+ဏပစ္စည်း။ ယင်းဏ–ပစ္စည်း၏ဇာတတဒ္ဓိတ် အနက်၌သက်–၄င်း, သိက္ခာသု+ဇာတာတိ သေက္ခာ–ဟု ပြု––၄င်း သိစေ။

http://www.dhammadownload.com



တိသု–ဖြင့် သေက္ခာ–၌ သိက္ခ–အရ အဓိသီလ,အဓိစိတ္တ,အဓိပညာ–ဟူသော သိက္ခာ ၃–ပါးကိုယူ။

(ခ) သေက္ခာနံ ဓေတေ–ဖြင့် သေက္ခာ–၌ ဏပစ္စည်း၏ ဣဒံတဒ္ဓိတ်အနက်၌သက်––ငှင်း, သေက္ခာနံ ဓေတေတိ သေက္ခာ–ဟု ပြု––ငှင်း သိစေ။

သတ္တန္နံ–ဖြင့် သေက္ခာ–၌ သေက္ခ–အရ သေက္ခပုဂ္ဂိုလ် ၇–ယောက်ကို ယူရမည်ဟု သိစေ။

(ဂ) သိက္ခန္တိ–ဖြင့် သေက္ခာ–၌ ဏပစ္စည်း၏ တဿီလကတ္တုသာဓနအနက်၌သက်––ငှင်း, သိက္ခိတုံ (သိက္ခနံ) သီလံ ယေသန္တေတိ သေက္ခာ–ဟု ပြု––ငှင်း သိစေ။ (ပြည်သျှအလို။)

(တနည်း) သိက္ခန္တိ–ဖြင့် သေက္ခာ–၌ ဏပစ္စည်း၏ တဿီလတဒ္ဓိတ်အနက်၌သက်––ငှင်း, သိက္ခာ ဓေတေသံ သီလန္တိ သေက္ခာ–ဟု ပြု––ငှင်း သိစေ။ (ဘာသာဋီအလို)

သယမေဝ–ဖြင့် သိက္ခန္တိ၏ ကတ္တားကား ပုဂ္ဂိုလ်မဟုတ်, အရဟတ္တဖိုလ်ကြဉ် လောကုတ္တရာစိတ် ၇–ပါးဟုဆိုအပ်သော မိမိတို့ပင်တည်းဟူသောအဓိပ္ပါယ်ကိုသိစေ။

အပရိယောသိတသိက္ခတ္တာ–ဖြင့် ဘာဝတ္ထသိစေ။

(ဃ) န သေက္ခာ–ဖြင့် အသေက္ခာ–၌ အ–သည် န–၏ ကာရိယ––ငှင်း, န+သေက္ခာ အသေက္ခာ ဟု ကမ္မဓာရယ်ပြု––ငှင်း, ယင်း အ–၏ ပဋိသေဓအနက်ဟော––ငှင်း သိစေ။

သိက္ခိတဗ္ဗာဘာဝတော–ဖြင့် ဘာဝတ္ထ သိစေ။

(င) ဝုဒ္ဓိပ္ပတ္တာ သေက္ခာ–ဖြင့် အသေက္ခာ–၌ အ–၏ ဝုဒ္ဓိအနက်ဟော–ငှင်း, အ–သည် န–ကာရိယ–ငှင်း, န သေက္ခာ အသေက္ခာဟု ကမ္မဓာရယ–ပြု–ငှင်း သိစေ။

♦ ဓေတေနစ သေက္ခသဒိသာ အသေက္ခာ ယထာ"အမနုဿော"တိ ဝုတ္တံ ဟောတီတိ အဓေ။ အညတ္ထ "အရိုဠှ" န္တိ အာဒီသု ဝုဒ္ဓိအတ္ထေပိ အ–ကာရော ဒိဿတီတိ ဝုဒ္ဓိပ္ပတ္တာ သေက္ခာ အသေက္ခာတိ အယမ္ပိ အတ္ထော ဝုတ္တော။ (အနုဋီကာ။ ၄၇။)

(စ)ဖြင့် အသေက္ခာ–အရ လောကီတရားများ, နိဗ္ဗာန်တို့ကိုမယူရ၊ ကေဒေသချုပစာ ရှဋ္ဌီနည်းဖြင့် အရဟတ္တဖိုလ်စိတ်ကိုသာယူရမည်ကို သိစေ။ (တနည်း) အသေက္ခာ–အရ မုချဖြစ်သော အရဟတ္တမဂ်စိတ်ကို မယူရ၊ သဒိသူပစာ,အတိသယနည်း, ရှဋ္ဌီနည်းဖြင့် အရဟတ္တဖိုလ်စိတ်ကိုသာ ယူရမည်ကို သိစေသည်။

(၇)

(က) ဝါကျ သယမေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ မဂ်–၄–ပါး အောက်ဖိုလ်–၃–ပါး (ဟူသော သိက္ခာသိက္ခာသမ္ဗယုတ္တဓမ္မဒြဗ်) သည် ဂဟေတဗ္ဗတ္ထ။

✔ ပုဂ္ဂိုလ်ဒြဗ်သည် နိဝတ္တေတဗ္ဗတ္ထ။

✔ မဂ်–၄–ပါး၏ သမုစ္ဆေဒပ္ပဟာနသတ္တိဂုဏ်, အောက်ဖိုလ်–၃–ပါး၏ ပဋိပဿမ္ဘနပ္ပဟာန သတ္တိဂုဏ်သည် အနုညာတတ္ထ။

(တနည်း) မဂ်–၄–ပါး, အောက်ဖိုလ်–၃–ခုတို့၏ အပြီးအဆုံးသို့ မရောက်သေးသော သင်ခြင်း, ကျင့်ခြင်း, ဖြည့်ခြင်းရှိသည်၏ အဖြစ်တည်းဟူသော (အပရိယောသိတသိက္ခဘာဝ)ဂုဏ်သည် အနုညာတတ္ထ။

(ဂ) အပရိယောသိတ–၌ အ–ကား ပဋိသေဓအနက်။

ပရိ–ကား ဓာတွတ္ထာနုဝတ္တက။

ဩ(အဝ)–ကား ပရိယန္တအနက်။

သယ်–ကား သာမံအနက်။

http://www.dhammadownload.com



(၈)

ဝုမိုပ္ပတ္တာ သေက္ခာ-၌ သေက္ခ-အရ အရဟတ္တဖိုလ်ကိုယူ၍-

- ✔ ထိုသည် ဒဿနတ္ထ။
- ✔ အရဟတ္တမဂ်သည် ဒီပကတ္ထ။
- ✔ ပစ္စဝေက္ခဏာဉာဏ်သည် ပကာသနတ္ထ။
- ✔ ပါရမီဉာဏ်၊ ဝိပဿနာဉာဏ်၊ အောက်မဂ်, အောက်ဖိုလ်ဉာဏ်တို့သည် ဝိဘာဝတ္ထ။
- ✔ ဖလသမာပတ္တိသုခမှစ၍ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်- အနုဘာဝတ္ထ။

(၉)

"တီသု သိက္ခာသု"အရ အဓိသီလ, အဓိစိတ္တ, အဓိပညာသိက္ခာ ၃-ပါး။ ထိုတွင်-

- ✔ သမ္မာဝါစာ သမ္မာကမ္မန္တ, သမ္မာအာဇီဝ ၃-ပါးသည် သီလသိက္ခာ-မည်၏။
- ✔ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ၃-ပါးသည် အဓိစိတ္တသိက္ခာ-မည်၏။
- ✔ သမ္မဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ၂-ပါးသည် အဓိပညာသိက္ခာ-မည်၏။

(၄) ဝါကျ အသေက္ခာ-အရ မုချ, ဥပစာ။

ဝုမိုပ္ပတ္တာ ဝါ သေက္ခာ-ဟူသော အဖွင့်အရ သေက္ခတရား ၇-ပါးတွင် အရဟတ္တမဂ်သည် အကြီးပွါးဆုံး အရင့်ကျက်ဆုံးဖြစ်သောကြောင့် အရဟတ္တမဂ်စိတ်ကို မုချယူ။ ယင်းအရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်တွင် အရဟတ္တမဂ်က ပရိညာစသောကိစ္စကိုပြုနိုင်ခြင်း,အကျိုးပေးတတ်သော ဝိပါက ဓမ္မဖြစ်ခြင်းသာထူး၏။ အရဟတ္တမဂ်နှင့် ဈာန်အင်္ဂါယှဉ်ပုံစသည်အားဖြင့်တူသောကြောင့် သဒိသူပစာရအားဖြင့် အရဟတ္တဖိုလ်ကိုသာ အသေက္ခ-အရယူ။ ထို့ပြင်-ကုသိုလ်နှင့်ယှဉ်သော သုခထက် ဝိပါက်နှင့်ယှဉ်သော သုခသည် သာ၍ငြိမ်သက်သော သန္တတရားဖြစ်ရကား သာ၍မွန်မြတ်၏။ ထို့ကြောင့် အရဟတ္တဖိုလ်သည် အရဟတ္တမဂ်ထက်ပင် ကြီးထွားခြင်းသို့ရောက်၏။ ဤသို့ သဒိသူပစာရအားဖြင့်၄င်း, အတိသယနည်း အားဖြင့်၄င်း, အသေက္ခ-အရ အရဟတ္တဖိုလ်စိတ်ကိုသာယူ။ (မူလဋီ။၄၄။ဘာသာဋီ။၃၂၆။လည်း၍)

(၁၀)

(က) တီသု သိက္ခာသု ဓာတာ-၌-

တီသု သိက္ခာသု-အရ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးသည်-

ဓာတာ-အရ မဂ်စိတ် ၄-ပါး, အောက်ဖိုလ် ၃-ခု, မဂ္ဂင်တရားကိုယ်ရှစ်ပါးကြဉ်သော စေတသိက် ၂၈-ပါး အား သဟဓာတ-ပြု။

ပြိုင်-သဟကြီး-၄, အညာ, သမ္ပ, ဝိပါက, ဟေ, မိ, ဣံ, မဂ်, ဈာန်။ (၁၂)ပစ္စည်းပြိုင်။

ခွဲပြိုင်ပုံ။

❖ တီသု သိက္ခာသု-အရ မဂ္ဂင်တရားကိုယ်ရှစ်ပါးသည်-

ဓာတာ-အရ-မဂ်စိတ်၄-ခု, စေ-၂၈-အား ဝိပါကကြဉ်သော သဟဓာတ-၁၁-ဖြင့်-ပြု။

(တနည်း) တီသု သိက္ခာသု-အရ အောက်ဖိုလ် ၃-ပါး၌ယှဉ်သော သမ္မာဒိဋ္ဌိစသော ဖိုလ်အင်္ဂါရှစ်ပါးသည်-

ဓာတာ-အရ အောက်ဖိုလ် ၃-ခု,စေ-၂၈-အား ဆိုခဲ့ပြီး ၁၂-ဖြင့်-ပြု။

http://www.dhammadownload.com



(ခ) ဝါကျ သတ္တန္နံ သေက္ခာနံ စေတ-၌-

သတ္တန္နံ သေက္ခာနံ-အရ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏သန္တာန်၌ဖြစ်သော (အရဟတ္တဖိုလ်ကြဉ်) လောကုတ္တရာစိတ္တုပ္ပါဒ်တည်းဟူသော နာမက္ခန္ဓာ ၁-ပါး၊၂-ပါး၊ ၃-ပါး ပစ္စည်းတရားသည်-
စေတန-အရ ၄င်းစိတ္တုပ္ပါဒ် နာမက္ခန္ဓာ ၃-ပါး၊၂-ပါး၊ ၁-ပါး ပစ္စယုပ္ပန်တရားအား သဟဇာတ-ပြု။
ပြိုင်-သဟကြီး-၄, အညႇ, သမ္ပ, ဝိပါက (၇) ပစ္စည်း။

(တနည်း) သတ္တန္နံ သေက္ခာနံ-အရ ဆိုခဲ့ပြီး နာမက္ခန္ဓာ-၄-ပါးတို့တွင် ဝိညာဏက္ခန္ဓာ- တရားသည်-
စေတ-အရ-ကြွင်းသောနာမက္ခန္ဓာ-၃ပါး တရားအား သဟဇာတ-ပြု။
ပြိုင်--သဟကြီး-၄, အညမညႇ, သမ္ပယုတ္တ, ဝိပါက, မိ, ဣံ, ဟာ (၁၀)။

(တနည်း) သေက္ခာနံ-အရ စေတသိက်ခန္ဓာ-၃ပါးပစ္စည်းတရားသည်-
စေတ-အရ-ဝိညာဏက္ခန္ဓာ-ပစ္စယုပ္ပန်တရားအား---သဟ--ပြု။
ပြိုင်--သဟကြီး-၄, အညႇ, သမ္ပ, ဝိပါက, သဟငယ်-၇၊ ပေါင်း (၈) ဖြင့် ယထာရဟ-ပြုသည်။

န+သေက္ခာ အသေက္ခာ-၌-

န-အရ အရဟတ္တဖိုလ်စိတ် (ဝိညာဏက္ခန္ဓာ) ပစ္စည်း တရားသည်-
သေက္ခ-အရ ယင်းစိတ်နှင့်ယှဉ်သောစေတသိက်ခန္ဓာ ၃-ပါး ပစ္စယုပ္ပန်တရားအား သဟ-ပြု။
ပြိုင်-သဟကြီး-၄, အညႇ, သမ္ပယုတ္တ, ဝိပါက, မိ, ဣံ, ဟာ (၁၀) ပစ္စည်း။
မှတ်ချက်။ န-အရနှင့် သေက္ခ-အရတို့ အရမကွဲ အတူတူ။ အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်ကိုယူ, ယင်းသို့ ကောက်မှ ရှေ့ပုဒ် နောက်ပုဒ်အရ တူရကား နနိပါတ ပုဗ္ဗပဒကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုနိုင်သည်။

======================

## ဝါကျဥယျာဉ် ( ၃၀ )

(က) သမန္တတော ခဏ္ဍိတတ္တာ အပ္ပမတ္တကံ ပရိတ္တန္တိ ဝုစ္စတိ, "ပရိတ္တံ ဂေါမယပိဏ္ဍ"န္တိ အာဒီသု ဝိယ။
(ခ) ဣမေပိ အပ္ပါနုဘာဝတာယ ပရိတ္တာ ဝိယာတိ ပရိတ္တာ။
(ဂ) ကာမာဝစရဓမ္မာနမေတံ အဓိဝစနံ။
(ဃ) ကိလေသဝိက္ခမ္ဘနသမတ္ထတာယ, ဝိပုလဖလတာယ, ဒီဃသန္တာနတာယ စ မဟန္တဘာဝံ ဂတာ။
(င) မဟန္တေဟိ ဝါ ဥဠာရစ္ဆန္ဒဝီရိယစိတ္တပညေဟိ ဂတာ ပဋိပန္နာတိပိ မဟဂ္ဂတာ။
(စ) ပမာဏကရာ ဓမ္မာ ရာဂါဒယော ပမာဏံ နာမ။
(ဆ) အာရမ္မဏတော ဝါ သမ္ပယောဂတော ဝါ နတ္ထိ ဧတေသံ ပမာဏံ, ပမာဏဿ စ ပဋိပက္ခာတိ အပ္ပမာဏာ။

ဠ။၈၇။ မူလဋီ။၄၄။ ယောဇနာ။၆၉။ ပြည်သျှ။၃၀၀။ ဘာသာဋီ။၃၂၇။ ကျော်စံထားဂဏ္ဍိ။၂၀၄။ ပင်းဝင်းဂဏ္ဍိ။၂၀၄။

======================

http://www.dhammadownload.com



(၂)

(က)ဖြင့် ပရိတ္တ–ဟူသောအစိတ်ပုဒ်၏အဖွင့်သံဝဏ္ဏနာ အတ္တဝိနိစ္ဆယကိုပြသည်။

(ခ)ဖြင့် ပရိတ္တ–ဟူသော အပေါင်းပုဒ်၏––ပြသည်။

ထို့ကြောင့် (ခ)သည် ပက္ခန္တရ။ ဝေအာဘော်ဆင် ကျမ်းတက်။

## (ဂ)သို့ ပါပနာဒိပဥ္စက

ဆရာ–သည် (ခ) ဝါကျဖြင့် နည်းသော အာနုဘော်ရှိသည်၏အဖြစ်ကြောင့် (သေးငယ်သော အရာပဝတ္တုနှင့်ဟူရကား )ပရိတ္တမည်သောဟုဆို၏။ ထို–သော် မဟဂ္ဂုတ်တရားတို့သည်လည်း (လောကုတ္တရာ ာရားကို့ကိုထောက်လျှင် နည်းသောအာနုဘော်ရှိသောကြောင့်) ပရိတ္တမည်၏–ဟူသော အနက်သည် ရောက်ရာ၏။ (တနည်း) မဟဂ္ဂုတ်တရားတို့သည်လည်း လောကုတ္တရာတရားတို့ကိုထောက်လျှင် (ကိလေသာ တို့ကို သမုစ္ဆေဒပဟာန်ဖြင့် မပယ်နိုင်သောကြောင့် သေးငယ်ရကား) ပရိတ္တမည်၏ဟူသော အနက်ရောက် ရာ၏။ (ဘာသာဋီ။ ၃၂၈–ရှု။) စင်ကား–မရောက်သင့်။ ထို့ကြောင့် ဤ၌လိုအပ်သော ပရိတ္တမည်သောတရား တို့ကိုလည်း တိကျဖွာပြဆိုသင့်သေး၏။ ---အတိဗျာပိတ–၏ ။ပ။ ဤသို့ –(ဂ)မိန့်။

◆ အမှာ။ ။ (ခ)ဖြင့်ပရိတ္တပုဒ်၏အဘိဓာနတ္တကိုပြပြီး၍၊ အဘိဓေယျတ္တ ကိုပြလိုသောကြောင့် (ဂ)မိန့်။ ဤသို့ပက္ခန္တရထုံးစံအတိုင်း ဝေ–အာဘော်ဆင်၍လည်း ကျမ်းတက်နိုင်သည်။

## (င)သို့ ဠပနာဘောဂါဒိပဥ္စက

ဆရာ–သည် (ဃ)ဖြင့် မဟဂ္ဂတာ–ကို မဟန္တ+ဂတာ မဟဂ္ဂတာ–ဟု ဒုတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်ဟုဆို၏။ ထို––သော် မဟဂ္ဂတာ–၌ ဒု–တပ္ပုရိသ်သမာသ်ဝစနတ္ထတမျိုးသာ ဖြစ်သင့်၏ ဟူသော အနက်ရောက်ရာသည်မဟုတ်ပါလော့ ။ပ။ မဟဂ္ဂတာ၌ အခြားဖြစ်သင့်သော ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့ (င) မိန့်။

(စ)ဖြင့် အပ္ပမာဏာ၌–ပမာဏ–ဟူသောအစိတ်ပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုပြသည်။

(ဆ)ဖြင့် အပ္ပမာဏာ–ဟူသော အပေါင်းပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုပြသည်။

ထို့ကြောင့် (ဆ)သည် ပက္ခန္တရ။ ဝေ–အာဘော်ဆင်– ကျမ်းတက်။

(၃)

## (ဂ) အဓိဝစနံ–ထားရခြင်း

ပရိတ္တ–အရ မဟဂ္ဂုတ်တရားကိုမယူရ၊ အထင်ရှဋ္ဌ၊ ကေဒေသျူပစာအားဖြင့် ကာမာဝစရတရား တို့ကိုသာယူရမည်ဟု ပြလို၍ အဓိဝစနံ–သဒ္ဒါထားသည်။

## (က) ဝုစ္စတိ–ထားရခြင်း

ဤ၌ ပရိတ္တ–အရ အထင်ရှဋ္ဌ ဧကဒေသျူပစာအားဖြင့် အနည်းငယ်သောအရာဝတ္ထုကို ယူရ မည်ဟု ပြလို၍ ဝုစ္စတိ–ထားသည်။

(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)တို့ဖြင့် အဗျာပိတ, အပရိပုဏ္ဏာ–ပယ်သည်။

(ဂ) ဝါကျဖြင့် အတိဗျာပိတ (တနည်း) အဗျာပိတ, အပရိပုဏ္ဏာ–ပယ်သည်။

http://www.dhammadownload.com



## (င) ဝါကျ ဝါ-သဒ္ဒါထားရခြင်း

မဟာဋ္ဌကာပုဒ်၏ ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထမှတပါး တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထကို,
(တနည်း) မဟာဋ္ဌကာ-၌ ဂတ-ဟူသောနောက်ပုဒ်၏ ကတ္တုသာဓနဝစနတ္ထမှတပါး ကမ္မသာဓနဝစနတ္ထကို,
(တနည်း) တ-ပစ္စည်း၏ကတ္တုသာဓနအနက်မှတပါး ကမ္မသာဓနအနက်ကို,
(တနည်း) ဂမုဓာတ်၏ပါပုဏနအနက်မှတပါး ပဋိပဇ္ဇနတ္ထ (စရဏတ္ထ)ကို,
(တနည်း) မဟန္တ-ဟူသော ရှေ့ပုဒ်-အရ မဟန္တဘာဝဂုဏ်ဟူသော အဘိဓေယျတ္ထအနက်မှတပါး မြတ်သော ဆန္ဒ, ဝီရိယ, စိတ္တ, ပညာ-ရှိကုန်သော ဗျာနုလာဘီပုဂ္ဂိုလ်တို့ဟူသော အဘိဓေယျတ္ထအနက်ကို လဲလိုသောကြောင့် (င)၌ ဝါ-သဒ္ဒါထားသည်။

## (ဆ) ပမာဏသဒ္ဒ-၌ စ-သဒ္ဒါထားရခြင်း

အပ္ပမာဏာ-သဒ္ဒါ၏ ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထမှတပါး ကမ္မဓာရယ်သမာသ်ဝစနတ္ထကို (တနည်း) အ-သဒ္ဒါ၏ ဝိရဟတ္ထမှတပါး ပဋိပက္ခတ္ထ (ဝိရုဒ္ဓတ္ထ)ကို လဲလို၍ (ဆ)၌ စ-သဒ္ဒါထားသည်။

## (ဇ)

* အနုဘဝတိ သမတ္တေတီတိ အာနုဘာဝေါ။ (အနု+ဘူ+ဏ။ စွမ်းနိုင်ခြင်း။)
* အနု အနု တံသမင်္ဂီနော ဘာဝေတိ ဝဍ္ဎေတီတိ အနုဘာဝေါ။
* အနုဘာဝေါယေဝ အာနုဘာဝေါ။ (အံ၊ ဋီ၊ ၃။ ၁၆၁။)
* အနုဘဝတိ ဧတေနာတိ အာနုဘာဝေါ။ (အနုဋီကာ၊ ၃။ ၁၀၉။)
* အပ္ပေါ+အာနုဘာဝေါ ဧတေသန္တိ အပ္ပါနုဘာဝေါ။
✔ နည်းသောအာနုဘော်၏+ကာမာဝစရတရားတို့နှင့် ဂုဏ်+ဂုဏေးစပ် ဗျု-နိ။
✔ နည်းသော အာနုဘော်သည် ပ-နိ။
* တေသံ+ဘာဝေါ အပ္ပါနုဘာဝတာ။

## "ဝစနတ္ထမှတ်ဖွယ်"

* ခဏ္ဍီယတေ ပရိစ္ဆိန္ဒီယတေတိ ခဏ္ဍိတံ။ (ခဏ္ဍ+တ)
* အပ္ပ+မတ္တာ ယဿ, ယဿန္တိ ဝါ အပ္ပမတ္တကံ။
(နည်းသောအတိုင်းအရှည်၏+အရာဝတ္ထုနှင့် ပမာဏ+ပမာဏဝန္တစပ်။)
* ပရိသမန္တတော ဒီယတေ ခဏ္ဍီယတေတိ ပရိတ္တံ။ ပရိ+ဒါ+တ။ (ထက်ဝန်းကျင် ပိုင်းဖြတ်ခြင်း ကြိယာ)
ဘာသာဋီကာ-၌"အာဒီယတေတိ အတ္တံ။ (အာ+ဒါ+တ)သမန္တတော+အတ္တံ ပရိတ္တံ"ဟုပြသည်။
ဂေါဟိ+နိဗ္ဗတ္တော ဂေါမယော။ (ဂေါပုဒ်+မယပစ္စည်း။)(နွားတို့၏+နွားချေးနှင့် ဇနက+ဇညစပ်)
* ဂေါမယော စသော ပိဏ္ဍောစာတိ ဂေါမယပိဏ္ဍော။
◆ ပိဏ္ဍော အာမိဝနေ ဒေဟေ၊ ပိဏ္ဍာနေ ဂေါဠကေ မတော။ (ဓာန်။၁၀၁၈။)
* ပရိတ္တော ဝိယာတိ ပရိတ္တာ။ (ပရိတ္တပုဒ်+ဏပစ္စည်း။)
(အနည်းငယ်သောအရာဝတ္ထု၏+ကာမာဝစရတရားတို့နှင့် သဒိသ+သဒိသီစပ်။)

http://www.dhammadownload.com



* ဝိက္ခမ္ဘိယတေ ဝိက္ခမ္ဘနံ။ ကိလေသာနံ ဝိက္ခမ္ဘနံ ကိလေသဝိက္ခမ္ဘနံ။
* ကိလေသဝိက္ခမ္ဘနေ+သမတ္ထာ ကိလေသဝိက္ခမ္ဘနသမတ္ထာ။
(ကိလေသာတို့ကိုပယ်ခွါခြင်း၏+မဟဂ္ဂုတ်ကုသိုလ်တို့နှင့် ဂုဏ်+ဂုဏေားစပ်။)
* တေသံ+ဘာဝေါ ကိလေသဝိက္ခမ္ဘနသမတ္ထတာ။
(မဟဂ္ဂုတ်ကုသိုလ်တို့၏+ကိလေသာတို့ကိုပယ်ခွါခြင်း၌စွမ်းနိုင်ခြင်းနှင့် ဂုဏ်+ဂုဏေားစပ်။)
* ဝိပုလံ+ဖလံ ဧတေသန္တိ ဝိပုလဖလာ။
(ကြီးကျယ်သောအကျိုး၏+မဟဂ္ဂုတ်ကုသိုလ်နှင့် အကျိုး+အကြောင်းစပ်)
* တေသံ+ဘာဝေါ ဝိပုလဖလတာ။
(မဟဂ္ဂုတ်ကုသိုလ်၏+ကြီးကျယ်သောအကျိုးနှင့် အကြောင်း+အကျိုးစပ်။)
* ဒီဃော+သန္တာနော+ဧတေသန္တိ ဒီဃသန္တာနာ။
(ရှည်သောသန္တာန်၏+မဟဂ္ဂုတ်စိတ်အားလုံးနှင့် ဂုဏ်+ဂုဏေားစပ်။)
* တေသံ ဘာဝေါ ဒီဃသန္တာနတာ။
* မဟန္တံ+ ဂတာ မဟဂ္ဂတာ။
(မြတ်သည်၏အဖြစ်တည်းဟူသောဂုဏ်၏+မဟဂ္ဂုတ်တရားတို့နှင့် ဂုဏ်+ဂုဏေားစပ်)

(တနည်း:) * မဟန္တေဟိ+ဂတာ မဟဂ္ဂတာ။
(မြတ်ကုန်သော ဈာနလာဘီပုဂ္ဂိုလ်တို့၏+မဟဂ္ဂုတ်တရားတို့နှင့် ဌာန+ဌာနီ, နိဿယ+နိဿိတစပ်)
* ဥဠနံ ဥဂ္ဂမနံ ဝိပုလဂမနံ ဥဠာရံ။ (ဥလ+အာရ။)
* ဥဠာရာ+ဆန္ဒဝီရိယစိတ္တပညာ+ဧတေသံ ပုဂ္ဂလာနန္တိ ဥဠာရဆန္ဒဝီရိယစိတ္တပညာ။ (တေဟိ) ပြန့်ပြောသော ဆန္ဒဝီရိယစိတ္တပညာတို့၏+ဈာနလာဘီပုဂ္ဂိုလ်တို့နှင့် ဂုဏ်+ဂုဏော,သံ+သာမိ, ဌာနီ+ဌာန-စပ်။)
* ပမိနန္တီတိ ပမာဏာ။ (ပ+မာ+ယု။ နှိုင်းယှဉ်ခြင်းကြိယာ။)
* နတ္ထိ+ပမာဏံ+ဧတေသန္တိ အပ္ပမာဏာ။
(နှိုင်းယှဉ်ခြင်းကိုပြုတတ်သော ရာဂစသောကိလေသာမရှိခြင်း၏+လောကုတ္တရာတရားတို့နှင့် ဂုဏ်+ဂုဏေားစပ်။)
(တနည်း:) န+ပမာဏာ အပ္ပမာဏာ။
(န-အရ ပဋိပက္ခဖြစ်သောဂုဏ်၏+ပမာဏအရ-လောကုတ္တရာတရားတို့နှင့်ဂုဏ်+ဂုဏေားစပ်။)

(၅)

| | | |
|---|---|---|
| (က) | သမန္တတော = | နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ ဩ-ကာရန္တ။ |
| | ခဏ္ဍိတတ္တာ = | တဒ္ဓိတ်နာမ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ-ကာရန္တ။ |
| | အပ္ပမတ္တကံ = | သမာသ်နာမ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ-ကာရန္တ။ |
| | အာဒီသု = | ကိတ်နာမ်၊ ပုံလိင်၊ ရတ္တာဒိ၊ အ-ကာရန္တ။ |
| (ခ) | ဏ္ဌမေ = | သဗ္ဗနာမ်၊ ပုံ၊ ပုရိသာဒိ၊ အ-ကာရန္တ။ |
| (င) | မဟန္တေဟိ = | ကိတ်နာမ်၊ ပုံလိင်၊ ဂစ္ဆန္တာဒိ၊ အ-ကာရန္တ။ |
| | ဆန္ဒ = | ကိတ်နာမ်၊ ပုံလိင်၊ မနောဂိုဏ်း၊ အ-ကာရန္တ။ |

http://www.dhammadownload.com



(၆)

(က) သမန္တတော ခဏ္ဍိတတ္တာ–ဖြင့် ပရိတ္တ–၌ ပရိ–ဥပသာရ–၏ သမန္တအနက်ဟော–၄င်း၊ ပရိရှေး+ဒါဓာတ်၏ အဝခဏ္ဍနအနက်ဟော–၄င်း၊ တ–ပစ္စည်း၏ ကမ္မသာဓနအနက်၌သက်–၄င်း၊ ပရိသမန္တတော ဒီယတေ ခဏ္ဍီယတေတိ ပရိတ္တံ–ဟု ပြု–၄င်း သိစေ။

အပ္ပမတ္တကံ ပရိတ္တန္တိ ဝုစ္စတိ–ဖြင့် ဤ၌ ပရိတ္တ–အရ ကာမာဝစရတရားတို့ကို မယူရသေး၊ အထင်ရှင်း ကေဒေသျှပြစာအားဖြင့် အနည်းငယ်သော အရာဝတ္ထုကိုသာ ယူရမည်ဟုသိစေသည်။

ပရိတ္တံ ။ပ။ ဝိယ–ဖြင့် ဘာဝတ္ထ–သိစေ။

(ခ) ပရိတ္တာ ဝိယ–ဖြင့် ပရိတ္တာ–၌ ဏပစ္စည်း၏ ဥပမာတဒ္ဓိတ်အနက်၌သက်–၄င်း, ပရိတ္တာ ဝိယာတိ ပရိတ္တာ–ဟု–ပြု–၄င်း သိစေသည်။

ဣမေပိ, အပ္ပါနုဘာဝတာယ–ဖြင့် ဘာဝတ္ထ–သိစေသည်။

(ဂ)ဖြင့် ပရိတ္တ–အရ လောကုတ္တရာတရားတို့အောက် နည်းသောအာနုဘော်ရှိသော မဟဂ္ဂုတ် တရားတို့ကိုမယူရ, ကာမာဝစရတရားတို့ကိုသာယူ–၄င်း, ဤ၌ ပရိတ္တသဒ္ဒါ၏ အထင်ရှင်း, ကေဒေသျှပြစာ ၏ အဖြစ်ကို၄င်း သိစေသည်။

(ဃ) မဟန္တဘာဝံ ဂတာ–ဖြင့် မဟဂ္ဂတာ–၌ မဟန္တပုဒ်+ဂတပုဒ်။ ဂတာ–၌ တပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–၄င်း, ဂစ္ဆန္တိ ပါပုဏန္တီတိ ဂတာ–ဟု ပြု–၄င်း, မဟန္တ–ဟူသောရှေးပုဒ်၏ ဘာဝပ္ပဓာန,ဘာဝလောပ၏အဖြစ်ကို၄င်း, အပေါင်းပုဒ်ကို မဟန္တံ+ဂတာ မဟဂ္ဂတာ–ဟု ဒုတိယာ တပ္ပုရိသ် သမာသ်ဝစနတ္ထပြု ၄င်း, မဟန္တဂတ–ဟုဆိုလိုလျက် မဟန္တကို မဟာ–ပြု, ဂ–ဒွေးဘော်လာ၍ မဟဂ္ဂတာ–ဟုရုပ်ပြီးနေသည်ကို၄င်း သိစေသည်။

(င) မဟန္တေဟိ ဂတာ–ဖြင့် မဟဂ္ဂတာ–၌ မဟန္တပုဒ်+ဂတပုဒ်။ ဂတာ–၌ တပစ္စည်း၏ကမ္မသာဓနအနက်၌သက်––၄င်း၊ ဂစ္ဆီယန္တေ (ပဋိပဇ္ဇီယန္တေ) တိ ဂတာ–ဟု ပြု–၄င်း၊ အပေါင်းပုဒ်ကို မဟန္တေဟိ ဂတာ မဟဂ္ဂတာ–ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြု–၄င်း၊ မဟန္တဂတဟုဆိုလိုလျက် မဟန္တကို မဟာပြု၊ ဂဒွေဘော်လာ၍ မဟဂ္ဂတာ–ဟုရုပ်ပြီးနေသည်ကို၄င်း သိစေသည်။

ဥဠာရ ။ပ။ ပညေဟိ–ဖြင့် မဟန္တ–အရ မြတ်ကုန်သော ဆန္ဒ, ဝီရိယ, စိတ္တ, ပညာရှိကြကုန်သော ဈာနလာဘီပုဂ္ဂိုလ်တို့ကိုယူ–သိစေသည်။

ပဋိပန္နော–ဖြင့် မဟဂ္ဂတာ–၌ ဂတာ–ဝယ် ဂမုဓာတ်၏ပဋိပဇ္ဇန(စရဏ)အနက်ဟော– (တနည်း) ဂတ–သဒ္ဒါ ပဋိပန္နအနက်ဟော၏ဟု သိစေသည်။

ကိလေသဝိက္ခမ္ဘနသမတ္ထတာယ–စသောဟိတ် ၃–ရပ်ဖြင့် (ဘာဝတ္ထ) သိစေသည်။

(စ)ဖြင့် အပ္ပမာဏာ–၌ ပမာဏ–ဝယ် ပ+မာ+ယုပစ္စည်း။ ယုပစ္စည်း၏ကတ္တုသာဓနေ အနက်၌သက်–၄င်း, ပမိနာတီတိ ပမာဏံ–ဟု ပြု–၄င်း, ပမာဏ–အရ နှိုင်းယှဉ်ခြင်းကိုပြုတတ်သော ရာဂစသော ကိလေသာကိုယူ–၄င်း, (တနည်း) ပမာဏံ–၌ ပမာဏကရဟုဆိုလိုလျက် ပမာဏနောင် ကရ– ဟူသော နောက်ပုဒ်ကျေနေသည်ကို၄င်း သိစေသည်။

(ဆ)နတ္ထိ ဧတေသံ ပမာဏံ–ဖြင့် အပ္ပမာဏာ–၌ အ–၏ န–၏ကာရိယ–၄င်း၊ ယင်း အ– သဒ္ဒါ၏ ဝိရဟအနက် (အဘာဝအနက်) ဟော–၄င်း၊ နတ္ထိ ဧတေသံ ပမာဏန္တိ အပ္ပမာဏာ–ဟု နနိပါတပုဗ္ဗပဒ စတုတ္ထိဗဟုဗ္ဗီဟိ ဝစနတ္ထပြု–၄င်း၊ ပဒွေဘော်လာ၍ အပ္ပမာဏာ–ဟု ရုပ်ပြီး နေသည်ကို၄င်း သိစေသည်။

http://www.dhammadownload.com



အာရမ္မဏာတော၀ါ သမ္ပယောဂတော၀ါ-ဖြင့် (ဘာ၀တ္ထ) သိစေသည်။
ပမာဏာသ ပဋိပက္ခာ-ဖြင့် အပ္ပမာဏာ-၌ အ-၏ နစ်ကာရိယ-ငှင်း, ယင်းအ-သဒ္ဒါ၏ ပဋိပက္ခ အနက်ဟော-ငှင်း, န+ပမာဏာ အပ္ပမာဏာ-ဟု နနိပါတပုဗ္ဗပဒကမ္မဓာရယသမာသ်၀စနတ္ထပြု-ငှင်း, ပ-ဒွေဘော်လာ၍ အပ္ပမာဏာ-ဟု ရုပ်ပြီးနေ သည်ကိုငှင်း သိစေသည်။

(၇)

(င)ဝါကျ ဝါ-ကား ဝိကပ္ပနတ္ထဇောတက, နယန္တရဇောတက။

(ဆ)ဝါကျ စ-ကား ဝိကပ္ပနတ္ထဇောတက, နယန္တရဇောတက။

(ဂ)ဝါကျ ဇော်-၌ ဇော-ကား ဆိုခဲ့ပြီး ပရိတ္တအမည်ကိုစွဲ ပက္ကန္တဝိသယ။

(တနည်း) အဓိ၀စနံ-ဟု အစွဲတိုက်ရိုက်ပါရှိ--ပသိဒ္ဓဝိသယ။

(၈)

ကိလေသဝိက္ခမ္ဘနသမတ္ထတာယ, ဝိပုလဖလတာယ-တို့၌ ဘာ၀ယောဂပုဒ်တို့အရ မဟဂ္ဂုတ်ကုသိုလ်ကိုယူ၍---

✔ ထိုသည် ဒဿနတ္ထ။
✔ ပရိက်-စသော ဥပစာရဘာဝနာ ,ကာမာ၀စရသမာဓိဇောတို့သည် ဒီပကတ္ထ။
✔ ဈာနသမာပတ္တိသုခသည် ပကာသနတ္ထ။
✔ ပဋ္ဌာနန္တရိယကံမှကင်းခြင်း, တိဟိတ်ပဋိသန္ဓေနေခဲ့ခြင်းစသည်သည် ဝိဘာ၀တ္ထ။
✔ ဗြဟ္မာဘုံ၌ဖြစ်ရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင် အနုဘာ၀တ္ထ။

(၉)

(ဃ)ဝါကျ၌ မဟဂ္ဂတမည်ခြင်းအကြောင်းဟိတ် ၃-မျိုးပြဆိုထားရာတွင် မဟဂ္ဂုတ်ကုသိုလ်အတွက် အကြောင်းဟိတ် ၃-မျိုးလုံးသင့်လျော်၏။ ဝိပါက်, ကြိယာတို့အတွက် ဒီဃသန္တာနတာယဟူသောဟိတ်သာသင့်လျော်၏။

◆ "ကိလေသ ။ပ။ တာယ"တိ အတ္ထတ္တယမ္ပိ ကုသလေသု ယုဇ္ဇတိ၊ ဝိပါကကိရိယေသု ဒီဃသန္တာနတာ၀။ (မူလဋီ။ ၄၄။)

ဝိပုလဖလ-ပုဒ်ကို အနုဋီကာ ဝစနတ္ထ တစ်နည်းကြံပုံ။

"ဝိပုလံ ဖလံ ဝိပုလံ ဖလ"န္တိ ဧ၀ံ ပန အတ္ထေ ဂယှမာနေ ဝိပါကေသုပိ ဝိပုလဖလတာ

လဗ္ဘတေ၀။ သောပိ ဧကဒေသေန ယေန အဋ္ဌကထာယံ ဝုတ္တောတိ ဝေဒိတဗ္ဗော။ (အနုဋီကာ-၄၈)

ယင်းအနုဋီကာအလို= * ဝိပုလံ ဖလံ ဧတေသန္တိ ဝိပုလဖလာ။ (မဟဂ္ဂုကုသိုလ်ရ၏)

* ဝိပုလံ ဖလံ ဝိပုလဖလံ။ (ကမ္မဓာရယ်ပြု၊ မဟဂ္ဂုတ်ဝိပါက်ရ၏)

* ဝိပုလဖလဥ+ဝိပုလဖလဥ ဝိပုလဖလာ။(ဧကသိသ်။ ကုသိုလ်, ဝိပါက်-၂-မျိုးရ၏။)

http://www.dhammadownload.com



(၁၀)

(င)ဝါကျ မဟဂ္ဂတ+ဂတာ-၌-

မဟဂ္ဂတ-အရ မြတ်ကုန်သောဈာနလာဘီပုဂ္ဂိုလ်တို့၏သန္တာန်၌ဖြစ်သော ဆန္ဒ, ဝီရိယ, စိတ္တ,ပညာသည်-

ဂတာ-အရ မဟဂ္ဂုတ်စိတ္တုပ္ပါဒ် အား သဟ-ပြု။

ဖြိုင်- ကြီး-၄, အညု, သမ္ဗ, ဟော, ဓိ, ဟာ, ဣုံ , မင်-(၁၁)ပစ္စည်း။

(တနည်း) မဟဂ္ဂတ-အရ ဈာနလာဘီပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ဟဒယဝတ္ထုသည်-

ဂတာ-အရ မဟဂ္ဂုတ်စိတ္တုပ္ပါဒ်အား ဝတ္ထုပုရေဇာတ-ပြု။

ဖြိုင်-ပုံရေဇာတ, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ (၅) ပစ္စည်း။

ဝိပုလဖလတာယ-၌ ဝိပုလဖလ ဝယ်-

အညပုဒ်-အရ မဟဂ္ဂုတ်ကုသိုလ်စေတနာ-သည်-

သမာသ်ပုဒ်-အရ မဟဂ္ဂုတ် ဝိပါက်နာမက္ခန္ဓာ-အား နာနက္ခဏိကကမ္မ-ပြု။

ဖြိုင်- နာနက္ခဏိကကမ္မ, ပကတူပ (၂) ပစ္စည်း။

====================

## ဝါကျဥယျာဉ် (၃၁)

(က) ပရိတ္တာရမ္မဏာတ္တိကေ ပရိတ္တံ အာရမ္မဏံ ဧတေသန္တိ ပရိတ္တာရမ္မဏာ။

(ခ) သေသပဒဒ္ဓယေပိ ဧသေဝနယော။

(ဂ) ဟီနတ္တိကေ ဟီနာတိ လာမကာ။

(ဃ) အကုသလာ ဓမ္မာ။

(င) ဟီနပ္ပဏီတာနံ မဇ္ဈေ ဘဝါတိ မဇ္ဈိမာ။

(စ) အဝသေသာ တေဘူမကာ ဓမ္မာ။

(ဆ) ဥတ္တမဋ္ဌေန, အတပ္ပကဋ္ဌေန စ ပဏီတာ။

(ဇ) လောကုတ္တရာ ဓမ္မာ။

ဋ္ဌ။၈၇။ မူလဋီ။၄၅။ ယောဇနာ။၇၀။ ပြည်သျှ။၃၀၃။ ဘာသာဋီ။၃၂၉။ ကျော်အောင်စံထားဂဏ္ဌိ။၂၀၅။ မင်းခင်းဂဏ္ဌိ။၂၈၆။

==========================

(၂)

(ဃ) ဋ္ဌပနာဘောဂါဒီပဋ္ဌက

ဆရာ-သည် (ဂ)ဖြင့် ဟီနာဓမ္မာ-၌ ဟီန-သဒ္ဒါ လာမကအနက်ကို ဟော၏ဟုဆို၏။

ထို-သော် နိဟီနပုဂ္ဂလ, အနိဋ္ဌရုပ်တို့ကိုလည်း (လာမကဖြစ်၍) ဟီန-အရ ယူသင့်ရာသည် မဟုတ်ပါလော။

ထို့ကြောင့် ဟီန-သဒ္ဒါ လာမကအနက်ဟော၏ဟုသာမဆိုသင့်။ ဤ၌ ဟီန-အရ ယူအပ်သော အဘိဓေယျတ္ထ ကိုလည်းပြဆိုသင့်သေး၏။ – အဘယ်ပါနည်း။ ဤသို့ (ဃ)မိန့်။

http://www.dhammadownload.com



(င) ဖြင့် မဇ္ဈိမာပုဒ်၏ အဘိဓာနတ္ထကိုပြသည်။
(စ) ဖြင့် မဇ္ဈိမပုဒ်အရ အဘိဓေယျတ္ထကိုပြသည်။
(ဆ) ဖြင့် ပဏီတပုဒ်၏အနက်ကိုပြသည်။
(ဇ) ဖြင့် ပဏီတအရ အဘိဓေယျတ္ထကိုပြသည်။
ပကာ္ဌန္တရချည်း။ ထုံးစံအတိုင်းကျမ်းတက်။

(၃)

(ခ) သေသပဒဒွယေပိ–၌ ပိ (အပိ)–သဒ္ဒါထားရခြင်း။

ပရိတ္တာရမ္မဏပုဒ်၌သာ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထကို သိအပ်သည်မဟုတ်သေး, ကြွင်းသော ပဒနှစ်ပါးအပေါင်း၌လည်း စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထကို သိအပ်ပါသေး၏ဟူသော သမုစ္စည်းအနက်, သမ္ဘာဝနာအနက်ကိုပြလို၍ (ခ)၌ ပိ–သဒ္ဒါ (အပိသဒ္ဒါ) ထားသည်။

(ဆ)ဝါကျ၌ စ–သဒ္ဒါထားရခြင်း

မြတ်သည်၏အဖြစ်တည်းဟူသောအနက်ကြောင့်သာ ပဏီတမည်သည်မဟုတ်သေး၊ မရောင့်ရဲအပ်, မရောင့်ရဲနိုင်သည်၏ အဖြစ်တည်းဟူသောအနက်ကြောင့်လည်း ပဏီတမည်သေး၏ ဟူသော သမုစ္စည်းအနက်, သမ္ဘာဝနာအနက်ကို ပြလို၍ (ဆ) ၌ စ–သဒ္ဒါထားသည်။

(ခ)ဝါကျ–၌ ဧသေဝနယော–ထားရခြင်း။

"လုံးစုံအတ္ထ, တူညီက, ဧသေဝနယောကို"ဟူသည်နှင့်အညီ ဒုတိယပဒ, တတိယပဒတို့သည် ပဌမပဒနှင့် ဝစနတ္ထဖွင့်ဆိုပုံ, ဖွင့်ဆိုနည်း အလုံးစုံတူညီနေသည်ဟု ပြလို၍ ဧသေဝနယော–ထားသည်။
(ဃ)ဖြင့် အတိဗျာပိတ (တနည်း) အဗျာပိတ, အပရိပုဏ္ဏ–ပယ်သည်။

(၄)

(က)မင်းခင်းဂဏ္ဌိအနက်ပေးပုံ။

ဧတေသံ–ထိုကာမစိတ်စတုပညာသ, အဘိညာဉ်ဒွေးတို့အား၊ ပရိတ္တံ–နည်းသော၊ (ဝါ) ရှန့်ရင်းသော ကာမတဏှာသည် ပိုင်းခြားအပ်သော (ဝါ) ရှန်ရင်းသော ကာမတဏှာ၏ ကာမစိတ်ကို ပိုင်းခြားရာ ဖြစ်သော။ အာရမ္မဏံ–စိတ်စေတသိက်တို့၏မွေ့လျော်ရာအာရုံသည်။ အတ္ထိ။ပ။၏။

* ဩဠာရိကေဟိ ကာမတဏှာဒီဟိ ပရိဒီယတိ ပရိစ္ဆိဇ္ဇတီတိ ပရိတ္တံ။
* ဩဠာရိကကာမတဏှာ ကာမာဝစရစိတ္တံ ပရိဒေတိ ပရိစ္ဆိန္ဒတိ ဧတ္ထာတိ ဝါ ပရိတ္တံ။
* စိတ္တစေတသိကာ အာဂန္တွာ, ဘုသံ ဝါ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။
* စိတ္တစေတသိကေဟိ အာလမ္ဗိယတိ ဂယှတိ ဒုဗ္ဗလပုရိသေန ဝိယ ဒဏ္ဍာရဇ္ဇုအာဒိန္တိ အာရမ္မဏံ။
* စိတ္တစေတသိကေဟိ အာဂန္တွာ, ဘုသံဝါ ရမိတဗ္ဗန္တိ ဝါ အာရမ္မဏံ။ (မင်းခင်းဂဏ္ဌိ။၂၈၆။)
(အာ+ရမု+ဏ။ စိတ်စေတသိက်တို့၏ လာ၍မွေ့လျော်ခြင်းကြိယာ။)
* တိသော ဘူမိယော တိဘူမံ။ တိဘူမေ+နိဗ္ဗတ္တာ တေဘူမကာ။(တိဘူမ+ဏိက)
ဘုံသုံးပါး၏(လောကီကုသိုလ်, လောကီဝိပါက်, ကြိယာစိတ်ဝိသ, စေတသိက် အဋ္ဌတ္တိံသ, (ရုပ်အဋ္ဌဝီသ) တရားတို့နှင့် ဌာန+ဌာနီ–ဗပ်။

http://www.dhammadownload.com



◆ တိဿော ဘူမိယော တိဘူမံ၊ တတ္ထ နိဗ္ဗတ္တာနိ တေဘူမကာနိ။ (မဏိမဉ္ဇူ-၁၄၁၇)
* လာတိ ဂဏှာတိ ဟီနဘာဝန္တိ လာမကော။ (လာ+မက)
* ဟာယန္တီတိ ဟီနာ။ (ဟာ+တ။ယုတ်ညံ့ခြင်း, ဆုတ်ယုတ်ခြင်းကြိယာ)
* ပဓာနဘာဝံ+နီတာ ပဏီတာ။(သူမိ)
* ပကဋ္ဌံ+နီတာ ပဏီတာ။(ဘာဋီ)
(ပကဋ္ဌ (ဝါ) ပဓာနဘောဂုဏ်၏+ပဏီတတရားနှင့် ဂုဏ်+ဂုဏေးစပ်။)
* တပ္ပေန္တီတိ တပ္ပကာ။ (တပ္ပ+ဏွု။ ရောင့်ရဲစေခြင်းကြိယာ။)
* န+တပ္ပကာ အတပ္ပကာ။(န-အရ ပဋိသေဓဘောဂုဏ်၏+ပဏီတဓမ္မတို့နှင့် ဂုဏ်+ဂုဏေးစပ်)

(၅)

(က) ပရိတ္တံ-ကား ကိတ်နာမ်, နပုံ, စိတ္တာဒိ, အ-ကာရန္တ။
(ခ) မဇ္ဈေ-ကား ကိတ်နာမ်, ပုံလိင်, ပုရိသာဒိ, အ-ကာရန္တ။
မဇ္ဈိမာ-ကား တဒ္ဓိတ်, ပုံလိင်, ပုရိသာဒိ, အာကာရန္တ။
(ဆ) ဥတ္တမဋ္ဌေန-ကား သမာသ်, ပုံလိင်, ပုရိသာဒိ, အ-ကာရန္တ။

(၆)

(က) ဖြင့် အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ သိစေ။

(ဂ) လာမကာ-ဖြင့် ဟီနာ ဓမ္မာ-၌ ဟီန-သဒ္ဒါသည် လာမကတ္ထဝါစီရုဠှီအနိပ္ဖန္နပါဋိပဒိကပုဒ် တည်းဟု သိစေ။ (မင်းခင်းဂဏ္ဌိ-၂၈၆)

(တနည်း) ဟီန-သဒ္ဒါ လာမကအနက်ဟော (တနည်း) လာမက၏ပရိယာယ်တည်းဟု သိစေ။
◆ နိဟီနော ဟီနလာမကော။ (ဓာန်-၆၉၉)

(ဃ) အကုသလာ ဓမ္မာ-ဖြင့် ဟီန-အရ နိဟီနပုဂ္ဂလ, အနိဋ္ဌရုပ်စသည်ကို မယူရ၊ အကုသိုလ် ဓမ္မကိုယူ-သိစေသည်။

(င) မဇ္ဈေ ဘဝါ-ဖြင့် မဇ္ဈိမာ-၌ ဣမပစ္စည်း၏ ဘဝတဒ္ဓိတ်အနက်၌သက်-၄င်း၊ မဇ္ဈေ ဘဝါ မဇ္ဈိမာ-ဟု ပြု-၄င်း သိစေသည်။

ဟီနပဏီတာနံ-ဖြင့် မဇ္ဈိမာ-၌ အလယ်အလတ်ဟူသည် အယုတ်အမြတ်တို့၏ အလယ်အလက် ပင်တည်းဟု သိစေသည်။

(စ) ဖြင့် သရုပ်ကြားဘိဓေယျတ္ထ သိစေ။

(ဆ) ဥတ္တမဋ္ဌေန, အာတပ္ပကဋ္ဌေနစ-ဖြင့် ပဏီတာဓမ္မာ-၌ ပဏီတ-သဒ္ဒါသည် ဥတ္တမတ္ထ, အာတပ္ပကတ္ထဝါစီ ရုဠှီအနိပ္ဖန္နပါဋိပဒိကပုဒ်တည်းဟု သိစေသည်။ (မင်းခင်းဂဏ္ဌိ။)

(တနည်း) ပဏီတ-သဒ္ဒါသည် ဤ၌မခုရအနက်ကိုမဟော၊ ဥတ္တမအနက်,အာတပ္ပကအနက်ဟော-သိစေ။

(ဇ) ဖြင့် သရုပ်ကြားအဘိဓေယျတ္ထ သိစေသည်။

http://www.dhammadownload.com



(၇)

(ခ) ဓေသဝနယော–၌ ဓေဝ–၏ ဂဟေတဗ္ဗတ္ထ စသည်-----

✔ စဟုဗ္ဗိဗဟုဗ္ဗိသမာသ်ဝစနတ္ထနည်းသည် ဂဟေတဗ္ဗတ္ထ။

✔ တစ်ပါးသော ကမ္မဓာရယသမာသ်စသည်သည် နိဝတ္တေတဗ္ဗတ္ထ။

✔ အသဿတ္ထိတဒ္ဓိတ်ဝစနတ္ထသည် အနုညာတတ္ထ။

အမှာ။ ။ ပရိတ္တာရမ္မဏာ–စသောပုဒ်တို့ကို ရှေးဦးစွာ ပရိတ္တံ+အာရမ္မဏံ ပရိတ္တာရမ္မဏံ–ဟု တွဲပြီးမှ ပရိတ္တာရမ္မဏံ ဧတေသန္တိ ပရိတ္တာရမ္မဏာ–ဟု အသဿတ္ထိတဒ္ဓိတ်ဆင့်လျှင် ကာမအာရုံပြုသော ဟာရားများကို ရသည်။ ထို့ကြောင့် အသဿတ္ထိတဒ္ဓိတ်ဝစနတ္ထကို အနုညာတတ္ထ–ထုတ်ရသည်။

ဝိ–ကား သမုစ္စယတ္ထ။

ပဏီတာ–၌ ပ–ကား ပဓာနတ္ထ, ပကဋ္ဌတ္ထ။

အတပ္ပကဋ္ဌေနစ–၌ စ–ကား သမုစ္စယတ္ထ။

(၈)

ဟီနာ ဓမ္မာ–အရ အကုသိုလ်ဓမ္မကိုယူ၍ ဒဿနတ္ထ–စသည်ထုတ်။

(င)၌–ဟီနပဏီတာနံ မဇ္ဈေ ဘဝါ–ဟူသောဝါကျသည် အနုမာနသိဒ္ဓိ (ဝါ) သိဒ္ဓေယျသိဒ္ဓိ ဖြစ်သည်။

ရှင်းလင်းချက်။ ။မဇ္ဈိမာပုဒ်၏ မဇ္ဈေ ဘဝါ–ဟူသော ဝိဂ္ဂဟဝါကျကိုသာ တိုက်ရိုက်ရအပ်သည်။ သို့သော် ဟီနာ–ဟူသော ပထမပုဒ်, ပဏီတာ–ဟူသော ဒုတိယပုဒ်တို့၏ သဒ္ဒန္တရိုက်ကိုထောက်၍ အလယ်– ဟူသည် ဟီနတရား, ပဏီတတရားတို့၏အလယ်ဟု ဆ၍သိအပ်သောကြောင့် အနုမာနသိဒ္ဓိ ဖြစ်သည်။

(၉)

ဟီနာ ဓမ္မာ–အရ အကုသိုလ်စိတ်ဒွါဒသ, စေတသိက်သတ္တဝီသရ၏။

မဇ္ဈိမာဓမ္မာ–အရ လောကီ ကုသိုလ်သတ္တရသ, လောကီဝိပါက်ဗတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက် အဋ္ဌတ္တိံသ, ရုပ်အဋ္ဌဝီသရ၏။

ပဏီတာ ဓမ္မာ–အရ လောကုတ္တရာ ၈–ခု, စေတသိက်ဆတ္တိံသ, နိဗ္ဗာန်–ရ၏။

(၁၀)

ပရိတ္တံ အာရမ္မဏံ ဧတေသန္တိ ပရိတ္တာရမ္မဏာ–၌–

သမာသ်ပုဒ်–အရ ကာမစိတ် ၅၄,စေတသိက်–၅၂, ရုပ် ၂၈–ပစ္စည်းတရားသည်–

ဧတေသံ–အညပုဒ်အရ ပရိတ္တာရမ္မဏာစိတ် ၅၆–ခု, (ကာမစိတ်–၅၄, အဘိဉာဏ်ဒွေး) အပ္ပမညာကြဉ် စေတသိက် ၅၀–ပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု။

ပြိုင်–ယထာရဟ (ဂ)ပစ္စည်း။

==================

http://www.dhammadownload.com



## ဝါကျဥယျာဉ်(၃၂)

(က) မိစ္ဆတ္တတ္တိကေ "ဟိတသုခါဝဟာ မေ ဘဝိဿန္တီ"တိ ဧဝံ အာသီသိတာပိ တထာ အဘာဝတော "အသုဘာဒီသုယေဝ သုဘာ"န္တိ အာဒိဝိပရီတပ္ပဝတ္တိတော စ မိစ္ဆာသဘာဝါတိ မိစ္ဆတ္တာ။

(ခ) ဝိပါကဒါနေ သတိ ခန္ဓဘေဒါနန္တရမေဝ ဝိပါကဒါနတော နိယတာ။

(ဂ) မိစ္ဆတ္တာ စ တေ နိယတာ စာတိ မိစ္ဆတ္တနိယတာ။

(ဃ) ဝုတ္တဝိပရီတေန အတ္ထေန သမ္မာ သဘာဝါတိ သမ္မတ္တာ။

(င) သမ္မတ္တာ စ တေ နိယတာ စ အနန္တရမေဝ ဖလဒါနေနာတိ သမ္မတ္တနိယတာ။

(စ) ဥဘယထာပိ န နိယတာတိ အနိယတာ။

ဋ္ဌ။၈၇။ မူလဋီ။၄၅။ ယောဇနာ။၇၀။ ပြည်သျှ။၃၀၃။ ဘာသာဋီ။၃၃၀။ ကျော်စံ-ဂဏ္ဌိ။၂၀၅။ မင်းခင်းဂဏ္ဌိ။၂၈၇။

===========================

(၁)

မိစ္ဆတ္တနိယတာ-မမှန်သောသဘောရှိကုန်သော စုတိ၏အခြားမဲ့၌ အကျိုးပေးခြင်းအားဖြင့် မြဲကုန်သော။

သမ္မတ္တနိယတာ-မှန်သောသဘောရှိကုန်သော မိမိ၏အခြားမဲ့၌ အကျိုးပေးခြင်းအားဖြင့် မြဲကုန်သော။

အနိယတာ-စုတိ၏အခြားမဲ့၌၎င်း, မိမိ၏အခြားမဲ့၌၎င်း အကျိုးပေးခြင်းအားဖြင့် မမြဲကုန်သော။

### (က)ကတ္တားပုဒ်များထည့်၍ပေးပုံ

(ယေဓမ္မာ-အကြင်အနန္တရိယကံ, နိယတမိစ္ဆာဒိဋ္ဌိ-ဟုဆိုအပ်ကုန်သော တရားတို့သည်။) မေ-၏။ ဟိတသုခါဝဟာ-ကုန်သည်။ ဘဝိဿန္တိ-တွံ့။ ဣတိဧဝံ-သို့။ (အာနန္တရိယကမ္မနိယတမိစ္ဆာဒိဋ္ဌိကေဟိ-ကုန်သော။ ပုဂ္ဂလေဟိ-တို့သည်။) အာသီသိတာပိ-အလိုရှိအပ်,တောင့်တအပ်ကုန်သည်လည်း။ ဟောန္တိ-ကုန်၏။ ဧဝံသန္တေပိ-ဤသို့တောင့်တအပ်ကုန်လျှင်းလည်း။ တေသံဓမ္မာနံ-တို့၏။ တထာ။ အဘာဝတောစ-။ပ။ (မင်းခင်းဂဏ္ဌိ။၂၈၇။)

ယောဇနာ-၌ အာသီသိတာပိ-၏ ကတ္တား-ကို "ပုဂ္ဂလေန"ဟုထည့်သည်။

### (ခ)ဝါကျ ဝိပါကဒါနေ သတိ-သို့ ပါပနာဒီနည်း ပညတ်ထွက်ပုံ

ဆရာ-သည် ခန္ဓဘေဒါနန္တရမေဝ ဝိပါကဒါနတော နိယတာ-ဖြင့် အနန္တရိယကံများသည် ခန္ဓာပျက်သည်၏အခြားမဲ့၌သာလျှင် အကျိုးပေးသောအားဖြင့်မြဲ၏-ဟုဆို၏။ ထို-သော် တစ်ယောက်သောသူ၏ သန္တာန်၌ဖြစ်သော ခပ်သိမ်းသော အနန္တရိယကံတို့သည်ပင် ခန္ဓာပျက်သည်၏အခြားမဲ့၌ အကျိုးပေးကြသည် ဟူသော အနက်သည်ရောက်ရာ၏။ စင်-ကား-ထိုအနက်သည်မရောက်သင့်။ ထို-ကြောင့် ယင်းအနန္တရိယကံ-တို့၏ အကျိုးပေးပုံ အခြင်းအရာကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့်။--အဗျာပိတ,အပရိပုဏ္ဏ-၏။ ဤသို့-ဝိပါကဒါနေ သတိ-မိန့် (ကျော်အောင်စံထားဂဏ္ဌိ-၂၀၆)

(က)မှ (စ)တိုင်အောင် ရှေနောက်ထောက်ဆ ပက္ခ, ပက္ခန္တရချည်းသာတည်း။ ကျမ်းတက်လွယ်ပြီ။

http://www.dhammadownload.com



(၃)

(စ)ဝါကျ ဥဘယထာပိ-၌ ပိ (အပိ)-ထားရခြင်း

စုတိ၏အခြားမဲ့၌သာ မမြဲသည်မဟုတ်၊ မိမိ၏အခြားမဲ့၌လည်း မမြဲ၊ မိမိ၏အခြားမဲ့၌သာ မမြဲသည် မဟုတ်၊ စုတိ၏အခြားမဲ့၌လည်း မမြဲ၊ ဤသို့အစိတ်အစိတ်ကိုပေါင်းဆည်းသော အဝယဝ သမုစ္စည်း၊ သမ္ဘိဏ္ဍနအနက်ကိုပြလို၍ (စ)ဝါကျ၌ ပိ (အပိ)-သဒ္ဒါထားသည်။

(၄)

* မိစ္ဆာ အတ္ထာ သဘာဝေါ ဧတေသန္တိ မိစ္ဆတ္တာ။
✔ မမှန်သောသဘော၏+မိစ္ဆတ္တတရားတို့နှင့် ဂုဏ်+ဂုဏီး၊သဘာဝ+ဝန္တစပ် ဗျ-နိ။
✔ မမှန်သောသဘောသည် ပ-နိ။ (ဝါ)မိစ္ဆတ္တတရားတို့၏တစ်ခုသည်--ဇာတ်သည်-ပ-နိ။
* ဇာကိဖရာမရဏာဒီဟိ သံသာရဒုက္ခေဟိ ခဇ္ဇတီတိ ခန္ဓော။ (ရူ။၄၁၆။)
(ခါဒဓာတ်+ကပစ္စည်း။ ခဲစားခြင်းကြိယာ။)
* ဘိဇ္ဇနံ ဘေဒေါ။ ခန္ဓဿ ဘေဒေါ ခန္ဓဘေဒေါ။ —
* ခန္ဓဘေဒဿ + အနန္တရံ ခန္ဓဘေဒါနန္တရံ။
(ခန္ဓာပျက်စီးခြင်းဟူသောစုတိ၏+ အခြားမဲ့ဖြစ်သော ပဋိသန္ဓေနှင့် အနန္တရပစ္စည်း+ ပစ္စယုပ္ပန်အဖြစ်ဖြင့်စပ်)
* ဟိနောတိ ဝဍ္ဎတီတိ ဟိတံ။ (ဟိ+တ )
* သုခယတီတိ သုခံ။ ဟိတဉ္စ သုခဉ္စ ဟိတသုခံ။
* အာဝဟန္တီတိ အာဝဟာ။ (အာ+ဝဟ+အ။)
* ဟိတသုခံ အာဝဟာ ဟိတသုခါဝဟာ။
✔ ဟိတသုခတို့၏+ဆောင်တတ်သော မိစ္ဆတ္တတရားတို့နှင့် အကျိုး+အကြောင်းစပ်-ဗျ-နိ။
✔ ဟိတသုခတို့ကို ဆောင်သည်၏အဖြစ်တည်းဟူသောဂုဏ်သည် ပ-နိ။
* အာသီသိယန္တေတိ အာသီသိတာ။ (အာ+သီသ+တ။ တောင့်တခြင်းကြိယာ။)
* မိစ္ဆာ သဘာဝေါ ဧတေသန္တိ မိစ္ဆာသဘာဝါ။ (မိစ္ဆတ္တနှင့်အတူထုတ်။)
* ဝိပါကဿ ဒါနံ ဝိပါကဒါနံ။
* နိယမန္တီတိ နိယတာ။ (နိ+ယမု+တ။ မြဲမြံခြင်းကြိယာ။)
* မိစ္ဆတ္တာ စ တေ နိယတာ စာတိ မိစ္ဆတ္တနိယတာ။
(မမှန်သောသဘောရှိသည်၏အဖြစ်ဟူသောဂုဏ်၏+မိစ္ဆတ္တနိယတဓမ္မတို့နှင့် ဂုဏ်+ဂုဏီးစပ်)
* သမ္မာ အဝိပရီတော အတ္ထာ သဘာဝေါ ဧတေသန္တိ သမ္မတ္တာ။
✔ မဖောက်မပြန်မှန်သောသဘော၏+ သမ္မတ္တနိယတဓမ္မ (မဂ်စိတ္တုပ္ပါဒ်)တို့နှင့် ဂုဏ်+ဂုဏီး သဘာဝ+သဘာဝန္တစပ်--ဗျ-နိ။
✔ မဖောက်မပြန်မှန်သောသဘောသည်။ ဝါ-သမ္မတ္တနိယတဓမ္မတို့၏ တစ်ခုသည်---- ဇာတ်သည်---ပ-နိ။
* သမ္မာ အဝိပရီတော သဘာဝေါ ဧတေသန္တိ သမ္မာသဘာဝါ။ (သမ္မတ္တနှင့်အတူထုတ်။)

http://www.dhammadownload.com



(၅)

မိစ္ဆာ–ကား နိပါတ်အဗျယ၊ အလိင်၊ ဂဏဝိမုတ်၊ အာ–ကာရန္တ။

သမ္မာ–ကား အဝိပရီတတ္ထ နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ အာ–ကာရန္တ။

ဥဘယထာ–ကား အဗျယတဒ္ဓိတ်၊ အလိင်၊ ဂဏဝိမုတ်၊ အာ–ကာရန္တ။

သတိ–ကား ကိတ်နာမ်၊ (ဤနေရာ၌ ဝိပါကဒါနေ ကိုင့်၍ နပုံလိင်၊) ဂစ္ဆန္တာဒိ၊ အ–ကာရန္တ။

* အတ္တိ ဘဝတီတိ သန္တော။ (တသ္မိံ သတိ) အသ+အ+အန္တ။

(၆)

(က) မိစ္ဆာသဘာဝါ–ဖြင့် မိစ္ဆတ္တာကို မိစ္ဆာ+အတ္တာ–ဟုပုဒ်ဖြတ်–၄င်း,အတ္တ–သဒ္ဒါသည် စိတ္တ, ကာယအနက်တို့ကိုမဟော, သဘာဝအနက်ကိုဟော–၄င်း, မိစ္ဆာ အတ္တာ သဘာဝေါ ဧတေသန္တိ မိစ္ဆတ္တာ–ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြု–၄င်း သိစေသည်။

◆ စိတ္တေ ကာယေ သဘာဝေစ၊ သော အတ္တာ ပရမတ္တနိ။ (ဓာန်။၈၆၂။)

ဟိတသုခါဝဟော–စသော ကျန်ပါဠိတို့ဖြင့် ဘာဝတ္ထ သိစေသည်။

(ခ)ဖြင့် နိယတာ–၌ မြဲ၏ဟူသည် အကျိုးပေးသည်ရှိသော် ခန္ဓာပျက်သည်၏အခြားမဲ့ကာလ၌ပင်လျှင် အကျိုးပေးခြင်းအားဖြင့် မြဲသည်၏အဖြစ်ကို သိစေသည်။

(တနည်း) နိယတာ–၌ မြဲ၏ဟူသည် (ဖလကာလနိယမ–အကျိုးပေးရာကာလအားဖြင့်မြဲခြင်း, ဖလဒါနနိယာမ–အကျိုးပေးမှုမြဲခြင်း–ဟု ၂–မျိုးရှိ၏) ဖလဒါနနိယာမ–အား‌ဖြင့် နိယတမည်သည်မဟုတ် (မြဲသည်မဟုတ်) ဖလကာလနိယာမ–အားဖြင့် နိယတမည်သည်၏အဖြစ်ကို(ဝါ)မြဲသည်၏အဖြစ်ကို သိစေ။

(ဂ) ဖြင့် အဘိဓာနတ္ထ , သမာသလိင်္ဂပဒတ္ထ သိစေ။

(ဃ) သမ္မာ သဘာဝါ–ဖြင့် သမ္မတ္တာ–ကို သမ္မာ+အတ္တာ–ဟု ပုဒ်ဖြတ်–၄င်း, အတ္တ သဒ္ဒါ၏ သဘာဝအနက်ဟော–၄င်း, သမ္မာ+အတ္တာ သဘာဝေါ ဧတေသန္တိ သမ္မတ္တာ–ဟုပြု–၄င်း သိစေ။

ဝုတ္တဝိပရီတေန အတ္ထေန–ဖြင့် သမ္မတ္တာ–၌ သမ္မာနိပါတ်သည် ဉာယ, ပသတ္ထစသော အနက်ကို မဟော၊ အဝိပရီတအနက်ဟော–၄င်း, သမ္မတ္တာ–၌ မှန်ကန်သောသဘောရှိ၏ဟူသည် "ဤတရားတို့သည် ငါ၏စီးပွါးချမ်းသာကိုဆောင်ကြလိမ့်မည်ဟု တောင့်တမျှော်လင့်ခဲ့သော် တောင့်တမျှော်လင့်ခဲ့ သည့်အတိုင်း ဖြစ်သောကြောင့်၄င်း, အသုဘစသည်တို့၌ အသုဘစသည်ဖြင့် မဖောက်မပြန်သောအားဖြင့် ဖြစ်သောကြောင့်၄င်း, မှန်သောသဘောရှိသည်၏အဖြစ်ကို သိစေသည်။

(င) သမ္မတ္တာစ တေ နိယတာ–စသည်ဖြင့် သမာသလိင်္ဂပဒတ္ထ, အဘိဓာနတ္ထ–သိစေသည်။

အနန္တရမေဝ ဖလဒါနေန–ဖြင့် မြဲ၏ဟူသည် မိမိ၏အခြားမဲ့၌သာလျှင် အကျိုးပေးခြင်းအားဖြင့် မြဲသည်၏အဖြစ်ကို သိစေသည်။

(တနည်း) နိယတ–မြဲ၏ဟူသည် ဖလကာလနိယမအားဖြင့် မြဲသည်မဟုတ်၊ ဖလဒါနနိယမ အားဖြင့် မြဲသည်၏အဖြစ်ကို သိစေသည်။

(စ) န နိယတာ–ဖြင့် အနိယတာ–၌ အ–သည် န–၏ ကာရိယ–၄င်း, ယင်း အ–၏ အညအနက်ဟော–၄င်း, န နိယတာ အနိယတာ–ဟု နနိပါတပုဗ္ဗပဒကမ္မဓာရယ်ဖော်နတ္တပြု–၄င်း သိစေ။

ဥဘယထာပိ–ဖြင့် အနိယတာ–၌ မမြဲဟူသည် စုတိ၏အခြားမဲ့, မိမိ၏အခြားမဲ့ ၂–မျိုးလုံး၌ပင် အကျိုးပေးမမြဲ–ဟူသောအဓိပ္ပါယ်ကို သိစေသည်။

http://www.dhammadownload.com



(၇)

(ခ) ခန္ဓဘေဒါနန္တရမေဝ–၌ ဧဝ–၏ ဧဝတ္ထဖလတ္ထယကား–––

✔ စုတိ၏အနန္တရကာလဖြစ်သော ဒုတိယဘဝသည် ဂဟေတဗ္ဗတ္ထ။

✔ စုတိ၏အနန္တရကာလမှတစ်ပါးသော တတိယဘဝ စသည်သည် နိဝတ္တေတဗ္ဗတ္ထ။

✔ အကျိုးပေးရာကာလအားဖြင့် မြဲခြင်းဂုဏ်သည် အနုညာတတ္ထ။

◆ခန္ဓဘေဒါနန္တရန္တိ စုတိ အနန္တရံ။ ဧတေန ဝစနေန သတိ ဖလဒါနေ စုတိ အနန္တရော ဧဝ၊ န အညော။ပ။ (မူလဋီ။၄၅။)

(င) ဝါကျ အနန္တရမေဝ–၌ ဧဝ၏ ဧဝတ္ထဖလတ္ထယကား–-

✔ မဂ္ဂါနန္တရကာလသည် ဂဟေတဗ္ဗတ္ထ။

✔ မဂ္ဂါနန္တရကာလမှ တပါးသောကာလသည် နိဝတ္တေတဗ္ဗတ္ထ။

✔ မဂ်စိတ်တို့၏ အခြားမဲ့၌အကျိုးပေး မြဲခြင်းဂုဏ်သည် အနုညာတတ္ထ။

(က) အသုဘာဒီသုယေဝ–၌ ဧဝ–––

✔ အသုဘ စသည်တို့သည် ဂဟေတဗ္ဗတ္ထ။

✔ သုဘ စသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

(၈)

မိစ္ဆတ္တအရ–နိယတမိစ္ဆာဒိဋ္ဌိကံ၏အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄–ခု, သတ္တမဇော, ပဉ္စာနန္တရိယကံ၏အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေး, သတ္တမဇော စိတ္တုပ္ပါဒ်ကိုယူ၍––––

✔ ထိုသည် ဒဿနတ္ထ။

✔ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

✔ ပစ္စုပ္ပန်ဘဝ၌ အရှိန်အဟော်, အခြံအရံမဲ့ခြင်း, စိတ်နှစ်လုံးပူပန်ရခြင်း, မဂ်ဖိုလ်ကိုမရနိုင်ခြင်း စသည်သည် ပကာသနတ္ထ။

✔ အသဒ္ဓမ္မဿဝန, ဗာလူပသေဝန စသည်သည် ဝိဘာဝတ္ထ။

✔ အဝီစိငရဲသို့ ကျရောက်ရခြင်းစသည်သည် အနုဘာဝတ္ထ။

သမ္မတ္တ–အရ မဂ်ကုသိုလ်ကိုယူ၍ ထိုသည် ဒဿနတ္ထ စသည်ထုတ်။

(က) အာသီသိတာ–၌ အာ+သိသဓာတ်–အရ

✔ တဏှာလောဘပြင်းသန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

✔ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

✔ ပဉ္စာနန္တရိကံကို ကျူးလွန်ခြင်း, မိစ္ဆာအယူသက်ဝင်ခြင်းတို့သည် ပကာသနတ္ထ။

✔ အသဒ္ဓမ္မဿဝန, အသပ္ပုရိသူပနိဿယစသည်သည် ဝိဘာဝတ္ထ။

✔ပစ္စုပ္ပန်၌ အရှိန်အဟော်မဲ့ခြင်း, စိတ်နှလုံးပူပန်ရခြင်း, မဂ္ဂဿရာယ်ဖြစ်ခြင်း, သံသရာ၌ အပါယိက ဒုက္ခခံစားရခြင်းစသည်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com



# အဋ္ဌသာလိနီ ဝါကျဥယျာဉ်

## (၉)

### (ခ)ဝိပါကဒါနေ သတိ–ဟူသော ပရိကပ္ပစကားကိုဆိုရခြင်း

မာတုဃာတက–စသော အနန္တရိယကံများပြုမိလျှင် အားကြီးသောကံတစ်ခုသည် အဝီစိ၌အကျိုးပေး၏။ အခြားကံများကား ထိုအကျိုး ပေးသောကံ၏ အထောက်အပံ့မျှသာဖြစ်၍ ပဋိသန္ဓေအကျိုးကိုမပေးတော့။ ဤသို့အားကြီးသောကံတစ်ခုက အကျိုးပေးသောအခါ အခြားကံများအတွက် အကျိုးပေးခွင့်မရှိတော့ ရကား "ဝိပါကဒါနေ သတိ–အကျိုး ပေးရသည်ရှိသော်"ဟု ပရိကပ္ပစကားကို ဆိုသည်။
(မူလဋီ။၄၅။ ဘာသာဋီ။၃၃၁။)

❖ ပဉ္စာနန္တရိယကံ ၅–မျိုးလုံးကျူးလွန်ရာ၌ အကျိုးပေးသည်ရှိသော် သံဃဘေဒကကံအကျိုးပေး၏။
သံဃဘေဒကကံမရှိလျှင် လောဟိတုပ္ပါဒကကံအကျိုးပေး၏။
လောဟိတုပ္ပါဒကကံမရှိလျှင် အရဟန္တ ဃာတကကံအကျိုးပေး၏။
အရဟန္တဃာတကကံမရှိလျှင် အမိဒုဿီလဖြစ်၍ အဖသုသီလဖြစ်အံ့။ ပိတုဃာတကကံအကျိုးပေး၏။
ဒုဿီလချင်းတူသည်ဖြစ်အံ့။ မာတုဃာတကကံအကျိုးပေး၏။ (မင်းခင်းဂဏ္ဌိ။ ၂၈၈)

## (၁၀)

### (င) နိယတာစ အနန္တရမေဝ ဖလဒါနေန–၌–

နိယတာ–အရ မဂ်စိတ် ၄–ခု၌ရှိသော စေတနာသည်–
ဖလဒါနေန–၌ ဖလ–အရ မဂ္ဂါနန္တရဖိုလ်စိတ္တုပ္ပါဒ်အား အနန္တရ–ပြု။
ဖြိုင်–အနန္တရ, သမနန္တရ, ဥပ, ကမ္မ, နတ္ထိ, ဝိဂတ–(၆)
(တနည်း) နိယတာ–အရ စေတနာကြဉ်သော မဂ်စိတ္တုပ္ပါဒ်သည်–
ဖလဒါနေန–၌ ဖလ–အရ မဂ္ဂါနန္တရဖိုလ်စိတ္တုပ္ပါဒ်အား အနန္တရ–ပြု။
ဖြိုင်–အနန္တရ, သမနန္တရ, ဥပ, နတ္ထိ, ဝိဂတ–(၅)

ဖလဒါန–အရ မဂ်လေးပါးစိတ္တုပ္ပါဒ်သည်–
အနန္တရ–အရ မဂ္ဂါနန္တရကာလ၌ဖြစ်သော ကာလဝန္တဖြစ်သော ဖိုလ်စိတ္တုပ္ပါဒ်အား အနန္တရ–ပြု။
ဖြိုင်။ အနန္တရ (၇)ပစ္စည်း။

### (က)ဝါကျ အာသီသိတာဝိ–၌–

တ–ပစ္စည်း–အရ ဟိတသုခသည်–
အာ+သီသ ဓာတ်–အရ ဟိတသုခကို လိုလားတောင့်တသော တဏှာလောဘပြဋ္ဌာန်းသော လောဘမူ
စိတ္တုပ္ပါဒ်အား  အာရမ္မဏ–ပြု။
ဖြိုင်–အာ, ဓိ, ဥပ, ပုရေ, အတ္ထိ, အဝိဂတ (၆) ပစ္စည်း။

========================

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၃၃)

(က) မဂ္ဂါရမ္မဏတ္တိကေ နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတိ,
(ခ) ကိလေသေ ဝါ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ၊
(ဂ) မဂ္ဂေါ အာရမ္မဏံ ဧတေသန္တိ မဂ္ဂါရမ္မဏာ။
(ဃ) အဋ္ဌင်္ဂိကောပိ မဂ္ဂေါ ပစ္စယဋ္ဌေန ဧတေသံ ဟေတူတိ မဂ္ဂဟေတုကာ။
(င) မဂ္ဂသမ္ပယုတ္တာ ဝါ ဟေတူ, မဂ္ဂေ ဝါ ဟေတူတိ မဂ္ဂဟေတူ၊ တေ ဧတေသံ ဟေတူတိပိ မဂ္ဂဟေတုကာ။
(စ) သမ္မာဒိဋ္ဌိ သယံ မဂ္ဂေါ စေဝ ဟေတု စ၊ ဣတိ မဂ္ဂေါ ဟေတု ဧတေသန္တိပိ မဂ္ဂဟေတုကာ။
(ဆ) အဘိဘဝိတွာ ပဝတ္တနဋ္ဌေန မဂ္ဂေါ အဓိပတိ ဧတေသန္တိ မဂ္ဂါဓိပတိနော။

ဋ။၈၇။ မူလဋီ။၄၆။ ယောဇနာ။၇၀။ ပြည်သျှ။၃၀၅။ ဘာသာဋီ။၃၃၂။ ကျော်-စံဂဏ္ဌိ။၂၀၇။ မင်းခင်းဂဏ္ဌိ။၂၈၉။

==================================

### (၁)

မဂ္ဂါရမ္မဏာ- အဋ္ဌင်္ဂိကမဂ်ဟုဆိုအပ်သော အာရုံရှိကုန်သော။
မဂ္ဂဟေတုကာ- အဋ္ဌင်္ဂိကအရိယာ မဂ်ဟူသော အကြောင်းရှိကုန်သော။ (ဃ-နှင့်အညီ)
(တနည်း) မဂ်နှင့်ယှဉ်သောဟိတ်ရှိကုန်သော၊ (ဝါ) မဂ်၌ဖြစ်သောဟိတ်ရှိကုန်သော။ (င-နှင့်အညီ)
(တနည်း) သမ္မာဒိဋ္ဌိမဂ္ဂင်ဟုဆိုအပ်သော ဟိတ်ရှိကုန်သော။ (စ-နှင့်အညီ)
မဂ္ဂါဓိပတိနော- မဂ်ဟုဆိုအပ်သော သဟဇာတာဓိပတိရှိကုန်သော။
(ဝါ) မဂ်ဟုဆိုအပ်သော အာရမ္မဏာဓိပတိရှိကုန်သော။

### (၂)

### (ခ) ဝါကျ ပါပနာဒိပဋ္ဌက

ဆရာ-သည် (က)ဖြင့် နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့် မဂ္ဂမည်သောဟုဆို၏။ ထို-သော်ယင်းဆိုခဲ့ပြီးသော အကြောင်းသကတ်ကြောင့်သာ မဂ္ဂမည်၏ဟူသောအနက်သည်ရောက်ရာ၏။ စင်--ကား ထိုအနက်သည် မရောက်သင့်။ ထို့--ကြောင့် တပါးသော မဂ္ဂမည်ခြင်း၏ အကြောင်းသကတ်တစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ အဗျာပိတ ။ပ။ ဤသို့ (ခ) မိန့်။

အဓိပ္ပါယ်ကား။ ။ကိလေသာတို့ကိုသတ်ဖြတ်လျက် နိဗ္ဗာန်သို့သွားတတ်သည်၏အဖြစ်ကြောင့်လည်း မဂ္ဂမည်၏ဟု မဂ္ဂမည်ခြင်း၏ အကြောင်းသကတ်တမျိုးကို ငါပြ-ဟူလို။

(က)(ခ) ၂-ဝါကျဖြင့် မဂ္ဂါရမ္မဏာ-၌ မဂ္ဂဟူသောအစိတ်ပုဒ်၏ ဝစနတ္ထကိုပြသည်။

(ဂ)ဖြင့် မဂ္ဂါရမ္မဏာဟူသောအပေါင်းပုဒ်၏ ဝစနတ္ထကိုပြသည်။ ပကတ္တရထုံးစံကျမ်းတက်။

### (ဂ) (တနည်း) အဖြေရှောင်ကွင်းနိယံနှင့်အညီကျမ်းတက်ပုံ

ဆရာ-သည် (က)(ခ) ၂-ဝါကျတို့ဖြင့် မဂ္ဂါရမ္မဏာ-၌ မဂ္ဂ-ဟူသောပုဒ်တစ်စိတ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထို--သော် မဂ္ဂါရမ္မဏာပုဒ်ကို မဂ္ဂသ အာရမ္မဏံ ဧတေသန္တိ မဂ္ဂါရမ္မဏာ-ဟု ဘိန္နာဓိကရဏာ

http://www.dhammadownload.com



စတုတ္ထိ, ဆဋ္ဌီဗဟုဗ္ဗီဟိ–ဝစနတ္ထလည်းပြုသင့်၏ဟူသော အနက်ရောက်ရာ၏။ (ကျော်–စံ ဂဏ္ဍိ။၂၀၇) စင်–ကား ထိုအနက်သည် မရောက်သင့်။ ထိုသို့– –ကြောင့် မဂ္ဂါရမ္မဏာပုဒ်၏ လိုအပ်သော ဝစနတ္ထအထူးကိုလည်း ပြဆိုသင့်သေး၏။–––––အတိဗျာပိတ––၏။ ဤသို့–––(ဂ)မိန့်။

❖ ဤ မဂ္ဂါရမ္မဏတိက် အဖွင့်ဝါကျအားလုံး ပကၠန္တရချည်းသာ။ အာဘော်သံဝဏ္ဏနာကျေညက်ထားပါက ကျမ်းတက်မခက်။

(၃)

(ခ) ဝါကျ ဝါ–သဒ္ဒါ ထားရခြင်း

နိဗ္ဗာန်ကိုရှာမှီးတတ်သောကြောင့် မဂ္ဂမည်၏ဟူသောအကြောင်းသကတ်မှတပါး ကိလေသာတို့ကိုဖျက်ဆီးလျက် နိဗ္ဗာန်သို့သွားတတ်သောကြောင့် မဂ္ဂမည်၏ဟူသော အကြောင်းသကတ်တမျိုးကို လဲလိုသောကြောင့် (ခ)၌ ဝါ–သဒ္ဒါထားသည်။

(တနည်း) မဂ္ဂတိ ဂဝေသတီတိ မဂ္ဂေါ–ဟူသော ဝစနတ္ထမှတပါး ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ ဟူသောဝစနတ္ထတစ်မျိုးကို (ဝါ) ကိလေသေ မာရေတီတိ မော၊ နိဗ္ဗာနံ ဂစ္ဆတီတိ ဂေါ၊ မောစ သော ဂေါစာတိ မဂ္ဂေါ–ဟူသော ဝစနတ္ထတစ်မျိုးကို လဲလိုသောကြောင့် (ခ)၌ ဝါ–သဒ္ဒါထားသည်။

(င) မဂ္ဂသမ္ပယုတ္တာ ဝါ–၌ ဝါ–သဒ္ဒါထားရခြင်း

အင်္ဂါကအရိယာမဂ်ဟူသောအကြောင်းရှိသောကြောင့် မဂ္ဂဟေတုကမည်၏ဟူသော အကြောင်းသကတ်မှတပါး မဂ်နှင့်ယှဉ်သောဟိတ်, မဂ်၌ဖြစ်သောဟိတ်ရှိသောကြောင့် မဂ္ဂဟေတုက–မည်၏ဟူသော အကြောင်းသကတ်တမျိုးကို လဲလိုသောကြောင့် မဂ္ဂသမ္ပယုတ္တာဝါ–၌ ဝါ–သဒ္ဒါထားသည်။

တနည်း– ဖြေဆိုပုံ အာဘော်သံဝဏ္ဏနာကိုရှုဖြေ။

မဂ္ဂေ ဝါ ဟေတု–၌ ဝါ–သဒ္ဒါထားရခြင်း

မဂ္ဂေန သမ္ပယုတ္တာ ဟေတု မဂ္ဂဟေတု–ဟူသော တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထမှတပါး မဂ္ဂေ ဘဝါ ဟေတု မဂ္ဂဟေတု–ဟူသောသတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထဟူသော ဝစနတ္ထတစ်မျိုးကို လဲလိုသောကြောင့် မဂ္ဂေဝါ–၌ ဝါ–ထားသည်။ (တနည်း–ဖြေဆိုပုံ အာဘော်သံဝဏ္ဏနာရှုဖြေ။)

(၄)

* အဓိဂတော ဏ္ဏနော ပဘု ယေနာတိ အဓိနော။ (ဓာန်ဋီ။၇၂၈)

* အတ္တာဓိနာနံ+ပတိ အဓိပတိ။ (ကျော်–စံထားဂဏ္ဍိ။) (အဓိနပတိ–ဟူလိုလျက် န–ချေ)

✔ မိမိနှင့်စပ်သော(မိမိနှင့်ယှဉ်ဘက်ဖြစ်သော)တရားတို့၏+အကြီးအမှူးဖြစ်သော အရိယာမဂ်နှင့် ဂုဏ်+ဂုဏေးစပ် ဗျု––နီ။

✔ မိမိနှင့်စပ်သောတရားတို့၏ အကြီးမှူး၏အဖြစ်တည်းဟူသောဂုဏ်သည် ပ––နီ။

* မာရေတီတိ မာရေန္တော။ (မရ+ဏေ+အန္တ–သတ်ခြင်း, သတ်စေခြင်းကြိယာ)

* မာရေတီတိ မော။ (မရ+ကွိ။) ဂစ္ဆတီတိ ဂေါ။ (ဂမု+ကွိ။)

* မောစ သော ဂေါစာတိ မဂ္ဂေါ။

http://www.dhammadownload.com



✔ (ကိလေသာတို့ကို)သတ်တတ်သည်၏အဖြစ်တည်းဟူသောဂုဏ်၏+ (နိဗ္ဗာန်သို့) သွားတတ်သော အရိယာမဂ်နှင့် ဂုဏ်+ဂုဏေး--စပ် ဗျု-နိ။
✔ ကိလေသာတို့ကို သတ်ဖြတ်လျက် နိဗ္ဗာန်သို့သွားတတ်သည်၏ အဖြစ်တည်းဟူသောဂုဏ်သည် (ဝါ)အရိယာမဂ်တို့၏တခုသည်--ဓာတ် ပ-နိ။

* အင်္ဂီယတေ ဉာယတေ ဧတေန သမုဒါယောတိ အင်္ဂ။
* အင်္ဂ+အင်္ဂါနိ အင်္ဂိက။ အင်္ဂိက + အဿ အတ္ထီတိ အင်္ဂိကော။ (မဂ္ဂေါ)
✔ သမ္မာဒိဋ္ဌိစသော ရှစ်ပါးသောအင်္ဂါ၏+အရိယာမဂ်နှင့် အဝယဝ+အဝယဝီ စပ်- ဗျု-နိ။
✔ အရိယာမဂ်တို့၏ အင်္ဂါရှစ်ပါးရှိသည်၏အဖြစ်တည်းဟူသောဂုဏ်-
(ဝါ) အရိယာမဂ်တို့၏ တစ်ခုသည်---ဓာတ်သည် ပ-နိ။

* ပဋိစ္စ ဖလံ ဧတိ ဧတသ္မာတိ ပစ္စယော။ (ပတိ-ဣ (ဝါ)ယေ+ဏ။)
* ပစ္စယဿ အတ္တော ဘာဝေါ ပစ္စယတ္ထော။ (ကျော်စံဂဏ္ဌိ။)
✔ မဂ္ဂပစ္စည်း၏ (ကျေးဇူးပြုတတ်သည်၏ အဖြစ်ဟူသော) သတ္တိနှင့် သတ္တိမန္တ+သတ္တိစပ်- (တနည်း) အဘေဒ+ဘေဒစပ်- ဗျု-နိ။
✔ မဂ္ဂပစ္စယသတ္တိဟူသောဂုဏ်သည် ပ-နိ။

(၅)

မာရေန္တော-ကား ကိတ်နာမ်, ပုံလိင်, ဂစ္ဆန္တာဒိ, အ-ကာရန္တ။
အဓိပတိ-ကား သမာသ်နာမ်, ပုံလိင်, ရတ္တာဒိ, ဣ-ကာရန္တ။
သမ္မာဒိဋ္ဌိ-ကား သမာသ်နာမ်, ဣတ္ထိလိင်, ရတ္တာဒိ, ဣ-ကာရန္တ။
ပဝတ္တနန္တေန-ကား သမာသ်နာမ်, ပုံလိင်, ပုရိသာဒိ, အ-ကာရန္တ။

(၆)

(က) မဂ္ဂတိ-ဖြင့် မဂ္ဂေါ-၌ မဂ္ဂဓာတ်-၄င်း၊ အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်--၄င်း, မဂ္ဂတီတိ မဂ္ဂေါ-ဟု ပြု--၄င်း သိစေသည်။

ဂဝေသတိ-ဖြင့် မဂ္ဂတိ-၌ မဂ္ဂဓာတ်သည် ဂဝေသန အနက်ကိုဟော၏ဟု သိစေသည်။

နိဗ္ဗာနံ-ဖြင့် မဂ္ဂတိ-၌ ရှာမှီး၏ဟူသည် နိဗ္ဗာန်ကိုရှာမှီးခြင်းပင်တည်း--သိစေသည်။
(တနည်း) မဂ္ဂတိ-၌ မဂ္ဂဓာတ်သည် သကမ္မကဓာတ်တည်းဟု သိစေသည်။

(ခ) မာရေန္တော ဂစ္ဆတိ-ဖြင့် မဂ္ဂေါ-၌ မပုဒ်+ ဂပုဒ်။ မ-၌ မရဓာတ်-၄င်း, ကွိပစ္စည်း ကတ္တုသာဓနအနက်၌သက်--၄င်း, မာရေတီတိ မော-ဟု ပြု-၄င်း, ဂ-၌ ဂမုဓာတ်-၄င်း, ကွိပစ္စည်း ကတ္တုသာဓနအနက်၌သက်-၄င်း, ဂစ္ဆတီတိ ဂေါ-ဟု ပြု-၄င်း, မနှင့်ဂကို မောစ သော ဂေါစာတိ မဂ္ဂေါ-ဟု ကမ္မဓာရယ်တွဲစပ်ရမည်ကို၄င်း သိစေသည်။

http://www.dhammadownload.com



(တနည်း) မာရေန္တော ဂစ္ဆတိ-ဖြင့် မဂ္ဂ-၌ မာရေန္တ သဒ္ဒူပပဒဂမုဓာတ်--၄င်း, ကွိ-ပစ္စည်း ကတ္တုသာဓန အနက်၌သက်--၄င်း, မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါဟု ကတ္တုသာဓနကိတန္တ ကမ္မဓာရယ် သမာသ်ဝဇနတ္ထပြု--၄င်း, မာရေန္တဂေါ-ဟုဆိုလိုလျက် နိရုတ္တိနည်းဖြင့် မဂ္ဂေါ-ဟု ရုပ်ပြီးနေသည်ကို၄င်း သိစေသည်။

ကိလေသေ-ဖြင့် မာရေန္တော-၌ သတ်၏ဟူသည် ကိလေသာရန်သူတို့ကို (သမုစ္ဆေဒပဟာန်ဖြင့်) ပယ်သတ်ခြင်းပင်တည်းဟုသိစေသည်။

(ဂ)ဖြင့် သမာသလိင်္ဂပဒတ္ထ အဘိဓာနတ္ထ သိစေသည်၊

(ဃ) မဂ္ဂေါ စေတသံ ဟေတု-ဖြင့် မဂ္ဂဟေတုကပုဒ်ကို ဆဋ္ဌီဗဟုဗ္ဗီဟိဝဇနတ္ထပြု--၄င်း, က-၏ သမာသန္တ က-၏ အဖြစ်ကို၄င်း သိစေသည်။

အဋ္ဌဂိကော-ဖြင့် မဂ္ဂဟေတုကာ-၌ မဂ္ဂ-အရ မိစ္ဆာမဂ်၊ ဖယံမဂ်၊ သကဋမဂ်တို့ကိုမယူရ, အဋ္ဌင်္ဂိက အရိယမဂ်ကိုယူရမည်ဟုသိစေသည်။

အပိ-ဖြင့် ယင်းမဂ္ဂင်ရှစ်ပါးတို့သည် ရှစ်ပါးပြည့်စုံမှ မဂ္ဂမည်သည် မဟုတ်, အစိတ်အစိတ်တပါးစီ တပါးစီလည်း မဂ္ဂမည်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

ပစ္စယဋ္ဌေန-ဖြင့် မဂ္ဂဟေတုကာ-၌ ဟေတု-အရ ဟေတုဟေတု, ဥတ္တမဟေတု, သာဓာရဏဟေတု-တို့ကို မယူရ၊ (မဂ္ဂပစ္စည်းဟူသော) ပစ္စယဟေတုကိုသာ ယူရမည်ဟု သိစေသည်။

(င) မဂ္ဂသမ္ပယုတ္တာ ဟေတု-ဖြင့် မဂ္ဂဟေတုကာ-၌ မဂ္ဂဟေတု-ပုဒ်ကို မဂ္ဂေန+သမ္ပယုတ္တာ+ဟေတု မဂ္ဂဟေတု-ဟု သမ္ပယုတ္တအလယ်ပုဒ်ကျေသော မဇ္ဈေလောပတတိယာတပ္ပုရိသ် သမာသ်ဝဇနတ္ထပြု--၄င်း, မဂ္ဂဟေတု-အရ မဂ်နှင့်ယှဉ်သော အလောဘအဒေါသတို့ကိုယူ-၄င်း သိစေ။

မဂ္ဂေ ဟေတု-ဖြင့် မဂ္ဂဟေတုကာ-၌ မဂ္ဂဟေတု-ပုဒ်ကို မဂ္ဂေ+ဘဝါ+ဟေတု မဂ္ဂဟေတု-ဟု ဘဝအလယ်ပုဒ်ကျေသော မဇ္ဈေလောပသတ္တမီတပ္ပုရိသ်သမာသ်ဝဇနတ္ထပြု--၄င်း, မဂ္ဂဟေတု-အရ မဂ်၌ဖြစ်သော အမောဟ ဟိတ်ကို ယူရမည်ကို-၄င်း သိစေ။

(မာတိကာအရကောက်၌မဂ္ဂေ+ဋ္ဌိတာ+ဟေတု မဂ္ဂဟေတု-ဟု ဋ္ဌိတအလယ်ပုဒ်ကျေဟုကြံသည်။)

တေ စေတသံ ဟေတူတိပိ-ဖြင့် "မဂ္ဂဟေတုစ မဂ္ဂဟေတုစ မဂ္ဂဟေတူ" ဟု ဧကဒေသ တဒ္ဓိတ်ဝဇနတ္ထပြု၍ မဂ္ဂဟေတု-အရ မဂ်နှင့်ယှဉ်သော အလောဘ,အဒေါသ၊ မဂ်၌ဖြစ်သော အမောဟ ဟိတ်တို့ကိုယူရမည်ကို၄င်း, မဂ္ဂဟေတူ ဟေတူ စေတသန္တိ မဂ္ဂဟေတုကာ-ဟု ဟေတုပုဒ်ကျေသော ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်ဝဇနတ္ထပြု-၄င်း, မဂ္ဂဟေတုဟေတုကာဟု ဆိုလိုလျက် ဟေတုတစ်ပုဒ်ကျေ၍ မဂ္ဂဟေတုကာ-ဟုရုပ်ပြီးနေသည်ကို-၄င်း, က-၏သမာသန္တ-က-၏အဖြစ်ကို၄င်း သိစေ။

(စ) သမ္မာဒိဋ္ဌိ သယံ မဂ္ဂေါစေဝ ဟေတုစ--ဖြင့် မဂ္ဂဟေတုကာ-၌-မဂ္ဂ-အရ မဂ္ဂင်ရှစ်ပါးကို မယူရ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ကိုသာယူ--၄င်း, ဟေတု-အရလည်း အလောဘ, အဒေါသ, အမောဟ ၃ပါးကို မယူရ၊ သမ္မာဒိဋ္ဌိ-ဟုဆိုအပ်သော-အမောဟကိုသာ ယူ-၄င်း သိစေသည်။

ဣတိ မဂ္ဂေါ ဟေတု စေတေသန္တိပိ-ဖြင့် မဂ္ဂဟေတုကာ-ပုဒ်ကို-ဗဟုဗ္ဗီဟိ-ပြု-၄င်း, မဂ္ဂနှင့်ဟေတု အရတူသည်၏အဖြစ်ကို၄င်း, က-၏သမာသန္တ-က၏အဖြစ်ကို၄င်း သိစေ။

(ဆ) အဘိဘဝိတွာ ပဝတ္တနဋ္ဌေန-ဖြင့် မဂ္ဂါဓိပတိ-၌ အဓိပတိ-သဒ္ဒါ၏ လွှမ်းမိုး၍ ဖြစ်ခြင်း အနက်ဟောသည်၏အဖြစ်ကို သိစေ။

မဂ္ဂေါ အဓိပတိ စေတေသန္တိ-ဖြင့် အဘိဓာနတ္ထ, သမာသလိင်္ဂပဒတ္ထ-သိစေ။

http://www.dhammadownload.com



(၇)

အင်္ဂါကောပိ-၌ ပိ-ကား အဝယဝသမုစ္စည်း။
ဟေတုတိပိ-၌ ပိ-ကား သမုစ္စည်း၊ သမ္ဘိဏ္ဍန၊ ဟေဋ္ဌာပေက္ခ။
ဓေတေသန္တိပိ-၌ ပိ-ကား သမုစ္စည်း၊ သမ္ဘိဏ္ဍန၊ ဟေဋ္ဌာပေက္ခ။

(၈)

မဂ္ဂတိ ဂဝေသတိ-အရ အင်္ဂါက အရိယာမဂ် ၄-ပါးကိုယူ-
မဂ္ဂေ ဝါ ဟေတု-၌ ဟေတု-အရ (မဂ္ဂင်ရှစ်ပါး-၌ပါဝင်သော) အမောဟကိုယူ၍--

- ✔ ထိုသည် ဒဿနဋ္ဌ။
- ✔ ဂေါတြဘု၊ ဝေါဒါန်သည် ဒီပကဋ္ဌ။
- ✔ မဂ္ဂါနန္တရဖိုလ်သည် ပကာသနဋ္ဌ။
- ✔ ပရိကံ၊ ဥပစာ၊ အနုလုံတိုင်အောင်သော ရှေးရှေးသော ပါရမီဉာဏ် ဝိပဿနာဉာဏ်စသည် ဝိဘာဝဋ္ဌ။
- ✔ ပစ္စဝေက္ခဏာဉာဏ်, ဖလသမာပတ္တိသုခ-မှစ၍ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင် အကျိုးအဆက်ဆက်သည် အနုဘာဝဋ္ဌ။

(၉)

မဂ္ဂသမ္ပယုတ္တာ-ဟေတူ-၌ ဟေတူ-အရ အလောဘ, အဒေါသတို့ကိုယူ၍ လက္ခဏာဒိ ထုတ်။

(၁၀)

(က) နိဗ္ဗာနံ+မဂ္ဂတိ ဂဝေသတိ-၌-

နိဗ္ဗာနံ-အရ နိဗ္ဗာန်ပစ္စည်းတရားသည်-
မဂ္ဂတိ ဂဝေသတိ-အရ အင်္ဂါက အရိယာမဂ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ---ပြု။
ပြိုင်-အာ, ဓိ, ဥ (၃)ပစ္စည်း။

(ခ) ကိလေသေ မာရေန္တော ဂစ္ဆတိ-၌-

မာရေန္တော-အရ သမ္မာဒိဋ္ဌိမဂ္ဂင်-သည်-
ဂစ္ဆတိ-အရ ကြွင်းသောမဂ္ဂင်(၇)ပါး-အား သဟဇာတ-ပြု၊
ကိလေသေ-အရ ကိလေသာ ၁၀-ပါးသည်-
မာရေန္တော-အရ မဂ်စိတ္တုပ္ပါဒ်အား ပကတူပ---ပြု။

(ဂ) မဂ္ဂေါ အာရမ္မဏံ ဓေတေသန္တိ-၌-

မဂ္ဂေါ အာရမ္မဏံ-အရ အင်္ဂါကမဂ်ဟူသော အာရုံ ပစ္စည်းတရားသည်-
ဓေတေသံ-အရ မနောဒွါရာဝဇ္ဇန်း, မဟာကု, ကြိ, ဉာဏသမ္ပယုတ် ၈-ခု, အဘိညာဉ် ၁၀း,
စေတသိက်အင်္ဂတ္တိံသ ပစ္စယုပ္ပန်တရားအား အာရမ္မဏ-ပြု။
ပြိုင်-အာ, ဓိ, ဥ (၃)ပစ္စည်း။

http://www.dhammadownload.com



(ဃ) အဋ္ဌင်္ဂိကောပိ မဂ္ဂေါ စေတသံ ဟေတူတိ-၌-
အဋ္ဌင်္ဂိကောပိ မဂ္ဂေါ ဟေတု-အရ မဂ္ဂင်ရှစ်ပါး ပစ္စည်းတရားသည်-
စေတသံ-အရ မဂ်စိတ် ၄-ခု, မဂ္ဂင်၈စ်ပါးကြဉ် စေတသိက် အဋ္ဌဝီသပစ္စယုပ္ပန်တရားအား သဟ-ပြု။
ပြိုင်-ကြီး-၄, အညု, သမ္ပယုတ္တ, ဟေ, မိ, ဣံ, ဈာ, မဂ် (၁၁)ပစ္စည်း။

(င) မဂ္ဂသမ္ပယုတ္တာ ဝါ ဟေတူ-၌-
ဟေတူ-အရ အလောဘ, အဒေါသပစ္စည်းတရားသည်-
မဂ္ဂသမ္ပယုတ္တာ-၌ မဂ္ဂ-အရ မဂ္ဂင်ရှစ်ပါး ပစ္စယုပ္ပန်တရားအား သဟ-ပြု၊
ပြိုင်-သဟကြီး-၄, အညု, သမ္ပ, ဟေတု (၇)ပစ္စည်း။

မဂ္ဂေဝါ ဟေတူ-၌-
ဟေတု-အရ အမောဟ ပစ္စည်းတရားသည်-
မဂ္ဂေ-အရ အမောဟကြဉ် ကျန်မဂ္ဂင် ၇-ပါး ပစ္စယုပ္ပန်တရားအား သဟ-ပြု။
ပြိုင်-သဟကြီး-၄, အညု, သမ္ပ, ဟေ, မိ, ဣံ, မဂ် (၁၀) ပစ္စည်း။

တေ စေတသံ ဟေတူတိပိ-၌-
တေ ဟေတူ-အရ အလောဘ အဒေါသ၊ အမောဟ ပစ္စည်းတရားသည်-
စေတသံ-အရ မဂ် ၄-ခု၊ စေတသိက်ဆတ္တိံသ ပစ္စယုပ္ပန်တရားအား သဟ-ပြု။
ပြိုင်-သဟကြီး-၄, အညု, သမ္ပ, ဟေ, မိ, ဣံ, မဂ် (၁၀) ပစ္စည်း။

(စ)ဝါကျ မဂ္ဂေါ ဟေတု စေတသန္တိပိ-၌-
ဟေတု-အရ အမောဟပစ္စည်းတရားသည်-
စေတသံ-အရ မဂ်စိတ်၄-ခု, အမောဟကြဉ် စေတသိက် ပဉ္စတ္တိံသ ပစ္စယုပ္ပန်တရားအား သဟ-ပြု။
ပြိုင်-သဟကြီး-၄, အညု, သမ္ပ, ဟေ, မိ, ဣံ, မဂ် (၁၀) ပစ္စည်း။

(ဆ) မဂ္ဂေါ အဓိပတိ စေတသန္တိ-၌-
မဂ္ဂေါ အဓိပတိ-အရ မဂ်-၄-ပါး ပစ္စည်းတရားသည်-
စေတသံ-အရ မဟာကု, ကြိ- ဉာဏသမ္ပယုတ် ၈-ခု၊ ဝိရတိ အပ္ပမညာကြဉ် စေတသိက်
တေတ္တိံသပစ္စယုပ္ပန်အား အာရမ္မဏ-ပြု။
ပြိုင်- အာ, မိ, ဥ (၃) ပစ္စည်း။
(တနည်း) မဂ္ဂေါ အဓိပတိ-အရ ဝီရိယ, ဝီမံသ-ဟူသော ပစ္စည်းတရားသည်-
စေတသံ-အရ မဂ်စိတ် ၄-ခု၊ ဝီရိယတပ်ခိုက် ဝီရိယကြဉ်သော, ဝီမံသတပ်ခိုက် ဝီမံသကြဉ်သော
စေတသိက် ပဉ္စတ္တိံသ-ပစ္စယုပ္ပန် တရားအား သဟဇာတ-ပြု။
ပြိုင်-သဟကြီး-၄, အညု, သမ္ပယုတ္တ, ဟေ, မိ, ဣံ, မဂ် (၁၀)ပစ္စည်း။
မဂ္ဂါဓိပတိနော-မဂ်ဟုဆိုအပ်သောအာရမ္မဏာဓိပတိပစ္စည်းရှိကုန်သော။
(ဝါ) မဂ်ဟုဆိုအပ်သောသဟဇာတာဓိပတိပစ္စည်းရှိကုန်သော-ဟုအနက်ပေး။

===================

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၃၄)

(က) ဥပ္ပန္နတ္တိကေ ဥပ္ပါဒတော ပဋ္ဌာယ ယာဝ ဘင်္ဂါ ဥဒ္ဓံ ပန္နာ ဂတာ ပဝတ္တာတိ ဥပ္ပန္နာ။

(ခ) န ဥပ္ပန္နာတိ အနုပ္ပန္နာ။

(ဂ) ပရိနိဋ္ဌိတကာရဏေကဒေသတ္တာ အဝဿံ ဥပ္ပဇ္ဇိဿန္တီတိ ဥပ္ပါဒိနော။

(ဃ) အတီတတ္တိကေ အတ္တနော သဘာဝံ, ဥပ္ပါဒါဒိက္ခဏံ ဝါ ပတွာ အတိက္ကန္တာတိ အတီတာ။

(င) တဒုဘယမ္ပိ န အာဂတာတိ အနာဂတာ။

(စ) တံ တံ ကာရဏံ ပဋိစ္စ ဥပ္ပန္နာတိ ပစ္စုပ္ပန္နာ။

(ဆ) အနန္တရတ္တိကေ အတီတံ အာရမ္မဏံ ဧတေသန္တိ အတီတာရမ္မဏာ။

ဋ္ဌ။၈၈။ မူလဋီ။၄၇။ ယောဇနာ။၇၀။ ပြည်သျှ။၃၀၆။ ဘာသာဋီ။၃၃၅။ ကျော်စံဂဏ္ဌိ။၂၀၈။ မင်းခင်းဂဏ္ဌိ။၂၉၂။

==============================

### (၁)

### သံဝဏ္ဏနာတဗ္ဗတိက်ပုဒ်များအနက်

ဥပ္ပန္နာ– အခြားမဲ့ဖြစ်၍ ချုပ်လေပြီးသော တရားတို့၏ ဘင်မှ အထက်ဖြစ်သော ဥပါဒ်, ဌီ,ဘင်–ဟုဆိုအပ်သော ခဏသို့ရောက်ကုန်သော။

အနုပ္ပန္နာ– ဖြစ်ပြီး, ဖြစ်ဆဲမဟုတ်ကုန်သော။

ဥပ္ပါဒိနော–ပြီးပြီးသော အကြောင်းတစိတ်ရှိသည်၏အဖြစ်ကြောင့် မချွတ်စင်စစ်ဖြစ်လတ္တံ့ကုန်သော။

အတီတာ– မိမိ၏ ကမ္မဇ ဖုသန– စသောသဘော, ဥပါဒ်,ဌီ,ဘင်–ဟုဆိုအပ်သော ခဏသို့ရောက်၍ လွန်ကုန်ပြီးသော။

အနာဂတာ–မိမိ၏ ကက္ခဠ, ဖုသန–စသောသဘော, ဥပ္ပါဒ်, ဌီ, ဘင်–ဟုဆိုအပ်သော နှစ်ပါးသော အဖို့သို့ မရောက်ကုန်သေးသော။

ပစ္စုပ္ပန္နာ– ထိုထိုအကြောင်းကိုစွဲ၍ အခြားမဲ့ဖြစ်၍ ချုပ်လေပြီးသော တရားတို့၏ ဘင်မှအထက်ဖြစ်သော ဥပါဒ်,ဌီ,ဘင် ဟုဆိုအပ်သောခဏသို့ ရောက်ဆဲဖြစ်ကုန်သော။

အတီတာရမ္မဏာ–အတိတ်တရားဟုဆိုအပ်သော အာရုံရှိကုန်သော။

### (က) ဥပ္ပါဒတော, ဘင်္ဂ–တို့ကို ကမ္မတ္ထ,အပါဒါနတ္ထကြံ၍အနက်ပေး။

ယေ ဓမ္မာ–တို့သည်။ ဥပ္ပါဒတော–မှ။ ပဋ္ဌာယ–၍။(တနည်း) ဥပ္ပါဒတော ဥပ္ပါဒံ–ကို။ ပဋ္ဌာယ–အာဒိံ ပရိစ္ဆေဒံ ကတွာ–အစအပိုင်းအခြားပြု၍။ ယာဝ ဘင်္ဂါ–ဘင်တိုင်အောင်။

(တနည်း) ဘင်္ဂါ–ဘင်္ဂ–ကို။ ယာဝ အန္တပရိစ္ဆေဒံ ကတွာ–အဆုံးအပိုင်းအခြားကိုပြု၍။[ဘင်္ဂတော– အခြားမဲ့ပြု၍ ချုပ်လေပြီးသော တရားတို့၏ ဘင်မှ။ (ထည့်)] ဥဒ္ဓံ–အထက်ဖြစ်သော ဥပါဒ်,ဌီ,ဘင်ဟုဆိုအပ်သော ခဏသို့။ ပန္နာ ဂတာ–ရောက်ကုန်၏။ပ။

### (၂)

(က)မှ (ဆ)တိုင်အောင်ရေးနောက်ထောက်ဆပက္ခ,ပက္ခန္တရဝါကျများသာဖြစ်သည်။ ကျမ်းတက်မခက်။ လျဉ်းပါးပုဇ္ဇာ, လီနန္တရဓောဒနာတက်ရန် အာဘောဉ်သံဝဏ္ဏနာကိုသေချာစွာ လေ့လာမှတ်သားပါ။

http://www.dhammadownload.com



(၃)

## (င) တဒုဘယမ္ပိ-၌ ပိ-သဒ္ဒါထားရခြင်း

ကက္ခဠ, ဖုသန-စသောသဘောသို့သာ မရောက်ကုန်သည်ကား မဟုတ်သေး၊ ဥပါဒ်,ဌီ,ဘင်-ဟုဆိုအပ်သောခဏသို့လည်း မရောက်ကုန်ဟူ၍၄င်း, ဥပါဒ်,ဌီ,ဘင်ဟုဆိုအပ်သော ခဏသို့သာ မရောက်ကုန်သည် မဟုတ်သေး၊ ကက္ခဠ, ဖုသန-စသောသဘောသို့လည်း မရောက်ကုန်ဟူ၍၄င်း, ဤသို့အစိတ်အစိတ်ပေါင်းဆည်းသော အဝယဝသမ္ပိဏ္ဍန, အဝယဝသမုစ္စည်းအနက်ကို ပြလို၍ တဒုဘယမ္ပိ-၌ ပိ-ထားသည်။

(၄)

(က) * ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ။ (ဥ+ပဒ+ဏ။ ဖြစ်ခြင်းကြိယာ)
* ဘဉ္ဇနံ ဘင်္ဂေါ။ ဘဉ္ဇ (တနည်း) ဘဉ္ဇ+အ။ (ပျက်စီးခြင်းကြိယာ)
* ပဇ္ဇန္တိ ဂစ္ဆန္တိ ပဝတ္တန္တီတိ ပန္နာ။ (ပဒ+တ။ ရောက်ခြင်း,ဖြစ်ခြင်းကြိယာ)
* ဥဒ္ဓံ ပန္နာ ဥပ္ပန္နာ။
✔ အထက်ဖြစ်သော ခဏတ္တယ၏+ရောက်ကုန်သောတရားတို့နှင့် ကာလ+ကာလဝန္တ-စပ် ဗျု-နိ။
✔ ခဏတ္တယသို့ ရောက်ခြင်းကြိယာသည် (ဝါ)ဥပ္ပန္နဓမ္မတို့၏ တခုသည်--ဓာတ်- ပ-နိ။

(ခ) * အနုပ္ပန္နာ- ဖြစ်ပြီးဖြစ်ဆဲမဟုတ်ကုန်သော။
* ဥပ္ပဇ္ဇန္တီတိ ဥပ္ပန္နာ။ (ဥ+ပဒ+တ။ ပစ္စုပ္ပန္နဓမ္မရ၏)
* ဥပ္ပဇ္ဇိံသူတိ ဥပ္ပန္နာ။ (အတီတဓမ္မရ၏)
* ဥပ္ပန္နာစ ဥပ္ပန္နာစ ဥပ္ပန္နာ။ (ဧကသေသတဒ္ဓိတ်)
✔ပစ္စုပ္ပန်ဓမ္မနှင့်+အတိတ်ဓမ္မတို့၏ အချင်းချင်းငဲ့--အညမညာပေက္ခ သမ္ဗန်သည်-ဗျု-နိ။
✔ ပစ္စုပ္ပန်ဓမ္မ, အတီတဓမ္မတို့၏ အချင်းချင်းငဲ့သည်၏ အဖြစ်တည်းဟူသောဂုဏ်သည်--ပ-နိ။
* န ဥပ္ပန္နာ အနုပ္ပန္နာ။
✔ပဋိသေဓဘောဂုဏ်၏+အနာဂတဓမ္မတို့နှင့် ဂုဏ်+ဂုဏေးစပ်- ဗျု-နိ။
✔ပဋိသေဓဘောဂုဏ်သည်- ပ-နိ။
(နနိပါတပုဗ္ဗပဒကမ္မဓာရယ်သမာသ်ဝစနတ္ထဥာသ်ကောက်နည်းကို ကျနစွာလေ့လာထားပါ။ ဝိဂ္ဂဟနှင့်ဥာသ်ကောက်လမ်းညွှန်စာအုပ်၌ အကျယ်ပြဆိုထားသည်။)

(ဂ) * ဥပ္ပဇ္ဇိဿန္တီတိ ဥပ္ပါဒိနော။ (ဥ+ပဒ+ဏီ)
* ပဇ္ဇိဿန္တီတိ ပါဒိနော။ ဥဒ္ဓံ ပါဒိနော ဥပ္ပါဒိနော။(မင်းခင်းဂဏ္ဍီ)
(အထက်ဟူသောနောက်ကာလ၏+ဥပ္ပါဒိဓမ္မတို့နှင့် ကာလ+ကာလဝန္တစပ်။)
* ကာရဏာသ + ဧကဒေသော ကာရဏေကဒေသော။
* ပရိနိဋ္ဌိတော ကာရဏေကဒေသော ဧတေသန္တိ ပရိနိဋ္ဌိတကာရဏေကဒေသာ။
* တေသံ+ ဘာဝေါ ပရိနိဋ္ဌိတကာရဏေကဒေသတ္တံ။
✔ ပြီးပြီးသောအကြောင်းတစိတ်ရှိသောတရားတို့၏+ပြီးပြီးသောအကြောင်းတစိတ်ရှိသည်၏အဖြစ်နှင့်-ဂုဏေး-ဂုဏ်စပ်--ဗျု-နိ။
✔ ပြီးပြီးသောအကြောင်းတစိတ်ရှိသည်၏ အဖြစ်တည်းဟူသောဂုဏ်သည်--ပ+နိ။
* အတိက္ကမိံသူတိ အတိက္ကန္တာ။ (အတိ+ကမု+အန္တ။ လွန်ခြင်းကြိယာ။)

(ဃ) * အယိံသု ဂမိံသူတိ ဣတာ။ (ဣ+တ)

http://www.dhammadownload.com



* ဂန္တွာ ဂတာ ပတွာ ဟုတွာ အတိက္ကန္တာတိ အတီတာ။ (ကျော်စံ-ဂဏ္ဌိ။)
✔ ဖြစ်ခြင်းကြိယာ၏+လွန်ပြီးကုန်သောတရားတို့နှင့် ဌာနီ+ဌာန, ဂုဏ်+ဂုဏီးစပ် ဗျု-နိ။
✔ အတီတဓမ္မတို့၏ တစ်ခုသည် --ဓာတ်သည် ပ-နိ။

* သသ အတ္တနော + ဘာဝေါ သဘာဝေါ။ (မိမိ၏+ သဘောနှင့် ဂုဏ်+ဂုဏီးစပ်)
* ခဏီယန္တိ လက္ခီယန္တိ ဧတေနာတိ ခဏော။
* ပဌမံ အာဒီယတီတိ အာဒိ။ ဥပ္ပါဒေါ အာဒိ ယဿာတိ ဥပ္ပါဒါဒိ။
* ဥပ္ပါဒါဒိစ သော ခဏောစာတိ ဥပ္ပါဒါဒိက္ခဏော။ (ကျော်စံဂဏ္ဌိ။)
✔ ဥပ္ပါဒ်စသည်၏+ခဏနှင့် ဂုဏ်+ဂုဏီး အာဒိ+အာဒိဝန္တ စပ် ဗျု-နိ။
✔ ဥပါဒ်-စသော ခဏတို့၏ တစ်ခုသည်--ဓာတ်သည် ပ-နိ။

(င) * ဥဘော အံသာ ကောဋ္ဌာသာ အဝယဝါ ဧတဿာတိ ဥဘယံ။
(ဥဘ-နောင် အံသတ္တ-၌ ယပစ္စည်း)
* ဧတံ (သဘာဝဥပ္ပါဒါဒိက္ခဏာနံ) ဥဘယံ တဒုဘယံ။ (မင်းခင်းဂဏ္ဌိ။၂၉၅။ကျော်စံဂဏ္ဌိ။၂၁၀)
(သဘာဝ, ဥပ္ပါဒါဒိက္ခဏတို့၏+နှစ်ပါးစုံနှင့် အဘေဒ+ဘေဒစပ်။)
* အာဂစ္ဆိံသု ပဝတ္တိံသူတိ အာဂတာ။ (ရောက်ပြီးအတိတ်တရား)
* အာဂစ္ဆန္တိ ပဝတ္တန္တီတိ အာဂတာ။ (ရောက်ဆဲပစ္စုပ္ပန်တရား)
* အာဂတာစ အာဂတာစ အာဂတာ။ (ဧကသေသ်ပြု) (မင်းခင်းဂဏ္ဌိ။)
(ရောက်ပြီးသောအတိတ်တရားတို့၏+ရောက်ဆဲပစ္စုပ္ပန်တရားနှင့် အချင်းချင်းငဲ့--သမ္မန်။)
* န+အာဂတာ အနာဂတာ။ (ပဋိသေဓဘောဂုဏ်၏+အနာဂတဓမ္မတို့နှင့် ဂုဏ်+ဂုဏီးစပ်။)

(စ) * တဥ္စ တဥ္စ တံတံ။ (ဓမ္မးပုဒ်၌ နိဂ္ဂဟိတ်လာ။)
* တံတံဧဝ+ ကာရဏံ တံတံကာရဏံ။ (မင်းခင်းဂဏ္ဌိ။)
* ဝိစ္ဆာဘောဂုဏ်၏+အကြောင်းနှင့် ဂုဏ်+ဂုဏီးစပ်။
* ဥပ္ပဇ္ဇန္တီတိ ဥပ္ပန္နာ။ ပဋိစ္စ ဥပ္ပန္နာ ပစ္စုပ္ပန္နာ။
✔ ပဋိစ္စဘောဂုဏ်၏+ ဥပ္ပန္နတရားတို့နှင့် ဂုဏ်+ဂုဏီးစပ် ဗျု-နိ။
✔ ပစ္စုပ္ပန်တရားတို့၏ တစ်ခုသည်--ဓာတ်သည် ပ-နိ။

(၅)

ဥပ္ပါဒတော = အဗျယနိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ ဩ-ကာရန္တ။
ပဌာယ = အဗျယနိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ အာ-ကာရန္တ။
ယာဝ = နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ အ-ကာရန္တ။
ဘင်္ဂါ = ကိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ-ကာရန္တ။
ဥဒ္ဒံ = နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ။
အဝဿံ= နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ။

http://www.dhammadownload.com



ဥပ္ပဇ္ဇိဿန္တိ = အာချာတ်၊ အလိင်၊ ဒိဝါဒိ၊ အ–ကာရန္တ။
ဥပ္ပါဒိနော = ကိတ်နာမ်၊ ပုံလိင်၊ ရုဓာဒိ၊ ဤ–ကာရန္တ။
အဋ္ဌနော = ကိတ်နာမ်၊ ပုံလိင်၊ ရုဓာဒိ၊ အ–ကာရန္တ။
တဒုဘယံ = သမာသ်နာမ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ–ကာရန္တ။
ပဋိစ္စ = နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ အာ–ကာရန္တ။

(၆)

(က) ဥဒ္ဓံပန္နာ ဂတာ–ဖြင့် ဥပ္ပန္နာ–၌ ဥ ဥပသာရပုဒ်သည် ဥဒ္ဓံကမ္မစသောအနက်တို့ကိုမဟော၊ ဥပရိ အနက်ဟော––၄င်း၊ ပန္နာ–၌ ပဒဓာတ်၏ ဂတိအနက်ဟော––၄င်း၊ အန္တသည် တပစ္စည်း၏ ကာရိယ–၄င်း၊ ပဇ္ဇန္တိ ဂစ္ဆန္တီတိ ပန္နာ ဟု ပြု––၄င်း၊ အပေါင်းပုဒ်ကို ဥဒ္ဓံ+ပန္နာ ဥပ္ပန္နာ–ဟု ဒုတိယာတပ္ပုရိသ် (တနည်း) သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြု––၄င်း သိစေသည်။

ပဝတ္တာ–ဖြင့် ဂတာ–၌ ဂမုဓာတ်သည် ဉာဏ–စသောအနက်တို့ကိုမဟော၊ ပဝတ္တနအနက်ဟော–သိစေ။

ဥပ္ပါဒတော ပဋ္ဌာယ ယာဝ ဘင်္ဂါ–ဖြင့် ဥဒ္ဓံ–အရ အထက်အရပ်စသည်ကိုမယူရ၊ ဥပါဒ်မှစ၍ ဘင်တိုင် အောင်သောစကားကို (ဝါ) ခဏတ္တယ–ကိုယူရမည်ဟုသိစေသည်။

(ခ) န ဥပ္ပန္နာ–ဖြင့် အနုပ္ပန္နာ–၌ အန–သည် န–၏ ကာရိယ––၄င်း၊ ဥပ္ပဇ္ဇန္တီတိ ဥပ္ပန္နာ၊ (ပစ္စုပ္ပန်ဓမ္မ) ဥပ္ပဇ္ဇိံသူတိ ဥပ္ပန္နာ၊ (အတီတဓမ္မ) ဥပ္ပန္နာစ ဥပ္ပန္နာစ ဥပ္ပန္နာ–ဟုပြု၍ (နေယျတ္ထသံဝဏ္ဏနာ) အပေါင်းပုဒ်ကို န+ဥပ္ပန္နာ အနုပ္ပန္နာ–ဟု နနိပါတပုဗ္ဗပဒကမ္မဓာရယ် ဝစနတ္ထပြု––၄င်း၊ န–နိပါတ်၏ ပဋိသေဓအနက် ဟော–၄င်း သိစေ။

(ဂ) ပရိနိဋ္ဌိတ ။ပ။ ဥပ္ပဇ္ဇိဿန္တိ–ဖြင့် ဥပ္ပါဒိနောပုဒ်ကို ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ၊ ဥပ္ပါဒေါ ဧတေသံ အတ္ထီတိ ဥပ္ပါဒိနော–ဟု အဿတ္ထိ တဒ္ဓိတ်ဝစနတ္ထမပြုရ၊ ဥပ္ပဇ္ဇိဿန္တီတိ ဥပ္ပါဒိနော–ဟု အနာဂါတ်ကတ္တုသာဓနဝစနတ္ထပြု––၄င်း၊ ဥ–ပုဗ္ဗပဒဓာတ်၏အဖြစ်ကို၄င်း၊ ဏီပစ္စည်း၏ အဝဿက အနာဂတ်ကတ္တုသာဓနအနက်၌သက်––၄င်း၊ အဝဿံ ဥပ္ပဇ္ဇိဿန္တိ–၌ မချွတ်ဖြစ်လတ္တံ့–ဟူသည် ပြီးပြီးသောအကြောင်းတစ်စိတ်ရှိသည်၏အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့–ဟူသောအဓိပ္ပါယ်ကို၄င်း သိစေသည်။

## အတီတတိက်

(ဃ) ပတ္တာ အတိက္ကန္တာ–ဖြင့် အတီတာ–ကို အတိ+ဣတာ–ဟု ပုဒ်ဖြတ်ရမည်ကို၄င်း၊အတိ+ဥပသာရ၏ အတိက္ကန္တအနက်ဟော–၄င်း၊ ဣတာ–၌ ဣဓာတ်၏ ပါပုဏနအနက်ဟော–၄င်း၊ တပစ္စည်း အတိတ်ကတ္တုသာဓနအနက်သက်–၄င်း၊ (ဧတဲ့ ပါပုဏိတဗ္ဗန္တိ ဣတံ၊ ဣတံ အတိက္ကန္တာတိ အတီတာ–ဟု ဝစနတ္ထမပြုရ။) အယိံသု ဂမိံသူတိ ဣတာ၊ ဣတာ (ဂတာ) (ပတ္တာ) ဟုတ္တာ အတိက္ကန္တာတိ အတီတာ– ဟု သမ္ဘာဝနာ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြု–၄င်း၊ "ဣတာတိ"ဟူလိုလျက် ဝိပရီတအားဖြင့် (ဝဏ္ဏဝိပရိယာယ နိရုတ္တိနည်းဖြင့်) "အတီတာ"ဟု– ရပ်ပြီးနေသည်ကို၄င်း သိစေပါသည်။ (ကျော်စံထားဂဏ္ဍီ။၂၁၀။)

အတ္တနော သဘာဝံ, ဥပ္ပါဒါဒိက္ခဏံဝါ–ဖြင့် ပတ္တာ အတိက္ကန္တာ–၌ ရောက်၍လွန်ကုန်၏ဟူသည် မိမိ၏ ကက္ခဠ, ဖုသန–စသော သဘောသို့၄င်း၊ ဥပါဒ်စသောခဏသို့၄င်း ရောက်၍လွန်ကုန်၏–ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(င) တဒုဘယမ္ပိ အနာဂတာ–ဖြင့် အနာဂတာ–၌ အာဂတာ–ပုဒ်ကို အာဂစ္ဆိံသူတိ အာဂတာ၊ အာဂစ္ဆန္တီတိ အာဂတာ၊ အာဂတာစ အာဂတာစ အာဂတာ–ဟု ဝစနတ္ထပြု၍ အပေါင်းပုဒ်ကို န+အာဂတာ အနာဂတာ–ဟု

http://www.dhammadownload.com



ကမ္မဇာရုပ်မိသကတပ္ပုရိသ်သမာသ်ဝစနတ္တပြု-၄င်း, အန-၏ န-၏ကာရိယ-၄င်း, အနာဂါတ်တရားတို့၏ မိမိ,မိမိတို့၏ ကက္ခဋ္ဌ,ဖုသန-စသောသဘော, ဥပါဒ်စသော ခဏတ္တယ ၂-ပါးစုံသို့ ရောက်ဆဲ, ရောက်ပြီး မဟုတ်သောကြောင့် အနာဂတမွမည်သည်၏အဖြစ်ကို၄င်း သိစေသည်။

(စ) ပဋိစ္စ ဥပ္ပန္နာ-ဖြင့် ပစ္စုပ္ပန္နာ-ကို ပတိ+ဥပ္ပန္နာ-ဟု ပုဒ်ဖြတ်-၄င်း, ပတိဥပသာရပုဒ်၏ ပဋိစ္စအနက်ဟော-၄င်း၊ ပဋိစ္စ+ဥပ္ပန္နာ ပစ္စုပ္ပန္နာ-ဟု ကမ္မဓာရယ်-ပြု-၄င်း သိစေသည်။

တံတံ ကာရဏံ-ဖြင့် ဘာဝတ္ထ-သိစေသည်။

(၇)

(ဃ) ဝါ-ကား ဌာနပယောဂကြံနိုက် ဝုတ္တသမုစ္စည်း (ဝါ) သမ္ပိဏ္ဍာန,

ဌာနာ+ဌာန ပယောဂကြံနိုက် အညမညသမုစ္စည်း။

(င) တဒုဘယံ-၌ တ-ကား ဆိုခဲ့ပြီး အတ္တနော သဘာဝ, ဥပ္ပါဒါဒိက္ခဏ ၂-ပါးကိုစွဲ-ပဏ္ဏတ္တိ။

(တနည်း) ဥဘယံ-ဟု အစွဲတိုက်ရိုက်ပါသောကြောင့် ပသိဒ္ဓဝိသယ။

(စ) တံတံ ကာရဏံ-၌ တံတံ-ကား ပသိဒ္ဓဝိသယ။

(၈)

(က) ဥပ္ပါဒတော ပဋ္ဌာယ ယာဝ ဘင်္ဂါ-၌ အဝုတ္တသိဒ္ဓိ။

ဤ၌ ဥပါဒ်နှင့်ဘင်ကိုဆိုသဖြင့် အလယ်ဖြစ်သော ဌီကိုမဆိုသော်လည်း အလယ်၌ ဌီရှိ၏ဟူသော လိုအပ်သောအနက်ပြီးသောကြောင့် အဝုတ္တသိဒ္ဓိ။

(၉)

ဥပ္ပန္နာ ဓမ္မာ-အရ ပစ္စုပ္ပန်ဖြစ်သောစိတ်တခုယုတ် ၉၀၊ စေ-၅၂၊ ရုပ်-၂၈-ရ၏။

အနုပ္ပန္နာ ဓမ္မာ-အရ အနာဂတ်ဖြစ်သော အကုသိုလ်စိတ်-၁၂, ကုသိုလ်-၂၁, ကြိယာ-၂၀, စေ-၅၂, စိတ္တဇရုပ်-၁၇, ဥတုဇ ၁၅, အာဟာရဇ-၁၄-ရ၏။

ဥပ္ပါဒိနော ဓမ္မာ-အရ အနာဂတ်ဖြစ်သော ဝိပါက်ဆတ္တိံသ, စေ-အဋ္ဌတ္တိံသ, ကမ္မဇရုပ် ဝီသ ရ၏။

(၁၀)

(က) ဥပ္ပါဒတော ပဋ္ဌာယ ယာဝ ဘင်္ဂါ-၌

ဥပ္ပါဒတော-အရ စိတ်စေတသိက်တို့၏ ဥပါဒ်ပစ္စည်းတရား သည်-

ယာဝ ဘင်္ဂါ-အရ စိတ်, စေတသိက်တို့၏ဘင် ပစ္စယုပ္ပန်တရားအား ပကတူပ-ပြု။

(ဂ) ပရိနိဋ္ဌိတကာရဏေကဒေသတ္တာ အဝသံ ဥပ္ပန္နိသန္တိ-၌

ပရိနိဋ္ဌိတကာရဏေကဒေသ-အရ အတိတ်ဖြစ်သော ကု, အကု စေတနာကံ-ပစ္စည်းတရားသည်-

ဥပ္ပန္နိသန္တိ-အရ ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ် ပစ္စယုပ္ပန်တရားအား နာနက္ခဏိကကမ္မ-ပြု၊

ပြိုင် နာနက္ခဏိကကမ္မ, ပကတူပ (၂)ပစ္စည်း။

http://www.dhammadownload.com



(ဓ) တံတံ ကာရဏံ ပဋိစ္စ ဥပ္ပန္နာ–၌–
တံတံ ကာရဏံ–အရ ဝတ္ထုရုပ်–၆–ပါး ပစ္စည်းတရားသည် –
ပဋိစ္စဥပ္ပန္နာ–အရ စိတ် ၈၉, စေ–၅၂ ပစ္စယုပ္ပန်တရားအား ဝတ္ထုပုရေဇာတ–ပြု၊
ပြိုင်–ပုရေဇာတ, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ (၆)ပစ္စည်း။
(တနည်း) တံတံကာရဏံ–အရ အာရုံ ၆–ပါး ပစ္စည်းတရားသည်–
ပဋိစ္စဥပ္ပန္နာ–အရ စိတ် ၈၉, စေ–၅၂, ရုပ်–၂၈ ပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု
ပြိုင်–အာရမ္မဏ (၈) ပစ္စည်း။ (ယထာရဟ)
(တနည်း) တံတံ ကာရဏံ–အရ ပစ္စုပ္ပန် ပဉ္စာရုံပစ္စည်းတရားသည်–
ပဋိစ္စဥပ္ပန္နာ–အရ ကာမစိတ်–၅၄၊ အဘိညာဉ်ဒွေး, စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု။
ပြိုင်–အာ, ဓိ, ဥ, ပု, အတ္ထိ, အဝိ (၆) ပစ္စည်း။ (ယထာရဟ)
(တနည်း) တံတံ ကာရဏံ–အရ ဟိတ် ၆–ပါး ပစ္စည်းတရားသည်–
ပဋိစ္စ ဥပ္ပန္နာ–အရ ပစ္စုပ္ပန်ဖြစ်သော စိတ်, စေတသိက်, ရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတ–ပြု။
ပြိုင်–သဟကြီး–၄, လတ်–၄, ဟေ, ဓိ, ဣံ, မဂ်–(၁၂)ပစ္စည်း။ (ယထာရဟ)

(န) အတီတံ အာရမ္မဏံ စေတေသန္တိ–၌
အတီတံ အာရမ္မဏံ–အရ အတီတ်ဖြစ်သော စိတ်, စေတသိက်, ရုပ်, အာရုံ ပစ္စည်းတရားသည်–
စေတေသံ–အရ အတီတ်တရားကို ကေန်အာရုံပြုသော ဝိညာဏဉ္စာယတန–၃–ခု, နေဝသညာ
နာသညာယတန–၃–ခု၊ အနေကန်အာရုံပြုသော မနောဒွါရဝဇ္ဇန်း, ကာမဇော–၂၉, တဒါရုံ–၁၁,
အဘိညာဉ်ဒွေး, စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု။
ပြိုင်–အာရမ္မဏ (၈) ပစ္စည်း။ (ယထာရဟ)

===================

## ဝါကျဥယျာဉ် (၃၅)

(က) အဇ္ဈတ္တတ္တိကေ "ဗဟိ ပဝတ္တမာနာ မယံ အတ္တာတိ ဂဟဏံ ဂမိဿာမာ"တိ ဣမိနာ ဝိယ အဓိပ္ပါယေန အတ္တာနံ အဓိကာရံ ကတွာ ပဝတ္တာတိ အဇ္ဈတ္တာ။
(ခ) အဇ္ဈတ္တသဒ္ဒေါ ပနာယံ ဂေါစရဇ္ဈတ္တေ နိယကဇ္ဈတ္တေ အဇ္ဈတ္တဇ္ဈတ္တေ ဝိသယဇ္ဈတ္တေတိ စတူသု အတ္ထေသု ဒိဿတိ။
(ဂ) "တေနာနန္ဒ ဘိက္ခုနာ တသ္မိံယေဝ ပုရိမသ္မိံ သမာဓိနိမိတ္တေ အဇ္ဈတ္တမေဝ စိတ္တံ သဏ္ဌပေတဗ္ဗံ အဇ္ဈတ္တရတော သမာဟိတော"တိ အာဒီသု ဟိ အယံ ဂေါစရဇ္ဈတ္တေ ဒိဿတိ။
(ဃ) "အဇ္ဈတ္တံ သမ္ပသာဒနံ၊ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတီ"တိ အာဒီသု နိယကဇ္ဈတ္တေ။
(င) "ဆ အဇ္ဈတ္တိကာနိ အာယတနာနိ"တိ အာဒီသု အဇ္ဈတ္တဇ္ဈတ္တေ။
(စ) "အယံ ခေါ ပနာနန္ဒ ဝိဟာရော တထာဂတေန အဘိသမ္ဗုဒ္ဓေါ ယဒိဒံ သဗ္ဗနိမိတ္တာနံ အမနသိကာရာ အဇ္ဈတ္တံ သုညတံ ဥပသမ္ပဇ္ဇ ဝိဟရတီ"တိ အာဒီသု ဝိသယဇ္ဈတ္တေ။

http://www.dhammadownload.com



(ဆ) ဣဿရိယဋ္ဌာနေတိ အတ္ထော။
(ဇ) ဖလသမာပတ္တိ ဟိ ဗုဒ္ဓါနံ ဣဿရိယဋ္ဌာနံ နာမ။
(ဈ) ဣစ္စ ပန နိယကဇ္ဈတ္တေ အဓိပ္ပေတော။
(ည) တသ္မာ အတ္တနော သန္တာနေ ပဝတ္တာ ပါဠိပုဂ္ဂလိကာ ဓမ္မာ အဇ္ဈတ္တာတိ ဝေဒိတဗ္ဗာ။
(ဋ) တတော ဗာဟိရဘူတာ ပန ဣန္ဒြိယဗဒ္ဓါ ဝါ အနိန္ဒြိယဗဒ္ဓါ ဝါ ဗဟိဒ္ဓါ နာမ။

ဋ။ ၈၈။ မူလဋီ။ ၄၇။ ယောဇနာ။ ၇၀။ ပြည်သျှ။ ၃၀၇။ ဘာသာဋီ။ ၃၃၈။ ကျော်စံဂဏ္ဌိ။ ၂၁၁။ မင်းခင်းဂဏ္ဌိ။ ၂၉၆။

==========================

(၁)

(က)ဝါကျ ထည့်ပါဠိများထည့်၍

အဇ္ဈတ္တတ္တိကေ–၌။ ယသ္မာ–ဖြင့်။ ယေဓမ္မာ–တို့သည်။ ဧဝံဣမိနာဤဒိသေန–ဤသို့သဘောရှိသော (ပကာရေန–အထူးဖြင့်။ (သာမည)စက္ခာဒိဘာဝေနစ–စက္ခုစသည်၏အဖြစ်ဖြင့်၎င်း။ ဖုသနာဒိဘာဝေနစ–ဖုသနစသည်၏အဖြစ်ဖြင့်၎င်း။ ကေသန္တတိပရိယာပန္နတာဝသေန–တစ်ခုသောသန္တာန်၌အကျုံးဝင်သည်၏ အဖြစ်တည်းဟူသောအထူးဖြင့်။) ပဝတ္တမာနာ–ကုန်သော။ (အဝယဝဘူတာ–ကုန်သော။) မယံ–တို့သည်။ [သမုဒါယဘူတဿ–သော။ ဣမဿ အတ္တဘာဝဿ–ကို (ဝါ) ၏။ အယံ ဓမ္မသမူဟော–သည်။] အတ္တာ ကာယော–ကိုယ်မည်သည်။ ဟောတိ–၏။ ဣတိဧဝံ–သို့။ ဂဟဏံ–ဂဟဏတ္တံ–ယူကြောင်း, သိကြောင်းအဖြစ်သို့။ ဂမိဿာမ–ကုန်အံ့။ ဣတိ ဣမိနာ အဓိပ္ပါယေန–ဖြင့်။ ပဝတ္တာဝိယ–သို့။ အတ္တာနံ–အပေါင်းဖြစ်သော အတ္တဘောဟူသော ခန္ဓာပဉ္စကကို။ အဓိကာရံ–အစိတ်ဖြစ်သော မိမိ၏တည်ရာကို (ဝါ) ဤတရားအပေါင်းသည် ကိုယ်မည်၏ဟု သိသောဉာဏ်၏တည်ရာကို။ ကတွာ–၍။ ပဝတ္တာ–ကုန်၏။ ဣတိ၊ တေဓမ္မာ၊ အဇ္ဈတ္တာ–ကုန်၏။ (ပြည်သျှ–၃၀၇။ မူလဋီ–၄၇။)

အဇ္ဈတ္တာ–အပေါင်းဖြစ်သော အတ္တဘော–ဟူသောခန္ဓာပဉ္စကကို အစိတ်ဖြစ်သော မိမိ၏တည်ရာပြု၍ ဖြစ်တတ်ကုန်သော (ဝါ) အပေါင်းဖြစ်သောအတ္တဘော–ဟူသော ခန္ဓာပဉ္စက–ကို ဤတရားအပေါင်းသည် ကိုယ်မည်၏ဟု သိသောဉာဏ်၏ တည်ရာပြု၍ ဖြစ်တတ်ကုန်သော။(ပြည်သျှ)

(၂)

(က) ဖြင့်အဇ္ဈတ္တ–ပုဒ်၏ ဝစနတ္ထ–ကို ပြသည်။
(ခ) ဖြင့် အဇ္ဈတ္တ–ပုဒ်၏ အတ္ထုဒ္ဓါရ–ကို ပြသည်။
ထို့ကြောင့် (ခ) သည် ပက္ခန္တရ (တနည်း)ဝါကျာရမ္ဘ။ ကျမ်းတက်လေ။
(ဂ–ဃ–င–စ) ဝါကျတို့ကား–အတ္ထုဒ္ဓါရ၊ ပြသည့်နောက်တွင်၊ ဟိ–ကိုမြင်၊ ချဲ့ထင်ဒဋ္ဌီစွဲ–ဟူသည်နှင့်အညီ– ဝိတ္ထာရ, တပ္ပါကဋီ, ဒဋ္ဌီအမည်–၃–မျိုးရသည်။ ထိုတွင်–
(ဂ) ဖြင့် အဇ္ဈတ္တ–သဒ္ဒါ၏ ဂေါစရဇ္ဈတ္တ အနက်၌ထင်ပုံကို ပြသည်။
(ဃ) ဖြင့် အဇ္ဈတ္တသဒ္ဒါ၏ နိယကဇ္ဈတ္တ အနက်၌ထင်ပုံကိုပြသည်–စသည်ဖြင့် ရှေ့နောက်ထောက်ဆ ပက္ခ+ပက္ခန္တရ။ ဥပနာပဉ္စက ကျမ်းတက်လေ။
ဤပါကျပုံစံမျိုး–ဝါကျဥယျာဉ် (၆) (၁၂) (၁၃) တို့၌ ပါပြီးဖြစ်သည်။

http://www.dhammadownload.com



### (ဆ) ဋ္ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (စ) ဝါကျဖြင့် အယံ ခေါ ပနာနန္တ ။ပ။ဥပသမ္ပဇ္ဇ ဝိဟရတိစသောပါဠိတော် စကားရပ်တို့၌ အဇ္ဈတ္တသဒ္ဒါသည် ဝိသယဇ္ဈတ္တ–၌ ထင်၏ဟုဆို၏။ ထို–သော် ဝိသယဇ္ဈတ္တေ–ဟူသော စကားရပ်သည် ဂုဋ္ဌတ္တ+သခေ်ပတ္တမျှသာဖြစ်ရကား မန္ဒဗုဒ္ဓိတို့ အကျယ်မသိအပ်,မသိနိုင်ရာသည်မဟုတ်ပါလော။ ထို့ကြောင့်–ဋ္ဌ–ပယ်။ ဝိသယဇ္ဈတ္တ၏ ဥဇုကတ္တ,အဓိပ္ပါယတ္တကိုလည်း ပြဆိုသင့်သေး၏ ။ပ။ဤသို့ (ဆ)မိန့်။

### (ဇ)ဝါကျ ဋ္ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (ဆ) ဝါကျဖြင့် ဝိသယဇ္ဈတ္တေ–ကို ဣဿရိယဋ္ဌာနေ–ဟု အဓိပ္ပါယတ္တအား ဖြင့်ဖွင့်ပြဆိုတော်မူ၏။ ထို–သော်–ဆရာ့စကားသည်ဒဋ္ဌိယမျှသာဖြစ်၍ ဣဿရိယဋ္ဌာန–ကို မပြဆိုက မသင့်နိုင်ရာသည်မဟုတ်ပါလော။ ထို့–ကြောင့်–ဋ္ဌ–ပယ်။ ဣဿရိယဋ္ဌာန–ကိုလည်း ပြဆိုသင့်သေး၏။ ဣဿရိယဋ္ဌာန–ကား အဘယ်ပါနည်း။ ဤသို့–(ဇ)မိန့်။

ကား––ဖလသမာပတ်သည် ဘုရားရှင်တို့၏ ဣဿရိယဋ္ဌာနဖြစ်၏–ဟု ငါပြဆို၏–ဟူလို။

◆ ကိံ ဣဿရိယဋ္ဌာနန္တိ အာဟ"သမာပတ္တိ"တိ အာဒိ။ (ယောဇနာ။၇၁။)

တနည်း။ ဆရာစကားသည် ယုတ္တိကင်းပ ဒဋ္ဌိယမျှသာဖြစ်၍ ဒဋ္ဌိကရဏနှင့်ကင်း၍ မယုံကြည်အပ်, မယုံကြည်နိုင်ရာသည်မဟုတ်ပါလော။ ထို့–ကြောင့်–ဋ္ဌ–ပယ်။ ဒဋ္ဌိကရဏကိုလည်းပြဆိုသင့်သေး၏–စသည်ဖြင့် ထုံးစံအတိုင်းတက်နိုင်သည်။

### (ဉ) ပါပနာဒီပဋ္ဌက

ဆရာ–သည် (ဇ)ဖြင့် ဤအဇ္ဈတ္တတိက်၌ အဇ္ဈတ္တ–အရ နိယကဇ္ဈတ္တကို လိုအပ်၏ဟုဆို၏။ ထိုသော် ယင်းသို့ဆိုသဖြင့် အစုံတခုရအပ်သော အကျိုးဂုဏ်မရှိဟူသောအနက်သည်ရောက်ရာ၏။ စင်–ကား ထိုအနက်သည်မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ဤအဇ္ဈတ္တတိက်၌ နိယကဇ္ဈတ္တကို လိုအပ်၏ဟု ဆိုသဖြင့် ရအပ်သော အကျိုးဂုဏ်ကိုလည်း ပြဆိုသင့်သေး၏။ နိရုတ္တကဒေါသတင်–(ဉ) မိန့်။

### (၃)

(ခ) ဖြင့် အဗျာပိတ, အပရိပုဏ္ဏ–ပယ်။
(ဆ) ဖြင့် ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသ–ပယ်။
(ဇ) ဖြင့် ဝိရောဓိဒေါသ, ဩစိတျဟီနဒေါသ–ပယ်။
(ဈ) ဖြင့် အတိဗျာပိတ, (တနည်း) အဗျာပိတ, အပရိပုဏ္ဏ–ပယ်သည်။
(ဉ) ဖြင့် နိရုတ္တကဒေါသ–ပယ်သည်။
(ဋ) ဖြင့် အဗျာပိတ, အပရိပုဏ္ဏ–ပယ်သည်။

### (ဈ)ဝါကျ အဓိပ္ပေတော–သဒ္ဒါထားရခြင်း

အဇ္ဈတ္တ(၄)မျိုးဟူသော သာမညမှ ဤအဇ္ဈတ္တတိက်၌လိုအပ်သော နိယကဇ္ဈတ္တ–ဟူသော အဇ္ဈတ္တဝိသေသကို ပြလိုသောကြောင့်၄င်း, စောဒကပုဂ္ဂိုလ်နှင့်အချေအတင် သူနိုင် ငါနိုင် အပြိုင်ငြင်းဆိုရာ၌ စကားလုယက်၍ ပြဆိုသော အရာဋ္ဌာနဖြစ်သောကြောင့်၄င်း (ဈ)၌ အဓိပ္ပေတော–သဒ္ဒါထားသည်။

http://www.dhammadownload.com



(ည) တသ္ဒာ–ထားရခြင်း

ဤအဗျတ္တတိက်၌ အဗျတ္တ–အရ နိယကဗျတ္တကိုလိုအပ်၏ဟု ဆိုသဖြင့် ရအပ်သော အကျိုးတရားကို ပြလိုသောကြောင့် (ည)၌ တသ္ဒာ–ထားသည်။

(၄)

* အဗ္ဘာနံ အဓိကာရံ ကတွာ ပဝတ္တာတိ အဗျတ္တာ။

✔ အဗ္ဘဘောဟူသောခန္ဓာပဥ္စက၏+အဗျတ္တတရားတို့နှင့် အာရုံ+အာရမ္မဏိက စပ်–၄င်း, အဓိပုဒ်+အဗ္ဘပုဒ်သည်၄င်း ဈု–နိ။

✔ အဗျတ္တတရားတို့၏တစ်ခုသည်–ဓာတ်သည် ပ–နိ။

"ဝစနတ္တမှတ်ဘွယ်"

* ဂါဝေါ စရန္တိ ဧတ္ထာတိ ဂေါစရံ။ (နွားစားကျက်)

* ဂေါစရံ ဝိယာတိ ဂေါစရံ။ (အာရုံ)

* ဂေါစရံ ဧဝ အဗျတ္တံ ဂေါစရဗျတ္တံ။

✔ အာရုံ၏+အဗျတ္တနှင့် ဝိသေသန+သျ စပ်–ဈု–နိ။

✔ ဂေါစရဗျတ္တတရားတို့၏တစ်ခုသည်––ဓာတ်သည်–ပ–နိ။

* နိယသာ အဗ္ဘနော+ဧတံ နိယကံ။

* နိယကံ ဧဝ အဗျတ္တံ နိယကဗျတ္တံ။

(မိမိဥစ္စာဟူသော နိယက၏+အဗျတ္တတရားနှင့် ဝိသေသန+သျစပ်။)

* အဗ္ဘာနံ အဓိ အဗျတ္တံ။ အဗျတ္တံ ဧဝ အဗျတ္တံ အဗျတ္တဇ္ဈတ္တံ။

* ဝိသိနာတိ အာရမ္မဏံ ဗန္ဓတီတိ ဝိသယော။ (ဝိ+သိ+ဏ)

* ဝိသယော ဧဝ အဗျတ္တံ ဝိသယဇ္ဈတ္တံ။

(အစိုးရသောအရာ၏+ အဗျတ္တတရားနှင့် ဝိသေသန+သျ စပ်။)

* ဤသတိ အဘိဘဝတီတိ ဣဿရော။

* ဣဿရဿ ဘာဝေါ ဣဿရိယံ။ တိဋ္ဌတိ ဧတ္ထာတိ ဌာနံ။

* ဣဿရိယဿ ဌာနံ ဣဿရိယဋ္ဌာနံ။

(အစိုးရသူ၏ဖြစ်ကြောင်းဖြစ်ရာ ဝသီဘော်–၅–ဖြာ၏+တည်ရာအကြောင်းဖြစ်သော ဖလသမာပတ်နှင့် ဌာနီ+ဌာန အကျိုး+အကြောင်းစပ်။)

တနည်း:)* ဣဿရိယံ ဧဝ ဌာနံ ဣဿရိယဋ္ဌာနံ။

(ဤဆိုခဲ့ပြီးသောဝစနတ္တအားလုံး ယောဇနာ၌ တိုက်ရိုက်လာသည်။)

* ပဋိပုဂ္ဂလဿ သန္တကာ ပါဋိပုဂ္ဂလိကာ။ (ပဋိပုဂ္ဂလ+ဏိက။)

(အသီးသောပုဂ္ဂိုလ်၏+ဥစ္စာဖြစ်သောတရားတို့နှင့် သာမိ+သံ စပ်။)

* ဗဟိ+ဓာတာ ဗာဟိရာ။ (အပသဏ္ဌာန်၏+ စိတ်–စေ–ရုပ် နိဗ္ဗာန်တရားတို့နှင့် ဌာန+ဌာနီစပ်။)

http://www.dhammadownload.com



(၅)

ပဝတ္တမာနာ = ကိတ်နာမ်ပုဒ်, ပုံလိင်, ပုရိသာဒိဂိုဏ်း, အ-ကာရန္တ။

မယံ = သဗ္ဗနာမ်, အလိင်, သဗ္ဗနာမ်ဂိုဏ်း, အ-ကာရန္တ။

အတ္တာ = ကိတ်နာမ်, ပုံလိင်, ရာဇာဒိ, အ-ကာရန္တ။

ဂဟဏံ = ကိတ်နာမ်, (တနည်း) ဘာဝပ္ပစ္စာနု,ဘာဝလောပ, နပုံ, စိတ္တာဒိ, အ-ကာရန္တ။

◆ ဂယှတေ ဥာယတေ ဧတေနာတိ ဂဟဏံ။ (ပြည်သျှ)

◆ ဂယှတေတိ ဂဟဏံ။ (ဘာသာဋီ။)

ဂဟဏံ-ဂဟဏာတ္တံ-ယူကြောင်းသိကြောင်းအဖြစ်သို့။ (ပြည်သျှ၊)

ဂဟဏံ-ယူအပ်ကုန်သည်၏အဖြစ်သို့။(ဘာ+ဋီ)

ဂမိဿာမ = အာချာတ်, အလိင်, ဘူဝါဒိ, ဥ-ကာရန္တ။

(၆)

အတ္တာနံ အဓိကာရံ ကတွာ ပဝတ္တာ-ဖြင့် အဇ္ဈတ္တာ-ကို အဓိ+အတ္တာ-ဟုပုဒ်ဖြတ်ရမည်ကိုငှင်း၊ အဓိဥပသာရ-ပုဒ်၏ (ဤနေရာ၌သမာသ်အရာဖြစ်၍) အဓိကာရအနက်,ပဝတ္တနအနက်ဟော--ငှင်း, အတ္တာနံ အဓိကာရံ ကတွာ ပဝတ္တာ အဇ္ဈတ္တာ-ဟု ဒုတိယာအဗျယီဘောသမာသ်ဝစနတ္ထပြု-ငှင်း, အဇ္ဈ-သဒ္ဒါသည် အဓိဥပသာရ၏ ကာရိယ-ငှင်း သိစေသည်။

ဧဝံ ပဝတ္တမာနာ ။ပ။ ဝိယ အဓိပ္ပါယေန-ဖြင့် တရားတို့သည် ဤသို့သော အဓိပ္ပါယ် သဘာဝသတ္တိ မရှိသော်လည်း ရှိသကဲ့သို့ ဆိုထားသော ဥပရိက္ခာ တဒ္ဓမ္မူပစာ-သဒ္ဒါ အဖြစ်ကို သိစေသည်။

[ နိဿတ္တိကို၊ သတ္တိရှိလာ၊ ကျမ်း၌ပါ၊ ဝါစာသိလိဋ်၊ ဥပရိက်။ (တွင်ကြီးနိယံ။၂၂။)
အစိတ်တူရှိ၊ နိဿတ္တိတွင်၊ သတ္တိထင်ရာ၊ ဥပရိက္ခာ၊ ယူရာတဒ္ဓမ္မ။ (ဓွေ-၃၅၂။)
ပရမတ္ထတရားများ၌ စွဲလမ်းအောင်ပြုလုပ်နိုင်သည့် အစွမ်းသတ္တိမရှိသော်လည်း ထိုကဲ့သို့ သတ္တိမရှိသော ပရမတ္ထ တရားများကို ပြုလုပ်နိုင်သည့် အစွမ်းသတ္တိရှိသော ပုဂ္ဂိုလ်ဒြဗ်ပေါ်တင်၍ ဝါစာသိလိဋ္ဌ အကျိုးငှါ တဒ္ဓမ္မူပစာအားဖြင့် ဆိုသောစကားဖြစ်သည်ဟုပြလိုသောကြောင့် (က)၌ ဝိယ-သဒ္ဒါထားသည်။]

(ခ)ဖြင့် အဇ္ဈတ္တ-သဒ္ဒါသည် သာမညအားဖြင့် ဂေါစရဇ္ဈတ္တစသော အဇ္ဈတ္တ ၄-ပါးတို့၌ဖြစ်၏ဟု သိစေ။

(ဆ) ဋ္ဌသရိယဋ္ဌာနေ-ဖြင့် ဝိသယဇ္ဈတ္တေ-၌ ဝိသယ-သဒ္ဒါသည် အာရုံစသောအနက်တို့ကို မဟော, ဋ္ဌသရိယဋ္ဌာနအနက်ကိုဟော၏ဟု သိစေသည်။ (တနည်း) ဝိသယဇ္ဈတ္တေ-ပုဒ်၏ ဥဇုကတ္ထ အဓိပ္ပါယတ္ထကို သိစေသည်။

(ဇ) သံဝဏ္ဏနာ-ဖြင့် ဤအဇ္ဈတ္တတိက်၌ အဇ္ဈတ္တ-သဒ္ဒါကား နိယကဇ္ဈတ္တကိုသာ ဟော၏ဟု သိစေသည်။ (တနည်း) ဤအဇ္ဈတ္တတိက်၌ အဇ္ဈတ္တ-အရ နိယကဇ္ဈတ္တကိုသာ လိုအပ်၏-ဟု သိစေသည်။

(ဌ) ဗာဟိရဘူတာ-ဖြင့် ဗဟိဒ္ဓါ-၌ ဗဟိဒ္ဓါနိပါတ်ပုဒ်၏ ဗာဟိရအနက်ဟော-ငှင်း, ဗဟိဒ္ဓါ ပုဒ်ကို ဗဟိဒ္ဓါ ဘဝန္တီတိ ဗဟိဒ္ဓါဟု ဝစနတ္ထပြု၍ ဏာပစ္စည်း ဘဝန္တိတဒ္ဓိတ်အနက်၌သက်-ငှင်း သိစေသည်။

ဋ္ဌန္ဒြိယဗဒ္ဓါဝါ အနိန္ဒြိယဗဒ္ဓါဝါ-ဖြင့် ဗဟိဒ္ဓါ-အရ ဋ္ဌန္ဒြိယဗဒ္ဓ, အနိန္ဒြိယဗဒ္ဓတရားများကိုယူ- သိစေသည်။

တတော-ဖြင့် အပဖြစ်၏ဟူသည် သူတပါးသန္တာန်မှ အပဖြစ်သည်မဟုတ်, မိမိသန္တာန်မှ အပ ဖြစ်၏ဟု သိစေသည်။

http://www.dhammadownload.com



(၇)

(က) ဣမိနာ–၌ ဣမ–ကား အမိပ္ပါယေန–ဟု အစွဲတိုက်ရိုက်ပါရှိ– ပသိဒ္ဓဝိသယ။

(ခ) အယံ–ကား အဇ္ဈတ္တသဒ္ဒေါ–ဟု အစွဲတိုက်ရိုက်ပါရှိ–ပသိဒ္ဓဝိသယ။

(ဈ) ဣစ္စ ပန–၌ ဣစ္စ–ကား အဇ္ဈတ္တတိက်ဒြဗ်ကိုစွဲ–ပဏ္ဏတ္တိဝိသယ။

(ည) တသ္မာ–၌ တ–ကား ရှေးပါကျရှိ အမိပ္ပေတောကြိယာကိုစွဲ–အနုဘူတဝိသယ။

(က) ၌ ဝိယ–ကား ဥပရိကျွာဓောတက။

(ဂ) တသ္မိံယေဝ ပုရိမသ္မိံ သမာဓိနိမိတ္တေ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထ–စသည်

✔ ပဌမဈာန်စသောသမာဓိအရုံဖြစ်သော ကသိုဏ်းစသည်သည် ဂဟေတဗ္ဗတ္ထ။

✔ သမာဓိ၏အာရုံအဖြစ်သို့ မရောက်သောအာရုံသည်၊

(ဝါ) လောကီလောကုတ္တရာပညတ် အာရုံသည် နိဝတ္တေတဗ္ဗတ္ထ။

အဇ္ဈတ္တမေဝ စိတ္တံ သဏ္ဌပေတဗ္ဗံ–၌–

✔ ပထမဈာန်စသော သမာဓိအာရုံဖြစ်သော ကသိုဏ်းစသောအာရုံသည် ဂဟေတဗ္ဗတ္ထ။

✔ ပထမဈာန်စသောသမာဓိ၏အာရုံမဟုတ်သော ဗဟိဒ္ဓအာရုံသည် နိဝတ္တေတဗ္ဗတ္ထ။

(ဃ)

အဇ္ဈတ္တဇ္ဈတ္တ–အရ အဇ္ဈတ္တိကာယတန ၆–ပါးကိုယူ၍–

✔ ထိုသည် ဒဿနတ္ထ။

✔ နာမ်ရုပ်သည် ဒီပကတ္ထ။

✔ ဖဿသည် ပကာသနတ္ထ။

✔ အဝိဇ္ဇာ,သင်္ခါရ,ဝိညာဏ်စသည်သည် ဝိဘာဝတ္ထ။

✔ ဝေဒနာ,တဏှာ,ဥပါဒါန်စသည်သည် အနုဘာဝတ္ထ။

ဝိသယဇ္ဈတ္တ–အရ (အဇ္ဈတ္တံ သုညတံ–ဟူသော သာဓကပါဠိ–အရ)

ဤနေရာ၌ ဘုရားရှင်၏ သုညတအရဟတ္တဖလသမာပတ်ကိုယူ၍–

✔ ထိုသည် ဒဿနတ္ထ။

✔ အရဟတ္တမဂ်,ဖိုလ်,ပစ္စဝေက္ခဏာဉာဏ်သည် ဒီပကတ္ထ။

✔ ဒိဋ္ဌဓမ္မသုခဝိဟာရသည် ပကာသနတ္ထ။

✔ အောက်မဂ်အောက်ဖိုလ်ဉာဏ်–ပါရမီဉာဏ်–ဝိပဿနာဉာဏ်စသည် ဝိဘာဝတ္ထ။

✔ အနုပါဒိသေသနိဗ္ဗာန်သည် အနုဘာဝတ္ထ။

(ဈ) ဣစ္စ ပန နိယကဇ္ဈတ္တေ အမိပ္ပေတော၌–သိန္တိ။

ဤအဇ္ဈတ္တတိက်၌ အဇ္ဈတ္တအရ–နိယကဇ္ဈတ္တကိုသာ ယူရမည်ဟု အနွယကိုဆိုသဖြင့် ဂေါစရဇ္ဈတ္တ စသော ဇ္ဈတ္တ–၃–ပါးကိုမယူရဟူသော ဗျတိရိက်ကို အနက်ရောက်သောအားဖြင့်ဆ၍ သိရသောကြောင့် အတ္ထာပတ္တိ, တ္ထာပန္နသိန္တိ။

(ဂ)(ဃ)(င)(စ)တို့၌ အာဂမသာဓကပါဠိတို့ကိုထောက်၍ သိဒ္ဒေယျသိန္တိရသည်။ (ဖြေပုံရှေး၌ ပါခဲ့ပြီ။)

http://www.dhammadownload.com



(၉)

(စ) အယံ ခေါ ပနာနန္ဒ ဝိဟာရော–၌ ဝိဟာရ–အရ ဘုရားရှင်၏အရဟတ္တဖိုလ်စိတ်–ကိုယူ၍–
အရဟတ္တဖလစိတ္တံ=နိဗ္ဗာနာရမ္မဏာဝိဇာနနလက္ခဏံ၊ ဖဝနရသံ။
တထာဘာဝပစ္စုပဋ္ဌာနံ၊ အာရမ္မဏပဒဋ္ဌာနံ–ဟု ထုတ်။
ဂေါစရဇ္ဈတ္တ–အရ နိဗ္ဗာန်ကိုယူ၍ နိဗ္ဗာန် သန္တိကလက္ခဏံ – စသည်ဖြင့်ထုတ်။

(၁၀)

(က) အဇ္ဈတ္တမေဝ စိတ္တံ သဏ္ဌပေတဗ္ဗံ–၌–
အဇ္ဈတ္တ–အရ ကသိုဏ်း–စသော အာရုံပစ္စည်းတရားက–
စိတ္တံ–အရပဋ္ဌမဈာန်–စသော စိတ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု။ (ပြိုင်–မရှိ)
အဇ္ဈတ္တရတော သမာဟိတော–၌–
အဇ္ဈတ္တ–အရ နိဗ္ဗာန်ပစ္စည်းတရားသည်–
ရတော–အရ မဟာကု,ကြိ–ဉာဏသံ ၈–ခု, လောကုတ္တရာ၈–ခု,စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။
ပြိုင်–အာ, မိ, ဥ (၃) ပစ္စည်း။
(တနည်း) အဇ္ဈတ္တ–အရ ကသိုဏ်းစသော ကမ္မဋ္ဌာန်းအာရုံပစ္စည်းတရားသည်–
ရတော–အရ မဟာကု, ကြိ, ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု။

(ခ) တထာဂတေန အဘိသမ္ဗုဒ္ဓေါ–၌–
အဘိသမ္ဗုဒ္ဓေါ–အရ အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်ပစ္စည်းတရားသည်–
တထာဂတေန–အရ ဘုရားရှင်၏သန္တာန်၌ဖြစ်သော ပစ္စဝေက္ခဏာဉာဏ်ကိစ္စတပ်သော မဟာကြိယာ
ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု။
ပြိုင်–အာ, မိ, ဥ (၃) ပစ္စည်း။

(ဃ) အဇ္ဈတ္တံ ဝါ ဓမ္မေသု–၌–
အဇ္ဈတ္တံ–အရ သညာ, သင်္ခါရ, (သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ) ပစ္စည်းတရားသည်–
ဓမ္မေသု–အရ ယင်းခန္ဓာ ၂–ပါးနှင့်ယှဉ်ဘက်ဖြစ်သော စိတ်, စေတသိက်အား သဟ–ပြု။
ပြိုင်–သဟကြီး–၄, အညှ, သမ္ပယုတ္တ, သဟယေ် ၇– (၁၃)ပစ္စည်း။
(တနည်း) အဇ္ဈတ္တံ–အရ ရှေးရှေးသောစိတ္တုပ္ပါဒ်၌ရှိသော သညာ, သင်္ခါရပစ္စည်းတရားသည်–
ဓမ္မေသု–အရ အခြားမဲ့၌ဖြစ်သော နောက်နောက်သောစိတ္တုပ္ပါဒ်၌ရှိသော သညာသင်္ခါရအား အနန္တရ–ပြု။
ပြိုင်–အနန္တရ, သမနန္တရ, ဥပ, အာသေ, နတ္ထိ, ဝိဂတ (၆)ပစ္စည်း။

(ဓ) ဖလသမာပတ္တိ ဟိ ဗုဒ္ဓါနံ ဣဿရိယဋ္ဌာနံ နာမ–၌
ဖလသမာပတ္တိ (ဣဿရိယဋ္ဌာနံ) အရ အရဟတ္တဖိုလ်စိတ္တုပ္ပါဒ် ပစ္စည်းတရားသည်–
ဗုဒ္ဓါနံ–အရ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားအား သဟ–ပြု။
ပြိုင်–ကြီး–၄, ဝိပါက, ဝိပ္ပယုတ္တ (၆)ပစ္စည်း။

=====================

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၃၆)

(က) သနိဒဿနတ္တိကေ ဒဋ္ဌဗ္ဗဘာဝသင်္ခါတေန သဟ နိဒဿနေနာတိ သနိဒဿနာ။
(ခ) ပဋိဟနနဘာဝသင်္ခါတေန သဟ ပဋိဃေနာတိ သပ္ပဋိဃာ။
(ဂ) သနိဒဿနာ စ တေ သပ္ပဋိဃာစာတိ သနိဒဿနသပ္ပဋိဃာ။
(ဃ) နတ္ထိ ဧတေသံ ဒဋ္ဌဗ္ဗဘာဝသင်္ခါတံ နိဒဿနန္တိ အနိဒဿနာ။
(င) အနိဒဿနာ စ တေ ဝုတ္တနယေနေဝ သပ္ပဋိဃာစာတိ အနိဒဿနသပ္ပဋိဃာ။
(စ) တတိယပဒံ ဥဘယပဋိက္ခေပေန ဝုတ္တံ။

ဌ။ ၈၉။ မူလဋီ။ ၄၈။ ယောဇနာ။ ၇၁။ ပြည်သျှ။ ၃၁၀။ ဘာသာဋီ။ ၃၄၄။ ကျော်စံဂဏ္ဌိ။ ၂၁၅။ မင်းခင်းဂဏ္ဌိ။ ၃၀၀။

===========================

(၁)

သနိဒဿနာ–မြင်အပ်သည်၏အဖြစ်နှင့်တကွ ဖြစ်ကုန်သော။
သပ္ပဋိဃာ–ထိပါးအပ်, ထိပါးတတ် သည်၏အဖြစ်နှင့်တကွ ဖြစ်ကုန်သော။
သနိဒဿနသပ္ပဋိဃာ–မြင်အပ်သည်၏အဖြစ်နှင့်လည်းတကွဖြစ်, ထိပါးအပ်, ထိပါးတတ်သည်၏ အဖြစ်နှင့်လည်း တကွဖြစ်ကုန်သော။
အနိဒဿနာ–မြင်အပ်သည်၏အဖြစ်မရှိ ကုန်သော။
အနိဒဿနသပ္ပဋိဃာ–မြင်အပ်သည်၏အဖြစ်မရှိ၊ ထိပါးအပ်, ထိပါးတတ်သည်၏အဖြစ်နှင့် တကွဖြစ် ကုန်သော။

(၂)

(ခ) ပဋိဟနန ဘာဝသင်္ခါတေန–သို့ ပါပနာဒိပဒက ကျမ်းရိုးငါးချက်ထွက်ပုံ

ဆရာ–သည် သဟ ပဋိဃေန–ဟု သပ္ပဋိဃပုဒ်၏ဝစနတ္ထကိုဆို–၏။ ထိုသော် ပဋိဃပုဒ်၌ ပဋိရှေး+ ဟနဓာတ်+ရပစ္စည်းသည် သာဓန ၇–ပါးနှင့်ဆက်ဆံသောကြောင့် ဘာဝသာဓနေ၊ (တနည်း) နိဒဿန–၌ ယုပစ္စည်းကဲ့သို့ ကမ္မသာဓနကိုလည်းဟော၏ဟူသောအနက်သည်ရောက်ရာ၏။ စင်–ကား ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် ပဋိရှေး+ဟနဓာတ်+ ရပစ္စည်းသည်ဟောအပ်သောအနက်,ပဋိဃဟူသော နိပ္ဖန္နပုဒ် အနက်ကိုလည်း ဆိုသင့်သေး၏။ မဆိုဘဲ မနေတန်ရာ။ (ဝါ) သဟပဋိဃေနဟူ၍သာ မဆိုတန်ရာ။–သော် အတိဗျာပိတဒေါသ––၏ ။ပ။ ဤသို့––ပဋိဟနနဘာဝသင်္ခါတေန–ကိုမိန့်။

(၃)

ဤ၇တိက်၌ ဝါကျအားလုံး ပက္ခ+ပက္ခန္တရချည်းဖြစ်သည်။ အဗျာပိတ အပရိပုဏ္ဏဒေါသ–ကိုပယ်သည်။ ပါဠိတော်ကိုထောက်လျှင် အတိဗျာပိတဒေါသ–ကိုပယ်သည်။

(၄)

(က) သံဝဏ္ဏနာ–အရ–

* နိဒဿိတဗ္ဗန္တိ နိဒဿနံ။ နိဒဿီယတေတိ နိဒဿနံ။ (ဘာဝပ္ပဓာန။)
* သဟ+နိဒဿနေန ယေ ဝတ္တန္တီတိ သနိဒဿနာ။

http://www.dhammadownload.com



✔ မြင်အပ်သည်၏အဖြစ်နှင့်တကွဖြစ်ခြင်း သဟာဝတ္တနဘောဂုဏ်၏+ရူပါရုံနှင့် ဂုဏ်+ဂုဏေးစပ် ဗျူ-နိ။
✔ မြင်အပ်သည်၏ အဖြစ်နှင့်တကွ ဖြစ်ခြင်းဟူသောဂုဏ်သည်၊
(ဝါ) ရူပါရုံ၏ တစ်ခုသည်- ဓာတ်သည်- ပ-နိ။

(ခ) သံဝဏ္ဏနာအရ -
* ပဋိဟနတီတိ ပဋိဃော။ (ကတ္တုသမာသ်)
* ပဋိဟညတေတိ ပဋိဃော။ (ကမ္မသာဓ်)
* သဟ+ပဋိဃေန+ယေ ဝတ္တန္တီတိ သပ္ပဋိဃာ။
✔ ထိပါးအပ်, ထိပါးတတ်သည်၏ အဖြစ်နှင့်တကွဖြစ်ခြင်း သဟာဝတ္တနဘောဂုဏ်၏+ဩဠာရိက ရုပ်တို့နှင့် ဂုဏ်+ဂုဏေးစပ် ဗျူ-နိ။
✔ ထိပါးအပ်, ထိပါးတတ်သည်၏ အဖြစ်နှင့်တကွဖြစ်ခြင်း သဟာဝတ္တနဘောဂုဏ်သည်၊
(ဝါ) ဩဠာရိကရုပ်တို့၏ တစ်ခုသည်- ဓာတ်သည်- ပ-နိ။
* ပဿိတဗ္ဗန္တိ ဒဋ္ဌဗ္ဗံ။ (ဒိသ+တဗ္ဗ။)
* ဒဋ္ဌဗ္ဗဿ+ဘာဝေါ ဒဋ္ဌဗ္ဗဘာဝေါ။
* ဒဋ္ဌဗ္ဗဘာဝေါ+ဣတိ+သင်္ခါတော ဒဋ္ဌဗ္ဗဘာဝသင်္ခါတော။

(၅)

(က) ဒဋ္ဌဗ္ဗဘာဝသင်္ခါတေန-ကား = သမာသ်နာမ်, နပုံလိင်, စိတ္တာဒိ, အ-ကာရန္တ။
နိဒဿနေန-ကား = ကိတ်နာမ်, နပုံလိင်, စိတ္တာဒိ, အ-ကာရန္တ။
(ခ) ပဋိဟနနဘာဝသင်္ခါတေန-ကား = သမာသ်နာမ်, ပုံလိင်, ပုရိသာဒိ, အ-ကာရန္တ။
ပဋိဃေန-ကား = ကိတ်နာမ်, ပုံလိင်, ပုရိသာဒိ, အ-ကာရန္တ။

(၆)

(က) ဒဋ္ဌဗ္ဗဘာဝသင်္ခါတေန-ဖြင့်, နိဒဿနာ-၌ နိပုဗ္ဗ+ဒိသ ဓာတ်၏အဖြစ်ကိုင်ငင်း, နိ-၏ ဓာတွတ္ထာ-နုဝတ္တက-ငင်း, ယု-ပစ္စည်း၏ကမ္မသာဓနအနက်၌သက်-ငင်း, နိဒဿိတဗ္ဗန္တိ နိဒဿနံ-ဟု-ပြု-ငင်း, ယင်းနိဒဿန-ပုဒ်၏ဘာဝပ္ပဓာန၏အဖြစ်ကို-ငင်း, နိဒဿန-အရ ရူပါရုံကိုမယူရ၊ ဘာဝပ္ပဓာနဖြစ်၍ မြင်အပ်သည်၏အဖြစ်တည်းဟူသောဂုဏ် (ဝါ) အာရမ္မဏပစ္စယသတ္တိကိုယူ-ငင်း သိစေသည်။

သဟ နိဒဿနေန-ဖြင့် သနိဒဿနာ-၌ သ-၏ သဟာသဒ္ဒါ၏ကာရိယအဖြစ်ကိုင်ငင်း, ယင်း သ-သဒ္ဒါ၏ သဟာအနက်ဟော--ငင်း, သဟ နိဒဿနေန ယေ ဝတ္တန္တီတိ သနိဒဿနာဟု သဟာပုဗ္ဗပဒဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထပြု-ငင်း သိစေသည်။

"ဘာဝပ္ပဓာနကြံခြင်း (၂)မျိုး"

ဘာဝပ္ပဓာနကြံခြင်းသည်-

၁။ အရကွဲရမည့်နေရာ၌ အရမကွဲ၍ အရကွဲပြားသွားအောင် ဘာဝပ္ပဓာနကြံရခြင်း။

၂။ အရတူရမည့်နေရာ၌ အရမတူ၍ အရကောက်တူညီအောင်ဘာဝပ္ပ ဓာနကြံရခြင်း-ဟု ၂-မျိုးရှိသည်။

http://www.dhammadownload.com



ဤနေရာ၌ နိဒဿန-ပုဒ်ကို နိဒဿိယတေတိ နိဒဿနံ-ဟု ကမ္မသာဓ်ရိုးရိုးလုပ်က ရူပါရုံ-ကိုရ၏။ သနဒ္ဓိဒဿန ဗဟုဗ္ဗီဟိသမာသ်တွဲစပ်သောအခါ၌လည်း သနိဒဿနဟူသောဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရ ရူပါရုံပင်ရနေသည်။ သမာသ်ပုဒ်တစ်စိတ်အရနှင့် ဗဟုဗ္ဗီသမာသ်ပုဒ်အရတို့ တူညီနေကြသည်။ သဒ္ဒါအရာ၌ သမာသ်ပုဒ် တစိတ်အရနှင့် ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရ တူညီရမည့် ထုံးစံမရှိ။ အရကွဲရမည်သာ ဖြစ်သည်။ ထို့ကြောင့် ဤနေရာ၌ အရကောက်ကွဲရမည့်နေရာတွင် အရတူညီနေရကား အရကွဲပြားစေရန် နိဒဿနပုဒ်ကို ဘာဝပ္ပဓာနကြံရသည်။ ယင်းသို့ ဘာဝပ္ပဓာနကြံလိုက်သည့်အခါ နိဒဿန-အရ ရူပါရုံကို မရတော့ဘဲ မြင်အပ်သည်၏ အဖြစ်တည်းဟူသောဂုဏ် (ဝါ) အာရုံ...ကိုရသည်။

၁ "ဘာဝပုဒ်...မပါ၊ ဘာဝ...၌သက်သော တ္တ-တာ-စသောပစ္စည်းများလည်း မပါဘဲလျက် "အဖြစ်"ဟူသောအနက်ထွက်အောင် သမ္ဗန်ရသောပုဒ်မျိုးကို "ဘာဝပ္ပဓာန"ဟု ခေါ်သည်။

(ခ) ပဋိဟနန ဘာဝသခ်ါတေန-ဖြင့် ပဋိဃ၌ ပဋိ-၏ ဓာတွတ္ထာနုဝတ္တက-ငှင်း၊ ပဋိရှေး+ဟနဓာတ်-ငှင်း၊ ရ-ပစ္စည်း၏ ကတ္တုသာဓ်၊ ကမ္မသာဓ်အနက်၌-ငှင်း၊ ပဋိဟနတီတိ ပဋိဃော၊ ပဋိဟညတီတိ ပဋိဃော-ဟု ပြု-ငှင်း၊ ပဋိဃပုဒ်၏ ဘာဝပ္ပဓာနအဖြစ်ကိုငှင်း၊ ပဋိဃပုဒ်သည် ဘာဝပ္ပဓာနဖြစ်၍ ပဋိဃ-အရ ဩဠာရိကရုပ်ကိုမယူရ၊ ထိပါးတတ်၊ ထိပါးအပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်ကိုသာ ယူရမည်ကိုငှင်း သိစေသည်။

သဟ ပဋိဃေန-ဖြင့် သပ္ပဋိဃာ-၌ သ-၏ သဟ-သဒ္ဒါ၏ ကာရိယ-ငှင်း၊ ယင်း သ-၏ သဟ အနက်ဟော-ငှင်း၊ သဟ ပဋိဃေန ယေ ဝတ္တန္တီတိ သပ္ပဋိဃာဟု-ပြု-ငှင်း သိစေ။

(ဂ)ဖြင့် သမာသလိင်္ဂပဒတ္ထ-သိစေသည်။

(ဃ) ဒဋ္ဌဗ္ဗဘာဝသခ်ါတံ-ဖြင့် (က) ဒဋ္ဌဗ္ဗဘာ...သခ်ါတေန နှင့် အတူဖော်။

နတ္ထိ ဧတေသံ နိဒဿနံ-ဖြင့် အနိဒဿနာ-ပုဒ်ကို နနိပါတပုဗ္ဗပဒ စတုတ္ထီဗဟုဗ္ဗီဟိပြု-ငှင်း၊ အ-၏ န-၏ ကာရိယငှင်း၊ ယင်းအ-၏ အဘာဝအနက်ဟော-ငှင်း သိစေ။

(င) အနိဒဿနာ စ တေ သပ္ပဋိဃာစာတိ-ဖြင့် သမာသလိင်္ဂပဒတ္ထ-သိစေ။

ဝုတ္တနယေနေဝ-ဖြင့် ပဋိဃပုဒ်ဝယ် ပဋိဟနနဘာဝသခ်ါတေန-ဟု အထက်ဝါကျ၌ ဖွင့်ဆိုခဲ့သည့်အတိုင်း သိရမည်ဟု ပြသည်။

(၇)

သနိဒဿနာ-၌ သ-ကား သဟတ္ထ၊ နိ-ကား-ဓာတွတ္ထာနုဝတ္တက။
ပဋိဃ...၌ ပဋိ-ကား-ဓာတွတ္ထာနုဝတ္တက။

ဝုတ္တနယေန-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထ စသည်-

✔ ဖွင့်ဆိုအပ်ပြီးသော (ပဋိဟနန ဘာဝသခ်ါတေနစသော) နည်းသည် ဂဟေတဗ္ဗတ္ထ။
✔ မဖွင့်ဆိုအပ်သောနည်းသည် နိဝတ္တေတဗ္ဗတ္ထ။
✔ အတူဖြစ်သောနည်း၊ လျော်သောနည်းတို့သည် အနုညာတတ္ထ။

http://www.dhammadownload.com



(၈)

(က) ဒုဋ္ဌဗ္ဗ-၌ တဗ္ဗ-ပစ္စည်းဟူသော ဗာဟျဇ္ဈတ္တအရ ရူပါရုံကိုယူ၍-

✓ ရူပါရုံ၏ စက္ခုပသာဒနှင့်ထိခိုက်ခြင်းလက္ခဏာသည် ဒဿနတ္ထ။

✓ စတုမဟာဘူတ ပဒဋ္ဌာန်သည် ဒီပကတ္ထ။

✓ စက္ခုဝိညာဏ်၏ ဝိသယဘာဝ (သမ္ပတ္တိ) ရသသည် ပကာသနတ္ထ။

✓ စက္ခုဝိညာဏ်၏ ဝိသယဘာဝ (ကိစ္စ)ရသသည် ဝိဘာဝတ္ထ။

✓ တသောဝ ဂေါစရပစ္စုပ္ပဋ္ဌာန်သည် အနုဘာဝတ္ထ။

◆ ဒုဋ္ဌဗ္ဗ-၌ ဒိသ-ဓာတ် အရ စက္ခုဝိညာဏ်ကိုယူ၍ ဝိထိနည်းဖြင့်ထုတ်။

(၉)

ဒုဋ္ဌဗ္ဗ-၌ အန္တတ္ထဖြစ်သော ဒိသ-ဓာတ်အရ စက္ခုဝိညာဏ်ကိုယူ၍-

စက္ခုဝိညာဏ် = စက္ခုသန္နိဿိတ ရူပဝိဇာနနလက္ခဏာ-စသည်ထုတ်။ (ဋ္ဌ။၃၀၃။)

သနိဒဿနသပ္ပဋိဃာ-အရ ရူပါရုံရ၏။

အနိဒဿန သပ္ပဋိဃာ-အရ ရူပါရုံကြဉ် သြဠာရိကရုပ် ၉ ကာဒသရ၏။

အနိဒဿန အပ္ပဋိဃာ-အရ စိတ်-၈၉, စေ-၅၂, သုခုမရုပ်-၁၆, နိဗ္ဗာန်-ရ၏။

(၁၀)

ဒုဋ္ဌဗ္ဗဘာဝသနိဒဿန-၌-

ဒုဋ္ဌဗ္ဗ-ဝယ် တဗ္ဗ-ပစ္စည်းအရ=ရူပါရုံသည်-

ဒိသ-ဓာတ် အရ စက္ခုဝိညာဏ်စိတ္တုပ္ပါဒ်အား-အာရမ္မဏ-ပြု။

ပြိုင် အာ-ပု-အတ္ထိ-အဝိ-(၄)ပစ္စည်း။

(စ) တတိယပဒ်+ဝုတ္တံ-၌-

✓ တတိယပဒ်-အရ (ဝုတ္တံ-၌ တပစ္စည်းအရ) အနိဒဿနအပ္ပဋိဃာ မွှောဟူသော အက္ခရာဝလိ နာမပညတ်သည်-
ဝုတ္တံ-၌ ဝစ-ဓာတ်အရ ဘုရားရှင်၏ ဒေသနာ ဉာဏ်စိတ္တုပ္ပါဒ်အား အာရမ္မဏ-ပြု။

✓ ဝုတ္တံ-၌ ဝစ-ဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ပစ္စည်းတရားသည်-
တတိယပဒ်-အရ အနိဒဿန အပ္ပဋိဃာမွှော-ဟူသော ဝစီဘေဒ သဒ္ဒအား သဟဇာတ-ပြု။
ပြိုင်-သဟကြီး-၄၊ ဝိပ္ပယုတ္တ, ဟေ, ဓိ, ကံ, မဂ် (၉)ပစ္စည်း။

(င) ဝုတ္တနယေနေဝ-၌-

ဝစ-ဓာတ်အရ အဋ္ဌကထာဆရာ၏ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသံ စိတ္တုပ္ပါဒ်သည်-
တ-ပစ္စည်းအရ ပဋိဃာနနသနိဒဿန စသော ဝစီဘေဒသဒ္ဒအားသဟဇာတ-ပြု၊
ပြိုင်-ကြီး-၄, ဝိပ္ပယုတ္တ, သဟယံ-၇ (၁၂)ပစ္စည်း။ (ယထာရဟ)

====================

http://www.dhammadownload.com



ဒုကမာတိကာပဒဝဏ္ဏနာ

# ဝါကျဥယျာဉ်(၃၇)

(က) ဒုကမာတိကာယံ ပန တိကေသု အနာဂတပဒဝဏ္ဏနံ့ယေဝ ကရိဿာမ။

(ခ) ဟေတုဂေါစ္ဆကေ တာဝ ဟေတုဓမ္မာတိ မူလဋ္ဌေန ဟေတုသင်္ခါတာ ဓမ္မာ။

(ဂ) "ဟေတူ ဓမ္မာ"တိပိ ပါဠော။

(ဃ) န ဟေတူတိ တေသံယေဝ ပဋိက္ခေပဝစနံ။

(င) သမ္ပယောဂတော ပဝတ္တေန သဟ ဟေတုနာတိ သဟေတုကာ။

(စ) တထေဝ ပဝတ္တော နတ္ထိ ဧတေသံ ဟေတူတိ အဟေတုကာ။

ဋ္ဌ။၈၉။ မူလဋီ။၄၉။ ယောဇနာ။၇၁။ ပြည်သျှ။၃၁၁။ ဘာသာဋီ။၃၄၆။ ကျော်စံဂဏ္ဌိ။၂၁၅။ မင်းခင်းဂဏ္ဌိ။၃၀၃။

====================

(၁)

(ခ)ဝါကျ။ ။ တာဝ-ရှုဉ္ဆန္ဒရဒုက်စသည်တို့မှ ရှေးဦးစွာ။ (ဝုတ္တေ-ဟောတော်မူအပ်သော။) ဟေတုဂေါစ္ဆကေ-၌။ (အဖွေ့-ကို။ ဇဝ-သို့။ ဝေဒိတဗ္ဗော။) ဟေတုဓမ္မာတိ-ဟူသည်ကား။ မူလဋ္ဌေန-(သုပ္ပတိဋ္ဌိတဘာဝ သာဓနေန) ကောင်းစွာတည်သည်၏ အဖြစ်ကို ပြီးစေတတ်သော မူလ၏အဖြစ်တည်းဟူသော သကတ်အနက်ကြောင့်။ (ဝါ) မူလ၏အဖြစ်ကြောင့်။ ဟေတုသင်္ခါတာ-ကုန်သော။ ဓမ္မာ-တို့သည်။ ဟေတုဓမ္မာ-မည်ကုန်၏။ (ပစ္စယမတ္တဋ္ဌေန-ပစ္စည်းသာမည်ကြောင့်။ ဟေတုဓမ္မာ-မည်ကုန်သည်ကား။ န-မဟုတ်ကုန်။) (မူလဋီ။၄၉။ ပြည်သျှ။)

(၂)

(က)စသည်သို့ အနုသန္ဓေ

ဤသို့ ဣဒါနိ ဣတိ မေ ဘာသမာနဿ-အစရှိသည်ဖြင့် တိကမာတိကာပါဠိတော်ပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုပြီး၍၊ ဤယခုအခါ၌ ဒုကမာတိကာပါဠိတော်ပုဒ်တို့၏အဖွင့်သံဝဏ္ဏနာကိုပြတော်မူလိုသော ဆရာသည် မဖွင့်မီ ရှေးဦးစွာ အမှာစကားဥပ်ကို ပြလိုရကား ဒုကမာတိကာယံ ပန-စသော (က)မိန့်။

ဋ္ဌပနာပဋ္ဌကတက်လျှင်- တိကမာတိကာပါဠိတော်ပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာသာရှိ၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော့။ (တနည်း) ဒုကမာတိကာ-၌လည်း တိကမာတိကာ ဖွင့်ဆိုသကဲ့သို့ပင် ပုဒ်တိုင်းပုဒ်တိုင်းကို ဖွင့်ပြမည်ဟူသောအနက်ရောက်ရာသည် မဟုတ်ပါလော-စသည်ဖြင့်တက်။

(ခ) ဋ္ဌပနာပဋ္ဌက

ဆရာ သည် ဒုကမာတိကာ-၌ တိက်တို့၌မလာသောပုဒ်တို့၏အဖွင့်ကိုသာ ပြဆိုအံ့-ဟူ၍ ပဋိညာဉ်စကားရပ်ကို ဆိုတော်မူ၏။ ထို-သော် ပဋိညာတဗ္ဗဖြစ်သော ဒုကမာတိကာပါဠိတော်ပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော-စသည်ဖြင့်တက်လေ။

http://www.dhammadownload.com



## (ခ)လီနတ္ထရ ပါပနာဒီပဋ္ဌက

ဆရာ မြတ်စွာဘုရားသည် ဟေတုဓမ္မာ–ဟု ဟောတော်မူ၏၊ ထို့–သော် ဟေတုဂေါစ္ဆက–လာ ဟေတုဓမ္မာ–၌ ဟေတု–သဒ္ဒါသည် မဂ္ဂဟေတုကာ–၌ ဟေတုသဒ္ဒါကဲ့သို့ ပစ္စယအနက်ကိုဟော၏ ဟူသော အနက်သည်ရောက်ရာ၏။ ဟေတုဓမ္မာ–ပုဒ်ကိုလည်း ဟေတူ ဓမ္မာ ယေသန္တိ ဟေတုဓမ္မာ–ဟု ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထလည်းပြုနိုင်၏ဟူသောအနက်သည် ရောက်ရာ၏။ စင်–ကား၊ ထိုအနက်သည်မရောက်သင့်။ ထို့––ကြောင့် ဤ၌ ဟေတု–သဒ္ဒါ၏ဖြစ်သင့်သောအနက်နှင့် ဟေတုဓမ္မာပုဒ်၏ဖြစ်သင့်သော ဝစနတ္ထကိုလည်း တိကျစွာဖွင့်ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်၊ နေချေသော် အတိဗျာပိတဒေါသ–၏၊ ဤ၌ ဟေတု–သဒ္ဒါ၏ဖြစ်သင့်သောအနက်နှင့် ဟေတုဓမ္မာ–ပုဒ်၏ ဝစနတ္ထကား အဘယ်ပါနည်း။ ဓုဒ်ကြောင့် (ခ)မိန့်။

## (ဂ) ဋ္ဌပနာဘောဂါဒိ

ဆရာ–သည် (ခ) ဖြင့် ဟေတု ဓမ္မာ–ကို ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထို–သော် ဟေတုဓမ္မာ–ဟု သမာသ်ပါဠိသာရှိကောင်း၏ဟူသောအနက်ရောက်ရာသည်မဟုတ်ပါလော့ ။ပ။ ဤမှတပါး ဤ၌ရှိကောင်း, ရကောင်းသော ပါဠ်အထူးကိုလည်း ပြဆိုသင့်သေး၏ ။ပ။ ဤသို့–(ဂ) မိန့်။

အဓိပ္ပါယ်ကား။ ။ "ဟေတူ ဓမ္မာ"ဟု ဝါကျနှင့်လည်း ပါဠိရှိ၏ဟူလို။

(ဃ) ဖြင့် နဟေတူ ပုဒ်၏အဖွင့်ကို ပြသည်။

( င ) ဖြင့် သဟေတုကာ ပုဒ်၏အဖွင့်ကို ပြသည်။

( စ ) ဖြင့် အဟေတုကာပုဒ်၏အဖွင့်ကို ပြသည်။(ပက္ခန္တရဝါကျချည်းသာဖြစ်သည်။ ကျမ်းတက်မခက်)

## (၃)

## (ဂ) ဟေတူ ဓမ္မာ တိပိ–၌ ပိ(အပိ)ထားရခြင်း

"ဟေတုဓမ္မာ"ဟု သမာသ်ပါဠိသာရှိသည်မဟုတ်သေး၊ ဟေတူ ဓမ္မာ–ဟု ဝါကျပါဠိလည်းရှိသေး၏ ဟူသော သမုစ္စည်းသမ္ဘိဏ္ဍနအနက်ကိုပြလို၍ (ဂ)ဝါကျ၌ ပိ(အပိ)သဒ္ဒါထားသည်။

(တနည်း) ဟေတုဓမ္မာ–ဟူသော သမာသ်ပုဒ်အဖြစ်မှတပါး ဟေတူ ဓမ္မာ–ဟူသော ဝါကျအဖြစ်ကို လဲလှယ် ပြလို၍ ပိ(အပိ)–သဒ္ဒါ ထားသည်။

## (၄)

* ဟေတုကာနံ+ဂေါစ္ဆော သမူဟော ဟေတုဂေါစ္ဆော။
* ဂေါစ္ဆသဒ္ဒေါ ဟေဋ္ဌ သမူဟဝါစကော။
* ဟေတုဂေါစ္ဆေန+သမ္ဗန္ဓာ ဟုတွာ ဋ္ဌိတာ ဟေတုဂေါစ္ဆကာ။ (ယောဇနာ။၅၉။)
✔ ဟိတ်အပေါင်း၏+ စပ်သည်ဖြစ်၍ တည်သောတရားတို့နှင့် အပေါင်း+အစိတ်စပ်– ဗျု–နိ။
✔ ဟေတုဂေါစ္ဆကတရားတို့၏ တစ်ခုသည်–ဓာတ်သည်–ပ–နိ။
" မာတိကာအရကောက်ဂဏ္ဌိ။၂၈၁–လာ–ဂေါစ္ဆကဝိဂ္ဂဟ"
* ဂုဓေတိ ပရိဝေဌေတီတိ ဂေါစ္ဆကံ။ ဂေါစ္ဆကမိဝ ဂေါစ္ဆကံ ။
✔ ဂေါစ္ဆကပုဒ်+ ဏာပစ္စည်းသည်၄င်း, ပန်းထွတ်–ပန်းပြွတ်–ပန်းချက်ပန်းလက်တို့၏+ဂေါစ္ဆကတရား တို့နှင့်ဥပမာန+ဥပမေယျ–စပ်–၄င်း ဗျု–နိ။
✔ ဂေါစ္ဆကတရားတို့ ၏တစ်ခုသည်–ဓာတ်သည် ပ–နိ။

http://www.dhammadownload.com



* ဒွိန္နံ + သမူဟော ဒုကံ။ (မအူ၊သျှ၊၃။၂၄၇။)
* ဒွေ ပရိမာဏံ အဿာတိ ဒုကံ။ (နီရုတ္တိ။၄၉၅)
* ဒုကာနံ မာတိကာ ဒုကမာတိကာ။ (ဒုက်တို့၏+အကျဉ်းချုပ်ခေါင်းစဉ်မာတိကာ။)
  (တိပိဋကပါဠိမြန်မာအဘိဓာန်။အတွဲ-၁၀။)
* ဓမ္မေ ပုတ္တံ မာနေတီတိ မာတာ။ မာတာဝိယာတိ မာတိကာ။

(တနည်း:) ပရမတ္ထဓမ္မာ ဒွေ ကတွာ ကီယန္တိ ကထီယန္တိ ဧတ္ထ, ဧတေနာတိ ဝါ ဒုကော။

* အာဂစ္ဆန္တီတိ အာဂတာနိ။ အာဂစ္ဆိံသူတိ ဝါ အာဂတာနိ။
* န+အာဂတာနိ အနာဂတာနိ။
* အနာဂတာနိစ တာနိ ပဒါနိစာတိ အနာဂတပဒါနိ။
* ဝဏ္ဏီယတိ သံဝဏ္ဏီယတိ (သံဝဏ္ဏေတဗ္ဗဿ) အတ္ထော ဧတာယာတိ ဝဏ္ဏနာ။
* အနာဂတပဒါနံ+ဝဏ္ဏနာ အနာဂတပဒဝဏ္ဏနာ။
  (မလာသောပုဒ်တို့၏+အဖွင့်သံဝဏ္ဏနာနှင့် ဥဒ္ဒေသ+နိဒ္ဒေသ၊ သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာစပ်)
* မူလတိ ပတိဋ္ဌာတိ ဧတ္ထာတိ မူလံ။
* မူလဿ ဘာဝေါ မူလံ။
* အရီယတိ ဉာယတီတိ အတ္ထော။
* မူလမေဝ အတ္ထော မူလဋ္ဌော။

(၅)

ဒုကမာတိကာယံ-ကား သမာသ်နာမ်ပုဒ်, ဣတ္ထိလိင်, ကညာဒိ, အာကာရန္တ။
တိကေသု-တဒ္ဓိတ်နာမ်, ပုံ, နပုံ, ပုရိသာဒိ, စိတ္တာဒိ, အကာရန္တ။
အနာဂတပဒဝဏ္ဏနံ-သမာသ်နာမ်, ဣတ္ထိလိင်, ကညာဒိ, အာကာရန္တ။
မူလဋ္ဌေန-သမာသ်နာမ်, ပုံ, ပုရိသာဒိ, အကာရန္တ။
သမ္ပယောဂတော-အဗျယတဒ္ဓိတ်ပုဒ်, အလိင်, ဂဏဝိမုတ်, ဩကာရန္တ။
ဟေတု-ကိတ်နာမ်, ပုံလိင်, ရတ္တာဒိ, ဥကာရန္တ။

(၆)

(ခ) မူလဋ္ဌေန-ဖြင့် ဟေတုဓမ္မာ-၌-ဟေတု-သဒ္ဒါသည် မဂ္ဂဟေတုကာ၌ ဟေတု-ကဲ့သို့ ပစ္စယအနက်ကိုမဟော၊ မူလအနက်ကိုဟောသည်ကိုသိစေသည်။

(တနည်း:) မူလဋ္ဌေန-ဖြင့် ဟေတုဓမ္မာ-၌ ဟေတု-ကို ဟိနောတိ ပတိဋ္ဌာတိ ဧတ္ထ, ဧတေနာတိ ဝါ ဟေတု-ဟုဝစနတ္ထပြ၍-ဟေတု-အရ ဥတ္တမဟေတု, ပစ္စယဟေတု, သာဓာရဏဟေတုတို့ကို မယူရ၊ ဟေတုဟေတုကိုသာယူရမည်ဟု သိစေ။

(တနည်း:) မူလဋ္ဌေန-ဖြင့် ဟေတုဓမ္မာ-၌ ပစ္စယမတ္တကြောင့် ဟေတုမည်သည်မဟုတ်၊ ကောင်းစွာတည်သည်၏အဖြစ်ကိုပြီးစေတတ်သော မူလ၏ အဖြစ်တည်းဟူသော သကတ်အနက်ကြောင့်သာ ဟေတုမည်သည်၏အဖြစ်ကိုသိစေသည်။

◆ မူလဋ္ဌေနာတိ သုပ္ပတိဋ္ဌိတဘာဝသာဓနေန မူလဘာဝေန။ န ပစ္စယမတ္တဋ္ဌေန။ (မူဋီ-၄၉)

http://www.dhammadownload.com



ဟေတုသမ္ပယုတ္တ ဓမ္မာ–ဖြင့် ဟေတုဓမ္မာ–ပုဒ်ကို ဟေတုသမ္ပယုတ္တ+ဓမ္မာ ဟေတုဓမ္မာ–ဟု သမ္ဗန္ဓနာ ကမ္မဓာရယ်သမာသ်ဝစနတ္ထ ပြုရမည်ကို သိစေသည်။

(ဂ)ဖြင့် "ဟေတုဓမ္မာ"ဟု သမာသ်သာရှိသည်မဟုတ်၊ ဟေတူ ဓမ္မာ–ဟု ဝါကျလည်းရှိ၏ဟု သိစေသည်။

(ဃ) တေသံ ယေဝ ပဋိက္ခေပဝစနံ–ဖြင့် န ဟေတူဓမ္မာ–၌ နသဒ္ဒါ၏ ပဋိက္ခေပ (ပဋိသေဓ) အနက်ဟော–ငှင်း, နဟေတူ–အရ ဟိတ်မဟုတ်သော (ဝါ) ဟိတ်မှတပါးသော တရားတို့ကို ယူ–ငှင်း သိစေသည်။

(င) သဟ ဟေတုနာ–ဖြင့် သဟေတုကာ–၌ သ–၏ သဟ သဒ္ဒါ၏ ကာရိယ–ငှင်း, သသဒ္ဒါ၏ သဟအနက်ဟော–ငှင်း, သဟ ဟေတုနာ ယေ ဝတ္တန္တိတိ သဟေတုကာ–ဟု သဟပုဗ္ဗပဒဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု–ငှင်း, က–၏ သမာသန္တက၏အဖြစ်ကိုငှင်း သိစေ။

သမ္ပယောဂတော ပဝတ္တေန–ဖြင့် ဟေတုနာ, သဟေတုကာ–တို့၌ ဟေတု–အရ ဇနကဟိတ်ကို မယူရ၊ သမ္ပယောဂဟိတ်ကို ယူရမည်ဟု သိစေ။

သမ္ပယောဂတော –ဖြင့် ဟိတ်နှင့် သဟိတ်တရားတို့ တကွဖြစ်၏ဟူသည် အာရုံ အာရမ္မဏိက–အားဖြင့် တကွဖြစ်သည်မဟုတ်, သဟဇာတ(သမ္ပယုတ္တ)ပစ္စည်း+ပစ္စယုပ္ပန်အားဖြင့် တကွဖြစ်၏–ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(စ) နတ္ထိ ဧတေသံ ဟေတူ–ဖြင့် အဟေတုကာ–၌ အ–၏ န–၏ကာရိယ–ငှင်း၊ ယင်းအ–၏ အဘာဝ, ဝိရဟအနက်ဟော–ငှင်း, နတ္ထိ ဟေတူ ဧတေသန္တိ အဟေတုကာ–ဟု နနိပါတ ပုဗ္ဗပဒစတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု–ငှင်း, က–၏ သမာသန္တက–၏ အဖြစ်ကိုငှင်း သိစေသည်။

တထေဝ ပဝတ္တော–ဖြင့် ဟေတု, အဟေတုကာ–တို့၌ ဟေတု–အရ ဇနကဟိတ်ကိုမယူရ, သမ္ပယောဂ ဟိတ်ကို ယူရမည်ဟုသိစေသည်။

(တနည်း) တထေဝ ပဝတ္တော–ဖြင့် (အဟေတုကဓမ္မတို့အားဟိတ်မရှိဟူသည်) သမ္ပယုတ်ဟိတ်သာမရှိသည်၊ ဇနကဟိတ်ကားရှိ၏ဟူသော အဓိပ္ပါယ်ကိုသိစေသည်။ (ကျော်စံထား။ ၂၁၆။)

(၇)

(က) အနာဂတပဒဝဏ္ဏနံ ယေဝ–၌ ဧဝ၏ဂဟေတဗ္ဗတ္ထ စသည်–

✔ အနာဂတပဒဝဏ္ဏနာသည် ဂဟေတဗ္ဗတ္ထ။

✔ အာဂတပဒဝဏ္ဏနာသည် နိဝတ္တေတဗ္ဗတ္ထ။

(ဃ) တေသံယေဝ ပဋိက္ခေပဝစနံ–၌ ဧဝ–ဂဟေတဗ္ဗတ္ထစသည်–––

✔ ဟေတူ ဓမ္မာ–၌ ပြဆိုခဲ့သော ဟိတ်တရားတို့သည် ဂဟေတဗ္ဗတ္ထ။

✔ ဟိတ်မှကြွင်းသောတရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။

(စ) တထေဝ–၌ ဧဝ၏ ဂဟေတဗ္ဗတ္ထစသည်––

✔ သမ္ပယုတ်ဟိတ်သည် ဂဟေတဗ္ဗတ္ထ။

✔ ဇနကဟိတ်သည် နိဝတ္တေတဗ္ဗတ္ထ။

(က) ပန–ကား ပက္ခန္တရဇောတက၊ (တနည်း) ဝါကျာရမ္ဘဇောတက။

(ခ) တာဝ–ကား ပဌမတ္ထ။

(စ) တထေဝ–၌ တထာ–ကား အနုကမုနတ္ထ။ ဧဝ–ကား အဝဓာရဏတ္ထ။

http://www.dhammadownload.com



(၈)

(က) ဝါကျ ကရိယာမ–၌ အန္တုတ္တ–အရ အဋ္ဌကထာဆရာ၏သန္တာန်၌ဖြစ်သော သတိ, ဝီရိယ, ဉာဏ် ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍–

✔ ထိုသည် ဒဿနတ္ထ။

✔ ယောနိသောမနသိကာရသည်၄င်း, တိကမာတိကာကို ဖွင့်ဆိုပြီးဖြစ်ခြင်းသည်၄င်း ဒီပကတ္ထ။

✔ တိက်ပုဒ်တို့၌မလာသော ဒုကမာတိကာပုဒ်တို့၏အဖွင့်ကို သောတုဇနတို့ သိရခြင်းသည် ပကာသနတ္ထ။

✔ သဒ္ဓမ္မဿဝန သပ္ပုရိသူပနိဿယစသည်သည်၄င်း၊ အဋ္ဌကထာဆရာ၏ ဗာဟုသစ္စဂုဏ်စသည် သည်၄င်း ဝိဘာဝတ္ထ။

✔ ဒုကမာတိကာပုဒ်တို့၏+အနက်,အဓိပ္ပါယ်ကိုသိသဖြင့်ကျင့်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန် တိုင်အောင် သော အကျိုးအဆက်အဆက်သည် အနုဘာဝတ္ထ။

(၉)

ဟေတူ ဓမ္မာ–အရ ဟိတ် ၆–ပါးရ၏။

နဟေတူဓမ္မာ–အရ စိတ်–၈၉, ဟိတ်–၆–ပါးကြဉ် စေ–၄၆, ရုပ်–၂၈, နိဗ္ဗာန်–ရ၏။

သဟေတုကာ ဓမ္မာ–အရ သဟိတ်စိတ် ၇၁၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ၅၂–ရ၏။

အဟေတုကာ ဓမ္မာ–အရ အဟိတ်စိတ်–၁၈၊ ဆန္ဒကြဉ်အညသမာန်းစေ –၁၂, မောဟမူဒွေး၌ မောဟ, ရုပ်–၂၈, နိဗ္ဗာန်–ရ၏။

(၁၀)

(က) အနာဂတပဒဝဏ္ဏနံ ယေဝ ကရိယာမ–၌–

အနာဂတပဒဝဏ္ဏနံ–အရ အနာဂတပဒဝဏ္ဏနာ–ဟူသော မနသာဝဝတ္ထပိတသဒ္ဒ (ပညတ်)သည်– ကရိယမ–၌ ကရဓာတ်–အရ သတိ,ဝီရိယ,ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။ ပြိုင်–မရှိ။

(ငင) ဟေတုနာ–အရ ဟိတ် ၆–ပါးပစ္စည်းတရားသည်–

ယေဓမ္မာ(အညပုဒ်)–အရ (ဝါ) သဟေတုကာ–အရ သဟိတ်စိတ် ၇၁, မောဟမူဒွေ–၌ မောဟကြဉ်သော စေတသိက် ဒွိပညာသပစ္စယုပ္ပန် တရားအား သဟဇာတ–ပြု။

ပြိုင်–ကြီး–၄, အည, သမ္ပ, ဟေ, ဓိ, ဣံ, မဂ် (၁၀) ပစ္စည်း။

==========================

ဝါကျဉယျာဉ် (၃၈)

(က) ကေပ္ပါဒါဒိတာယ ဟေတုနာ သမ္ပယုတ္တာတိ ဟေတုသမ္ပယုတ္တာ။

(ခ) ဟေတုနာ ဝိပ္ပယုတ္တာတိ ဟေတုဝိပ္ပယုတ္တာ။

(ဂ) ဣမေသံ ဒွိန္နမ္ပိ ဒုကာနံ ကိဥ္စာပိ အတ္ထတော နာနတ္တံ နတ္ထိ၊ ဒေသနာဝိလာသေန, ပန တထာ ဗုဇ္ဈနကာနံ ဝါ ပုဂ္ဂလာနံ အဇ္ဈာသယဝသေန ဝုတ္တာ။

ဋ။၈၉။ မူလဋီ။၄၉။ ယောဇနာ။၇၁။ ပြည်သျှ။၃၁၁။ ဘာသာဋီ။၃၄၆။ ကျော်စံဂဏ္ဌိ။၂၁၅။ မင်းခင်းဂဏ္ဌိ။၃၀၃။

==========================

http://www.dhammadownload.com



(၁)

ဟေတုသမ္ပယုတ္တာ–ဟိတ်နှင့် အညီအညွတ်စေကုပ္ပါဒတာ–အရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော။
ဟေတုဝိပ္ပယုတ္တာ–ဟိတ်နှင့် အညီအညွတ်စေကုပ္ပါဒတာ–အရှိသောအပြားတို့ဖြင့် မယှဉ်ကုန်သော။

(ဂ)ဝါကျ

စ–ဆက်။ ဒွိန္နမ္ပိ–ကုန်သော။ ဣမေသံ ဒုကာနံ–ဤသဟေတုကဒုက်, ဟေတုသမ္ပယုတ္တဒုက်တို့၏။ အတ္ထတော–အားဖြင့်။ နာနတ္တံ–သည်။ ကိဉ္စာပိ နတ္ထိ–မရှိပါပေ။ ပန တထာပိ–သော်လည်း။ ဒေသနာဝိလာသေန ဝါ–ဒေသနာတော်ကို တင့်တယ်စမွယ်စေတတ်သော သဗ္ဗညုတဉာဏ်၏ အစွမ်းဖြင့်၄င်း။ တထာတေဟိ ပကာရေဟိ–ထိုသို့ သဟေတုက, ဟေတုသမ္ပယုတ္တအပြားတို့ဖြင့်။ ဗုဇ္ဈန္တာနံ–သစ္စာလေးပါးတရားကို သိကုန်သော။ ပုဂ္ဂလာနံ–တို့၏။ အဇ္ဈာသယဝသေန ဝါ–ဖြင့်၄င်း။ ဒွေ ဒုကာ–တို့ကို။ ဝုတ္တာ–ကုန်၏။ (ပြည်သျှ)

(ယောဇနာနှင့် ပြည်သျှဆရာတော်တို့အလို ဤ(ဂ)ဝါကျ၌ "ဣမေသဉ္စ"ဟု စသဒ္ဒါရှိရမည်။)

( ၂ )

(ဂ) ဋ္ဌပနာဘောဂါဒီပဋ္ဌကပုစ္ဆာ

ဆရာ မြတ်စွာဘုရားသည် ဒုကမာတိကာ ဟေတုဂေါစ္ဆက–၌ သဟေတုကဒုက်၊ ဟေတုသမ္ပယုတ္တဒုက်တို့ကို ဟောတော်မူ၏။ ဤသို့ ဟောတော်မူသော်လည်း ယင်း ၂–ဒုက်တို့သည် အနက်အရကောက်အားဖြင့် တူညီကြသည်မဟုတ်ပါလော။ ထို့ကြောင့် သဟေတုကဒုက်, ဟေတုသမ္ပယုတ္တဒုက်ဟူ၍ နှစ်ဒုက်လုံးကို ဟောတော် မမူသင့်။ (နှစ်ဒုက်တွင် တစ်ဒုက်ဒုက်ကိုသာ ဟောသင့်၏) အဘယ့်ကြောင့် (ဝါ) အဘယ်အစွမ်းအားဖြင့် နှစ်ဒုက်လုံးကို ဟောတော်မူပါသနည်း။ ဤသို့–(ဂ) မိန့်။

အဓိပ္ပါယ်ကား။ ။ ယင်းနှစ်ဒုက်တို့သည် အနက်အရကောက်အားဖြင့်တူညီကြသော်လည်း ဒေသနာဝိလာသ၏အစွမ်းဖြင့်၄င်း, ပုဂ္ဂလဇ္ဈာသယ၏အစွမ်းဖြင့်၄င်း, ဒုက်နှစ်ဒုက်လုံးကို ဟောတော်မူပါ၏ဟူလို။

(ဂ)သို့ ပါပနာဒီတက်ပုံ

ဋ္ဌပနာတူ၏။ ထိုသော် ယင်းနှစ်ဒုက်တို့သည် အနက်အရကောက်အားဖြင့် ထူး၏ဟူသောအနက်သည် ရောက်ရာ၏။ စင်–ကား ထိုအနက်သည်မရောက်သင့်။ ထို့ကြောင့် ယင်းနှစ်ဒုက်တို့ကို ဟောတော်မူခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်၊ နေချေသော် ဒေသကဘုရားရှင်အား ပုနရုတ္တိ–၏။ အဘယ့်ကြောင့်(ဝါ) အဘယ်၏ အစွမ်းအားဖြင့် နှစ်ဒုက်လုံးကို ဟောတော်မူပါသနည်း။ ဤသို့ (ဂ)မိန့်။

(၃)

(ဂ) ဗုဇ္ဈန္တာနံဝါ–၌ ဝါ–သဒ္ဒါ ထားရခြင်း

ဒေသနာဝိလာသဟူသောအကြောင်းမှတပါး ပုဂ္ဂလဇ္ဈာသယဟူသောအကြောင်းတစ်ပါးကို လဲလိုသော ကြောင့် (ဂ)၌ ဝါ–သဒ္ဒါထားသည်။

ကိဉ္စာပိ–သဒ္ဒါထားရခြင်း

နှစ်ပါးကုန်သော သဟေတုကဒုက်, ဟေတုသမ္ပယုတ္တဒုက်တို့သည် အနက်အရကောက်အားဖြင့် ထူးသည်၏အဖြစ်မရှိဟူသော ဂရဟတ္ထကို ပြလိုသောကြောင့် ကိဉ္စာပိ–ထားသည်။

http://www.dhammadownload.com



(တနည်း) ဤ၌ ပါဠိတော်ဟုဆိုအပ်သောသဒ္ဒါကို မနှစ်သက်သောကြောင့် ကိဋ္ဌာပိ–ထားသည်။

(တနည်း) သဟေတုကဒုက်နှင့် သမ္ပယုတ္တဒုက်တို့သည် အနက်အရကောက်အားဖြင့် ထူးသည်၏အဖြစ် မရှိသည်ကားမှန်၏၊ ယင်းသို့မထူးသော်လည်း ဒေသနာဝိလာသ၏အစွမ်းဖြင့်၄င်း, ပုဂ္ဂလဇ္ဈာသယ၏ အစွမ်းဖြင့် ၄င်း ယင်းဒုက်–၂–ပါးလုံးကို ဟောတော်မူ၏။ ဤသို့စောဒကပုဂ္ဂိုလ်၏စကားကို တစ်စိတ်တစ်ဒေသ ဝန်ခံ၍ ထိုစောဒက၏ စကားကို ပယ်လှန်တွန်းဖြိုး၍ အဖြေကို ပြလိုသောကြောင့် (ဂ)၌ ကိဋ္ဌာပိ–ထားသည်။ (ဝါကျဥယျာဉ်–၂၅။ ဒသနတိက်အဖွင့်၌လည်းပါခဲ့ပြီ။)

(ဂ)၌ ပန–သဒ္ဒါထားရခြင်း။

ဒေသနာဝိလာသ၏အစွမ်းဖြင့်၄င်း, ပုဂ္ဂလဇ္ဈာသယ၏အစွမ်းဖြင့်၄င်း, သဟေတုကဒုက်, ဟေတုသမ္ပယုတ္တဒုက်ဟူသော ဒုက်–၂–ပါးကို ဟောအပ်ကုန်၏ဟူသော သမ္ဘာဝနာဇောတကကို ပြလိုသောကြောင့် (ဂ)၌ ပန–သဒ္ဒါ ထားရပါသည်။

(၄)

* ဒေသီယတီတိ ဒေသနာ။ ဒေသီယတိ အတ္တော ဧတာယာတိ ဝါ ဒေသနာ။

* ဝိလာသေတီတိ ဝိလာသော။ (ဝိ+လသ+ဏ။တင့်တယ်စမွယ်စေခြင်းကြိယာ)

* ဒေသနာယ ဝိလာသော ဒေသနာဝိလာသော။ (ယောဇနာ။ ၇၁)

* (တနည်း) ဒေသနံ+ဝိလာသော ဒေသနာဝိလာသော။ (ဘာသာဋီကာ)

✔ဒေသနာတော်၏+တင့်တယ်စမွယ်စေတတ်သော သဗ္ဗညုတဉာဏ်တော်နှင့် ကိုး+ကြောင်းစပ် ဗျု–နိ။

✔(သဗ္ဗညုတဉာဏ်၏) ဒေသနာတော်ကိုတင့်တယ်စမွယ်စေတတ်သည်၏အဖြစ်တည်းဟူသော ဂုဏ် သည်–ပ–နိ၊

* ဗုဇ္ဈန္တီတိ ဗုဇ္ဈန္တာ။ (ဗုဓ+ယ+အန္တ။သိခြင်းကြိယာ။)
နာနာ ဘာဝေါ နာနတ္တံ။

✔ ထူးကုန်သောသဟေတုကဒုက်,ဟေတုသမ္ပယုတ္တဒုက်တို့၏+ထူးခြင်းဂုဏ်နှင့် ဂုဏေး+ဂုဏ်–စပ် ဗျု–နိ။

✔ ထူးခြင်းဂုဏ်သည်–ပ–နိ။

* စိတ္တံ အဓိဂန္ဒွာ သယတီတိ အဇ္ဈာသယော ။
အထဝါ အာရမ္မဏံ အဓိကိစ္စ သီယတိ ပဝတ္တီယတီတိ အဇ္ဈာသယော၊(အဓိ,အာရှေး+သီဓာတ်၊ဏ )
အဇ္ဈာသယဿ+ဝသော အဇ္ဈာသယဝသော။

(၅)

နာနတ္တံ–ကား–တဒ္ဓိတ်နာမ်, နပုံး, စိတ္တာဒိ, အကာရန္တ။
ဗုဇ္ဈန္တာနံ–ကား ကိတ်နာမ်, ပုံ, ဂစ္ဆန္တာဒိ, အကာရန္တ။
ဣမေသံ–ကား သဗ္ဗနာမ်, ပုံ, ပုရိသာဒိ, အာကာရန္တ။
ဒွိန္နံ–ကား–သဗ္ဗနာမ်, ပုံ, သဗ္ဗနာမ်ဂိုဏ်း, ဣကာရန္တ။

http://www.dhammadownload.com



(၆)

(က) ဟေတုနာ သမ္ပယုတ္တာ–ဖြင့် ဟေတုသမ္ပယုတ္တာပုဒ်ကို တတိယာတပ္ပုရိသ် ဝစနတ္ထပြု သိစေ။

ကေ့ပ္ပါဒါဒိတာယ–ဖြင့် သမ္ပယုတ္တာ–၌ ပ–အရ ကေ့ပ္ပါဒတာ–စသော သမ္ပယောဂ လက္ခဏာ–၄–ပါးကို ယူရမည်ဟု သိစေသည်။

(တနည်း) အညီအညွတ်အပြားတို့ဖြင့် ယှဉ်၏–ဟူသည် ကေ့ပ္ပါဒတာ–အစရှိသော အပြားတို့ဖြင့် ယှဉ်ခြင်းပင်တည်းဟူသောအဓိပ္ပါယ်ကို သိစေသည်။

(ခ) ဖြင့် သမာသလိင်္ဂပဒတ္ထ သိစေသည်။

(၇)

(က) သမ္ပယုတ္တာ–၌ သံ–ကား သမတ္ထ။ ပ–ကား ပကာရတ္ထ။

(ခ) ဝိပ္ပယုတ္တ–၌ ဝိ–ကား ဝိယောဂတ္ထ, ပဋိသေဓတ္ထ, အဘာဝတ္ထ။

(ဂ) နိဇ္ဇနိမ္မိ–၌ ဝိ–ကား အဝယသမုစ္စယတ္ထ။

ကိဋ္ဌာဝိ–ကား အရုဗျတ္ထ, ဂရဟာတ္ထ။

ပန–ကား အနုဂ္ဂဟတ္ထ, သမ္ဘာဝနတ္ထ, ဝိသေသတ္ထ။

♦ ပနသဒ္ဒေါ ဝိသေသတ္ထော (ယောဇနာ)

ဣမေသံ–၌ ဣမ–ကား ဒုကာနံဟုအစွဲတိုက်ရိုက်ပါရှိသောကြောင့် ပသိဒ္ဓဝိသယ။

(၈)

ဒေသနာဝိလာသ–အရ သဗ္ဗညုတညာဏ်ကိုယူ၍–

| | |
|---|---|
| ✔ ထိုသည် | ဒဿနတ္ထ။ |
| ✔ အရဟတ္တမဂ်ညာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့သည် | ဒီပကတ္ထ။ |
| ✔ သကလဗုဒ္ဓဂုဏ်၊ ဒေသနာညာဏ်တော်တို့သည် | ပကာသနတ္ထ။ |
| ✔ ပါရမီဉာဏ်၊ ဝိပဿနာဉာဏ်၊ အောက်မဂ်အောက်ဖိုလ်ညာဏ်တို့သည် | ဝိဘာဝတ္ထ။ |
| ✔ ဝေနေယျသတ္တဝါတို့ သဟေတုကတရားနှင့် ဟေတုသမ္ပယုတ္တတရားတို့ကိုသိရခြင်းအစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် | အနုဘာဝတ္ထ။ |

(ဒ၊ ရ၊ ဘိနီ–စသော ဆောင်ပုဒ်နှင့်အညီ)

ဒေသနာ–၌– ဒိသီ–ဓာတ်အရ ဒေသနာဉာဏ်ကိုယူ၊

ယု–ပစ္စည်း–အရ သဟေတုကာ ဓမ္မာ–စသော ဝစီဘေဒသဒ္ဒကိုယူ။

(၉)

ဗုဇ္ဈနာကာရ–၌ ဗုဓ–ဓာတ်အရ ဝေနေယျပုဂ္ဂိုလ်တို့၏ သန္တာန်၌ သစ္စာ ၄–ပါးကိုသိသော မဂ်ဉာဏ်ကိုယူ။ (ပြည်သျှအလို)

(တနည်း) သဟေတုက, ဟေတုသမ္ပယုတ္တတရားတို့ကို သိနားလည်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ကိုယူ။ (ဘာသာဋီအလို။)

http://www.dhammadownload.com



(၁၀)

ဒေသနာဝိလာသေန+ဝုတ္တာ-၌-

* ဒေသနာဝိလာသေန-အရ တရားမဟောမီ ရှေ့အဘို့၌ဖြစ်သော သဗ္ဗညုတဉာဏ်သည်-
ဝုတ္တာ-၌ တ-ပစ္စည်းအရ သဟေတုကာ ဓမ္မာစသော ဝစီဘေဒသဒ္ဒအား ပကတူပ--ပြု။
* ဒေသနာဝိလာသေန-အရ တရားဟောဆဲခဏ၌ဖြစ်သော ဒေသနာဉာဏ်, သဗ္ဗညုတဉာဏ်တရားသည်-
ဝုတ္တာ-၌ တ-ပစ္စည်းအရ သဟေတုကာဓမ္မာစသော ဝစီဘေဒသဒ္ဒအား သဟဇာတ-ပြု။
ပြိုင်=သဟကြီး-၄, ဝိပ္ပယုတ္တ, ဟော, မိ, ဣံ, မဂ် (၉) ပစ္စည်း။

* ဒေသနာဝိလာသေန-အရ တရားမဟောမီ ရှေးအဘို့၌ဖြစ်သော သဗ္ဗညုတဉာဏ်သည်-
ဝုတ္တာ-၌ဝစ-ဓာတ်အရ တရားဟောဆဲခဏ၌ဖြစ်သော သဗ္ဗညုတဉာဏ် (ဝါ)ဒေသနာဉာဏ်အား ပကတူပ-ပြု။
* ဒေသနာဝိလာသေန-အရ တရားဟောဆဲခဏ၌ဖြစ်သော သဗ္ဗညုတဉာဏ် (ဝါ)ဒေသာနဉာဏ်ပစ္စည်း တရားသည်-
ဝုတ္တာ-၌ ဝစ-ဓာတ်အရ ဉာဏ်ကြဉ်သောမဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ-ပြု။
ပြိုင်-ကြီး-၄, အညု, သမ္ပ, ဟော, မိ, ဣံ, မဂ် (၁၀)ပစ္စည်း။

အဇ္ဈာသယဝသေန ဝုတ္တာ-၌-
အဇ္ဈာသယဝသေန-အရ သတ္တဝါတို့၏ အဇ္ဈာသယအလိုဆန္ဒဟူသော ပစ္စည်းတရားသည်-
ဝုတ္တာ-၌ ဝစ-ဓာတ်အရ ဘုရားရှင်၏ဒေသနာဉာဏ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ-ပြု။
ပြိုင်-အာ, မိ, ဥ (၃) ပစ္စည်း။
ဝုတ္တာ-၌ ဝစ-ဓာတ်အရ ဒေသနာဉာဏ်ပစ္စည်းတရားသည်-
တ-ပစ္စည်းအရ သဟေတုကာ ဓမ္မာ အစရှိသော ဝစီဘေဒသဒ္ဒအား သဟဇာတ-ပြု။
ပြိုင်-သဟကြီး-၄, ဝိပ္ပယုတ္တ, ဟော, မိ, ဣံ, မဂ် (၉) ပစ္စည်း။

========================

## ဝါကျဥယျာဉ် (၃၉)

(က) တတော ပရံ ပဌမဒုကံ ဒုတိယတတိယေဟိ သဒ္ဓိံ ယောဇေတွာ တေသံ "ဟေတူ န ဟေတူ"တိအာဒီနံ ပဒါနံ ဝသေန ယထာသမ္ဘဝတော အပရေပိ တယော ဒုကာ ဝုတ္တာ။
(ခ) တတ္ထ ယထေဝ "ဟေတူ စေဝ ဓမ္မာ သဟေတုကာ စာ"တိ ဇတံ သမ္ဘဝတိ၊ တထာ "ဟေတူ စေဝ ဓမ္မာ သဟေတုကာစာ"တိ ဣဒမ္ပိ။
(ဂ) ယထာစ "သဟေတုကာ စေဝ ဓမ္မာ န စ ဟေတူ"တိ ဇတံ သမ္ဘဝတိ၊ တထာ "အဟေတုကာ စေဝ ဓမ္မာ န စ ဟေတူ"တိ ဣဒမ္ပိ။
(ဃ) ဟေတုသမ္ပယုတ္တဒုကေန သဒ္ဓိံ ယောဇနာယပိ ဧသေဝ နယော။

ဋ္ဌ။၈၉။ မူလဋီ။၄၉။ ယောဇနာ။၇၁။ ပြည်သျှ။၁၁၃။ ဘာသာဋီ။၃၄၇။ ကျော်စံဂဏ္ဌိ။၂၁၆။ မင်းခင်းဂဏ္ဌိ။၁၀၅။

==============================

http://www.dhammadownload.com



(၁)

(က) တသော–ထိုဟေတုသမ္ပယုတ္တဒုက်မှ။ ပရံ–၌။ ပဌမဒုက်–ကို။ ဒုတိယတတိယေဟိ–ဒုတိယဖြစ်သော သဟေတုကဒုက်, တတိယဖြစ်သော ဟေတုသမ္ပယုတ္တဒုက်တို့နှင့် ။ပ။ တယော–ကုန်သော။ ဒုကာ–ဟေတုသဟေတုကဒုက်, ဟေတုဟေတုသမ္ပယုတ္တဒုက်, နဟေတုသဟေတုကဒုက်တို့ကို။ (ဘဂဝတာ–သည်။) ဝုတ္တာ–ကုန်၏။

(ခ) တတ္ထ–ထိုပါဠိတော်၌။ (ပြည်သျှ။ ယောဇနာ)
တတ္ထ–ထိုနောက်သုံးဒုက်တို့တွင်။ (ဘာသာဋီကာ)

(ဂ) စ–ထိုမှတပါး။ (ပြည်) စ–သည်သာမကသေး။ (ဘာသာဋီကာ)

( ၂ )

(ခ) ဝါကျ ပါပနာဒီပဋ္ဌက

ဆရာ–သည် (က)ဖြင့် ပထမဒုက်ကို ဒုတိယဒုက်, တတိယဒုက်တို့နှင့် ယှဉ်စပ်၍ ဖြစ်သင့်သည့်အား လျော်စွာ သုံးပါးကုန်သော မိဿကဒုက်တို့ကို။ (ဟေတုသဟေတုကဒုက်, ဟေတု ဟေတုသမ္ပယုတ္တဒုက်, နဟေတုသဟေတုကဒုက်တို့ကို) ဘုရားရှင်ဟောတော်မူသောဟုဆို၏။ ထို––သော် ပါဠိတော်၌ ဟောတော်မူအပ်သော မိဿက ၃–ဒုက်တို့သာ ဖြစ်သင့်၏ဟူသောအနက်သည် ရောက်ရာ၏။ စင်––ကား ထိုအနက်သည် မရောက်သင့်။ ထို–––ကြောင့် ပါဠိတော်၌ ဟောအပ်သော မိဿကဒုက်တို့ကဲ့သို့ တစ်ခြားဖြစ်သင့်သော မိဿကဒုက်တို့ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်တန်ရာ။ မပြဆိုဘဲ နေချေသော် ဆရာအား အဗျာပိတ, အပရိပုဏ္ဏ––၏။ ပါဠိတော်၌ ဟောအပ်သော မိဿကဒုက်တို့ကဲ့သို့ တခြားဖြစ်သင့်သော မိဿကဒုက်တို့ကား အဘယ်ပါနည်း။ ဤသို့––(ခ) မိန့်။

အဓိပ္ပါယ်ကား= ပါဠိတော်၌ ဟောအပ်သော သုံးပါးသော မိဿကဒုက်တို့ကဲ့သို့ တစ်ခြားဖြစ်သင့်သော မိဿကဒုက်တို့ကိုလည်း ငါပြဆိုသည်ဖြစ်သောကြောင့် ။ပ။ ဟူလို။

( ၃ )

(က) ယထာသမ္ဘဝတော–သဒ္ဒါထားရခြင်း။

ဓမ္မကောဋ္ဌာသ၏ အစွမ်းဖြင့် ပ–ဒု–တ (၃)ဒုက်သာ ဖြစ်သည်မဟုတ်၊ ပထမဒုက်ကို ဒုတိယဒုက်, တတိယဒုက်တို့နှင့် ယှဉ်စပ်၍ မိဿက–သုံးဒုက်တို့ဖြစ်သင့်၏ ဖြစ်နိုင်၏–ဟုအနက် ရောက်သောအားဖြင့် ပြသော အရာဌာနဖြစ်သောကြောင့် (က) ၌ ယထာသမ္ဘဝတော–သဒ္ဒါထားသည်။

(ခ) (ဂ) တို့၌ သမ္ဘဝတိ–ထားရခြင်း

ဟေတုသဟေတုကဒုက်ဖြစ်သကဲ့သို့ ဟေတုအဟေတုကဒုက်လည်း (ဘုရားဟောပါဠိတော် မရှိစေကာမူ) ဖြစ်သင့်၏ဟု အနက်ရောက်သည်ကို ပြဆိုသောအရာဌာန ဖြစ်သောကြောင့် သမ္ဘဝတိ–သဒ္ဒါ ထားသည်။ (ဤကားအကျဉ်းဖြေပုံတည်း။)

ပထမဒုက်ကို "မူ"ခံ၍ ဒုတိယဒုက် ပထမပုဒ်ကို မူလီသွင်း၍ "ဟေတူစေဝ ဓမ္မာ သဟေတုကာစ၊ သဟေတုကာစေဝ ဓမ္မာ နစ ဟေတု"ဟူသော ဒုက်သာဖြစ်သင့်သည်မဟုတ်၊ ထိုဒုက်ကဲ့သို့ ပထမဒုက်ကို မူခံ၍ ဒုတိယဒုက် ဒုတိယပုဒ်ကို မူလီသွင်း၍ "ဟေတူစေဝ ဓမ္မာ အဟေတုကာစ၊ အဟေတုကာစေဝ ဓမ္မာ နစ ဟေတု"ဟူသော ဒုက်လည်းဖြစ်သင့်၏ဟု အနက်ရောက်သောအားဖြင့် ပြသော အရာဌာန ဖြစ်သောကြောင့် (ခ)(ဂ)တို့၌ သမ္ဘဝတိ–သဒ္ဒါထားသည်။ (ဤကားအကျယ်ဖြေပုံတည်း။)

http://www.dhammadownload.com



◆ ဓမ္မာစရိယမေးခွန်းထုတ်စည်းမျဉ်းအဖြေ၌ကား––"ဤဓမ္မသင်္ဂဏီပါဠိတော်၌ ဟေတုဒုက်ကိုမူထား၍ သဟေတုကဒုက် ပထမပုဒ်ဖြစ်သော သဟေတုပုဒ်ကို မူလီသွင်း၍ "ဟေတူ စေဝ ဓမ္မာ သဟေတုကာစ၊ သဟေတုကာ စေဝ ဓမ္မာ နစ ဟေတူ"–ဟူသောဒုက်ဖြစ်သကဲ့သို့ ဒုတိယ, တတိယဒုက်တို့၏ ဒုတိယပုဒ်ကိုထည့်သွင်း၍ (၁) ဟေတူစေဝ ဓမ္မာ အဟေတုကာစ၊ အဟေတုကာစေဝ ဓမ္မာ နစ ဟေတူ (၂)ဟေတူစေဝ ဓမ္မာ ဟေတုဝိပ္ပယုတ္တာစ၊ ဟေတုဝိပ္ပယုတ္တာ စေဝ ဓမ္မာ နစ ဟေတူ– အစရှိသော ဒုက်ပွါးကို အတ္ထာပန္န ပြလိုသောကြောင့် သမ္ဘဝတော, သမ္ဘဝတိ–သဒ္ဒါထားသည်"ဟု ပြဆိုထားသည်။

(၄)

¤ နိယတိ ဉာယတိ ဧတေနာတိ နယော။

✔ နိဓာတ်+အပစ္စည်းသည်၄င်း, အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏အကြောင်းဖြစ်သော သိခြင်းကြိယာသည်၄င်း ဗျု–နီ။

✔ အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော သိခြင်းကြိယာသည် ပ–နီ။

(၅)

| | |
|---|---|
| သဒ္ဒိံ–ကား | = နိပါတ်ပုဒ်, အလိင်, ဂဏာဝိမုတ်, နိဂ္ဂဟိတန္တ။ |
| ဧသော–ကား | = သဗ္ဗနာမ်, ပုံလိင်, ပုရိသာဒိ, အ–ကာရန္တ။ |
| ဧဝ–ကား | = နိပါတ်, အလိင်, ဂဏာဝိမုတ်, အ–ကာရန္တ။ |

(၆)

(ဃ) ဧသေဝနယော–ပါဠိဖြင့် ဟေတူ စေဝ ဓမ္မာ ဟေတုသမ္ပယုတ္တာစ-ဟူသောပုဒ်သည် ဖြစ်သင့်၍ ယူအပ်ပြီး ဖြစ်သကဲ့သို့ "ဟေတူစေဝ ဓမ္မာ ဟေတုဝိပ္ပယုတ္တာ စ"ဟူသောပုဒ်သည်လည်း ဖြစ်သင့်၍ ယူထိုက်၏။ "ဟေတုသမ္ပယုတ္တာ စေဝ ဓမ္မာ နစ ဟေတု"ဟူသောပုဒ်သည်ဖြစ်သင့်၍ ယူအပ်ပြီးဖြစ်သကဲ့သို့ "ဟေတုဝိပ္ပယုတ္တာစေဝ ဓမ္မာ နစဟေတု" ဟူသောပုဒ်သည်လည်း ဖြစ်သင့်၍ယူထိုက်၏–ဟူသောအဓိပ္ပါယ်ကို သိစေသည်။

◆ ဧသေဝ နယောတိ ယထေဝ ဟေတူစေဝ ဓမ္မာ ဟေတုသမ္ပယုတ္တာစာတိ ဧတံ သမ္ဘဝတိ၊ တထာ ဟေတူ စေဝ ဓမ္မာ ဟေတုဝိပ္ပယုတ္တာစာတိ လဒ္ဒဗ္ဗံ, ယထာစ ဟေတုသမ္ပယုတ္တာစေဝ ဓမ္မာ နစ ဟေတူတိ ဧတံ သမ္ဘဝတိ၊ တထာ ဟေတုဝိပ္ပယုတ္တာစေဝ ဓမ္မာ နစ ဟေတူတိ လဒ္ဒဗ္ဗီတိ ဉာပေတိ။ (ယောဇနာ)

(၇)

(က) အပရေပိ–၌ ပိ–ကား သမုစ္စည်း။
တတော–၌ တ–ကား ဆိုခဲ့ပြီး ဟေတုသမ္ပယုတ္တဒုက်ကိုစွဲ– ပက္ကန္တဝိသယ။
တေသံ–၌ တ–ကား ပဒါနံ–ဟုအစွဲတိုက်ရိုက်ပါရှိ––ပသိဒ္ဓဝိသယ။

(ဂ) ယထာစ–၌ စ–ကား ပက္ခန္တရဇောတက။

(၈)

(က) ဝုတ္တာ–၌ ဝစ–ဓာတ်အရ မြတ်စွာဘုရား၏ဒေသနာဉာဏ်တော်ကိုယူ။
ဝုတ္တာ–၌ တ–ပစ္စည်းအရ ဟေတူစေဝ ဓမ္မာ သဟေတုကာစ အစရှိသော ဒေသနာတော်တည်းဟူသော ဝစီဘေဒသဒ္ဒ–ကိုယူ။

http://www.dhammadownload.com



(၉)

(ခ)(ဂ)အလို ဖြစ်သင့်သောသမ္ဗဝဒုက်ကား–ဟေတူစေဝ ဓမ္မာ အဟေတုကာစ၊ အဟေတုကာ စေဝ ဓမ္မာ နစ ဟေတု–ဟူသော ဟေတုအဟေတုကဒုက်ဖြစ်သည်။

(ဃ)အလို ဖြစ်သင့်သောသမ္ဗဝဒုက်ကား–ဟေတူစေဝ ဓမ္မာ ဟေတုဝိပ္ပယုတ္တာစ၊ ဟေတုဝိပ္ပယုတ္တာ စေဝ ဓမ္မာ နစေ ဟေတု–ဟူသော "ဟေတု ဟေတု ဝိပ္ပယုတ္တဒုက်ဖြစ်သည်။

◆ သမ္ဗဝတိကို ထောက်၍ ပါဠိတော်၌ တိုက်ရိုက်မပါဘဲ အဋ္ဌကထာ ဋီကာတို့ယူဆောင်၍ ပြအပ်သော ဒုက်များကို "သမ္ဗဝဒုက်"ဟုခေါ်ကြသည်။

(၁၀)

(က) တယော ဒုကာ+ဝုတ္တာ–၌

ဝစ–ဓာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်သည်–

တ–ပစ္စည်းအရ၊ တယော ဒုကာ–အရဟေတူစေဝ ဓမ္မာ သဟေတုကာစ–အစရှိသော ဒေသနာတော် တည်းဟူသော ဝစီဘေဒသဒ္ဒအား သဟဇာတ–ပြု။

ပြိုင်–သဟကြီး–၄၊ ဝိပ္ပယုတ္တ၊ ဟော၊ ဓိ၊ ဣံ၊ မဂ် (၉) ပစ္စည်း။

ဝုတ္တာ–၌ တ–ပစ္စည်းနှင့် တယော ဒုကာ–အရ ဟေတူစေဝ ဓမ္မာ သဟေတုကာစ–အစရှိသော ဒေသေတဗ္ဗဓမ္မ အာရုံပစ္စည်းတရားသည်–

ဝစ–ဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု။

ပြိုင်–အာ၊ ဓိ၊ ဥ (၃) ပစ္စည်း။

========================

## ဝါကျဥယျာဉ်(၄၀)

(က) တတြ ယဒေတံ "န ဟေတူ ဓမ္မာ သဟေတုကာပိ အဟေတုကာပိ"တိ သိဒ္ဓေ "န ဟေတူ ခေါ ပန ဓမ္မာ"တိ အတိရိတ္တံ "ခေါ ပနာ"တိ ပဒံ ဝုတ္တံ၊ တဿ ဝသေန အယံ အတိရေကတ္ထော သင်္ဂဟိတောတိ ဝေဒိတဗ္ဗော။

(ခ) ကထံ? န ကေဝလံ နဟေတုဓမ္မာဝ၊ အထ ခေါ အညေပိ၊ သဟေတုကာ အဟေတုကာ ဣစ္စေဝ၊ အထ ခေါ အညထာပီတိ။

(ဂ) ဣဒံ ဝုတ္တံ ဟောတိ "ယထေဝ ဟိ န ဟေတူ ဓမ္မာ သဟေတုကာပိ အဟေတုကာပိ၊ ဧဝံ ဟေတူ ဓမ္မာ သဟေတုကာပိ အဟေတုကာပိ။

(ဃ) ယထာ စ န ဟေတူ ဓမ္မာ သဟေတုကာပိ အဟေတုကာပိ၊ ဧဝံ န ဟေတူ ဓမ္မာ ဟေတုသမ္ပယုတ္တာပိ ဟေတုဝိပ္ပယုတ္တာပိ" တိ။

ဋ္ဌ။၈၉။ မူလဋီ။၅၀။ ယောဇနာ။၇၁။ ပြည်သျှ။၃၁၃။ ဘာသာဋီ။၃၄၉။ ကျော်စံဂဏ္ဌိ။၂၁၆။ မင်းခင်းဂဏ္ဌိ။၃၀၅။

============================

http://www.dhammadownload.com



(၁)

(ခ) လိုက်–ထည့်စပ်သင့်ပုဒ်များ လိုက်ထည့်စပ်၍–

ကထံ(ဝေဒိတဗ္ဗော)–မူကား။ ကေဝလံ–ဟေတုဓမ္မမဖက် သက်သက်။ နဟေတုဓမ္မာဝ–တို့သည်သာလျှင်။ နသမ္ပဝန္တိ–(သဟေတုက အဟေတုကအပြားဖြင့်)ဖြစ်သည်မဟုတ်ကုန်။ အထခေါ–ကား။ အညေပိ–နဟေတုဓမ္မမှ တပါးကုန်သော ဟေတုဓမ္မတို့သည်လည်း။ သမ္ပဝန္တိ–(သဟေတုကအဟေတုကအပြားဖြင့်) ဖြစ်ကုန်၏။ ကေဝလံ–သဟေတုက အဟေတုကမဖက် သက်သက်။ နဟေတူဓမ္မာ–တို့သည်။ သဟေတုကာ အဟေတုကာဏ္ဏစ္စေဝ–သဟေတုက အဟေတုကဟူသော အပြားဖြင့်သာလျှင်။ န သမ္ပဝန္တိ–ဖြစ်သည် မဟုတ်ကုန်။ အထခေါ–ကား။ အညထာပိ–သဟေတုက အဟေတုကအပြားမှ တပါးသော ဟေတုသမ္ပယုတ္တ ဟေတုဝိပ္ပယုတ္တ ဟူသော ဤအပြားဖြင့်လည်း။ သမ္ပဝန္တိ–ကုန်၏။ ဣတိ အယံ အတိရေကတ္ထော–ကို။ သင်္ဂဟိတော–သည်။ ဟောတိ။ (ဣတိ–ဝေဒိတဗ္ဗော)

(၂)

(က) ဝါကျ ဋ္ဌပနာဘောဂါဒိပဥ္စက

ဆရာ– မြတ်စွာဘုရားသည် နဟေတူ ခေါပန ဓမ္မာ–ဟူသောပုဒ်၌ အပိုအလွန်ဖြစ်သော ခေါပန ပုဒ်ကို ဟောတော်မူ၏။ ထိုသို့ဟောငြားသော်လည်း န ဟေတူဓမ္မာ သဟေတုကာပိ အဟေတုကာပိ–ဟူသောပါဠ်ဖြင့်ပင် (ခေါပန–မပါသော်လည်း) လိုအပ်သော အနက်ပြီးကောင်းသည် မဟုတ်ပါလော။ ထို့ကြောင့် နဟေတူ ခေါပန ဓမ္မာ–ဟူသောပုဒ်၌ ပိုလွန်သော ခေါပန–သဒ္ဒါကို ဘုရားမဟောသင့်။ ထိုသို့ပိုလွန်သော ခေါပန–၏ အစွမ်းဖြင့်သငြိုဟ်(ရေတွက်)အပ်သော ပိုလွန်သောအနက်ကိုလည်း ပြဆိုသင့်သေး၏။ ပိုလွန်သော အနက်ကား အဘယ်ပါနည်း။ ဤသို့–––(က)မိန့်။

(ခ) ပါပနာဒိပဥ္စက

ဆရာ–သည် (က)ဝါကျဖြင့် ခေါပန–ဟူသောသဒ္ဒါပိုဖြင့်အတိရေကတ္ထ(ပိုလွန်သောအနက်)ကို သငြိုဟ်ရေတွက် အပ်၏ (သိမ်းယူအပ်၏)ဟုဆို၏။ ထို–သော် ခေါပန–သဒ္ဒါပိုဖြင့် သငြိုဟ်ရေတွက်အပ်သော အတိရေကတ္ထ ဖြစ်ပုံကို မသိအပ်,မသိနိုင်ဟူသော အနက်သည်ရောက်ရာ၏။ (လ) ခေါပန–သဒ္ဒါပိုဖြင့် သငြိုဟ်အပ်သော အတိရေကတ္ထဖြစ်ပုံကား အဘယ်ပါနည်း။ ဤသို့–(ခ)မိန့်။

(ဃ) ဋ္ဌပနာဒိပဥ္စက

ဆရာ–သည် (ဂ)ဝါကျဖြင့်ခေါပန–သဒ္ဒါ၏အစွမ်းဖြင့် နဟေတူ ဓမ္မာ သဟေတုကာပိ, အဟေတုကာပိ–ဟူ၍ (နဟေတု သဟေတုကဒုက်) ရကောင်းသကဲ့သို့"ဟေတူဓမ္မာ သဟေတုကာပိ အဟေတုကာပိ"ဟူသော ဟေတုသဟေတုကာဟေတုကဒုက်လည်း ရနိုင်၏ဟုဆို၏။ထို–သော် ဟေတုသဟေတုကာဟေတုကဒုက်သာ ရကောင်း၏ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ ပ ။ အဘယ်သို့သောဒုက်လည်း ရနိုင်ပါသနည်း။ ဤသို့–––ယထာစ–စသော (ဃ)မိန့်၊

အဓိပ္ပာယ်ကား–"နဟေတူဓမ္မာ သဟေတုကာပိ အဟေတုကာပိ" ဟူ၍ နဟေတုသဟေတုက ဒုက်ကို ရထိုက်သကဲ့သို့ နဟေတူဓမ္မာ ဟေတုသမ္ပယုတ္တာပိ, ဟေတုဝိပ္ပယုတ္တာပိ–ဟူသော နဟေတု ဟေတုသမ္ပယုတ္တ ဟေတုဝိပ္ပယုတ္တဒုက်ကိုလည်း ရကောင်း၏ ရနိုင်သေး၏–ဟုလို။

http://www.dhammadownload.com



(၃)

(ဂ) ဣဒံ ဝုတ္တံ ဟောတိ–သဒ္ဒါထားရခြင်း

ဣဒံ, ဝုတ္တံ၊ ဟောတိစကာ၊ နေယျ–ဝက်၊ ဂုဋ္ဌတ္ထကြောင့်၊ ထိုက်စွာဖြောင့်ပြ၊ ပိဏ္ဍတ္ထ၊ မှတ်ကြ ကျမ်းဂန်လာ–ဟူသည်နှင့်အညီ–ရှေး(ခ)ဝါကျစကားရပ်၏နေယျတ္ထ, ဝက်တ္ထ,ဂုဋ္ဌတ္ထကြောင့် တိမ်မြုပ် ကွယ်ဝှက် ကောက်ကွေးနေသော အနက်ကို ထိုက်သည့်အားလျော်စွာ အဖြောင့်အားဖြင့် ဥဇုကတ္ထ,ဝါကျပိဏ္ဍတ္ထ–အားဖြင့် ပြလို၍ (ဂ) ဝါကျ၌ ဣဒံ ဝုတ္တံ ဟောတိ–သဒ္ဒါထားသည်။

(က) ဖြင့် နဟေတု ခေါပန ဓမ္မာ–၌ ခေါပန–သဒ္ဒါပိုဖြင့် ရအုပ်သော အတိရေကတ္ထကို ပြသောကြောင့် နိရုတ္တကဒေါသ–ကိုပယ်သည်။

(ခ) ဖြင့် အတိရေကတ္ထ ဖြစ်ပုံကို ပြသောကြောင့် ဝိရောဓိ–ဒေါသပယ်သည်။

(ဂ) ဖြင့် တိမ်မြုပ်ကွယ်ဝှက်ကောက်ကွေးနေသော (ခ)ဝါကျ စကားရပ်ကို အဖြောင့်ဥဇုကတ္ထ–အားဖြင့် ပေါ်လွင်ထင်ရှားအောင်ပြသောကြောင့် ဝိရောဓိဒေါသ–ပယ်သည်။

(ဃ) ဖြင့် တစ်ခြားရသင့်, ရကောင်းသော (သမ္ဘဝ)ဒုက်တို့ကို ပြသောကြောင့် အဗျာပိတဒေါသ ပယ်သည်။

(၄)

* အတိရိစ္စတီတိ အတိရိတ္တံ။ (အတိ+ရိစ+တ။ ဆိတ်သုဉ်းခြင်း၊ ပိုလွန်ခြင်းကြိယာ။)

* အတိရေစတီတိ အတိရေကော။ (အတိ+ရိစ+ဏ) ဝ

* အတိရေကော+ အတ္ထော အတိရေကတ္ထော။

(အတိရေကဂုဏ်၏+ အနက်ဒြပ်နှင့် ဂုဏ်+ဂုဏောစပ်။)

(၅)

ဣဒံ = သဗ္ဗနာမ်, နပုံလိင်, စိတ္တာဒိ, အ–ကာရန္တ။

ဝုတ္တံ = ကိတ်နာမ်, နပုံလိင်, စိတ္တာဒိ, အ–ကာရန္တ။

ဟောတိ = အာချာတ်, အလိင်, ဘူဝါဒိ, ဦကာရန္တ။

(၆)

(ခ) ကထံ–ဖြင့် ကထေတုကမျတာ ပုစ္ဆာကိုသိစေသည်။

နကေဝလံ နဟေတု ဓမ္မာဝ, အထခေါ အညေပိ–ဖြင့် နဟေတု ဓမ္မတို့သည်သာ သဟေတုကအဟေတုက မည်သည် မဟုတ်ကုန်သေး၊ တစ်ပါးကုန်သော ဟေတုဓမ္မတို့သည်လည်း သဟေတုက အဟေတုက မည်ကုန်သေး၏ဟူသော အနက်အဓိပ္ပါယ်ကို သိစေသည်။

သဟေတုကာ အဟေတုကာဏ္ဏစ္စေဝ, အထခေါ အညထာပိ–ဖြင့် နဟေတုဓမ္မတို့သည် သဟေတုက အဟေတုကသာဖြစ်ကြကုန်သည်မဟုတ်ကုန်သေး၊ ဟေတုသမ္ပယုတ္တ ဟေတုဝိပ္ပယုတ္တ–ဟူသော တစ်ပါးသော အခြင်းအရာအားဖြင့်လည်း ဖြစ်ကြကုန်သေး၏ဟူသော အနက်ကို သိစေသည်။

http://www.dhammadownload.com



(၇)

သဟေတုကာ အဟေတုကာ ဣစ္စေ၀-၌ ၀ေ၏ ဂဟေတဗ္ဗတ္ထစသည်-

✔ နဟေတုဓမ္မတို့၏ သဟေတုကအဟေတုကဟူသော အပြားအားဖြင့်ဖြစ်၏ဟူသော အနက်သည် ဂဟေတဗ္ဗတ္ထ။

✔ န ဟေတုဓမ္မတို့၏ သဟေတုက အဟေတုကဟူသောအပြားအားဖြင့် မဖြစ်ဟူသော အနက်သည် နိ၀တ္တေတဗ္ဗတ္ထ။

✔ န ဟေတုဓမ္မတို့သည် ဟေတုသမ္ပယုတ္တ ဟေတုဝိပ္ပယုတ္တဟူသောအပြားအားဖြင့်လည်း ဖြစ်သေး၏ ဟူသော အနက်သည် အနုညာတတ္ထ။

(က) ယဒေတံ-ကား ခေါပနာတိပဒံ-ဟု အစွဲတိုက်ရိုက်ပါသောကြောင့် ပသိဒ္ဓ။
တဿ-၌ တ-ကား ရှေး၀ါကျ၌ဆိုခဲ့ပြီး အတိရိတ္တံခေါပနာတိပဒံ-ကို စွဲသောကြောင့် ပက္ကန္တ။

(၈)

(က) ၀ုတ္တံ-၌ ၀စ-ဓာတ်အရ မြတ်စွာဘုရား၏ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုယူ၍၄င်း-
တ-ပစ္စည်းအရ ခေါပန-ဟူသော ၀စီဘေဒ သဒ္ဒကိုယူ၍၄င်း ကြိယာငါ်ုတန်ထုတ်။

ဝေဒိတဗ္ဗာ သဒ္ဒါထားရခြင်း

ဟေတုဓမ္မာ သဟေတုကာပိ အဟေတုကာပိ-အစရှိသော သမ္ဗန္ဓဒုက်တို့ကို မြတ်စွာဘုရား တိုက်ရိုက် မဟောကြားသော်လည်း ခေါပန-ဟူသော သဒ္ဒါပိုဖြင့် ဆောင်၍ သိအပ်ရကား နေယျတ္ထကို ပြလို၍ ဝေဒိတဗ္ဗာ-ထားသည်။

(၉)

ဟေတုဂေါစ္ဆက ဆဋ္ဌဒုက် (နဟေတု သဟေတုကဒုက်)၌-

✔ န ဟေတုခေါပန ဓမ္မာ သဟေတုကာပိ -ဟူသော (ပထမပဒ)အရ သဟိတ်စိတ် ကေသတ္တတိ, ဟိတ် ၆-ပါး ကြဉ်သော စေတသိက် ဆစတ္တာလီသ-ရ၏။

✔ န ဟေတု ခေါပန ဓမ္မာ အဟေတုကာပိ-ဟူသော ဒုတိယပဒအရ အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ် အညသမာန်းစေတသိက် ဒွါဒသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်-ရ၏။

* ခေါ ပန သဒ္ဒါပိုဖြင့်ပြအပ်သော သမ္ဗန္ဓဒုက် ၂-ဒုက်တို့သည် အထက်ပါ ဟေတုဂေါစ္ဆက၏ ဆဋ္ဌဒုက်နှင့် အရကောက်ပုံ လုံး၀တူ၏။

(၁၀)

(ဃ) န ဟေတူ ဓမ္မာ ဟေတုသမ္ပယုတ္တာပိ ဟေတုဝိပ္ပယုတ္တာပိ-၌-
န ဟေတူ ဓမ္မာ-အရ သဟိတ်စိတ် ၇၁၊ ဟိတ် ၆-ပါးကြဉ်သော စေတသိက် ၄၆-ပါးရ၏။
ဟေတုသမ္ပယုတ္တာပိ-အရလည်း ၄င်းတရားတို့ပင်ရ၏။ ထို့ကြောင့်-

✔ နဟေတူဓမ္မာ-အရ ဝေဒနက္ခန္ဓာ ပစ္စည်းတရားသည်-
ဟေတုသမ္ပယုတ္တာပိ-အရ ကျန်နာမက္ခန္ဓာ ၃-ပါးအား သဟဇာတ-ပြု-စသည်ဖြင့် အစိတ်အစိတ်ခွဲပြိုင်။

✔ န ဟေတူ ဓမ္မာ-အရ အဟိတ်စိတ် ၁၈-ခု၊ ဆန္ဒကြဉ် အညသမာန်းစေ- ၁၂၊ ရုပ်-၂၈၊ နိဗ္ဗာန်ရ၏။
ဟေတုဝိပ္ပယုတ္တာပိ-အရလည်း ၄င်းတရားတို့ပင်ရ၏။ သဟဇာတ-ပြိုင်လေ။

======================

http://www.dhammadownload.com



## ဝါကျဥယျာဉ်(၄၁)

(က) စုဋ္ဌနြရဒုကေသု အတ္တနော နိပ္ပါဒကေန သဟ ပစ္စယေနာတိ သပ္ပစ္စယာ။
(ခ) နတ္ထိ ဧတေသံ ဥပ္ပါဒေ ဝါ ဋ္ဌိတိယံ ဝါ ပစ္စယောတိ အပ္ပစ္စယာ။
(ဂ) ပစ္စယေဟိ သမာဂန္တွာ ကတာတိ သင်္ခတာ။ န သင်္ခတာတိ အသင်္ခတာ။
(ဃ) အဝိနိဗ္ဘောဂဝသေန ရူပံ ဧတေသံ အတ္ထီတိ ရူပိနော။
(င) တထာဝိဓံ နတ္ထိ ဧတေသံ ရူပန္တိ အရူပိနော။
(စ) ရုပ္ပနလက္ခဏံ ဝါ ရူပံ၊ တံ ဧတေသံ အတ္ထီတိ ရူပိနော။
(ဆ) န ရူပိနော အရူပိနော။

ဋ္ဌ။၉၀။ မူလဋီ။၅၀။ ယောဇနာ။၇၂။ ပြည်သျှ။၃၁၅။ ဘာသာဋီ။၃၅၀။ ကျော်စံဂဏ္ဌိ။၂၁၈။ မင်းခင်းဂဏ္ဌိ။၃၀၇။

==========================

### ( ၁ )

(ခ) စုဋ္ဌနြရဒုကေသု–တို့၌။ (အတ္ထော–ဓဝံ–ဝေဒိတဗ္ဗော–၏။ ယေဓမ္မာ–တို့သည်။ အတ္တနော–မိမိဟူသော ပစ္စယုပ္ပန်တရားကို။ နိပ္ပါဒကေန–သော။ ပစ္စယေန–ပစ္စယုပ္ပန်တရားနှင့်တူသောကာလရှိသော–ဟေတု,သဟဇာတ–အစရှိသောအကြောင်း၊ ပစ္စယုပ္ပန်တရားနှင့်တူသောကာလမရှိသောအနန္တရ–သမနန္တရ–အစရှိသောအကြောင်း၊ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်–ဟုဆိုအပ်သော အာရမ္မဏ, အဓိပတိ– အစရှိသော အကြောင်းတရားတို့နှင့်။ သဟ–တကွ။ ဝတ္တန္တိ–ကုန်၏။ (ပ)။

(ဃ)ဧတေသံ ဓမ္မာနံ–တို့အား။ (ပါ)တို့၏။ အဝိနိဗ္ဘောဂဝသေန–အသီးအသီးမခွဲခြမ်းမဝေဖန်အပ်သည်၏ အစွမ်းအားဖြင့်။ ရူပံ–ရူပါယတနသည်။ (ဝါ)ပထဝီစသောအစိတ်အစိတ်သောရုပ်သည်။ အတ္ထိ–ရှိ၏။ (ပ) ။

### ( ၂ )

### (စ)ပါပနာဒီပဋ္ဌက

ဆရာ–သည်(ဃ)ဝါကျဖြင့် ရူပိနော–ပုဒ်ကို ရူပံ ဧတေသံ အတ္ထီတိ ရူပိနော–ဟုဝစနတ္ထပြု၍ ရူပိနော–အရ ရူပါယတနကြဉ်သော–ရုပ်တရားများကို ယူရမည်ဟု ပြဆိုတော်မူ၏။ ထို––သော် ရူပိနော–အရ ရူပါယတန မပါဝင်သင့်ဟူသော အနက်သည်ရောက်ရာ၏။ စင်––ကား ရူပိနော–အရ ရူပါယတန မပါဝင်သင့်သည်ကား မဟုတ်ပါ။ (ဝါ) ထိုအနက်သည် မရောက်သင့်။ ထိုသို့–ကြောင့် ရူပိနော–အရ ရူပါယတနနှင့်တကွ ရုပ်အားလုံးကို အရကောက်နိုင်သည့်နည်း တပါးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် အဗျာပိတဒေါသ–၏။ ရူပိနော–အရ ရူပါယတနနှင့်တကွ ရုပ်အားလုံးကို အရကောက်ရသောနည်းကား အဘယ်ပါနည်း။ ဤသို့–(စ)မိန့်။

ကား=ရူပိနော–အရ ရူပါယတနနှင့်တကွရုပ်အားလုံးကို အရကောက်ရသောနည်းကိုလည်း ငါပြ–ဟူလို။

◆ ပုရိမသ္မိံ အတ္ထဝိကပ္ပေ ရူပါယတနဿ အသင်္ဂဟိတတ္တာ အာပဇ္ဇတီတိ ရုပ္ပနလက္ခဏံဝါ ရူပန္တိ အယံ အတ္ထနယော ဝုတ္တော။ (မူလဋီ၊ ၅၁။)

http://www.dhammadownload.com



( ၃ )

အထက်ပါဝါကျအားလုံး ပက္ခ+ပက္ခန္တရ ချည်းသာဖြစ်ကြသည်။ အဗျာပိတ, အပရိပုဏ္ဏ ပယ်သည်။

(ခ)ဝါကျ–ဝါ–သဒ္ဒါထားရခြင်း

ဥပါဒ်ခဏ၌သာ အကြောင်းမရှိသည်မဟုတ်၊ ဌီခဏ၌လည်း အကြောင်းမရှိ။ ဌီခဏ၌သာ အကြောင်းမရှိသည်မဟုတ်၊ ဥပါဒ်ခဏ၌လည်း အကြောင်းမရှိ။ ဤသို့ အညမညသမုစ္စည်းအနက်ကိုပြလိုသောကြောင့် (ခ)၌ ဝါ–သဒ္ဒါထားရပါသည်။

(ဓ)ဝါကျ–ဝါ–သဒ္ဒါထားရခြင်း

ရူပါယတနရှိသောကြောင့် ရူပိနောမည်၏–ဟူသော အကြောင်းသကတ်မှုတပါး ဖောက်ပြန်ခြင်း ရုပ္ပနလက္ခဏာရှိသောကြောင့် ရူပိနော–မည်၏ဟူသော အကြောင်းသကတ် တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့်၄င်း,ရူပိနော–အရ ရူပါယတနကြဉ်သော ရုပ်တရားများကိုသာ ယူရသည့်နည်းမှုတပါး–ရုပ်နှစ်ဆယ့် ရှစ်ပါးလုံးကို ယူရသည့်နည်းတမျိုးကို ပြလိုသောကြောင့်၄င်း (ဓ)၌ ဝါ–သဒ္ဒါထားရပါသည်။

( ၄ )

* နိပ္ပါဒေတီတိ နိပ္ပါဒကော။ (နိ+ပဒ+ဏျ။ ပြီးစေခြင်းကြိယာ။)
* ပဋိစ္စ ဖလံ ဧတိ ဧတသ္မာတိ ပစ္စယော။ (ပတိ+ဣ+ဏ။ စွဲ၍ဖြစ်ခြင်းကြိယာ။)
* သဟ ပစ္စယေန ယေ ဝတ္တန္တီတိ သပ္ပစ္စယာ။

✔ အကြောင်းတရားနှင့်ဘကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်၏+ သပ္ပစ္စယဓမ္မတို့နှင့်, ဂုဏ်+ဂုဏေးစပ်ဗျူ–

✔ အကြောင်းတရားနှင့် တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်သည် ပ–နိ။

* ဝေါဠကာနံ အန္တရေ+ဌပိတာ+ဒုကာ အန္တရဒုကာ။
* စူဠာစ+တေ+အန္တရဒုကာစာတိ စူဠန္တရဒုကာ။ (ယောဇနာ။၅၉)

"ဝစနတ္ထမှတ်ဖွယ်"

* ဝိနိဘုဇ္ဇတေတိ ဝိနိဗ္ဘောဂေါ။ (ဝိ+နိ+ဘုဇ+ဏ။ ခွဲခြားခြင်းကြိယာ)
* န+ဝိနိဗ္ဘောဂေါ အဝိနိဗ္ဘောဂေါ။

(ဓ) ရုပ္ပတေ ရုပ္ပနံ။ (ရုပ+ယု။ ဖောက်ပြန်ခြင်းကြိယာ။)

* လက္ခီယတေ အနေနာတိ လက္ခဏံ။ (လက္ခ+ယု။ မှတ်ခြင်းကြိယာ)
* ရုပ္ပနဉ္စ တံ လက္ခဏဉ္စာတိ ရုပ္ပနလက္ခဏံ။

(၅)

(က) အတ္တနော–ကား ကိတ်နာမ်, ပုံလိင်, ရာဇာဒိ, အကာရန္တ။
နိပ္ဖာဒကေန–ကား ကိတ်နာမ်, ပုံလိင်, ပုရိသာဒိ, အကာရန္တ။

(ခ) နတ္ထိ–ကား နိပါတ်, အလိင်, ဂဏဝိမုတ်, ဣကာရန္တ။
ဥပ္ပါဒေ–ကိတ်နာမ်, ပုံလိင်, ပုရိသာဒိ, အကာရန္တ။
ဌိတိယံ–ကိတ်နာမ်, ဣတ္ထိလိင်, ရတ္တိာဒိ, ဣကာရန္တ။

(ဂ) သမာဂန္တွာ–ကိတ်နာမ် (တနည်း)နိပါတ်, အလိင်, ဂဏဝိမုတ်, အာကာရန္တ။

http://www.dhammadownload.com



(ဃ) အဝိနိဗ္ဘောဂဝသေန–သမာသ်နာမ်, ပုံလိင်, ပုရိသာဒိ, အကာရန္တ။
အတ္ထိ–နိပါတ်, အလိင်, ဂဏာဝိမုတ်, ဣကာရန္တ။
(တနည်း) အသ+တိ–အာချာတ်, အလိင်, ဘူဝါဒိ, အကာရန္တ။
ရူပိနော–တဒ္ဓိတ်နာမ်, ပုံလိင်, ရတ္တာဒိ, ဤကာရန္တ။

(၆)

(က) သဟပစ္စယေန–ဖြင့် သပ္ပစ္စယာ–၌ သ–၏ သဟ–သဒ္ဒါ၏ကာရိယအဖြစ်ကို၄င်း၊ (နိပါတလိင်္ဂပဒ) ယင်း သ–သဒ္ဒါ၏ သဟအနက်ဟော–၄င်း(နိပါတလိင်္ဂတ္တာ) သဟ ပစ္စယေန ယေ ဝတ္တန္တီတိ သပ္ပစ္စယာ–ဟု ပထမာဗဟုဗ္ဗီသမာသ်ဝစနတ္ထပြု–၄င်း, ပ–ဒွေဘော်လာ၍ သပ္ပစ္စယာ–ဟုရုပ်ပြီးနေသည်ကို၄င်း သိစေသည်။

အတ္တနော နိပ္ဖာဒကေန–ဖြင့် သပ္ပစ္စယာ–၌ ပစ္စယ–အရ မိမိကိုပြီးစေတတ်သော ဇနက–အကြောင်း, ဥပတ္ထမ္ဘကအကြောင်း နှစ်မျိုးလုံးကိုယူရမည်ဟုသိစေသည်။ (ဘာဋီ–၃၅၀)

(တနည်း) အတ္တနော နိပ္ဖါဒကေန–ဖြင့် ပစ္စယ–အရ မိမိဟူသော ပစ္စယုပ္ပန်တရားကို ပြီးစေတတ်သော ပစ္စယုပ္ပန်တရားတို့နှင့် တူသောကာလရှိသော ဟေတု, သဟဇာတ–အစရှိသော အကြောင်း,ပစ္စယုပ္ပန် တရားတို့နှင့် တူသောကာလမရှိသော အနန္တရ,သမနန္တရအစရှိသောအကြောင်း, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်–ပညတ်ဟုဆိုအပ်သောအာရမ္မဏ, အဓိပတိအစရှိသောအကြောင်း တရားတို့ကိုယူရမည်ဟုသိစေသည်။ (ပြည့်သျှ၊ မူဋီ။၅၀)

(ခ) နတ္ထိ ဧတေသံ ပစ္စယော–ဖြင့် အပ္ပစ္စယာ–၌ အ–၏ န–၏ ကာရိယ–၄င်း,ယင်း–အ–၏ ဝိရဟအနက်ဟော–၄င်း, နတ္ထိ ဧတေသံ ပစ္စယောတိ အပစ္စယော–ဟု စတုတ္ထီဗဟုဗ္ဗီဟိ–ပြု–၄င်း သိစေသည်။

ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ ပစ္စယော–ဖြင့် (ပစ္စယော–အရ ကျေးဇူးပြုရာ၌ ဥပါဒ်အခိုက်ဝယ်ဖြစ်အောင်ကျေးဇူးပြုခြင်း, ဌီအခိုက်ဝယ်တည်တံ့အောင်ကျေးဇူးပြုခြင်း နှစ်မျိုးရှိရာတွင်) အပ္ပစ္စယမည်သော နိဗ္ဗာန်၌ ထိုနှစ်မျိုးလုံး ကျေးဇူးပြုနိုင်သောပစ္စည်းမရှိဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာသာဋီ။)

(ဂ) ပစ္စယေဟိ သမာဂန္တွာ ကတာ–ဖြင့် သင်္ခတာ–၌ သံ–ပုဗ္ဗ+ကရဓာတ်၏အဖြစ်ကို၄င်း, တ–ပစ္စည်း ကမ္မသာဓန အနက်၌သက်–၄င်း, သံ–ဥပသာရပုဒ်၏ သမာဂတ–အနက်ဟော၄င်း, သမာဂန္တွာ ကရိယန္တေတိ သင်္ခတာ ဟုပြု–၄င်း, (တနည်း) ကရိယန္တေတိ ကတာ၊ သမာဂန္တွာ ကတာ သင်္ခတာ–ဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထပြု–၄င်း, မိမိကိုပြီးစေတတ်သော အကြောင်းတရားတို့သည် အညီအညွတ် ကပ်ရောက်၍ ပြုပြင်စီရင်အပ်သည်၏ အဖြစ်ကြောင့် သင်္ခတ မည်သည်၏အဖြစ်ကို၄င်း သိစေသည်။

န သင်္ခတာ–ဖြင့် ဖော်မြဲ။

(ဃ) ရုပ္ပံ ဧတေသံ အတ္ထီတိ–ဖြင့် ရူပိနော–၌ ဤပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်အနက်၌သက်–၄င်း၊ ရုပ္ပံ ဧတေသံ အတ္ထီတိ ရူပိနော–ဟု ပြု–၄င်း သိစေသည်။

အဝိနိဗ္ဘောဂဝသေန–ဖြင့် ရူပိနော–၌ ရူပါယတနရှိ၏ (ဝါ) ပထဝီ–စသောအစိတ်စိတ်သော ရုပ်ရှိ၏ ဟူသည် အသီးသီးမခွဲခြမ်း မဝေဖန်အပ်သည်၏အစွမ်းအားဖြင့် ရှိ၏ဟူသောအဓိပ္ပါယ်ကို သိစေသည်။

(င) နတ္ထိ ဧတေသံ ရုပ္ပံ–ဖြင့် အရူပိနော–၌ (နပုဒ်+ရူပိနောပုဒ်။) ရူပိနော–၌ ဤပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်အနက်၌သက်–၄င်း, ရုပ္ပံ ဧတေသံ အတ္ထီတိ ရူပိနော–ဟုပြု–၄င်း, န+ရူပိနော အရူပိနော–ဟု နနိပါတပုဗ္ဗပဒကမ္မဓာရယ်ဝစနတ္ထပြု–၄င်း, အ–၏ န–၏ကာရိယ–၄င်း, ယင်းအ–၏ ဝိရဟ,ပဋိသေဓ အနက်ဟော–၄င်း သိစေသည်။

http://www.dhammadownload.com



တထာဝိဓံ-ဖြင့် အရူပိနော-၌ ရူပါယတနမရှိ (ဝါ) ပထဝီစသော အစိတ်အစိတ်သော ရုပ်မရှိဟူသည် အသီးအသီးမခွဲခြမ်းမဝေဘန်အပ်သောသဘောရှိသော ရူပါယတနမရှိ (ဝါ)ပထဝီ-စသော အစိတ်အစိတ်သော ရုပ်မရှိဟူသောအဓိပ္ပါယ်ကို သိစေသည်။

(စ) ရုပ္ပနလက္ခဏံ-ဖြင့် ရူပံ-၌ ရူပ-ဓာတ်၏အဖြစ်ကို၄င်း, အပစ္စည်း၏ ဘာဝသာဓနအနက်၌သက်-၄င်း၊ ရုပ္ပနံ ရူပံ-ဟု ပြု-၄င်း, ရူပ-အရ ရုပ္ပနလက္ခဏာကိုယူ-၄င်း သိစေသည်။

ဝါ-ဖြင့် ဝိကပ္ပနတ္ထဇောတက (တနည်း) နယန္တရဇောတကအဖြစ်ကို သိစေသည်။

တံ ဧတေသံ အတ္ထိ-ဖြင့် (ဃ)ရူပံ ဧတေသံ အတ္ထိနှင့် အတူဖော်။ (ဆ) န ရူပိနော-ဖြင့် ဖော်မြ်။

(၇)

(စ) တံ ဧတေသံ-၌ တံ-ကား ဆိုခဲ့ပြီးရုပ္ပနလက္ခဏာကိုစွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။
ဧတေသံ-ကား ဆိုဆဲဖြစ်သော ရူပိနော ဓမ္မကိုစွဲသောကြောင့် ပသိဒ္ဓဝိသယ။
သပ္ပစ္စယာ-၌ သ-ကား သဟတ္ထ။ ပတိ-ကား ပဋိစ္စတ္ထ။

(ခ) ဝါ သဒ္ဒါ ၂-ခုကား အညမညသမုစ္စယတ္ထ။

(ဃ) အဝိနိဗ္ဘောဂ-၌ အ-ကား ပဋိသေဓတ္ထ။
ဝိ-ကား ဝိသုံ ကရဏတ္ထ။ နိ-ကား ဓာတွတ္ထဝိသေသက။

(င) တထာဝိဓံ-၌ တထာ-ကား အနုကမ္မနတ္ထ။

(၈)

(ဃ) အဝိနိဗ္ဘောဂဝသေန ရူပံ-၌ ရူပံ-အရ ရူပါယတနကို (ဝါ) ပထဝီ-စသော အစိတ်အစိတ်သော ရုပ်ကိုယူ၍-

- ✔ ထိုသည် ဒဿနတ္ထ။
- ✔ ဝိညာဏ်သည် ဒီပကတ္ထ။
- ✔ သဠာယတနသည် ပကာသနတ္ထ။
- ✔ သင်္ခါရသည် ဝိဘာဝတ္ထ။
- ✔ ဖဿ စသည်သည် အနုဘာဝတ္ထ။

(တနည်း) ရူပံ-အရ ရူပါယတန (ရူပါရုံ)ကိုယူ၍-

- ✔ ထိုသည် ဒဿနတ္ထ။
- ✔ စတုမဟာဘူတပဒဋ္ဌာန်သည် ဒီပကတ္ထ။
- ✔ စက္ခုဝိညာဏဿ ဝိသယဘာဝ သမ္ပတ္တိရသသည် ပကာသနတ္ထ။
- ✔ စက္ခုဝိညာဏဿ ဝိသယဘာဝ ကိစ္စရသသည် ဝိဘာဝတ္ထ။
- ✔ တဿေဝ ဂေါစရ ပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

(၉)

အပ္ပစ္စယာ အသင်္ခတာ-အရ နိဗ္ဗာန်ကိုယူ၍ လက္ခဏာဒိစတုက္ကထုတ်။

(ဃ)(င) ဝါကျတို့၌ ရူပံ-အရ ရူပါယတနကိုယူ၊ (တနည်း) ပထဝီစသော အစိတ်အစိတ်သော ရုပ်ကိုယူ။

◆ရူပန္တိ ရူပါယတနံ၊ ပထဝီယာဒိ ဝါ။ (မူလဋီကာ)

http://www.dhammadownload.com



(စ) ဝါကျ၌ ရူပံ–အရ ရုပ္ပနလက္ခဏာကိုယူ။

(ခ) ဝါကျ၌ ဓေတေသံ–ကို သမ္ဗန်အနက်ပေး၍ ဉပ္ပါဒေဝါ ဋ္ဌိတိယံဝါ–၌ မစပ်အပ်၊ စပ်မူ နိဗ္ဗာန်၌ ဉပါဒ်ရှိ၏ဟူသောစကားကျ၏။ (ဝါ–နိဗ္ဗာန်၌ ဉပါဒ်–ဋ္ဌီရှိ၏ဟူသော မမှန်သောစကားအဓိပ္ပါယ် ကျရောက်၏။) ထို့ကြောင့် သမ္ဗဒါန်အနက်ပေး၍ နတ္ထိ၌စပ်။ (ပြည်သျှ။ ၃၁၅။)

ဘာသာဋီကာ–၌ ကား ="ဓေတေသံ–တို့၏–ဟု သမ္ဗန်အနက်ပေးပြီး၊ ဓေတေသံ–ကို ဉပ္ပါဒေဝါ ဋ္ဌိတိယံ ဝါ–၌ မစပ်စေရ။ ပစ္စယော–၌သာ" စပ်စေရသည်ဟု မှာထားသည်။

## အပ္ပစ္စယာ, အသင်္ခတာ–ဟု ဗဟုဝုစ်ဖြင့် ဟောရခြင်း

အပ္ပစ္စယာ အသင်္ခတာ–ပုဒ်တို့အရ နိဗ္ဗာန်တရား တစ်ပါးတည်းရသော်လည်း မည်သည့်တရားဟု မဆုံးဖြတ်အပ်သေးသောအနက်၏ အပိုင်းအခြား မရှိပုံကိုပြခြင်း၏အစွမ်းဖြင့် မာတိကာကို ထားတော်မူခြင်းကြောင့် (မာတိကာခေါင်းစဉ်ရုံသာ ပြသောအရာဖြစ်ကြောင့်) အပ္ပစ္စယာ အသင်္ခတာ–ဟု ဗဟုဝစနနိဒ္ဒေသဖြင့် ဟောတော်မူသည်။

- ဧတ္ထစ အပ္ပစ္စယာ အသင်္ခတာတိ ဗဟုဝစနနိဒ္ဒေသော အဝိနိစ္ဆိတတ္ထပရိစ္ဆေဒဒဿနဝသေန မာတိကာဌပနတော ကတောတိ ဝေဒိတဗ္ဗော။ (မူလဋီကာ။၅၁။)

  ဘာသာဋီကာ–၌ အဝိနိစ္ဆိတတ္ထ အပရိစ္ဆေဒဒဿနဝသေန–ဟု ပါဌ်ပြင်ထားသည်။

  ဘောဓိစိန္တာ–၌ ဗဟုဝုစ်ဒေသနာအယဉ်၌ ကျသောကြောင့် ဗဟုဝုစ်ဖြင့် ပြဆိုထားသည်။

## "ဉပ္ပါဒေ ဝါ ဋ္ဌိတိယံ ဝါ" ၂–ပုဒ်ထည့်ဆိုရခြင်း

နိဗ္ဗာန်–၌ ခဏတ္တယ (ဝါ) ဉပါဒ်ခဏ, ဋ္ဌီခဏမရှိသော်လည်း အပ္ပစ္စယာ–ဟူသောပုဒ်၌ ပဋိသေဓ ဖြစ်သော အက္ခရာ၏ အစွမ်းသဘော သာမတ္ထိယနှင့်တကွ သပ္ပစ္စယပုဒ်၏အနက်ကိုပြည့်စုံစွာ သိစရာအကျိုးငှါ "ဉပ္ပါဒေ ဝါ ဋ္ဌိတိယံ ဝါ" ၂–ပုဒ်ကိုထည့်၍ အဋ္ဌကထာဆရာဆိုသည်။

## (၁၀)

### (ဃ) ရူပံ+ဓေတေသံ အတ္ထိ–၌

ရူပံ–အရ ရူပါယတနဟူသော ရူပါရုံ သည်–
ဓေတေသံ–အရ ရူပါယတနကြဉ်သော ရုပ်သတ္တဝီသ အား–(သုတ္တန်နည်း) ပကတူပ–ပြု။

(တနည်း) ရူပံ–အရ ပထဝီဓာတ် ပစ္စည်းတရားသည်–
ဓေတေသံ–အရ ပထဝီဓာတ်ကြဉ် ရုပ်သတ္တဝီသ ပစ္စယုပ္ပန်တရားအား သဟဇာတ–ပြု။
ဖြိုင်–သဟကြီး–၄, အညမည, ယထာရဟ (၅) ပစ္စည်း။

ခွဲဖြိုင်ပုံကား–

✔ ရူပံ–အရ ပထဝီဓာတ်ပစ္စည်းတရားသည်–
ဓေတေသံ– အရ ကျန်မဟာဘုတ် ၃–ပါး– အား သဟဇာတ–ပြု။
ဖြိုင်–သဟကြီး–၄, အညမည (၅) ပစ္စည်း။

✔ ရူပံ–အရ ပထဝီဓာတ် ပစ္စည်းတရားသည်–
ဓေတေသံ –အရ ဉပါဒါရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတ–ပြု။
ဖြိုင်–သဟကြီး–၄ ပစ္စည်း။

http://www.dhammadownload.com



## ဝါကျဉယျာဉ် ( ၄၂ )

(က) လောကိယာ ဓမ္မာတိ လောကော ဝုစ္စတိ လုဇ္ဇနပလုဇ္ဇနဋ္ဌေန ဝဋ္ဋံ။
(ခ) တသ္မိံ ပရိယာပန္နဘာဝေန လောကေ နိယုတ္တာတိ လောကိယာ။
(ဂ) တတော ဥတ္တိဏ္ဏာတိ ဥတ္တရာ။
(ဃ) လောကေ အပရိယာပန္နဘာဝေန လောကတော ဥတ္တရာတိ လောကုတ္တရာ။
(င) ကေနစိ ဝိညေယျာတိ စက္ခုဝိညာဏာဒီသု ကေနစိ ဧကေန စက္ခုဝိညာဏေန ဝါ သောတဝိညာဏေန ဝါ ဝိဇာနိတဗ္ဗာ။
(စ) ကေနစိ န ဝိညေယျာတိ တေနေဝ စက္ခုဝိညာဏေန ဝါ သောတဝိညာဏေန ဝါ န ဝိဇာနိတဗ္ဗာ။
(ဆ) ဧဝံ သန္တေ ဒွိန္နမ္ပိ ပဒါနံ အတ္ထနာနတ္တတော ဒုကော ဟောတိ။

ဋ၊ ၉၀။ မူလဋီ၊ ၅၁။ ယောဇနာ၊ ၇၃။ ပြည်သျှ၊ ၃၁၆။ ဘာသာဋီ၊ ၃၅၂။ ကျော်စံဂဏ္ဌိ၊ ၂၁၈။ မင်းခင်းဂဏ္ဌိ၊ ၃၀၈။

==========================

### (၂)

### (က) ပါပနာဒိပဋ္ဌကစောဒနာ

ဆရာ မြတ်စွာဘုရားသည် လောကိယာဓမ္မာ–ဟု ဟောတော်မူ၏။ ထို–သော် လောကိယာ–၌ လောက–အရ လောကသုံးပါးလုံးကို ယူရမည်ဟူသောအနက်ရောက်ရာ၏။ စင်–ကား ထိုအနက်သည်မရောက်သင့်။ ထို့သို့–ကြောင့် လောကိယာ–၌ လောက အရ အဘိဓေယျတ္ထကိုလည်း တိကျစွာပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့်။ နေချေသော် လောကသုံးပါးလုံး၌ ပြန့်နှံ့သော အတိဗျာပိတ–၏။ လောကိယာ–၌ လောက–အရ အဘယ်ကို ယူရပါမည်နည်း။ ဤသို့–(က)မိန့်။

အဓိပ္ပါယ်ကား။ ။လောကိယာ–၌ လောက–အရ လောကသုံးပါးလုံးကိုမယူရ၊တေဘူမကဝဋ်–ဟုဆိုအပ်သော သင်္ခါရလောကကိုသာ ယူရမည်ဟု––ဟူလို။

(က)ဖြင့် လောကိယာ–၌ လောကဟူသောအစိတ်ပုဒ်၏အဖွင့်သံဝဏ္ဏနာကိုပြသည်။
(ခ)ဖြင့်လောကိယာ ဟူသောအပေါင်းပုဒ်၏အဖွင့် ဝဏ္ဏနာကိုပြသည်။
(ဂ)ဖြင့်လောကုတ္တရာ–၌ ဥတ္တရ ဟူသောအစိတ်ပုဒ်၏အဖွင့်ကိုပြသည်။
(ဃ)ဖြင့် လောကုတ္တရာဟူသော အပေါင်းပုဒ်၏ အဖွင့်ကို ပြသည်။ ပက္ခန္တရချည်း။ (ကျမ်းတက်လွယ်ပြီ)

### (၃)

### (က) ဝုစ္စတိ–ထားရခြင်း

လောကိယာ၌ လောက–အရ အထင်ရှု၍၊ ဧကဒေသျူပစာအားဖြင့် တေဘူမကဝဋ်တရားကို ယူရမည်ဟု–ပြလိုသောကြောင့် (က)၌ ဝုစ္စတိ–ထားသည်။

### ဝါ–သဒ္ဒါ ထားရခြင်း–

ကေနစိ–အရ စက္ခုဝိညာဏ်မှတပါး သောတဝိညာဏ်တည်းဟူသော အနက်ကို လဲလိုသောကြောင့် စက္ခုဝိညာဏေနဝါ၌ ဝါ–သဒ္ဒါထားသည်

ကေနစိ–အရ သောတဝိညာဏ်မှတပါး စက္ခုဝိညာဏ်တည်းဟူသော အနက်တပါးကို လဲလိုသောကြောင်း သောတဝိညာဏေနဝါ ၌ ဝါ–သဒ္ဒါထားသည်။

(ဆ)ဖြင့် ရအပ်သောအကျိုးဂုဏ်ကိုပြသောကြောင်း နိဂုဏ္ဍကဒေါသ–ကိုပယ်သည်။

http://www.dhammadownload.com



(၄)

* ဝဋ္ဋတိ ဧတ္ထ ကမ္မံ တဗ္ဗိပါကော စာတိ ဝဋ္ဋံ။ (ယောဇနာ–၇၃။)

✔ ဝဋ္ဋဓာတ်+အ–သည်၄င်း,အကြောင်းကံ အကျိုးဝိပါက်တို့၏လည်၍ ဖြစ်ခြင်းကြိယာသည်၄င်း ဗျု–နိ။

✔ တေဘူမကဝဋ်တရားတို့၏ တစ်ခုသည်–ဓာတ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

* လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော။ (လုဇ+ဏ။ ပျက်ခြင်းကြိယာ။)

* လောကေ နိယုတ္တာ လောကိယာ။

(လောကပုဒ်+ ဣယပစ္စည်း၊ ဝဋ်တရား၏+ လောကိယဓမ္မတို့နှင့် အပေါင်း+ အစိတ်စပ်)

* ဥတ္တရန္တီတိ ဥတ္တရာ။ (လွန်မြောက်ဆဲ မဂ်တရားတို့ရ၏။)

* ဥတ္တရိံသူတိ ဥတ္တရာ။ (လွန်မြောက်ပြီး ဖိုလ်တရားတို့ရ၏။) (ဘာသာဋီ။)

(၅)

(က) လုဇ္ဇန ပလုဇနဋ္ဌေန=ကား သမာသ်နာမ်, ပုံလိင်, ပုရိသာဒိ, အ–ကာရန္တ။

(ခ) တသ္မိံ=ကား သဗ္ဗနာမ်, ပုံလိင်, ပုရိသာဒိ, အ–ကာရန္တ။

(ဂ) တတော=ကား အဗျယတဒ္ဓိတ်, (သဗ္ဗနာမ်) အလိင်, ဂဏဝိမုတ်, ဩ–ကာရန္တ။

(င) စက္ခု=ကား ကိတ်နာမ်, နပုံလိင်, ရတ္တာဒိ, ဥ–ကာရန္တ။

ကေနစိ–ကား နိပါတ်, အလိင်, ဂဏဝိမုတ်, ဣ–ကာရန္တ။

(၆)

(က) လုဇ္ဇန ပလုဇ္ဇနဋ္ဌေန–ဖြင့် လောကိယာ–၌ လောကဝယ် လုဇဓာတ်၏ အဖြစ်ကို၄င်း, ဏပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–၄င်း, ယင်းလုဇဓာတ်၏ ပျက်စီးခြင်းအနက်ဟော–၄င်း, လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော–ဟုပြု–၄င်း, ဓာတွန်ဇ–ကို ဂ–ပြု, ဂ–ကို ကပြု, လ–အစိတ် ဥ–ကို ဩ–ပြု၍ လောက–ဟု ရုပ်ပြီးသည်အဖြစ်ကို၄င်း သိစေသည်။

ဝဋ္ဋံ–ဖြင့် လောကိယာ–၌ လောက–အရ ဩကာသလောက, သတ္တလောကတို့ကို မယူရ၊ တေဘူမကဝဋ် ဟူသော သင်္ခါရလောကကို ယူရမည်ဟု သိစေသည်။

ဝုစ္စတိ–ဖြင့် ဤလောကိယာ၌ လောက–သဒ္ဒါကား (တေဘူမကဝဋ်ဟူသော သင်္ခါရလောကကိုသာ ဟောသော) ဧကဒေသရုဠှီပစာ–သဒ္ဒါတည်းဟု သိစေသည်။

(ခ)လောကေ နိယုတ္တာ–ဖြင့် လောကိယာ–၌ ဣယပစ္စည်း၏ နိယုတ္တတဒ္ဓိတ်အနက်၌ သက်–၄င်း, လောကေ+နိယုတ္တာ လောကိယာ–ဟု ပြု–၄င်း သိစေ။

တသ္မိံ–ဖြင့် လောကေအရ ဆိုအပ်ပြီးသော တေဘူမကဝဋ်–ဟူသော သင်္ခါရလောက–ကိုပင်ယူ– သိစေ။

ပရိယာပန္နဘာဝေန–ဖြင့် လောက–၌ ယှဉ်၏ဟူသည် သမ္မယုတ်၊ အာရုံ၏အစွမ်းဖြင့် ယှဉ်သည်မဟုတ်၊ ဝဋ်တရားဟုဆိုအပ်သော လောက၌ အကျုံးဝင်သည်၏အစွမ်းဖြင့် ယှဉ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(ဂ) တတော ဥတ္တိဏ္ဏာ–ဖြင့် လောကုတ္တရာ–၌ ဥတ္တရာဝယ် ဥ–ပုဗ္ဗ တရဓာတ်–၄င်း, အပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–၄င်း, ဥတ္တရန္တိ ဥတ္တရိံသူတိ ဥတ္တရာ–ဟု ပြု–၄င်း, လွန်မြောက်,ထွက်မြောက်၏ ဟူသည် ဝဋ်တရားဟုဆိုအပ်သော သင်္ခါရလောကမှ ထွက်မြောက်၏ဟူသော အဓိပ္ပါယ်ကို၄င်း သိစေသည်။

http://www.dhammadownload.com



(ဃ)လောကတော ဥတ္တရာ-ဖြင့် လောကုတ္တရာကို ပဋ္ဌမိတပ္ပုဂ္ဂိုလ်သမာသ် ဝစနတ္ထပြု-သိစေသည်။ လောကေ အပရိယာပန္နဘာဝေန-ဖြင့် ဘာဝတ္ထ-သိစေသည်။

(င) စက္ခုဝိညာဏာဒီသု ကေနစိ ဧကေန စက္ခုဝိညာဏေန ဝါ သောတဝိညာဏေန ဝါ-ဖြင့် ကေနစိ ဝိညေယျာ-၌ ကေနစိသည် အနိယမ အပ္ပကတ္ထဝါစီ နိပါတ်ပုဒ်၏အဖြစ်ကိုငှင်း, (နိပါတလိင်္ဂပဒတ္ထ) ကေနစိ အရ စက္ခုဝိညာဉ်စသည်တို့တွင် တစ်ပါးပါးသော ဝိညာဉ်ကိုယူရမည်ကိုငှင်း သိစေသည်။

ဝိဇာနိတဗ္ဗာ-ဖြင့် ဝိညေယျာ-၌ ဝိရှေး+ဉာဓာတ်၏အဖြစ်ကိုငှင်း,ဝိ-၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုငှင်း, ဏျပစ္စည်း၏ ကံ-အနက်၌ သက်-ငှင်း, ဝိဇာနိတဗ္ဗာတိ ဝိညေယျာ-ဟု ပြု-ငှင်း သိစေသည်။

(၇)

(င) ဝါ-ကား ဝိကပ္ပနတ္ထတည်း။

[ ယင်း ဝါ-ဖြင့် "ကေနစိ-အရ စက္ခုဝိညာဏ်ကိုယူလျှင် သောတဝိညာဏ် စသော အခြားဝိညာဏ်ငါးပါးကိုမရ။ သောတဝိညာဏ်ကိုယူပြန်လျှင်လည်း စက္ခုဝိညာဏ်စသော အခြားဝိညာဏ်ငါးပါးကို မရ "ဟု ပြသည်။ ထို့အပြင် ဝါ-သဒ္ဒါသည် အဝုတ္တဝိကပ္ပနတ္ထအနက်ကိုလည်း ဟောနိုင်ရကား ဃာနဝိညာဏ်, ဇိဝှါဝိညာဏ် ကာယဝိညာဏ်, မနောဝိညာဏ်တို့တွင်လည်း ကေနစိ-အရ တစ်ပါးပါးသော ဝိညာဏ်ကိုယူပါ"ဟု ပြသည်။] (ဘာသာဋီကာ)

(ခ)-တသ္မိံ-၌ တ-ကား ဆိုခဲ့ပြီးသော လောကကိုစွဲသောကြောင့် ပဏ္ဏတ္တိ။ (ပြည်)

(တနည်း) ဆိုခဲ့ပြီး ဝဇ္ဇ-ကို စွဲသောကြောင့် ပဏ္ဏတ္တိ။ (ယောဇနာ)

(ဂ) တတော-၌ တ-ကား ဆိုခဲ့ပြီးသော လောကကိုစွဲသောကြောင့် ပဏ္ဏတ္တိ။

(၈)

ဝဇ္ဇ-အရ တေဘူမကဝဋ္ဋတရားကိုယူ၍-

✔ ထိုသည် ဒဿနတ္ထ။

✔ ယောနိသောမနသိကာရ,အယောနိသောမနသိကာရ,နိရာနုသယ,ဣဋ္ဌာရုံ,အနိဋ္ဌာရုံစသော အကြောင်း တရားများသည် ဒီပကတ္ထ။

✔ ကာယိကသုခ, ကာယိကဒုက္ခစသည် ပကာသနတ္ထ။

✔ စတုစက္ကသမ္ပတ္တိစသောအကြောင်း, ဗာလူပသေဝနစသောအကြောင်း, အဝိဇ္ဇာတဏှာ စသော အကြောင်း တရားများ သည် ဝိဘာဝတ္ထ။

✔ ဇာတိဒုက္ခ-စသော အကျိုးတရားများ, ဘဝသမ္ပတ္တိ ဘဝဝိပ္ပတ္တိ-စသော အကျိုးတရားများသည် အနုဘာဝတ္ထ။

* ဝိညေယျာ, ဝိဇာနိတဗ္ဗာ-တို့၌ ဝိ,ဉာဓာတ်-အရ စက္ခုဝိညာဏ်ကိုဖြစ်စေ၊ သောတဝိညာဏ်စသည်တို့တွင် တစ်ပါးပါးကိုဖြစ်စေ ယူ၍ လက္ခဏာဒိနည်းဖြင့် ကြိယာ ၅-တန်ထုတ်။

http://www.dhammadownload.com



( ၉ )

အမေး။ ။ပျက်တတ်သောကြောင့် "လောက" ဟုခေါ်လျှင် လောကုတ္တရာစိတ်များလည်း ဘင်ခဏ-၌ ပျက်တတ်ရကား လောကအမည် ရသင့်ပါသလော။

အဖြေ။ ။အကြင်တေဘူမကဝဋ်တရားကို ပုထုဇဉ်တို့က "နိစ္စ မပျက်မစဲ မြဲ၏" ဟုယူထားကြ၏။ ထိုအယူကို တားမြစ်ဖို့ရာ ထိုတေဘူမကဝဋ်တရားကိုသာ "လောက-ပျက်တတ်သော တရား" ဟု တမင်္ဂလာနာမည် တပ်ရသည်။ လောကုတ္တရာတရားတို့ကား ပုထုဇဉ်တို့၏ အရာမဟုတ်, အရိယာပုဂ္ဂိုလ်တို့၏ အာရုံသာတည်း။ ထို လောကုတ္တရာတရားကို "မပျက်" ဟု အရိယာပုဂ္ဂိုလ်တို့က မယူကြ။ ထိုသို့ အယူမရှိသော ကြောင့် "လောက" ဟု ပြောဆိုနေဖွယ်မလိုရကား လောကဟူသောအမည် မရနိုင်ပါ။ (ဘာသာဋီကာ။ ၃၅၃။)

◆ နလုဇ္ဇတိ နပလုဇ္ဇတီတိ ယော ဂဟိတော တထာ နဟောတိ၊ သော လောကောတိ တံဂဟဏရဟိတာနံ လောကုတ္တရာနံ နတ္ထိ လောကတာ။ (မူလဋီ-၅၁)

( ၁၀ )

(က) လောကော+ဝုစ္စတိ+ဝဋ္ဋံ-၌-

လောကော-အရ, ဝုစ္စတိ-၌-တေ-ဝိဘတ်-အရ-လောကဟူသော အကွာရာဝဋ္ဋိ နာမပညတ္တိသဒ္ဒါသည်-ဝစ-ဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်အား အာရမ္မဏ-ပြု။

✔ ဝုစ္စတိ-၌ ဝစဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်သည်-
တေ-ဝိဘတ်အရ(ဝါ)လောကော-အရ လောကဟူသော ဝစီဘေဒသဒ္ဒအား သဟဇာတ-ပြု။
ပြိုင်-သဟကြီး-၄, ဝိပ္ပယုတ္တ, ဟေ, ဓိ, ဣံ, မဂ် (၉)ပစ္စည်း။
(လောကော-နောင် အာကာရဇောတက ဣတိကျေနေသည်-ဟုမှတ်။)

✔ ဝဋ္ဋံ-အရ, ဝုစ္စတိ-၌-တေ-ဝိဘတ်အရ တေဘူမကဝဋ်ဟူသောပစ္စည်းတရားသည်-
ဝစ-ဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား-အာရမ္မဏ-ပြု။

(င) စက္ခုဝိညာဏေန+ဝိဇာနိတဗ္ဗာ-၌-

ဝိဇာနိတဗ္ဗာ-အရ ရူပါရုံ ပစ္စည်းတရားသည်-
စက္ခုဝိညာဏေန -အရ စက္ခုဝိဉာဏ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ-ပြု။
ပြိုင်-အာ, ပု, အတ္ထိ, အဝိဂတ (၄)ပစ္စည်း။
(သောတဝိညာဏေန ဝိဇာနိတဗ္ဗာ-နည်းတူပင်။)

ကေနစိ ဝိညေယျာ-၌လည်း- ဝိညေယျာ-အရ ရူပါရုံသည်- ကေနစိ-အရ စက္ခုဝိညာဉ်အားငှ်း, ဝိညေယျာ-အရ သဒ္ဒါရုံသည်-ကေနစိ-အရ သောတဝိညာဉ် အားငှ်း၊ အာရမ္မဏသတ္တိ-ဖြင့် ကျေးဇူးပြု၊ ယခင် ၄-ပစ္စည်းပြိုင်။

========================

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၄၃ )

(က) အာသဝဂေါစ္ဆကေ အာသဝန္တီတိ အာသဝါ။
(ခ) စက္ခုတောပိ ။ပ။ မနတောပိ သန္ဒန္တိ။
(ဂ) ပဝတ္တန္တီတိ ဝုတ္တံ ဟောတိ။
(ဃ) ဓမ္မတော ယာဝ ဂေါတြဘုံ ဩကာသတော ယာဝ ဘဝဂ္ဂံ သဝန္တီတိ ဝါ အာသဝါ။
(င) ဧတေ ဓမ္မေ ဧတဉ္စ ဩကာသံ အန္တောကရိတွာ ပဝတ္တန္တီတိ အတ္ထော။
(စ) အန္တော ကရဏတ္ထော ဟိ အယံ အာ–ကာရော။

ဋ္ဌ။၉၀။ မူလဋီ။၅၂။ ယောဇနာ။၇၃။ ပြည်သျှ။၃၁၇။ ဘာသာဋီ။၃၅၄။ ကျော်စံဂဏ္ဌိ။၂၁၈။ မင်းခင်းဂဏ္ဌိ။၃၁၀။

==============================

(၁)

## (ခ) ထည့်ပါဠိများနှင့် တကွအနက်ပေးပုံ။

ဝဏာတော–အမာဝမှ။ ယူသံ–သန်ရည်သည်။ အသုစိဘာဝေန–မစင်ကြယ်သောအပုပ်ရည်၏အဖြစ်ဖြင့်။ သန္ဒတိဝိယ–ယိုစီး၏သို့ (ဤကားထည့်ပါဠိ) စက္ခုတောပိ–မှ၄င်း, မနတောပိ–မှ၄င်း။ ပဋ္ဌရဏအသုစိဘာဝေန–ယိုစီးသော မစင်မကြယ် စက်ဆုပ်ဖွယ်၏အဖြစ်ဖြင့်။ သန္ဒန္တိ–ကုန်၏။ (ပြည်သျှ။၃၁၇။ မူလဋီ။၅၂။)

(ဃ) ဧတေ ဓမ္မေ–ထိုဂေါတြဘုတိုင်အောင်သော တရားတို့ကို၄င်း, ဧတဉ္စ ဩကာသံ–ထိုဘဝဂ်တိုင်အောင်သောအရပ်ကို၄င်း။

(င) ဟိ–သစ္စံမှန်၏။ (ပြည်,ဘာသာဋီ) ဟိယသ္မာ–ကြောင့်။ (မင်းခင်းဂဏ္ဌိ)

(၂)

## (ခ)ဝါကျ ပါပနာဒိပဋ္ဌက

ဆရာ–သည် (က)ဖြင့် အာသဝန္တီတိ အာသဝါ–ဟု ကတ္တုသာဓနေဝစနတ္တပြုရမည်ဟုဆို၏။ ထို––သော် အာသဝါ–၌ အာ–ပုဗ္ဗသုဓာတ်သည် ဖြစ်စေခြင်းဇနန, အစိုးရခြင်းဣဿရ အနက်တို့ကိုဟော၏ဟူသော အနက်ရောက်ရာ၏။ စင်–ကား ထိုအနက်သည်မရောက်သင့်။ ထိုသို့–ကြောင့် အာသဝါ–၌ သု–ဓာတ်၏ ဖြစ်သင့်သောအနက်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ အတိဗျာပိတ–၏။ အာသဝါ–၌သုဓာတ်၏ ဖြစ်သင့်သောအနက်ကား အဘယ်ပါနည်း။ ဤသို့–(ဃ)မိန့်။

အဓိပ္ပါယ်ကား။ ။ အာသဝါ–၌ သုဓာတ်သည် သန္ဒန အနက်၌ ဖြစ်၏ ဟုငါပြ–ဟူလို။

◆ သု–ဘူ သန္ဒဓနိဿရေ။ (ဓာတွတ္ထသင်္ဂဟ။၄၁၀။)

(တနည်း) ဆရာ–သည် (က)ဖြင့် ယိုစီးတတ်သောကြောင့် အာသဝမည်၏ဟုဆို၏။ ထို–သော် ယိုစီးပုံအကျယ်အဓိပ္ပါယ်ကို မသိအပ်,မသိနိုင်ဟူသော အနက်သည် ရောက်ရာ၏ ။ပ။ ယိုစီးပုံအကျယ်ကိုလည်း ပြဆိုသင့်သေး၏ ။ပ။ သင်္ခေပ+ဝိတ္ထာရဆန့်ကျင်သော ဝိရောဓိဒေါသ–၏ ။ပ။ (ခ)မိန့်။

ကား= (ခ)ဖြင့် အမာဝမှ သန့်ရည်သည် မစင်ကြယ်သောအပုပ်ရည်၏ အဖြစ်ဖြင့် ယိုစီးသကဲ့သို့ ဒွါရ ၆–ပါးမှ ယိုစီးသော မစင်မကြယ်စက်ဆုပ်ဘွယ်၏အဖြစ်ဖြင့် ယိုစီးပုံအကျယ်ကိုငါပြ–ဟူလို။

http://www.dhammadownload.com



## (ဂ)ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (ခ)ဖြင့် စက္ခုဒ္ဒါရမှငင်း, ။ပ။ မနောဒွါရမှငင်း အာသဝတို့ ယိုစီးကြကုန်သောဟု ဆို၏။ ထို–သော် ဒွါရ ၆–ပါးမှ အာသဝတို့ ယိုစီးကုန်၏ဟူသည် ကရားမှရှိသောရေယိုစီးသကဲ့သို့ ယိုစီးမှုမျိုးပင် ဖြစ်၏ဟူသောအနက်သဘော ရောက်ရာသည်မဟုတ်ပါလော။ ထို့ကြောင့်–သာမဆိုသင့်။ ဒွါရ ၆–ပါးမှ အာသဝတို့ ယိုစီးပုံအခြင်းအရာကိုလည်း ပြဆိုသင့်သေး၏။ပ။ (ဂ)မိန့်။

အဓိပ္ပါယ်ကား။ ။ကရားမှရှိသော ရေယိုစီးသကဲ့သို့ ယိုစီးမှုမျိုးမဟုတ်၊ စန္ဒရကန်ကျောက်မှဖြစ်၍ ယိုစီးသောရေကဲ့သို့ (ဒွါရ ၆–ပါးမှ အာသဝတို့) တရားသဘောအားဖြင့် ဖြစ်ကြကုန်၏ဟု ယိုစီးပုံ အခြင်းအရာကို ငါပြ–ဟူလို။ (ပြည်သျှ။၃၁၅။)

## (ဃ) ဌပနာဘောဂါဒီ

ဆရာ–သည်(က)(ခ)(ဂ)ဝါကျတို့ဖြင့် ဒွါရ ၆–ပါးမှ ယိုစီးတတ်သောကြောင့် အာသဝမည်၏ဟု ပြဆို၏။ ထို–သော်။ယင်းအကြောင်းသကတ်တစ်မျိုးကြောင့်သာ အာသဝမည်၏ ဟူသောအနက်ရောက်ရာသည် မဟုတ်ပါလော။ပ။ အာသဝမည်ခြင်း၏ အခြားအကြောင်း သကတ်တစ်မျိုးကား အဘယ်ပါနည်း။–(ဃ)မိန့်။

## (င) ဌပနာဘောဂါဒီ

ဆရာ–သည် (ဃ)ဖြင့် ဓမ္မအားဖြင့် ။ပ။ အာသဝမည်၏ဟု ပြဆို–၏။ ထို–သော် ဆရာ့ စကားသည် ဂုဋ္ဌတ္ထ, သခ်ေပတ္ထမျှသာဖြစ်၍ ယင်း၏ ဥဇုကတ္ထ အဓိပ္ပါယတ္ထအကျယ်ကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော–စသည်– (င)မိန့်။

## (စ) ဌပနာဘောဂါဒီ

ဆရာ–သည် (င)ဖြင့် ဂေါတြဘုတိုင်အောင်သောတရားတို့ကိုငှင်း, ဘဝဂ်တိုင်အောင်သောအရပ် ကိုငှင်း အတွင်းပြု၍ဖြစ်တတ်ကုန်၏ဟု ပြဆိုတော်မူ၏။ (ဝါ) အန္တော ကရိတွာ ပဝတ္တန္တိ–ဟုဖွင့်ပြဆိုတော်မူ၏။ ဆရာ့စကားသည် ဒဠှီယမျှသာဖြစ်၍ ဒဠှီကရဏနှင့် ကင်း၍ မခိုင်မြဲရာသည်, မယုံကြည်အပ် မယုံကြည်နိုင်ရာသည်မဟုတ်ပါလော။ပ။ယုတ္တိဒဠှီကရဏကိုလည်း ပြဆိုသင့်သေး၏။ပ။ ဤသို့–(စ)မိန့်။

## (၃)

## (ဂ) ဣတိ ဝုတ္တံ ဟောတိ–ထားရခြင်း

ဣတိဝုတ္တံ၊ ဟောတိခံ၊ မှတ်ရန်ပဒ၊ ဝိဏ္ဏာတ္တ–ဟူသည်နှင့်အညီ ဒွါရ ၆–ပါးမှ အာသဝေါတရားတို့ယိုစီးကုန်၏ဟူသည် ကရားမှရှိသောရေယိုစီးသကဲ့သိုမဟုတ်, စန္ဒရကန်ကျောက်မှဖြစ်၍ ယိုစီးသောရေကဲ့သို့ ဒွါရ ၆–ပါးမှ တရားသဘောအားဖြင့် ဖြစ်ခြင်းပင်တည်းဟူသော ဆိုလိုရင်းပဒဝိဏ္ဏာတ္တ အဓိပ္ပါယ်ကို ပြလိုသောကြောင့် (ဂ)၌ ဣတိဝုတ္တံ ဟောတိ–သဒ္ဒါထားသည်။

## (ဃ) ဝါကျ ဝါ–သဒ္ဒါထားရခြင်း

ဒွါရ ၆–ပါးမှ ယိုစီးတတ်သောကြောင့် အာသဝမည်၏ဟူသောအကြောင်းသကတ်မှတပါး ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင်၊ ဩကာသအားဖြင့် ဘဝဂ်တိုင်အောင်အာရုံပြုသောအားဖြင့် သွားတတ်,ရောက်တတ်သောကြောင့် အာသဝမည်၏ဟူသော အကြောင်းသကတ်တစ်မျိုးကို လဲလိုသောကြောင့် ဝါ–သဒ္ဒါထားသည်။

http://www.dhammadownload.com



(၄)

* စက္ခတိ ရူပံ အဿာဒေတီတိ စက္ခု။
* စက္ခတိ ပဿတီတိ ဝါ စက္ခု။ (စက္ခဓာတ်+ဥပစ္စည်း။ ရူပါရုံကိုသာယာခြင်း၊မြင်ခြင်း။)
* မနတိ ဇာနာတီတိ မနော။ (မန+အ၊ သိခြင်းကြိယာ၊)
* အာရမ္မဏံ မိဏာတိ ပရိစ္ဆိန္ဒတီတိ ဝါ မနော။ (မာ+ယုပစ္စည်း၊အာရုံကိုနှိုင်းယှဉ်ခြင်းပိုင်းခြားခြင်း)
* ဂေါပီယတီတိ ဂေါတ္တံ။ (ဂုပ+တ။ လုံခြုံစေခြင်း၊ စောင့်ရှောက်ခြင်း)
* ဂဝံ သဒ္ဒံ တာယတီတိ ဝါ ဂေါတ္တံ။ (ဂေါ+တာ+တ)
* ဂေါတ္တံ ဘဇတိ အဘိဘဇတီတိ ဂေါတြဘု။

(တနည်း) ဂေါတ္တံ ဘာဝေတိ ဝဍ္ဎေတိ နိဗ္ဗတ္တေတီတိ ဝါ ဂေါတြဘု။

(စတုက္ကထုတ်ပုံ။ ဝါကျဥယျာဉ်-၂၅၊ ဒဿနတိကံ၌ပြခဲ့ပြီ။)

* ဂေါတြဘုစ ဝေါဒါနဥ္စ ပရိကမ္မဥ္စ ဂေါတြဘု။ (ဝိရူပေကသေသ်။)

✔ ဂေါတြဘု,ဝေါဒါန်,ပရိကံ,တို့၏အချင်းချင်းငဲ့- အညမညာပေက္ခသမ္ဗန်သည် ဗျု-နိ။

✔ ဂေါတြဘု, ဝေါဒါန်,ပရိကံ, တို့၏အချင်းချင်းငဲ့ခြင်းဂုဏ်သည်-ပ-နိ။

* ကရီယတေ ကရဏံ။ အနွော+ကရဏံ အနွောကရဏံ။
* အရီယတိ ဉာယတီတိ အတ္ထော။
* အနွောကရဏံ+အတ္ထော ယဿာတိ အနွောကရဏတ္ထော။

✔ အတွင်းပြုခြင်းအနက်၏+ အာအက္ခရာနှင့် ဝါစ္စ+ဝါစက, ဂုဏ်+ဂုဏီ-စပ်-ဗျု-နိ။

✔ အတွင်းပြုခြင်းအနက်ရှိသည်၏အဖြစ်တည်းဟူသောဂုဏ်သည်-ပ+နိ။

* ဘဝေသု အဂ္ဂေါ ဘဝဂ္ဂေါ။

✔ သုံးဆယ့်တစ်ဘုံ၏+ဘဝဂ် (နေဝသညာနာသညာယတနဘုံ) နှင့် အပေါင်း+အစိတ်စပ်-ဗျု-နိ။

✔ သုံးဆယ့်တစ်ဘုံတွင် အမြတ်ဆုံးဖြစ်ခြင်းဂုဏ်သည် ပ+နိ။

* အဝကသန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ ဩကာသော။ (အဝ+ကသ+ဏ)

(၅)

အာသဝဏ္ဍိ-ကား အာချာတ်, အလိင်, ဘူဝါဒိ, ဥကာရန္တ။

မနတော-၌ မန-ကား ကိတ်နာမ်, ပုံ,နပုံ, မနောဂိုဏ်း, အကာရန္တ။

ဘဝဂ္ဂ-ကား သမာသ်နာမ်, ပုံ, ပုရိသာဒိ, အကာရန္တ။

ဩကာသံ-ကား ကိတ်နာမ်, ပုံ, ပုရိသာဒိ, အကာရန္တ။

အနွော-ကား နိပါတ်, အလိင်, ဂဏာဝိမုတ်, ဩကာရန္တ။

(၆)

(က) အာသဝဏ္ဍိ-ဖြင့် အာသဝါ-၌ အာပုဗ္ဗ-သုဓာတ်-၄င်း,ဏ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်-၄င်း, အာသဝဏ္ဍိတိ အာသဝါ-ဟု ပြု-၄င်း, အာ-ဥပသာရ၏ဓာတွတ္ထာနုဝတ္တက၏-၄င်း သိစေသည်။

(ခ) သန္ဒန္တိ-ဖြင့် အာသဝဏ္ဍိ (အာသဝါ) ၌ အာ-ပုဗ္ဗ၊ သု-ဓာတ်သည်-ဇနန, ဣဿရ အနက်တို့ကို မဟော၊ သန္ဒန-အနက်ဟော၏ဟု သိစေသည်။

http://www.dhammadownload.com



စက္ခုဟောပိ (ပ) မနတောပိ–ဖြင့်–ဘာဝတ္ထ–သိစေသည်။

(ဂ) ပဝတ္တန္တီတိ ဝုတ္တံ ဟောတိ–ဖြင့် –၆–ဒွါရ–မှ ယိုစီး၏ဟူသည် ကရားမှရှိသော ရေယိုစီးသကဲ့သို့ မဟုတ်၊ စန္ဒရကန်ကျောက်မှဖြစ်၍ ယိုသောရေကဲ့သို့ ဒွါရ–၆–ပါးမှ တရားသဘောအားဖြင့် ဖြစ်ခြင်းတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

(ဃ) ဝါကျ–ဖြင့် အာသဝါ–၌ အာပုဗ္ဗ–သုဓာတ်–၄င်း,အာ–ဥပသာရ၏ အဝဓိ, အဘိဝိဓိအနက်ဟော–၄င်း, ဏ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–၄င်း၊ ယာဝ ဂေါတြဘုံ, ယာဝ ဘဝဂ္ဂံ သဝန္တီတိ အာသဝါ–ဟုပြု–၄င်း, ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင်,ဘုံအားဖြင်ဘဝဂ်တိုင်အောင် အာရုံပြုသောအားဖြင့် သွားတတ်, ရောက်တတ်သောကြောင့် အာသဝမည်သည်၏အဖြစ်ကို၄င်း သိစေသည်။

(င) ဝါကျ–ဖြင့်ဓမ္မအားဖြင့်။ပ။တိုင်အောင် သွားတတ်,ရောက်တတ်၏ဟူသည် ဂေါတြဘုတိုင်အောင်သော တရားတို့ကို၄င်း,ဘဝဂ်တိုင်အောင်သော ဘုံအရပ်ကို၄င်း အတွင်းပြု၍ ဖြစ်ခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

(စ) ဝါကျဖြင့် အာသဝ၌ အာ–သည် အန္တောကရဏအနက်ဟော(အဝဓိ,အဘိဝိဓိအနက်ဟော)၏ဟု သိစေသည်။ (ဥပ+ဝတ္ထ)

(၇)

(ခ) စက္ခုတောပိ ။ပ။ မနတောပိ–တို့၌ ပိ သဒ္ဒါတို့ကား အညမညသမုစ္စယတ္ထဇောတက။

(စ) ဟိ–ကား ယုတ္တိဒဋ္ဌိကရဏဇောတက။

(င) ဓေတဓမ္မေ, ဓေတဥ ဩကာသံ–တို့၌ ဧတ– ၂–ခုကား ဓမ္မ, ဩကာသ–ဟု အစွဲတိုက်ရိုက်ပါရှိ ပသိဒ္ဓ။ (တနည်း) (ဃ)၌ ဆိုခဲ့ပြီးသော ဂေါတြဘုတိုင်အောင်သောဓမ္မနှင့် ဘဝဂ်တိုင်အောင်သော ဩကာသ တို့ကိုစွဲ ပဏ္ဏာ။

(စ) အယံ–၌ ဣမ–ကား ပသိဒ္ဓဝိသယ။

(၈)

✔ အာသဝေါတရားတို့သည် ဒဿနတ္ထ။

✔ ဇရာမရဏမုစ္ဆာသည်၄င်း, အယောနိသောမနသိကာရသည်၄င်း ဒီပကတ္ထ။

✔ အဝိဇ္ဇာသည်၄င်း, သံသာရဒုက္ခသည်၄င်း ပကာသနတ္ထ။

✔ အသပ္ပုရိသူပနိဿယ, အသဒ္ဓမ္မဿဝနစသည်သည်၄င်း, ဝတ္ထုအာရုံစသော အကြောင်းတရားများသည်၄င်း ဝိဘာဝတ္ထ။

✔ သင်္ခါရ, ဝိညာဏ်–စသောအကျိုးတရားများသည် အနုဘာဝတ္ထ။

(၉)

ဒွါရ ၆–ပါးမှ လောဘ, ဒိဋ္ဌိ, မောဟတို့သာမက ကုသိုလ်အဗျာကတနှင့်တကွ အခြားတရား တို့လည်း ယိုစီးကြဖြစ်ကြပါလျက် လောဘ, ဒိဋ္ဌိ, မောဟ ၃–ပါးကိုသာ အာသဝ–ဟု ခေါ်ဆိုရခြင်း။

ဤ လောဘ–ဒိဋ္ဌိ–မောဟသုံးပါးတို့သည် အနာမှ သွေးပြည် (သနံ့ရည်) ယိုစီးလာသကဲ့သို့ ၆–ဒွါရမှ မစင်မကြယ်စက်ဆုပ်ဘွယ်၏ အဖြစ်ဖြင့် ယိုစီးလာရကား အာသဝသဒ္ဒါသည် ယင်းသို့ စက်ဆုပ်ဖွယ် အဖြစ်ဖြင့် မစင်မကြယ်ယိုစီးလာဖြစ်လာတတ်သော လောဘစသော တရား ၃–ပါး၌သာ ထင်သော အထင်ရုဋ္ဌီ ဖြစ်သည်။ ထို့ကြောင့် လောဘ ဒိဋ္ဌိ မောဟ–တို့ကိုသာ အာသဝ–ဟုဆိုသည်။ ကုသိုလ်စသည်ကို အာသဝဟုမဆိုရ။ (မူလဋီကာ။၅၂။ ဘာသာဋီ။၃၅၅။)

http://www.dhammadownload.com



(၁၀)

(ခ) စက္ခုတောပိ+သန္တန္တိ ၌-

စက္ခုတော-အရ စက္ခုပသာဒ ပစ္စည်းတရားသည်-

သန္တန္တိ-အရ လောဘ, ဒိဋ္ဌိ, မောဟ ပစ္စယုပ္ပန် တရားအား ပကတူပ-ပြု။

မနတောပိ+သန္တန္တိ ၌-

မနတော-အရ ဘဝင်စိတ် ပစ္စည်းတရားသည်-

သန္တန္တိ-အရ လောဘ, ဒိဋ္ဌိ, မောဟ ပစ္စယုပ္ပန်တရားအား ပကတူပ-ပြု။

(ဂ) ယာဝ ဂေါတြဘုံ+သဝန္တိ ၌-

ယာဝ ဂေါတြဘုံ-အရ ဂေါတြဘုစိတ္တုပ္ပါဒ်ပစ္စည်းတရားသည်-

သဝန္တိ-အရ လောဘ၊ ဒိဋ္ဌိ၊ မောဟပစ္စယုပ္ပန်တရားအား အာရမ္မဏ-ပြု။

ပြိုင်-အာ, မိ, ဥ-ယထာရဟ (၃)ပစ္စည်း။

ယာဝ ဘဝဂ္ဂံ သဝန္တိ ၌-

ယာဝ ဘဝဂ္ဂံ-အရ နေဝသညာနာသညာယတနဘုံဟူသော ပညတ်အာရုံပစ္စည်း တရားသည်-

သဝန္တိ-အရ လောဘ, ဒိဋ္ဌိ, မောဟ ပစ္စယုပ္ပန်တရားအား အာရမ္မဏ-ပြု။

ပြိုင်-အာ, မိ, ဥ, ပု, အတ္ထိ, အဝိဂတ၊ ယထာရဟ (၆)ပစ္စည်း။

==========================

## ဝါကျဥယျာဉ် (၄၄)

(က) စိရပါရိဝါသိယဋ္ဌေန မဒိရာဒယော အာသဝါ။

(ခ) အာသဝါ ဝိယာတိပိ အာသဝါ။

(ဂ) လောကသ္မိဉ္ဟိ စိရပါရိဝါသိကာ မဒိရာဒယော အာသဝါတိ ဝုစ္စန္တိ။

(ဃ) ယဒိစ စိရပါရိဝါသိယဋ္ဌေန အာသဝါ၊ ဧတေယေဝ ဘဝိတုမရဟန္တိ။

(င) ဝုတ္တဉ္ဟေတံ "ပုရိမာ ဘိက္ခဝေ ကောဋိ န ပညာယတိ အဝိဇ္ဇာယ 'ဣတော ပုဗ္ဗေ အဝိဇ္ဇာ နာဟောသိ' တိ"အာဒိ။

ဋ္ဌ။၉၀။ မူလဋီ။၅၂။ ယောဇနာ။၇၃။ ပြည်သျှ။၃၁၇။ ဘာသာဋီ။၃၅၆။ ကျော်စံ-ဂဏ္ဌိ။၂၁၉။ မင်းခင်းဂဏ္ဌိ။၃၁၁။

========================

(၁)

(က)ဝါကျ။ စိရပါရိဝါသိယဋ္ဌေန-ရှည်မြင့်စွာသောကာလပတ်လုံး ထုံတတ်သည်၏ အဖြစ်တည်းဟူသော အနက်ကြောင့်။ (ဝါ) ကာလရှည်ကြာ ဟောင်းမြင်းသည်၏အဖြစ်ကြောင့်။ (ပြည်သျှ) မြင့်ရှည်စွာ ထုံအပ်သော အနက်သဘောကြောင့်။ (မင်းခင်းဂဏ္ဌိ) ကြာမြင့်စွာတည်နေစေအပ် ထုံအပ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်။ မဒိရာဒယော-မုဒရက်သီးရည်အစရှိသည်တို့သည်။ အာသဝါ-တို့မည်၏။ (ဘာသာဋီ)

http://www.dhammadownload.com



(ခ) ယေ ဓမ္မာ-တို့သည်။ အာသဝါ ဝိယ-ကြာမြင့်စွာထုံအပ်သောအရက်တို့နှင့်တူကုန်၏ ။ပ။

(ဂ) ဟိ-သစ္စံ-မှန်၏။ (ပြည်၊ ဘာသာဋီကာ)

(ဃ) စ-ဆက်။ စိရပါရိဝါသိယဋ္ဌေန-ကြောင့်။ အာသဝါ-မည်ကုန်သည်။ ယဒိ သိယုံ-ကုန်ငြားအံ့။ ဧဝံသန္တေ-သော်။ ဧတေယေဝ-ဤကာမာသဝစသည်တို့ သည်သာလျှင်။(အာသဝါ-အာသဝမည်ကုန်သည်။) ဘဝိတုံ-ငါ၊ အရဟန္တိ-ကုန်၏။

(၂)

(က)(ခ) ဌပနာဘောဂါဒိ

ဆရာ-သည် ရှေးဆိုခဲ့ပြီးဝါကျတို့ဖြင့် ဒွါရ ၆-ပါးမှ ယိုစီးတတ် ဖြစ်တတ်သောကြောင့်၄င်း၊ ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင် ဘုံအားဖြင့် ဘဝဂ်တိုင်အောင် အာရုံပြုသောအားဖြင့် သွားတတ် ရောက်တတ်သောကြောင့် ၄င်း အာသဝမည်၏ဟုဆို၏။ ထို-သော် ယင်းဆိုခဲ့ပြီး အကြောင်းသကတတ် နှစ်မျိုးကြောင့်သာ အာသဝမည်၏ဟူသောအနက် ရောက်ရာသည်မဟုတ်ပါလော။ပ။အာသဝမည်ခြင်း၏ အခြားအကြောင်း သကတတ်တမျိုး ကိုလည်း ပြဆိုသင့်သေး၏ ။ပ။ ဤသို့- (က)(ခ)မိန့်။

(ဂ) ဌပနာဘောဂါဒိ

ဆရာ-သည် (က)ဝါကျဖြင့် ကြာမြင့်စွာထုံအပ်သည်၏အဖြစ်ဟူသောအနက်သဘောကြောင့် မုဒရက်သီး ရည်အစရှိသည်တို့သည် အာသဝမည်ကုန်သောဟုဆို၏။ ထို-သော် ဆရာ့စကားသည် ယုတ္တိကင်းပဒဋ္ဌိယ မျှသာဖြစ်၍ ယုတ္တိဒဋ္ဌိကရဏနှင့်ကင်း၍ မခိုင်မြဲရာသည်, မယုံကြည်အပ် မယုံကြည်နိုင်ရာသည်မဟုတ်ပါလော-စသည်-(ဂ)မိန့်။

(ဃ) ဌပနာဘောဂါဒိ

ဆရာ-သည် (ခ)ဝါကျဖြင့် ကြာမြင့်စွာထုံအပ်သော အရက်နှင့်တူသောကြောင့် အာသဝမည်၏-ဟုပြဆိုတော်မူ၏။ ထို-သော် မာနစသောတရားတို့သည်လည်း အာသဝမည်၏ဟူသောအနက်ရောက်ရာသည် မဟုတ်ပါလော။ (ဧတေယေဝ-ကို ငဲ့၍တက်သည်။) (တနည်း) မည်သည့်တရားသည် အာသဝမည်၏-ဟု မသိအပ်မသိနိုင်ရာသည်မဟုတ်ပါလော။ ထို့ကြောင့်-မဆိုသင့်။ အာသဝအမည်ရသောတရားတို့ကို တိကျစွာ ပြဆိုသင့်သေး၏။ အဘယ်တရားတို့သည် အာသဝမည်ပါကုန်သနည်း။ ဤသို့-(ဃ)မိန့်။

အဓိပ္ပါယ်ကား။ ။ ကြာမြင့်စွာထုံအပ်သောအနက်သဘောကြောင့် ကာမာသဝစသည်တို့သည်သာလျှင် (ဝါ) လောဘ-ဒိဋ္ဌိ-မောဟတို့သည်သာလျှင် အာသဝမည်ကုန်၏ဟု ငါပြ-ဟူလို။

(င) ဌပနာဘောဂါဒိ

ဆရာ-သည် (ဃ)ဝါကျဖြင့် ကြာမြင့်စွာထုံအပ်သောအနက်သဘောကြောင့် ကာမာသဝစသည်တို့သည် သာလျှင်၊ (ဝါ) လောဘ-ဒိဋ္ဌိ-မောဟ-တို့သည်သာလျှင် အာသဝမည်ကုန်၏ဟုဆိုတော်မူ၏။ ထို-သော် ဆရာ့စကားသည် သကဝစနမျှသာဖြစ်၍ အာဂမ်သာဓကနှင့်ကင်း၍ မယုံကြည်အပ်, မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ ထို့ကြောင့်-မဆိုသင့်။ ဆရာ့စကားကို ယုံကြည်စေတတ်, ခိုင်မြဲစေတတ်သော အာဂမ်သာဓကေ ကိုလည်း ပြဆိုသင့်သေး၏။ အာဂမ်သာဓကေကား အဘယ်ပါနည်း။ ဤသို့-(င)မိန့်။

http://www.dhammadownload.com



(၃)

(ခ) အပိ–သဒ္ဒါထားရခြင်း

ရှေးဆိုခဲ့ပြီးအကြောင်းသကတ် ၂–မျိုးကြောင့်သာ အာသဝမည်သည်မဟုတ်သေး၊ ကြာမြင့်စွာထုံအပ်သော အရက်နှင့်တူသောကြောင့်လည်း အာသဝမည်ကုန်သေး၏ဟူသော သမုစ္စည်း သမ္ဘိဏ္ဍနအနက်ကို ပြလိုသောကြောင့် (တနည်း) အာသဝပုဒ်ကို ကတ္တုသာဓနကိတ်စနတ္တသာပြုရမည် မဟုတ်သေး၊ ဥပမာတဒ္ဓိတ်ဝစနတ္တလည်းပြုနိုင်သေး၏–ဟူသောသမုစ္စည်းသမ္ဘိဏ္ဍနအနက်ကို ပြလိုသောကြောင့်၊ (တနည်း) လောဘ–ဒိဋ္ဌိ–မောဟတို့သည် မုချအားဖြင့်သာ အာသဝမည်ကုန်သည် မဟုတ်သေး၊ သဒိသူပစာအားဖြင့်လည်း အာသဝမည်ကုန်သေး၏ဟူသော သမုစ္စည်းသမ္ဘိဏ္ဍနအနက်ကို ပြလိုသောကြောင့် (ခ)၌ အပိ–သဒ္ဒါထားသည်။

(ဂ)၌ ဝုစ္စန္တိ–ထားရခြင်း

အာသဝသဒ္ဒါ၏ အထင်ရှဦ,ကေဒေသျူပစာသဒ္ဒါအဖြစ်ကို ပြလို၍ (ဂ)၌ ဝုစ္စန္တိ–ထားသည်။

( င)၌ ဝုတ္တခွေတံ–ထားရခြင်း

ကြာမြင့်စွာထုံအပ်သောအနက်သဘောကြောင့် ကာမာသဝစသည်တို့သည်သာ အာသဝ–မည်ကုန်၏ဟူသော မိမိ၏သကဝစနကိုနိုင်မြဲစေတတ်, ယုံကြည်စေတတ်သောပရဝစန,သာဓက, အာဂမဒဋ္ဌိကရဏကို ပြလိုသောကြောင့် (င)၌ ဝုတ္တခွေတံ–သဒ္ဒါထားသည်။

(၄)

* မဇ္ဇန္တိ တောယာတိ မဒိရာ။

✔ မဒဓာတ်+ကိရပစ္စည်းသည်၄င်း, ယစ်မူးခြင်းကြိယာသည်၄င်း ဗျု–နီ။

✔ သေရည်အရက်၏ တစ်ခုသည်–ဓာတ်သည် ပ–နီ။

(တနည်း) အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ယစ်မူးခြင်းကြိယာသည် ဗျု–နီ။

✔ အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ယစ်မူးခြင်းကြိယာသည် ပ–နီ။

"ဝစနတ္ထမှတ်ဘွယ်"

* မဒိရာ+အာဒိ ယေသန္တိ မဒိရာဒယော။

* ပရိဝါသီယန္တေတိ ပရိဝါသီယာ။ (ပရိ+ဝသ+ဏျ။ အဖန်ဖန်တည်နေစေခြင်း၊ ထုံခြင်းကြိယာ။)

* ပရိဝါသီယာ ဧဝ ပါရိဝါသီယာ။ (ပရိဝါသီယပုဒ်+ဏ) (ဘာသာဋီကာ။)

* စိရံ+ ပါရိဝါသီယာ စိရပါရိဝါသီယာ။

(ကြာမြင့်စွာသောကာလ၏+ ထုံအပ်သောအရာဝတ္ထုနှင့် ကာလ+ကာလဝန္တစပ်။)

* စိရပါရိဝါသီယာနံ+ဘာဝေါ စိရပါရိဝါသီယာ။ (ဘာဝပ္ပဓာနဘာဝလောပ။)

* စိရပါရိဝါသီယာ ဧဝ အတ္ထော စိရပါရိဝါသီယဋ္ဌော။ (တေန)

(ကြာမြင့်စွာသောကာလပတ်လုံး ထုံအပ်သည်၏အဖြစ်၏+အနက်သဘောနှင့် ဂုဏ်+ဂုဏေးစပ်။)

◆ ဤကား စိရပါရိဝါသီယဋ္ဌေန–ကြာမြင့်စွာတည်နေစေအပ်, ထုံအပ်သည်၏အဖြစ်ဟူသောအနက်ကြောင့်–ဟူ၍ အနက်ပေးသော ဘာသာဋီကာအလို ဝစနတ္ထများတည်း။

http://www.dhammadownload.com



ပြည်သျ-၌ကား-စိရပါရိဝါသိယဋ္ဌေန-ရှည်မြင့်စွာသောကာလပတ်လုံး ထုံတတ်သည်၏အဖြစ်တည်း ဟူသော အနက်ကြောင့်-ဟု အနက်ပေးသည်။ ယင်းအလို ပရိဝသန္တီတိပရိဝါသာ။ (ပရိ+ဝသ+ဏ။ ကတ္တုသာဓနေ) ပရိဝါသာ ဧဝ ပါရိဝါသိယာ။ (ပရိဝါသပုဒ်+ဏျ) ဟုဝစနတ္ထပြုရမည်။ အပေါင်းဝိဂ္ဂဟအတူတူပင်။

◆ ကုင္ငီယတိ ဆိန္ဒီယတီတိ ကောဋ္ဌိ။ (ကုဋ+ဏှက်)(ဖြတ်ခြင်းကြိယာ)

(၅)

ပုရိမာ-ကား တဒ္ဓိတ်နာမ်, ဣတ္ထိလိင်, ကညာဒိ, အာ-ကာရန္တ။

ဘိက္ခုဝေ-ကား ကိတ်နာမ်, ပုံလိင်, ရတ္တာဒိ, ဥ-ကာရန္တ။

ကောဋ္ဌိ-ကား ကိတ်နာမ်, ဣတ္ထိလိင်, ရတ္တာဒိ, ဥ-ကာရန္တ။

ပုဗ္ဗေ-ကား သဗ္ဗနာမ်, ပုံလိင်, ပုရိသာဒိ, အ-ကာရန္တ။

ပညာယတိ-ကား အာချာတ်, အလိင်, ဘူဝါဒိ, ကိယာဒိ, အာ-ကာရန္တ။

(၆)

(က)စိရပါရိဝါသိယဋ္ဌေန-ဖြင့် အာသဝ-သဒ္ဒါသည် စိရပါရိဝါသိယတ္ထဝါစီ ရုဠ္ဌီအနိပ္ဖန္နပါဋိပဒိကပုဒ် အဖြစ်ကို သိစေသည်။ (နာမလိင်္ဂပဒတ္ထ)။

မဒိရာဒယော အာသဝါ-ဖြင့် အာသဝ-အရ မုချအားဖြင့် မုဒရက်သီး ရည်စသောအရက်ကို ယူ-သိစေ။

(ခ) အာသဝါဝိယ-ဖြင့် အာသဝါ-၌ အပစ္စည်း၏ ဥပမာတဒ္ဓိတ် အနက်၌သက်-ဌင်း၊ အာသဝါ ဝိယာတိ အာသဝါ-ဟု ပြု-ဌင်း သိစေသည်။

အပိ-ဖြင့် ရှေးဆိုခဲ့ပြီးအကြောင်းနှစ်မျိုးကြောင့်သာ အာသဝမည်သည်မဟုတ်သေး၊ ကြာမြင့်စွာထုံ အပ်သောအရက်နှင့်တူသောကြောင့်လည်းအာသဝမည်၏ဟူသော သမုစ္စယတ္ထ, သမ္ဘာဝနတ္ထဇောတက အဖြစ်ကို သိစေသည်။

(၇)

(ဃ) ဧတေယေဝ-၌ ဧဝ-၏ ဂဟေတဗ္ဗစသည်

✔ ကာမာသဝ စသော အာသဝေါလေးပါးသည် (ဝါ) လောဘ,ဒိဋ္ဌိ,မောဟသည်-ဂဟေတဗ္ဗတ္ထ။

✔ ဒေါသ,မာန စသည်သည်-နိဝတ္တေဗ္ဗတ္ထ။

✔ လောဘ,ဒိဋ္ဌိ,မောဟတို့၏ သံယောဇနေ-ဂန္ထ-ဩဃ စသောအမည်တို့သည်-အနုညာတတ္ထ။

ဧတေယေဝ-၌ ဧတ-ကား ကာမာသဝ-စသော အာသဝေါတရားလေးပါးကို စွဲသောကြောင့် (ဝါ) လောဘ, ဒိဋ္ဌိ,မောဟတို့ကို စွဲသောကြောင့်-ပဏ္ဏတ္တိဝိသယ။

(င) ဝုတ္တဋ္ဌေတံ-၌ ဧတ-ကား တိုက်ရိုက်ပါရှိသော ပုရိမာ ဘိက္ခုဝေစသောပါဠိတော်စကားကိုစွဲ-ပသိဒ္ဓ။

(ဂ) ဟိ-ကား ယုတ္တိဒဠှီကရဏဇောတက။

(ဃ) ယဒိ-ကား သက်ာဝဋ္ဌာနတ္ထ, (ရှ) ပရိကပ္ပတ္ထ။

စ-ကား ဥပန္ယာသတ္ထ, ဝါကျာရမ္ဘတ္ထဇောတက။

(င) ဟိ-ကား အာဂမဒဠှီကရဏဇောတက။

http://www.dhammadownload.com



(၈)

(င) ဝတ္ထုံ–၌ ဝစ–ဓာတ်အရ ဘုရားရှင်၏ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုယူ။
တ–ပစ္စည်း–အရ ပုရိမာ ဘိက္ခဝေ ကောဋိ န ပညာယတိ–အစရှိသော ဝစီဘေဒသဒ္ဒယူ။

(ဃ) "အတ္တာပန္န, အတ္တာပတ္တိသိဒ္ဓိ"

ကာမာသဝ စသည်တို့သည်သာ (ဝါ) လောဘ ဒိဋ္ဌိ မောဟတို့သည်သာ အာသဝမည်ထိုက်ကုန်၏ဟု အနွယကို ဆိုသဖြင့် ဒေါသ, မာန–စသောတရားတို့ကား အာသဝအမည်မရကြကုန်ဟု ဗျတိရိက်ကိုလည်း သိရသောကြောင့် (ဃ) ၌ အတ္တာပန္နသိဒ္ဓိ။ (အတ္တာပတ္တိသိဒ္ဓိ)ရသည်။

(င) "သိဒ္ဓေယျသိဒ္ဓိ"

ကြာမြင့်စွာထုံအပ်သော အနက်သဘောကြောင့် လောဘ ဒိဋ္ဌိ မောဟတို့သည်သာ အာသဝမည်ထိုက်သည်၏အဖြစ်ကို "ဤ ပုရိမာ ဘိက္ခဝေ ကောဋိ" အစရှိသော သံယုတ်ပါဠိတော် သာဓကကို ထောက်ဆ၍ သိရသောကြောင့် သိဒ္ဓေယျသိဒ္ဓိ ရသည်။

( ၉ )

လောဘ,ဒိဋ္ဌိ,မောဟ–အာသဝတရားကိုယ် (၃)ပါးကို လက္ခဏာဒိစတုက္ကထုတ်။

( ၁၀ )

(ဃ) ဧတေဟေဝ+အရဟန္တိ–၌

ဧတေဟေဝ–အရ လောဘ–ဒိဋ္ဌိ–မောဟ ပစ္စည်းတရားသည်–
အရဟန္တိ–အရ လောဘ–ဒိဋ္ဌိ–မောဟကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်အား သဟဇာတ–ပြု။
ပြိုင်–သဟကြီး ၄, အညႈ,သမ္ပ,ဟေတု,မဂ္ဂ (၈)ပစ္စည်း။

(တနည်း)ဧတေဟေဝ–အရ ရှေးရှေးသော အကုသိုလ်ဇောစိတ္တုပ္ပါဒ်၌ရှိသော လောဘ–ဒိဋ္ဌိ–မောဟ သည်–
အရဟန္တိ–အရ နောက်နောက်သော အကုသိုလ်ဇောစိတ္တုပ္ပါဒ်၌ရှိသော လောဘ–ဒိဋ္ဌိ–မောဟ အား အနန္တရ–ပြု။
ပြိုင်–အနန္တရ, သမနန္တရ, ဥပ, အာသေ, နတ္ထိ, ဝိဂတ (၆) ပစ္စည်း။

(င) ဝတ္ထုဒွေတံ–၌

ဧတံ–အရ , ဝတ္ထုံ–၌ တ–ပစ္စည်းအရ ပုရိမာ ဘိက္ခဝေ–စသော အက္ခရာဝလိနာမပညတ္တိသဒ္ဒါသည်–
ဝတ္ထုံ–၌–ဝစ–ဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။
(တနည်း) ဝတ္ထုံ–၌ ဝစ–ဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်သည်–
တ–ပစ္စည်းအရ, ဧတံ–အရ ပုရိမာ ဘိက္ခဝေအစရှိသော ဝစီဘေဒသဒ္ဒအား သဟဇာတ–ပြု။
ပြိုင်–သဟကြီး ၄, ဝိပ္ပယုတ္တ, ဟေ, ဓိ, ဏုံ, မဂ် (၉) ပစ္စည်း။

===================

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၄၅ )

(က) အာယတံ ဝါ သံသာရဒုက္ခံ သဝဋ္ဋံ ပသဝဋ္ဋံတိပိ အာသဝါ။

(ခ) တတော အညေ နော အာသဝါ နာမ။

(ဂ) အတ္တာနံ အာရမ္မဏံ ကတွာ ပဝတ္တေဟိ သဟ အာသဝေဟီတိ သာသဝါ။

(ဃ) ဧဝံ ပဝတ္တမာနာ နတ္ထိ ဧတေသံ အာသဝါတိ အနာသဝါ။

(င) သေသံ ဟေတုဂေါစ္ဆကေ ဝုတ္တနယေန ဝေဒိတဗ္ဗံ။

(စ) အယံ ပန ဝိသေသော၊ ယထာ တတ္ထ "န ဟေတူ ခေါ ပန ဓမ္မာ သဟေတုကာပိ, အဟေတုကာပီ"တိ အယံ ဩသာနဒုကော ပဌမဒုကဿ ဒုတိယပဒံ အာဒိမှိ ဌပေတွာ ဝုတ္တော၊ ဧဝံ ဣဓ "နော အာသဝါ ခေါ ပန ဓမ္မာ သာသဝါပိ, အနာသဝါပီ"တိ န ဝုတ္တော။

(ဆ) ကိဉ္စာပိ န ဝုတ္တော၊ အထ ခေါ အယမ္ပိ အညော စ ဘေဒေါ တတ္ထ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။

ဌ။၉၀။ မှုလဋီ။၅၃။ ယောဇနာ။၇၃။ ပြည်သျှ။၃၁၈။ ဘာသာဋီ။၃၅၇။ ကျော်စံဂဏ္ဌိ။၂၁၉။ မင်းခင်းဂဏ္ဌိ။၃၁၂။

==============================

(၁)

(က)ဝါ-ကား။ (ယေ ဓမ္မာ-တို့သည်။) အာယတံ-အစမမြင်ရည်ကြာစွာသော။ သံသာရဒုက္ခံ-သံသရာဆင်းရဲဟူသောအသီးကို။ သဝဋ္ဋံ ဖလဋ္ဋံ-သီးတတ်ကုန်၏။ အာယတံ-သော။ သံသာရဒုက္ခံ-သံသရာဆင်းရဲဟူသောသားကို။ ပသဝဋ္ဋံ-မွေးဖွားတတ်ကုန်၏။ ဣတိပိ-ကြောင့်လည်း။ တေဓမ္မာ။ အာသဝါ-မည်ကုန်၏။

(၂)

### (က) ပါဠ်နာဒိပဉ္စကစောဒနာ

ဆရာ-သည် ရှေးဆိုခဲ့ပြီးသောဝါကျတို့ဖြင့် ဒွါရ ၆-ပါးမှ ယိုစီးတတ် ဖြစ်တတ်သောကြောင့်၄င်း, ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင် ဘုံအားဖြင့် ဘဝဂ်တိုင်အောင် အာရုံပြုသောအားဖြင့် သွားတတ်ရောက်တတ်သောကြောင့်၄င်း, ကြာမြင့်စွာထုံအပ်သော အရက်နှင့်တူသောကြောင့်၄င်း အာသဝမည်၏ဟုဆို၏။ ထို-သော် ယင်းဆိုခဲ့ပြီးသော အကြောင်းသကတ်သုံးမျိုးကြောင့်သာ အာသဝမည်၏ဟူသော အနက်သည် ရောက်ရာ၏။ စသည်ဖြင့် အဗျာပိတဒေါသတင်တက်။

(တနည်း) ရှေးဆိုခဲ့ပြီးဝါကျတို့ဖြင့် အာသဝါ-ပုဒ်ကို ကိတ်ဝစနတ္ထ, တဒ္ဓိတ်ဝစနတ္ထပြုရမည်ဟု ပြသည်။

(က) ဖြင့် ကိတန္တဒုတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု ပြသည်။

(ဤသို့အဓိပ္ပါယ်ယူ၍လည်း ကျမ်းတက်နိုင်သည်။)

(ခ) ဖြင့် နော အာသဝါ (ဓမ္မာ)ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြသည်။

(ဂ) ဖြင့် သာသဝါ (ဓမ္မာ)ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြသည်။

(ဃ) ဖြင့် အနာသဝါ (ဓမ္မာ)ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြသည်။

(င) ဖြင့် ကျန်ရှိနေသော ဒုက်ပုဒ်တို့၏အဖွင့်သံဝဏ္ဏနာကို (အတိဒေသ-ညွှန်သောအားဖြင့်) ပြသည်။

(အတိဒေသ-ပက္ခန္တရ၊ ဝါကျာရမ္ဘ။) ကျမ်းတက်လွယ်ပြီ။

http://www.dhammadownload.com



## (စ) ပါပနာဒီပဋ္ဌက

ဆရာ–သည် (င)ဝါကျဖြင့် (ဤအာသဝဂေါစ္ဆကဋ္ဌ) ကြွင်းသော စကားရပ်များကို ဟေတုဂေါစ္ဆကဋ္ဌ ဆိုအပ်ပြီးသောနည်းဖြင့် သိအပ်သောဟုဆို၏။ ထို–သော် ဤအာသဝ ဂေါစ္ဆကဋ္ဌ ကြွင်းသောစကားရပ်များသည် ဟေတုဂေါစ္ဆကနှင့်လုံးဝတူ၏–ဟူသောအနက်သည်ရောက်ရာ၏။ (ဝါ) ဤ အာသဝဂေါစ္ဆကဋ္ဌ ဟေတုဂေါစ္ဆကဋ္ဌ ဆိုအပ်ပြီးသောနည်းမှတပါး ထူးခြားသောနည်းမရှိဟူသောအနက်ရောက်ရာ၏။ စင်–ကား ထိုအနက်သည် မရောက်သင့် (လုံးဝတူညီသည်ကား မဟုတ်)ထို့–ကြောင့် မတူထူးခြား ကွဲပြားချက်ကိုလည်း ပြဆိုသင့်သေး၏။ ။ပ။ အဗျာပိတဒေါသ။ပ။ ဤသို့ (စ) မိန့်။

## (ဆ) ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် ကြွင်းသော။ပ။ သိအပ်သောဟုဆို၏။ ထို–သော် ဟေတုဂေါစ္ဆကဋ္ဌ"နဟေတူ ခေါ ပန ဓမ္မာ သဟေတုကာပိ, အဟေတုကာပိ–ဟူ၍(ပထမဒုက်၏ ဒုတိယပုဒ်ကို အစဋ္ဌထား၍) အဆုံးဒုက်ကို ဟောသကဲ့သို့ ဤအာသဝဂေါစ္ဆကဋ္ဌ အဆုံးဖြစ်သောဒုက်ကို "နောအာသဝါ ခေါပနဓမ္မာ သာသဝါပိ, အနာသဝါပိ"ဟူ၍ မဟောအပ်သည်မဟုတ်ပါလော။ ထို့–ကြောင့်–– မဆိုသင့်။ ဟေတု ဂေါစ္ဆက–ဋ္ဌ ဆိုအပ်ပြီးသောနည်းမှတပါး သောနည်းကိုလည်း ပြဆိုသင့်သေး၏။–ယင်းနည်းကား အဘာယ်ပါနည်း။ ဤသို့– (ဆ)မိန့်။

အဓိပ္ပါယ်ကား။ ။ဟေတုဂေါစ္ဆကဋ္ဌဆိုအပ်သော နည်းကိုငှင်း, ထိုမှတပါးသော အပြားကိုငှင်း, ဟေတု ဂေါစ္ဆက–ဋ္ဌ ဆိုအပ်ပြီးသောနည်းဖြင့်သာ သိအပ်၏ဟူလို။

## (၃)

## (က) အာယတံ ဝါ–ဋ္ဌ ဝါ–သဒ္ဒါထားရခြင်း

အာသဝါ ဟူသောပုဒ်၏ ကိတ်ဝစနတ္ထ, တဒ္ဓိတ်ဝစနတ္ထမှတပါး အာယတံ သံသာရဒုက္ခံ သဝန္တိ ပသဝန္တီတိ အာသဝါ–ဟူသော ကိတန္တသမာသ်ဝစနတ္ထကိုလဲလိုသောကြောင့် အာယတံ ဝါ–ဋ္ဌ ဝါ–သဒ္ဒါထားသည်။

(တနည်း) ဒွါရ ၆–ပါးမှ ယိုစီးတတ်–ဖြစ်တတ်သောကြောင့်ငှင်း, ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင် ဘုံအားဖြင့် ဘဝဂ်တိုင်အောင် အာရုံပြုသောအားဖြင့် သွားတတ်ရောက်တတ်သောကြောင့်ငှင်း, ကြာမြင့်စွာ ထုံအပ်သော အရက်နှင့် တူသောကြောင့်ငှင်း အာသဝမည်၏ဟူသော အကြောင်းသကတ်အနက်မှတပါး, အစမမြင် ရှည်ကြာစွာသော သံသရာဆင်းရဲဟူသော အသီးကိုသီးတတ်, သံသရာဆင်းရဲဟူသော သားကို မွေးဖွားတတ်သောကြောင့် အာသဝမည်၏ဟူသော အကြောင်းသကတ် အနက်တစ်မျိုးကို လဲလှယ်ပြလို၍ (က)ဋ္ဌ ဝါ–သဒ္ဒါထားသည်။

## အပိသဒ္ဒါ–ထားရခြင်း

အာသဝါ–ပုဒ်ဋ္ဌ ကိတ်ဝစနတ္ထ, တဒ္ဓိတ်ဝစနတ္ထသာ ဖြစ်သည်မဟုတ်သေး, ကိတန္တ သမာသ်ဝစနတ္ထလည်း ဖြစ်နိုင်သေး၏ ဟူသော သမုစ္စည်းသမ္ဘာဝနာအနက်ကို ပြလိုသောကြောင့် အပိ–သဒ္ဒါထားရသည်။

(တနည်း) ရှေးဆိုခဲ့ပြီးအကြောင်း သုံးမျိုးကြောင့်သာ အာသဝမည်သည်မဟုတ်သေး၊ အစမမြင်။ပ။ သားကို မွေးဖွားတတ်သည်၏အဖြစ်ကြောင့်လည်း အာသဝမည်သေး၏ဟူသော သမုစ္စည်း–သမ္ဘာဝနာ အနက် ကို ပြလိုသောကြောင့် အပိ–သဒ္ဒါထားသည်။

http://www.dhammadownload.com



(၄)

* သံပုနပ္ပုနံ သရန္တိ ဧတ္ထာတိ သံသာရော။ (ဖူ။၂။၂၆၀။)
(တနည်း) သံပုနပ္ပုနံ, အဇ္ဈောတ္ထိန္နံ ဝါ သရတီတိ သံသာရော။
(တနည်း) သံသရဏံ သံသာရော။သံသရီယတေ ဝါ သံသာရော။
(သံ, သရ+ဏ။ အဖန်ဖန်အထပ်ထပ် အဆက်မပြတ်ဖြစ်ခြင်း)
* ဒုက္ခယတီတိ ဒုက္ခံ။ သံသာရောယေဝ ဒုက္ခံ သံသာရဒုက္ခံ။
(တနည်း) သံသာရေ ပဝတ္တံ ဒုက္ခံ သံသာရဒုက္ခံ။
(တနည်း) သံသာရဿ ဒုက္ခံ သံသာရဒုက္ခံ။(သံသရာ၏+ဆင်းရဲနှင့် ဝိသေသန+ဝိသေသျစပ်။)
* အာယတံ သံသာရဒုက္ခံ သဝန္တိ ပသဝန္တီတိ အာသဝါ။

✔ အာယတသဒ္ဒူပပဒ, သုဓာတ်+ဏပစ္စည်းသည်၄င်း, ရှည်စွာသော သံသရာဆင်းရဲကိုသီးခြင်းမွေးဖွားခြင်းကြိယာသည်၄င်း, ရှည်စွာသောသံသရာဆင်းရဲ၏+အာသဝေါတရားတို့နှင့် အကျိုး+အကြောင်းအဖြစ်ဖြင့် စပ်–၄င်းဖျူ+နီ။

✔ အာသဝေါတရားတို့၏တစ်ခုသည်––ဓာတ်သည်–ပ+နီ။

(၅)

(က) အာယတံ–ကား ကိတ်နာမ်, နပုံ, စိတ္တာဒိ, အကာရန္တ။
သဝန္တိ–ကား အာချာတ်, အလိင်, ဘူဝါဒိ, ဥကာရန္တ။
(ခ) အညေ(ဓမ္မေ)–ကား သဗ္ဗနာမ်, ပုံ, ပုရိသာဒိ, အကာရန္တ။
နောအာသဝါ–ကား သမာသ်နာမ်, ပုံ, ပုရိသာဒိ, အကာရန္တ။
(ဂ) အတ္တာနံ–ကား ကိတ်နာမ်, ပုံ, ရာဇာဒိ, အကာရန္တ။

(၆)

(က) အာယတံ သဝန္တိ–ဖြင့် အာသဝါ–၌ အာယတသဒ္ဒူပပဒ+သုဓာတ်၏အဖြစ်ကို၄င်း, ဏ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်သည်၏–၄င်း, အာယတံ သဝန္တီတိ အာသဝါ–ဟု ကတ္တုသာဓနကိတန္တဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြု–၄င်း, အာယတသဝါ–ဟုဆိုလိုလျက် ယတ–ကိုချေ (တနည်း) အာယတ–ကို အာပြု၍ အာသဝါ–ဟု ရုပ်ပြီးနေသည်ကို၄င်း သိစေသည်။

(တနည်း) အာယတံ သဝန္တိ–ဖြင့် အာသဝါ–၌ အာ–ရှေး+သုဓာတ်–၄င်း၊ အာ–ဥပသာရ၏အာယတ–အနက်ဟော–၄င်း စသည်ဖေါ်လေ။

သံသာရဒုက္ခံ–ဖြင့် အာယတ–အရ (တနည်း) အာသဝါ–၌ အာ–အရ သံသရာဆင်းရဲကိုယူ–သိစေ။
ပသဝန္တိ–ဖြင့် သဝန္တိ–၌ သု–ဓာတ်သည် ပသဝနအနက်ကိုဟော၏ဟု သိစေသည်။
ဝါ, အဝိ–တို့ဖြင့် ထုံးစံအတိုင်းဖော်။

(ခ)တတော အညေ–ဖြင့် နော အာသဝါ–၌ နော–သဒ္ဒါ၏ အညအနက်ဟော–၄င်း, (နိပါတလိင်္ဂတ္ထ) နော အာသဝါ–အရ အာသဝတရားသုံးပါးမှတပါးသောတရားတို့ကိုယူ–၄င်း, နော–သဒ္ဒါနောင် ပဌမာဝိဘတ်ကျေနေသည်ကို၄င်း, နော+အာသဝါ နောအာသဝါ–ဟု ကမ္မဓာရယ်ဝစနတ္ထပြု–၄င်း သိစေသည်။

(ဂ) သဟ အာသဝေဟိ–ဖြင့် သာသဝါကို သ+အာသဝါ–ဟု ပုဒ်ဖြတ်–၄င်း, သ–သည် သဟ–၏ ကာရိယ–၄င်း, ယင်း သ–သဒ္ဒါ၏ သဟအနက်ဟော–၄င်း၊ သဟ အာသဝေဟိ ယေ ဝတ္တန္တီတိ သာသဝါ–ဟုပြု–၄င်း သိစေသည်။

http://www.dhammadownload.com



အတ္ထာနံ ။ပ။ ပဝတ္တေဟိ-ဖြင့် အာသဝေဟိ-၌ အာသဝ-အရ (ဝါ) သာသဝါ-၌ အာသဝ-အရ သဟဇာတသတ္တိ၏အစွမ်းဖြင့်ဖြစ်သော အာသဝတို့ကိုမယူရ၊ မိမိဟုဆိုအပ်သော အာသဝ-တရားတို့ကို အာရုံပြု၍ဖြစ်သော (ဝါ) အာရမ္မဏသတ္တိ-ဖြင့် ကျေးဇူးပြုသော အာရမ္မဏိကဖြစ်သော အာသဝေါတရားတို့ကို ယူရမည်ဟု သိစေ။

(ဟနည်း) အတ္ထာနံ ။ပ။ ပဝတ္တေဟိ-ဖြင့် သဟ အာသဝေဟိ-၌ အာသဝတို့နှင့်တကွ ဖြစ်ကုန်၏ဟူသည် သမ္ပယုတ်၏အစွမ်းဖြင့် တကွဖြစ်ကုန်သည်ကားမဟုတ် အာရုံ, အာရမ္မဏိက၏အဖြစ်ဖြင့် တကွဖြစ်ကုန်၏ ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(ဃ) နတ္ထိ ဧတေသံ အာသဝါ-ဖြင့် ဖော်ပြ။

ဇဝံ ပဝတ္တမာနာ-ဖြင့် အာသဝတရားတို့မရှိ-ဟူသည် မိမိကို အာရုံပြု၍ဖြစ်သော အာသဝတရားတို့ မရှိဟူသော အဓိပ္ပါယ်ကို သိစေသည်။

(၇)

(ဆ) ဝုတ္တနယေနေဝ-၌ ဧဝ၏ ဂဟေတဗ္ဗတ္ထ စသည်ကား-

✔ ဟေတုဂေါစ္ဆက၌ ဆိုအပ်ပြီးသောနည်းသည် ဂဟေတဗ္ဗတ္ထ။

✔ ဟေတုဂေါစ္ဆက၌ ဆိုအပ်ပြီးသောနည်းမှတပါးသောနည်းသည်-

(ဝါ) ဆိုအပ်ပြီးသောနည်း၏ ဆန့်ကျင်ဘက် ဖြစ်သော နည်းသည် နိဝတ္တေတဗ္ဗတ္ထ။

✔ ဆိုအပ်ပြီးသောနည်းနှင့်တူသော (ဝါ) ဆိုအပ်ပြီးသော နည်းအားလျော်သော သဒိသနယ, အနုရူပနယ တို့သည် အနုညာတတ္ထ။

(ခ) တတော-၌ တ-ကား ဆိုအပ်ပြီးသော အာသဝတရားတို့ကို စွဲသောကြောင့်-ပဋ္ဌမ္ဘဝိသယ။

(က) အာယတံ ဝါ-၌ အာ-ကား ဓာတွတ္ထဝိသေသက။

အဝိ-ကား သမုစ္စယတ္ထဇောတက, သမ္ဘာဝနတ္ထဇောတက။

(ဂ) အာရမ္မဏံ-၌ အာ-ကား အာဂမနတ္ထ။

ပဝတ္တေဟိ-၌ ပ-ကား ဓာတွတ္ထာနုဝတ္တက။

(ဆ) ကိဋ္ဌာပိ-ကား ဂရဟာ, အရုစျတ္ထဇောတက။

အထခေါ-ကား သမ္ဘာဝနာဇောတက။

(၈)

(က) သဝန္တိ-အရ သံသာရဒုက္ခကို ဖြစ်စေတတ်သော အာသဝတရားလေးပါးကိုယူ၍ ဒဿနတ္ထစသည်ထုတ်။

(င) ၌ ဝေဒိတဗ္ဗ-သဒ္ဒါထားရခြင်း။

(ဤအာသဝဂေါစ္ဆက-၌) ဖွင့်ဆိုအပ်ပြီးသည်မှ ကြွင်းကျန်သော စကားကို (ဝါ) ကြွင်းသော အစီအရင်ကို ဟေတုဂေါစ္ဆက-၌ ဆိုအပ်ပြီးသောနည်းဖြင့် သိအပ်၏ဟု-ဥပစာရတ္ထ, နေယျတ္ထ, ဝက်တ္ထ, အနေကတ္ထ-အားဖြင့် ပြလိုသောကြောင့် (င) ၌ ဝေဒိတဗ္ဗ-သဒ္ဒါ ထားသည်။

http://www.dhammadownload.com



(၉)

အာသဝဂေါစ္ဆက-၏ နောက်ဆုံး ဩသာနဒုက်-၌ "နောအာသဝါ ခေါပန" ဟု မဟောမူ၍ "အာသဝ ဝိပ္ပယုတ္တာခေါပန" ဟု ဟောတော်မူခြင်းသည်-သာသဝတရားတို့၏ (သဟေတုတရားတို့၏ သမ္ပယုတ်တရား တို့နှင့်တကွဖြစ်သကဲ့သို့) အာသဝတရားတို့နှင့်သမ္ပယုတ်အားဖြင့် တကွ၏အဖြစ်မရှိ-ဟူသောအနက်ကို ပြခြင်း အကျိုးရှိ၏။

◆ ဩသာနဒုကေ "နော အာသဝါခေါ ပနာ"တိ အဝတွာ "အာသဝဝိပ္ပယုတ္တာ ခေါပနာ"တိ ဝစနံ သာသဝါနံ သဟေတုကာနံ ဝိယ သမ္ပယုတ္တေဟိ တံ သဟိတတာ န ဟောတီတိ ဒဿနတ္ထံ။(မူဋီ၊၅၃)

(၁၀)

(ဆ) အယဉ္စ အညောစ ဘေဒေါ+ဝေဒိတဗ္ဗော ၌-

ဝေဒိတဗ္ဗော-ဝယ် ဝိဒ-ဓာတ်အရ သုတမယဉာဏ်, စိန္တာမယဉာဏ် ပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည်- အယဉ္စ အညောစ ဘေဒေါ-အရ ဒုကဘေဒ-အား-အာရမ္မဏ-ပြု။

ပြိုင်-အာ, ပု, ဝိ, အတ္ထိ, အဝိဂတ (၅) ပစ္စည်း။

(က) ဝါကျ-၌

အာယတိံ သံသာရဒုက္ခံ-အရ သံသရာဒုက္ခ-ဟူသော တေဘူမကဓမ္မလောကီအာရုံပစ္စည်းတရားသည် သဝဍ္ဍိ ပသဝဍ္ဍိ-အရ အာသဝတရားကိုယ်သုံးပါးပစ္စယုပ္ပန်တရားအား အာရမ္မဏ-ပြု၊

ပြိုင်- ယထာရဟ (၈) ပစ္စည်း။

သဝဍ္ဍိ-ပသဝဍ္ဍိ-အရ အာသဝတရားကိုယ်သုံးပါးပစ္စည်းတရားသည်-

အာယတိံ သံသာရဒုက္ခံ-အရ သံသရာဒုက္ခ-ဟူသော တေဘူမကဓမ္မလောကီနာမ်ရုပ်အား ပကတူပ-ပြု။

(ခ)၌ အတ္တာနံ အာရမ္မဏ-အရ မိမိဟူသော တေဘူမက (လောကိယ)ဓမ္မ-ဟူသောပစ္စည်း ဘရားသည် ကတ္ဝာ ပဝတ္တေဟိ အာသဝေဟိ-အရ အာသဝတရားကိုယ်သုံးပါးအား အာရမ္မဏ-ပြု။

ပြိုင်- ယထာရဟ (၈) ပစ္စည်း။

========================

# ဝါကျဥယျာဉ် ( ၄၆ )

(က) သံယောဇနဂေါစ္ဆကေ ယဿ သံဝိဇ္ဇန္တိ၊ တံ ပုဂ္ဂလံ ဝဋ္ဋသ္မိံ သံယောဇေန္တိ ဗန္ဓန္တီတိ သံယောဇနာ။

(ခ) တတော အညေ နော သံယောဇနာနာမ။

(ဆ) ဣဓ ပန သမ္ပယုတ္တဓမ္မာဝ အဓိပ္ပေတာ။

ဋ္ဌ။၉၃။ မူလဋီ။၅၆။ ယောဇနာ။၇၄။ ပြည်သျှ။၃၃၀။ ဘာသာဋီ။၃၆၇။ ကျော်စံဂဏ္ဌိ။၂၂၂။ မင်းခင်းဂဏ္ဌိ။၃၂၁။

==========================

( ၁ )

ဝိဇ္ဇာဘာဂိနော–သမ္ပယုတ်၏အစွမ်းဖြင့် ဝိဇ္ဇာရှစ်ပါးသို့ဆည်းကပ်တတ်ကုန်သော။ (က–သံဝဏ္ဏနာနှင့်အညီ)
(ဝါ) ဝိဇ္ဇာရှစ်ပါးအစု၌ဖြစ်ကုန်သော။ (ခ–သံဝဏ္ဏနာနှင့်အညီ)

( ၂ )

(က) ဖြင့် ဝိဇ္ဇာဘာဂိနော–ကို ကိတန္တဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟုပြသည်။
( ခ ) ဖြင့် ဝိဇ္ဇာဘာဂိနော–ကို ဝတ္တန္တီတဒ္ဓိတ်ဝစနတ္ထပြုရမည်ဟုပြသည်။ပက္ကန္တရ။(ထုံးစံကျမ်းတက်။)
ဝိဇ္ဇာဘာဂိနောပုဒ်၏ ဝစနတ္ထအားလျော်စွာဖြစ်သင့်သောသရူပတ္ထ,အဘိဓေယျတ္ထ–ကို အကျယ် ပြလို၍
တတ္ထ ဝိပဿနာဉာဏံ အစရှိသော (ဂ) (ဃ) (င)ဝါကျများတက်လာသည်။ ဝိတ္ထာရ။

### (ဂ) (ဃ) (င) သို့ ဥပနာဘောဂါဒိ

ဆရာ–သည် (က)(ခ)ဝါကျတို့ဖြင့် ဝိဇ္ဇာဘာဂိနောပုဒ်၏ဝစနတ္ထကိုပြဆိုတော်မူ၏။ထို–သော် ဝိဇ္ဇာဘာဂိနောပုဒ်၏ ဝစနတ္ထအားလျော်စွာဖြစ်သင့်သော သရူပတ္ထ, အဘိဓေယျတ္ထကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထို့ကြောင့်–ဝစနတ္ထကိုသာ မဆိုသင့်။ ဝိဇ္ဇာဘာဂိနောပုဒ်၏ ဝစနတ္ထအားလျော်စွာ ဖြစ်သင့်သော သရူပတ္ထ အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ပ။ သရူပတ္ထ,အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့–(ဂ)စသည်မိန့်။

(မှတ်ချက်)(ဂ)ဝါကျကိုသာကျမ်းတက်လိုလျှင် “ဝိဇ္ဇာဘာဂိနော–၌ ဝိဇ္ဇာပုဒ်၏ သရူပတ္ထ ,အဘိဓေယျတ္ထကို မသိအပ်,မသိနိုင်ရာသည်မဟုတ်ပါလော”စသည်ဖြင့်တက်။
(ဂ)(ဃ)(င)တို့တွင်(ဂ)ဝါကျဖြင့် ဝိဇ္ဇာဘာဂိနော–၌ ဝိဇ္ဇာဟူသောအစိတ်ပုဒ်၏သရူပတ္ထ, အဘိဓေယျတ္ထကိုပြသည်။
(ဃ)(င)ဝါကျတို့ဖြင့် ဝိဇ္ဇာဘာဂိနောဟူသော အပေါင်းပုဒ်၏ သရူပတ္ထ, အဘိဓေယျတ္ထကိုပြသည်။ ပက္ကန္တရ။ ကျမ်းတက်လွယ်ပြီ။

http://www.dhammadownload.com



## (င) သို့ ပါပနာဒီပဋ္ဌက

ဆရာ-သည် (ဃ)ဝါကျဖြင့် ဝိဓွံ ဘဇန္တိဟု ကိတန္တသမာသ်ဝစနတ္တဖွင့်ခိုက် ဝိဇ္ဇာဘာဂိနော-အရ ဝိဇ္ဇာသမ္ပယုတ္တဓမ္မကို ယူရမည်ဟု ပြဆိုတော်မူ၏။ ထို-သော် ကိတန္တသမာသ်ဝစနတ္တပြုရသော ဝိဇ္ဇာဘာဂိနောပုဒ်၏ အဘိဓေယျတ္တသာရှိ၏ဟူသော အနက်သည်ရောက်ရာ၏။ စင်-ကား ထိုအနက်သည်မရောက်သင့်။ ထိုသို့-ကြောင့် ဝတ္တန္တိတဒ္ဓိတ်ဝစနတ္တပြုရသော ဝိဇ္ဇာဘာဂိနောပုဒ်၏ အဘိဓေယျတ္တကိုလည်း ပြဆိုသင့်သေး၏။ ပ။ အဗျာပိတ။ ဤသို့-(င)မိန့်။

## (စ) သို့ အနုသန္ဓေ

ဤသို့ (က)စသောဝါကျတို့ဖြင့် ဝိဇ္ဇာဘာဂိနောပုဒ်၏ ဝစနတ္တ အဘိဓေယျတ္တတို့ကို အသီးအသီးပြဆိုပြီး၍ ယခုအခါ၌ ယင်းစကားရပ်တို့ကို အကျဉ်းချုံး၍ နိဂုံးအုပ်ပြလိုသော ဆရာသည် (စ)မိန့်။

## (ဆ) ဝါကျသို့ ပါပနာဒီပဋ္ဌက

ဆရာ-သည် (ဃ)(င)(စ)ဝါကျတို့ဖြင့် ဝိဇ္ဇာနှင့် ဝိဇ္ဇာသမ္ပယုတ္တဓမ္မတို့သည် ဝိဇ္ဇာဘာဂီ မည်ကုန်၏ဟု (ဝိဇ္ဇာဘာဂီပုဒ်၏ အတ္ထုဒ္ဓါရကို) ပြဆိုတော်မူ၏။ ထို-သော် ဤသုတ္တန္တိကမာတိကာ ဝိဇ္ဇာဘာဂီဒုက်၌လည်း ဝိဇ္ဇာဘာဂိနောအရ ဝိဇ္ဇာ, ဝိဇ္ဇာသမ္ပယုတ္တဓမ္မ ၂-မျိုးလုံးကို ယူရမည်ဟူသောအနက်ရောက်ရာ၏။ စင်-ကား ထိုအနက်သည်မရောက်သင့်၊ ထိုသို့-ကြောင့် ဤသုတ္တန္တိကမာတိကာ ဝိဇ္ဇာဘာဂီဒုက်၌ ဝိဇ္ဇာဘာဂိနော-အရ လိုအပ်သော အဘိဓေယျတ္တကို တိကျစွာ ပြဆိုသင့်သေး၏။ပ။ အတိဗျာပိတတင် (ဆ)မိန့်။

အဓိပ္ပါယ်ကား။ ။ဤသုတ္တန္တိကာမာတိကာ ဝိဇ္ဇာဘာဂီဒုက်၌ ဝိဇ္ဇာဘာဂိနော-အရ ဝိဇ္ဇာကိုမလိုအပ်၊ ဝိဇ္ဇာသမ္ပယုတ္တဓမ္မကိုသာ လိုအပ်၏ဟူလို။

## (ခ)ဝါကျ၌ အပိ-သဒ္ဒါ ထားရခြင်း

ဝိဇ္ဇာဘာဂိနောပုဒ်၏ ကိတန္တဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္တမှတစ်ပါး ဝတ္တန္တိတဒ္ဓိတ် ဝစနတ္တဟူသော ဝစနတ္တတစ်မျိုးကို လဲလိုသောကြောင့်၄င်း၊ ဝိဇ္ဇာဘာဂိနောပုဒ်၏ သမာသ်ပုဒ် သဒ္ဒါအဖြစ်မှတစ်ပါး တဒ္ဓိတ်ပုဒ်သဒ္ဒါအဖြစ်ကိုလဲလိုသောကြောင့်၄င်း၊ သမ္ပယုတ်၏အစွမ်းဖြင့် ဝိဇ္ဇာရှစ်ပါးသို့ ကပ်ရောက်တတ်သည်၏အဖြစ်ကြောင့် ဝိဇ္ဇာဘာဂီမည်၏ဟူသောအကြောင်းသကတ်မှ တစ်ပါး ဝိဇ္ဇာရှစ်ပါးအစု၌ ဖြစ်ကုန်သည်၏အဖြစ်ကြောင့် ဝိဇ္ဇာဘာဂီမည်၏ဟူသော အကြောင်းသကတ်တမျိုးကို လဲလိုသောကြောင့်၄င်း (ခ)၌ အပိသဒ္ဒါထားသည်။

(တနည်း) ဝိဇ္ဇာဘာဂိနောပုဒ်ကို ကိတန္တဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္တသာပြုရသည် မဟုတ်သေး။ ဝတ္တန္တိ တဒ္ဓိတ်ဝစနတ္တကိုလည်း ပြုနိုင်သေး၏ဟူသော သမုစ္စည်းအနက် သမ္ဘာဝနာအနက်ကိုပြလိုသောကြောင့် (ခ)၌ အပိသဒ္ဒါထားသည်။

## (ဆ)ဝါကျ၌ အဓိပ္ပေတာ-သဒ္ဒါထားရခြင်း

"သာမညမှ၊ အတ္ထဝိသေ၊ တစ်ထွေစကားလှ၊ ပြလိုမှု၊ မှတ်ရှုကထိတံ၊ ဓိပ္ပေတံ"-ဟူသည်နှင့်အညီ ဝိဇ္ဇာ ဝိဇ္ဇာသမ္ပယုတ္တဓမ္မဟူသော အနက်သာမညမှ ဝိဇ္ဇာသမ္ပယုတ္တဓမ္မဟူသော အနက် ဝိသေသကိုပြလိုသောကြောင့်၄င်း၊ ဝိဇ္ဇာဘာဂိနောအရ မိမိအလိုရှိအပ်သော ဝိဇ္ဇာသမ္ပယုတ္တဓမ္မကို လုယက်၍ထုတ်ပြရာဌာနဖြစ်သောကြောင့်၄င်း (ဆ)၌ အဓိပ္ပေတာ-သဒ္ဒါထားသည်။

http://www.dhammadownload.com



(စ)ဝါကျ အပိသဒ္ဒါ ၂-ခုထားရခြင်း

အချင်းချင်းပေါင်းဆည်းသော အညမညသမုစ္စည်းအနက်ကို ပြလို၍ (စ)၌ အပိသဒ္ဒါ၂-ခုထားသည်။

(ဂ) ဝါကျ ဝိတ္ထာရ။ ဝိရောဓိ၊ ပုနရုတ္တိ-ပယ်သည်။

(စ) ဝါကျ နိဂမန။ ဝိရောဓိ-ပယ်သည်။

(ဆ) ဝါကျ အတ္ထုဒ္ဓေသ၊ ဝိသေသဝါကျ။ အတိဗျာပိတ-ပယ်သည်။

(၄)

* ဝိဝိဓေနာကာရေန ပဿတီတိ ဝိပဿနာ။ (ဝိ+ဒိသ+ယု)
* ဇာနာတီတိ ဉာဏံ။ ဝိပဿနာ ဧဝ ဉာဏံ ဝိပဿနာဉာဏံ။ (ယောဇနာ။၇၄။)
✔ ဝိပဿနာ၏+ ဉာဏ်နှင့် ဂုဏ်+ဂုဏေး စပ် ဗျု-နိ။
✔ ဝိပဿနာဉာဏ်၏ တစ်ခုသည်-ဇာတ်သည် ပ-နိ။

"ဝစနတ္ထမှတ်ဖွယ်"

* သုတ္တန္တေ+အာဂတာ သုတ္တန္တိကာ။
* သုတ္တန္တေ ဒေသိတာ ဝါ သုတ္တန္တိကာ။

(သုတ္တန်ပိဋကတ်၏+ ဒုကမာတိကာနှင့် အပေါင်း+အစိတ် ဌာနီ+ဌာနစပ်။)

* ဝိဒတိ ဇာနာတီတိ ဝိဇ္ဇာ။ (ဝိဒ+ဏျ။ သိခြင်းကြိယာ။)
* ဝိဇ္ဇံ+ဘဇန္တီတိ ဝိဇ္ဇာဘာဂိနော။

(တနည်း:) ဘဇန္တီတိ ဘာဂိနော။ ဝိဇ္ဇံ+ဘာဂိနော ဝိဇ္ဇာဘာဂိနော။ (ဤကား -က-နှင့်အညီ)

(ဝိဇ္ဇာရှစ်ပါး၏ ဆည်းကပ်တတ်သောဝိဇ္ဇာသမ္ပယုတ္တဓမ္မနှင့် သဟဇာတပစ္စည်း+ပစ္စယုပ္ပန်စပ်)

(တနည်း:) ဝိဇ္ဇာယ ဘာဂေါ ကောဋ္ဌာသော ဝိဇ္ဇာဘာဂေါ။

* ဝိဇ္ဇာဘာဂေ ဝတ္တန္တီတိ ဝိဇ္ဇာဘာဂိနော။ (ဤကား-ခ-နှင့်အညီ)

(ဝိဇ္ဇာအဖို့အစု၏ ဖြစ်ကုန်သောတရားတို့နှင့် ဌာန+ဌာနီစပ်။)

* ကောဋ္ဌေ သေတီတိ ကောဋ္ဌာသော။ (ကောဋ္ဌ+သီ+အ)
* ဝိဇ္ဇာယ+ကောဋ္ဌာသော ဝိဇ္ဇာကောဋ္ဌာသော။
* မနတိ ဇာနာတီတိ မနော။
* မနေန ပဝတ္တာ နိဗ္ဗတ္တာဝါ မနောမယာ။(စိတ်၏+ပြီးသောတန်ခိုးနှင့် အကြောင်း+အကျိုးစပ်။)
* မနောမယာ+ဣဒ္ဓိ မနောမယိဒ္ဓိ။

(စိတ်ဖြင့်ဖြစ်သော(ပြီးသော) ဂုဏ်၏+တန်ခိုးနှင့် ဂုဏ်+ဂုဏေးစပ်)

* အဘိဇာနန္တီတိ အဘိညာ။ (အဘိ+ဉာ+အ။)
* သမံ ပကာရေဟိ ယုတ္တာ သမ္ပယုတ္တာ။
* သမ္ပယုတ္တာစ တေ ဓမ္မာစာတိ သမ္ပယုတ္တဓမ္မာ။
* ပုရေ+ဇာတော ပုရိသော။ (ပုရ+ဏ္ဏမ)
* ပစ္ဆာ+ဇာတော ပစ္ဆိမော။ (ပစ္ဆာ+ဏ္ဏမ။)
* အဓိပ္ပီယန္တေ ဣစ္ဆီယန္တေတိ အဓိပ္ပေတာ။

http://www.dhammadownload.com



( ၅ )

(က) ဝိဇ္ဇံ–ကား ကိတ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ–ကာရန္တ။
ဘဇန္တိ–ကား အာချာတ်၊ အလိင်၊ ဘူဝါဒိ၊ အ–ကာရန္တ။
ဝိဇ္ဇာဘာဂိနော–ကား သမာသ်နာမ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဤ–ကာရန္တ။

(ဂ) မနောမယိဒ္ဓိ–ကား သမာသ်နာမ်၊ ဣတ္ထိင်လိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။
ယာကာစိ–ကား နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဣ–ကာရန္တ။

(စ) ဝေဒိတဗ္ဗာ–ကား ကိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။

(ဆ) အဓိပ္ပေတာ–ကား ကိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။

( ၆ )

(က) ဝိဇ္ဇံ ဘဇန္တိ–ဖြင့် ဝိဇ္ဇာဘာဂိနော–၌ ဝိဇ္ဇာသဒ္ဒူပပဒ ဘဇဓာတ်–ငင်း၊ ဏီပစ္စည်း ကတ္တုသာဓန အနက်၌သက်–ငင်း၊ ဝိဇ္ဇံ ဘဇန္တီတိ ဝိဇ္ဇာဘာဂိနောဟု ကတ္တုသာဓန ကိတန္တဒုတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြု–ငင်း၊(တနည်း)ဘဇန္တီတိ ဘာဂိနော၊ဝိဇ္ဇံ ဘာဂိနော ဝိဇ္ဇာဘာဂိနောဟု ပြု–ငင်း သိစေ။

သမ္ပယောဂဝသေန–ဖြင့် ဝိဇ္ဇာရှစ်ပါးသို့ ဆည်းကပ်၏–ဟူသည် အာရုံပြုသည်၏အစွမ်းဖြင့်ဆည်း ကပ်သည်မဟုတ်၊ သမ္ပယုတ်၏အစွမ်းဖြင့်ဆည်း ကပ်သည်၏အဖြစ်ကိုသိစေသည်။

(ခ) ဝိဇ္ဇာဘာဂေ ဝတ္တန္တိ–ဖြင့် ဝိဇ္ဇာဘာဂိနော–၌ ဤပစ္စည်း၏ ဝတ္တန္တိတဒ္ဓိတ်အနက်၌သက်–ငင်း၊ ဝိဇ္ဇာဘာဂေ ဝတ္တန္တီတိ ဝိဇ္ဇာဘာဂိနောဟု ပြု–ငင်း သိစေသည်။

ဝိဇ္ဇာကောဋ္ဌာသေ–ဖြင့် ဝိဇ္ဇာဘာဂေ–၌ ဘာဂ–သဒ္ဒါသည် ကောဋ္ဌာသအနက်ကိုဟော၏ဟု သိစေသည်။

(တနည်း) ဝိဇ္ဇာဘာဂေ ဝတ္တန္တိ–ဖြင့် ဝိဇ္ဇာဘာဂိနော–၌ ဤပစ္စည်း၏ အဿတ္ထိတဒ္ဓိတ် အနက်၌သက်–ငင်း၊ ဝိဇ္ဇာဘာဂေါ ဧတေသံ အတ္ထီတိ ဝိဇ္ဇာဘာဂိနော–ဟုပြု–ငင်း ဝိဇ္ဇာအဘို့အစုရှိသောတရားဟူသည် ဝိဇ္ဇာအဖို့အစု၌ဖြစ်သော ပါဝင်သောတရားတို့ပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေသည်။(ဘာဋီ။ ၃၆၈။)

(ဂ) ဖြင့် ဝိဇ္ဇာဘာဂိနော–၌ ဝိဇ္ဇာ၏ သရူပတ္ထ, အဘိဓေယျတ္ထကိုသိစေသည်။

(ဃ) ဖြင့် ဝိဇ္ဇံ ဘဇန္တီတိ ဝိဇ္ဇာဘာဂိနော–ဟုပြုခိုက် ဝိဇ္ဇာဘာဂိနောအရ ဝိဇ္ဇာသမ္ပယုတ္တဓမ္မ–ကိုယူရမည်ဟုသိစေသည်။

(င)ဖြင့် ဝတ္တန္တိ တဒ္ဓိတ်ဝစနတ္ထပြုခိုက် ဝိဇ္ဇာဘာဂိနောဝယ် ဝိဇ္ဇာ–အရ ဝိဇ္ဇာရှစ်ပါးတွင် တစ်ပါးပါးကိုယူ၍ ဝိဇ္ဇာဘာဂိနော–အရ ကြွင်းသော ဝိဇ္ဇာ ၇–ပါးကို ယူရမည်–ဟု သိစေသည်။

(စ)ဖြင့် ဤဆိုခဲ့ပြီးသော ဝိကပ်နှစ်နည်းပေါင်းလျှင် ဝိဇ္ဇာဘာဂိနော–အရ "ဝိဇ္ဇာလည်းရ ဝိဇ္ဇာသမ္ပယုတ္တဓမ္မ လည်းရ၏"ဟု သိထိုက်ကြောင်းကို (အတ္ထုဒ္ဓါရအဖြစ်ဖြင့်) သိစေသည်။ (ဘာဘာဋီကာ)

(ဆ)ဖြင့် ဤသုတ္တန္တိကဒုကမာတိကာ ဝိဇ္ဇာဘာဂီဒုက်၌ကား ဝိဇ္ဇာဘာဂီအရ သမ္ပယုတ္တဓမ္မတို့ကိုသာ လိုအပ်သတည်းဟု သိစေသည်။

(၇)

(စ)ဝါကျ ဝိဇ္ဇာဘာဂိနောတွေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်ကား––

✔ ဝိဇ္ဇာဘာဂီဟူသောအမည်သည် ဂဟေတဗ္ဗတ္ထ။
✔ ဝိဇ္ဇာဘာဂီမှတစ်ပါးသော အမည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

http://www.dhammadownload.com



(ဆ)ဒါကျ သမ္ပယုတ္တဓမ္မာဝ–၌ ဓဝ–၏ ဂဟေတဗ္ဗတ္ထစသည်–
✔ ဝိဇ္ဇာသမ္ပယုတ္တဓမ္မတို့သည် ဂဟေတဗ္ဗတ္ထ။
✔ ဝိဇ္ဇာသည် နိဝတ္တေတဗ္ဗတ္ထ။
✔ ဝိဇ္ဇာသမ္ပယုတ္တဓမ္မတို့၏ ဝိဇ္ဇာရှစ်ပါးသို့ ဆည်းကပ်တတ်သည်၏အဖြစ်တည်းဟူသောဂုဏ်သည် အနုညာတတ္ထ။

(ခ) ဝါကျ အပိ–ကား သမုစ္စယတ္ထ သမ္ဘိလ္လာနတ္ထ အပေက္ခနတ္ထ။
◆ ပိသဒ္ဒေါ ဒုတိယာဝစနတ္ထံ အပေက္ခတိ။ (ယောဇနာ။)
(ဃ) သမ္ပယုတ္တဓမ္မာပိ–၌ ပိ–ကား ပဒါလင်္ကာရ။
(စ) ဣတိ ဓဝ်–တို့ကား နိဒဿနတ္ထ၊ နိဂမနတ္ထ။
အပိ ၂–ခုကား အညမညသမုစ္စယတ္ထ။
(ဆ) ပန–ကား ပက္ခန္တရတ္ထ (တနည်း) ဝိသေသတ္ထ။ (တနည်း) အရုစ္စတ္ထ။
(ဂ) တတ္ထ (ဃ) တာဟိ (င)တာသု–တို့၌ တ–တို့ကား ပက္ကန္တဝိသယတို့တည်း။

(ဈ)
ဝိဇ္ဇ ဘာဝဒ္ဓ–၌ ဝိဇ္ဇ–အရ ဝိဇ္ဇာ ၈–ပါးကိုယူ၍–

| | |
|---|---|
| ✔ ထိုသည် | ဒဿနတ္ထ။ |
| ✔ အဘိညာပါဒကပဋ္ဌမဈာန်သည် | ဒီပကတ္ထ။ |
| ✔ တန်ခိုးအထူးဖန်ဆင်းခြင်းစသည်သည် | ပကာသနတ္ထ။ |
| ✔ အောက်အောက်ဈာန်များသည် | ဝိဘာဝတ္ထ။ |
| ✔ မဂ်ဖိုလ်နိဗ္ဗာန်ရခြင်းစသော အကျိုးအဆက်ဆက်သည် | အနုဘာဝတ္ထ။ |

(ဂ) ဝါကျ ဝိပဿနာဉာဏ်–အရ

| | |
|---|---|
| ✔ ဝိဿနာဉာဏ်သည် | ဒဿနတ္ထ။ |
| ✔ ယောနိသောမနသိကာရသည် | ဒီပကတ္ထ။ |
| ✔ သောတာပတ္တိမဂ်သည် | ပကာသနတ္ထ။ |
| ✔ စက္ကသမ္ပတ္တိစသည်သည် | ဝိဘာဝတ္ထ။ |
| ✔ သောတာပတ္တိဖိုလ်စသော အကျိုးအဆက်ဆက်သည် | အနုဘာဝတ္ထ။ |

(စ) ဝါကျ ဝေဒိတဗ္ဗာ–ထားရခြင်း
ဝိဇ္ဇာတို့ကိုငှင်း၊ ဝိဇ္ဇာသမ္ပယုတ္တဓမ္မတို့ကိုငှင်း၊ ဝိဇ္ဇာဘာဂီဟူ၍သာလျှင် သိအပ်သိထိုက်ကုန်၏ဟူ၍ ဥပစာရတ္တ,သံသယတ္တ, နေယျတ္တ, ဝင်္တတ္တ, အနေကန္တတ္တကို ပြလို၍ (စ) ၌ ဝေဒိတဗ္ဗာ–ထားသည်။
(ဆ) ဝါကျ အတ္တာပန္နသိဒ္ဓိ
ဤဝိဇ္ဇာဘာဂီဒုက်၌ သမ္ပယုတ္တဓမ္မတို့ကိုသာ လိုအပ်ကုန်၏ဟု အနွယကိုဆိုသဖြင့် ဝိဇ္ဇာနှင့် အခြားသော တရားတို့ကို မလိုအပ်ကုန်–ဟူသော ဗျတိရိက်အနက်အဓိပ္ပယ်ကိုသိရသောကြောင့် အတ္တာပန္န (အတ္တာပတ္တိ)သိဒ္ဓိရသည်။

http://www.dhammadownload.com



(၉)

အဋ္ဌဝိဇ္ဇာ–အရ– ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်၊ ပရစိတ္တဝိဇာနနဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ အာသဝက္ခယဉာဏ်–တို့တည်း။

ဝိဇ္ဇာသမ္ပယုတ္တဓမ္မ–ဟူသည်–ဝိဇ္ဇာ ၈–ပါးနှင့်ယှဉ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်၄–ခု၊မဟာကြိယာ ဉာဏသမ္ပယုတ်၄–ခု၊ အဘိညာဉ်ဒွေး၊ အရဟတ္တမဂ်စိတ် ၁–ခု၊ အမောဟကြဉ်သော စေတသိက် ၃၇–ပါးတို့တည်း။

(၁၀)

(က) ဝိဇ္ဇံ+ဘဇန္တိ–၌–

ဝိဇ္ဇံ–အရ ဝိဇ္ဇာရှစ်ပါး (အမောဟ) ပစ္စည်းတရားသည်–

ဘဇန္တိ–အရ မဟာကုသိုလ်, ကြိယာဉာဏသမ္ပယုတ်–၄၊ အဘိညာဏ်ဒွေး၊ အရဟတ္တမဂ်စိတ်–၁ခု အမောဟကြဉ်စေ–၃၇၊ ပစ္စယုပ္ပန်တရားအား သဟဇာတ–ပြု။

ပြိုင်။ ။ သဟကြီး–၄, အညာ, သမ္ပ, ဟေ, ဓိ, ဣ, မဂ် (၁၀) ပစ္စည်း။

(ခ) ဝိဇ္ဇာဘာဂေ ဝိဇ္ဇာကောဋ္ဌာသေ+ဝတ္တန္တိ–၌–

ဝိဇ္ဇာဘာဂေ ဝိဇ္ဇာကောဋ္ဌာသေ–အရ ဝိဇ္ဇာရှစ်ပါးတွင်တပါးပါးပစ္စည်းတရားသည်–

ဝတ္တန္တိ–အရ ကျန်ဝိဇ္ဇာ ၇–ပါးပစ္စယုပ္ပန်တရားအား ပကတူပ–ပြု။ (ပြိုင်–မရှိ။)

(ဂ) ဝိဇ္ဇာပိ ဝိဇ္ဇာယ သမ္ပယုတ္တဓမ္မာပိ+ဝေဒိတဗ္ဗာ–၌–

ဝိဇ္ဇာပိ ဝိဇ္ဇာသမ္ပယုတ္တဓမ္မာပိ–အရ ဝိဇ္ဇာ, ဝိဇ္ဇာသမ္ပယုတ္တဓမ္မ–ဟူသော အာရုံပစ္စည်းတရားသည်– ဝေဒိတဗ္ဗာ–၌ ဝိဒ–ဓာတ်အရ ဉာဏ်ပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု။

ပြိုင်။ ။ အာ, ဓိ, ဉ (၃) ပစ္စည်း။

ဝိဇ္ဇာဘာဂိနောတွေဝ+ဝေဒိတဗ္ဗာ–၌–

ဝိဇ္ဇာဘာဂိနောတွေဝ–အရ ဝိဇ္ဇာဘာဂိနော–ဟူသော နာမပညတ္တိသဒ္ဒါပစ္စည်းတရားသည်– ဝေဒိတဗ္ဗာ–၌ ဝိဒ–ဓာတ်အရ ဉာဏ်ပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု။

==================

## ဝါကျဉယျာဉ် ( ၈၄ )

(က) သမ္ပယောဂဝသေန ဝ အဝိဇ္ဇံ ဘဇန္တီတိ အဝိဇ္ဇာဘာဂိနော။

(ခ) အဝိဇ္ဇာဘာဂေ အဝိဇ္ဇာကောဋ္ဌာသေ ဝတ္တန္တီတိပိ အဝိဇ္ဇာဘာဂိနော။

(ဂ) တတ္ထ ဒုက္ခပဋိစ္ဆာဒကံ တမော သမုဒယာဒိပဋိစ္ဆာဒကန္တိ စတဿော အဝိဇ္ဇာ။

(ဃ) ပုရိမနယေနေဝ တာဟိ သမ္ပယုတ္တဓမ္မာပိ အဝိဇ္ဇာဘာဂိနော။

(င) ကာသု ယာ ကာစိ ဧကာ အဝိဇ္ဇာ အဝိဇ္ဇာ ၊သေသာ အဝိဇ္ဇာဘာဂိနောတိ ဧဝံ အဝိဇ္ဇာပိ အဝိဇ္ဇာယ သမ္ပယုတ္တဓမ္မာပိ အဝိဇ္ဇာဘာဂိနောတွေဝ ဝေဒိတဗ္ဗာ။

(စ) ဣဓ ပန သမ္ပယုတ္တဓမ္မာဝ အဓိပ္ပေတာ။

ဋ။၉၃။ မူလဋီ၊ ၅၅။ ယောဇနာ၊ ၇၄။ ပြည်သျှ၊ ၃၃၀။ ဘာသာဋီ၊ ၃၆၉။

======================

http://www.dhammadownload.com



(၁)

အဝိဇ္ဇာဘာဂိနော–သမ္ပယုတ်၏အစွမ်းဖြင့် သစ္စာလေးပါးကိုဖုံးလွှမ်းတတ်သော မောဟလေးပါးသို့ ဆည်းကပ်တတ်ကုန်သော။ (က–နှင့်အညီ)

(ဝါ) သစ္စာလေးပါးကိုဖုံးလွှမ်းတတ်သော မောဟအစု၌ဖြစ်ကုန်သော။(ခ–နှင့်အညီ)

အမှာ။ ။ ဤဝါကျရှိ အဝိဇ္ဇာဘာဂိနော–ပုဒ်၏အဖွင့်သံဝဏ္ဏနာတို့မှာ ရေးဆိုခဲ့ပြီး ဝိဇ္ဇာဘာဂိနောပုဒ်၏ အဖွင့်သံဝဏ္ဏနာနှင့် စာသွားစာလာ ဝါကျအနေအထားတူညီနေရကား ဝါကျခွဲပုံ,ကျမ်းတက်ပုံ, ဒေါသပယ်ပုံ, အဝိ–သဒ္ဒါ, အဝိဇ္ဇတာ–သဒ္ဒါ ဝေဒိတဗ္ဗာ–သဒ္ဒါထားရပုံ–စသည်တို့ကို ရေးဆိုခဲ့ပြီးဝါကျကိုနည်းမှီ၍ သိလေ။

(၄)

* အဝိန္ဒိယန္တေ ဣစ္ဆိယန္တေတိ အဝိဇ္ဇတာ။

✔ အဝိ၊ အပိ၊ ရှေး+ဣစာတ်+တပစ္စည်းသည်၄င်း, အလိုရှိခြင်းကြိယာသည်၄င်း ဗျု–နိ။

✔ ဤ၌လိုအပ်သော အဝိဇ္ဇာသမ္ပယုတ္တဓမ္မတို့၏ တစ်ခုသည်–ဓာတ်သည် ပ–နိ။

(တနည်း) ✔ အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏အကြောင်းဖြစ်သော အလိုရှိခြင်းကြိယာသည် ဗျု–နိ။

✔ အပေါင်းပရမတ္ထသဒ္ဒါဖြစ်ခြင်း၏အကြောင်းဖြစ်သော အလိုရှိခြင်းကြိယာသည် ပ–နိ။

* ပဋိစ္ဆာဒေတီတိ ပဋိစ္ဆာဒကံ။

* ဒုက္ခဿ ပဋိစ္ဆာဒကံ ဒုက္ခပဋိစ္ဆာဒကံ။

* တမတီတိ တမော။ (အမိုက်အမှောင်ရှ၏)

* တမော ဝိယာတိ တမော။ (မောဟရှ၏)

(၅)

သမ္ပယောဂဝသေန–၌ အတ္ထတုလျဖြစ်ပုံနှင့် အတ္ထဘေဒဖြစ်ပုံ

အတ္ထတုလျ–ကား ဝသ–၏ထိုင်ရာ သမ္ပယောဂ–အရ အကုသိုလ်ဒွါဒသဖြစ်၍ ယင်း၏ယှဉ်စပ်ရာ ဘဏ္ဍကြိယာ–အရလည်း အကုသိုလ်ဒွါဒသပင်ဖြစ်သောကြောင့် အတ္ထတုလျ=အနက်အားဖြင့် အရတူဖြစ်သည်ဟု ဆိုလိုပါသည်။

အတ္ထဘေဒ–ကား= ဝသ၏ထိုင်ရာ သမ္ပယောဂ–အရ အဘေဒဘေဒူပစာအားဖြင့် အကုသိုလ်ဒွါဒသကို ယူရသည်။ ယင်းပုဒ်၏ယှဉ်စပ်ရာ ဘဏ္ဍကြိယာအရကား မုချအားဖြင့်အကုသိုလ် ဒွါဒသကိုယူရသည်။ ထိုသို့ အဘေဒဘေဒူပစာနှင့် မုချအားဖြင့် ကောက်ယူပုံတမျိုးစီကွဲပြားသောကြောင့် အတ္ထဘေဒ=အနက်အားဖြင့် ကွဲပြားသည်ဟုဆိုလိုပါသည်။

(၁၃၅၇–ခု၊ မစိုးရိမ်ပုစ္ဆာ။ ပုစ္ဆက–သာသနနယူပဒေသကျောင်းဆရာတော်)

(ဂ) တတ္ထ–ကား အဗျယတဒ္ဓိတ် (နိပါတ်), အလိင်, ဂဏဝိမုတ်, အ–ကာရန္တ။
ဒုက္ခပဋိစ္ဆာဒကံ–ကား နပုံ (ပုံလိင်), စိတ္တာဒိ(ပုရိသာဒိ), အ–အာရန္တ။
တမော–ကား ကိတ်နာမ်, ပုံ–နပုံ, မနောဂိုဏ်း, စိတ္တာဒိ, အ–ကာရန္တ။

◆ အန္ဓကာရော တမော နိတ္ထီ။ (ဓာန်။ ၇၀။)

◆ ဂုဏာဒဗ္ဗကြိယာသဒ္ဒါ၊ သိယုံ သဗ္ဗေ ဝိသေသနာ။
ဝိသေသျာဓီနဘာဝေန၊ ဝိသေသျသမလိင်္ဂိနော။ (ဓာန်။၆၉၂။)

http://www.dhammadownload.com



စတဿော–ကား သင်္ချနာမ်, ဣတ္ထိလိင်, သင်္ချနာမ်ဂိုဏ်း, ဥ–ကာရန္တ။
အဝိဇ္ဇာ– သမာသ်နာမ်, ဣတ္ထိလိင်, ကညာဒိ, အာ–ကာရန္တ။

(၆)

(ဂ) သံဝဏ္ဏနာပါဌ်ဖြင့် အဝိဇ္ဇာဘာဂိနော–၌ အဝိဇ္ဇာ–၏ သရူပတ္ထအဘိဓေယျတ္ထကို သိစေသည်။

(ဃ)ဖြင့် အဝိဇ္ဇံ ဘဇန္တီတိ အဝိဇ္ဇာဘာဂိနော–ဟု ဝစနတ္ထပြုရိုက် အဝိဇ္ဇာဘာဂိနော–အရ အဝိဇ္ဇာသမ္ပယုတ္တဓမ္မကို ယူရမည်ဟု သိစေသည်။

(င)တာသု ယာ ကာစိ ။ပ။ သေသာ အဝိဇ္ဇာဘာဂိနော–ဖြင့် ဝတ္တန္တိတဒ္ဓိတ်ဝစနတ္ထပြုရိုက် အဝိဇ္ဇာဘာဂိနောဝယ် အဝိဇ္ဇာအရ အဝိဇ္ဇာလေးပါးတွင် တပါးပါးကိုယူ၍ အဝိဇ္ဇာဘာဂိနော–အရ ကျန် ၃–ပါးကို ယူရမည်ဟု သိစေသည်။

ဣတိ ဧဝံ အဝိဇ္ဇာပိ အဝိဇ္ဇာယ သမ္ပယုတ္တဓမ္မာပိ အဝိဇ္ဇာဘာဂိနောတွေဝ ဝေဒိတဗ္ဗာ–ဖြင့် ဤဆိုခဲ့ပြီးသော ဝိကပ်နှစ်နည်းပေါင်းလျှင် အဝိဇ္ဇာဘာဂိနောအရ"အဝိဇ္ဇာလည်းရ၊ အဝိဇ္ဇာသမ္ပယုတ္တဓမ္မလည်းရ၏"ဟု သိထိုက်ကြောင်းကို (အတ္ထုဒ္ဓါရအဖြစ်ဖြင့်) သိစေသည်။

(စ)ဖြင့် ဤသုတ္တန္တိကဒုကမာတိကာ ဝိဇ္ဇာဘာဂိဒုက်၌ အဝိဇ္ဇာဘာဂိနော–အရ သမ္ပယုတ္တဓမ္မတို့ကိုသာ လိုအပ်သတည်းဟု သိစေသည်။

(၇)

(င) တာသု–၌ တ–ကား ဆိုခဲ့ပြီး အဝိဇ္ဇာ ၄–ပါးကိုစွဲ– ပဏ္ဏတ္တိဝိသယ။

(စ) ဣမ ပန–၌ ပန–ကား ဂရဟတ္ထ အရုစျတ္ထ၊ ဝိသေသတ္ထ။ ပက္ခန္တရတ္ထ။

(စ) သမ္ပယုတ္တဓမ္မာဝ–၌ ဧဝ၏ ဂဟေတဗ္ဗတ္ထစသည်–

✔ အဝိဇ္ဇာသမ္ပယုတ္တဓမ္မတို့သည် ဂဟေတဗ္ဗတ္ထ။
✔ အဝိဇ္ဇာသည် နိဝတ္တေတဗ္ဗတ္ထ။
✔ အဝိဇ္ဇာသမ္ပယုတ္တဓမ္မတို့၏ သစ္စာလေးပါးကိုဖုံးလွှမ်းတတ်သော မောဟလေးပါးသို့ ဆည်းကပ်တတ်သည်၏အဖြစ်တည်းဟူသောဂုဏ်သည် အနုညာတတ္ထ။

(၈)

(က) အဝိဇ္ဇံ ဘဇန္တိ–၌ သိဒ္ဓေယျသိဒ္ဓိ

အဝိဇ္ဇံ ဘဇန္တိ–၌ သမ္ပယောဂဝသေန–ဟူသော သဒ္ဒန္တရိက်၏ အစွမ်းအားဖြင့် အဝိဇ္ဇာအရဖြစ်သော ပစ္စည်းတရားသည် ဘဇန္တိ–အရ ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိ–ဖြင့် ကျေးဇူးပြုသည်ကို ပြသောကြောင့် သိဒ္ဓေယျသိဒ္ဓိ–ဖြစ်နိုင်သည်။

(စ) ဝါကျ၌ အတ္တာပန္နသိဒ္ဓိ–ရသည်ကို ရှေးဝါကျမှီး၍ဖြေ။

(င) ဝေဒိတဗ္ဗာ–၌ ဝိဒ–ဓာတ်အရ–

✔ သတိ၊ ဝီရိယ၊ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။
✔ ယောနိသောမနသိကာရသည် ဒီပကတ္ထ။
✔ ယုံမှားသံသယကင်းရှင်းစွာဖြင့် သမ္မာပဋိပတ်ကျင့်ကြံနိုင်ခြင်းသည် ပကာသနတ္ထ။
✔ သဒ္ဓမ္မဿဝန၊ သပ္ပုရိသူပနိဿယစသည်သည် ဝိဘာဝတ္ထ။
✔ ပီတိပါမောဇ္ဇဖြစ်ခြင်းမှစ၍အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com



(၉)

(ဂ) စတသော အဝိဇ္ဇာ–အရဒုက္ခသစ္စာကိုဖုံးလွှမ်းတတ်သောမောဟ၊ (ပ) မဂ္ဂသစ္စာကိုဖုံးလွှမ်းတတ်သော မောဟဟုဆိုအပ်သော မောဟ(အဝိဇ္ဇာ) ၄–ပါးတည်း။

အဝိဇ္ဇာသမ္ပယုတ္တဓမ္မဟူသည်ကား–အကုသိုလ်စိတ် ၁၂၊မောဟကြဉ်သော စေတသိက် ၂၆–တို့တည်း။

(၁၀)

(က) အဝိဇ္ဇံ + ဘဇန္တိ–၌–

အဝိဇ္ဇံ အရ အဝိဇ္ဇာ (မောဟ) ပစ္စည်းတရားသည်–

ဘဇန္တိ–အရ မောဟ ကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား သဟဇာတ–ပြု။

ပြိုင်။ ။ သဟကြီး–၄, အညာ, သမ္ပ, ဟေတု (၇) ပစ္စည်း။

=====================

## ဝါကျဥယျာဉ် (၅၅)

(က) ပုန အနုဗျောတ္တရဏာဘာဝေန ကိလေသန္ဓကာရံ ဝိဒ္ဓံသေတုံ အသမတ္ထတာယ ဝိဇ္ဇု ဥပမာ ဧတေသန္တိ ဝိဇ္ဇူပမာ။

(ခ) နိဿေသံ ဝိဒ္ဓံသနသမတ္ထတာယ ဝဇိရံ ဥပမာ ဧတေသန္တိ ဝဇိရူပမာ။

(ဂ) ဗာလေသု ဌိတတ္တာ ယတ္ထဋ္ဌိတာ တဒုပစာရေန ဗာလာ။ ပဏ္ဍိတေသု ဌိတတ္တာ ပဏ္ဍိတာ။

(ဃ) ဗာလကရတ္တာ ဝါ ဗာလာ။ ပဏ္ဍိတကရတ္တာ ပဏ္ဍိတာ။

(င) ကဏှာတိ ကာဠကာ၊ စိတ္တဿ အပဘဿရဘာဝကရဏာ။

(စ) သုက္ကာတိ ဩဒါတာ၊ စိတ္တဿ ပဘဿရဘာဝကရဏာ။

(ဆ) ကဏှာဘိဇာတိဟေတုတော ဝါ ကဏှာ။ သုက္ကာဘိဇာတိဟေတုတော သုက္ကာ။

ဋ္ဌ။၉၃။ မူလဋီ။၅၆။ ယောဇနာ။၇၄။ ပြည်သျှ။၃၃၁။ ဘာသာဋီ။၃၆၉။ ကျော်စံဂဏ္ဌိ။၂၂၂။ မင်းခင်းဂဏ္ဌိ။၃၂၂။

======================

(၁)

"သံဝဏ္ဏနာနှင့်အညီအနက်ပေးပုံ"

ဝိဇ္ဇူပမာ–လျှပ်စစ်ဥပမာရှိကုန်သော (ဝါ) လျှပ်စစ်နှင့်တူကုန်သော။

ဝဇိရူပမာ–မိုးကြိုးစက် ဥပမာ ရှိကုန်သော။ (ဝါ) မိုးကြိုးစက်နှင့်တူကုန်သော။

ဗာလာ–မိုက်ကုန်သော(ဥပစာရတ္ထ။) (ဝါ)သူမိုက်တို့၌ တည်ကုန်သော။(မုချတ္ထ)။

ပဏ္ဍိတာ–ပညာရှိ ကုန်သော။(ဥပစာရတ္ထ။) (ဝါ) ပညာရှိတို့၌တည်ကုန်သော။(မုချတ္ထ)။

ကဏှာ–မည်းညစ်ကုန်သော။ (ဝါ) အပါယ်ဆင်းရဲ ဘုန်းနည်းခြင်းဟု ဆိုအပ်သော မည်းညစ်သော ဇာတ်၏အကြောင်းဖြစ်ကုန်သော။

သုက္ကာ–ဖြူစင်ကုန်သော။ (ဝါ) သုဂတိချမ်းသာ ဘုန်းကြီးခြင်းဟုဆိုအပ်သော ဖြူစင်သောဇာတ်၏ အကြောင်းဖြစ်ကုန်သော။

http://www.dhammadownload.com



(က) ကိသေသန္တကာရံ–ကိလေသာတည်းဟူသောအမိုက်မှောင်ကို (ဝါ) ပညာမျက်စိကန်းသည်၏ အဖြစ်ကိုပြုတတ်သော(ဟေတုမန္တဝိသေသန) ကိလေသာတည်းဟူသောအမိုက်မှောင်ကို။

(ခ) နိသေသံ–အကြွင်းမရှိအောင်။(ကိလေသန္တကာရဿ–ကို)ဝိဒ္ဓံသနသမတ္ထတာယ–ကြောင့်။ပ။

(ဂ) ဗာလေသု–တို့၌။ ဋ္ဌိတတ္တာ–ကြောင့်။ ယတ္ထ–အကြင်ဗာလပုဂ္ဂိုလ်တို့၌။ (ယေ ဓမ္မာ–အကုသိုလ် တရားတို့သည်။) ဋ္ဌိတာ–ကုန်၏။ တေ ဓမ္မာ–ထိုတရားတို့သည်။ တဒုပစာရေန တဿ ပုဂ္ဂလဿ ဥပစာရေန ဝေါဟာရေန နာမေန–ထိုမိမိတည်ရာ ဗာလပုဂ္ဂိုလ်၏အမည်ဖြင့်။ (ဝါ)ထိုဗာလတို့၏ အမည်ကို အကုသိုလ်တရားတို့၌ တင်စားသောဌာနူပစာရအားဖြင့်) ဗာလာ–မည်ကုန်၏။ ပဏ္ဍိတေသု–တို့၌။ ဋ္ဌိတတ္တာ–ကြောင့်။ (ယတ္ထ–အကြင်ပဏ္ဍိတပုဂ္ဂိုလ်တို့၌။ ယေ ဓမ္မာ–ကုသိုလ်တရားတို့သည်။ ဋ္ဌိတာ–ကုန်၏။ တေ ဓမ္မာ–တို့သည်။ တဒုပစာရေန တဿ ပုဂ္ဂလဿ ဥပစာရေန ဝေါဟာရေန နာမေန–ဖြင့်။ (ဝါ) ထိုပဏ္ဍိတတို့၏အမည်ကို ကုသိုလ်တရားတို့၌ တင်စားသော ဌာနူပစာရအားဖြင့်။) ပဏ္ဍိတာ–မည်ကုန်၏။

(၂)

(ခ)ဝါကျ

ဤသို့ (က)ဖြင့် ဝိဇ္ဇူပမာပုဒ်၏ ဝစနတ္ထအဓိပ္ပါယတ္ထကိုပြပြီး၍ ယခုအခါ၌ ဝဇိရူပမာပုဒ်၏ ဝစနတ္ထ အဓိပ္ပါယတ္ထကိုပြလို၍ (ခ)မိန့်။

(ဃ) ဝါကျသို့ ပါပနာဒိပဋ္ဌက

ဆရာ–သည် (ဂ)ဝါကျဖြင့် သူမိုက်တို့၌ တည်သည်၏အဖြစ်ကြောင့် (အကုသိုလ်တရားတို့သည် ဌာနူပစာရအားဖြင့်) ဗာလ–မည်ကုန်၏,ပညာရှိသူတို့၌ တည်ကုန်သည်၏အဖြစ်ကြောင့် (ကုသိုလ်တရား တို့သည် ဌာနူပစာရအားဖြင့်) ပဏ္ဍိတ–မည်ကုန်၏ဟုဆိုကော်မူ၏။ ထို–သော် ယင်းအကြောင်းသကတ် ကြောင့်သာ ဗာလ, ပဏ္ဍိတမည်၏ဟူသော အနက်သည်ရောက်ရာ၏။ စသည်ဖြင့်တက်။

အဓိပ္ပါယ်ကား။ ။ မိုက်သည်၏အဖြစ်ကိုပြုတတ်သည်၏အဖြစ်ကြောင့် ဗာလမည်၏။ ပညာရှိသည် ၏ အဖြစ်ကိုပြုတတ်သောကြောင့် ပဏ္ဍိတ မည်၏ဟု ဗာလ,ပဏ္ဍိတ–မည်ခြင်း၏အကြောင်း သကတ်တစ်မျိုးကို လည်း ငါပြ–ဟူလို။

(တနည်း) (ဂ) ဝါကျဖြင့် ဗာလ, ပဏ္ဍိတ ပုဒ်တို့ကို ဋ္ဌိတတဒ္ဓိတ်ဝစနတ္ထပြုရမည်ဟုပြသည်။

(ဃ) ဝါကျဖြင့် ကရောန္တိတဒ္ဓိတ်ပြုရမည်ဟုပြသည်။ ဤသို့အဓိပ္ပာယ်ယူ၍လည်း ကျမ်းတက် နိုင်သည်။

(တနည်း) (ဂ)ဖြင့် ဗာလသဒ္ဒါ, ပဏ္ဍိတ–သဒ္ဒါတို့၏ ဥပစာသဒ္ဒါအဖြစ်ကို ပြပြီး၍၊ မုချသဒ္ဒါအဖြစ်ကို ပြလို၍ (ဃ) မိန့်။ (ဤသို့အဓိပ္ပါယ်ယူ၍လည်း ကျမ်းတက်နိုင်သည်။)

(ဃ) ဝါ သဒ္ဒါထားရခြင်း

သူမိုက်တို့၌ တည်သည်၏အဖြစ်ကြောင့် ဗာလမည်၏,ပညာရှိတို့၌တည်သည်၏အဖြစ်ကြောင့် ပဏ္ဍိတမည်၏ဟူသောအကြောင်းသကတ်မှတပါး မိုက်သည်၏အဖြစ်ကို ပြုတတ်သောကြောင့် ဗာလမည်၏, ပညာရှိသည်၏ အဖြစ်ကိုပြုတတ်သောကြောင့် ပဏ္ဍိတမည်၏–ဟူသောအကြောင်းသကတ် တစ်မျိုးကိုလဲ ပြလို၍(တနည်း)ဗာလ, ပဏ္ဍိတပုဒ်တို့၏ ဋ္ဌိတတဒ္ဓိတ်ဝစနတ္ထမှတပါး ကရောန္တိတဒ္ဓိတ်ဝစနတ္ထ တစ်မျိုးကိုလဲပြလို၍ (တနည်း) ဗာလ,ပဏ္ဍိတသဒ္ဒါတို့၏ ဥပစာသဒ္ဒါအဖြစ်မှတပါး မုချသဒ္ဒါအဖြစ်ကို လဲပြလို၍ (ဃ)ဝါကျ၌ ဝါ–သဒ္ဒါထားသည်။

http://www.dhammadownload.com



(ဆ) ဝါ–သဒ္ဒါထားရခြင်း။

မိမိ (ဟူသောအကုသိုလ်စေ့) ကိုယ်တိုင်မည်းညစ်သည်၏အဖြစ်ကြောင့် ကဏှမည်၏, မိမိ(ဟူသော ကုသိုလ်စေ့)ကိုယ်တိုင်ဖြူစင်သည်၏အဖြစ်ကြောင့် သုက္ကမည်၏ဟူသောအကြောင်းသကတ်အနက်မှတစ်ပါး အပါယ်ဆင်းရဲ ဘုန်းနည်းခြင်းဟုဆိုအပ်သော မည်းညစ်သောဓာတ်၏ အကြောင်းဖြစ်သောကြောင့် ကဏှမည်၏, သုဂတိချမ်းသာ ဘုန်းကြီးခြင်းဟုဆိုအပ်သော ဖြူစင်သော ဓာတ်၏ အကြောင်းဖြစ်သောကြောင့် သုက္ကမည်၏ ဟူသော အကြောင်းသကတ် အနက်တမျိုးကို လဲပြလို၍(တနည်း)ကဏှ,သုက္ကသဒ္ဒါတို့၏ မုချသဒ္ဒါအဖြစ်မှတပါး ဖလူပစာရ သဒ္ဒါအဖြစ်ကိုလဲပြလို၍ (ဆ) ဝါကျ၌ ဝါသဒ္ဒါထားရပါသည်။

(၄)

* (ကုဋိလံ အစိရဋ္ဌာယိတတ္တာ) ဝိရူပံ ဟုတွာ ဖဝတီတိ ဝိဖ္ဖု။ (ဓာန်ဋီ။၄၈။)

✔ ဝိ ပုဗ္ဗ+ ဖု–ဓာတ်၊ ကွိ–ပစ္စည်းသည်၄င်း, ဖောက်ပြန်စွာဖြစ်၍ သွားခြင်းကြိယာသည်၄င်း, ဖောက်ပြန်ခြင်းဂုဏ်၏+လျှပ်စစ်နှင့် ဂုဏ်+ဂုဏေးစပ်ခြင်းသမ္ဗန်သည်၄င်း ဈူ+နိ။

✔ လျှပ်စစ်တို့၏တခုသည်–ဓာတ်သည် ပ+နိ။

* ဝိဇ္ဇု ဥပမာ ဧတေသန္တိ ဝိဇ္ဇုပမာ။

✔ လျှပ်စစ်ဥပမာ၏+အောက်မင် ၃–ခုနှင့် ဥပမာန+ဥပမေယျစပ် ဈူ+နိ။

✔ လျှပ်စစ်နှင့်တူသည်၏အဖြစ်တည်းဟူသောသဒိသဘောဂုဏ်သည် ပ+နိ။

"ဝစနတ္ထမှတ်ဖွယ်"

* နတ္ထိ အဇ္ဈောတ္ထရဏံ ယဿာတိ အနဇ္ဈောတ္ထရဏော။ (ကိလေသန္ဓကာရော။)

* အနဇ္ဈောတ္ထရဏဿ+ဘာဝေါ အနဇ္ဈောတ္ထရဏဘာဝေါ။

* အန္ဓံ ဟာတံ ဒိဋ္ဌသတ္တိကံ လောကံ ကာရေတီတိ အန္ဓကာရော။ (အန္ဓ+ကရ+ဏ) အမိုက်မှောင်။

* ကိလေသောယေဝ အန္ဓကာရော ကိလေသန္ဓကာရော။ (တံ)

* န+သမတ္ထော အသမတ္ထော။ (အောက်မင်သုံးပါးရ၏)

* အသမတ္ထဿ+ဘာဝေါ အသမတ္ထဘာဝေါ။

* နတ္ထိ သေသော+ ဧတဿာတိ နိဿေသော။ (နိ+သေသ+ဧ)

(အကြွင်းအကျန်မရှိခြင်းဂုဏ်၏+ ကိလေသာအမိုက်မှောင်နှင့် ဂုဏ်+ဂုဏေးစပ်။)

* ဝိဒ္ဓံသိယတေ ဝိဒ္ဓံသနံ။ (ဝိ+ဓံသု+ယု)

(တနည်း) ဝိဒ္ဓံသနေ+သမတ္ထော ဝိဒ္ဓံသနသမတ္ထော။

(ပျက်ဆီးခြင်း၏+အရဟတ္တမဂ်စိတ္တုပ္ပါဒ်နှင့် သာချ+သာဓက စပ်။)

* တဿ+ဘာဝေါ ဝိဒ္ဓံသနသမတ္ထတာ။

(ပျက်ဆီးခြင်းငှါစွမ်းနိုင်သော အရဟတ္တမဂ်စိတ္တုပ္ပါဒ်၏+ပျက်ဆီးခြင်းငှါစွမ်းနိုင်ခြင်းဂုဏ်နှင့်ဂုဏေး+ဂုဏ်စပ်)

* ဝဇတီတိ ဝဇိရံ။ (ဝဇ+ကိရ။သွားခြင်းကြိယာ)

* ဗလတိ အဿာသိတပဿာသိတမတ္တေန ဇီဝတီတိ ဗာလော။ (ဗလ+ဏ)

(အသိအလိမ္မာဉာဏ်ပညာမဖက်, ထွက်သက်ဝင်သက်ရှူရှိုက်ရုံမျှဖြင့် အသက်ရှင်သူ)

(တနည်း:) ဒိဋ္ဌဓမ္မိကသမ္ပရာယိကသင်္ခါတေ ဒွေ အနတ္ထေ လာတိ ဂဏှာတီတိ ဗာလော။

( ဒွိ သဒ္ဒူပပဒ+ လာ+အ။ပစ္စုပ္ပန် အကျိုးမဲ့, တမလွန် အကျိုးမဲ့ နှစ်ပါးကို ယူတတ်သူ)

http://www.dhammadownload.com



(တနည်း) အတ္တတ္တပရတ္တသန်ါတေ ဒွေ အတ္တေ လုနာတိ ဆိန္ဒတီတိ ဗာလော။

(ဒွိ-လူဓာတ်+အပစ္စည်း။ မိမိအကျိုး, သူတစ်ပါးအကျိုးကို ဖြတ်တတ်သူ)

* ဗာလံ(ဗာလဘာဝံ) ကရောန္တီတိ ဗာလာ။ (အပေါင်းဝိဂ္ဂဟ)

(မိုက်သည်၏အဖြစ်၏+ပြုတတ်သော အကုသိုလ်တရားနှင့် အကျိုး+အကြောင်းစပ်။)

* တိဋ္ဌန္တီတိ ဋ္ဌိတာ။ (ဌာ+တ။ တည်ခြင်း)

* ဋ္ဌိတာနံ ဘာဝေါ ဋ္ဌိတတ္တံ။ (ဋ္ဌိတ+တ္တ)

(တည်ကုန်သောအကုသိုလ်တရားတို့၏+တည်ခြင်းကြိယာနှင့် ဌာနဲ+ဌာနီ၊ ဂုဏေး+ဂုဏ်စပ်။)

* ဥပစာရိယတိ ပုဂ္ဂလော ဝေါဟာရိယတိ ဧတေနာတိ ဥပစာရော။ ဗာလသဒ္ဒေါ။

* တေသံ +ဥပစာရော တဒုပစာရော။ (ယောဇနာ)

* ဂမ္ဘီရဋ္ဌာနေသု ပဏ္ဍတိ ဂစ္ဆတီတိ ပဏ္ဍာ။ (ပညာ)။

* ပဏ္ဍာယ ဣတော ဂတောတိ ပဏ္ဍိတော။ (ပညာဖြင့်ဖြစ်တတ်သောပုဂ္ဂိုလ်)

(တနည်း) ပဏ္ဍာ ဗုဒ္ဓိ သဉ္ဇာတာ အဿာတိ ပဏ္ဍိတော။ (ပဏ္ဍာ+ဣတ)

(တနည်း) ဥဘောသု အတ္တေသု ဉာဏဂတိယာ ပဏ္ဍတိ ဂစ္ဆတီတိ ပဏ္ဍိတော။

(ပစ္စုပ္ပန်အကျိုးစီးပွား, တမလွန်အကျိုးစီးပွားတို့၌ ဉာဏဂတိဖြင့် ဖြစ်တတ်သောပုဂ္ဂိုလ်)

(တနည်း) ပဏ္ဍိတံ ပဏ္ဍိတဘာဝံ ကရောန္တီတိ ပဏ္ဍိတာ။

(ပညာရှိသည်၏အဖြစ်၏+ကုသိုလ်တရားတို့နှင့် အကျိုး+အကြောင်းစပ်။)

* ကသတီတိ ကဏှော။ (ကသ+ဟ-တနည်း -ဏှ)

(ညှဉ်းဆဲတတ်သည့် မည်းညစ်မိုက်မဲသောအကုသိုလ်တရား)

(တနည်း) ကံ သုခံ ဟနတီတိ ကဏှံ။(က+ဟန+အ)

* အပဘဿရဘာဝကရဏတ္တာ ပဏ္ဍိတေဟိ ကုစ္ဆိတဗ္ဗံ ဂရဟိတဗ္ဗန္တိ ကဏှံ။(ကု+ဏှ)(-ဓာန်ဋီ-၈၄)

(ပညာရှိတို့ ကဲ့ရဲ့အပ်သည့် မည်းညစ်မိုက်မဲသော အကုသိုလ်)

* သုစန္တီတိ သုက္ကာ။(ဖြူဆွတ်စင်ကြယ်သောကုသိုလ်တရား)

◆ သုခံ ကရောန္တီတိ သုက္ကာ။ (ဓာန်ဋီ-၈၅)

* အပဘဿရဿ စိတ္တဿ+ ဘာဝေါ အပဘဿရဘာဝေါ။

* အပဘဿရဘာဝံ+ကရောန္တီတိ အပဘဿရကရဏာ။

* အဘိဇာယန္တိ သတ္တာ ဧတ္ထ အပါယေတိ အဘိဇာတိ။ (အဘိ+ဇန+တိ)

* ကဏှာ လာမကာ+အဘိဇာတိ ကဏှာဘိဇာတိ။

* ကဏှာဘိဇာတိယာ+ဟေတု ကဏှာဘိဇာတိဟေတု။ (ယောဇနာ)

(၅)

ကိလေသန္ဓကာရံ-ကား သမာသ်နာမ်, ပုံ/နပုံ, ပုရိသာဒိ/စိတ္တာဒိ, အ-ကာရန္တ။

◆ အန္ဓကာရော တမော နိတ္တိ။ (ဓာန်-၇၀)

ဝိဒ္ဓု-ကား ကိတ်နာမ်, ဣတ္ထိလိင်, ရတ္တာဒိ, ဥ-ကာရန္တ။

နိဿေသံ-ကား သမာသ်နာမ်, နပုံလိင်, စိတ္တာဒိ, အ-ကာရန္တ။

◆ ကြိယာဝိသေသနံ သဗ္ဗေ၊ ဝုတ္တံ ဓာတုဝိသေသနံ၊

ဘာဝနပုံသကံဧဝေ၊ သာသနေ သ-မုဒီရိတံ။ (ဘောဒစိန္တာ)

http://www.dhammadownload.com



ဋ္ဌိတတ္တာ–ကား ဘာဝတဒ္ဓိတ်, နပုံလိင်, စိတ္တာဒိ, အ–ကာရန္တ။
ဝဓိရံ–ကား ကိတ်နာမ်, ပုံ/နပုံလိင်, ပုရိသာဒိ, စိတ္တာဒိ, အကာရန္တ။
◆ဝဓိရံ ပုံနပုံသကေ။ (ဓာန်။၂၄။)

(၆)

(က) ဝိဇ္ဇု ဥပမာ စေတောသမ္ဘိ–ဖြင့် ဝိဇ္ဇူပမာပုဒ်ကို စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္တပြု–၄င်း, လျှပ်စစ် ဥပမာရှိသောကြောင့် (ဝါ) လျှပ်စစ်နှင့်တူသောကြောင့် အောက်မဂ် ၃–ပါးသည် ဝိဇ္ဇူပမာမည်၏–ဟူသော အဓိပ္ပါယ်ကို၄င်း သိစေသည်။

ပုန အနဓ္ဓောတ္ထရဏအသမတ္ထတာယ–ဖြင့် လျှပ်စစ်နှင့်တူ၏ဟူသည် အောက်မဂ် ၃–ပါးသည် နောက်ထပ်တစ်ဖန် မလွှမ်းမိုးနိုင်လောက်အောင် ကိလေသာအမိုက်မှောင်ကို ဖျက်ဆီးခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် လျှပ်စစ်နှင့်တူသည်၏အဖြစ်ကိုသိစေသည်။

(ခ) ဝဓိရံ ဥပမာ စေတောသမ္ဘိ–ဖြင့်ဖော်ပြ။

နိဿေသံ ဝိဒ္ဓံသနသမတ္ထတာယ–ဖြင့် ဝဇိရနှင့်တူ၏ဟူသည် အရဟတ္တမဂ်သည် ကိလေသာအမှောင်ကို အကြွင်းအကျန်မရှိအောင် ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် ဝဇိရနှင့်တူသည်၏အဖြစ်ကို သိစေသည်။

(ဂ) ဗာလေသု ဋ္ဌိတတ္တာ–စသည်ဖြင့် အကုသိုလ်တရားတို့သည် ဗာလပုဂ္ဂိုလ်တို့၌တည်သောကြောင့် မဥ္စာ ဃောသန္တိ စသည်တို့ကဲ့သို့ မိမိ၏တည်ရာ ဗာလပုဂ္ဂိုလ်၏အမည်ဖြင့် (ဝါ) ဗာလတို့၏အမည်ကို အကုသိုလ် တရားတို့၌တင်စားသော ဌာနူပစာရအားဖြင့် ဗာလမည်ကုန်၏ဟူသောအဓိပ္ပါယ်ကို သိစေသည်။

◆ တဒုပစာရေန ဗာလာ ယထာ "မဥ္စာ ဃောသန္တီ"တိ။ (မူလဋီ။၅၆။)

(တနည်း) ဗာလေသု ဋ္ဌိတတ္တာ–စသည်ဖြင့် ဗာလာ ဓမ္မာ–၌ ဗာလာ–ဝယ် ဗာလပုဒ်+ဏပစ္စည်း။ ယင်းဏပစ္စည်း၏ ဋ္ဌိတတဒ္ဓိတ်အနက်၌သက်–၄င်း, ဗာလေသု ဋ္ဌိတာ ဗာလာ–ဟုပြု–၄င်း, အကုသိုလ်တရား တို့သည် ဗာလပုဂ္ဂိုလ်တို့၌တည်သောကြောင့် (တည်ရာဌာနဗာလပုဂ္ဂိုလ်ကို အစွဲပြု၍) ဗာလဟုဆိုအပ်သည်၏ အဖြစ်ကို၄င်း သိစေသည်။ ပဏ္ဍိတေသု ဋ္ဌိတတ္တာ–ဖြင့် ရှေးနည်းအတိုင်းဖော်။

(ဃ) ဗာလကရတ္တာ–ဖြင့် ဗာလာ–၌ ဏပစ္စည်း၏ ကရောန္တိတဒ္ဓိတ်အနက်၌သက်–၄င်း, ဗာလံ (ဗာလဘာဝံ) ကရောန္တီတိ ဗာလာ–ဟုပြု–၄င်း, မိုက်သည်၏အဖြစ်ကို ပြုတတ်သောကြောင့် အကုသိုလ် တရားသည် မုချအားဖြင့် ဗာလမည်သည်၏အဖြစ်ကို၄င်း သိစေသည်။ (ပြည်သျှ။၃၃၂။)

(တနည်း) ဗာလံ ကရောန္တီတိ ဗာလကရော–ဟုဆိုလိုလျက် ကရပုဒ်ကိုချေ၍ ဗာလဟုရပ်ပြီးနေ သည်ကို၄င်း ဟုဖော်။ (ဘာသာဋီ။၃၇၀။)

ပဏ္ဍိတ ကရတ္တာ–ဖြင့် ဗာလကရတ္တာနှင့် အတူဖော်။

(င) ကာဠကာ–ဖြင့် ကဏှာသဒ္ဒါကား ကာဠကဝါစီ ရုဋ္ဌီအနိပ္ဖန္နပါဋိပဒိကပုဒ်တည်းဟု သိစေသည်။ (တနည်း) ကာဠကာ–ဖြင့် ကဏှာသဒ္ဒါသည် ကာဠကသဒ္ဒါ၏ပရိယာယ်တည်းဟု သိစေသည်။

◆ နီလော ကဏှာ' သိတာ ကာဠော။ (ဓာန်။၉၆။)

စိတ္တဿ အပဘဿရဘာဝကရဏာ–ဖြင့် ကာဠက–မည်းညစ်သောတရားတို့ဟူသည် စိတ်၏ပြိုးပြိုး ပြက်မရှိသည်၏အဖြစ်ကို ပြုတတ်သော ရာဂစသော အကုသိုလ်တရားတို့ပင် တည်းဟုသိစေသည်။

(စ) ဝါကျ အာ+သံ–ဖော်ရာ၌ (င)ဝါကျကို နည်းမှီဖော်လေ။

http://www.dhammadownload.com



(၇)

ပုန-၏ အတ္ထုဒ္ဓါရ-ကား ဘေဒတ္ထ, အပဋ္ဌမတ္ထ။ ထိုတွင် ဤ၌ အပဋ္ဌမတ္ထ။

♦ ဘေဒေ အပဋ္ဌမေ ပုန။ (ဓာန်။၁၁၉၉။)

အနဗ္ဗောတ္တရဏာဘာဝေန-၌- န, အဓိ, အဝ-တို့တွင် န-သဒ္ဒါကား ပသဇ္ဇပဋိသေဓကို ဟောသည်။

အဓိ-ကား ဓာတွတ္ထာနုဝတ္တက။

အဝ-ကား ဓာတွတ္ထဝိသေသက။

(က)(ခ)ဝါကျ ဓေတေသံ-တို့ကား ပသိဒ္ဓဝိသယ။

(၈)

ကဏှာ-အရ အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ ဒဿနတ္ထစသည်ထုတ်လေ။

(၉)

"ဝဇိရူပမာ၌ အရဟတ္တမဂ်ပညာ၏ ဝရဓိန်နှင့်တူပုံ"

အကြင်အရပ်၌ ဝရဓိန်လက်နက်ကျ၏။ ထိုအရပ်၌ မဖောက်မခွဲအပ်သည်မည်သော တစ်စုံတစ်ခုသော ပတ္တမြား, ကျောက်စသည်သည်မရှိ။ ထိုဝရဓိန်ဖြင့် ကျရောက်သောသစ်ပင် စသည်တို့သည် တစ်ဖန်မပေါက်ရောက်နိုင်သကဲ့သို့ ထို့အတူ အရဟတ္တမဂ်ဖြင့် အကြင်ပုဂ္ဂိုလ်သန္တာန်၌ ယင်းအရဟတ္တမဂ်ဖြစ်၏။ ထိုပုဂ္ဂိုလ်၏ သန္တာန်၌ မဖောက်ခွဲသော ကိလေသာမည်သည်မရှိ။ ဖောက်ခွဲအပ်ပြီးသောကိလေသာသည် တဖန်မပေါက်ရောက်နိုင်။ ဤသို့ အရဟတ္တမဂ်ဉာဏ်၏ ဝရဓိန် (မိုးကြိုး)နှင့်တူပုံကို သိအပ်၏။ (မင်းခင်းဂဏ္ဌိ။၃၂၂။) (ဠ။၄၁၉။နိက္ခေပကဏ္ဍ။)

"အရကောက်ပုံ"

ဝိဇ္ဇုပမာ ဓမ္မာ-အရ အောက်မဂ်စိတ်သုံးခု၌ရှိသော ပညာ-ရ၏။

ဝဇိရူပမာ ဓမ္မာ-အရ အရဟတ္တမဂ်စိတ်၌ရှိသော ပညာရ၏။

ဗာလာ ဓမ္မာ-အရ အကုသိုလ်စိတ် ၁၂ ခု၊ စေတသိက်သတ္တဝီသ ရ၏။

ပဏ္ဍိတာ ဓမ္မာ-အရ ကုသိုလ်စိတ်ကေဝီသ၊ စေတသိက် အဋ္ဌတ္တိံသ ရ၏။

ကဏှာ ဓမ္မာ-အရ ဗာလာ ဓမ္မာနှင့်အတူကောက်။

သုက္ကာ ဓမ္မာ-အရ ပဏ္ဍိတာ ဓမ္မာနှင့် အတူကောက်။

(၁၀)

(က) ကိလေသနုကာရံ + ဝိဒ္ဓံသေတုံ-၌-

ကိလေသနုကာရံ-အရ (အောက်မဂ် ၃-ပါးဖြင့် မပယ်နိုင်သေးသော) ကိလေသာပစ္စည်းတရားသည်-

ဝိဒ္ဓံသေတုံ-အရ အောက်မဂ် ၃-ပါး ပစ္စယုပ္ပန်တရားအား ပကတူပ-ပြု (ပြိုင်-မရှိ။)

(ဂ) ဗာလေသု ဌိတတ္တာ-၌-

ဗာလေသု-အရ ဗာလပုဂ္ဂိုလ်၏ ဟဒယဝတ္ထုပစ္စည်းတရားက-

ဌိတတ္တာ-၌ ဌိတ-အရ အကုသိုလ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား ပုရေဇာတ-ပြု။

ပြိုင်-ပုရေဇာတ, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ (၅) ပစ္စည်း။

=======================

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၅၆ )

(က) ဣဓစေဝ သမ္ပရာယေ စ တပေန္တီတိ တပနီယာ။ န တပနီယာ အတပနီယာ။

(ခ) အဓိဝစနဒုကာဒယော တယော အတ္ထတော နိန္နာနာကရဏာ၊ ဗျဥ္ဇနမေဝေတ္ထနာနံ။

(ဂ) သိရိဝဍ္ဎကော ဓနဝဍ္ဎကောတိ အာဒယော ဟိ ဝစနမတ္တမေဝ အဓိကာရံ ကတွာ ပဝတ္တာ အဓိဝစနာ နာမ၊ အဓိဝစနာနံ ပထာ အဓိဝစနပထာ။

(ဃ) "အဘိသင်္ခရောန္တီတိ ခေါ ဘိက္ခဝေ တသ္မာ သင်္ခါရာ"တိ ဧဝံ နိဒ္ဒါရေတွာ သဟေတုကံ ကတွာ ဝုစ္စမာနာ အဘိလာပါ နိရုတ္တိ နာမ၊ နိရုတ္တီနံ ပထာ နိရုတ္တိပထာ။

(င) "တက္ကော ဝိတက္ကော သင်္ကပ္ပေါ"တိ ဧဝံ တေန တေန ပကာရေန ဉာပနတော ပညတ္တိ နာမ၊ ပညတ္တီနံ ပထာ ပညတ္တိပထာ။

(စ) ဧတ္ထ စ ဧကံ ဒုကံ ဝတွာပိ ဣတရေသံ ဝစနေ ပယောဇနံ ဟေတုဂေါစ္ဆကေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။

ဋ္ဌ။၉၄။ မူလဋီ။၅၆။ ယောဇနာ။၇၅။ ပြည်။၃၃၃။ ဘာသာဋီ။၃၇၁။ ကျော်စံဂဏ္ဌိ။၂၂၃။ မင်းခင်းဂဏ္ဌိ။၃၂၃။

=====================

## ( ၂ )

### (ခ)ကို ပါပနာဒီပဋ္ဌက

ဆရာ–သာရိပုတ္တရာမထေရ်သည် အဓိဝစနအစရှိသော ၃–ပါးသောဒုက်တို့ကို ဟောတော်မူ၏။ ထို–သော် အဓိဝစန စသော သုံးပါးသောဒုက်တို့သည် သဒ္ဒါအားဖြင့်ထူးသောကြောင့် အနက်အားဖြင့်လည်းထူး၏ ဟူသောအနက်သည် ရောက်ရာ၏။ စင်–ကား ထိုအနက်သည် မရောက်သင့်။ ထိုသို့–ကြောင့် အနက်အားဖြင့် ထူးလျှင်ထူးသည်အလျောက်, မထူးလျှင်မထူးသည်အလျောက် ခွဲခြမ်းစိတ်ဖြာ၍ ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော်– အဗျာပိတ–၏။ပ။ ဤသို့–(ခ)မိန့်။

### (ဂ) ဥပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (ခ)ဖြင့် အဓိဝစနစသော သုံးပါးသောဒုက်တို့သည်အနက်အားဖြင့်မထူး၊ သဒ္ဒါအားဖြင့်သာ ထူး၏ဟုဆိုတော်မူ၏။ ထိုသို့–သော် ဆရာ့စကားသည် ယုတ္တိကင်းပ ဒဋ္ဌီယမျှသာဖြစ်၍ ဒဋ္ဌိကရဏနှင့်ကင်း၍ မနိုင်မြဲရာသည်မဟုတ်ပါလော။ စသည်တက်။

◆ ဗျဥ္ဇနမေဝ နာနန္တိ ဝုတ္တဝစနံ ဒဠှံ ကရောန္တော အာဟ "သိရိဝဍ္ဎကော"တိအာဒိ။ ဟိ–သဒ္ဒေါ။ (ယောဇနာ။၇၅။) အမှာ။ ။ ဘာသာဋီကာနှင့် မင်းခင်းဂဏ္ဌိတို့၌ ဟိ=ချဲ့ဦးအံ့ဟု ဗိတ္ထာရဇောတက ကြံကြသည်။

### (စ) ဥပနာဒီပဋ္ဌက

ဆရာ–သည် (ဂ)(ဃ)(င)ဝါကျတို့ဖြင့် အဓိဝစနစသော ဒုက်သုံးခုတို့၏ အဓိပ္ပါယနှင့်တကွ ပစနတ္ထကို ပြဆိုတော်မူ၏။ ထို–သော် ယင်းသုံးဒုက်တို့သည် အနက်အဘိဓေယျတ္ထချင်း အတူတူဖြစ်ပါလျက် တစ်ဒုက်ကိုသာ မဟောဘဲ သုံးဒုက်လုံးကိုဟောရခြင်း၏ အကျိုးပယောဇဉ်ကို မသိအပ်,မသိနိုင်ရာသည်မဟုတ်ပါလော။ ထို့–ကြောင့် ဝစနတ္ထကိုသာမဆိုသင့်။ သုံးဒုက်လုံးကိုဟောရခြင်း၏ အကျိုးပယောဇဉ်ကိုပြဆိုသင့်သေး၏။ သုံးဒုက်လုံးကို ဟောရခြင်း၏ အကျိုးပယောဇဉ်ကား အဘယ်ပါနည်း။ ဤသို့–(စ)မိန့်။

http://www.dhammadownload.com



(တနည်း) ဆရာ– သာရိပုတ္တရာမထေရ်သည် အမိဝစနစသော သုံးဒုက်တို့ကို ဟောတော်မူ၏။ ယင်းသုံးဒုက်တို့သည် သဒ္ဒါသာထူး၍ အနက်အဘိဓေယျတ္ထမထူးသောကြောင့် တစ်ဒုက်ဒုက်ကိုသာ ဟောတော်မူသင့်သည် မဟုတ်ပါလော။ ထို့ကြောင့်–သင့်။ သုံးဒုက်လုံးကို ဟောရခြင်းအကြောင်းကိုလည်းပြဆိုသင့်သေး၏ အဘယ့်ကြောင့် သုံးဒုက်လုံးကို ဟောတော်မူပါသနည်း။ ဤသို့–(စ)မိန့်။

အဓိပ္ပါယ်ကား=ဒေသနာဝိလာသ, ပုဂ္ဂလဇ္ဈာသယအားဖြင့် ဟောတော်မူ၏ဟူလို။

(၃)

(ဂ)ဖြင့် သဒ္ဒါအားဖြင့်သာထူး၏ဟုဆိုသော ရှေ့ဝါကျစကားကို ယုတ္တိအားဖြင့်မြဲစေပြီးစေသောကြောင့် ဝိရောဓိ, ဩဓိတျဟီန ဒေါသ–တို့ကို ပယ်ပါသည်။ (ပြည်၊ ယောဇနာ၊ ကျော်စံဂဏ္ဌိ။)

(တနည်း)သဒ္ဒါအားဖြင့် ထူးပုံကို အကျယ်ပြသောကြောင့် သခေ်ပ ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိ ပယ်သည်။ (ဘာသာဋီကာ၊ မင်းခင်းဂဏ္ဌိအလို။)

(စ)ဝါကျဖြင့် အဗျာပိတဒေါသ, နိရတ္ထကဒေါသ, ပုနရုတ္တိဒေါသ–တို့ကို ပယ်သည်။

(၄)

* ကမ္မကိလေသဝသေန သမ္ပရေတဗ္ဗော သမ္ပာပုဏိတဗ္ဗောတိ သမ္ပရာယော။ (သာရတ္ထ။၁။၁၉၇။)

(သ,ပရာရေး+ဏ္ဍ(ဝါ)ဏ(ဝါ) အယ+အ ပစ္စည်း။ ကပ်ရောက်ခြင်းကြိယာ။)

* အဓိဝစနဒုကော+အာဒိ ဧတေသန္တိ အဓိဝစနဒုကာဒယော။

(အစဖြစ်သော အဓိဝစနဒုက်၏+သုံးဒုက်တို့နှင့် အစိတ်+အပေါင်းစပ်။)

* နတ္ထိ နာနာကရဏံ ဧတေသန္တိ နိန္နာနာကရဏာ။

✔ အသီးအခြားပြုကြောင်းအထူးမရှိခြင်းဂုဏ်၏+အဓိဝစနစသောသုံးဒုက်တို့နှင့် ဂုဏ်+ဂုဏောစပ်–ဗျူ–နိ။

✔ အသီးအခြားပြုကြောင်းအထူးမရှိခြင်းဂုဏ်သည် ပ–နိ။

* ကတပုညေဟိ သေဝိယတေတိ သိရီ။ (သိ+ရ ပစ္စည်း+ဤပစ္စည်း။)

* သိရီ ဝဍ္ဎေတီတိ သိရိဝဍ္ဎကော။ (သိရိ+ဝဍ္ဎ+ဏွု။)

* ဝစနံ အဓိကာရံ ကတွာ ပဝတ္တာ အဓိဝစနာ။

(သဒ္ဒါတို့၏+ သဒ္ဒပညတ်တို့နှင့် အကြောင်း+အကျိုးစပ်။)

* ဥစ္စန္တေတိ ဥတ္တိ။ နိဒ္ဒါရေတွာ+ဥတ္တိ နိရုတ္တိ။

(ထုတ်ဆောင်ခြင်းကြိယာ၏+ဆိုအပ်သောသဒ္ဒပညတ်နှင့် ကြိယာဝိသေသန/ သျှစပ်)

(တနည်း) နိဒ္ဒါရေတွာ ဥစ္စန္တေတိ နိရုတ္တိ။

* နိရုတ္တီနံ+ပထာ နိရုတ္တိပထာ။

(ထုတ်ဆောင်၍ဆိုအပ်သောသဒ္ဒပညတ်၏+အကြောင်းဖြစ်သော အတ္ထပညတ်အနက်ဒြဗ်နှင့် အကျိုး+အကြောင်းစပ်)

(၅)

အဓိကာရံ–ကား "အ–ဏ္ဍ–ပစ္စယ၊ ဒုတိယာ–ဏော၊ ဤသဘော၊ အဟော–ပုံလိင်သာ" နှင့်အညီ–ပုံလိင်, ပုရိသာဒိ, အ–ကာရန္တ။

နိရုတ္တိ–ကား ကိတ်သုဒ္ဓနာမ် (တနည်း) သမာသ်နာမ်,ဣတ္ထိလိင်, ရတ္တာဒိ, ဣကာရန္တ။

ပထာ–ကား ပုံလိင်, ပုရိသာဒိ, အ–ကာရန္တ, ကိတ်နာမ်။

http://www.dhammadownload.com



(၆)

(က)တပန္တိ–ဖြင့် တပနီယာ–၌ တပဓာတ်–၄င်း, အနီယပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–၄င်း, တပန္တီတိ တပနီယာ–ဟု ပြု–၄င်း သိစေသည်။

(တပန္တိ။ ။ တပဓာတ်၊ အနီယပစ္စည်း၊ ကတ္တားဟော၊ တပဓာတ်သည် ဘူဝါဒိဖြစ်လျှင် တပန္တိ၊ စုရာဒိ ဖြစ်လျှင် တာပေန္တိ၊ ဒိဝါဒိဖြစ်လျှင် တပ္ပန္တိ။ ဤသို့သာရုပ်ရှိနိုင်သည်။ ဝုဒ္ဓိမပါသော တပေန္တိ–ကား မကောင်းပါ။ ဤကား ဘာသာဋီကာအမှာဖြစ်သည်။ ဆဋ္ဌမူ၌ကား တပေန္တိဟု ရှိနေသည်။)

လ္လာစေဝ သမ္ပရာယေစ–ဖြင့် ဘာဝတ္ထသိစေ။ န တပနီယာ–ဖြင့် ဖော်ပြ။

(ဂ)ဝစနမတ္တမေဝ အဓိကာရံ ကတွာ ပဝတ္တာ–ဖြင့် အဓိဝစနာ–၌ အဓိဉပသာရပုဒ်၏ အဓိကာရံ ကတွာ ပဝတ္တန အနက်ဟောသည်ကို–၄င်း၊ ဝစနံ အဓိကာရံ ကတွာ ပဝတ္တာ အဓိဝစနာ–ဟု ဒုတိယာအဗျယီဘော ဝစနတ္ထပြု–၄င်း, သဒ္ဒါကို တည်ရာပြု၍ဖြစ်၏ဟူသည် အနက်ကိုအလျဉ်းတည်ရာပြု၍ ဖြစ်သည်မဟုတ်၊ သဒ္ဒါ သက်သက်ကို မှီချဆတ်ဆတ်တည်ရာပြု၍ဖြစ်၏ဟူသော အဓိပ္ပာယ်ကို၄င်း သိစေသည်။

(ဘာသာဋီကာ–၌ "အဓိသဒ္ဒါ, အဓိကိစ္စပဝတ္တ အနက်ကိုဟော၏။ ဝစနံ အဓိကိစ္စ ပဝတ္တာ အဓိဝစနာ–ဟု ပြုရမည်"ဟုဆိုသည်။)

သိရိဝဍ္ဎကော ဓနဝဍ္ဎကောတိ အာဒယော–ဖြင့် သဒ္ဒါမျှကိုသာစွဲမှီ၍ဖြစ်သော သိရိဝဍ္ဎက,ဓနဝဍ္ဎက–စသောသဒ္ဒါတို့သည် အဓိဝစနမည်၏–ဟု သိစေသည်။

အဓိဝစနာနံ–ဖြင့် ဆဋ္ဌီတပ္ပုရိသ်သမာသ်–ပြု သိစေသည်။

(ဃ) နိဒ္ဒါရေတွာ ဝုစ္စမာနာ–ဖြင့် နိရုတ္တိ–၌ နိ–၏ နိဒ္ဒါရဏ အနက်ဟောသည်၏–၄င်း, ဥတ္တိ–၌ ဝစ–ဓာတ်၏အဖြစ်ကို ၄င်း, တိ–ပစ္စည်း၏ ကမ္မသာဓနအနက်–၌သက်–၄င်း, ဝုစ္စန္တေတိ ဥတ္တိ–ဟုပြု–၄င်း, အပေါင်းပုဒ်ကို နိဒ္ဒါရေတွာ+ဥတ္တိ နိရုတ္တိ–ဟုကမ္မဓာရယ် သမာသ်ဝစနတ္ထပြု–၄င်း,(တနည်း) နိဒ္ဒါရေတွာ ဝုစ္စန္တေတိ နိရုတ္တိ–ဟုပြု–၄င်း, ရ–အာဂုမ်၏အဖြစ်ကို၄င်း သိစေသည်။

သဟေတုကံ ကတွာ–ဖြင့် နိဒ္ဒါရေတွာ ဝုစ္စမာနာ–၌ ထုတ်၍ဆိုအပ်ကုန်၏ဟူသည် အကြောင်း ပဝတ္တ နိမိတ်နှင့်တကွပြု၍ ထုတ်ဆိုအပ်သည်၏ အဖြစ်ကို သိစေသည်။

ဝုစ္စမာနာ အဘိလာပါ–ဖြင့် နိရုတ္တိ–၌ ဥတ္တိ–အရ ပြောဆိုအပ်သော ဝစီဘေဒသဒ္ဒစိတ္တဇသဒ္ဒရုပ်ကို ယူရမည်ကို၄င်း, ဥတ္တိ–၌ ဝစဓာတ်၏ ပြောဆိုခြင်းအနက်ဟော–၄င်း သိစေသည်။

အဘိသင်္ခါရောန္တီတိ ခေါ ဘိက္ခဝေ တသ္မာ သင်္ခါရာတိ ဧဝံ–ဖြင့် နိဒ္ဒါရေတွာ–၌ ထုတ်ဆောင်ပုံ အခြင်းအရာကို သိစေသည်။

(င) ဇာနာတိ ပကာရေန ဉာပနတော–ဖြင့် ပညတ္တိ–၌ ပ–ပုဗ္ဗ ဉာ–ဓာတ်–၄င်း, ပ–ဉပသာရ၏ ပကာရအနက်ဟော–၄င်း, တိ–ပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌ သက်–၄င်း, ပကာရေန ဉာပေတီတိ ပညတ္တိ–ဟုပြု–၄င်း သိစေသည်။

တက္ကော ဝိတက္ကော သင်္ကပ္ပေါတိ ဧဝံ–ဖြင့် ပကာရ–အရ တက္က, ဝိတက္က, သင်္ကပ္ပ–စသော အပြားကို ယူရမည်ဟု သိစေသည်။

(၇)

(ခ)ဗျဥ္ဇနမေဝေတ္ထ နာနံ–ဖြင့် ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ သဒ္ဒါသည် ဂဟေတဗ္ဗတ္ထ။

✔ အဘိဓေယျတ္ထအနက်သည် နိဝတ္တေတဗ္ဗတ္ထ။

✔ ဝိဂြိုဟ်ဝစနတ္ထ အဘိဓာနတ္ထသည် အနုညာတတ္ထ။

http://www.dhammadownload.com



(ဂ) ဝစနမတ္တမေဝ-၌ မတ္တကား-နိဝတ္တေတဗ္ဗတ္ထ။ (ယင်း မတ္တ-သဒ္ဒါဖြင့် အဘိဓေယျ အနက် ထူးသည်၏ အဖြစ်ကို တားမြစ်သည်။)

ဧဝ-ကားသန္နိဋ္ဌာနတ္ထ ။ (ယင်း၏ ဧဝ သဒ္ဒါ ဖြင့် သဒ္ဒါထူးသည်၏အဖြစ်ကို နိုင်မြဲစေသည်။)

- မတ္တ-ဓေ၊ နှစ်ပါးပြကာ၊ မတ္တမြစ်ကန် ၊ ဧဝ-သန္နိဋ္ဌာန်။
- ဝစနမတ္တမေဝါတိ မတ္တသဒ္ဒေါ အတ္ထနာနတ္တံ ပဋိသေဓေတိ ၊ ဧဝသဒ္ဒေါ သန္နိဋ္ဌာနကာရဏံ။ (ယောဇနာ)

(စ) ဝုတ္တနယေနေဝ-၌ ဂဟေတဗ္ဗတ္တစသည်-

✔ ဟေတုဂေါစ္ဆကဩ-ဆိုအပ်ပြီးသော နည်းသည် ဂဟေတဗ္ဗတ္ထ။

✔ ထိုနည်း၏ ဆန့်ကျင်ဘက်ဖြစ်သောနည်းသည် နိဝတ္တေတဗ္ဗတ္ထ။

✔ ထိုနည်းအားလျော်သော အနုလောမနည်းသည် အနုညာတတ္ထ။

(ခ) နိန္နာနာကရဏာ-၌-နိ-ကား ပဋိသေဓတ္ထ။

(ဂ) ဟိ-ကား ဒဠှီကရဏဇောတက (တနည်း) ဝိတ္ထာရဇောတက။

(စ) စ-ကား ဝါကျာရမ္ဘဇောတက။ ဝတွာပိ-၌-ပိ-ကား အရုစျတ္ထဇောတက။

(၈)

ဝုစ္စမာနာ-၌ ဝစ ဓာတ်အရ ဘုရားရှင်၏ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုယူ၍
(တနည်း) အရှင်သာရိပုတ္တရာ၏ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုယူ၍ ဒဿနတ္ထ-စသည်ထုတ် ။

(၉)

အဓိဝစနာ-အရ-သုဏန္တပုဂ္ဂိုလ်တို့၏ အသိဉာဏ်အားတတ်သော သဒ္ဒပညတ်ရ၏။

ထိုသဒ္ဒပညတ်ဟူသည် အစိတ်သဒ္ဒါနှင့်မကင်းရကား သဝိညတ္တိကဝစီဘေဒသဒ္ဒတည်း။

အဓိဝစနပထာ- အရ ဝဒန္တပုဂ္ဂိုလ်တို့၏ အသိဉာဏ်အားတပ်သော အတ္ထပညတ်ရ၏။

ထိုအတ္ထပညတ်ဟူသည် အကြောင်းအနက်နှင့်မကင်းရကား စိတ်တခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်-တို့တည်း။

(၁၀)

(ဃ) ဝုစ္စမာနာ+အဘိလာပါ-၌

ဝုစ္စမာနာ-ဝယ် ဝစ-ဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ပစ္စည်းတရားသည်-

အဘိလာပါ-အရ ဝစီဘေဒသဒ္ဒပစ္စယုပ္ပန်တရားအား-သဟဇာတ-ပြု။

ပြိုင်။ ။ သဟကြီး-၄, ဝိပ္ပယုတ္တ, ဟေ, ဓိ, ဣ, မဂ် (၉) ပစ္စည်း။

(စ) ပယောဇနံ+ဝေဒိတဗ္ဗံ-၌-

ပယောဇနံ-အရ (ဝေဒိတဗ္ဗံ-၌တဗ္ဗ-ပစ္စည်းအရ) ဒေသနာဝိလာသ ပုဂ္ဂလဇ္ဈာသယ-ဟူသော အကျိုး-ပစ္စည်းတရားသည်-

ဝိဒ-ဓာတ်အရ သောတုဇနတို့၏သန္တာန်၌ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်, ကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ-ပြု။ (ပြိုင်-မရှိ။)

=====================

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၅၇)

(က) နာမရူပဒုကေ နာမကရဏဋ္ဌေန, နမနဋ္ဌေန, နာမနဋ္ဌေန စ နာမံ။ ရုပ္ပနဋ္ဌေန ရူပံ။

(ခ) အယမေတ္ထ သင်္ခေပေါ၊

(ဂ) ဝိတ္ထာရတော ပန နိက္ခေပကဏ္ဍေ အာဝိ ဘဝိဿတိ။

(ဃ) အဝိဇ္ဇာတိ ဒုက္ခာဒီသု အညာဏံ။ ဘဝတဏှာတိ ဘဝပတ္ထနာ။

(င) ဘဝဒိဋ္ဌီတိ ဘဝေါ ဝုစ္စတိ သဿတံ၊ သဿတဝသေန ဥပ္ပဇ္ဇနဒိဋ္ဌိ။

(စ) ဝိဘဝဒိဋ္ဌီတိ ဝိဘဝေါ ဝုစ္စတိ ဥစ္ဆေဒံ၊ ဥစ္ဆေဒဝသေန ဥပ္ပဇ္ဇနဒိဋ္ဌိ။

ဋ္ဌ။၉၄။ မူလဋီ။၅၆။ ယောဇနာ။၇၅။ ပြည်သျှ။၃၃၉။ ဘာသာဋီ။၃၇၂။ ကျော်စံဂဏ္ဌိ။၂၂၃။ မင်းခင်းဂဏ္ဌိ။၃၂၅

========================

(၂)

### (ခ) ဋ္ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (က)ဝါကျဖြင့် နာမရူပဒုက်၏အနက်ကို နာမကရဏဋ္ဌေန–စသည်ဖြင့် ပြဆိုတော်မူ၏။ ထို–သော် ဤအနက်ကို သင်္ခေပလေလော, ဝိတ္ထာရလေလော–ဟုခွဲခြားမသိအပ်, မသိနိုင်သည်မဟုတ်ပါလော။ ထို့ကြောင့် (က)ဖြင့် နာမရူပဒုက်တို့၏အနက်ကိုသာ မဆိုသင့် ။ပ။ ထိုအနက်သည် သင်္ခေပ, ဝိတ္ထာရတွင် အဘယ်အနက်ဖြစ်ပါသနည်း။ ဤသို့ (ခ) မိန့်။

အဓိပ္ပာယ်ကား=ဤအနက်သည် ဤမာတိကာအဖွင့်၌ သင်္ခေပဖြစ်၏–ဟူလို။

### (ဂ) ပါပနာဒီပဋ္ဌက

ဆရာ–သည် (ခ)ဖြင့် ဤမာတိကာအဖွင့်၌ ဆိုအပ်ပြီးသောအနက်သည် သင်္ခေပတည်း–ဟုဆို၏။ ထို–သော် နာမရူပဒုက်၏ သင်္ခေပအနက်ကိုသာ သိအပ်၏–ဟူသောအနက်သည် ရောက်ရာ၏။ စင်–ကား ထိုအနက်သည် မရောက်သင့်။ ထိုသို့–ကြောင့် နာမရူပဒုက်၏ ဝိတ္ထာရကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုပဲ မနေသင့်။ စသည်တက်။ ဤသို့ (ဂ)မိန့်။

(၃)

(က)စသည်ဖြင့် အဗျာဝိတ–ပယ်သည်။

### (င)ဝါကျ ဝုစ္စတိ–ထားရခြင်း

ဘဝ–သဒ္ဒါသည် သာမညနိဒ္ဒေသနည်းဖြင့် ဝုဗ္ဗိ,ဓနေန–စသော အနက်(၇)ပါးကို ဟောနိုင်သော်လည်း ဤဘဝဒိဋ္ဌိ–၌ ဘဝ–သဒ္ဒါကား ဧကဒေသျူပစာအားဖြင့် သဿတဒိဋ္ဌိ–ဟူသော အနက်ကိုသာဟော၏–ဟု ပြလို၍ (င)ဝါကျ၌ ဝုစ္စတိ–သဒ္ဒါထားသည်။

### ဘဝ–၏ အတ္ထုဒ္ဓါရ–

ဝုဒ္ဓိယံ ဓနေန ကာမ–ဓာတွာဒီမှိ စ ပတ္တိယံ။
သတ္တာယဋ္ဌေဝ သံသာရေ ၊ ဘဝေါ သဿတဒိဋ္ဌိယံ။(ဓာန်။ ၈၂၉။)

http://www.dhammadownload.com



(၄)

* နာမံ ကရောတီတိ နာမံ။ (နာမပုဒ်+ဏာပစ္စည်း)

(အမည်ကိုပြုတတ်သော နာမက္ခန္ဓာလေးပါးနှင့် နိဗ္ဗာန်ရ၏။)

(တစ်နည်း) နမတီတိ နာမံ။ (နမုဓာတ်+ဏာပစ္စည်း)

(အာရုံသို့ညွတ်တတ်သော နာမက္ခန္ဓာလေးပါးရ၏။)

(တစ်နည်း) အတ္တနိ အာရမ္မဏိကဓမ္မေ နာမေတီတိ နာမံ။ (နမု+ဏ)

အာရမ္မဏိကတရားတို့ကို (အာရုံဖြစ်သော) မိမိသို့ ညွတ်စေတတ်သော နာမက္ခန္ဓာလေးပါးနှင့် နိဗ္ဗာန် ရ၏။

(ဋ္ဌ။ ၄၂၂-နိက္ခေပကဏ္ဍ-ရှု)

* သီတုဏှာဒိဝိရောဓိပစ္စယေဟိ ရုပ္ပတီတိ ရူပံ။ (ရုပ+အ)

* သဒါ ဘဝတီတိ ဘဝေါ။ (ဘူ+ဏ။ အခါခပ်သိမ်းထင်ရှားရှိခြင်း။)

* ဘဝေါတိ ပဝတ္တာ ဒိဋ္ဌိ ဘဝဒိဋ္ဌိ။

(အတ္တ,လောကအခါခပ်သိမ်းထင်ရှား၏, မြဲ၏ဟုယူသော မိစ္ဆာဒိဋ္ဌိ။)

* သဒါ+သတံ သဿတံ။ (အခါခပ်သိမ်းထင်ရှားရှိသောအရာ။)

* န ဘဝတီတိ ဝိဘဝေါ။ ဝိဘဝေါ တိ ပဝတ္တာ ဒိဋ္ဌိ ဝိဘဝဒိဋ္ဌိ။

(အတ္တ, လောက အမြဲဆက်၍မဖြစ်တတ်, သေလျှင်ပြတ်၏ဟူ၍ ယူသောမိစ္ဆာအယူ။)

ယောဇနာ(၇၅)၌ - "ဘဝဒိဋ္ဌီတိ ဘဝနံ ဘာဝေါ။ သဿတကြိယာ။ ဘဝဝသေန ဥပ္ပန္နာ ဒိဋ္ဌိ ဘဝဒိဋ္ဌိ။ ဝိဘဝနံ ဝိနဿနံ ဝိဘဝေါ။ဝိဘဝဝသေန ဥပ္ပန္နာ ဒိဋ္ဌိ ဝိဘဝဒိဋ္ဌိ"ဟု ဝဏ္ဏနာပြုသည်။

(၅)

(က) ဝိတ္တာရော-ကား ကိတ်နာမ်, ပုံ, ပုရိသာဒိ, အ-ကာရန္တ။

ပန-ကား နိပါတ်, အလိင်, ဂဏာဝိမုတ်, အ-ကာရန္တ။

နိက္ခေပကဏ္ဍေ-သမာသ်နာမ်, ပုံ, ပုရိသာဒိ, အ-ကာရန္တ။

အာဝိ-ကား နိပါတ်, အလိင်, ဂဏာဝိမုတ်, ဣ-ကာရန္တ။

ဘဝိဿတိ-ကား အာချာတ်, အလိင်, ဘူဝါဒိ, ဦ-ကာရန္တ။

ဘဝပတ္တနာ-ကား သမာသ်နာမ်, ဣတ္ထိလိင်, ကညာဒိ, အာ-ကာရန္တ။

◆ ဘဝပတ္တနာတိ ဘဝေသု ပတ္တနာ။ (ယောဇနာ။)

(၆)

(က) နာမကရဏဋ္ဌေန-ဖြင့် နာမံ-၌ နမပုဒ်+ဏာပစ္စည်း။ ဏာပစ္စည်း၏ ကရောတိတဒ္ဓိတ် အနက်၌ သက်-၄င်း, နာမံ ကရောတီတိ နာမံ-ဟုပြု-၄င်း, နာမက္ခန္ဓာလေးပါးနှင့် နိဗ္ဗာန်တို့သည် အမည်ကိုပြုတတ်သည်၏အဖြစ်ဟူသောသကတ်အနက်ကြောင့် နာမ်မည်၏ဟူသောအဓိပ္ပါယ်ကို၄င်း သိစေသည်။

ဘာသာဋီကာ၌"နာမံ ကရောတီတိ နာမကရဏံ"ဟုဆိုလိုလျက် ကရဏဟူသော နောက်ပုဒ်ကိုချေထားသည်"ဟုကြံသည်။

နမနဋ္ဌေန-ဖြင့် နာမံ-၌ နမု-ဓာတ်-၄င်း၊ ဏာ-ပစ္စည်း သုဒ္ဓကတ္တုသာဓနအနက်၌သက်သည်-၄င်း၊ နမတီတိ နာမံ-ဟု ပြု-၄င်း၊ အာရုံသို့ညွတ်တတ်သည်၏အဖြစ်ဟူသော သကတ်အနက်ကြောင့် နာမက္ခန္ဓာ ၄-ပါးသည် နာမ်မည်၏ဟူသော အဓိပ္ပါယ်ကို၄င်း သိစေပါသည်။

http://www.dhammadownload.com



နာမမနျွေန–ဖြင့် နာမံ–၌ နမုဓာတ်–၄င်း၊ ဏပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌သက်–၄င်း၊ အတ္တနိ ဆာရမ္မဏကမ္မေ နာမေတီတိ နာမံ–ဟုပြု–၄င်း၊ အာရမ္မဏကတရားတို့ကို မိမိသို့ ညွတ်စေတတ်သည်၏ အဖြစ်ဟူသော သကတ်အနက်ကြောင့် နိဗ္ဗာန်တို့သည် နာမ်မည်၏ဟူသောအဓိပ္ပာယ်ကို သိစေသည်။

◆ နမနဋ္ဌေနာပိ စေတ္တ စတ္တာရော ခန္ဓာ နာမံ။

နာမနဋ္ဌေန သဗ္ဗမ္ပိ နာမံ။ (ဋ္ဌ၊ ၄၂၂။ နိက္ခေပကဏ္ဍ)

ရုပ္ပနဋ္ဌေန–ဖြင့် ရူပံ–၌ ရူပ–ဓာတ်–၄င်း၊ အ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–၄င်း၊ ရုပ္ပတီတိ ရူပံ–ဟု ပြု–၄င်း၊ ဖောက်ပြန်တတ်သည်၏အဖြစ်ဟူသောသကတ်အနက်ကြောင့် ရုပ်မည်၏ဟူသောအဓိပ္ပာယ်ကို–၄င်း သိစေသည်။

(ဃ) ဒုက္ခာဒိသု အညာဏံ–ဖြင့် အဝိဇ္ဇာ–၌ ဝိဇ္ဇာဝယ် ဝိဒ–ဓာတ်၏ ဉာဏအနက်ဟော–၄င်း၊ ဏျ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–၄င်း၊ ဝိဒတိ ဇာနာတီတိ ဝိဇ္ဇာ–ဟုပြု–၄င်း၊ န+ဝိဇ္ဇာ အဝိဇ္ဇာ–ဟု မိဿကတပ္ပုရိသ်သမာသ်ဝစနတ္ထပြု–၄င်း၊ န–၏ ကာရိယ အ–၏ ဝိရုဒ္ဓအနက်ဟော၄င်း၊ အဝိဇ္ဇာ–အရ ဒုက္ခသစ္စာ စသည်တို့၌ ဉာဏ်၏ဆန့်ကျင်ဘက်မောဟကို အရကောက်ရမည်ကို၄င်း (တနည်း) အဝိဇ္ဇာ –သည် အညာဏ်–၏ ပရိယာယ်အဖြစ်ကို၄င်း–သိစေသည်။

◆ မောဟော "ဝိဇ္ဇာ ထာ" ဉာဏံ။ (ဓာန်။၁၆၈။)

ဘဝပဋ္ဌနာ–ဖြင့် ဘဝတဏှာ–၌ တဏှာ–ဝယ် တသဓာတ်၏ ပိပါသအနက်ဟော–၄င်း၊ ဏှာ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–၄င်း၊ တသတီတိ တဏှာ(ဘူဝါဒိ)တဿတိ ပရိတဿတီတိ တဏှာ (ဒိဝါဒိ)ဟု ပြု–၄င်း၊ ဘဝ+တဏှာ ဘဝတဏှာ–ဟု ဒုတိယတပ္ပုရိသ် (တနည်း) ဘဝေသု တဏှာ ဘဝတဏှာ–ဟု သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြု–၄င်း၊ ဘဝတဏှာ–အရ ဘဝကိုတောင့်တတတ်သော တဏှာ (ဝါ) ဘဝတို့၌တပ်မက်တတ်သောတဏှာကို အရကောက်ရမည်ကို၄င်း သိစေသည်။

◆ တသော ပိပါသေ ဘူ,ဒိ,ဂေါ။ (ဓာတွတ္ထ။၁၆၀။)

(ဂဟာဒိကိုဏ်း၌ အာချာတ်ရုပ်မထင်။)

(င) ဘဝေါ ဝုစ္စတိ သဿတံ–ဖြင့် ဘဝဒိဋ္ဌိ–၌ ဘဝသဒ္ဒါသည် ဝုမိ–ဇနန–စသော အနက်တို့ကိုမဟော၊ သဿတဒိဋ္ဌိ–ဟူသော အနက်ဟော၏ဟု သိစေသည်။

(တနည်း) ဘဝ–အရ သဿတကိုယူ–သိစေသည်။

သဿတဝသေန ဥပ္ပန္နဒိဋ္ဌိ–ဖြင့် ဘဝဒိဋ္ဌိ–ကို ဘဝဝသေန ဥပ္ပန္နမာနာ ဒိဋ္ဌိ ဘဝဒိဋ္ဌိ ဟု မဇ္ဈေလောပ တတိယာတပ္ပုရိသ် (ယောဇနာ) ဘဝေါ ဣတိ ပဝတ္တာ ဒိဋ္ဌိ–ဘဝဒိဋ္ဌိ–ဟု ကမ္မဓာရယ် (ဘာသာဋီကာ) ဝစနတ္ထပြုရမည်ဟု သိစေသည်။

(စ) ဝိဘဝေါ ဝုစ္စတိ ဥစ္ဆေဒံ–ဖြင့် ဝိဘဝဒိဋ္ဌိ–၌ ဝိဘဝသဒ္ဒါသည် နိဗ္ဗာန်, ဥစ္စာဟူသောအနက် တို့ကို မဟော, ဥစ္ဆေဒအနက်ဟော၊ (တနည်း) ဝိဘဝ–အရ ဥစ္ဆေဒကိုယူ (တနည်း)ဝိဘဝသဒ္ဒါ ဥစ္ဆေဒ၏ပရိယာယ် (ဘာသာဋီကာ) သိစေသည်။

ဥစ္ဆေဒဝသေန ဥပ္ပန္နဒိဋ္ဌိ–ဖြင့် ဝိဘဝဒိဋ္ဌိ–၌ ဝိဘဝ–သဒ္ဒါ ဥစ္ဆေဒ၏ပရိယာယ်–၄င်း၊ ဝိဘဝေါ ဣတိ ပဝတ္တာ ဒိဋ္ဌိ ဝိဘဝဒိဋ္ဌိ–ဟု မဇ္ဈေလောပ ကမ္မဓာရယ် သမာသ်ဝစနတ္ထပြု–၄င်း၊ (ဘာသာဋီကာ) (တနည်း) ဝိဘဝဝသေန ဥပ္ပန္နမာနာ ဒိဋ္ဌိ ဝိဘဝဒိဋ္ဌိ–ဟု–ပြု–၄င်း (ယောဇနာ) သိစေသည်။

http://www.dhammadownload.com



(၇)

(ဂ) အာဝိ–ကား ပါတုဘာဝတ္ထ။
အယံ–၌ ဣမ–ကား ဆိုခဲ့ပြီး နာမကရဏဒွေန–စသည်ကိုစွဲ– ပစ္စက္ခဝိသယ။
ဧတ္တ–၌ ဣမ–ကား ဆိုဆဲ သုတ္တန္တိကမာတိကာအဖွင့်ကိုစွဲ– ပသိဒ္ဓဝိသယ။
အညာဏံ–၌ အ–ကား ဝိရုဒ္ဓအနက်။

(၈)

ဝိတ္ထာရောပန နိက္ခေပကဏ္ဍေ အာဝိ ဘဝိဿတိ–အရ
✔ နိက္ခေပကဏ္ဍ၌ လာလတ္တံ့သော အကျယ်ဖြစ်သောအနက်သည် ဒဿနတ္ထ။
✔ သပ္ပုရိသူပနိဿယ၊ သုတမယဉာဏ်၊ စိန္တာမယဉာဏ် ယောနိသောမနသိကာရသည် ဒီပကတ္ထ။
✔ ဝေနေယျတို့၏ ပရမတ္ထတို့ကို ဟုတ်မှန်စွာသိရခြင်းသည် ပကာသနတ္ထ။
✔ ထိုသို့သိသဖြင့် ကောင်းစွာကျင့်ရခြင်း သမ္မာပဋိပတ်သည် ဝိဘာဝတ္ထ။
✔ ကောင်းစွာကျင့်သဖြင့် ရအပ်သော သုဂတိမဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(၉)

(ဃ) ဒုက္ခာဒီသု–၌ အာဒိ–ဖြင့် သမုဒယ, နိရောဓ, မဂ္ဂ, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒ်–ဟူသော ၇–ဋ္ဌာနကိုယူ။

**နမန နှင့် နာမနအထူး**

အာရုံကိုမယူမူ၍ မဖြစ်ကုန်သော, အာရုံကိုယူ၍သာဖြစ်ကုန်သော ဖဿအစရှိသော တရားတို့သည် အာရုံနှင့်မကင်းမူ၍ ဖြစ်သောကြောင့် အာရုံကိုရှေးရှုသည်၏အဖြစ်သည် နမန–မည်၏

အာရမ္မဏိကတရားတို့၏ အာရုံသို့ရှေးရှုညွတ်ခြင်း၏အကြောင်း၏အဖြစ်သည် နာမန မည်၏။ ဤသို့ ထူးသည်။ (ပြည်သျှ။၃၄၀။)

◆ နမနံ အဝိနာဘာဝတော အာရမ္မဏာဘိမုခတာ၊ နမနဟေတုဘူတတာ နာမနံ။ (မူလဋီ။၅၆)

နာမကရဏဒွေန။ ။ ဖဿ ဝေဒနာ စသောတရားတို့သည် တွေ့တိခြင်းသဘော ခံစားခြင်းသဘော စသည်ရှိရကား ထိုသဘောအတိုင်းပင် ထိုဖဿ,ဝေဒနာစသောပါဠိနာမည်ကို ပြုတတ်သောကြောင့် 'နာမ်'မည်၏။

အမေး။ ။အမည်ကိုပြုတတ်သောကြောင့်"နာမ်"ဟုဆိုလျှင် ပထဝီစသောရုပ်တရားများလည်း တကယ်မြေကြီးကဲ့သို့ ခိုင်မာခြင်းသဘောစသည်ရှိသောကြောင့် ပထဝီစသောအမည်ရကြရကား"နာမ"ဟု ခေါ်သင့်သည် မဟုတ်ပါလော။

အဖြေ။ ။ ရုပ်တို့သည် မိမိသဘောအတိုင်း "ပထဝီ"စသော ပရမတ်နာမည်ရပြီးဖြစ်သော်လည်း ဆံပင်တွင် ပါဝင်သော ပထဝီသည် ကေသ–ဟူသော နာမည်တမျိုးသို့ ပြောင်းတတ်သေးသောကြောင့် မိမိရပြီးနာမည်မခိုင်မြဲရကား "နာမ"ဟု မခေါ်နိုင်။ ဖဿ–စသည်တို့ကား ထိုကဲ့သို့နာမည်တမျိုးမပြောင်းဘဲ မြဲနိုင်သောနာမည်ရှိသောကြောင့် (ယင်းဖဿ–စသည် တို့ကိုသာ) "နာမ်"ဟုခေါ်ဆိုရသည်။ (ဘာဋီ။၃၇၃)

http://www.dhammadownload.com



◆ ဖဿော ဝေဒနာတိ သဗ္ဗဒါပိ အရူပဓမ္မာနံ ဖဿာဒီနံ နာမကတ္တာ ပထဝိယာဒီနံ ကေသကုမ္ဘာဒိနာမန္တရာ-ပတ္တိ ဝိယ နာမန္တရာ နာပဇ္ဇနတော စ သဒါ အတ္တနာဝ ကတနာမတာယ စတုက္ခန္ဓနိဗ္ဗာနာနိ နာမကရဏဋ္ဌေန နာမံ။ (မူလဋီ။၅၆။)

နမနဋ္ဌေန။ ။ အာရုံသို့ ညွတ်သောကြောင့် နာမက္ခန္ဓာ ၄-ပါးသည် နာမ်မည်၏။

အမေး။ ။ အဘယ့်ကြောင့် အာရုံသို့ညွတ်တတ်သနည်း။

အဖြေ။ ။ နာမက္ခန္ဓာလေးပါးတို့သည် အာရုံနှင့် ကင်း၍ မည်သည့်အခါမျှမဖြစ်၊ အာရုံရှိမှသာ ဖြစ်ကြသောကြောင့် အာရုံသို့အမြဲညွတ်နေသကဲ့သို့ဖြစ်သည်။ (ဘာသာဋီ။၃၇၃။)

◆ နမနံ အဝိနာဘာဝတော အာရမ္မဏာဘိမုခတာ။ (မူလဋီ)

(၁၀)

ဘာဝဒိဋ္ဌိ-၌-

ဘာဝ-အရ မြဲသည်ဟု စွဲလမ်းမှတ်ထင်အပ်သော စိတ်, စေတသိက်, ရုပ်ဟုဆိုအပ်သော လောဘသည်-ဒိဋ္ဌိ-အရ ဒိဋ္ဌိစေတသိက် ပစ္စယုပ္ပန်တရားအား အာရမ္မဏ-ပြု။

ပြိုင်။ ။ အာ, ဓိ, ဥ (၃)ပစ္စည်း။

တဿ ဘာဝေါ ဒေါဝစဿတာ။ (ဌ။၉၄။) ၌-

ဘာဝေါ-အရ (တာ-ပစ္စည်းအရ) ဒေါသမူစိတ္တုပ္ပါဒ်ပစ္စည်းတရားသည်-

တဿ (ဒေါဝစဿဿ)-အရ (ပုဂ္ဂိုလ်၏ဆန့်ကျင်ဘက်ကိုပြုခြင်းဟူသော) ကာယဝိညတ်, ဝစီဝိညတ် ပစ္စယုပ္ပန်တရားအား သဟဇာတ-ပြု။ (ပြိုင်-မထူးပြီ။)

"သီးခြား အာဘော်သံဝဏ္ဏနာ ကဏ္ဍ"

အဟိရိကန္တိ "ယံ န ဟိရိယတိ ဟိရိယိတဗ္ဗေနာ" တိ ဧဝံ ဝိတ္ထာရိတာ နိလဇ္ဇတာ။ (ဌ။ ၉၄)

နိလဇ္ဇတာ-ဖြင့် အဟိရိကံ-၌ အ-၏ န-၏ကာရိယ-၄င်း, ယင်း-အ-၏အဘာဝအနက်ဟော-၄င်း, ဟိရိသဒ္ဒါသည် လဇ္ဇာ-သဒ္ဒါ၏ အနက်တူပရိယာယ်-၄င်း- နတ္ထိ ဟိရိ ဧတဿာတိ အဟိရိကော။ (ပုဂ္ဂလော) အဟိရိကဿ ဘာဝေါ အဟိရိကံ-ဟုဝစနတ္ထပြု-၄င်း- အဟိရိကံ-၌ ဏျပစ္စည်း၏ ဘာဝတဒ္ဓိတ် အနက်၌သက်-၄င်း, အဟိရိကွံ-ဟုဆိုလိုလျက် က-အက္ခရာတစ်လုံးကိုချေ၍အဟိရိကံ-ဟုရုပ်ပြီးနေသည်ကို၄င်း သိစေသည်။

ယံ နဟိရိယတိ ဟိရိယိတဗ္ဗေနာတိ ဧဝံ ဝိတ္ထာရိတာ-ဖြင့် အဟိရိကံ-၌ ဟိရိ-ဝယ် ဟိရိ-ဓာတ် အဖြစ်ကို၄င်း, ဏ-ပစ္စည်း၏ကတ္တုသာဓနအနက်၌သက်-၄င်း, ဟိရိယတိ ပါပါတိ ဟိရိ-ဟုပြု-၄င်း, ရှက်အပ်, စက်ဆုပ်အပ်သော ကာယဒုစရိုက်စသည်ကို မရှက်တတ်,မစက်ဆုပ်တတ်သော သဘောတရားသည် အဟိရိက မည်သည်၏အဖြစ်ကိုငင်း သိစေသည်။

◆ လဇ္ဇာ ဟိရိ သမာနာထ။ (ဓာန်။၁၅၈၊)

◆ လဇ္ဇ လဇ္ဇနေ။ လဇ္ဇတိ ပါပါတိ လဇ္ဇာ၊ အ။ ဟိရိ လဇ္ဇိယံ၊ ဏ္ဍ။ ဟိရိယတိ ပါပါတိ ဟိရိ။(ဓာန်ဋီ)

◆ နတ္ထိ လဇ္ဇာ အဿ ပုဂ္ဂလဿာတိ နိလဇ္ဇီ။ နိလဇ္ဇိနော ဘာဝေါ နိလဇ္ဇိတာ။ (ယောဇနာ။၇၅)

◆ ဒေါဝစဿတာဒီသု ဒုက္ခံ ဝစော ဧတသ္မိံ ဝိပ္ပဋိကူလဂါဟိမှိ ဝိပစ္စနိကသာတေ အနာဒရေ ပုဂ္ဂလေတိ ဒုဗ္ဗစော။ တဿ ကမ္မံ ဒေါဝစဿံ။ တဿ ဘာဝေါ ဒေါဝစဿတာ။ (ဌ။၉၄)

http://www.dhammadownload.com



ဒုက္ခံ ဝေဒေ တေသ္မိံ-ဖြင့် ဒေါဝစဿတာ-၌ ဒုဗ္ဗစ-ဝယ် ဒု-၏ဒုက္ခအနက်ဟော-ငှင်း, ဒုက္ခံ ဝစော တေသ္မိန္တိ ဒုဗ္ဗစော-ဟု ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြု-ငှင်း, ဗ-သည် ဝ-၏ကာရိယ-ငှင်း သိစေသည်။

ဝိပ္ပဋိကူလဂ်ါဟမှိ ဝိပစ္စနီကသာတေ အနာဒရေ ပုဂ္ဂလေ-ဖြင့် ဒုက္ခံ ဝစော တေသ္မိံ-၌ တေသဒ္ဒါ-ဖြင့် ပုဂ္ဂိုလ်ကိုစွဲယူသုံးသပ်ရမည်ကို-ငှင်း, (တနည်း) တေ-အရ ပုဂ္ဂိုလ်ကိုယူ-ငှင်း, ယင်းပုဂ္ဂိုလ်ဟူသည် အထူးသဖြင့် ဆန့်ကျင်ဘက်ကိုယူတတ်ခြင်း,ဆန့်ကျင်ခြင်းကိုသာယာခြင်း, ပုဂ္ဂလဓမ္မကို မရိုသေခြင်းဟူသော အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ပင်တည်းဟူသော အဓိပ္ပာယ်ကိုငှင်း သိစေသည်။

တဿ ကမ္မံ-ဖြင့် ဒေါဝစဿံ-၌ (ဒုဗ္ဗစ-ပုဒ်+ဏျပစ္စည်း) ဏျ-ပစ္စည်း၏ ကမ္မတဒ္ဓိတ် အနက်၌သက်-ငှင်း, ဒုဗ္ဗစဿ+ကမ္မံ ဒေါဝစဿံ-ဟုပြု-ငှင်း, သ-၏ အာဂုမ်၏အဖြစ်ကို-ငှင်း,ယဝတံ-သုတ် ကာရသဒ္ဒါဖြင့် သျ-ကို သ-ပြု, ဒွေဘော်ဆောင်, (တနည်း) ဏျတ္တတာ ဘာဝေတု-သုတ် တုသဒ္ဒါပိုဖြင့် ဿ-ပစ္စည်းသက်၍ ဒေါဝစဿံ-ဟုရုပ်ပြီးနေသည်ကို-ငှင်း,(မင်းခင်းဂဏ္ဌိ) ဒေါဝစဿံ-အရ အပြောအဆိုခက်သော ပုဂ္ဂိုလ်၏ ဆန့်ကျင်ဘက်ပြုခြင်းစသောအမှုကို ယူ-ငှင်း သိစေသည်။

တဿ ဘာဝေါ-ဖြင့် ဖော်မြဲ။

- **ဝိပ္ပဋိကူလံ ဂဏှာတိ သီလေနာတိ ဝိပ္ပဋိကူလဂ္ဂါဟီ။ဝိပစ္စနီကံ ပဋိပက္ခံ သာတံ အဿာတိ ဝိပစ္စနီကဿာတော။ နတ္ထိ အာဒရံ အဿာတိ အနာဒရော။ (ယောဇနာ။၇၅)**

==========================

## ဝါကျဥယျာဉ် ( ၅၈ )

(က) ဒွါဒသင်္ဂေ ပဋိစ္စသမုပ္ပါဒေ ကုသလဘာဝေါ ပဋိစ္စသမုပ္ပါဒကုသလတာ။

(ခ) တသ္မိံ တသ္မိံ ဌာနေ ကုသလဘာဝေါ ဌာနကုသလတာ။

(ဂ) ဌာနန္တိ ကာရဏံ ဝုစ္စတိ။

(ဃ) တသ္မိံဉှိ တဒါယတ္တဝုတ္တိတာယ ဖလံ တိဋ္ဌတိ နာမ၊ တသ္မာ "ဌာန"န္တိ ဝုတ္တံ။

(င) အဋ္ဌာနေ ကုသလဘာဝေါ အဋ္ဌာနကုသလတာ။

**ဋ္ဌ။၉၅။ မူလဋီကာ။၅၇။ ယောဇနာ။၇၅။ ပြည်သျှ။၃၄၄။ ဘာသာဋီ။၃၇၆။ မင်းခင်းဂဏ္ဌိ။၃၂၇။**

=======================

(၁)

(ဃ) ဟိ-သစ္စံ-မှန်၏။ (ဝါ) ဟိ-ယသ္မာ-ကြောင့်။

(၂)

(ဂ) ပါပနာဒိပဋ္ဌက

ဆရာ-သည်(ခ)ဝါကျဖြင့် ဌာနကုသလတာကို တသ္မိံ တသ္မိံ ဌာနေ ကုသလဘာဝေါ-ဟု ဖွင့်ဆိုတော်မူ၏။ထို-သော် ဌာနကုသလတာ-၌ ဌာနသဒ္ဒါသည် ဣဿရိယ,ဩဘာသ-စသော အနက်တို့ကို ဟော၏ဟူသော အနက်သည်ရောက်ရာ၏။ စင်-ကား ထိုအနက်သည် မရောက်သင့်။ထိုသို့-ကြောင့် ဌာနကုသလတာ-၌ ဖြစ်သင့်သောဌာနသဒ္ဒါ၏ အနက်ကိုလည်း ပြဆိုသင့်သေး၏။ ပြဆိုဘဲမနေသင့်။ နေချေသော် အတိဗျာပိတဒေါသ-၏။ ဌာနကုသလတာ-၌ ဖြစ် သင့်သောဌာန- သဒ္ဒါ၏အနက်ကား အဘယ်ပါနည်း။ ဤသို့-(ဂ)မိန့်။

http://www.dhammadownload.com



အဓိပ္ပါယ်ကား။ ။ဠာနကုသလတာ-၌ ဠာနသဒ္ဒါသည် ကာရဏအနက်၌ဖြစ်၏ဟုငါပြ-ဟူလို။
(တနည်း) (ခ)ဖြင့် ဠာနကုသလတာ-ဟူသောအပေါင်းပုဒ်၏အဖွင့်ကိုပြသည်။
(ဂ)ဖြင့် ဠာနဟူသော အစိတ်ပုဒ်၏အဖွင့်ကိုပြသည်။ ဤသို့ အဓိပ္ပါယ်ယူ၍လည်း ကျမ်းတက် နိုင်သည်။

(ဃ) ဠပနာဘောဂါဒိပဋ္ဌက

ဆရာ-သည် (ဂ)ဝါကျဖြင့် ဠာနကုသလတာ-၌ ဠာန-သဒ္ဒါသည် ကာရဏအနက်ကိုဟော၏ဟု ပြဆိုတော်မူ၏။ ထို-သော် (ဠာနံ ဋ္ဌသရိယော'ကာသ-ဟေတူသု ဌိတိယမ္ပိစ" ဟူသည်နှင့်အညီ ဠာန-သဒ္ဒါ ဋ္ဌသရိယစသောအနက်များစွာဟောနိုင်ပါလျက်)ဤ၌ ဠာနသဒ္ဒါ ကာရဏအနက်ကို ဟော၏ဟု ဖွင့်ဆိုသောဆရာ့စကားသည် လှုပ်ရှားမနိုင် ယိုင်သည်မဟုတ်ပါလော။ ထို့ကြောင့်- (က)ကိုသာ မဆိုသင့်။ မိမိစကားကို ခိုင်မြဲစေတတ်သော ယုတ္တာဒဠိကိုလည်း ပြဆိုသင့်သေး၏။ပ။ ဤသို့-(ဃ)မိန့်။

◆ တဿိဌိတိ ဟိ သဇ္ဇံ။ (ယောဇနာ။)

(၃)

(ခ) ဖြင့် အဗျာပိတ-ပယ်သည်။

(ဂ) ဖြင့် အတိဗျာပိတ (တနည်း) အဗျာပိတ-ပယ်သည်။

(ဃ)ဖြင့် ဝိရောဓိ၊ ဩဇိတျဟိန-ပယ်သည်။

(င) ဖြင့် ရအပ်သောအကျိုးဂုဏ်ကိုပြသောကြောင့် နိရတ္ထက-ပယ်သည်။

(ဂ) ဝုစ္စတိ ထားရခြင်း။

ဠာနသဒ္ဒါ၏ ဋ္ဌသရိယ, ဩကာသ, ဟေတု, ဌိတ-အနက်လေးပါးတို့တွင် ဤ ဠာနကုသလတာ-၌ ဠာနသဒ္ဒါကား ကာရဏ(ဟေတု)အနက်ကိုသာဟော၏ဟု ဠာန-သဒ္ဒါ၏ အထင်ရှား၊ ကေဒေသျုပစာအဖြစ်ကို ပြလိုသောကြောင့် (ဂ)ဝါကျ၌ ဝုစ္စတိ-ထားသည်။

(င) တသ္မာ-ထားရခြင်း

ရှေးမူလအကျိုးမှ ဆက်၍ရအပ်သော (နိဿန္ဒဖလ)အကျိုးဆက်လဒ္ဓဂုဏ်ကို ပြလို၍ တသ္မာ-ထားသည်။

(၄)

ပဋိစ္စ သမုပ္ပဇ္ဇတိ ဖလံ ဧတသ္မာတိ ပဋိစ္စသမုပ္ပါဒေါ။ (မ၊ဋီ၊ ၂။၁၃၁။)

✔ ပဋိစ္စသဒ္ဒါပုဗ္ဗ, သံရှေး, ဥရှေး, ပဒဓာတ်+ဏပစ္စည်းသည်၄င်း၊ စွဲမှီ၍အညီအမျှအတူတကွ ဖြစ်ခြင်း ကြိယာသည်၄င်း ဗျု-နိ။

✔ ဆယ့်နှစ်ပါးသောအင်္ဂါရှိသော ပဋိစ္စသမုပ္ပါဒ်တရားတို့၏ တစ်ခုသည်-ဓာတ်သည် ပ-နိ။

* ပဋိစ္စသမုပ္ပဇ္ဇတိ သန်္နိရာဒိကံ ဧတသ္မာတိ ပဋိစ္စသမုပ္ပါဒေါ။

* ပစ္စေကံ အဝိဇ္ဇာဒိကော ပစ္စယဓမ္မော။ (အနုဋီ၊၃။၃။)
(ဝိသုဒ္ဓိ၊၂။၁၂၅-၌တနည်းလာသည်။ ၇-နံပါတ်အဖြေရှု။)

* ဧတေန ကာရဏေန အာယတ္တာ ပဋိဗဒ္ဓါ တဒါယတ္တာ။

* ဝတ္တနံ ဝုတ္တိ။ တဒါယတ္တာ ဝုတ္တိ အဿာတိ တဒါယတ္တဝုတ္တိ။

* တဒါယတ္တဝုတ္တိနော ဘာဝေါ တဒါယတ္တဝုတ္တိတာ။ (ယောဇနာ။)

✔ ထိုအကြောင်းနှင့်စပ်၍ ဖြစ်ခြင်းရှိသောအကျိုး၏+ အဖြစ်နှင့် ဂုဏော+ဂုဏ်စပ် ဗျု-နိ။

✔ ထိုအကြောင်းနှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏အဖြစ်တည်းဟူသောဂုဏ်သည် ပ-နိ။

မှတ်ချက်။ ။ဘာသာဋီကာ၌ တဒ္ဓိ+အာယတ္တာ တဒါယတ္တာ-ဟု ပြသည်။

http://www.dhammadownload.com



(၅)

ဒွါဒသဂေ်-ကား သမာသ်နာမ်, ပုံ, ပုရိသာဒိ, အ-ကာရန္တ။

တသ္မိံ-ကား သဗ္ဗနာမ်, နပုံ, စိတ္တာဒိ, အ-ကာရန္တ။

တဒါယတ္တဝုတ္တိတာယ-ကား ဘာဝတဒ္ဓိတ်, ဣတ္ထိလိင်, ကညာဒိ, အာ-ကာရန္တ။

တိဋ္ဌတိ-ကား အာချာတ်, အလိင်, ဘူဝါဒိ, အာ-ကာရန္တ။

(၆)

(က) ဒွါဒသင်္ဂေ-ဖြင့် ပဋိစ္စသမုပ္ပါဒေ-အရ ၁၂-ပါးသော အင်္ဂါရှိသော ပဋိစ္စသမုပ္ပါဒ် တရားကို ယူ-သိစေသည်။

ပဋိစ္စသမုပ္ပါဒေ ကုသလဘာဝေါ-ဖြင့် ပဋိစ္စသမုပ္ပါဒကုသလတာ-၌ ကုသလတာဝယ် တာပစ္စည်း၏ ဘာဝတဒ္ဓိတ် အနက်၌သက်-၄င်း, ကုသလဿ ဘာဝေါ ကုသလတာ-ဟုပြု-၄င်း, ပဋိစ္စသမုပ္ပါဒေ ကုသလတာ ပဋိစ္စသမုပ္ပါဒကုသလတာဟု သတ္တမီ တပ္ပုရိသ်သမာသ်ဝစနတ္တပြု-၄င်း, (တနည်း) ပဋိစ္စသမုပ္ပါဒေ ကုသလော ပဋိစ္စသမုပ္ပါဒကုသလော။ ပဋိစ္စသမုပ္ပါဒကုသလဿ ဘာဝေါ ပဋိစ္စသမုပ္ပါဒကုသလတာ-ဟု ပြု-၄င်း သိစေသည်။

(ခ) ဌာနေ ကုသလတာ-ဖြင့် ဖော်ပြ။

တသ္မိံ တသ္မိံ-ဖြင့် ဌာနကုသလတာ-၌ ဌာန-သဒ္ဒါသည် အကြောင်းထိုထို၌ ပြန့်နှံ့သော ဝိဏ္ဏာ-ပုဒ်တည်းဟု သိစေသည်။

(ဂ)ဖြင့် ဌာနကုသလတာ-၌ ဌာန-ပုဒ်သည် ဣဿရိယ-အနက်ကိုမဟော၊ဟေတု(ကာရဏ) အနက်ဟော၏ဟု သိစေသည်။

(တနည်း) ဌာနကုသလတာ-၌ ဌာန-သဒ္ဒါသည်၊ ကာရဏ၏ ပရိယာယ်တည်းဟု သိစေသည်။

◆ ဌာနံ ဣဿရိယော'ကာသ-ဟေတူသု ဌိတိယမ္ပိစ။(ဓာန်။၈၄၆။)

◆ နိမိတ္တံ ကာရဏံ ဌာနံ၊ ပဒံ ဗီဇံ နိဗန္ဓနံ။(ဓာန်။၉၁။)

(ဃ) တသ္မိံ တိဋ္ဌတိ-ဖြင့် ဌာနံ-၌ ဌာ-ဓာတ် ၄င်း, ယု-ပစ္စည်း၏ အဓိကရဏသာဓန အနက်၌ သက်-၄င်း, တိဋ္ဌတိ ဧတ္ထာတိ ဌာနံ-ဟု ပြု-၄င်း-သိစေ။

ဖလံ-ဖြင့် တိဋ္ဌတိ-၏ ကတ္တားကား ဖလံ-ပင်တည်းဟု သိစေသည်။

တဒါယတ္တဝုတ္တိတာယ-ဖြင့် တိဋ္ဌတိ-၌ တည်၏ဟူသည် အကြောင်းနှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် တည်ခြင်းပင်တည်း-ဟု သိစေသည်။

( ၇ )

ပဋိစ္စသမုပ္ပါဒေ-၌-ပဋိစ္စ-ဝယ်- ပတိ-ကား အဘိမုခတ္ထ၊
ဣ-ဓာတ်ကား ဂတျတ္ထ၊
သမုပ္ပါဒ-၌ သံ-ကား သဟတ္ထ,သမတ္ထ၊
ဥ-ကား ဓာတွတ္ထာနုဝတ္တက။

◆ ပဋိမုခံ ဣတော ဂတော ပဋိစ္စောတိ ဝုစ္စတိ။ သွယံ သဟိတေယေဝ အညမညံ အဝိနိဗ္ဗောဂဝုတ္တိဓမ္မေ ဥပ္ပါဒေတီတိ သမုပ္ပါဒေါတိပိ ဝုတ္တော။ ဧဝမ္ပိ ပဋိစ္စောစ သော သမုပ္ပါဒေါ စာတိ ပဋိစ္စသမုပ္ပါဒေါ။(ဝိသုဒ္ဓိ။၂။၁၅၂။)

◆ ပဋိစ္စသဒ္ဒေ ပဋိသဒ္ဒေါ အဘိမုခတ္ထော၊ ဣစ္စ-သဒ္ဒေါ ဂမနတ္ထောတိ ဒဿေန္တော အာဟ။"ပဋိမုခံ ဣတော"တိ။ (ဝိသုဒ္ဓိ၊ဋီ၊၂။၂၃၄။)

http://www.dhammadownload.com



(ခ) တသ္မိံ တသ္မိံ–၌ တ–ကား ဌာနေ–ဟုအစွဲ တိုက်ရိုက်ပါရှိ–ပသိဒ္ဓဝိသယ။
(ဃ) တသ္မိံ–၌ တ–ကား ဆိုခဲ့ပြီး ကာရဏ–ကိုစွဲ–ပက္ကန္တဝိသယ။
တဒါယတ္တဝုတ္တိတာယ–၌ တ–ကား ဆိုခဲ့ပြီးကရဏ–ကိုစွဲ ပက္ကန္တဝိသယ။
(င) တသ္မာ–၌ တ–ကား တိဋ္ဌတိ ကြိယာကိုစွဲ–အနုဘူတဝိသယ။
(ဃ) ဟိ–ကား ဒဠှီကရဏဇောတက။(တနည်း) ကာရဏဇောတက။

(၈)

(ဂ) ဝုစ္စတိ–၌ ဝစဓာတ်အရ မြတ်စွာဘုရား၏ ဒေသနာဉာဏ်ကိုယူ။
(တနည်း) ရှင်သာရိပုတ္တရာ၏ ဒေသနာဉာဏ်ကိုယူ၍–ဒဿနတ္ထ–စသည်ထုတ်လေ။

(၉)

"ဌာနကုသလတာ နှင့် အဋ္ဌာနကုသလတာ"

စက္ခုပသာဒသည် စက္ခုဝိညာဏ်၏ အကြောင်းတည်း, သရက်စေ့သည် သရက်ပင်၏ အကြောင်းတည်း။ ဤသို့စသည်ဖြင့် အကြောင်းဟုတ်သည်၌သိသော မဟာကုသိုလ်ဉာဏသမ္ပယုတ်–၄–ခု၊ မဟာကြိယာဉာဏသမ္ပယုတ်–၄–ခု၊ အဘိညာဏ်ဒွေး–၌ရှိသော ပညာသည် ဌာနကုသလတာ မည်၏။

စက္ခုပသာဒသည် သောတဝိညာဏ်၏အကြောင်းမဟုတ်၊ သရက်စေ့သည် ပိန္နဲပင်၏အကြောင်းမဟုတ်၊ ဤသို့စသည်ဖြင့် အကြောင်းမဟုတ်သည်၌ သိစွမ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်–၄–ခု၊ အဘိညာဉ်ဒွေး၌ရှိသော ပညာသည် အဋ္ဌာနကုသလတာ မည်၏။ (ပြည်သျှ။၃၄၄။ ဋ။၄၂၄။)

(၁၀)

(က) ဒွါဒသင်္ဂေ ပဋိစ္စသမုပ္ပါဒေ+ ကုသလဘာဝေါ–၌–
ဒွါဒသင်္ဂေ ပဋိစ္စသမုပ္ပါဒေ–အရ အဝိဇ္ဇာစသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ–၁၂–ပါးသည်–
ကုသလဘာဝေါ–အရ ထိုပဋိစ္စသမုပ္ပါဒ်ကိုသိစွမ်းနိုင်သော မဟာကုသိုလ်, မဟာကြိယာဉာဏသံ(၈)ခု၊ အဘိညာဉ်ဒွေး, မဂ်စိတ်–၄–ခု၌ရှိသောပညာအား အာရမ္မဏ–ပြု။
ပြိုင်။ ။ အာရမ္မဏ, အဓိ, ဥပနိဿယ, ပုရေဇာတ, အတ္ထိ, အဝိဂတ (၆) ပစ္စည်း။
(ခ) တသ္မိံ တသ္မိံ ဌာနေ+ကုသလဘာဝေါ–၌–
တသ္မိံ တသ္မိံ ဌာနေ–အရ စက္ခုပသာဒစသောအကြောင်းပစ္စည်းတရားသည်–
ကုသလဘာဝေါ–အရ အကြောင်းဟုတ်သည်ကို သိစွမ်းနိုင်သော မဟာကုသိုလ်,မဟာကြိယာဉာဏသမ္ပယုတ်(၈)ခု,အဘိညာဉ် ဒွေး–၌ရှိသော ပညာပစ္စယုပ္ပန်တရား အာရမ္မဏ–ပြု။
ပြိုင်။ ။ အာ, ဓိ, ဥ, ပု, အတ္ထိ, အဝိဂတ (၆) ပစ္စည်း။
(ဂ) ဌာနန္တိ ကာရဏံ ဝုစ္စတိ–၌–
ဝုစ္စတိ–ဝယ် ဝစဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်–ဟူသောပစ္စည်းတရားသည်–
ဌာနန္တိ–ဟူသော အာကာရပုဒ်အရ ဌာနဟူသော ဝစီဘေဒသဒ္ဒပစ္စယုပ္ပန်တရားအား သဟ–ပြု။
ဌာနန္တိ–အရ ဌာနဟူသောနာမပညတ္တိသဒ္ဒါသည်–
ဝုစ္စတိ–၌ ဝစဓာတ်–အရ ဒေသနာညာဏ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု။

====================

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၅၉ )

(က) အပ္ပဋိသင်္ခါနေ အကမ္မနဋ္ဌေန ပဋိသင်္ခါနသင်္ခါတံ ဖလံ ပဋိသင်္ခါနဖလံ။

( ခ ) ဝီရိယသီသေန သတ္တဗောဇ္ဈင်္ဂေ ဘာဝေန္တဿ ဥပ္ပန္နံ ဖလံ ဘာဝနာဖလံ။

( ဂ ) ပစ္စနီကဓမ္မေ သမေတီတိ သမထော။

(ဃ) အနိစ္စာဒိဝသေန ဝိဝိဓေန အာကာရေန ပဿတီတိ ဝိပဿနာ။

( င ) သမထောဝ တံ အာကာရံ ဂဟေတွာ ပုန ပဝတ္တေတဗ္ဗဿ သမထဿ နိမိတ္တဝသေန သမထနိမိတ္တံ။

(စ) ပဂ္ဂါဟနိမိတ္တေပိ ဧသေဝ နယော။

ဌ။၉၅။ မူလဋီ။၅၇။ ယောဇနာ။၇၆။ ပြည်သျှ။၃၄၆။ ဘာသာဋီ။၃၇၉။ မင်းခင်းဂဏ္ဌိ။၃၂၈။

==================

## (၂)

## အပ္ပဋိသင်္ခါနေ ပုဒ်သို့ ဌပနာဘောဂါဒိပဋ္ဌက

ဆရာ-သည် အကမ္မနဋ္ဌေန-ဟူသော နိမိတ္တဝန္တအာဓာရကို ဆိုတော်မူ၏။ ထို-သော် နိမိတ္တဝန္တအာဓာရသည် နိမိတ္တအာဓာရနှင့် မကင်းကောင်းသည်မဟုတ်ပါလော့။ ထို့-ကြောင့် အကမ္မနဋ္ဌေန-ဟူသော နိမိတ္တဝန္တအာဓာရကိုသာ ဆရာမဆိုသင့်။ ယင်း၏နိမိတ္တအာဓာရကိုလည်း ပြဆိုသင့်သေး၏။ နိမိတ္တအာဓာရကား အဘယ်ပါနည်း။ ဤသို့-အပ္ပဋိသင်္ခါနေ-မိန့်။

အဓိပ္ပါယ်ကား။ ။အပ္ပဋိသင်္ခါနေသည် နိမိတ္တအာဓာရဖြစ်၏။

- ◆ အပ္ပဋိသင်္ခါနေ နိမိတ္တေ, ဝိသယေဝါ။ (မူလဋီ။၅၇။)
- ◆ အပ္ပဋိသင်္ခါနေတိပဒံ အကမ္မနဋ္ဌေနာတိပဒဿ နိမိတ္တအာဓာရော။ (ယောဇနာ။၇၆။)
- ◆ အပ္ပဋိသင်္ခါနေ-အသင့်အားဖြင့်မရှုတတ်သောမောဟကြောင့်။ (ဝါ)၌။ အကမ္မနဋ္ဌေန-မတုန်လှုပ်သည်၏အဖြစ်ဟူသောအနက်ကြောင့်။ (ဘာသာဋီ။၃၇၉။)

## (၃)

(စ)ဖြင့် ဂန္ထဂရုဒေါသ၊ ပုနရုတ္တိဒေါသ၊ အဗျာပိတဒေါသ-ပယ်သည်။

### (စ) ဧသေဝနယော-ထားရခြင်း

◆ "လုံးစုံအတ္ထ၊ တူညီမျှ၊ ဧသေဝနယောကို" ဟူသည်နှင့်အညီ ပဂ္ဂါဟနိမိတ္တံ-ဟူသော ဒုတိယပုဒ်၏ ဝစနတ္ထ, အဓိပ္ပါယတ္ထသည် သမထနိမိတ္တံ-ဟူသော ပထမပုဒ်၌ဆိုအပ်ပြီးသော ဝစနတ္ထ,အဓိပ္ပါယတ္ထနှင့် အလုံးစုံ တူ၏-ဟုပြလိုသောကြောင့် (စ)၌ ဧသေဝနယော-ထားသည်။

## (၄)

* ပဋိသင်္ခါတိ ဓာနာတီတိ ပဋိသင်္ခါနံ။ ဥာဏံ။ (ယောဇနာ)

✔ ပဋိ,သံ်ရေး+ခါဓာတ် ယုပစ္စည်းသည်၄င်း, အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏အကြောင်းဖြစ်သော အဖန်ဖန်ဆင်ခြင်းခြင်း သိမြင်ခြင်းကြိယာသည့်၄င်း ဈျ-နိ။

✔ အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏အကြောင်းဖြစ်သော အဖန်ဖန်ဆင်ခြင်ခြင်း သိမြင်ခြင်းကြိယာသည် ပ-နိ။

http://www.dhammadownload.com



"ဝစနတ္ထမှတ်ဖွယ်"

* ပဋိသန္ဓိနသာ ပဋိပက္ခံ အပ္ပဋိသန္ဓိနံ။ (မောဟ–ရ၏)
* ဘာဝေတိ ဝဍ္ဎေတီတိ ဘာဝနော။ (ပုဂ္ဂလော)
* ဘာဝနသ္သ ဘာဝေန္တဿ ဥပ္ပန္နံ ဖလံ ဘာဝနာဖလံ။
(ဗောဇ္ဈင် ၇–ပါးကိုပွါးစေသောပုဂ္ဂိုလ်၏+ဖြစ်သောကုသိုလ်စိတ္တုပ္ပါဒ်နှင့် ဌာန+ဌာနီစပ်။)
* ဗုဇ္ဈတီတိ ဗောဓိ။ (ဗုဓ+ဏ။ ယောဂါဝစရပုဂ္ဂိုလ်ရ၏)
* ဗုဇ္ဈတိ ဧတာယ ဓမ္မသာမဂ္ဂိယာတိ ဗောဓိ။ (သတိစသောတရားအပေါင်း)
* ဗောဓိဿ အင်္ဂါ ဗောဇ္ဈင်္ဂါ။
* ဗောဓိယာ အင်္ဂါ ဗောဇ္ဈင်္ဂါ။
ဗောဇ္ဈင်တရားတို့၏ တစ်ခုသည်–ဓာတ်သည် ပ–နီ။ (ဋ္ဌ။၂၆၂–၌ ဗောဇ္ဈင်္ဂပုဒ်အဖွင့်၌အကျယ်ရှု)

(၅)

အပ္ပဋိသန္ဓိနေ–ကား သမာသ်နာမ်, နပုံလိင်, ဝိဘတ်သာဒိ, အ–ကာရန္တ။
ဗောဓိ–ကား ကိတ်နာမ်, ဣတ္ထိလိင်, ရတ္တာဒိ, ဣ–ကာရန္တ။
(တနည်း) ကိတ်နာမ်, ပုံလိင်, ရတ္တာဒိ, ဣ–ကာရန္တ။

(၆)

(က) အကမ္မနေ့နေ–ဖြင့် ပဋိသန္ဓိနဖလံ–ဝယ် ဖလံ–၌ ဖလ–ဓာတ်သည် ဇိဝ, နိရူပ အနက်တို့ကိုမဟော, အကမ္မနအနက်ဟော–၄င်း, အပစ္စည်း ကတ္တုသာဓနအနက်၌သက်–၄င်း, ဖလတိ န ကမ္မတီတိ ဖလံ–ဟု ပြု–၄င်း သိစေသည်။

(တနည်း) အကမ္မနေ့နေ–ဖြင့် ပဋိသန္ဓိနဖလံ–၌ဖလ–သဒ္ဒါသည်အကမ္မနဓဝါစီ ရုဋ္ဌိအနိပ္ဖန္နပါဋိပဒိက ပုဒ်အဖြစ်ကို သိစေသည်။

အပ္ပဋိသန္ဓိနေ–ဖြင့် မတုန်မလှုပ်ဟူသည် မဆင်မခြင်မသိခြင်းဟူသောမောဟကြောင့် မတုန်မလှုပ်သည်၏အဖြစ်ကိုသိစေသည်။

ပဋိသန္ဓိနသန္ဓိတံ ဖလံ–ဖြင့် ပဋိသန္ဓိနဖလံ–ပုဒ်ကို သမ္ဘာဝနာကမ္မဓာရယ်သမာသ်ဝစနတ္ထပြု–သိစေ။

(ခ) ဘာဝေန္တဿ ဥပ္ပန္နံ ဖလံ–ဖြင့် ဘာဝနာဖလံ–၌ ဘာဝန–ဟူသောရှေ့ပုဒ်ဝယ် ဘူဓာတ်၏အဖြစ်ကို ၄င်း, ယုပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–၄င်း, ဘာဝေတိ ဝဍ္ဎေတီတိ ဘာဝနော–ဟု ပြု–၄င်း, ဘာဝနဿ (ဘာဝေန္တဿ) ဥပ္ပန္နံ ဖလံ ဘာဝနာဖလံ–ဟု ဥပ္ပန္န အလယ်ပုဒ်ကျေသော မဇ္ဈေလောပစတုတ္ထီ တပ္ပုရိသ်သမာသ်ဝစနတ္ထပြု–၄င်း, ဘာဝနဖလံ–ဟုဆိုလိုလျက် မဇ္ဈေဒီဃပြု၍ ဘာဝနာဖလံ–ဟုရုပ်ပြီးနေသည်ကို၄င်း သိစေသည်။

ဝီရိယသီသေန သတ္တဗောဇ္ဈင်္ဂေ–ဖြင့် ဘာဝေန္တဿ–၌ ပွါးစေ၏ဟူသည် ဝီရိယဟူသော အကြီးအမှူးဖြင့် (ဝါ) ဝီရိယကို အကြီးအမှူးပြု၍ ဗောဇ္ဈင် ၇–ပါးတို့ကို ပွါးစေ၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

ဝီရိယသီသေန သတ္တဗောဇ္ဈင်္ဂေ ဘာဝေန္တဿ–ဖြင့် ဘာဝနာဖလံ–၌ ဘာဝနဟူသော ရှေးပုဒ်အရ ဝီရိယဟူသောအကြီးအမှူးဖြင့် ဗောဇ္ဈင် ၇–ပါးတို့ကိုပွါးစေသော ပုဂ္ဂိုလ်ကိုယူရမည်ဟုသိစေ။

(ဂ) သမေတိ–ဖြင့်သမထော–၌ သမုဓာတ်–၄င်း၊ထပစ္စည်း ဟေတုကတ္တုသာဓနအနက်၌သက်–၄င်း, သမေတီတိ သမထော–ဟုပြု–၄င်း သိစေသည်။

http://www.dhammadownload.com



ပစ္စနီကဓမ္မေ-ဖြင့် ဘာဝတ္တ သိစေသည်။

(ဃ)ဖြင့် ဝိပဿနာ-၌ ဝိ,ဒိသတ်-၄င်း, ယုပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်-၄င်း, ဝိ-ဥပသာရ၏ ဝိဝိဓအနက်ဟော-၄င်း, ဝိ-အရ အခြင်းအရာ အာကာရကိုယူ၄င်း သိစေသည်။

အနိစ္စာဒိဝသေန-ဖြင့် အထူးထူးသောအခြင်းအရာဖြင့်ရှု၏-ဟူသည် အနိစ္စ-စသည်၏အစွမ်းဖြင့် ရှုခြင်း ပင်တည်းဟု သိစေသည်။

(င) သမထောဝ-ဖြင့် သမထနိမိတ္တံ-ပုဒ်ကို သမထောဝ နိမိတ္တံ သမထနိမိတ္တံ-ဟု အဝဓာရဏ ကမ္မဓာရယ်-ပြု သိစေသည်။

- ◆ သမာသ်ပုဒ်တွင်၊ တပုဒ်ကြဉ်၊ ဖွင့်လျှင်နည်းတူ အရတူ။

တံ အာကာရံ ။ပ။ နိမိတ္တဝသေန-ဖြင့် ရှေ့သမထသည် နောက်သမထ၏ အကြောင်းဖြစ်ပုံကို သိစေသည်။

(၇)

(စ) သေဝနယော-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထ စသည်-

- ✔ ရှေး (င)ဝါကျ၌ ဆိုအပ်ပြီးသည်နှင့်တူသော ပဂ္ဂဟော ဧဝ နိမိတ္တံ-ဟူသော ကမ္မဓာရယ်အနက် သည် ဂဟေတဗ္ဗတ္ထ။
- ✔ ပဂ္ဂဟဿ နိမိတ္တံ အစရှိသော အတ္ထနယသည် နိဝတ္တေတဗ္ဗတ္ထ။
- ✔ ဤဆိုအပ်ပြီးသော ကမ္မဓာရယ်နည်းသည် ပဂ္ဂဟနိမိတ္တံ-၌သာ မဟုတ်၊ သမထနိမိတ္တံ-၌လည်း ထို့အတူပင် ခွင့်ပြုအပ်သောအနက်သည် အနုညာတတ္ထ။

(၈)

ဘာဝနာဗလံ-အရ ကုသိုလ်စိတ်စေဝိသ၊ စေတသိက်အဋ္ဌတ္တိံသ-ကိုယူ။

ပဋိသင်္ခါနအရ ပဋိသင်္ခါနဗလံ-အရ ဉာဏ်ကိုယူ၍-

- ✔ ထိုဉာဏ်သည် ဒဿနတ္ထ။
- ✔ တိဟိတ်ပဋိသန္ဓေသည် ဒီပကတ္ထ။
- ✔ ဉာဏသမ္ပယုတ်စိတ်သည် ပကာသနတ္ထ။
- ✔ အာရုံသည် ဝိဘာဝတ္ထ။
- ✔ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(၉)

ပစ္စနီကဓမ္မေ သမေတီတိ သမထော။ (သမ္မာသမာဓိရ၏)

ဝိဝိဓေန အာကာရေန ပဿတီတိ ဝိပဿနာ။ (ပညာရ၏)

သမထော ဧဝ နိမိတ္တံ သမထနိမိတ္တံ။ (သမ္မာသမာဓိရ၏)

သမ္ပယုတ္တဓမ္မေ ပဂ္ဂဏှာတီတိ ပဂ္ဂါဟော။ (သမ္မာဝါယာမရ၏)

ပဂ္ဂါဟော ဧဝ နိမိတ္တံ ပဂ္ဂါဟနိမိတ္တံ။ (သမ္မာဝါယာမပင်ရ၏)

လက္ခဏာဒိစတုက္ကအသီးသီးထုတ်လေ။

http://www.dhammadownload.com



(၁၀)

(င) ဂဟေတွာ ပုန ပဝတ္တေတဗ္ဗဿ–၌

ဂဟေတွာ–အရ သမာဓိပြဋ္ဌာန်းသောစိတ္တုပ္ပါဒ် ၁–ပါး၊ ၂–ပါး၊ ၃–ပါး နာမက္ခန္ဓာပစ္စည်းတရားသည်– ပဝတ္တေတဗ္ဗဿ–၌ ပဝတ္တ–အရ သမာဓိပြဋ္ဌာန်းသောစိတ္တုပ္ပါဒ် ၃–ပါး၊ ၂–ပါး၊ ၁–ပါး နာမက္ခန္ဓာ အား သဟဇာတ–ပြု။

=======================

## ဝါကျဥယျာဉ် ( ၆၀ )

(က) သောရစ္စမေဝ သီလဿ သမ္ပာဒနတော သီလပရိပူရဏတော သီလဿ သမ္ပဒါတိ သီလသမ္ပဒါ။

( ခ ) ဒိဋ္ဌိပါရိပူရိဘူတံ ဉာဏံ ဒိဋ္ဌိယာ သမ္ပဒါတိ ဒိဋ္ဌိသမ္ပဒါ။

( ဂ ) ဝိသုဒ္ဓိဘာဝံ သမ္ပတ္တာ သီလသင်္ခါတာ သီလဿ ဝိသုဒ္ဓိ သီလဝိသုဒ္ဓိ။

(ဃ) နိဗ္ဗာနသင်္ခါတံ ဝိသုဒ္ဓိံ ပါပေတုံ သမတ္ထာ ဒဿနသင်္ခါတာ ဒိဋ္ဌိယာ ဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ။

( င ) ဒိဋ္ဌိဝိသုဒ္ဓိ ခေါ ပန ယထာဒိဋ္ဌိဿ စ ပဓာနန္တိ ကမ္မဿကတဉာဏာဒိသင်္ခါတာ ဒိဋ္ဌိဝိသုဒ္ဓိ စေဝ ယထာဒိဋ္ဌိဿ စ အနုရူပဒိဋ္ဌိဿ ကလျာဏဒိဋ္ဌိဿ တံသမ္ပယုတ္တမေဝ ပဓာနံ။

ဋ္ဌ။၉၆။ မူလဋီ။၅၇။ ယောဇနာ။၇၆။ ပြည်သျှ။၃၄၇။ ဘာသာဋီ။၃၈၀။ ကျော်စံဂဏ္ဌိ။၂၂၃။ မင်းခင်းဂဏ္ဌိ။၃၂၉။

===================

(၁)

(က) သောရစ္စမေဝ–တင့်တယ်သောသုစရိုက်၌မွေ့လျော်သောသူ၏အဖြစ်ဟူသောသီလသည်ပင်လျှင်။ [ပုနပ္ပုနံ–အဖန်ဖန်။ အာသေဝိယမာနံ–မှီဝဲအပ်သည်ရှိသော်။ (ထည့်) ] သီလဿ–နောက်ဖြစ်သောလောကီ, လောကုတ္တရာသီလကို။ သမ္ပါဒနတော–ပြည့်စုံစေတတ်သည်၏အဖြစ်ကြောင့်။ သီလဿ–ကို။ ပရိပူရဏတော– ထက်ဝန်းကျင်ပြည့်စုံတတ်သည်၏အဖြစ်ကြောင့်။ သီလဿ–လောကီလောကုတ္တရာအကျိုးသီလကို။ သမ္ပဒါ ပြည့်စုံစေတတ်သောအကြောင်းသီလတည်း။ ဣတိ–ကြောင့်။ သီလသမ္ပဒါ–မည်၏။ (တနည်း) သီလဿ– အပေါင်းဖြစ်သောအကြောင်းသီလ, အကျိုးသီလ၏။ သမ္ပဒါ–ပြည့်စုံစေတတ်သော၊ (ဝါ) ပြည့်စုံခြင်းဖြစ်သော အစိတ်အစိတ်သီလတည်း။ ဣတိ–ကြောင့်။ သီလသမ္ပဒါ–မည်၏။ (ပြည်သျှ။၃၄၈။)

(၂)

(က) သောရစ္စမေဝ–သို့ ပညတ္တိပုစ္ဆာထွက်

ဆရာ–သည် (က)ဝါကျ သီလဿ သမ္ပဒါဖြင့် သီလသမ္ပဒါကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုမည်ဟု ပြဆို၏။ ထိုသို့–သော် သီလသမ္ပဒါအရ သီလ၏ ပြည့်စုံခြင်းမျှကိုယူအပ်၏ ဟူသောအနက် ရောက်ရာ၏။ စင်–ကား ထိုအနက်သည်မရောက်သင့်။ ထိုသို့–ကြောင့် သီလသမ္ပဒါ–အရ အဘိဓေယျတ္ထကို ပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့် နေချေသော်–အဗျာပိတ, အပရိပုဏ္ဏ–၏။ သီလသမ္ပဒါ–အရ အဘိဓေယျတ္ထ–ကား အဘယ်ပါနည်း။ ဤသို့–(က)သောရစ္စမေဝ–မိန့်။

အဓိပ္ပါယ်ကား။ ။သီလသမ္ပဒါအရ တင့်တယ်သောသုစရိုက်၌ မွေ့လျော်သောသူ၏ အဖြစ်ဟူသော သောရစ္စသီလကိုပင်ယူရမည်–ဟူလို။

http://www.dhammadownload.com



(၃)

ဝါကျအားလုံး ပကၡန္တရချည်းဖြစ်သည်။ အဗျာပိတ, အပရိပုဏ္ဏဒေါသ–တို့ကို ပယ်သည်။

(၄)

* သမ္မဒ္ဒတိ ဧတာယာတိ သမ္မဒါ။ (သံ+ပဒ+အ။ ပြည့်စုံခြင်း။)

* သီလဿ သမ္မဒါ သီလသမ္မဒါ။

(သီလ–အရ လောကီလောကုတ္တရာသီလ၏+ သမ္မဒါ–အရ ပြည့်စုံစေတတ်သော အကြောင်းဖြစ်သော သီလနှင့် (ဝါ) ပြည့်စုံကြောင်းဖြစ်သောသီလနှင့် အကျိုး+အကြောင်းစပ်။)

(တနည်း:)သီလ–အရ အပေါင်းဖြစ်သောအကြောင်းသီလ, အကျိုးသီလ၏+ သမ္မဒါ–အရ ပြည့်စုံစေတတ်သော (ဝါ) ပြည့်စုံခြင်းဖြစ်သော အစိတ်အစိတ်သောသီလနှင့် အကျိုး+အကြောင်းစပ်။

(၁–နံပါတ်။ ပြည်နိဿယအနက်ပြန်ကြည့်။)

* သူရတဿ+ဘာဝေါ သောရစ္စံ။ (ဠ။၉၅။)

(သူရတ–ပုဒ်+ဏျပစ္စည်းသည်၄င်း, ကောင်းသောအမှု၌မွေ့လျော်သောသူ၏+ ဖြစ်ကြောင်းဖြစ်ရာ မဟာကုသိုလ်, မဟာကြိယာ လောကုတ္တရာစိတ္တုပ္ပါဒ်နှင့် ဂုဏေး+ဂုဏ်စပ်။)

"ဝစနတ္ထမှတ်ဖွယ်"

* ကမ္မံ+သကံ ဧတေသံ သတ္တာနန္တိ ကမ္မဿကာ။

* ကမ္မဿကာနံ+ ဘာဝေါ ကမ္မဿကတာ။

* ကမ္မဿကတာဧဝ+ဉာဏံ ကမ္မဿကတာဉာဏံ။

* ကမ္မဿကတာဉာဏံ+အာဒိ ယေသံ တာနိ ကမ္မဿကတာဉာဏာဒီနိ။

♦ အာဒိသဒ္ဒေန သစ္စာနုလောမိကသင်္ခါတံ ဝိပဿနာဉာဏံ မဂ္ဂဖလဉာဏံ သင်္ဂဏှာတိ။(ပြည်သျှ။၃၅၀။ ယောဇနာ။၉၅။)

* အနုရူပါ+ဒိဋ္ဌိ ယဿ ပုဂ္ဂလဿာတိ ယထာဒိဋ္ဌိ။

♦ အနုရူပဝါစကော ယထာသဒ္ဒေါ။

* အနုရူပါ+ဒိဋ္ဌိ အဿာတိ အနုရူပဒိဋ္ဌိ။ (ယောဇနာ။၇၆။)

(၅)

(က) သောရစ္စံ–ကား ဘာဝတဒ္ဓိတ်, နပုံလိင်, စိတ္တာဒိ, အကာရန္တ။

(ဂ) ဝိသုဒ္ဓိဘာဝံ–ကား သမာသ်နာမ်, ပုံ, ပုရိသာဒိ, အကာရန္တ။

သမ္မတ္တာ–ကား ကိတ်နာမ်, ဣတ္ထိလိင်, ကညာဒိ, အာကာရန္တ။

သီလသင်္ခါတာ–ကား သမာသ်နာမ်, ဣတ္ထိလိင်, ကညာဒိ, အာကာရန္တ။

သီလဿ–ကား ကိတ်နာမ်, နပုံ, စိတ္တာဒိ, အကာရန္တ။

ဝိသုဒ္ဓိ–ကား ကိတ်နာမ်, ဣတ္ထိလိင်, ရတ္တာဒိ, ဣကာရန္တ။

(၆)

(က) သောရစ္စမေဝ–ဖြင့် သီလသမ္မဒါ–အရ သီလ၏ပြည့်စုံခြင်းမျှကိုမယူရ၊ ကောင်းသောအမှု၌ မွေ့လျော်သောသူ၏ အဖြစ်ဟူသော သောရစ္စသီလကို ယူရမည်ဟုသိစေသည်။

http://www.dhammadownload.com



သီလဿ သမ္မဒါ–ဖြင့် သီလသမ္မဒါ–ကို ကမ္မတ္တဆဋ္ဌီတပ္ပုရိသ်ပြု–သိစေသည်။

သီလဿ သမ္မဒါနတော–ဖြင့် သီလသမ္မဒါ–၌ သမ္မဒါ–ဝယ် သံပုဗ္ဗ–ပဒ–ဓာတ်–၄င်း, အ–ပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌ (တနည်း)ကရဏသာဓနအနက်သက်–၄င်း,သမ္မါဒေတိတိ သမ္မဒါ (တနည်း)သမ္မဒ္ဓတိ တေနာတိ သမ္မဒါ–ဟုပြု–၄င်း, သီလဿ သမ္မဒါ သီလသမ္မဒါ–ဟုပြု–၄င်း, နောက်ဖြစ်သော လောကီ, လောကုတ္တရာသီလကို ပြည့်စုံစေတတ်သည်၏အဖြစ်ကြောင့် သီလသမ္မဒါ မည်သည်၏အဖြစ်ကို၄င်း သိစေသည်။

◆ ´ဟေတုကတ္တုသာဓ်၊ရလဒ်က၊ကရဏသာဓ်–ရှုမြဲမှတ်–ဟူသည်နှင့်အညီ သမ္မဒါကိုကရဏသာဓ်ကြံ၏။ (ဘာသာဋီကာ။၂။ ၃၈၁။)

သီလပရိပူရဏတော–ဖြင့် သီလဿ သမ္မာဒနတော–၌ သီလကို ပြည့်စုံစေ၏ဟူသည် သီလ၏ထက်ဝန်းကျင် ပြည့်စုံခြင်းပင်တည်းဟုသိစေသည်။

(ခ) ဒိဋ္ဌိယာ သမ္မဒါ–ဖြင့် ကမ္မတ္တဆဋ္ဌီပြု–သိစေသည်။

ဒိဋ္ဌိပါရိပူရိဘူတံ ဉာဏံ–ဖြင့် ဒိဋ္ဌိသမ္မဒါ–အရ အယူပြည့်စုံခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော သမ္မာဒိဋ္ဌိဉာဏ်ကိုယူရမည်ဟု သိစေသည်။

(ဂ) သီလဿ ဝိသုဒ္ဓိ–ဖြင့် ဆဋ္ဌီတပ္ပုရိသ်ပြု–သိစေသည်။

ဝိသုဒ္ဓိဘာဝံ သမ္ပတ္တာ သီလသဓ်ါတာ–ဖြင့် သီလဝိသုဒ္ဓိ–အရ (သီလဿ ဝိသုဒ္ဓိ–ဟု သမ္ဗန်, သမ္ဗန္ဓီ အားဖြင့်ဆိုသော်လည်း) သီလ၏ အထူးသဖြင့် စင်ကြယ်ခြင်းကြိယာမျှကိုသာ မကောက်ရ၊ အထူးသဖြင့် စင်ကြယ်သည်၏အဖြစ်သို့ရောက်သော လောကုတ္တရာ သီလကို ယူရမည်ဟု သိစေသည်။ (ပြည်သျှ။)

(ဃ) ဒိဋ္ဌိယာ ဝိသုဒ္ဓိ–ဖြင့် ဆဋ္ဌီတပ္ပုရိသ်–ပြု–ဟု သိစေသည်။

နိဗ္ဗာနသသဓ်ါတံ။ပ။ ဒဿနသဓ်ါတာ ဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ–အရ အယူ၏စင်ကြယ်ခြင်းကြိယာမျှကိုသာမယူရ၊ နိဗ္ဗာန်–ဟုဆိုအပ်သော အထူးသဖြင့် စင်ကြယ် ရာသို့ ရောက်စေခြင်းငှါစွမ်းနိုင်သော ဉာဏ်အမြင်ဟုဆိုအပ်သော ကမ္မသကတဉာဏ်, သစ္စာနုလောမိက–ဟုဆိုအပ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ယူရမည်ဟု သိစေသည်။ (ပြည်သျှ။)

(င)ကမ္မသကတညာဏာဒိသဓ်ါတာ–ဖြင့် ဒိဋ္ဌိဝိသုဒ္ဓိခေါ ပန–၌ ဒိဋ္ဌိဝိသုဒ္ဓိ–အရ ကမ္မသကတဉာဏ် အစရှိသော ဉာဏ်လေးပါးကို ယူရမည်ဟု သိစေသည်။

အနုရူပဒိဋ္ဌိဿ–ဖြင့် ယထာဒိဋ္ဌိဿ–၌ ယထာ သဒ္ဒါသည် ဥပမာ, ဝိစ္ဆာစသည်မဟုတ်၊ အနုရူပအနက် ဟောသည်ကို၄င်း။ (နိပါတလိင်္ဂတ္ထ) ယထာ သဒ္ဒါ အနုရူပ အနက်ဟောသောကြောင့် ယာယာ+ဒိဋ္ဌိ ယထာဒိဋ္ဌိ စသည်မပြုအပ်၊ အနုရူပါ ဒိဋ္ဌိ ယဿာတိ ယထာဒိဋ္ဌိ–ဟုဗဟုဗ္ဗိဟိသမာသ်ဝစနတ္တပြု–၄င်း, ယထာဒိဋ္ဌိ–အရ ဝီရိယအားလျော်ကပ်သော ဉာဏ်ရှိသောပုဂ္ဂိုလ်ကိုယူရမည်ကို၄င်း–သိစေသည်။

ကလျာဏဒိဋ္ဌိဿ–ဖြင့် ယထာဒိဋ္ဌိဿ အနုရူပဒိဋ္ဌိဿ–၌ ဝီရိယအား လျော်ကပ်သော ဉာဏ်(ဒိဋ္ဌိ)ဟူသည်လည်း ကမ္မသကတဉာဏ် အစရှိသောသမ္မာဒိဋ္ဌိပင်တည်း–ဟူသောအဓိပ္ပာယ်ကိုသိစေသည်။ (ဘာသာဋီ။၃၈၂။)

(တနည်း) ကလျာဏဒိဋ္ဌိဿ–ဖြင့် ဝီရိယ အားလျော်သော ဉာဏ်ရှိသောပုဂ္ဂိုလ်ဟူသည် ကောင်းသော အယူရှိသော (ဝါ) ဉာဏ်အမြင်ရှိသောပုဂ္ဂိုလ်ပင်တည်းဟု သိစေသည်။

တံသမ္မယုတ္တမေဝ–ဖြင့် ယထာဒိဋ္ဌိဿစ ပဓာနံ–၌ ပဓာနံ–အရ ထိုကမ္မသကတဉာဏ်–စသော ဉာဏ် လေးပါးနှင့်ယှဉ်သော အားထုတ်ကြောင်းဖြစ်သော (မဟာကုသိုလ်,မဟာကြိယာဉာဏသမ္မယုတ်, လောကုတ္တရာ စိတ်ရှစ်ခု၌ရှိသော) ဝီရိယကိုယူရမည်ဟု သိစေသည်။

http://www.dhammadownload.com



(၇)

(က) သောရစ္စမေဝ-၌ ဓဝ-၏ဂဟေတဗ္ဗတ္ထ-စသည်-

✔ သောရစ္စသီလသည်- ဂဟေတဗ္ဗတ္ထ။

✔ သမ္ပဒ္ဓနကြိယာသည်- နိဝတ္တေတဗ္ဗတ္ထ။

(င) တံသမ္ပယုတ္တမေဝ-၌ ဓဝ-၏ ဂဟေတဗ္ဗတ္ထ-စသည်-

✔ ဒိဋ္ဌိသမ္ပယုတ္တသည်- ဂဟေတဗ္ဗတ္ထ။

✔ ဒိဋ္ဌိဝိပ္ပယုတ္တသည်- နိဝတ္တေတဗ္ဗတ္ထ။

◆ တံသမ္ပယုတ္တမေဝါတိ ဒိဋ္ဌိသမ္ပယုတ္တမေဝ။ ဧဝသဒ္ဒေါ န ဒိဋ္ဌိဝိပ္ပယုတ္တံ ဝိရိယန္တိ ဥာပေတိ။ (ယောဇနာ။ ၇၆)

(၈)

သီလဝိသုဒ္ဓိ-အရ လောကုတ္တရာသီလကိုယူ၍-

✔ ထို-သည် ဒဿနတ္ထ။

✔ ပါရမီဉာဏ်, စတုစက္ကသမ္ပတ္တိ, ယောနိသောမနသိကာရ ဂေါတြဘူ, ဝေါဒါန်တို့သည် ဒီပကတ္ထ။

✔ ပစ္စဝေက္ခဏာဉာဏ်သည် ပကာသနတ္ထ။

✔ သမ္မာပဋိပတ္တိ အဘိဉာဏ်သမာပတ်သည် ဝိဘာဝတ္ထ။

✔ ဒိဋ္ဌဓမ္မသုခဝိဟာရ-နိဗ္ဗာန်သည် ဝိဘာဝတ္ထ။

(၉)

ဒိဋ္ဌိသမ္ပဒါ-၌-ဒိဋ္ဌိ-အရ သမ္မာဒိဋ္ဌိဉာဏ်ကိုယူ၍ လက္ခဏာဒိစတုက္ကထုတ်လေ။

(၁၀)

(ဃ) နိဗ္ဗာနသခ်ါတံ ဝိသုဒ္ဓိံ+ ပါပေတုံ-၌-

ဝိသုဒ္ဓိ-အရ နိဗ္ဗာန် ပစ္စည်းတရားသည်-

ပါပေတုံ-၌ပ,အပ ဓာတ် အရ ကမ္မသကတာဉာဏ်စသော ဉာဏ်လေးပါးအား အာရမ္မဏ-ပြု။

ပြိုင်။ ။ အာ, ဓိ, ဥ (၃) ပစ္စည်း။

=======================

## ဝါကျဥယျာဉ် ( ၆၁ )

(က) သံဝေဂေါတိ ဇာတိအာဒီနိ ပဋိစ္စ ဥပ္ပန္နဘယသခ်ါတံ သံဝိဇ္ဇနံ။

(ခ) သံဝေဇနိယဋ္ဌာနန္တိ သံဝေဂဇနကံ ဇာတိအာဒိကာရဏံ။

(ဂ) သံဝိဂ္ဂဿ စ ယောနိသောပဓာနန္တိ ဧဝံ သံဝေဂဇာတဿ ဥပါယပဓာနံ။

(ဃ) အသန္တုဋ္ဌိတာ စ ကုသလေသု ဓမ္မေသူတိ ကုသလဓမ္မပူရဏေ အသန္တုဋ္ဌိဘာဝေါ။

(င) အပ္ပဋိဝါနိတာ စ ပဓာနသ္မိန္တိ အရဟတ္တံ အပတွာ ပဓာနသ္မိံ အနိဝတ္တနတာ အနောသက္ကနတာ။

(စ) ဝိဇာနနတော ဝိဇ္ဇာ။ ဝိမုစ္စနတော ဝိမုတ္တိ။

(ဆ) ခယေ ဉာဏန္တိ ကိလေသက္ခယကရေ အရိယမဂ္ဂေ ဉာဏံ။

ဠ။၉၆။ မူလဋီ။၅၇။ ယောဇနာ။၇၇။ ပြည်သျ။၃၅၀။ ဘာသာဋီကာ။၃၈၂။ မင်းခင်းဂဏ္ဍိ။၃၂၉။

=======================

http://www.dhammadownload.com



(၁)

(က) သံဝေဂေါတိ–ကား။ ဇာတိအာဒိနိ–ဇာတိဇရာအစရှိသော ရှစ်ပါးသော သံဝေဂဝတ္ထုတို့ကို။ ပဋိစ္စ–၍။ (ပ) သံဝိဇ္ဇနံ–ကြောက်လန့်ထိတ်လန့်ခြင်း။ (ပြည်သျှ)
(တနည်း) သံဝိဇ္ဇနံ–ထိတ်လန့်ကြောင်း သဟောတ္တပ္ပဉာဏ်တည်း။(ဝါ)ထိတ်လန့်ကြောင်း ဩတ္တပ္ပတည်း။ (ဘာသာဋီကာ)

(ခ)ဇာတိအာဒိကာရဏံ–ဇာတိ,ဇရာ–အစရှိသောရှစ်ပါးသော အကြောင်း,ရှစ်ပါးသော သံဝေဂဝတ္ထုတို့တည်း။

(စ) ဝိဇာနနတော–သိတတ်သည်၏အဖြစ်ကြောင့် (ဝါ)သိခြင်းသဘောကြောင့်၊ ဝိဇ္ဇာ–မည်၏။ ဝိမုစ္စနတော–အာရမ္မဏာဓိပတိဖြစ်သော နိဗ္ဗာန်ဟူသောအာရုံသို့ အလွန်မွေလျော်သော အားဖြင့် ရှုရှားခြင်း ကင်းသည်ဖြစ်၍ လွတ်အပ်သောစိတ်ရှိသည်၏အဖြစ်ကြောင့် (ဝါ)ကိလေသာတို့မှ၎င်း, အလုံးစုံသော သင်္ခါရတို့မှ၎င်း, လွတ်သည့်၏အဖြစ်ကြောင့်။ ဝိမုတ္တိ–မည်၏။

မှတ်ဖွယ်။ ။ ကေသေသနည်း, သာမညနိဒ္ဒေသနည်းအားဖြင့် အရဟတ္တဖိုလ်,နိဗ္ဗာန်ဟု ဆိုအပ်သော နှစ်ပါးသောဝိမုတ္တိတို့ကို ဝိမုတ္တိသဒ္ဒါဖြင့်ဆိုအပ်၏။ ဝိဇ္ဇာ–ဟူသော ပထမပုဒ်၏အရကား ပုဗ္ဗေနိဝါသဉာဏ်, စုတူပပါတဉာဏ်, အာသဝက္ခယဉာဏ်ရ၏။ ဝိမုတ္တိ–ဟူသော ဒုတိယပုဒ်အရကား–အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်, နိဗ္ဗာန် ရ၏။ (ပြည်သျှ)
သုတ္တန္တိကမာတိကာအရကောက်၌–ကား "ဝိမုတ္တိ–အရ မဟဂ္ဂုတ်ကုသိုလ်ကိုး,ခု၊ မဟဂ္ဂုတ်ကြိယာ ကိုး,ခု၊ စေတောဝိမုတ္တိ သ၊ ပဉ္စတ္တိ'သ၊ နိဗ္ဗာန်ရ၏"ဟု ကောက်ပြသည်။
ယောဇနာ–၌ကား" အာရမ္မဏေ ဝိမုစ္စတိ အဓိမုစ္စတီတိ ဝိမုတ္တိ။ အဋ္ဌသမာပတ္တိယော။ ကိလေသေဟိ, သဗ္ဗသင်္ခါရေဟိစ ဝိမုစ္စတီတိ ဝိမုတ္တိ။ နိဗ္ဗာနံ။ ဝိမုတ္တိစ ဝိမုတ္တိစ ဝိမုတ္တိ။ ကေသေသော"–ဟူ၍ ဝစနတ္ထနှင့် အဘိဓေယျတ္ထကိုပြသည်။

(၂)

(က)ပါပနာဒိပဋ္ဌက

ဆရာ–မြတ်စွာဘုရားသည် (သို့မဟုတ်) သာရိပုတ္တရာမထေရ်သည် သံဝေဂေါစ သံဝေဇနိယေသု ဌာနေသု–ဟု ဟောတော်မူ၏။ထို–သော် သံဝေဂ–အရ ကြောက်ထိတ်လန့်ခြင်း စိတ္တုပ္ပါဒသဒေါသကို လည်းယူအပ်၏–ဟူသောအနက်သည် ရောက်ရာ၏။စင်–ကား ထိုအနက်သည် မရောက်သင့်။ ထိုသို့–ကြောင့် ဤ၌ သံဝေဂ–အရ လိုအပ်သော အဘိဓေယျတ္ထကိုလည်း တိကျစွာ ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော်–အတိဗျာပိတဒေါသ–၏။ ဤ၌ သံဝေဂ အရ အဘာယ်ကိုယူရပါမည်နည်း။ ဤသို့–(က)မိန့်။

အဓိပ္ပါယ်–(၆)နံပါတ် အာဘော်ရှု၍ဖြေ။

◆ သံဝေဂေါတိ သဟောတ္တပ္ပံ ဉာဏံ, ဩတ္တပ္ပမေဝ ဝါ။ (မူလဋီကာ) ပြည်သျှ။၃၅၁။

(၃)

ဝါကျအားလုံး ပက္ခန္တရချည်းသာ။ အဗျာပိတ, အပရိပုဏ္ဏဒေါသ–တို့ကိုပယ်သည်။

( ၄ )

(ခ) သံဝေဂံ+ဇနေတီတိ သံဝေဂဇနကံ။ (သံဝေဂ+ဇန+ဏွု။)
(ဂ) သံဝိဇ္ဇတီတိ သံဝိဂ္ဂေါ။ (တဿ) (ဇာတိ ဇရာ မရဏာတို့မှ ထိတ်လန့်သူ။)
သံဝေဂေါ ဇာတော အဿာတိ သံဝေဂဇာတော။

http://www.dhammadownload.com



(ယ) သမတ္တံ တုသာနံ တိတ္တိ သန္တုဋ္ဌိ။ (သံ+တုသ+တိ)

* နတ္ထိ သန္တုဋ္ဌိ ဧတဿာတိ အသန္တုဋ္ဌိ။

(ရောင့်ရဲတင်းတိမ်မှုမရှိခြင်း၏+ပုဂ္ဂိုလ်ဒြဗ်နှင့် ဂုဏော+ဂုဏီစပ်။)

* အသန္တုဋ္ဌိဿ ဘာဝေါ အသန္တုဋ္ဌိတာ။

(ကုသိုလ်ဓမ္မကို ပြည့်ခြင်း၌ မရောင့်ရဲမတင်းတိမ်သောပုဂ္ဂိုလ်၏ + ဖြစ်ကြောင်းဖြစ်ရာ ကုသိုလ်စိတ္တုပ္ပါဒ်နှင့် ဂုဏော+ဂုဏီစပ်။)

* အပ္ပဋိဝါနိနော+ဘာဝေါ အပ္ပဋိဝါနိတာ။

(မဆုတ်နစ်သောပုဂ္ဂိုလ်၏+ဖြစ်ကြောင်းဖြစ်ရာဝီရိယနှင့် ဂုဏော+ဂုဏီစပ်။)

* နတ္ထိ နိဝတ္တနံ ဧတဿာတိ အနိဝတ္တနော။ (ပုဂ္ဂိုလ်)

* အနိဝတ္တနဿ+ဘာဝေါ အနိဝတ္တနတာ။

(တနည်း:) န နိဝတ္တတီတိ အနိဝတ္တနော။ (ပုဂ္ဂိုလ်)

* တဿ ဘာဝေါ အနိဝတ္တနတာ။ (ပုဂ္ဂိုလ်)

(ရ) ဝိဒတိ ဇာနာတီတိ ဝိဇ္ဇာ။ (ဝိဒ+ဏျ။ ဝိဇ္ဇာ–၃–ပါးရ၏။)

(လ) ပဋိ ပုန သံဒဟနံ ပဋိသန္ဓိ။ (ပဋိ–သံ–ဓာ+ဏ္ဍ။)

* ပဋိသန္ဓိယာ ဝသော ပဋိသန္ဓိဝသော။

* ဥပ္ပဇ္ဇတိ ဧတေနာတိ ဥပ္ပါဒေါ။

* န+ဥပ္ပါဒေါ အနုပ္ပါဒေါ။

* အနုပ္ပါဒေါ ဟုတွာ ဘူတံ အနုပ္ပါဒဘူတံ။ (အရိယဖလ်)

* သော သော မဂ္ဂေါ တံတံမဂ္ဂေါ။

* တံတံ မဂ္ဂေန +ဝဇ္ဈာ တံတံမဂ္ဂဝဇ္ဈာ။

* တံတံ မဂ္ဂဝဇ္ဈာ ဧဝ+ကိလေသာ တံတံမဂ္ဂဝဇ္ဈကိလေသာ။

* အနုပ္ပဇ္ဇနံ အနုပ္ပါဒံ ကရောတီတိ အနုပ္ပါဒေါ။ မဂ္ဂေါ။

* အနုပ္ပါဒဿ ပရိယောသာနံ အနုပ္ပါဒပရိယောသာနံ။

(ဤ၀စနတ္ထအားလုံး–ယောဇနာ။၇၇–၌လာ၏။)

(၅)

သံဝေဂဇာတဿ–ကား ဗဟုဗ္ဗီဟိသမာသ်ပုဒ်, ပုံ, ပုရိသာဒိ, အ–ကာရန္တ။
အသန္တုဋ္ဌိတာ–ကား ဘာဝတဒ္ဓိတ်, ဣတ္ထိလိင်, ကညာဒိ, အာ–ကာရန္တ။
အရဟတ္တံ–ကား ဘာဝတဒ္ဓိတ်, နပုံလိင်, စိတ္တာဒိ, အ–ကာရန္တ။
အပ္ပဋိဝါနိတာ–၌ ပဋိဝါန–ကား ကိတ်နာမ်, နပုံ, စိတ္တာဒိ, အ–ကာရန္တ။
ပဋိဝါနီ–ကား အဿတ္ထိတဒ္ဓိတ်, ပုံလိင်, ရတ္တာဒိ, ဤ–ကာရန္တ။

(၆)

(က)သံဝိဇ္ဇနံ–ဖြင့် သံဝေဂေါ–၌ သံရှေး+ ဝိဇိ–ဓာတ်–၄င်း, ဏ–ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်–၄င်း၊ သံဝိဇ္ဇနံ သံဝေဂေါ–ဟု–ပြု–၄င်း သိစေသည်။ (ပြည်)

(တနည်း:) သံဝိဇ္ဇနံ–ဖြင့် သံဝေဂေါ–၌ သံ–ဝိဇိ–ဓာတ်–၄င်း, ဏ–ပစ္စည်း၏ ကရဏသာဓန အနက်၌ သက်–၄င်း, သံဝိဇ္ဇတိ ဧတေနာတိ သံဝေဂေါ–ဟု–ပြု–၄င်း သိစေသည်။ (ဘာသာဋီ)

http://www.dhammadownload.com



**ဇာတိ အာဒိနိ ပဋိစ္စ ဥပ္ပန္နဘယသန္တာ်တံ**–ဖြင့် သံဝေဂ–အရ စိတ္တုတြာသဒေါသကိုမယူရ၊ ဇာတိစသည်ကို စွဲ၍ဖြစ်သော ထိတ်လန့်ခြင်းဟု ဆိုအပ်သော သဟောတ္တပ္ပဉာဏ်ကို(ဝါ)ဩတ္တပ္ပကိုယူ– သိစေ။

(ခ)သံဝေဂဇနကံ–ဖြင့်သံဝေဇနိယဋ္ဌာနံ–၌ သံဝေဇနိယ–ဝယ် (သံဝေဇနပုဒ်+ဏိကပစ္စည်း။) ဏိကပစ္စည်း ဇနေတိတဒ္ဓိတ်အနက်၌သက်–၄င်း, သံဝေဇနံ+ဇနေတီတိ သံဝေဇနိယံ–ဟုပြု–၄င်း သိစေသည်။

(တနည်း)သံဝေဂဇနကံ–ဖြင့် သံဝေဇနိယံ–၌ (သံဝေဇန–ပုဒ်၊ ဏ္ဍယ–ပစ္စည်း) သံဝေဇန–ဝယ် သံပုဗ္ဗ ဝိဇီ–ဓာတ်–၄င်း, ယု–ပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌သက်–၄င်း, ကာရိတ်ပစ္စည်းကျေနေသည်ကို၄င်း, သံဝေဇေတီတိ သံဝေဇနံ–ဟု–ပြု–၄င်း, သံဝေဇနိယံ–၌ ဏ္ဍယ–ပစ္စည်း၏ သွတ္တတဒ္ဓိတ်အနက်၌ သက်–၄င်း, သံဝေဇနံ ဧဝ သံဝေဇနိယံ–ဟု ပြု–၄င်း သိစေသည်။ (ဘာသာဋီကာ။၃၈၃)

(တနည်း)သံဝေဂဇနကံ–ဖြင့် သံဝေဇနိယ–၌ သံရှေး+ဝိဇီ–ဓာတ်–၄င်း,အနီယပစ္စည်း၏ ဟေတုကတ္တု သာဓန အနက်၌သက်–၄င်း, သံဝေဇေတီတိ သံဝေဇနီယံဟု–ပြု–၄င်း, သံဝေဇနီယံ–ဟုဆိုလိုလျက် နီ–၌ ဉ–ကို၊ ဣ–ပြု၍ သံဝေဇနိယံ–ဟုရုပ်ပြီးနေသည်ကို၄င်း သိစေသည်။ (မင်းခင်းဂဏ္ဌိ။၃၃၀)

**သံဝေဂဇနကံ ဇာတိအာဒိကာရဏံ**–ဟူသော အပေါင်းသံဝဏ္ဏနာဖြင့် သံဝေဇနိယဋ္ဌာနံ–၌ ဋ္ဌာန–သဒ္ဒါသည် ကရဏအနက်ဟော–၄င်း, သံဝေဇနိယဋ္ဌာန–ပုဒ်ကို သံဝေဇနိယဥ္စ တံ ဋ္ဌာနဉ္စာတိ သံဝေဇနိယဋ္ဌာနံ–ဟု ကမ္မဓာရယ သမာသ်ဝစနတ္ထပြု–၄င်း, သံဝေဇနိယဋ္ဌာန–အရ သံဝေဂဉာဏ်ကို ဖြစ်စေတတ်သည် ဇာတိစသော အကြောင်းတရားများကိုယူ–၄င်း သိစေသည်။

(ဂ)သံဝေဂဇာတဿ–ဖြင့် သံဝိဂ္ဂဿ–၌ သံရှေး+ဝိဇီ–ဓာတ်–၄င်း၊ အ–ပစ္စည်း ကတ္တုသာဓန အနက်၌ သက်–၄င်း, သံဝိဇ္ဇတီတိ သံဝိဂ္ဂေါ–ဟု–ပြု–၄င်း, သံဝိဂ္ဂ–အရ ဇာတိ–စသည်ကြောင့် ထိတ်လန့်တတ်သော ပုဂ္ဂိုလ်ကိုယူ–၄င်း သိစေသည်။ (ယောဇနာ။၇၇။)

◆ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ဗဟုဗ္ဗီဟိနှင့်ဖွင့်၍ပြ၊ ကတ္တုသာဓနကြံ။

ဥပါယပဓာနံ–ဖြင့် ယောနိသောပဓာနံ–၌ယောနိသော–သည် ဥပါယ၏ပရိယာယ်တည်းဟု သိစေသည်။

(ဃ)အသန္တုဋ္ဌိဘာဝေါ–ဖြင့် အသန္တုဋ္ဌိတာ–၌ တာ–ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌သက်–၄င်း, အသန္တုဋ္ဌိဿ+ဘာဝေါ အသန္တုဋ္ဌိတာ–ဟု ပြု–၄င်း သိစေသည်။

ကုသလဓမ္မပူရဏေ–ဖြင့် အသန္တုဋ္ဌိတာ ကုသလေသု ဓမ္မေသု–အရ ကုသိုလ်တရားတို့ကိုမယူရ၊ ကုသိုလ် တရားတို့ကို ဖြည့်ကျင့်ခြင်းတိုင်အောင်ယူရမည်ဟု သိစေသည်။

(တနည်း) ကုသိုလ်တရားတို့၌ မရောင့်ရဲ ဟူသည် ကုသိုလ်တရားတို့ကို ဖြည့်ကျင့်ခြင်း၌ မရောင့်ရဲခြင်းပင် တည်းဟု သိစေသည်။

(င)အနိဝတ္တနတာ–ဖြင့်(အပ္ပဋိဝါနိတာ–၌ အပ္ပဋိဝါနီ–ပုဒ်+တာ–ပစ္စည်း။ အပ္ပဋိဝါနီ–၌ပဋိဝါနီ–ဝယ် ပဋိဝါနပုဒ်+ဤပစ္စည်း) ပဋိဝါန–ဝယ် ပဋိရှေးရှိသော ဝါ–ဓာတ်၏ ပဋိဂမန၊ နိဝတ္တနအနက်ဟော–၄င်း၊ ယုပစ္စည်း၏ ဘာဝနသာဓနအနက်သက်–၄င်း, ပဋိဂမနံ နိဝတ္တနံ ပဋိဝါနံ–ဟုဘာဝသာဓ်ပြု–၄င်း, ပဋိဝါနံ အဿ အတ္ထီတိ ပဋိဝါနီ၊ န+ပဋိဝါနီ အပ္ပဋိဝါနီ၊ အပ္ပဋိဝါနိနော+ဘာဝေါ အပ္ပဋိဝါနိတာ ဟုပြု–၄င်း သိစေသည်။ (မူလဋီကာ။၅၈။)

ဘာသာဋီကာ–၌ "ဝန–ဓာတ်သည် ဗျာပါရအနက်ကိုဟော၏။ ပဋိဝနီယတေ ပဋိဝါနော–ပြောင်းပြန် အားထုတ်ခြင်း။ (ဝါ) နောက်ဆုတ်ခြင်း။ ပဋိဝါနော အဿ အတ္ထီတိ ပဋိဝါနီ"စသည်ဖြင့် ဝစနတ္ထပြုသည်။ ယင်းဘာသာဋီအလို ပဋိဝါန–ကား ပဋိ+ဝန–ဓာတ်၊ ဏ–ပစ္စည်း။ ပုံလိင် ဖြစ်သည်။

အနောသက္ကနတာ–ဖြင့် အနိဝတ္တနတာ–၌ ဆုတ်နစ်ခြင်းမရှိသူ၏အဖြစ်ဟူသည် နောက်ဆုတ်ခြင်းမရှိ သူ၏အဖြစ်ပင်တည်းဟု သိစေသည်။

http://www.dhammadownload.com



အနေ္တာသဏ္ဌနတာ–ဖြင့် အနိဝတ္တနတာ–၌ ဆုတ်နစ်ခြင်းမရှိသူ၏အဖြစ်ဟူသည် နောက်ဆုတ်ခြင်းမရှိသူ၏အဖြစ်ပင်တည်းဟု သိစေသည်။

အရဟတ္တံ အပတ္တာ–ဖြင့် ကမ္မဋ္ဌာန်းအားထုတ်မှု၌ မဆုတ်နစ်ဟူသည် အရဟတ္တဖိုလ်သို့မရောက်သေးသမျှ မရောက်မချင်း အားမလျော့ မဆုတ်နစ်ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(တနည်း)အရဟတ္တံ အပတ္တာ–ဖြင့် ပဓာနသ္မိံ–၌ ပဓာန–အရ သာမန်အားထုတ်ခြင်းဝီရိယကို မယူရ၊ အရဟတ္တဖိုလ်သို့မရောက်မချင်း မဆုတ်မနစ်အားထုတ်ခြင်း ဝီရိယကိုယူရမည်ဟု သိစေသည်။

(စ)ဝိဇာနနတော–ဖြင့် ဝိဇ္ဇာ–၌ ဝိဒ–ဓာတ်၏ (ခံစားခြင်းအနက်မဟော) သိခြင်းအနက်ဟော– ၄င်း၊ ဏျ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–၄င်း၊ ဝိဒတိ ဇာနာတီတိ ဝိဇ္ဇာ–ဟု ပြု–၄င်း သိစေသည်။

ဝိမုစ္စနတော–ဖြင့် ဝိမုတ္တိ–၌ ဝိရှေး+မုစ–ဓာတ်–၄င်း၊တိ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်၄င်း၊ အာရမ္မဏေ ဝိမုစ္စတီတိ ဝိမုတ္တိ။ (အဓိသာမာပတ္တိယော) (တနည်း) ကိလေသေဟိ, သဗ္ဗသင်္ခါရေဟိ စ ဝိမုစ္စတီတိ ဝိမုတ္တိ။ (နိဗ္ဗာနံ) ဝိမုတ္တိစ ဝိမုတ္တိစ ဝိမုတ္တိ–ဟု ဝစနတ္ထပြု–၄င်း၊ ဝိမုတ္တိ–အရ သမာပတ်ရှစ်ပါးနှင့် နိဗ္ဗာန်ကို(တနည်း) အရဟတ္တဖိုလ်နှင့် နိဗ္ဗာန်ကို ယူ–၄င်း သိစေသည်။ (ယောဇနာ။ ၇၇။ ပြည်သျှ။ ၃၅၂။)

(ယောဇနာ–၌ ဝိမုတ္တိအရ သမာပတ်ရှစ်ပါးနှင့် နိဗ္ဗာန်ကို အရကောက်သည်။

ပြည်နိသျ–၌ ဝိမုစ္စတီတိ အရ အရဟတ္တဖိုလ် စိတ္တုပ္ပါဒ်နှင့် နိဗ္ဗာန်ကိုအရကောက်သည်။)

ဝိမုတ္တိစ ဝိမုတ္တိစ ဝိမုတ္တိ။ (ဧကသေသတဒ္ဓိတ်)

✔ သမာပတ်ရှစ်ပါးနှင့် နိဗ္ဗာန်၏အချင်းချင်းငဲ့သကဲ့သို့ ဖြစ်သော အညမညာပေက္ခသမ္ဗန်သည်–

(တနည်း) အရဟတ္တဖိုလ် စိတ္တုပ္ပါဒ်နှင့် နိဗ္ဗာန်တို့၏ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည် ဈူပ္ပတ္တိနိမိတ် မည်၏ထုတ်။

(ဆ) ကိလေသက္ခယကရေ အရိယမဂ္ဂေ ဉာဏံ–ဖြင့် ခယေ ဉာဏံ–၌ ခယေ ဝယ် ခယ–ပုဒ် ခယပုဒ်+အ–ပစ္စည်း) ယင်း အပစ္စည်း၏ ကရောတိတဒ္ဓိတ်အနက်၌သက်–၄င်း၊ ခယံ ကရောတီတိ ခယော–ဟု ပြု–၄င်း၊ (တနည်း) ခယံ ကရောတီတိ ခယကရော–ဟုဆိုလိုလျက် ကရ–ဟူသော နောက်ပုဒ်ကျေသော ဥတ္တရပဒလောပသမာသ်ဝစနတ္ထပြု–၄င်း၊(တနည်း) ကိလေသာ ခီယန္တိ ဧတေနာတိ ခယော–ဟု ကရဏသာဓနဝစနတ္ထပြု–၄င်း၊ ခယေ–အရ ကိလေသာတို့၏ ကုန်ခြင်းကိုပြုတတ်သော အရိယာမဂ်ကိုယူ–၄င်း၊ အပေါင်းပုဒ်ကို ခယေ ဉာဏံ ခယေဉာဏံ–ဟု အလုတ္တသတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြု–၄င်း၊ ခယေဉာဏံ–အရ မဂ်စိတ်လေးခု၌ရှိသော ပညာကို ယူ–၄င်း သိစေသည်။

(ဇ)သံဝဏ္ဏနာပါဠိ၌ ဖြင့် အနုပ္ပါဒေ ဉာဏံ–၌ အနုပ္ပါဒေ–အရ ကိလေသာတို့မဖြစ်ခြင်းကို ပြုတတ်သော မဂ်၏အဆုံး၌ဖြစ်သော အရိယာဖိုလ်ကိုယူ–၄င်း၊ အနုပ္ပါဒေ ဉာဏံ–အရ ထိုအရိယာဖိုလ် လေးခု၌ရှိသော ပညာကိုယူ–၄င်း၊ (ဝါ) အနုပ္ပါဒေ ဉာဏံ–ဟူသည် မဂ်ဖြင့်ပယ်အပ်ပြီးသော ကိလေသာတို့၏ တဖန်ဆက်စပ်ခြင်း၏ အစွမ်းဖြင့် မဖြစ်ကြောင်းဖြစ်သော အရိယဖိုလ်၌ပါဝင်သော သမ္မာဒိဋ္ဌိပင်တည်း–ဟု သိစေသည်။

(၇)

သံဝေဂေါ, သံဝိဇ္ဇနံ, သံဝိဂ္ဂဿ–တို့၌ သံ–ကား ဓာတွတ္ထာနုဝတ္တက။

အသန္တုဋ္ဌိတာ–၌ သံ–ကား ဓာတွတ္ထာနုဝတ္တက။

http://www.dhammadownload.com



(၈)

သံဝေဂ–အရ သဟောတ္တပ္ပဉာဏ်ကိုယူ၍ (ဝါ) ဩတ္တပ္ပ–ကိုယူ၍–

✔ ထိုသည် ဒဿနတ္ထ။

✔ ထိတ်လန့်ခြင်းကိုဖြစ်စေတတ်သော ဇာတိဇရာမရဏအစရှိသောအကြောင်းတရားတို့သည် ဒီပကတ္ထ။

✔ ယင်းသို့ထိတ်လန့်သဖြင့် ဇာတိဇရာမရဏစသည်မှ လွတ်အောင်အသင့်အားဖြင့်လုံ့လပြုခြင်း, တရားအားထုတ်ခြင်းသည် ပကာသနတ္ထ။

✔ သဒ္ဓမ္မဿဝန,သပ္ပုရိသူပနိဿယစသည်သည်၄င်း၊ ခန္ဓာငါးပါးတို့၏ အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာရေး သဘောတရားတို့သည်၄င်း ဝိဘာဝတ္ထ။

✔ မဂ်ဖိုလ်နိဗ္ဗာန်ရခြင်း စသောအကျိုးကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(၉)

(က)ဇာတိ အာဒီနိ (ခ)ဇာတိ အာဒိကာရဏံ–တို့အရ

ထိတ်လန့်ခြင်းကိုဖြစ်စေတတ်သော ဇာတိ,ဇရာ,ဗျာဓိ,မရဏ,အပါယဒုက္ခ, အတီတေ ဝဋ္ဋမူလဒုက္ခ, အနာဂတေ ဝဋ္ဋမူလဒုက္ခ,ပစ္စုပ္ပန္နေအာဟာရပရိယေဋ္ဌိမူလဒုက္ခ–ဟူသော သံဝေဂရစ်ပါးကိုယူ။ (ပြည်သျှ။၃၅၁။)

သံဝေဇနိယဋ္ဌာနံ–အရ (သို့မဟုတ်)သံဝေဇနိယေသု ဌာနေသုတို့အရလည်း သံဝေဂဝတ္ထု(၈)ပါးပင်ရ၏။

(၁၀)

(က) ဇာတိအာဒီနိ ပဋိစ္စ ဥပ္ပန္နဘယသင်္ခါတံ သံဝိဇ္ဇနံ–၌–

ဇာတိအာဒီနိ–အရ ဇာတိ ဇရာစသော သံဝေဂဝတ္ထု(၈)ပါးပစ္စည်းတရားသည်–

သံဝိဇ္ဇနံ–အရ သဟောတ္တပ္ပဉာဏ် (တနည်း) ဩတ္တပ္ပ ပစ္စယုပ္ပန် တရားအား အာရမ္မဏ–ပြု။

ပြိုင်–အာရမ္မဏ, အဓိပတိ, ဥပနိဿယ။

(င) အပ္ပဋိဝါနိတာစ+ပဓာနသ္မိံ–၌–

အပ္ပဋိဝါနိတာ–အရ သမ္မာဝါယာမ ပစ္စည်းတရားသည်–

ပဓာနသ္မိံ–အရ ကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတ–ပြု။

(ဆ) ခယေ ဉာဏံ–၌–

ဉာဏံ–အရ သမ္မာဒိဋ္ဌိ ပစ္စည်းတရားသည်–

ခယေ–အရ အရိယာမဂ် စိတ္တုပ္ပါဒ်အား သဟဇာတ–ပြု။

========================

## ဝါကျဥယျာဉ် ( ၆၂ )

(က) ဣဒါနိ ယထာနိက္ခိတ္တာယ မာတိကာယ သင်္ဂဟိတေ ဓမ္မေ ပဘေဒတော ဒဿေတုံ "ကတမေ ဓမ္မာ ကုသလာ"တိ ဣဒံ ပဒဘာဇနီယံ အာရဒ္ဓံ။

(ခ) တတ္ထ ယဒေတံ "ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ"တိ ပဌမံ ကာမာဝစရကုသလံ ဒဿိတံ၊

http://www.dhammadownload.com



(ဂ) တဿ တာဝ နိဒ္ဒေသေ ဓမ္မဝဝတ္ထာနဝါရော သင်္ဂဟဝါရော သုညတဝါရောတိ တယော မဟာဝါရာ ဟောန္တိ။

(ဃ) တေသု ဓမ္မဝဝတ္ထာနဝါရော ဥဒ္ဒေသနိဒ္ဒေသဝသေန ဒွိဓာ ဌိတော၊

(င) တေသု ဥဒ္ဒေသဝါရဿ ပုစ္ဆာ သမယနိဒ္ဒေသော ဓမ္မုဒ္ဒေသော အပ္ပနာတိ စတ္တာရော ပရိစ္ဆေဒါ။

ဠ။၉၇။မူလဋီ။၅၈။ယောဇနာ။၇၇။ပြည်သျှ။၃၅၂။ဘာဋီ၊ဒု၊၁။ကျော်အောင်စံဂဏ္ဌိ။၂၂၄။မင်းခင်းဂဏ္ဌိ။၃၃၀။

========================

## ( ၁ )

### (က) ကို ပုဗ္ဗာနုသန္ဓေ, ဒဿနကရိယာ်း, ကတ္တားထည့်၍ အနက်ပေးပုံ

ဓဝံ–ဤသို့ (ဝါ) ဤကုသလာဓမ္မာ အစရှိသော ဒေသနာတော်အစဉ်ဖြင့်။ ဘဂဝါ–သည်။ မာတိကံ–ကို။ ဒဿေတွာ–ပြီး၍။ (ပုဗ္ဗာနုသန္ဓေ) ဣဒါနိ–၌။ ယထာနိက္ခိတ္တာယ–အကြင်အကြင်ထားအပ်ပြီးသော။ (ဝါ)ထားအပ်ပြီးသောအပြားရှိသော။ မာတိကာယ–ဖြင့်။ ဘဂဝတာ–သည်။ သင်္ဂဟိတေ– ပေါင်း၍ယူအပ်ကုန်သော။ ဓမ္မေ–တို့ကို။ ပဘေဒတော–အထူးအားဖြင့်။ (ကတမေ ဓမ္မာ ကုသလာတိ ဣမိနာ ပဒဘာဇနီယေန– ကတမေဓမ္မာ ကုသလာ–အစရှိသော ဤပဒဘာဇနီဖြင့်) ဒဿေတုံ–ပြခြင်းငှါ (သဒ္ဒတ္ထ) ဝါ–သောတုဇနတို့အား သိစေခြင်းငှါ။(အဓိပ္ပါယတ္ထ။) "ကတမေဓမ္မာကုသလာ"တိ–ဟူသော။ (ဝါ) ကတမေဓမ္မာကုသလာအစရှိသော။ ဣဒံ ပဒဘာဇနီယံ–ကို။ ဘဂဝတာ–သည်။ အာရဒ္ဓံ–မှုအပ်ပြီ။

မှတ်ဖွယ်။ ။ ကတမေဓမ္မာ ကုသလာတိ–၌ ရှေးအနက်ကား ဥပလက္ခဏာ။ နောက်အနက် ကား–ဣတိသဒ္ဒါ အာချတ္ထမှတ်။ (ပြည်သျှ။၃၅၃။)

- အာကာရနှင့်၊ အာဟ၏ကံ၊ ဤနှစ်တန်၊ အမှန်ဒဿန ကရိယာ်းဖြစ်မြဲ။ (ဘုရားကြီး။၁၉။)

### (ခ)ဝါကျ တတ္ထအစွဲမှန်ကန်စေလျက်

ဒဿနကြိယာယ–၏။ ကရဏဘူတေ–ကရိယာ်းဖြစ်၍ဖြစ်သော။ အာပုဗ္ဗ–ရဘဓာတုယာ– အာရှေးရှိသော ရဘဓာတ်၏။ ကမ္မဘူတေ–ကံဖြစ်၍ဖြစ်သော။ တတ္ထတသ္မိံ ကတမေဓမ္မာ ကုသလာတိ ပဒဘာဇနီယေ–ထိုကတမေဓမ္မာကုသလာအစရှိသော ပဒဘာဇနီပါဠိတော်စကားရပ်၌။ (အဗ္ဗော၊ ဓဝံ ဝေဒိတဗ္ဗော။)

- ဒဿေန္တော အာဟ၊ ပြသည့်ပုဒ်နောက်၊ တတ္ထရောက်က၊ ဒဿနကရိယာ်း၊ အာဟ၏ကံ၊ ဤနှစ်တန်ကို၊ ကေန် တတ္ထစွဲမြဲ။ (ဘုရားကြီး။၂၃။)

## ( ၂ )

### (က)ဝါကျသို့ အနုသန္ဓေ

မာတိကာပုဒ်၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကိုပြပြီး၍၊ ယခုအခါ၌ ပဒဘာဇနီ၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကို ပြုစီရင်တော်မူလိုသော အရှင်မဟာဗုဒ္ဓဃောသဆရာသည် ဣဒါနိ–အစရှိသောပါဌ်ကိုမိန့်။ (မင်းခင်းဂဏ္ဌိ။၃၃၀။)

http://www.dhammadownload.com



(က)သို့ ပါပနာဒီပဋ္ဌကစောဒနာ

ဆရာ–ဆရာသည် "ဣဒါနိ "ကုသလာဓမ္မာ"တိ အာဒီနံ မာတိကာပဒါနံ အယံ အနုပုဗ္ဗပဒ ဝဏ္ဏနာ" (ဌ။၈၀) အစရှိသည်ဖြင့် ကုသလာဓမ္မာစသော မာတိကာပုဒ်တို့၏အဖွင့်သံဝဏ္ဏနာအဋ္ဌကထာကို ပြဆိုတော်မူ၏။ထို–သော် မာတိကာပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာအဋ္ဌကထာသာရှိ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်–ကား ထိုအနက်သည်မရောက်သင့်။ထိုသို့–ကြောင့် ကတမေဓမ္မာကုသလာ–စသော ပဒဘာဇနီပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာအဋ္ဌကထာကိုလည်း ပြဆိုသင့်သေး၏–စသည်တက်။

စကားနှစ်ရပ် သန္ဓေစပ်က–စသည်နှင့်အညီ

(က) သို့ဌပနာဒီပဋ္ဌကတက်ပုံ

ဆရာ–မြတ်စွာဘုရားသည် ကတမေ ဓမ္မာ ကုသလာ အစရှိသော ပဒဘာဇနီကို အားထုတ်တော်မူအပ်၏။ ထိုသို့ပင် အားထုတ်တော်မူအပ်သော်လည်း–ကုသိုလ်စသောတရားတို့ကို ကုသလာဓမ္မာ အစရှိသော မာတိကာပုဒ်တို့ဖြင့် ရေး၌ဟောတော်မူအပ်ပြီးသည်မဟုတ်ပါလော။ ထိုသို့ ဟောတော်မူခဲ့ပြီးဖြစ်သောကြောင့် ကတမေ ဓမ္မာ ကုသလာ အစရှိသော (ပဒဘာဇနီ) စကားရပ်ကိုထပ်မံ၍ အားမထုတ် သင့် (ဝါ)မဟောသင့်။ ကတမေ ဓမ္မာ ကုသလာ–စသောပဒဘာဇနီကိုအားထုတ်တော်မူခြင်း၏ အကြောင်းကိုလည်း (အကျိုးကိုလည်း)ပြဆိုသင့်သေး၏။ အဘယ့်ကြောင့်(ဝါ)အဘယ်ကို ပြခြင်းငှါ ကတမေ ဓမ္မာ ကုသလာ အစရှိသော ပဒဘာဇနီကို အားထုတ်တော်မူအပ်ပါသနည်း။ ဤသို့–(က)မိန့်။

အဓိပ္ပါယ်ကား။ ။ အကြွင်အကြွင်ထားအပ်ပြီးသောမာတိကာဖြင့် ပေါင်း၍ယူအပ်ကုန်သော ကုသိုလ်စသောတရားတို့ကို အထူးအပြားအားဖြင့် ပြလိုသောကြောင့် (ဝါ)ပြခြင်းငှါ (ဝါ)သောတုဇန တို့အားသိစေခြင်းငှါ "ကတမေ ဓမ္မာ ကုသလာ"အစရှိသော ပဒဘာဇနီကို အားထုတ်တော်မူအပ်ပါ၏ဟူလို။

ဆောင်။ ။ စကားနှစ်ရပ်၊ သန္ဓေစပ်က၊ ရှေးဌာနကို၊ စောဒကအာဘော်၊ ဟိတ်ခတ် လျှော်၍၊
ရှုမျှော်တစ်ဝ၊ နောက်ဌာနကျန်၊ အာဟာကံမှာ၊ စောဒနာ၊ (အာဟာကံမှာ ဌပနာ)
သေသာကြွင်းလတ်၊ အဖြေမှတ်။ (တွင်းကြီးနိယံ။၆၃။)

(ခ) သို့ ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (က)ဝါကျဖြင့် ကတမေ ဓမ္မာ ကုသလာ အစရှိသော ပဒဘာဇနီပါဠိတော်၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထကို ပြဆိုတော်မူ၏။ ထို–သော် ကုသလာ ဓမ္မာ–စသော ပဒဘာဇနီ ပါဠိတော်၏ အဝယဝတ္ထကို မပြဆိုဟူသော အနက်အဓိပ္ပါယ်ရောက်ရာသည်မဟုတ်ပါလော။ထို့–ကြောင့်(က)ဖြင့်–အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထကိုသာ မဆိုသင့်။ အဝယဝတ္ထကိုလည်း ပြဆိုသင့်သေး၏။ အဝယဝတ္ထကား အဘယ်ပါနည်း။ ဤသို့(ခ)မိန့်။

(တနည်း) (က)ဝါကျဖြင့် ကတမေ ဓမ္မာ ကုသလာ အစရှိသော ပဒဘာဇနီ၏ အကျဉ်းသခေ်ပကို ပြသည်။ (ခ)စသောဝါကျများဖြင့် ကတမေ ဓမ္မာ ကုသလာ အစရှိသောပဒဘာဇနီ၏ အကျယ်ဝိတ္ထာရကို ပြသည်။ ဤသို့ အဓိပ္ပါယ်ယူ၍လည်း ကျမ်းတက်နိုင်သည်။

http://www.dhammadownload.com



(ဂ)ဝါကျသို့ ဋ္ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (ခ)ဝါကျဖြင့် ပဒဘာဇနီပါဠိတော်၌ "ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ"ဟူ၍ ရေးဦးစွာ ကာမာဝစရကုသိုလ်ကို ပြတော်မူအပ်ပြီဟုဆိုတော်မူ၏။ထို–သော် ထိုကာမာဝစရကုသိုလ်၏ နိဒ္ဒေသဌ်ဖြစ်ထိုက်သော မဟာဝါရတို့ကို မသိအပ် မသိနိုင်ရာသည်မဟုတ်ပါလော(ပ) ကာမာဝစရကုသိုလ်၏နိဒ္ဒေသဌ် ဖြစ်သင့်သော မဟာဝါရတို့ကား အဘယ်ပါနည်း။ ဤသို့–(ဂ)မိန့်။

( ၃ )

(က ) ဖြင့် မာတိကာ ပုဒ်တို့၏အဖွင့်မှ တပါးပဒဘာဇနီပါဠိတော်၏အဖွင့်ပြ–ပက္ကန္တရ။ အဗျာပိတ–ပယ်သည်။

( ခ ) ဖြင့် ကတမေ ဓမ္မာ ကုသလာ–စသော ပဒဘာဇနီပါဠိတော်၏ အနုသန္ဓေသမ္ဗန္ဓမှတပါး အဝယဝတ္ထုပြ–ပက္ကန္တရ။

(တနည်း)ပဒဘာဇနီပါဠိတော်၏ အဝယဝတ္ထုအကျယ်ကိုပြ–ဝိတ္ထာရ။ အဗျာပိတ, အပရိပုဏ္ဏ, ဝိရောဓိ, ပုနရုတ္တိ တို့ကိုပယ်သည်။

( ဂ ) ဖြင့် ကာမာဝစရကုသိုလ်၏နိဒ္ဒေသဌ် ဖြစ်သင့်သော ဝါရသုံးပါးကိုပြသောကြောင့် အဗျာပိတ, အပရိပုဏ္ဏတို့ကို ပယ်သည်။

(ဃ) ဖြင့် ဓမ္မဝဝတ္ထာနဝါရ၏ ဘေဒကိုပြသောကြောင့် အဗျာပိတ, အပရိပုဏ္ဏတို့ကို ပယ်သည်။

(င) ဖြင့် ဥဒ္ဒေသဝါရ–၌ ဖြစ်သင့်သော ပရိစ္ဆေဒ လေးပါးကို ပြသောကြောင့် အဗျာပိတ, အပရိပုဏ္ဏ ပယ်သည်။

( ၄ )

* ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေဟီတိ ပဒါနိ။ (ပဒ+အ)
* ဘာဇိယတေ အနေနာတိ ဘာဇနီယံ။
* ပဒါနံ+ဘာဇနီယံ ပဒဘာဇနီယံ။

✔ ကုသလာ ဓမ္မာ–စသောပုဒ်တို့၏+ အကျယ်ဝေဘန်ကြောင်းဖြစ်သော ကတမေဓမ္မာ ကုသလာ အစရှိ ပဒဘာဇနီစကားရပ်နှင့် အကျိုး+အကြောင်း အကျဉ်း+အကျယ်အဖြစ်ဖြင့်စပ် ဗျု–နိ။

✔ ပုဒ်တို့ကို အကျယ်ဝေဘန်ခြင်းကြိယာသည် (ဝါ)ကတမေ ဓမ္မာ ကုသလာ စသောပဒဘာဇနီ စကားရပ် ၏တစ်ခုသည်–ဓာတ်သည် ပ–နိ။

(တနည်း) ဘာဇိယတေ ဘာဇနံ။

* ပဒါနံ ဘာဇနံ ပဒဘာဇနံ။ (ကုသလာဓမ္မာစသောပုဒ်တို့ကို အကျယ်ဝေဘန်ခြင်း)
* ပဒဘာဇနေန ပဝတ္တံ ပဒဘာဇနီယံ။ (ပဒဘာဇနပုဒ်+ဣယပစ္စည်း။) (ဘာသာဋီကာ၊၃။၁။)
* ပဒဘာဇနီယန္တိ ပဒဘာဇနဝသေန ပဝတ္တဝစနံ။ (မဏိ။၁၂၄။)

"ဝစနတ္ထမှတ်ဘွယ်"

(က) နိက္ခိပိယိတ္ထာတိ နိက္ခိတ္တာ။ (နိ+ခိပ+တ)

* ယာယာ+နိက္ခိတ္တာ ယထာနိက္ခိတ္တာ။ (တာယ) (နိရုတ္တိ။၂၂၀။)

✔ ထားအပ်သောဂုဏ်၏+အကြင်အကြင်မာတိကာနှင့် ဂုဏ်+ဂုဏေးစပ် ဗျု–နိ။

✔ အကြင်အကြင်ထားအပ်ပြီးသည်၏အဖြစ်တည်းဟူသောဂုဏ်သည် ပ–နိ။

http://www.dhammadownload.com



(တနည်း) နိက္ခိတ္တာ ယထာ ပကာရာ ယဿာတိ ယထာနိက္ခိတ္တာ-ဟုပြု။
* သင်္ဂယှန္တီတိ သင်္ဂဟိတာ။ (သံ+ဂဟ+တ)
* အညမညတော ပဘိဇ္ဇတီတိ ပဘေဒေါ။(အနုဋီ-၆၅။)
(ပ-ဘိဒိ+ဏ။ အချင်းချင်းမတူကွဲပြားခြင်း။)
* အာရဘီယတေတိ အာရဒ္ဓံ။ (အာ+ရဘ+တ။)
* ဝိသုံဝိသုံ အဝစ္ဆိန္ဒိတွာ ထာန္တိ တိဋ္ဌန္တိ ဧတ္ထာတိ ဝဝတ္ထာနော။
(ဝိ,အဝရှေး+ထာ-ဓာတ်+ယု။ အသီးအသီးပိုင်းခြား၍ တည်ခြင်း။)
* ဓမ္မာနံ+ဝဝတ္ထာနော ဓမ္မဝဝတ္ထာနော။
* ဓမ္မဝဝတ္ထာနောစ သော ဝါရောစာတိ ဓမ္မဝဝတ္ထာနဝါရော။
(ဓမ္မဝဝတ္ထာန၏ +ဝါရနှင့် ဝိသေသနံ+ဝိသေသျ-စပ်။)
* ခန္ဓာဒီဟိ သင်္ဂယှန္တိ ဧတ္ထာတိ သင်္ဂဟော။ (သံ+ဂဟ+အ။)
* သင်္ဂဟောစ သော ဝါရောစာတိ သင်္ဂဟဝါရော။
* သုနဿ ဟိတံ သုညံ။ (သုနပုဒ်+ယ)
(တနည်း) သုနတိ တုစ္ဆဘာဝံ ဂစ္ဆတီတိ သုညံ။ (သုနဓာတ်+ယ။)
* သုညံယေဝ သုညတော။
* သုညတောစ သော ဝါရောစာတိ သုညတဝါရော။

အမိပ္ပါယ်။ ဖဿစသောတရားတို့၏ အသီးအသီးပိုင်းခြား၍တည်ရာဖြစ်သောဝါရ (စကားအလှည့်အကြိမ်)သည် ဓမ္မဝဝတ္ထာနဝါရ မည်၏။
ခန္ဓာစသည်တို့ဖြင့် သိမ်းယူအပ်ရာဖြစ်သောဝါရသည် သင်္ဂဟဝါရ မည်၏။
သတ္တ,ဇီဝတို့မှ ကင်းဆိတ်ပုံကို ပြရာဖြစ်သောဝါရသည် သုညတဝါရ မည်၏။ (ဘာသာဋီ။၁။၂။)

* ဥဒ္ဒိသီယတိ အနေ့ာ ဧတေနာတိ ဥဒ္ဒေသော။ (ဥ+ဒိသ+ဏ)
* နိဒ္ဒိသီယတိ အနေ့ာ ဧတေနာတိ နိဒ္ဒေသော။ (နိ+ဒိသ+ဏ)
* ဥဒ္ဒေသော စ နိဒ္ဒေသော စ ဥဒ္ဒေသနိဒ္ဒေသာ။ ဝသနံ သမတ္တနံ ဝသော။
* ဥဒ္ဒေသနိဒ္ဒေသာနံ+ဝသော ဥဒ္ဒေသနိဒ္ဒေသဝသော။
* ပုစ္ဆတိ ဉာတုမိစ္ဆနေနာတိ ပုစ္ဆာ။ (ပုစ္ဆ+အ)(မေးကြောင်းစကား)
* သမယဿ+နိဒ္ဒေသော သမယနိဒ္ဒေသော။ (သမယကို ညွှန်ပြကြောင်းစကား။)
* ဓမ္မာနံ+ဥဒ္ဒေသော ဓမ္မုဒ္ဒေသော။ (ဖဿစသောတရားတို့၏ သရုပ်ကိုထုတ်ပြကြောင်းစကား)
* အပ္ပေတီတိ အပ္ပနာ။ (အပ္ပ+ယု။ အပြီးအဆုံးသို့ရောက်စေခြင်း။)

( ၅ )

ဣဒါနိ-ကား အဗျယတဒ္ဓိတ်၊ နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ ဣ-ကာရန္တ။
ယထာနိက္ခိတ္တာယ-ကား သမာသ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ-ကာရန္တ။
မာတိကာယ-ကား ဥပမာတဒ္ဓိတ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ-ကာရန္တ။
မဘေဒတော-ကား အဗျယနိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ ဩ-ကာရန္တ။
ဒဿေတုံ-ကား ကိတ်အဗျယနိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟီတန္တ။
အာရဒ္ဓံ-ကား ကိတ်နာမ်၊ နပုံ၊ စိတ္တာဒိ၊ အ-ကာရန္တ။
ကတမေ-ကား သဗ္ဗနာမ်၊ ပုံ၊ ပုရိသာဒိ၊ အ-ကာရန္တ။

http://www.dhammadownload.com



( ၆ )

(က) အဓိဝါသနသင်္ခါတော ခမနဘာဝေါ ခန္တိ။ (ဠ၊၉၅။)

(ခ) သမ္ပဇာနာတီတိ သမ္ပဇည်။ (ဠ၊၉၅။)

(က)ခမနဘာဝေါ-ဖြင့် ခန္တိ-၌ ခမု-ဓာတ်-ငင်း၊ တိ-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်-ငင်း၊ ခမနံ ခန္တိ-ဟု ပြု-ငင်း သိစေသည်။

◆ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ယုပစ္စယ၊ အာကာရနှင့်၊ ဘာဝသဒ္ဒါ၊ ဖွင့်ပြရာ၊ ကြံပါမူချ၊ ကိတ်ဘာဝ။ အဓိဝါသနသင်္ခါတော-ဖြင့် ခန္တိ-အရ အဓိဝါသနခန္တိကို ယူရမည်ဟု သိစေသည်။

(ခ) သမ္ပဇာနာတီတိ-ဖြင့် သမ္ပဇည်-၌ သမ္ပဇာနပုဒ်+ဏျ-ပစ္စည်း။ သမ္ပဇာန-ဝယ် သံ-ပ-ရှေး+ ဉာ-ဓာတ်၏အဖြစ်ကိုငင်း၊ ယုပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်-ငင်း၊ သမ္ပဇာနာတီတိ သမ္ပဇာနော-ဟုပြု-ငင်း၊ သမ္ပဇာနဿ ဘာဝေါ သမ္ပဇည်-ဟု ဘာဝတဒ္ဓိတ်ဝစနတ္ထပြု၍ ဏျ-ပစ္စည်း ဘာဝတဒ္ဓိတ် အနက်၌သက်-ငင်း သိစေသည်။

( ၇ )

(က) ဣဒံ-၌ ဣမ-ကား ပဒဘာဇနီယံ-ဟု အစွဲတိုက်ရိုက်ပါရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ခ) တဿ-၌ တ-ကား ဆိုခဲ့ပြီး ပဒဘာဇနီကိုစွဲ- ပက္ကန္တဝိသယ။

ယဒေတံ-၌ ယ-တေ-တို့ကား ကာမာဝစရကုသလ်-ဟု အစွဲတိုက်ရိုက်ပါရှိ- ပသိဒ္ဓဝိသယ။

(ဂ) တဿ-၌ တ-ကား ဆိုခဲ့ပြီးသော ကာမာဝစရကုသိုလ်ကိုစွဲ-ပက္ကန္တဝိသယ။

(တနည်း) အနိယတ်-ယ-သဒ္ဒါ စွဲသော အနက်ကိုစွဲသောကြောင့် နိယမဝိသယ။

(က) သင်္ဂဟိတေ-၌ သံ-ကား သမောဓာနတ္ထ။

ပဘေဒတော-၌ ပ-ကား ဓာတွတ္ထာနုဝတ္တက။

ကုသလာတိ-၌ ဣတိ-ကား အာဒျတ္ထ, နိဒဿနတ္ထ, အာကာရတ္ထ။

(ဂ) တာဝ-ကား ပဌမတ္ထ။

( ၈ )

(က) အာရဒ္ဓံ-၌ ဗာဟုလ္လတ္ထ-အရ (တ-ပစ္စည်းအရ) ကတမေ ဓမ္မာ ကုသလာ-အစရှိသော ပဒဘာဇနီ ဝစီဘေဒသဒ္ဒကိုယူ၍-

✔ ထိုသည် ဒဿနတ္ထ။

✔ ဝီရိယရှေးသွားရှိသော ဒေသနာဉာဏ်တော်သည် ဒီပကတ္ထ။

✔ ဓမ္မဿဝနကုသိုလ်ဖြစ်ရခြင်းသည် ပကာသနတ္ထ။

✔ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ် စသည်သည် ဝိဘာဝတ္ထ။

✔ တရားနာရခြင်းကြောင့် ပါမောဇ္ဇ ပီတိပဿဒ္ဓိဖြစ်ခြင်း, အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

အာရဒ္ဓံ-၌ အန္တတ္ထ-အရ (အာ-ရဘ ဓာတ်အရ) မြတ်စွာဘုရား၏ဝီရိယရှေးသွားရှိသော ဒေသနာဉာဏ်တော်ကိုယူ၍ထုတ်။

♦ ဒဿေတုံ အာရဒ္ဓ၊ တဖန်ပြမူ၊ ဝီရိယရှေးရှု၊ ဉာဏ်ကိုယူ။ (တွင်းကြီးနိယံ။)

http://www.dhammadownload.com



( ၉ )

**ပဒဘာဇနီ–၌ ကုသလာဓမ္မာ–ဟု မဟောဘဲ ဓမ္မာ ကုသလာ–ဟု ဟောတော်မူခြင်း**

ကုသိုလ်စသောအထူးအပြားအားဖြင့် သဘာဝဓမ္မတို့ကိုဟောတော်မူခြင်းကို (ဝါ) ဟောတော်မူကြောင်းဖြစ်သောမာတိကာဒေသနာကို ပြတော်မူပြီးနောက် ကုသိုလ်ဟူသောအထူးရှိသောတရားကို ပြတော်မူလိုသောကြောင့် ပဒဘာဇနီ–၌ (မာတိကာ–၌ကဲ့သို့) ကုသလာ ဓမ္မာ–ဟု ဟောတော်မမူဘဲ "ဓမ္မာ ကုသလာ"ဟူ၍ ဟောတော်မူပါသည်။

◆ ကသ္မာ ပနေတ္ထ မာတိကာယံ ဝိယ ။ပ။ ပဘေဒဝန္တဒဿနတ္ထံ။ (ဋ္ဌ။၉၈။)

( ၁၀ )

(က) ကတမေ ဓမ္မာ ကုသလာတိဣဒံ ပဒဘာဇနီယံ+အာရဒ္ဓံ–၌–

အာရဒ္ဓံဝယ် အာ–ရဘ–ဓာတ်အရ ဝီရိယရှေးရှိသော ဒေသနာဉာဏ်ပစ္စည်းတရားသည်–

ကတမေ ဓမ္မာ ကုသလာတိ ဣဒံ ပဒဘာဇနီယံနှင့် အာရဒ္ဓံ–၌ တ–ပစ္စည်းအရ ကတမေ ဓမ္မာ ကုသလာ အစရှိသော ဝစီဘေဒသဒ္ဒ ပစ္စယုပ္ပန် တရားအား သဟဇာတ–ပြု။

ပြိုင်–သဟကြီး–၄၊ ဝိပ္ပယုတ္တ၊ ဟေ၊ ဓိ၊ ဣံ၊ မဂ်၊ (၉) ပစ္စည်း။

(တနည်း) ကတမေ ဓမ္မာ ကုသလာတိ ဣဒံ ပဒဘာဇနီယံ–နှင့် အာရဒ္ဓံ–၌–

တ–ပစ္စည်းအရ ကတမေ ဓမ္မာ ကုသလာ အစရှိသော ဒေသေတဗ္ဗ ဓမ္မာရုံပစ္စည်းတရားသည်–

အာရဒ္ဓံ–၌ အာ–ရဘ–ဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု။

ပြိုင်–အာ၊ ဓိ၊ ဥ။ (၃)ပစ္စည်း။

ယထာနိက္ခိတ္တာယ+မာတိကာယ–၌–

နိရှေး+ခိပဓာတ်အရ ဒေသနာဉာဏ်ပစ္စည်းတရားက–

တ–ပစ္စည်းနှင့်မာတိကာယပုဒ်တို့အရ ကုသလာ ဓမ္မာ အစရှိသောဝစီဘေဒသဒ္ဒအားသဟဇာတ–ပြု။

ပြိုင်– (၉)ပစ္စည်း။

===================

## ဝါကျဥယျာဉ် ( ၆၃ )

(က) တတ္ထ ဗုဒ္ဓါနံ ပုရိမာ တိသော ပုစ္ဆာ နတ္ထိ၊ ကသ္မာ?

(ခ) ဗုဒ္ဓါနဉှိ တီသု အဒ္ဓါသု ကိဉ္စိ သင်္ခတံ အဒ္ဓါဝိမုတ္တံ ဝါ အသင်္ခတံ အဒိဋ္ဌံ အနညာတံ အဓောတိတံ အတုလိတံ အတီရိတံ အဝိဘူတံ အဝိဘာဝိတံ နာမ နတ္ထိ။ တေန တေသံ အဒိဋ္ဌဇောတနာပုစ္ဆာ နတ္ထိ။

(ဂ) ယံ ပန ဘဂဝတာ အတ္တနော ဉာဏေန ပဋိဝိဒ္ဓံ၊ တဿ အညေန သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ သဒ္ဓိံ သံသန္ဒနကိစ္စံ နတ္ထိ၊ တေနဿ ဒိဋ္ဌသံသန္ဒနာ ပုစ္ဆာ နတ္ထိ။

http://www.dhammadownload.com



(ဃ) ယသ္မာ ပနေသ အကထံကထီ တိဏ္ဏဝိစိကိစ္ဆော သဗ္ဗဓမ္မေသု ဝိဟတသံသယော၊ တေနဿ ဝိမတိစ္ဆေဒနာပုစ္ဆာ နတ္ထိ။

(င) ဣတရာ ပန ဒွေ ပုစ္ဆာ ဘဂဝတော အတ္ထိ။

(စ) တာသု အယံ "ကထေတုကမျတာပုစ္ဆာ"တိ ဝေဒိတဗ္ဗာ။

ဋ္ဌ။၉၈။ မူလဋီ။၅၈။ ယောဇနာ။၇၇။ ပြည်သျှ။၃၅၈။ ဘာသာဋီ၊၃။၈။ ကျော်အောင်စံဂဏ္ဌိ။၂၊၆။ မင်းခင်းဂဏ္ဌိ။၃၃၄။

===============================

## ( ၂ )

## (က)ဝါကျသို့ ဥပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် ပဋ္ဌဝိဓာ ဟိ ပုစ္ဆာ–အစရှိသည်ဖြင့်(ဋ္ဌ။၉၇) ပုစ္ဆာငါးမျိုးရှိကြောင်းကို (အဓိပ္ပါယ်နှင့်တကွ)ပြဆိုတော်မူ၏။ ထို–သော် ဘုရားရှင်တို့အား ပုစ္ဆာငါးမျိုးလုံးရှိ၏ဟူသော အနက်ရောက်ရာသည်မဟုတ်ပါလော။ ထို့–ကြောင့် ပဋ္ဌဝိဓာ ဟိ ပုစ္ဆာအစရှိသည်ဖြင့် ပုစ္ဆာငါးမျိုးကိုသာ ဆရာမဆိုသင့်၊ ဘုရားရှင်တို့အား ရှိနိုင်သောပုစ္ဆာနှင့် မရှိနိုင်သောပုစ္ဆာတို့ကိုလည်း ခွဲခြားပြဆိုသင့်သေး၏။ ဘုရားရှင်တို့အား အဘယ်ပုစ္ဆာတို့ရှိ၍ အဘယ်ပုစ္ဆာတို့မရှိနိုင်ပါသနည်း။ ဤသို့–(က)မိန့်။

အဓိပ္ပါယ်ကား–ဘုရားရှင်တို့အား ရှေးပုစ္ဆာ ၃–မျိုးမရှိ။ နောက်ပုစ္ဆာ ၂–မျိုးသာရှိ၏–ဟူလို။

## (ခ)ဥပနာပဋ္ဌက

ဆရာ–သည် (က)ဝါကျဖြင့် ပုစ္ဆာငါးပါးတို့တွင် ဘုရားရှင်တို့အား ရှေးပုစ္ဆာသုံးပါတို့မရှိကုန်–ဟုဆိုတော်မူ၏။ ထို–သော် ဘုရားရှင်တို့အား ရှေးဖြစ်သောပုစ္ဆာ ၃–ပါးတို့မရှိခြင်း၏ အကြောင်းကို မသိအပ်၊ မသိနိုင်ရာသည်မဟုတ်ပါလော။ (ပ) အဘယ့်ကြောင့် ဘုရားရှင်တို့အား ရှေးပုစ္ဆာသုံးပါးတို့ မရှိကြကုန်သနည်း။ ဤသို့–(ခ)မိန့်။

(တနည်း) ဥပနာတူ၏။ ထို–သော် ဘုရားရှင်တို့အား ရှေးပုစ္ဆာသုံးပါးတို့မရှိပုံကို အကြောင်းအသီးအသီးဖြင့် ဝေဘန်၍ အကျယ်မသိအပ်၊ မသိနိုင်ရာသည်မဟုတ်ပါလော။ စသည်တက်။

◆ ဟိ–ချဲ့။ (တိဿော ပုစ္ဆာ နတ္ထိ–အရ မရှိပုံကို ချဲ့ပြသည်။)

(တနည်း) ဟိ–ယသ္မာ–အကြင်ကြောင့်။ (ဘာသာဋီကာ။၈။)

(ခ)ဝါကျဖြင့် ဘုရားရှင်တို့အား အဒိဋ္ဌဇောတနာပုစ္ဆာမရှိပုံကို ပြသည်။
(ဂ)ဝါကျဖြင့် ဘုရားရှင်တို့အား ဒိဋ္ဌသံသန္ဒနာ ပုစ္ဆာမရှိပုံကို ပြသည်။
(ဃ)ဝါကျဖြင့် ဘုရားရှင်တို့အား ဝိမတိစ္ဆေဒနာပုစ္ဆာမရှိပုံကို ပြသည်။
(င)ဝါကျဖြင့် ဘုရားရှင်တို့အား မရှိသောပုစ္ဆာမှတစ်ပါး ရှိသောပုစ္ဆာကို ပြသည်။
(ပက္ခန္တရဝါကျများသာဖြစ်သည်။ ကျမ်းတက်လွယ်ပြီ။)

http://www.dhammadownload.com



## (စ)ဝါကျသို့ ဌပနာဒီပဋ္ဌက

ဆရာ–သည် (င)ဝါကျဖြင့် ရှေးပုစ္ဆာ ၃–ပါးမှတစ်ပါးကုန်သော အနုမတိပုစ္ဆာ, ကထေတုကမျတာပုစ္ဆာ–နှစ်ပါးတို့သာ ဘုရားရှင်အားရှိကုန်၏ဟုဆိုတော်မူ၏။ ထို–သော် ဤကတမေ ဓမ္မာ ကုသလာ–ဟူသော ပုစ္ဆာကို(အနုမတိပုစ္ဆာ,ကထေတုကမျတာ–နှစ်ပါးတွင်) ဤမည်သောပုစ္ဆာဟူ၍ တိတိကျကျ မသိအပ်, မသိနိုင်ရာသည်မဟုတ်ပါလော။ (ပ) ဤ ကတမေ ဓမ္မာ ကုသလာ–ဟူသော ပုစ္ဆာကို အဘယ်ပုစ္ဆာ–ဟူ၍ သိအပ်ပါသနည်း။ ဤသို့–(စ)မိန့်။

## ( ၃ )

(က) ဖြင့် ဘုရားရှင်တို့အား ပုစ္ဆာငါးပါးတွင် ရှေးပုစ္ဆာ–၃–ပါးကို မရအပ်ဟု ပြသောကြောင့် (ပုစ္ဆာငါးခုလုံး၌ပြန့်နှံ့သော) အတိဗျာပိတ–ပယ်သည်။

(ခ)(ဂ)(ဃ) ဝါကျ သုံးခုလုံးဖြင့် ဘုရားရှင်တို့အား ရှေးပုစ္ဆာသုံးပါးမရှိခြင်း၏ အကြောင်းများကို ပြသောကြောင့် ဝိရောဓိဒေါသ, ဩစိတျဟီနဒေါသတို့ကိုပယ်သည်။

(တနည်း)ဘုရားရှင်တို့အားရှေးပုစ္ဆာသုံးပါးမရှိပုံ (အကြောင်းအသီးသီးဖြင့် ဝေဖန်၍ အကျယ်ပြသောကြောင့် ဝိရောဓိ, ပုနရုတ္တိတို့ကိုပယ်သည်။

(ဂ)(ဃ)(င)ဝါကျတို့ကား ပက္ခ,ပက္ခန္တရတို့ချည်းသာ။ အဗျာပိတ, အပရိပုဏ္ဏဒေါသတို့ကို ပယ်သည်။

(ဆ)ဝါကျဖြင့် ဤ ကတမေ ဓမ္မာ ကုသလာ–ဟူသောပုစ္ဆာသည် ကထေတုကမျတာပုစ္ဆာမည်၏ဟူ၍ (ဤ၌လိုအပ်သောပုစ္ဆာကို)ပြသောကြောင့် အတိဗျာပိတဒေါသကိုပယ်သည်။

## (ခ)ဝါကျ၌ တေနသဒ္ဒါထားရခြင်း

♦ "လဒ္ဓဂုဏာ, ကျိုးဖလနှင့်, နိဂမတစ်ဖြာ, ပြလိုရာ, တသဒ္ဒာ–တေနထား။"ဟူသည်နှင့်အညီ မြတ်စွာဘုရားအား အဒိဋ္ဌဇောတနာပုစ္ဆာမရှိဟု ရအပ်သောအကျိုးကိုပြလို၍ (ခ)၌ တေန–သဒ္ဒါထားသည်။ (ဂ)(ဃ)ဝါကျတို့၌ တေန–သဒ္ဒါထားရခြင်းကို (ခ)ဝါကျနည်းတူဖြေ။

## (စ)ဝါကျ–၌ ဝေဒိတဗ္ဗာ–သဒ္ဒါထားရခြင်း

အဃ် ကထေတုကမျတာ ပုစ္ဆာတိ ဝေဒိတဗ္ဗာ–ဟူသော စကားရပ်သည် ပါဠိတော်၌ တိုက်ရိုက်မလာ၊ ရသင့်သည့်အားလျော်စွာဆုံးဖြတ်၍ယူရသော သံသယစကားဖြစ်၏–ဟုသိစေလို၍ ဝေဒိတဗ္ဗာ–သဒ္ဒါထားသည်။

## ( ၄ )

* ကထံ ဣတိ ကထိယတိ တောယာတိ ကထံကထာ။
  (ကထံသဒ္ဒူပပဒ+ကထ–ဓာတ်+အပစ္စည်း။ ထီ–အာ–ပစ္စည်း။ ဝိစိကိစ္ဆာရ၏။)
* ကထံ ကထာ ဧတဿ အတ္ထီတိ ကထံကထီ။(ကထံ ကထာပုဒ်+ဤပစ္စည်း။ယုံမှားခြင်းဝိစိကိစ္ဆာရှိသူ)
* န+ကထံကထီ အကထံကထီ။

✔ န–ပုဒ်, ကထံကထီပုဒ်သည်၄င်း, န–အရ ပဋိသေဓဘောဂုဏ်၏+ဘုရားရှင်နှင့် ဂုဏ်+ဂုဏေး–စပ် ဗျု–နိ။

✔ ဝိစိကိစ္ဆာရှိသူမဟုတ်သည်၏ အဖြစ်တည်းဟူသောဂုဏ်သည် (ဝါ) ဘုရားရှင်၏ တစ်ဆူသည် တစ်ဆူနှင့်–ဓာတ်သည် ပ–နိ။

(ဤကား ဘာသာဋီ၊၁၃၀၉။တိုက်ရိုက်လာသည့်ဝိဂ္ဂဟတည်း။)

http://www.dhammadownload.com



မင်းခင်းဂဏ္ဌိသစ်–၃၃၅–၌“အကထံကထီ–သို့လော,သို့လော–ဟု တွေးတောခြင်းမရှိ–ဟူ၍ အနက်
ပေးပြီးလျှင် ကထဋ္ဌ ကထဋ္ဌ ကထံကထံ၊ ကထံကထံ ဧတဿ အတ္ထီတိ
ကထံကထီ။ န+ကထံကထီ အကထံကထီ”ဟု ဝစနတ္ထပြုသည်။
သီလက္ခန်ဋီကာသစ်၃။၁၂၇–၌ကား–“ကထမိဒံ ကထမိဒ”န္တိ ပဝတ္တတီတိ ကထံကထာ။ ဝိစိကိစ္ဆာ။
သာ(ကထံကထာ)အဿ အတ္ထီတိ ကထံကထီ။ န+ကထံကထီ
အကထံကထီ–ဟုပြုသည်။

“ဝစနတ္ထမှတ်ဖွယ်”

* သတ္တာနံ ဓီဝိတံ အသတိ ခေပေတီတိ အဒ္ဓါ။ (အသု–ဓာတ်+ခ–ပစ္စည်း။ ကုန်စေခြင်းကြိယာ)
* အဒ္ဓါပတိ+ဝိမုတ္တံ အဒ္ဓါဝိမုတ္တံ။ (အသင်္ခတ)
* အာဇာနိယတ္တာတိ အညာတံ။ (အာ+ဉာ+တ)
* န+အညာတံ အနညာတံ။ ပဿီယတ္တာတိ ဒိဋ္ဌံ။ န+ဒိဋ္ဌံ အဒိဋ္ဌံ။
* တုလီယတ္တာတိ တုလိတံ။ (တုလ+တ။ နှိုင်းချိန်ခြင်းကြိယာ။)
* န+တုလိတံ အတုလိတံ။
* ဓောတီယတေတိ ဓောတိတံ။ န+ဓောတိတံ အဓောတိတံ။
* တီရိယတ္တာတိ တီရိတံ။ (တီရ+တ။ အမှုကိုပြီးဆုံးစေခြင်း, ဆုံးဖြတ်ခြင်း။)
* န+တီရိတံ အတီရိတံ။
* ပဿီယတ္တာတိ ဒိဋ္ဌံ။ န+ဒိဋ္ဌံ အဒိဋ္ဌံ။ (လက္ခဏာ)
* ဓောတီယတိ ဧတာယာတိ ဓောတနာ။
* အဒိဋ္ဌဿ+ဓောတနာ အဒိဋ္ဌဓောတနာ။

(တနည်း) အဒိဋ္ဌံ ဓောတီယတိ ဧတာယာတိ အဒိဋ္ဌဓောတနာ။
(အဒိဋ္ဌ–အရ မိမိပညာဖြင့် မသိမမြင်နိုင်သောအမှတ်မရှိသော သဘောလက္ခဏာ၏+ ဓောတနာ–အရ
ထွန်းပြကြောင်း–သိကြောင်းဖြစ်သောပုစ္ဆာနှင့် သဘာဝ+သဘာဝဝဏ္ဏစပ်။)

* ပုစ္ဆနံ ပုစ္ဆာ။ ပုစ္ဆတိ ဧတာယာတိ ဝါ ပုစ္ဆာ။ (ပုစ္ဆ+အ)
* အဒိဋ္ဌဓောတနာ စ သာ ပုစ္ဆာစာတိ အဒိဋ္ဌဓောတနာပုစ္ဆာ။
* သံသန္ဒီယတိ ဧတာယာတိ သံသန္ဒနာ။ (သံ+သန္ဒ+ဓာတ်+ယု။ အညီအညွတ်နှီးနှောခြင်း။)
* ဒိဋ္ဌဿ+သံသန္ဒနာ ဒိဋ္ဌသံသန္ဒနာ။

(တနည်း) ဒိဋ္ဌံ သံသန္ဒတိ ဧတာယာတိ ဒိဋ္ဌသံသန္ဒနာ။
(မိမိပညာဖြင့် သိမြင်အပ်ပြီးသော အမှတ်မရှိသောသဘောလက္ခဏာ၏+နှီးနှောကြောင်း ပုစ္ဆာနှင့် သဘာဝ+
သဘာဝဝဏ္ဏစပ်။)

* ဝိဝိဓေန အာကာရေန မညတီတိ ဝိမတိ။ (ဓာန်ဋီ) (ဝိ+မန+တိ)
* ဆိန္ဒတိ ဧတာယာတိ ဆေဒနာ။ (ဆိဒိ+ယု)
* ဝိမတိယာ+ဆေဒနာ ဝိမတိစ္ဆေဒနာ။

(တနည်း) ဝိမတိံ ဆိန္ဒတိ ဧတာယာတိ ဝိမတိစ္ဆေဒနာ။ (ယုံမှားခြင်းကို ဖြတ်ကြောင်းဖြစ်သောပုစ္ဆာ။)

* အနုဓာနနံ အနုမတိ။ (အနု+မန+တိ) (ရှု–၂၇၁။)
* အနုမတိယာ ဆန္ဒဿ + ပုစ္ဆာ အနုမတိပုစ္ဆာ။

(သုဏာန္တပုဂ္ဂိုလ်တို့၏ အလိုကို+ဘုရားအစရှိသည်တို့၏မေးခြင်း (ဝါ)မေးကြောင်းဖြစ်သောပုစ္ဆာ။)

http://www.dhammadownload.com



* ကာမေတီတိ ကာမော။ ကထေတုံ+ကာမော ကထေတုကာမော။ (ပုဂ္ဂိုလ်ရှေ၏)
* ကထေတုကာမဿ+ဘာဝေါ ကထေတုကမျံ။ (ဆန္ဒရှေ၏)
* ကထေတုကမျံဧဝ ကထေတုကမျတာ။
* ကထေတုကမျတာဝသေန+ပဝတ္တာ+ပုစ္ဆာ ကထေတုကမျတာပုစ္ဆာ။
(ဖြေခြင်းငှါအလိုရှိသည်၏အဖြစ်ဖြင့်ဖြစ်သောပုစ္ဆာ။)
* သဘာဝံ ဝိစိနန္တော ကိစ္ဆတိ ကိလမတိ တောယာတိ ဝိစိကိစ္ဆာ။ (ဝိ+ကိတ+ဆ+အ။ထီ-အာ)
* အတရိယိတ္တာတိ တိဏ္ဏာ။ (တရ+ဟ။ လွန်မြောက်ခြင်း)
* တိဏ္ဏာ ဝိစိကိစ္ဆာ ယေနာတိ တိဏ္ဏဝိစိကိစ္ဆော။
✔လွန်မြောက်အပ်ပြီးသော ဝိစိကိစ္ဆာ၏ (ဝါ)ဝိစိကိစ္ဆာမရှိခြင်း၏+မြတ်စွာဘုရားနှင့်ဂုဏ်+ဂုဏောဗစ် ဗျူ-နိ။
✔ ဝိစိကိစ္ဆာမရှိခြင်းဂုဏ်သည် ပ-နိ။
* ဝိဟညိတ္တာတိ ဝိဟတော။ (ဝိ+ဟန+တ။)
* သံသယနံ သံသယော။ (တနည်း)သမန္တတော သေတီတိ သံသယော။ (သံ+သီ+ဏ)
* ဝိဟတော သံသယော ယေနာတိ ဝိဟတသံသယော။
(ပယ်ဖျောက်အပ်ပြီးသောယုံမှားခြင်း သံသယ၏+(ဝါ)ယုံမှားသံသယမရှိခြင်း၏+မြတ်စွာဘုရားနှင့်ဂုဏ်+ဂုဏောဗစ်)

## ( ၅ )

အဒ္ဒါ-ကား ကိတ်နာမ်၊ ပုံလိင်၊ ရာဇာဒိ၊ အ-ကာရန္တ။
တိဿော-ကား သချာသဗ္ဗနာမ်၊ ဣတ္ထိလိင်၊ သဗ္ဗနာမ်၊ ဣ-ကာရန္တ။
အတ္တနော-ကား ကိတ်နာမ်၊ ပုံလိင်၊ ရာဇာဒိ၊ အ-ကာရန္တ။
ဗြဟ္မနော-ကား ကိတ်နာမ်၊ ပုံလိင်၊ ရာဇာဒိ၊ အ-ကာရန္တ။
ဝိမတိ-ကား ကိတ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ-ကာရန္တ။
ဣတရာ-ကား သဗ္ဗနာမ်၊ ဣတ္ထိလိင်၊ ကညာဒိ(သဗ္ဗနာမ်)၊ အာ-ကာရန္တ။
ဒွေ-ကား သချာသဗ္ဗနာမ်၊ ဣတ္ထိလိင်၊ သဗ္ဗနာမ်၊ ဣ-ကာရန္တ။

## ( ၆ )

### (င)(စ)ဝါကျ ဗျတိရေက, အနွယ အာ+သံ

(င)ဝါကျသံဝဏ္ဏနာပါဠ်ဖြင့် ဘုရားရှင်အား အဒိဋ္ဌဇောတနာပုစ္ဆာ, ဒိဋ္ဌသံသန္ဒနာပုစ္ဆာ, ဝိမတိစ္ဆေဒနာပုစ္ဆာ သုံးပါးရှိသည်မဟုတ်။ (ဗျတိရေက)။ အနုမတိပုစ္ဆာ, ကထေတုကမျတာပုစ္ဆာ နှစ်ပါးရှိ၏(အနွယ) ဟူသော အဓိပ္ပါယ်ကိုသိစေသည်။

(စ)ဝါကျသံဝဏ္ဏနာပါဠ်ဖြင့် ထိုပုစ္ဆာ ၂-ပါးတို့တွင်လည်း ဤကတမေ ဓမ္မာ ကုသလာ-ဟူသော ပုစ္ဆာကို အနုမတိပုစ္ဆာဟူ၍ မသိအပ်,မသိထိုက်။ (ဗျတိရေက)။ ကထေတုကမျတာပုစ္ဆာ-ဟူ၍ သိထိုက်၏ (အနွယ)ဟူသော အဓိပ္ပါယ်ကိုသိစေသည်။

## ( ၇ )

(က) ဗုဒ္ဓါနဉ္စ-၌ ဟိ-ကား ကရဏတ္ထဇောတက။(တနည်း) ဝိတ္ထာရဇောတက။
(ဂ)(ဃ)တို့၌ ပန-ကား ပက္ခန္တရဇောတက။
(င)ဝါကျ ပန-ကား ပက္ခန္တရဇောတက (တနည်း) အနွယဇောတက။

http://www.dhammadownload.com



(က) တတ္ထ–၌ တ–ကား ဆိုခဲ့ပြီး ပုစ္ဆာငါးမျိုးကိုစွဲ ပဋ္ဋက္ခ။
(ခ)(ဂ)(ဃ)တို့၌ တေန–ဝယ် တ–ကား ရှေးဝါကျရှိ ကြိယာကိုစွဲ အနဘူတ။
(စ) တာသု–၌ တ–ကား ဆိုခဲ့ပြီးသော ပုစ္ဆာနှစ်မျိုးကိုစွဲ ပဋ္ဋက္ခ။

( ၈ )

(ဃ) တိဏ္ဏာဝိစိကိစ္ဆော, ဝိဟတသံသယော–တို့၌ အန္တတ္ထ–အရ–

✔ ဝိစိကိစ္ဆာကိုလွန်မြောက်ခြင်း, သံသယကိုပယ်ဖျောက်နိုင်ခြင်းသည် ဒဿနတ္ထ။
✔ သောတာပတ္တိမဂ်ဉာဏ်ကို ရတော်မူခြင်းသည် ဒီပကတ္ထ။
✔ ဝိမတိစ္ဆေဒနာပုစ္ဆာမရှိခြင်းသည် ပကာသနတ္ထ။
✔ ပါရမီဉာဏ်, ဝိပဿနာဉာဏ်စသည်သည် ဝိဘာဝတ္ထ။
✔ ခပ်သိမ်းသောတရားတို့၌ ယုံမှားသံသယကင်းပျောက်ခြင်းစသည်သည် အနုဘာဝတ္ထ။

(ဂ) ဉာဏေန–အရ သဗ္ဗညုတဉာဏ်ကိုယူ။

( ၉ )

ဝိမတိစ္ဆေဒနာ–ပုဒ်၌ ဝိမတိ–အရ ဝိစိကိစ္ဆာကိုယူ၍ လက္ခဏာဒိစတုက္ကထုတ်။ (ဌ။၃၀၀။)

( ၁၀ )

(ဂ) ဉာဏေန+ပဋိဝိဒ္ဓံ–၌–

ဉာဏေန–အရ သဗ္ဗညုတဉာဏ် ပစ္စည်းတရားက–
ပဋိဝိဒ္ဓံ–၌ ဓာတ်အရ တံသမ္ပယုတ္တခမ္ဗ(မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်)အား သဟဇာတ–ပြု။
ပြိုင်–သဟကြီး–၄၊ အညာ၊ သမ္ပယုတ္တ၊ ဟေတု၊ အဓိ၊ ဣန္ဒြ၊ မဂ်။ (၁၀)

(တနည်း) ဉာဏေန–အရ သဗ္ဗညုတဉာဏ်ပြဋ္ဌာန်းသောမဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် နာမက္ခန္ဓာ ၁–ပါး, ၃–ပါး, ၂–ပါး ပစ္စည်းတရားသည်–
ပဋိဝိဒ္ဓံ–၌ ဓာတ်အရ ထိုစိတ္တုပ္ပါဒ်နာမက္ခန္ဓာ၃–ပါး, ၁–ပါး,၂–ပါးအား သဟဇာတ–ပြု။
ပြိုင်–သဟကြီး–၄၊ အညာ၊ သမ္ပ၊ ဟေ၊ မိ၊ ကံ၊ ဟာ၊ ဣန္ဒြ၊ ဈာ၊ မဂ်။ (၁၃)

ပဋိဝိဒ္ဓံ–၌ ဓာတ်အရ သစ္စ, အသစ္စ ပစ္စည်းတရားသည်–
ဉာဏေန–အရ, ပဋိဝိဒ္ဓံ–၌ ဓာတ် အရ သဗ္ဗညုတဉာဏ်အား အာရမ္မဏ–ပြု။ (ပြိုင်–မရှိ။)

====================

http://www.dhammadownload.com



## ဝါကျဉယျာဉ် ( ၆၄ )

(က) တတ္ထ "ကတမေ"တိ ပဒေန နိဒ္ဒိသိတဗ္ဗဓမ္မေ ပုစ္ဆတိ၊

(ခ) "ဓမ္မာ ကုသလာ"တိ ဟိ ဝစနမတ္တေန "ကိံ ကတာ, ကိံ ဝါ ကရောန္တိ"တိ န သက္ကာ ဉာတုံ။

(ဂ) "ကတမေ"တိ ဝုတ္တေ ပန တေသံ ပုဋ္ဌဘာဝေါ ပညာယတိ၊

(ဃ) တေန ဝုတ္တံ "ကတမေတိပဒေန နိဒ္ဒိသိတဗ္ဗဓမ္မေ ပုစ္ဆတီ"တိ။

(င) "ဓမ္မာ ကုသလာ"တိပဒဒွယေန ပုစ္ဆာယ ပုဋ္ဌဓမ္မေ ဒဿေတိ၊

(စ) တေသံ အတ္ထော ဟေဋ္ဌာ ပကာသိတောဝ။

ဋ္ဌ။၉၈။ ယောဇနာ။၇၈။ ပြည်သျှ။၃၅၉။ ဘာသာဋီ။ဒု။၁၀။ ကျော်စံ-ဂဏ္ဌိ။၂၂၇။ မင်းခင်းဂဏ္ဌိ။၃၃၅။

===================

### ( ၁ )

(က) တတ္ထ-ထို ကတမေ ဓမ္မာ ကုသလာ-ဟူသောပုစ္ဆာစကားရပ်၌။ (ဝါ) ထို ကတမေ ဓမ္မာ ကုသလာ-ဟူသောပုဒ်တို့တွင်။

(ခ) ဟိ-သစ္စံ-၏။ (ဝါ)ဟိယသ္မာ-ကြောင့်။ ဓမ္မာကုသလာတိ-ဟူသော။ ဝစနမတ္တေန-ဖြင့်။ ကိံ-သို့။ ဓမ္မာ-တို့ကို။ ဘဂဝတာ-သည်။ ကတာ-ပြုအပ်ကုန်သနည်း။ ကိံဝါ-အသို့မူလည်း။ ဓမ္မာ-တို့သည်။ ကရောန္တိ-နည်း။ ဣတိ-သို့။ ဉာတုံ-ငှါ။ နသက္ကာ-ကောင်း။

(ဂ) ပန-ထိုသို့မဟုတ်။ (ပြည်သျှ)

ပန-အနွယကား။ (ဘာသာဋီကာ)

ပန-ကတမေ-ဟုဟောခြင်း၏ အကျိုးကိုဆိုဦးအံ့။ (မင်းခင်းဂဏ္ဌိသစ်။)

### ( ၂ )

#### (ခ) သို့ ဋ္ဌပနာဘောဂါဒိပဋ္ဌက

ဆရာ-သည် (က)ဝါကျဖြင့် ကတမေ ဓမ္မာ ကုသလာ-ဟူသောပုဒ်တို့တွင် ကတမေ-ဟူသော ပုဒ်ဖြင့် နိဒ္ဒိသိတဗ္ဗဓမ္မတို့ကိုမေးတော်မူ၏-ဟုပြဆိုတော်မူ၏။ ထို-သော် ဆရာစကားသည် ယုတ္တိကင်းပဒဋ္ဌီယမျှသာဖြစ်၍ ဒဋ္ဌိကရဏနှင့်ကင်း၍ မသင့်ရာသည်မဟုတ်ပါလော-စသည်တက်။

#### (ဃ) သို့ ပါပနာဒိပဋ္ဌက

ဆရာ-သည် (ဂ)ဖြင့် ကတမေ-ဟူသောပုဒ်ကို ဟောအပ်သည်ရှိသော် ထိုကုသိုလ်တရားတို့၏ မေးအပ်သည်၏အဖြစ်ထင်ရှား၏-ဟုဆိုတော်မူ၏။ ထို-သော် ယင်းသို့ဆိုတော်မူသဖြင့် တစ်စုံတစ်ခုရအပ်သော အကျိုးဂုဏ်မရှိဟူသောအနက်သည် ရောက်ရာ၏-စသည်ဖြင့် လဒ္ဓဂုဏ်ထုံးစံတက်။

### ( ၃ )

(ခ)ဖြင့် ဝိရောဓိဒေါသ, ဩစိတျဟီန-ကို ပယ်သည်။

(ဂ)ဖြင့် ကတမေ-ဟူသောပုဒ်ကို ထည့်ဟောရခြင်းအကျိုးကိုပြသောကြောင့် နိရတ္ထကဒေါသကို ပယ်သည်။ (မင်းခင်းဂဏ္ဌိ)

http://www.dhammadownload.com



(တနည်း) ဗျတိရေကမှတပါး အနွယ-ကို ပြသောကြောင့် အဗျာပိတ-ကို ပယ်သည်။

(ဃ)ဖြင့် ရအပ်သောအကျိုးဂုဏ်ကိုပြ-နိရုတ္တက ပယ်။

(တနည်း) နိဂုံးကိုပြ-အဗျာပိတဒေါသ-ပယ်။

(င)ဖြင့် ဓမ္မာ, ကုသလာ နှစ်ပုဒ်ဖြင့် မေးအပ်သော ပုစ္ဆဓမ္မတို့ကိုပြသောကြောင့် အဗျာပိတ-ပယ်သည်၊

(စ)ဖြင့် ဓမ္မာ ကုသလာ-ပုဒ်တို့၏အနက်ကို အတိဒေသနည်းဖြင့်ပြ-ကြောင့် ဂန္ထဂရု,အဗျာပိတပယ်

( ၄ )

- နိဒ္ဒိသီယန္တေတိ နိဒ္ဒိသိတဗ္ဗာ။ (နိ+ဒိသ+တဗ္ဗ။) (အကျယ်ပြခြင်းကြိယာ။)
- နိဒ္ဒိသိတဗ္ဗာ စ တေ ဓမ္မာစာတိ နိဒ္ဒိသိတဗ္ဗဓမ္မာ။
- ဝုစ္စတေတိ ဝစနံ။ ဝုစ္စတိ ဧတေနာတိ ဝါ ဝစနံ။ (ဝစ+ယ)
- ဝစနံယေဝ မတ္တံ ဝစနမတ္တံ။
- ပုစ္ဆီယန္တေတိ ပုစ္ဆာ။ (ပုစ္ဆ+တ။ မေးအပ်ကုန်သော ကုသလဓမ္မ)
- ပုစ္ဆာနံ+ဘာဝေါ ပုစ္ဆာဘာဝေါ။
- ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ။ (ပဒ+အ)
- ဒွိန္နံ သမူဟော ဒွယံ။ (ဒွိ+ဏ) ပဒါနံ+ဒွယံ ပဒဒွယံ။
- ပကာသီယိတ္ထာတိ ပကာသိတော။ (ပ+ကာသ+တ)

( ၅ )

ကတမေ-ကား သဗ္ဗနာမ်၊ ပုံလိင်၊ ပုရိသာဒိ(သဗ္ဗနာမ်ဂိုဏ်း) အ-ကာရန္တ။

သင်္ကာ-ကား အာချာတပဋိရူပကနိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ အာ-ကာရန္တ။

◆ သင်္ကာတိ သင်္ကောတိ အာချာတပဒေန သမာနတ္ထော ပဋမန္တနိပါတော။ (မဏိမဉ္ဇူ၊၂။၆၅။)

ဥာတုံ-ကား နိပါတ် (ကိတ်အဗျယ) အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟီတန္တ။

ပညာယတိ-ကား အာချာတ်၊ အလိင်၊ ကီယာဒိ၊ အာ-ကာရန္တ။

ဟေဋ္ဌာ-ကား သတ္တမျန္တနိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ အာ-ကာရန္တ။

( ၆ )

(က)ဖြင့် ကတမေ ဓမ္မာ ကုသလာ-၌ ကတမေသဒ္ဒါ၏ ပုစ္ဆာသဗ္ဗနာမ်၏အဖြစ်ကိုငှင်း၊ မေး ဂ္ဂသည် ဥဒ္ဒိသိတဗ္ဗဓမ္မကို မေးသည်မဟုတ်၊ နိဒ္ဒိသိတဗ္ဗဓမ္မတို့ကိုမေး၏-ဟူသော အဓိပ္ပါယ်ကိုငှင်း သိစေသည

(င)ဖြင့် ဓမ္မာ,ကုသလာ ပုဒ် ၂-ပါးဖြင့် ကတမေ-ဟူသောပုစ္ဆာဖြင့်မေးအပ်သော ဓမ္မတို့ကို ပြ၏-

သိစေသည်။

(တနည်း) ဓမ္မာ ကုသလာ-အရ ကတမေ-ဟူသောပုစ္ဆာဖြင့် မေးအပ်သော ဓမ္မတို့ကိုယူ-သိစေ။

( ၇ )

(ခ)ဝစနမတ္တေန-၌ မတ္တ၏ ဂဟေတဗ္ဗတ္ထ-စသည်-

| | |
|---|---|
| ✔ ဓမ္မာ ကုသလာ-ဟူသော သဒ္ဒါသည် | ဂဟေတဗ္ဗတ္ထ။ |
| ✔ ကတမေဟူသောသဒ္ဒါသည် | နိဝတ္တေတဗ္ဗတ္ထ။ |

http://www.dhammadownload.com



(စ)ဟေဋ္ဌာ ပကာသိတောဝ–၌–

✔ မာတိကာ ကုသလတိက်အဖွင့်၌ ပြအပ်ခဲ့ပြီးသော အနက်သည် ဂဟေတဗ္ဗတ္ထ။

✔ မပြအပ်သေးသောအနက်သည် နိဝတ္တေတဗ္ဗတ္ထ။

(ဂ) တေသံ–၌ တ–ကား ဆိုခဲ့ပြီးကုသိုလ်တရားတို့ကိုစွဲ–ပက္ကန္တ။

(ဃ)တေန–၌ တ–ကား အနုဘူတဝိသယ။ (ကြိယာကိုစွဲ။)

(စ) တေသံ–၌ တ–ကား ဆိုခဲ့ပြီး ကုသိုလ်တရားတို့ကိုစွဲ–ပက္ကန္တ။

( ၈ )

ဒသ္သေတိ–အရ ဘုရားရှင်၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုယူ၍ ဒဿနတ္ထစသည်ထုတ်။
ပကာသိတော–၌ ပ–ကာသု–ဓာတ်အရ ရှင်မဟာဗုဒ္ဓဃောသ၏ သန္တာန်၌ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ၍ထုတ်။

( ၉ )

(က) နိဒ္ဒိသိတဗ္ဗဓမ္မ–အရ ကုသိုလ်ဓမ္မကိုယူ၍ လက္ခဏာဒိထုတ်။

( ၁၀ )

(ဃ) ဝုတ္တံ–၌

ဝစဓာတ်အရ အဋ္ဌကထာဆရာ၏သန္တာန်၌ဖြစ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် – တ–ပစ္စည်းအရ “ကတမေ ဓမ္မာတိ ပဒေန နိဒ္ဒိသိတဗ္ဗဓမ္မေ ပုစ္ဆတိ”–ဟူသောဝစီဘေဒသဒ္ဒအား သဟဇာတ–ပြု။

(စ) အတ္ထော ပကာသိတောဝ–၌–

အတ္ထော–အရ ဓမ္မာ ကုသလာ–ဟူသော ပုဒ်၏အနက်ဟူသော အတ္ထပညတ် ပစ္စည်းတရားသည်– ပ–ကာသု–ဓာတ်အရ အဋ္ဌကထာဆရာ၏ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု။

=====================

## ဝါကျဥယျာဉ် ( ၆၅ )

(က) ကသ္မာ ပနေတ္ထ မာတိကာယံ ဝိယ “ကုသလာ ဓမ္မာ”တိ အဝတွာ “ဓမ္မာ ကုသလာ”တိ ပဒါနုက္ကမော ကတောတိ။

(ခ) ပဘေဒတော ဓမ္မာနံ ဒေသနံ ဒီပေတွာ ပဘေဒဝန္တဒဿနတ္ထံ။

(ဂ) ဣမသ္မိဉ္စိ အဘိဓမ္မေ ဓမ္မာဝ ဒေသေတဗ္ဗာ၊ တေ စ ကုသလာဒီဟိ ပဘေဒေဟိ အနေကပ္ပဘေဒါ။ တသ္မာ ဓမ္မာယေဝ ဣဓ ဒေသေတဗ္ဗာ။ နာယံ ဝေါဟာရဒေသနာ၊ တေ စ အနေကပ္ပဘေဒတော ဒေသေတဗ္ဗာ၊ န ဓမ္မမတ္တတော။ ပဘေဒတော ဟိ ဒေသနာဃနဝိနိဗ္ဘောဂပဋိသမ္ဘိဒါဉာဏာဝဟာ ဟောတီတိ “ကုသလာ ဓမ္မာ”တိ ဧဝံ ပဘေဒတော ဓမ္မာနံ ဒေသနံ ဒီပေတွာ ဣဒါနိ ယေ တေန ပဘေဒေန ဒေသေတဗ္ဗာ ဓမ္မာ၊ တေ ဒသ္သေတုံ အယံ “ကတမေ ဓမ္မာ ကုသလာ”တိ ပဒါနုက္ကမော ကတောတိ ဝေဒိတဗ္ဗော။

(ဃ) ပဘေဒဝန္တေသု ဟိ ဒဿိတေသု ပဘေဒေါ ဒဿိယမာနော ယုဇ္ဇတိ၊ သုဝိညေယျော စ ဟောတီတိ။

ဋ္ဌ။၉၈။ မူလဋီ။၅၉။ ယောဇနာ။၇၈။ ဘာသာဋီ၊ ၃။၁၀။ ပြည်သျှ။၃၆၀။ ကျော်စံဂဏ္ဌိ။၂၂၈။ မင်းခင်းဂဏ္ဌိ။၃၃၆။

==========================

http://www.dhammadownload.com



( ၁ )

(က) ဧတ္ထ–ဤနိဒ္ဒေသဝါရ၌ (ဝါ) ဤပဒဘာဇနီ၌။

(ဂ) ဟိ–ချဲ့ (တနည်း)ဟိ–ယသ္မာ–ကြောင့်။ ဣမသ္မိံ အဘိဓမ္မေ–၌။ပ။ တသ္မာ–ထိုသို့ပရမတ္ထဓမ္မ တို့၏သာလျှင် ဟောအပ်သည်၏အဖြစ်, တပါးမက များသောအပြားရှိသော ထိုဓမ္မတို့၏လည်း ဟောအပ်သည်၏အဖြစ်ကြောင့်။ (ပြည်သျှ။)

(ဂ) ပဘေဒတော ဟိ ဝါကျ။ ။ ဟိ–အကျိုးကိုဆိုဦးအံ့။(ဝါ)ဟိ–ယသ္မာ–ကြောင့်။ပဘေဒတော။ပ။

(ဃ) ဟိ–အကျိုးကိုဆိုဦးအံ့။ (ဝါ)ဟိ–အသင့်ကိုဆိုအံ့။ (ပြည်သျှ။)
ဟိ–လဒ္ဓဂုဏ်ကိုဆိုဦးအံ့။ (ဘာသာဋီကာ။)

( ၂ )

(ဂ)ဝါကျသို့ ဌပနာဘောဂါဒိပဥ္စက

ဆရာ–သည် (ခ)ဖြင့် ပဘေဒအားဖြင့် သဘာဝဓမ္မတို့ကို ဟောကြောင်းဖြစ်သော မာတိကာကို ပြပြီး၍ ပဘေဒဝန္တဖြစ်သော ဓမ္မတို့ကို ပြခြင်းအကျိုးငှါ (ပြလိုသောကြောင့်) "ကုသလာ ဓမ္မာ"ဟု မဟောဘဲ "ဓမ္မာ ကုသလာ"ဟူသော ပုဒ်အစဉ်ကိုပြုအပ်၏ (ဟောတော်မူ၏)ဟုဆို၏။ ထို–သော် ယင်း (ခ)ဝါကျစကားရပ်သည် အကျဉ်းသခေ်ပမျှသာဖြစ်၍ မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့ မသိအပ်,မသိနိုင်ရကား ယင်းစကားရပ်၏ အနက်အဓိပ္ပါယ် အကျယ်ဝိတ္ထာရကိုလည်း ပြဆိုသင့်သည်မဟုတ်ပါလော စသည်တက်။
သဘာဝတောအဝိဇ္ဇမာနတ္တာ-ဖြင့် ကာလ-၏ ပညတ်မျှသာဖြစ်ရခြင်းသည် ပရမတ္ထသဘောအားဖြင့် ထင်ရှားမရှိသောကြောင့်ပင်ဖြစ်၏ဟုသိစေသည်။

(ဃ) ဖဿဝေဒနာဒီနံ ဓမ္မာနံ ပုဉ္ဇော-ဖြင့် ပုဉ္ဇော ဖဿာဒိဓမ္မာနံ-ကို သဒ္ဒက္ကမရှိတိုင်း အနက်မသမ္ဗန်ရ၊ အတ္ထက္ကမအစဉ်ကျအောင် ဖဿာဒိဓမ္မာနံ ပုဉ္ဇော-ဟု အနက်သမ္ဗန်ရမည်ကိုငှင်း၊ ဖဿာဒိ-၌ အာဒိ၏ အာဒိဝန္တအရ ဝေဒနာစသောတရားတို့ကို ယူရမည်ကိုငှင်း သိစေသည်။

ယော ဧသ သော-ဖြင့် ဖဿာဒိဓမ္မာနံ-တို့၏။ ယော ဧသပုဉ္ဇော-သည်။ အတ္ထိ။ သော-ကို။ သမူဟောတိ-ဟူ၍။ ဝိဘာဝိတော-၏။ ဤသို့ နိယာမာနိယမ ယှဉ်စပ်၍ သမ္ဗန်ရမည်ဟု သိစေသည်။

ဏ္ဍစ-ဖြင့် သမယာ ဏ္ဍစ ဝိညုနာ-ဟူသော ရှေးဆိုခဲ့ပြီးဂါထာမှ ဏ္ဍသဒ္ဒါကို ဤဂါထာသို့ လိုက်စပ်၍ သမ္ဗန်ရမည်ဟုသိစေသည်။

http://www.dhammadownload.com



( ၇ )

(ဂ) ပညတ္တိမတ္တကောဝေ-၌ မတ္တ-ကား အဝဓာရဏတ္ထ။ ဝေ-ကား သန္နိဋ္ဌာနတ္ထ။

✔ မတ္တ-ဖြင့် ကာလ၏ ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိမှုကို ကန့်သည်။

✔ ဝေ-ဖြင့် ပညတ်မျှဖြစ်သော သဘောကို သန္နိဋ္ဌာန်ပြုသည်။

◆ မတ္တ,ဝေ၊ နှစ်ပါးပြကၢ မတ္တ-မြစ်ကန်၊ ဝေ-သန္နိဋ္ဌာန်။ (တွင်းကြီး။)

ဝေါဟာရမတ္တကော, ပညတ္တိမတ္တကော-၌ မတ္တ-သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ ပညတ်သဘောသည် ဂဟေတဗ္ဗတ္ထ။

✔ ပရမတ်သဘောသည် နိဝတ္တေတဗ္ဗတ္ထ။

✔ စိတ္တကာလော-စိတ်၏ဖြစ်ရာအခါ, ရူပကာလော-ရုပ်၏ဖြစ်ရာအခါစသည်တို့၌ ပရမတ္ထဓမ္မကို စွဲမှီနေသေးခြင်းသည် အနုညာတတ္ထ။

( ၈ )

(က)(ဃ) ဝိဘာဝိတော-၌ (အနုတ္တ) ဝိ-ဘူဓာတ်အရ

✔ ပေါရာဏဆရာတို့၏ သတိ,ဝီရိယ,ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

✔ ယောနိသောမနသိကာရသည် ဒီပကတ္ထ။

✔ ပေါရာဏဆရာတို့ဆိုအပ်သော "သမူဟော"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။

✔ သဒ္ဒမ္မသဿဝန, သပ္ပုရိသူပနိဿယ စသည် ဝိဘာဝတ္ထ။

✔ သောတုဇနတို့အတွက် ဖဿစသောတရားတို့၏ အစုအပုံကို သမူဟ-ဟူ၍ သိလာရခြင်းအစ, အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်-အနုဘာဝတ္ထ။

( ၉ )

(ခ)ဓမ္မသဒ္ဒါတို့၏ အဘိဓေယျတ္ထများ

ဓမ္မေ ဝါ-စိတ်,ရုပ်စသော ပရမတ္ထဓမ္မတို့ကိုငှင်း,

ဓမ္မဝုတ္တိ ဝါ-ပရမတ္ထဓမ္မတို့၏ဖြစ်ခြင်းကိုငှင်း,

ဓမ္မပဋိပါဋိ ဝါ-အဋ္ဌကလာပ်ရုပ်တို့၏ဖြစ်စဉ်ကိုငှင်း,

ဓမ္မလက္ခဏံ ဝါ-ပရမတ္ထဓမ္မတို့၏လက္ခဏာကိုငှင်း,

ဓမ္မကိစ္စံ ဝါ-ဝေဒနာ သညာစသော ပရမတ္ထဓမ္မတို့၏ ကိစ္စကိုငှင်း၊ (ပြည်သျှ။၃၇၃။)

✔ ပေါင်းစုသကဲ့သို့ယူအပ်သော ကာလသည်သာ ကာလသင်္ခယမည်၏။

◆ သင်္ခိတာဝိယ ဂယှမာနကာလော ဝေ ကာလသင်္ခယော။ (မူလဋီ။၆၁။)

"အတီတော အနာဂတောတိ အာဒိနာ နယေန ဓမ္မဝုတ္တိ ဝါ-၌ ဓမ္မဝုတ္တိ-ကို စွဲ၍ ကာလများ ဖြစ်ပေါ်လာပုံ"

စိတ် စေတသိက်စသော ပရမတ္ထတရားတို့၏ ဖြစ်ခြင်းကိုစွဲ၍ဖြစ်ခြင်းက လွန်ပြီးဖြစ်လျှင် အတိတ်ကာလဟုငှင်း, ဖြစ်ခြင်းကမလာသေးလျှင် အနာဂတ်ကာလ ဟုငှင်း, ဖြစ်ဆဲဖြစ်လျှင် ပစ္စုပ္ပန်ကာလ ဟု-ငှင်း ပညတ်ရသည်။ (ဘာသာဋီကာ။၃။၂၄။)

( ၁၀ )

(က)တံတံ ဥပါဒါယ ပညတ္တော-၌-

တံတံ-အရ ဓမ္မ, ဓမ္မဝုတ္တိစသောတရားတို့က

ပညတ္တော-၌ ပ-ဥပ(ဝါ) ဉာ-ဓာတ်အရ သညာ-ပညာပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ-ပြု။

========+====:===

## ဝါကျဥယျာဉ် ( ၇၁ )

(က) ဟေတူတိ ပစ္စယောဝေတ္ထ၊ တဿ ဒွါရဝသေန ဝါ။
အနေကဘာဝေါ ဝိညေယျော၊ ပစ္စယာနံ ဝသေန ဝါ။

(ခ) ဧတ္ထ ဟိ ပစ္စယော၀ ဟေတု နာမ။

(ဂ) တဿ ဒွါရာနံ ဝါ ပစ္စယာနံ ဝါ ဝသေန အနေကဘာဝေါ ဝေဒိတဗ္ဗော။

(ဃ) ကထံ? စက္ခုဒွါရာဒီသု ဟိ ဥပ္ပဇ္ဇမာနာနံ စက္ခုဝိညာဏာဒီနံ စက္ခုရူပအာလောကမနသိကာရာဒယော ပစ္စယာ။

(င) မဟာပကရဏေ စ "ဟေတုပစ္စယော အာရမ္မဏပစ္စယော"တိအာဒိနာ နယေန စတုဝီသတိ ပစ္စယာ ဝုတ္တာ၊ တေသု ဌပေတွာ ဝိပါကပစ္စယဉ္စ ပစ္ဆာဇာတပစ္စယဉ္စ သေသာ ကုသလဓမ္မာနံ ပစ္စယာ ဟောန္တိယေဝ။ တေ သဗ္ဗေပိ ဣဓ ဟေတူတိ အဓိပ္ပေတာ။

(စ) ဧဝမဿ ဣမိနာ ဒွါရဝသေန ဝါ ပစ္စယဝသေန ဝါ အနေကဘာဝေါ ဝေဒိတဗ္ဗော။

ဋ္ဌ။၁၀၁။ မူလဋီ။၆၁။ ယောဇနာ။၈၀။ ပြည်သျှ။၃၇၄။ ဘာသာဋီ၊၃။၂၅။ ကျော်စံ-ဂဏ္ဌိ။၂၄၃။ မင်းခင်းဂဏ္ဌိ။၃၄၆။

---

### ( ၁ )

ဟေတူတိ-ဟေတုဟူသော။ (ဧသ-ဧသောသမယော-ကို။) ဧတ္ထတေသို့ အဓိကရဝေ-ဤသမယသဒ္ဒါ၏ အနက်ကို ထုတ်ရာ၌။ ပစ္စယော၀ ဣတိ- ပစ္စည်းဟူ၍သာလျှင်။ ဝိညေယျော-၏။ (ဣတိ-ကျေ။ ဧဝ-ဖြင့် ဟေတုဟေတု, သာဓာရဏဟေတုကိုစင်စေ) တဿ ဟေတုနော-ထိုဟေတုဟုဆိုအပ်သော သမယ၏။ ဒွါရဝသေနဝါ-၄င်း၊ ပစ္စယာနံ-ဟေတုပစ္စည်း, အာရမ္မဏပစ္စည်းစသည်တို့၏။ ဝသေနဝါ- ၄င်း။ အနေကဘာဝေါ-ကို။ ဝိညေယျော-၏။ (ပြည်သျှ။)

(ခ)ဟိ-ချဲ့။

### ( ၂ )

### (က)သို့ အနုသန္ဓေ

ဤသို့ တံတံ ဥပါဒါယ ပညတ္တော-စသော ရှေးဆိုခဲ့ပြီးဝါကျတို့ဖြင့် (သမဝါယော ခဏော ကာလော၊ သမူဟော ဟေတုယေဝစ-၌) ကာလနှင့် သမူဟ -အရကို သရုပ်ထုတ်ချဲ့ပြပြီး၍ ဤယခုအခါ၌ ဟေတုအရကို သရုပ်ထုတ်ပြတော်မူလိုသောဆရာသည် (က)စသည်မိန့်။ (ပဋ္ဌကတက်လွယ်ပြီ။)

ဝါကျခွဲ။ ။ (ခ)(ဂ)ဝါကျတို့ဖြင့် (က)ဂါထာကို ချဲ့ပြသည်။ ထိုတွင်-

(ခ)ဖြင့် ဟေတူတိ ပစ္စယောဝေတ္ထ-ဟူသော ပထမပါဒကို ချဲ့ပြသည်။

(ဂ)ဖြင့် ဒုတိယ, တတိယ, စတုတ္ထပါဒတို့ကို ချဲ့ပြသည်။ ထို့ကြောင့်(ဂ)သည်ပကတိ္တရ။

(ဃ)(င)နှစ်ဝါကျဖြင့် (ဂ)ဝါကျကို ချဲ့ပြသည်။ (ကျမ်းတက်လွယ်ပြီ။)

(ဂ)ဝါကျ၌- ၁။ တဿ ဒွါရာနံ ဝသေန အနေကဘာဝေါ ဝေဒိတဗ္ဗော-ဟု၄င်း,
၂။ တဿ ပစ္စယာနံ ဝသေန အနေကဘာဝေါ ဝေဒိတဗ္ဗော-ဟု ၄င်း၊ အပိုင်း ၂-ခုပါရှိရာတွင်
(ဃ)ဖြင့် ပထမပိုင်းကို ချဲ့ပြသည်။ (င)ဖြင့် ဒုတိယပိုင်းကို ချဲ့ပြသည်။ ထို့ကြောင့် (င)သည် ပကတိ္တရ။

http://www.dhammadownload.com



(င)ဝါကျသို့ ပဋ္ဌကတက်ပုံ

ဆရာ-သည် (ဃ)ဖြင့် ဟေတုၡ ဒွါရတို့၏အစွမ်းဖြင့် အနေကဖြစ်ပုံအကျယ်ကို ပြဆိုတော်မူ၏။ ထို-သော် ဟေတုၡ ဒွါရတို့၏အစွမ်းဖြင့် အနေကဖြစ်ပုံအကျယ်ကိုသာ သိအပ်၏ဟူသောအနက်သည် ရောက်ရာ၏။စင်-ကား ထိုအနက်သည် မရောက်သင့်၊ ထိုသို့-ကြောင့် ဟေတုၡ ပစ္စည်းတို့၏ အစွမ်းဖြင့် အနေကဖြစ်ပုံ အကျယ်ကိုလည်း ပြဆိုသင့်သေး၏ ။ပ။ (င)မိန့်။

( ၃ )

(က) ပက္ခန္တရ၊ အဗျာပိတ, အပရိပုဏ္ဏပယ်။

(တနည်း)ဟေတု အရ ပစ္စယဟေတုကိုယူရမည်၊ ဟေတုဟေတု, သာဓာရဏဟေတုတို့ကိုမယူရ-ဟု ဖွင့်ပြသောကြောင့် အတိဗျာပိတဒေါသကို ပယ်သည်။

(ခ)(ဂ)တို့ကား ဝိတ္ထာရ။ ပုနရုတ္တိ၊ ဝိရောဓိကိုပယ်သည်။

ထိုတွင် (ဂ)ပက္ခန္တရ၊ အဗျာပိတ, အပရိပုဏ္ဏပယ်သည်။

(ဃ)(င)တို့ကား ဝိတ္ထာရ၊ ပုနရုတ္တိ၊ ဝိရောဓိကိုပယ်သည်။

ထိုတွင် (င)ကား ပက္ခန္တရ၊ အဗျာပိတ, အပရိပုဏ္ဏပယ်သည်။

(စ)ကား နိဂမနဝါကျ။ ပုနရုတ္တိပယ်သည်။

(က) ကရိဏ်းပုဒ်များထားရခြင်း

အနေကဘာဝေါ-အရ တစ်ပါးမကများသည်၏အဖြစ်ဟူသည် ဟေတုဟေတု, သာဓာရဏဟေတု, ဥပ္ပဏ္ဍမဟေတုတို့၏ အစွမ်းဖြင့်လည်း များသည်ဖြစ်လေသလောဟု အနေကဘာဝေါပုဒ်၌ အပိုင်းအခြား ကန့်သတ်ချက်မရှိ လျှဉ်းပါးဘွယ်ဖြစ်နေရကား ယင်းကို ပိုင်းခြားကန့်သတ် ဘောင်ခတ်၍ ပြခြင်းငှါ "ဒွါရဝသေန, ပစ္စယာနံ ဝသေန"ဟူသော ကရိဏ်းပုဒ်များကို ထားသည်။

(ဂ) ဝါ သဒ္ဒါထားရခြင်း

✔ ပစ္စည်း၏အစွမ်းဖြင့် အကြောင်း(ဟေတု) များပုံမှတပါး ဒွါရ၏အစွမ်းဖြင့် အကြောင်းများပုံကို လဲလှယ်ပြလို၍ ဒွါရာနံ ဝါ-၌ ဝါ သဒ္ဒါထားသည်။

✔ ဒွါရ၏အစွမ်းဖြင့် အကြောင်းများပုံမှတပါး ပစ္စည်း၏အစွမ်းဖြင့် အကြောင်းများပုံကို လဲလှယ်ပြလို၍ ပစ္စယာနံ ဝါ-၌ ဝါ သဒ္ဒါထားသည်။

( ၄ )

* ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု။

✔ ဟိ-ဓာတ်,တု-ပစ္စည်းသည်၄င်း အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဖြစ်ခြင်းကြိယာသည်၄င်း ဗျု-နီ။

✔ အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဖြစ်ခြင်းကြိယာသည် ပ-နီ။

http://www.dhammadownload.com



"ဝစနတ္ထမှတ်ဘွယ်"

* စက္ခတိ ရူပံ ဝိဘာဝေတီတိ စက္ခု။ (စက္ခ+ဥ)
* ဒွေ ဇနာ အရဉ္ဉေ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတ္ထာတိ ဒွါရံ။ (ဒွိ+အရ+ဏ)
* ဒွါရံ ဝိယာတိ ဒွါရံ။ စက္ခုမေဝ ဒွါရံ စက္ခုဒွါရံ။
* စက္ခုဒွါရံ အာဒိ ယေသန္တိ စက္ခုဒွါရာဒီ။

( ၅ )

စတုဝီသတိ–ကား ဒွန်သမာသ်၊(တနည်း)မဇ္ဈေလောပတတိယာတပ္ပုရိသ်၊ဣတ္ထိလိင်၊ရတ္တာဒိ၊ဣ–ကာရန္တ။ စတ္တာရော စ ဝီသတိ စ စတုဝီသတိ။ (တနည်း) စတူဟိ အဓိကာ ဝီသတိ စတုဝီသတိ–ဟုပြု။

( ၆ )

(က)ဟေတူတိ ပစ္စယော ဝေဒိတဗ္ဗော–ဖြင့် သမဝါယော ခဏော ကာလော၊ သမူဟော ဟေတုယောဝစ–၌ ဟေတုအရ ဟေတုဟေတု, သာဓာရဏဟေတုတို့ကိုမယူရ၊ ပစ္စယဟေတုကို ယူရမည်ဟု သိစေသည်။

တဿ ဒွါရဝသေနဝါ (ပ) ပစ္စယာနံဝသေနဝါ–ဖြင့် ထိုဟေတုသည် တစ်ပါးတည်းမဟုတ်၊ ဒွါရ၏အစွမ်းဖြင့်၄င်း, ပစ္စယတို့၏အစွမ်းဖြင့်၄င်း များသောအပြားရှိ၏ဟု သိစေသည်။

(ခ) ဧတ္ထဟိ ပစ္စယောဝ ဟေတုနာမ–ဖြင့် (က) ဟေတူတိ ပစ္စယော ဝေဒိတဗ္ဗော–ကို ဧတ္ထ၊ ပစ္စယောဝ၊ ဟေတူတိ (ဟေတုနာ နာမ)ဟု အတ္ထက္ကမအစဉ်ကျအောင် အနက်သမ္ဗန်ရမည်ကို၄င်း, ဟေတူတိ၌ ဣတိသဒ္ဒါ၏ နာမအနက်ဟော–၄င်း သိစေသည်။

(ဂ) ဒွါရာနံ ဝသေန–ဖြင့် (က)ဒွါရဝသေန–ကို ဒွါရာနံ ဝသော ဒွါရဝသော (တေန)ဟု ဆဋ္ဌီတပ္ပုရိသ်ဝစနတ္ထပြု–သိစေ။

ဝေဒိတဗ္ဗော–ဖြင့် ဝိညေယျော–၌ ဝိ–ဉာ–ဓာတ်၏ ဗုဇ္ဈနအနက်ဟော၄င်း ဏျပစ္စည်း၏ ကမ္မသာဓန အနက်၌သက်–၄င်း ဝိညာတဗ္ဗောတိ ဝိညေယျော–ဟု–ပြု–၄င်း သိစေသည်။

တဿ ဒွါရာနံ (ပ)ဝေဒိတဗ္ဗော–ဟူသောအပေါင်းသံဝဏ္ဏနာပါဌ်ဖြင့် (က)တဿ ဒွါရဝသေန ဝါ စသော ဂါထာသုံးပါဒကို အတ္ထက္ကမအစဉ်ကျအောင် အနက်သမ္ဗန်ရမည်ဟု သိစေသည်။

(ဃ)(င)ဝါကျတို့ဖြင့် အနေကဘာဝပစ္စယ အရ စက္ခုဝိညာဉ်စသည်တို့၏ အကြောင်းဖြစ်သော စက္ခု,ရူပ,အာလောက,မနသိကာရစသောအကြောင်းမျိုး, မဟာပကရဏပဋ္ဌာန်းကျမ်း၌လာသော ကုသိုလ်ဓမ္မတို့၏ အကြောင်းဖြစ်သော (ဝိပါကပစ္စည်း, ပစ္ဆာဇာတပစ္စည်းမှတပါးသော) နှစ်ဆယ့်နှစ်ပါးသော အကြောင်းပစ္စည်းမျိုးကို ယူရမည်ဟု သိစေသည်။

( ၇ )

(က)ပစ္စယောဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ ပစ္စယဟေတုသည် ဂဟေတဗ္ဗတ္ထ။
✔ ဟေတုဟေတု, သာဓာရဏဟေတုသည် နိဝတ္တေတဗ္ဗတ္ထ။
✔ ပစ္စယအကြောင်းပင်ဖြစ်သော်လည်း ဝိပါကပစ္စည်း,ပစ္ဆာဇာတပစ္စည်းတို့၏ ကုသိုလ်ဓမ္မတို့၏ အကြောင်းမဖြစ်ခြင်း၊ ဤ၌မယူရခြင်းသည် အနုညာတတ္ထ။

http://www.dhammadownload.com



(င)ပစ္စယာ ဟောန္တိယေဝ-၌ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ ဟေတု, အာရမ္မဏာစသော ၂၂-ပစ္စည်းတို့၏ ကုသိုလ်ဓမ္မတို့၏ ပစ္စယဖြစ်ခြင်းသည် ဂဟေတဗ္ဗတ္ထ။
✔ ကုသိုလ်ဓမ္မတို့၏ ပစ္စယမဖြစ်ခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။
✔ ဝိပါက, ပစ္ဆာဇာတ-နှစ်ပစ္စည်းတို့၏ ကုသိုလ်ဓမ္မတို့၏ ပစ္စယမဖြစ်နိုင်ခြင်းသည် အနုညာတတ္ထ။

( ၈ )

(က) ဥပ္ပဇ္ဇမာနာနံ စက္ခုဝိညာဏာဒီနံ-အရ

✔ စက္ခုဝိညာဉ်စသည်သည် ဒဿနတ္ထ။
✔ ပဥ္စဒွါရာဝဇ္ဇန်းသည် ဒီပကတ္ထ။
✔ သမ္ပဋိစ္ဆိုင်းသည် ပကာသနတ္ထ။
✔ အတီတဘဝင် ဘဝင်စလန ဘဝင်ုပစ္ဆေဒတို့သည် ဝိဘာဝတ္ထ။
✔ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော-စသည်သည် အနုဘာဝတ္ထ။

( ၉ )

"သမဝါယနှင့် ဟေတုအထူး"

✔ အကြောင်းတို့၏ညီညွတ်ခြင်းသည် (ဝါ)ညီညွှတ်သောအကြောင်းအပေါင်းသည် သမဝါယ။
✔ တစ်ပါးတပါးသောအကြောင်းသည် ဟေတု။

♦ သမဝါယော ပစ္စယသာမဂ္ဂီ၊ ဟေတု ပန ဧကေကော ပစ္စယောတိ အယမေတေသံ ဝိသေသော။ (မူလဋီ။၆၁)

အမေး။ ။ ကုသိုလ်ကိုပြသောအရာဝယ် စက္ခုဝိညာဉ်စသောဝိညာဉ်တို့၏(စက္ခုပသာဒ၊ ရူပါရုံ၊ အာလောက၊ မနသိကာရ-စသောအားဖြင့်)များသောအကြောင်းတို့ကိုပြခြင်းဖြင့် အဘယ်ကိုပြရာရောက်သနည်း?

အဖြေ။ ။ ။ စက္ခုဝိညာဉ်စသော ဝိညာဉ်တို့၏အကြောင်းများစွာပြခြင်းဖြင့် ထိုထိုစက္ခုဒွါရစသော ငါးဒွါရ၌ ဖြစ်ကုန်သော ကုသိုလ်ဇောတို့၏လည်း ရူပါရုံစသောအာရုံ, ယောနိသောမနသိကာရအားဖြင့် များသော အကြောင်းရှိပုံကိုလည်း ပြရာရောက်သည်ဟူလို။

♦ စက္ခုဝိညာဏာဒီနံ အနေကပစ္စယဒဿနေန တံတံဒွါရိကာနံ ကုသလာနဥ္စ တပ္ပစ္စယတံ ဒဿေတိ။ (မူလဋီ။၆၁။)

( ၁၀ )

(ဃ)စက္ခုဒွါရာဒီသု+ဥပ္ပဇ္ဇမာနံ စက္ခုဝိညာဏာဒီနံ-၌-

စက္ခုဒွါရ-အရ စက္ခုပသာဒသည်-

စက္ခုဝိညာဏ-အရ စက္ခုဝိညာဉ်စိတ်အား နိဿယ၊ ပုရေ၊ ဣန္ဒြိယ၊ဝိပ္ပ၊ အတ္ထိ၊အဝိ။ (၆)ဖြင့်- ပြု။

စက္ခုဝိညာဏံ-၌-

စက္ခု-အရ စက္ခုပသာဒယူ၍ ဝိညာဏံ-အရ စက္ခုဝိညာဏ်ဓာတ်ယူ၍ ယခင်အတိုင်း (၆)ပစ္စည်း။

စက္ခုရူပအာလောကမနသိကာရာဒယော-၌-

ရူပါရုံသည် စက္ခုဝိညာဏ်အား အာ၊ ပု၊ အတ္ထ၊ အဝိ။ (၄)။

အာလောကမနသိကာရ-သည် စက္ခုဝိညာဏ်အား ပကတူပ-ပြု။

===============

http://www.dhammadownload.com



# ကာမာဝစရကုသလဝဏ္ဏနာ

## ဝါကျဥယျာဉ် (၇၂)

(က) ကသ္မာ ပန ေဧတသု ယံကိဉ္စိ ဧကံ အပရိဂ္ဂဟေတွာ သဗ္ဗေသံ ပရိဂ္ဂဟော ကတောတိ?

(ခ) တေန တေန တဿ တဿ အတ္တဝိသေသဿ ဒီပနတော။

(ဂ) ဧတေသု ဟိ သမဝါယသဒ္ဒေါတော သမယော အနေကဟေတုတော ဝုတ္တိံ ဒီပေတိ။ တေန ဧကကာရဏဝါဒေါ ပဋိသေဓိတော ဟောတိ။

(ဃ) သမဝါယော စ နာမ သာဓာရဏဖလနိပ္ဖါဒနေ အညမညာပေက္ခာ ဟောတိ။ တသ္မာ "ဧကော ကတ္တာ နာမ နတ္ထီ"တိ ဉာပမ္ပိ အတ္ထံ ဒီပေတိ၊

(င) သဘာဝေန ဟိ ကာရဏေ သတိ ကာရဏန္တရာပေက္ခာ အယုတ္တာတိ။

(စ) ဧဝံ ကေဿ ကဿစိ ကာရကဿ အဘာဝဒီပနေန "သယံ ကတံ သုခဒုက္ခ"န္တိ အာဒိ ပဋိသေဓိတံ ဟောတိ။

(ဌ။ ၁၀၂။ မူလဋီ။၆၁။ ယောဇနာ။၈၀။ ပြည်သျှ။၃၇၆။ ဘာသာဋီ၊ဒု၊၂၆။ ကျော်စံဂဏ္ဌိ။၂၃၄။ မင်းခင်းဂဏ္ဌိ။၃၄၇။)

======================

(၁)

(က) ကတော၏ကတ္တားကို အဋ္ဌကထာစရိယေဟိ–ဟုထည့်။

(ခ) ဟိ–ချဲ့။ ဧတေသု–တို့တွင်။ သမဝါယသဒ္ဒေါတော–သမဝါယဟုဆိုအပ်သော။ သမယော–သမယသည်။ (ဝါ)ညီညွတ်သောအကြောင်းအပေါင်းသည်။ (အနက်ရ၏။) (တနည်း) သမဝါယသဒ္ဒေါတော–သမဝါယအနက်ရှိ၏ဟုဆိုအပ်သော။ သမယော–သမယ သဒ္ဒါသည်။ (သဒ္ဒါရ၏။) အနေကဟေတုတော–တပါးမကများစွာသောအကြောင်းကြောင့်။ (ဓမ္မာနံ–ကုသိုလ်စသော တရားတို့၏။) ဝုတ္တိံ–ဖြစ်ခြင်းကို။ ဒီပေတိ–၏။

- ပရိဂ္ဂဟော ကတော အဋ္ဌကထာစရိယေဟိ။ (မူလဋီ။၆၁။)
- ဝုတ္တိန္တိ ဓမ္မာနံ ဝုတ္တိံ။ (ယောဇနာ။၈၀။)

(ဃ) စ–ဆက်။(ပြည်သျှ) စ–သည်သာမကသေး။ (ဘာသာဋီကာ)

(၂)

(က)စသည်သို့ ဌပနာပဋ္ဌကတက်ပုံ

ဆရာ–သည် ဧဝမနေကေသု သမယေသု သမဝါယော ခဏော ကာလော–အစရှိသော ရေးဆိုခဲ့ပြီးသောဝါကျတို့ဖြင့် သမဝါယအစရှိသောငါးပါးသောအနက်တို့ကို ဤကုသိုလ်အရာ၌ သမယသဒ္ဒါဖြင့် သိမ်းယူအပ်၏–ဟု ဖွင့်ပြဆိုတော်မူ၏။ ထို–သော်လည်း ဧကော သဒ္ဒေါ ဧကတ္ထံ ဝဒတိ–ဟူသည်နှင့်အညီ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ–၌ သမယသဒ္ဒါသည် တစ်ခု တည်းသာဖြစ်၍ တစ်နက်တည်းကိုသာ ဟောဆိုနိုင်သည်မဟုတ်ပါလော။ (ပ) အဘယ့်ကြောင့် တစ်ပါးပါးကိုမယူဘဲ အနက်ငါးပါးလုံးကို သိမ်းယူအပ်ပါသနည်း။ စုဒ်ကြောင့် (က)စသည်မိန့်။

http://www.dhammadownload.com



## (ဂ) သို့ ပဥ္စက

ဆရာ-သည် (ခ)ဖြင့် သမဝါယစသော သမယထိုထိုဖြင့် ထိုထိုသို့သော အနေကဟေတုဝုတ္တိ-အစရှိသော အနက်ထူးကို ပြနိုင်သောဟုဆို၏။ထို-သော် မည်သည့်အနက်ရှိသော သမယသဒ္ဒါဖြင့် မည်သည့် အနက်ထူးကိုပြသည်ဟု အကျယ်အားဖြင့် မသိအပ် မသိနိုင်ရာသည်မဟုတ်ပါလော။ (ပ) စုဒ်ကြောင့် (ဂ)မိန့်။

◆ ဟေတုနောက်မှာ၊ ဟိရောက်လာ၊ ချဲ့ကာယူလေမင်း။

ယင်း (ဂ) ဝါကျတွင် ဝုတ္တိ'ဒီပေတိ-၏ လဒ္ဓဂုဏ်ကိုပြလိုရကား တေန ကေကာရဏာဝါဒေါ ပဋိသေဓိတော ဟောတိ-ကိုမိန့်။ (ပြည်သျ။၃၇၆။) လဒ္ဓဂုဏ်ထုံးစံအတိုင်း ပဥ္စကတက်လေ။

ဘာသာဋီ၌- "ဤ-တေန-စသောဝါကျသည် ဖလဝါကျတည်း။ သမဝါယအနက်ဟော သမယ-သဒ္ဒါက ကုသိုလ်ဟူသမျှ၏ အနေကဟေတုကြောင့် ဖြစ်ရပုံကိုပြသဖြင့် အဘယ်အကျိုးရပါသနည်းဟု မေးဘွယ်ရှိသောကြောင့်-တေန-စသည်မိန့်"ဟု ကျမ်းတက်ပြသည်။

## (ဃ)သို့ ပါပနာဒိပဥ္စက

ဆရာ-သည် (က)ဝါကျဖြင့် သမယဟုဆိုအပ်သော သမယ-သဒ္ဒါသည် အနေကဟေတုကြောင့် ကုသိုလ်စသောဓမ္မတို့၏ ဖြစ်ခြင်းကိုပြ၏ဟု ဆိုတော်မူ၏။ထို-သော် သမဝါယ-ဟုဆိုအပ်သော သမယသည် အနေကဟေတုတော ဝုတ္တိ' ဒီပေတိ-ဟူသော အနက်ထူးတမျိုးကိုသာ ပြနိုင်၏ဟူသော အနက်သည်ရောက်ရာ၏။ (ပ) ဤမှတပါး တခြားပြနိုင်သောအနက်ထူးကိုလည်း ပြဆိုသင့်သေး၏။ (ပ) စုဒ်ကြောင့် (ဃ)မိန့်။

(ဣမဿ အတ္ထ-၌ သမုစ္စယတ္ထ-ပိ-ကိုရှု၍တက်သည်။)

* နောက်သမုစ္စယ၊ အဖြေပြ၊ ဝေအာဘော်ဆင်။

ဤ (င)ဝါကျကို ပြည်နီသျ-၌ ထိုဆိုအပ်ပြီးသောအနက်တို့ကို ယုတ္တိအားဖြင့်ချဲ့လိုရကား "သဘာဝေန ဟိ"စသည်ကို မိန့်-ဟု ဝိတ္ထာရယူ၍ ကျမ်းတက်သည်။

ဘာသာဋီကာ-၌ နောက်၌ ဣတိသဒ္ဒါပါသောကြောင့် ဥာပကဟေတုဝါကျ-ဟုယူသည်။

ဟိ-ချဲ့။ (ပြည်သျ) ဟိ-ယသ္မာ-ကြောင့်။ (ဘာသာဋီ) ဟိ-သစ္စံ (မင်းခင်းဂဏ္ဌိ။ ယောဇနာ။)

## (င)သို့ ပဥ္စကတက်ပုံ

ဆရာ-သည် (ဃ)ဝါကျဖြင့် သမဝါယဟုဆိုအပ်သော သမယသဒ္ဒါသည် ဧကော ကတ္တာနာမ နတ္ထိ-ဟူသော အနက်ထူးကိုလည်း ပြနိုင်၏ဟုဆိုတော်မူ၏။ထို-သော် ထိုအနက်ထူးကို ပြနိုင်၏ ဟူသော ဆရာ့စကားသည် အကြောင်းယုတ္တိမရှိက မသင့်တန်ရာသည်မဟုတ်ပါလော။ (ပ) အဘယ့်ကြောင့် ယင်းအနက်ထူးကို ပြနိုင်ကြောင်းကို သိအပ်ပါသနည်း။ စုဒ်ကြောင့်-(င)မိန့်။

အဓိပ္ပါယ်ကား။ ။ပင်ကိုယ်သဘောအားဖြင့် စက္ခုပသာဒ ရူပါရုံ အာလောက မနသိကာရ-ဟူသော ကိုယ်ပိုင်အကြောင်းရှိနေပါလျက် စီမံဖန်ဆင်းတတ်သူဟူသောအကြောင်းတမျိုးကို ရှုငဲ့နေ ခြင်းသည် မသင့်သော ရှုငဲ့ခြင်းဖြစ်သောကြောင့် "ဧကော ကတ္တာ နတ္ထိ"ဟူသော အနက်ထူးကိုလည်း သမယသဒ္ဒါက ပြကြောင်းကို သိရပါ၏ဟုလိုသော်။ (ဘာသာဋီကာ-၁။၂၉-ရှု။)

(စ) ဧကော ကတ္တာနာမ နတ္ထိ-၏အကျိုးကိုပြလို၍ ဓဝံ-စသည်မိန့်။ (ပြည်သျ။၃၈၀။ ကျော်စံဂဏ္ဌိ။၂၃၄။)

(ဃ)ဝါကျကိုပင် ဋ္ဌပနာထား၍ လဒ္ဓဂုဏ်ထုံးစံအတိုင်း ပဥ္စကတက်လေ။

http://www.dhammadownload.com



(၃)

(က) ကထေတုကမျတာပုစ္ဆာပြ ဝါကျာရမ္ဘ၊ အဗျာပိတ-ပယ်။

(ခ) ဝိသဇ္ဇနာပြ- ပက္ခန္တရ။ အဗျာပိတ-ပယ်။

(ဂ) ဝိတ္ထာရ။ ပုနရုတ္တိ။ ဝိရောဓိပယ်။

(ဃ) ဝါကျာရမ္ဘ (တနည်း) ပက္ခန္တရ။ အဗျာပိတ-ပယ်။

ယင်း (ဃ)၌ တသ္မာ ကောေ ကတ္တာ-စသည်ကား လဒ္ဓဂုဏ။ နိရတ္ထကဒေါသ-ပယ်။

(င) ပြည်သျှ အလို ဝိတ္ထာရ။ ပုနရုတ္တိ-ဝိရောဓိ-ပယ်။ယောဇနာနှင့်မင်းခင်းဂဏ္ဌိ အလို ယုတ္တိဒဋ္ဌီ ဘာသာဋီကာ အလို ဉာပကဟေတု။ ဝိရောဓိ, ဩစိတျဟီန-ပယ်။

(စ) လဒ္ဓဂုဏ်။ နိရတ္ထက-ပယ်။

(၄)

* အညမည် အပေက္ခာ ယဿာတိ အညမညာပေက္ခော။ (သမဝါယော) (ဘာသာဋီ။၃။၅၂၀။)

✔ အညမည-ပုဒ်၊ အပေက္ခ-ပုဒ်၊ ယ-ပုဒ်သည်၄င်း, အချင်းချင်းငဲ့ခြင်း၏+ သမဝါယနှင့်ဂုဏ်+ဂုဏေး, သဘာဝ+သဘာဝဝန္တစပ်-၄င်း ဗျု-နိ။

✔ အချင်းချင်းငဲ့ခြင်းကြီယာသည် ပ-နိ။

◆ သမဝါယောနာမ-သည်။ပ။ အညမညာပေက္ခော-အချင်းချင်းငဲ့ခြင်းရှိသည်။ ဟောတိ-၏။ (ဘာသာဋီကာ။ ၃။၂၉။)

"ဝစနတ္ထမှတ်ဘွယ်"

* ပရိဂ္ဂယှတေ ပရိဂ္ဂဟော။ (ပရိ+ဂဟ+အ။ သိမ်းယူခြင်း။)

* ဧကံ ကာရဏံ ယဿာတိ ဧကကာရဏံ။

* ဧကကာရဏံ ဣတိ+ဝါဒေါ ဧကကာရဏဝါဒေါ။ (ယောဇနာ-၈၀။)

✔ တစ်ခုသောအကြောင်းရှိခြင်း၏+ပြောဆိုကြောင်းဝါဒနှင့် ဂုဏ်+ဂုဏေးစပ် ဗျု-နိ။

✔ တစ်ခုသောအကြောင်းရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပ-နိ။

◆ ဧကကာရဏဝါဒေါ-တစ်ခုသောအကြောင်းရှိ၏ဟု ပြောဆိုကြောင်းဝါဒသည်။ (ဝါ)ကို။ ပဋိသေဓိတော-အပ်ပြီးသည်။ ဟောတိ။ (ဘာသာဋီကာ။၂၈။)

* ကာရဏာဥ တံ အန္တရဥ္စာတိ ကာရဏန္တရံ။

* ကာရဏန္တရဿ+အပေက္ခာ ကာရဏန္တရာပေက္ခာ။

* ပဋိသေဓိယတေတိ ပဋိသေဓိတံ။ (ပတိ+သိဓ+တ။)

("သယံ ကတံ သုခဒုက္ခံ" အစရှိသောမိစ္ဆာအယူ။)

(၅)

ယံကိဉ္စိ-ကား နိပါတသမုဒါယပုဒ်, အလိင်, ဂဏဝိမုတ်, ဣကာရန္တ။

သမဝါယသန္နိတော-ကား သမ္ဘာဝနာကမ္မဓာရယ်,ပုံ,ပုရိသာဒိ,အကာရန္တ။

အနေကဟေတုတော-ကား နိပါတ်ပုဒ်,အလိင်,ဂဏဝိမုတ်,ဩကာရန္တ။

အတ္ထဝိသေသဿ-ကား ကမ္မဓာရယသမာသ်, ပုံလိင်, ပုရိသာဒိ, အကာရန္တ။

(အတ္ထောစ သော ဝိသေသော စာတိ အတ္ထဝိသေသော)ဟုပြု။

http://www.dhammadownload.com



ဒီပနတော–ကား နိပါတ်ပုဒ်, အလိင်, ဂုဏဝိဓုတ်, ဩကာရန္တ။
ဝုတ္တိ–ကား ကိတ်နာမ်ပုဒ်, ဣတ္ထိလိင်, ရုတ္တာဒိ, ဣကာရန္တ။
ကတ္တာ–ကား ကိတ်နာမ်ပုဒ်, ပုံလိင်, သတ္ထာဒိ, ဥကာရန္တ။
သတိ–ကား ကိတ်နာမ်ပုဒ်, ပုံလိင်, ဂစ္ဆန္တာဒိ, အကာရန္တ။ (အသဓာတ်+အန္တပစ္စည်း။)

## (၆)

(ခ)ဖြင့် (တိုက်ရိုက်ပြအပ်သော) သမဝါယစသည်ဟုဆိုအပ်သော သမယထိုထိုဖြင့် ထိုထို သို့သော အနေကဟေတု ဝုတ္တိစသော (အပိုဖြစ်သော) အနက်ထူးကိုပြနိုင်ခြင်းကြောင့် သမယသဒ္ဒါ၏ အနက်ကို တစ်နက်နက်ကိုသာမယူဘဲ သမဝါယ ခဏ–စသော အနက်ငါးပါးလုံးကိုယူရသည်–ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

(ဂ) ဧတေသုဟိ သမဝါယသင်္ခါတော သမယော အနေကဟေတုတော ဝုတ္တိ ဒီပေတိ–ဖြင့် ယသ္မိံသမယေ–အကြင်ညီညွတ်သောအကြောင်းအပေါင်းသည်။ (သတိ–သော်) ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ–ဟူသောပါဠိတော်အရ "ကုသိုလ်စိတ်သည် အကြောင်းတစ်ပါးတည်းကြောင့် ဖြစ်နိုင်သည် မဟုတ်"အနေကဟေတု –ညီညွတ်သောများစွာသောအကြောင်းရှိမှ ဖြစ်နိုင်၏ဟူသော အနက်ထူးကို သမဝါယအနက်ဖြစ်သော သမယက ပြနိုင်သည်–ဟူသောအဓိပ္ပါယ်ကို သိစေသည်။

တေန ဧကကာရဏဝါဒေါ ပဋိသေဓိတော ဟောတိ–ဖြင့် ထိုသို့ သမဝါယ သမယ၏ များစွာသော အကြောင်းရှိမှ ကုသိုလ်စိတ်ဖြစ်နိုင်ပုံကို ပြခြင်းကြောင့် အရာဝတ္ထုမှန်သမျှသည် ပကတိဟူသော အကြောင်း တစ်မျိုးကြောင့်သာဖြစ်သည်။ (ဝါ) ဗြဟ္မာ–ဗိဿနိုး–ဟူသော တန်ခိုးရှိသူကြောင့်သာ ဖြစ်ပေါ်လာသည်ဟူသော ဧကကာရဏဝါဒကို တားမြစ်ပြီးဖြစ်၏–ဟု သိစေပါသည်။

(ဃ)သမဝါယော စ နာမ သာဓာရဏဖလနိပ္ဖါဒနေ အညမညာပေက္ခော ဟောတိ–ဖြင့် စက္ခုပသာဒ ရူပါရုံ အာလောက မနသိကာရ–ဟူသော အကြောင်းအပေါင်းသည် စက္ခုဝိညာဏ်ကို ဖြစ်စေမှုကိစ္စ၌ အကြောင်းအချင်းချင်းသာလျှင်ငဲ့၏။ (မိမိတို့အဖွဲ့တွင် မပါဝင်သော အခြားဗဟိဒ္ဓ အကြောင်းကိုမငဲ့)ဟု သိစေ။

## (၇)

(က) ဧတေသု–ကား ပဏ္ဏတ္တိ။ လွန်ပြီးအနက် ၅–ပါးကိုစွဲ။
(ခ) တေန တေန–ကား ပဏ္ဏတ္တိ။ ဆိုခဲ့ပြီးအနက် ၅–ပါးကိုဟောသော သမယကိုစွဲ။
တဿတဿ–ကား ပသိဒ္ဓ။ အတ္ထဝိသေသဿ–ဟု အစွဲတိုက်ရိုက်ပါရှိ။
(ဂ) ဧတေသု–ကား ပဏ္ဏတ္တိ။ တေန–ကား အနုဘူတ။ ရှေးဝါကျကြိယာကိုစွဲ။

## (ဂ)

### "သမဝါယအနက်ဟော သမယသဒ္ဒါ၏ ကြိယာ ၅–တန်"

✔ သမဝါယအနက်သည် ဒဿနတ္ထ။
✔ ဝတ္ထုအာရုံ–စသော အကြောင်းတရားတို့ အညီအညွတ်ပေါင်းဆုံမှသာ ကုသိုလ်စိတ်တို့၏ဖြစ်ခြင်းသည် ဒီပကတ္ထ။
✔ ဧကကာရဏဝါဒ–ကို တားမြစ်နိုင်ခြင်းဟူသော ပထမအကျိုးသည် ပကာသနတ္ထ။

http://www.dhammadownload.com



✔ ပြဟ္မာ,ဗိဿနိုးစသော ပြုလုပ်ဖန်ဆင်းတတ်သူမရှိဟု သိရခြင်း–ဟူသော ဒုတိယအကျိုးသည် ဝိဘာဝတ္ထ။

✔ သယံ ကတံ သုခံ ဒုက္ခံ–ဟူသော မိစ္ဆာဝါဒကို တားမြစ်နိုင်ခြင်းဟူသော တတိယအကျိုးသည် အနုဘာဝတ္ထ။(၉)

**"ကေကာရကဝါဒေါ အဓိပ္ပါယ်"**

✔ ပကတိကာရကဝါဒ = အလုံးစုံသောအရာဝတ္ထုသည် ပကတိသဘောဟူသော အကြောင်းတစ်မျိုး ကြောင့်ဖြစ်၏။ (များစွာသောအကြောင်းမရှိ။) ဟူသောအယူဝါဒကို၄င်း,

✔ ဣဿရကာရကဝါဒ = အလုံးစုံသောအရာဝတ္ထုသည် ပြဟ္မာ, ဗိဿနိုး ဖန်ဆင်းခြင်းဟူသောအကြောင်း ကြောင့်ဖြစ်၏။ (များစွာသောအကြောင်းမရှိ။) ဟူသောအယူဝါဒကို၄င်း "ကေကာရကဝါဒေါ"ဟု ဆိုသည်။

◆ ကေကာရကဝါဒေါတိ ပကတိကာရကဝါဒေါ ဝါ, ဣဿရကာရကဝါဒေါဝါ။ (မူလဋီ။ဓာ။) (၄င်းအဓိပ္ပါယ်အကျယ်ကို ဘာသာဋီကာ၊ ဒု။၅၁၉၊၅၂၀–တို့၌ရှုလေ။)

## (၁၀)

(က) သဗ္ဗေသံ ပရိဂ္ဂဟော ကတော–၌–

သဗ္ဗေသံ–အရ သမဝါယ–စသော အနက် ၅–ပါး ဟူသောအတ္ထုပညတ်သည်–

ပရိဂ္ဂဟော–၌ ဂဟ–ဓာတ်အရ အဋ္ဌကထာဆရာတို့သန္တာန်၌ဖြစ်သော သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော ဉာဏသမ္ပယုတ်ကုသိုလ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။ (ပြိုင်–မရှိ။)

ကတော–၌

တ–ပစ္စည်းအရ သမဝါယစသော အနက် ၅–ပါးယူ–

ကရ–ဓာတ်အရ အထက်ပါအတိုင်း ဉာဏသမ္ပယုတ်ကုသိုလ်စိတ္တုပ္ပါဒ်ယူ–အာရမ္မဏ–ပြု။

(စ) သယံ ကတံ သုခဒုက္ခန္တိ အာဒိ ပဋိသေဓိတံ ဟောတိ–၌–

ပဋိသေဓိတံ–ဝယ် တ–ပစ္စည်းအရ သယံကတံ သုခဒုက္ခံ အစရှိသော မိစ္ဆာအယူက–

သိဓ (ဝါ)သိဓု–ဓာတ်အရ ဘုရားရှင် ၏ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား ပကတူပ–ပြု။

========+========

## ဝါကျဥယျာဉ် (၇၃)

(က) တတ္ထ သိယာ "ယံ ဝုတ္တံ 'အနေကဟေတုတော ဝုတ္တိ' ဒီပေတီ'တိ၊ တံ န ယုတ္တံ။

(ခ) ကိံ ကာရဏာ? အသာမဂ္ဂိယံ အဟေတူနံ သာမဂ္ဂိယမ္ပိ အဟေတုကဘာဝါပတ္တိတော။

(ဂ) န ဟိ ကေသုိ အန္ဓေ ဒဋ္ဌုံ အသက္ကောန္တေ အန္ဓသတံ ပဿတီ"တိ။

(ဃ) နော န ယုတ္တံ ။

(င) သာဓာရဏဖလနိပ္ဖါဒကတ္တေန ဟိ ဋ္ဌိတဘာဝေါ သာမဂ္ဂိ၊ န အနေကေသံ သမောဓာနမတ္တံ။

(စ) န စ အန္ဓာနံ ဒဿနံ နာမ သာဓာရဏဖလံ၊ ကသ္မာ၊ အန္ဓသတေ သတိပိ တဿ အဘာဝတော။

(ဋ္ဌ။၁၀၂။ မူလဋီ။ဓာ။ ယောဇနာ။၈၀။ ပြည်သျှ။၃၈၀။ ဘာသာဋီ၊ဒု၊၃၀။ ကျော်စံကျွှီ။၂၃၅။ မင်းခင်းကျွှီ။၃၄၈။)

========================

http://www.dhammadownload.com



## (၁)

### (က) တတ္ထသိယာ–အနက်ပေးပုံ

ဓေသု ဟီတိအာဒိ–သော။ ယံ ဝစနံ–ကို။ ဝုတ္တံ–ပြီ။ (အနိယမထည့်)

တတ္ထ–တသ္မိံဝစနေ–၌။ ဌတွာ–ရပ်တန့်၍။ စောဒကဿ–၏။ စောဒနာ–သည်။ သိယာ–၏။

(ဤကား– တပ္ပ သိယာ၊ (ဓေတ္တသိယာ) ရှိတုံပါမူ၊ ကြိယာဝိသေသနပ၊သမ္ဘနှပ၊ ကတ္တုသုံးပါး၊ ထည့်ပြောမလွဲ၊ သမ္ဗန်မြဲ–ဟူသော ဘုရားကြီးနိယံ (၅၄)နှင့် အညီတည်း။)

(တနည်း:)(အနိယမရှေးနည်းတူဖြည့်) တတ္ထတသ္မိံဝစနေ–၌။ ကဿစိ–တစ်စုံတစ်ယောက်သော သူ၏။ ဓေဝံ–သို့။ ပရိဝိတက္ကော–သည်။ သိယာ–၏။ (ဤဝိကပ်၌–သိယာ–ကား အာချာတ်ပုဒ်။ အသဓာတ်+ဧယျ–ဝိဘတ်။)

(တနည်း:)(အနိယမရှေးနည်းတူဖြည့်) တတ္ထတသ္မိံဝစနေ–၌။ ဝက္ခမာနာကာရေန–ဆိုလတံ့ သောအခြင်းအရာအားဖြင့်။ ကဒါစိ–ရံခါ။ သိယာ–စောဒေယျ–စောဒနာရာ၏။ (ဤဝိကပ်၌ သိယာ–ကား နိပါတ်ပုဒ်သာ။)

(ဤ ဒုတိယ, တတိယနည်းတို့ကား သာရတ္ထဋီကာနည်းတည်း။)

◆ သိယာတိ ကဿစိ ဓေဝံ ပရိဝိတက္ကော သိယာ။ ဝက္ခမာနာကာရေန ကဒါစိ စောဒေယျဝါတိ အတ္ထော။ (သာရတ္ထ၊ ၁။ ၂၀၆)

### (ဂ) ကို နိဒ္ဒါရဏပုဒ်ထည့်၍ အနက်ပေးပုံ

ဟိ–သစ္စံ–မှန်။ အနွသတေ–သူကန်းတစ်ရာတွင်။(နိဒ္ဒါရဏ) ဧကောသ္မိံ–အန္ဓေ–တစ်ယောက်တစ်ယောက်သော သူကန်းသည်။ ဒဋ္ဌုံ–ငှါ။ အသက္ကောန္တေ–သော်။ အနွသတံ–တကွဖြစ်သော သူကန်းတစ်ရာသည်။ န ပဿတိ–မမြင်။ ဣတိ စောဒနာ–သည်။ သိယာ–၏။

(ဤ အနွသတံ–ပဿတိ–ဟူသောပါဠ်၌ အနွသတံ–ကို ရှေ့ကိုင်မှု နိဒ္ဒါရဏ၌ ပစ္စတ္တ၊ နောက်ကိုင်မှု ကတ္တုတ္ထ၌ ပစ္စတ္တ–ဟု သိအပ်၏။ (ပြည်သျှ။၃၈၂။)

◆ အန္ဓသတံ ပဿတီတိစ ပစ္စတ္တဝစနံ နိဒ္ဒါရဏေ ဘုမ္မဝသေန ပရိဏာမေတွာ "အန္ဓသတေ"တိ အာဟ။ (အနုဋီကာ။၆၈။)

ဧကသ္မိံ အန္ဓေ–၌ ဧကေကသ္မိံ–ဟုဆိုလိုလျက် ဝိစ္ဆာလောပဖြစ်၍ "ဧကသ္မိံ"ဟု ဆိုသည်။ (ပြည်သျှ)

### (ဃ)ကို ဆရာနည်းစုံလင်စွာပေးပုံ

တံ ဝစနံ–သည်။ နော နယုတ္တံ–မသင့်သည်မဟုတ်။ ယုတ္တံဧဝ–သင့်သည်သာတည်း။

◆ ပဋိသေဓ၊ နှစ်ချက်ပြုမူ၊ ပကတိအနက်၊ထွက်၏အမှန်၊ ဓဝစွက်၍ပြန်၊ (ပြည်သျှ။ ၃၈၃။)

(တနည်း:) နော နယုတ္တံ–သင့်၏။ (ဒွိပဋိသေဓော ပကတျတ္ထော)

◆ နှစ်ခုပဋိသေ၊ ခွဲဝေမရှိ၊ နက်ပေးဘိမူ၊ ပကတိအနက် ထွက်အောင်သမ္ဗန်မြဲ။ (ဘုရားကြီး။၁၁၃။)

(တနည်း:) န ယုတ္တံ–မသင့်သည်ကား။ နော–မဟုတ်။ ယုတ္တံဧဝ–သင့်သည်သာတည်း။

◆ မပေါင်းရောဘဲ၊ ခွဲ၍တစ်ခါ၊ သမ္ဗန်ပါမူ၊ ကြိယာနောင် ဓဝဆောင်မြဲ။ (ဘုရားကြီး။၁၁၄။)

ဘာသာဋီ–၂၉–၌– "အနေကဟေတုတော ဝုတ္တိံ ဒီပေတီတိ–ဟူသော။ ယံ–အကြင်စကားကို။ မယာ–သည်။ ဝုတ္တံ–ပြီ။ တံ–သည်။ နော နယုတ္တံ–မသင့်သည်မဟုတ် သင့်သည်သာ–ဟုပေးသည်။)

http://www.dhammadownload.com



(၂)

ကျမ်းတက်။ ။ဧတေသုပဟိ-စသောစကားသည် တစ်စုံတစ်ယောက်သော စောဒကပုဂ္ဂိုလ်သည် စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို ပြုလိုရကား တတ္ထသိယာ-စသည်ကိုမိန့်။ (ပြည်သျှ။၃၈၀။)

(ခ) "ကိံ ကာရဏာဝါကျသို့ စောဒနာနုသန္ဓေ"

အရှင်စောဒကဆရာ အနေကဟေတုတော ဝုတ္တိံ ဒီပေတိ-ဟူသောစကားသည် မသင့်ဟု သင်စောဒက ဆို၏။ များစွာသောအကြောင်းကြောင့် ဓမ္မတို့၏ မဖြစ်ခြင်းကြောင့် မသင့်သလော-ဟု သူတစ်ပါးတို့ စောဒ-ဘွယ်ရှိ၍ ထိုစောဒနာကိုပယ်လိုသော စောဒကဆရာသည် ကိံကာရဏာ-စသည်ကိုမိန့်။ (ပြည်သျှ။၃၈၁။)

(ဂ)သို့ အနုသန္ဓေ

စောဒကဆရာသည် မိမိစကားကိုပင် အန္တုပမာဖြင့် ပြီးစေလိုရကား န ဟိ-စသည်ကိုမိန့်။

(က)(ခ)(ဂ) စောဒနာ ၃-ဝါကျကို ဌပနာပဥ္စကစောဒနာဖြစ်အောင် ပြင်ဆင်၍တက်ပုံ-

၁။ ဘော အာစရိယ အာစရိယေန "အနေကဟေတုတော ဝုတ္တိံ ဒီပေတိ"တိ ဝုတ္တံ။ (ဌပနာ)

၂။ န နု အသာမဂ္ဂိယံ အဟေတူနံ သာမဂ္ဂိယမ္ပိ အဟေတုကဘာဝါပတ္တိ ဟောတိ။ (အာဘောဂ)

၃။ တသ္မာ (အာဘောဂဟေတု)

၄။ "အနေကဟေတုတော ဝုတ္တိံ ဒီပေတီတိ"တိ န ဝတ္တဗ္ဗံ။ (ဌပယ်)

၅။ အထ ကသ္မာ ဝုတ္တန္တိ စောဒနံ ပရိကပ္ပတော ဒဿေတုံ "တတ္ထ သိယာ"တိ အာဒိမာဟ။

(ခ)သို့ ပဥ္စကတက်ပုံ

အရှင်စောဒကဆရာ - ဆရာသည် အနေကဟေတုတော ဝုတ္တိံ ဒီပေတိ-ဟူသော စကားသည် မသင့်ဟု ဆိုတော်မူ၏။ ထို-သော် ယင်းမသင့်ခြင်းအကြောင်းကို မသိနိုင်ရာသည်မဟုတ်ပါလော။ (ပ) ယင်းသို့ မသင့်ခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ်အကြောင်းကြောင့် မသင့်ပါသနည်း။ ဤသို့စောဒနာဘွယ်ရှိ၍ ထိုစောဒနာချက်ကို ကိုယ်တိုင်မေး၍ဖြေကြားတော်မူလိုသော စောဒကဆရာသည် (ခ)မိန့်။

(စ) အနုသန္ဓေ

န ဟိ ကေသိဉ္စိအန္ဓေ-စသော (စောဒကဆရာ၏) အန္တုပမာကိုပြေလိုရကား နစ အန္ဓာနံ-စသည်မိန့်။ (ပြည်သျှ။၃၈၃။)

(၃)

(က)( ခ )( ဂ )တို့သည် ဝါကျာရမ္ဘ။ အဗျာပိတ၊ အပရိပုဏ္ဏ-ပယ်။

ထိုတွင် (ခ)သည် စောဒကာဘောဂဟေတု။ ကာရဏာ။ ဝိရောဓိ-ပယ်။

( ဂ ) သည်။ ယုတ္တိဒဠီကရဏာ။ ဝိရောဓိ, ဩစိတျဟီန-ပယ်။

◆ န ဟိ တက်ရာ၊ ဟိ-နက်မှာ၊ ဟိတ်ပါဒဠီရွဲ။

( ဃ )စောဒနာမှတပါး ပရိဟာရပြ။ ပက္ခန္တရ။ အဗျာပိတ။ အပရိပုဏ္ဏ-ပယ်။

( င ) နော န ယုတ္တံ-ဟူသော ပရိဟာရအကျဉ်းကိုပင်ချဲ့ပြ။ဝိတ္ထာရ။ ဝိရောဓိ, ပုနရုတ္တိ-ပယ်။

(တနည်း) ပရိဟာရာဘောဂဟေတု။ ကာရဏာ။ ဝိရောဓိ-ပယ်။

( စ ) ဝါကျာရမ္ဘ။ အဗျာပိတ အပရိပုဏ္ဏ-ပယ်သည်။

http://www.dhammadownload.com



(က) တတ္ထ သိယာ–ထားရခြင်း

စောသု ဟိ သမဝါယ သစ်ါတော သမယော အနေကဟေတုတော ဝုတ္တိံ ဒီပေတိ–ဟူသော စကားရပ်၌ အနေကဟေတုတော ဝုတ္တိံ ဒီပေတိ–နှင့် ပတ်သက်၍ (စောဒကပုဂ္ဂိုလ် ယုံမှားခြင်း အာသင်္ကာ ရှိနိုင်ရကား) စောဒကပုဂ္ဂိုလ်၏ စောဒနာစကားကို ပရိကပ္ပအားဖြင့် (ဝါ) ကြံဆသောအားဖြင့် ပြလို၍ တတ္ထ သိယာ–ထားသည်။

◆ ဧတ္ထသိယာ၊ (တတ္ထ သိယာ) စောဒကာ၊ နှစ်ဖြာသင်္ကာ ကျိုးအတ္ထ။ (စံကျောင်း)

(၄)

စက္ခုနှာ အမတိ ရုဒ္ဓတီတိ အန္ဓော။ (ကစ္စည်း ။သုတ်။၆၆၄။)

✔ အမ–ဓာတ်+က–ပစ္စည်းသည်၄င်း၊ အ–ဟူသော၊ မ၊ ဟူသော၊တိ–ဟူသော အစိတ်စိတ်ဖြစ်သော ပရမတ္ထ သဒ္ဒါ၏အကြောင်းဖြစ်သော ကျင်နာခြင်းကြိယာသည်၄င်း ဈူ–နီ။

✔ အန္ဓော ဟူသော အပေါင်းပညတ္တိသဒ္ဒါ၏အကြောင်းဖြစ်သော ကျင်နာခြင်းကြိယာသည် (ဝါ) သူကန်းတို့၏ တစ်ယောက်သည်–ဓာတ်သည် ပ–နီ။

(၅)

(ခ) အသာမဂ္ဂိယံ–ကား သမာသ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဤကာရန္တ။ (န+သာမဂ္ဂီ အသာမဂ္ဂီ–ဟုပြု)
အဟေတူနံ–ကား သမာသ်နာမ်၊ ပုံလိင်၊ရတ္တာဒိ၊ဥကာရန္တ။ (န+ဟေတု အဟေတု–ပြု။)

(ဂ) ဒဋ္ဌုံ–ကား နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ နိဂ္ဂဟီတန္တ။ (ဒိသ+တုံ)
အသဉ္ဇောန္တေ–ကား သမာသ်နာမ်၊ ပုံလိင်၊ ဂစ္ဆန္တာဒိ၊ အာကာရန္တ။

(၆)

(ခ)ဖြင့် စက္ခုပသာဒ၊ရူပါရုံ၊ အာလောက၊ မနသိကာရ–ဟူသော ၄–ပါးတို့သည် မပေါင်းမိဘဲ တစ်ခုစီ ဖြစ်နေခိုက်၌ စက္ခုဝိညာဏ်၏ အကြောင်းမဖြစ်နိုင်လျှင် ထို ၄–ပါးပေါင်းမိသော်လည်း အကြောင်းမဖြစ်နိုင်ခြင်း–ဟူသော ထိုသဘောကို မလွန်ဆန်နိုင်သောကြောင့် "အနေကဟေတုတော ဝုတ္တိံ ဒီပေတိ"ဟူ၍ အဋ္ဌကထာဆိုသောစကားမသင့်။ ဤသို့ စောဒကပုဂ္ဂိုလ်၏ နှလုံးသွင်းအာဘော် အကြောင်းပြချက်ကို သိစေသည်။

(ဂ)ဖြင့် သူကန်းတစ်ရာ ရှိနေရာဝယ် တစ်ယောက်စီ တစ်ယောက်စီမမြင်နိုင်လျှင် ထိုတစ်ရာလုံး ပေါင်းမိသော်လည်း မမြင်နိုင်။ ထို့ကြောင့် "စက္ခုပသာဒ–စသည်တို့ တစ်ပါးစီခွဲလျှင် စက္ခုဝိညာဏ်၏ အကြောင်း မဖြစ်နိုင်ပါမူ ၄–ပါးလုံးပေါင်းမိသော်လည်း အကြောင်းမဖြစ်နိုင်"ဟု စောဒကပုဂ္ဂိုလ်က ဆိုလိုခြင်းဖြစ်သည် ဟူသောအဓိပ္ပါယ်ကို သိစေသည်။

(၇)

(က) တတ္ထ–၌ တ–သည် ပဏ္ဏတ္တ။ (ဆိုခဲ့ပြီး စောသု ဟိ–စသည်ကိုစွဲ)
ယံ ဝုတ္တံ–၌ ယံ–သည် ပသိဒ္ဓ။ (အနေကဟေတုတော ဝုတ္တိံ ဒီပေတိ–ဟု အစွဲတိုက်ရိုက်ပါရှိ)
တံ နယုတ္တံ–၌ တံ–သည် ပဏ္ဏတ္တ၊
(တနည်း:)အနိယမ တ။ (ဆိုခဲ့ပြီး "ယံ–ဖြင့်ခွဲပြီး" အနက်ကိုစွဲ)

(ခ) သာမဂ္ဂိယမ္ပိ–၌ ပိ–ကား သမုစ္စည်း၊ သမ္ဘိဏ္ဍနတ္ထ။

http://www.dhammadownload.com



(ဂ) န ဟိ-၌ ဟိ-ကား ဒဠှီကရဏဇောတက။

(င) ဟိ-ကား ဝိတ္ထာရဇောတက (ပြည်သျှ) (တနည်း) ကာရဏဇောတက (ဘာသာဋီကာ)

(စ) စ-ကား ဝါကျာရမ္ဘဇောတက။

အန္ဓသတေ သတိပိ-၌ ပိ-ကား ဂရဟာ။

◆ (အန္ဓသတေ သတိပိ တဿ အဘာဝေါ။ ကောပနဝါဒေါ ပဂေဝ ဧကေကဿ္သို အန္ဓေ။)

(၈)

(က) ယံ ဝုတ္တံ-၌ ဝုတ္တံ-ဝယ် အနန္တတ္တ-အရ အဋ္ဌကထာဆရာ၏ ဒေသနာဉာဏ်ကိုယူ။

ဗာဟုလ္လတ္တ-အရ အနေကပဟေတုတော ဝုတ္တိ ဒီပေတိ-ဟူသော ဝစီဘေဒသဒ္ဒ-ကိုယူ၍ ထုတ်။

(၉)

(င) သာဓာရဏ။ပ။ သာမဂ္ဂီ-၌ အဓိပ္ပါယ်

စက္ခုပသာဒ, ရူပါရုံ,အာလောက,မနသိကာရ-ဟူသောအကြောင်းတို့၏ စက္ခုဝိညာဉ်တည်း ဟူသော အကျိုးကို ဖြစ်စေတတ်သည်၏အဖြစ်ဖြင့် တည်ခြင်းဟူသည် စက္ခုဝိညာဉ်အား စက္ခုပသာဒက နိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း၊ ရူပါရုံက အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုခြင်း၊ အလင်းရောင်က ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း၊ မနသိကာရကလည်း ထို့အတူ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်းတည်း။ ထိုသို့ကျေးဇူးပြုနိုင်လောက်အောင်တည်ခြင်းကို-သာမဂ္ဂီ-ဟုဆိုသည်။ (ဘာသာဋီကာ။၃။၃၁။)

(၁၀)

(င) သာဓာရဏဖလနိပ္ဖါဒကတ္တေန-၌

နိပ္ဖါဒက-အရ စက္ခုပသာဒ, ရူပါရုံ, အာလောက, မနသိကာရ-ကိုယူ၍

သာဓာရဏဖလ-အရ စက္ခုဝိညာဏ်ကိုယူလျှင်-

✔ စက္ခုပသာဒသည် စက္ခုဝိညာဏ်အား နိဿယသတ္တိဖြင့်-ပြု။

ပြိုင်-နိ, ပု, ဣံ, ဝိပ္ပ, အတ္ထိ, အဝိဂတ-(၆)

✔ ရူပါရုံသည် စက္ခုဝိညာဏ်အား အာရမ္မဏသတ္တိဖြင့်-ပြု။

ပြိုင်-အာ, ပု, အတ္ထိ, အဝိဂတ-(၄)

✔ အာလောက, မနသိကာရတို့သည် စက္ခုဝိညာဏ်အား ပကတူပနိဿယသတ္တိဖြင့်-ပြု။ (ပြိုင်-မရှိ။)

================

## ဝါကျဥယျာဉ် (၇၄)

(က) သမ္မုဟာသင်္ခါတော ပန သမယော အနေကေသံ သဟုပ္ပတ္တိ ဒီပေတိ။

(ခ) ဖဿာဒီနညှိ ဓမ္မာနံ ပုဉ္ဇော "သမ္မုဟော" တိ ဝုတ္တော။

(ဂ) တသ္မိဉ္စ ဥပ္ပန္နမာနံ စိတ္တံ သဟ တေဟိ ဓမ္မေဟိ ဥပ္ပန္နတီတိ အနေကေသံ သဟုပ္ပတ္တိ ဒီပိတာ။

(ဃ) ဧဝံ ဒီပေန္တေန စာနေန ဧကေသဿ ဓမ္မဿ ဥပ္ပတ္တိ ပဋိသေဓိတာ ဟောတိ၊

(င) အယံ သမ္မုဟာသင်္ခါတေန သမယေန အတ္ထော ဒီပိတော။

ဋ္ဌ။၁၀၃။ မူလဋီ။၆၃။ ယောဇနာ။၈၀။ ပြည်သျှ။၃၉၃။ ဘာသာဋီ။၃။၄၀။ ကျော်စံဂဏ္ဍိ။၂၃၉။ မင်းခင်းဂဏ္ဍိ။၃၅၂။

========================

http://www.dhammadownload.com



(၁)

(က)ထည့်ပါဠိနှင့်တကွအနက်ပေးပုံ

ပန–ပါး။ သမ္မုဟာသနိ်တော–သမ္မုဟာအနက်ရှိသည်ဟုဆိုအပ်သော။ သမယော–သည်။ (သယံ–မိမိ၏။ ဓမ္မာနံ–တို့၏။ သမ္မုဟာဘာဝတော–အပေါင်း၏အဖြစ်ကြောင့်။(ဟိတ်ထည့်) အနေကေသံ–များစွာသောတရားတို့၏။ သဟုပ္ပတ္တိံ–ကို။ ဒီပေတိ–၏။

(တနည်း) သမ္မုဟာသနိ်တော–သော။ သမယော–သမယသဒ္ဒါသည်။ (ယသ္မိံ ဓမ္မသမူဟေ–အကြင်တရားအပေါင်း၌။ ဉာတိ–ဇေတဿ အတ္ထဿ–ကို။ ဉပနဝသေန–ဖြင့်။) အနေကေသံ–တို့၏။ သဟုပ္ပတ္တိံ–ကို။ ဒီပေတိ–။ (ပြည်သျှ။၃၉၃။)

(ဃ) "ဥပမာလက်ာရနည်းဖြင့်အနက်ပေး"

(ဃ)ဓဝံ–သို့။ ဒီပေန္တေန–သော။ အနေန–ဤသမယသည်။ (ဝါ)ဖြင့်။ (ပကတိဝါဒီနံ–ပကတိဝါဒီပုဂ္ဂိုလ်တို့၏။ မတေ–အယူ၌။ မဟတော–များစွာသောအကျိုးဖြစ်သော။ ဧကဿ–တစ်ခုသောဓမ္မ၏။ ဥပ္ပတ္တိဝိယ–ဖြစ်ခြင်းကဲ့သို့၄င်း။ အဏုဝါဒီနံ–အဏုဝါဒီပုဂ္ဂိုလ်တို့၏။ မတေ–၌။ ဒွိအဏုကဿ–နှစ်ပါးသောအဏုရှိသောအကျိုးဖြစ်သော။ ဧကဿ–၏။ ဥပ္ပတ္တိဝိယစ–၄င်း။) ဧကဿေဝ–တစ်ခုသာလျှင်ဖြစ်သော။ ဓမ္မဿ–၏။ ဥပ္ပတ္တိ–သည်။ ပဋိသေဓိတာ–သည်။ ဟောတိ–၏။(ပြည်သျှ။၃၉၃။)

◆ ပကတိဝါဒီနံ မဟတော ဝိယ အဏုဝါဒီနံ ဒွိအဏုကဿ ဝိယ စ ဧကဿေဝ။ (မူလဋီ။၆၃။)

(င) ဒီဝိတော–၏ ကတ္တားကို ဘဂဝတာ–ဟုထည့်။ (ပြည်သျှ။)

(၂)

(ခ)(ဂ)သို့

ဆရာ–သည် (က)ဖြင့် သမ္မုဟာအနက်ရှိသော သမယသဒ္ဒါသည် များစွာသောတရားတို့၏ တကွဖြစ်ခြင်းကိုပြ၏ဟု ဖွင့်ပြဆိုတော်မူ၏။ထို–သော်၊ယင်းသို့ဖွင့်ဆိုသောဆရာ့စကားသည် အကြောင်းယုတ္တိနှင့်ကင်း၍ မခိုင်မြဲရာသည်မဟုတ်ပါလော။ (ပ)စုဒ်ကြောင့် (ခ)(ဂ)မိန့်။

(၃)

(က)စသည်ကား– ကာလ သမယ–ဖြင့် အတ္ထဝိသေသပြပုံမှတပါး သမ္မုဟာသမယဖြင့် အတ္ထဝိသေသ ပြပုံဟူသော အဖို့တပါးပြ ပက္ခန္တရ။ ထိုတွင်–

(ခ)(ဂ) တို့သည် ကာရဏ (တနည်း) ယုတ္တိဒဋ္ဌိ။ ထိုတွင်–

(ဂ) သည် များစွာသောတရားတို့၏ တကွဖြစ်ပုံကိုဆက်ပြ– ဝါကျာရမ္ဘ။

(ဃ) သည် သမ္မုဟာသမယ–ဖြင့် များစွာသောတရားတို့၏ တကွဖြစ်ခြင်းကိုပြသဖြင့် ရအပ်သော အကျိုးဂုဏ်ကိုပြသောကြောင့် လဒ္ဓဂုဏ။

(တနည်း) သမ္မုဟာသမယ–ဖြင့် များစွာသောတရားတို့၏ တကွဖြစ်ခြင်းကို ပြသဖြင့် အဘယ်အကျိုးရှိသနည်းဟု စောဒနာဘွယ်ရှိ၍ ဆက်–ကြောင့် ဝါကျာရမ္ဘ။

(င) နိဂမန။

အမှာ။ ဝါကျအမည်နာမ သိပါက ယင်းဝါကျဖြင့် ပယ်အပ်သောဒေါသများကိုလည်း သိနိုင်ရန် ဝါကျဒေါသ ပယ်ပုံ နိယံများကိုသာ ကျေပြွန်စွာကျက်မှတ်ထားပါ။

http://www.dhammadownload.com



"(က)ဒီပေတိ-ထားရခြင်း"

သမယ-သဒ္ဒါ၏ မူလဟောရိုးအနက်ကား သမူဟတ္ထတည်း၊ ဤ၌ အနေကေသံ သဟုပ္ပတ္တိ-ဟူသော အနက်သည် သမယ-သဒ္ဒါ၏ မူလဟောရိုးအနက်မဟုတ်၊ အပိုပြအပ်သော ဝိသေသတ္ထတည်း-ဟု သိစေလိုသောကြောင့် "ဒဿေတိ"ဟု မထားဘဲ "ဒီပေတိ"ဟု ထား၍ ဖွင့်သည်။

(၄)

(က) သမူဟသင်္ခါတော သမယော-၌ သမယ-ဝိဂ္ဂဟ

သမံ, သဟ ဝါ အဝယဝါနံ အယနံ ပဝတ္တိ အဝဋ္ဌာနန္တိ သမယော။ (အနုဋီ။၆၇)

✔ သံ-ဣ-ဓာတ်+ဏ သည်၄င်း၊ အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏+ အကြောင်းဖြစ်သော အညီအမျှ (ဝါ) အတူတကွဖြစ်ခြင်းကြိယာသည်၄င်း ဗျု-နိ။

(တနည်း) အညီအမျှ (ဝါ) အတူတကွဟူသော သမဘောဂုဏ်, သဟဘောဂုဏ်၏ ဖြစ်ခြင်းကြိယာနှင့်ဂုဏ်+ ဂုဏေးစပ် ဗျု-နိ။

✔ အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော အညီအမျှ(ဝါ)အတူတကွ ဖြစ်ခြင်း ကြိယာသည် ပ-နိ။

◆ ပုဋ္ဌတိ ရာသိ ကရောတီတိ ပုဉ္ဇော။ (ပုဋ္ဌ (ဝါ)ပုဗိ+ဏ)

(၅)

အနေကေသံ-ကား သမာသ်နာမ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ-ကာရန္တ။

သဟုပ္ပတ္တိ-ကား ပါဒိပုဗ္ဗပဒကမ္မဓာရယ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ-ကာရန္တ။ (သဟ+ဥပ္ပတ္တိ သဟုပ္ပတ္တိ-ဟုပြု။)

ဒီပေန္တေန-ကား ကိတ်နာမ်၊ ပုံလိင်၊ ဂစ္ဆန္တာဒိ၊ အ-ကာရန္တ။ (ဒီပ+ဏေ+အန္တ။)

အနေန-ကား သဗ္ဗနာမ်ပုဒ်၊ ပုံလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အ-ကာရန္တ။

ဥပ္ပတ္တိ-ကား ကိတ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ-ကာရန္တ။ (ဥ+ပဒ+တိ။)

ပဋိသေဓိတာ-ကား ကိတ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ-ကာရန္တ။

( ၆ )

အာဘော်သံဝဏ္ဏနာ-ပါဌ်လျှောက်-မြန်မာပြန်-ဘာဝတ္ထ-ဖော်လေ။

( ၇ )

(က) ပန-ကား ပက္ခန္တရဇောတက။

(ခ) ဟိ-ကား ဒဠှီကရဏဇောတက။

တသ္မိဥ္စ-၌ စ-ကား ဝါကျာရမ္ဘဇောတက။

(ဃ) ကေဿစ ဓမ္မဿ-၌ စဝ-၏ ဂဟေတဗ္ဗတ္ထ-စသည်ထုတ်ပုံ-

✔ ကေဓမ္မ-သည် ဂဟေတဗ္ဗတ္ထ။

✔ အနေကဓမ္မ-သည် နိဝတ္တေတဗ္ဗတ္ထ။

(ဂ) တသ္မိံ-၌ တ-ကား ပက္ကန္တ။(ရှေးဝါကျ၌ ဆိုခဲ့ပြီးသော ဖဿစသော တရားတို့၏ အစု အပေါင်းကိုစွဲ)

http://www.dhammadownload.com



( ၈ )

(ခ) ဖဿာဒိနံ–၌ ဖဿ–အရ ကြိယာ–၅–တန်ထုတ်ပုံ–

✔ ဖဿ၏ ဖုသနလက္ခဏာသည် ဒဿနတ္ထ။

✔ အာပါထဂတဝိသယပဒဋ္ဌာန်သည် ဒီပကတ္ထ။

✔ ယင်း ပဒဋ္ဌာန်ကြောင့် ဖဿ–စာတ်၏ အပြည့်အစုံဖြစ်ပေါ်လာခြင်း သမ္ပတ္တိရသသည် ပကာသနတ္ထ။

✔ သံဃဋ္ဋနကိစ္စရသသည် ဝိဘာဝတ္ထ။

✔ သန္နိပါတ ပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

မှတ်ချက်။ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့်လည်း ထုတ်နိုင်သည်။

( ၉ )

ဧကေသံ ဓမ္မာသ ဥပ္ပတ္တိ ပဋိသေဓိတာ ဟောတိ–၏ အဓိပ္ပါယ်

ပြဟ္မာမင်းက ပကတိနှင့် ပုရိသကို စဉ်ဖန်ဆင်းပြီးသောအခါ ထိုပကတိသည် ဗုဒ္ဓိတတ္တ(အသိဉာဏ်) ဟူသောမဟာကိုင်း, အဟံကရ–ဟူသော အတိမာနစသည်ကိုင်း ဖြစ်စေ၏၊ ထိုမဟာ သည် ပကတိ–ဟူသော မူလသဘောတစ်ခုတည်းသာ ဖြစ်သကဲ့သို့ငင်း, ဒွိအဏုက–သည် အဏုမြူ–ဟူသော မူလအထည်ကိုယ် ရှိ၍ တစ်ခုတည်းဖြစ်သကဲ့သို့ငင်း, တစ်ခုတည်းသောတရား၏ ဖြစ်ခြင်းကို တားမြစ်သည်ဟူလို။ (ဘာသာဋီကာ၊၃။၅၂၉။ မူလဋီကာ။၆၃။)

( ၁၀ )

(ဂ) စိတ္တံ သဟ+တေဟိ ဓမ္မေဟိ–၌–

စိတ္တံ– အရ ဝိညာဏက္ခန္ဓာသည်–

တေဟိ ဓမ္မေဟိ–အရ ဝေဒနာ သညာ သင်္ခါရတို့အား သဟဇာတ–ပြု။

ပြိုင်။ ။ကြိး–၄, အညာ, သမ္မ, အာဟာရ, ဣ။ (၈)

(င) အတ္ထော ဒီပိတော–၌–

အတ္ထော–အရ (ဝါ) ဒီပိတော–၌ ဗဟုတ္တ–တ–ပစ္စည်းအရ များစွာသောတရားတို့၏ တကွဖြစ်ခြင်း စသော အနက်သည် (ဝါ) မနသာ ဝဝတ္ထပိတ အတ္ထပညတ်သည်–

အန္တတ္ထ–ဒီပ–ဓာတ်အရ မြတ်စွာဘုရား၏ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။

=====================

## ဝါကျဥယျာဥ် (၇၅)

(က) ဟေတုသင်္ခါတော ပန သမယော ပရာယတ္တဝုတ္တိတံ ဒီပေတိ။

(ခ) "ယသ္မိံ သမယေ"တိ ဟိ ပဒဿ ယသ္မာ "ယသ္မိံ ဟေတုမှိ သတိ ဥပ္ပန္နံ ဟောတီ"တိ အယမတ္ထော၊ တသ္မာ ဟေတုမှိ သတိ ပဝတ္တိတော ပရာယတ္တဝုတ္တိတာ ဒီပိတာ။

(ဂ) ဧဝံ ဒီပေန္တေန စာနေန ဓမ္မာနံ သဝသဝတ္တိတာဘိမာနော ပဋိသေဓိတော ဟောတိ။

(ဃ) အယံ ဟေတုသင်္ခါတေန သမယေန အတ္ထော ဒီပိတော။

ဋ္ဌ။၁၀၃။ မူလဋီ။၆၃။ ယောဇနာ။၈၁။ ပြည်သျှ။၃၉၃။ ဘာသာဋီ၊၃။၄၄၁။ ကျော်စံဂဏ္ဌိ။၂၄၀။ မင်းခင်းဂဏ္ဌိ။၃၅၃။

=========================

http://www.dhammadownload.com



(၁)

(က) ထည့်ပါဠိနှင့်တကွပေးပုံ

ပန–ပါး။ ဟေတုသမ်ါတော–ဟေတုအနက်ရှိသည်ဟုဆိုအပ်သော။ သမယော–သည်။ (အတ္ထနိ–အကြောင်းဟုဆိုအပ်သောမိမိသည်။ သတိစေ–ရှိသော်သာလျှင်။ အတ္တနော–အကြောင်းဟု ဆိုအပ်သောမိမိ၏။ ဖလာနံ–အကျိုးတရားတို့၏။ သမ္ဘဝတော–ကြောင့်။ ဓမ္မာနံ–တို့၏။) ပရာယတ္တ– ဝုတ္တိတံ–ပြဋ္ဌာန်းသောအကြောင်းနှင့်စပ်သည်၏အစွမ်းဖြင့် ဖြစ်ခြင်းရှိသည်၏အဖြစ်ကို။ ဒီပေတိ–၏။

(တနည်း) ဟေတုသမ်ါတော–သော။ သမယော–သမယသဒ္ဒါသည်။ (ဟေတုမှိ–အကြောင်း သည်။ သတိ–သော်။ ဣတိ–ဧဝံ–အတ္ထဿ–ဤသို့သောအနက်ကို။ ဉာပနဝသေန–သိစေတတ် သည်၏အစွမ်းဖြင့်။ တဒဓီနာနံ–ထိုအကြောင်းနှင့်စပ်ကုန်သော။ ကုသလဓမ္မာနံ–တို့၏။) ပရာယတ္တ–ဝုတ္တိတံ–ပြဋ္ဌာန်းသောအကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသည်၏အဖြစ်ကို။ ဒီပေတိ–၏။ (ပြည်သျှ။၃၉၃။)

(ခ) ဟိ–ချဲ့။ (ပြည်) မှန်။ (ဘာသာဋီ) ယသ္မိံ သမယေတိပဒဿ–၏။ ယသ္မာ–ကြောင့်။ ယမှိ ဟေတုမှိ–သည်။ သတိ–သော်။ (ဣဒံ စိတ္တံ–ဤမဟာကုသိုလ်စိတ်သည်။)(ထည့်) ဥပ္ပန္နံ–ခဏတ္တယသို့ ရောက်သည်။ ဟောတိ–ထင်ရှား၏။ပ။

(ဂ) စ–ဆက်။ပ။ ဓဝံ ဒီပေန္တေန–သော။ အနေန–သည်။(ဝါ)–ဖြင့်။ ဓမ္မာနံ–တို့၏။ သဝသဝတ္တိတာဘိမာနော–မိမိအလိုသို့လိုက်သည်၏အဖြစ်၌အလွန်မာန်မူသသူသည်။ (ဝါ) အလွန်မှတ်မှား သသူသည်။ (ဘဂဝတာ–သည်။) ပဋိသေဓိတော–သည်။ ဟောတိ–၏။ (ပြည်သျှ။)

(၂)

(ခ)သို့ ဥပနာပဋ္ဌက

ဆရာ–သည် (က)ဖြင့် ဟေတုဟုဆိုအပ်သော သမယသည် ပရာယတ္တဝုတ္တိအဖြစ်ကို ပြသောဟု ဆို၏။ ထိုသို့–ဆိုသော်လည်း ဟေတုဟုဆိုအပ်သော သမယသည် အကြောင်းအနက်ကိုသာ ပြတတ် သည်မဟုတ်လော။ ထို့–ကြောင့် ဟေတုဟုဆိုအပ်သောသမယသည် ပရာယတ္တဝုတ္တိ အဖြစ်ကိုပြ၏ ဟူ၍သာ မဆိုသင့်၊ ယင်းသို့ ပြနိုင်ခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် ပရာယတ္တဝုတ္တိ အဖြစ်ကိုပြသနည်း။ စုဒ်ကြောင့် (ခ)မိန့်။

(၃)

(က) စသည်ကား–သမူဟသမယ၏ အတ္ထဝိသေသပြပုံမှတပါး ဟေတုသမယ၏ အတ္ထဝိသေသ ပြပုံကို ပြသောကြောင့် ပက္ခန္တရ။ထိုတွင်–

(ခ) သည် ဝိတ္ထာရ။ (ပြည်) ယုတ္တိဒဋ္ဌိ။ (ဘာသာဋီ)

(ဂ) လဒ္ဓဂုဏ်။ (တနည်း) ဝါကျာရမ္ဘ။

မှတ်ချက်။ ဓဝံ ဒီပေန္တေန စသော ဝါကျကို ရှေးသမယအနက်များ၌ လဒ္ဓဂုဏဟုဆိုခဲ့သည်။ ဤဟေတုအနက်ဟော သမယ–သဒ္ဒါရောက်မှ နိဿယဆရာတော်က ဝါကျာရမ္ဘဟု တစ်မျိုးယူပြန်သည်။

(ဃ)ကား နိဂမနဝါကျ။

(က) ဒီပေတိ–ထားရခြင်း–

ဤ၌–ပရာယတ္တဝုတ္တိတာ–ဟူသောအနက်သည် ဟေတုသမယသဒ္ဒါ၏ မူလဟောရိုးအနက်ရင်း မဟုတ်၊ အပိုပြအပ်သော ဝိသေသတ္ထတည်းဟု သိစေလိုသောကြောင့် "ဒဿေတိ"ဟု မထားဘဲ "ဒီပေတိ"ဟု ထားသည်။

http://www.dhammadownload.com



(၄)

* ပရဿ+အာယတ္တာ ပရာယတ္တာ။
* ပရာယတ္တာ+ဝုတ္တိ ယေသန္တိ ပရာယတ္တဝုတ္တိ။ (ဗဟုဗ္ဗီ)
✔ ပရာယတ္တပုဒ်, ဝုတ္တိပုဒ်, ယ-ပုဒ်သည်၄င်း, ပြဓာန်းသော အကြောင်းနှင့်စပ်သော ဖြစ်ခြင်း၏+တရားတို့နှင့် ဂုဏ်+ဂုဏေးစပ်-၄င်း ဗျူ-နိ။
✔ ပြဓာန်းသောအကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် ပ-နိ။
* အတ္တနော ဝသေ ဝတ္တန္တီတိ ဝသဝတ္တိနော။
* သဝသဝတ္တီနံ+ဘာဝေါ သဝသဝတ္တိတာ။
* သဝသဝတ္တိတာယ+အဘိမာနံ မညနံ ယဿ ပုဂ္ဂလဿာတိ သဝသဝတ္တိတာဘိမာနော။ (ဗဟုဗ္ဗီ)
✔ မိမိအလိုသို့လိုက်ပါတတ်သည်၏အဖြစ်၌ အလွန်မာန်မူခြင်း (အလွန်မှတ်မှားခြင်း, အထင်ကြီးခြင်း) သဘော၏+ပုဂ္ဂိုလ်ဒြဗ်နှင့် ဂုဏ်+ဂုဏေး၊ သဘာဝ+သဘာဝန္တ၊ နိဿိတ+နိဿယစပ်။

(တနည်း) သဿ (အတ္တနော) ဝသော သဝသော။
* သဝသေ+ဝတ္တိ ယေသန္တိ သဝသဝတ္တိနော။ (မိမိအလို၌ ဖြစ်ခြင်းရှိသောတရားတို့)
* သဝသဝတ္တီနံ+ဘာဝေါ သဝသဝတ္တိတာ။
* အဘိမညနံ အဘိမာနော။ (အလွန်မှတ်ထင်ခြင်း)
* သဝသဝတ္တိတာယ+အဘိမာနော သဝသဝတ္တိတာဘိမာနော။
✔ မိမိအလို၌ ဖြစ်ခြင်းရှိသောတရားတို့၏ ဖြစ်ကြောင်းဖြစ်ရာ၊ မိမိဖြစ်စေချင်သလို ဖြစ်စေနိုင်ခြင်း၏+ အလွန် မှတ်ထင်ခြင်းနှင့် ဂုဏ်+ဂုဏေးစပ်။

မှတ်ချက်။ ပထမနည်းကား-ယောဇနာနှင့် ပြည်သျှအလိုတည်း။
ဒုတိယနည်းကား- ဘာသာဋီကာအလိုတည်း။

(၅)

(က) ပရာယတ္တဝုတ္တိတံ-ကား ဘာဝတဒ္ဓိတ်ပုဒ်, ဣတ္ထိလိင်, ကညာဒိ, အာ-ကာရန္တ။
(ခ) ဟေတုမိ- ကား ကိတ်နာမ်ပုဒ်, ပုံလိင်, ရတ္တာဒိ, ဥ-ကာရန္တ။
(ဟိနောတိ ပဝတ္တတိ, ပတိဋ္ဌာတိ ဖလံ ဧတ္တာတိ ဟေတု။)
သတိ-ကား ကိတ်နာမ်ပုဒ်, ပုံလိင်, ဂစ္ဆန္တာဒိ, အ-ကာရန္တ။ (အသ+အန္တ။)
အနေန-ကား သဗ္ဗနာမ်, ပုံလိင်, သဗ္ဗနာမ်, အ-ကာရန္တ။

(၆)

အာဘော်-သံဝဏ္ဏနာ-ပါဠ်လျှော်က် မြန်မာပြန် ဘာဝတ္ထဖော်။

(၇)

(ခ)ပရာယတ္တဝုတ္တိတာ-၌ ပရ-သဒ္ဒါသည်-"ပစ္စနီကောတ္တမေသွညေ၊ ပဏ္ဍာဘာဂေ ပရော တီသု" ဟူသော အဘိဓာန်ဂါထာ (၈၄၁)လာ အနက်တို့တွင် ဥတ္တမအနက်ဟောတည်း။ ထို ဥတ္တမကိုပင် ဟေတုအတွက် "လွန်မြတ်သော၊ ထူးသော၊ ပဓာနဖြစ်သောအကြောင်း"ဟု အနက်မှတ်ပါ။ (ဘာသာဋီ၊၃။၄၂။)

http://www.dhammadownload.com



(၈)

(ခ) ဥပ္ပန္နံ-အရ ခဏတ္တယသို့ရောက်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍--

✔ ထိုသည် ဒဿနတ္ထ။

✔ ယောနိသောမနသိကာရသည် ဒီပကတ္ထ။

✔ အနဝဇ္ဇသုခဝိပါကသည် ပကာသနတ္ထ။

✔ သဒ္ဓမ္မသဝန-သပ္ပုရိသူပနိဿယသည် ဝိဘာဝတ္ထ။

✔ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိစသည်သည် အနုဘာဝတ္ထ။

(က) ဒီပေတိ (ခ)ဒီပိတာ (ဃ) ဒီပိတော-တို့၌ အနတ္ထ (ဒီပ)ဓာတ်အရ မြတ်စွာဘုရား၏ ဒေသနာဉာဏ်ကို ယူ၍--ကြိယာငါးတန်ထုတ်လေ။

(၉)

မေး။ ။ဟေတုသည်အကြောင်းဟူသောအနက်ကိုဟောသောကြောင့်"ဟေတုသဒ္ဒေါ ပန သမယော ပစ္စယာယတ္တဝုတ္တိတံ ဒီပေတိ"ဟု အဋ္ဌကထာ၌ ဆိုထိုက်သည်မဟုတ်ပါလော၊ အဘယ့်ကြောင့် "ပရာယတ္တဝုတ္တိတံ ဒီပေတိ"ဟု ဆိုပါသနည်း။

အဖြေ။ ။"ပစ္စယာယတ္တ"ဟူရာ၌ ပစ္စယ-ဟူသည် စက္ခုပ္ပသာဒ ရူပါရုံ အာလောက မနသိကာရ ကဲ့သို့ ညီညွတ်နေသောအကြောင်းများတည်း။ ဟေတု-ဟူသည်ကား ထိုအကြောင်းတို့တွင် ထူးခြားသော ပဓာန အကြောင်းတည်း။ ဤသို့လျှင် ပစ္စယာယတ္တဒီပနထက် ပရာယတ္တဒီပနက လွန်ကဲသော ပမာဏ ရှိသောကြောင့် ဟေတုအနက်ဖြစ်သောသမယအတွက် ပရာယတ္တဝုတ္တိဒီပနအဖြစ်ကို ဆိုပါသည်-ဟူလို။ (ဘာသာဋီ၊၁။ ၅၂၉။)

♦ ဟေတု ။ပ။ ဝုတ္တိတံ ဒီပေတီတိ ပစ္စယာယတ္တဝုတ္တိဒီပနတော တပ္ပရာဘာဝါ ဟေတုသဒ္ဒါတဿ ပရာယတ္တဝုတ္တိဒီပနတာ ဝုတ္တာ။ (မူလဋီ။၆၃။)

(၁၀)

(ခ) ဟေတုမှိ သတိ ဥပ္ပန္နံ ဟောတိ-၌-

ဟေတုမှိ-အရ ယောနိသောမနသိကာရ-စသော ပြဓာန်းသောအကြောင်းတရားသည်-

ဥပ္ပန္နံ-အရ မဟာကုသိုလ်စိတ်အား ပကတူပ-ပြု။

(ဃ) အတ္ထော ဒီပိတော-၌-

အတ္ထော-အရ ပရာယတ္တဝုတ္တိအဖြစ်အစရှိသော အနက်သည်-

ဒီပိတော-၌ ဒီပ-ဓာတ်အရ ဒေသနာဉာဏ်အား အာရမ္မဏ-ပြု။

## ဝါကျဥယျာဉ်(၇၆)

(က) တတ္ထ ယသ္မိံ သမယေတိ ကာလသဒ္ဒါတဿ သမယဿ ဝသေန ယသ္မိံ ကာလေတိ အတ္ထော။

(ခ) သမူဟသဒ္ဒါတဿ ယသ္မိံ သမူဟေတိ၊

(ဂ) ခဏသမဝါယဟေတုသဒ္ဒါတာနံ ယသ္မိံ ခဏေ သတိ, ယာယ သာမဂ္ဂိယာ သတိ, ယမှိ

http://www.dhammadownload.com



ဟေတုမှိ သတိ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ့ယေဝသတိ ဖဿာဒယော ပီတိ အယမေတ္တော ဝေဒိတဗ္ဗော။

(ဃ) အဓိကရဏာဥ္စိ ကာလသင်္ခါတော သမူဟသင်္ခါတော စ သမယော တတ္ထ ဝုတ္တ ဓမ္မာနဥ္စ္တိ အဓိကရဏဝသေနေတ္တ ဘုမ္မံ။

(င) ခဏသမဝါယဟေတုသင်္ခါတဿ စ သမယဿ ဘာဝေန တေသံ ဘာဝေါ လက္ခီယတိတိ ဘာဝေနဘာဝလက္ခဏဝသေနေတ္တ ဘုမ္မံ။

ဋ္ဌ။၁၀၄။ မူလဋီ။၆၃။ ယောဇနာ။၈၁။ ပြည်သျှ။၃၉၅။ ဘာသာဋီ။၃။၄၃။ ကျော်စံဂဏ္ဌိ။၂၄၁။ မင်းခင်းဂဏ္ဌိ၃၅၃။

=================

(၁)

ယသ္မိံ့သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ။ပ။တသ္မိံ့သမယေ ဖဿော ဟောတိ–ကို သံဝဏ္ဏနာ–နှင့်အညီ အနက်ယောဇနာပုံ။

၁။ ယသ္မိံ့သမယေ–အကြင်အခါ၌။ ကာမာဝစရံ ။ပ။ ဥပ္ပန္နံ ဟောတိ။ တသ္မိံ့သမယေ–ထိုအခါ၌။ ဖဿော–သည်။ ဟောတိ–ဖြစ်၏။ (ဝါ)–ပါဝင်၏။ (ဤကား သမယသဒ္ဒါကာလဝါစက။)

၂။ ယသ္မိံ့သမယေ–အကြင်ဖဿ,ဝေဒနာ–စသောတရားအပေါင်း၌။ကာမာဝစရံ။ပ။ ဟောတိ။ တသ္မိံ့သမယေ–ထိုဖဿဝေဒနာစသောတရားအပေါင်း၌ ။ပ။ (ဤကား သမယသဒ္ဒါသမူဟဝါစက။)

၃။ ယသ္မိံ့သမယေ–အကြင်ဗုဒ္ဓုပ္ပါဒနဝမက္ခဏ, စတုစက္ကသမ္ပတ္တိခဏသည်။ သတိ–သော်။ ကာမာဝစရံ– ။ပ။ ဟောတိ။ တသ္မိံ့သမယေ–ထိုဗုဒ္ဓုပ္ပါဒနဝမက္ခဏ,စတုစက္ကသမ္ပတ္တိခဏသည်ပင်။ သတိ–သော်။ ဖဿော။ ဟောတိ။ (ဤကား သမယသဒ္ဒါ ခဏဝါစက။)

၄။ ယသ္မိံ့သမယေ–အကြင်အာရုံ ယောနိသောမနသိကာရစသော အကြောင်းအပေါင်းသည်။ သတိ–သော်။ကာမာဝစရံ။ပ။ဟောတိ။တသ္မိံ့သမယေ–ထိုအာရုံ ယောနိသော မနသိကာရ စသော အကြောင်းအပေါင်းသည်ပင်။ သတိ–သော်။ ဖဿော။ ဟောတိ။ (ဤကား သမယသဒ္ဒါသမဝါယဝါစက။)

၅။ ယသ္မိံ့သမယေ–အကြင်ယောနိသောမနသိကာရ–ဟူသော ဝိသေသ(ပဓာန)အကြောင်းသည်။ သတိ–သော်။ ကာမာဝစရံ ။ပ။ ဟောတိ။ တသ္မိံ့သမယေ–ထိုယောနိသော မနသိကာရဟူသော အကြောင်းသည်ပင်။ သတိ–သော်။ ဖဿော။ ဟောတိ။ (ဤကား သမယသဒ္ဒါဟေတုဝါစက။)

* ကုသိုလ်အရာဖြစ်၍ ယောနိသောမနသိကာရကို ပဓာနအကြောင်းဟုဆိုသည်။(ဘာဋီ၊၃။၄၄။)

(၂)

(က)စသည်သို့ (မင်းခင်းဂဏ္ဌိ) အနုသန္ဓေတက်ပုံ

ဤသို့ ယသ္မိံ့သမယေ–၌ သမယသဒ္ဒါ၏အတ္ထုဒ္ဓါရ,အတ္ထုဒ္ဒေသ,သရူပ,အတ္ထဒီပနာ–စသည်တို့ကို ပြပြီး၍ ယခုအခါ၌ အတ္ထယောဇနာကိုပြလိုရကားတတ္ထ–စသည်မိန့်။ (မင်းခင်းဂဏ္ဌိ။၃၅၃။)

ယင်းဂဏ္ဌိ–အလို (က) ဖြင့် ကာလဟုဆိုအပ်သော သမယ၏အစွမ်းဖြင့် ယသ္မိံ့သမယေ–ပုဒ်၏ အတ္ထ ယောဇနာကို ပြသည်။

(ခ) ဖြင့် သမူဟဟုဆိုအပ်သော သမယ၏အစွမ်းဖြင့် ယသ္မိံ့သမယေ–ပုဒ်၏ အတ္ထယောဇနာ ကို ပြသည်။

(ဂ) ဖြင့် ခဏ, သမဝါယ, ဟေတုဟုဆိုအပ်ကုန်သော သမယတို့၏အစွမ်းဖြင့် ယသ္မိံ့သမယေ–ပုဒ်၏ အတ္ထယောဇနာကို ပြသည်။ (ဤသို့ အဓိပ္ပါယ်ယူ၍ ကျမ်းတက်ရမည်။)

http://www.dhammadownload.com



## (က)စသည်သို့ (ဘာသာဋီကာ) အနုသန္ဓေတက်ပုံ

ဤသို့ ယသ္မိံသမယေ–၌ သမဝါယစသော အနက် ၅–မျိုးအတွက် သမယက ပြနိုင်သော အတ္ထဝိသေသ ၅–မျိုးကိုပြပြီး၍၊ ယခုအခါ၌ ထိုသမဝါယစသောအနက် ၅–မျိုးရှိသော သမယ–နောင် သ္မိံဝိဘတ်၏ အနက်ကို ပြလိုသောကြောင့် တတ္ထ–စသည်ကိုမိန့်။ (ဘာသာဋီကာ၊၃။၄၃။)

ယင်းဘာသာဋီအလို– (က)ဖြင့် ကာလအနက်ဟော သမယနောင်သက်သော သ္မိံဝိဘတ်၏အနက်ကို ပြသည်။
(ခ)ဖြင့် သမူဟအနက်ဟော သမယနောင်သက်သော သ္မိံဝိဘတ်၏အနက်ကို ပြသည်။
(ဂ)ဖြင့်ခဏ,သမဝါယ,ဟေတုအနက်ဟောသမယနောင်သက်သော သ္မိံဝိဘတ်၏ အနက်ကိုပြသည်။ ဤသို့အဓိပ္ပါယ်ယူ၍ အသီးသီးကျမ်းတက်ရမည်။

## (ဃ)သို့ ဌပနာပဋ္ဌက

ဆရာ–သည် (က)(ခ)ဝါကျတို့ဖြင့် ကာလ, သမူဟအနက်ဟော သမယပုဒ်နောင်သက်သော သ္မိံဝိဘတ်ကို ယသ္မိံကာလေ, ယသ္မိံသမူဟေ–ဟု အဓိကရဏအနက်သမွန်ရမည်ဟုဆိုတော်မူ၏။ (ပ) အဓိကရဏတ္တဖြစ်ပုံ အသင့်ယုတ္တိကိုလည်းပြဆိုသင့်သေး၏။ (ပ) စုဒ်ကြောင့် (ဃ)မိန့်။

အမှာ= (ဃ)(င) ၂–ဝါကျသို့ ပေါင်းတက်လိုလျှင် (က)(ခ)(ဂ) ၃–ဝါကျလုံးကို တစ်ပေါင်းတည်း ဌပနာထား၍တက်။

## (၃)

(က) စသည် ဝါကျာရမ္ဘ၊ (တနည်း) ပက္ခန္တရ။ အဗ္ဗာပိတပယ်။ ထိုတွင်–
(ခ) ပက္ခန္တရ (ဂ)ပက္ခန္တရ။ (ဃ)(င)တို့ကား ယုတ္တိဒဠီကရဏ။ ထို့တွင်–
(င) သည် ခဏ, သမဝါယ, ဟေတု–အနက်ဟော သမယနောင်သက်သော သ္မိံဝိဘတ်၏ ဘာဝေန ဘာဝလက္ခဏအနက်၌ဖြစ်ပုံ ယုတ္တိဒဠီကရဏတစ်မျိုးပြ–ပက္ခန္တရ။

## (က)၌ ကာလသတ္တမီ တသ္မိံ သမယသ္မိံ ဝသေန–ဟူသော (ကာရကန္တ)ပုဒ်ထားရခြင်း

ယသ္မိံ ကာလေတိ အတ္ထော ဝေဒိတဗ္ဗော–အရ "အကြင်ကာလ"–၌ဟူသော အနက်ကို သိအပ်–ဟု ဆိုရာ၌ ကာလသမယ၏အစွမ်းဖြင့် သိအပ်သလော၊ သမူဟသမယ, ခဏသမယ–စသည်တို့၏ အစွမ်းဖြင့် သိအပ်သလော–ဟု "ဝေဒိတဗ္ဗော"ဟူသော ကမ္မတ္ထကြိယာ၏ သိအပ်မှုသည်အလွန်ပြန့်နှံ့ နေသည်ဖြစ်၍ ကာလ သမယ၏အစွမ်းဖြင့်သာ သိအပ်၏ဟု သိအပ်မှု ကမ္မသတ္တိကို ကန့်သတ်ပြလို၍ ကာလသတ္တမီ တသ္မိံ သမယသ္မိံ ဝသေန–ဟူသော ကာရကန္တပုဒ်ကိုထားသည်။

- ◆ ကတ္တုသတ္တိ၊ ပြလိုဘိက၊ ဘာဝ–ဝသ၊ အာကာရ၊ ထားကြကာရကန္တာ။
- ◆ ချင်းကာရကန္တ၊ ကတ္တုဋ္ဌမှ၊ ကိရိယ၊ မ–ကြပိသေသာ။
- ◆ ကံ သတ္တိမှာ၊ ရံတခါ၊ တူစွာထားကြရာ။ (စံကျောင်း။၂၈၁။၂၈၂။ ၂၈၃။)

## (ဂ) သတိ သဒ္ဒါထားရခြင်း–

မည်သည့်ပုဒ်နက်မဆို စပ်စရာကြိယာမရှိလျှင် "ဘူ,ဟူ,အသ"ဟူသော သတ္တာ–(ထင်ရှား ရှိခြင်း) ကြိယာနှင့်မကင်းနိုင်ရကား ထိုကြိယာကိုထည့်၍စပ်ရသည်။ သို့ဖြစ်ရကား ခဏ, သမဝါယ, ဟေတု အနက်ပေးရာ၌ "သတိ"ဟူသော လက္ခဏအနက်ဟော ကြိယာ–ထည့်ရမည်ဟု ပြလို၍ (ဂ)၌ သတိ– သဒ္ဒါထားသည်။

http://www.dhammadownload.com



( ၄ )

အဓိကရီယတိ အာဓာရီယတိ ဧတ္ထာတိ အဓိကရဏံ။ (ပါရာ–ယောဇနာ။၅၁။)

✔ အဓိ+ကရ+ယု–သည်၄င်း၊ ဆောင်ထားခြင်း စွဲ၍ပြုခြင်းကြိယာသည်၄င်း ဗျု–နိ။

✔ ကာလတ္ထ, သမူဟတ္ထ–ဖြစ်သောသမယတို့၏–ဓာတ်သည် ပ–နိ။

**ဝစနတ္ထမှတ်ဘွယ်**

* အရီယတိ ဥာယတီတိ အတ္ထော။ (အရ+ထ။ သိခြင်းကြိယာ။)

* ကာလော လ္လတိ သခ်ါတော ကာလသခ်ါတော။(ကာလ၏+ သမယနှင့် ဂုဏ်+ဂုဏေးစပ်။)

* ဖဿော အာဒိ ယေသံ ဓမ္မာနန္တိ ဖဿာဒယော။

* ဘဝန္တိ ဧတ္ထာတိ ဘူမိ။ (မြေကြီးရ၏)

* ဘူမိဝိယာတိ ဘူမိ။ (မြေကြီးနှင့်တူသော တည်ရာအနက်။)

* ဘူမိယံ+ဘဝံ ဘုမ္မံ။ (ဘူမိပုဒ်+ဏျ–ပစ္စည်း)

(မြေကြီးပမာတည်ရာအနက်၏+ဖြစ်သောသတ္တမီဝိဘတ်နှင့်ဌာန+ဌာနီ၊နိဿယ+နိဿိတစပ်)

(၅)

ပဒ–လိင်–ဂဏ–စသည်လွယ်ပြီ။

(၆)

(က)သံဝဏ္ဏနာ–ပါဌ်ဖြင့် ယသ္မိံသမယေ–၌ သမယသဒ္ဒါသည် ကာလအနက်ဟောသည်၏ အဖြစ်ကို၄င်း, သမယ–သဒ္ဒါ ကာလအနက်ဟောခိုက် ယသ္မိံသမယေ–၌ သတ္တမီဝိဘတ်၏ အဓိကရဏ အနက်၌ ဖြစ်သည်ကို၄င်း,(ဝိဘတျတ္ထ) "ယသ္မိံသမယေ–(ယသ္မိံကာလေ) အကြင်အခါ၌"ဟု (ကာလတ္ထ၊ အဓိကရဏတ္ထ) အနက်ယောဇနာရမည်ကို၄င်း သိစေသည်။

(ခ)ဖြင့် ယသ္မိံသမယေ–၌ သမယသဒ္ဒါ၏ သမူဟအနက်ဟော–၄င်း၊ သမယသဒ္ဒါ သမူဟအနက် ဟောခိုက် သတ္တမီဝိဘတ်၏ အဓိကရဏအနက်၌ ဖြစ်သည်ကို၄င်း, "ယသ္မိံသမယေ–(ယသ္မိံသမူဟေ)– အကြင်ဖဿဝေဒနာ–စသော တရားအပေါင်း၌"ဟု (သမူဟတ္ထ၊ အဓိကရဏတ္ထ) အနက် ယောဇနာရ မည်ကို၄င်း သိစေသည်။

(ဂ) ခဏသမဝါယဟေတုသခ်ါတာနံ (လ) ယမှိ ဟေတုမှိ သတိ–ဖြင့် ယသ္မိံသမယေ–၌ သမယသဒ္ဒါ၏ ခဏ, သမဝါယ, ဟေတု–အနက်တို့ကိုဟော–၄င်း, သမယ–သဒ္ဒါ ခဏ, သမဝါယ, ဟေတု အနက်တို့ကို ဟောခိုက် သတ္တမီဝိဘတ်၏ ဘာဝေန ဘာဝလက္ခဏအနက်၌ဖြစ်သည်ကို၄င်း, "ယသ္မိံသမယေ–(ယသ္မိံခဏေ)– အကြင်ဗုဒ္ဓုပ္ပါဒနဝမက္ခဏ, စတုစက္ကသမ္ပတ္တိခဏသည်။ သတိ–သော်–ဟူ၍၄င်း၊ ယသ္မိံသမယေ–(ယာယ သာမဂ္ဂိယာ)– အကြင်အာရုံယောနိသောမနသိကာရ စသောအပေါင်း သည်။ သတိ–သော်–ဟူ၍၄င်း, ယသ္မိံသမယေ–(ယမှိဟေတုမှိ)အကြင် ယောနိသောမနသိကာရ–ဟူသော ဝိသေသ(ပဓာန)အကြောင်းသည်။ သတိ–သော်–ဟူ၍၄င်း, အသီးသီး (ခဏတ္ထ, သမဝါယတ္ထ, ဟေတွတ္ထ၊ အဓိကရဏတ္ထ) အနက်ယောဇနာ ရမည်ကို၄င်း သိစေသည်။

ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ–ဖြင့် ယင်း ယသ္မိံသမယေ–ကို ပါဠိတော်၌လာသော ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ–၌စပ်၍ အနက်ယောဇနာရမည်ဟု သိစေ။

တသ္မိံယေဝ–ဖြင့် တသ္မိံသမယေ–၌ ဧဝသဒ္ဒါကျေနေသည်၏အဖြစ်ကို သိစေသည်။

သတိ-ဖြင့် ယသ္မိံသမယေ တသ္မိံသမယေ-ကို၌ သမယသဒ္ဒါကို ခဏ-သမဝါယ-ဟေတု အနက်ကြံခိုက် တသ္မိံသမယေ–ဟူသောပုဒ်ကိုလည်း သတိ–ဟူသော လက္ခဏပုဒ်ထည့်ဖွက်၍ အနက် ယောဇနာရမည်ဟု သိစေသည်။

http://www.dhammadownload.com



( ၇ )

(ဂ) တသ္မိံ ယေ၀ သတိ–၌ ဧ၀–၏ ဂဟေတဗ္ဗတ္ထ–စသည်ထုတ်ပုံ

✔ ခဏ သမဝါယ ဟေတု–ဟုဆိုအပ်သော သမယတို့၏ထင်ရှားဖြစ်ခြင်း၊ ထင်ရှားရှိခြင်းသည် ဂဟေတဗ္ဗတ္ထ။

✔ ခဏ သမဝါယ ဟေတု–ဟုဆိုအပ်သော သမယတို့၏ထင်ရှားမဖြစ်ခြင်း၊ ထင်ရှားမရှိခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။

(တနည်း) ခဏ သမဝါယ ဟေတု–ဟုဆိုအပ်သော သမယသည် ဂဟေတဗ္ဗတ္ထ။
ကာလ သမူဟ–ဟူသော သမယသည် နိဝတ္တေတဗ္ဗတ္ထ။

မှတ်ချက်။ ပထမနည်းကား– ဧ၀–ကို သတိနောင်ထိုင်၍ထုတ်ပုံတည်း။
ဒုတိယနည်းကား–ဧ၀–ကို တသ္မိံနောင်ထိုင်၍ ထုတ်ပုံတည်း။

(က) တတ္ထ–၌ တ–ကား ပက္ကန္တ၊ (တတ္ထ–ထိုသမယစသောငါးပါးသောအနက်တို့တွင်)

(ဂ) ဖဿာဒယောပိ–၌ ပိ–ကား သမ္ပိဏ္ဍနဝ။

(န ကေဝလံ ကာမာဝစရံ ကုသလံ စိတ္တံယေ၀၊ အထခေါ ဖဿာဒယောပိ ဥပ္ပန္နံ ဟောတိ ဟူလို။)

(ဃ) ဟိ–ကား ဒဠှီကရဏဇောတက၊ သမူဟသင်္ခါတောစ–၌ စ–ကား သမုစ္စည်း–သမ္ပိဏ္ဍန၊

(န ကေဝလံ ကာလသင်္ခါတော သမယော၊ အထခေါ သမူဟသင်္ခါတော သမယောစ။)

(င) စ–ကား ပက္ခန္တရဇောတက။ (ဘာသာဋီကာ–၌ သမုစ္စည်းအနက်ပေးသည်။)

(၈)

(ဃ) ဝုတ္တမေဝ္ဟာနံ–၌ ဝုတ္တ–ဝယ် ဝစဓာတ်အရ ဘုရားရှင်၏ဒေသနာဉာဏ်–ကိုယူ။
တ–ပစ္စည်းအရ ဒေသနာတော်တည်းဟူသောဝစီဘေဒသဒ္ဒ–ကို ယူ။

(ဂ) ဝေဒိတဗ္ဗော–၌ ဝိဒ–ဓာတ်အရ ယသ္မိံသမယေ–ပုဒ်၏ အနက်ကိုသိသောပညာရှိပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော သတိ,ဝီရိယဉာဏ်ပြဓာန်းသောမဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကိုယူ။

(၉)

(င)“ဘာဝေန ဘာဝလက္ခဏဝသေန–၌ ဘာဝေနဘာဝလက္ခဏ အဓိပ္ပါယ်”

ဤ၌ “စိတ္တံ ဥပ္ပန္နံ ဟောတိ”အရ စိတ်၏ဖြစ်ခြင်းကြိယာဟူသောဘာဝကို ခဏ, သမဝါယ, ပစ္စယ အကြောင်းတို့၏ဖြစ်ခြင်းကြိယာဖြင့်မှတ်ခြင်းသည် ဘာဝေန ဘာဝလက္ခဏ မည်၏။ (ဘာသာဋီ၊ ၁း၄၅။)

ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကာလကို “အဓိကရဏ”ဟုဆိုရခြင်း

စိတ်ဖြင့်ပိုင်းခြားအပ်သောကာလကိုလည်း (ပရမတ္ထသဘောအားဖြင့် ထင်ရှားမရှိသော်လည်း) အဘိဓမ္မာ–၌ ဟောတော်မူအပ်ကုန်သောတရားတို့၏ တည်ရာ၏အဖြစ်ဖြင့်လျှင် ထင်ရှားရှိသည်၏အဖြစ် ကြောင့် “အဓိကရဏ”ဟူ၍ ဆိုအပ်ပါသည်။

ပရမတ္ထအားဖြင့် ထင်ရှားမရှိဘဲလျက် အဘယ့်ကြောင့် အာဓာရအဖြစ်ဖြင့် ထင်ရှားသနည်း ဟူမူကား– ထိုစိတ်ဖြင့်ပိုင်းခြားအပ်သောကာလ၌ ဖြစ်ကုန်သောတရားတို့၏ ထိုစိတ်ဖြစ်သောကာလမှ ရှေ့အဘို့, နောက်အဘို့ တို့၌ မရှိသောကြောင့် ပရမတ္ထအားဖြင့် ထင်ထင်ရှားရှားမရှိသော်လည်း အာဓာရအဖြစ်ဖြင့် ဖြစ်သတည်း။ ထိုသို့ ထင်ရှားသည်၏ အဖြစ်ကြောင့်ကာလကို အဓိကရဏ–ဟူ၍ဆိုအပ်ပါ၏ ဟူလို။(မြည်သျှ။၃၉၇။ မူလဋီ။၆၃။)

http://www.dhammadownload.com



(၁၀)

(ဂ) ယမှိ ဟေတုမှိ+ကုသလံ စိတ္တံ+ဥပ္ပန္နံ ဟောတိ–၌

✔ ဟေတုမှိ–အရ ယောနိသောမနသိကာရစသော ပြဓာန်းသောအကြောင်းသည်–
ကုသလံ စိတ္တံ–အရ မဟာကုသိုလ်စိတ်အား ပကတူပ–ပြု။

✔ ကုသလံ စိတ္တံ–အရ ကုသိုလ်စိတ်ဝိညာဏက္ခန္ဓာသည်–
ဥပ္ပန္နံ ဟောတိ–အရ ဝေဒနာ သညာ သင်္ခါရဟူသော သမ္ပယုတ္တက္ခန္ဓာအား သဟဇာတ–ပြု။
ပြိုင်–ကြီး–၄, အည, သမ္ပ, အာဟာရ, ဣန္ဒြိယ (၈)

====================

## ဝါကျဥယျာဉ် (၇၇)

(က) တတြာယံ ဝစနတ္ထော–ဥဒ္ဒါနတော ဒွေ ကာမာ ဝတ္ထုကာမော စ ကိလေသကာမော စ။

(ခ) တတ္ထ ကိလေသကာမော အတ္ထတော ဆန္ဒရာဂေါ၊ ဝတ္ထုကာမော တေဘူမကဝဋ္ဋံ။

(ဂ) ကိလေသကာမော စေတ္ထ ကာမေတီတိ ကာမော၊ဣတရော ပန ကာမိယတီတိ ကာမော။

(ဃ) ယသ္မိံ ပန ပဒေသေ ဒုဝိဓောပေသော ကာမော ပဝတ္တိဝသေန အဝစရတိ၊ သော စတုန္နံ အပါယာနံ, မနုဿာနံ, ဆန္နဉ္စ ဒေဝလောကာနံ ဝသေန ဧကာဒသဝိဓော ပဒေသော "ကာမော ဧတ္ထ အဝစရတီ"တိ ကာမာဝစရော။

(င) သသတ္ထာဝစရော ဝိယ။

ဋ္ဌ။၁၀၄။ မူလဋီ။၆၃။ ယောဇနာ။၈၂။ ပြည်သျှ။၄၀၀။ ဘာသာဋီ၊ဒု။၄၇။ ကျော်စံဂဏ္ဌိ။၂၄၁။ မင်းခင်းဂဏ္ဌိ။၃၅၅။

====================

(၁)

(ဂ)အနက်ပေးပုံ

စ–အထူး။(ပြည်) စ–ဆက်။(ဘာသာဋီကာ) ဧတ္ထ–ဤနှစ်ပါးသောကာမတို့တွင်။ ကိလေသကာမော–သည်။ (ဝတ္ထုကာမံ–ကို။) ကာမေတိ–၏။ဣတိ ဣမိနာ ဝစနတ္ထေန–ဖြင့်။ကာမော–မည်၏။ ပန–ပါး။ ဣတရော–ကိလေသကာမမှတစ်ပါးသော ဝတ္ထုကာမသည်။ (ကိလေသကာမေန–သည်) ကာမိယတိ–အပ်၏။ ဣတိ–ဣမိနာ ဝစနတ္ထေန–ဖြင့်။ ကာမော–မည်၏။

(ဃ) ပန–ကာမဟူသောပုဒ်၏ ဝစနတ္ထမှတစ်ပါး ကာမာဝစရဟူသောပုဒ်၏ ဝစနတ္ထကိုဆိုအံ့။(ပြည်သျှ) ပန–ဆက်။ (ဘာသာဋီကာ) ယသ္မိံပဒေသေ–၌။ (သဟိတော–အာရုံအာရမ္မဏိကအားဖြင့်တကွ ဖြစ်သော) ဒုဝိဓောပိ–သော ။ပ။

(၂)

(ခ)သို့ ဋ္ဌပနာပဥ္စက

ဆရာ–သည် (က)ဖြင့် ကာမတို့သည် ဝတ္ထုကာမ, ကိလေသာကာမ–ဟူ၍ နှစ်ပါးရှိ၏ဟုဆို၏။ ထို–
–သော် ယင်းကာမနှစ်ပါးတို့၏ အရကောက်အဘိပ္ပာယ်တူထူးခြားပုံကို မသိအပ်, မသိနိုင်သည် မဟုတ်ပါလော–
စသည်တကား။

http://www.dhammadownload.com



### (ဂ)သို့ ပါပနာဒိပဉ္စက

ဆရာ–သည် (ခ)ဖြင့် ဝတ္ထုကာမ, ကိလေသကာမနှစ်ပါးတို့၏ အရကောက်အဘိဓေယျတ္ထကို ပြဆိုတော်မူ၏။ ထို–သော် ယင်း ကာမနှစ်ပါးတို့၏ အရကောက်အဘိဓေယျတ္ထသာရှိ၍ ဝစနတ္ထ အဘိဓာနတ္ထမရှိ–ဟူသောအနက်သည် ရောက်ရာ၏ စသည်။

### (ဃ)သို့ ဋ္ဌပနာပဉ္စက

ဆရာ–သည် (က)(ခ)(ဂ)ဝါကျတို့ဖြင့် ကာမာဝစရ၌ ကာမဟူသောရှေ့ပုဒ်တစိတ်၏ သရုပ်, အရကောက်, ဝစနတ္ထကို ပြဆိုတော်မူ၏။ ထို–သော် ကာမဟူသော ရှေ့ပုဒ်၏ သရုပ်, အရကောက်, ဝစနတ္ထကိုသာ သိရ၍ အဝစရဟူသောနောက်ပုဒ်နှင့် ကာမာဝစရပုဒ်တို့၏ ဝစနတ္ထမရှိဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော–စသည်တက်။

### (င)သို့ ဋ္ဌပနာပဉ္စက

ဆရာ–သည် (ဃ)ဖြင့် ကာမနှစ်ပါးတို့၏ ကျင်လည်ရာဖြစ်သောကြောင့် တစ်ဆယ့်တစ်ပါးသော အရပ်သည် ကာမာဝစရ–မည်သောဟူ၍ဆို၏။ထို–သော် ထိုတစ်ဆယ့်တစ်ပါးသောအရပ်၌ ရူပါဝစရ, အရူပါဝစရတရားတို့သည်လည်း ဖြစ်သောကြောင့် ထိုတစ်ဆယ့်တစ်ပါးသောအရပ်သည် ရူပါဝစရ အရူပါဝစရလည်း မည်ရာသည်မဟုတ်ပါလော၊ (ပြည်သျှ။၄ဝ၄။) ထိုသို့ မည်ရာလေသောကြောင့် ကာမနှစ်ပါးတို့၏ ကျင်လည်ရာဖြစ်သောကြောင့် တစ်ဆယ့်တစ်ပါးသော အရပ်သည် ကာမာဝစရမည်၏–ဟူ၍သာမဆိုသင့်၊ ကာမနှစ်ပါးတို့၏ ကျင်လည်ရာဖြစ်သောကြောင့် တစ်ဆယ့်တစ်ပါးသောအရပ်သည် ကာမာဝစရမည်၏–ဟုဆိုရာ၌ လောကူပမာကိုလည်း ပြဆိုသင့်သေး၏၊ လောကူပမာကား အဘယ်ပါနည်း။ စုဒ်ကြောင့် (င)မိန့်။

### (၃)

(ခ)(ဂ)(ဃ)တို့ဖြင့် အဗျာပိတ,အပရိပုဏ္ဏပယ်။ (ကျမ်းတက်နှင့်အာဘော်ရှု၍ အကြောင်းပြ ဖြေဆိုပါ။)

### (၄)

သသတိ ဟိံသတိ ဧတေနာတိ သတ္ထံ။ (သသု+ထ) (ညှင်းဆဲခြင်း)

သဟ+သတ္ထေန+ယေ ဝတ္တန္တီတိ သသတ္ထာ။

✔ လက်နက်နှင့်တကွဖြစ်ခြင်း သဟာဝတ္တနဘောဂုဏ်၏+ယောကျ်ားတို့နှင့် ဂုဏ်+ဂုဏေးစပ် ဗျု–နိ။

✔ လက်နက်ကိုင်ယောကျ်ားတို့၏ တစ်ယောက်သည်–ဓာတ်သည် ပ–နိ။

* အဝစရန္တိ ဧတ္ထာတိ အဝစရော။

* သသတ္ထာနံ+အဝစရော သသတ္ထာဝစရော။

(လက်နက်ကိုင်ယောကျ်ားတို့၏+ကျင်လည်ရာအရပ်နှင့် ဌာနီ+ဌာနစပ်။)

### ဝစနတ္ထမှတ်ဖွယ်

(က) ဥဒ္ဒံ ဒါတိ ရက္ခတီတိ ဥဒ္ဒါနံ။ (ဒု+ဒါ+ယု။ အထက်၌စောင့်ရှောက်ခြင်း)

* ဝသန္တိ ဧတ္ထာတိ ဝတ္ထု။ (ဝသ+ရတ္ထု။ နေခြင်း)

* ကာမီယတီတိ ကာမော။ (ကမု+ဏ။ အလိုရှိခြင်း။)

* ဝတ္ထုဧဝ+ကာမော ဝတ္ထုကာမော။ (ဝတ္ထု၏+ကာမနှင့် ဂုဏ်+ဂုဏေးစပ်။)

http://www.dhammadownload.com



* ကိလေသေတီတိ ကိလေသော။ (ကိလိသ+ဏ။ ညှင်းဆဲနှိပ်စက်ခြင်း၊ ပူပန်စေခြင်း။)
* ကာမေတီတိ ကာမော။
* ကိလေသော စ+ ကာမော ကိလေသကာမော။ (ဂုဏ်+ဂုဏီစပ်)
  ဒွေကာမာဒွိ ကာမာ–ပုဒ်ကို–
* ကာမေတီတိ ကာမော။ (ကိလေသကာမ) ကာမိယတီတိ ကာမော။ (ဝတ္ထုကာမ)
* ကာမောစ+ကာမောစ ကာမာ–ဟု အစိတ်အပေါင်းပြု။

✔ ကိလေသကာမ၊ ဝတ္ထုကာမတို့၏ ကျင်လည်ခြင်းကြိယာကိုအကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဗျူ–နီ။

✔ ကိလေသာကာမ ဝတ္ထုကာမဒြဗ်သည် ပ–နီ။

(ခ) ဆန္ဒေတီတိ ဆန္ဒော။ ရဇ္ဇန္တိ ဧတေနာတိ ရာဂေါ။
* ဆန္ဒောစ ရာဂေါ ဆန္ဒရာဂေါ။
* ဘဝန္တိ ဧတ္ထာတိ ဘူမိ။ (ဘူ+မိ)။ တိဿော+ဘူမိယော တိဘူမံ။
* တိဘူမေ+ဘဝံ တေဘူမကံ။ (တိဘူမ+က)

(တနည်း) တိဿော+ဘူမိယော+ဣမဿာတိ တိဘူမံ။
* တိဘူမံယေဝ တေဘူမကံ။
* ဝဋ္ဋတိ (ဝတ္တတိ) ဧတ္ထ ကမ္မံ, တဗ္ဗိပါကောစာတိ ဝဋ္ဋံ။
* တေဘူမကံ စ ဝဋ္ဋံ တေဘူမကဝဋ္ဋံ။
  (ဘုံသုံးပါး၌ဖြစ်တတ်သည်၏အဖြစ်တည်းဟူသောဂုဏ်၏+ ဝဋ္ဋတရားနှင့် ဂုဏ်+ဂုဏီစပ်။)

(ဃ) ဒွေ ဝိဓာ ပကာရာ ယဿာတိ ဒုဝိဓော။

✔ နှစ်ပါးအပြား၏ + ကာမနှင့် သချာ+သချေယျစပ် ဗျူ–နီ။

✔ နှစ်ပါးအပြားရှိသောသချာသည် ပ–နီ။

* အယတော (သုခတော) +အပေတော အပါယော။

✔ ချမ်းသာသုခ၏+ကင်းရာအရပ် (အပါယ်ဘုံ)နှင့် အပါဒါန်+အပါဒီစပ်။ ဗျူ–နီ။

✔ ချမ်းသာသုခမရှိခြင်းဂုဏ်သည် ပ–နီ။

(တနည်း) နတ္ထိ အယော (ပုည်) ဧတေသွိန္တိ အပါယော။
  (ကုသိုလ်မရှိခြင်း နတ္ထိဘောဂုဏ်၏+ အပါယ်ဘုံနှင့် ဂုဏ်+ဂုဏီစပ်။)
* မနတိ ဇာနာတီတိ မနသော။(မန+ဥဿ။သိခြင်း။)

(တနည်း) မနနော + အပစ္စံ မနုဿော။

(တနည်း) မနော ဥဿန္နံ ဧတေသာတိ မနုဿော။ (သမာသ်)
* မနုဿာ+ဧတ္ထ သန္တီတိ မနုဿာ။ (လူတို့၏+ ဘုံဌာနနှင့် ဌာနီ+ဌာနစပ်။)

( ၅ )

(က) ဥဒ္ဒါနတော–နိပါတ်, အလိင်, ဂဏဝိမုတ်, ဩ–ကာရန္တ။
ဒွေ–သဗ္ဗနာမ်, ပုံ, သဗ္ဗနာမ်ဂိုဏ်း, ဣ–ကာရန္တ။
ဝတ္ထု–ကိတ်နာမ်ပုဒ်, နပုံ, ရတ္တာဒိ, ဥ–ကာရန္တ။

http://www.dhammadownload.com



(ဂ) ကာမေတိ–အာချာတ်, အလိင်, စုရာဒိ, ဥ–ကာရန္တ။
ဣတရော–သဗ္ဗနာမ်, ပုံလိင်, ပုရိသာဒိ, အ–ကာရန္တ။
(ဃ) ပဝတ္တိ–ကိတ်နာမ်, ဣတ္ထိလိင်, ရတ္တာဒိ, ဣ–ကာရန္တ။
စတုန္နံ–သဗ္ဗနာမ်ပုဒ်, ပုံလိင်,ပု, သဗ္ဗနာမ်, ဥ–ကာရန္တ။

(၆)

တတြာယံ ဝစနတ္ထော–ဖြင့် ကာမာဝစရ်–ပုဒ်၌ ဤဆိုလတ္တံ့သော ဝစနတ္ထကို သိအပ်၏ဟု ဥယျောဇဉ်စကားပျိုးကို သိစေ။

ဥဒ္ဒါနတော ။ပ။ ကိလေသာကာမောစ–ဖြင့် ကာမသည် အကျဉ်းအားဖြင့် ဝတ္ထုကာမ,ကိလေသကာမ–ဟူ၍ ၂–မျိုးရှိ၏ဟု သိစေသည်။ (သရူပဝတ္ထုသံဝဏ္ဏနာ)

(ခ) ကိလေသကာမော အတ္ထတော ဆန္ဒရာဂေါဝ–ဖြင့် ကိလေသကာမ–အရ ပရမတ္ထတရား ကိုယ်အားဖြင့် ဆန္ဒရာဂကိုယူရမည်ဟုသိစေသည်။

ဝတ္ထုကာမော တေဘူမကဝဋ္ဋံ–ဖြင့် ဝတ္ထုကာမ–အရ တေဘူမကဝဋ္ဋတရားကိုယူ–သည်။

(ဂ) ကိလေသကာမော စေတ္ထ ကာမေတိ–ဖြင့် ကာမော–၌ ကမုဓာတ်–၄င်း၊ ဏ–ပစ္စည်း ကတ္တုသာဓန အနက်၌သက်–၄င်း, ကာမေတီတိ ကာမော–ဟု ပြု–၄င်း, ကာမေတီတိ ကာမော–ဟု ဝစနတ္ထပြုနိုက် ကာမ–အရ ကိလေသာကာမကိုယူ–၄င်း သိစေသည်။

ဣတရော ကာမိယတီ–ဖြင့် ကာမော–၌ ကမုဓာတ်–၄င်း, ဏ–ပစ္စည်း၏ ကမ္မသာဓနအနက်၌ သက်–၄င်း, ကာမိယတီတိ ကာမော–ဟု ပြု–၄င်း, ကာမိယတီတိ ကာမော–ဟု ဝစနတ္ထပြုနိုက် ကာမအရ ဝတ္ထုကာမကိုယူ–၄င်း သိစေသည်။

(ဃ) ယသ္မိံ ပဒေသေ ဒုဝိဓောပေသော ကာမော အဝစရတိ–ဖြင့် ကာမာဝစရ်–၌ ကာမ–အရ ဝတ္ထုကာမ, ကိလေသကာမ ၂–ပါးလုံးကိုယူ–၄င်း, အဝစရ–၌ အဝ–ရှေး+စရဓာတ်–၄င်း, အ–ပစ္စည်း၏ အဓိကရဏ သာဓနအနက်၌သက်–၄င်း, အဝစရတိ ဧတ္ထာတိ အဝစရော၊ ကာမဿ အဝစရော ကာမာဝစရော–ဟုပြု–၄င်း, ကာမာဝစရ–အရ ကာမ–၂–ပါးတို့၏ဖြစ်ရာ ကျင်လည်ရာ အရပ်(ဘုံ)ကိုယူ–၄င်း သိစေသည်။

ပဝတ္တိဝသေန–ဖြင့် အဝစရတိ–၌ ကျင်လည်၏ဟူသည် အာရုံ၏အစွမ်းဖြင့် ကျင်လည်ခြင်း မဟုတ်၊ ဖြစ်ခြင်း၏အစွမ်းဖြင့် ကျင်လည်ခြင်းပင်တည်းဟု သိစေသည်။

သော စတုန္နံ ။ပ။ ဧကာဒသဝိဓော ပဒေသော–ဖြင့် ကာမာဝစရ–အရ ကာမ–၂–ပါး၏ ကျင်လည်ရာ ဖြစ်ရာအရပ်ဟူသည် အပါယ်–၄–ဘုံ, လူ့ဘုံ, နတ်ပြည်–၆–ထပ်အားဖြင့် ၁၁–ပါးသော ဘုံဌာနပင်တည်း–ဟု သိစေသည်။

ကာမော ဧတ္ထ အဝစရတီ–ဖြင့် ရှေးနည်းတူဖော်။

(င) သသတ္ထာဝစရောဝိယ–ဖြင့် နှိုင်းယှဉ်ကြောင်း လောကူပမာကို သိစေသည်။

(၇)

(ခ) ဆန္ဒရာဂေါဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ နှစ်သက်တပ်မက်တတ်သော လောဘဟူသော ဆန္ဒရာဂသည် ဂဟေတဗ္ဗတ္ထ။

✔ နှစ်သက်တပ်မက်တတ်သော လောဘဟူသော ဆန္ဒရာဂမှ တပါးသောကိလေသာတို့သည် နိဝတ္တေတဗ္ဗတ္ထ။

✔ ဆန္ဒရာဂ–၏ နှစ်သက်ခြင်း တပ်မက်ခြင်း သဘောဂုဏ်သည် အနုညာတတ္ထ။

http://www.dhammadownload.com



တေဘူမကဝဋ်နှောင် ဓဝ-ဆောင်၍ ဂဟေတဗ္ဗတ္တစသည်ထုတ်ပုံ

✔ တေဘူမကဝဋ်သည် ဂဟေတဗ္ဗတ္တ။

✔ လောကုတ္တရာတရား ၉-ပါးသည် နိဝတ္တေတဗ္ဗတ္တ။

✔ တေဘူမကဝဋ်ဟူသော ဝတ္ထုကာမ၏ သာယာဘွယ်, တပ်မက်ဘွယ်ကောင်းခြင်းဂုဏ်သည် အနုညာတတ္တ။

"ဝိသယ-များ"

(က) တတြ-ကား ပက္ကန္တ (ဆိုခဲ့ပြီး ကာမာဝစရ ပုဒ်ကိုစွဲ။)
အယံ-ကား ပသိဒ္ဓ (ဝစနတ္တွော-ဟု အစွဲတိုက်ရိုက်ပါ)

(ခ) တတ္ထ-ကား ပက္ကန္တ (ဆိုခဲ့ပြီး ကာမနှစ်ပါးကိုစွဲ။)

(ဂ) ဧတ္ထ-ကား ပက္ကန္တ (ဆိုခဲ့ပြီး ကာမနှစ်ပါးကိုစွဲ။)

(ဃ) ယသ္မိံ-ကား ပသိဒ္ဓ (ပဒေသေ-ဟု အစွဲတိုက်ရိုက်ပါရှိ။)
သောစကုန္နံ-၌ သော-ကား ပသိဒ္ဓ(ကောဒသဝိဓောပဒေသော ဟုအစွဲတိုက်ရိုက်ပါရှိ)

"ဥပသာရ နိပါတ် အနက်များ"

(က) ဥဒ္ဒါနတော-၌ ဥ-ကား ဥဒ္ဓံ (ဥဒ္ဓံ ကမ္မ) အနက်။
စ-သဒ္ဒါ ၂-လုံးကား အညမညသမုစ္စည်း။

(ဂ) စ-ကား ဝိသေသတ္ထဇောတက (ပြည့်) ဝါကျာရမ္ဘဇောတက (ဘာသာဋီ)

(ဃ) ပန-ကား ပက္ခန္တရဇောတက (ပြည့်) ဝါကျာရမ္ဘဇောတက (ဘာသာဋီ)
ဒုဝိဓောပေသော-၌ ပိ-ကား သမ္ဘာဝနာဇောတက, အဝယဝသမုစ္စည်း (ဘာသာဋီကာ)

(၈)

ကိလေသကာမော ဆန္ဒရာဂေါ-အရ-

✔ ဆန္ဒရာဂ-ဟုဆိုအပ်သော ကိလေသာကာမသည် ဒဿနတ္တ။

✔ အယောနိသောမနသိကာရသည်၄င်း, ဝတ္ထုကာမသည်၄င်း ဒီပကတ္တ။

✔ သာဝဇ္ဇဒုက္ခဝိပါကသည် (ဝါ) ပစ္စုပ္ပန်ဘဝ-၌ ကာယိကဒုက္ခ စေတသိကဒုက္ခတို့သည် ပကာသနတ္တ။

✔ အသဒ္ဓမ္မဿဝန,အသပ္ပုရိသူပနိဿယစသည်သည်၄င်း၊ ဝတ္ထုကာမ-တို့၏သာယာအပ်သော အဿာဒနိယ သဘောသည်၄င်း ဝိဘာဝတ္တ။

✔ သောက, ပရိဒေဝ, ဒုက္ခဒေါမနဿ ဥပါယာသ ဖြစ်ရခြင်း, အပါယ်ဒုဂ္ဂတိဘုံဘာဝသို့ ရောက်ရခြင်း စသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္တ။

(၉)

ဝတ္ထုကာမော တေဘူမကဝဋ်-အရ ဒုက္ခသစ္စာကို(ယူ၍)-လက္ခဏာဒိစတုက္ကထုတ်။

http://www.dhammadownload.com



(၁၀)

(ဂ)ကိလေသကာမော ကာမေတိ-၌-

ကိလေသကာမော-အရ -လောဘပစ္စည်းတရားသည်-

ကာမေတိ-အရ-လောဘကြဉ်သော လောဘမူစိတ္တုပ္ပါဒ်ပစ္စုပ္ပန်တရား သဟ-ပြု။

ပြိုင်-ကြီး-၄, အညှ, သမ္ဘ, ဟေတု။ (၇)

ဣတရော+ကာမိယတိ-၌-

ဣတရော-အရ တေဘူမကဝဋ်ဟုဆိုအပ်သော (လောကီစိတ်, စေတသိက်, ရုပ်) အာရုံသည်-

ကာမိယတိ-၌ ကမု-ဓာတ်အရ လောဘမူစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ-ပြု။

ယထာရဟ (၈) ပစ္စည်းပြိုင်။

(တနည်း:)ဣတရော-အရ ဒေါသမူ-မောဟမူ-ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော တေဘူမကဝဋ်အာရုံ ပစ္စည်းတရားသည်-

ကာမိယတိ-၌ ကမု-ဓာတ်အရ လောဘပစ္စယုပ္ပန်တရားအား အာ,ဓိ,ဉ-ပြု။

(တနည်း:) ဣတရော-အရ ဒေါသမူ မောဟမူ-ဒုက္ခသဟဂုတ်ကာယဝိညာဏ်သည်-

ကမိယတိ-၌ ကမု-ဓာတ်အရ လောဘပစ္စယုပ္ပန်တရားအား အာရမ္မဏ-ပြု။

◆ လောဘမူသည်-ဒေါသမူ-မောဟ၊ ဒုက္ခကြဉ်ဖယ်၊ ခုနစ်ဆယ့်ခြောက်ခု၊ လောကီစုနှင့်၊ စေတုဓိဋ္ဌ၊ ရုပ်နိပ္ဖန်ကို၊ ကြည်ညိုသမ္မ၊ အလေးပြု၏။

(ဃ) ယသ္မိံ ပဒေသေ+အဝစရတိ-၌-

ယသ္မိံပဒေသေ-အရ ကာမ ၁၁-ဘုံဟူသော ဌာနပညတ်သည်-

အဝစရတိ-အရ ဝတ္ထုကာမ ကိလေသကာမ ၂-ပါးအား ပကတူပ-ပြု။

(တနည်း:)ယသ္မိံပဒေသေ-အရ ကာမ ၁၁-ဘုံရှိ သတ္တဝါတို့၏ သန္တာန်၌ရှိသော ခံဝတ္ထုသည်-

အဝစရတိ-အရ ကာမစိတ် စေတသိက် ရုပ် ပစ္စယုပ္ပန်တရားအား ဝတ္ထုပုရေဇာတ-ပြု။

ပြိုင်-နိဿယ, ပုရေဇာတ, ဣံ, ဝိပ္ပ, အတ္ထိ, အဝိ။ (၆)

==================

# ဝါကျဥယျာဉ် (၇၈)

(က) ယထာဟိ ယသ္မိံ ပဒေသေ သသတ္ထာ ပုရိသာ အဝစရန္တိ၊ သော ဝိဇ္ဇမာနေသုပိ အညေသု ဒွိပဒစတုပ္ပဒေသု အဝစရန္တေသု တေသံ အဘိလက္ခိတတ္တာ "သသတ္ထာ ဝစရော" တွေဝ ဝုစ္စတိ။ ဧဝံ ဝိဇ္ဇမာနေသုပိ အညေသု ရူပါဝစရာဒီသု တတ္ထ အဝစရန္တေသု တေသံ အဘိလက္ခိတတ္တာ အယံ ပဒေသော "ကာမာဝစရော" တွေဝ ဝုစ္စတိ။

(ခ) သွာယံ ယထာ ရူပဘဝေါ ရူပံ၊ဧဝံ ဥတ္တရပဒလောပံ ကတွာ"ကာမော"တွေဝ ဝုစ္စတိ။

(ဂ) ဧဝမိဒံ စိတ္တံ ဣမသ္မိံ ဧကာဒသပဒေသသင်္ခါတေ ကာမေ အဝစရတီတိ ကာမာဝစရံ။

ဋ။၁၀၄။ မူလဋီ။၆၄။ ယောဇနာ။၈၂။ ပြည်သျှ။၄၀၅။ ဘာသာဋီ၊ဒု၊၄၉။ ကျော်စံဂဏ္ဍိ။၂၄၂။ မင်းခင်းဂဏ္ဍိ။၃၅၆။

======================

http://www.dhammadownload.com



(၁)

(က) ဟိ-ချဲ့။ (ဝါ)-ထင်စွာပြဦးအံ့။ (မင်းခင်းဂဏ္ဌိ။) အဘိလက္ခိတတ္တာ-ဟိတ်၏သမ္ဗန်ကို တဿ ပဒေဿဿ-ဟုထည့်။

(ခ)ကို ပမာ ပမေ ထင်ရှားစေလျက် အနက်ပေး

ဿွာယံ-သောအယံ ကာမာဝစရော-ထိုကာမာဝစရဟူ၍ ဆိုအပ်သောအရပ်ကို။ ရူပူပပတ္တိယာ မဂ္ဂ ဘာဝေတီတိ ဧတ္ထ-၌။ (ထည့်) ရူပဘဝေါ-ကို။ ဥတ္တရပဒလောပံ-ဘဝ-ဟူသောနောက်ပုဒ်၏ ကျေခြင်း ကို။ ကတွာ-၍။ ရူပန္တိ-ဟူ၍။ ဝုတ္တော ယထာ-သို့။

ဧဝံ-တူ။ ဣဓာပိ-ဤကာမာဝစရဟူသောပုဒ်၌လည်း။ ဥတ္တရပဒလောပံ-အဝစရဟူသော နောက်ပုဒ်၏ကျေခြင်းကို။ ကတွာ-၍။ ကာမောဝတွေဝ-လျှင်။ ဝုစ္စတိ-၏။

(၂)

(က)သို့ ဋ္ဌပနာဘောဂါဒိပဥ္စက-

ဆရာ-သည် ယသ္မိံပန (လ) သသတ္တာဝစရောဝိယ-ဝါကျဖြင့် လက်နက်ကိုင်တို့၏နေရာ အရပ်ကို သသတ္တာဝစရ-ဟူ၍ ဆိုအပ်သကဲ့သို့ ကာမ ၂-ပါးတို့၏ ကျင်လည်ရာဖြစ်သောကြောင့် ကာမ ၁၁-ဘုံသည် ကာမာဝစရ-မည်၏ဟုဆို၏။ ထို-သော် ယင်းစကားရပ်၌ ဥပမာန+ဥပမေယျ တို့၏ သဒိသာကာရ-တူပုံအခြင်း အရာကို အကျယ်အားဖြင့်ထင်စွာမသိအပ်မသိနိုင်ရာသည် မဟုတ်ပါလော။ ထို့-ကြောင့်-။ပ။ ဥပမာန-ဥပမေယျ တို့၏ တူပုံအချင်းအရာ အကျယ်ဝိတ္ထာရ ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (က)မိန့်။

(တနည်း) ပမာ ပမေ၊ ဤနှစ်ထွေ၊ ပမေ-ပမာနသာတည်း-ဟူသည်နှင့် အညီ-ဧဝံ ဝိဇ္ဇမာနေသုပိ-စသော ဥပမေယျ သက်သက်ကိုင်၍တက်ပုံ။

ဆရာ-သည် ယသ္မိံပန ။ပ။ အဝစရတီတိ ကာမာဝစရော-ဖြင့် ကာမ ၂-ပါးတို့၏ကျင်လည်ရာ ဖြစ်သောကြောင့် ကာမ ၁၁-ဘုံသည် ကာမာဝစရမည်သောဟု ဆိုတော်မူ၏။ထို-သော် ကာမ ၁၁-ဘုံ အရပ်၌ ရူပါဝစရ, အရူပါဝစရ တရားတို့သည်လည်း ထင်ရှားဖြစ်သောကြောင့် ထို ၁၁-ဘုံသော အရပ်သည် ရူပါဝစရ, အရူပါဝစရမည်ရာသည် မဟုတ်ပါလော။ (ဝါ)ကာမ ၁၁-ဘုံ၌ ကာမတို့သာ ဖြစ်သည်မဟုတ်၊ တစ်ပါးကုန်သော ရူပါဝစရ,အရူပါဝစရတရားတို့လည်း ထင်ရှားဖြစ်ကြကုန်သည် မဟုတ်ပါလော။ စသည်ဖြင့်တက်။

(ခ)သို့ ပါပနာဒိပဥ္စကစောဒနာ

ဆရာ-သည် ယသ္မိံ ပန ပဒေသေ-အစရှိသော ရေးဆိုခဲ့ပြီးဝါကျတို့ဖြင့် ၁၁-ပါးသော အရပ်သည် "ကာမော ဧတ္ထ အဝစရတိ"ဟူသော ဝစနတ္ထကြောင့် ကာမာဝစရမည်သောဟုဆိုတော်မူ၏။ ထို-သော် ဤယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ-၌လည်း ထို ၁၁-ပါးသော အရပ်ကို "ကာမာဝစရ"ဟူ၍ ဆိုအပ်၏ဟူသောအနက်သည်ရောက်ရာ၏ ။စင်-ကား ထိုအနက်သည်မရောက်သင့်။ ထိုသို့-ကြောင့် ဤ "ယသ္မိံသမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ"၌ ထို ၁၁-ပါးသောအရပ်ကို ကာမာဝစရံ-ဟုဆိုသင့် မဆိုသင့်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် အဗျာပိတ-၏။ ဤ "ယသ္မိံ-ပ-ဟောတိ" ၌ ထို ၁၁-ပါးသောအရပ်ကို အဘယ်ဟူ၍ဆိုပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။

အဓိပ္ပါယ်ကား။ ။ဤ "ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ-၌ ကာမ ၁၁-ဘုံကို ကာမာဝစရ-ဟူ၍ မဆိုအပ်၊ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ-၌ ရူပဘဝ-ဟုဆိုလိုလျက် ဘဝ-ဟူသော နောက်ပုဒ်ကိုချေ၍ "ရူပ"ဟူ၍ ဆိုအပ်သကဲ့သို့ ဤ၌လည်း အဝစရ-ဟူသောနောက်ပုဒ်ကိုချေ၍ ကာမ-ဟူ၍သာ ဆိုအပ်၏ဟု ငါပြ-ဟူလို။

http://www.dhammadownload.com



(ဂ) သို့ ဠပနှာဘောဂါဒိပဋ္ဌက

ဆရာ–သည် (ခ)ဝါကျဖြင့် ကာမာဝစရ–ဟူ၍ဆိုအပ်သော ၁၁–ပါးသောအရပ်ကို အဝစရ–နောက်ပုဒ် ကျေခြင်းကိုပြု၍ "ကာမ"ဟူ၍သာ ဆိုအပ်သော–ဟု ဆို၏။ ထို–သော် ဤသို့နောက်ပုဒ်ကို ချေ၍ ကာမော–ဟုဆိုသဖြင့် တစုံတခုရအပ်သော အကျိုးမရှိဟူသော အနက်ရောက်ရာသည်မဟုတ် ပါလော ။ပ။ ဤသို့ နောက်ပုဒ်ကိုချေ၍ "ကာမော"ဟုဆိုသဖြင့် အဘယ်အကျိုးရှိပါသနည်း။ (ပြည်သျ။၄၀၅။) စုဒ်ကြောင့်(ဂ)မိန့်။

(တနည်း) ဆရာ–သည် (ခ)ဖြင့် ကာမာဝစရ–ဟူ၍ ဆိုအပ်သော ၁၁–ပါးသောအရပ်ကို အဝစရ နောက်ပုဒ်ကျေခြင်းကိုပြု၍ "ကာမ"ဟူ၍သာ ဆိုအပ်၏ဟုပြဆိုတော်မူ၏။ ထို–သော် ဤ"ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ"၌ ကာမာဝစရံ–ဝယ် အစိတ်ပုဒ်တို့၏ အဖွင့်သာရှိ၍ ကာမစိတ်ကို အရကောက်ရသော ကာမာဝစရံ–ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထမရှိဟူသော အနက်ရောက်ရာသည်မဟုတ်ပါလော ။ပ။ ကာမစိတ်ကို အရကောက်ရသော အပေါင်းပုဒ်၏ ဝစနတ္ထအဖွင့်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

မှတ်ချက်။ ။ (ဂ)။ ကျမ်းတက် ပထမနည်းကား ပြည်သျှအလိုတည်း။

ဒုတိယနည်းကား ပက္ခန္တရလက္ခဏာ သဘောထင်ရှား၍ ကျမ်းတက်ခြင်း ဖြစ်သည်။

( ၃ )

(က) သည် သသတ္တာဝစရ–ဟူသော ဥပမာနနှင့် ကာမာဝစရ–ဟူသော ဥပမေယျတို့၏ တူပုံအခြင်းအရာကို အကျယ်ပြ–ဝိရောဓိ–ပယ်။

(ခ) သည် ၁၁–ပါးသောအရပ်ကို ဤ၌ ကာမာဝစရဟူ၍ ဆိုအပ်ပါသလော စုဒ်ရှိရကား(ပြည်သျ။၄၀၅။) ထိုစောဒနာကိုပယ်လို၍ ဆက်ပြ၊ ဝါကျာရမ္ဘ၊ အဗျာပိတ–ပယ်။

(ဂ) သည် နောက်ပုဒ်ကိုချေ၍ "ကာမော"ဟုဆိုသဖြင့် ရအပ်သောအကျိုးဂုဏ်ကိုပြ–နိရတ္ထက– ပယ်။

(တနည်း)ကာမာဝစရံ–၌ အစိတ်ပုဒ်တို့၏ အဖွင့်မှတပါး အပေါင်းပုဒ်၏ အဖွင့်ပြ– အဗျာပိတ–ပယ်။

( ၄ )

* ဒွေ+ပဒါနိ+ယေသန္တိ ဒွိပဒါ။ (နှစ်ချောင်းကုန်သော ခြေတို့၏+သတ္တဝါတို့နှင့် အစိတ်+အပေါင်းစပ်)
* စတ္တာရိ+ပဒါနိ+ယေသန္တိ စတုပ္ပဒါ။ ဒွိပဒါ စ စတုပ္ပဒါ စ ဒွိပဒစတုပ္ပဒါ။
✔ ဒွိပဒသတ္တဝါတို့၏+စတုပ္ပဒသတ္တဝါတို့နှင့် (အဝစရဏ–ကျင်လည်ကျက်စားခြင်း ကြိယာကို အကြောင်းပြု၍)အချင်းငဲ့သကဲ့သို့ဖြစ်သော–သမ္ဗန်သည် ဗျု–နိ။
✔ ဒွိပဒသတ္တဝါ, စတုပ္ပဒသတ္တဝါတို့၏ တစ်ကောင်သည်တစ်ကောင်နှင့်ဇာတ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

(က) ဝိဇ္ဇန္တီတိ ဝိဇ္ဇမာနာ၊ (ဝိဒ+ယ+မာန။ရှိခြင်း။)
* အဘိလက္ခီယတေတိ အဘိလက္ခိတော။ (အဘိ+လက္ခ+တ)
* အဘိလက္ခိတဿ+ဘာဝေါ အဘိလက္ခိတတ္တံ။

(ခ) * ဘဝတိ ဧတ္ထာတိ ဘာဝေါ။ ရူပဿ+ဘာဝေါ ရူပဘာဝေါ။ (ရုပ်၏+ရူပဘုံနှင့် ဌာနီ+ဌာနစပ်)
* ရူပဿ+ဘာဝေါ ရူပံ။ (ဘဝနောက်ပုဒ်ကျေ။)

"ကာမော"တွေ့ ဝုစ္စတိ–၌ ကာမော–ပုဒ် ဝစနတ္ထ"

* ကာမေတီတိ ကာမော။ ကာမိယတီတိ ကာမော။
* ကာမော စ ကာမော စ ကာမော။ အဝစရတိ ဧတ္ထာတိ အဝစရော။
* ကာမဿ အဝစရော ကာမော။ (ကာမ ၂–ပါး၏+ ကာမ ၁၁–ဘုံနှင့် ဌာနီ+ဌာနစပ်။)

http://www.dhammadownload.com



( ၅ )

(က) အဝစရန္တေသု–ကား ကိတ်နာမ်, ပုံ, ဂစ္ဆန္တာဒိ, အ–ကာရန္တ။

( ခ ) သွာဃံ–၌ သော, အဃံ–တို့ကား သဗ္ဗနာမ်, ပုံ, သဗ္ဗနာမ်, အ–ကာရန္တ။

ရူပံ–ကား ဥတ္တရပဒလောပ ဆဋ္ဌီတပ္ပုရိသ်, နပုံ, စိတ္တာဒိ, အ–ကာရန္တ။

( ၆ )

(က) ယသ္မိံ ပဒေသေ သသတ္တာ ပုရိသာ အဝစရန္တိ–ဖြင့် သသတ္တာဝစရော–၌(သသတ္တာပုဒ်+အဝစရပုဒ်) သသတ္တာ–အရ လက်နက်ကိုင်သောယောကျ်ားတို့ကိုယူ–၄င်း, အဝစရော–၌ အဝရှေး စရ–ဓာတ်–၄င်း, အ–ပစ္စည်း၏ အဓိကရဏသာဓနအနက်၌သက်–၄င်း, အဝစရန္တိ ယသ္မိံပဒေသေတိ အဝစရော–ဟု ပြု–၄င်း, အပေါင်းပုဒ်ကို သသတ္တာနံ+အဝစရော သသတ္တာ–ဝစရော–ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြု–၄င်း, သသတ္တာဝစရ–အရ လက်နက်ကိုင်ယောကျ်ားတို့၏ ကျင်လည်ရာအရပ်ကိုယူ–၄င်း သိစေသည်။

ယထာ–ဖြင့် သသတ္တာဝစရောဝိယ–၌ ဝိယ–သည် ပဋိဘာဂအနက်ဟော ယထာ သဒ္ဒါ၏ ပရိယာယ် တည်းဟု သိစေ။

◆ ပဋိဘာဂတ္ထေ ယထာစ၊ ဝိယ တထရိဝါပိစ။ (ဓာန်။၁၁၄၃။)

(က) တစ်ဝါကျလုံးဖြင့် လက်နက်ကိုင်ယောကျ်ားတို့ ကျင်လည်ကြရာအရပ်၌ လက်နက်ကိုင် ယောကျ်ား တို့မှ တပါးကုန်သော ဒွိပဒ, စတုပ္ပဒသတ္တဝါတို့ ကျင်လည်ကြကုန်သော်လည်း ထိုလက်နက် ကိုင် ယောကျ်ားတို့ဖြင့် မှတ်သားအပ်သည်၏အဖြစ်ကြောင့် "သသတ္တာဝစရ"ဟူ၍သာ ဆိုအပ်၏။ "ဒွိပဒါဝစရ, စတုပ္ပဒါဝစရ" ဟူ၍ မဆိုအပ်သကဲ့သို့ (ဤကား ဥပမာန ဝါကျအတွက်)

ထိုအတူ ကာမ ၁၁–ဘုံ၌ ကာမာဝစရဓမ္မတို့မှ တပါးကုန်သော ရူပါဝစရ စသောဓမ္မတို့ ဖြစ်ကြကုန် သော်လည်း ကာမာဝစရဓမ္မတို့ဖြင့် မှတ်သားအပ်ကုန်သည်၏အဖြစ်ကြောင့် "ကာမာဝစရ" ဟူ၍သာဆိုအပ်၏။ ရူပါဝစရ, အရူပါဝစရ–ဟူ၍ မဆိုအပ်ဟူသော (ဥပမာန+ဥပမေယျ) အဓိပ္ပါယ် အကျယ်ကို သိစေသည်။

(ခ) သွာဃံ ဥတ္တရပဒလောပံ ကတွာ "ကာမော" တွေ ဝုစ္စတိ–ဖြင့် ကာမဿ အဝစရော ကာမော– ဟု ဥတ္တရပဒလောပ ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြု၍ ကာမ–အရ ကာမ ၁၁–ဘုံကို ယူရမည်ကို၄င်း, ကာမာဝစရော–ဟုဆိုလိုလျက် အဝစရနောက်ပုဒ်ကိုချေ၍ ကာမော–ဟုရုပ်ပြီးနေသည် ကို၄င်း သိစေသည်။

ရူပဘဝေါ ရူပံ–ဖြင့် ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ–၌ ရူပူပပတ္တိယာဝယ် ရူပပုဒ်ကို ရူပဿ+ဘဝေါ ရူပံ–ဟု ဥတ္တရပဒလောပ ဆဋ္ဌီတပ္ပုရိသ် ပြု–၄င်း, ရူပဘဝေါ–ဟုဆိုလိုလျက် ဘဝ–ဟူသောနောက်ပုဒ်ကိုချေ၍ ရူပံ–ဟုရုပ်ပြီးနေသည်ကို၄င်း သိစေသည်။

(တနည်း:) ယထာ ရူပဘဝေါ ရူပံ၊ ဧဝံ–ဖြင့် နှိုင်းယှဉ်ကြောင်း ဥပမာနအဖြစ်ကို သိစေသည်။

(ဂ) ကာမေ အဝစရတီ–ဖြင့် ကာမာဝစရံ–၌ အဝစရဝယ် အဝရှေး+စရဓာတ်–၄င်း, အ–ပစ္စည်း ကတ္တုသာဓနအနက်၌သက်–၄င်း, အဝစရတီတိ အဝစရံ–ဟု ပြု–၄င်း, ကာမေ+အဝစရံ ကာမာဝစရံ–ဟု ပြု–၄င်း သိစေသည်။

ဣမသ္မိံ ကောဒ္ဒသပဒေသသန္နိဓာတေ–ဖြင့် ကာမာဝစရံ–၌ ကာမ–အရ ကာမ ၁၁–ဘုံကိုယူ–သိစေ။

ဣဒံ စိတ္တံ–ဖြင့် ကာမာဝစရ–အရ ကာမစိတ် ၅၄–ပါးကို (ပြည်)။ (ဝါ)ပထမမဟာကုသိုလ် စိတ်ကို (ဘာသာဋီ)ယူ သိစေ။

http://www.dhammadownload.com



( ၇ )

(က) "သသင်္ခါရဝစရော" တွေ၀-၌ ဓဝ-၏ ဂဟေတဗ္ဗတ္တစသည်

✔ သသင်္ခါရဝစရ-ဟူသော အမည်သည် ဂဟေတဗ္ဗတ္တ။

✔ ဒွိပဒါဝစရ, စတုပ္ပဒါဝစရ-စသော တခြားအမည်တို့သည် နိဝတ္တေတဗ္ဗတ္တ။

✔ (သသင်္ခါရဝစရ အမည်၏ တည်ရာဖြစ်သော) လက်နက်ကိုင်ယောကျ်ားတို့၏ ကျင်လည်ကျက်စားရာအရပ်ဒေသသည် အနုညာတတ္တ။

(တနည်း) သသင်္ခါရနိဝါသ စသော တခြားဖြစ်သင့်သော အမည်သည် အနုညာတတ္တ။

"ကာမာဝစရော"တွေ၀ ဝုစ္စတိ-၌ ဓဝ-၏ ဂဟေတဗ္ဗတ္တစသည်

✔ ကာမာဝစရ-ဟူသောအမည်သည် ဂဟေတဗ္ဗတ္တ။

✔ ရူပါဝစရ, အရူပါဝစရ ဟူသော အမည်သည် နိဝတ္တေတဗ္ဗတ္တ။

✔ (ကာမာဝစရ အမည်၏ တည်ရာဖြစ်သော) ကာမ ၁၁-ဘုံသည် အနုညာတတ္တ။

(တနည်း) ကာမဘူမိ, ကာမဓာတု-စသော တခြားဖြစ်သင့်သောအမည်သည် အနုညာတတ္တ။

(ခ) "ကာမော"တွေ၀ ဝုစ္စတိ-၌ ဓဝ-၏ ဂဟေတဗ္ဗတ္တစသည်

✔ ကာမ-ဟူသော အမည်သည် ဂဟေတဗ္ဗတ္တ။

✔ ကာမာဝစရ-ဟူသောအမည်သည် နိဝတ္တေတဗ္ဗတ္တ။

✔ ကာမအမည်၏တည်ရာဖြစ်သော ကာမ ၁၁-ဘုံသည် အနုညာတတ္တ။

မှတ်ချက်။ ။ အမည်သညာဟောပုဒ်နောင် ဓဝ-သဒ္ဒါရှိလျှင်

✔ မိမိထိုင်ရာ အမည်သညာကို ဂဟေတဗ္ဗတ္တထုတ်။

✔ တခြားဆန့်ကျင်ဘက်အမည်သညာကို နိဝတ္တေတဗ္ဗတ္တထုတ်။

✔ ထိုအမည်သညာ၏ တည်ရာဒြဗ်ကို အနုညာတတ္တထုတ်။

◆ ဓဝထိုင်ရာ၊ ပုဒ်နက်မှာ၊ မှတ်ပါဂဟေတဗ္ဗတ္တ။

◆ တားမြစ်အပ်ရာ၊ အနက်မှာ၊ နိဝတ္တေတဗ္ဗတ္တ။

◆ နာမည်နောက်ပေ၊ ဓဝ-နေ၊ ကန့်လေနာမည်ခြင်း။

◆ နိဝတ္တေတဗ္ဗ၊ နာမည်ပြ၊ ဒဗ္ဗ-အနုညာတထုတ်မြဲ။

ဝိသယများ

(က) ယသ္မိံ ပဒေသေ-၌ ယ-ကား ပသိဒ္ဓ။ (ပဒေသေ-ဟု အစွဲတိုက်ရိုက်ပါရှိ)
သော ဝိစ္ဆမာနေသုပိ-၌ သော-ကား ပက္ကန္တ။ (ဆိုခဲ့ပြီးပဒေသကိုစွဲ)
ဥပမာန-ဝါကျရှိ တေသံ-ကား ပက္ကန္တ (ဆိုခဲ့ပြီး ယသတ္တ ပုရိသ-ကိုစွဲ။)
ဥပမေယျ-ဝါကျ တေသံ-လည်း ပက္ကန္တ (ဆိုခဲ့ပြီး ကာမ ၂-ပါးကိုစွဲ။)

ဥပသာရ- နိပါတ်တို့၏အနက်

(က) ယထာ-ဧဝံ-တို့ကား ပဋိဘာဂတ္တ။

(တနည်း) ယထာ-ကား ဥပမာနဇောတက။
ဧဝံ-ကား ဥပမေယျဇောတက။

http://www.dhammadownload.com



သသင်္ခါရဝစရောတွေ၀, ကာမာဝစရောတွေ၀,ကာမောတွေ၀-တို့၌-
ဠတိ-သဒ္ဒါတို့ကား အာကာရတ္ထ။ (တနည်း)ပဒတ္ထဝိပလ္လာသတ္ထ။
ဝေ-သဒ္ဒါတို့ကား အဝဓာရဏတ္ထ။

( ၈ )

သသင်္ခါရဝစရောတွေ၀ ဝုစ္စတိ-၌ ဝုစ္စတိ-ဝယ် အန္တတ္ထ-အရ

✔ ပညာရှိပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော မဟာကု, မဟာကြိ ဉာဏသံ-စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။
✔ ယောနိသောမနသိကာရသည် ဒီပကတ္ထ။
✔ သသင်္ခါရဝစရဟူသော ဝစီဘေဒသဒ္ဒါသည် ပကာသနတ္ထ။
✔ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယစသည်သည် ဝိဘာဝတ္ထ။
✔ သောတုဇနတို့အား သသင်္ခါရဝစရ-ပုဒ်၏ အနက်အဓိပ္ပါယ်ကိုသိရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(က) ဥပမာနဝါကျ၌ အတ္ထာပန္န, အတ္ထာပတ္တိသိဒ္ဓိ

လက်နက်ကိုင်ယောကျ်ားတို့၏ ကျင်လည်ကျက်စားရာအရပ်ကို သသင်္ခါရဝစရ-ဟူ၍သာ ဆိုအပ်၏-ဟု အနွယကိုဆိုသဖြင့် ဒွိပဒါဝစရ, စတုပ္ပဒါဝစရ-ဟူ၍ကား မဆိုအပ်-ဟူသော ဗျတိရိက် အနက်အဓိပ္ပါယ်ကို သိရသောကြောင့် အတ္ထာပန္န, အတ္ထာပတ္တိသဒ္ဓိ-ရသည်။

ဥပမေယျဝါကျ၌လည်း-ကာမ ၂-ပါးတို့၏ကျင်လည်ရာ ကာမ ၁၁-ဘုံကို ကာမာဝစရ-ဟူ၍ကား ဆိုအပ်၏ဟု အနွယကိုဆိုသဖြင့် ရူပါဝစရ, အရူပါဝစရ-ဟူ၍သာ မဆိုအပ်-ဟူသော ဗျတိရိက်အနက် အဓိပ္ပါယ်ကို သိရသောကြောင့် အတ္ထာပန္န, အတ္ထာပတ္တိသိဒ္ဓိ-ရသည်။

( ၉ )

(ဂ) ဣဒံ စိတ္တံ-အရ (ဣစာဝိပွေတာဘိဓေယျကား) ပထမမဟာကုသိုလ်စိတ်ကိုယူ (ဘာဋီ၊ဒု။၅၀) ကုသလံ အနဝဇ္ဇ သုခဝိပါကလက္ခဏ-စသည် လက္ခဏာဒိထုတ်။

◆ ပြည်သျှ-ကား ဣဒံစိတ္တံ- ဤ ၅၄-ပါးသောစိတ်သည်-ဟု အနက်ပေးသည်။

( ၁၀ )

(က) သသင်္ခါရဝစရောတွေ၀ + ဝုစ္စတိ-၌-

သသင်္ခါရဝစရောတွေ၀-အရ သသင်္ခါရဝစရ-ဟူသော နာမပညတ်သည်-
ဝုစ္စတိ-၌ ဝစဓာတ်-အရ သတိ,ဝီရိယ,ဉာဏ်ပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်အား အာရမ္မဏ-ပြု။ (ဖြိုင်-မရှိ။)
(တနည်း) ဝုစ္စတိ-၌ ဝစ-ဓာတ်အရ ပစ္စည်းတရားသည်-
သသင်္ခါရဝစရောတွေ၀-အရ သသင်္ခါရဝစရ-ဟူသော ဝစီဘေဒသဒ္ဒအား သဟဇာတ-ပြု။
ဖြိုင်။ ။ကြီး-၄, ဝိပ္ပယုတ္တ, သဟဇယ်-၇၊ (၁၂)

(ဂ) ဣဒံ စိတ္တံ+အဝစရတိ-၌ -

ဣဒံ စိတ္တံ-အရ ကာမစိတ်-၅၄-ပါးသည် (ပြည်သျှအလို)
အဝစရတိ-အရ စေတသိက် ၅၂-ပါးအား သဟဇာတ-ပြု။
ဖြိုင်-သဟကြီး-၄, အညံ, သမ္ပ, အဓိ, အာဟာရ, ဣန္ဒြိယ။ (၉)

http://www.dhammadownload.com



(တနည်း) ဣဒံ စိတ္တံ-အရ ပဌမမဟာကုသိုလ်စိတ်သည် (ဘာသာဋီအလို)
အဝစရတိ-အရ စေတသိက် အဋ္ဌတ္တိံသအား သဟဇာတ-ပြု၊ ပြိုင်-(၉)။
✔ ကာမေ+အဝစရတိ-၌- ကာမေ-အရ ကာမ ၁၁-ဘုံသည်-
အဝစရတိ-အရ ကာမစိတ် ၅၄-အား ပကတူပ-ပြု။ ပြိုင်-မရှိ။

====================

## ဝါကျဥယျာဉ်(၇၉)

(က) ဧဝမိဒံ စိတ္တံ ဣမသ္မိံ ဧကာဒသပဒေသသင်္ခါတေ ကာမေ အဝစရတီတိ ကာမာဝစရံ။

(ခ) ကိဥ္စာပိ ဟိ ဧတံ ရူပါရူပဘာဝေသုပိ အဝစရတိ၊ ယထာ ပန သင်္ဂါမေ အဝစရဏတော "သင်္ဂါမာဝစရော"တိ လဒ္ဓနာမကော နာဂေါ နဂရေ စရန္တောပိ "သင်္ဂါမာဝစရော"တွေဝ ဝုစ္စတိ။ ထလဇလစရာ စ ပါဏာ အထလေ, အဇလေ စ ဌိတာပိ "ထလစရာ ဇလစရာ"တွေဝ ဝုစ္စန္တိ။ ဧဝမိဒံ အညတ္တ အဝစရန္တမ္ပိ ကာမာဝစရမေဝါတိ ဝေဒိတဗ္ဗံ။

(ဂ) အာရမ္မဏကရဏဝသေန ဝါ ဧတ္ထ ကာမော အဝစရတီတိပိ ကာမာဝစရံ။

(ဃ) ကာမဥ္စေသ ရူပါရူပါဝစရေသုပိ အဝစရတိ။ ယထာ ပန "ဝဒတီတိ ဝစ္ဆော၊ မဟိယံ သေတီတိ မဟိံသော"တိ ဝုတ္တေ န သတ္တာ ယတ္တကာ ဝဒန္တိ၊ မဟိယံ ဝါ သေန္တိ၊ သဗ္ဗေသံ တံ နာမံ ဟောတိ၊ ဧဝံသမ္ပဒမိဒံ ဝေဒိတဗ္ဗံ။

(င) အပိစ ကာမဘဝသင်္ခါတေ ကာမေ ပဋိသန္ဓိံ အဝစာရေတီတိပိ ကာမာဝစရံ။

ဋ္ဌ။၁၀၄။ မူလဋီ။၆၄။ ယောဇနာ။၈၂။ ပြည်သျှ။၄၀၆။ ဘာသာဋီ၊၃။၅၀။ ကျော်စံဂဏ္ဌိ။၂၄၂။ မင်းခင်းဂဏ္ဌိ။၃၅၇။

==================

( ၁ )

(ခ) ဟိ-ဆက် (ပြည်သျှ)။ ဟိ-မှန် (ဘာသာဋီကာ)။ (ဃ) စ-ဆက်။

( ၂ )

### (ခ)သို့ ဠပနာဘောဂါဒီပဥ္စကတက်

ဆရာ-သည် (က)ဖြင့် ကာမဘုံ၌ ကျင်လည်တတ်သောကြောင့် ငါးဆယ့်လေးပါးသော စိတ် သည် (ဝါ) ပဌမမဟာကုသိုလ်စိတ်သည် ကာမာဝစရမည်သောဟုဆို၏။ ထို-သော် ဤငါးဆယ့် လေးပါးသော စိတ်သည် (ဝါ) ပဌမမဟာကုသိုလ်စိတ်သည် ကာမဘုံ၌သာကျင်လည်သည်မဟုတ်၊ ရူပ, အရူပဘုံ၌လည်း ကျင်လည်တတ်သောကြောင့် ရူပါဝစရ, အရူပါဝစရမည်ရာသည်မဟုတ်ပါလော။ (ပြည်သျှ။၄၀၆)။ထို-ကြောင့် ။ပ။ မဆိုသင့်။ ထိုငါးဆယ့်လေးပါးသောစိတ်၏ (ဝါ)ပဌမ မဟာကုသိုလ် စိတ်၏ ရူပါဝစရ, အရူပါဝစရ အမည် မရပုံကိုလည်း ပြဆိုသင့်သေး၏ ။ပ။ အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။

### (ဂ)သို့ ပါပနာဒီပဥ္စက

ဆရာ-သည် (က)ဖြင့် ကာမာဝစရံ-ပုဒ်ကို အဝစရတီတိ အဝစရံ, ကာမေ အဝစရံ ကာမာဝစရံ-ဟု သတ္တမီတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်ဟုပြဆို၏။ ထို-သော် ကာမာဝစရံ-ပုဒ်ကို သတ္တမီတပ္ပုရိသ် သမာသ်ဝစနတ္ထသာ ပြုကောင်း၏ဟူသောအနက်သည် ရောက်ရာ၏။ စင်-ကား-မရောက်သင့်။ ထိုသို့-ကြောင့် ကာမာဝစရံပုဒ်၏ တခြားဖြစ်သင့်သော ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့်။ အဗျာပိတ-၏ ။ပ။ စုဒ်ကြောင့် (ဂ)မိန့်။

http://www.dhammadownload.com



(တနည်း) ဆရာ–သည် (က)ဖြင့် ကာမဆယ့်တစ်ဘုံ၌ ကျင်လည်တတ်ဖြစ်တတ်သောကြောင့် ကာမာဝစရမည်၏ ဟုဆို၏။ ထို–သော် ယင်းအကြောင်းသကတ်တစ်မျိုးကြောင့်သာ ကာမဝစရ မည်၏ဟူသော အနက်ရောက်ရာ၏–စသည်တက်။

## (ဃ)သို့ ဥပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် (ဂ)ဖြင့် ကိလေသကာမ၏ကျင်လည်ရာဖြစ်သောကြောင့် ကာမစိတ် ငါးဆယ့်လေးပါးသည် ကာမာဝစရမည်သော–ဟုဆို၏။ ထို–သော် ထိုကိလေသကာမသည် ရူပါဝစရစိတ်, အရူပါဝစရစိတ်တို့၌လည်း ကျင်လည်တတ်သောကြောင့် ထိုရူပါဝစရစိတ်, အရူပါဝစရ စိတ်တို့သည်လည်း ကာမာဝစရမည်သင့်သည်မဟုတ်ပါလော။ထို့–ကြောင့် ။ပ။ မဆိုသင့်။ ရူပါဝစရ စိတ်, အရူပါဝစရစိတ်တို့၏ ကာမာဝစရ အမည် မရပုံကိုလည်း ပြဆိုသင့်သေး၏။ပ။ စုဒ်ကြောင့် (ဃ)မိန့်။

(တနည်း) ဥပနာတူ၏။ ထို–သော် ရူပါဝစရစိတ်, အရူပါဝစရစိတ်တို့လည်း ရူပရာဂ, အရူပရာဂ–ဟူသော ကိလေသကာမ၏ အာရုံပြုသောအားဖြင့် ဖြစ်ရာဖြစ်သောကြောင့် ကာမာဝစရ အမည်ရနိုင်သည် မဟုတ်ပါလော။ (ဘာသာဋီကာ၊၃။၅၁။)စသည်တက်။

(င)ကား ကာမာဝစရပုဒ်၏ တစ်ခြားဖြစ်သင့်သော ဝစနတ္ထတစ်မျိုးပြ၊ ပက္ခန္တရ။ ကျမ်းတက် လွယ်ပြီ။

## ( ၃ )

## (ခ)ကိဋ္ဌာပိ–သဒ္ဒါထားရခြင်း

ဤငါးဆယ့်လေးပါးသောစိတ်သည် (ဝါ) ပထမမဟာကုသိုလ်စိတ်သည် ကာမဆယ့်တစ်ဘုံ၌ ကျင်လည်တတ်သောကြောင့် ကာမာဝစရမည်၏ဟူသော သကတ်အနက်ကို စောဒကတို့ မနှစ်သက်ဘွယ်ရှိသောကြောင့် (ခ)၌ ကိဋ္ဌာပိ––ထားသည်။

## (ဃ)၌ ကာမဋ္ဌ–ထားရခြင်း

ဤငါးဆယ့်လေးပါးသောစိတ်သည် ကာမတဏှာ၏ (ဝါ)ကိလေသကာမ၏ (အာရုံပြုသည်၏ အစွမ်းဖြင့်) ကျင်လည်ရာဖြစ်သောကြောင့် ကာမာဝစရမည်၏ဟူသော သကတ်အနက်ကို စောဒကတို့ မနှစ်သက်ဘွယ်ရှိသောကြောင့် (ဃ)၌ ကာမဋ္ဌ–သဒ္ဒါထားသည်။

### "ကိဋ္ဌာပိ, ကာမဋ္ဌ–သဒ္ဒါထားရခြင်း မှတ်ဘွယ်"

- သဒ္ဒါ–နက်မျိုး၊ ကြောင်း–ကျိုးလေးချက်၊ မနှစ်သက်၊ ထားတက် ကိဋ္ဌာပိ။
- ပါဠိတော်ကို၊ သဒ္ဒါဆို၊ ဋ္ဌ–ကို နက်–ဟုသိ။
- အဋ္ဌကထာ၊ ကြောင်း, ကျိုးမှာ၊ ခေါ်ပါ ကြောင်း–ကျိုးသိ။
- မနှစ်သက်ရာ၊ သိလိုခါ၊ စောဒနာ လှမ်း၍ကြည့်။

### "အဓိပ္ပါယ်ရှင်းလင်းချက်"

သဒ္ဒါ–အနက်–အကြောင်း–အကျိုး ဤလေးပါးမျိုးတွင် တမျိုးမျိုးကို မနှစ်သက်သောကြောင့် ကိဋ္ဌာပိ, ကာမဋ္ဌ–သဒ္ဒါတို့ကို ကျမ်းဆရာတို့ရေးသားကြသည်။

ထိုလေးမျိုးတို့တွင်–

(၁) သံဝဏ္ဏေတဗ္ဗကို (ဝါ)ပါဠိတော်ကို "သဒ္ဒါ"ဟုခေါ်သည်။

ယင်းသဒ္ဒါကို မနှစ်သက်၍ထားလျှင် သဒ္ဒါကို မနှက်သက်သောကြောင့်ထားသည်ဟုမှတ်ရမည်။

http://www.dhammadownload.com



(၂) သံဝဏ္ဏနာကို (ဝါ) အဋ္ဌကထာ စကားကို "အနက်"ဟုခေါ်သည်။
ယင်းအနက်ကို မနှစ်သက်၍ထားလျှင် အနက်ကို မနှစ်သက်သောကြောင့် ထားသည်ဟု မှတ်ရမည်။
(၃) သံဝဏ္ဏနာ–၌ ပြသောအကြောင်းကို (ဝါ) အဋ္ဌကထာလာအကြောင်းကို "အကြောင်း"ဟု ခေါ်သည်။
ယင်းအကြောင်းကိုမနှစ်သက်၍ထားလျှင် အကြောင်းကို မနှစ်သက်သောကြောင့် ထားသည်ဟုမှတ်။
(၄) သံဝဏ္ဏနာ–၌ ပြသောအကျိုးကို (ဝါ) အဋ္ဌကထာလာအကျိုးကို "အကျိုး"ဟုခေါ်သည်။
ယင်းအကျိုးကို မနှစ်သက်၍ထားလျှင် အကျိုးကိုမနှစ်သက်သောကြောင့်ထားသည်ဟု မှတ်ရမည်။
ဤသို့အားဖြင့် ၁။သံဝဏ္ဏေတဗ္ဗ–၌ သဒ္ဒါတမျိုးသာ ဖြစ်သင့်သည်။
၂။ သံဝဏ္ဏနာ–၌ အနက်, အကြောင်း, အကျိုး ၃–မျိုးဖြစ်သင့်သည်။

- "စောဒကမည်သည့်အချက်ကို မနှစ်သက်ဘွယ်ရှိသနည်း"ဟုသိလိုလျှင် စောဒနာကိုလှမ်း၍ ကြည့်ရသည်။ ထိုစောဒနာသည်ပင် စောဒကမနှစ်သက်ဘွယ်ရှိသောအချက်ဖြစ်လေသည်။
- သံဝဏ္ဏနာ–၌ အနက်–အကြောင်း–အကျိုး ၃–မျိုးဖြစ်သင့်ရာတွင် အကြောင်းပြသံဝဏ္ဏနာ, အကျိုးပြ သံဝဏ္ဏနာမှ ကြွင်းသောသံဝဏ္ဏနာကို "အနက်"ဟုယူလေ။

## (ခ) ဝုစ္စတိ–သဒ္ဒါထားရခြင်း

"သင်္ဂါမာဝစရ" အမည်ရခြင်း၏ အကြောင်းသကတ်ကိုပြလိုသောကြောင့်၄င်း, ယင်း "သင်္ဂါမာဝစရ" ပုဒ်၏ ကေဒေသျှပစာ သဒ္ဒါ၏အဖြစ်ကို ပြလိုသောကြောင့်၄င်း (ခ)၌ ဝုစ္စတိ–သဒ္ဒါ ထားသည်။ ("ထလစရာ ဇလစာရာ"တွေ့ဝ ဝုစ္စန္တိ–၌လည်း နည်းတူ။)

## (ဂ) ဝါ–သဒ္ဒါထားရခြင်း

ကာမာဝစရံ–ပုဒ်၏ သတ္တမီတပ္ပုရိသ် သမာသ်ဝစနတ္ထမှတပါး ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထကို လဲလှယ်လိုသောကြောင့်၄င်း၊ ကာမ ၁၁–ဘုံ၌ ကျင်လည်တတ်သောကြောင့် ကာမာဝစရမည်၏ဟူသော သကတ်အနက်အကြောင်းမှတပါး ကာမတဏှာ–ဟုဆိုအပ်သော ကိလေသကာမ၏ အာရုံပြုသည်၏ အစွမ်းဖြင့် ကျင်လည်ကျက်စားရာဖြစ်သောကြောင့် ကာမာဝစရ–မည်၏ဟူသော သကတ်အနက် အကြောင်းကို လဲလှယ်လိုသောကြောင့်၄င်း (ဂ)၌ ဝါ–သဒ္ဒါထားသည်။

## (ဃ) အပိစ–သဒ္ဒါထားရခြင်း

ကာမာဝစရံ–ပုဒ်၏ ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထမှတပါး သတ္တမီတပ္ပုရိသ်ဝစနတ္ထကိုလဲလှယ်လို သောကြောင့်၄င်း၊ ကာမတဏှာ–ဟူသော ကိလေသကာမ၏ ကျက်စားရာဖြစ်သောကြောင့် ကာမာဝစရ–မည်၏ဟူသော သကတ်အနက်အကြောင်းမှတပါး ကာမ ၁၁–ဘုံ၌ ပဋိသန္ဓေကို ကျင်လည်စေတတ် ဖြစ်စေ တတ်သောကြောင့် ကာမာဝစရမည်၏ဟူသော သကတ်အနက်အကြောင်းကို လဲလှယ်လိုသောကြောင့်၄င်း (ဃ)၌ အပိစ–သဒ္ဒါ ထားသည်။

## ( ၄ )

* သင်္ဂါမေန္တိ ဧတ္ထာတိ သင်္ဂါမော။ (သင်္ဂါမဓာတ်+အ၊ စစ်ထိုးခြင်း။)
* အဝစရတီတိ အဝစရော။
* သင်္ဂါမေ+အဝစရော သင်္ဂါမာဝစရော။
✔ စစ်မြေပြင်၏+ဆင်ပြောင်ကြီးနှင့် ဌာန+ဌာနီစပ် ဗျူ+နိ။
✔ စစ်မြေပြင်၌ ကျက်စားခြင်းကြိယာသည် ပ+နိ။

http://www.dhammadownload.com



"ဝစနတ္ထ မှတ်ဘွယ်"

* လဒ္ဒံ နာမံ ယေနာတိ လဒ္ဓနာမကော။ (နာဂေါ)

(ရအပ်သော (သင်္ဂါမာဝစရဟူသော)အမည်၏+ဆင်ပြောင်ကြီးနှင့် သညာ+သညီ၊နာမ+နာမိစပ်)

* န ဂစ္ဆတီတိ နဂေါ။ (န+ဂမု+ကွိ။) ပဗ္ဗတော။

* နဂေ ဝိယာတိ နာဂေါ။ (နဂ-ပုဒ် + ဏ-ပစ္စည်း) (တောင်၏+ဆင်နှင့် သဒိသ+သဒိသီ-စပ်)

* နဂစ္ဆန္တီတိ နဂါ။ (န+ဂမု+ကွိ။ ပါသာဒါဒယော။)

* နဂါ (ပါသာဒါဒယော) အသ္မိန္တိ နဂရံ။ (နဂ-ပုဒ်+ရ-ပစ္စည်း။)

(တနည်း) နံ (သံပုဏ္ဏံ) ဃရံ ဧတ္ထာတိ နဂရံ။ (ဃ-ကို ဂ-ပြု။)

* တိဋ္ဌန္တိ ဧတ္ထာတိ ထလံ။ (ဌာ+အလ။ ဌ-ကို ထ-ပြု။)

(တနည်း) ထလတိ တိဋ္ဌတိ ဧတ္ထာတိ ထလံ။ (ထလ+အ။)

* ဇလတိ သန္ဒတီတိ ဇလံ။ (ဇလ+အ။ ယိုစီးခြင်းကြိယာ။)

* ထလေ+စရာ ထလစရာ။ ဇလေ+စရာ ဇလစရာ။

* ထလစရာစ+ ဇလစရာ စ ထလဇလစရာ။ (ရှေးပုဒ်၌ စရ-ဟူသော နောက်ပုဒ်ကျေ။)

✔ ကြည်းသတ္တဝါတို့၏+ ရေသတ္တဝါတို့နှင့်-အညမညာပေက္ခသမ္ဗန်သည် ဗျု-နီ။

✔ ကြည်းသတ္တဝါ+ရေသတ္တဝါတို့၏ တစ်ကောင်သည် တစ်ကောင်နှင့်-ဓာတ်သည် ပ-နီ။

(တနည်း) ထလဋ္ဌ+ဇလဋ္ဌ ထလဇလာနိ။

* ထလဇလေသု+စရာ ထလဇလစရာ။

* ပဏာန္တိ ဇီဝန္တိ သတ္တာ ဧတေနာတိ ပါဏော။ (ပဏ+ဏ)(အသက်ရှင်ခြင်း)

* ပါဏော ဧတေသံ အတ္ထီတိ ပါဏာ။

(ထွက်သက်ဝင်သက်၏(ဝါ)ဇီဝိတိန္ဒြေ၏+သတ္တဝါတို့ဒြဗ်နှင့် ဌာနီ+ဌာန,နိဿိတ+ နိဿယစပ်)

* မဟာတိ ဝုဒ္ဓိံ ဂစ္ဆတီတိ မဟီ။ (မဟ+အ။ ထီ-ဤ။ ကြီးပွါးခြင်း)

* မဟိယံ+သေတီတိ မဟီသော။

* ရူပါဒီသု သဋ္ဌန္တီတိ သတ္တာ။

* ယံ ပရိမာဏာ+ဧတေသန္တိ ယတ္တကာ။ (ယ-ပုဒ်+တ္တကပစ္စည်း)

(အကြင်အတိုင်းအရှည်ပမာဏ၏+သတ္တဝါတို့နှင့် ပမာဏ+ပမာဏဝန္တစပ်။)

( ၅ )

(ခ) နာဂေါ-ကား ဥပမာတဒ္ဓိတ်, ပုံ, ပုရိသာဒိ, အ-ကာရန္တ။

ပါဏာ-ကား အဿတ္ထိတဒ္ဓိတ်နာမ်, ပုံ, ပုရိသာဒိ, အ-ကာရန္တ။

(ဃ) မဟိယံ-ကား ကိတ်နာမ်, ဣတ္ထိလိင်, နဒါဒိ, ဤ-ကာရန္တ။

ယတ္တကာ-ကား တဒ္ဓိတ်နာမ်, ပုံ, ပုရိသာဒိ, အ-ကာရန္တ။

( ၆ )

(က)တစ်ဝါကျလုံးဖြင့် စစ်မြေပြင်၌ လှည့်လည်များခြင်းကြောင့် သင်္ဂါမာဝစရ အမည်ရသော ဆင်ကြီးသည် တစ်ခါတစ်ရံ မြို့၌လှည့်လည်သော်လည်း "သင်္ဂါမာဝစရ"ဟူ၍သာ ဆိုအပ်သကဲ့သို့၄င်း၊ ကြည်း၌ ကျက်စားသောသတ္တဝါ, ရေ၌ကျက်စားသောသတ္တဝါတို့သည် ကြည်းမဟုတ်သည်၌၄င်း၊ ရေမဟုတ်သည်၌၄င်း၊

http://www.dhammadownload.com



တည်ကုန်သော်လည်း "ထလစရ,ဇလစရ"ဟူ၍သာ ဆိုအပ်ကုန်သကဲ့သို့၄င်း ဤ ၅၄-ပါးသောစိတ်သည် အခြားသော ရူပဘုံ, အရူပဘုံတို့၌ ဖြစ်သော်လည်း ကာမဘုံ၌သာ များသောအားဖြင့် ကျင်လည်တတ်သောကြောင့် ကာမာဝစရ-ဟူ၍သာ ဆိုအပ်၏ဟူသော အဓိပ္ပါယ်ကိုသိစေသည်။

ထိုတွင် ပဌမဥပမာနဝါကျ၌ သင်္ဂါမေ အဝစရဏတော-ဖြင့် သင်္ဂါမာဝစရော-၌ အဝစရ-ဝယ် အဝ+စရဓာတ်-၄င်း, အ-ပစ္စည်း ကတ္တုသာဓန၌သက်-၄င်း, အဝစရတီတိ အဝစရော-ဟု ပြု-၄င်း, သင်္ဂါမေ+အဝစရော သင်္ဂါမာဝစရော-ဟု ပြု-၄င်း သိစေ။

သင်္ဂါမာဝစရောတိ လဒ္ဓနာမကော နာဂေါ-ဖြင့် သင်္ဂါမာဝစရ-အရ စစ်မြေပြင်၌ ကျင်လည်တတ်သော ဆင်ပြောင်ကြီးကိုယူ-၄င်း, ယင်းသင်္ဂါမာဝစရပုဒ်၏ နာမဝါစကပုဒ်၏ အဖြစ်ကို၄င်း သိစေသည်။

ဝုစ္စတိ-ဖြင့် သင်္ဂါမာဝစရော-ပုဒ်သည် ကေဒေသျှပုစာသဒ္ဒါတည်းဟု သိစေသည်။

(ဂ) ဧတ္ထ ကာမေ အဝစရတိ-ဖြင့် ဖေါ်ပြ။

အာရမ္မဏကရဏဝသေန-ဖြင့် အဝစရတိ-၌ ကျင်လည်၏ဟူသည် ဖြစ်သည်၏အစွမ်းဖြင့် ကျင်လည်ခြင်းမျိုးမဟုတ်။ (န ပဝတ္တိဝသေန) အာရုံပြုသည်၏အစွမ်းဖြင့်သာ ကျင်လည်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

(ဃ) တစ်ဝါကျလုံးဖြင့် ဘာဝတ္ထ-သိစေ။ (အကျယ်-အဓိပ္ပါယ်ဖော်လေ။)

ယင်း(ဃ)၌ ဝဒတီတိ ဝဇ္ဇော-ဖြင့် ဝဇ္ဇော-၌ ဝဒ-ဓာတ်-၄င်း, ဆ-ပစ္စည်း ကတ္တုသာဓန အနက်၌ သက်-၄င်း, ဝဒတီတိ ဝဇ္ဇော-ဟုပြု-၄င်း သိစေ။

မဟိယံ သေတီတိ မဟိံသော-ဖြင့် မဟိံသော-၌ မဟီသဒ္ဒူပပဒ-သိ-ဓာတ်-၄င်း, အ-ပစ္စည်း ကတ္တုသာဓနအနက်၌သက်-၄င်း, မဟိယံ သေတီတိ မဟိံသော-ဟု ကတ္တုသာဓနကိတန္တ သတ္တမီတပ္ပုရိသ် သမာသ်ဝစနတ္ထ ပြု-၄င်း, မဟီသ-ဟုဆိုလိုလျက် ဤ-ကို ဣ-ပြု၊ နိဂ္ဂဟိတ်လာ၍ မဟိံသ-ဟု ရုပ်ပြီးနေသည်ကို၄င်း သိစေသည်။

(င) ကာမေ အဝစာရေတီတိ-ဖြင့် ကာမာဝစရံ-၌ အဝစာရ-ဝယ် အဝရေး စရ-ဓာတ်-၄င်း, ဏ-ပစ္စည်း-ဟေတုကတ္တုသာဓနအနက်၌ သက်-၄င်း, အဝစာရေတီတိ အဝစာရံ-ဟု ပြု-၄င်း, ကာမေ+ အဝစာရံ ကာမာဝစရံ-ဟု သတ္တမီတပ္ပုရိသ်-ပြု-၄င်း, ကာမာဝစာရ-ဟုဆိုလိုလျက် စာ-၌ အာ-ကို အ-ရဿပြု၍ ကာမာဝစရ-ဟု ရုပ်ပြီးနေသည်ကို၄င်း သိစေသည်။

ကာမဘဝသင်္ခါတေ ကာမေ-ဖြင့် ကာမ-အရ ကာမ ၁၁-ဘုံကိုယူ-၄င်း, ကာမဿ အဝစရော ကာမော-ဟု ဥတ္တရပဒလောပသမာသ်ဝစနတ္ထပြု-၄င်း, ကာမာဝစရော-ဟုဆိုလိုလျက် အဝစရ-ဟူသော နောက်ပုဒ်ကျေ နေသည်ကို၄င်း သိစေသည်။

(င)တစ်ဝါကျလုံးဖြင့် ကာမ ၁၁-ဘုံ၌ ပဋိသန္ဓေကို ကျင်လည်စေတတ်သောကြောင့် ကာမာဝစရ မည်သည်၏အဖြစ်ကို သိစေသည်။

( ၇ )

(ခ)သင်္ဂါမာဝစရောတွေဝ-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထစသည်

- ✔ သင်္ဂါမာဝစရ-ဟူသောအမည်သည် ဂဟေတဗ္ဗတ္ထ။
- ✔ နဂရာဝစရ-ဟူသောအမည်သည် နိဝတ္တေတဗ္ဗတ္ထ။
- ✔ သင်္ဂါမာဝစရအမည်၏ တည်ရာဖြစ်သော ဆင်ပြောင်ကြီးဒြဗ်သည် အနုညာတတ္ထ။

http://www.dhammadownload.com



ထလစရာ ဓလစရာတွေ၀-၌ ဓ၀-၏ ဂဟေတဗ္ဗတ္တစသည်

✔ ထလစရ, ဓလစရ-ဟူသောအမည်သည် ဂဟေတဗ္ဗတ္တ။

✔ အထလစရ, အဓလစရ-ဟူသောအမည်သည် နိ၀တ္တေတဗ္ဗတ္တ။

✔ ထလစရ, ဓလစရ-အမည်၏ တည်ရာဖြစ်သောသတ္တဝါတို့ဒြဗ်သည် အနုညာတတ္တ။

ကာမာ၀စရမေဝါတိ ဝေဒိတဗ္ဗံ-၌ ဓ၀-၏ ဂဟေတဗ္ဗတ္တစသည်

✔ ကာမာ၀စရ-ဟူသောအမည်သည် ဂဟေတဗ္ဗတ္တ။

✔ ရူပါ၀စရ၊ အရူပါ၀စရ-ဟူသောအမည်တို့သည် နိ၀တ္တေတဗ္ဗတ္တ။

✔ ကာမာ၀စရအမည်၏ တည်ရာဖြစ်သော ကာမစိတ်ဒြဗ်သည် အနုညာတတ္တ။

ဥပသာရ-နိပါတ်ပုဒ်တို့၏ အနက်များ

(ခ) ဟိ-ဝါကျာရမ္ဘဇောတက။ (ပြည်သျှ) (တနည်း) ဒဠှီကရဏဇောတက။ (ဘာသာဋီကာ။)

ကိဉ္စာပိ-ကား သမ္ဘာ၀နာဇောတက။ ပန-ကား ဂရဟာဇောတက။

စရန္တောပိ, ဌိတာပိ, အ၀စရန္တမ္ပိ-တို့၌ ပိ-(အပိ)တို့ကား အရုစျတ္တ, ဂရဟာတ္တ။

နိယံ။ ။ လက္ခဏာနောက်ပါ၊ ပိ-သဒ္ဒါရှိ၊ အရုစိ။ (တွင်းကြီး-၁၂၁။)

(ဃ) စ-ကား ဝါကျာရမ္ဘဇောတက။

ကာမံ-ကား သမ္ဘာ၀နာဇောတက။ ပန-ကား ဂရဟာဇောတက။

မှတ်ချက်။ ။ ဤ၌ ပန-သဒ္ဒါသည် ရူပစိတ်, အရူပစိတ်များကို ရူပတဏှာ, အရူပတဏှာ-ဟူသော ကိလေသကာမ၏ ကျင်လည်ရာဖြစ်သော်လည်း "ကာမာ၀စရ-ဟု မခေါ်ရ"ဟူသော စကားရပ်၌ စပ်သည်။ ယင်း"မခေါ်ရ, မဆိုရ"ဟူသော စကားရပ်သည် (ဗျတိရိက်စကားဖြစ်၍) ယုတ်သည်။ ထို့ကြောင့် ပန-၏ စပ်ရာပုဒ်ကို ကြည့်၍ အယုတ်-ဂရဟာကို ထွန်းပြသည်-ဟုမှတ်ရမည်။ ပန-က ဂရဟာဖြစ်လျှင် ကာမံ, ကိဉ္စာပိတို့က ယင်း၏ဆန့်ကျင်ဘက် သမ္ဘာ၀နာကို ထွန်းပြသည်။

- ◆ ပန-စပ်ရာ၊ ယုတ်-နည်းပါ၊ ဂရဟာမှတ်ယူရာ။
- ◆ ယင်းသို့စပ်ရာ၊ များမြတ်ပါ၊ သမ္ဘာ၀နာသာ။ (၃၁-၃၂)
- ◆ ပန-စပ်ရာ၊ ယုတ်-နည်းပါ၊ ယူရာအရုစိ။
- ◆ ယင်းသို့စပ်ရာ၊ များ-မြတ်ပါ၊ နဂ္ဂဟာ-ဟုသိ။
- ◆ ပန-နဂ္ဂဟာ၊ ထွန်းလေရာ၊ ကိဉ္စာ-အရုစိ။
- ◆ ကိဉ္စာပိက၊ နဂ္ဂဟ၊ ပန-အရုစိ။ (ရွှေရေးဆောင်နိယံ။ ၃၁။ ၃၂။ ၇၄။ ၇၅။ ၇၆။)

( ၈ )

(င) အ၀စာရေတိ-အရ ကြိယာ ၅-တန်

✔ ကာမကုသိုလ်, အကုသိုလ်ကံသည် ဒဿနတ္တ။

✔ ယောနိသောမနသိကာရ,အယောနိသောမနသိကာရတို့သည်၄င်း,အဝိဇ္ဇာသည်၄င်း ဒီပကတ္တ။

✔ ကာမပဋိသန္ဓိစိတ္တုပ္ပါဒ်သည် ပကာသနတ္တ။

✔ သဒ္ဓမ္မဿ၀န, အသဒ္ဓမ္မဿ၀န စသည်သည် ဝိဘာ၀တ္တ။

✔ သုဂတိဘ၀, ဒုဂ္ဂတိဘ၀တို့၌ ကာယိကသုခ, စေတသိကသုခ, ကာယိကဒုက္ခ, စေတသိကဒုက္ခ တို့ကို ခံစားရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာ၀တ္တ။

http://www.dhammadownload.com



(ခ)ကာမာဝစရမေဝါတိ ဝေဒိတဗ္ဗံ–၌ ဝေဒိတဗ္ဗ–ထားရခြင်း

ဤ၌ ကာမစိတ်သည် ရူပဘုံ, အရူပဘုံတို့၌ဖြစ်သော်လည်း ကာမဘုံ၌သာ များသောအားဖြင့် ကျင်လည်တတ်ဖြစ်တတ်သောကြောင့် ကာမာဝစရမည်၏–ဟု ဥပစာရဋ္ဌ နေယျတ္ထ ဝက်ဗ္ဗ သံသယတ္ထ– အားဖြင့် ယူရမည်ဟုပြလို၍ ဝေဒိတဗ္ဗ–သဒ္ဒါထားသည်။

( ၉ )

(ဃ) ယထာပန ဝဒတီတိ ॥ပ॥ ဧဝံ သမ္ပဒမိဒံ ဝေဒိတဗ္ဗံ–ဖြင့် ပြအပ်သောအဓိပ္ပါယ်။

မြည်တတ်သောကြောင့် "ဝဏ္ဏော"ဟူ၄င်း၊ မြေပေါ်၌ အိပ်တတ်သောကြောင့် "မဟိ'သော"ဟူ၄င်း၊ နာမည်မှည့်ထားရာ၌ ထိုအမည်သည် အထင်ရှင်အားဖြင့် နွားငယ်၏အမည်, ကျွဲ၏အမည်သာဖြစ်၍ မြည်တတ်သောသတ္တဝါ, မြေ၌အိပ်တတ်သောသတ္တဝါအားလုံး၏အမည် မဖြစ်နိုင်သကဲ့သို့ ထို့အတူ–ဤကာမာ ဝစရအမည်သည်လည်း အထင်ရှင်အားဖြင့် ကာမာဝစရတရားတို့၏အမည်သာ ဖြစ်သောကြောင့် ရူပါဝစရ အရူပါစရတရားတို့မှာ "ကာမာဝစရ"အမည်မရနိုင်ပါ–ဟူလို။ (ဘာသာဋီ၊၃။၅၁။)

( ၁၀ )

(ဂ) ဧတ္ထ+ကာမေ အဝစရတီ–၌–

✔ ကာမေ–အရ လောဘပစ္စည်းတရားသည်–
အဝစရတိ–အရ ထိုနှင့်ယှဉ်ဘက် လောဘမူစိတ္တုပ္ပါဒ်အား သဟဇာတ––ပြု။
ပြိုင်။ ॥သဟကြီး ၄, အညဲ, သမ္ပ, ဟေတု။ (၇)။

✔ ဧတ္ထ–အရ ကာမစိတ် ၅၄–ပါးသည်–
ကာမေ–အဝစရတိ–တို့အရ ကာမတဏှာအား (ဝါ) ကိလေသကာမအား အာရမ္မဏ–ပြု။
ပြိုင်။ ॥အာ, ဓိ, ဥ (၃)။

(င) ကာမေ+ ပဋိသန္ဓိ +အဝစာရေတိ–၌–

✔ အဝစာရေတိ–အရ ကုသိုလ် အကုသိုလ် စေတနာသည်
ပဋိသန္ဓိ–အရ ကာမပဋိသန္ဓိ နာမက္ခန္ဓာ ကဋတ္တာရုပ်တို့အား နာနက္ခဏိကကမ္မ–ပြု။
ပြိုင်။ ॥ နာနက္ခဏိကကမ္မ, ပကတူပ (၂)။

✔ ကာမေ–အရ ကာမဘုံသည်–
အဝစာရေတိ–အရ ကုသိုလ် အကုသိုလ်စိတ်အား ပကတူပ–ပြု။

==================

## ဝါကျဥယျာဉ် (၈၀)

(က) ကုသလန္တိ ကုစ္ဆိတာနံ သလနာဒီဟိ အတ္ထေဟိ ကုသလံ။

( ခ ) အပိစ အာရောဂျဋ္ဌေန, အနဝဇ္ဇဋ္ဌေန, ကောသလ္လသမ္ဘူတဋ္ဌေန စ ကုသလံ၊

( ဂ ) ယထေဝ ဟိ "ကစ္စိန္နု ဘောတော ကုသလ"န္တိ ရူပကာယေ အနာတုရတာယ အဂေလညေန နိဗ္ဗျာဓိတာယ အရောဂျဋ္ဌေန ကုသလံ ဝုတ္တံ။ ဧဝံ အရူပဓမ္မေပိ ကိလေသာတုရတာယ, ကိလေသဂေလညဿ စ ကိလေသဗျာဓိနော အဘာဝေန အာရောဂျဋ္ဌေန ကုသလံ ဝေဒိတဗ္ဗံ။

http://www.dhammadownload.com



(ဃ) ကိလေသဝဇ္ဇသ, ပန ကိလေသဒေါသသ, ကိလေသဒရထသ စ အဘာဝါ အနဝဇ္ဇဋ္ဌေန ကုသလံ၊

(င) ကောသလ္လ သမ္ဘူတာယ ပညာ၊ ကောသလ္လတော သမ္ဘူတတ္တာ ကောသလ္လသမ္ဘူတဋ္ဌေန ကုသလံ။

ဋ္ဌ။၁၀၅။ မူလဋီ။၆၄။ ယောဇနာ။၈၁။ ပြည်သျှ။၄၀၈။ ဘာသာဋီ၊ဒု။၅၂။ ကျော်စံဂဏ္ဌိ။၂၄၂။ မင်းခင်းဂဏ္ဌိ။၃၅၈။

==========================

## ( ၁ )

(က) ကုသလန္တိ–ကား။ ကုစ္ဆိတာနံ–စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို။ သလာနာဒီဟိ–တဒင်္ဂပဟာန်အားဖြင့် တုန်လှုပ်စေခြင်း, ဝိက္ခမ္ဘနပဟာန်အားဖြင့် ပြင်းစွာတုန်လှုပ် စေခြင်း, သမုစ္ဆေဒပဟာန်အားဖြင့် ဖျက်ဆီးပယ်ဖျောက်ခြင်းဟုဆိုအပ်ကုန်သော။ အတ္ထေဟိ–သကတ် အနက်တို့ကြောင့်။ ကုသလံ–မည်သော။ (ပြည်သျှ။၄၀၈။)

(ဂ) ဟီ–ချဲ့။ (ပြည်၊ ဘာသာဋီ။)

## ( ၂ )

### (ခ) ပါပနာဒိပဋ္ဌက

ဆရာ–သည် (က)ဖြင့် စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်အားဖြင့် တုန်လှုပ်စေခြင်း–စသော သကတ်အနက်တို့ကြောင့် ကုသလမည်၏ဟုဆို၏။ ထို–သော် ယင်းဆိုခဲ့ပြီးသကတ်အနက်တို့ကြောင့်သာ ကုသလမည်၏ဟူသောအနက်ရောက်ရာ၏။ စင်–ကား ထိုအနက်သည် မရောက်သင့်။ ထို့–ကြောင့် တပါးသော ကုသိုလ်မည်ခြင်း၏ အကြောင်း ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ (ဝါ) ဆိုခဲ့ပြီး အကြောင်းသကတ်အနက်တို့မှတပါးသော ဓာတကပရိယာယ်, သုတ္တပရိယာယ်, အဘိဓမ္မပရိယာယ်အားဖြင့် ဖြစ်သင့်သောကုသလမည်ခြင်း၏ အကြောင်းဝစနတ္ထ (အဘိဓေယျတ္ထ)ကိုလည်း ပြဆိုသင့်သေး၏ ။ပ။ ကား–အဘာယ်ပါနည်း စုဒ်ကြောင့် (ခ)မိန့်။

အဓိပ္ပါယ်ကား။ ။ အာရောဂျအနက်, အနဝဇ္ဇအနက်, ကောသလ္လသမ္ဘူတအနက်တို့ကြောင့် လည်း ကုသလ–မည်ပါသေး၏ဟု ဓာတကပရိယာယ်, သုတ္တပရိယာယ်, အဘိဓမ္မပရိယာယ်အားဖြင့် တခြားဖြစ်သင့်သော ကုသလမည်ခြင်း၏ အကြောင်းဝစနတ္ထ(အဘိဓေယျတ္ထ)ကိုလည်း ငါပြ–ဟူလို။

### (ဂ) ဠပနာဘောဂါဒိ

ဆရာ–သည် (ခ)ဝါကျ အာရောဂျဋ္ဌေန ကုသလံ–ဖြင့် အနာမရှိခြင်းဟူသောအနက်ကြောင့် ကုသိုလ် မည်သောဟုဆိုတော်မူ၏ ။ထိုသို့ပင်ဆိုငြားသော်လည်း ရူပကာယ–၌သာ အနာမရှိခြင်း ဖြစ်ရာသည် မဟုတ်ပါလော။(ပြည်သျှ)ထို့–ကြောင့်–မဆိုသင့်။ ဆရာစကားကို မြဲနိုင်စေ တတ်သော ယုတ္တိဒဋ္ဌီကိုလည်း ပြဆိုသင့်သေး၏။ နာမကာယ၌ကား အနာမရှိခြင်းဟူသော အနက် ကြောင့် ကုသိုလ်မည်၏ဟူသော စကားသည် အသို့ဖြစ်၍ သင့်အံ့နည်း။ (ပြည်သျှ) စုဒ်ကြောင့်(ဂ)မိန့်။

အမှာ။ ။ ပြည်နိဿယ၌ ဤ(ဂ)ဝါကျကို အထက်ပါအတိုင်း ဒဋ္ဌီသဘောတက်ပြသည်။ အနက်ပေးရာ၌ "ဟီ–ချဲ့အံ့"ဟု ဝိတ္ထာရယူ၍ပေးသည်။ ဘာသာဋီကာ၌လည်း ဟီ–ချဲ့–ဟု ဝိတ္ထာရ ပေးသည်။

### (ဃ)သို့ အနုသန္ဓေ

ဤသို့ (ဂ)ဖြင့် အာရောဂျဋ္ဌေန(ကုသလံ)၏ အကျယ်ကို ပြပြီး၍၊ ယခုအခါ၌ အနဝဇ္ဇဋ္ဌေန (ကုသလံ)၏ အကျယ်ကိုပြလို၍ (ဃ)မိန့်။

http://www.dhammadownload.com



(င)သို့ အနုသန္ဓေ

ဤသို့ (ဃ)ဖြင့် အနဝဇ္ဇဋ္ဌေန (ကုသလ်)၏ အကျယ်ကိုပြပြီး၍၊ ယခုအခါ၌ ကောသလ္လသမ္ဘူ– တဋ္ဌေန (ကုသလ်)၏ အကျယ်ကိုပြလိုသောကြောင့် (င)မိန့်။ (ဘာသာဋီကာ၊ ဒု ။၅၄။) (ပဋ္ဌကကျမ်းတက် လွယ်ပြီ။)

(င) ကောသလ္လတော သမ္ဘူတဋ္ဌာ–စသည်သို့ အနုသန္ဓေ

ဤသို့ (င)ဝါကျ ကောသလ္လံ ဝုစ္စတိ ပညာ–ဖြင့် ကောသလ္လသမ္ဘူတဋ္ဌေန–၌ ကောသလ္လ–ဟူသော အစိတ်ပုဒ်၏အဖွင့်ကိုပြပြီး၍ ယခုအခါ၌ ကောသလ္လသမ္ဘူတ–ဟူသော အပေါင်းပုဒ်၏ အဖွင့်ကို ပြလိုရကား ကောသလ္လတော သမ္ဘူတဋ္ဌာ–စသည်မိန့်။ (ပဋ္ဌတက်လွယ်ပြီ)

( ၃ )

(ခ ) အဗျာပိတ–ပယ်။ (ဂ)ဝိရောဓိ၊ ဩဇိတျဟိန–ပယ်။

(ဃ) အဗျာပိတ–ပယ်။ (င)အဗျာပိတ–ပယ်။

(ခ)၌ အပိစ သဒ္ဒါထားရခြင်း

စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်ဖြင့် တုန်လှုပ်စေခြင်းအစရှိသော သကတ်အနက်ကြောင့် ကုသလမည်၏ဟူသော သကတ်အနက်အကြောင်းမှတစ်ပါး အာရောဂျဋ္ဌ–အနဝဇ္ဇဋ္ဌ ကောသလ္လသမ္ဘူတဋ္ဌ–ဟူသော အကြောင်းတို့ကြောင့်လည်း ကုသလမည်၏ဟူသော အကြောင်းသကတ်အနက် တစ်မျိုးကို လဲလှယ်ပြလို၍ (ခ)၌ အပိစ–ထားသည်။

(ဂ)၌ ဝုတ္တံ–သဒ္ဒါထားရခြင်း

ဝုစ္စတိ–ဝုတ္တံ၊ နာမံရှိရာ၊ ဥပစာ–ကျမ်းလာမြွက်ထောက်ရှု–ဟူသည်နှင့်အညီ ကစ္စိ နု ဘောတော ကုသလ်–၌ အပေါင်းဖြစ်သော အာရောဂျ အနဝဇ္ဇ ကောသလ္လသမ္ဘူတ–တို့၏ "ကုသလ"ဟူသော အမည်ကို အစိတ်ဖြစ်သော အာရောဂျအနက်၌ တင်စားခေါ်ဝေါ်သော ဧကဒေသျူပစာ အဖြစ်ကို ပြလို၍ (ဂ)၌ ဝုတ္တံ–သဒ္ဒါထားသည်။

(င) ဝုစ္စတိ–သဒ္ဒါထားရခြင်း

"ဝုစ္စတိ–ဝုတ္တံ၊နာမံ ပရိယာယ၊ရိုလကမူ၊ဥပစာ"ဟူသည်နှင့်အညီ ဤ၌ ကောသလ္လသဒ္ဒါ၏ပညာ အနက်ကိုဟောရာ၌ ဧကဒေသျူပစာ၊ ရုဠှီသဒ္ဒါဖြစ်၏ဟု ပြလိုသောကြောင့် (င)၌ ဝုစ္စတိ–ထားသည်။ (ဘာသာဋီ၊ဒု ။၅၄။)

( ၄ )

* ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယတီတိ ကုသလံ။

* ကုသလဿ+ဘာဝေါ ကောသလ္လံ။ သမ္ဘဝတီတိ သမ္ဘူတံ။

* ကောသလ္လတော (ကောသလ္လေန) သမ္ဘူတံ ကောသလ္လသမ္ဘူတံ။

✔ သမ္ပယုတ်ပညာ၏+ ကုသိုလ်နှင့် အကြောင်း+အကျိုးစပ် ဗျု–နိ။

✔ သမ္ပယုတ်ပညာသည် ပ–နိ။

* ကောသလ္လသမ္ဘူတမေဝ+အတ္ထော ကောသလ္လသမ္ဘူတဋ္ဌော။

http://www.dhammadownload.com



ဝစနတ္ထမှတ်ဘွယ်

* ကုစ္ဆိယန္တေတိ ကုစ္ဆိတာ။ (ကုစ္ဆ+တ။ စက်ဆုပ်ခြင်း။)

* ရုဇတီတိ ရောဂေါ။ (ရုဇ+ဏ။)

(တနည်း)ရုဇ္ဇတီတိ ရောဂေါ။(ရုဇ+ဏ။နာကျင်ခြင်း။ )

* နတ္ထိ ရောဂေါ ဧတဿာတိ အရောဂေါ။ (န+ရောဂ+ဧတ)

(ကိလေသာရောဂါ မရှိခြင်း၏+ ကုသိုလ်စိတ်ဟူသောနာမ်တရားနှင့် ဂုဏ်+ဂုဏီစပ်)

* အရောဂဿ+ဘာဝေါ အာရောဂျံ။ (အရောဂ+ဏျ။)

(ကိလေသာ ရောဂါမရှိသော ကုသိုလ်စိတ် (နာမ်တရား)၏+ ကိလေသာအနာရောဂါမရှိခြင်းဂုဏ်နှင့်

ဂုဏီ+ဂုဏ်စပ်)

* အရိယတိ ဉာယတီတိ အတ္ထော။

* အာရောဂျမေဝ+အတ္ထော အာရောဂျတ္ထော။

* ဝဇ္ဇိတဗ္ဗံ ဂရဟိတဗ္ဗန္တိ ဝဇ္ဇံ။ ဝဇ္ဇမေဝ အဝဇ္ဇံ။

* နတ္ထိ အဝဇ္ဇံ ဧတဿာတိ အနဝဇ္ဇော။ (န+အဝဇ္ဇ+ဧတ)

(ကိလေသာဟူသောအပြစ်မရှိခြင်း၏+ကုသိုလ်စိတ်ဟူသော နာမ်တရားနှင့် ဂုဏ်+ဂုဏီစပ်)

* အာတုရတီတိ အာတုရော။( အာ+တုရ+အ)။ (သံ၊ဋီ၊၂၊၂၀၂။)

* နတ္ထိ အာတုရော ဧတဿာတိ အနာတုရော။

(ကိလေသာ အနာရောဂါ မရှိခြင်း၏+ ကုသိုလ်စိတ်နှင့် ဂုဏ်+ဂုဏီစပ်။)

* အနာတုရဿ ဘာဝေါ အနာတုရတာ။

(ကိလေသာ အနာရောဂါမရှိသော ကုသိုလ်စိတ်၏+ ကိလေသာအနာရောဂါမရှိခြင်းနှင့် ဂုဏီ+ဂုဏ်စပ်)

* ဂိလာယတီတိ ဂိလာနော။ (ဂိလ+ယု၊ နာကျင်ခြင်း။)

* ဂိလာနဿ ဘာဝေါ ဂေလညံ။ (ဂိလာန+ဏျ။)

(မကျန်းမာသူ၏+ မကျန်းမာခြင်းနှင့် ဂုဏီ+ဂုဏ်စပ်။)

* နတ္ထိ ဂေလညံ ဧတဿာတိ အဂေလညံ။ (ကုသိုလ်စိတ်ရ၏)

(တနည်း) န+ဂိလာနော အဂိလာနော။

* အဂိလာနဿ+ဘာဝေါ အဂေလညံ။ (အဂိလာန+ဏျ။)

* ဝိဗ္ဗတီတိ ဗျာဓိ။ (ဝိဓ+ဏ္ဍ။ ထိုးဆွခြင်း။)

(တနည်း) ဗာဓတီတိ ဗျာဓိ။ (ဗာဓ+ဏ္ဍ)

* နတ္ထိ ဗျာဓိ ဧတဿာတိ နိဗ္ဗျာဓိ။ (အနာကင်းသူ)

* နိဗ္ဗျာဓိနော+ ဘာဝေါ နိဗ္ဗျာဓိတာ။

* ဗျာဓိဝိယာတိ ဗျာဓိ။ (ဗျာဓိ+အ။ ပကတိ အနာရောဂါ၏+ ကိလေသာနှင့် သဒိသ + သဒိသီစပ်။)

* ကိလေသောယေဝ+ဗျာဓိ ကိလေသဗျာဓိ။

* ကိလေသောယေဝ+အာတုရော ယဿာတိ ကိလေသာတုရော။

* တဿ+ဘာဝေါ ကိလေသာတုရတာ။

* ကိလေသောယေဝ+ ဂေလညံ ကိလေသဂေလညံ။

* ကိလေသောယေဝ+ဒရထော ကိလေသဒရထော။

http://www.dhammadownload.com



( ၅ )

ကစ္စ–ကား–နိပါတ်, အလိင်, ဂဏဝိမုတ်, ဣ–ကာရန္တ။

ဘောတော–ကား နာမ်ပုဒ်, ပုံလိင်, ဂစ္ဆန္တာဒိ, အ–ကာရန္တ။

အနာတုရတာယ–ကား တဒ္ဓိတ်နာမ်, ဣတ္ထိလိင်, ကညာဒိ, အာ–ကာရန္တ။

ဗျာဓိ–ကား ကိတ်နာမ်, ပုံလိင်, ရတ္တာဒိ, ဣ–ကာရန္တ။

( ၆ )

(က) ကုစ္ဆိတာနံ သလနာဒီဟိ အတ္ထေဟိ–ဖြင့် ကုသလံ–၌ ကု–သဒ္ဒူပပဒ သလဓာတ်–၄င်း, ကု–နိပါတ်ပုဒ်၏ ကုစ္ဆိတအနက်ဟော–၄င်း, အ–ပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌သက်–၄င်း, ကုစ္ဆိတေ သလယတီတိ ကုသလံ–ဟု ဟေတုကတ္တုသာဓန ကိတန္တဒုတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထ–ပြု–၄င်း, စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်အားဖြင့် တုန်လှုပ်စေခြင်း အစရှိကုန်သော သကတ်အနက်တို့ကြောင့် ကုသလမည်သည်၏အဖြစ်ကို၄င်း သိစေ သည်။

(တနည်း) သလယတီတိ သလံ၊ ကုစ္ဆိတေ+သလံ ကုသလံ–ဟုပြု ။ပ။ သိစေသည်။

(ခ) အပိစ–ဖြင့် နယန္တရဓောတကအဖြစ်ကိုသိစေသည်။

အာရောဂျဋ္ဌေန–ဖြင့် ကုသလ–သဒ္ဒါသည် ဓာတကပရိယာယ် (ဒေသနာနည်း)အားဖြင့် အာရောဂျအနက်ကိုဟော၏ဟု သိစေသည်။

အနဝဇ္ဇဋ္ဌေန–ဖြင့် ကုသလ–သဒ္ဒါသည် ဗာဟိတိကသုတ္တပရိယာယ် (ဒေသနာနည်း) အားဖြင့် အနဝဇ္ဇ အနက်ကိုဟော၏–ဟု သိစေသည်။

ကောသလ္လသမ္ဘူတဋ္ဌေန–ဖြင့် ကုသလ–သဒ္ဒါသည် အဘိဓမ္မပရိယာယ်(ဒေသနာနည်း)အားဖြင့် ကောသလ္လသမ္ဘူတအနက်ကို ဟော၏ဟု သိစေသည်။

စ–ဖြင့် သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထဓောတကအဖြစ်ကိုသိစေသည်။

(တနည်း)(ခ)တဝါကျလုံးဖြင့် ကုသလ–သဒ္ဒါသည် အာရောဂျတ္ထ, အနဝဇ္ဇတ္ထ, ကောသလ္လသမ္ဘူတတ္ထ ဝါစီ ရုဠ္ဟီအနိပ္ဖန္နပါဋိပဒိကပုဒ်၏အဖြစ်ကို၄င်း, အနာကင်းသည်၏အဖြစ်, အပြစ်ကင်းသည်၏အဖြစ်၊ သမ္မယုတ်ပညာကြောင့် ဖြစ်သည်၏အဖြစ်ဟူသောအနက်ကြောင့် ကုသိုလ်မည်၏ဟူသော အဓိပ္ပါယ်ကို၄င်း သိစေသည်။

(ဂ) တဝါကျလုံးဖြင့် ကုသလ–သဒ္ဒါ အာရောဂျ အနက်ကိုဟော၏ဟုဆိုရာ၌ ဥပမာန–ဥပမေယျ ဥဒါဟရဏ် သာဓကနှင့်တကွ အကျယ်ဝိတ္ထာရကို သိစေသည်။(ဝါ)ဒဠှီကရဏ အဖြစ်ကို သိစေသည်။

ယင်း(ဂ)ဝါကျ၌ အနာတုရတာယ အဂေလညေန နိဗ္ဗျာဓိတာယ–ဖြင့် အာရောဂျဋ္ဌေန–၌ အာရောဂျ–ဝယ် ရောဂ–ပုဒ်ကို ရုဇ္ဇတီတိ ရောဂေါ–ဟု ဝစနတ္ထပြု၍ ရောဂ–အရ အာတုရ–ကျင်နာခြင်း၊ ဂေလည–မကျန်းမမာဖျားနာခြင်း, ဗျာဓိ–အနာဖြစ်ခြင်း–ဤ ၃–မျိုးကို ယူရမည်ကို၄င်း, (ဘာသာဋီ၊ ဒု၊၅၃။) (ဝါ) ရောဂသဒ္ဒါသည် အာတုရ, ဂေလည, ဗျာဓိ–သဒ္ဒါတို့၏ ပရိယာယ်အဖြစ်ကို၄င်း, နတ္ထိ ရောဂေါ ဧတဿာတိ အရောဂေါ၊ အာရောဂဿ+ဘာဝေါ အာရောဂျံ–ဟုပြု၍ ဏျ–ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကို၄င်း သိစေသည်။

◆ ဂိလာနော ဗျာဓိတာ တုရာ၊ အာတင်္ကော အာမယော ဗျာဓိ။

◆ ဂဒေါ ရောဂေါ ရုဇာပိစ၊ ဂေလညာကလ္လ'မာဗာဓော။ (ဓာန်။၃၂၂။၃၂၃။)

http://www.dhammadownload.com



ဇဝံ အရူပစမ္မေပိ ကိလေသာတုရတာယ, ကိလေသဂေလညဿစ, ကိလသဗျာဓိနော အဘာဝေန- ဖြင့် အာရောဂျဋ္ဌေန ကုသလံ-၌ အာရောဂျဋ္ဌေန-ဝယ် (ရောဂ-ပုဒ်ကို ရောဂေါ ဝိယာတိ ရောဂေါ-ဟု ဝစနတ္ထပြု၍) ရောဂ-အရ ကိလေသာတုရ, ကိလေသဂေလည, ကိလေသဗျာဓိ-ဤ ၃-မျိုးကိုယူရမည်ကိုင်း, အ-သည် န-နိပါတ်ပုဒ်၏ ကာရိယ-၄င်း, ယင်း အ-သဒ္ဒါ၏ အဘာဝအနက်ဟော-၄င်း, နတ္ထိ မရောဂေါ ဧတဿာတိ အရောဂေါ-ဟု ဝစနတ္ထပြု၍ အရောဂ-အရ ကိလေသာ အနာရောဂါမရှိသော ကုသိုလ်စိတ်ကို ယူရ-၄င်း, အရောဂဿ+ဘာဝေါ အာရောဂျံ-ဟုပြု၍ ဏျ-ပစ္စည်း ဘာဝတဒ္ဓိတ်အနက်၌သက်-၄င်း သိစေသည်။

(ဃ)ဖြင့် အနဝဇ္ဇဋ္ဌေန ကုသလံ-၌ အနဝဇ္ဇဋ္ဌေန-ဝယ် ဝဇ္ဇ-အရ (ဝါ) အဝဇ္ဇ-အရ ကိလေသဝဇ္ဇ၊ ကိလေသ ဒေါသ, ကိလေသဒရထ-တို့ကိုယူ-၄င်း, န-၏ ကာရိယ အ-၏ အဘာဝအနက်ဟော-၄င်း, နတ္ထိ အဝဇ္ဇံ ဧတဿာတိ အနဝဇ္ဇော-ဟု ဝစနတ္ထပြု၍ အနဝဇ္ဇ-အရ ကိလေသာ အပြစ်မရှိသော ကုသိုလ်စိတ်ကို ယူ-၄င်း သိစေသည်။

(င)ကောသလ္လံ ဝုစ္စတိ ပညာ-ဖြင့် ကောသလ္လသမ္ဘူတဋ္ဌေန ကုသလံ-၌ ကောသလ္လသမ္ဘူ- တဋ္ဌေန-ဝယ် ကောသလ္လ-အရ လိမ္မာသူ၏ဖြစ်ကြောင်းဖြစ်သော ဝီရိယ, သမာဓိ-စသည်တို့ကို မယူရ၊ ပညာကို ယူ-၄င်း, ယင်းကောသလ္လသဒ္ဒါ၏ ပညာအနက်ဟောရာ၌ ဧကဒေသျူပစာ ရုဠှီသဒ္ဒါ၏ အဖြစ်ကို၄င်း သိစေသည်။

ကောသလ္လတော သမ္ဘူတတ္ထာ-ဖြင့် ကောသလ္လသမ္ဘူတဋ္ဌေန-၌ ကောသလ္လသမ္ဘူတပုဒ်ကို ကောသလ္လတော+သမ္ဘူတံ ကောသလ္လံ သမ္ဘူတံ-ဟု ပဉ္စမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြု- သိစေသည်။

( ၇ )

(ဂ) အရူပဓမ္မေပိ-၌ ပိ-(အပိ)ကား သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။

ယင်း ပိ (အပိ) သဒ္ဒါဖြင့် ရူပကာယ-၌သာ အနာတုရတာ, အဂေလည, နိဗျာဓိတာ-ကြောင့် အာရောဂျ အနက်ကြောင့် ကုသိုလ်မည်သည်မဟုတ်သေး၊ နာမ်တရား၌လည်း ကိလေသာတုရတာ၊ ကိလေသ ဂေလည ကိလေသဗျာဓိ-တို့မရှိခြင်းကြောင့် အာရောဂျအနက်ကြောင့် ကုသိုလ်မည်၏ဟု ပေါင်းဆည်းသည်။

( ၈ )

(က) ကုစ္ဆိတာနံ-အရ အကုသိုလ်ဓမ္မကိုယူ၍၄င်း, ကုသလံ-အရ မဟာကုသိုလ်ကိုယူ၍၄င်း၊

(ဂ) ဝုတ္တံ-၌ ဝစ-ဓာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုယူ၍၄င်း ကြိယာ ၅-တန်ထုတ်။

(ဂ) ဝေဒိတဗ္ဗံထားရခြင်း

နာမ်တရား၌လည်း ကိလေသာတုရတာ, ကိလေသဂေလည, ကိလေသဗျာဓိ-တို့မရှိရကား အရောဂျ အနက်ကြောင့် ကုသိုလ်မည်၏-ဟု ဥပစာရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကန္တ-အားဖြင့် ယူရမည်ဟု ပြလို၍ ဝေဒိတဗ္ဗ-ထားသည်။

( ၉ )

(က) ကုစ္ဆိတာနံ-အရ အကုသိုလ်ကိုယူ။

(င) ကောသလ္လသမ္ဘူတ-၌ ကောသလ္လ-အရ ပညာကိုယူ၍ သက္ကဏာဒိစတုက္ကထုတ်။

http://www.dhammadownload.com



( ၁၀ )

(က) ကုစ္ဆိတာနံ+သလာနာဒီဟိ–၌–

ကုစ္ဆိတာနံ–အရ အကုသိုလ်က–
သလာနာဒီဟိ–အရ မဟာကုသိုလ်စိတ်အား ပကတူပ–ပြု။ (တနည်း) အာရမ္မဏ–ပြု။
သလနာဒီဟိ–အရ မဟဂ္ဂုတ်ကုသိုလ်, မဂ်ကုသိုလ်အား ပကတူပ–ပြု။

(ဂ) ကုသလံ+ဝုတ္တံ–၌–

ကုသလံ–အရ ကုသိုလ်ဟူသော နာမည်ပညတ်သည်–
ဝုတ္တံ–၌ ဝစ–ဓာတ်အရ–ဒေသနာဉာဏ် စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။

ကုသလံ+ဝေဒိတဗ္ဗံ–၌–

ကုသလံ–အရ ကုသိုလ်ဟူသောနာမည်ပညတ်သည်–
ဝေဒိတဗ္ဗံ–၌ဝိဒ–ဓာတ်အရ မဟာကု၊မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။

(င) ကောသလ္လံ+ ဝုစ္စတိ+ ပညာ–၌–

✔ ကောသလ္လံ–အရ ကောသလ္လ–ဟူသော နာမပညတ္တိသဒ္ဒါသည်–
ဝုစ္စတိ–၌ ဝစ–ဓာတ်အရ သတိ, ဝီရိယ, ဉာဏ်–ပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။
✔ ဝုစ္စတိ–၌ ဝစ–ဓာတ်အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်–
ကောသလ္လံ–အရ ကောသလ္လ ဟူသော သဝိညတ္တိကဝစီဘေဒသဒ္ဒအား သဟဇာတ–ပြု။
ပြိုင်။ သဟကြီး–၄, ဝိပ္ပယုတ္တ, သဟငယ် ၇၊ (၁၂)
✔ ပညာ–အရ (ဝါ) ဝုစ္စတိ–၌ တေ–အရ ပညာ ပစ္စည်းတရားသည်–
ဝစ–ဓာတ်အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု၊
ပြိုင်။ အာ, ဓိ, ဥ (၃)

ကောသလ္လတော+သမ္ဘူတတ္တာ–၌–

ကောသလ္လတော–အရ ပညာက–
သမ္ဘူတ–အရ ပညာကြောင့်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ–ပြု။
ပြိုင်။ သဟကြီး–၄, အည, သမ္ပ, ဟေ, ဓိ, ဣံ, မဂ္ဂ။ (၁၀)

==============

## ဝါကျဥယျာဉ် (၈၁)

(က) ဉာဏသမ္ပယုတ္တံ တာဝ ဧဝံ ဟောတု၊ ဉာဏဝိပ္ပယုတ္တံ ကထန္တိ? တမ္ပိ ရုဠှီသဒ္ဒေန ကုသလမေဝ။
(ခ) ယထာ ဟိ တာလပဏ္ဏေဟိ အကတွာ ကိလဉ္ဇာဒီဟိ ကတမ္ပိ တံသရိက္ခတ္တာ ရုဠှီသဒ္ဒေန "တာလဝဏ္ဋ"န္တေဝ ဝုစ္စတိ၊ ဧဝံ ဉာဏဝိပ္ပယုတ္တမ္ပိ "ကုသလ" န္တေဝ ဝေဒိတဗ္ဗံ။
(ဂ) နိပ္ပရိယာယေန ပန ဉာဏသမ္ပယုတ္တံ အာရောဂျဋ္ဌေန အနဝဇ္ဇဋ္ဌေန ကောသလ္လသမ္ဘူတဋ္ဌေနာတိ တိဝိဓေနပိ "ကုသလ"န္တိ နာမံ လဘတိ၊ ဉာဏဝိပ္ပယုတ္တံ ဒုဝိဓေနေဝ။
(ဃ) ဣတိ ယဉ္စ ဇာတကပရိယာယေန ယဉ္စ ဗာဟိတိကသုတ္တပရိယာယေန ယဉ္စ အဘိဓမ္မပရိယာယေန ကုသလံ ကထိတံ၊ သဗ္ဗံ တံ တီဟိပိ အတ္ထေဟိ ဣမသ္မိံ စိတ္တေ လဗ္ဘတိ။

ဋ္ဌ။၁၀၅။ မူလဋီ။၆၄။ ယောဇနာ။၈၁။ ပြည်သျှ။၄၁၀။ ဘာသာဋီ၊၃။၅၄။ ကျော်စံဂဏ္ဌိ။၂၄၃။ မင်းခင်းဂဏ္ဌိ။၃၅၉။

==================

http://www.dhammadownload.com



( ၁ )

(က) ရုဋ္ဌိသဒ္ဒေန–ကောသလ္လ–သဒ္ဒါနှင့်ယှဉ်သော ဉာဏသမ္ပယုတ်စိတ်တို့၌ ထင်ရှားသော ကုသလ သဒ္ဒါဖြင့်။ (ဝါ)ဉာဏသမ္ပယုတ်စိတ်တို့နှင့် အနဝဇ္ဇသုခဝိပါက အဖြစ်ဖြင့်တူသော ဉာဏဝိပ္ပယုတ် စိတ်တို့၌ တင်စားအပ်သော ကုသလ–သဒ္ဒါဖြင့်။ (ဝါ)တစ်စုံတစ်ခုသော နိမိတ်ကိုစွဲ၍ဖြစ်သော ပညတ်၏ ကာလရှည်လျား သဖြင့် နိမိတ်ကင်းပြားသော်လည်း ထင်ရှားသောသဒ္ဒါဖြင့်။ ကုသလမေဝ–ကုသိုလ်မည် သည်သာလျှင်။ ဟောတိ–၏။ (ပြည်သျှ။၄၁၀။ မူလဋီ။၆၄။)

(ခ) ပမာ+ပမာထင်ရှားစေလျက် အနက်ပေး

ဟိ–ဥပမာဆောင် ထင်အောင်ပြဦးအံ့။ တာလပဏ္ဏေဟိ–တို့ဖြင့်။ အကတွာ–၍။ ကိလဥ္စာဒီဟိ–တို့ဖြင့်။ ကတမ္ပိ–သော်လည်း။ တံသရိက္ခတ္တာ–ထိုထန်းရွက်ဖြင့် ပြုအပ်သော ယပ်နှင့်တူသည်၏အဖြစ်ကြောင့်။ ရုဋ္ဌိသဒ္ဒေန–ဖြင့်။ "တာလဝဏ္ဋ"န္တွေဝ–လျှင်။ ဝုစ္စတိယထာ–သို့။ (ဥပမာန)

ဧဝံ တထာ–တူ။ ဉာဏဝိပ္ပယုတ္တမ္ပိ–ကိုလည်း။ အနဝဇ္ဇသုခဝိပါကလက္ခဏေန–ဖြင့်။ ဉာဏသမ္ပယုတ္တ သရိက္ခတ္တာ–ကြောင့်။ ရုဋ္ဌိသဒ္ဒေန–ဖြင့်။ "ကုသလ"န္တွေဝ။ ဝေဒိတဗ္ဗံ။ (ဥပမေယျ)

(ဃ)ကထိတံ–၏ကတ္တားကို ယောနေ့၊ ပြည်သျှတို့၌ ဘဂဝတာ–ဟုထည့်သည်။

ဘာဋီ– ၌ "မယာ"ဟု ထည့်သည်။

( ၂ )

(က)သို့ ပါပနာဒိပဥ္စက

ဆရာ–သည် ကောသလ္လသမ္ဘူတဋ္ဌေန ကုသလံ–ဖြင့် သမ္ပယုတ်ပညာကြောင့် ဖြစ်သောကြောင့် ကုသလမည်သောဟု–ဆို–၏။ ထို–သော် ဉာဏဝိပ္ပယုတ်စိတ်သည် ကုသလ–မမည်ဟူသော အနက်သည် ရောက်ရာ၏။ စင်–ကား တိုအနက်သည်မရောက်သင့်၊ ထို့–ကြောင့် ဉာဏဝိပ္ပယုတ်စိတ်၏ ကုသလအမည် ရပုံကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့်။ ဉာဏဝိပ္ပယုတ်စိတ်သည် အဘယ်သို့လျှင် (ဝါ) အဘယ်နည်းဖြင့် ကုသလ–မည်ပါသနည်း။ ဤသို့စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို ကိုယ်တိုင်ထုတ်၍ ကိုယ်တိုင် ဖြေကြားလိုသော ဆရာသည် (က) မိန့်။

(ခ)သို့ ဋ္ဌပနာဘောဂါဒိ

ဆရာ–သည် (က)ဖြင့် ဉာဏဝိပ္ပယုတ်စိတ်သည်လည်း ရုဋ္ဌိ–သဒ္ဒါအားဖြင့် ကုသလမည် သည်သာ– ဟု ဖွင့်ဆိုတော်မူ၏။ ထို–သော် ယင်းသို့ဖွင့်ဆိုသောဆရာ့စကားသည် ဂုဠှတ္ထ–သခေ်ပတ္တ မျှသာဖြစ်၍ မပေါ်လွင် မထင်ရှားသည်မဟုတ်ပါလော့ ။ပ။ ဉာဏဝိပ္ပယုတ်စိတ်၏ ရုဋ္ဌိသဒ္ဒါအားဖြင့် ကုသလမည်ပုံကို ဥပမာနှင့်တကွ ပေါ်လွင်ထင်ရှားအောင် ပြဆိုသင့်သေး၏။ စသည်တက်။

(ဂ)သို့ ပါပနာဒိပဥ္စကစောဒနာ

ဆရာ–သည် (က)(ခ)နှစ်ဝါကျဖြင့် ဉာဏဝိပ္ပယုတ်စိတ်သည် သဒိသူပစာ၊ ရုဋ္ဌိနည်းအားဖြင့် ကုသလ မည်သောဟု ဆို၏။ ထို–သော် ဉာဏဝိပ္ပယုတ်စိတ်သည် သဒိသူပစာ၊ရုဋ္ဌိနည်းဖြင့်သာ ကုသလမည်၏။ မုချအားဖြင့် ကုသလမမည်ဟူသော အနက်သည်ရောက်ရာ၏။ စင်–ကား ထိုအနက် သည်မရောက်သင့်။ ထို့–ကြောင့် မုချအားဖြင့် ကုသလအမည်ရပုံကိုလည်း ပြဆိုသင့်သေး၏။ အဗျာပိတ။ပ။ စုဒ်ကြောင့် (ဂ)မိန့်။

အဓိပ္ပါယ်ကား (ဂ)ဖြင့် ဉာဏသမ္ပယုတ်စိတ်သည် အာရောဂျဋ္ဌ၊ အနဝဇ္ဇဋ္ဌ၊ ကောသလ္လသမ္ဘူတဋ္ဌ– ဟူသော အကြောင်းသုံးပါးကြောင့် ကုသလမည်၏။ ဉာဏဝိပ္ပယုတ်စိတ်ကား အာရောဂျဋ္ဌ၊ အနဝဇ္ဇဋ္ဌ–ဟူသော အကြောင်းနှစ်ပါးကြောင့်သာ ကုသလမည်၏–ဟု မုချအားဖြင့် ကုသလမည်ပုံကို ငါပြ–ဟူလို။

http://www.dhammadownload.com



( ၃ )

(ခ)တာလဏ္ဍဋ္ဌေဝ ဝုစ္စတိ–၌ ဝုစ္စတိထားရခြင်း

အတူဖြစ်သော ထန်းရွက်ယပ်တောင်၏ "တာလဝဏ္ဋ"ဟူသော အမည်ကို အတူရှိသော နီးဖျာယပ်တောင်စသည်၌ တင်စား၍ အတူရှိသောနီးဖျာယပ်တောင်ကိုလည်း တာလဝဏ္ဋ–ဟူ၍ပင် ဆိုအပ်၏–ဟု တာလဝဏ္ဋသဒ္ဒါ၏ သဒိသူပစာသဒ္ဒါအဖြစ်ကိုပြလို၍ ဝုစ္စတိ–သဒ္ဒါထားသည်။

(ခ) သည် တပ္ပါကဋ္ဌိကရဏ, ဝိဘတ္တာရ, ဝိရောဓိ, ပုနရုတ္တိ–ပယ်။

(ဂ) သည် ပက္ခန္တရ, အဗျာပိတ–ပယ်။ ထိုတွင်–

ဉာဏဝိပ္ပယုတ္တံ ဒုဝိဓေနေဝ–သည် နိပ္ပရိယာယအားဖြင့် ဉာဏသမ္ပယုတ်စိတ်၏ ကုသလမည်ပုံ မှတပါး ဉာဏဝိပ္ပယုတ်စိတ်၏ ကုသလမည်ပုံပြ–ပက္ခန္တရ, အဗျာပိတ–ပယ်။

(ဃ) နိဂမနဝါကျ။ ပုနရုတ္တိ, ဝိရောဓိပယ်။

( ၄ )

* တလတိ ပတိဋ္ဌာတီတိ တာလော။ (တလ+ဏ။ တည်ခြင်း။)
* ပဏီယတိ ဝေါဟရီယတီတိ ပဏ္ဍော။ (ဏွာဒိမောဂ်) (ပဏ+ဏ။ ရောင်းဝယ်ခြင်း)
* တာလဿ+ပဏ္ဍော တာလပဏ္ဍော။
✔ ထန်းပင်၏+ထန်းရွက်နှင့် ဌာန+ဌာနီ။ နိဿယ+နိဿိတ၊ အပေါင်း+အစိတ်–ဗျူ–နီ။
✔ ထန်းရွက်တို့၏–ဓာတ်သည် ပ–နီ။

ဝစနတ္ထမှတ်ဘွယ်

* ရုဟတီတိ ရုဋ္ဌိ။ (ရုဟ+တ။ ထိ–ဤ။ တက်ရောက်ခြင်း)
* သဒ္ဒီယတိ ကထီယတီတိ သဒ္ဒေါ။ (သဒ္ဒ+အ)

(တနည်း) သပ္ပတိ ဥစ္စာရီယတီတိ သဒ္ဒေါ။ (သပ္ပ+အ)

* ရုဋ္ဌိစ သာ သဒ္ဒေါစာတိ ရုဋ္ဌိသဒ္ဒေါ။ (တက်ရောက်တတ်သော ဂုဏ်၏+သဒ္ဒါနှင့် ဂုဏ်+ဂုဏေးစပ်)
* ကိလနံ ဗန္ဓနံ ကိလော။ တဒတ္ထံ ဓာယတီတိ ကိလဉ္ဇော။ နိဂ္ဂဟီတာဂမော။ (ဓာန်ဋီ။၄၅၅။)
* ကိလဉ္ဇော အာဒိ ယေသန္တိ ကိလဉ္ဇာဒယော။
* သမာန မိဝ+ နံ ဒိဿတီတိ သရိက္ခံ။ (သမာန+ဒိသ+ကွိ။ အတူကဲ့သို့ရှုခြင်း)
* တေန+သရိက္ခံ တံသရိက္ခံ။(ထန်းရွက်ယပ်၏+နီးယပ်တောင်နှင့် သဒိသ+သဒိသီစပ်။)
* တံသရိက္ခဿ+ဘာဝေါ တံ သရိက္ခတ္တံ။

(နီးယပ်တောင်၏ ဖြစ်ကြောင်းဖြစ်ရာ သဒိသဘောဂုဏ်နှင့် ဂုဏေး+ဂုဏ်စပ်။)

* ဝဏ္ဍီယတေ ဗန္ဓီယတေ အနေနာတိ ဝဏ္ဍံ။ (ဓာန်ဋီ)
* တာလဿ ဝဏ္ဍံ တာလဝဏ္ဍံ။ (ထန်းရွက်)
* တာလဝဏ္ဍေဟိ+ကတံ တာလဝဏ္ဍံ။ (တာလဝဏ္ဍ+ဏ)

(ထန်းရွက်တို့၏ ပြုအပ်သောယပ်တောင်နှင့် ပကတိ+ဝိကတိစပ်။)

* ပရိယတ္တံ အတ္ထံ အယတိ ဗုဇ္ဈတိ ဧတေနာတိ ပရိယာယော။ (ပရိ+အယ+ဏ)
* န+ပရိယာယော နိပ္ပရိယာယော။
* "ဓာတ"န္တိ ကိယတိ ကထီယတိ တေသွိန္တိ ဓာတကံ။(ဓာတ+ကေ(ဝါ)ကိ–ဓာတ်+အ။)

http://www.dhammadownload.com



( ၅ )

(က) တာဝ–ကား နိပါတ်, အလိင်, ဂဏဝိမုတ်, အ–ကာရန္တ။

ရုဋ္ဌီ–ကား ကိတ်နာမ်, ဣတ္ထိလိင်, ရတ္တာဒိ, ဤ–ကာရန္တ။

ကိလဋ္ဌ–ကား ကိတန္တသမာသ်, ပုံ, ပုရိသာဒိ, အ–ကာရန္တ။

( ၆ )

(က)တမ္ဘိ ရုဋ္ဌီသဒ္ဒေန ကုသလမေဝ–ဖြင့် ကုသလ–ဟူသော အမည်သည် ရုဋ္ဌီ–သဒ္ဒါဖြစ်သော ကြောင့် ဉာဏဝိပ္ပယုတ်စိတ်ကိုလည်း ကုသလ–ဟူ၍ ဆိုထိုက်၏ ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(ခ)ဖြင့် ထန်းရွက်တို့ဖြင့် မပြုမူ၍ နီးဖျာစသည်တို့ဖြင့် ပြုအပ်သော ယပ်တောင်ကို ထိုထန်းရွက်နှင့် တူသောကြောင့် "တာလဝဏ္ဋ"ဟူ၍ဆိုအပ်သကဲ့သို့ ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ်သည်လည်း ဉာဏသမ္ပယုတ် ကုသိုလ်စိတ်နှင့် အနဝဇ္ဇသုခဝိပါကလက္ခဏာအားဖြင့် တူသောကြောင့် သဒိသူပစာ ရုဋ္ဌီနည်းဖြင့် ကုသလ–ဟူ၍ပင် သိအပ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

( ၇ )

(က) ကုသလမေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်

✔ ကုသလ–ဟူသောအမည်သည် ဂဟေတဗ္ဗတ္ထ။

✔ တခြားသောအမည်သည် နိဝတ္တေတဗ္ဗတ္ထ။

✔ ကုသလအမည်၏တည်ရာဖြစ်သော ဉာဏဝိပ္ပယုတ်ကုသိုလ်စိတ်ဒြဗ်သည် အနုညာတတ္ထ။

(တနည်း) ထိုကုသိုလ်၏ အနဝဇ္ဇသုခဝိပါက လက္ခဏာသည် အနုညာတတ္ထ။

အမှာ။ ။(ခ) ကုသလန္တေဝ–၌လည်း အထက်ပါအတိုင်း ဂဟေတဗ္ဗတ္ထစသည်ထုတ်။

(ခ) တာလဝဏ္ဋန္တေဝ ဝုစ္စတိ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ တာလဝဏ္ဋ–ဟူသော အမည်သည် ဂဟေတဗ္ဗတ္ထ။

✔ တပါးသော ကိလဋ္ဌဗီဇနီ––အမည်စသည်သည် နိဝတ္တေတဗ္ဗတ္ထ။

✔ တာလဝဏ္ဋ အမည်၏တည်ရာဖြစ်သော နီးဖျာယပ်တောင်ဒြဗ်သည် အနုညာတတ္ထ။

(ဂ) ဒုဝိဓေနေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ အာရောဂျဋ္ဌ, အနဝဇ္ဇဋ္ဌ–ဟူသော အနက် ၂–ပါးသည် ဂဟေတဗ္ဗတ္ထ။

✔ ကောသလ္လသမ္ဘူတဋ္ဌ–ဟူသောအနက်သည် နိဝတ္တေတဗ္ဗတ္ထ။

တာဝ–၏ အတ္ထုဒ္ဓါရ–

ပဋ္ဌမတ္ထေ ကမတ္ထေစ၊ ဝတ္တဗ္ဗန္တရာပေက္ခနေ။

အနုညာတေ တေသု+တ္ထေသု၊ တာဝ–သဒ္ဒေါ ပဝတ္တတိ။ (ဓူ။၁။ ၃၀။)

(က) ဉာဏသမ္ပယုတ္တံ တာဝ–၌ တာဝ–ကား အနုညာတတ္ထဖြစ်သည်။

"ဝိသယ"

(က) တမ္ဘိ–၌ တံ–ကား ပဏ္ဏတ္တ။ (ပုဏ္ဏာဝါကျရှိ ဉာဏဝိပ္ပယုတ္တံကိုစွဲ။)

(ဃ) ဝါကျ ယဋ္ဌ သုံးပုဒ်ကား ပသိဒ္ဓ။ (ကုသာလ်–ဟု အစွဲတိုက်ရိုက်ပါရှိ။)

http://www.dhammadownload.com



( ၈ )

ဥာဏသမ္ပယုတ္တံ့အရ–ကြိယာငါးတန်

✔ မဟာကုသိုလ်ဥာဏသမ္ပယုတ်စိတ်သည် ဒဿနတ္ထ။
✔ ယောနိသောမနသိကာရပဒဋ္ဌာန်သည် ဒီပကတ္ထ။
✔ ဝေါဒါန သမ္ပတ္တိရသသည် ပကာသနတ္ထ။
✔ အကုသလပဝိဒ္ဓံသန ကိစ္စရသ–သည် ဝိဘာဝတ္ထ။
✔ ဏ္ဍဋ္ဌဝိပါက ပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

(ဂ) ဥာဏဝိပ္ပယုတ္တံ့ ဒုဝိဓေနေဝ–၌ အတ္ထုဉပန္န အတ္ထာပတ္တိသိဒ္ဓိ

မှချအားဖြင့် ဥာဏဝိပ္ပယုတ်စိတ်သည် အာရောဂျဋ္ဌ, အနဝဇ္ဇဋ္ဌ–ဟူသော အနက်တို့ကြောင့်သာ ကုသလ–ဟူသော အမည်ကိုရ၏–ဟု အန္တယကိုဆိုသဖြင့် ကောသလ္လသမ္ဘူတဋ္ဌ–ဟူသော အနက်ကြောင့် "ကုသလ"အမည်ကို ရသည်မဟုတ် ဟူသော ဗျတိရိက်ကိုသိရသောကြောင့် အတ္ထာပန္န,အတ္ထာပတ္တိ သိဒ္ဓိ ရသည်။

◆ ဗျတိအန္တယ်၊ အန္တယ်–ဗျတိ၊ ပြန်လှန်သိ၊ သိဒ္ဓိအတ္ထာပတ်။

ကုသလဋ္ဌေဝ–ဝေဒိတဗ္ဗံ – ၌ ဝေဒိတဗ္ဗံ–ထားရခြင်း

နီးယပ်တောင်ကို သဒိသူပစာ, ရုဋ္ဌီနည်းအားဖြင့် တာလဝဏ္ဏ–ဟူ၍ဆိုအပ်သကဲ့သို့ ဥာဏ– ဝိပ္ပယုတ်စိတ်ကိုလည်း (ဥာဏသမ္ပယုတ်စိတ်နှင့် အနဝဇ္ဇသုခဝိပါက လက္ခဏာ–အားဖြင့် တူရကား) သဒိသူပစာ, ရုဋ္ဌီနည်းအားဖြင့် ကုသလ–ဟူ၍ပင် သိအပ်၏ဟူသော ဥပစာရတ္ထ, နေယျတ္ထ, သံသယတ္ထ–ကို ပြလိုသောကြောင့် ဝေဒိတဗ္ဗံ–သဒ္ဒါထားသည်။

( ၉ )

(ဃ) အဓိပ္ပါယ်

(၁)"ကစ္စိနု ဘောတော ကုသလံ" (ဋ္ဌ။၈၀။ ၁၀၅။)ကား မဟာဟံသ–ဇာတ်တော် ပါဠိဖြစ်သော ကြောင့် အာရောဂျဋ္ဌကုသလကို "ဇာတကပရိယာယ ကုသလ"ဟုဆိုသည်။

(၂) "ကတမော ပန ဘန္တေ ကာယသမာစာရော ကုသလော၊ ယော ခေါ မဟာရာဇ ကာယသမာစာရော အနဝဇ္ဇော"ဟု (ဋ္ဌ။၈၀) ကုသလာ ဓမ္မာ–အဖွင့်၌ ပြခဲ့သော ပါဠိတော်သည် ဗာဟိတိကသုတ္တန် ဒေသနာတော်ဖြစ်သောကြောင့် အနဝဇ္ဇဋ္ဌ ကုသလကို "ဗာဟိတိကသုတ္တ ပရိယာယ ကုသလ" ဟုဆိုသည်။

(၃) အဘိဓမ္မပါဠိတော်ဝယ် "ပညာ ကောသလ္လံ"ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသ၌ ပညာကို "ကောသလ္လ" ဟု ဟောတော်မူ၏။ ထိုဥာဏ်နှင့်ယှဉ်သောကြောင့် ကုသလ–ဟု အမည်ရသည့်အတွက် ကောသလ္လသမ္ဘူတဋ္ဌ ကုသလကို "အဘိဓမ္မပရိယာယကုသလ"ဟုဆိုသည်။ (မူလဋီ။၆၄။ ဘာသာဋီ၊၃၊၅၅။)

( ၁၀ )

(က) ဥာဏသမ္ပယုတ္တံ–၌–

ဥာဏ–အရ– ဥာဏ်ပညာက–
သမ္ပယုတ္တံ–အရ ဥာဏသမ္ပယုတ်ကုသိုလ်စိတ္တုပ္ပါဒ်အား သဟ–ပြု။
ဖြိုင်။ ။သဟကြိး–၄, အညှ, သမ္ပ, ဟော, မိ, ဏ္ဍံ, မဂ္ဂ။ (၁၀)

http://www.dhammadownload.com



(ခ) ဉာဏဝိပ္ပယုတ္တမ္ပိ+ကုသလန္တေ၀+ဝေဒိတဗ္ဗံ–၌–
ဝေဒိတဗ္ဗံ–ဝယ် ဗာဟုလ္လ–အရ ဉာဏဝိပ္ပယုတ်မဟာကုသိုလ်စိတ်သည်–
အနဝဇ္ဇ–အရ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်,မဟာကြိယာစိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု၍
ဖြိုင်။ ။အာ, ဓိ, ဥ (၃)

(ဃ) ကုသလံ+ကထိတံ–၌–
ကုသလံ–အရ ကုသိုလ်ဟူသော နာမပညတ်သည်–
ကထိတံ–၌ ကထ–ဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု၍။

====================

## ဝါကျဥယျာဉ် (၈၂)

(က) တဒေတံ လက္ခဏာဒိ၀သေန အနဝဇ္ဇသုခဝိပါကလက္ခဏံ၊ အကုသလဝိဒ္ဓံသနရသံ၊ ဝေါဒါနပစ္စုပဋ္ဌာနံ၊ ယောနိသောမနသိကာရပဒဋ္ဌာနံ။

(ခ) အဝဇ္ဇပဋိပက္ခတ္တာ ဝါ အနဝဇ္ဇလက္ခဏမေဝ ကုသလံ၊ ဝေါဒါနဘာဝရသံ၊ ဣဋ္ဌဝိပါက ပစ္စုပဋ္ဌာနံ၊ ယထာဝုတ္တပဒဋ္ဌာနမေဝ။

(ဂ) လက္ခဏာဒီသု ဟိ တေသံ တေသံ ဓမ္မာနံ သဘာဝေါ ဝါ သာမည ဝါ လက္ခဏံ နာမ၊ ကိစ္စံ ဝါ သမ္ပတ္တိ ဝါ ရသော နာမ၊ ဥပဋ္ဌာနာကာရော ဝါ ဖလံ ဝါ ပစ္စုပဋ္ဌာနံ နာမ။ အာသန္နကာရဏံ ပဒဋ္ဌာနံ နာမ။

(ဃ) ဣတိ ယတ္ထ ယတ္ထ လက္ခဏာဒီနိ ဝက္ခာမ၊ တတ္ထ တတ္ထ ဣမိနာဝ နယေန တေသံ နာနတ္တံ ဝေဒိတဗ္ဗံ။

ဋ္ဌ။၁၀၅။ မူလဋီ။၆၄။ ယောဇနာ။၈၂။ ပြည်သျှ။၄၁၁။ ဘာသာဋီ၊၃၊၁၅၆။ ကျော်စံဂဏ္ဌိ။၂၄၃။ မင်းခင်းဂဏ္ဌိ။၃၆၀။)

==============

( ၁ )

(ဂ) ဟိ–မှန် (တနည်း:) ချဲ့။ လက္ခဏာဒီသု–တို့ကို။ ဝုစ္စမာနေသု–ဆိုအပ်ကုန်သည်ရှိသော်။(ထည့်)
(ဤကား–ပြည်သျှ။) လက္ခဏာဒီသု–တို့တွင်။ (ဤကား–ဘာသာဋီကာ။)

( ၂ )

### (က)သို့ပါပနာဒိပဋ္ဌက

ဆရာ–သည် ကုသလန္တိ ကုစ္ဆိတာနံ သလနာဒီဟိ အတ္ထေဟိ–စသော ဝါကျတို့ဖြင့် ကုသလ–သဒ္ဒါ၏ ဝစနတ္ထကို ဆိုတော်မူ၏။ထို–သော် ကုသလ–သဒ္ဒါ၏ ဝစနတ္ထသာရှိ၍ ယင်းကုသိုလ်၏ လက္ခဏ,ရသ–စသည်မရှိ–ဟူသောအနက်သည် ရောက်ရာ၏–စသည်တက်။ (ပက္ခန္တရ၊ ထုံးစံ ။)

### (ခ)သို့ ဌပနာဘောဂါဒိ ပဋ္ဌက

ဆရာ–သည် (က)ဖြင့် ကုသိုလ်သည် လက္ခဏာစသည်တို့၏အစွမ်းဖြင့် အနဝဇ္ဇသုခဝိပါက လက္ခဏာရှိ၏ ။ပ။ ယောနိသောမနသိကာရပဒဋ္ဌာန်ရှိ၏–ဟု ဖွင့်ပြဆိုတော်မူ၏။ ထို–သော် ကုသိုလ်၏ လက္ခဏာဒိစတုက္ကသည် ဤတစ်နည်းသာရှိ၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော ။ပ။ တစ်ခြားဖြစ်သင့်သော ကုသိုလ်၏လက္ခဏာဒိစတုက္ကကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။

http://www.dhammadownload.com



(ဂ)သို့ ဋ္ဌပနာဘောဂါဒိပဋ္ဌက

ဆရာ-သည် (က)(ခ)ဝါကျတို့ဖြင့် ကုသိုလ်၏ လက္ခဏာဒိစတုက္ကကို ပြဆိုတော်မူ၏။ထို-သော် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ သရုပ် သဘောအဓိပ္ပါယ်အကျယ်ကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော-စသည်တက်။

(ဃ)သို့ ဋ္ဌပနာဘောဂါဒိပဋ္ဌက

ဆရာ-သည် (ဂ)ဝါကျဖြင့် တေသံ တေသံ ဓမ္မာနံ သဘာဝေါ ဝါ-စသည်ဖြင့် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ သရုပ်, သဘော အဓိပ္ပါယ်ကို ပြဆိုတော်မူ၏။ ထို-သော် ဆိုလတ္တံ့ကုန်သော ထိုထို ပရမတ္ထ သဘောတရားတို့၌ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ သရုပ် သဘောအဓိပ္ပါယ်ကို ဤဆိုအပ်ပြီး သော တေသံ တေသံ ဓမ္မာနံ သဘာဝေါ ဝါ-စသောနည်းမှ တပါးသော နည်းဖြင့်ပင် သိမှတ်သင့်၏ ဟူသောအနက်သည် ရောက်ရာသည်မဟုတ်ပါလော-စသည်တက်။

အဓိပ္ပါယ်ကား။ ။ဆိုအပ်လတ္တံ့ကုန်သော ပရမတ္ထသဘောတရားတို့၌ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ သရုပ် သဘော အဓိပ္ပါယ်ထူးခြားပုံကိုလည်း ဤဆိုအပ်ပြီးသော တေသံ တေသံ ဓမ္မာနံ သဘာဝေါ ဝါ-စသော နည်းဖြင့်သာလျှင် သိအပ်ပါ၏ဟူလို။ (ဣမိနာဝ နယေန-ကိုရှုတက်။)

( ၃ )

(ခ) ဝါသဒ္ဒါထားရခြင်း

ကုသိုလ်၏ အနဝဇ္ဇသုခဝိပါကလက္ခဏာမှတပါး အနဝဇ္ဇလက္ခဏာကိုင်း၊ အကုသလဝိဒ္ဓံသန ရသမှတပါး ဝေါဒါန ဘာဝရသကိုင်း၊ ဝေါဒါနပစ္စုပဋ္ဌာန်မှတပါး ဣဋ္ဌဝိပါကပစ္စုပဋ္ဌာန်ကိုင်း အသီးသီး လဲလှယ်ပြလိုသောကြောင့် (ခ)၌ ဝါ-သဒ္ဒါ ထားသည်။

(ဂ)၌ ဝါ-သဒ္ဒါ ၂-ခုကား အညမညသမုစ္စည်း။

( ၄ )

- ✱ ဝိဒ္ဓံသိယတေ ဝိဒ္ဓံသနံ။ (ဝိ+ဓံသု+ယု။ ဖျက်ဆီးခြင်း။)
- ✱ အကုသလဿ+ဝိဒ္ဓံသနံ အကုသလဝိဒ္ဓံသနံ။
- ✱ ရသီယတိ နိပ္ဖါဒီယတီတိ ရသော။ (ရသ+အ။ ကိစ္စရ၏)
- ✱ အကုသလဝိဒ္ဓံသနံ+ရသော ဧတဿာတိ အကုသလဝိဒ္ဓံသနရသံ။
- ✔ အကုသိုလ်ကိုဖျက်ဆီးခြင်း ကိစ္စ၏+ကုသိုလ်နှင့် ဂုဏ်+ဂုဏေးစပ် ဗျူ-နိ။
- ✔ အကုသလဝိဒ္ဓံသနရသသည် (ဝါ) ကုသိုလ်တို့၏ တစ်ခုသည်--ဓာတ်သည် ပ-နိ။

ဝစနတ္ထမှတ်ဘွယ်

- ✱ ဝဒ္ဓိတဗ္ဗံ ဂရဟိတဗ္ဗန္တိ ဝဇ္ဇံ။ (ဝဒ+ဏျ)

ဝဇ္ဇသဒ္ဒါသည် ဘာဝပ္ပဓာန, ဖြစ်သောကြောင့် ကဲ့ရဲ့အပ်သည်၏အဖြစ်ဟုဆိုအပ်သော ရာဂ- စသော ကိလေသာ-ဟူသော အပြစ်ဒေါသရ၏။ (ပြည်သျှ။ ၄၁၁။)

- ✱ ဝဇ္ဇမေဝ အဝဇ္ဇံ။
- ✱ အဝဇ္ဇဿ+ပဋိပက္ခံ အဝဇ္ဇပဋိပက္ခံ။ (ကုသလံ)
- ✱ တဿ+ဘာဝေါ အဝဇ္ဇပဋိပက္ခတ္တံ။

http://www.dhammadownload.com



* ဘာဂီယတိ လက္ခီယတိ ဧတေနာတိ ဘာဝေါ။
* သသ္သ အတ္တနော ဘာဝေါ သဘာဝေါ။
(ပထဝီ, ဖဿ-စသော မိမိ၏+ ကက္ခဠလက္ခဏာ, ဖုသနလက္ခဏာ-စသည်နှင့် လက္ခဏာဝန္တ +လက္ခဏာစပ်။)
* တံ ဝိယ မိယတိ ပရိဆိဇ္ဇတီတိ သမာနော။
* သမာနဿ+ဘာဝေါ သာမည်။ (သမာန+ဏျ) (မင်းခင်းဂဏ္ဍိ။၃၆၂။)
* ကာရေတဗ္ဗံ နိပ္ပါဒေတဗ္ဗန္တိ ကိစ္စံ။ (ကရ+ရိစ္စ။)
* ရသီယတိ နိပ္ပါဒီယတီတိ ရသော။ (ကိစ္စ-ရ၏။)
* ရသတိ သမ္ပဇ္ဇတီတိ ရသော။ (သမ္ပတ္တိရ၏)
* သမ္ပဇ္ဇတီတိ သမ္ပတ္တိ။ (သံ+ပဒ+တိ)
* ဥပဋ္ဌဟိယတေ, ဥပဋ္ဌဟာတီတိ ဝါ ဥပဋ္ဌာနံ။
* ဥပဋ္ဌာနံ ဧဝ+အာကာရော ဥပဋ္ဌာနာကာရော။
* အတ္တနော ကာရဏံ ပဋိစ္စ တပ္ပဋိဗိမ္ဗဘာဝေန ဥပဋ္ဌာတီတိ ပစ္စုပဋ္ဌာနံ။
* ပဋိမုခံ ဝါ ဥပဋ္ဌာတီတိ ပစ္စုပဋ္ဌာနံ။ (မူလဋီ။၆၄။)

( ၆ )

(က) တေသံ တေသံ သဘာဝေါ ဝါ သာမည် ဝါ လက္ခဏံနာမ-ဖြင့် လက္ခီယတိ အနေနာတိ လက္ခဏံ-ဟု ဝစနတ္ထပြု၍ လက္ခဏ-အရ သဘာဝလက္ခဏာ, သာမညလက္ခဏာ ၂-မျိုးလုံးကိုယူ- သိစေသည်။

ကိစ္စံဝါ သမ္ပတ္တိ ဝါ ရသောနာမ-ဖြင့် ရသီယတိ နိပ္ပါဒီယတီတိ ရသော၊ရသတိ သမ္ပဇ္ဇတီတိ ရသော-ဟု ဝစနတ္ထပြု၍ ရသ-အရ ကိစ္စရသ, သမ္ပတ္တိရသ ၂-မျိုးလုံးကိုယူရမည်ဟု သိစေသည်။

ဥပဋ္ဌာနာကာရော ဝါ ဖလံဝါ ပစ္စုပဋ္ဌာနံနာမ-ဖြင့် ပဋိမုခံ ဥပဋ္ဌာတီတိ ပစ္စုပဋ္ဌာနံ၊ အတ္တနော ကာရဏံ ပဋိစ္စ တပ္ပဋိ ဗိမ္ဗဘာဝေန ဥပဋ္ဌာတီတိ ပစ္စုပဋ္ဌာနံ-ဟု ဝစနတ္ထပြု၍ ပစ္စုပဋ္ဌာန-အရ အာကာရ ပစ္စုပဋ္ဌာန်, ဖလ ပစ္စုပဋ္ဌာန် နှစ်မျိုးလုံးကိုယူရမည်ဟု သိစေသည်။

အာသန္နကာရဏံ ပဒဋ္ဌာနံ နာမ-ဖြင့် ပဒါနံ ဟေတုနံ+ဌာနံ ပဒဋ္ဌာနံ-ဟု ဝစနတ္ထပြု၍ ပဒဋ္ဌာန-အရ အာသန္နကာရဏ-နီးသော အကြောင်းကို ယူရမည်ဟု သိစေ။

( ၇ )

(ခ) အနဝဇ္ဇလက္ခဏမေဝ-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထစသည်-

✔ အနဝဇ္ဇလက္ခဏာသည် ဂဟေတဗ္ဗတ္ထ။
✔ သုခဝိပါကသည် နိဝတ္တေတဗ္ဗတ္ထ။
✔ အနဝဇ္ဇလက္ခဏာရှိသော ကုသိုလ်ဒြပ်သည် အနုညာတတ္ထ။

ယထာဝုတ္တ ပဒဋ္ဌာနမေဝ-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထစသည်

✔ ဆိုအပ်ခဲ့ပြီးသော ယောနိသောမနသိကာရပဒဋ္ဌာန်သည် ဂဟေတဗ္ဗတ္ထ။
✔ တခြားသော ပဒဋ္ဌာန်တို့သည် နိဝတ္တေတဗ္ဗတ္ထ။
✔ ယောနိသော မနသိကာရ ပဒဋ္ဌာန်ရှိသော ကုသိုလ်ဒြပ်သည် အနုညာတတ္ထ။

http://www.dhammadownload.com



(ဃ) ဣမိနာ၀ နယေန–၌ ဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ ဤဆိုအပ်ပြီးသော တေသံ တေသံ ဓမ္မာနံ သဘာဝေါ ဝါ စသောနည်းသည် ဂဟေတဗ္ဗတ္ထ။

✔ ဤနည်း၏ ဆန့်ကျင်ဘက်နည်းတို့သည် နိဝတ္တေတဗ္ဗတ္ထ။

(က) တဒေတံ –ကား ပဏ္ဏတ္တိ။ (ဆိုခဲ့ပြီး ကုသလံ–ကိုစွဲ။)

( ခ ) တေသံ တေသံ–ကား ပသိဒ္ဓ (ဓမ္မာနံ–ဟု အစွဲတိုက်ရိုက်ပါရှိ။)

(ဃ) တတ္ထ တတ္ထ–ကား ပဏ္ဏတ္တိ (တနည်း) နိယမဝိသယ။

ဣမိနာ၀–ကား ပသိဒ္ဓ။ (နယေန–ဟု အစွဲတိုက်ရိုက်ပါရှိ။)

( ၈ )

(ဃ) ဝေဒိတဗ္ဗံ–ထားရခြင်း

နောက်၌ ဆိုအပ်လတ္တံ့ကုန်သော ပရမတ္ထသဘောတရားတို့၌ ဤဆိုအပ်ပြီးသော တေသံ တေသံ ဓမ္မာနံ သဘာဝေါ ဝါ စသောနည်းဖြင့်သာလျှင် လက္ခဏာ–စသည်တို့၏ ထူးခြားပုံကို သိရမည်ဟု ဥပစာရတ္ထ၊ နေယျတ္ထ၊ အနေကန္တ သံသယတ္ထကို ပြလိုသောကြောင့် ဝေဒိတဗ္ဗံ–သဒ္ဒါထားသည်။

(ခ) အဝဇ္ဇပဋိပက္ခတ္တာ–၌ အဝဇ္ဇပဋိပက္ခ–အရ ကုသိုလ်ကိုယူ၍––ကြိယာငါးတန်ထုတ်။

( ၉ )

(ခ) အနဝဇ္ဇလက္ခဏမေဝ–၌ ဧဝ–ဖြင့် သုခဝိပါကကိုကန့်သည်။ ထိုသုခဝိပါကကို ဣဋ္ဌဝိပါက ပစ္စုပဋ္ဌာန်၌ ဆိုလတ္တံ့ဖြစ်၍ လက္ခဏာတွင် မသွင်းဘဲထားသည်။ (ဘာသာဋီ၊၃။၅၆။)

(က)၌ ကုသိုလ်၏လက္ခဏာကို အနဝဇ္ဇမျှသာဆိုက လိုအပ်သော အကျိုးပြီးပါလျက် သုခဝိပါကကို ဘာကြောင့် ထပ်ဆိုရသနည်း?

အနဝဇ္ဇမျှသာဆိုက အဗျာကတတရားများလည်း အပြစ်ကင်း၍ အနဝဇ္ဇဖြစ်ရကား ပါဝင်နိုင်သည်။ ထို့ကြောင့် ယင်းအဗျာကတ တရားများကို တားမြစ်ရန် "သုခဝိပါက"ကို ထပ်၍ဆိုသည်။

သုခဝိပါက=ကောင်းသော အကျိုးပေးရမည်ဟုဆိုသဖြင့် အဗျာကတတရားများသည် ကောင်းသော အကျိုးပေးရန် သတ္တိမရှိရကား မပါဝင်နိုင်တော့ပေ။

"သဘာဝနှင့် သာမည"

ပထဝီ ဖဿ–စသော တရားတို့၏ ကက္ခဠ၊ ဖုသန–အစရှိသော အခြားတရားတို့နှင့် မဆက်ဆံသော သဘောလက္ခဏာသည် "သဘာဝ"မည်၏။

အနိစ္စတာ အစရှိသော အခြားတရားတို့နှင့် ဆက်ဆံသော သဘောလက္ခဏာသည် "သာမည" မည်၏။

- သဘာဝေါ ကက္ခဠာဒိဖုသနာဒိကော အသာဓာရဏော။
  သာမည် သာဓာရဏော အနိစ္စာ ဒိသဘာဝေါ။ (မူလဋီ။ ၆၄။)

http://www.dhammadownload.com



( ၁၀ )

(ဃ) လက္ခဏာဒီနံ+ဝဏ္ဏမ–၌

လက္ခဏာဒီနိ–အရ ဆိုလတ္တံ့သော လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်–ဟု ဆိုအပ်ကုန်သော အတ္ထပညတ်သည်–ဝဏ္ဏမ–၌ ဝစ–ဓာတ်အရ အရှင်မဟာဗုဒ္ဓဃောသ၏ ဉာဏ်, ဝီရိယ–ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။

နာနတ္တံ+ဝေဒိတဗ္ဗံ–၌

နာနတ္တံ–အရ လက္ခဏာစသည်တို့၏ ထူးပုံအခြင်းအရာ အာကာရပညတ်သည်–ဝေဒိတဗ္ဗံ–၌ ဝိဒ–ဓာတ်အရ မဟာကု, မဟာကြိ– ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။

=========================

## ဝါကျဥယျာဉ် (၈၃)

(က) စိတ္တန္တိ အာရမ္မဏံ စိန္တေတီတိ စိတ္တံ၊

( ခ ) ဝိဇာနာတီတိ အတ္ထော။

( ဂ ) ယသ္မာ ဝါ စိတ္တန္တိ သဗ္ဗစိတ္တသာဓာရဏော သေ သဒ္ဒေါ၊ တသ္မာ ယဒေတ္ထ လောကိယ ကုသလာကုသလကိရိယစိတ္တံ၊ တံ ဇဝနဝီထိဝသေန အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ။

(ဃ) ဝိပါကံ ကမ္မကိလေသေဟိ စိတန္တိ စိတ္တံ။

( င ) အပိစ သဗ္ဗမ္ပိ ယထာနုရူပတော စိတ္တတာယ စိတ္တံ၊

(စ) စိတ္တကရဏတာယ စိတ္တန္တိ ဧဝမ္ပေတ္ထ အတ္ထော ဝေဒိတဗ္ဗော။

ဋ္ဌ။၁၀၆။ မူဋီ။၆၅။ ယောဇနာ။၈၂။ ပြည်သျှ။၄၁၃။ ဘာသာဋီ၊၃။၅၇။ ကျော်စံဂဏ္ဌိ။၂၄၄။ မင်းခင်းဂဏ္ဌိ။၃၆၂။

==================

(၁)

(ခ)ဝိဇာနာတိ–သညာ ပညာတို့၏ကိစ္စတို့မှ ထူးသောအားဖြင့်သိတတ်၏။ ဣတိအယံ–ဤဝိဇာနာတိ–ဟူသောသဒ္ဒါသည်။ အတ္ထော–စိန္တေတိ–ဟူသောပုဒ်၏ အနက်ရှိသော သဒ္ဒါတည်း။ (ပြည်သျှ။) (တနည်း:) ဝိဇာနာတိ–သညာ ။ပ။ သိတတ်၏။ ဣတိ အယံ–ဤဆိုအပ်ပြီးသည်ကား။ (ဝါ) ဤသညာ ပညာတို့၏ ကိစ္စတို့မှထူးသောအားဖြင့် သိတတ်၏ဟူသောအနက်သည်။ အတ္ထော–စိန္တေတိ–ဟူသောပုဒ်၏ အနက်တည်း။ (မဏိမဥ္ဇူ။၁၂၅။)

◆ ဝိဇာနာတီတိ သညာပညာကိစ္စဝိသိဋ္ဌံ ဝိသယဂ္ဂဟဏ–မာဟ။ (မူလဋီ)

(စ) စိတ္တကရဏတာယ–ဆန်းကြယ်သောပန်းချီစသောအမှုကိုပြုတတ်သည်၏အဖြစ်ကြောင့်၊

(ဝါ) ဂတိစသော ဆန်းကြယ်သောအကျိုးကိုပြုတတ်သည်၏အဖြစ်ကြောင့်၊

(ဝါ) ပြုအပ်သော ပန်းချီ စသောအမှု၏ ဆန်းကြယ်သည်၏အဖြစ်ကြောင့်၊

(ဝါ) ပြုအပ်သောဂတိစသော အကျိုး၏ဆန်းကြယ် သည်၏အဖြစ်ကြောင့်။ (ပြည်သျှ)

http://www.dhammadownload.com



(၂)

(က)စသည်သို့ အနုသန္ဓေ

ဤသို့ ကုသလန္တိ ကုစ္ဆိတာနံ သလနာဒီဟိ–အစရှိသောဝါကျတို့ဖြင့် ယသ္မိံသမယေ ကာမာဝစရံ ကုသလံ စိတ္တံ–၌ ကုသလံပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုပြဆိုပြီး၍ ယခုအခါ၌ စိတ္တံပုဒ်၏အဖွင့်သံဝဏ္ဏနာကို ပြလိုရကား– စိတ္တန္တိ အာရမ္မဏံ–စသည်ကိုမိန့်။

(ခ)သို့ ပါပနာဒိပဥ္စကစောဒနာ

ဆရာ–သည်(က)ဖြင့် စိတ္တံပုဒ်ကို အာရမ္မဏံ စိန္တေတီတိ စိတ္တံ–ဟုဝစနတ္ထပြုရမည်ဟု–ပြဆိုတော် မူ၏။ ထို–သော် စိန္တေတီတိ စိတ္တံ–အရ ဉီဟနစိန္တာ, ပဇာနနစိန္တာ, ဝိဇာနနစိန္တာ–ဟူသော စိန္တာသုံးမျိုးလုံး ကိုပင် ယူရမည်ဟူသော အနက်သည် ရောက်ရာ၏။ စင်–ကား ထိုအနက်သည် မရောက်သင့်၊ထို–ကြောင့် ဤ၌ ယူရမည် စိန္တာကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့်။ အတိဗျာပိတ–၏ ။ပ။စုဒ်ကြောင့်(ခ)မိန့်။

အဓိပ္ပါယ်ကား။ ။ ဤ၌ ဝိဇာနနစိန္တာကိုယူရမည်ဟု ။ပ။

(ဂ)သို့ ဋ္ဌပနာဘောဂါဒိပဥ္စက

ဆရာ–သည်(က)(ခ)တို့ဖြင့် စိတ္တံ–ကို အာရမ္မဏံ စိန္တေတီတိ စိတ္တံ–ဟု ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထို–သော် လောကီကုသိုလ်,အကုသိုလ်,ကြိယာဇောတို့ကို အရကောက်ရသော စိတ္တပုဒ်၏ ဝစနတ္ထကို မသိအပ်, မသိနိုင်ရာသည်မဟုတ်ပါလော ။ပ။ လောကီကုသိုလ်, အကုသိုလ်, ကြိယာဇောတို့ကို အရကောက် ရသော စိတ္တ–သဒ္ဒါကို အဘယ်သို့ ဝစနတ္ထပြုရပါမည်နည်း။ စုဒ်ကြောင့် (ဂ)မိန့်။

အဓိပ္ပါယ်ကား။ ။လောကီကုသိုလ်, အကုသိုလ်, ကြိယာဇောတို့ကို အရကောက်ယူရာ၌ အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ–ဟုဝစနတ္ထပြုရမည်ဟူလို။

(တနည်း)ဆရာ–သည်(က)(ခ)တို့ဖြင့် အာရုံကိုသိတတ်သောကြောင့် စိတ်မည်၏ဟု ပြဆိုတော်မူ၏။ ထို–သော် ယင်းအကြောင်းသကတ် တစ်မျိုးကြောင့်သာ စိတ်မည်၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော–စသည်တက်လေ။

(ဃ)သို့ ဋ္ဌပနာဘောဂါဒိပဥ္စက

ဆရာ–သည်(ဂ)ဖြင့် လောကီကုသိုလ်, အကုသိုလ်, ကြိယာဇောတို့ကို အရကောက်ရသည့် စိတ္တံ– ပုဒ်ကို အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ–ဟု ဝစနတ္ထပြုရမည်ဟုပြဆိုတော်မူ၏ ။ထို–သော် ဝိပါက်စိတ်ကို အရကောက်ရသော စိတ္တံပုဒ်၏ ဝစနတ္ထကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော–စသည်တက်။

အဓိပ္ပါယ်ကား။ ။ဝိပါက်စိတ်ကိုအရကောက်ရာ၌ ကမ္မကိလေသေဟိ စိတန္တိ စိတ္တံ–ဟု ပြုရ မည်ဟူလို။

(တနည်း) ဆရာ–သည်(ဂ)ဖြင့် ဇောဝီထိ၏အစွမ်းဖြင့် မိမိ၏စိတ်အစဉ်ကို စီတတ်သောကြောင့် လောကီကုသိုလ်, အကုသိုလ်, ကြိယာဇောတို့သည် စိတ္တမည်သောဟုဆိုတော်မူ၏ ။ထို–သော် လောကီ ကုသိုလ်,အကုသိုလ်, ကြိယာဇောတို့၏ စိတ်မည်ခြင်းအကြောင်းသကတ်ကိုသာ သိရ၍ ဝိပါက်၏ စိတ်မည် ခြင်းအကြောင်းသကတ်ကို မသိအပ်, မသိနိုင်ရာသည်မဟုတ်ပါလော–စသည်တက်။

အဓိပ္ပါယ်ကား။ ။ကံ ကိလေသာတို့သည် စီအပ်သောကြောင့် ဝိပါက်သည် စိတ်မည်၏ဟု ။ပ။ဟူလို။

http://www.dhammadownload.com



(င)သို့ ဋ္ဌပနာဘောဂါဒိပဥ္စက

ဆရာ-သည် (ဂ)(ဃ)တို့ဖြင့် အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ၊ ကမ္မကိလေသေဟိ စိတန္တိ စိတ္တံ-ဟု ဝစနတ္ထပြု၍ စိတ္တံ-အရ လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်နှင့် ဝိပါက်စိတ်တို့ကို ယူရမည်ဟု ပြဆိုတော်မူ၏။ ထို-သော် ယင်းကတ္တုသာဓ်, ကမ္မသာဓ်ဝစနတ္ထနှစ်ပါးတွင် အာဝဇ္ဇန်းဒွေး၊ဝီထိစဉ်၊ ဘုံစဉ်အားဖြင့် အန္တိမဇဝန-ဟုဆိုအပ်သော အဆုံးဇော လောကုတ္တရာဇောတို့သည် မပါဝင်နိုင်ရာသည်မဟုတ်ပါလော။ ထို့ကြောင့်-။ပ။ အလုံးစုံသောစိတ်ကို သိမ်းကျုံးသောအားဖြင့် ဖြစ်သင့်သော (ဝါ) စိတ်အားလုံးကို အရကောက် ယူနိုင်သော စိတ္တံပုဒ်၏ ဝစနတ္ထတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏ ။ပ။ စုဒ်ကြောင့်(င)မိန့်။

(ဤကား ပြည်သျှနင့် ကျော်အောင်စံထားဂဏ္ဍိတို့ကျမ်းတက်ကိုမှီး၍တက်သည်။)

အဓိပ္ပါယ်ကား။ ။စိတ်အားလုံးကို အရကောက်သော စိတ္တံပုဒ်ကို စိတ္တေတိ ဝိစိတ္တေတီတိ စိတ္တံ-ဟု ဝစနတ္ထပြုရမည်ဟူလို။

- ◆ ယံ ပန တထာ န ဟောတိ၊ တံ ပရိတ္တကိရိယဒွယံ အန္တိမဇဝနလဒ္ဓမာနစိန္တနဝိစိတ္တတာဒိဝသေန "စိတ္တ"န္တိ ဝေဒိတဗ္ဗံ။ (မူလဋီ။၆၅)

(၃)

(ဂ) ယသ္မာ ဝါ-၌ ဝါ-သဒ္ဒါထားရခြင်း

(၁) အာရမ္မဏံ စိန္တေတီတိ စိတ္တံ-ဟူသော ဝစနတ္ထမှတစ်ပါး အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ၊ ကမ္မကိလေသေဟိ စိတန္တိတိ စိတ္တံ-ဟူသော ဝစနတ္ထတို့ကိုငှ်း,

(၂) စိန္တဓာတ်၊ (ဝါ) စိတိဓာတ်, တ-ပစ္စည်းဖြင့် ပြီးသည်မှတပါး စိဓာတ်,တ-ပစ္စည်းဖြင့် ပြီးသည်၏အဖြစ်ကိုငှ်း,

(၃) စိတ္တ-အရ စိတ်တစ်ခုယုတ်ကိုးဆယ်-ဟူသော သာမညအဘိဓေယျတ္ထမှတပါး လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်နှင့် ဝိပါက်စိတ်ဟူသော ဝိသေသအဘိဓေယျတ္ထတို့ကိုငှ်း,

(၄) အာရုံကိုသိတတ်သောကြောင့် စိတ်မည်၏ဟူသော အကြောင်းသကတ်မှတပါး ဇောဝီထိ၏ အစွမ်းဖြင့် မိမိစိတ်အစဉ်ကို စီတတ်သောကြောင့် လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်သည် စိတ်မည်၏။ ကံ ကိလေသာတို့သည် စီအပ်သောကြောင့် ဝိပါက်စိတ်သည် စိတ်မည်၏ဟူသော အကြောင်းသကတ်တို့ကိုငှ်း လဲလိုသောကြောင့် ယသ္မာ ဝါ-၌ ဝါ-သဒ္ဒါထားသည်။

(င) အပိစ-ထားရခြင်း

၁။ ဇဝနဝီထိဝသေန အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ၊ ကမ္မကိလေသေဟိ စိတန္တိ စိတ္တံ-ဟူသော ဝစနတ္ထမှတပါး စိတ္တေတီတိ စိတ္တံ-ဟူသော ဝစနတ္ထကိုငှ်း,

၂။ စိ-ဓာတ်၊ တ-ပစ္စည်းဖြင့် ပြီးသည်မှတပါး စိတ္တ-ဓာတ်၊ အ-ပစ္စည်းဖြင့် ပြီးသည်၏ အဖြစ်ကိုငှ်း,

၃။ စိတ္တ-အရ လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်, ဝိပါက်စိတ်ဟူသော အဘိဓေယျတ္ထမှ တပါး အာဝဇ္ဇန်းဒွေး, အဆုံးဇော, လောကုတ္တရာဇောနှင့်တကွ အလုံးစုံသောစိတ်ဟူသော အဘိဓေယျတ္ထကိုငှ်း,

၄။ မိမိစိတ်အစဉ်ကို စီတတ်သောကြောင့်စိတ်မည်၏၊ ကံ, ကိလေသာတို့သည် စီအပ်သောကြောင့် စိတ်မည်၏-ဟူသော အကြောင်းသကတ်မှတပါး သမ္ပယုတ်, ဘုံ, အာရုံအားလျော်စွာ ဆန်းကြယ်သောကြောင့် စိတ်မည်၏ဟူသောအကြောင်းသကတ်ကိုငှ်း လဲလိုသောကြောင့် (င)၌ အပိစ-ထားသည်။

http://www.dhammadownload.com



(င) သဗ္ဗမ္ပိ–၌ ပိ–ထားရခြင်း

သဗ္ဗမ္ပိ–၌ ပိ–ကား အဝယဝသမ္ပိဏ္ဍန၊ အဝယဝသမုစ္စည်း၊ စိတ်အားလုံးသည်သာ ဆန်းကြယ်သည် မဟုတ်၊ တစ်ခု တစ်ခုသောစိတ်သည်လည်း သမ္ပယုတ်, ဘုံ, အာရုံအားဖြင့် ဆန်းကြယ်၏–ဟု အစိတ်အစိတ် ကို ပေါင်းဆည်းပြလိုသောကြောင့် ပိ–သဒ္ဒါထားသည်။

ဒေါသပယ်

(ခ) ဝါကျ ဝိတ္ထာရ၊ ဝိရောဓိ၊ ပုနရုတ္တိပယ်။

(တနည်း) ဤ၌ ဝိဓာနနစိန္တာကိုသာ လိုအပ်၏ ဟုပြသောကြောင့် အတိဗျာပိတဒေါသ–ပယ်။

(ဂ)(ဃ)(င)(စ)တို့ကား ရှေ့နောက် ထောက်ဆ ပက္ခ၊ ပက္ခန္တရတို့ချည်းသာတည်း။ အဗျာပိတ၊ အပရိပုဏ္ဏပယ်။ (ကျမ်းတက်နှင့် အာဘော်ကိုရှု၍ အကြောင်းပြဖြေပါ။)

(၄)

* ဝိယန္တိ ဂစ္ဆန္တိ သတ္တာ ဧတာယာတိ ဝီထိ။ (ဝီ+ထိ။ ပကတိလမ်းရ၏)
* ဝီထိ ဝိယာတိ ဝီထိ။

✔ ဝီထိပုဒ်+ ဏ–သည်၄င်း, ပကတိလမ်း၏+ဝီထိစိတ်အစဉ်နှင့် သဒိသ+သဒိသိစပ်–၄င်း ဗျု–နီ။

✔ ဝီထိစိတ်အစဉ်၏ ပကတိလမ်းနှင့် တူသည်၏အဖြစ်တည်းဟူသော သဒိသဘောဂုဏ်သည်

(ဝါ) လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်၏ တစ်ခုသည်–ဓာတ် ပ–နီ။

ဝစနတ္ထမှတ်ဘွယ်

(က) * အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။ (အာ+ရမု+ယု။ လာရောက်၍မွေ့လျော်ခြင်းကြိယာ။)

(တနည်း) စိတ္တစေတသိကေဟိ အာလမ္ဗိယတေတိ အာရမ္မဏံ။ (အာ+လမ္ဗ (ဝါ) လဗိ+ယု။ ဆွဲကိုင်ခြင်းကြိယာ)

* စိန္တေတီတိ စိတ္တံ။ (စိန္တ+(ဝါ) စိတိ+တ။ စိတ်အားလုံးရ၏)
* အရီယတိ ဉာယတီတိ အတ္ထော။ (အရ+ထ။ သိခြင်း၊ အနက်ရ၏)
* အတ္ထော+ဧတဿ+အတ္ထီတိ အတ္ထော။ (အတ္ထ+ အ။)

(အနက်၏+သဒ္ဒါနှင့် ဝစ္စ+ဝါစက အကျိုး+အကြောင်း၊ (ဝါ)အကြောင်း+အကျိုးစပ်။)

အမှာ။ ။ ဤကား အတ္ထော– စိန္တေတိ–ဟူသောပုဒ်၏ အနက်ရှိသောသဒ္ဒါတည်း–ဟု အနက်ပေးသော(ပြည်သျှ) အလို အစိတ်အပေါင်း ဝိဂ္ဂဟတည်း။

* သရတိ ပဝတ္တတီတိ သဗ္ဗံ။ (သရ+ဗ။ ဖြစ်ခြင်း။)

(တနည်း) သဗ္ဗတိ ဂစ္ဆတိ ပဝတ္တတီတိ သဗ္ဗံ။ (သဗ္ဗ+အ)

* စိန္တေတီတိ စိတ္တံ။ (စိတိ (ဝါ) စိန္တ+တ။ စိတ်အားလုံးရ၏။)
* အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ။ (စိ+တ။ လောကီကုသိုလ်,အကုသိုလ်,ကြိယာဇောရ၏)
* ကမ္မကိလေသေဟိ စိတန္တိ စိတ္တံ။ (စိ+တ။ ဝိပါက်စိတ်ရ၏။)
* စိတ္တေတီတိ စိတ္တံ။ (စိတ္တ+အ။ စိတ်အားလုံးရ၏။)
* သဗ္ဗဥ္စ တံ စိတ္တဥ္စာတိ သဗ္ဗစိတ္တံ။ (သကလဘောဂုဏ်၏+စိတ်နှင့် ဂုဏ်+ဂုဏီစပ်)
* ဓာရီယတေ ဓာရဏံ။ (ဓရ+ယု)
* သဟ+ဓာရဏေန+ယော+ဝတ္တတီတိ သာဓာရဏော။

(တနည်း)သမာနံ+ ဓာရဏံ ယဿာတိ သာဓာရဏော။

http://www.dhammadownload.com



(တနည်း)သမံ သမဘာဝံ ကတွာ ဓာရေတီတိ သာဓာရဏော။ (သံ+ဓရ+ယု၊)

* သဗ္ဗစိတ္တေန+ သာဓာရဏော သဗ္ဗစိတ္တသာဓာရဏော။

(အလုံးစုံသောစိတ်၏+ဆက်ဆံသော စိတ္တသဒ္ဒါနှင့် ဝစ္စ+ဝါစက, ဂုဏ်+ဂုဏီစပ်)

* ဓဝတီတိ ဓဝနံ။ (ဓု+ယု)။ ဓဝနမေဝ+ ဝီထိ ဓဝနဝီထိ။

* ဓဝနဿ ဝါ ဝီထိ ဓဝနဝီထိ။

* ဓဝနဝီထိယာ+ဝသော ဓဝနဝီထိဝသော။ (တေန)(ဇောဝီထိ၏+အစွမ်းနှင့် ဂုဏီ+ ဂုဏ်စပ်)

* လောကေ+နိယုတ္တံ, ပရိယာပန္နံ ဝါ လောကိယံ။

(လောက+ဣယ။ သင်္ခါရလောက၏+ လောကီကုသိုလ်၊ အကုသိုလ်၊ ကြိယာဇောစိတ်နှင့် အပေါင်း+အစိတ်စပ်)

* ဝိသိဋ္ဌာနံ+ ပါကံ ဝိပါကံ။

✔ အချင်းချင်းထူးကုန်သောကုသိုလ်၊ အကုသိုလ်တို့၏+ဝိပါက်နှင့် အကြောင်း+အကျိုးစပ် ဗျ-နိ။

✔ ဝိပါက်တို့၏တစ်ခုသည် တစ်ခုနှင့်-ဓာတ်သည် ပ-နိ။

## (၅)

စိန္တေတိ-ကား အလိင်, စုရာဒိ, ဣ-ကာရန္တ။ (ဝါ) အ-ကာရန္တ။

ဝိဇာနာတိ-ကား အလိင်, ကီယာဒိ, အ-ကာရန္တ။ (ဝိ+ဉာ+နာ+တိ)

(ဂ) ယသ္မာ, တသ္မာ တို့ကား-သဗ္ဗနာမ်, နပုံ, စိတ္တာဒိ, အ-ကာရန္တ။

(တနည်း)ကာရဏဇောတ္တေဒနတ္ထနိပါတ်, အလိင်, ဂဏာဝိမုတ်, အာ-ကာရန္တ။

◆ ယသ္မာ တသ္မာ တထာဟိ တေန ဣစ္စေတေ ကာရဏဇောတ္တေဒနတ္တေ။ (ရူ။၁၃၅။)

အတ္တနော- ကား ကိတ်နာမ်၊ ပုံလိင်၊ ရာဇာဒိ၊ အ-ကာရန္တ။

စိနောတိ-ကား အလိင်, သွာဒိ, ဣ-ကာရန္တ။ (စိ+ဏာ+တိ)

ဝိထိ-ကား ဣတ္ထိလိင်, ရတ္တာဒိ, ဣ-ကာရန္တ။

## (၆)

(က) စိန္တေတိ-ဖြင့် စိတ္တံ-၌ စိတိ (ဝါ)စိန္တ-ဓာတ်-၄င်း, တ-ပစ္စည်း ကတ္တုသာဓန အနက်၌ သက်-၄င်း, စိန္တေတီတိ စိတ္တံ-ဟု ပြု-၄င်း သိစေသည်။

အာရမ္မဏံ-ဖြင့် စိန္တေတိ-၌ သိ-ဟူသည် အာရုံကိုသိခြင်းပင်တည်း-သိစေသည်။

(ခ) ဝိဇာနာတိ-ဖြင့် စိန္တေတိ-၌ စိန္တာ-အရ ဉီဟနစိန္တာ, ပဇာနနစိန္တာတို့ကိုမယူရ၊ ဝိဇာနနစိန္တာကိုသာ ယူရမည်ဟု သိစေသည်။

(တနည်း)ဝိဇာနာတိ-ဖြင့် အာရုံကို သိ၏ဟူသည် သညာ,ပညာတို့၏ ကိစ္စတို့မှထူးသောအားဖြင့် သိခြင်းပင် တည်းဟူသောအဓိပ္ပါယ်ကို သိစေသည်။

(တနည်း) ဝိဇာနာတိ-ဖြင့် စိန္တေတိ စိတိ-ဓာတ်၊ (ဝါ) စိန္တ-ဓာတ်၏ ဇာနန-အနက်ဟောသည် ကို၄င်း, စိတိ-ဓာတ်, (ဝါ) စိန္တ-ဓာတ်၏ စုရာဒိဂဏိကဓာတ်၏အဖြစ်ကို၄င်း သိစေသည်။

◆ စိတော စ ဝေါဟာ-ရူဿာဟော၊ စိတိ, စိန္တော စ ဇာနနေ။ (ဓာတွတ္ထသင်္ဂဟ။၁၁၉။)

(ဂ) စိနောတိ-ဖြင့် စိတ္တံ-၌ စိ-ဓာတ်-၄င်း, တ-ပစ္စည်း ကတ္တုသာဓနအနက်၌သက်-၄င်း စိနောတီတိ စိတ္တံ-ဟု ပြု-၄င်း သိစေသည်။

http://www.dhammadownload.com



ဓဝနဝီထိဝသေန အတ္တနော သန္တာနံ-ဖြင့် စိနောတိ-၌ စီ၏ဟူသည် ဇောဝီထိ၏အစွမ်းဖြင့် မိမိ၏ သန္တာန်အစဉ်ကို စီ၏ ဟူသောအဓိပ္ပါယ်ကို သိစေသည်။

ယံ ဧတ္ထ လောကိယကုသလာကုသလကိရိယစိတ္တံ၊ တံ-ဖြင့် စိနောတီတိ စိတ္တံ-ဟု ကတ္တုသာဓ် ဝစနတ္ထပြုခိုက် စိတ္တံ-အရ စိတ်အားလုံးကိုမယူရ၊ လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်ကို ယူ-သိစေသည်။

(ဝါ)ဖြင့် ဝိကပ္ပနတ္ထ, နယန္တရဇောတကအဖြစ်ကို သိစေသည်။

(ဃ)ကမ္မကိလေသေဟိ စိတံ-ဖြင့် စိတ္တံ-၌ စိ-ဓာတ်-၄င်း, တ-ပစ္စည်း၏ ကမ္မသာဓနေ အနက်၌ သက်-၄င်း, စိတန္တိ စိတ္တံ (စိယတေတိ စိတ္တံ)ဟု-ပြု-၄င်း, စီအပ်၏ဟူသည် တပါးသော တရားတို့က စီအပ်သည်ကားမဟုတ်, ကံကိလေသာတို့က စီအပ်၏-ဟူသော အဓိပ္ပါယ်ကို၄င်း သိစေ သည်။

ဝိပါကံ-ဖြင့် စိတန္တိ စိတ္တံ (စိယတေတိ စိတ္တံ)ဟု ကမ္မသာဓ်ဝစနတ္ထပြုခိုက် စိတ္တံ-အရ ဝိပါက်စိတ်ကို ယူရမည်ဟု သိစေသည်။

(င) စိတ္တတာယ-ဖြင့် စိတ္တံ-၌ စိတ္တ-ဓာတ်-၄င်း, အ-ပစ္စည်း၏ ကတ္တုသာဓနေအနက်၌သက်-၄င်း, စိတ္တေတိ ဝိစိတ္တေတီတိ စိတ္တံ-ဟု ပြု-၄င်း သိစေသည်။

(တနည်း) စိတ္တတာယ-ဖြင့် စိတ္တ-သဒ္ဒါသည် ဝိစိတ္တဝါစီ ရုဠှီအနိပ္ဖန္နပါဋိပဒိကပုဒ်တည်းဟု သိစေသည်။

ယထာနုရူပတော-ဖြင့် စိတ္တတာယ-၌ ဆန်းကြယ်၏ဟူသည် ပုံသဏ္ဌာန်အားဖြင့် ဆန်းကြယ် သည်မဟုတ်၊ မိမိ မိမိအားလျော်သော သမ္ပယုတ်, ဘုံ, အာရုံ စသောအားဖြင့် ဆန်းကြယ်၏ဟု သိစေသည်။

သဗ္ဗမ္ပိ-ဖြင့် စိတ္တေတိ ဝိစိတ္တေတီတိ စိတ္တံ-ဟု ဝစနတ္ထပြုခိုက် စိတ္တံ-အရ စိတ်အားလုံးကိုယူ-သိစေ။

(စ) စိတ္တကရဏတာယ-ဖြင့် စိတ္တံ-၌ စိတ္တ-သဒ္ဒူပပဒ-ကရ-ဓာတ်အဖြစ်ကို၄င်း, ယု-ပစ္စည်း၏ ကတ္တုသာဓနေအနက်၌သက်-၄င်း, စိတ္တံ ကရောတီတိ စိတ္တံ-ဟု ကတ္တုသာဓနေကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု-၄င်း, စိတ္တကရဏ-ဟု ဆိုလိုလျက် ကရဏ-ဟူသောနောက်ပုဒ်ကိုချေ၍ စိတ္တံ-ဟုပြီးနေသည်ကို၄င်း သိစေသည်။

(တနည်း) စိတ္တကရဏတာယ-ဖြင့် စိတ္တံ-ပုဒ်ကို စိတ္တံ+ကရဏံ စိတ္တံ-ဟု ကရဏဟူသော နောက်ပုဒ်ကျေသော ဥတ္တရပဒလောပ ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။

(တနည်း) စိတ္တကရဏတာယ-ဖြင့် စိတ္တံ-၌ စိတ္တ-ဓာတ်၏အဖြစ်ကို၄င်း, ယင်းစိတ္တ-ဓာတ်သည် ဤနေရာ၌ ဒဿန, လေခ, အဗ္ဘုတ အနက်တို့ကိုမဟော၊ စိတ္တီကရဏ အနက်ဟော သည်ကို၄င်း, စိတ္တေတီတိ စိတ္တံ-ဟုပြု-၄င်း သိစေသည်။

♦ စိတ္တော စ စိတ္တီကရဏ ဒဿနေ, လေခါဗ္ဘုတေစ။ (ဓာတွတ္ထ။၁၁၉။)

ဍ္ကတိ ဓမ္မေတ္ထ အတ္တော ဝေဒိတဗ္ဗော-ဖြင့် ဤ စိတ္တံ-ဟူသောပုဒ်၌ အာရမ္မဏံ စိန္တေတီတိ စိတ္တံ၊ ဝိဇာနာတီတိ အတ္တော-ဟူသော ဝစနတ္ထအနက်ကိုသာ သိမှတ်အပ်သည်မဟုတ်။ (စိတ္တံ-ဟူသော ဤသဒ္ဒါသည် အလုံးစုံသောစိတ်တို့နှင့် ဆက်ဆံသောသဒ္ဒါဖြစ်သောကြောင့်) ထိုထိုစိတ်အားလျော်စွာ ဆိုအပ်ခဲ့ပြီးသော ဝစနတ္ထတို့ကိုလည်း သိမှတ်အပ်, သိမှတ်ထိုက်၏ဟု သိစေသည်။

(၇)

(ခ) ဝိဇာနာတီ-၌ ဝိ-ကား ဝိသေသတ္ထ။

(ဂ) ယသ္မာ တသ္မာ-တို့ကား ကာရဏတ္ထေနတ္ထ။

အကုသလ-၌ အ-ကား ဝိရုဒ္ဓတ္ထ။

http://www.dhammadownload.com



"ဝိသယ"

(ဂ) သေ သဒ္ဒေါ-၌ ဧတ-ကား ပဌမ။ (သဒ္ဒေါဟုအစွဲတိုက်ရိုက်ပါရှိ။)
ယဒေတ္ထ-၌ ယ-ကား ပဌမ။(လောကိယကုသလာကုသလကိရိယစိတ္တံ-ဟု အစွဲတိုက်ရိုက်ပါရှိ)
ဧတ္ထ-၌ ဧတ-ကား ပက္ကန္တ။ (ဆိုခဲ့ပြီး သဗ္ဗစိတ္တ-ကိုစွဲ)
တံ-ကား ပက္ကန္တ။ (ဆိုခဲ့ပြီး လောကီကုသိုလ်၊ အကုသိုလ်၊ ကြိယာစိတ်ကိုစွဲ။)
(တနည်း) နိယမဝိသယ။ (ယ-သဒ္ဒါစွဲပြီးအနက်ကိုပြန်စွဲ)

(၈)

ဇဝနဝီထိဝသေန-၌ ဇဝနဝီထိ-အရ ကုသိုလ်ဇောစိတ်ကိုယူ၍
✔ ထိုသည် ဒဿနတ္ထ။
✔ ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်းသည် ဒီပကတ္ထ။
✔ တဒါရုံသည် ပကာသနတ္ထ။
✔ ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ-စသော ရှေးရှေးသောစိတ်သည် ဝိဘာဝတ္ထ။
✔ ဘဝင်, စုတိ-စသော နောက်နောက်သောစိတ်သည် အနုဘာဝတ္ထ။

အမှာ။ ။ ကမ္မကိလေသေဟိ-၌ ကမ္မ-အရ ကုသိုလ်ကံ, အကုသိုလ်စေတနာ-ဟူသော သင်္ခါရကိုယူ၍ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့်ထုတ်။
ကိလေသေဟိ-အရ ကိလေသာ ၁၀-ပါးကိုယူ၍ အကုသိုလ်နှင့် အတူထုတ်လေ။

(၉)

ကမ္မကိလေသေဟိ-၌ ကမ္မ-အရ စေတနာကိုယူ၍ လက္ခဏာဒိစတုက္ကထုတ်လေ။

(၁၀)

(က) အာရမ္မဏံ+စိန္တေတိ-၌-
အာရမ္မဏံ-အရ အာရုံ ၆-ပါးသည်-
စိန္တေတိ-အရ စိတ်-၈၉-အား အာရမ္မဏ-ပြု။
ပြိုင်--ယထာရဟ (၈)ပစ္စည်း။

(ဃ) ကမ္မကိလေသေဟိ+စိတံ-၌
ကမ္မ-အရ ကုသိုလ် အကုသိုလ်ကံစေတနာသည်-
စိတံ-အရ ဝိပါက်နာမက္ခန္ဓာစိတ္တုပ္ပါဒ်အား နာနက္ခဏိကကမ္မ-ပြု။
ပြိုင်-နာနက္ခဏိကကမ္မ, ပကတူပ (၂)ပစ္စည်း။

(တနည်း) အစိတ်စိတ်ခွဲပြိုင်ပုံ

✔ ကမ္မ-အရ ဒုဗ္ဗလဖြစ်သော ကာမကုသိုလ် အကုသိုလ်စေတနာသည်-
စိတံ-အရ ကာမဝိပါက် တေဝီသနာမက္ခန္ဓာအား နာနက္ခဏိကကမ္မ-ပြု။ ပြိုင်-မရှိ။
✔ ကမ္မ-အရ ဗလဝဖြစ်သော လောကီကုသိုလ် အကုသိုလ်စေတနာသည်-
စိတံ-အရ လောကီဝိပါက် နာမက္ခန္ဓာအား နာနက္ခဏိကကမ္မ-ပြု။
ပြိုင်-နာနက္ခဏိကကမ္မ, ပကတူပ။ (၂)ပစ္စည်း။

http://www.dhammadownload.com



✔ ကမ္မ-အရ မဂ် ၄-ခု စေတနာသည်-
စိတ်-အရ မဂ္ဂါနန္တရဖိုလ်စိတ္တုပ္ပါဒ်အား အနန္တရ-ပြု။
ပြိုင်- အနန္တရ, ဥပနိဿယ, ကမ္မ, နတ္ထိ, ဝိဂတ။(၆)
✔ ကမ္မ-အရ မဂ် ၄-ခု စေတနာသည်-
စိတ်-အရ (ဒုတိယဖိုလ်စသော)နောက်နောက်သောဖိုလ်စိတ္တုပ္ပါဒ်အား နာနက္ခဏိကကမ္မ-ပြု။
ပြိုင်- နာနက္ခဏိကကမ္မ, ပကတူပ။ (၂)
✔ ကိလေသ-အရ ကိလေသာ ၁၀-ပါးသည်-
စိတ်-အရ ဝိပါက်စိတ္တုပ္ပါဒ်အား ပကတူပ-ပြု။ ပြိုင်-မရှိ။

=================

## ဝါကျဥယျာဉ် (၈၄)

(က) အပိစ သဗ္ဗမ္ပိ ယထာနုရူပတော စိတ္တံ၊ စိတ္တကရဏတာယ စိတ္တန္တိ ဝေဒိတဗ္ဗံ။ အစ္ဆေရံ ဝေဒိတဗ္ဗော။

(ခ) တတ္ထ ယသ္မာ အညဒေဝ သရာဂံ စိတ္တံ(လ)အညံ ဝိမံသာဓိပတေယျံ၊ တသ္မာ အဿ လက္ခဏေ သမ္ပယုတ္တဘူမိအာရမ္မဏဟီနမဇ္ဈိမပဏီတာဓိပတီနံ ဝသေန စိတ္တတာ ဝေဒိတဗ္ဗာ။

(ဂ) ကာမဉ္စေတ္ထ ဧကမေဝ ဧဝံ စိတ္တံ န ဟောတိ၊ စိတ္တာနံ ပန အဗ္ဘောဂဝတ္တော ဧတေသု ယံကိဉ္စိ ဧကမ္ပိ စိတ္တတာယ "စိတ္တ"န္တိ ဝတ္တုံ ဝဋ္ဋတိ။

(ဃ) ဧဝံ တာဝ စိတ္တတာယ စိတ္တံ။

(င) ကထံ စိတ္တကရဏတာယာတိ? လောကသ္မိဉ္ဟိ စိတ္တကမ္မတော ဥတ္တရိ အညံ စိတ္တံ နာမ နတ္ထိ၊ တသ္မိမ္ပိ စရဏံ နာမ စိတ္တံ အတိစိတ္တမေဝ ဟောတိ။

ဋ္ဌ။၁၀၆။ မူလဋီ။၆၅။ ယောဇနာ။၈၃။ ပြည်သျှ။၄၁၄။ ဘာသာဋီ။၃။၅၈။ ကျော်စံဂဏ္ဌိ။၂၄၅။ မင်းခင်းဂဏ္ဌိ။၃၆၃။

========================

(၁)

(ဃ)ဧဝံ-ယထာဝုတ္တနယေန-ဤသို့ ယသ္မာ အညဒေဝ-စသည်ဖြင့် ယခင်ဆိုအပ်ပြီးသောနည်း ဖြင့်။ တာဝ-စိတ္တကရဏတာယမှ (၏) ရှေးဦးစွာ။ (နိဒ္ဒိဋ္ဌာယ-သော)စိတ္တတာယ-သမ္ပယုတ်,ဘုံ,အာရုံ စသည်အားဖြင့် ဆန်းကြယ်သည်၏အဖြစ်ကြောင့်။ စိတ္တံ-မည်၏။

(၂)

(ခ) စသောဝါကျတို့ကား (က)ကိုချဲ့ပြ-ဝိတ္ထာရ။ ထိုတွင်--
(ခ)(ဂ)(ဃ)တို့ဖြင့် စိတ္တတာယ စိတ္တံ-ကိုချဲ့ပြသည်။
(င)ဖြင့် စိတ္တကရဏတာယ စိတ္တံ-ကိုချဲ့ပြသည်။
(ခ) ဝါကျ၌လည်း-
(၁) အညဒေဝ သရာဂံ စိတ္တံ။ပ။ သမောဟံ-ဖြင့် သမ္ပယုတ်အားဖြင့် ဆန်းကြယ်ပုံကိုပြသည်။
(၂) အညံ ကာမာဝစရံ-စသည်ကား ဘုံအားဖြင့် ဆန်းကြယ်ပုံကိုပြသည်။
(၃) အညံ ရူပါရမ္မဏံ-စသည်ကား အာရုံအားဖြင့် ဆန်းကြယ်ပုံကိုပြသည်။

http://www.dhammadownload.com



(၄) အည် ဟီနံ-စသည်ကား ဟီနစသည်ဖြင့် ဆန်းကြယ်ပုံကိုပြသည်။

(၅) အည် ဆန္ဒာဓိပတေယျံ-စသည်ကား အဓိပတိတို့ဖြင့် ဆန်းကြယ်ပုံကိုပြသည်။

**ဤသို့ ဝါကျကို အသီးသီးဝေဘန်၍ ရှေ့နောက်ထောက်ဆ အချင်းချင်း ပက္ခ+ပက္ခန္တရဖြစ်ပုံကိုသိလေ။**

## (ခ)သို့ ဥပနာဘောဂါဒိပဋ္ဌက

ဆရာ-သည်(က)ဝါကျ သဗ္ဗမ္ပိ ယထာနုရူပတော စိတ္တတာယ စိတ္တံ-ဖြင့် အလုံးစုံသောစိတ်သည် မိမိ မိမိအားလျော်သော သမ္ပယုတ်-ဘုံ-အာရုံစသောအားဖြင့် ဆန်းကြယ်သည်၏အဖြစ်ကြောင့် စိတ်မည်သောဟု ဆို၏။ ထို-သော် သမ္ပယုတ်, ဘုံ, အာရုံ-စသောအားဖြင့် စိတ်၏ဆန်းကြယ်ပုံကို အကျယ် အားဖြင့် မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော-စသည်တက်။

## (ဂ)သို့ ဥပနာဘောဂါဒိ

ဆရာ-သည် အပိစ သဗ္ဗမ္ပိ ယထာနုရူပတော စိတ္တတာယ စိတ္တံ-ဖြင့် အလုံးစုံသောစိတ်သည် သမ္ပယုတ်-ဘုံ-အာရုံစသောအားဖြင့် ဆန်းကြယ်သောကြောင့် စိတ်မည်၏ဟုဆိုတော်မူ၏။ထို-သော်လည်း တစ်ခုတည်းသောစိတ်သည် သမ္ပယုတ်-ဘုံ-အာရုံစသည်တို့၏ အစွမ်းအားဖြင့် မဆန်းကြယ်သည်မဟုတ်ပါလော။ (ပြည်သျှ။၄၁၅။) ထိုသို့-မဆန်းကြယ်လေသောကြောင့် စိတ္တတာယ စိတ္တံဟူ၍သာ မဆိုသင့်။ စိတ္တတာယ စိတ္တံ-ဟု ဆိုနိုင်ခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် တစ်ခုတည်းသောစိတ်ကိုလည်း စိတ္တတာယ စိတ္တံ-ဟူ၍ ဆိုခြင်းငှါသင့်သနည်း။ စုဒ်ကြောင့် ကာမဝ္စရတ္တ-စသော(ဂ)မိန့်။ (ပြည်သျှ။၄၁၅)

အဓိပ္ပါယ်ကား။ ။တစ်ခုတည်းသောစိတ်သည် မဆန်းကြယ်သော်လည်း ဆန်းကြယ်သောစိတ် တို့၏ အကျုံးဝင်သည်၏အဖြစ်ကြောင့် စိတ်တို့တွင်အမှတ်မရှိတစ်ခုသောစိတ်ကိုလည်း ဆန်းကြယ် သည်၏အဖြစ်ကြောင့် စိတ်-ဟူ၍ဆိုခြင်းငှါ သင့်မြတ်ပါ၏-ဟူလိုသော်။

## (ဃ)သို့ အနုသန္ဓေ

ဤသို့(ခ)(ဂ)ဝါကျတို့ဖြင့် သမ္ပယုတ်-ဘုံ-အာရုံစသောအားဖြင့် စိတ်၏ဆန်းကြယ်ပုံကို အကျယ်ပြဆိုပြီး၍၊ ယခုအခါ၌ ယင်းဆိုခဲ့ပြီးသော စကားရပ်တို့ကိုပင် အကျဉ်းချုံး၍နိဂုံးအပ်ပြလိုသော ဆရာသည်(ဃ)မိန့်။

## (င)သို့ အနုသန္ဓေ

ဤသို့(ခ)(ဂ)(ဃ)တို့ဖြင့် စိတ္တတာယ စိတ္တံ-၏ အကျယ်ကိုပြဆိုပြီး၍၊ ယခုအခါ၌ စိတ္တကရဏ-တာယ စိတ္တံ-၏ အကျယ်ကိုပြလိုရကား ကထံ စိတ္တကရဏတာယ-စသည်မိန့်။ (ပြည်သျှ။၄၁၆။)

## ( ၃ )

(ခ) ဝိတ္ထာရ။ ဝိရောဓိ, ပုနရုတ္တိပယ်။

(ဂ) ဝါကျာရမ္ဘ။ အဗျာပိတ, အပရိပုဏ္ဏပယ်။ ယင်း(ဂ)၌-
ကာမဝ္စရတ္တ ဧကမေဝ ဧဝံ စိတ္တံ နဟောတိ-ကား စောဒကာဘောဂ၊
စိတ္တာနံပန-စသည်ကား-ပရိဟာရာဘောဂ, ပရိဟာရ-ဟုခွဲ။

(ဃ) နိဂမန။ ပုနရုတ္တိ, ဝိရောဓိ-ပယ်။

(င) ပက္ခန္တရ။ အဗျာပိတ, အပရိပုဏ္ဏ-ပယ်။ ယင်း(င)ဝါကျ၌
ကထံ စိတ္တကရဏတာယာတိ-ကား ပုစ္ဆာ,စောဒနာဝါကျ။
လောကသ္မိံဟိ-စသည်ကား ပရိဟာရ, ဝိသဇ္ဇနာဝါကျ။

http://www.dhammadownload.com



(ဂ) ကာမံ–သဒ္ဒါထားရခြင်း

တစ်ခုတည်းသောစိတ်သည် သမ္ပယုတ်, ဘုံ, အာရုံ–စသည်တို့၏ အစွမ်းအားဖြင့် မဆန်းကြယ်ပါဘဲ လျက် ယထာနုရူပတော စိတ္တတာယ စိတ္တံ–ဟုဖွင့်ဆိုသော သံဝဏ္ဏနာစကားကို မနှစ်သက်၍ ကာမံ–ထားသည်။

(၄)

* စိတ္တေတိ ဝိစိတ္တေတီတိ စိတ္တံ။ (စိတ္တ+အ။ ဆန်းကြယ်ခြင်း)
* ကရောတီတိ ကရဏံ။ စိတ္တဿ+ကရဏံ စိတ္တကရဏံ။
(ဆန်းကြယ်သောပန်းချီအမှု၏+ပြုတတ်သောစိတ်နှင့် အကျိုး+အကြောင်းစပ်။)
* စိတ္တကရဏဿ+ဘာဝေါ စိတ္တကရဏတာ။ (တာယ)

✔ ဆန်းကြယ်အောင်ပြုတတ်သောစိတ်၏+ ဆန်းကြယ်အောင်ပြုခြင်းကြိယာနှင့် ဂုဏေး+ဂုဏ်စပ် ဗျု–နိ။

✔ ဆန်းကြယ်အောင်ပြုခြင်းကြိယာသည်–
(ဝါ)ဆန်းကြယ်အောင်ပြုတတ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဘွယ်"

(ဂ) အန္တော+အဝဂါဓေတီတိ အန္တောဂဓံ။
* တဿ+ဘာဝေါ အန္တောဂဓတ္တံ။ (တသ္မာ)
(အတွင်းဝင်နေသော တစ်ခုသောစိတ်၏+ အတွင်းဝင်ခြင်းကြိယာနှင့်(ဝါ)အတွင်းဝင်သည်၏ အဖြစ်နှင့် ဂုဏေး+ဂုဏ် စပ်။)

(င) စရိတဗ္ဗန္တိ စရဏံ။ (စရ+ယု)

(၅)

ယထာနုရူပတော–ကား နိပါတ်, အလိင်, ဂဏဝိမုတ်, ဩ–ကာရန္တ။
ကာမံ–ကား နိပါတ်, အလိင်, ဂဏဝိမုတ်, နိဂ္ဂဟီတန္တ။
အန္တော–ကား နိပါတ်, အလိင်, ဂဏဝိမုတ်, ဩ–ကာရန္တ။

( ၆ )

(က)ဝါကျ အာဘော်သံဝဏ္ဏနာ ဝါကျဥယျာဉ် (၈၃)၌ ရေးခဲ့ပြီ။
(င)ဝါကျ ကထံ စိတ္တကရဏတာယာတိ–ဖြင့် စောဒနာ–ပုစ္ဆာအဖြစ်ကိုသိစေသည်။
လောကသ္မိံဟိ–စသည်ဖြင့် လောက–၌ ပန်းချီအမှုထက်ဆန်းကြယ်သော ဆန်းကြယ်မှုမည်သည် မရှိ–ဟူသော အဓိပ္ပါယ်ကို သိစေသည်။
တသ္မိံမ္ပိ စရဏံ နာမ–စသည်ဖြင့် ထိုပန်းချီအမှုတို့တွင်လည်း သွားလေရာရာဆောင်ယူအပ်သော လက်စွမ်းပြ ပန်းချီကားသည် အလွန်ဆန်းကြယ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(၇)

(ဂ) ကေမေဝ ဇဝံ စိတ္တံ–၌ ဂဟေတဗ္ဗတ္တစသည်

✔ တစ်ခုသောစိတ်သည် ဂဟေတဗ္ဗတ္တ။
✔ များစွာသောစိတ်သည် နိဝတ္တေတဗ္ဗတ္တ။
✔ စိတ်၏ဆန်းကြယ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္တ။

http://www.dhammadownload.com



အတိစိတ္တမေဝ-၌ ဓေဝ-၏ ဂဟေတဗ္ဗတ္တစသည်-

✔ တခြားပန်းချီကားတို့ထက် အလွန်ဆန်းကြယ်၏ဟူသောအနက်သည် ဂဟေတဗ္ဗတ္တ။

✔ တခြားပန်းချီကားတို့ထက် မဆန်းကြယ်-ဟူသောအနက်သည် နိဝတ္တေတဗ္ဗတ္တ။

✔ တခြားပန်းချီကားတို့ထက် အလွန်ဆန်းကြယ်သော စရဏမည်သော လက်စွမ်းပြပန်းချီကား ဖြစ်သည် အနုညာတတ္တ။

(ဂ) ကာမဠ္ဌေတ္တ-၌ ကာမံ-ကား ဂရဟတ္တ, အရုစိသံသူစနတ္တ။
စ-ကား ဝါကျာရမ္ဘဇောတက
ကေမေဝ-၌ ဧဝ-ကား အဝဓာရဏတ္တ။

(ဃ) ဓေံ-ကား နိဂမနတ္တ။ (တနည်း) နိဒဿနတ္တ။

(င) ဟိ-ကား ဝိတ္ထာရဇောတက။
တသ္မိမ္ပိ-၌ ပိ-ကား အပေက္ခတ္တ။
အတိစိတ္တမေဝ-၌ ဧဝ-ကား အဝဓာရဏတ္တ။

(၈)

(ခ) အညံ-ရူပါရမ္မဏံ-အရ-

✔ ရူပါရုံ၏ စက္ခုပသာဒ၌ထင်ခြင်းလက္ခဏာသည် ဒဿနတ္တ။

✔ စတုမဟာဘူတပဒဋ္ဌာန်သည် ဒီပကတ္တ။

✔ စက္ခုဝိညာဏဿ ဝိသယဘာဝ သမ္ပတ္တိရသသည် ပကာသနတ္တ။

✔ စက္ခုဝိညာဏဿ ဝိသယဘာဝ ကိစ္စရသသည် ဝိဘာဝတ္တ။

✔ တဿေဝ (စက္ခုဝိညာဏဿေဝ) ဂေါစရပစ္စုပဋ္ဌာန်သည် အနုဘာဝတ္တ။

(၉)

(ခ) ဝိမံသာဓိပတိ-အရ ပညာကိုယူ၍ လက္ခဏာဒိစတုက္ကထုတ်။

(၁၀)

(ဂ) ကေမ္ပိ+စိတ္တန္တိ+ဝတ္တုံ ဝဋ္ဋတိ-၌-

✔ စိတ္တန္တိ-အရ စိတ္တ-ဟူသော နာမပညတ္တိသဒ္ဒါသည်-
ဝတ္တုံ-၌ ဝစ-ဓာတ်အရ သတိ၊ ဝီရိယ၊ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ-ပြု။
ဖြိုင်-မရှိ။

(တနည်း)ဝတ္တုံ-၌ ဝစ-ဓာတ်အရ ပစ္စည်းတရားသည်-
စိတ္တန္တိ-အရ စိတ္တ-ဟူသော ဝစီဘေဒသဒ္ဒအား သဟ-ပြု။
ဖြိုင်-သဟကြီး-၄, ဝိပ္ပ, သဟငယ်-၇။ ယထာရဟ (၁၂)

✔ ကေမ္ပိ-အရ တစ်ခုသော ဝိညာဏ်အာရုံ ပစ္စည်းတရားသည်-
ဝတ္တုံ-၌ ဝစ-ဓာတ်အရ-အား-အာရမ္မဏ-ပြု၊
ဖြိုင်-အာ, ဓိ, ဉ (၃)

==== :: ==================

http://www.dhammadownload.com



## ပါကျဥ်ယျာဥ် (၈၅)

(က) "ကမ္မတော လိင်္ဂတော စေဝ၊ လိင်္ဂသညာ ပဝတ္တရေ။
သညာတော ဘေဒံ ဂစ္ဆန္တိ၊ ဣတ္ထာယံ ပုရိသောတိ ဝါ။

(ခ) ကမ္မုနာ ဝတ္တတေ လောကော၊ ကမ္မုနာ ဝတ္တတေ ပဇာ။
ကမ္မနိဗန္ဓနာ သတ္တာ၊ ရထဿာဏီဝ ယာယတော။

(ဂ) ကမ္မေန ကိတ္တိံ လဘတေ ပသံသံ၊ ကမ္မေန ဇာနိဉ္စ ဝဓဉ္စ ဗန္ဓံ။
တံ ကမ္မနာနာကရဏံ ဝိဒိတွာ၊ ကသ္မာ ဝဒေ 'နတ္ထိ ကမ္မ'န္တိ လောကေ။

(ဃ) ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပဋိသရဏာ၊
ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယာ"တိ။

ဋ္ဌ။၁၀၈။ မူလဋီ။၆၆။ ယောဇနာ။၈၃။ ပြည်သျှ။၄၂၅။ ဘာသာဋီ၊၃။၇၀။ ကျော်-စံဂျာ။၂၄၇။ မင်းခင်းဂျာ။၃၆၈။

=======================

### (၁)

### "ပထမဂါထာ-အကြောင်းအကျိုး ယထက္ကမကျစေလျက်အနက်"

ကမ္မတော စ-မူလအကြောင်းဖြစ်သော ကံကြောင့်၄င်း။ လိင်္ဂတော စေဝ-အာသန္နအကြောင်း ဖြစ်သော လိင်ကြောင့်၄င်း။ လိင်္ဂသညာ-လိင်၌ဖြစ်သောသညာတို့သည်။ ပဝတ္တရေ-ကုန်၏။

(တနည်း) ကမ္မတော စ-ကံကြောင့်၄င်း။ လိင်္ဂတော စေဝ-လိင်ကြောင့်၄င်း။လိင်္ဂသညာ-လိင်သညာတို့သည်။ ပဝတ္တရေ-ကုန်၏။

မှတ်ချက်။ ။ ဝစနတ္ထ-ရှေးဝိကပ်၌ လိင်ေ့ ပဝတ္တာ သညာ လိင်္ဂ+သညာ-ဟုပြု။ နောက်ဝိကပ်၌ လိင်္ဂဉ္စ သညာစ လိင်္ဂသညာ-ဟု-ဒွန်ပြု။ ကံကြောင့်လိင်၊ လိင်ကြောင့် သညာဖြစ်သည်ဟု အစဉ်အတိုင်းမှတ်။

သညာတော-ဣတ္ထိပုရိသ စသောလိင်ကြောင့်ဖြစ်သောသညာကြောင့်။ တေ ဓမ္မာ-ထိုဣတ္ထိ ပုရိသဟူ၍ ခေါ်ဝေါ်အပ်သော ရုပ်-နာမ်တရားတို့သည်(ဂစ္ဆန္တိ-၏ ကတ္တား-ထည့်) အယံ-ဤသူသည်။ ဣတ္ထီ-တည်း။ ဣတိဝါ ၄င်း။ အယံ-သည်။ ပုရိသော-တည်း။ ဣတိဝါ-၄င်း။ ဘေဒံ-ခေါ်ဝေါ်ခြင်းအထူးသို့။ ဂစ္ဆန္တိ-ကုန်၏။ (ပြည်သျှ။ ၄၂၆)

အမှာ။ ။ ဘာသာဋီကာ-၌ လိင်္ဂသညာ-လိင်ကြောင့်ဖြစ်သော သညာတို့သည်။ (တနည်း) အသွင်သဏ္ဌာန်အမှတ်သညာတို့သည် "ဟု အနက်ပေး၍ လိင်္ဂတော+ပဝတ္တာ+လိင်္ဂသညာ-ဟု၄င်း၊ လိင်္ဂဉ္စ သညာ စ လိင်္ဂသညာ-ဟု၄င်း ဝစနတ္ထပြုသည်။ မူလဋီကာ၌လည်း-ဘာသာဋီကာဝိဂ္ဂဟအတိုင်းပင်ဖွင့်သည်။

(ဂ) တံ ကမ္မနာနာကရဏံ-ထိုကံကြောင့်ဖြစ်သော ကိတ္တိ, ပသံသစသောအထူးကို။ (ဝါ) ကံ၏အကျိုးဆက်ဖြစ်သော ကိတ္တိ,ပသံသအစရှိသည်တို့ဖြင့် ဆ၍သိအပ်သော ကံ၏အထူးကို။ (ပြည်သျှ)

◆ ကမ္မနာနာကရဏန္တိ ကမ္မတော နိဗ္ဗတ္တနာနာကရဏံ ကမ္မဓေဟိ အနုမိယမာနံ ကမ္မဿေဝနာနာကရဏံ။ (မူလဋီ။၆၆။)

### (၂)

### (ခ)သို့ အနုသန္ဓေ

ဤသို့ (က)ဂါထာ-ဖြင့် အတိတ်အခွန့်, ပစ္စုပ္ပန်အခွန့်-ဟုဆိုအပ်သော ကာလနှစ်ပါး၌ဖြစ်သော ပဋိစ္စသမုပ္ပါဒ်၏အစွမ်းဖြင့် အဘိသင်္ခါရ, ဝိညာဏ်-ဟုဆိုအပ်သော စိတ်သည်ပြုအပ်သော ဆန်းကြယ်သော တရားကို ပြဆိုပြီး၍၊ ဤယခုအခါ၌ အတိတ်အခွန့်, ပစ္စုပ္ပန်အခွန့်နှစ်ပါး၏အစွမ်းဖြင့် ဆန်းကြယ်သော တရား၏ ကမ္မဝိညာဏ်သည် ပြုအပ်သည်၏အဖြစ်ကို ပြလိုသောဆရာသည် (ခ)မိန့်။(ပြည်သျှ။ မင်းခင်းဂျာ။)

http://www.dhammadownload.com



◊ (ကမ္မတောတိ အာဒိ) ဣမာယ ဂါထာယ အတီတာဒိဘေဒဘိန္နဒ္ဓပဋိစ္စသမုပ္ပါဒဝသေန စိတ္တကတံ စိတ္တံ ဒဿိတံ။

◈ (ကမ္မုနာတိ အာဒိ) ဣမာယ စ ဂါထာယ အဒ္ဓဒွယဝသေန စိတ္တဿ ကမ္မဝိညာဏကတတာ ဒဿိတာ။ (မူလဋီ။၆၆။)

(တနည်း)ဤသို့(က)ဂါထာဖြင့် ကံကြောင့်လိင်၊ လိင်ကြောင့်သညာ၊ သညာကြောင့် ဝေါဟာရ–ဖြစ်ပုံကိုပြပြီး၍ ဤယခုအခါ၌ ကံကြောင့် ဂတိ–ဖြစ်ပုံကို ပြလိုသောအဋ္ဌကထာဆရာသည် (ခ)မိန့်။

(ဤကား အဋ္ဌကထာလာသည့်အတိုင်းကိုမှီးသည်။ ပဋ္ဌကတက်လွယ်ပြီး။ ပက္ခန္တရထုံးစံအတိုင်းပင်။)

## (ဂ)သို့

ဆရာ–သည်(ခ)ဂါထာဖြင့် ဆန်းကြယ်သောတရား၏ ကမ္မဝိညာဏ်သည် ပြုအပ်သည်၏ အဖြစ်ကို ပြဆိုတော်မူ၏။ထို–သော် ကမ္မဝိညာဏ်သည် ဆန်းကြယ်သောတရားကို ဤမျှသာ ပြုအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်–ကား ထိုအနက်သည် မရောက်သင့်။ပ။ အဘယ်တရားများကိုလည်းပြုပါသေး သနည်း၊ စုဒ်ကြောင့်(ဂ)မိန့်။

ကား။ ။(ဂ)ဖြင့် ကမ္မဝိညာဏ်သည် ကိတ္တိ, ပသံသ, ဇာနိ, ဝဓ, ဗန္ဓ–များကိုလည်း ပြုတတ် သေး၏ ဟူလို။

## (၃)

(ခ) ပက္ခန္တရ။ အဗျာပိတ, အပရိပုဏ္ဏ–ပယ်။

(ဂ) ပက္ခန္တရ။ အဗျာပိတ, အပရိပုဏ္ဏ–ပယ်။

## (၄)

* လိင်္ဂေတိ ဉာပေတီတိ လိင်္ဂံ။ (လိင်္ဂ+အ။ သိခြင်း) အသွင်သဏ္ဌာန်ရ၏။

* သမ္မာ ဉာယတိ ဇာနာတိ သညာ။ (သံ+ဉာ+အ။ ကောင်းစွာသိခြင်း) နာမသညာရ၏။

* လိင်္ဂေ+ပဝတ္တာ+သညာ လိင်္ဂသညာ။ (ပြည်သျှ)

* လိင်္ဂတော ပဝတ္တာ သညာ လိင်္ဂသညာ။ (ဘာသာဋီ၊ မူလဋီ)

✔ (ဣတ္ထိ ပုရိသ–စသောလိင် (အသွင်သဏ္ဌာန်)၏+ဖြစ်သောသညာနှင့် အကြောင်း+အကျိုးစပ် )

(တနည်း) လိင်္ဂဉ္စ သညာစ လိင်္ဂသညာ။ (လိင်၏+သညာနှင့် အချင်းချင်းငဲ့–သမ္မန်သည်)

### ဝစနတ္ထမှတ်ဘွယ်

* ကမ္မတော ပကာရေန ဇာယတီတိ ပဇာ။(ပ+ဇန+ကွိ)(ကံကြောင့်အမျိုးမျိုးအစားစား အပြားအားဖြင့်ဖြစ်ခြင်း)

* ကမ္မေန နိဗန္ဓနာ ကမ္မနိဗန္ဓနာ။

(တနည်း) ကမ္မံ နိဗန္ဓနံ ဧတေသန္တိ ကမ္မနိဗန္ဓနာ။

သတ္တာ–တို့ကို။ ကမ္မနိဗန္ဓနာ–ကံသည်ဖွဲ့အပ်ကုန်၏။ (ဝါ) ကံဟူသောအဖွဲ့ရှိကုန်၏–ဟုပေး။ (ပြည်သျှ၊ ဘာဋီ)

* ကမ္မတော နိဗ္ဗတ္တံ နာနာကရဏံ ကမ္မနာနာကရဏံ။

(ကံ၏+ ကိတ္တိ ပသံသ–စသောအထူးနှင့် အကြောင်းအကျိုးစပ်။)

(တနည်း) ကမ္မဿ နာနာကရဏံ ကမ္မနာနာကရဏံ။

* ပရမ္မုခါ ကိတ္တနံ ကိတ္တိ။ (ကိတ္တ+ဣ)

http://www.dhammadownload.com



* သမ္ဗုဒ္ဓါ ပသံသနံ ပသံသာ။ (ပ+သံသ+အ)

* ကရီယတေတိ ကမ္မံ။ (ကရ+ရမ္မ) သသာ+လ္ဂဒ် သက်။

* ကမ္မံ သက် တေသန္တိ ကမ္မသကာ။

* ဒါတဗ္ဗောတိ ဒါယော။ ဒါ+ဏ (အမွေဥစ္စာရ၏)

* ဒါယံ အာဒီယန္တီတိ ဒါယာဒါ။ (ဒါယ,အာ+ဒါ+အ။)

* ကမ္မသ+ဒါယာဒါ ကမ္မဒါယာဒါ။ (ကံ၏အမွေကိုခံတတ်ကုန်သော သတ္တဝါတို့)

(တနည်း) ကမ္မေန+ဒါယော ကမ္မဒါယော။

* ကမ္မဒါယံ+အာဒီယန္တီတိ ကမ္မဒါယာဒါ။ (မူလဋီကာ)

ကမ္မဒါယာဒါ-ကံ၏အမွေကိုခံတတ်ကုန်၏။

(ဝါ) ကံသည်ပေးအပ်သော အမွေဥစ္စာကို ခံယူတတ်ကုန်၏။ (ပြည်သျှ)

* ယဝတိ မိဿီကရောတိ တေနာတိ ယောနိ။ (ယု+ဏိ)

(ဤ၌ ယောနိ-ကား အကြောင်းဟောတည်း။ ပညာကိုဟောလျှင် ကတ္တုသာဓ်။ အင်္ဂါဇာတ်ကို ဟောလျှင် အဓိကရဏသာဓ်ပြု။)

* ကမ္မမေဝ+ယောနိ+တေသန္တိ ကမ္မယောနီ။ (သတ္တဝါတို့ရ၏)

* ဗန္ဓတီတိ ဗန္ဓု။ (ကံ-ရ၏)

* ကမ္မမေဝ+ဗန္ဓု တေသန္တိ ကမ္မဗန္ဓူ။ (သတ္တဝါတို့ရ၏)

* ပတိသရတီတိ ပဋိသရဏံ။

* ကမ္မမေဝ+ပဋိသရဏံ တေသန္တိ ကမ္မပဋိသရဏာ။ (သတ္တဝါတို့ရ၏)

## (၅)

ပဇာ-ကိတ်နာမ်, ဣတ္ထိလိင်, ကညာဒိ, အာ-ကာရန္တ။

အာဏိ(အာဏီ)-ကိတ်နာမ်, ဣတ္ထိလိင်, ရတ္တာဒိ, ဣ-ကာရန္တ။

◆ အဏ-သဒ္ဒေ၊ ဏိ။ အဏတိ သဒ္ဒံ ကရောတီတိ အာဏိ။ (သူစိ)

◆ အက္ခဂ္ဂကီလေ အာဏိ-တ္တိ။ (ဓာန်။၃၇၄။)

ဘာဋီအမှာ။ ႏ ဒိဝါဒိ-အဏ-ဓာတ်သည် စိဝနအနက်ကိုဟော၏။ ရထား၏ စက်ဘီးသည် မယ်နကြောင့် ကျွတ်မကျဘဲအသက်ရှည်ရ သကဲ့သို့ဖြစ်၏။ ထို့ကြောင့် "အဏျတေ အနေနာတိ အာဏိ"ဟုပြု။ ဣဏ်-ပစ္စည်း၊ ပုလ္လိင်ဟုလည်း၊ ဤ-ပစ္စည်းထပ်သက် လျှင် "အာဏီ"ဣတ္ထိလိင်ဟုလည်း ထောမနိဓိ-ဆိုသည်။

ဓာနိ-ကား ကိတ်နာမ်, ဣတ္ထိလိင်, ရတ္တာဒိ, ဣ-ကာရန္တ။

ဟာယတေ ဓာနိ-ဟုပြု။ (ဟာ-ဓာတ်+တိ-ပစ္စည်း။ ဟာ-ကို ဓာ-ပြု။ တိ-ကို နိ-ပြု။)

◆ ကွစိဓာတူတိ အာဒိနာ ဟာဒိတော တိဿ နိ ဟောတိ။ ဟာနိ ဓာနိ ဣစ္စာဒိ။ (ရူ။ ၃၇၁။) ဟာနိ ဓာနိ နှစ်ပါဌ်သင့်။ ဘာသာဋီကာ-၌ကား "ဓာ-ဓာတ်+တိ-ပစ္စည်း။ တိ-ကို နိပြု။"ဟုဆိုသည်။

## ( ၆ )

### (ခ)ဂါထာ ပုဗ္ဗဒ္ဓ-၌ အာဘော်-သံဝဏ္ဏနာ။

(ခ)"ကမ္မုနာ ဝတ္တတေ ပဇာ"ဝယ် ကမ္မုနာ-ဖြင့် "ကမ္မုနာ ဝတ္တတေ လောကော"-၌ ကမ္မုနာ-ဝယ် နာဝိဘတ်အဖြစ်ကိုငှင်း, ယင်း-နာ-ဝိဘတ်၏ ဟေတွတ္တ၌သက်-ငှင်း, ကမ္မုနာ-၌ ကရဓာတ် အဖြစ်ကိုငှင်း, ရမ္မ-ပစ္စည်း၏ ကမ္မသာဓနအနက်၌သက်-ငှင်း, ကရီယတေတိ ကမ္မံ-ဟု ပြု-ငှင်း သိစေသည်။

http://www.dhammadownload.com



ဝတ္တတေ-ဖြင့် ဝတ္တတေ-၌ ဝတု-ဓာတ် (ဝါ)ဝဋ္ဋ-ဓာတ်အဖြစ်ကိုင်း, တေ-ဝိဘတ်၏ ပစ္စုပ္ပန်ကတ္တားအနက်၌သက်-ငင်း သိစေသည်။

ပဇာ-ဖြင့် လောကော-သည် ပဇာ၏ ပရိယာယ် အဖြစ်ကိုင်း, (ဝါ) လောကော-အရ သတ္တလောကကိုယူ-ငင်း, လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော-ဟု ပြု၍ ဏ-ပစ္စည်း ကတ္တုသာဓနအနက်၌သက်-ငင်း, လောဇ-ဟုဆိုလိုလျက် ဇ-ကို က-ပြု၍ လောက-ဟု ပုဒ်ပြီးနေသည်ကိုင်း သိစေသည်။

◆ **လောကော စ ပဇာတတ္ထာ ပဇာတိ ပုရိမပါဒဿ ဝိဝရဏံ ပစ္ဆိမပါဒေါ ဒဋ္ဌဗ္ဗော။ ယထာ ရထဿ အာဏိ နိဗန္ဓနာ၊ ဧဝံ သတ္တလောကရထဿ ကမ္မံ နိဗန္ဓနန္တိ ဥပမာသံသန္ဒနံ ဝေဒိတဗ္ဗံ။ (မူလဋီ)**

(၇)

(က) ပုရိသောတိ ဝါ-၌ ဝါ-ကား ဝိကပ္ပနတ္ထ-တည်း။

(**"အတ္ထ-နှစ်ဘို့၊ တစ်ဘို့ကိုသာ၊ ယူထိုက်ရာ၊ သဒ္ဒါ ဝါဝိကပ်"**ဟူသည်နှင့်အညီ တစ်ဦး တစ်ယောက်တည်း ဣတ္ထိ, ပုရိသ-ဘယ်လိုမှမဖြစ်နိုင်၊ တစ်ခုဖြစ်ခိုက် တစ်ခုမဖြစ်နိုင်သောကြောင့် ပုရိသောတိဝါ-၌ ဝါကို ဝိကပ္ပနတ္ထ-ဝါ ဟုသာ ဆိုရသည်။)

(၈)

(က)၌ ပဝတ္တရေ အရ ကြိယာ-၅-တန်-

✔ လိင်၌ဖြစ်သောသညာသည် **ဒဿနတ္ထ**။
✔ လိင်သည် **ဒီပကတ္ထ**။
✔ ဝေါဟာရသည် **ပကာသနတ္ထ**။
✔ အတိတ်ကံတရားသည် **ဝိဘာဝတ္ထ**။
✔ ပစ္စုပ္ပန်ကံ-စသည်သည် **အနုဘာဝတ္ထ**။

(တနည်း)

✔ လိင်-သညာ ၂-ပါးသည် **ဒဿနတ္ထ**။
✔ ကံနှင့်-လိင်သည် **ဒီပကတ္ထ**။
✔ ဝေါဟာရသည် **ပကာသနတ္ထ**။
✔ စိတ်-ဝိညာဏ်သည် **ဝိဘာဝတ္ထ**။
✔ ပစ္စုပ္ပန်-ကံ စသည်သည် **အနုဘာဝတ္ထ**။

အမှာ။ ။"စိတ်, ကံ (အတိတ်) လိင်,သညာ,ဝေါဟာရ, ပစ္စုပ္ပန်ကံ"ဟူသော အစဉ်ဖြစ်သော အကြောင်း+အကျိုးကို ယထာက္ကမသိသာအောင် သတိပြုပါ။

(၉)

**"ကိတ္တိနှင့် ပသံသအထူး"**

မျက်ကွယ်ကျော်ဇောခြင်း (မျက်ကွယ်ချီးမွမ်းခြင်း)သည် ကိတ္တိ။

မျက်မှောက်ချီးမွမ်းခြင်းသည် ပသံသ။

◆ **ကိတ္တိန္တိ ပရမ္မုခါ ကိတ္တနံ ပတ္ထဋယသတံ။ ပသံသန္တိ သမ္မုခါ ပသံသနံ ထုတိံ။(မူလဋီ၊ ၆၆၊)**

(က)ဣတ္ထာယံ-၌ ဣတ္ထိ အရ ဣတ္ထိန္ဒြေ-ယူ၍ ဣတ္ထိန္ဒြိယံ-ဣတ္ထိဘာဝလက္ခဏံ-စသည် ထုတ်လေ။

http://www.dhammadownload.com



(၁၀)

ကမ္မတော လိင်္ဂတော စေဝ+လိင်္ဂသညာ ပဝတ္တရေ-၌-

✔ ကမ္မတော လိင်္ဂတော-အရ ကံနှင့်လိင်သည်-
လိင်္ဂသညာ-အရ အမည်သညာ-ဟူသော ပညတ်အား ပကတူပ--ပြု။

✔ ကမ္မတော-အရ လောကီကုသိုလ် အကုသိုလ်ကံသည်-
လိင်္ဂသညာ-အရ အဝိနာဘာဝနည်းဖြင့် လိင်နှင့်တွဲစပ်နေသော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်အား နာနက္ခဏိကကမ္မ-ပြု။

✔ လိင်္ဂတော-အရ လိင် (အသွင်သဏ္ဌာန်)သည်-
လိင်္ဂသညာ-အရ လိင်၌ဖြစ်သော အမည်သညာ-ဟူသော နာမပညတ်အား ပကတူပ-ပြု။

(ဃ)ကမ္မံ+သတ္တေ+ဝိဘဇတိ-၌

ကမ္မံ, ဝိဘဇတိ-အရ ကုသိုလ်ကံ, အကုသိုလ်ကံ စေတနာသည်-
သတ္တေ-အရ ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်အား နာနက္ခဏိကကမ္မ-ပြု။

====================

## ဝါကျဥယျာဉ် (၈၆)

(က) ဧဝံ ဣမာယ ကရဏစိတ္တတာယပိ စိတ္တဿ စိတ္တတာ ဝေဒိတဗ္ဗာ။
(ခ) သဗ္ဗာနိပိ ဟိ တောနိ ဝိစိတြာနိ စိတ္တေနေဝ ကတာနိ။
(ဂ) အလဒ္ဓေါကာသဿ ပန စိတ္တဿ, ယံ ဝါ ပန အဝသေသပစ္စယဝိကလံ၊ တဿ ကေစ္စစိတ္တ ကရဏာဘာဝတော ယဒေတံ စိတ္တေန ကတံ အဗ္ဗုတ္တိကံ စိတ္တံ ဝုတ္တံ၊ တတောပိ စိတ္တမေဝ စိတ္တတရံ။
(ဃ) တေနာဟ ဘဂဝါ "နာဟံ ဘိက္ခဝေ အညံ ဧကနိကာယမ္ပိ သမနုပဿာမိ ဧဝံ စိတ္တံ၊ ယထယိဒံ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ၊ တေဟိပိ ခေါ ဘိက္ခဝေ တိရစ္ဆာနဂတေဟိ ပါဏေဟိ စိတ္တံယေဝ စိတ္တတရ"န္တိ။

ဋ္ဌ။၁၀၈။ မူလဋီ။၆၇။ ယောဇနာ။၈၃။ ပြည်သျှ။၄၂၈။ ဘာသာဋီ။၃။၇၂။ ကျော်စံဂဏ္ဌိ။၂၄၈။ ပင်းခင်းဂဏ္ဌိ။၃၆၉။)

====================

(၁)

(ခ) ဟိ-သစ္စံ-မှန်၏။
(ဂ) ပန-အထူးကိုဆိုအံ့။ (ပြည်သျှ) ပန-ဆက်။ (ဘာသာဋီ)
အလဒ္ဓေါကာသဿ-မရအပ်သော အကျိုးပေးခွင့်ရှိသော၊ (သဒ္ဒတ္ထ)
(ဝါ) အကျိုးပေးခွင့်ကိုမရသော၊ (အဓိပ္ပါယတ္ထ)

http://www.dhammadownload.com



(၂)

"ပြည်နိဿယ-ကျမ်းတက်မှတ်ဘွယ်"

(က)သို့။ ။စိတ္တကရဏတာယ-၏အကျယ်ကိုပြပြီး၍ နိဂုံးအုပ်လိုရကား ဧဝံ ဏ္ဏမာယ-စသည်မိန့်။

(ခ)သို့။ ။ ဆရာ-အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်သောတရားကို ပြခြင်းကြောင့် စိတ်မည်သော ဟုဆို၏။ သာဓကပေါဠိ၌ ကံသာလျှင် ဆန်းကြယ်ခြင်းကို ပြခြင်းကိုဆိုသောကြောင့် ဆရာဆိုသောစကားသည် အသို့ဖြစ်၍သင့်သနည်း။ စောဒနာဘွယ်ရှိရကား "သဗ္ဗာနိပိ"စသည်ကိုမိန့်။

(ဂ) ယဒေတံ စိတ္တေန ကတံ စသည်သို့

ဆရာ-အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်သောတရားအပေါင်းကို စိတ်သည်ပြုအပ်သောဟု ဆရာဆို၏။ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်ခြင်းနှင့် အတူသာ စိတ်သည်ဆန်းကြယ်သလော-စုဒ်ရှိရကား "ယဒေတံ စိတ္တေန ကတံ"စသည်ကိုမိန့်။ (ပြည်သျှ။၄၂၈။)

(ဂ)"အလဒ္ဓေါ ။ပ။ ကရဏာဘာဝတော-သို့"

အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်သောတရားအပေါင်းထက် စိတ်သည်သာ အထူးသဖြင့် ဆန်းကြယ်သည်၏ အဖြစ်ကို ဆရာအဘယ့်ကြောင့်သိသနည်း-စုဒ်ရှိရကား"အလဒ္ဓေါ ။ပ။ ကရဏာ-ဘာဝတော"မိန့်။ (ပြည်သျှ။၄၂၈။)

(ဃ)သို့။ ။ ဝုတ္တမေဝတ္တံ ပါဠိယာ သာဓေန္တော "တေနာဟ ဘဂဝါ"တျာဒိမာဟ။

(ခ)သို့ ဠပနာဘောဂါဒိပဋ္ဌက

ဆရာ-သည်(က)ဝါကျဖြင့် အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်သောတရားကိုပြခြင်းကြောင့် စိတ်မည်သောဟုဆို၏။ ထိုသို့ပင်ဆိုသော်လည်း သာဓကပေါဠိ၌ ကံသာလျှင် ဆန်းကြယ်ခြင်းကို ပြခြင်းကို ဆိုထားသည်မဟုတ်ပါလော။ထို့-ကြောင့် ။ပ။ ဟူ၍သာမဆိုသင့်။ ဆရာ့စကားကို မြဲစေတတ်သော အသင့် ယုတ္တိဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာဆိုသော စကားသည် အသို့ဖြစ်၍ သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့်(ခ)မိန့်။ (ဤကား-ပြည်နိဿယကျမ်းတက်ကို မှီး၍ တက်သည်)

(ဂ) ယဒေတံ ။ပ။ စိတ္တတရံ-သို့ ဠပနာဘောဂါဒိ

ဆရာ-သည်(ခ)ဝါကျဖြင့် အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်သောတရားအပေါင်းကို စိတ်သည် ပြုအပ်သော-ဟုဆိုတော်မူ၏။ ထို-သော် အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်ခြင်းနှင့် အတူသာစိတ် သည် ဆန်းကြယ်ပါသလော။(ဝါ)-ဆန်းကြယ်၏ဟူသော အနက်သည်ရောက်ရာ သည်မဟုတ်ပါလော။ ထို့ကြောင့်-မဆိုသင့်။ အဇ္ဈတ္တိကဖြစ်သော ဆန်းကြယ်သောတရား အပေါင်း ထက် စိတ်၏အထူးသဖြင့် ဆန်းကြယ်ပုံကိုလည်း ပြဆိုသင့်သေး၏။ အဇ္ဈတ္တိကဖြစ်သော (လ) ဆန်း ကြယ်ပုံကား အဘယ်ပါနည်း။ စုဒ်ကြောင့် ယဒေတံ (လ)စိတ္တတရံ-မိန့်။ (ပြည်နိဿယကျမ်းတက်ကို မှီ၍တက်သည်။)

(ဂ) အလဒ္ဓေါ ။ပ။ ကရဏာဘာဝတော-သို့ ကျမ်းထွက်ပုံ"

ဆရာ-သည် တတောပိ စိတ္တမေဝ စိတ္တတရံ-ဖြင့် အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်သော တရားအပေါင်းထက် စိတ်သည်သာ အထူးသဖြင့် ဆန်းကြယ်သောဟုဆို-၏။ ထို-သော်လည်း ယင်းသို့ စိတ်သည်သာ အထူးသဖြင့်ဆန်းကြယ်သည်၏ အဖြစ်ကို အကြောင်းနှင့်ကင်း၍ မသိအပ်, မသိနိုင် ရာသည်မဟုတ်ပါလော။ (လ) အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်သောတရားအပေါင်းထက် စိတ် သည်သာ အထူးသဖြင့် ဆန်းကြယ်သည်၏အဖြစ်ကို ဆရာအဘယ်ကြောင့် သိပါသနည်း။ စုဒ်ကြောင့် အလဒ္ဓေါ ။ပ။ ကရဏာဘာဝတော-မိန့်။ (ပြည်သျှ။၄၂၈။)

http://www.dhammadownload.com



(၃)

(က) ကရဏာစိတ္တတာယပိ–၌ ပိ–သဒ္ဒါထားရခြင်း

ဇဝံ တာဝ စိတ္တတာယ စိတ္တံ (၌–၁၀၆)၌ ဆိုအပ်ပြီးသော စိတ္တတာယ–ကို ပေါင်း,ဆည်းသော သမုစ္စယတ္ထ, သမ္ဘိဏ္ဍနတ္ထကိုပြလို၍ ပိ–သဒ္ဒါထားသည်။

(ခ) ဟိ– သဒ္ဒါထားရခြင်း

ရှေး (က)ဝါကျစကားရပ်ကို ယုတ္တိအားဖြင့် ခိုင်မြဲစေလို၍ (ဝါ) ဒဠှီကရဏဇောတက အဖြစ်ကို ပြလို၍ (ခ)၌ ဟိ–ထားသည်။

သဗ္ဗာနိပိ–၌ ပိ–ထားရခြင်း

အဝယဝသမ္ဘိနတ္ထကို ပြလိုသောကြောင့်–ပိ–ထားသည်။

(ဂ) ပန–သဒ္ဒါထားရခြင်း

အကျိုးပေးခွင့်မရသော ကမ္မဝိညာဏ်နှင့် အထောက်အပံ့ချို့တဲ့သော အပရာပရိယ ကမ္မဝိညာဏ်တို့၏အထူးကိုပြလို၍ (ဝါ)ဝိသေသတ္ထဇောတက အဖြစ်ကိုပြလို၍ အလဒ္ဓေါကာသဿ ပန–၌ ပန–သဒ္ဒါထားသည်။ (ဘာသာဋီကာ၌ ပန–ဝါကျာရမ္ဘဇောတက–ဟု ယူသည်။)

ယံ ဝါ ပန–၌ ဝါ,ပန သဒ္ဒါထားရခြင်း

စိတ္တ–အရ ဥပပဇ္ဇဝေဒနီယကမ္မဝိညာဏ်–ဟူသော အရကောက်အဘိဓေယျတ္ထမှတပါး အပရာပရိယဝေဒနီယကမ္မဝိညာဏ်ဟူသော အရကောက် အဘိဓေယျတ္ထ တမျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါ–သဒ္ဒါထားသည်။ ပက္ခန္တရဇောတကအဖြစ်ကိုပြလိုသောကြောင့် ပန–သဒ္ဒါထားသည်။

(ဃ) တေနာဟ–သဒ္ဒါထားရခြင်း

"လဒ္ဓဂုဏ၊ နိဂမနှင့်၊ အာဂမဒဠှေ၊ ပြလိုပေ၊ တေနဝါဟထား"

"တေနေဝါဟ၊ ဥာပက၊ တဝဒဋ္ဌီယာ"ဟူသည်တို့နှင့်အညီ ရှေးဝါကျစကားရပ်ကို အာဂမဒဠှီ–ကရဏဉာပက–ဖြင့် ပြလိုခိုင်မြဲစေလို၍ "တေနာဟ"ထားသည်။

(၄)

- * လဘိတဗ္ဗောတိ လဒ္ဓေါ။ (လဘ+တ) န+လဒ္ဓေါ အလဒ္ဓေါ။
- * အဝကာသန္တိ ပတိဋ္ဌဟန္တိ ဧတ္ထ, ဧတေနာတိ ဝါ ဩကာသော။ (အဝ+ကာသ+ဏ)
- * အလဒ္ဓေါ ဩကာသော ယေနာတိ အလဒ္ဓေါကာသံ။
- ✔ မရအပ်သော အကျိုးပေးခွင့်၏+ကမ္မဝိညာဏ်ဟူသောစိတ်နှင့် ဂုဏ်+ဂုဏေးစပ် ဗျု–နိ။
- ✔ မရအပ်သောအကျိုးပေးခွင့်ရှိသည်၏အဖြစ်တည်းဟူသော ဂုဏ်သည်–
  (ဝါ) အကျိုးပေးခွင့်မရသော ကမ္မဝိညာဏ်စိတ်၏ တစ်ခုသည်–ဓာတ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဘွယ်"

- * ကရောတီတိ ကရဏံ။ စိန္တေတီတိ ဝိစိန္တေတီတိ စိတ္တံ။
- * စိတ္တဿ+ကရဏံ ကရဏစိတ္တံ။ (စိတ္တကရဏ–ဟုဆိုလိုလျက် ကရဏနှင့် စိတ္တကိုရှေးနောက်ပြန်။)
- * ကရဏစိတ္တဿ + ဘာဝေါ စိတ္တကရဏတာ။
- * စိန္တေတိ ဝိစိန္တေတီတိ စိတ္တံ။ စိတ္တာနံ+ဝိသေသော စိတ္တတရံ။

(ဆန်းကြယ်သောတရားအပေါင်း၏+အထူးသဖြင့် ဆန်းကြယ်သောစိတ်နှင့်သာမည+ဝိသေသ အပါဒါန်+အပါဒီစပ်)

http://www.dhammadownload.com



(၅)

စိတ္တတာ–ကား ဘာဝတဒွိတ်, ဣတ္ထိလိင်, ကညာဒိ, အာ–ကာရန္တ။
တတော–ကား အဗျယတဒွိတ်, အလိင်, ဂဏာဝိမုတ်, ဩ–ကာရန္တ။
စိတ္တတရံ–ကား ဝိသေသတဒွိတ်, နပုံ, စိတ္တာဒိ, အ–ကာရန္တ။

( ၇ )

(ခ) စိတ္တေနေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထ–စသည်–

✔ စိတ်သည် ဂဟေတဗ္ဗတ္ထ။
✔ တပါးသောတရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။
✔ စိတ်၏ဆန်းကြယ်သောအကျိုးတို့ကို ပြုတတ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

(၈)

(ဂ)စိတ္တတရံ–ကို ကိုယ်ပြု၍ ကြိယာ ၅–တန်

✔ စိတ်၏အထူးသဖြင့် ဆန်းကြယ်သည်၏အဖြစ်သည် ဒဿနတ္ထ။
✔ အကျိုးပေးခွင့်မရသောကမ္မဝိညာဏ်, အထောက်အပံ့ချို့တဲ့သော အပရာပရိယကမ္မဝိညာဏ် တို့၏ အချို့သောဆန်းကြယ်မှုကို ပြုခြင်းမရှိသည်၏အဖြစ်သည် ဒီပကတ္ထ။
✔ အတိသယ, ဝိသေသဖြစ်သည့် စိတ်ကိုသာ စိတ္တ–ဟု ခေါ်ဆိုခြင်းသည် ပကာသနတ္ထ။
✔ အလဒ္ဓေါကာသ, အဝသေသပစ္စယဝိကလသည် ဝိဘာဝတ္ထ။
✔ တပါးသောကံ, လိင်, သညာ စသည်ကို စိတ္တ–ဟု မခေါ်ဆိုရခြင်းသည် အနုဘာဝတ္ထ။

(ခ)ဝါကျ၌ အတ္ထာပန္န,အတ္ထပတ္တိသိဒ္ဓိ

ဤဆိုအပ်ပြီးသော ဆန်းကြယ်သောအကျိုးတို့ကို စိတ်သည်သာလျှင် ပြုအပ်ကုန်၏ဟု အနွယကို ဆိုသဖြင့် စိတ်မှတပါးသောတရားတို့သည် ဆန်းကြယ်သောအကျိုးတို့ကို မပြုနိုင်ဟု ဗျတိရိက်အနက် အဓိပ္ပါယ်ကိုသိရသောကြောင့် အတ္ထာပန္န,အတ္ထပတ္တိသိဒ္ဓိ–ရသည်။

(၉)

အလဒ္ဓေါကာသနှင့် အဝသေသပစ္စယဝိကလ–အထူး

မိမိမှတပါးသော ဗလဝဖြစ်သောကံသည် တားမြစ်ခြင်းကြောင့်၄င်း, ကမ္မဝိညာဏ်အကျိုးပေးရာ မဟုတ်သော ရူပဘဝ–ဟူသော ဂတိ–၌ (ဝါ) ဒုဗ္ဘိက္ခစသောကာလ၌ ပုဂ္ဂိုလ်၏ဖြစ်ခြင်းကြောင့်၄င်း၊ အကျိုးပေး ခွင့်မရသော ကမ္မဝိညာဏ်စိတ်ကို "အလဒ္ဓေါကာသ"ဟုဆိုသည်။

ကာလ–ဂတိ–ပယောဂ–အစရှိသော အကျိုးပေးခွင့် သဟကာရိပစ္စည်း အထောက်အပံ့ ချို့တဲ့ နေသော အပရာပရိယကမ္မဝိညာဏ်စိတ်ကို "အဝသေသ ပစ္စယဝိကလ"ဟုဆိုသည်။ ဤသို့ထူးသည်။

◆ တဿ ပန အလဒ္ဓေါကာသတာ အညေန ကမ္မေန ပဋိဗာဟိတတ္တာ တဒဝိပစ္စနောကာသေ ပုဂ္ဂလဿ နိဗ္ဗတ္တတ္တာစ ဝေဒိတဗ္ဗာ။
◆ ဝိဇ္ဇမာနမ္ပိ အပရာပရိယ ဝေဒနီယ ကမ္မဝိညာဏံ ကာလ, ဂတိ, ပယောဂါဒိသဟကာရိပစ္စယ ဝိကလတာယ အဝသေသပစ္စယဝေကလ္လံ ဒဋ္ဌဗ္ဗံ။ (မူလဋီ။၆၇။)

(တနည်း) အလဒ္ဓေါကာသ–အရ ဥပပဇ္ဇဝေဒနီယကံ–ကိုယူ။
အဝသေသပစ္စယဝိကလ–အရ–အပရာပရိယဝေဒနီယကမ္မဝိညာဏ်–ကိုယူ။

http://www.dhammadownload.com



◆ ပဌမော ဝါ ဥပပဇ္ဇဝေဒနီယကမ္မဝသေန ဝုတ္တော၊ ဒုတိယော အပရာပရိယကမ္မဝိညာဏဝသေနာတိ အယမေတေသံ ဝိသေသော။ (မဇ္ဈိကာ)

(၁၀)

(ခ) သဗ္ဗာနိပိ တေသနိ ဝိစိတြာနိ+စိတ္တေနေဝ+ကတာနိ–၌–

သဗ္ဗာနိပိ တေသနိ ဝိစိတြာနိ–အရ ဆန်းကြယ်သော အကျိုးဟူသောပညတ်အာရုံသည်–

စိတ္တေန–အရ(ဝါ)ကတာနိ–၌ ကရ–ဓာတ်အရ စိတ်–အား–အာရမ္မဏ–ပြု။ (ပြိုင်–မရှိ)

(တနည်း)စိတ္တေန–အရ စိတ်သည်–

သဗ္ဗာနိ တေသနိ ဝိစိတြာနိ အရ ဆန်းကြယ်သော အကျိုးတို့အား ပကတူပ–ပြု။ (ပြိုင်–မရှိ)

(ဂ)ဝါကျ ကတံ အဇ္ဈတ္တိကံ စိတ္တံ+ဝုတ္တံ–၌–

ကတံ, အဇ္ဈတ္တိကံ စိတ္တံ–အရ ဆန်းကြယ်သောတရားအပေါင်းဟူသော ဓမ္မာရုံသည်–

ဝုတ္တံ–၌ ဝစ–ဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။ ပြိုင်–အာ, ဓိ, ဥ (၃)

================

## ဝါကျဥယျာဉ် (၈၇)

(က) ဥပ္ပန္နံ ဟောတီတိ ဧတ္ထ ဝတ္တမာနဘူတာပဂတောကာသကတဘူမိလဒ္ဓဝသေန ဥပ္ပန္နံ နာမ အနေကပ္ပဘေဒံ၊

(ခ) တတ္ထ သဗ္ဗမ္ပိ ဥပ္ပါဒဇရာဘင်္ဂသမင်္ဂီသင်္ခါတံ ဝတ္တမာနုပ္ပန္နံ နာမ။

(ဂ) အာရမ္မဏရသံ အနုဘဝိတွာ နိရုဒ္ဓံ အနုဘူတာပဂတသင်္ခါတံ ကုသလာကုသလံ, ဥပ္ပါဒါဒိတ္တယံ အနုပ္ပတွာ နိရုဒ္ဓံ ဘူတာပဂတသင်္ခါတံ သေသသင်္ခတဉ္စ ဘူတာပဂတုပ္ပန္နံ နာမ။

(ဃ) "ယာနိဿ တာနိ ပုဗ္ဗေ ကတာနိ ကမ္မာနိ"တိ ဧဝမာဒိနာ နယေန ဝုတ္တံ ကမ္မံ အတီတမ္ပိ သမာနံ အညံ ဝိပါကံ ပဋိဗာဟိတွာ အတ္တနော ဝိပါကဿောကာသံ ကတွာ ဌိတတ္တာ, တထာ ကတောကာသဉ္စ ဝိပါကံ အနုပ္ပန္နမ္ပိ သမာနံ ဧဝံ ကတေ ဩကာသေ ဧကန္တေန ဥပ္ပဇ္ဇနတော ဩကာသကတုပ္ပန္နံ နာမ၊

(င) တာသု တာသု ဘူမိသု အသမူဟတံ အကုသလံ ဘူမိလဒ္ဓုပ္ပန္နံ နာမ။

(စ) ဧတ္ထ စ ဘူမိယာ ဘူမိလဒ္ဓဿ စ နာနတ္တံ ဝေဒိတဗ္ဗံ–ဘူမီတိ ဝိပဿနာယ အာရမ္မဏဘူတာ တေဘူမကာ ပဉ္စက္ခန္ဓာ။

(ဆ) ဘူမိလဒ္ဓံ နာမ တေသု ခန္ဓေသု ဥပ္ပတ္တာရဟံ ကိလေသဇာတံ။

(ဇ) တေန ဟေသာ ဘူမိ လဒ္ဓါ နာမ ဟောတိ။ တသ္မာ "ဘူမိလဒ္ဓ"န္တိ ဝုစ္စတိ။

(ဈ) ဧဝမေတေသု စတူသု ဥပ္ပန္နေသု ဣဓ ဝတ္တမာနုပ္ပန္နံ အဓိပ္ပေတံ။

ဋ၊၁၀၈၊ မူလဋီ၊၆၇၊ ယောဇနာ၊၈၃၊ ပြည်သျှ၊၄၃၀၊ ဘာသာဋီ၊၃၊၇၄၊ ကျော်စံဂဏ္ဌိ၊၂၄၀၊ မင်းခင်းဂဏ္ဌိ၊၃၇၀၊

===================

http://www.dhammadownload.com



(၁)

(ဂ) သေသသခ်ါတဥ္စ–၌ စ–သဒ္ဒါ အနုကၶနတ္ထ–ထည့်၍ပေး
ဥပ္ပါဒါဒိတ္တယံ–သို့။ အနုပွတ္တာ–၍။ နိရုဒ္ဓံ–သော။ ဘူတာပဂတသခ်ါတံ–ဆိုအပ်သော။
(ကုသလာကုသလဥ္စ–သည်၄င်း၊)သေသသခ်ါတဥ္စ–သည်၄င်း။ဘူတာပဂတုပ္ပန္နံနာမ–မည်၏။ (ပြည်သျှ)
◆ စ–သဒ္ဒေန ကုသလာကုသလံ အာကၶုတိ။ (ယောဇနာ။၈၄။)

(စ) စ–အထူးကိုဆိုဦးအံ့။ (ပြည်သျှ) စ–ဆက် (ဘာသာဋီကာ)
(ဆ) ကိလေသဇာတံ–ကိလေသာသည်။ (ဇာတ–သဒ္ဒါ သမူဟတ္ထ။)
(ဝါ) ကိလေသာအပေါင်းသည် (ဇာတ–သဒ္ဒါ သမူဟတ္ထ)
(ဝါ) မိမိ၏အကြောင်းအားလျော်စွာဖြစ်သော ကိလေသာသည်။
(ဇာတကိလေသံ–ဟုဆိုလိုလျက် ကိလေသ ဇာတံ–ဟု ဆိုသည်။) (ပြည်သျှ။)
(ဇ) ဟိ–သစ္စံ။ (တနည်း) ဟိ–ယသ္မာ–ကြောင့်။ (ပြည်–ဘာသာဋီ)

(၂)

(က)စသည်သို့ အနုသန္ဓေ

ဤသို့ စိတ္တန္တိ အာရမ္မဏံ စိန္တေတီတိ–အစရှိသည်ဖြင့် စိတ္တံ–ပုဒ်၏အဖွင့်သံဝဏ္ဏနာကိုပြဆိုပြီး၍၊ ဤယခုအခါ၌ (အစဉ်အားဖြင့်ရောက်လာသော) ဥပ္ပန္နံ ဟောတိ–ပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုပြတော် မူလိုသော အဋ္ဌကထာဆရာသည် ဥပ္ပန္နံ ဟောတီတိ ဧတ္ထ–စသည်ကိုမိန့်။ (ပက္ခန္တရ)

(ခ)စသည်သို့အနုသန္ဓေ

ဤသို့ (က)ဖြင့် ဥပ္ပန္နသည် ဝတ္တမာနုပ္ပန္န (လ) ဘူမိလဒ္ဓုပ္ပန္န၏အစွမ်းဖြင့် များသောအပြားရှိ၏ (ဝါ) လေးပါးအပြားရှိ၏–ဟုပြဆိုပြီး၍၊ဤယခုအခါ၌ ယင်းဥပ္ပန္န–လေးမျိုး၏ သရုပ်အရကောက် အဘိဓေယျတ္ထ အကျယ်ကို ပြတော်မူလိုသောဆရာသည် (ခ)စသည်မိန့်။ (ခ–စသည်ကား ဝိတ္ထာရ။)

( ၃ )

(ခ)ဖြင့် ဝတ္တမာနုပ္ပန္န–၏ သရုပ် အရကောက်အကျယ်ကိုပြသည်။
(ဂ)ဖြင့် ဘူတာပဂတုပ္ပန္န–၏ သရုပ် အရကောက်အကျယ်ကိုပြသည်။
(ဃ)ဖြင့် ဩကာသကတုပ္ပန္န–၏ သရုပ် အရကောက်အကျယ်ကိုပြသည်။
(င)ဖြင့် ဘူမိလဒ္ဓုပ္ပန္န–၏ သရုပ် အရကောက်အကျယ်ကိုပြသည်။
(ရှေ့နောက်ထောက်ဆ ပက္ခ+ပက္ခန္တရခွဲ။ ကျမ်းတက်လွယ်ပြီ။)

(ဂ)၌ ဥပ္ပါဒါဒိတ္တယံ–စသော ဒုတိယပိုင်းသို့ ဋ္ဌပနာပဥ္စက

ဆရာ–သည် အာရမ္မဏရသံ အနုဘဝိတွာ နိရုဒ္ဓံ အနုဘူတာပဂတသခ်ါတံ ကုသလာကုသလံ (ဘူတာပဂတုပ္ပန္နံနာမ)ဖြင့် အာရုံ၏ အရသာကိုခံစားပြီး၍ ချုပ်ပြီးသောကုသိုလ်အကုသိုလ်သည် ဘူတာပဂတုပ္ပန္နမည်သော–ဟု ဆို၏။ထို–သော် အာရုံ၏အရသာကိုခံစားပြီး၍ ချုပ်ပြီးသော ကုသိုလ် အကုသိုလ်သည်သာလျှင် ဘူတာပဂတုပ္ပန္န–မည်၏ဟူသော အနက်သည်ရောက်ရာသည် မဟုတ်ပါလော– စသည်–ပက္ခန္တရ ထုံးစံအတိုင်းတက်။

http://www.dhammadownload.com



အဓိပ္ပါယ်ကား။ ။ခဏသုံးပါးအပေါင်းသို့ အစဉ်အားဖြင့်ရောက်၍ ကင်းပြီးချုပ်ပြီးသည်ဟု ဆိုအပ်သော ကုသိုလ် အကုသိုလ်မှကြွင်းသော သင်္ခတတရားသည်လည်း ဘူတာပဂတုပ္ပန္နမည်၏-ဟူလို။

(ဃ)၌ တထာ ကတောကာသဥ္စ ဝိပါက်-စသောဒုတိယပိုင်းသို့ ပါပနာဒိ ပဋ္ဌကတက်ပုံ-

ဆရာ-သည် ယာနိသ တာနိ ။ပ။ ဠိတတ္တာ (ဩကာသကတုပ္ပန္နံနာမ)ဖြင့် ကုသိုလ်အကုသိုလ်ကံသည် ဩကာသကတုပ္ပန္နမည်၏ဟုဆို၏။ထို-သော် ကုသိုလ် အကုသိုလ်ကံသည်သာ ဩကာသ-ကတုပ္ပန္န-မည်၏ ဟူသော အနက်သည်ရောက်ရာ၏။ စသည် ပက္ခန္တရထုံးစံအတိုင်းတက်။

အဓိပ္ပါယ်ကား-ဝိပါက်သည်လည်း ဩကာသကတုပ္ပန္နမည်၏-ဟူလို။

## (စ)(ဆ) ၂-ဝါကျသို့အနုသန္ဓေ

ဤသို့ (င)ဝါကျဖြင့် ထိုထို-အကုသိုလ်သည် ဘူမိလဒ္ဓုပ္ပန္နမည်၏-ဟု ဘူမိလဒ္ဓုပ္ပန္န(ဟူသော အပေါင်း) ပုဒ်၏ သရုပ်အရကောက်တရားကိုယ်ကို ပြဆိုပြီး၍ ဤယခုအခါ၌ ယင်းဘူမိလဒ္ဓုပ္ပန္န-၌ ဘူမိနှင့် ဘူမိလဒ္ဓတို့၏ အထူးကို ပြတော်မူလိုသောဆရာသည် (စ)(ဆ) ၂-ဝါကျ မိန့်။ (ပဋ္ဌကတက်လွယ်ပြီ။)

## (ဆ)သို့ ပါပနာဒိပဋ္ဌက

ဆရာ-သည် (စ)ဝါကျဖြင့် ဘူမိတိ ဝိပဿနာယ (ပ) ပဉ္စက္ခန္ဓာ-ဖြင့် ဝိပဿနာ၏ အာရုံဖြစ်၍ ဖြစ်သော တေဘူမကပဉ္စက္ခန္ဓာတို့သည် ဘူမိ-မည်၏ဟု ဘူမိ-သရုပ်ကိုဖွင့်ပြဆိုတော်မူ၏။ထို-သော် ဘူမိ၏ သရုပ်ကိုသာ သိအပ်၏ဟူသော အနက်သည်ရောက်ရာ၏ ။ပ။ ဘူမိလဒ္ဓ၏သရုပ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဆ)မိန့်။

အဓိပ္ပါယ်ကား။ ။ ထို ၅-ပါးသော ဥပါဒါနက္ခန္ဓာတို့၌ ဖြစ်ခြင်းငှါထိုက်သောကိလေသာသည် ဘူမိလဒ္ဓ-မည်၏ဟု ဘူမိလဒ္ဓသရုပ်ကိုလည်း ငါပြ-ဟူလို။

## (ဓ)သို့ ဋ္ဌပနာဘောဂါဒိပဋ္ဌက

ဆရာ-သည် (ဆ)ဝါကျဖြင့် ထိုငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ ဖြစ်ခြင်းငှါထိုက်သော ကိလေသာသည် ဘူမိလဒ္ဓမည်၏ဟုဆို၏။ထို-သော် ဆရာစကားသည် ယုတ္တိကင်းပဒဋ္ဌီယမျှသာဖြစ်၍ လှုပ်ရှားမခိုင် ယိုင်ရာသည်မဟုတ်ပါလော-စသည်ဖြင့်-ယုတ္တိဒဋ္ဌီထုံးစံအတိုင်းတက်။

(တနည်း) ထို-သော် ထို ၅-ပါးသောဥပါဒါနက္ခန္ဓာတို့၌ ဖြစ်ခြင်းငှါထိုက်သော ကိလေသာ-၏ ဘူမိလဒ္ဓ-မည်ခြင်း၏အကြောင်းကို မသိအပ် မသိနိုင်ရာသည်မဟုတ်ပါလော။ (ပ) အဘယ့်ကြောင့် ထိုငါးပါးသောဥပါဒါနက္ခန္ဓာတို့၌ ဖြစ်ခြင်းငှါထိုက်သော ကိလေသာသည် ဘူမိလဒ္ဓ-မည်ပါသနည်း။ စုဒ်ကြောင့်(ဃ)မိန့်။

အဓိပ္ပါယ်ကား။ ။ထိုကိလေသာသည် ဤဘူမိကို ရအပ်သည်မည်သည်၏အဖြစ်ကြောင့် ထိုငါးပါးသော ကိလေသာသည် ဘူမိလဒ္ဓမည်၏ဟူလို။

## (ဈ)သို့ အနုသန္ဓေ

ဤသို့ တတ္ထ သဗ္ဗမ္ပိ-အစရှိသော ရှေးဆိုခဲ့ပြီးဝါကျတို့ဖြင့် ဥပ္ပန္နလေးပါးတို့၏ အကျယ်ကို အသီးသီး ဖွင့်ပြပြီး၍ ဤယခုအခါ၌ နိဂုံးနှင့်တကွ အတ္ထုဒ္ဓေသကိုပြလို၍(ဈ)မိန့်။ (ဘာသာဋီ၊၃။၇၈။)

http://www.dhammadownload.com



(၃)

(ဂ) သေသသခ်ာတဋ္ဌ-၌ စ-သဒ္ဒါထားရခြင်း

ဘူတာပဂတုပ္ပန္န-အရ ကုသိုလ်အကုသိုလ်ဟူသော အဘိဓေယျတ္ထမှတပါး ကုသိုလ်အကုသိုလ်နှင့်တကွကြွင်းသောသင်္ခတတရားဟူသော အဘိဓေယျတ္ထတစ်မျိုးကိုလဲလှယ်လိုသောကြောင့် သေသသင်္ခတဋ္ဌ၌ စ-သဒ္ဒါထားသည်။

(တနည်း) ဆိုအပ်ပြီးသောကုသိုလ်အကုသိုလ်ကို ဆွဲငင်သော အနုကမုနတ္ထကို ပြလိုသောကြောင့် (ဝါ)ပေါင်းဆည်းသော သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ-ကို ပြလိုသောကြောင့် စ-သဒ္ဒါထားသည်။

(ဃ) တထာကတောကာသဋ္ဌ-၌ စ-သဒ္ဒါထားရခြင်း

ဩကာသကတုပ္ပန္န-အရ ကံ-ဟူသော အဘိဓေယျတ္ထမှတပါး ဝိပါက်ဟူသော အဘိဓေယျတ္ထ တမျိုးကို လဲလှယ်လိုသောကြောင့် စ-သဒ္ဒါထားသည်။

(တနည်း)ဩကာသော ကတော ယေနာတိ ဩကာသကတံ-ဟူသော တတိယာဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထမှတပါး ဩကာသော ကတော ယဿာတိ ဩကာသကတံ-ဟူသော စတုတ္ထီ, ဆဋ္ဌီဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထ တစ်မျိုးကိုလဲလိုသောကြောင့် စ-သဒ္ဒါထားသည်။

(ခ) သဗ္ဗမ္ပိ-၌ ပိ-သဒ္ဒါထားရခြင်း

အလုံးစုံသော သင်္ခတတရားတို့သည်သာ ဝတ္တမာနုပ္ပန္နမည်သည်မဟုတ်သေး၊ အစိတ်အစိတ်သော သင်္ခတတရားသည်လည်း ဝတ္တမာနုပ္ပန္နမည်သေး၏-ဟု အဝယဝသမုစ္စည်းကို ပြလို၍ ပိ-သဒ္ဒါထားသည်။

(ဓ) တသ္မာ-ထား ချခြင်း

ရအပ်သောအကျိုးဂုဏ်ကိုပြလို၍ တသ္မာ-ထားသည်။

♦ ချဲ့.-မြဲ-ဟိ-နောက်၊ တသ္မာ-ရောက်၊ မဖောက်လဒ္ဓဂုဏ်။

(ဓ) ဝုစ္စတိ-ထားရခြင်း

ဘူမိလဒ္ဓသာမည-ဟူသော အပေါင်း၏အမည်ကို အစိတ်ဖြစ်သော ဥပါဒါနက္ခန္ဓာ၌ တင်စားခေါ်ဝေါ်သော အထင်ရဋ္ဌိ ကေဒေသျူပစာအဖြစ်ကိုပြလို၍ ဝုစ္စတိ-သဒ္ဒါထားသည်။

(ဈ) အဓိပ္ပေတံ-သဒ္ဒါထားရခြင်း

"သာမညမှ၊ အတ္တဝိသေ၊ တစ်ထွေစကားလု၊ ပြလိုမှု၊ မှတ်ရှု ကထိတံ-ဓိပ္ပေတံ" ဟူသည်နှင့်အညီ ဤဥပ္ပန္နံ ဟောတိ-ဟူသောပုဒ်၌ ဥပ္ပန္နလေးမျိုးဟူသော သာမညအနက်မှ ဝတ္တမာနုပ္ပန္န-ဟူသော ဝိသေသအနက်ကို ယူစေလိုသောကြောင့် (တနည်း) ဥပ္ပန္နလေးမျိုးတွင် ဤနေရာ၌ အခြားဥပ္ပန္နကိုမယူမူ၍ ဝတ္တမာနုပ္ပန္နကိုသာ ယူရမည်ဟု စကားလုယက်၍ ပြဆိုသော အရာဋ္ဌာနဖြစ်သောကြောင့် အဓိပ္ပေတံ-သဒ္ဒါထားသည်။

(ဈ) ဓေ-ထားရခြင်း

ဤ၌ နိဂုံးနှင့် အတ္ထုဒ္ဒေသကိုပြလို၍ ဓေ-သဒ္ဒါထားသည်။

(၄)

* အာရမ္မဏာဝသေန ဘဝတိ ဧတ္ထ ကိလေသဇာတန္တိ ဘူမိ။ (ပြည်သျှ။၄၃၆။)

* ဘဝတိ ဧတ္ထ ဥပါဒါနက္ခန္ဓောတိ ဘူမိ။ (ယောဇနာ။၈၄။)

* ဘူမိ+လဒ္ဓါ ယေနာတိ ဘူမိလဒ္ဓံ။ (ယောဇနာ။၈၄။)

✔ ရအပ်ပြီးသော ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော ဖြစ်ရာဌာန၏+ကိလေသာနှင့် အာရုံ+အာရမ္မဏ်က စပ်-ဗျူ-မှီ။

✔ ဘူမိလဒ္ဓမည်သော ကိလေသာတို့၏ တစ်ခုသည်--ဇာက်သည် ပ-နိ။

http://www.dhammadownload.com



"ဝစနတ္ထမှတ်ဘွယ်"

(က) နု+ဧကော အနေကော။ အညမညတော ပဘိဇ္ဇတီတိ ပဘေဒေါ။ (အနုဋ္ဌိ။၆၅။)

* အနေကော+ပဘေဒေါ+ယဿာတိ အနေကပ္ပဘေဒံ။

✔ များသောအပြား၏+ဥပ္ပန္နနှင့် ဂုဏ်+ဂုဏေး၊ ပဘေဒ+ပဘေဒဝန္တ-စပ် ဗျူ-နိ။

✔ များသောအပြားရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပ-နိ။

(ခ) ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ။ (ဥ+ပဒ+ဏ) ဓီရဏံ ဓရော။ (ဓရ+အ)

* ဘဉ္ဇနံ ဘင်္ဂေါ။ (ဘဓိ (ဝါ)ဘဉ္ဇ+ဏ)

* ဥပ္ပဒေါစ+ ဓရာစ+ဘင်္ဂေါစ ဥပ္ပါဒဓရာဘင်္ဂါ။

* သမံ အင်္ဂနံ သမင်္ဂေါ။ သမင်္ဂေါ အဿ အတ္ထီတိ သမင်္ဂီ။

( ပြည့်စုံခြင်း၏+ခဏ သမင်္ဂီစိတ်နှင့် ဂုဏ်+ဂုဏေး စပ် )

* ဥပ္ပါဒဓရာဘင်္ဂေန+သမင်္ဂီ ဥပ္ပါဒဓရာဘင်္ဂသမင်္ဂီ။

* ဥပ္ပါဒဓရာဘင်္ဂသမင်္ဂီလက္ခဏံ+သစ်ါတံ ဥပ္ပါဒဓရာဘင်္ဂသမင်္ဂီသခ်ါတံ။

* ဝတ္တတီတိ ဝတ္တမာနံ။ (ဝတု+မာန)

* ဥပ္ပဇ္ဇတီတိ ဥပ္ပန္နံ။ (ဥ+ပဒ+တ)။ (တနည်း) ဥဒ္ဒံ+ပန္နံ ဥပ္ပန္နံ။

* ဝတ္တမာနဉ္စ+တံ+ဥပ္ပန္နဉ္စာတိ ဝတ္တမာနုပ္ပန္နံ။

✔ ဖြစ်ဆဲပစ္စုပ္ပန်၏+ဥပ္ပန္နနှင့် ဂုဏ်+ဂုဏေး စပ်- ဗျူ-နိ။

✔ ဝတ္တမာနုပ္ပန္နဟူသောအမည်သည်- ပ-နိ။

(ဂ) အာဂန္ဒာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။ (အာ+ရမု+ယု)

* ရသီယတိ အဿာဒီယတီတိ ရသော။ (ရသ+အ)။

ရမ္မဏာဿ+ရသော အာရမ္မဏရသော။ (တံ)။ (အာရုံ၏+အရသာနှင့် သာမိ+သံ စပ်။)

* နိရုဇ္ဈိတ္ထာတိ နိရုဒ္ဓံ။ (နိ+ရုဓ+တ)

* အနုဘဝိတ္ထာတိ အနုဘူတံ။ (ကုသိုလ် အကုသိုလ်ရှု၏)

* အပဂစ္ဆီတိ အပဂတံ။ (ကုသိုလ် အကုသိုလ်ရှု၏)

* အနုဘူတံ ဟုတွာ အပဂတံ အနုဘူတာပဂတံ။

(တနည်း:) အနုဘူတဉ္စ+တံ+အပဂတဉ္စာတိ အနုဘူတာပဂတံ။

* ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ။ ပဌမံ အာဒီယတီတိ အာဒိ။

* ဥပ္ပါဒေါ+အာဒိ ယဿာတိ ဥပ္ပါဒါဒိ။

(ဃ) ဝတ္ထု-ကား ကိတ်နာမ်၊ နပုံ၊ ရတ္တာဒိ၊ ဥ-ကာရန္တ။

## ( ၆ )

(က) ဥာဏေန သမ္ပယုတ္တံ-ဖြင့် တတိယာတပ္ပုရိသ်-ပြု-သိစေ။

(ခ)ဖြင့် သမ္ပယုတ္တံ-၌ သံ+ပယုတ္တံ-ဟု ပဒစ္ဆေဒပြုရမည်ကို၄င်း၊ သံ-ဥပသာရ၏ သမောဓာန စသောအနက်တို့ကိုမဟော၊ သမံ-အနက်ဟော-၄င်း၊ ပ-ဥပသာရပုဒ်၏ အာဒိကမ္မ-စသော အနက်တို့ကိုမဟော၊ ပကာရ-အနက်ဟော-၄င်း၊ ပ-အရ (ငါ)ပကာရအရ ကေပ္ပါဒါစသော အပြားတို့ ကိုယူ-၄င်း၊ ပယုတ္တ-ကို ပကာရေဟိ+ယုတ္တံ ပယုတ္တံ-ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြု-၄င်း၊ သမ္ပယုတ္တ-ကို သမံ+ပယုတ္တံ သမ္ပယုတ္တံ-ဟု ပါဒိပုဗ္ဗပဒကမ္မဓာရယ်ပြု-၄င်း သိစေသည်။

## ( ၇ )

(ဂ) ဝုတ္တနယမေဝ-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထစသည်--

✔ ဝုတ္တနယသည် ဂဟေတဗ္ဗတ္ထ။
✔ အဝုတ္တနယသည် နိဝတ္တေတဗ္ဗတ္ထ။
✔ သဒိသနယ, အနုရူပနယတို့သည် အနုညာတတ္ထ။
(တနည်း) ✔ ဆိုအပ်ပြီးသောနည်းရှိသောစကားသည် ဂဟေတဗ္ဗတ္ထ။
✔ ဆိုအပ်ပြီးသောနည်းရှိသောစကားမှ တပါးသောစကားသည် နိဝတ္တေတဗ္ဗတ္ထ။
✔ ဆိုအပ်ပြီးသောနည်းရှိသည်၏အဖြစ်ဟူသောဂုဏ်သည် အနုညာတတ္ထ။

## ( ၈ )

(စ) လဗ္ဘတိ-၌ လဘ-ဓာတ်အရ
✔ ပညာရှိတို့သန္တာန်၌ဖြစ်သောဥာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်ဥာဏသံ-စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။
✔ ယောနိသောမနသိကာရသည် ဒီပကတ္ထ။
✔ အရူပဘုံ၌ ကာမာဝစရကုသိုလ်၏ ကေဝတ္ထုကအဖြစ်ကိုကြည့်၍ သမ္ပယောဂလက္ခဏာကိုသိရသဖြင့် ယင်းကာမာဝစရ ကုသိုလ်ကိုရအောင် ကျင့်ကြံအားထုတ်ခြင်းသည် ပကာသနတ္ထ။

F64B

http://www.dhammadownload.com



✔ ပုဗ္ဗေစကတပုညတာစသော သမ္ပတ္တိစက် ၄–ပါးသည် ဝိဘာဝတ္တ။
✔ ကျင့်ကြံအားထုတ်သဖြင့် ကာမာဝစရကုသိုလ်ဖြစ်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္တ။

( ၉ )

ဉာဏေန–အရ ဉာဏ်ကိုယူ၍ လက္ခဏာဒိထုတ်။

( ၁၀ )

(က) ဉာဏေန+သမ္ပယုတ္တံ–၌–

ဉာဏေန–အရ ဉာဏ် (ပညာ)က–
သမ္ပယုတ္တံ–အရ ပထမမဟာကုသိုလ်စိတ်အား သဟ–ပြု။
ပြိုင်–သဟကြီး–၄၊ အညာ၊ သမ္ပ၊ ဟေ၊ ဓိ၊ ဣ၊ မဂ်။ (၁၀)

(ဃ) ဧတံ ဝေဒိတဗ္ဗံ–၌–

ဧတံ–အရ, တဗ္ဗ–အရ ပထမမဟာကုသိုလ်စိတ်ဟူသော အာရုံပစ္စည်းတရားသည်–
ဝိဒ–ဓာတ်အရ ဉာဏ်အား အာရမ္မဏ–ပြု။ ပြိုင်–အာ၊ ဓိ၊ ဥ၊ (၃)

(စ) သမ္ပယောဂေါ +လဗ္ဘတိ–၌–

သမ္ပယောဂေါ–အရ, တေ–ဝိဘတ်အရ သမ္ပယုတ်ဖြစ်သော စိတ်စေတသိက်အာရုံ ပစ္စည်းတရားသည်–
လဘ–ဓာတ်အရ ဉာဏ်ပြဋ္ဌာန်းသော ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အားအာရမ္မဏ–ပြု။ ပြိုင်–အာ၊ ဓိ၊ ဥ၊ (၃)

========+========

## ဝါကျဥယျာဉ် (၉၃)

(က) ဧတ္တာဝတာစ ကိံ ကထိတံ?

(ခ) ကာမာဝစရကုသလေသု သောမနဿသဟဂတံ တိဟေတုကံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကံ မဟာစိတ္တံ ကထိတံ။

(ဂ) ကတမေ ဓမ္မာ ကုသလာတိ ဟိ အနိယမိတပုစ္ဆာယ စတုဘူမကကုသလံ ဂဟိတံ။

(ဃ) "ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတီ"တိ ဝစနေန ပန တေဘူမကကုသလံ ပရိစ္စဇိတွာ အဋ္ဌဝိဓံ ကာမာဝစရကုသလမေဝ ဂဟိတံ။

(င) "သောမနဿသဟဂတ"န္တိ ဝစနေန တတော စတုဗ္ဗိဓံ ဥပေက္ခာသဟဂတံ ပရိစ္စဇိတွာ စတုဗ္ဗိဓံ သောမနဿသဟဂတမေဝ ဂဟိတံ။

(စ) "ဉာဏသမ္ပယုတ္တ"န္တိ ဝစနေန တတော ဒုဝိဓံ ဉာဏဝိပ္ပယုတ္တံ ပရိစ္စဇိတွာ ဒွေ ဉာဏသမ္ပယုတ္တာနေဝ ဂဟိတာနိ။

ဋ္ဌ၊၁၁၂၊ မူလဋီ၊၆၉၊ ယောဇနာ၊၈၅၊ ပြည်သျှ၊၄၅၂၊ ဘာသာဋီ၊၂၉၄၊ ကျော်စံ–ဂဏ္ဌိ၊၂၅၂၊ မင်းခင်းဂဏ္ဌိ၊၃၇၇၊

====================

http://www.dhammadownload.com



( ၁ )

(က) ဗွေဂ်ဝတာ ဗွေကေန-ဤမျှတည်းသော။ ဝစနတ္တမေန-ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ-ဟူသောစကားအစဉ်ဖြင့်။ ကိံ အတ္ထဇာတံ-အဘယ်သဘောကို (ဝါ) ကိံ စိတ္တံ-အဘယ်စိတ်ကို။ ဘဂဝတာ-သည်။ ကထိတံ-နည်း။ (ပြည်သျှ။)

(ဂ) ဟိ-ချဲ့။

(ဃ) ပန-အထူးကိုဆိုဦးအံ့။ (ပြည်သျှ) ပန-ကား။ (ဘာသာဋီ)

( ၂ )

(က)ပုစ္ဆာ။ (ခ) ဝိဿဇ္ဇနာ။ (ကျမ်းတက်လွယ်ပြီ)

(ဂ)သို့ ဋ္ဌပနာဘောဂါဒိပဥ္စက

ဆရာ-သည် (ခ)ဝါကျဖြင့် ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ-ဟူသော ဤပါဠ်ဖြင့် ကာမာဝစရကုသိုလ်တို့တွင် သောမနဿသဟဂုတ် တိဟိတ် ဉာဏသမ္ပယုတ် အသင်္ခါရိကမဟာကုသိုလ်စိတ်ကို မြတ်စွာဘုရားဟောကြားတော်မူအပ်၏ဟု အကျဉ်း အားဖြင့်ပြ ဆိုတော်မူ၏။ ထို-သော် ယင်းကာမာဝစရံ-စသောပါဠ်ဖြင့် (လ) ဟောကြားတော်မူအပ်၏ ဟူသောစကားသည် အကျဉ်းသဒ်ေပမျှသာဖြစ်၍ ခွဲခြမ်းစိတ်ဖြာ၍ အကျယ်မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော စသည်တက်။ (ဂ)ဝါကျဆိုသော်လည်း (ဃ,င,စ,တို့ကိုပါမျှော်တက်ရသည်။)

(ဃ)ပါပနာဒိပဥ္စက

ဆရာ-သည် (ဂ)ဖြင့် "ကတမေ ဓမ္မာ ကုသလာ"ဟူသော အနိယမိတပုစ္ဆာဖြင့် ဘုံလေးပါး၌ ဖြစ်ကုန်သောကုသိုလ်ကိုယူအပ် ဟောအပ်၏ဟုဆိုတော်မူ၏။ ထို-သော် "ကတမေ ဓမ္မာ ကုသလာ"ဟူ သော ပုစ္ဆာဖြင့် ယူအပ်သောအနက်ကိုသာ (ဝါ) စိတ်ကိုသာ သိအပ်၏ဟူသောအနက်သည်ရောက်ရာ၏။ စင်-ကား-မရောက်သင့်။ ထိုသို့-ကြောင့် "ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ"ဟူသော ပါဠ်ဖြင့် ယူအပ် ဟောအပ်သောအနက်တို့ကိုလည်း (ဝါ)စိတ်ကိုလည်းပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့်။ အဗျာပိတ အပရိပုဏ္ဏ-၏။ "ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ"ဟူသော ပါဠ်ဖြင့် ယူအပ်, ဟောအပ်သောအနက်ကား (ဝါ) စိတ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

(တနည်း:) ဋ္ဌပနာ-တူ၏။ ထို-သော် ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ-ဟူသော ပါဠ်ဖြင့်လည်း ဘုံလေးပါး၌ဖြစ်သော ကုသိုလ်ကိုပင် ယူအပ်-ဟောအပ်၏ဟူသောအနက်သည် ရောက်ရာ၏။ (လ) အတိဗျာပိတ ဒေါသတင်တက်လေ။ (နောက်နည်းကား ကာမာဝစရကုသလမေဝ-၌ ဧဝ-ကို ရှု၍တက်သည်)

(င)သို့ ဋ္ဌပနာဘောဂါဒိပဥ္စက

ဆရာ-သည် (ဃ)ဖြင့် ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ-ဟူသောပါဠ်ဖြင့် ရှစ်ပါး အပြားရှိသော ကာမာဝစရကုသိုလ်ကိုသာလျှင် ယူအပ်-ဟောအပ်၏-ဟုဆိုတော်မူ၏။ ထို-သော် သောမနဿသဟဂတံ-ဟူသောပါဠ်ဖြင့် ယူအပ်,ဟောအပ်သော အနက်ကို (ဝါ)စိတ်ကို မသိအပ်,မသိနိုင် ရာသည်မဟုတ်ပါလော-စသည် ပက္ခန္တရ-ထုံးစံ အတိုင်းတက်။ (ဧဝ-ရှု၍ တနည်းတက်နိုင်သည်)

(စ)ဖြင့် ဉာဏသမ္ပယုတ္တံ-ဟူသောပါဠ်ဖြင့် ယူအပ်,ဟောအပ်သောစိတ်ကိုပြသည်။ (ကျမ်းတက်လွယ်ပြီ)

http://www.dhammadownload.com



( ၃ )

(ခ) ဝိသဒ္ဓနာဝါကျ။ အဗျာပိတအပရိပုဏ္ဏပယ်။

(ဂ) ဝိတ္တာရ၊ ပုနရုတ္တိ၊ ဝိရောဓိပယ်။

(ဃ) ပက္ခန္တရ၊ အဗျာပိတ အပရိပုဏ္ဏပယ်။ (တနည်း) အတိဗျာပိတပယ်။ (ဓေကိုရှုဖြေ)

(င) ပက္ခန္တရ။ အဗျာပိတ၊ အပရိပုဏ္ဏပယ်။ (တနည်း) အတိဗျာပိတပယ်။ (ဓေကိုရှုဖြေ)

(စ) ပက္ခန္တရ၊ အဗျာပိတ၊ အပရိပုဏ္ဏပယ်။ (တနည်း) (အတိဗျာပိတပယ်။ (ဓေကိုရှုဖြေ)

( ၄ )

စတ္တာရော ဝိဓာ ပကာရာ ယဿာတိ စတုဗ္ဗိဓံ။ (စတု+ဝိဓ+ယ)

✔ လေးပါးကုန်သော အပြားတို့၏+ ဥပေက္ခာသဟဂုတ်စိတ်နှင့် ပကာရ+ပကာရဝန္တ၊ အစိတ်+အပေါင်းစပ်ဗျူ-နိ။

✔ လေးပါးကုန်သောအပြားရှိသည်၏အဖြစ်တည်းဟူသောဂုဏ်သည်၊

(တနည်း) လေးပါးကုန်သော အပြားရှိသော ဥပေက္ခာသဟဂုတ်စိတ်တို့၏ တစ်ခုသည်-ဇာတ်သည် ပ-နိ။

( ၅ )

ဇွေဝတာ-ကား နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ အာ-ကာရန္တ။

ကိံ-ကား သဗ္ဗနာမ်ပုဒ်၊ နပုံ၊ စိတ္တာဒိ၊ နိဂ္ဂဟိတန္တ။

အနိယမိတပုစ္ဆာယ-ကား သမာသ်နာမ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ-ကာရန္တ။

ပရိစ္ဆိတွာ-ကား နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ အာ-ကာရန္တ။

ဒုဝိဓံ-ကား သမာသ်နာမ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ-ကာရန္တ။

( ၆ )

(ဂ)ဖြင့် ကတမေ ဓမ္မာ ကုသလာ-ဟူသော အနိယမိတ ပုစ္ဆာဝါကျ၏အရ စတုဘူမကကုသိုလ်ကိုယူ-သိစေ။

(ဃ)ဖြင့် ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ-ဟူသော ပါဠ်အရ ကာမာဝစရကုသိုလ် စိတ် ၈-ခုကိုသာ ယူရမည်ဟုသိစေသည်။ (င)(စ)-လွယ်ပြီ။

( ၇ )

(ဂ)ဗိ-ကား ဗိတ္ထာရဇောတက။

(ဃ)ပန-ကား ဝိသေသတ္ထ၊ (တနည်း) ပက္ခန္တရဇောတက။

(ဃ)ကာမာဝစရကုသလမေဝ-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထစသည်-

✔ ကာမာဝစရကုသိုလ်စိတ်ရှစ်ခုသည် ဂဟေတဗ္ဗတ္ထ။

✔ အထက်ဘုံသုံးပါး၌ဖြစ်သောကုသိုလ်သည် နိဝတ္တေတဗ္ဗတ္ထ။

(င) သောမနဿသဟဂတမေဝ-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထစသည်-

✔ မဟာကုသိုလ် သောမနဿသဟဂုတ်စိတ်လေးခုသည် ဂဟေတဗ္ဗတ္ထ။

✔ မဟာကုသိုလ်ဥပေက္ခာသဟဂုတ်စိတ်လေးခုသည် နိဝတ္တေတဗ္ဗတ္ထ။

(စ) ဉာဏသမ္ပယုတ္တာနေဝ-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထစသည်-

✔ မဟာကုသိုလ်စိတ်သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်စိတ်နှစ်ခုသည် ဂဟေတဗ္ဗတ္ထ။

✔ မဟာကုသိုလ်သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်စိတ်နှစ်ခုသည် နိဝတ္တေတဗ္ဗတ္ထ။

http://www.dhammadownload.com



( ၈ )

(ဂ) ဂဟိတံ–၌ ဂဟာ–ဓာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကိုယူ၍–

✔ ထို–သည် ဒဿနတ္တ။

✔ ဒေသေတဗ္ဗဖြစ်သော စတုဘူမကကုသိုလ်သည်၄င်း, မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် သဗ္ဗညုတဉာဏ်တို့သည်၄င်း ဒီပကတ္တ။

✔ ကတမေဓမ္မာ ကုသလာ–ဟူသော ဝစီဘေဒသဒ္ဒါသည် ပကာသနတ္တ။

✔ ပါရမီဉာဏ် ဝိပဿနာဉာဏ်စသည်သည် ဝိဘာဝတ္တ။

✔ ဝေနေယျတို့အား ဓမ္မဿဝနကုသိုလ်ဖြစ်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုး အဆက်ဆက်သည် အနုဘာဝတ္တ။

( ၉ )

ဥပေက္ခာသဟဂတံ–၌ ဥပေက္ခာဝေဒနာကိုယူ၍ လက္ခဏာဒိထုတ်။

( ၁၀ )

(စ) ဉာဏသမ္ပယုတ္တန္တိဝစနေန+ဂဟိတာနိ–၌–

✔ ဉာဏသမ္ပယုတ္တန္တိဝစနေန–အရ ဉာဏသမ္ပယုတ္တံ–ဟူသော ပါဠိကိုယူ။ ဂဟိတာနိ–၌ ဂဟာ–ဓာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်ကိုယူ ပကတူပ–ပြု။ (ပြိုင်–မရှိ။)

တတော+ဒုဝိခံ–၌–

✔ တတော–အရ သောမနဿသဟဂုတ်မဟာကုသိုလ်စိတ် ၄–ပါးကိုယူ။ ဒုဝိခံ–အရ သောမနဿသဟဂုတ် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၂–ပါးကိုယူ။ ပကတူပ–ပြု။

ဒုဝိခံ+ဉာဏဝိပ္ပယုတ္တံ–၌–

✔ ဒုဝိခံ–အရ အလောဘ, အဒေါသပစ္စည်းတရားသည်– ဉာဏဝိပ္ပယုတ္တံ–အရ သောမနဿသဟဂုတ်မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၂–ပါးအား သဟဇာတ–ပြု။ ပြိုင်–သဟကြီး–၄၊ အည၊ သမ္ပ၊ ဟေတု။ (၇)

ဉာဏဝိပ္ပယုတ္တံ ပရိစ္စဇိတ္ဝာ–၌–

✔ ဉာဏဝိပ္ပယုတ္တံ–အရ သောမနဿ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်နှစ်ခုသည်– ပရိစ္စဇိတွာ–၌ ပရိ–စဇ–ဓာတ်အရ မြတ်စွာဘုရား၏ဒေသနာဉာဏ်စိတ္တုပ္ပါဒ်အား အာရမ္မဏ– ပြု။ ပြိုင်– အာ၊ ဓိ၊ ဥ၊ (၃)

ဒွေ+ဉာဏသမ္ပယုတ္တာနေဝ–၌–

✔ ဒွေ–အရ အလောဘ အဒေါသ အမောဟတို့ကိုယူ– ဉာဏသမ္ပယုတ္တာနိ–အရ သောမနဿသဟဂုတ် မဟာကုသိုလ်ဉာဏသမ္ပယုတ် ၂–ခုကိုယူ–သဟဇာတ–ပြု။ ပြိုင်–သဟကြီး–၄၊ အည၊ သမ္ပ၊ ဟေ၊ ဓိ၊ ဣ၊ မဂ်။ (၁၀)

ဉာဏသမ္ပယုတ္တာနေဝ+ဂဟိတာနိ–၌-

✔ ဉာဏသမ္ပယုတ္တာနိ–အရ ဒေသေတဗ္ဗဖြစ်သော သောမနဿသဟဂုတ် မဟာကု–ဉာဏသံ ၂–ခုသည်– ဂဟိတာနိ–၌ ဂဟာ–ဓာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။ ပြိုင်–အာ၊ ဓိ၊ ဥ။ (၃)

=======+=======

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၉၄)

(က) အသင်္ခါရိကဘာဝေါ ပန အနာဘဋ္ဌတာယေ၀ န ဂဟိတော။

(ခ) ကိဥ္စာပိ န ဂဟိတော၊ ပရတော ပန "သသင်္ခါရေန"တိ ဝစနတော ဣဓ "အသင်္ခါရေန"တိ အဝုတ္တေပိ အသင်္ခါရိကဘာဝေါ ဝေဒိတဗ္ဗော။

(ဂ) သမ္မာသမ္ဗုဒ္ဓေါ ဟိ အာဒိတော၀ ဣဒံ မဟာစိတ္တံ ဘာဇေတွာ ဒဿေတုံ နိယမေတွာ၀ ဣမံ ဒေသနံ အာရဘီတိ ဝေမတ္တ သန္နိဋ္ဌာနံ ကတန္တိ ဝေဒိတဗ္ဗံ။

ဋ္ဌ၊၁၁၃၊ မူလဋီ၊၆၉၊ ယောဇနာ၊၈၅၊ ပြည်သျ၊၄၅၂၊ ဘာသာဋီ၊၃၊၉၅၊ ကျော်စံ–ဂဏ္ဌိ၊၂၅၂၊ မင်းခင်းဂဏ္ဌိ၊၃၇၇၊

( ၁ )

(က)ဝါကျ။ ။ ပန–ဆက်။ အသင်္ခါရိကဘာဝေါ–ကို။ ပါဠိယံ–၌။ အနာဘဋ္ဌတာယေ၀– ဘာသိတုံ အယုတ္တတ္တာဝေ–ဟောခြင်းငှါမသင့်သည်၏အဖြစ်ကြောင့်သာလျှင်။ ဒေသေတဗ္ဗဘာဝေန–ဖြင့်။ တတ္ထ–ထိုပထမစိတ္တနိဒ္ဒေသ၌။ နဂဟိတော–အပ်။

(တနည်း) ပါဠိယံ–၌။ အနာဘဋ္ဌတာယေ၀–ဘုရားမဟောအပ်သည်၏အဖြစ်ကြောင့်သာလျှင်။ အဋ္ဌကထာယံ–၌။ (ထည့်) နဂဟိတော–သင်္ဂါယနာဆရာတို့. မယူအပ်။ (ဝါ)ထိုအသင်္ခါရိကဟူသော ပုဒ်၏အနက်ကို မဖွင့်အပ်။ (ပြည်သျ။)

◆ အဓိပ္ပါယော ပန ပါဠိယံ အဘာသိတတ္တာ ဧဝ တတ္ထ ဒေသေတဗ္ဗဘာဝေန န ဂဟိတော န သင်္ဂဟိတော န တဿတ္ထေဿ အဘာဝါတိ။ အထဝါ ပါဠိယံ အနာဘဋ္ဌတာယ ဧဝ အဋ္ဌကထာယံ န ဂဟိတော န တဿတ္ထော ဝုတ္တော။ (မူလဋီ။၆၉။)

(ဂ) ဟိ–ယသ္မာ–ကြောင့်။ (တနည်း) ဟိ–သစ္စံ–မှန်။ သမ္မာသမ္ဗုဒ္ဓေါ–သည်။ (ပ) ဒဿေတုံ–ငှါ။ (ဣမဿ မဟာစိတ္တဿ–၏။ အသင်္ခါရိကဘာဝံ–ကို။) နိယမေတွာ၀–လျှင်။ (လ)

( ၂ )

### (က)ပါပနာဒိပဋ္ဌက စောဒနာ

ဆရာ–သည် ရှေး၌ (စာမျက်နှာ–၁၁၂–၌ဟူလို) အသင်္ခါရိကံ မဟာစိတ္တံ–ဟု ဆိုတော်မူ၏။ ထို–သော် ပါဠိတော်၌ပင် အသင်္ခါရိကံ မဟာစိတ္တံ–ဟု လာ၏(ဟော၏)ဟူသောအနက်သည် ရောက်ရာ၏။ စင်–ကား–မရောက်သင့်။ ထိုသို့–ကြောင့် ပါဠိတော်၌ အသင်္ခါရိကအဖြစ်ကိုယူအပ်, မယူအပ် (ဝါ) ဟောအပ်, မဟောအပ် အဆုံးအဖြတ်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့်။ နေချေသော် သံ၀ဏ္ဏေတဗ္ဗ+သံဝဏ္ဏနာ ဆန့်–ဝိရောဓိ–၏။ ပါဠိတော်၌ အသင်္ခါရိကအဖြစ်ကိုယူအပ် မယူအပ် (ဟောအပ်,မဟောအပ်) အဆုံးအဖြတ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (က)မိန့်။

### (ခ) ဋ္ဌပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် (က)ဝါကျဖြင့် အသင်္ခါရိကအဖြစ်ကို ပါဠိတော်၌ ဟောခြင်းငှါ မသင့်သည်၏ အဖြစ်ကြောင့် မယူအပ်, မဟောအပ်ဟု ဆိုတော်မူ၏။ ထို–သော် ပဌမ မဟာကုသိုလ်စိတ်၏ သသင်္ခါရိက အဖြစ်ကို မှတ်သင့်ရာသည် မဟုတ်ပါလော။ ထို–ကြောင့်–မဆိုသင့်။ ပဌမမဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ်, သသင်္ခါရိကအဖြစ်ကို ပြဆို (ဆုံးဖြတ်)သင့်သေး၏။–အဆုံးအဖြတ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။

အဓိပ္ပါယ်ကား (ခ)ဖြင့် ပဌမ မဟာကုသိုလ်စိတ်၏အသင်္ခါရိကအဖြစ်ကို သိမှတ်အပ်ပါ၏ဟူလို။

http://www.dhammadownload.com



(ဂ) ဌပနာဘောဂါဒိပဥ္စက

ဆရာ–သည် (ခ)ဝါကျဖြင့် ပထမမဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ်ကို သိမှတ်အပ်၏–ဟုဆိုတော်မူ၏။ ထို–သော် ဤပထမမဟာကုသိုလ်စိတ်၏ နိဒ္ဒေသ၌ အသင်္ခါရိကေန–ဟူ၍ ဘုရားရှင်မဟောအပ်သည် မဟုတ်ပါလော။ ထို–ကြောင့်–မဆိုသင့်။ ပထမမဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ်ကို သိမှတ်ရခြင်း၏ (ဝါ)ဆုံးဖြတ်ရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် ပထမမဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ်ကို သိမှတ်အပ်ပါသနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

အဓိပ္ပါယ်ကား။ ။မြတ်စွာဘုရားသည် မဟောမိလက်မွန်အစ၌ပင် ဤပထမမဟာကုသိုလ် စိတ်ကို ဝေဘန်ပြခြင်းငှါ ဤပထမမဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ်ကို မှတ်၍သာလျှင် ဤဒေသနာကို အားထုတ်တော်မူသည်၏အဖြစ်ကြောင့် ဤပထမမဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ်ကို သိမှတ်အပ်ပါ၏ (ဝါ)ဆုံးဖြတ်အပ်ပါ၏ဟူလို။

( ၃ )

(ခ)ဝါကျ ကိဋ္ဌာပိ–ထားရခြင်း

"ကိဋ္ဌာပိလှန်း၊ တစ်ခြမ်းဝန်ခံ၊ ပယ်လှန်တစ်ဝ၊ ဖြေဘို့ပြ" (ရွှေ။၆၇။)နှင့်အညီ အသင်္ခါရိက အဖြစ်ကို ပါဠိတော်၌ မယူအပ်သည်ကားမှန်၏–ဟု စောဒကပုဂ္ဂိုလ်၏ စကားတစ်ခြမ်း တစိတ်တဒေသ ကို ဝန်ခံ၍ နောက်၌ သသင်္ခါရေန–ဟူ၍ ဟောတော်မူသောကြောင့် ဤစိတ်၏ အသင်္ခါရိကအဖြစ်ကို သိရမည်ဟု ဖြေဆိုကာ စောဒကစကားအယူအဆကို ပယ်ချလိုသောကြောင့် (ခ)ဝါကျ၌ ကိဋ္ဌာပိ–ထားသည်။

( ၄ )

**အာဘရိယတီတိ အာဘဋ္ဌော။ (ယောဇနာ။၈၅။) (အာ–ဘရဓာတ်+တ။ ဆောင်ခြင်း။)**

**(တနည်း) အာဘာသိယတေတိ အာဘဋ္ဌော။ (ဘာသာဋီကာ)(အာ–ဘာသဓာတ်+တ။ဟောခြင်းကြိယာ)**

**န+အာဘဋ္ဌော အနာဘဋ္ဌော။ အနာဘဋ္ဌဿ+ဘာဝေါ အနာဘဋ္ဌတာ။ (တာယ)**

- ✔ မဟောကြားအပ်သောစကား၏+မဟောကြားအပ်သည်၏အဖြစ်တည်းဟူသောဂုဏ်နှင့် ဂုဏေး+ဂုဏ်စပ်ဗျု–နိ။
- ✔ မဟောကြားအပ်သည်၏အဖြစ်တည်းဟူသောဂုဏ်သည် ပ–နိ။

**"ဝစနတ္ထမှတ်ဘွယ်"**

**(က) သင်္ခရောတီတိ သင်္ခါရော။ နတ္ထိ သင်္ခါရော ယဿာတိ အသင်္ခါရံ။**
**အသင်္ခါရမေဝ အသင်္ခါရိကံ။**

- ✔ အသင်္ခါရပုဒ်+ဏိက–၄င်း၊ သင်္ခါရမရှိခြင်း၏+ပထမမဟာကုသိုလ်စိတ်နှင့် ဂုဏ်+ဂုဏေးစပ်–၄င်း ဗျု–နိ။
- ✔ သင်္ခါရမရှိခြင်းဂုဏ်သည် (တနည်း)ပထမမဟာကုသိုလ်စိတ်၏တစ်ခုသည်–ဓာတ်သည် ပ–နိ။

( ၅ )

(က) အနာဘဋ္ဌတာယ–ကား ဘာဝတဒ္ဓိတ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ–ကာရန္တ။
ကိဋ္ဌာပိ–ကား နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဣ–ကာရန္တ။
ပရတော, အာဒိတော–တို့ကား နိပါတ်ပုဒ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဩ–ကာရန္တ။

(ဂ) အာဒိ–ကား ကိတ်နာမ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။
ဒဿေတုံ–ကား နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ နိဂ္ဂဟီတန္တ။
ဣမံ–ကား သဗ္ဗနာမ်၊ ဣတ္ထိလိင်၊ (ဒေသနံ–ကိုင်) ကညာဒိ၊(သဗ္ဗနာမ်) အာ–ကာရန္တ။

http://www.dhammadownload.com



( ၇ )

(က)အနာဘဋ္ဌတာယေ၀–၌ ဧ၀–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ ပါဠိ၌ဟောခြင်းငါ့မသင့်သည်၏ အဖြစ်တည်းဟူသောအကြောင်းသည် ဂဟေတဗ္ဗတ္ထ။
✔ တစ်ပါးသောအကြောင်းသည် နိ၀တ္တေတဗ္ဗတ္ထ။

(ဂ) အာဒိတော၀–၌ ဧ၀–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ မဟောမီလက်မွန်အစ ရှေးကာလသည် ဂဟေတဗ္ဗတ္ထ။
✔ ဟောဆဲကာလ, ဟောပြီးကာလသည် နိ၀တ္တေတဗ္ဗတ္ထ။

နိယမေတွာ၀–၌ ဧ၀–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ (ပထမမဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ်ကို)မှတ်ခြင်း–နိယမနကြိယာသည် ဂဟေတဗ္ဗတ္ထ။
✔ မမှတ်ခြင်း–အနိယမကြိယာသည် နိ၀တ္တေတဗ္ဗတ္ထ။
✔ မှတ်တတ်သည်၏အဖြစ်တည်းဟူသောဂုဏ်သည် အနုညာတတ္ထ။

ဥပသဂ္ဂတ္ထ၊ နိပါတတ္ထများ

(က) ပန–ကား ဝါကျာရမ္ဘဇောတက။
(ခ) ကိဉ္စာပိ–ကား ဂရဟာဇောတက။
ပန–ကား သမ္ဘာ၀နာဇောတက။ အနုဂ္ဂဟဇောတက။
(ဂ) ဟိ–ကား ကာရဏဇောတက။ (ပြည်သျှ) ကာရဏ၊ ဒဠှီကရဏဇောတက။(ဘာသာဋီကာ)

( ၈ )

(ဂ) အာရဘိ–၌ အာပုဗ္ဗ–ရဘဓာတ်အရ ဝီရိယရှေ့သွားရှိသော ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုယူ၍

✔ ထို–သည် ဒဿနတ္ထ။
✔ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် သဗ္ဗညုတဉာဏ်တို့သည် ဒီပကတ္ထ။
✔ ကာမာ၀စရဲ ကုသလံ စိတ္တံ–အစရှိသော ဒေသနာတော်တည်းဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။
✔ ပါရမီဉာဏ် ဝိပဿနာဉာဏ်–စသည်သည် ဝိဘာ၀တ္ထ။
✔ ဓမ္မဿ၀နကုသိုလ်ဖြစ်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင် အကျိုးအဆက်အဆက်သည် အနုဘာ၀တ္ထ။

အမှာ။ ။ ဒဿေတုံ–၌ ဒိသ–ဓာတ်အရ ဆန္ဒရှေ့သွားရှိသော ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုယူ၍ထုတ်။

(ခ)၌ သိဒ္ဓေယျသိဒ္ဓိ

နောက်ဖြစ်သော ဒုတိယစိတ္တနိဒ္ဒေသ၌ "သသင်္ခါရေန "ဟူသော သဒ္ဒန္တရိုက်ကြောင့် ဤပထမ စိတ္တနိဒ္ဒေသ၌ ပထမမဟာကုသိုလ်စိတ်၏ အသင်္ခါရိကအဖြစ် ပြီးသောကြောင့် (ဝါ) အသင်္ခါရိကဟူ၍ သိရသောကြောင့် (ခ)ဝါကျ၌ သိဒ္ဓေယျသိဒ္ဓိရသည်။

( ၉ )

(ဂ)ဣဒံ မဟာစိတ္တံ–အရ ပထမမဟာကုသိုလ်စိတ်ကိုယူ၍ ထုတ်။

http://www.dhammadownload.com



( ၁၀ )

(ဂ)ဣဒံ မဟာစိတ္တံ+ဘာဝေတွာ–၌–

✔ ဣဒံ မဟာစိတ္တံ–အရ ပဌမ မဟာကုသိုလ်စိတ်သည်–
ဘာဝေ–ဓာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။ ဖြိုင်–အာ၊ မိ၊ ၉။ (၃)

ဣမံ ဒေသနံ+အာရဗ္ဘ–၌–

✔ ဣမံဒေသနံ–အရ ပဌမ မဟာကုသိုလ်စိတ်ဟူသော ဒေသေတဗ္ဗဓမ္မသည်–
အာ–ရဘ–ဓာတ်အရ ဝိရိယဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိ–ဉာဏသံ– စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။
(တနည်း) အာ–ရဘ–ဓာတ်အရ က–
ဣမံဒေသနံ–အရ ကာမာဝစရံ ကုသလံ–စသော ဝစီဘေဒသဒ္ဒအား သဟဇာတ–ပြု။
ဖြိုင်–သဟကြီး–၄၊ ဝိပ္ပယုတ္တ၊ သဟငယ်–၇။ ယထာရုဟ (၁၂)

=======+=======

## ဝါကျဥယျာဉ် (၉၅)

(က) ဣဒါနိ တမေဝ စိတ္တံ အာရမ္မဏတော ဒဿေတုံ "ရူပါရမ္မဏံ ဝါ"တိ အာဒိမာဟ။

(ခ) ဘဂဝါ ဟိ အရူပဓမ္မံ ဒဿေန္တော ဝတ္ထုနာ ဝါ ဒဿေတိ အာရမ္မဏေန ဝါ ဝတ္ထာရမ္မဏေဟိ ဝါ သရသဘာဝေန ဝါ။

(ဂ) "စက္ခုသမ္ဖဿော။ပ။မနောသမ္ဖဿော။ စက္ခုသမ္ဖဿဇာ ဝေဒနာ။ပ။ မနောသမ္ဖဿဇာ ဝေဒနာ။ စက္ခုဝိညာဏံ။ပ။ မနောဝိညာဏ"န္တိ အာဒီသု ဟိ ဝတ္ထုနာ အရူပဓမ္မာ ဒဿိတာ။ "ရူပသညာ ။ပ။ဓမ္မသညာ။ ရူပသဉ္စေတနာ။ပ။ဓမ္မသဉ္စေတနာ"တိ အာဒီသု အာရမ္မဏေန။ "စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊တိဏ္ဏံ သင်္ဂတိ ဖဿော။ပ။မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော"တိအာဒီသု ဝတ္ထာရမ္မဏေဟိ။ "အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ။ သင်္ခါရပစ္စယာ ဝိညာဏ"န္တိ အာဒီသု သရသဘာဝေန အရူပဓမ္မာ ဒဿိတာ။

(ဃ) ဣမသ္မိံ ပန ဌာနေ အာရမ္မဏေန ဒဿေန္တော "ရူပါရမ္မဏံဝါ"တိ အာဒိမာဟ။

ဋ္ဌ။၁၁၃။ မူလဋီ။၆၉။ ယောဇနာ။၈၅။ ပြည်သျှ။၄၅၂။ ဘာသာဋီ။၃။၉၆။ ကျော်စံ–ဂဏ္ဌိ။၂၅၃။ မင်းခင်းဂဏ္ဌိ။၃၇၈။

=========================

( ၁ )

(က) ဣဒါနိ–(ဉာဏသမ္ပယုတ်အဖြစ်ကိုပြပြီးရာ) ယခုအခါ၌။

(ခ) ဟိ–သစ္စံ–မှန်၏။ပ။ သရသဘာဝေနဝါ–မိမိ၏ကိစ္စ၏အဖြစ်ဖြင့်မူလည်း။

(တနည်း) သရဘာဝေနဝါ–မိမိ၏ဉာဏ်ဖြင့်သိအပ်သော သဘောဖြင့်မူလည်း။ ဒဿေတိ–၏။

(သရသသဘာဝေနဝါ–ဟုပါဌ်ရှိမူ=မိမိ၏ကိစ္စ,မိမိ၏သဘောဖြင့်မူလည်း။ ဒဿေတိ–၏။ ဟုပေး။ ပြည်သျှ။)

◆"သရသသဘာဝေနာ"တိပိ ပါဌော၊ သောယေဝ အတ္ထော။
အဝိဇ္ဇာပစ္စယာတိဝါ သရသေန၊ သင်္ခါရာတိ သဘာဝေန။ (မူလဋီ။၆၉။)

(ဂ) ဟိ–ချဲ့အံ့။

(ဃ) ပန–ဆက်။ ဣမသ္မိံဌာနေ–ဤပဌမမဟာကုသိုလ်စိတ်၏အရာ၌။

http://www.dhammadownload.com


( ၂ )

(ခ)ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (က)ဖြင့် ဤယခုအခါ၌ ထိုပထမမဟာကုသိုလ်စိတ်ကိုသာလျှင် အာရုံအားဖြင့် ပြခြင်းငှါ ရူပါရမ္မဏံဝါ–စသော စကားကို ဟောတော်မူ၏–ဟုဆိုတော်မူ၏။ ထို–သော် ဆရာ့စကားသည် ယုတ္တိကင်းပ ဒဋ္ဌိယမျှသာဖြစ်၍ လှုပ်ရှားမခိုင် ယိုင်သည်မဟုတ်ပါလော။ ထို့–ကြောင့်–မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတက်သော ယုတ္တိသဘာဝဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သေး၏။ပ။ စုဒ်ကြောင့် (ခ)မိန့်။

(တနည်း) ဌပနာတူ၏။ ထို–သော် ထိုပထမမဟာကုသိုလ်စိတ်ကို အာရုံအားဖြင့်ပြဆိုပုံကို အကျယ်အားဖြင့် မသိအပ်မသိနိုင်ရာသည်မဟုတ်ပါလော။–စသည်တက်။

မှတ်ချက်။ ။ ပြည်နိသျ၊ ဘာသာဋီကာတို့အလို ဒဋ္ဌိကရဏ။ မင်းခင်းဂဏ္ဌိအလို ဝိတ္ထာရ။ ဒဋ္ဌိကာရဏကြံနိုက်(ခ)ဝါကျကိုသာမျှော်တက်။ ဝိတ္ထာရကြံနိုက် (ခ)(ဂ)(ဃ)ဝါကျအားလုံးကိုမျှော်တက်။

(ဂ)ပါပနာဒီပဋ္ဌက

ဆရာ–သည် (ခ)ဖြင့် မြတ်စွာဘုရားသည် နာမ်တရားကိုပြတော်မူသည်ရှိသော် ဝတ္ထု၊အာရုံ၊ ဝတ္ထုအာရုံ၊သရသဘာဝ–တို့ဖြင့် ပြတော်မူသောဟုဆိုတော်မူ၏။ ထို–သော် နာမ်တရားကို ဝတ္ထု၊အာရုံ၊ ဝတ္ထုအာရုံ၊သရသဘာဝ–တို့ဖြင့် ပြဆိုပုံကို အသီးအသီးခွဲခြမ်းစိတ်ဖြာ၍ အကျယ်မသိအပ်, မသိနိုင်ဟူသော အနက်သည် ရောက်ရာ၏။ စသည်တက်။

(ဂ)ဝါကျ၌ ဝါကျအစိတ်အပိုင်း ၄–ခုပါရှိရာတွင်–

✔ စက္ခုသမ္ဘသော။ပ။ဝတ္ထုနာ အရူပဓမ္မာ ဒဿိတာ–ဖြင့် ဝတ္ထုနာ၏အကျယ်ကိုပြသည်။

✔ ရူပသညာ။ပ။အာရမ္မဏေန–ဖြင့် အာရမ္မဏေန၏အကျယ်ကိုပြသည်။

✔ စက္ခုဉ္စ ပဋိစ္စ။ပ။ဝတ္ထာရမ္မဏေဟိ–ဖြင့် ဝတ္ထာရမ္မဏေဟိ၏အကျယ်ကိုပြသည်။

✔ အဝိဇ္ဇာပစ္စယာ။ပ။သရသဘာဝေန အရူပဓမ္မာ ဒဿိတာ–ဖြင့် သရသဘာဝေန–၏ အကျယ်ကို ပြသည်။ (ရှေး+နောက်ထောက်ဆ ပက္ခ+ပက္ခန္တရခွဲ။ ကျမ်းတက်လွယ်ပြီ။)

(ဃ) ပါပနာဒီပဋ္ဌက စောဒနာ

ဆရာ–သည် (ခ)(ဂ)ဝါကျတို့ဖြင့် မြတ်စွာဘုရားသည်နာမ်တရားကိုပြတော်မူသည်ရှိသော် ဝတ္ထုဖြင့်သော်၎င်း, အာရုံဖြင့်သော်၎င်း, ဝတ္ထုအာရုံတို့ဖြင့်သော်၎င်း,သရသဘာဝဖြင့်သော်၎င်း ပြတော်မူသောဟု ဆို၏။ ထို–သော် ဤပထမမဟာကုသိုလ်စိတ်အရာ၌ ပထမမဟာကုသိုလ်စိတ်ကို ဝတ္ထု–စသည်တို့ဖြင့်လည်း ပြတော်မူ၏ဟူသောအနက်သည် ရောက်ရာ၏။ စင်–ကား–မရောက်သင့်။ ထိုသို့–ကြောင့် ဤပထမမဟာကုသိုလ်စိတ်အရာ၌ ပထမမဟာကုသိုလ်စိတ်ကို ဤမည်သောတရားဖြင့် ပြတော်မူ၏ဟု တိကျစွာပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့်။နေချေသော်–အတိဗျာပိတ–၏။ ဤ–အရာ၌ ပထမမဟာကုသိုလ်စိတ်ကို အဘာယ်တရားဖြင့် ပြပါသနည်း။ (ဝါ)အဘာယ်တရားဖြင့်ပြလိုသည်ဖြစ်၍ ရူပါရမ္မဏံ ဝါ စသော စကားကို မြတ်စွာဘုရားဟောတော်မူသနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

အဓိပ္ပါယ်ကား။ ။ ဤအရာ၌ ပထမမဟာကုသိုလ်စိတ်ကို အာရုံတရားဖြင့် ပြ၏ဟူလို။ (ဝါ)အာရုံတရားဖြင့်ပြလိုသည်ဖြစ်၍ ရူပါရမ္မဏံ ဝါစသော စကားကို ဘုရားရှင်ဟောတော်မူ၏ ဟူလို။

( ၃ )

(ခ) ဖြင့် ဝိရောဓိပယ် (ဒဋ္ဌိကြံနိုက်) ပုနရုတ္တိ,ဝိရောဓိ–ပယ် (ဝိတ္ထာရကြံနိုက်)

(ဂ) ဖြင့် ပုနရုတ္တိ, ဝိရောဓိပယ်။

(ဃ) ဖြင့် အတိဗျာပိတပယ်။

(ခ)၌ အနိယမတ္ထ, ဝိကပ္ပနတ္ထကို ပြလိုသောကြောင့် ဝါ–သဒ္ဒါ ၄–ခု ထားသည်။

http://www.dhammadownload.com



( ၄ )

* ရသိတဗ္ဗော ဝိညာတဗ္ဗောတိ ရသော။ ရသ+အ။

* သသ္သ အတ္တနော+ရသော သရသော။ ဘာဝိယတိ လက္ခိယတိ တေနာတိ ဘာဝေါ။

* သရသော ဘာဝေါ သရသဘာဝေါ။ (ပြည်သျှ။ မင်းခင်းဂဏ္ဍီ။)

✔ မိမိကိစ္စ၏+အဖြစ်ဟုဆိုအပ်သောဂုဏ်နှင့် (ဝါ)မိမိကိစ္စဟုသိကြောင်းနှင့် ဂုဏ်+ဂုဏေးစပ် ဗျူ–နိ။

✔ မိမိကိစ္စ၏+အဖြစ်ဟုဆိုအပ်သောဂုဏ်သည် ပ–နိ။

(တနည်း)ရသိတဗ္ဗော ဝိညာတဗ္ဗောတိ ရသော။ သကော ရသော သရသော။

* သရသော စ သော ဘာဝေါစာတိ သရသဘာဝေါ။ (ဘာသာဋီကာ)

"ဝစနတ္ထမှတ်ဘွယ်"

(က) ဒဿိယတေ ဒဿိတုံ။ (မဏိမဥ္ဇူ။၁။၃၃။)

* ဝသန္တိ ဧတ္ထာတိ ဝတ္ထု။ (ဝသ+ရတ္ထု။ မှီနေခြင်းကြိယာ။)

* ဝတ္ထုဝိယာတိ ဝတ္ထု။ (တေန)

✔ ပသာဒဝတ္ထု၏+မနောဒွါရနှင့် သဒိသ+သဒိသီစပ် ဗျူ–နိ။

✔ ပသာဒဝတ္ထုနှင့် တူသည်၏အဖြစ်တည်းဟူသော သဒိသဘောဂုဏ်သည် ပ–နိ။

( ၅ )

(ခ) ဘဂဝါ–ကား တဒ္ဓိတ်ပုဒ်၊ ပုလိင်၊ ဂုဏဝါဒီ၊ ဥ–ကာရန္တ။

ဒဿေတိ–ကား အာချာတ်၊ အလိင်၊ ဘူဝါဒီ၊ အ–ကာရန္တ။

ဝတ္ထုနာ–ကား နာမပဒ၊ နပုံ၊ ဝိတ္ထာဒီ၊ ဥ–ကာရန္တ။

ဒဿေန္တော–ကား ကိတ်နာမ်၊ ပုံလိင်၊ ဂစ္ဆန္တာဒီ၊ အ–ကာရန္တ။

ပဋိစ္စ–ကား နိပါတ် (တနည်း) ကိတ်အဗျယ၊ အလိင်၊ ဂဏဝိမုတ်၊ အ–ကာရန္တ။

( ၇ )

(က) တမေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ ပထမမဟာကုသိုလ်စိတ်သည် ဂဟေတဗ္ဗတ္ထ။

✔ ပထမမဟာကုသိုလ်စိတ်မှတပါး တခြားသောစိတ်သည် နိဝတ္တေတဗ္ဗတ္ထ။

(က)ပါဠိတော် ရူပါရမ္မဏံဝါ–၌ ဝါ–ကား ဝိကပ္ပနတ္ထ, သမုစ္စယတ္ထ, အနိယမတ္ထ။

(ခ) ဟိ–ကား ဒဠှီကရဏဇောတက(ပြည်–ဘာသာဋီ)(တနည်း)ဝိတ္ထာရဇောတက။(မင်းခင်းဂဏ္ဍီ)
   ဝတ္ထုနာဝါ–စသည်၌ ဝါ–သဒ္ဒါတို့ကား ဝိကပ္ပနတ္ထ, အနိယမတ္ထ။

(ဂ) ဟိ–ကား ဝိတ္ထာရဇောတက။

(ဃ) ပန–ကား ဝါကျာရမ္ဘဇောတက။

( ၈ )

(က) အာဟ–၌ ဖြူ–ဓာတ်အရ ဘုရားရှင်၏ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုယူ။

(က) ဒဿေတုံ (ခ) ဒဿေန္တော ဒဿေတိ–တို့၌ ဟေတုကတ္တုဒ္ဓ–အရ ဘုရားရှင်၏ဒေသနာ
   ဉာဏ် စိတ္တုပ္ပါဒ်ကိုပင် ယူ၍ထုတ်။

http://www.dhammadownload.com



( ၉ )

မေး။ ။ စက္ခုသမ္ဘဿော။ပ။ကာယသမ္ဘဿော။ စက္ခုဝိညာဏံ။ပ။ကာယဝိညာဏံ–တို့၌ စက္ခုပသာဒစသည်တို့သည် ဝတ္ထုစင်စစ်ဖြစ်သောကြောင့် "ဝတ္ထုနာ အရူပမ္ပော ဒဿိတာ"ဟူသော စကားသည် သင့်တန်စေ၊ မနောသမ္ဘဿော မနောဝိညာဏံ–တို့၌ မနော–သည် ဝတ္ထုမဟုတ်၊ ဒွါရသာဖြစ်ခဲ့ရကား အသို့သင့်နိုင်ပါအံ့နည်းဟူမူ–

အဖြေ။ ။ စက္ခုသမ္ဘဿော စက္ခုဝိညာဏံ–စသည်တို့၌ ပသာဒရုပ်ဖြစ်သောဝတ္ထုစစ်ကို ဝတ္ထု–ဟုဆိုသည်။ မနောသမ္ဘဿော မနောဝိညာဏံ–စသည်တို့၌ကား မနောဒွါရကိုပင် ဝတ္ထုဟူ၍ ဆိုအပ်သည်ဖြစ်၍ သင့်၏ဟူလို။

(တနည်း) မနောဒွါရသည် နိဿိတ၊ ထိုနိဿိတဖြစ်သော မနောဒွါရ၏ မနော–ဟူသော အမည်ကို (နိဿယသဟာယဖြစ်သော ဟဒယဝတ္ထု၌တင်စား၍) နိဿယသဟာယဖြစ်သော ဟဒယဝတ္ထုကို (ကုန္တာပစရန္တိ–တို့ကဲ့သို့ ဌာန်ျပစာရအားဖြင့်) မနော–ဟုဆိုသည်ဖြစ်ရကား သင့်၏ဟူလို။

- ♦ မနောဝိညာဏန္တိ ဧတ္ထ ဒွါရံ ဝတ္ထုတိ ဝုတ္တံ၊ ဒွါရေန ဝါ တံ သဟာယဘူတံ ဟဒယဝတ္ထု ဝုတ္တံ။ (မူလဋီ။၆၉။) (ပြည်သျှ။၄၅၄။–ကိုလည်းရှု။)

( ၁၀ )

(ဂ) စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ–၌–

- ✔ စက္ခု–အရ စက္ခုပသာဒဝတ္ထုတရားက–
  စက္ခုဝိညာဏံ–အရ စက္ခုဝိညာဏ်အား ဝတ္ထုပုရေဇာတ–ပြု။
  ဖြိုင်။ ပုရေဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဝိပ္ပ၊ အတ္ထိ၊ အဝိ။ (၆)
- ✔ ရူပေ–အရ ရူပါရုံသည်–
  စက္ခုဝိညာဏံ–အရ စက္ခုဝိညာဏ်အား အာရမ္မဏ–ပြု။
  ဖြိုင်–အာရမ္မဏ၊ ပုရေ၊ အတ္ထိ၊ အဝိ။ (၄)
- ✔ စက္ခုဝိညာဏံ–အရ စက္ခုဝိညာဏ်သည်–
  ဥပ္ပဇ္ဇတိ–အရ သမ္ပယုတ်ဖြစ်သော သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါးအား သဟဇာတ–ပြု။
  ဖြိုင်။ သဟကြီး–၄၊ အညာ၊ သမ္ပ၊ ဝိပါက၊ အာဟာ၊ ဣံ။ (၉)

အဝိဇ္ဇာပစ္စယာ သင်္ခါရာ–၌–

(၁) အဝိဇ္ဇာ–သည် ပုညာဘိသင်္ခါရအား အာရမ္မဏ, ပကတူပ (၂)ပစ္စည်း။
  - ♦ ပုည–အားသာ၊ အဝိဇ္ဇာ၊ တပ်ရာ ၂–ပစ္စည်း။
  - ♦ အာရမ္မဏ၊ ပကတူပ၊ နှစ်ဝသရုပ်တည်း။

(၂) အဝိဇ္ဇာသည် အပုညာဘိသင်္ခါရ–အား
ဟေတု၊ သဟဇာတ၊ အညာ၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိ (၇)ပစ္စည်း။
အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ ဥပနိဿယ။ အာရမ္မဏ (၃)ပစ္စည်း။
အနန္တရ၊သမနန္တရ၊ဥပနိဿယ၊ အာသေ၊ နတ္ထိ၊ ဝိဂတ၊(အနန္တရ–၆–ပစ္စည်း)ပေါင်း ၁၅–ပစ္စည်း။
  - ♦ အပုညမှာ၊ အဝိဇ္ဇာ၊ တပ်ရာ–ဆယ့်ငါးတည်း။

(၃) အဝိဇ္ဇာသည် အာနေဉ္ဇာဘိသင်္ခါရ–အား ပကတူပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြုသည်။
  - ♦ အာနေဉ္ဇမှာ၊ အဝိဇ္ဇာ၊ တပ်ရာ တစ်ခုတည်း။ (သင်္ဂြိုဟ်သရုပ်ဆန်း)

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၉၆)

(က) ဣဒါနိ ပကတိယာ ဒိဋ္ဌာဒီနံ ဝသေန အာပါထဂမနေ အယမပရောပိ အဋ္ဌကထာမုတ္တကော နယော ဟောတိ။

(ခ) ဒိဋ္ဌံ သုတံ ဥဘယသမ္ဗန္ဓန္တိ ဣမေ တာဝ ဒိဋ္ဌာဒယော ဝေဒိတဗ္ဗာ။

(ဂ) တတ္ထ ဒိဋ္ဌံ နာမ ပဥ္စဒွါရိကဝသေန ဂဟိတပုဗ္ဗံ။

(ဃ) သုတန္တိ ပစ္စက္ခတော အဒိသွာ အနုဿဝဝသေန ဂဟိတာ ရူပါဒယော၀။

(င) တေဟိ ဒွီဟိပိ သမ္ဗန္ဓံ ဥဘယသမ္ဗန္ဓံနာမ။

(စ) ဣတိ ဣမေသမ္ပိ ဒိဋ္ဌာဒီနံ ဝသေန တောနိ မနောဒွါရေ အာပါထမာဂစ္ဆန္တီတိ ဝေဒိတဗ္ဗာနိ။

ဋ္ဌ၊၁၁၆၊ မူလဋီ၊၇၀၊ ယောဇနာ၊၈၆၊ ပြည်သျှ၊၄၆၉၊ ဘာသာဋီ၊ဒု၊၁၀၈၊ ကျော်စံဂဏ္ဌိ၊၂၅၅၊ မင်းခင်းဂဏ္ဌိ၊၃၈၁၊)

==========================

### ( ၂ )

### (ဂ) ပါပနာဒိပဥ္စက

ဆရာ–သည် (ခ) ဖြင့် ဒိဋ္ဌ,သုတ, ဥဘယသမ္ဗန္ဓအာရုံတို့ကို ရှေးဦးစွာ သိမှတ်အပ်ကုန်သောဟု ဆိုတော်မူ၏။ ထို–သော် ရူပါရုံသည်သာ ဒိဋ္ဌအာရုံမည်၏ဟူသောအနက်သည်ရောက်ရာ၏။စင်–ကား–မရောက်သင့်။ ထိုသို့–ကြောင့် ဤဒွိ ဒိဋ္ဌအာရုံ၏ သရုပ်ကိုလည်း ပြဆိုသင့်သေး၏။ ဒိဋ္ဌအာရုံ၏ သရုပ်ကား အဘယ်ပါနည်း (ဝါ)အဘယ်အာရုံသည် ဒိဋ္ဌအာရုံမည်ပါသနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

အဓိပ္ပါယ်ကား။ ။ ပဥ္စဒွါရတို့၏အစွမ်းဖြင့် ယူအပ်ဘူးသောရူပါရုံ။ပ။ ဖောဋ္ဌဗ္ဗာရုံတို့သည် ဒိဋ္ဌအာရုံမည်၏–ဟူလို။ (ဤကား ပြည်နီသျှကျမ်းတက်ကိုကြည့်၍ (ဂ)ဝါကျတစ်ခုတည်းကိုငဲ့၍တက်သည်)

(တနည်း) ဆရာ–သည် (ခ)ဖြင့် ဒိဋ္ဌ,သုတ,ဥဘယသမ္ဗန္ဓအာရုံတို့ကို ရှေးဦးစွာ သိမှတ်အပ်ကုန်သောဟု ဒိဋ္ဌ,သုတ,ဥဘယသမ္ဗန္ဓအာရုံတို့ကို အကျဉ်းအားဖြင့် ပြဆိုတော်မူ၏။ထို–သော် ဒိဋ္ဌ,သုတ, ဥဘယသမ္ဗန္ဓအာရုံတို့ကို အကျဉ်းအားဖြင့်သာ သိအပ်၏ဟူသောအနက်သည် ရောက်ရာ၏။စင်–ကား မရောက်သင့်။ ထိုသို့–ကြောင့် ယင်းဒိဋ္ဌ,သုတ,ဥဘယသမ္ဗန္ဓအာရုံတို့ကို ခွဲခြမ်းစိတ်ဖြာ၍ အကျယ် ပြဆိုသင့်သေး၏။ပ။ စုဒ်ကြောင့် (ဂ)မိန့်။(ဤကား (ဂ)(ဃ)(င)တိုင်အောင်မျှော်၍ ဝိတ္ထာရကြံတက်သည်)

### (ဃ)ပါပနာဒိပဥ္စက

ဆရာ–သည် (ဂ)ဖြင့် ပဥ္စဒွါရတို့၏ အစွမ်းဖြင့်ယူအပ်ဘူးသော ငါးပါးသောအာရုံတို့သည် ဒိဋ္ဌအာရုံမည်၏ဟု ဆိုတော်မူ၏။ ထို–သော် ဒိဋ္ဌအာရုံသရုပ်ကိုသာ သိအပ်၏ဟူသောအနက်သည်ရောက်ရာ၏။ စင်–ကား–မရောက်သင့်။ ထိုသို့–ကြောင့် သုတအာရုံသရုပ်ကိုလည်း ပြဆိုသင့်သေး၏။ပ။ စုဒ်ကြောင့် (ဃ)မိန့်။

(င)ဝါကျဖြင့် ဥဘယသမ္ဗန္ဓအာရုံသရုပ်ကိုပြသည်။ (ပက္ကန္တရထုံးစံအတိုင်း ကျမ်းတက်)

### ( ၃ )

(ခ) ဝါကျာရမ္ဘ။ (တနည်း)ဝိတ္ထာရ။ အဗျာပိတ (တနည်း) ဝိရောဓိပယ်။

(ဂ) ဝိတ္ထာရ။ ပုနရုတ္တိ၊ ဝိရောဓိပယ်။

(ဃ) ပက္ကန္တရ။ အဗျာပိတပယ်။

(င) ပက္ကန္တရ။ အဗျာပိတပယ်။

(စ) နိဂမန။ ပုနရုတ္တိပယ်။

http://www.dhammadownload.com



( ၄ )

အရီယတိ ဉာယတီတိ အတ္ထော။ အရ+တ။

အတ္ထော ကထီယတိ ဧတာယာတိ အဋ္ဌကထာ။

✔ အတ္ထသဒ္ဒူပပဒ,ကထဓာတ်,အ-ပစ္စည်း-၄င်း,အနက်၏+အဋ္ဌကထာနှင့် ဝါစ္စ+ဝါစကစပ်-၄င်း ဗျု-နိ။

✔ အဋ္ဌကထာတို့၏တစ်ခုသည်-ဓာတ်သည် ပ-နိ။

မုစ္စတီတိ မုတ္တော။ (မုစ+တ။) မုတ္တော ဧဝ မုတ္တကော။ (မုတ္တ+က)

အဋ္ဌကထာဟိ+မုတ္တကော အဋ္ဌကထာမုတ္တကော။

✔ အဋ္ဌကထာတို့၏+လွတ်သောနည်းနှင့် အပါဒါန်+အပါဒီစပ် ဗျု-နိ။

✔ အဋ္ဌကထာတို့မှလွတ်သည်၏အဖြစ်တည်းဟူသောဂုဏ်သည်
(တနည်း:)အဋ္ဌကထာတို့၏-ဓာတ်သည်- ပ-နိ။

"ဝစနတ္ထမှတ်ဘွယ်"

* နီယတိ ဉာယတိ အတ္ထော ဧတေနာတိ နယော။ (နီ+အ။သိခြင်း။)

* ဒဿီယတေတိ ဒိဋ္ဌံ။ (ဒိသ+တ။ မြင်ခြင်း တွေ့ခြင်း။)
ပဉ္စဒွါရိက၏အစွမ်းဖြင့်ယူအပ်သောရူပါရုံစသည်ရ၏။

* သုယျတေတိ သုတံ။ (သု+တ။ ကြားခြင်း။)
အနုသုတ၏အစွမ်းဖြင့်ယူအပ်သော ရူပါရုံစသည်ရ၏။

* ဥဘယေသံ, ဥဘယေဟိ ဝါ+သမ္ဗန္ဓံ ဥဘယသမ္ဗန္ဓံ။ (ဒိဋ္ဌ,သုတ နှစ်ပါးနှင့်စပ်သော ရူပါရုံစသည်ရ၏)
(ဤကား မင်းခင်းဂဏ္ဌိသစ်။ ၃၈၁-လာ ဝစနတ္ထများတည်း။)

* ဂယှတီတိ ဂဟိတံ။ ပုဗ္ဗေ+ဂဟိတံ ဂဟိတပုဗ္ဗံ။

✔ ရှေးကာလ၏+ ယူအပ်ဘူသော အာရုံနှင့် ကာလ+ကာလဝန္တစပ် ဗျု-နိ။

✔ ရှေး၌ယူအပ်ဘူးသောအာရုံတို့၏-ဓာတ်သည် ပ-နိ။

( ၅ )

(ခ) ဒိဋ္ဌ,သုတံ-တို့ကား ကိတ်နာမ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ-ကာရန္တ။
ဥဘယသမ္ဗန္ဓ-ကား သမာသ်နာမ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ-ကာရန္တ။
ဣမေ-ကား သဗ္ဗနာမ်၊ ပုံလိင်၊ သဗ္ဗနာမ်၊ အ-ကာရန္တ။

( ၆ )

(ဂ) ဖြင့် ဒိဋ္ဌ သုတံ ဥဘယသမ္ဗန္ဓ-၌ ဒိဋ္ဌ-အရ စက္ခုဒွါရဖြင့် မြင်အပ်သောရူပါရုံကိုသာ မယူရ၊ ငါးပါးသောဒွါရတို့၏အစွမ်းဖြင့် ရှေး၌ ယူအပ်ဘူးသော ရူပါရုံစသော ငါးပါးသော အာရုံကို ယူရမည်ဟု သိစေသည်။

(ဃ)ဖြင့် ဒိဋ္ဌ သုတံ ဥဘယသမ္ဗန္ဓ-၌ သုတ-အရ သောတဒွါရဖြင့် ကြားအပ်သော သဒ္ဒါရုံကိုသာ မယူရ၊ ပစ္စက္ခအားဖြင့် ငါးပါးသောပသာဒတို့ဖြင့် မတွေ့မထိမူ၍ တစ်ဆင့်ကြားသည်၏ အစွမ်းဖြင့် ယူအပ်ကုန်သော ရူပါရုံစသော ငါးပါးသောအာရုံတို့ကို ယူရမည်ဟု သိစေသည်။

(င)ဖြင့် ဒိဋ္ဌ သုတံ ဥဘယသမ္ဗန္ဓ-၌ ဥဘယသမ္ဗန္ဓ -အရ ထိုဒိဋ္ဌ,သုတ-နှစ်ပါးတို့နှင့်စပ်သော အာရုံကိုယူ-သိစေသည်။

http://www.dhammadownload.com



( ၇ )

(ဃ) ရူပါဒယော၀–၌ ဝေ–၏ ဂဟေတဗ္ဗတ္တစသည်

✔ ပစ္စက္ခအားဖြင့် ငါးပါးသောပသာဒတို့ဖြင့် မတွေ့မထိမူ၍ တစ်ဆင့်ကြားခြင်း၏အစွမ်းဖြင့် ယူအပ်ဘူးသော ရူပါရုံအစရှိသော ငါးပါးသောအာရုံတို့သည် ဂဟေတဗ္ဗတ္တ။

✔ တပါးသောအာရုံတို့သည် နိ၀တ္တေတဗ္ဗတ္တ။

(ဂ) တတ္ထ–တေသု ဒိဋ္ဌာဒီသု–တို့တွင်။ ဟုစွဲ။

(စ) တောနိ–အာရမ္မဏာနိ–တို့သည်။ ဟုစွဲ။

( ၈ )

(ခ) ဝေဒိတဗ္ဗော–၌ ဝိဒ–ဓာတ်အရ–

✔ ပညာရှိတို့၏သန္တာန်၌ဖြစ်သော ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

✔ ဒိဋ္ဌ,သုတ,ဥဘယသမ္ဗန္ဓအာရုံမနသိကာရတို့သည် ဒီပကတ္ထ။

✔ ဒိဋ္ဌ,သုတ,ဥဘယသမ္ဗန္ဓ အာရုံတို့ကိုသိရသဖြင့် ယင်းအာရုံတို့၌ အသင့်အားဖြင့် နှစ်လုံးသွင်းခြင်းသည် ပကာသနတ္ထ။

✔ ပုဗ္ဗေကတပုညတာ–စသော သမ္ပတ္တိစက်လေးပါးသည် ဝိဘာ၀တ္ထ။

✔ အသင့်အားဖြင့်နှလုံးသွင်းခြင်းကြောင့် ကာမာ၀စရကုသိုလ်ဖြစ်ရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်–သည် အနုဘာ၀တ္ထ။

( ၉ )

(ခ) ဝေဒိတဗ္ဗော၊ (စ)ဝေဒိတဗ္ဗာနိ–တို့၌ဝိဒ–ဓာတ်အရ ဉာဏ်ကိုယူ၍ လက္ခဏာဒိစတုက္ကထုတ်လေ။

( ၁၀ )

မုဒုကံ သုခသမ္ဗဿံ မဋ္ဌံ ဝါ ။ပ။ ပရိဘုဥ္ဇိတ္ဗာ–(ဋ္ဌ–၁၁၅။)၌–

✔ မဋ္ဌ–အရ ဖောဋ္ဌဗ္ဗာရုံပစ္စည်းတရားသည်–
ပရိဘုဥ္ဇိတ္ဗာ–အရ ကာယဝိညာဏ်အား အာရမ္မဏ–ပြု။
ပြိုင်–အာရမ္မဏ၊ ပု၊ အတ္ထိ၊ အဝိ။ (၄)
(မြင်ကြားစသည်ငါးမျိုး၌ ၄–ပစ္စည်း။ ဘုရားကိုအလေးအနက်ပြုရိုက် ၃–ပစ္စည်း)

====================

## ဝါကျဥယျာဉ် (၉၇)

(က) ဣဒမ္ပိ စ မုခမတ္တမေဝ၊

(ခ) သဒ္ဒါ ရုစိ အာကာရပရိဝိတက္က ဒိဋ္ဌိနိဇ္ဈာနက္ခန္တိအာဒီနံ ပန ဝသေန ဝိတ္ထာရတော စေတေသံ မနောဒွါရေ အာပါထဂမနံ ဝေဒိတဗ္ဗမေဝ။

(ဂ) ယသ္မာ ပန ဇဝံ အာပါထံ အာဂစ္ဆန္တာနိ ဘူတာနိပိ ဟောန္တိ အဘူတာနိပိ၊ တသ္မာ အယံ နယော အဋ္ဌကထာယံ န ဂဟိတော။

(ဃ) ဇဝံ ကေကာရမ္မဏံ ဇဝနံ ဒွိသု ဒွိသု ဒွါရေသု ဥပ္ပဇ္ဇတီတိ ဝေဒိတဗ္ဗံ။

(င) ရူပါရမ္မဏာဦ ဇဝနံ စက္ခုဒွါရေပိ ဥပ္ပဇ္ဇတိ မနောဒွါရေပိ။

(စ) သဒ္ဒါဒိအာရမ္မဏေသုပိ ဧသေဝ နယော။

ဋ္ဌ။၁၁၆။ မူလဋီ။၇၀။ ယောဇနာ။၈၆။ ပြည်သျ။၄၇၅။ ဘာသာဋီ။၃။ ကျော်စံ–ဂဏ္ဌိ။၂၅၆။ မင်းခေင်းဂဏ္ဌိ။၃၈၂။

==============================

http://www.dhammadownload.com



( ၁ )

(က) စ-ဆက်။ ဣဒမ္ပိ-ဤအယ်အပရောစသောစကားသည်လည်း။ မုခမတ္တမေဝ-အမြွတ်မျှသာတည်း။ (ဝါ)အကျဉ်းမျှသာတည်း။ (ပြည်သျှ)

စ-ဆက်။ ဣဒမ္ပိ-ဤဒိဋ္ဌသုတ ဥဘယသမ္ဗန္ဓတို့၏အစွမ်းကြောင့်ထင်လာပုံကို ပြသောစကားသည်လည်း။ မုခမတ္တမေဝ-တည်း။ (ဘာသာဋီကာ)

(ခ) ပန-သခေ်ပမှတပါး ဝိတ္ထာရကိုဆိုဦးအံ့။ သဒ္ဓါရုစိအာကာရပရိဝိတက္ကဒိဋ္ဌိနိဇ္ဈာနက္ခန္တိအာဒိနံ-(တစ်စုံတစ်ယောက်သောသူသည်ဆိုအပ်သော တစ်စုံတစ်ခုသောစကားကိုကြားအပ်သည်ရှိသော်) ထိုစကား၏အနက်ကိုမစိစစ် မဆင်ခြင်မူ၍သာလျှင် ယုံကြည်ခြင်းဟူသော သဒ္ဓါ, ထိုစကား၏အနက်ကို စိစစ်ဆင်ခြင်၍ ကိုယ်တိုင်သာလျှင် နှစ်သက်ခြင်းဟူသော ရုစိ, ထိုအနက်တို့၏ ဤသို့သောအခြင်းအရာသည်ဖြစ်လတ့် ဤသို့သောအခြင်းအရာသည်မူလည်းဖြစ်လတ့်ဟု ထင်လာသော အခြင်းအရာကို စိစစ်ဆင်ခြင်သောဉာဏ်ဟူသော အာကာရပရိဝိတက္က, ထင်လာသော အခြင်းအရာကို စိစစ်ဆင်ခြင်သောသူအား တစ်စုံတစ်ခုသောအခြင်းအရာအထူး၌ ပညာဖြင့် ရှုဆင်ခြင် သိမြင်ခြင်းဟူသော ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ-စသည်တို့၏။ ဝသေန-ဖြင့်။ ။ပ။ ဝေဒိတဗ္ဗမေဝ-တည်း။ (ပြည်သျှ၊၄၇၆) (တနည်း) ပန-စင်စစ်ကား။ (ဘာသာဋီကာ။)

(ဂ) ပန-ဆက်။ (ပြည်သျှ။ ဘာသာဋီ)

(ဃ) ဟိ-သစ္စံ-မှန်။ (ပြည်သျှ) ချဲ့။ (ဘာသာဋီ။ မင်းခင်းဂဏ္ဌိ။)

( ၂ )

(ခ) ဥပနာပဥ္စက

ဆရာ-သည် (က)ဖြင့် ဤအယ် အပရော-စသောစကားသည်လည်း အမြွက်မျှသာ, အကျဉ်းမျှသာ-ဟုဆိုတော်မူ၏။ ဤသို့-သော် ပကတိအားဖြင့် ဒိဋ္ဌ, သုတ, ဥဘယသမ္ဗန္ဓတို့၏ အစွမ်းဖြင့် ထိုရူပါရုံအစရှိသော ငါးပါးသောအာရုံတို့၏ မနောဒွါရ၌ထင်လာပုံကို အကျဉ်းအားဖြင့်သာ သိအပ်သည် မဟုတ်ပါလော။ ထို-ကြောင့်-မဆိုသင့်။ ထိုရူပါရုံအစရှိသော ငါးပါးသောအာရုံတို့၏ မနောဒွါရ၌ထင်လာပုံကို အကျယ်အားဖြင့် ပြဆိုသင့်သေး၏။ အဘယ်၏အစွမ်းဖြင့် ထိုရူပါရုံအစရှိသော ငါးပါးသောအာရုံတို့၏ မနောဒွါရ၌ထင်လာပုံကို အကျယ်အားဖြင့်သိအပ်ပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။

အဓိပ္ပါယ်ကား။ ။ သဒ္ဓါရုစိ အာကာရပရိဝိတက္ကဒိဋ္ဌိနိဇ္ဈာနက္ခန္တိ-စသည်တို့၏ အစွမ်းဖြင့် ထိုရူပါရုံအစရှိသော။ပ။ အကျယ်အားဖြင့် သိအပ်ပါ၏ဟူလို။

(ဂ) ဥပနာဘောဂါဒိပဥ္စက

ဆရာ-သည် (ခ)ဖြင့် သဒ္ဓါရုစိအာကာရပရိဝိတက္ကဒိဋ္ဌိနိဇ္ဈာနက္ခန္တိ-စသည်တို့၏အစွမ်းဖြင့် ထိုရူပါရုံစသော ငါးပါးသောအာရုံတို့၏ မနောဒွါရ၌ထင်လာပုံကို အကျယ်အားဖြင့်သိမှတ်အပ်၏ဟု ဆို၏။ ထို-သော် သဒ္ဓါရုစိအာကာရပရိဝိတက္ကဒိဋ္ဌိနိဇ္ဈာနက္ခန္တိ-စသည်တို့၏အစွမ်းဖြင့် ထိုရူပါရုံစသော ငါးပါးသောအာရုံတို့၏ မနောဒွါရ၌ထင်လာပုံအကျယ်နည်းကို အဋ္ဌကထာ၌ယူသင့်ရာသည်မဟုတ်ပါလော။ (ဝါ)ဆိုသင့်ရာသည်မဟုတ်ပါလော။ ထို-ကြောင့် (ခ)ဖြင့်-မဆိုသင့်။-ဤအကျယ်ဖြစ်သောနည်းကို အဋ္ဌကထာ၌ မယူခြင်း, မဆိုခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ်အကြောင်းကြောင့် အကျယ်ဖြစ်သောနည်းကို အဋ္ဌကထာ၌မယူအပ်, မဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

http://www.dhammadownload.com



အဓိပ္ပါယ်ကား။ ။ သဒ္ဒါရုံစ–စသည်တို့၏အစွမ်းဖြင့် ထင်လာကုန်သော ရူပါရုံစသောငါးပါးသောအာရုံတို့၏ ဟုတ်သည်လည်းရှိ, မဟုတ်သည်လည်းရှိသည်၏အဖြစ်ကြောင့် ဤအကျယ်ဖြစ်သောနည်းကို အဋ္ဌကထာ၌ မယူအပ်, မဆိုအပ်–ဟူလို။

♦ အယံ နယော အဋ္ဌကထာယံ ကသ္မာ န ဂဟိတောတိ ပုဋ္ဌ သန္တာယာဟ"ယသ္မာ"တိ အာဒိ။(ယောဇနာ။၈၇)

## (င) ဋ္ဌပနာဘောဂါဒိပဒ္ဓက

ဆရာ–သည် (ဃ)ဖြင့် ရူပါရုံစသောငါးပါးသောအာရုံတို့တွင် တခုတခုသော အာရုံရှိသောဓောသည် နှစ်ပါးနှစ်ပါးသောဒွါရတို့၌ဖြစ်၏ဟူ၍ သိမှတ်အပ်သောဟုဆိုတော်မူ၏။ ထို–သော် ဆရာ့စကားသည် ယုတ္တိကင်းပ ဒဋ္ဌိယမျှသာဖြစ်၍ လှုပ်ရှားမခိုင်ယိုင်သည်မဟုတ်ပါလော–စသည်တက်။

(တနည်း) ဋ္ဌပနာတူ၏။ ထို–သော် ရူပါရုံစသော ။ပ။ သိမှတ်အပ်၏ဟူ၍ဆိုသောဆရာ့စကားသည် အကျဉ်းသခ်ေပမျှသာဖြစ်ရကား မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် ခွဲခြမ်းစိတ်ဖြာ၍ အကျယ်မသိနိုင်ရာသည်မဟုတ်ပါလော။ထို–ကြောင့် (ဃ)ဖြင့်–မဆိုသင့်။ ရူပါရုံလျှင် အာရုံရှိသောဓောသည် ဤမည်သောဒွါရ၌ဖြစ်၏။ ။ပ။ ဖောဋ္ဌဗ္ဗာရုံလျှင်အာရုံရှိသောဓောသည် ဤမည်သောဒွါရ၌ ဖြစ်၏ဟု ခွဲခြမ်းစိတ်ဖြာ၍ အကျယ်ပြဆိုသင့်သေး၏။ ရူပါရုံလျှင်အာရုံရှိသောဓောသည် အဘယ်ဒွါရ၌ ဖြစ်ပါသနည်း ။ပ။ ဖောဋ္ဌဗ္ဗာရုံလျှင် အာရုံရှိသောဓောသည် အဘယ်ဒွါရ၌ဖြစ်ပါသနည်း။ စုဒ်ကြောင့် (င)မိန့်။ (င)ဝါကျဆိုသော်လည်း (စ)ဝါကျတိုင်အောင်မျှော်တက်ရသည်။

ပထမနည်းကား– ပြည်နီသျှ–အလို ယုတ္တိဒဋ္ဌိ၊

ဒုတိယနည်းကား– ဘာသာဋီကာနှင့် မင်းခင်းဂဏ္ဌိတို့အလို ဝိတ္ထာရယူ၍ တက်သည်။

## (စ)ပါပနာဒိပဒ္ဓက

ဆရာ–သည် (င)ဖြင့် ရူပါရုံလျှင် အာရုံရှိသောဓောသည် စက္ခုဒွါရ, မနောဒွါရတို့၌ဖြစ်၏ဟုဆိုတော်မူ၏။ ထို–သော် ရူပါရုံလျှင် အာရုံရှိသောဓော၏ဖြစ်ရာဒွါရတို့ကိုသာ သိအပ်၏ဟူသောအနက်သည်ရောက်ရာ၏။ စင်–ကား–မရောက်သင့်။ ထိုသို့–ကြောင့် သဒ္ဒါရုံစသည်လျှင် အာရုံရှိကုန်သောဓောတို့၏ ဖြစ်ရာဒွါရတို့ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့်။ –အဗျာပိတ–၏။ သဒ္ဒါရုံစသည်လျှင် အာရုံရှိကုန်သော ဓောတို့၏ ဖြစ်ရာဒွါရကား အဘယ်ပါနည်း။ စုဒ်ကြောင့် (စ)မိန့်။

အဓိပ္ပါယ်ကား။ ။ (စ)ဖြင့် သဒ္ဒါရုံစသည်လျှင် အာရုံရှိကုန်သောဓောတို့၏ ဖြစ်ရာဒွါရတို့ကိုလည်း အတိဒေသနည်းအားဖြင့် ငါပြ၏ဟူလို။

(၃)

(ခ) အဗျာပိတ အပရိပုဏ္ဏ (တနည်း) ဝိရောဓိပယ်။

(ဂ) အဗျာပိတ အပရိပုဏ္ဏ (တနည်း) ဝိရောဓိပယ်။

(ဃ) နိဂမနဝါကျ။ ပုနရုတ္တိပယ်။

(င) ဝိရောဓိ (တနည်း) ပုနရုတ္တိပယ်။ (စ) အဗျာပိတ၊ အပရိပုဏ္ဏပယ်။

(၄)

ဝဏ္ဏဝိကာရံ အာပဇ္ဇမာနံ ရူပယတိ ဟဒယင်္ဂတဘာဝံ ပကာသေတီတိ ရူပံ။

(ရူပ+အ။ ရူပါရုံ ရှေ၏။ ဋီကာကျော်။)

စိတ္တစေတသိကာ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။ (အာ+ရမု+ယု)

ရူပံ+အာရမ္မဏံ ယဿာတိ ရူပါရမ္မဏံ။ (ဗဝနံ)

✔ ရူပါရုံ၏ ဓောနှင့် အာရုံ+အာရမ္မဏိက စပ် ဗျူ–နီ။

✔ ရူပါရုံလျှင် အာရုံရှိသည်၏အဖြစ်တည်းဟူသောဂုဏ်သည်

(တနည်း) ရူပါရုံလျှင်အာရုံရှိသော ဓော၏–ဓာတ်သည် ပ–နီ။

http://www.dhammadownload.com



"ဝစနတ္ထမှတ်ဘွယ်"

* ဓဝတီတိ ဓဝနံ။ (ဓု+ယု။ အရှိန်အဟုန်ဖြင့်ဖြစ်ခြင်း။)

* စက္ခတိ ဝိညာဏာဓိဋ္ဌိတံ ဟုတွာ သမဝိသမံ အာစိက္ခန္တံ ဝိယ ဟောတီတိ စက္ခု။(စက္ခ+ဥ)

* အထဝါ စက္ခတိ ရူပံ အဿာဒေန္တံ ဝိယ ဟောတီတိ စက္ခု။ (ဋီကာကျော်။၈၂)

(တနည်း) စက္ခတိ ရူပံ အဿာဒေတီတိ စက္ခု။

* စက္ခတိ ဟာသတီတိ ဝါ စက္ခု။ (ဓာန်ဋီ။ ၁၄၉။)

* ဒွေ ဓနာ အရန္တိ ဓွာတိ ဒွါရံ။ (ဒွိ+အရ+အ။)

(တနည်း) ဒုဋ္ဌနေ ဝါရယန္တိ အသွာတိဒွါရံ။ (ဒု+ဝရ+အ။ ဓာန်ဋီ။၂၂၀။)

* ဒွါရံ ဝိယာတိ ဒွါရံ။ (ဒွါရ+ဏ။ ဋီကာကျော်။)

* စက္ခုမေဝ ဒွါရံ စက္ခုဒွါရံ။ (တဒ္ဓိ)

✔ စက္ခု၏+ဒွါရနှင့် ဝိသေသန+ဝိသေသျစပ် ဗျု–နိ။

✔ စက္ခုဒွါရတို့၏–ဓာတ်သည် ပ–နိ။

(ခ) သဒ္ဒဟနံ သဒ္ဒါ။ (သံ+ဓာ+အ။ ယုံကြည်ခြင်း)

* ရောစနံ ရုစိ။ (ရုစ+ဏိ။ နှစ်သက်ခြင်း)

* ဝိတက္ကနံ ဝိစာရဏံ ဝိတက္ကော။ (ဝိ+တက္က+အ။)

* အာကာရဿ ပရိဝိတက္ကော အာကာရပရိဝိတက္ကော။

* ဒိဋ္ဌိယာ ပညာယ+နိဇ္ဈာနံ ဩလောကနံ ဒိဋ္ဌိနိဇ္ဈာနံ။

* ခမနံ ခန္တိ။ ဒိဋ္ဌိနိဇ္ဈာနေ ခန္တိ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ။ (ယောဇနာ။၈၆။)

(တနည်း) နိသေဓသေန ဈာနံ နိဇ္ဈာနံ။ နိဇ္ဈာနေနေ+ခန္တိ နိဇ္ဈာနက္ခန္တိ။

* ဒိဋ္ဌိယာ + နိဇ္ဈာနက္ခန္တိ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ။ (ဘာသာဋီ။ဒု။၁၁၂။)

(ပညာ၏+အကြောင်းမဲ့ရှုခြင်းဖြင့် နှစ်သက်ခြင်းနှင့် ဂုဏ်+ဂုဏေး–စပ်)

( ၅ )

ရုစိ–ကား ကိတ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။

နိဇ္ဈာနက္ခန္တိ–ကား သမာသ်နာမ်၊ ဣတ္ထိလင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။

အာပါထံ–ကား ကိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။

ဒွိသု–ကား သချာသဗ္ဗနာမ်၊ နပုံလိင်၊ သဗ္ဗနာမ်၊ ဣ–ကာရန္တ။

ဥပ္ပဇ္ဇတိ–ကား အာချာတ်ပုဒ်၊ အလိင်၊ ဒိဝါဒိ၊ အ–ကာရန္တ။

( ၆ )

(စ)ဖြင့် သဒ္ဒါရုံလျှင်အာရုံရှိသောဇောသည် သောတဒွါရ၊ မနောဒွါရတို့၌ဖြစ်၏။ (ပ) ဖောဋ္ဌဗ္ဗာရုံလျှင်အာရုံရှိသောဇောသည် ကာယဒွါရ၊ မနောဒွါရတို့၌ဖြစ်၏–ဟူသောအဓိပ္ပါယ်ကို သိစေ။

( ၇ )

(က) စ–သဒ္ဒါ ဝါကျာရမ္ဘဇောတက။ ဣဒမ္ပိ–၌ ပိ–ကား သမ္ပိဏ္ဍနတ္ထ။

(ခ) ပန–ကား ဝါကျာရမ္ဘဇောတက၊ (တနည်း) ဝိတ္ထာရဇောတက။

(ဂ) ပန–ကာ ဝါကျာရမ္ဘဇောတက။

ဘူတာနိပိ၊ အဘူတာနိပိ–၌ ပိ–သဒ္ဒါတို့ကား အညမညသမုစ္စယတ္ထ။

(င) ဟိ–ကား ဒဠှီကရဏဇောတက။ (ပြည်)

(တနည်း) ဝိတ္ထာရဇောတက။ (ဘာသာဋီ၊ ဂဏ္ဌိ။)

စက္ခုဒွါရေပိ၊ မနောဒွါရေပိ–၌ ပိ–သဒ္ဒါတို့ကား အညမညသမုစ္စယတ္ထ။

http://www.dhammadownload.com



(က) မုခမတ္တမေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ အမြွက်မျှဖြစ်သောစကားသည် (ဝါ) သခေ်ပစကားသည် ဂဟေတဗ္ဗတ္ထ။

✔ ဝိတ္ထာရစကားသည် နိဝတ္တေတဗ္ဗတ္ထ။

(ခ) ဝေဒိတဗ္ဗမေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ ဝေဒိတဗ္ဗ–ဟူသောကြိယာသည် ဂဟေတဗ္ဗတ္ထ။

✔ န ဝေဒိတဗ္ဗ–ဟူသောကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

(စ) ဧသေဝနယော–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ (င)ဝါကျ၌ ဆိုအပ်ပြီးသောနည်းသည် ဂဟေတဗ္ဗတ္ထ။

✔ တပါးသောနည်းသည် နိဝတ္တေတဗ္ဗတ္ထ။

( ၈ )

(ဂ) နဂဟိတော–၌ ဓာတ်အရ–

✔ အဋ္ဌကထာဆရာ၏ သန္တာန်၌ မယူသောအခြင်းအရာအားဖြင့်ဖြစ်သော မဟာကုသိုလ်ဉာဏ သမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

✔ ယောနိသောမနသိကာရသည် ဒီပကတ္ထ။

✔ အဋ္ဌကထာ၌ အကျယ်ဖြစ်သောနည်းကို မတွေ့ရှိရခြင်း, မတွေ့ရသဖြင့် သောတုဇနတို့ မသင်ကြား, မပို့ချရခြင်းသည် ပကာသနတ္ထ။

✔ သဒ္ဓါရုစိစသည်တို့၏အစွမ်းဖြင့် ထင်လာကုန်သောရူပါရုံအစရှိသော အာရုံတို့၏ ဟုတ်မှန်ခြင်း၊ မဟုတ်မှန်ခြင်းသည် ဝိဘာဝတ္ထ။

✔ သောတုဇနတို့မသင်ကြား, မပို့ချရသဖြင့် ကိုယ်စိတ်ချမ်းသာခြင်းအစ အနုပါဒိသေသနိဗ္ဗာန် တိုင်အောင်–အနုဘာဝတ္ထ။

( ၉ )

(ခ) သဒ္ဓါ၊ ရုစိ၊ အာကာရပရိဝိတက္က၊ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ–တို့၏ အဓိပ္ပါယ်

၁။ တစုံတယောက်ကပြော၍ကြားရလျှင် မစဉ်းစားမစိစစ်တော့ဘဲ ယုံကြည်ခြင်းသည် သဒ္ဓါ မည်၏။

(အမှားကိုယုံကြည်ရာ၌ သဒ္ဓါအတု၊ မိစ္ဆာဓိမောက္ခတည်း။ အမှန်ကိုယုံကြည်ရာ၌ သဒ္ဓါအစစ်ပင်။)

၂။ ထိုသို့ပြော၍ကြားသောအခါ မိမိကိုယ်တိုင်စိစစ်ပြီးမှ နှစ်သက်ခြင်းသည် ရုစိ မည်၏။

၃။ "ဒီလိုလည်းဖြစ်လိမ့်မည်၊ ဟိုလိုလည်းဖြစ်လိမ့်မည်"ဟု အကြောင်းအရာတခုခု၏အခြင်းအရာကို ထင်ကာ ထပ်ကာ စဉ်းစားကြံစည်ခြင်းသည် အာကာရပရိဝိတက္က မည်၏။

(ဤ၌ အာကာရ–ဟူသည် မိမိဉာဏ်တည်း၌ထင်လာသော ဥပဋ္ဌာနာကာရ–တည်း)

၄။ ထိုသို့စဉ်းစားကြံစည်သူ၏ဉာဏ်ဖြင့် တစုံတခုသောအရာဝတ္ထု၌ ဓေ့ဓေ့ငုငု ရှုသောအားဖြင့် နှစ်သက် သဘောကျခြင်းသည် ဒိဋ္ဌိနိဇ္ဈာနက္ခန္တိမည်၏။(ဘာသာဋီ။၃။၁၁၁။)

♦ ကေနစိ ဝုတ္တေ ကိဉ္စိ သုတေ အဝိစာရေတွာ သဒ္ဒဟနံ သဒ္ဓါ၊ သယမေဝ တံ ဝိစာရေတွာ ရောစနံ ရုစိ၊ "ဧဝံ ဝါ ဧဝံ ဝါ ဘဝိဿတီ"တိ အာကာရဝိစာရဏာ အာကာရပရိဝိတက္ကော၊ ဝိစာရေန္တဿ ကတ္ထစိ ဒိဋ္ဌိယာ နိဇ္ဈာနက္ခမနံ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ။ (မူလဋီ။၇၀။)

( ၁၀ )

(င) ရူပါရမ္မဏံ+ဝဝနံ စက္ခုဒွါရေပိ+ဥပ္ပဇ္ဇတိ မနောဒွါရေပိ–၌–

✔ ရူပါရမ္မဏံ–အရ ရူပါရုံလျှင် အာရုံရှိသော ကာမာဝစရဇောစိတ်သည်–

ဖဝနံ–အရ သမ္ပယုတ် နာမက္ခန္ဓာအား သဟဇာတ–ပြု။

ပြိုင်။ သဟကြီး–၄၊ အညှ၊ သမ္ပ၊ အဓိ၊ အာဟာရ၊ ဣံ။ (၉)ပစ္စည်း။

http://www.dhammadownload.com



✔ ဇဝန်–အရ ရူပါရုံလျှင်အာရုံရှိသော ကာမာဝစရဇောသည်–
ဥပ္ပဇ္ဇတိ–အရ သမ္ပယုတ်နာမက္ခန္ဓာအား သဟဇာတ–ပြု။
ယထာရဟပြိုင်။ ရှေးအတိုင်း (၉)ပစ္စည်း။

✔ စက္ခုဒွါရေ,မနောဒွါရေ–တို့အရ စက္ခုဒွါရ,မနောဒွါရသည်–
ဥပ္ပဇ္ဇတိ–အရ ရူပါရုံလျှင် အာရုံရှိသော ကာမာဝစရဇောအား ပကတူပ–ပြု။ (ပြိုင်–မရှိ)

====================

## ဝါကျဥယျာဉ် (၉၈)

(က) အာရမ္မဏာဝသေန ပနေတ္ထ သောမနဿသဟဂတဘာဝေါ ဝေဒိတဗ္ဗော။

(ခ) ဣဋ္ဌာရမ္မဏသ္မိဉှိ ဥပ္ပန္နတ္တာ ဧတံ သောမနဿသဟဂတံ ဇာတံ၊

(ဂ) သဒ္ဓါဗဟုလတာဒီနိပေတ္ထ ကာရဏာနိ ယေဝ။

(ဃ) အဿဒ္ဓါနဉှိ မိစ္ဆာဒိဋ္ဌိနဉ္စ ကေဝလံ ဣဋ္ဌာရမ္မဏဘူတံ တထာဂတရူပမ္ပိ ဒိသွာ သောမနဿံ နုပ္ပဇ္ဇတိ။

(င) ယေ စ ကုသလပ္ပဝတ္တိယံ အာနိသံသံ န ပဿန္တိ၊ တေသံ ပရေဟိ ဥဿာဟိတာနံ ကုသလံ ကရောန္တာနမ္ပိ သောမနဿံ နုပ္ပဇ္ဇတိ။

(စ) တသ္မာ သဒ္ဓါဗဟုလတာ ဝိသုဒ္ဓိဒိဋ္ဌိတာ အာနိသံသဒဿာဝိတာတိ ဧဝမေတ္ထ သောမနဿသဟဂတဘာဝေါ ဝေဒိတဗ္ဗော။

ဋ္ဌ၊ ၁၁၇၊ မူလဋီ၊၇၀၊ ယောဇနာ၊ ၈၇၊ ပြည်သျှ၊၄၇၉၊ ဘာသာဋီ၊ ၃၊ ၁၁၅၊ ကျော်စံ–ဂဏ္ဍိ၊ ၂၅၆၊ မင်းခင်းဂဏ္ဍိ၊ ၃၈၃၊

======================

( ၁ )

(က) ပန–အဖို့တပါးကိုဆိုဦးအံ့။(ပြည်သျှ) ဆက်။ (ဘာသာဋီကာ)

(ခ) ဟိ–သစ္စံ–မှန်။

(ဂ) ဟိ–သစ္စံ–မှန်။ (ပြည်သျှ။) ချဲ့။ (ဘာသာဋီကာ၊ မင်းခင်းဂဏ္ဍိ။)

( ၂ )

### (ခ)ဌပနာဘောဂါဒိပဒတ္ထ

ဆရာ–သည် (က)ဖြင့် အာရုံ၏အစွမ်းဖြင့် ဤပထမမဟာကုသိုလ်စိတ်၌ သောမနဿသဟဂုတ် အဖြစ်ကို သိအပ်၏ဟုဆို၏။ထို–သော် ဆရာ့စကားသည် ယုတ္တိကင်းပဒဠီယမျှသာဖြစ်၍ လှုပ်ရှားမခိုင် ယိုင်သည်မဟုတ်ပါလော–စသည်တက်။

### (ဂ) ပါပနာဒိပဒတ္ထ

ဆရာ–သည် (က)(ခ)တို့ဖြင့် အာရုံ၏အစွမ်းဖြင့် ဤပထမမဟာကုသိုလ်စိတ်၌ သောမနဿ အဖြစ်ကိုသိအပ်၏။ ဣဋ္ဌာရုံ၌ဖြစ်သောကြောင့် ဤပထမမဟာကုသိုလ်စိတ်သည် သောမနဿသဟဂုတ် ဖြစ်၏–ဟုဆို၏။ ထို–သော် သောမနဿဖြစ်ခြင်း၏ ဣဋ္ဌာရုံ–ဟုဆိုအပ်သော အကြောင်းကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်–ကား မရောက်သင့်။ ထို့သို့–ကြောင့် သောမနဿ ဖြစ်ခြင်း၏ တပါးသောအကြောင်းကိုလည်း ပြဆိုသင့်သေး၏။ သောမနဿဖြစ်ခြင်း၏ တပါးသော အကြောင်းတို့ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ)မိန့်၊ (သဒ္ဓါဗဟုလတာဒီနိပိ–၌ ပိ–ကို ရှုဤတက်သည်။)

http://www.dhammadownload.com



## (ဃ) ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (ဂ)ဖြင့် သဒ္ဓါများသည်၏အဖြစ်အစရှိသည်တို့သည်လည်း ဤသောမနဿသဟဂုတ်အဖြစ်၌ အကြောင်းတို့သာလျှင်ဖြစ်ကုန်၏ဟု ဆို၏။ ထို–သော် ဆရာစကားသည် ယုတ္တိကင်းပဒဋ္ဌိယမျှသာဖြစ်၍–လော။ စသည်တက်။

(ဤကား ပြည်နီသျှအလို ယုတ္တိဒဋ္ဌိကြံ၍ (င)ဝါကျတိုင်အောင် မျှော်တက်သည်။)

(တနည်း) ဌပနာတူ၏။ ထို–သော် သောမနဿသဟဂုတ်ဖြစ်ခြင်း၏အကြောင်းတို့ကို အကျဉ်းအားဖြင့်သာ သိအပ်၏ဟူသောအနက်သည်ရောက်ရာသည်မဟုတ်ပါလော။ထို–ကြောင့် မဆိုသင့်။ ထိုဆိုအပ်ပြီးသောအနက်ကို အကြောင်းသွင်း၍ အကျယ်ဖွင့်ပြဆိုသင့်သေး၏။ ထိုဆိုအပ်ပြီးသောအနက်ကို အဘယ်သို့လျှင် အကျယ်သိအပ်ပါသနည်း။ စုဒ်ကြောင့်။ (ဃ)မိန့်။

ကား=ထိုဆိုအပ်ပြီးသောအနက်ကို ဇာတိရေကအကြောင်းနှင့်တကွ အကျယ်ငါဖွင့် ပြဆိုပါ၏ ဟူလို။

(ဤကား မင်းခင်းဂဏ္ဌိအလို ဝိတ္ထာရကြံ၍ (စ)ဝါကျ ဝေဒိတဗ္ဗောတိုင်အောင် မျှော်တက်သည်။ )

♦ သဒ္ဓါဗဟုလတာဒီနိပေတ္ထ ကာရဏာနိယေဝါတိ ဣမဿ ဇာတိရေကဟေတုနာ ဝိတ္ထာရံ ဒဿေန္တော "အသဒ္ဓါန"န္တိ အာဒိမာဟ။ (မင်းခင်းဂဏ္ဌိ။၃၈၃။)

## (င) ပါပနာဒီပဋ္ဌကစောဒနာ

ဆရာ–သည် (ဃ)ဖြင့် သဒ္ဓါတရားမရှိသူ, မိစ္ဆာအယူရှိသူတို့အား စင်စစ်ဣဋ္ဌာရုံဖြစ်၍ဖြစ်သော မြတ်စွာဘုရားအဆင်းကိုသော်လည်းမြင်၍ သောမနဿမဖြစ်ဟုဆိုတော်မူ၏။ထို–သော် ယင်းပုဂ္ဂိုလ်တို့အားသာ သောမနဿမဖြစ်ဟူသောအနက်သည် ရောက်ရာ၏။ စင်–ကား–မရောက်သင့်။ ငို ှို့–ကြောင့် သောမနဿမဖြစ်သော တပါးသောပုဂ္ဂိုလ်တို့ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့်။ အဗျာပိတ–၏။ အဘယ်ပုဂ္ဂိုလ်တို့အားလည်း သောမနဿမဖြစ်ပါသနည်း။ စုဒ်ကြောင့် (င)မိန့်။

## (စ) ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (ဃ)(င)တို့ဖြင့် သဒ္ဓါတရားမရှိသူ,မိစ္ဆာအယူရှိသူ,ကုသိုလ်ဖြစ်ခြင်း၌ အကျိုးအာနိသင်ကိုမမြင်ကုန်သူတို့အား သောမနဿမဖြစ်ဟုဆိုတော်မူ၏။ ထို–သော် ယင်းသို့ဆိုသဖြင့် တစုံတခု အကျိုးမရှိ, နိရတ္ထကဖြစ်၏ဟူသောအနက်သည် ရောက်ရာသည်မဟုတ်ပါလော–စသည် လဒ္ဓဂုဏ်ထုံးစံတက်။

( ၃ )

(ခ) ယုတ္တိဒဋ္ဌိ၊ ဝိရောဓိ၊ ဩစိတျဟိနပယ်။

(ဂ) ပက္ခန္တရ၊ အဗျာပိတပယ်။

(ဃ) ယုတ္တိဒဋ္ဌိ၊ ဝိရောဓိ၊ ဩစိတျဟိနပယ်။ (ပြည်သျှအလို။)

တနည်း။ ဝိတ္ထာရ၊ ဝိရောဓိ၊ ပုနရုတ္တိပယ်။ (ဘာသာဋီ၊ မင်းခင်းဂဏ္ဌိအလို။)

(င) ပက္ခန္တရ၊ အဗျာပိတပယ်။

(စ) လဒ္ဓဂုဏ၊ နိရတ္ထကပယ်။

( ၄ )

(ဃ) ပဿတီတိ ဒိဋ္ဌိ။ (ဒိသ+တိ)

မိစ္ဆာ ဒိဋ္ဌိ ဧတေသန္တိ မိစ္ဆာဒိဋ္ဌိနော။ တေသံ။

✔ မိစ္ဆာအယူ၏+ပုဂ္ဂိုလ်ဒြဗ်နှင့် ဂုဏ်+ဂုဏေးစပ် ဗျု–နိ။

✔ မိစ္ဆာအယူရှိသည်၏အဖြစ်တည်းဟူသောဂုဏ်သည် (ဝါ) မိစ္ဆာအယူရှိသူတို့၏–ဓာတ်သည် ပ–နိ။

(တနည်း) မိစ္ဆာ (ဝိပရီတာ) ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ။

မိစ္ဆာဒိဋ္ဌိ ဧတေသန္တိ မိစ္ဆာဒိဋ္ဌိနော–ဟု အဿတ္ထိပြု။

http://www.dhammadownload.com



(ဃ) သဒ္ဓဟတီတိ သဒ္ဓါ။ သဒ္ဓဟန္တိ ဧတာယာတိ ဝါ သဒ္ဓါ။
* သဒ္ဓဟနံ ဝါ သဒ္ဓါ။ (သံ+ဓာ+အ။)
* နတ္ထိ သဒ္ဓါ ဧတေသန္တိ အသဒ္ဓါ။ ဧတေသံ။(သဒ္ဓါတရားမရှိခြင်း၏+ပုဂ္ဂိုလ်ဒြဗ်နှင့် ဂုဏ်+ဂုဏောဧပ်။)

(စ) သဒ္ဓါ ဗဟုလာ ယဿာတိ သဒ္ဓါဗဟုလော။ (များစွာသောသဒ္ဓါ၏+ပုဂ္ဂိုလ်ဒြဗ်နှင့် ဂုဏ်+ဂုဏောဧပ်)
* သဒ္ဓါဗဟုလဿ+ဘာဝေါ သဒ္ဓါဗဟုလတာ။
* ဝိသုဒ္ဓါ ဒိဋ္ဌိ ဧတဿာတိ ဝိသုဒ္ဓဒိဋ္ဌိ။
* ဝိသုဒ္ဓဒိဋ္ဌိနော+ဘာဝေါ ဝိသုဒ္ဓဒိဋ္ဌိတာ။
* အာဘုသော နိယောသေန သံသီယတေ ပသံသီယတေတိ အာနိသံသော။
* အာနိသံသံ ပဿတိ သီလေနာတိ အာနိသံသဒဿာဝီ။
* တဿ ဘာဝေါ အာနိသံသဒဿာဝိတာ။

( ၅ )

(က) ကုသလပ္ပဝတ္တိယံ–ကား သမာသ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။
အာနိသံသံ–ကား ကိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။

(စ) ဝိသုဒ္ဓဒိဋ္ဌိ–ကား သမာသ်နာမ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။
အနိသံသဒဿာဝီ–ကား ကိတန္တသမာသ်ပုဒ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဤ–ကာရန္တ။

( ၇ )

(က) ပန–ကား ပက္ခန္တရဇောတက။ (ပြည်သျှ။) ဝါကျာရမ္ဘ။ (ဘာသာဋီကာ။)
(ခ) ဟိ–ကား ဒဠှီကရဏဇောတက။
(ဂ) ပိ–ကား သမ္ပိဏ္ဍနတ္ထ၊ သမုစ္စယတ္ထ။
(ဃ) ဟိ–ကား ဒဠှီကရဏဇောတက (ပြည်သျှ၊) ဝိတ္ထာရ။ (ဘာသာဋီ၊ မင်းခင်းဂဏ္ဌိ။)
(င) ကရောန္တာနမ္ပိ–၌ ပိ–ကား အရုစ္စတ္ထ။
(က) ဧတ္ထ (ဧတေသွိ စိတ္တေ)–၌။
(ခ) ဧတံ (စိတ္တံ)–သည်။
(ဂ) ဧတ္ထ (သောမနဿသဟဂတဘာဝေ)–၌။

( ၈ )

(ဃ)၌ မုချတ္ထတရားကား သဒ္ဓါမရှိသူ, မိစ္ဆာအယူရှိသူတို့၏သန္တာန်၌ဖြစ်သော မိစ္ဆာမိမောက္ခ မိစ္ဆာဒိဋ္ဌိပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်သည်–

✔ ထို–သည် ဒဿနတ္ထ။
✔ အယောနိသောမနသိကာရသည် ဒီပကတ္ထ။
✔ ပစ္ဆုပ္ပန်၌ အတ္တာနုဝါဒဘေး၊ ပရာနုဝါဒဘေး၊ ဒဏ္ဍဘေး သင့်ရောက်ခြင်းသည် ပကာသနတ္ထ။
✔ ကေန်စင်စစ် ဣဋ္ဌာရုံဖြစ်သောမြတ်စွာဘုရား၏ အဆင်းတော်သည် ဝိဘာဝတ္ထ။
တမလွန်၌ ဒုဂ္ဂတိဘုံဘဝသို့ရောက်ရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

( ၉ )

(ဃ) မိစ္ဆာဒိဋ္ဌိနံ–၌ အန္တတ္ထအရ မိစ္ဆာဒိဋ္ဌိ–ကိုယူ၍–
ဒိဋ္ဌိ အယောနိသော အဘိနိဝေသလက္ခဏာစသည်ထုတ်။ (ဋ္ဌ။၂၉၀။)

http://www.dhammadownload.com



( ၁၀ )

(ဃ)ကေန္ဒကၦဋ္ဌာရမ္မဏာဘူတံ+ တထာဂတရူပံ–၌–

ကေန္ဒကၦဋ္ဌာရမ္မဏာဘူတံ–အရ မဟာဘုတ် –၄–ပါးက–
တထာဂတရူပံ–အရ ဘုရားရှင်၏ ရူပါရုံအား သဟဇာတ–ပြု။ ပြိုင်။ သဟာကြီး (၄)

တထာဂတရူပံ+ဒိသွာ–၌–

✔ တထာဂတရူပံ–အရ ဘုရားရှင်၏ရူပါရုံသည်–
ဒိသွာ–အရ အကုသလဝိပါက် စက္ခုဝိညာဏ်အား အာရမ္မဏ–ပြု။
ပြိုင်။ အာရမ္မဏ၊ ပုရေ၊ အတ္ထိ၊ အဝိဂတ။ (၄)

ဒိသွာ+သောမနဿံ နုပ္ပဇ္ဇတိ–၌–

✔ ဒိသွာ–အရ အကုသလဝိပါက် စက္ခုဝိညာဏ်က–
သောမနဿံ နုပ္ပဇ္ဇတိ–အရ ဒေါသမူစိတ်ဥပ္ပါဒ်အား ပကတူပ–ပြု။ (ပြိုင်။ မရှိ)

================

## ပါဠိကျဉ်းချုပ် (၉၉)

(က) တတ္ထယော စိတ္တသမုဋ္ဌာနိကကာယော၊ န သော ဝိညတ္တိ။

(ခ) စိတ္တသမုဋ္ဌာနာယ ပန ဝါယောဓာတုယာ သဟဇာတံ ရူပကာယံ သန္ထမ္ဘေတုံ သန္ဓာရေတုံ စာလေတုံ ပစ္စယော ဘဝိတုံ သမတ္ထော ဧကော အာကာရဝိကာရော အတ္ထိ၊ အယံ ဝိညတ္တိ နာမ။

(ဂ) သာ အဋ္ဌ ရူပါနိ ဝိယ န စိတ္တသမုဋ္ဌာနာ။

(ဃ) ယထာ ပန အနိစ္စာဒိဘေဒါနံ ဓမ္မာနံ ဇရာမရဏတ္တာ "ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတ"န္တိအာဒိ ဝုတ္တံ၊ ဧဝံ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိညတ္တိတာယ သာပိ စိတ္တသမုဋ္ဌာနာ နာမ ဟောတိ။

ဋ္ဌ။၁၂၅။ မူလဋီ။၇၂။ ယောဇနာ။၈၉။ ပြည်သျှ။၅၀၄။ ဘာသာဋီ။ဒု။၁၄၂။ ကျော်စံ–ဂဏ္ဌိ။၂၆၀။ မင်းခင်းဂဏ္ဌိ။၃၉၀။

============================

( ၁ )

(က) တတ္ထ–တေသု ဥပါဒိန္နကကာယာဒီသု–တို့တွင်။

(ခ) ပန–အဟုတ်အလျော်ကိုဆိုအံ့။ စိတ္တသမုဋ္ဌာနာယ–သော။ ဝါယောဓာတုယာ–၏။ (ပစ္စယော–၌စပ်။ မအူသျှ။) (ဝါ)နှင့် (ဘာသာဋီကာ) သဟဇာတံ–သော။ ရူပကာယံ–ကို။ (ပ) စာလေတုံ–ငှါ။(ထမ္ဘနစလနေသု–ခိုင်ခံ့စေခြင်း,လှုပ်ရှားစေခြင်းတို့၌။ထည့်)။ ပစ္စယော–သည်။ ဘဝိတုံ–ငှါ။ သမတ္ထော–သော။ (စိတ္တသမုဋ္ဌာနမဟာဘူတာနံ–တို့၏။ထည့်)။ ဧကော–သော။ အာကာရဝိကာရော–အမူအရာအထူးသည်။ (ဝါ)ပကတိမှဘောက်ပြန်သောအရာအထူးသည်။ အတ္ထိ။ပ။

(ဃ) ပန–ထိုသို့သမုဋ္ဌာန်အစစ်မဟုတ်သော်လည်း။

(င) ပန–ဆက်။

http://www.dhammadownload.com



( ၂ )

(ခ) ဠပနာဘောဂါဒိပဋ္ဌကစောဒနာ

ဆရာ–သည် (က)ဖြင့် ဥပါဒိန္နကကာယစသည်တို့တွင် စိတ္တသမုဋ္ဌာနိကကာယသည် ဝိညတ်မမည်ဟု ပြဆိုတော်မူ၏။ ထို–သော် ဝိညတ်မည်သောတရားကို မသိအပ်, မသိနိုင်ရာသည်မဟုတ်ပါလော။ ထို–ကြောင့် (က)ဖြင့် –မဆိုသင့်။ ဝိညတ်မည်သောတရားကိုလည်း ပြဆိုသင့်သေး၏။ အကယ်၍ ဝိညတ်မည်သောတရားကို မပြဆိုခဲ့သော် ဗျတိရေက+အန္တယဆန့်–ဝိရောဓိ–၏။ အဘယ်တရားသည် ဝိညတ်မည်ပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။ (ဗျတိ–န္တယာ၊ ရှိလေရာ၊ တင်ပါဝိရောဓိ။)

(ဂ)ပါပနာဒိပဋ္ဌက

ဆရာ–သည် (ခ)ဖြင့် စိတ်ကြောင့်ဖြစ်သော။ပ။တစ်ခုသောအမူအရာအထူးသည် (ဝါ) ပကတိမှ ဘောက်ပြန်သောအရာအထူးသည် ဝိညတ်မည်၏ဟု ဆိုတော်မူ၏။ထို–သော် ယင်းဝိညတ်သည် အဋ္ဌကလာပ်ရုပ်တို့ကဲ့သို့ စိတ္တသမုဋ္ဌာန်အစစ်ဖြစ်ရာ၏ဟူသောအနက်သည် ရောက်ရာ၏။စင်–ကား–မရောက်သင့်။ထိုသို့–ကြောင့် ဝိညတ်၏ စိတ္တသမုဋ္ဌာန်အစစ်ဖြစ်,မဖြစ်ကိုလည်း တိကျစွာပြဆိုသင့်သေး၏။ မပြဆိုဘဲမနေသင့်။ နေချေသော် အဗျာပိတ–၏။ စုဒ်ကြောင့် (ဂ)မိန့်။

(ဃ)ဠပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် (ဂ)ဖြင့် ထိုဝိညတ်သည် အဋ္ဌကလာပ်ရုပ်တို့ကဲ့သို့ စိတ္တသမုဋ္ဌာန်အစစ်မဟုတ်ဟုဆိုတော်မူ၏။ထိုသို့ စိတ္တသမုဋ္ဌာန်အစစ်မဟုတ်ငြားသော်လည်း (ဝိညတ္တိဒွယံ စိတ္တဇမေဝ–ဟူသော သင်္ဂဟပါဠိနှင့်အညီ) ဝိညတ်သည် စိတ္တသမုဋ္ဌာနအမည်ရသည်မဟုတ်ပါလော။ ထို–ကြောင့် (ဂ)ဖြင့်–မဆိုသင့်။ ယင်းဝိညတ်၏ (စိတ္တသမုဋ္ဌာန်အစစ်မဟုတ်ဘဲလျက်) စိတ္တသမုဋ္ဌာနအမည်ရပုံကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် ဝိညတ်သည် စိတ္တသမုဋ္ဌနမည်ပါသနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

♦ ယဒိ စိတ္တသမုဋ္ဌာနာဘာဝေ သတိ ကသ္မာ"စိတ္တသမုဋ္ဌာနာ"တိ ဝုတ္တန္တိ ပုစ္ဆံ သန္ဓာယာဟ "ယထာ"တိ အာဒိ။ (ယောဇနာ။၈၉။)

အမေး။ ။ (ဃ)ဝါကျ၌ ဥပမေယျဝါကျဝယ် သမ္ဗန္ဓာဝတ္တနည်းဖြင့် လိုရင်းကောက်၍ ယင်း၏ ဟိတ်ကို ဠပနာပဋ္ဌကပညတ်နည်းဖြင့်ထွက်ခဲ့ပါ။ (၁၃၃၁။ အစိုးရပုစ္ဆာ။)

အဖြေ။ ။ လိုရင်းကား သာပိ စိတ္တသမုဋ္ဌာနာနာမ ဟောတိ–ဟူသည်တည်း။

အဓိပ္ပါယ်ကား– ထိုဝိညတ်သည်လည်း စိတ္တသမုဋ္ဌာန်မည်သည်ဖြစ်၏–ဟူလိုသော်။

ဆရာ–သည် သာပိ စိတ္တသမုဋ္ဌာနာနာမ ဟောတိ–ဖြင့် "ထိုဝိညတ်သည်လည်း စိတ္တသမုဋ္ဌာန်မည်သည်ဖြစ်၏"ဟုပြဆိုတော်မူ၏။ထိုသို့ပင်ဆိုသော်လည်း ဝိညတ်သည် စိတ္တသမုဋ္ဌာန်အစစ် မဟုတ်သည်သာ ဖြစ်သည်မဟုတ်ပါလော။ ထိုသို့ ဝိညတ်သည် စိတ္တသမုဋ္ဌာန်အစစ်မဟုတ်ဖြစ်လေသောကြောင့် ဝိညတ်သည် စိတ္တသမုဋ္ဌာန် မည်သည်ဖြစ်၏ဟူ၍သာ မဆိုသင့်။ စိတ္တသမုဋ္ဌာန်ဖြစ်နိုင်ခြင်းအကြောင်းကိုလည်း ပြဆိုသင့်သေး၏။ ဝိညတ်၏ စိတ္တသမုဋ္ဌာန် ဖြစ်နိုင်ခြင်းအကြောင်းကား အဘယ်ပါနည်း။ စုဒ်ကြောင့် စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိညတ္တိတာယ ပါဌ်ကိုမိန့်။

အဓိပ္ပါယ်ကား။ ။ စိတ္တသမုဋ္ဌာန်ရုပ်တို့၏ ဝိကာရရုပ်ဟူသောဝိညတ်၏ အဖြစ်ကြောင့် ဝိညတ်သည်လည်း စိတ္တသမုဋ္ဌာန်မည်သည်ဖြစ်၏–ဟူလို။

http://www.dhammadownload.com



" လိုရင်းကောက်- ၂-မျိုး "

ဝါကျတစ်ခုလိုရင်းကောက်ရာ၌ ၁။ သမ္ဗန္ဓာဝတ္ထုလိုရင်းကောက်နည်း,
၂။ အသမ္ဗန္ဓာဝတ္ထုလိုရင်းကောက်နည်း-ဟူ၍ ၂-မျိုးရှိသည်။

ထိုတွင် ၁။ ကြိယာနှင့်တကွ ယင်းကြိယာ၏ပဓာနစပ်ပုဒ်တို့ကိုပါတွဲဘက်၍ လိုရင်းကောက်ရသောနည်းသည် သမ္ဗန္ဓာဝတ္ထုလိုရင်းကောက်နည်းမည်၏။

၂။ ကြိယာတစ်ပုဒ်တည်းကိုသာ လိုရင်းကောက်ရသောနည်းသည် အသမ္ဗန္ဓာဝတ္ထုလိုရင်းကောက်နည်းမည်၏။

သမ္ဗန္ဓာဝတ္ထုနည်းဖြင့် လိုရင်းကောက်ရာ၌-

* ကြိယာသည် ကတ္တားဟောဖြစ်အံ့၊ ယင်းကြိယာနှင့်တကွ ဝုတ္တကတ္တားပုဒ်ကို တွဲဘက်၍ ကောက်ရသည်။
* ကြိယာသည် ကံဟောဖြစ်အံ့၊ ယင်းကြိယာနှင့်တကွ ဝုတ္တကံပုဒ်ကို တွဲဘက်၍ ကောက်ရသည်။

( ၃ )

(ခ) အန္ဒယဝါကျ။ ဝိရောဓိ-ပယ်။ (တနည်း) အဗျာပိတ-ပယ်။

(ဂ) ဝါကျာရမ္ဘ။ အဗျာပိတ ပယ်။

(ဃ) ဝါကျာရမ္ဘ၊ အဗျာပိတပယ်။

(ဃ) စိတ္တသမုဋ္ဌာနာနာမ ဟောတိ-၌ နာမ သဒ္ဒါထားရခြင်း-

ဌာနဖြစ်သော ရုပ်ကလာပ်၏ စိတ္တသမုဋ္ဌာန အမည်စစ်ကို ဌာနီဖြစ်သောဝိကာရရုပ်ဝိညတ်ပေါ်၌ တင်စား၍ ဝိညတ်ကိုလည်း ဌာနူပစာရအားဖြင့် စိတ္တသမုဋ္ဌာန်အမည်ရသည်ဟု ပြလိုသောကြောင့် "နာမ"သဒ္ဒါထည့်၍ဆိုသည်။ (ဘာသာဋီကာ။၃။၁၄၃။)

( ၄ )

ဝါယတိ ဒေသန္တရုပ္ပတ္တိဟေတုဘာဝေန ဘူတသင်္ဃာတံ ပါပေတီတိ ဝါယော။ (ဋီကာကျော်)

✔ ဝါ-ဓာတ်+ဏ-ပစ္စည်းသည်၄င်း၊ အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ရောက်စေခြင်း ကြိယာသည်၄င်း၊ ဗျု-နိ။

✔ အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏အကြောင်းဖြစ်သော ရောက်စေခြင်းကြိယာသည်
(ဝါ) ဝါယောဓာတ် တို့၏-ဓာတ်သည် ပ-နိ။
(တနည်း) ဝါတိ ဂစ္ဆတီတိ ဝါယော-ဟုပြု။ (ဝါ+ဏ+သွားခြင်း)

" ဝစနတ္ထမှတ်ဘွယ် "

* သမတ္တေတီတိ သမတ္တော။ (သမတ္တ+အ)
* ဇရာမရဏံ ဧဝ ဇရာမရဏတ္တံ။
* ဝိညတ္တိဧဝ ဝိညတ္တိတာ။ (ယောဇနာ။၈၉။)

မှတ်ချက်။ ။ နိသျများ၌ကား ဇရာမရဏတ္တာ ဝိညတ္တိတာ ၂-ပုဒ်ကို ဘာဝတဒ္ဓိတ်ကြံ၍ပေးသည်။

( ၅ )

ဝိညတ္တိ-ကား ကိတ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ-ကာရန္တ။
ဝါယောဓာတု-ကား သမာသ်နာမ်ပုဒ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဥ-ကာရန္တ။
အနိစ္စာဒိ-ကား သမာသ်နာမ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣ-ကာရန္တ။

http://www.dhammadownload.com



( ၆ )

(ခ) စိတ္တသမုဋ္ဌာနာ ဝါယောဓာတုယာ ကောအာကာရဝိကာရော အတ္ထိ၊ အယံ-ဖြင့် ဝိညတ္တိပုဒ်ကို ဝိညာပေတီတိ ဝိညတ္တိ-ဟုပြု၍ ဝိညတ္တိ-အရ စိတ်ကြောင့်ဖြစ်သောဝါယောဓာတ်၏ တစ်ခုသောအာကာရဝိကာရ (အမူအရာအထူး)ကို ယူရမည်ဟုသိစေ။ (ကျန်ပါဠိတို့ဖြင့် ဘာဝတ္ထ-ဖော်။)

(ဂ)ဖြင့် ထိုဝိညတ်သည် အဋ္ဌကလာပ်ရုပ်တို့ကဲ့သို့ စိတ္တသမုဋ္ဌာန်အစစ်မဟုတ်ဟုသိစေသည်။ (တနည်း:) ထိုဝိညတ်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်၏အဖြစ်ကိုသိစေသည်။

♦ န စိတ္တသမုဋ္ဌာနာတိဧတေန ပရမတ္ထတော အဘာဝံ ဒဿေတိ။ (မူလဋီကာ။ ၇၂။)

( ၇ )

(ခ) ပန-ကား အနွယဓောတက။

(ဃ) ပန-ကား သမ္ဘာဝနာဓောတက၊ (တနည်း:) ဝါကျာရမ္ဘဓောတက။

သာပိ-၌ ပိ-ကား သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။

(က)(ဂ)တို့၌ န-သဒ္ဒါတို့ကား ပဋိသေဓဓောတက။

( ၈ )

(ခ) အယံ ဝိညတ္တိနာမအရ-

✔ ပကတိမှဖောက်ပြန်သောအမူအရာအထူး (အာကာရဝိကာရ)သည် ဒဿနတ္ထ။

✔ စိတ္တဇဝါယောဓာတ်သည် ဒီပကတ္ထ။

✔ ဤသူသည် ဤမည်သောအမှုကို ပြုစေလိုယောင်တကားဟူ၍ အလိုဆန္ဒအကြံအစည်ကို သိရခြင်းသည် ပကာသနတ္ထ။

✔ ဝိညတ်ကို ဖြစ်စေတတ်သောစိတ်သည် ဝိဘာဝတ္ထ။

✔ မိမိအလိုရှိအပ်သောအကျိုး၏ ပြည့်စုံခြင်းစသည်သည် အနုဘာဝတ္ထ။

( ၉ )

"သန္ထမ္ဘေတုံ သန္ဓာရေတုံ စာလေတုံ သမတ္ထော"ဟု ဤမျှသော စကားကိုသာ မဆိုမူ၍ "ပစ္စယော ဘဝိတုံ"ဟူသော စကားကိုဆိုခြင်းသည်ကား---ဘုတ်တို့၏အာကာရဝိသေသသည် ဝါယောဓာတ်ကဲ့သို့ ရူပကာယ၏ ထမ္ဘန စလနကိစ္စကိုမပြီးစေ၊ စင်စစ်သော်ကား စိတ္တသမုဋ္ဌာန ဝါယောဓာတ်၏ ထမ္ဘန စလနကိစ္စကို ပြီးစေခြင်း၌ ထိုအာကာရဝိသေသသည် သဟကာရီကာရဏသာဖြစ်သတည်းဟု ဤသို့သောအနက်ကိုပြခြင်းအကျိုးရှိသည်ဟူ၍မှတ်။ (ပြည်သျှ။၅၀၄။)

♦ ဝိသံဝါဒနာဓိပ္ပါယော ပုဗ္ဗဘာဂက္ခဏေ, တင်္ခဏေစ။ (သီဋီသစ်)

(ဂ) အဘူတံ အတစ္ဆံ ဝတ္ထု–ဖြင့် မုသာဝါဒေါ–၌ မုသာ–အရ မဟုတ်မမှန်သောဝတ္ထုကိုယူရမည် ကိုင်း၊ မုသာ–နိပါတ်ပုဒ်၏ ဒဗ္ဗပဓာန, ဒဗ္ဗဝါစက၏အဖြစ်ကိုင်း၊ ယင်းသို့ မုသာ–အရ မဟုတ်မမှန် ဝတ္ထုကိုယူရသောကြောင့် အတထံ ဝတ္ထု–ဟူသော အင်္ဂါထည့်၍ မုသာဝါဒအင်္ဂါ ၄–ပါး ရနိုင်သည်ကိုင်း သိစေသည်။ (သီဋီသစ်၊ သာဓကပါဠိ (၂)နံပါတ် ကျမ်းတက်ပြန်ကြည့်)

(ဃ)ဖြင့် မုသာဝါဒေါ–၌ မုသာ–အရ အဘူတ အတစ္ဆဝတ္ထုကိုယူခိုက် ဝါဒေါ–၌ ဝဒ–ဓာတ်၏ ဝိဇာနန အနက်ဟောသည်ကိုင်း၊ ဏ–ပစ္စည်း၏ ကရဏသာဓနအနက်၌သက်သည်ကိုင်း၊ မုသာ ဝတ္ထု ဝဒီယတိ ဇာနီယတိ ဧတေနာတိ မုသာဝါဒေါ–ဟု ဝစနတ္ထပြုရမည်ကိုင်း၊ မဟုတ်မမှန်သောဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သိစေခြင်းသည်(ဝါ)သိစေကြောင်းစေတနာသည် ဝါဒ(မုသာဝါဒ)မည်၏ဟူသော အဓိပ္ပါယ်ကိုင်း သိစေသည်။

♦ ဣမသ္မိံ ပန နယေ မုသာ ဝတ္ထု ဝဒီယတိ ဇာနီယတိ ဧတေနာတိ မုသာဝါဒေါတိ နိဗ္ဗစနံ ဒဋ္ဌဗ္ဗံ။(သီဋီသစ်။၃၃၅)

(င) သံဝဏ္ဏနာပါဌ်ဖြင့် မုသာဝါဒ–အရ ကာယဝိညတ်, ဝစီဝိညတ်ကိုမယူရ၊ မုသာ ဝတ္ထု ဝဒီယတိ ဇာနီယတိ ဧတေနာတိ မုသာဝါဒေါ–ဟု ဝစနတ္ထပြု၍ လက္ခဏာအားဖြင့် မဟုတ်မမှန်သောဝတ္ထုကို (လ) တထာဝိညတ္တိသမုဋ္ဌာပိကာ စေတနာကို ယူရမည်ဟု သိစေသည်။

( ၇ )

(ခ) ဝိသံဝါဒနာဓိပ္ပါယေနနောင် ဓဝ–ဆောင်၍ ဂဟေတဗ္ဗတ္ထ စသည်ထုတ်ပုံ

✔ ဝိသံဝါဒနာဓိပ္ပါယသည် ဂဟေတဗ္ဗတ္ထ။

✔ ဟာသာဓိပ္ပါယသည် နိဝတ္တေတဗ္ဗတ္ထ။

http://www.dhammadownload.com



"နိပါတတ္ထများ"

မုသာဝါဒ–၌ မုသာ–ကား မိစ္ဆာတ္ထ, ဝိပရီတတ္ထ။
ပုရေကွာရ–၌ ပုရေ–ကား အဘိမုခတ္ထ။
ကာယပယောဂေါ ဝါ–၌ ဝါ–ကား ဝိကပ္ပနတ္ထ။
(ခ) ပန–ကား ပက္ခန္တရဇောတက (ဝါ) ဝါကျာရမ္ဘဇောတက။
(င) ပန–ကား ပက္ခန္တရဇောတက (ဝါ) ဝါကျာရမ္ဘဇောတက။

( ၈ )

မုသာဝါဒ–အရ စေတနာ–ကိုယူ၍

✔ ထို–သည် ဒဿနတ္ထ။
✔ လောဘမူလ, ဒေါသမူလသည်၄င်း၊ အယောနိသောမနသိကာရသည်၄င်း ဒီပကတ္ထ။
✔ ပရဝိသံဝါဒက ကာယဝစီပယောဂသည်၄င်း၊ သူတပါးအကျိုးစီးပွါးပျက်စီးခြင်းသည်၄င်း၊ ဒုက္ခ ဒေါမနဿ ဝိပ္ပဋိသာရဖြစ်ရခြင်းစသည်သည်၄င်း ပကာသနတ္ထ။
✔ တာလုပသေဝနစသည်သည် ဝိဘာဝတ္ထ။
✔ အပါယ်ဒုဂ္ဂတိသို့ရောက်ရခြင်း, ဘဝါဘဝ–၌ စကားမပီ သွားမညီခြင်းစသည်သည် အနုဘာဝတ္ထ။

( ၉ )

အဓိပ္ပါယ်

(က) (ခ)နှစ်ဝါကျဖြင့် ၁။ ဝိသံဝါဒနစိတ္တံ၊ ၂။ တဇ္ဇော ဝါယာမော၊ ၃။ ပရဿ တဒတ္ထဝိဇာနနံ–ဟူသောအင်္ဂါ ၃–ပါးကိုပြသည်။
(ဂ)(ဃ)နှစ်ဝါကျဖြင့် အထက်ပါအင်္ဂါသုံးပါးတွင် အတထံ ဝတ္ထု–ဟူသော အင်္ဂါ–ကိုထည့်၍ အင်္ဂါ ၄–ပါးကိုပြသည်။

( ၁၀ )

(က) (ခ) သံဝဏ္ဏနာ–အလို မုသာ+ဝါဒေါ–၌–

✔ မုသာ–အရ ကာယပယောဂ, ဝစီပယောဂသည်–
ဝါဒေါ–အရ စေတနာအား ပကတူပ–ပြု။
(တနည်း) ဝါဒေါ–အရ စေတနာသည်–
မုသာ–အရ ကာယဝိညတ်, ဝစီဝိညတ်ဟူသော စိတ္တဇရုပ်အား သဟဇာတ–ပြု။
ပြိုင်။ ။ သဟကြီး ၄။ ဝိပ္ပယုတ္တ၊ အာဟာရ၊ ကမ္မ။ (၇)

(ဂ)(ဃ) သံဝဏ္ဏနာအလို မုသာ+ဝါဒေါ–၌–

✔ မုသာ–အရ အဘူတ အတစ္ဆဝတ္ထုသည်–
ဝါဒေါ–အရ စေတနာအား အာရမ္မဏ–ပြု။
ပြိုင်။ ။ အာ၊ ဓိ၊ ဥပ၊ ပုရေ၊ အတ္ထိ၊ အဝိဂတ။ (၆)ပစ္စည်း။

==================

http://www.dhammadownload.com



## ဝါကျဥယျာဉ်(၁၁၄)

(က) ပိသုဏာဝါစာတိ အာဒီသု ယာယ ဝါစာယ ယဿ တံ ဝါစံ ဘာသတိ၊ တဿ ဟဒယေ အတ္တနော ပိယဘာဝံ, ပရဿ စ သုညဘာဝံ ကရောတိ၊ သာ ပိသုဏာဝါစာ။

(ခ) ယာယ ပန အတ္တာနမ္ပိ ပရမ္ပိ ဖရုသံ ကရောတိ၊ ယာ ဝါစာ သယမ္ပိ ဖရုသာ နေဝ ကဏ္ဏသုခါ န ဟဒယင်္ဂမာ၊ အယံ ဖရုသဝါစာ။

(ဂ) ယေန သမ္ဖံ ပလပတိ နိရတ္ထကံ၊ သော သမ္ဖပ္ပလာပေါ။

(ဃ) တေသံ မူလဘူတာ စေတနာပိ ပိသုဏာဝါစာဒိနာမမေဝ လဘတိ၊

(င) သာ ဧဝ စ ဣဓ အဓိပ္ပေတာတိ။

ဌ။၁၄၂။ မူလဋီ။၈၉။ ယောဇနာ။၉၉။ ပြည်သျှ။၅၈၃။ ဘာသာဋီ၊ ၃။ ၂၀၈။ ကျော်စံဂဏ္ဌိ။၂၈၄။ မင်းခင်းဂဏ္ဌိ။၄၁၄။ သီဋီသစ်။၃၃၈။

---

### ( ၁ )

### (က)ကို စ-သဒ္ဒါ အဋ္ဌာနပယုဂ်ကြံ၊ ဟေတာလင်္ကာရနည်းဖြင့်အနက်

ပိသုဏာဝါစာတိအာဒီသု-တို့၌။ (သဝိနိစ္ဆယော-အဆုံးအဖြတ်နှင့်တကွဖြစ်သော။ အတ္ထော-ကို။ ဇဝံ-သို့။ ဝေဒိတဗ္ဗော-၏) ယာယ ဝါစာယ-ဖြင့်။ (လ) ပိယဘာဝံစ-ချစ်အပ်သည်၏အဖြစ်ကိုင်း၊ ပရဿ-သူတပါး၏။ (ပီတိဝိရဟိတတာယ-နှစ်သက်သောပီတိကင်းသည်၏အဖြစ်ကြောင့်။) သုညဘာဝံစ-ဆိတ်သည်၏အဖြစ်ကိုင်း၊ (လ) ပိသုဏာဝါစာ-မည်၏။

♦ စ-သဒ္ဒေါ အဋ္ဌာနပယုတ္တော၊ သော ဒွန္ဒဂတ္တဘာဝံ ဇောတေတုံ ကမ္မဒွယေ ပယုဉ္ဇိတဗ္ဗော။ သုညဘာဝန္တိ ပိယဝိရဟိတတာယ ရိတ္တဘာဝံ။ (သီဋီ၊သစ်၊ ၃၃၈။)

### (ခ) ဟေတာလင်္ကာရနည်းဖြင့် အနက်

(ဖရုသသဘာဝတော-(ဆဲဆိုသောစကားလုံး၏)ကြမ်းတမ်းခြင်းသဘောရှိသည်၏အဖြစ်ကြောင့်။) နေဝ ကဏ္ဏသုခါ-နားမချမ်းသာ။ (အတ္ထဝိပ္ပန္နတာယ-အနက်ဖောက်ပြန်ပျက်ဆီးသည်၏ အဖြစ်ကြောင့်။) န ဟဒယင်္ဂမာ-နှလုံးသို့ မသက်ဝင်။

♦ ဖရုသသဘာဝတော န ကဏ္ဏသုခါ၊ အတ္ထဝိပ္ပန္နတာယ န ဟဒယင်္ဂမာ။ (သီဋီသစ်)

### ( ၂ )

(ခ)ဝါကျကို-(၁) ယာယ ပန အတ္တာနမ္ပိ ပရမ္ပိ ဖရုသံ ကရောတိ၊ အယံ ဖရုသဝါစာ။
(၂) ယာ ဝါစာ သယမ္ပိ ဖရုသာ နေဝ ကဏ္ဏသုခါ န ဟဒယင်္ဂမာ၊ အယံ ဖရုသဝါစာ-ဟု ၂-ပိုင်းခွဲ။

### (၂) ဒုတိယပိုင်းသို့ ဌပနာဘောဂါဒိပဋ္ဌက

ဆရာ-သည် ယာယ ပန အတ္တာနမ္ပိ ဖရုသံ ကရောတိ၊ အယံ ဖရုသဝါစာ-ဟူသောဝါကျဖြင့် မိမိကိုင်း, သူတပါးကိုင်း ကြမ်းကြုတ်သည်ကိုပြုကြောင်းဖြစ်သောစကားသည် ဖရုသဝါစာမည်သော ဟုဆို၏။ ထို-သော် မိမိကိုင်း (လ) ပြုကြောင်းဖြစ်သောစကားသည်သာ ဖရုသဝါစာမည်ရာသည် မဟုတ်ပါလော။ ထို-ကြောင့်-မဆိုသင့်။ ဖရုသဝါစာမည်သော အခြားတပါးသော စကားကိုလည်း ပြဆိုသင့်သေး၏။-ကား အဘယ်ပါနည်း။ စုဒ်ကြောင့်-ယာဝါစာ သယမ္ပိ-စသည်မိန့်။

http://www.dhammadownload.com



(တနည်း) ဆရာ–သည် ယာဃ ပန အတ္တာနမ္ပိ ဖရုသံ ကရောတိ–ဖြင့် ဖရုသဝါစာ–၌ ဖရုသပုဒ်ကို ဖရုသံ ကရောတီတိ ဖရုသာ (တနည်း) ဖရုသံ ကရောတိ ဧတာယာတိ ဖရုသာ–ဟု ဝစနတ္ထပြုရမည်ဟု ဆိုတော်မူ၏။ ထို–သော် ယင်းဖရုသာ–ဟူသောပုဒ်သည် ပုဒ်၊ ဓာတ်၊ ပစ္စည်းတို့ဖြင့် စီရင်ရသော ဝစနတ္ထပြုကောင်းသော အနွတ္ထနာမ်ပုဒ်တမျိုးသာဖြစ်သင့်၏ဟူသော အနက်ရောက်ရာသည်မဟုတ်ပါလော။ ထို–ကြောင့်–မဆိုသင့်။ ဖရုသာပုဒ်၏ တခြားဖြစ်သင့်သော ပုဒ်အမည်တမျိုးကိုလည်း ပြဆိုသင့်သေး၏။ ဖရုသာသည် အဘယ်ပုဒ်မျိုးဖြစ်နိုင်ပါသေးသနည်း။ စုဒ်ကြောင့်–ယာ ဝါစာ သယမ္ပိ စသည်ကိုမိန့်။

အဓိပ္ပါယ်ကား။ ။ကက္ကသ (ဖရုသ)ဝါစီ ရုဠှီအနိပ္ဖန္နပါဋိပဒိကပုဒ်လည်း ဖြစ်ပါသေး၏ဟူလို။

(တနည်း) ဆရာ–သည် ယာဃ (လ) ကရောတိ–ဖြင့် မိမိကို၄င်း၊သူတပါးကို၄င်း ကြမ်းကြုတ်သည်ကို ပြုကြောင်းဖြစ်သောကြောင့် စကားသည် ဖလူပစာအားဖြင့် ဖရုသာမည်သောဟု ဆိုတော်မူ၏။ ထို–သော် ဖလူပစာအားဖြင့်သာ ဖရုသာမည်၏ဟူသော အနက်ရောက်ရာသည်မဟုတ်ပါလော။ထို–ကြောင့်–မဆိုသင့်။ စကား၏ ဖရုသာမည်ပုံ နည်းတမျိုးကိုလည်း ပြဆိုသင့်သေး၏။ အဘယ်နည်းဖြင့် စကားသည် ဖရုသာမည်ပါသေးသနည်း။ စုဒ်ကြောင့်–ယာ ဝါစာ သယမ္ပိ–စသည်ကိုမိန့်။

အဓိပ္ပါယ်ကား။ ဖလူပစာအားဖြင့်သာ စကားသည် ဖရုသာမည်သည်မဟုတ်၊ ကာရဏူပစာ (နာနန္တရိကနည်း)ဖြင့်လည်း ဖရုသာမည်ပါသေး၏ဟူလို။

♦ ဧတ္ထ ပဌမနယေ ဖရုသံ ကရောတီတိ ဝစနတ္တေန ဝါ ဖလူပစာရေန ဝါ ဝါစာယ ဖရုသသဒ္ဒပ္ပဝတ္တိ ဝေဒိတဗ္ဗာ။ ဒုတိယနယေ မမ္မစ္ဆေဒဝသေန ပဝတ္တိယာ ဧကန္တနိဋ္ဌုရတာယ ရုဠှီသဒ္ဒဝသေန သဘာဝေန, ကာရဏူပစာရေန ဝါ ဝါစာယ ဖရုသသဒ္ဒပ္ပဝတ္တိ ဒဋ္ဌဗ္ဗာ။ (သီဋီသစ်။၃၃၈။)

## (ဃ) သို့ ပါပနာဒီပဋ္ဌကစေတနာ

ဆရာ–သည် (က)(ခ)(ဂ)ဝါကျတို့ဖြင့် စကားသည် (ဝစီဘေဒသဒ္ဒရုပ်သည်) ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ–မည်သောဟုဆို၏။ ထို–သော် စကား (ဝစီဘေဒသဒ္ဒရုပ်)သည်သာ ပိသုဏဝါစာ စသည်မည်ကုန်၏ဟူသောအနက်သည် ရောက်ရာ၏။ စင်–ကား–မရောက်သင့်။ထိုသို့–ကြောင့် ပိသုဏဝါစာ စသည်မည်သော အခြားတပါးသောတရားကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် အဗျာပိတ–၏။ ပိသုဏဝါစာစသည်မည်သော အခြားတပါးသောတရားကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဃ) မိန့်။ (စေတနာပိ–၌ သမုစ္စည်း ပိ–ကိုရှု)

## (င)သို့ ပါပနာဒီပဋ္ဌက

ဆရာ–သည်(ဃ)ဝါကျဖြင့် ထိုပိသုဏစသော စကားတို့၏ မူလဘူတဖြစ်သော စေတနာသည်လည်း ပိသုဏဝါစာစသော အမည်ကိုရ၏ဟု ဖွင့်ဆိုတော်မူ၏။ထို–သော် ဤကမ္မပထအရာ၌ စကား(ဝစီဘေဒသဒ္ဒ) နှင့် စေတနာနှစ်မျိုးလုံးကိုပင်လိုအပ်၏ဟူသောအနက်သည် ရောက်ရာ၏။ စင်–ကား–မရောက်သင့်။ထိုသို့–ကြောင့် ဤကမ္မပထအရာ၌ အလိုရှိအပ်သောတရားကိုလည်း တိကျစွာပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော်–အတိဗျာပိတ–၏။ ဤကမ္မပထအရာ၌ အဘယ်တရားကို လိုအပ်ပါသနည်း။ စုဒ်ကြောင့် (င)ဝါကျကိုမိန့်။ (သာဝေ၌ ဧဝ ကိုရှု၍တက်သည်)

http://www.dhammadownload.com



( ၃ )

(င) အဓိပ္ပေတာ–ထားရခြင်း

ပိသုဏာဝါစာ–စသည်တို့အရ စကား (ဝစီဘေဒသဒ္ဒ)နှင့် စေတနာဟူသောအနက်သာမညမှ စေတနာဟူသောအနက်ဝိသေသကိုသာ ဤကမ္မပထအရာ၌ ယူစေလိုသောကြောင့်၄င်း, ဘေဒကပုဂ္ဂိုလ်နှင့် စကားလုယက်၍ ပြဆိုရာဌာနဖြစ်သောကြောင့်၄င်း အဓိပ္ပေတာ–ထားသည်။

(ဃ) စေတနာပိ–၌ ပိသဒ္ဒါထားရခြင်း

စကား (ဝစီဘေဒသဒ္ဒ)သည်သာ ပိသုဏာဝါစာမည်သည်မဟုတ်သေး၊ စေတနာသည်လည်း ပိသုဏာဝါစာမည်သေး၏–ဟူသော သမုစ္စယတ္ထ, သမ္ဘာဝနတ္ထကိုပြလို၍ ပိ–သဒ္ဒါထားသည်။

(င)ဝါကျဖြင့် ကမ္မပထအရာဖြစ်၍ ပိသုဏာဝါစာစသည်တို့အရ ဝါစာကို မယူရ၊ စေတနာကိုသာ ယူရမည်, လိုအပ်၏ဟုပြသောကြောင့် အတိဗျာပိတ ပယ်သည်။(တနည်း) ဝါကျာရမ္ဘ၊ အဗျာပိတပယ်သည်။

( ၄ )

* ပိယဋ္ဌ သုညဋ္ဌ ပိယသုည်။
* ပိယသုည် ကရောတိ တောယာတိ ပိသုဏာ။ (သီဋီသစ်၊ ၃၃၈။)
(ပိယသုညကရဏ–ဟုဆိုလိုလျက် နိရုတ္တိနည်းဖြင့် ပိသုဏ–ဟုပြီးသည်။)
✔ ပိယသဒ္ဒူပပဒ ကရ–ဓာတ်+ယုပစ္စည်းသည်၄င်း၊ ချစ်အပ်သည်၏အဖြစ်, အချစ်မှကင်းဆိတ်သည်၏အဖြစ်ကို ပြုခြင်းကြိယာသည်၄င်း၊ အချစ်ပျက်သုဉ်းခြင်း၏+ပိသုဏာဝါစာနှင့် အကျိုး+အကြောင်းစပ်–၄င်း ဗျု–နိ။
✔ အချစ်ပျက်အောင်ပြုခြင်းကြိယာသည်(တနည်း)ပိသုဏာဝါစာတို့၏–ဓာတ်သည် ပ–နိ။

(တနည်း) ပိသတီတိ ပိသုဏာ၊ (ပိသ+ဥန။ ကြိတ်ချေခြင်းကြိယာ။)

* ပိသုဏာ စ သာ ဝါစာ စာတိ ပိသုဏာဝါစာ။ (ပိသုဏာ၏+ဝါစာနှင့် ဂုဏ်+ဂုဏီစပ်)

"ဝစနတ္ထမှတ်ဘွယ်"

(က) * ဟရတီတိ ဟဒယံ။ (ဟရ+ယ။ ဆောင်ခြင်း။ စိတ်။ ) (ဏွာဒိမောဂ်)
* ဟဒယံ ဂစ္ဆတီတိ ဟဒယင်္ဂမာ။ (ဟဒယ+ဂမု+အ)
* ပိယာယိတဗ္ဗော တိ ပိယော။ (ပုဂ္ဂလော)
* ပိယဿ ဘာဝေါ ပိယဘာဝေါ။ (ချစ်အပ်သူ၏+ချစ်ဘွယ်ဂုဏ်နှင့် ဂုဏ်+ဂုဏီစပ်)

(ခ) * ပရေ ဇနေ ဥသာပေတိ ဒါဟေတီတိ ဖရုသံ။ (ပ–ကို ဖ–ပြု)
* ဖရုသံ ကရောတိ တောယာတိ ဖရုသာ။ (ဌ–အလို)
* ဖရုသံ ကရောတီတိ ဖရုသာ။(သီဋီသစ်၊၃၃၈။)(ဖရုသ+ကရ+ယု။ ကြမ်းကြုတ်သည်ကိုပြုခြင်း။)
* ဖရုသာ စ သာ ဝါစာစာတိ ဖရုသဝါစာ။
* ကဏ္ဏတိ သုဏာတိ ဧေနာတိ ကဏ္ဏော။ (ကဏ္ဏ+အ)
* သုခန္တိ တောယာတိ သုခါ။ ကဏ္ဏာနံ+သုခါ ကဏ္ဏသုခါ။ (ဘာသာဋီ)
(နားတို့၏+ချမ်းသာကြောင်းစကားနှင့် အကျိုး+အကြောင်း၊ ဌာန+ဌာနီစပ်။)

(ဂ) * သံ ဟိတံ သုခဉ္စ ဖလတိ ဝိနာသေတီတိ သမ္ဖံ။ (သံ+ဖလ+ကွိ)
* ပလပတိ ဧေနာတိ ပလာပေါ။ သမ္ဖဿ+ပလာပေါ သမ္ဖပလာပေါ။
* နတ္ထိ အတ္ထော ဧတဿာတိ နိရတ္ထကံ။

http://www.dhammadownload.com



( ၅ )

(က) ဟဒယေ–ကား ကိတ်နာမ်၊ နပုံ၊ စိတ္တာဒိ၊ အ–ကာရန္တ။

အတ္တနော–ကား ကိတ်နာမ်၊ ပုံ၊ ရာဇာဒိ၊ အ–ကာရန္တ။

(ခ) သယံ–ကား နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ။

( ၆ )

(က) ယာယ ဝါစာယ ပိယဘာဝံ စ သုညဘာဝံ ကရောတိ–ဖြင့် ပိသုဏာဝါစာ–၌ ပိသုဏာ–ဝယ် ပိယသုည သဒ္ဒူပပဒ+ကရ–ဓာတ်၏အဖြစ်ကိုငင်း၊ ယုပစ္စည်း ကရဏသာဓနအနက်၌သက်သည်၏အဖြစ်ကိုငင်း၊ ပိယသုညံ ကရောတိ ဧတာယာတိ ပိသုဏာ–ဟု ကရဏသာဓန ကိတန္တဒုတိယာ တပ္ပုရိသ် သမာသ် ဝစနတ္ထပြု–ငင်း၊ ပိယသုညကရဏ–ဟုဆိုလိုလျက် ယ,ည,ကရတို့ကိုချေ၍ နိရုတ္တိနည်းဖြင့် ပိသုဏာ–ဟု ရုပ်ပြီးနေသည်ကိုငင်း၊ ပိသုဏာ–အရ ဝါစာ (ဝစီဘေဒသဒ္ဒ)ကိုယူ–ငင်း၊ အတွင်းငုတ်နေသော ပိယသုည ပုဒ်ကို ပိယဥ္စ သုညဥ္စ ပိယသုညံ–ဟု ဒွန်သမာသ်ပြု–ငင်း၊ ယင်း ပိယ, သုည ပုဒ်တို့၏ ဘာဝပ္ပစ္စယ ဘာဝလောပ၏ အဖြစ်ကိုငင်း၊ ပိသုဏာ–အရ ဝါစာ (ဝစီဘေဒသဒ္ဒ)ကိုယူ–ငင်း သိစေသည်။

ယဿ တံ ဝါစံ ဘာသတိ–ဖြင့် တဿ–ဟူသော နိယတ်၏ အနိယတ်အဖြစ်ကို သိစေသည်။

တဿ–ဖြင့် ဟဒယေ–၏ သမ္ဗန်အဖြစ်ကို သိစေသည်။

အတ္တနော ပရဿ –ဖြင့် သမ္ဗန်အဖြစ်ကို သိစေသည်။

(က)တဝါကျလုံးသံဝဏ္ဏနာပါဠိဖြင့် ပိသုဏာ စ သာ ဝါစာ စာတိ ပိသုဏာဝါစာ–ဟု ဝစနတ္ထပြု၍ ပိသုဏာဝါစာအရ –စကား (ဝစီဘေဒသဒ္ဒ)ကို ယူရမည်ဟု သိစေသည်။

♦ သမာသ်ပုဒ်တွင်၊ တပုဒ်ကြည့်၍၊ ဖွင့်လျင်နည်းတူ၊ အရတူ၊ မှတ်ယူကမ္မဓာရယ။

(ခ) ယာယ အတ္တာနမ္ပိ ပရမ္ပိ ဖရုသံ ကရောတိ–ဖြင့် ဖရုသဝါစာ၌ ဖရုသဝယ် ဖရုသသဒ္ဒူပပဒ ကရဓာတ်၏အဖြစ်ကိုငင်း၊ ယုပစ္စည်း ကရဏသာဓနအနက်၌သက်–ငင်း၊ ဖရုသံ ကရောတိ ဧတာယာတိ ဖရုသာ–ဟု ကရဏသာဓန ကိတန္တဒုတိယာတပ္ပုရိသ်–ပြု–ငင်း၊ ဖရုသကရဏ–ဟုဆိုလိုလျက် ကရဏ–ပုဒ်ကိုချေ၍ နိရုတ္တိနည်းဖြင့် ဖရုသ–ဟုရုပ်ပြီးနေသည်ကိုငင်း၊ ဖရုသာ–အရ မိမိသူတပါး နှစ်ပါးစုံ ကြမ်းတမ်းခြင်း၏အကြောင်းဖြစ်သော ဝါစာ (ဝစီဘေဒသဒ္ဒ)ကို ဖလူပစာအားဖြင့် ယူရမည်ကိုငင်း သိစေသည်။

(ဖရုသံ ကရောတီတိ ဖရုသာ–ဟု ကတ္တုသာဓ်လည်းပြုနိုင်သည်။)

ယာ ဝါစာ သယမ္ပိ ဖရုသာ–ဖြင့် ဖရုသာပုဒ်သည် ပုဒ်–ဓာတ် ပစ္စည်းတို့ဖြင့် စီရင်ရသော အနွတ္ထနာမ်ပုဒ်မျိုးမဟုတ်၊ ကက္ကသ (ဖရုသ) ဝါစီ ရုဠှီ အနိပ္ဖန္နပါဋိပဒိကပုဒ်၏အဖြစ်ကိုငင်း၊ ပင်ကိုယ်သဘောအားဖြင့် ဖရုသာမည်သည် ကိုငင်း၊ ဖရုသာ–အရ ဒေါသကြောင့်ဖြစ်သော (အကျိုးဖြစ်သော) ဝါစာ (ဝစီဘေဒသဒ္ဒ)ကို ကာရဏူပစာရအားဖြင့် ယူရမည်ကိုငင်း သိစေသည်။

အမှာ။ ။(ခ)ဝါကျ အာဘော်သံဝဏ္ဏနာအတွက် သီလက္ခန်ဋီကာသစ် သာဓကပါဠိ (၂)နံပါတ် ကျမ်းတက်ပြန်ကြည့်။

နေဝ ကဏ္ဏသုခါ န ဟဒယင်္ဂမာ–ဖြင့် ဆဲဆိုသောစကားလုံးက ကြမ်းတမ်းခြင်းသဘောရှိသည်၏အဖြစ်ကြောင့် ကြားနာရသော် နားလည်းမချမ်းသာ၊ အနက်အဓိပ္ပါယ်ဖောက်ပြန်ပျက်စီးသည်၏အဖြစ်ကြောင့် စိတ်နှလုံးသို့လည်း မသက်ဝင်–ဟူသောအဓိပ္ပါယ်ကိုသိစေသည်။

(ခ) တဝါကျလုံးဖြင့် ဖရုသာ စ သာ ဝါစာစာတိ ဖရုသဝါစာ–ဟု ဝစနတ္ထပြု၍ ဖရုသဝါစာ–အရ စကား (ဝစီဘေဒသဒ္ဒ)ကိုယူရမည်ဟုသိစေသည်။

http://www.dhammadownload.com



(ဂ) ယေန သမ္ဖံ ပလပတိ နိရတ္ထကံ-ဖြင့် သမ္ဖပ္ပလာပပုဒ်ကို သမ္ဖံ ပလပတိ ဧတေနာတိ သမ္ဖပ္ပလာပေါ-ဟု ကရဏသာဓနေ ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြု-၄င်း၊ ဏပစ္စည်း၏ ကရဏသာဓန အနက်၌သက်-၄င်း၊ (တနည်း) ပလပတိ ဧတေနာတိ ပလာပေါ။ သမ္ဖဿ+ပလာပေါ သမ္ဖပ္ပလာပေါ -ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြု-၄င်း သိစေသည်။

နိရတ္ထကံ-ဖြင့် သမ္ဖပ္ပလာပ-၌ သမ္ဖပုဒ်ကို သံ ဟိတံ, သုခဉ္စ ဖလတိ ပဟာရတိ ဝိနာသေတီတိ သမ္ဖံ-ဟု ဝစနတ္ထပြု၍ သမ္ဖ-အရ မိမိသူတပါး နှစ်ဦးသားတို့အား ကျေးဇူးမပြုတတ်သော (အကျိုးမရှိသော) အလုံးစုံသောအကြောင်းအရာကို (ဝါ) စကားဒြပ်ကို ယူရမည်ဟု သိစေသည်။

♦ သမ္ဖန္တိ "သ"န္တိ ဝုတ္တံ သုခံ, ဟိတဉ္စ ဖလတိ ပဟာရတိ ဝိနာသေတီတိ အတ္ထေန "သမ္ဖ"န္တိ လဒ္ဓနာမံ အတ္တနော, ပရေသဉ္စ အနုပကာရကံ ယံ ကိဉ္စိ အတ္တံ၊ တေနာဟ "နိရတ္ထက"န္တိ။ ဣမိနာ သမ္ဖံ ပလပတိ ဧတေနာတိ သမ္ဖပ္ပလာပေါတိ ဝစနတ္ထံ ဒဿေတိ။ (သီဋီသစ်။၃၃၈။)

( ၇ )

(ဃ) ပိသုဏဝါစာဒိနာမဓေဝ-၌ ဓေ-၏ ဂဟေတဗ္ဗတ္ထ-စသည်-

✔ ပိသုဏဝါစာစသောအမည်သည် ဂဟေတဗ္ဗတ္ထ။

✔ တပါးသောအမည်သည် နိဝတ္တေတဗ္ဗတ္ထ။

(င) သာဓေဝ-၌ ဓေ-၏ ဂဟေတဗ္ဗတ္ထ စသည်-

✔ မူလဘူတစေတနာသည် ဂဟေတဗ္ဗတ္ထ။

✔ ပိသုဏဝါစာစသောစကား (ဝစီဘေဒသဒ္ဒ)သည် နိဝတ္တေတဗ္ဗတ္ထ။

✔ စေတနာသမ္ပယုတ္တဓမ္မတို့သည် အနုညာတတ္ထ။

(က) ပရဿ စ-၌ စ-ကား အဋ္ဌာပယုတ္တဒွန္ဒဂဗ္ဘဘာဝဇောတက။ (သီဋီသစ် သာဓက ၁-နံပါတ်ရှု)

(ဂ) သမ္ဖံ-၌ သံ-ကား သုခတ္ထ, ဟိတတ္ထ။

ပလပတိ-၌ ပ-ကား ပကာရတ္ထ။

နိရတ္ထကံ-၌ နိ-ကား အဘာဝတ္ထ၊ ဝိရဟတ္ထ။

(ခ) အတ္တာနမ္ပိ, ပရမ္ပိ-တို့၌ ပိ-တို့ကား အညမညသမုစ္စယတ္ထ။

သယမ္ပိ-၌ ပိ-ကား (သူတပါးကိုဆည်းသောကြောင့်) သမုစ္စယတ္ထ။

( ၈ )

သမ္ဖပ္ပလာပ-အရ ဣဓာဓိပ္ပေတ-တရားကား သမ္ဖပ္ပလာပ၏ မူလဘူတဖြစ်သော စေတနာဖြစ်သည်။

✔ ထို-သည် ဒဿနတ္ထ။

✔ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

✔ အကျိုးမရှိ-ပိန်ဖျင်းသောစကားသည် ပကာသနတ္ထ။

✔ ဗာလူပသေဝနစသည်သည် ဝိဘာဝတ္ထ။

✔ အကျိုးမရှိသောစကားကိုကြားရခြင်း၊ ကြားရသူတို့အကျိုးပျက်ခြင်း၊ ပြောဆိုသူအားကုသိုလ်တရားမှ ယုတ်လျော့ခြင်း၊ အပါယဒုဂ္ဂတိ၌ဖြစ်ရခြင်းစသည်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com



( ၉ )

အဓိပ္ပါယ်

ပိသုဏဝါစာ၏အာရုံကား သတ္တဝါအာရုံ, သင်္ခါရအာရုံဖြစ်သည်။
ဖရုသဝါစာ၏အာရုံကား သတ္တဝါအာရုံသာတည်း။ (ဋ္ဌ။၁၄၄။)

ကေဝလ့ဖရုသစေတနာ ဖရုသဝါစာ။ (ဋ္ဌ။၁၄၃။)၌ ကေဝလ-သဒ္ဒါကိုထည့်ခြင်းမှာ-
ဝါသနာအလိုက် နှုတ်ထွက်ကြမ်းတမ်းရုံမျှကို ဆိုလိုသည်မဟုတ်ဘဲ တကယ်ဒေါသစိတ်ဖြင့် ပြောဆိုအပ်သော ဖရုသဝါစာ (ဖရုသစေတနာ)ကိုသာ ယူစေလိုသောကြောင့်တည်း။ (ဘာသာဋီ၊၃)

♦ "ဖရုသစေတနာ" ဣစ္စေဝ အဝတွာ "ကေဝလ့ဖရုသစေတနာ"တိဝစနံ ဒုဋ္ဌစိတ္တတာယ ဧဝ ဖရုသစေတနာ အဓိပ္ပေတာ၊ န ပန သဝနဖရုသတာမတ္တေနာတိ ဉာပနတ္ထံ။ (သီဋီသစ်။၃၄၀။)

( ၁၀ )

သမ္ဖပ္ပလာပေါ-၌-

✔ သမ္ဖ-ဟူသော ရှေးပုဒ်အရ မနသာဝဝတ္တပိတဖြစ်သော အကျိုးမရှိအနက်မရှိသောစကားသည်-
ပလာပ-ဟူသော နောက်ပုဒ်အရ မုလဘူတအကုသိုလ်စေတနာအား အာရမ္မဏတစ်ပစ္စည်းဖြင့်ပြု။

✔ ပလာပ-အရ မူလဘူတအကုသိုလ်စေတနာသည်-
သမ္ဖံ-အရ ပြိန်ဖျင်းသောစကားဟုဆိုအပ်သော ဝစီဘေဒသဒ္ဒအား သဟဇာတ-ပြု။
ပြိုင်။ ။ သဟကြီး-၄။ ဝိပ္ပယုတ္တ၊ အာဟာရ၊ ကမ္မ။ (၇)

(က) ယာယ ဝါစာယ ယဿ တံ ဝါစံ ဘာသတိ-၌-

✔ ဘာသတိ-အရ ချောပစ်ကုန်းတိုက်သော အခြင်းအရာအားဖြင့်ဖြစ်သော ဝီရိယစေတနာ
ပြဋ္ဌာန်းသော လောဘမူ ဒေါသမူအကုသိုလ်စိတ္တုပ္ပါဒ်သည်-
ယာယ ဝါစာယ, တံ ဝါစံ-အရ ဝစီဘေဒသဒ္ဒအား သဟဇာတ-ပြု။
ပြိုင်။ ။ သဟကြီး-၄၊ ဝိပ္ပ၊ သဟဇယ် (၇)။ ယထာရဟ (၁၂)

(တနည်း) ယာယ ဝါစာယ, တံ ဝါစံ-အရ ဝစီဘေဒသဒ္ဒသည်-
ဘာသတိ-အရ အကုသိုလ်စိတ္တုပ္ပါဒ်အား အာရမ္မဏ-ပြု။

=================

http://www.dhammadownload.com



## ဝါကျဉယျာဉ်(၁၁၅)

(က) အဘိဓမ္မာယတီတိ အဘိဓမ္မော။

(ခ) ပရာဘဏ္ဍာဘိမုခီ ဟုတွာ တန္နိန္နတာယ ပဝတ္တတီတိ အတ္ထော။

(ဂ) သာ “ အဟော ဝတ ဣဒံ မမဿာ”တိ ဧဝံ ပရာဘဏ္ဍာဘိဇ္ဈာယနလက္ခဏာ။

(ဃ) အဒိန္နာဒါနံ ဝိယ အပ္ပသာဝဇ္ဇာ, မဟာသာဝဇ္ဇာစ။

(င) တဿာ ဒွေ သမ္ဘာရာ ပရဘဏ္ဍံ, အတ္တနော ပရိဏာမနဉ္စာတိ။

(စ) ပရာဘဏ္ဍဝတ္ထုကေ ဟိ လောဘေ ဥပ္ပန္နေပိ န တာဝ ကမ္မပထဘေဒေါ ဟောတိ၊ ယာဝ န “အဟော ဝတ ဣဒံ မမဿာ”တိ အတ္တနော ပရိဏာမေတိ။

ဋ္ဌ။၁၄၃။ ယောဇနာ။၁၀၀။ ပြည်နိသျ။၅၈၈။ ဘာသာဋီ၊၃။၂။ ၂၁၆။ ကျော်စံဂဏ္ဌိ။၂၈၅။

==========================

## ( ၁ )

### (က)ဝါကျကို နိယမာနိယမနည်းဖြင့် အနက်

ယာ–တဏှာ–သည်။ (ပရသမ္ပတ္တိ–သူတစ်ပါးစည်းစိမ်သို့။) အဘိဓမ္မာယတိ–ရှေးရှုကြံတတ်၏။ (သဒ္ဒတ္တ) (ဝါ) မက်မောတတ်၏။(အခိပ္ပါယတ္တ)။ ဣတိ–ကြောင့်။ (သာတဏှာ–သည်။) အဘိဇ္ဈာ–မည်၏။ (ကျော်စံဂဏ္ဌိ)။

### (ဃ)ကို ပမာ+ပမေထင်ရှားစေလျက်

အဒိန္နာဒါနံ–သည်။ (အပ္ပသာဝဇ္ဇဉ္စ–ရှိသည်၄င်း။ မဟာသာဝဇ္ဇဉ္စ–၄င်း။ ဟောတိဝိယ–သို့။ တထာ–တူ။ အဘိဇ္ဈာ–သည်။) အပ္ပသာဝဇ္ဇာစ–၄င်း၊ မဟာသာဝဇ္ဇာစ–၄င်း။ (ဟောတိ–၏။)

## ( ၂ )

### (ခ)သို့ ဋ္ဌပနာဘောဂါဒိပဋ္ဌကစောဒနာ

ဆရာသည် (က)ဖြင့် အဘိဇ္ဈာ၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထို–သော် အဘိဇ္ဈာ၌ အဘိ–သည် အတိရေကစသောအနက်တို့ကို ဟော၏။ဈေ–ဓာတ်သည် ဉာဏ, ဒိတ္တိစသောအနက်တို့ကိုဟော၏ ဟူသောအနက်သဘောရောက်ရာသည် မဟုတ်ပါလော။ ထို–ကြောင့် (က)ဖြင့် –မဆိုသင့်။ ဤ၌ အဘိနှင့် ဈေ–ဓာတ်တို့၏ ဟောအပ်သောအနက်ကိုလည်း ပြဆိုသင့်သေး၏။ အကယ်၍ မပြဆိုခဲ့သော် –အတိဗျာပိတဒေါသ (တနည်း) ဝိရောဓိဒေါသ–၏။ ဤ၌ အဘိဥပသာရနှင့် ဈေဓာတ်တို့သည် မည်သည့်အနက်ကို ဟောပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။

ကား= ဤ၌ အဘိ–သည် အဘိမုခအနက်ကိုဟော၏။ဈေ–ဓာတ်သည် စိန္တန–အနက်ကို ဟော၏ဟု–ဟူလို။ (သာဓကပေါဒ္ဓိ (၆)နံပါတ် အာဘော်ရှု)

### (ဂ) အနုသန္ဓေ

ဤသို့ (က)(ခ)တို့ဖြင့် အဘိဇ္ဈာပုဒ်၏ ဝစနတ္ထကိုပြပြီး၍ ဤယခုအခါ၌ အဘိဇ္ဈာပုဒ်၏ လက္ခဏာကိုပြလိုသောဆရာသည် (ဂ)မိန့်။(ပက္ကန္တရထုံးစံအတိုင်းပဋ္ဌကတက်လေ)

### (ဃ)သို့ အနုသန္ဓေ

ဤသို့ (က)(ခ)(ဂ)တို့ဖြင့် အဘိဇ္ဈာပုဒ်၏ ဝစနင့်၃နှင့်လက္ခဏာတို့ကိုပြပြီး၍ ဤယခုအခါ၌ ယင်းအဘိဇ္ဈာပုဒ်၏ အပ္ပသာဝဇ္ဇ, မဟာသာဝဇ္ဇဖြစ်ပုံကို ပြလိုသောဆရာသည် (ဃ)မိန့်။

http://www.dhammadownload.com



(စ)သို့ ဋ္ဌပနာဘောဂါဒီ

ဆရာ–သည် (င)ဖြင့် အဘိဓမ္မာ၏ အဆောက်အဦးအင်္ဂါတို့သည် သူတစ်ပါးဥစ္စာဘဏ္ဍာဖြစ်ခြင်း, မိမိသို့စိတ်ဖြင့်ညွတ်စေခြင်းအားဖြင့် နှစ်ပါးရှိ၏ဟုဖွင့်ဆို၏။ (တနည်း) (င)ဖြင့် အဘိဓမ္မာ၏အင်္ဂါကို ပြရာ၌ အတ္တနောပရိဏာမနအင်္ဂါကို ပြဆိုတော်မူ၏။ထိုသို့–သော် သူတစ်ပါးဥစ္စာဘဏ္ဍာ၌ လောဘဖြစ်ကာမျှဖြင့်ပင် အဘိဓမ္မာ၏အင်္ဂါလက္ခဏာ ပြီးပြည့်စုံရာသည် မဟုတ်ပါလော။ထို့–ကြောင့် (င)ဖြင့် –မဆိုသင့်။ ဆရာ့စကားကိုခိုင်မြဲစေတတ်သော ယုတ္တိသဘာဝဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သေး၏။ –ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (စ)မိန့်။

( ၃ )

(ခ)၌ အဘွော်ထားရခြင်း

(က)ဝါကျပါ အဘိဓမ္မာ–၌ အဘိ–၏ဖြစ်သင့်သောအနက်ကား အဘိမုခတ္ထ။ဈေ–ဓာတ်၏ ဖြစ်သင့်သောအနက်ကား စိန္တနတ္ထတည်း။ ဤသို့ အဘိနှင့် ဈေ–ဓာတ်၏ ငုတ်နေသောအနက်ကို ဖော်ထုတ်၍ စကားကျအဓိပ္ပါယ်ကို ပြလိုသောကြောင့် အဘွော ထားသည်။

ဒေါသပယ်

(ခ) ဖြင့် အဗျာပိတပယ်။ (ဤ၌လိုအပ်သော အဘိ,စိန္တ–ဓာတ်တို့၏ အနက်ကိုပြသောကြောင့်) (တနည်း) သခေ်ပ+ဝိတ္ထာရ ဆန့်ကျင်သောဝိရောဓိပယ်။

(စ) ဖြင့် ဝိရောဓိ, ဩစိတျဟီနပယ်။

( ၄ )

* ဘဏ္ဍိတဗ္ဗန္တိ ဘဏ္ဍံ။ (ဘဍိ+က။ ငြင်းခုံခြင်း)

(တနည်း) ဘဏ္ဍန္တိ ပရိဘာသန္တိ သတ္တာ ဧတေနာတိ ဘဏ္ဍော။ (ဓာတွတ္ထသင်္ဂဟ)

* ပရဿ ဘဏ္ဍံ ပရဘဏ္ဍံ။ ပရဘဏ္ဍံ ဝတ္ထု ဧတဿာတိ ပရဘဏ္ဍဝတ္ထုကော။

✔ ပရဘဏ္ဍပုဒ်,ဝတ္ထုပုဒ်,ဧတပုဒ်သည်၄င်း၊သူတစ်ပါးဥစ္စာဘဏ္ဍာဟူသောဝတ္ထုအာရုံ၏+လောဘနှင့် အာရုံ+အာရမ္မဏိကစပ်–၄င်း ဗျု–နီ။

✔ သူတစ်ပါးဥစ္စာဘဏ္ဍာလျှင် အာရုံရှိသည်၏အဖြစ်တည်းဟူသောဂုဏ်သည် ပ–နီ။

"ဝစနတ္ထမှတ်ဘွယ်"

(ခ) * ပရဘဏ္ဍံ+အဘိမုခီ ပရဘဏ္ဍာဘိမုခီ။

(သူတစ်ပါးဥစ္စာဘဏ္ဍာ၏+ရှေးရှုခြင်းနှင့် ဂုဏ+ဂုဏ်စပ်)

* နမတီတိ နိန္နာ။ (အဘိဇ္ဈာ)

* တံ ပရဘဏ္ဍံ+ နိန္နာ တန္နိန္နာ။ တန္နိန္နာယ ဘာဝေါ တန္နိန္နတာ။

(တနည်း) တသ္မိံ ပရဘဏ္ဍေ + နိန္နာ တန္နိန္နာ။ တန္နိန္နာယ+ဘာဝေါ တန္နိန္နတာ။

* တန္နိန္နတာယ တသ္မိံ ပရဘဏ္ဍေ နိန္နတာယ။ (ယောဇနာ)

( ၅ )

အဘိဇ္ဈာယတိ–ကား အာချာတ်၊ အလိင်၊ ဘူဝါဒိ၊ ကောရန္တ။

အဘိဇ္ဈာ–ကား ကိတ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ–ကာရန္တ။

(ခ) ပရဘဏ္ဍာဘိမုခီ–ကား သမာသ်နာမ်၊ ဣတ္ထိလိင်၊ နဒါဒိ၊ ဤ–ကာရန္တ။

(ဂ) အဟော–ကား နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ ဩ–ကာရန္တ။

ဝတ–ကား နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ အ–ကာရန္တ။

အဿ–ကား အာချာတ်ပုဒ်၊ အလိင်၊ ဘူဝါဒိ၊ အ–ကာရန္တ။

http://www.dhammadownload.com



( ၆ )

အဘိဇ္ဈာယတိ–ဖြင့် အဘိဇ္ဈာ–၌ အဘိရှေး+ဈေ–ဓာတ်–ငင်း, အ–ပစ္စည်း ကတ္တုသာဓနအနက်၌ သက်–ငင်း, အဘိဇ္ဈာယတီတိ အဘိဇ္ဈာ–ဟု ပြု–ငင်း သိစေသည်။

(ခ) ပရဘဏ္ဍာဘိမုခီ ဟုတွာ–ဖြင့် အဘိဇ္ဈာယတိ–၌ (ဝါ) အဘိဇ္ဈာ–၌ အဘိ–သည် အတိရေက–စသော အနက်တို့ကိုမဟော၊ အဘိမုခအနက်ဟော၏ဟု သိစေသည်။

♦ အဘိမုခတ္တံ လက္ခဏာ ဝိသေသာတိရေကာဒိအတ္ထံ နိဝတ္တေတိ။ (မဏိမဉ္ဇူ။ ၂။ ၄၃။)

တန္နိန္နတာယ ပဝတ္တတိ–ဖြင့် အဘိဇ္ဈာယတိ–၌ (ဝါ) အဘိဇ္ဈာ–၌ ဈေ–ဓာတ်သည် ဉာဏ, ဒိတ္တိ, သဇ္ဈာယန စသော အနက်တို့ကိုမဟော၊ စိန္တန–အနက်ကို ဟော၏ ဟုသိစေသည်။

♦ ဈေတု ဥဇ္ဈာန ဈာယနေ၊ ဉာဏဒိတ္တိစိန္တာသုစ။
သဇ္ဈာယောပနိဇ္ဈာနေသု၊ ဝေဒိတဗ္ဗော ဝိဘာဝိနာ။(ကွေရကောသ)

♦ ပရသမ္ပတ္တိံ အဘိမုခံ လောဘဝသေန စိန္တေတီတိ အဘိဇ္ဈာ။ (ဋီကာကျော်)

♦ စိန္တေတီတိ လက္ခဏာ သဇ္ဈာယနေတိ အတ္ထံ နိဝတ္တေတိ။ (မဏိမဉ္ဇူ)

( ၇ )

(ခ) တန္နိန္နတာယ–၌ တ–ကား ဆိုခဲ့ပြီး ပရဘဏ္ဍ–ကိုစွဲ–ပဋ္ဋနိသယ။

(ဂ) သာ–ကား ဆိုခဲ့ပြီးအဘိဇ္ဈာကိုစွဲ–ပဋ္ဋနိသယ။
အဟော–ကား ပဋ္ဋနတ္ထ။
ဝတ–ကား ဂေဟတ္ထ။

(ဃ) ဝိယ–ကား ပဋိဘာဂတ္ထ, ဥပမာနတ္ထ။
စ–ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။

(စ) ဟိ–ကား ဒဠှီကရဏဇောတက။
ပိ–ကား ဂရဟတ္ထ, အရုစ္စတ္ထ။

* အမြွက်အများ၊ နောက်ထိုင်ငြားသော်၊ ပိကားသမ္ဘာဝနာ၊ ဖြစ်တုံပါလည်း၊ ယင်းတို့စပ်ရာ၊ ယုတ်နည်းပါမူ၊မှတ်ယူဂရဟာ။

( ၈ )

အဘိဇ္ဈာ–အရ လောဘကိုယူ၍ (ဝါ)လောဘပြတာန်းသောအကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍–

✔ ထိုသည် ဒဿနတ္ထ။

✔ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

✔ ကာယိကဒုက္ခ, စေတသိကဒုက္ခဖြစ်ရခြင်းစသည်သည် ပကာသနတ္ထ။

✔ တလူပသေဝနစသည်သည်ငင်း၊ သူတစ်ပါးဥစ္စာဘဏ္ဍာသည်ငင်း ဝိဘာဝတ္ထ။

✔ ဒုဂ္ဂတိဘုံဘဝသို့ရောက်ရခြင်းစသည်သည် အနုဘာဝတ္ထ။

( ၉ )

အမေး။ ။(ဃ)ဖြင့် သိစေအပ်သောအဓိပ္ပါယ်ကို အဋ္ဌကထာအာဘော်ကျအောင်ဖြေဆိုပါ။

အဖြေ။ ။(ဃ)ဖြင့် အဒိန္နာဒါန်၏ အပ္ပသာဝဇ္ဇ, မဟာသာဝဇ္ဇအဆုံးအဖြတ်ကဲ့သို့ အဘိဇ္ဈာ၏ အပ္ပသာဝဇ္ဇ, မဟာသာဝဇ္ဇအဆုံးအဖြတ်ကို သိလေဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဤကားသနေ်ပ)

http://www.dhammadownload.com



(တနည်း) အဒိန္နာဒါန်သည် ယုတ်ညံ့သောသူတစ်ပါးဥစ္စာ၌ အပ္ပသာဝဇ္ဇဖြစ်သကဲ့သို့ အဘိဇ္ဈာသည် ယုတ်ညံ့သောသူတစ်ပါးဥစ္စာ၌ အပ္ပသာဝဇ္ဇဖြစ်၏။

အဒိန္နာဒါန်သည် မြတ်သောသူတစ်ပါးဥစ္စာ၌ မဟာသာဝဇ္ဇဖြစ်သကဲ့သို့ အဘိဇ္ဈာသည် မြတ်သော သူတစ်ပါးဥစ္စာ၌ မဟာသာဝဇ္ဇဖြစ်၏။

ပစ္စည်းဝတ္ထုတူသည်ရှိသော် အဒိန္နာဒါန်သည် ဂုဏ်အားဖြင့်လွန်ကဲသူ တို့ဥစ္စာ၌ မဟာသာဝဇ္ဇ ဖြစ်သကဲ့သို့ အဘိဇ္ဈာသည် ပစ္စည်းဝတ္ထုတူသည်ရှိသော် ဂုဏ်အားဖြင့် လွန်ကဲသူ တို့ဥစ္စာ၌ မဟာသာဝဇ္ဇ ဖြစ်၏။

အဒိန္နာဒါန်သည် ထိုထိုဂုဏ်အားဖြင့် လွန်ကဲသူကိုစွဲ၍ ထိုထိုသူအောက် ယုတ်ညံ့သောသူ၏ ဥစ္စာ၌ အပ္ပသာဝဇ္ဇဖြစ်သကဲ့သို့ အဘိဇ္ဈာသည် (လ) အပ္ပသာဝဇ္ဇဖြစ်၏။ (ဤကား ဝိတ္ထာရ)

(ဤအဋ္ဌကထာ ၁၄၀-အဒိန္နဒါန်အဖွင့်ပြန်ကြည့်)

"အဘိဇ္ဈာကို ကောဋ္ဌာသစသည်ဖြင့် ဝေဘန်ပုံ"

အဘိဇ္ဈာသည်- ကောဋ္ဌာသ အားဖြင့် ကမ္မပထလည်းမည်၏။ လောဘမူလလည်းမည်၏။
အာရုံ အားဖြင့် သတ္တာရမ္မဏ, သင်္ခါရာရမ္မဏ။
ဝေဒနာ-အားဖြင့် သုခ, မဇ္ဈတ္တ၏အစွမ်းဖြင့် ဝေဒနာနှစ်ပါးရှိ၏။ (ဋ္ဌ။၁၄၄)

( ၁၀ )

(ခ) ပရဘဏ္ဍာဘိမုခီ+ဟုတွာ ပဝတ္တတိ-၌-

✔ ပရဘဏ္ဍာဘိမုခီ-အရ လောဘပစ္စည်းတရားသည်-
ဟုတွာ ပဝတ္တတိ-အရ လောဘကြိယ် လောဘမူစိတ္တုပ္ပါဒ်အား သဟ-ပြု။
ပြိုင်။ သဟကြီး-၄၊ အညု၊ သမ္ဗ၊ ဟေတု။(၇)

တန္နိန္နတာယ + ပဝတ္တတိ-၌-

✔ တန္နိန္နတာယ-အရ ရှေးရှေးအဘိဇ္ဈာသည်-
ပဝတ္တတိ-အရ နောက်နောက်အဘိဇ္ဈာအား ပကတူပ-ပြု။
(တနည်း) တန္နိန္နတာယ-အရ ပထမဇော-စသော ရှေးရှေးသော လောဘဇောသည်-
ပဝတ္တတိ-အရ ဒုတိယဇောစသောနောက်နောက်သောလောဘဇောအား အနန္တရ-ပြု။
ပြိုင်။ အနန္တရ၊ သမနန္တရ၊ ဥပ၊ အာသေ၊ နတ္ထိ၊ ဝိဂတ။ (၆)

✔ တန္နိန္နတာယ-၌-တ-အရ သူတပါးဥစ္စာဘဏ္ဍာသည်-
နိန္နတာယ-အရ အဘိဇ္ဈာ,လောဘအား အာရမ္မဏ-ပြု။
ပြိုင်။ အာ၊ ဓိ၊ ည၊ ပု၊ အတ္ထိ၊ အဝိ။ (၆)

==================

## ဝါကျဥယျာဉ် (၁၁၆)

(က) ဟိတသုခံ ဗျာပါဒယတီတိ ဗျာပါဒေါ။
(ခ) သော ပရဝိနာသာယ မနောပဒေါသလက္ခဏော။
(ဂ) ဖရုသဝါစာ ဝိယ အပ္ပသာဝဇ္ဇော, မဟာသာဝဇ္ဇော စ။
(ဃ) တဿ ဒွေ သမ္ဘာရာ ပရသတ္တော စ တဿစ ဝိနာသစိန္တာတိ။
(င) ပရသတ္တဝတ္ထုကော ဟိ ကောဓေ ဥပ္ပန္နေပိ န တာဝ ကမ္မပထဘေဒေါ ဟောတိ၊
ယာဝ "အဟော ဝတာယံ ဥစ္ဆိဇ္ဇေယျ ဝိနသေယျာ" တိ တဿ ဝိနာသနံ န စိန္တေသိ။
(ဋ္ဌ။၁၄၄။ ပြည်သျှ။ ၅၈၉။ ဘာသာဋီ၊ ဒု။ ၂၁၇။)

http://www.dhammadownload.com



(၁)

(က) နိယမာနိယမ။ ဗျာပါဒယတိ–ကို သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ။

ယော–ဒေါသော–သည်။ ဟိတသုခံ–စီးပွါးချမ်းသာကို။ ဗျာပါဒယတိ–(ဝိ+အာပါဒယတိ) ဖောက်ပြန်ခြင်းသို့ ရောက်စေတတ်၏။(သဒ္ဒတ္ထ) (ဝါ)ဖျက်ဆီးတတ်၏။(အဓိပ္ပါယတ္ထ) ဣတိ–ကြောင့်။ သော ဒေါသော–သည်။ ဗျာပါဒေါ–မည်၏။

(၂)

(က)ဖြင့် ဗျာပါဒပုဒ်၏ ဝစနတ္ထကို ပြသည်။

(ခ)ဖြင့် ဗျာပါဒ၏ လက္ခဏာကိုပြသည်။ (ပက္ခန္တရ)

(ဂ)ဖြင့် ဗျာပါဒ၏အပ္ပသာဝဇ္ဇ, မဟာသာဝဇ္ဇဖြစ်ပုံကို ပြသည်။ ပက္ခန္တရ(တနည်း)(ဝါကျာရမ္ဘ)

(ဃ)ဖြင့် ဗျာပါဒ၏ အင်္ဂါ–အဆောက်အဦသမ္ဘာရကို ပြသည်။(ပက္ခန္တရ)

(င)ဖြင့် (ဃ)ကို ယုတ္တိသဘာဝဖြင့် ခိုင်မြဲစေသည်။(ယုတ္တိဒဠှီ)

(င) သို့ ဠပနာဘောဂါဒိ ပဥ္စက

ဆရာ–သည် (ဃ)ဖြင့်(လ) နှစ်ပါးရှိ၏ဟု ဖွင့်ပြဆိုတော်မူ၏။(တနည်း) ဗျာပါဒ၏အင်္ဂါကို ပြရာ၌ တဿ စ ဝိနာသစိန္တာ–ဟူသော အင်္ဂါကို ပြဆိုတော်မူ၏။ ထို–သော် တစ်ပါးသောသတ္တဝါလျှင် အာရုံရှိသော အမျက်ဒေါသဖြစ်ကာမျှဖြင့်ပင် ဗျာပါဒ–အင်္ဂါပြည့်စုံရာသည် မဟုတ်ပါလော။ ထို–ကြောင့်–မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝဒဠှီ ကာရဏာကိုလည်း ပြဆိုသင့်သေး၏။ (လ) စုဒ်ကြောင့် (င)မိန့်။

(၃)

"စ သဒ္ဒါထားရခြင်း"

အပ္ပသာဝဇ္ဇနှင့် မဟာသာဝဇ္ဇ အချင်းချင်းပေါင်းဆည်းသော သမုစ္စည်း, သမ္ပိဏ္ဍန အနက်ကို ပြလို၍ (ဂ)ဝါကျ၌ စ–သဒ္ဒါထားသည်။

ပရသတ္တနှင့် ဝိနာသစိန္တာတို့ အချင်းချင်းပေါင်းဆည်းသော သမုစ္စည်း, သမ္ပိဏ္ဍနအနက်ကို ပြလို၍ (ဃ)ဝါကျ၌ စ–သဒ္ဒါထားသည်။

(ဂ)ဝါကျဖြင့် ကျမ်းလေးမည်စိုး၍ အကျယ်မဖွင့်ပြဘဲ–အတိဒေသ အညွှန်းမျှဆိုသဖြင့် ဂန္ထဂရုဒေါသကို ပယ်သည်။

(တနည်း)ဆိုအပ်ပြီးသည်ကို ထပ်မဆိုသောကြောင့် ပုနရုတ္တိဒေါသကို ပယ်သည်။

(၄)

* မနတိ ဓာနာတီတိ မနော။ (မန+အသိခြင်း)
* ပဒုဿန်ံ ပဒေါသော။ (ပ+ဒုသ+ဏ။ ပြစ်မှားခြင်း)
* မနသာ + ပဒေါသော မနောပဒေါသော။
* မနောပဒေါသော + လက္ခဏံ ယဿာတိ မနောပဒေါသလက္ခဏော။

✔ မနောပဒေါသလက္ခဏော၏+ဗျာပါဒနှင့် လက္ခဏ+လက္ခဏာဝန္တစပ်– ဗျူ –နိ။

✔ မနောပဒေါသလက္ခဏာရှိသည်၏ အဖြစ်တည်းဟူသောဂုဏ်သည် ပ–နိ။

http://www.dhammadownload.com



(က) ဟိနောတိ ဝဍ္ဎတီတိ ဟိတံ။(ဟိ+တ)

* သုခယတီတိ သုခံ။ ဟိတဉ္စ သုခဉ္စ ဟိတသုခံ။
✔ ဟိတ၏+သုခနှင့် ဖျက်ဆီးခြင်းကြိယာကိုအကြောင်းပြု၍အချင်းချင်းဒွံ-သမ္ဗန်သည် ဗျု-နိ။
✔ ဟိတသုခတို့၏-ဓာတ်သည် ပ-နိ။

(ခ) ဝိနဿနံ ဝိနာသော ။ (ဝိ+နသ+ဏ။ ပျက်စီးခြင်း)

* ပရဿ + ဝိနာသော ပရဝိနာသော။

(ဃ) ဝိနာသဿ + စိန္တာ ဝိနာသစိန္တာ။

(င) ရူပါဒီသု သဇ္ဇတီတိ သတ္တော။ ပရော+သတ္တော ပရသတ္တော။

* ဝသန္တိ ဧတ္ထာတိ ဝတ္ထု။ (ဝသ+ရတ္ထု)
* ပရသတ္တော ဝတ္ထု ယဿာတိ ပရသတ္တဝတ္ထုကော။ (တသ္မိ)
(တစ်ပါးသော သတ္တဝါဟု ဆိုအပ်သောအာရုံ၏+ကောနှင့် အာရုံ+အာရမ္မဏိကစပ်။)
* ကုဇ္ဈနံ ကောဓော။ (ကုဓ+ဏ။ အမျက်ထွက်ခြင်း)

(၅)

(က) ဗျာပါဒယတိ-ကား အာချာတ်၊ ဒိဝါဒိ၊ အလိင်၊ အကာရန္တ။
(ခ) ပရဝိနာသာယ-ကား သမာသ်နာမ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိ၊ အကာရန္တ။
(ဃ) ဝိနာသစိန္တာ-ကား သမာသ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။
(င) ဥပ္ပန္နေ-ကား ကိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ-ကာရန္တ။
ဝိနဿေယျ-ကား အာချာတ်၊ အလိင်၊ ဒိဝါဒိ၊ အကာရန္တ။

(၆)

(က) ဗျာပါဒယတိ-ဖြင့် ဗျာပါဒေါ၌ ဝိရှေး, အာ ရှေးရှိသော ပဒဓာတ်-ငင်း၊ ဏ-ပစ္စည်း၏ ဟေတုကတ္တုသာဓန-အနက်၌သက်-ငင်း၊ဗျာပါဒယတီတိ ဗျာပါဒေါဟု-ပြု-ငင်း သိစေ။

ဟိတံသုခံ-ဖြင့် ဗျာပါဒယတိ-၌ ဖျက်စီးတတ်, ပျက်စီးစေတတ်၏ဟူသည် စီးပွါး ချမ်းသာကို ဖျက်ဆီးတတ်, ပျက်စီးစေတတ်သည်၏ အဖြစ်ကို သိစေ၏။

(၇)

ဗျာပါဒေါ-၌ ဝိ-ကား ဓာတွတ္ထဝိသေသက။
ဝိနာသယ-၌ ဝိ-ကား ဓာတွတ္ထာနုဝတ္တက။
(ခ)၌ သော -ကား ဗျာပါဒကိုစွဲ--ပဏ္ဏတ္တိ။
(င)၌ ဟိ-ကား ယုတ္တိဒဠီကရဏ။ ဥပ္ပန္နေပိ-၌ ပိ-ကား ဂရဟတ္ထ, အရုစျတ္ထ။
ယာဝ, တာဝ-တို့ကား ပရိစ္ဆေဒတ္ထ။

(၈)

ဗျာပါဒ-အရ ဒေါသ (ဝါ) ဒေါသပြဋ္ဌာန်းသောအကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍-
✔ ထို-သည် ဒဿနတ္ထ။
✔ အယောနိသောမနသိကာရသည် ဒီပကတ္ထ။
✔ အကျိုးအကြောင်းကို မသိခြင်း, မိမိစိတ်၏ ပျက်စီးခြင်းသည် ပကာသနတ္ထ။
[ကုဒ္ဓေါ အတ္ထံ န-ဇာနာတိ၊ ကုဒ္ဓေါ ဓမ္မံ န ပဿတိ။ စသည်ထောက်]
✔ ဗာလူပသေဝန စသည်သည် ဝိဘာဝတ္ထ။
✔ ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရခြင်း, သံသရာ၌ အရုပ်ဆိုးခြင်းစသောအကျိုး အဆက်ဆက်- အနုဘာဝတ္ထ။

http://www.dhammadownload.com



(၉)

ဗျာပါဒ-သည် ကောဋ္ဌာသ-အားဖြင့် ကမ္မပထလည်းမည်၏။ဒေါသမူလလည်းမည်၏။
အာရုံအားဖြင့် - သတ္တာရမ္မဏသာတည်း။
ဝေဒနာ-အားဖြင့် ဒုက္ခဝေဒနာရှိ၏။
မူလအားဖြင့် -မောဟ၏အစွမ်းဖြင့် တစ်ခုသော မူလရှိ၏။(ဋ။ ၁၄၄။ ၁၄၅)

(၁၀)

(င) ပရသတ္တဝတ္ထုကေ+ကောဓေ-၌-

✔ ပရသတ္တ-အရ သတ္တဝါပညတ်အာရုံသည်
ပရသတ္တဝတ္ထုကေ-အရ၊ (ဝါ) ကောဓေ-အရ ဒေါသအား အာရမ္မဏ-ပြု။

(က) ဟိတသုခံ ဗျာပါဒယတိ-၌-

✔ ဟိတသုခ-အရ စီးပွါးချမ်းသာဟူသောအာရုံပစ္စည်းတရားသည်-
ဗျာပါဒယတိ-အရ ဒေါသအား အာရမ္မဏ-ပြု။
ပြိုင်။ အာရမ္မဏ, ပုရေ, အတ္ထိ, အဝိ။ (၄)

====================

## ဝါကျဥယျာဉ် (၁၁၇) (၁၃၄၄-ခု အစိုးရမေးခွန်း)

(က) ယထာဘုစ္စဂဟဏာဘာဝေန မိစ္ဆာ ပဿတီတိ မိစ္ဆာဒိဋ္ဌိ။
(ခ) သာ "နတ္ထိဒိန္န"န္တိအာဒိနာ နယေန ဝိပရီတဒဿနလက္ခဏာ။
(ဂ) သမ္ဖပ္ပလာပေါ ဝိယ အပ္ပသာဝဇ္ဇာ, မဟာသာဝဇ္ဇာစ။
(ဃ) အပိစ အနိယတာ အပ္ပသာဝဇ္ဇာ၊ နိယတာ မဟာသာဝဇ္ဇာ။
(င) တဿာ ဒွေ သမ္ဘာရာ ဝတ္ထုနောစ ဂဟိတာကာရဝိပရီတတာ, ယထာစ တံ ဂဏှာတိ၊ တထာဘာဝေန တဿုပဋ္ဌာနန္တိ။
(စ) တတ္ထ နတ္ထိကာဟေတုက အကိရိယ ဒိဋ္ဌီဟိ ဧဝ ကမ္မပထဘေဒေါ ဟောတိ။
(ဆ) န အညဒိဋ္ဌီဟိ။

(ဋ။၁၄၄။ မူလဋီ။၈၀။ ယောဇနာ။၁၀၀။ ပြည်သျှ။၅၈၉။ ဘာသာဋီ။ဒု၊၂၁၈။ ကျော်စံဂဏ္ဌိ။၂၈၆။)

==================

( ၁ )

(က) ယာ ဓမ္မဇာတိ-သည်။ယထာဘုစ္စဂဟဏာဘာဝေန-ဟုတ်မှန်တိုင်းသောသဘောကို ယူခြင်း မရှိခြင်းဖြင့်။ မိစ္ဆာ-ချွတ်ယွင်းဖောက်ပြန် မမှန်အမှားအားဖြင့်။ (တတိယာကျေ) (ဝါ)ချွတ်ယွင်းဖောက်ပြန် မမှန်အမှားကို။(ဒုတိယာကျေ) ပဿတိ-မြင်တတ်၏။ ဣတိ-ကြောင့်။ သာ ဓမ္မဇာတိ-သည်။ မိစ္ဆာဒိဋ္ဌိ-မည်၏။

♦ မိစ္ဆာ ပဿတီတိ ဝိတထံ ပဿတိ။ (မူလဋီကာ)
♦ ဝိတထန္တိ ဝိတထဘာဝေန။ (အနုဋီကာ)

(င) တဿ (ဝတ္ထုဿ)-၏။ ဥပဋ္ဌာနံ-ထင်ခြင်း။

♦ တဿုပဋ္ဌာနန္တိ တဿ ဝတ္ထုဿ ဥပဋ္ဌာနံ ပါကဋဘာဝေါ။ (ယောဇနာ)

(စ) တတ္ထ တာသု ဒိဋ္ဌီသု-ထိုမိစ္ဆာဒိဋ္ဌိတို့တွင်။

♦ တတ္ထာတိ တာသု ဒိဋ္ဌီသု။ နိဒ္ဓါရဏံ။ (ယောဇနာ။)

http://www.dhammadownload.com



( ၂ )

(က)ဖြင့် ဝစနတ္ထကို ပြသည်။
(ခ)ဖြင့် လက္ခဏာကို ပြသည်။ (ပက္ခန္တရ)
(ဂ)(ဃ)ဖြင့် အပ္ပသာဝဇ္ဇ, မဟာသာဝဇ္ဇဖြစ်ပုံကို ပြသည်။ (ပက္ခန္တရ, ဝါကျာရမ္ဘ။)
ထိုတွင်– (ဃ)ဖြင့် အပ္ပသာဝဇ္ဇ, မဟာသာဝဇ္ဇဖြစ်ပုံတနည်းကို ပြသည်။ (ပက္ခန္တရ)
(င)ဖြင့် မိစ္ဆာဒိဋ္ဌိ၏အင်္ဂါအဆောက်အဦး သမ္ဘာရကို ပြသည်။ (ပက္ခန္တရ)

## (ဃ)သို့ ပါပနာဒိပဋ္ဌကစောဒနာ

ဆရာ–သည် (ဂ)ဖြင့် မိစ္ဆာဒိဋ္ဌိသည် သမ္ဖပ္ပလာပကဲ့သို့ အပ္ပသာဝဇ္ဇ, မဟာသာဝဇ္ဇဖြစ်၏ဟု ဆိုတော်မူ၏။ (တနည်း) ထိုမိစ္ဆာဒိဋ္ဌိ၏ အပ္ပသာဝဇ္ဇ, မဟာသာဝဇ္ဇအဆုံးအဖြတ်ကို သမ္ဖပ္ပလာပကဲ့သို့ သိမှတ်အပ်၏ဟု ဆိုတော်မူ၏။ ထို–သော် ထိုဆိုအပ်ခဲ့ပြီးသောအဆုံးအဖြတ်ကိုသာ သိအပ်၏ဟူသောအနက်သည်ရောက်ရာ၏။ စင်–ကား–မရောက်သင့်။ ထိုသို့–ကြောင့် ထိုမိစ္ဆာဒိဋ္ဌိ၏ အခြားတစ်ပါးသောအဆုံးအဖြတ်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် အဗျာပိတ–၏။ ထိုမိစ္ဆာဒိဋ္ဌိ၏ အခြားတစ်ပါးသောအဆုံးအဖြတ်ကား အဘာယ်ပါနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

## (စ) ပါပနာဒိပဋ္ဌကစောဒနာ

ဆရာ–သည် (က)စသောဝါကျတို့ဖြင့် မိစ္ဆာဒိဋ္ဌိ၏ဝစနတ္ထ, လက္ခဏာစသည်တို့ကို ဖွင့်ပြဆိုတော်မူ၏။ ထို–သော် မိစ္ဆာဒိဋ္ဌိ၏ ဝစနတ္ထ, လက္ခဏာစသည်တို့ကိုသာ သိအပ်၏ဟူသောအနက်သည် ရောက်ရာ၏။(တနည်း) မိစ္ဆာဒိဋ္ဌိ ၆၂–ပါးလုံးပင် ကမ္မပထဘေဒ ဖြစ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်–ကား–မရောက်သင့်။ ထိုသို့–ကြောင့် ဤမည်သောဒိဋ္ဌိတို့ဖြင့် ကမ္မထပဘေဒဖြစ်၏, ဤမည်သော ဒိဋ္ဌိတို့ဖြင့် ကမ္မပထဘေဒမဖြစ်ဟု ခွဲခြားပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ အကယ်၍ မပြဆိုခဲ့သော် မိစ္ဆာဒိဋ္ဌိအားလုံး၌ ပြန့်နှံ့သော အတိဗျာပိတဒေါသ–၏။ အဘာယ်ဒိဋ္ဌိတို့ဖြင့် ကမ္မပထဘေဒ ဖြစ်၍ အဘာယ်ဒိဋ္ဌိတို့ဖြင့် ကမ္မပထဘေဒ မဖြစ်ပါသနည်း။ စုဒ်ကြောင့် (စ)မိန့်။

အမှာ။ ။ (ဤကား (စ)(ဆ)နှစ်ဝါ(ကျပေါင်း၍ တက်ခြင်းဖြစ်သည်။)
(စ) ကိုသာ ငဲ့၍တက်လျှင် အနုလောမရောပနာစကားရပ်၌ " ကမ္မပထဘေဒဖြစ်သော မိစ္ဆာဒိဋ္ဌိကိုလည်း တိကျစွာပြဆိုသင့်သေး၏ " ဟူ၍ ပြင်ဆင်တက်ပါ။
(င ) ဝါကျတစ်ခုတည်းကိုသာ ဌပနာထားကလည်း မှန်သည်။

## (ဆ)ဌပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် (စ)ဖြင့် မိစ္ဆာဒိဋ္ဌိတို့တွင် နတ္ထိက,အဟေတုက,အကိရိယဒိဋ္ဌိတို့သည်သာလျှင် ကမ္မပထဘေဒဖြစ်၏ဟူ၍ (ဧဝ–သဒ္ဒါဖြင့်) ဖွင့်ပြဆိုတော်မူ၏။ထို–သော်–ယင်းဧဝ–သဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ (ဧဝတ္ထဖလ)ကို မသိအပ်, မသိနိုင်ရာသည်မဟုတ်ပါလော။ ထို–ကြောင့် (စ)ဖြင့်–မဆိုသင့်။ ဧဝ–သဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ (ဧဝတ္ထဖလ)ကိုလည်း ပြဆိုသင့်သေး၏။–ကား အဘာယ်ပါနည်း။ စုဒ်ကြောင့် (ဆ)မိန့်။

အမှာ။ ။ (စ)ဖြင့် အနွယကိုပြသည်။ (ဆ)ဖြင့် ဗျတိရေကကိုပြသည်။
ဤသို့ အဓိပ္ပါယ်ယူ၍ လည်း ဝါကျတက် တက်နိုင်သည်။

http://www.dhammadownload.com



( ၃ )

(ဃ)အပိစ–ထားရခြင်း

သမ္မပ္ပလာပကဲ့သို့ အပ္ပသာဝဇ္ဇ, မဟာသာဝဇ္ဇဖြစ်ပုံမှတပါး နိယတမိစ္ဆာဒိဋ္ဌိ,အနိယတမိစ္ဆာဒိဋ္ဌိ အားဖြင့် အပ္ပသာဝဇ္ဇ, မဟာသာဝဇ္ဇဖြစ်ပုံတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် အပိစ–ထားသည်။

(တနည်း) မိစ္ဆာဒိဋ္ဌိ၏အပ္ပသာဝဇ္ဇ, မဟာသာဝဇ္ဇဖြစ်ကြောင်းတို့တွင် အာသေဝနမန္ဒတာ, အာသေဝနမဟန္တတာ (အာသေဝန–နှုန့်နှေးခြင်း,များခြင်း)ဟူသော အကြောင်းမှတပါး အနိယတ, နိယတ (စုတိ၏အခြားမဲ့၌ အကျိုးပေးသည်၏အစွမ်းဖြင့် မမြဲခြင်း, မြဲခြင်း)ဟူသော အကြောင်းတမျိုးကို လဲလှယ်ပြလိုသောကြောင့် အပိစ–ထားသည်။

( ၄ )

(ခ) * ပဿီယတေ ဒဿနံ။ (ဒိသ+ယု။ မြင်ခြင်း)

* ဝိပရီတဿ ဒဿနံ ဝိပရီတဒဿနံ။ (တနည်း)ဝိပရီတံ ဒဿနံ ဝိပရီတဒဿနံ။

* ဝိပရီတဒဿနံ+လက္ခဏံ ယဿာတိ ဝိပရီတဒဿနလက္ခဏာ။

✔ ဝိပရီတဒဿနလက္ခဏာ၏+မိစ္ဆာဒိဋ္ဌိနှင့် လက္ခဏ+လက္ခဏာဝန္တစပ် ဗျု–နိ။

✔ ဝိပရီတဒဿနလက္ခဏာရှိသည်၏ အဖြစ်တည်းဟူသောဂုဏ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဘွယ်"

(က) * ဘဝတီတိ ဘူတံ။ (ဘူ+တ။ဖြစ်ခြင်း)

* ယောယော + ဘူတော ယထာဘူတံ။ ယထာဘူတမေဝ ယထာဘူစ္စံ။ (ယထာဘူတ+ဏျ)

* ဂယှတေ ဂဟဏံ။ (ဂဟ+ယု။)

* ယထာဘူစ္စဿ + ဂဟဏံ ယထာဘူစ္စဂဟဏံ။

* ဘဝနံ ဘာဝေါ။ န + ဘာဝေါ အဘာဝေါ။

* ယထာဘူစ္စဂဟဏဿ + အဘာဝေါ ယထာဘူစ္စဂဟဏာဘာဝေါ။

( ၅ )

(ခ) နတ္ထိ–ကား နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ ဣ–ကာရန္တ။

ဝိပရီတ–ကား ကိတ်နာမ်၊ နပုံ၊ စိတ္တာဒိ၊ အ–ကာရန္တ။

(ဃ) အနိယတာ–ကား သမာသ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ–ကာရန္တ။

( ၆ )

(က)မိစ္ဆာ ပဿတိ–ဖြင့် မိစ္ဆာဒိဋ္ဌိ၌ မိစ္ဆာသဒ္ဒါပုဗ္ဗ ဒိသ–ဓာတ်–ငှင်း၊ တိ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–ငှင်း၊ မိစ္ဆာ ပဿတီတိ မိစ္ဆာဒိဋ္ဌိ–ဟု ကတ္တုသာဓနကိတန္တတတိယာတပ္ပုရိသ်၊ (တနည်း) ကိတန္တဒုတိယာတပ္ပုရိသ်သမာသဝစနတ္ထပြုရမည်ကိုငှင်း သိစေသည်။

အမှာ။ ။ ပဿတီတိ ဒိဋ္ဌိ။ မိစ္ဆာ+ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ–ဟုပြုရမည်စသည်ဖြင့်လည်း ဖော်နိုင်သည်။

ယထာဘူစ္စဂဟဏာဘာဝေန–ဖြင့် မိစ္ဆာဒိဋ္ဌိ၌ (မိစ္ဆာ ပဿတိ၌) မိစ္ဆာနိပါတ်ပုဒ်၏ လာမကအနက်ကို မဟော၊ ဝိပရီတ ဝိတထအနက်ဟော–ငှင်း၊ ချွတ်ယွင်းဖောက်ပြန် မမှန်အားဖြင့် မြင်၏ဟူသည် ဟုတ်မှန်တိုင်းသောသဘောကို ယူခြင်း၏မရှိခြင်းဖြင့် (ဝါ)ကြောင့် ဖြစ်၏ ဟူသော အဓိပ္ပါယ်ကိုငှင်း သိစေသည်။

(ခ)ဝိပရီတဒဿနလက္ခဏာ–ဖြင့် မိစ္ဆာဒိဋ္ဌိ၌ မိစ္ဆာနိပါတ်၏ ဝိပရီတအနက်ဟော–ငှင်း၊ ဒိဋ္ဌိ၌ ဒိသ–ဓာတ်–ငှင်း၊ တိ–ပစ္စည်း၏ ဘာဝသာဓနအနက်၌သက်–ငှင်း၊ မိစ္ဆာဒဿနံ မိစ္ဆာဒိဋ္ဌိ။ (တနည်း) ဒဿနံ ဒိဋ္ဌိ၊ မိစ္ဆာ+ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ–ဟုပြု–ငှင်း၊ မိစ္ဆာဒိဋ္ဌိသည် ဟုတ်မှန်သဘောမှ ဖောက်ပြန်မမှန် အမှားကို မြင်ခြင်း လက္ခဏာရှိ၏ဟူသောအဓိပ္ပါယ်ကိုငှင်း သိစေသည်။ (ကျန် ဘာဝတ္ထဖော်)

http://www.dhammadownload.com



( ၇ )

(စ)ဝေ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ နတ္ထိက, အဟေတုက, အကိရိယဒိဋ္ဌိတို့သည် ဂဟေတဗ္ဗတ္ထ။

✔ ထိုမှကြွင်းသော ဒိဋ္ဌိတို့သည် နိဝတ္တေတဗ္ဗတ္ထ။

✔ ဝိပရီတဒဿနလက္ခဏာသည် အနုညာတတ္ထ။

(တနည်း) ယင်းဒိဋ္ဌိသုံးပါးတို့၏ အနိယတအပ္ပသာဝဇ္ဇ, နိယတမဟာသာဝဇ္ဇဖြစ်ခြင်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

(က) ယထာဘုစ္စ–၌ ယထာ–ကား ဝိစ္ဆာတ္ထ။

( ၈ )

(ခ) ဒိန္နံ–၌ ဒါ–ဓာတ်အရ–

✔ ဒါနစေတနာသည် (တနည်း) ဒါနစေတနာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

✔ ယောနိသောမနသိကာရသည်၄င်း၊ လှူဘွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့သည်၄င်း ဒီပကတ္ထ။

✔ ကာယိကသုခ, စေတသိကသုခဖြစ်ရခြင်းသည် ပကာသနတ္ထ။

✔ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယစသည်သည်၄င်း၊ အလှူခံပုဂ္ဂိုလ်၏ ပသာဒနိယဂုဏ်တို့သည်၄င်း ဝိဘာဝတ္ထ။

✔ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိစသည်သည် အနုဘာဝတ္ထ။

( ၉ )

ဒိဋ္ဌိသုံးပါး ထူးခြားပုံ

✔ "မကောင်းမှုပြုသော်လည်း ပြုသည်မမည်၊ မကောင်းမှုမရှိ မကောင်းမှုမဖြစ်။ ကောင်းမှုပြုသော်လည်း ပြုသည်မမည်၊ ကောင်းမှုမရှိ ကောင်းမှုမဖြစ်"ဟု ကံကိုမြစ်သောအယူသည် အကိရိယဒိဋ္ဌိ။

✔ "အလှူ၏အကျိုးမရှိ၊ ကောင်းမှုမကောင်းမှု၏အကျိုးမရှိ" အစရှိသည်ဖြင့် ကံ၏အကျိုးကို မြစ်သောအယူသည် နတ္ထိကဒိဋ္ဌိမည်၏။

✔ "သတ္တဝါတို့အား သံသရာစင်ကြယ်ခြင်း၏အကြောင်းမရှိ၊ အကြောင်းမရှိဘဲ သတ္တဝါတို့သည်စင်ကြယ်ကုန်၏" အစရှိသည်ဖြင့် ကံ, ကံ၏အကျိုးနှစ်ပါးစုံကို မြစ်သောအယူသည် အဟေတုကဒိဋ္ဌိမည်၏။ (ပြည်သျှ။ ၅၉၀။)

♦ မိစ္ဆာဒိဋ္ဌိ တယော ဝုတ္တာ၊ အကိရိယာ နတ္ထိ ဟေတုကာ။
ဟောန္တိ–မာ ပဋိဗာဟေန၊ ကမ္မပါကုဘာယံ ကမာ။

( ၁၀ )

(က)၌ ယထာဘုစ္စဂဟဏာဘာဝေန–အရ ဟုတ်မှန်တိုင်းသောသဘောကိုယူခြင်း၏ မရှိခြင်းဟူသော အဘာဝပညတ်သည်–

မိစ္ဆာ ပဿတိ–အရ မိစ္ဆာဒိဋ္ဌိအား ပကတူပ–ပြု။

✔ မိစ္ဆာ–အရ ချွတ်ယွင်းဖောက်ပြန် မမှန်သောအကြောင်းဝတ္ထုသည်–
ပဿတိ–အရ မိစ္ဆာဒိဋ္ဌိအား အာရမ္မဏ–ပြု။ ပြိုင်။ ယထာရဟ (၈)ပစ္စည်း။

(င) ယထာစ တံ ဂဏှာတိ–၌လည်း–

✔ တံ–အရ ဝတ္ထုကိုယူ၊ ဂဏှာတိ–အရမိစ္ဆာဒိဋ္ဌိကိုယူ၍ အထက်ပါအတိုင်းအာရမ္မဏ–ပြု။ (၈)ပြိုင်။

✔ (ခ)ဝါကျ၌ သာ–အရ မိစ္ဆာဒိဋ္ဌိ (စေတသိက်) သည်–
ဝိပရီတဒဿနလက္ခဏာ–အရ ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟဇာတ–ပြု။
ပြိုင်။ သဟကြီး–၄၊ အည၊သမ္ပ၊ မဂ္ဂ။ (၇)ပစ္စည်း။

===================

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၁၈)

(က) ပါဏာတိပါတာဒီဟိ ပန ဝိရတိယော, အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိယောစာတိ ဣမေ ဒသ ကုသလကမ္မပထာနာမ။

(ခ) တတ္ထ ပါဏာတိပါတာဒယော ဝုတ္တတ္ထာဝေ။

(ဂ) ပါဏာတိပါတာဒီဟိ ဓောယ ဝိရမန္တိ, သယံ ဝါ ဝိရမတိ, ဝိရမဏာမတ္တမေဝ ဝါ တေန္တိ ဝိရတိ။

(ဃ) ယာ ပါဏာတိပါတာ ဝိရမန္တဿ "ယာတဿို" သမယေ ပါဏာတိပါတာ အာရတိ ဝိရတီ"တိ ဧဝံ ဝုတ္တာ ကုသလစိတ္တသမ္ပယုတ္တာ ဝိရတိ၊ သာ ပဘေဒတော တိဝိဓာ ဟောတိ သမ္ပတ္တဝိရတိ သမာဒါနဝိရတိ သမုစ္ဆေဒဝိရတီတိ။

(ဋ္ဌ။၁၄၅။ မူလဋီ။၈၁။ ယောဇနာ။၁၀၀။ ပြည်သျှ။၅၉၇။ ဘာသာဋီ။၃။၂၂၃။ ကျော်စံဂဏ္ဌိ။၂၈၇။)

==================

( ၁ )

(စ) တတ္ထ-ထိုပါဏာတိပါတာဒီဟိပန ဝိရတိယောအစရှိသောပါဠ်၌။ (ပြည်သျှ)

(ဝါ)ထိုဆယ်ပါးသော ကုသလကမ္မထတို့တွင်။ (ဘာသာဋီကာ)

( ၂ )

### (ခ) သို့ ပါပနာဒိပဋ္ဌက

ဆရာ-သည် (က)ဖြင့် ပါဏာတိပါတဝိရတိ-အစရှိသောဆယ်ပါးသောတရားတို့သည် ကုသလကမ္မပထမည်ကုန်၏ဟု အကျဉ်းသခံေပအားဖြင့် ပြဆိုတော်မူ၏။ထို-သော် ပါဏာတိပါတ ဝိရတိ-အစရှိသောဆယ်ပါးသောတရားတို့၏ ကုသလကမ္မပထမည်သည်၏အဖြစ်ကို အကျဉ်းသခံေပ အား ဖြင့်သာ သိအပ်၏ဟူသော အနက်သည်ရောက်ရာ၏။စင်-ကား-မရောက်သင့်။ (အကျယ်အားဖြင့်) ပြဆိုသင့်သေး၏၊ မပြဆိုဘဲ မနေသင့်။ ပါဏာတိပါတစသောပုဒ်တို့၏အနက်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။

အဓိပ္ပါယ်ကား။ ။(ခ)ဖြင့် ပါဏာတိပါတစသောပုဒ်တို့သည် ဖွင့်ဆိုအပ်ပြီးသောအနက်ရှိသည် သာတည်းဟု အတိဒေသသံဝဏ္ဏနာနည်းဖြင့် ငါပြဆိုပါ၏ဟူလို။

### (ဂ) သို့ ပါပနာဒိပဋ္ဌကစောဒနာ

ဆရာ-သည် (ခ)ဖြင့် ပါဏာတိပါတစသောပုဒ်တို့သည် ဖွင့်ဆိုအပ်ပြီးသောအနက်ရှိသည်သာ တည်းဟု ပါဏာတိပါတစသောပုဒ်တို့၏အနက်ကို အတိဒေသသံဝဏ္ဏနာနည်းဖြင့် ဖွင့်ပြဆိုတော်မူ၏။ ထို-သော်-ယင်းပါဏာတိပါတစသောပုဒ်တို့၏အနက်ကိုသာ သိအပ်၏ဟူသောအနက်သည် ရောက်ရာ ၏။စင်-ကား-မရောက်သင့်။ထိုသို့-ကြောင့် ဝိရတိပုဒ်၏အနက် (အဖွင့်သံဝဏ္ဏနာ) ကိုလည်း ပြဆို သင့်သေး၏။ မပြဆိုဘဲ မနေသင့်။ အဗျာပိတ-၏။ ကား-အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

### (ဃ)သို့ အနုသန္ဓေ

ဤသို့ (ဂ)ဖြင့် ဝိရတိပုဒ်၏ဝစနတ္ထကို ပြပြီး၍ ယခုအခါ၌ ဝိရတိအပြား (ဝါ) ဝိရတိသရုပ်ကို ပြတော်မူလိုသောဆရာသည် (ဃ)မိန့်။ (ပက္ခန္တရထုံးစံအတိုင်းပဋ္ဌကတက်)

http://www.dhammadownload.com



( ၃ )

(ဂ) သယံဝါ-၌ ဝါ-သဒ္ဒါထားရခြင်း

ဝိရတိပုဒ်၏ကရဏသာဓ်ဝစနတ္ထမှတပါး ကတ္တုသာဓ်ဝစနတ္ထဟူသောအနက် အကြောင်းတမျိုး ကို လဲလှယ်ပြလို၍၊ (တနည်း) တိ-ပစ္စည်း၏ ကရဏသာဓနတ္ထမှတပါး ကတ္တုသာဓနတ္ထဟူသော အနက်တမျိုးကို လဲလှယ်ပြလို၍၊ (တနည်း) ပါဏာတိပါတစသည်တို့မှ ရှောင်ကြဉ်ကြောင်း၏ အဖြစ်ဟူသော သကတ်အနက်မှတပါး ရှောင်ကြဉ်တတ်သည်၏အဖြစ်ဟူသော သကတ်အနက်တမျိုးကို လဲလှယ်ပြလို၍ သယံ ဝါ-၌ ဝါ-သဒ္ဒါထားသည်။

အမှာ။ ။ ဝိရမဏမတ္တမေဝ ဝါ-၌ ဝါ-သဒ္ဒါထားရခြင်းကို အထက်ပါပုံစံနည်းမှီ၍ပြေ။ ပရမတ္ထသဒ္ဒါ မှန်သမျှအထက်ပါ ဝိရတိပုဒ်ကဲ့သို့ ကရဏသာဓ်, ကတ္တုသာဓ်, ဘာဝသာဓ် သုံးမျိုးစီ ထုတ်ပြသော အဋ္ဌကထာပုံစံများစွာတွေ့ရမည်။ ဝါ-သဒ္ဒါလဲလှယ်ပုံမှာ အထက်ပါအတိုင်းပင်ဖြစ်သည်။

"ဒေါသပယ်"

(ခ)စသည်ဖြင့် ပါဏာတိပါတဝိရတိစသည်တို့၏ အကျယ်ပြဝိတ္ထာရ။ဝိရောဓိ, ပုနရုတ္တိ-ပယ်။ (တနည်း) (ခ)ဖြင့် အတိဒေသသံဝဏ္ဏနာနည်းဖြင့် ဖွင့်ပြသောကြောင့် ဂန္ထဂရုဒေါသပယ်။

( ၄ )

(ခ) * အဝုစ္စတီတိ ဝုတ္တော။ (ဝစ+တ။ဆိုခြင်း)

* အရီယတိ ဉာယတီတိ အတ္တော။ (အရ+ထ)

* ဝုတ္တော အတ္တော ဧတေသံ ပါဏာတိပါတာဒီနန္တိ ဝုတ္တတ္ထာ။

✔ ဝုတ္တပုဒ်, အတ္တပုဒ်, ဧတအညပုဒ်သည်၄င်း၊ ဖွင့်ဆိုအပ်ပြီးသော အနက်၏+ပါဏာတိပါတ စသော ပုဒ်တို့နှင့် ဝါစ္စ+ဝါစကစပ်-၄င်း ဗျု-နီ။

✔ ဖွင့်ဆိုအပ်ပြီးသောအနက်ရှိသည်၏အဖြစ်တည်းဟူသောဂုဏ်သည်-

(တနည်း) ပါဏာတိပါတစသော ပုဒ်တို့၏ တစ်ခုသည်-ဓာတ်သည် ပ-နီ။

"ဝစနတ္ထမှတ်ဖွယ်"

(က) * ပါဏဿ + အတိပတနံ ပါဏာတိပါတော။

* ပထမံ အာဒီယတီတိ အာဒိ။ (အာ+ဒါ+ဣ။)

* ပါဏာတိပါတော အာဒိ ယေသန္တိ ပါဏာတိပါတာဒယော။ (တေဟိ)

(အစဖြစ်သောပါဏာတိပါတ၏+အဒိန္နဒါန်စသည်တို့နှင့် အာဒိ+အာဒိဝန္တ၊ အစိတ်+အပေါင်းစပ်)

* န + အဘိဇ္ဈာ အနဘိဇ္ဈာ။

(ပဋိသေဓဘောဂုဏ်၏ + အနဘိဇ္ဈာနှင့် ဂုဏ်+ဂုဏေးစပ်)

* န+ဗျာပါဒေါ အဗျာပါဒေါ။

* သမ္မာ ပဿတီတိ သမ္မာဒိဋ္ဌိ။ (သမ္မာ+ဒိသ+တိ)

* ကမ္မမေဝ+ပထော ကမ္မပထော။

* ကုသလာ စ တေ ကမ္မပထာစာတိ ကုသလကမ္မပထာ။

(ဃ) * ဝိရမတီတိ ဝိရမဏ္ဍော။ (ဝိ+ရမု+အန္တ)

* အာရကာ ရမတီတိ အာရတိ။ (ဋ။၂၆၃။) (အာ+ရမု+တိ)

* သမ္ပဇ္ဇတီတိ သမ္ပတ္တံ။ (သံ+ပဒ+တ) (တနည်း) (သံ,ပရှေး+အပ+တ)

* သမ္ပတ္တော+ဥပ္ပန္နာ+ဝိရတိ သမ္ပတ္တဝိရတိ။

(ဆိုက်ရောက်လာသောအာရုံ၏+ ဝိရတိနှင့် အာရုံ+ အာရမ္မဏိကစပ်)

* သမာဒိယတေ သမာဒါနံ။ (သံ+အာ+ဒါ+ယု)

http://www.dhammadownload.com



* သမာဒါနဝသေန + ဥပ္ပန္နာ ဝိရတိ သမာဒါနဝိရတိ။
* သမုစ္ဆိန္ဒနံ သမုစ္ဆေဒေါ။ (သံ+ဥ+ဆိဒိ+ဏ)
* သမုစ္ဆေဒဝသေန + ဥပ္ပန္နာ + ဝိရတိ သမုစ္ဆေဒဝိရတိ။

(သမုစ္ဆေဒဝသ၏+ဖြစ်သောဝိရတိနှင့် ဂုဏ်+ဂုဏောစပ်။)

အမှာ။ ။ ဤဆိုခဲ့ပြီးဝစနတ္ထများ သင်္ဂြိုဟ်ဘာသာဋီကာ ၂၃၉–၌လာ၏။ မဏိမဉ္ဇူ။၁။၃၄၆–၌ကား "သမ္ပတ္တဝတ္ထုတော ဝိရတိ သမ္ပတ္တဝိရတိ။ သမာဒါနဝသေန ပဝတ္တာ ဝိရတိ သမာဒါနဝိရတိ။ သမုစ္ဆေဒဝသေန ပဝတ္တာ ဝိရတိ သမုစ္ဆေဒဝိရတိ"ဟု ဝစနတ္ထပြုသည်။

( ၅ )

(က) ဝိရတိယော–ကား ကိတ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။
အနုဘိဇ္ဈာ–ကား သမာသ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ–ကာရန္တ။
ဒသ–ကား သင်္ချာသဗ္ဗနာမ်၊ အလိင်၊ သဗ္ဗနာမ်၊ အ–ကာရန္တ။

(ဂ) ဝိရမန္တိ–ကား အာချာတ်၊ အလိင်၊ ဘူဝါဒိ၊ ဥ–ကာရန္တ။

(ဃ) ဝိရမန္တဿ–ကား ကိတ်နာမ်၊ ပုံလိင်၊ ဂစ္ဆန္တာဒိ၊ အ–ကာရန္တ။
ဝုတ္တာ–ကား ကိတ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ–ကာရန္တ။
တိဝိဓာ–ကား သမာနာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ–ကာရန္တ။

( ၆ )

(က)ဖြင့် ကုသလကမ္မပထ–အရ ပါဏာတိပါတဝိရတိစသော ဝိရတိ(၇)ပါးနှင့် အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိတို့ကို ယူရမည်ဟု သိစေသည်။

(ခ)ဖြင့် ပါဏာတိပါတ–စသောပုဒ်တို့၏ ဝစနတ္ထစသည်တို့ကို ရှေးဆိုခဲ့ပြီးအတိုင်းသိလေဟု သိစေသည်။

(ဂ)တောယ ဝိရမန္တိ–ဖြင့် ဝိရတိ–၌ ဝိ+ရမု–ဓာတ်၄င်း၊ တိ–ပစ္စည်း၏ ကရဏသာဓန အနက်၌ သက်–၄င်း၊ ဝိရမန္တိ တောယာတိ ဝိရတိ–ဟုပြု–၄င်း သိစေသည်။

သယံ ဝိရမတိ–ဖြင့် ဝိရတိ–၌ ဝိ+ရမု–ဓာတ်–၄င်း၊ တိ–ပစ္စည်း ကတ္တုသာဓ်အနက်၌သက်–၄င်း၊ ဝိရမတီတိ ဝိရတိ–ဟု ပြု–၄င်း၊ ဝိရတိ–၌ ရှောင်ကြဉ်၏ဟူသည် မိမိဟူသောဝိရတိကိုယ်တိုင် ရှောင်ကြဉ်၏ဟူသော အဓိပ္ပါယ်ကို၄င်း သိစေသည်။

ဝါ–ဖြင့် ဝိကပ္ပနတ္ထ, နိယန္တရဓောတကအဖြစ်ကို သိစေသည်။

ဝိရမဏမတ္တမေဝ ဓေတံ–ဖြင့် ဝိရတိ–၌ ဝိ+ရမု–ဓာတ်–၄င်း၊ တိ–ပစ္စည်း ဘာဝသာဓ်အနက်၌ သက်–၄င်း၊ ဝိရမဏံ ဝိရတိ–ဟုပြု–၄င်း သိစေသည်။

ပါဏာတိပါတာဒီဟိ–ဖြင့် ရှောင်ကြဉ်၏ဟူသည် ပါဏာတိပါတစသည်တို့မှ ရှောင်ကြဉ်ခြင်း ပင်တည်းဟု သိစေသည်။

( ၇ )

(ခ) ဝုတ္တတ္ထဓေ–၌ ဓေ–၏ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ–

✔ ဆိုအပ်ပြီးသောအနက်ရှိသောပါဏာတိပါတစသောပုဒ်တို့သည် ဂဟေတဗ္ဗတ္ထ။
✔ မဆိုအပ်သေးသော ဝိရတိပုဒ်သည် နိဝတ္တေတဗ္ဗတ္ထ။
✔ ပါဏာတိပါတ– စသောပုဒ်တို့၏ ဆိုအပ်ပြီးသော အနက်ရှိသည်၏အဖြစ်တည်း ဟူသောဂုဏ်သည် အနုညာတတ္ထ။

http://www.dhammadownload.com



(ဂ) ဝိရမဏာမဂ္ဂမေဝ–၌ ဂဟေတဗ္ဗဋ္ဌ–စသည်ထုတ်ပုံ

✔ ဝိရတိပုဒ်၏ ဘာဝသာဓနသည် ဂဟေတဗ္ဗဋ္ဌ။
✔ ကမ္မ, သမ္ပဒါန, အပါဒါန, အဓိကရဏသာဓနတို့သည် နိဝတ္တေတဗ္ဗဋ္ဌ။
✔ ကတ္တုသာဓန, ကရဏသာဓနတို့သည် အနုညာတဋ္ဌ။

(တနည်း) ရှောင်ကြဉ်ခြင်းကြိယာမျှသည် ဂဟေတဗ္ဗဋ္ဌ။

✔ ရှောင်ကြဉ်ကြောင်းကရဏဗျာပါဒသတ္တိနှင့် ရှောင်ကြဉ်တတ်သောကတ္တုဗျာပါရသတ္တိတို့သည် နိဝတ္တေတဗ္ဗဋ္ဌ။
✔ ရှောင်ကြဉ်ခြင်းကြိယာမျှဖြစ်သောဝိရတီသည် အနုညာတဋ္ဌ။

(က) ပန–ကား ပက္ခန္တရဇောတက။ စ–ကား သမုစ္စယဋ္ဌ။
သမ္ပာဒိန္ဒ–၌ သမ္ပာ–ကား သုဋ္ဌုအနက်, အဝိပရီတအနက်။

(ဂ) ဝိရမဏာမဂ္ဂမေဝ–၌ မဂ္ဂ–ကား နိဝတ္တာပနာဝဓာရဏဋ္ဌ။
ဧဝ–ကား သန္နိဋ္ဌာပနာဝဓာရဏဋ္ဌ။

* မဂ္ဂ, ဧဝ၊ နှစ်ပါးပြက၊ မဂ္ဂဖြစ်ကန့်၊ ဧဝ–သန္နိဋ္ဌာန်။

( ၈ )

✔ ဝိရတီသည် ဒဿနဋ္ဌ။
✔ ဝီတိက္ကမိတဗ္ဗဝတ္ထုအာရုံသည်၄င်း၊ ယောနိသောမနသိကာရသည်၄င်း ဒီပကဋ္ဌ။
✔ ပစ္စုပ္ပန်–၌ ပညာရှိသူတော်ကောင်းတို့ ချီးမွမ်းခံရခြင်းစသည်သည်၄င်း၊ ကာယိကသုခ, စေတသိကသုခ စသည်သည်၄င်း ပကာသနဋ္ဌ။
✔ သပ္ပုရိသူပနိဿယစသည်သည် ဝိဘာဝဋ္ဌ။
✔ သုဂတိဘုံဘဝသို့ ရောက်ရခြင်းစသည်သည် အနုဘာဝဋ္ဌ။

(က) သမ္ပတ္တဝိရတီ–အရ–
တိုက်ရိုက်ရောက်လာသောဝတ္ထုကိုမလွန်ကျူးဘဲ ရှောင်ကြဉ်သူတို့၏သန္တာန်၌ ဖြစ်သော (မဟာကုသိုလ်စိတ်နှင့်ယှဉ်သော) ဝိရတီကို ယူ၍–

✔ ထို–သည် ဒဿနဋ္ဌ။
✔ ရောက်လာသော ဝီတိက္ကမိတဗ္ဗဝတ္ထုသည်၄င်း, မိမိ၏ဇာတိ, ဝယ, ဗာဟုသစ္စစသည်တို့ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်သည်၄င်း,ငါတို့အား ဤသို့သဘောရှိသောမကောင်းမှုကို ပြုခြင်းငှါမသင့်–ဟုနှလုံးသွင်းခြင်း(ယောနိသောမနသိကာရ)သည်၄င်း ဒီပကဋ္ဌ။
✔ ကာယိကသုခ, စေတသိကသုခ, ပီတိသောမနဿဖြစ်ရခြင်းသည် ပကာသနဋ္ဌ။
✔ သပ္ပုရိသူပနိဿယစသည်သည် ဝိဘာဝဋ္ဌ။
✔ သုဂတိဘုံဘဝသို့ရောက်ရခြင်း, ဘဝသံသရာ၌ အသက်ရှည်ခြင်း, အနာကင်းခြင်း စသည်သည် အနုဘာဝဋ္ဌ။

http://www.dhammadownload.com



(ခ) သမာဒါနဝိရတိ–အရ–

ဆောက်တည်အပ်သောသိက္ခာပုဒ်ရှိသူတို့၏သန္တာန်၌ဖြစ်သော (မဟာကုသိုလ်စိတ်နှင့်ယှဉ်သော) ဝိရတိကိုယူ၍–

✔ ထိုသည်– ဒဿနတ္ထ။

✔ ဝိတိက္ကမိတဗ္ဗဝတ္ထုသည်၄င်း,လေးစားထိုက်သူတို့၏အထံ၌ သိက္ခာပုဒ်ဆောက်တည်ခဲ့ခြင်းသည်၄င်း, ဆောက်တည်အပ်သောသိက္ခာပုဒ်ကိုဖျက်ဆီးခြင်းသည် ငါ့အားမလျောက်ပတ်ဟု နှလုံးသွင်းခြင်း (ယောနိသောမနသိကာရ)သည်၄င်း ဒိပဒကတ္ထ။

(ပကာသနတ္ထစသည်ကို သမ္ပတ္တဝိရတိနှင့် အတူထုတ်)

(ဂ) သမုစ္ဆေဒဝိရတိ–အရ မဂ်နှင့်ယှဉ်သောဝိရတိကိုယူ၍––

✔ ထိုသည် ဒဿနတ္ထ။

✔ ဥပစာရသမာဓိသည်၄င်း, နိဗ္ဗာန်သည်၄င်း ဒိပကတ္ထ။

✔ မဂ္ဂါနန္တရဖိုလ်သည် ပကာသနတ္ထ။

✔ ပါရမီဉာဏ်, ဝိပဿနာဉာဏ်စသည်သည် ဝိဘာဝတ္ထ။

✔ အထက်မဂ်,အထက်ဖိုလ်ရခြင်းစသည်သည် အနုဘာဝတ္ထ။

( ၉ )

(က) ဝိရတိယော အရ လက္ခဏာဒိစတုက္က–

ဝိရတိယော–ကာယဒုစ္စရိတာဒိဝတ္ထူနံ အဝီတိက္ကမလက္ခဏာ။

ကာယဒုစ္စရိတာဒိဝတ္ထုတော သင်္ကောစနရသာ။

အကိရိယပစ္စုပဋ္ဌာနာ။ သဒ္ဓါဟိရောတ္တပ္ပ အပ္ပိစ္ဆတာဒိဂုဏပဒဋ္ဌာနာ။ (ဋ္ဌ။၁၇၇။)

( ၁၀ )

(ဂ) ပါဏာတိပါတာဒီဟိ ဝေါယ ဝိရမန္တိ–၌––

✔ ပါဏာတိပါတာဒီဟိ–အရ ဝိတိက္ကမိတဗ္ဗဝတ္ထုအာရုံသည်–

ဝိရမန္တိ–အရ ပါဏာတိပါတဝိရတိ–စသည်တို့အား အာရမ္မဏ–ပြု။ ဖြိုင်–မရှိ။

♦ အာရမ္မဏတောတိ ပါဏာတိပါတာဒီနံ အာရမ္မဏာနေဝ ဝေါသံ အာရမ္မဏာနိ။ ဝီတိက္ကမိတဗ္ဗတောယေဝ ဟိ ဝေရမဏီနာမ ဟောတိ။ (ဋ္ဌ။၁၄၇။)

✔ ဝေါယ–အရ ဝိရတိ–သည်–

ဝိရမန္တိ–အရ ဝိရတိသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟဇာတ–ပြု။ ဖြိုင်။ သဟကြီး–၄၊ အညာ၊ သမ္ပ၊ မဂ္ဂ။ (၇)

==================

ဤတွင် အဋ္ဌသာလိနီဝါကျဥယျာဉ် ပထမတွဲ

ပြီးပါပြီ။

http://www.dhammadownload.com

"ဆုတောင်း ပတ္ထနာ"

ဣမိနာ ပုညကမ္မေန၊ သီဃံ ပပ္ပေါမိ နိဗ္ဗုတိံ။

အန္တရာ ဇာတိဇာတီသု၊ ဘဝေ အဓိကပညဝါ။

ဣမိနာပုညကမ္မေန= သောတုဇနေ၊ များသိသသတို့၊ များစွာကောင်းကျိုး၊ တိုးပွါးစေရန်၊ ဆန္ဒမွန်ဖြင့်၊
လွန်စွာကြိုးစား၊ ရေးသားပါရ၊ ဤကုသိုလ်ကံစေတနာကြောင့်။

| | |
|---|---|
| နိဗ္ဗုတိံ | = ရာဂ–ဒေါသ၊ မောဟ–ထိန်ညီး၊ ဆယ့်တစ်သီးသောမီးတို့၏၊ ငြိမ်းအေးရာမှန်၊ ပြည်နိဗ္ဗာန်သို့။ |
| သီဃံ | = အလျင်အမြန်၊ မနှေးကန်ဘဲ။ |
| ပပ္ပေါမိ | = မချွတ်မသွေ၊ ရောက်ရပါစေသတည်း။ |
| အန္တရာ | = နိဗ္ဗာန်မရမီ၊ အလီလီများ၊ သံသရာခရီးအကြား၌။ |
| ဇာတိဇာတီသု | = ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့၌။ |
| အဓိကပညဝါ | = သူတစ်ပါးတို့ထက် လွန်ကဲသော ပညာရှိယောကျ်ားသည်။ |
| ဘဝေ ဘဝါမိ | = မုချမသွေ ဖြစ်ရပါလို၏။ |

http://www.dhammadownload.com

# ဘဒ္ဒန္တသုစိတ္တာဘိဝံသ
# ၏
# အောက်ပါကျမ်းစာအုပ်များ ထွက်ရှိနေပါပြီ။

(၁) ပါရာဇိကဏ်ပါဠိတော်ကျဉ်းသုတ် (ပထမတွဲ)

(၂) ပါရာဇိကဏ်ပါဠိတော်ကျဉ်းသုတ် (ဒုတိယတွဲ)

(၃) သီလက္ခန်ပါဠိတော်ကျဉ်းသုတ် (ပထမတွဲ)

(၄) သီလက္ခန်ပါဠိတော်ကျဉ်းသုတ် (ဒုတိယတွဲ)

(၅) အင္ဂုတ္တိုလ်နိပါတ်ပါဠိတော်ကျဉ်းသုတ် (ပထမတွဲ)

(၆) အင္ဂုတ္တိုလ်နိပါတ်ပါဠိတော်ကျဉ်းသုတ် (ဒုတိယတွဲ)

(၇) ဝိဂ္ဂဟနှင့် ညည်ကောက်လမ်းညွှန်

(၈) ဝိဂ္ဂဟနှင့် ညည်ကောက်ဥယျာဉ်

(၉) အတ္ထယောဇနာနယူပဒေသ

(၁၀) ဝစနာဒိဆက္ကဥယျာဉ်

**စာအုပ်ရရှိနိုင်သောနေရာများ**

၁။ အလိုတော်ပြည့် မဟာစရိယတက္ကသိုလ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်။

၂။ မန္တလေးပိဋကတစာအုပ်ဆိုင်များ။

၃။ ရွှေတိဂုံစောင်းတန်းရှိ ပိဋကတစာအုပ်ဆိုင်များ၊ ရန်ကုန်။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com